တိရစ္ဆာနဝိဇ္ဇာ ခေါ်ပုံ	....	....	၁၆၁
စကားဆက်	....	....	၁၆၁

အကြောင်းအရာ

ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည် ၅၆၂
တိရစ္ဆာနဝိဇ္ဇဝါစန သိက္ခာပုဒ် ၅၆၂

အာရာမဝဂ္ဂ ၅၆၂-မှ ၅၇၁-ထိ

၁-အာရာမပဝိသနသိက္ခာပုဒ် ၅၆၂
သသိက္ခုကံ အာရာမံ ၅၆၂
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည် ၅၆၃
၂-အက္ကောသ သိက္ခာပုဒ် ၅၆၃
အက္ကောသေယျ အဓိပ္ပါယ် ၅၆၃
ပရိဘာသေယျ အဓိပ္ပါယ် ၅၆၄
၃-ဂဏပရိဘာသန သိက္ခာပုဒ် ၅၆၄
ပရိဘာသေယျံ အဓိပ္ပါယ် ၅၆၄
ဂဏပရိဘာသနာ၌ နိဒါန်း စသည် ၅၆၄
၄-အညတြ ဘုဥ္ဇန သိက္ခာပုဒ် ၅၆၅
ယင်းသိက္ခာပုဒ်၌ နိဒါန်း စသည် ၅၆၅
၅-ကုလမစ္ဆရာယန သိက္ခာပုဒ် ၅၆၆
ယင်းသိက္ခာပုဒ်၌ နိဒါန်း စသည် ၅၆၆
၆-အဘိက္ခုကာဝါသ သိက္ခာပုဒ် ၅၆၇
အဘိက္ခုကေ အာဝါသေ အရ ၅၆၇
ယင်းသိက္ခာပုဒ်၌ နိဒါန်း စသည် ၅၆၇
၇-အပဝါရဏ သိက္ခာပုဒ် ၅၆၇
တိဟိ ဌာနေဟိ အရ ၅၆၇
ယင်းသိက္ခာပုဒ်၌ နိဒါန်း စသည် ၅၆၈
၈-သြဝါဒါဂမနသိက္ခာပုဒ် ၅၆၈
သြဝါဒါယ၌ သြဝါဒဟူသည် ၅၆၈
သံဝါသာယ အရ ၅၆၉
သြဝါဒါဂမန သိက္ခာပုဒ်၌ နိဒါန်း စသည် ၅၆၉
၉-ဥပေါသထာဒိ အာပုစ္ဆန သိက္ခာပုဒ် ၅၆၉

အကြောင်းအရာ			စာမျက်နှာ
ဩဝါဒနှင့် ဥပသင်္ကမန အရ	....	....	၅၆၉
ဥပေါသထဘဒိ အပုစ္ဆနဒ္ဒ နိဒါန်း စသည်	....	....	၅၇၀
၁၀-ဂဏ္ဍဘေဒါပန သိက္ခာပုဒ်	....	....	၅၇၀
ပသာခေ အဓိပ္ပါယ်	....	....	၅၇၀
ယင်း သိက္ခာပုဒ်၌ နိဒါန်း စသည်	....	....	၅၇၁
ဂဇ္ဈိနီဝဂ္ဂ			၅၇၂-မှ ၅၇၈-ထိ
၁-ဂဇ္ဈိနီဝဋ္ဋဘေဒါပန သိက္ခာပုဒ်	....	....	၅၇၂
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၇၂
၂-ပါယန္တိသိက္ခာပုဒ်	....	....	၅၇၂
ပါယန္တိ အရ	....	....	၅၇၂
၃-သိက္ခမာနဝဋ္ဋဘေဒါပန သိက္ခာပုဒ်	....	....	၅၇၃
ဒွေဝဿအရ	....	....	၅၇၃
သိက္ခာမာနံ အရ	....	....	၅၇၃
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၇၃
၄-သိက္ခမာန အသမ္မတ သိက္ခာပုဒ်	....	....	၅၇၄
သံဃေန အသမ္မတံ အရ	....	....	၅၇၄
အထူးမှတ်ချက်	....	....	၅၇၄
အနာပတ္တိ	....	....	၅၇၄
၅-ဥိနဒ္ဒါဒသကိဟိကတသိက္ခာပုဒ်	....	....	၅၇၅
ကိဟိကတံအရ	....	....	၅၇၅
၆-ကိဟိကတဝဋ္ဋဘေဒါပနသိက္ခာပုဒ်	....	....	၅၇၆
၇-ကိဟိကတအသမ္မတသိက္ခာပုဒ်	....	....	၅၇၆
၈-သဟဓီဝိနီနာနုဂ္ဂဏှန သိက္ခာပုဒ်	....	....	၅၇၆
သဟဓီဝိနီ အရ	....	....	၅၇၆
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၇၆
၉-အနနုဗန္ဓနသိက္ခာပုဒ်	....	....	၅၇၇
နာနုဗန္ဓေယျဟူသည်	....	....	၅၇၇

အကြောင်းအရာ			စာမျက်နှာ
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၂၃
၁၀-သဟဇီဝိနီ အဝုပကာသနသိက္ခာပုဒ်	....	....	၅၂၈
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၂၈
ကုမာရီဘူတဝဂ္ဂ			**၅၂၉-မှ ၅၃၂-ထိ**
၁-ဒု ကုမာရီဘူတသိက္ခာပုဒ်	....	....	၅၂၉
သိက္ခမာန် ၃-မျိုးအထူး	....	....	၅၂၉
၄-ဥိနဒ္ဓါဒသဝဿဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၃၀
ဥိနဒ္ဓါဒသဝဿဟူသည်	....	....	၅၃၀
၅-ပရိပုဏ္ဏဒ္ဓါဒသဝဿ အသမ္မတသိက္ခာပုဒ်	....	....	၅၃၀
သံဃေန အသမ္မတ သိက္ခာပုဒ်	....	....	၅၃၀
၆-ပစ္ဆာခီယနသိက္ခာပုဒ်	....	....	၅၃၁
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၃၁
၇-ပထမ သိက္ခမာန နေဝ ဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၃၂
၈-ဒုတိယ သိက္ခမာန နေဝ ဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၃၂
ယင်းသိက္ခာပုဒ်တို့၌ နိဒါန်းစသည်	....	....	၅၃၃
၉-ပုရိသသံသဋ္ဌသိက္ခာပုဒ်	....	....	၅၃၃
ပုရိသ, ကုမာရက အထူး	....	....	၅၃၃
သောကာဝါသံ အရ	....	....	၅၃၃
ပုရိသသံသဋ္ဌသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၃၄
၁၀-အနနုညာတဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၃၄
မာတာပိတု အရ	....	....	၅၃၄
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၃၄
၁၁-ပါရိဝါသိက ဆန္ဒဒါန ဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၃၅
ပါရိဝါသိက အဓိပ္ပါယ်	....	....	၅၃၅
သုံးခြင်း ၄-မျိုး	....	....	၅၃၅
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၃၆
၁၂-ကေန္တရိကဝုဋ္ဌာပန သိက္ခာပုဒ်	....	....	၅၄၂

ဏကြောင်းအရာ			စာမျက်နှာ
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၇၃
၁၃-ကေဝဿ ဒွေ ဝုဋ္ဌာပနသိက္ခာပုဒ်	....	....	၅၇၃
ဆတ္တုပါဟနဝဂ္ဂ			၅၈၈-မှ ၅၉၅-ထိ
၁-ဆတ္တုပါဟနဓာရဏာ သိက္ခာပုဒ်	....	....	၅၈၈
ဆတ္တုပါဟနံ အရ	....	....	၅၈၈
အာထူးမှတ်ဖွယ်	....	....	၅၈၈
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၈၈
၂-ယာနသိက္ခာပုဒ်	....	....	၅၈၉
ယာနအရ	....	....	၅၈၉
၃-သဃ်ဏီဓာရဏာ သိက္ခာပုဒ်	....	....	၅၈၉
သဃ်ဏီ အရ	....	....	၅၈၉
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၈၉
၄-ဣတ္ထာလင်္ကာရဓာရဏာ သိက္ခာပုဒ်	....	....	၅၉၀
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၉၀
၅-ဂန္ဓဝဏ္ဏက သိက္ခာပုဒ်	....	....	၅၉၀
၆-ဝါသိတကပိညာကသိက္ခာပုဒ်	....	....	၅၉၁
ဝါသိတ	....	....	၅၉၁
စကားဆက်	....	....	၅၉၁
၇-ဘိက္ခုနီ ဥမ္မဒ္ဒါပန သိက္ခာပုဒ်	....	....	၅၉၁
ဥမ္မဒ္ဒါပေယျ အဓိပ္ပါယ်	....	....	၅၉၁
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၉၂
၈-သိက္ခမာန ဥမ္မဒ္ဒါပန သိက္ခာပုဒ်	....	....	၅၉၂
၉-သာမဏေရီ ဥမ္မဒ္ဒါပန သိက္ခာပုဒ်	....	....	၅၉၂
၁၀-ဂိဟိနီ ဥမ္မဒ္ဒါပနသိက္ခာပုဒ်	....	....	၅၉၃
၁၁-အနာပုစ္ဆာ နိသီဒန သိက္ခာပုဒ်	....	....	၅၉၃
ဘိက္ခုဿ ပုရတော အရ	....	....	၅၉၃
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၅၉၃

အကြောင်းအရာ			စာမျက်နှာ
၁၂-အနောကာသကတာ သိက္ခာပုဒ်	....	....	၁၉၄
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၁၉၄
၁၃-အသံကစ္စိက သိက္ခာပုဒ်	....	....	၁၉၅
အသံကစ္စိကာ အဓိပ္ပါယ်	....	....	၁၉၅
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၁၉၅
အမှာ	....	....	၁၉၅
သာဓာရဏ သိက္ခာပုဒ် ၆၀	....	....	၁၉၆
သမုဋ္ဌာန် အဆုံးအဖြတ်	....	....	၁၉၆
ပါဠိဒေသနီယ			၁၉၇-မှ ၁၉၈-ထိ
၁-ပထမပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၁၉၇
သပ္ပိအရ	....	....	၁၉၇
ယင်းသိက္ခာပုဒ်၌ နိဒါန်းစသည်	....	....	၁၉၇
ဒုတိယ-အဋ္ဌမ ပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၁၉၈
မှာထားချက်	....	....	၁၉၈
နိဂမနပွကာသန	....	....	၁၉၉

ဘိက္ခုနီ ပါတိမောက္ခ နိဿယ
မာတိကာ ပြီးပြီ။

ပါတိမောက္ခမေဒိနီ မာတိကာ ပြီးပြီ။

ပါဠိပေဠကွဇပေဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

အာဏာတိအာဏာစကြ္ကေန၊ ပါမောက္ခံ ယံ ဒယာလုနာ။
ယေန မောက္ခပုဝေသာယ၊ ပါတိမောက္ခံ သုဒေသိတံ။
တဿ ပါဒေ နမဿိတ္ဝာ၊ ဓမ္မံ သံဃံ သနိဿယံ။
ကရိဿံ မတိဝစုာယ၊ ပါတိမောက္ခဿ မေဒိနိံ တိ။

အဟံ၊ ငါသည်။ အာဏာတိအာဏာ စကြ္ကေန၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ အာဏာထက် လွန်ကဲသော ဝိနည်းပညတ်ဟူ ဆိုအပ်သော အာဏာစက် ရှိတော်မူထသော။ ယေန ဒယာလုနာ၊ အကြင် သတ္တဝါဗိုလ်လူ ခပ်သိမ်းသူကို ကြည်ဖြူပွါးများ ကြီးမားသော မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပါမောက္ခံ၊ သမာဓိ ပညာတရား တို့၏ အကြီးအမှူး အဦး အစ ဖြစ်ထသော။ ယံ ပါတိမောက္ခံ၊ အကြင် သီလ ပါတိမောက်, ဂန္ထပါတိမောက်ကို။ မောက္ခပုဝေသာယ၊ နိဗ္ဗာန်မြို့ကြီး အပြီးထုတ်ချောက် ဝင်ရောက်နိုင်ခြင်း အကျိုးငှါ။ သုဒေသိတံ၊ ကောင်းစွာမပြတ် ဟောကြားတော်မူအပ်ပြီ။

တဿ၊ ထိုသို့ သဘောရှိသော မြတ်စွာဘုရား၏။ ပါဒေ၊ တရာ့ရှစ်ကွက် စက်လက္ခဏာ ခြယ်ကာ ထားအပ် ခြေတော်မြတ် အစုံ တို့ကို။ နမဿိတ္ဝာ၊ ရိုသေညွတ်နူး ရှိခိုးဦးချ။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ သံဃံ၊ ရှစ်

ယောက်အရိယာ မြတ်သံဃာကိုဂုဏ်း။ နမဿိတ္ဝာ၊—၍။ မတိဝစ္ဆာယ၊ စာသင်သားတို့အား ပညာတန်းခိုးဖွံ့ဖြိုးကြီးမား လွန်စွာတိုးပွါးစေခြင်းငှါ။ သနိဿယံ၊ **ပါတိမောက်နိဿယ** နှင့် တကွသော။ ပါတိမောက္ခဿ **မေဒိနိ** ံ၊ ပါတိမောက်၏ အဆီအနှစ် ဖြစ်ကြီးဖြစ်သော **ပါတိမောက္ခမေဒိနီကျမ်း** ကို။ ကရိဿံ၊ ရေးသားစီရင် ပေအံ့သတည်း။ ဣတိ၊ ဤကား ရတနတ္တယ ပဏာမနှင့် ပဋိညာဉ်အပြီးတည်း။

ပါတိမောက္ခနိဿယ

(က) ပဋ္ဌကရဏ

သမ္မဇ္ဇနီ စ၊ (ဥပုသ်အိမ်၌)တံမြက်စည်းဖြင့် လှည်း ရခြင်းငှ။ပဒီပေါ်စ၊ (ဥပုသ်အိမ်၌) ဆီမီးကို ညှိထွန်းရခြင်းငှ။ အာသနေန၊ နေရာကိုခင်းခြင်းနှင့်။ သဟာတက္ခ။ [ထည့်]ဥဒကဋ္ဌာ၊သောက်ရေသုံးရေကို တည်ထားရခြင်းငှ။ ဣတိ၊ ဤသို့။ [ထည့်] ဇေတာနိ၊ ဤလေးပါးကုန်သော ကျင့်ဝတ်တို့ကို။ ဥပေါသထဿ၊ ဥပုသ်ကံ၏။ ဝါ၊ ပါဘိမောက် ရွတ်ဆိုခဲသော ကံ၏။ ပဋ္ဌဘာဂေ၊ သံဃာစည်းဝေးသည်မှ ရှေးအဘို့ကာလ၌။ ကတ္တာဗ္ဗတ္တာ၊ပြုအပ်သည်၏အဖြစ်ကြောင့်။ [ဤ ၂-ပုဒ်ထည့်] ပဋ္ဌကရဏန္တိ၊ ပဋ္ဌကရဏ ဟူ၍။ ဝုစ္စတိ-ဝုစ္စန္တေ၊ မိန့်ဆိုအပ်ကုန်၏။

(က) ပဋ္ဌကရဏ

သမ္မဇ္ဇနီ။ ။သမ္မဇ္ဇိတပ္ပံ ဇေတာယာတိ **သမ္မဇ္ဇနီ**။ လှည်းကြောင်းဖြစ်သော တံမြက်စည်းကို ရစေ။ ။သမံ **မ**ဇ္ဇာပနံ သုဋ္ဌာပနံ သမ္မဇ္ဇနံ။သုတ်သင်ရှင်းလင်းခြင်းကြိယာကို ရစေ။ ။**သမ္မ**ဇ္ဇနိယာ သမ္မဇ္ဇနံ သမ္မဇ္ဇနီ။ တံမြက်စည်းဖြင့် သုတ်သင်ရှင်းလင်းခြင်းကြိယာကို ရစေ။ ။တံမြက်စည်းကို ကိုင်၍ကိုယ်ဖြင့် **အာ**းထုတ် သုဘ်သင်ရှင်းလင်းခြင်း အမှုဟူ၏။ သဟသေယျံ စသည်တို့၌ သေယျ သဒ္ဒါတခုကား ကျောင်းဟာ။ တခုကား အိပ်ခြင်း ကြိယာဟော။ ၎င်းသေယျ သဒ္ဒါနှစ်ခုကိုပင် သေဒ္ဓသေယျ သေယံ့ဟု သာမညနိဒ္ဒေသနည်း ပြုသကဲ့သို့ ဤ သမ္မဇ္ဇနီပုဒ်၌လည်း သာမညနိဒ္ဒေသနည်း ပြုထားသည်ဟု သိ။ ထို့ကြောင့် “(ဥပုသ်အိမ်၌)တံမြက်စည်းဖြင့် လှည်းရခြင်း”ဟူ၍ **အ**နက်ပေးလိုက်သည်။

တနည်း။ ။“ဥပုသ်အိမ်၌ ဝဲမြက်းလှည်ခြင်းကို ပြုရခြင်းငှ” ဟူ၍လည်း ပေး။ ဤကား – ပြုခြင်းအနက်ရှိသော ကရဓာတ်ကို အာဘွင်းပြု၍ ပေးခြင်းတည်း။ “ဘူအာသကရဓာဘဝေါ ဟိ သဗ္ဗဓာတုအန္တောဂဓာ”နှင့် ညီ၏သည်။

ဤ၌ ဥပုသ်အိမ်ဟူသော စကားကို ထည့်ရခြင်းကား တံမြက်လှည်းခြင်း **အာ**ဓေယျကြိယာသည် **အာ**ဓာရနှင့် မကင်းကောင်းသောကြောင့် **အ**ဝိနာ ဘာဝ

နည်းအားဖြင့် ထည့်လိုက်သည်။ "အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာဂါရံ-သမ္မဇ္ဇိတုံ" ဟူသော ပါဠိတော်နှင့် အညီတည်း။

[နောက်နောက်ပုဒ်များဌ အာဓာရထည့်ခြင်းကို နည်းတူသိ]

ပဒီပေါ စ။ ။သမန္တာ တော ဒိပွတိတိ ပဒီပေါ။ ထက်ဝန်းကျင် ထွန်းလင်းတတ်သော ဆီမီးကို ရစေ။ ပဒီပဿ ဥဇ္ဇလနံ ပဒီပံ။ ဆီမီးကို ညှိထွန်းခြင်း ကြိယာကို ရစေ။ ။ထို့ကြောင့် "ဆီမီးကို ညှိထွန်းရခြင်း" ဟု အနက်ပေးလိုက်သည်။ ထို ဆီမီး ထွန်းရခြင်းသည် နေတည်းဟူသော အလင်းမရမှောင်ကျသောအခါဌသာ ထွန်းရသည်။ ထို့ကြောင့် "ညှဉ့်မှောင်မိုက်ဓသောအခါ" ဟု အနက် ပိုထည့်လိုက်သည်။ ဤဌ် ပဒီပုဇ္ဇလန ဟု ဆိုအပ်လျက် ဥဇ္ဇလန ဟူသော နောက်ပုဒ်အကျေကြံသည်။ "ရူပဿ ဘာဝေါ ရူပံ" ကဲ့သို့ ဥတ္တရပဒလောပဟု သိ။

တနုည်း။ ။သုပိနန္တာ ဟူသောပုဒ်၌ အိပ်မက်ဟူသော အနက်မျှလောက်ကိုသာ မယူဘဲ သုက်လွှတ်ခြင်းဟူသော အနက်ပိုကို ယူသကဲ့သို့ ဤ၌လည်း ဆီမီးဟူသော အနက်မျှလောက်ကို မယူဘဲ ညှိထွန်းခြင်းဟူသော အနက်ပိုကို ယူလိုက်သည်။

စသဒ္ဒါ သမုစ္စယတ္ထဝါစက နိပါတ်ပုဒ်။ ထို့ကြောင့် အနတ္ထကဓါသ မသင့်။ **ပဒ**–ဝါက္ယ–ကြိယာ သမုစ္စည်းသုံးမျိုးတို့ကုင် ပဒ သမုစ္စည်း။ ဥတ္တ–အဝုတ္တ–ဝုတ္တာဝုတ္တာသုံးမျိုးတို့တင် ဝုတ္တာဝုတ္တသမုစ္စည်းဟုသိ။ "ပဒီပေါစ၊ ဆီမီးညှိထွန်းခြင်းကို ပြုရခြင်းငင်း" ဟူ၍လည်း အနက်ပေး။ ဤကား– ကရဓာတ်နက်ကို အတွင်းပြု၍ပေးခြင်းတည်း။ "ပဒီပေါ ကာတဗ္ဗောတိ ပဒီပေတဗ္ဗော၊ ပဒီပုဇ္ဇလနံ ကာဘဗ္ဘန္တိ ဝုတ္တံ ဟောတိ" ဟူသော ဋီကာနှင့် ညီစေသည်။

ဥဒကံ။ ။ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။ ဥန္ဒဓာတ် အကပစ္စည်း အရေကို ပြုတတ်သော ရေကို ရစေ။ ။ရေ သဘာမည်ဖြစ်၍ သောက်ရေသုံးရေ နှစ်ပါးစလုံးကိုယူ။ ။ဥဒကဿ ဥပဒ္ဒဝနံ ဥဒကံ။ ဥတ္တရပဒလောပတပ္ပုရိသ်။ သောက်ရေ သုံးရေ နှစ်မျိုးကို တည်တားခြင်း ကြိယာကို ရစေ။ ထို့ကြောင့် "သောက်ရေ သုံးရေကို တည်ထားရခြင်း" ဟု အနက်ပေးလိုက်သည်။ အကယ်၍ ကျောင်းသည် သိမ်တွင်း၌ တည်ရှိအံ့။ အာဂန္တုကများ အတွက် သောက်ရေ သုံးရေ တည်ဘားရမည်ဟု သိ။ အာဂန္တုကများ ကေန်မလာဟု သိသော် တည်ထားရန်မလိုဟု အဓိပ္ပါယ်ရောက်၏။ သို့သော် တည်ထားခြင်းကြောင့်ကား အပြစ်မရှိ။ ကျောင်းသည် သိမ်တွင်းမဟုတ်၊ ကျောင်း

တခြား သိမ်တခြားစီဖြစ်အံ့။ ကျောင်း၌ သောက်ရေ သုံးရေ ရှိပြီးသားဖြစ်၍ သိမ်၌ အထူးမတည်ထားသော်လည်း အပြစ်မရှိတန်ရာ။

အာသနေန စ။ ။အာသန္တိ နိသီဒန္တိ တ္ထောတိ အာသနံ။ ဖျာသင်္ဃိုး စသော အာခင်းကို ရစေ။ ။အာသနဿ ပညပနံ အာသနံ။ ဥတ္တရ-ပဒလောပတပ္ပုရိသ်။ နေရာကိုခင်းခြင်း ကြိယာကို ရစေ။ ထို့ကြောင့် "နေရာကို ခင်းရခြင်း" ဟု အနက်ပေးလိုက်သည်။

[ပါဠိတော်၌ ရှေးဦးစွာ 'သမ္မဇ္ဇနီ, ထို့နောက် အာသန, ထို့နောက် ပဒီပ, ထို့နောက် ဥဒကဟု အစဉ်ရှိ၏။]

အာသနေန ပုဒ်နောင် နိဒဿနအနက်ရှိသော ဣတိသဒ္ဒါဆောင်ထည့်၍ အနက်ပေး။ အကယ်၍ ဣတိသဒ္ဒါ မထည့်ဘဲ အနက်ပေးက "ယာ သမ္မဇ္ဇနီစ၊-သည်ဌင်း။ ယော ပဒီပေါစ၊-သည်ဌင်း။ အာသနေန၊-နှင့်။ သဟ၊-ကွ။ ယံဥဒကဉ္စ၊-သည်ဌင်း။ အတ္ထိ၊-၏။ တောနိ၊-တို့ကို" ဣသို့ စသည်ဖြင့် အနိယမအစွမ်းဖြင့် အနက်ပေးရာ၏။ ဣသို့ အနက်ပေးခြင်းမျိုးကား-သဒ္ဒယုတ္တိ အတ္ထယုတ္တိမရှိ၍ ဆရာကြီးများ မနှစ်သက်ကြ။ ဣတိသဒ္ဒါထည့်၍ သရူပ-သရူပဝန္တ စွမ်းဖြင့် အနက်ပေးခြင်း မျိုးကိုသာ နှစ်သက်တော်မူကြ၏။ ထို့ကြောင့် ဣတိသဒ္ဒါထည့်၍ အနက်ပေးလိုက်သည်။

ဥပေါသထ။ ။သမံ ဥပဂန္ဆာ ဝသန္တိ ဧတေနာတိ ဥပေါသထော။ အညီအညွတ် ကပ်ရောက်၍ နားထောင်ကြောင်းဖြစ်သော ပါတိမောက်ရွတ်ဆိုခြင်းကို ရစေ။

ဣဥပေါသထသဒ္ဒါကား ပါတိမောက္ခုဒ္ဒေသ၌ ဖြစ်၏။ ဥပေါသဃဆင် စသည် တို့၌ မဖြစ်။ ထို့ကြောင့် "ဥပုဒ်ကံ၏။ ဝါ၊ ပါတိမောက်ရွတ်ဆိုသော ကံ၏" ဟု အနက်ပေးလိုက်သည်။ ဣကား "သော စ နေသံ ဘဝိဿတီ ဥပေါသထကမ္မံ" ဟူသော ပါဠိတော်ကို ထောက်သည်။

[သာမည စကားပင် ဖြစ်သော်လည်း အနက်အရာ စသော အားဖြင့် ထူးသော အနက်ပေးနိုင်သည်ကို သတိပြုသင့်၏။]

ဇာလိနီ—အတ္ထာ ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘင်္ဂယန္တိ၊ န သဒ္ဒါယေဝ ကေဝလာ။
သံယောဂံ ဝိပွယောဂဉ္စ၊ သဟစရိယဝိရောဓတော။
သဒ္ဒန္တရဝေသေနာပိ၊ သဒ္ဒါ ဝိသေသဝါစကော။

ထိုဥပုသ်ကံသည် အဓမ္မဝဂ္ဂဥပုသ်ကံ, အဓမ္မသမဂ္ဂဥပုသ်ကံ, ဓမ္မဝဂ္ဂဥပုသ်ကံ, ဓမ္မသမဂ္ဂဥပုသ်ကံ ဟု လေးမျိုးပြား၏။

ဆောင်—အဓမ္မဝဂ္ဂ၊ သမဂ္ဂန္ဒင့်၊ ဓမ္မဝဂ္ဂ၊ သမဂ္ဂ၊ လေးဝ ဥပုသ်ကံ။

[အကျယ်ကို ခုဒ္ဒသိက္ခာမေဒိနီကျမ်းဌ် ဆိုလတ္တံ့။]

တနည်း ဥပုသ်အပြား။ ။ဥပုသ်သည် ဆယ့်လေးရက် လကွယ်နေ့ ပြုအပ်သော စာတုဒ္ဒသီဥပုသ်, ဆယ့်ငါးရက် လပြည့် လကွယ်နေ့ ပြုအပ်သော ပန္နရသီဥပုသ်, လပြည့်လကွယ်မှတပါး သံဃာ ညီညွတ်သောနေ့၌ ပြုအပ်သော သာမဂ္ဂီဥပုသ်အားဖြင့် နေ့၏အစွမ်းဖြင့် သုံးမျိုး၊

လေးပါး လေးပါးထက် အလွန်ပြုအပ်သော သံဃဥပုသ်, နှစ်ပါး သုံးပါး ပြုအပ်သော ဂဏဥပုသ်, တပါးတည်း ပြုအပ်သော ပုဂ္ဂလဥပုသ်အားဖြင့် ပြုတတ်သော ကာရက၏ အစွမ်းဖြင့် သုံးမျိုး၊

ပါတိမောက်ရွတ်ဆို၍ ပြုအပ်သော သုတ္တုဒ္ဒေသဥပုသ်, စင်ကြယ်ခြင်းကို ပြောကြား၍ပြုအပ်သော ပါရိသုဒ္ဓိဥပုသ်, ယနေ့ ဥပုသ်နေ့ဟု ဆောက်တည်၍ ပြုအပ်သော အဓိဋ္ဌာန်ဥပုသ် အားဖြင့် သုံးမျိုး၊ ပေါင်း ကိုးမျိုးပြား၏။

ဆောင်—၁။ စာတု-ပန္နဲ၊ သာမဂ္ဂ၊ သုံးဝ ဥပုသ်ပြား။
၂။ သံဃ-ဂဏ၊ ပုဂ္ဂလ၊ သုံးဝ တနည်းပြား။
၃။ သုတ္တုဒ်-ပါရိ၊ အဓိဋ္ဌိ၊ တိဏိ တနည်းပြား။
၄။ နေ့နှင့် ပြုတတ်၊ ယင်းပြုအပ်၊ သုံးရပ် စဉ်တိုင်းထား။
၅။ ဥပုသ်အပြား၊ ပေါင်းကိုးပါး၊ မှတ်သား သိစေသား။

အထူး။ ။ဂဏဥပုသ်၌ သုံးပါးပြုလျှင် ဂဏဉ တ်ထားရသည်။ နှစ်ပါးပြုလျှင် ဂဏဉ တ်မထားရ။အဓိဋ္ဌာန်ဥပုသ်ပြုရာ၌"အဇ္ဇ မေ ဥပေါသထော" ဟု ပါဠိတော်နည်းအတိုင်းလည်း ဆိုနိုင်သည်။ "အဇ္ဇ မေ ဥပေါသထော ပန္နရသော"ဟု အဋ္ဌကထာကြိုးနည်းအတိုင်းလည်း ဆိုနိုင်သည်၊ "အဇ္ဇမေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ"ဟု ကခ်ဳံအတိုင်းလည်း ဆိုနိုင်သည်။ (တဆယ့်လေးရက်ဖြစ်လျှင် "စာတုဒ္ဒသော"ဟု ဆို။)

ပဝါရဏာအပြား။ ။ပဝါရဏာသည် စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂီ ပဝါရဏာဟု နေ့၏ အစွမ်းဖြင့် သုံးမျိုး၊ သံဃ, ဂဏ, ပုဂ္ဂလဟု ပြုတတ်သော ကာရက၏ အစွမ်းဖြင့် သုံးမျိုး၊ သုံးကြိမ်ရွတ်ဆို၍ ပြုအပ်သော တဝါစိက, နှစ်ကြိမ်ရွတ်ဆို၍ ပြုအပ်သော ဒွေဝါစိက, တကြိမ်ရွတ်ဆို၍ ပြုအပ်သော ကေဝါစိက ပဝါရဏာဟု ပြုအပ်သော ကတ္တုဗ္ဗာကာရ၏ အစွမ်းဖြင့် သုံးမျိုး၊ ပေါင်း ကိုးမျိုး ပြား၏။

တနည်း။ ။တေဝါစိက, ဒွေဝါစိက, ဝါတူပေါင်း၍ ပြုအပ်သော သမာန ဝဿိက ပဝါရဏာဟု ပြုအပ်သော ကတ္တုဗ္ဗာကာရ အစ္ဈမ်းဖြင့် သုံးမျိုး၊ ရှေးနှစ်မျိုးနှင့် ပေါင်းသော် ကိုးမျိုး ပြား၏။

ဆောင်— ၁။ ပဝါရဏာ၊ ရှေးနှစ်ဖြာ၊ တူစွာ ဥပုသ်ထား။

၂။ တေ-ဒွေ-ဧကေ၊ ဝါစိက၊ သုံးဝ အထူးပြား။

၃။ တေ-ဒွေ-သမာန၊ ဝဿိက၊ သုံးဝ တနည်းပြား။

၄။ ပဝါရဏာ၊ "ဥ" တူသာ၊ ပြား၀ါ ပေါင်းကိုးပါး။

ဤဥပုသ် ပဝါရဏာအပြားကား ပါစိတျာဒိအဋ္ဌကထာ ဝိလေခန သိက္ခာပုဒ်မှာ တိုက်ရိုက်လာ၏။ ထိုထိုခန္ဓကတို့၌လည်း လာ၏။

အန္တရာယ်ဆယ်ပါး။ ။၁-ဥပုသ်ပြုအံ့ဟု ရဟန်းများ စည်းဝေးနေခိုက် မင်းလာအံ့၊ ထိုမင်းသည် မင်းအန္တရာယ်။

၂-ထို့အတူ ခိုးသူလာအံ့၊ ထိုခိုးသူသည် ခိုးသူအန္တရာယ်။

၃-တောမီးလောင်အံ့၊ သို့မဟုတ် ကျောင်းမီးလောင်အံ့၊ ထိုမီးမျိုးသည် မီးအန္တရာယ်။

၄-များစွာသောလူတို့လာအံ့၊ ထိုလူတို့သည် လူအန္တရာယ်။

၅-မိုးယိုးရွာအံ့၊ သို့မဟုတ် ရေအယဉ် စီးလာအံ့၊ ထိုမိုးယိုးရေတို့သည် ရေအန္တရာယ်။

၆-ရဟန်းကို ဘီလူးဖမ်းစားအံ့၊ ထိုဘီလူးသည် ဘီလူးအန္တရာယ်။

၇-ကျားစသော ကြမ်းတမ်းသော သားကောင်တို့ လာအံ့၊ ထိုသားကောင်သည် သားကြမ်း အန္တရာယ်။

၈-ရဟန်းကို မြွေစသည် ကိုက်အံ့၊ ထိုမြွေစသည်သည် မြွေအန္တရာယ်။

၉-ရဟန်းနာအံ့၊ သို့မဟုတ် သေအံ့၊ သို့မဟုတ် ရန်သူတို့ သတ်လို၍ဖမ်းအံ့၊ ထိုနာခြင်းစသည်သည် အာသင်္ကအန္တရာယ်။

၁၀-လူတို့ကရဟန်းတပါးကိုဖြစ်စေ အမျှားကိုဖြစ်စေ သာသနာတော်မှ ရွှေ့လျော်စေလို၍ ဖမ်းအံ့၊ ထိုဖမ်းခြင်းသည် အကျင့် အန္တရာယ်မည်၏။ ထိုအန္တရာယ်ဆယ်ပါးတို့တွင် တပါး၀ါးရောက်၍ နိဒါန်းရွတ်ပြီးသော် အကြင်းကို သုတသဒ္ဒါဖြင့် သိမ်း၍အကျဉ်းပြုနိုင်၏၊ နိဒါန်းကို မရွတ်မီဖြစ်စေ ရွတ်ဆဲဖြစ်စေ အန္တရာယ်တပါးပါးရောက်သော် သုတသဒ္ဒါဖြင့် မသိမ်းရ၊ ဥပုသ်၏ အန္တရာယ် ဖြစ်ပြီဟု သိ။

ဆောင်— ၁။ မီး-ရေ-လူမျိုး၊ မင်း-သူခိုး၊ သားဆိုး-ဘီလူးကြမ်း။
၂။ မြေ-ကျင့်-သက်ဆုယ်၊ အန္တရာယ်၊ တဆယ် ဤသို့မှန်း။

တနည်း— မီး-ရေ-မင်း-လူ၊ခိုးသူ-ဘီလူး၊သားရူး-မြေ-သက်၊ ကျင့်မြတ်ဖျက်၊ ဆယ်ချက် အန္တရာယ်။

ဇောနိ။ ။ဇောနိ-ကား သဗ္ဗညုတဉာဏ်ဖြစ်၍ ဝိဂြိုဟ် မဆိုကောင်းဟု သိ။

ဆောင်— ရူဇိုး-အာချတ်၊ နိပါတ်-ဥပသာ၊ သဗ္ဗညု-အာလုပ်၊ ဤခြောက် ပုဒ်၊ မထုတ် ဝိဂြိုဟ်မှု။

ပုဗ္ဗကရဏ။ ။ပုဗ္ဗသဒ္ဒါ-ကာလပညတ္တိ ဝါစက သဗ္ဗနာမ်ပုဒ်ဖြစ်၍ ဝိဂြိုဟ်မပြု ရ။ ကတ္တုဗုဒ္ဓိ ကရဏံ။ အလုံးစုံပြုအပ်သော အမှုကို ရစေ။ (သံဃ သန္နိပါတတော)ပုဗ္ဗေ ကရဏန္တိ ပုဗ္ဗကရဏံ။ သံဃာစည်းဝေးသည်မှ ရှေးအဘို့၌ ပြုအပ်သော တံမြက်လှည်းခြင်းစသော ကျင့်ဝတ်လေးပါးကို ရစေ။

ဣတိ။ ။ဣတိကား–အာကာရအနက်ရှိသော နိပါတ်ပုဒ်။ ။ဣတိသည်

သဒ္ဒပဒတ္ထက ဣတိ, အတ္ထ ပဒတ္ထက ဣတိ ဟုနှစ်မျိုး ပြား၏၊ ထိုနှစ်မျိုးတို့တွင် မိမိနှင့် ယှဉ်ဘက်ဖြစ်သော သဒ္ဒါကို အနက်အဓွာန်ထား၍ သမ္မန်သော ဣတိမျိုးကို သဒ္ဒပဒတ္ထက ဣတိ ခေါ်သည်၊ မိမိနှင့် ယှဉ်ဘက်ဖြစ်သော သဒ္ဒါ၏ အနက်ကို ထုတ်ဖော်၍ သမ္မန်သော ဣတိမျိုးကို အတ္ထပဒတ္ထက ဣတိ ခေါ်သည်၊ ဤ၌ ပုဗ္ဗကရဏ သဒ္ဒါကိုပင် အနက်အဓွာန် ထား၍ "ပုဗ္ဗ-ကရဏန္တိ၊ပုဗ္ဗကရဏ ဟူ၍"ဟု သမ္မန်သောကြောင့် သဒ္ဒပဒတ္ထက ဣတိဟု သိ။

ဝုစ္စတိ။ ။ဤ ဝုစ္စတိကား အာချာတ်ပုဒ်။ ၎င်း ဝုစ္စတိကို ဝုစ္စန္တေဟု ပြင်၍ အနက်ပေးခြင်းသည် ဝုစ္စန္တေသည် ပုဒ်ရင်း ဖြစ်၍ ပုဒ်ရင်းအတိုင်း ပြင်၍ အနက်ပေးခြင်းဖြစ်၏။ ဝုစ္စန္တေပုဒ်ရင်း ဖြစ်သင့်ကြောင်းကို ဇောနိ-ဟူသော ဝုတ္တကံပုဒ်ကို ထောက်ဆ၍ သိရခြင်း ဖြစ်၏။ သို့ဖြစ်လျှင် ဝုစ္စန္တေ-ဟု ပုဒ်ရင်း အတိုင်း ဗဟုဝုစ်ဖြင့် ထား၍ သော်လည်း ဆန်းစောင့်ခြင်း အကျိုး ၌ ဗဟုဝုစ်ကို ကေဝုစ် ပြင်၍ ဝစနဝိပလ္လာသ အစွမ်းဖြင့် ဝုစ္စတိဟု ထားတော်မူ၏။ ဆက်ဦးအံ့–ဝိပလ္လာသသည် လိင််–ဝိဘတ္တိ–ဝစန–ကာလ–ပုရိသ–အကွရ-ဝိပလ္လာသ-ဟု ခြောက်ပါး ပြား၏။

ဆောင်— လိင်် ဝိဘတ္တိ ဝစန၊ ကာလ ပုရိသကွရဿ စ။
ဝဿန ဟိ ဝိပလ္လာသော၊ ဆဗ္ဗိဓောတိ ပဝုစ္စတိ။

ဤ သမ္မဇ္ဇနီ ဂါထာ၌ ဝုစ္စတိ၏ ကတ္တား ထည့်လိုသော် ဥပေါသထကွန္ဓကဋ္ဌ ပညတ်သော စကားဖြစ်၍ ဘဂဝတော-ဟုလည်း ထည့်နိုင်သည်။ အဋ္ဌကထာ

(၁) ပုဗ္ဗကိစ္စ

ဆန္ဒပါရိသုဒ္ဓိစ၊ ဆန္ဒကို ဆောင်ခြင်း, ပါရိသုဒ္ဓိကို ဆောင်ခြင်းငှင်း။ ဥတုကျွာနဥ္စ၊ (ဥတုသုံးပါးတို့တွင် ရောက်ဆဲ)ဥတုကို ပြောကြားခြင်းငှင်း။ တနည်း၊ ဆန္ဒ ပါရိသုဒ္ဓိ ဥတုကျွာနဥ္စ၊ (ဆောင်အပ် ပြီးသော) ဆန္ဒ-ပါရိသုဒ္ဓိ-ဆန္ဒပါရိသုဒ္ဓိကို လျှောက်ကြားခြင်း, ရောက်ဆဲဥတုကို လျှောက်ကြား

ဆရာများ စီကုံးထားသော အဋ္ဌကထာလာ ဂါထာဖြစ်၍ အဋ္ဌကထာစရိယဟိ-ဟ္ဂ္ဂ်ိလည်း ထည့်နိုင်သည်။

ပိဏ္ဍတ္ထ——၁။ တံမြက်လှည်းခြင်း၊
၂။ ဆီမီးညှိထွန်းခြင်း၊
၃။ နေရာခင်းခြင်း၊
၄။ သောက်ရေ သုံးရေ တည်ထားခြင်း၊

ဤလေးပါးသော ကျင့်ဝတ်တို့ကို သံဃာ စည်းဝေးသည်မှ (ဝါ--သံဃာ မစည်းဝေးမီ) ရှေးအဘို့ကာလ၌ ပြုအပ်သောကြောင့် "ပုဗ္ဗကရဏ" ခေါ် သည် မြတ်စွာဘုရား လက်ထက်တော်က ဥပုသ်အိမ်၌ တံမြက် မလှည်းသဖြင့် အမှိုက် ရှုပ်၍ အာဂန္တုများ ကဲ့ရဲ့ခြင်း, ဥပုသ်အိမ်၌ နေရာမခင်းထားသဖြင့် မြေပေါ်မှာ ထိုင်ရ၍ ကိုယ်နှင့် သင်္ကန်းများ ဖုံပေခြင်း, ဥပုသ်အိမ်၌ ညဉ့်မှောင်မိုက်သောအခါ ဆီမီး မညှိထွန်းသဖြင့် ကိုယ်နှင့် သင်္ကန်းများကို နင်းမိခြင်း, ဥပုသ်အိမ်၌ သောက်ရေ သုံးရေ မတည်ထားသဖြင့် သောက်ရေ သုံးရေ မရှိ၍ အာဂန္တုများ ကဲ့ရဲ့ခြင်းတို့ကြောင့် ဤလေးပါးကို သံဃာမစည်းဝေးခင် ကြိုတင်၍ပြုထားရန် ဘုရား ပညတ်တော်မူသည်။ ဤပုဗ္ဗကရဏ လေးပါးကို မပြုမူ၍ ဥပုသ်ပြုသော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်၏။ ၎င်းလေးပါးကို ပြုခိုင်းရန် သင့်လျော်သော ရဟန်းငယ်ကို မထေရ်ကြီးက ခိုင်းရမည်။

[ပြုပုံနည်းလမ်းအကျယ် အဋ္ဌကထာကြီးမှာ လာပြီ။]

(ခ) ပုဗ္ဗကိစ္စ

အနုသန္ဓိ——ဤသို့ သံဃာ မစည်းဝေးမီ ရှေးအဘို့ကာလ၌ ပြုအပ်သော ပုဗ္ဗကရဏ လေးပါးကို ပြပြီး၍ ယခုအခါ ဥပုသ်မပြုမီ ရှေးအဘို့ကာလ၌ ပြုအပ်သော ပုဗ္ဗကိစ္စ ငါးပါးကို ပြခြင်းအကျိုးငှါ ဆန္ဒပါရိသုဒ္ဓိစသည်ကို မိန့်တော်မူအပ်သတည်း။

ခြင်းငှင်း။ ဘိက္ခုဂဏနာဝစ၊ ရဟန်းတို့ကို ရေတွက်ခြင်းငှင်း။ သြဝါဒေါစ၊ (ဘိက္ခုနိမတို့သည် တောင်းပန် အပ်သော) သြဝါဒကို ကြားခြင်းငှင်း။ ဣတိ၊ ဤသို့။ [ထည့်။] ဧတာနိ၊ ဤ ငါးပါးသော ဝိနည်းကံတို့ကို။ ဥပေါ-သထဿ၊ ဥပုသ်ကံ၏။ ပုဗ္ဗဘာဂေ၊ (ဥပုသ်ပြုသည်မှ) ရှေးအဘို့၌။ ကတ္တာဗ္ဗတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ [ဤ ၂-ပုဒ်ထည့်။] ပုဗ္ဗကိစ္စန္တိ၊ ပုဗ္ဗကိစ္စဟူ၍။ ဝုစ္စတိ-ဝုစ္စန္တေ၊ မိန့်ဆိုအပ်ကုန်၏။

ဆန္ဒ-ပါရိသုဒ္ဓိ။ ။(ဥပေါသထဿ) ဆန္ဒနံ ဆန္ဒော။ ဥပုသ်ကိုပြုလိုသော ကုသိုလ်ဆန္ဒကို ရစေ။ ။(အာပတ္တိတော)ပရိသုဒ္ဓေန် ပါရိ-သုဒ္ဓိ။ ဒေသနာခံ စသည်ဖြင့် အာပတ်မှ စင်ကြယ်ခြင်း ကြိယာကို ရစေ။ ။ တနည်း–ပရိသုဒ္ဓတိတိ ပရိသုဒ္ဓါ။ အာပတ်မှ စင်ကြယ်သော ပုဂ္ဂိုလ်ကို ရစေ။ ။ပရိသုဒ္ဓဿ ဘာဝေါ ပါရိသုဒ္ဓိ။ အာပတ်မှ စင်ကြယ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း အာပတ်မှ စင်ကြယ်ခြင်း ကြိယာကို ရစေ။ ။ဆန္ဒဿ ဟရဏံ ဆန္ဒံ။ နောက်ပုဒ်ကျေသော တပ္ပုရိသ်။ ဆန္ဒကို ဆောင်ခြင်းကြိယာကို ရဒေ။ ။ ပါရိသုဒ္ဓိယာ ဟရဏံ ပါရိသုဒ္ဓိ။ပါရိသုဒ္ဓိကို ဆောင်ခြင်း ကြိယာကို ရစေ။ ။ ဆန္ဒေါစ ပါရိသုဒ္ဓိစ ဆန္ဒပါရိသုဒ္ဓိ။ ဆန္ဒကို ဆောင်ခြင်း, ပါရိသုဒ္ဓိကို ဆောင်ခြင်း ကြိယာကိုရစေ။ ထို့ကြောင့် "ဆန္ဒကို ဆောင်ခြင်း, ပါရိသုဒ္ဓိကို ဆောင်ခြင်း" ဟု အနက်ပေးလိုက်သည်။

အဓိပ္ပါယ်။ ။သိမ်ပဋ္ဌ ဥပုသ်ပြုပြီး၍ ဤသိမ်သို့ ရောက်လာသော ဥပုသ်ပြုရန် သံဃအစည်းအဝေးသို့ သွား၍ ကာယသာမဂ္ဂီ မပေးလိုသော ရဟန်းသည် သံဃာဌ ဥပုသ်ကံနှင့် ကြုံးသော သံဃကံ နှစ်ပါးပြီးစေခြင်း အကျိုးငှါ "ဆန္ဒံ ဒမ္မိ" ဟူ၍ငှင်း, "ဆန္ဒံ မေ ဟရ" ဟူ၍ငှင်း, "ဆန္ဒံ မေ အာရော-စေဟိ" ဟူ၍ငှင်း ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်နှစ်ပါးစုံဖြင့် ဖြစ်စေ ဆန္ဒကို ပေးအပ်၏။ထိုပေးအပ်သောဆန္ဒကို ဆောင်ခြင်းသည် ဆန္ဒကို ဆောင်ခြင်းမည်၏။ သိမ်ပဋ္ဌနေ၍ ဥပုသ်မပြုရသေးသော ဂိလာနနှင့် ဂိလာနုပဋ္ဌာက စသော ကိစ္စပပ္ပသုတ ရဟန်းများသည် သံဃာ၏ငှင်း မိမိ၏ငှင်း ဥပုသ်ပြုခြင်း ကိစ္စ ပြီးစေခြင်းအကျိုးငှါ "ပါရိသုဒ္ဓိံ ဒမ္မိ, ပါရိသုဒ္ဓိံ မေ ဟရ, ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟူသော သုံးပုဒ်တို့တွင် တပုဒ်ပုဒ်ကို ရွေးနည်းအတိုင်း ပေးအပ်၏။ ထိုသို့ပေးအပ်သော ပါရိသုဒ္ဓိကို ဆောင်ခြင်းသည် ပါရိသုဒ္ဓိကို ဆောင်ခြင်းမည်၏။ ထိုနှစ်ပါးသော ပေးခြင်းတို့တွင် ဆန္ဒပေးခြင်းသည် ဥပုသ်ကံမှတပါး သံဃကံများ ပြုစရာရှိက သဘောတူပါသည်ဟု မိမိ၏အလိုကို ဖော်ပြခြင်း ဖြစ်သည်။ ပါရိသုဒ္ဓိပေးခြင်းကား မိမိ၌ အာပတ်မရှိ စင်ကြယ်ပါသည်ဟု

ဖော်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် အာပတ်ရှိလျှင် ဒေသနာကြားပြီးမှ ပါရိသုဒ္ဓိ ပေးရသည်။ ထိုကဲ့သို့ ပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူလာခြင်းကို ဆန္ဒပါရိသုဒ္ဓိ ခေါ်သည်။

မှတ်ချက်။ ။ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူ၍ သံဃာ့ထံသို့ ရောက်လာလျှင် ဤ မည်သော ရဟန်းက ဆန္ဒပါရိသုဒ္ဓိ ပေးလိုက်ကြောင်း မပြောကြားသော်လည်း ကံအထမြောက်သောကြောင့် ဆန္ဒပါရိသုဒ္ဓိပုဒ်ကို ဝိဘတ္တန္တ တခုထား၍ အနက်ပေးကြသည်။ ထိုသို့ ဝိဘတ္တန္တပုဒ် တခုထား၍ အနက်ပေးခြင်းကို ဆောင်လာသော ဆန္ဒပါရိသုဒ္ဓိကို လျှောက်ကြားခြင်း အကွာန တိုင်အောင် မရောက်သောကြောင့် အခု၌ ဆရာတော်ကြီးများ မနှစ်သက်ကြကုန်။

[ဆောင်၍ ရောက်ပုံ မရောက်ပုံများ အင်္ဂကထာတို့၌ အကျယ်လာပြီ။]

ဆောင်—၁။ ဆန္ဒပေးက၊ သံဃဉ်မှာ၊ ကံနှစ်ဖြာ၊ ပြီးပါလေသတည်း။

၂။ မိမိမှာကား၊ ဥပုသ်အား၊ ပြီးငြားမရှိတည်း။

၃။ ပါရိသုဒ္ဓိ၊ ပေးတုံဘိုက၊ မိမိသံဃာ၊ နှစ်ဦးမှာ၊ ထင်စွာ ဥပုသ်ပြီး။

၄။ ကြွင်းကံရှိသမျှ၊ မပြီးကြ၊ ဆန္ဒပေးရတည်း။

၅။ ထို့ကြောင့်ပါရိ၊ ပေးတုံဘိ၊ ပေး၏ ဆန္ဒကိုပင်တည်း။

အထူး။ ။ဆန္ဒ,ပါရိသုဒ္ဓိပေးရခြင်း ကိစ္စကား–ဝဂ် မဖြစ်စေခြင်းအကျိုးငှါ အဝိပ္ပဝါသဟု ဆိုအပ်သော မဟာသိမ်အတွင်း၌ တည်ရှိသော ကျောင်း၌နေသော ရဟန်းမျိုးသာ ပေးရသည်။ သိမ်ပြင် နေသော ရဟန်းကား ပေးရန်မလိုဟု သိ။

ဥတုကွာန။ ။အတတိ ပဝတ္တတိ သီတုဏှံ ဇတ္ထာတိ ဥတု။ အအေး အပူတို့၏ ဖြစ်ရာ ဆောင်းစသော ကာလကို ရစေ။ ။အကျိယတေ အကွာနံ။ နှုတ်မြွက်ပြောကြားခြင်း ကြိယာကို ရစေ။ ။ဥတုဿ အကွာနံ ဥတုကွာနံ။ ဥတုကို နှုတ်မြွက်ပြောကြားခြင်း ကြိယာကို ရစေ။ ။ဤ၌ ဥတုကို ပြောကြားခြင်းဟု သာမန်ဆိုသော်လည်း ဟေမန္တ, ဂိမှာန, ဝဿာန သုံးဥတု တို့တွင် ရောက်ဆဲဥတုကို ပြောကြားခြင်းကို ယူရမည်။ ထို့ကြောင့် ဥတုသုံးပါး တို့တွင် ရောက်ဆဲဥတုကို ပြောကြားခြင်းဟု အနက်ပေးလိုက်သည်။

[ထိုဥတုကို ပြောကြားခြင်းသာ မဟုတ်သေး၊ ဥတု၏ လွန်သော ပက္ခ ရောက်ဆဲပက္ခ ကြွင်းသောပက္ခတို့ကို ပြောကြားခြင်းကိုလည်း ယူရမည်။

တဥတု တဥတုဒ္ဒ် ရှစ်ပက္ခ လေးလစီရှိ၍ တနှစ်ဒ္ဒ် သုံးဥတု နှစ်ဆယ်လေး ပက္ခရှိ၏၊ ဝါထပ်လျှင် ဆဋ္ဌဥတုဒ္ဒ် ဆယ်ပက္ခရှိသောကြောင့် နှစ်ဆယ့် ခြောက်ပက္ခရှိ၏ဟု အဆိုးသိ။]

ဆောင်—၁။ ဘဆောင်း-နွေ-မိုဃ်းဟု၊ သုံးဥတု၊ မှတ်ရှု သရုပ်မှာ။

၂။ ဥတုတစ်မျှ၊ ရှစ်ပက္ခ၊ လေးလ ရှိသည်သာ။

၃။ နှစ်ဆယ့်လေးပက်၊ တနှစ်တွက်၊ မှတ်ချက်ချသင့်ပါ။

၄။ ဝါထပ်ခြင်းပြု၊ ဆဋ္ဌဥတု၊ ထူးရှု ဓာယ်ပက္ခာ။

ဝိနည်း။ ။ဆဋ္ဌဒွာဒသ ပါရိဝါသုဒ္ဓိစ ဥတုစ ဆန္ဒပါရိဝါသုဒ္ဓိဥတုယောဘ။ [ဒွိန်သမာသ် ဝဲ့စပ်။]ဆန္ဒပါရိဝါသုဒ္ဓိဥတူနံ ဒဂ္ဂဘာနံ ဆန္ဒပါရိဝါသုဒ္ဓိဥတုက္ခဘာနံ။ဆန္ဒကို လျှောက်ကြားခြင်း, ပါရိဝါသုဒ္ဓိကို လျှောက်ကြားခြင်း, ဥတုကို လျှောက်ကြားခြင်း ကြိယာကို ပရေ။ ။ဆန္ဒဒဂ္ဂဘာနံ, ပါရိဝါသုဒ္ဓိဒဂ္ဂဘာနံ, ဥတုဒဂ္ဂဘာနဟု ဒဂ္ဂဘာနသဒ္ဒါကို ဒွန်ဂုဒ်တိုင်း ဟ္ရဿစပ်၍ ယူရမည်။

ဆောင်—ဒွိန်၏ဧကာနောက်၊ ပုဒ်နှစ်ထောက်မှာ၊ ပုဒ်တိုင်းသာ၊ ယှဉ်ကာစပ် ရမြဲ။

ဆန္ဒဒဂ္ဂဘာနံ။ ။ဥပုသ်ပြုပြီးသော စည်းဝေးရာဒဂ္ဂရပ်သို့သွား၍ ကာယသာမဂ္ဂီ မပေးနိုင်သော ဝိလာနရဟန်း, ကိစ္စပပ္ပသုတ ရဟန်းသည် "ဆန္ဒံ ဒမ္မိ" စသည်ကိုဆို၍ ဥပုသ်ပြုသွားသော ရဟန်းတပါးဒဂ္ဂဘာနံ ပေးရမည်။ ပေးလိုက်သောဆန္ဒကို လက်ခံခဲ့သော ဂုဟန်းက "အသုကေန ဘန္တေ ဆန္ဒော ဒိန္နော" ဟု ဒဂ္ဂဘာနာ ဒဂ္ဂဘာနံ သံဃာသာဝေ လျှောက်ကြားရမည်။[အသုကေန ဒဂ္ဂဘာနံ ဘန္တေပေးသောဂုဟန်း၏ ဒဂ္ဂဘာနံ တံသာ စသည်ကို ထည့်၍ဆို။ ဆရာကြီးများကား "တမဟံ သံဃဿ ဒဂ္ဂဘာနံ ဒေမိ" ဟူသောစကားကို "အသုကေန ဘန္တေ ဆန္ဒော ဒိန္နော" ၏ နောက်ဆက်တွဲပြု၍ ထည့်ဆိုကြသေး၏။]

ပါရိဝါသုဒ္ဓိဒဂ္ဂဘာနံ။ ။ဥပုသ်မပြုရသေးသော ဂိလာနရဟန်း,ကိစ္စပပ္ပသုတ ရဟန်းတို့သည် "ပါရိဝါသုဒ္ဓိံ ဒမ္မိ" စသည်ဆို၍ ဥပုသ်ပြုသွားသော ရဟန်းတပါးပါးဒဂ္ဂဘာနံ ပါရိဝါသုဒ္ဓိပေးရမည်။ ပေးလိုက်သော ပါရိဝါသုဒ္ဓိကို လက်ခံခဲ့သောရဟန်းက "အသုကေန ဘန္တေ ပါရိဝါသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ" ဟုဆို၍ သံဃာအား လျှောက်ကြားရမည်။

ဆန္ဒပါရိဝါသုဒ္ဓိအက္ခဘာနံ။ ။ဆန္ဒပါရိဝါသုဒ္ဓိနှစ်ပါးစုံပေးမူ "အသုကေန ဘန္တေ ဆန္ဒ-ပါရိဝါသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ" ဟုဆို၍ လျှောက်ကြားလေ။ ထိုပေးလိုက်သော ဆန္ဒပါရိဝါသုဒ္ဓိကို ယူဆောင်လာ

သော ရဟန်းက သံဃာအား လျှောက်ကြားခြင်းကိုပင် ဆန္ဒအကွာန·ဆန္ဒကို လျှောက်ကြားခြင်း, ပါရိသုဒ္ဓိအကွာန·ပါရိသုဒ္ဓိကို လျှောက်ကြားခြင်းဟု ခေါ်သည်။

ဥတုအကွာန။ ။ဟေမန္တ စသော ဥတုသုံးပါး၏ လွန်သောပက္ခ, ရောက်ဆဲပက္ခ, ကြွင်းသောပက္ခကို ပြောကြား လျှောက်ထားခြင်းကို ဥတုအကွာန ခေါ်သည်။ ဘုရားရှင်လက်ထက်တော်က လူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို ပက္ခ၏ အဘယ်နှစ်ရက်မြောက်နေ့ပါနည်းဟု မေးကြရာ မသိဟု ဖြေဆိုကြသဖြင့် လူတို့ကဲ့ရဲ့၍ တဥတုဉ် ရှစ်ပက္ခရှိသည်တွင် မည်သည့်ပက္ခ ဖြစ်ကြောင်း ရေတွက် တတ်အောင် သင်ထားရမည်ဟု ပညတ်တော်မူသည်။ ပက္ခကို သိအောင် လုပ်ထားရမည် ဟူ၏။

ဘိက္ခုဂဏနာ စ။ ။ဘိက္ခုတိ သဒ္ဒလေနာတိ ဘိက္ခု။ ကာယဝိညတ်ဖြင့် တောင်းတတ်သော အလေ့ရှိသော ရဟန်းကို ရစေ။ ။ဂဏီယတေ ဂဏနာ။ ရေတွက်ခြင်း ကြိယာကို ရစေ။ ။ဘိက္ခုနံ ဂဏနာ ဘိက္ခုဂဏနာ။ သိမ်တွင်း၌စည်းဝေးသောရဟန်းတို့ကို ရေတွက်ခြင်း ကြိယာကို ရစေ။ထို့ကြောင့် "ရဟန်းတို့ကို ရေတွက်ခြင်း"ဟု အနက်ပေးလိုက်သည်။ ဤရဟန်းတို့ကို ရေတွက်ခြင်းဟု ဆိုသော်လည်း ရေတွက် ထားရုံမျှမဟုတ်ဘဲ သုပိနန္တာပုဒ်ကဲ့သို့ ပြောကြားခြင်း ကြိယာတိုင်အောင် ယူရမည်။ မြတ်စွာဘုရား လက်ထက်တော်က လူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို ကျောင်းတိုက်အတွင်း၌ ရဟန်းမည်မျှ ရှိပါသနည်းဟု မေးကြရာ မသိဟု ဖြေကြားသဖြင့် လူတို့ကဲ့ရဲ့၍ ရဟန်းတို့ကို ရေတွက်ရန် ပညတ်တော်မူသည်။

[ဥတုပက္ခအရေအတွက်, ရဟန်းအရေအတွက်ကို သိသော ရဟန်း တပါးပါးက လျှောက်ကြားလျှင်လည်း ပြီး၏ဟုသိ။]

ဩဝါဒဒါ။ ။အဝမဒ္ဒိတ္ဝာ ဝဒနံ ဩဝါဒဒါ။ နောင် စောင့်ရှောက်ခြင်း အကျိုးငှာ နှိုင်းနှိုင်းနင်းနင်း ဆုံးမခြင်းကြိယာကို ရစေ။ ဤ၌လည်း ဆုံးမခြင်း သာမည ဆိုသော်လည်း ဘိက္ခုနီမတို့သည် တောင်းပန်အပ်သော အဆုံးအမ ဩဝါဒကို ကြားခြင်းကြိယာ တိုင်အောင်ယူ။ ထို့ကြောင့် "ဘိက္ခုနီမတို့သည် တောင်းပန်အပ်သော ဩဝါဒကို ကြားခြင်း" ဟု အနက်ပေးလိုက်သည်။ ဘိက္ခုနီမတို့ တောင်းပန်အပ်သော ဩဝါဒကို မကြားမူ၍ ဥပုသ်ပြုခြင်းငှာ မအပ်ဟု ဆိုသော **ကခ်ီ** စကားကိုထောက်သည်။

အဓိပ္ပါယ်။ ။ဘိက္ခုနီမတို့သည် နက်ဖြန် ဥပုသ်နေ့ဟု အဖိတ်နေ့က လာ၍ (မဟာပစ္စရီ အလို ဆယ့်သုံးရက်နေ့က လာ၍) ဤဥပုသ်သည်

ဆယ်လေးရက်လော, ဆယ်ငါးရက်လောဟု မေးရမည်။ တဖန် ဥပုသ်နေ့၌ ဥပုသ်ပြုချိန် မရောက်မီ ဘိက္ခုနီမ တယောက်ယောက်ကို အဖော်နှင့်တကွ ရဟန်းကျောင်းသို့ စေလွှတ်ရမည်။ စေလွှတ်အပ်သော ဘိက္ခုနီမက "အရှင်ဘုရား ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ၏ ခြေတို့ကို ရှိခိုးပါ၏။ သြဝါဒခံရန် ချဉ်းကပ်ခြင်းကိုလည်း တောင်းပန်ပါ၏၊ အရှင်ဘုရား ဘိက္ခုနီသံဃာသည် သြဝါဒခံရန် ချဉ်းကပ်ခြင်းကို ရပါမည်လောဘုရား" ဟု သြဝါဒခံခွင့်ကို တောင်းပန်လျှောက်ထားရမည်။ ထိုလျှောက်ထားချက်ကို ဗာလ-ဂိလာန-ဂမိက-ရဟန်းများကို ဖယ်ထား၍ တပါးပါးသော ရဟန်းသည် ခံယူရမည်၊ ထိုတောင်းပန် လျှောက်ထားချက်ကို ခံယူလာသော ရဟန်းက ဥပုသ်အိမ်၌ ပါတိမောက်ရွတ်မည့် ရဟန်းအား တဆင့်လျှောက်ကြားရမည်။ ထိုတဆင့် လျှောက်ကြားခြင်းကို ဘိက္ခုနီမတို့သည် တောင်းပန်သော အဆုံးအမ သြဝါဒကို ကြားခြင်းဟု ဆိုသည်။

[ပါတိမောက္ခုဒ္ဒေသက ရဟန်းက ဆိုရန်စကားနှင့် တကွသော စကားစုံကို ကခ်ဒ်၌ ပေါ်လွင်စွာ ဆိုအပ်ပြီ။]

ပဋ္ဌကိစ္စ။ ။ကတ္တိကပုဏ္ဏမီ ကိစ္စံ။ အလုံးစုံသော အမှုကိစ္စတို့ကို ရစေ။ (ဥပေါသထာဂရဏတော) ပုဗ္ဗေ ကိစ္စန္တိ ပဋ္ဌကိစ္စံ။ ဥပုသ်ပြုသည်မှ ရှေးအဘို့၌ ပြုအပ်သော ဆန္ဒဆောင်ခြင်းစသော ငါးပါးသော ဝိနည်းကံကို ရစေ။

ကိစ္စနှင့် ကရဏီယ အထူး။ ။"ကိစ္စ ကရဏီယာနီတိ ဇေဋ္ဌ အဝဿံ ကတ္တိကပုဏ္ဏမာနီ ကိစ္စာနိ၊ ဣတရာနိ ကရဏီယာနိ" ဟူသော **အဂ်ံဋ္ဌကထာ** ကိုထောက်၍ "မချုတ်ကေန် ပြုရမည့် ကိစ္စမျိုးကို ကိစ္စ, မပြုလိုက နေနိုင်သော အမှုမျိုးကို ကရဏီယ ခေါ်သည်ဟု အထူးသိ။ ဤကျမ်းလာ ကရဏကို ကရဏီယနှင့် အတူထား၍ အဓိပ္ပါယ်မယူသင့်"ကိုသံဃသ ပုဗ္ဗကိစ္စံ၌ ပုဗ္ဗကိစ္စအရ ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စငါးပါးပေါင်း ကိုးပါးစလုံးကို ယူရမည်ဟု ဖွင့်ပြသော "ဧဝံ ဒ္ဝိဟ နာမေဟိ နဝဝိဓံ ပုဗ္ဗကိစ္စံ ဒဿိတံ" ဟူသော ကခ်ီစကားဖြင့် မယူသင့်ကြောင်း သိနိုင်၏။

ဆောင်— ၁။ ကေန်မုခ္ဂ၊ ပြုသုပ်ရ၊ ကိစ္စဟူ၍ဆို။
၂။ မပြုလိုက၊ နေလို့ ရ၊ ကရဏီယဆို။

ပိဏ္ဍတ္ထ— ၁။ ဆန္ဒကို ကြားခြင်း။
၂။ ပါရိသုဒ္ဓိကို ကြားခြင်း။
၃။ ဥတုကို ကြားခြင်း။
၄။ **ရဟာန်း**တို့ကို ရေတွက်၍ ကြားခြင်း။
၅။ သြဝါဒကို ကြားခြင်း။

(၈) ပတ္တကလ္လ

ဥပေါသထောဓ၊ ဥပုသ်နေ့သည်လည်း။ ဟောတိ၊ ဖြစ်၏။ ယာဝတိကာ၊ အကြင်မျှလောက် (အယုတ်ဆုံးလေးပါး) ရှိကုန်သော။ ဘိက္ခူ၊ (ပကတတ်) ရဟန်းတို့သည်။ ဧက သီမာယံ၊ တခုသောသိမ်၌။ ဟတ္ထပါသံ၊ (တတောင့်-ထ္ဓာ) ဟတ္ထပါသ်ကို။ ဝါ၊ လက်၏ အနီး အရပ်ကို။ အဝိဇဟိတ္ဝာ၊ မစွန့်မူ၍။ ဋ္ဌိတာ၊ တည်ကုန်၏။ တာဝတိကာ၊ ထိုမျှလောက် (အယုတ်ဆုံးလေးပါး) ရှိကုန်သော (ပကတတ်) ရဟန်းတို့သည်။ [ဤ ၅-ပုဒ်ထည့်]။ ကမ္မပ္ပတ္တာဓ၊ (သုတ္တုဒ္ဒေသ-သံဃဉပုသ်) ကံအားလျော်ပတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဘာဂါပတ္တိယောဓ၊ (ဝတ္ထု) သဘာဂ အာပတ်တို့သည်လည်း။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ ဝဇ္ဇနီယာ၊ (၂-တောင့်ထ္ဓာ ဟတ္ထပါသ်မှ အပပြု၍) ကြဉ်အပ်ကုန်သော။ ပုဂ္ဂလာဓ၊ (နှစ်ကျိပ်တယောက်သော) ပုဂ္ဂိုလ်တို့သည်လည်း။ တသ္မိံ၊ ထို သိမ်အပြင်၌။ န ဟောန္တိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့ဖြင့်။ သင်္ဃီတံ၊ ရေတွက်အပ်သော ဥပုသ်ကံကို။ [ဤ ၄-ပုဒ်ထည့်]။ ပတ္တကလ္လန္တိ၊ (လျော်ပတ်သောအခါ ရှိသောကြောင့်) ပတ္တကလ္လဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤငါးပါးသော ဝိနည်းကံတို့ကို ပုဗ္ဗကရဏ ပြုပြီးနောက် ဥပုသ်မပြုမီ ရှေးအဘို့ကာလ၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စခေါ်သည်။

ဤ၌ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စ အထူး။ ။သံဃာမစည်းဝေးခင် ကြိုတင်၍ ပြုအပ်သော အလုပ်မျိုးသည် ပုဗ္ဗကရဏ, သံဃာစည်းဝေးပြီးသည့်နောက် ပါတိမောက်မပြမီ ပြုအပ်သော အလုပ်မျိုးသည် ပုဗ္ဗကိစ္စ·ဤသို့ ထူး၏။

---

(၈)ပတ္တကလ္ဟ

အနုသန္ဓိ—ဤသို့ ဥပုသ် မပြုမီ ရှေးအဘို့ ကာလ၌ ပြုအပ်သော ပုဗ္ဗကိစ္စ ငါးပါးကို ပြပြီး၍ ယခုအခါ ပတ္တကလ္လ အင်္ဂါလေးပါးကို ပြခြင်း အကျိုးငှါ ဥပေါသထော စသော စကားရပ်ကို မိန့်တော်မူအပ်သတည်း။

ဥပေါသထောဓ။ ။သီလေန ဥပေတာ ဟုတ္ဝာ ဝသန္တိ တ္ထာတိ ဥပေါသထော။ သီလနှင့် ပြည့်စုံကုန်သော သူတို့၏ နေရာ, ဆယ့်ငါးရက် စသောနေ့ကို ရစေ။ ။ထို့ကြောင့် "ဥပုသ်နေ့သည်လည်း" ဟု

အနက်ပေးလိုက်သည်။ "ဥပေါသထောတိ ဥပေါသထဒိဝသော" ဟူသော ကခ်ီ စကားကို ထောက်။ ။တသ္မိ ဟိ သတိ စသော ကခ်ီစကားကို ထောက်၍ ဟောတိ ကြိယာထည့်စပ်လိုက်သည်။

ယာဝတိကာ စ ဘိက္ခူ။။ ။ဝတိ ဝေသ္မာ အတ္ထိတိ ဝတိကာ။ အပိုင်းအခြား ရှိသော ရဟန်းသံဃာကို ရစေ။ ။ယာဒိသာ ဝတိကာ ယာဝတိကာ။ အကြင်မျှလောက် အပိုင်းအခြားရှိသော ရဟန်းတို့ကို ရစေ။ ။စသဒ္ဒါ အဝုတ္တာသမုစ္စည်း။ ဟတ္ထပါသ်ကို မစ္ဆန့်ခြင်းနှင့် တသိမ် ထည်းဌ် တည်ခြင်းကို ဆည်းသည်။ ။ဘိက္ခူ။အရ ပကတတ်ရဟန်းတို့ကို ယူ။ ဥက္ခိတ္တကရဟန်း ပါရာဇိက ကျသော ရဟန်းမှ တပါးသော ပကတိ သီလ မပျက်သော ရဟန်းကောင်းတို့ကို ပကတတ်ရဟန်းဟု ခေါ်သည်။ အလဇ္ဇီကို နှိပ်ခြင်းအကျိုးငှါ သိက္ခာပုဒ်တို့ကို ပညတ်ခြင်းကြောင့် အလဇ္ဇီနှင့်တကွ ဥပုသ် ပြုခြင်းကို ပယ်သည်ဟု ဝိမတိ စသော ဋီကာကြီးတို့၌ ဆို၏။ ထို့ကြောင့် အလဇ္ဇီကို ပကတတ် ရဟန်း၌ မသွင်းရဟု သိသင့်၏။

ကေသိမာယံ စသော ငါးပုဒ်ထည့်ခြင်း။ ။ရဟန်းလေးပါး တို့သည် တသိမ် ထည်း၌ ဟတ္ထပါသ်ကို မစ္ဆန့်မူ၍ တည်ကုန်သော်သာလျှင် ထိုသုတ္တုဒ္ဒေသ သံဃဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်နိုင်၏၊ မတည်သော် မဖြစ်နိုင်၊ ထို့ကြောင့် ကေသိမာယံ စသော လေး ပုဒ်ကို ဆည့်လိုက်သည်။ တနည်း၊ သီမာယံဟူသော အာဓာရ ထည့်ခြင်းကား ဋီကာကြိယာသည် အာဓာရနှင့် ကင်းကောင်းသောကြောင့် ထိုဋီကာကြိယာ၏ အာဓာရအကျိုးငှါ ထည့်သည်၊ အသီးအသီးသော သိမ်၌ တည်ခြင်းကို မလို၊ တသိမ်ထည်း၌ ဟတ်ခြင်းကိုသာ လိုသောကြောင့် ကေသဒ္ဒါ ထည့်သည်၊ တသိမ် ထည်း၌ တည်၏ဟု ဆိုသော်လည်း ဟတ္ထပါသ်ကို မစ္ဆန့်မူ၍ တည်ခြင်းကို လိုသောကြောင့် "ဟတ္ထပါသ် အဝိဇဟိတ္ဝာ"ကို ထည့်သည်။ [ဤ၌ ဟတ္ထပါသ် အာရ တဇောင့်တွာ ဟတ္ထပါသ်ကိုယူ။ ကခ်ီဋီကာသစ် အဆို။ ဋီကာကြီးသုံးကျမ်း၌ ကဇောင့်တွာ ဟတ္ထပါသ်ကိုယူဝုန် အာဆို မရှိ။ ထိုသို့ ဋီကာကြီးတို့ အဆိုမရှိသောကြောင့် အာချို အာစာကော်ကြီးဖျား မဒ္ဒဇ်သက်ဟန် ဆိုကြ၏။။] ဘိက္ခူ။ ဟူသော ကတ္တာဝင်္ပြိယ မပဓိတ်စခြင်းအကျိုးငှါ ဋီကာဟူသော ကြိယာကို ထည့်သည်။ "ကြိယာသုညံ ကာရကံ နာမ နတ္ထိ"ကို ထောက်။ တာဝတိကာကို "ယတ္တကဒ္ဓါနံ နိစ္စသမ္ဗန္ဓော ဟောတိ"နှင့်အညီ ထည့်သည်၊ ယ-ရှိက တ-ရှိရမည်၊ တ-ရှိက ယ-ရှိရမည်၊ ယ-က သဒ္ဒါတို့သည် အမြဲစပ်လျက် နေသည် ဟူ၏။ ယ-ကား ပဖုတ်ကာ၊ အပ်ကားသော အနက်ရှိသော အနိယမတည်း။ တ-ကား မှတ်သားအပ်သော အနက်ရှိသော နိယမသဒ္ဒါဟုသိ။

ဆောင်——ရှေးအနီယ၊ ရှိတုံက၊ နိယ နောက်နေစေ။
အကယ်တိတိ၊ မရှိဘိ၊ ထည့်ရမည်မှတ်လေ။

ကမ္မပ္ပတ္တာ။ ။ကရိယတေတိ ကမ္မံ။ ပြုအပ်သော သုတ္တန္တဒွေသ သံဃ ဥပုသ်
ကံကို ရစေ။ ။ပဒန္တိ ဂစ္ဆန္တိ ပါပုဏန္တိတိ ပတ္တာ။ ရောက်
သော ရဟန်းတို့ကို ရစေ။ ။ဤ၌ ရောက်၏ဟူသည် သင့်တင့်လျောက်ပတ်
သည်ကို ဆို၏။ "ပတ္တာ ယုတ္တာ အနုရူပါ" ဟူသော **ကခ်ါ**ကို ထောက်။
ဟတ္ထပါသ်သို့ ရောက်သည်ကို လျောက်ပတ်သည်ဟု ဆိုသည်။ ကမ္မဿ ပတ္တာ
ကမ္မပ္ပတ္တာ။ သုတ္တန္တဒွေသ သံဃဥပုသ်ကံအား (ဟတ္ထပါသ် ရောက်သဖြင့်)
လျောက်ပတ်သော ရဟန်းတို့ကို ရစေ။ ။ထို့ကြောင့်–

"သုတ္တန္တဒွေသသံဃဥပုသ်ကံအား လျောက်ပတ်ကုန်သည်"ဟု အနက်ပေး
လိုက်သည်။

သိမ်။ ။သိမ်သည် ဗဒ္ဓသိမ်, အဗဒ္ဓသိမ်ဟု နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတို့တွင်
တဆယ့်တပါးသော သိမ်ပျက် ဝိပတ္တိသိမ်တို့ကို လွှန်၍ သုံးပါး
အပြားရှိသော ပြည့်စုံခြင်း သမ္ပတ္တိနှင့် ယှဉ်သော နိမိတ်တခုနှင့် နိမိတ်တခု
စပ်၍ သမုတ်အပ်သော သိမ်သည် ဗဒ္ဓသိမ်မည်၏။ ယင်း အင်္ဂါသုံးပါးဖြင့်
မသမုတ်အပ်သော သိမ်သည် အဗဒ္ဓသိမ် မည်၏။

ဆောင်——ဗဒ္ဓ–အဗဒ္ဓ၊ သိမ်သိမ၊ နှစ်ဝ၊ ပြားသတည်း။
ဝိပတ်လွန်ချေ၊ သုံးထွေပြည့်စုံ၊ နိမိတ်တုံစပ်၊ သမုတ်အပ်၊ သိမ်
မြတ် ဗဒ္ဓတည်း။
မသမုတ်အပ်၊ ယင်းသိမ်မြတ်၊ အဗဒ် ခေါ်သတည်း။

ဝိပတ္တိသိမ် ၁၁–လုံး——၁။ နှစ်ကျိပ်တယောက် မနေလောက်သော အလွန်
ငယ်သော "အတိခုဒ္ဒက"သိမ်။

၂။ သုံးယူဇနာဆက် ဆံချည်ဖျားမျှ လွှန်သော အလွန်ကြီးသော "အတိ-
မဟန္တ"သိမ်။

၃။ နိမိတ်ကျိုးပြတ် မစပ်သော "ခဏ္ဍနိမိတ္တ"သိမ်။
[နိမိတ်မလောက်သော သစ်ပင်ငုတ် စသော တခုခုကို အတွင်း၌
နိမိတ်ပြု၍ သမုတ်အပ်သော သိမ်ကိုလည်း ခဏ္ဍနိမိတ္တသိမ် ဟူ၍ပင်
ခေါ်သည်။]

၄။ တောင်ရိပ် စသော အရိပ်ကို နိမိတ်ပြု၍ သမုတ်အပ်သော "ဆာယာ-
နိမိတ္တ"သိမ်။

[illegible]

၅။ အချင်းခပ်သိမ်း နိမိတ် မကြားမူ၍ သမုတ်အပ်သော "အနိမိတ္တ"သိမ်။
၆။ နိမိတ်ကြား၍ နိမိတ်တို့၏ အပြင်ပ၌ တည်၍ သမုတ်အပ်သော "ဗဟိ-သီမေ ဌိတသမ္မတ"သိမ်။
၇။ မြစ်၌ သမုတ်အပ်သော "နဒိယာ သမ္မတ"သိမ်။
၈။ ပင်လယ်သမုဒ္ဒရာ၌ သမုတ်အပ်သော "သမုဒ္ဒေသမ္မတ"သိမ်။
၉။ ထုံးအိုင်၌ သမုတ်အပ်သော "ဇာတဿရေသမ္မတ"သိမ်။

[ဤမြစ် စသည် သုံးမျိုးကား သိမ်သမုတ်သော်လည်း ဗဒ္ဓသိမ် မဖြစ်ကောင်းသောကြောင့် သိမ်ပျက် ခေါ်သည်။ သီးခြား နဒီသိမ် စသည်သာ ဖြစ်၏။]

၁၀။ မိမိ၏ ဗဒ္ဓသိမ်နှင့် သူတပါးတို့၏ ဗဒ္ဓသိမ်ကို စပ်၍ သမုတ်အပ်သော "သီမာယ သိမံ သမ္ဘိန္ဒန္တော်န သမ္မတ"သိမ်။

၁၁။ မိမိ၏ ဗဒ္ဓသိမ်ဖြင့် သူတပါးတို့၏ ဗဒ္ဓသိမ်ကို အလုံးစုံဖြစ်စေ, တစိတ် ဖြစ်စေ လွှမ်းမိုး၍ သမုတ်အပ်သော "သီမာယ သိမံ အဇ္ဈောတ္ထရန္တော်န သမ္မတ"သိမ်။

ဤကား သိမ်ပျက် ၁၁-လုံးတည်း။

အထူး။ ။သိမ်ချင်းထပ်ရာ၌ ကံ မပြုလောက်ရုံမျှ ထပ်မူ သမ္ဘိန္ဒန္တစပ်သည် မည်၏။ ကံပြုလောက်အောင် ထပ်မူ အဇ္ဈောတ္ထရန္တ–လွှမ်းမိုးသည် မည်၏။ ဤကား စပ်ခြင်းနှင့် လွှမ်းမိုးခြင်း နှစ်ပါး အထူးတည်း။

ဆောင်— လွန်ငယ်,ကြီး ကျိုး၊ ရိပ်မျိုး,မ–ပြင်၊ ပင်လယ်,အိုင်,မြစ်၊ လွှမ်း, စပ်လစ်၊ ဆယ့်တစ် သိမ်ပျက်တည်း။

ကံ မပြုလောက်ရုံ၊ စပ်ပေတုံ၊ မှတ်ကုန် စပ်ဟု သိ။
ကံ ပြုလောက်ဟူ၊ ထပ်ကုန်မူ၊ မှတ်ယူ လွှမ်းဟု သိ။

ပြည့်စုံခြင်း သမ္မတ္တိ သုံးမျိုး။ ။ပြည့်စုံခြင်း သမ္မတ္တိသည် နိမိတ်၏ ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်း, ကမ္မဝါစာ၏ ပြည့်စုံခြင်းဟု သုံးမျိုးပြား၏။

ဆောင်— နိ–ပရိ–ကမ်၊ ဤသုံးတန်၊ မှတ်ရန် သမ္မတ္တိ။

နိမိတ်။ ။နိမိတ်သည် တောင်, ကျောက်, တော, သစ်ပင်, ခရီးလမ်း, တောင်ပို့, မြစ်, ရေနိမိတ်ဟု ရှစ်မျိုးပြား၏။

[အကျယ် အဋ္ဌကထာကြီးမှာ လာပြီ။]

ဆောင်—တောင်-ကျောက်-တော-သစ်၊ခ-ပို့-မြစ်-ရေ၊ကျွဲရွှစ်ထွေ မှတ်လေသိမ်နိမိတ်။

ပရိသဿမွတ္တိ။ ။ပရိသဿမွတ္တိဟူသည် တခုသော ဂါမခေတ်၌ ဗဒ္ဓသိမ်သို့ဌင်း, မြစ် သမုဒ္ဒရာ ထုံးအိုင်သို့ဌင်း, မသက်ဝင်သေးသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ထောက်အောင်ပြု၍ သို့မဟုတ် ဆန္ဒကိုဆောင်၍ သိမ်သမုတ်ထား၌ စည်းဝေးသော ရဟန်းပရိသတ်ကို ဆိုသည်။

ကမ္မဝါစာသမွတ္တိ။ ။ကမ္မဝါစာသမွတ္တိဟူသည် "သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမ္မတာ" စသော ဥတ္တိဒုတိယကမ္မဝါစာကို ဆိုသည်။

ဗဒ္ဓသိမ်အပြား ၃-ပါး။ ။ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်, သမာနသံဝါသကသိမ်, အဝိပ္ပဝါသသိမ်ဟု သုံးမျိုးပြား၏။ ငယ်သောသိမ်ကို ခဏ္ဍသိမ်ဟု ခေါ်သည်။ "ခဏ္ဍသီမာ နာမ ခုဒ္ဒကသီမာ" ဟူသော **ကခံဒိုကာသစ်** ကို ထောက်သည်။ သမာနသံဝါသက အကျိုးငှါ သမုတ်အပ်သော သိမ်ကို သမာနသံဝါသကသိမ် ခေါ်သည်။ တိစီဝရိက်နှင့် မကင်းခြင်း အဝိပ္ပဝါသ အကျိုးငှါ သမုတ်အပ်သော သိမ်ကို အဝိပ္ပဝါသသိမ် ခေါ်သည်။

ဆောင်—ခဏ္ဍ-သမာ၊ အဝိပ္ပါ၊ သုံးပြာ ဗဒ္ဓပြား။

အဗဒ္ဓသိမ်အပြား ၃-ပါး။ ။အဗဒ္ဓသိမ်သည် ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ် ဟု သုံးမျိုးပြား၏။ ထိုသုံးမျိုးတို့တွင် သူကြီးတပိုင်ဟုဆိုအပ်သော ဂါမခေတ်တခုကို ဂါမသိမ် ခေါ်သည်။ ရွာမရှိသောတော၌ ထက်ဝန်းကျင် ခုနစ်အဗ္ဘန္တရကို သတ္တဗ္ဘန္တရသိမ် ခေါ်သည်။ [အဗ္ဘန္တရတခုသည် နှစ်ဆယ့်ရှစ်တောင်ရှိ၏။] အား အလတ်ရှိသော ယောကျွဲသည် ရေကိုယူ၍ အားကုန်ပစ်သည်ရှိသော် ၎င်းရေကျရာအရပ်ဖြင့် ပိုင်းခြားအပ်သော မြစ်,သမုဒ္ဒရာ,ထုံးအိုင်တို့၏ အတွင်းကို ဥဒကုက္ခေပသိမ် ခေါ်သည်။

[အဋ္ဌကထာတို့မှာ အကျယ်လာပြီ။]

ဆောင်—ဂါ-သတ်-ဥဒ၊ အဗဒ္ဓ၊ သုံးဝ သိမ်အပြား။

သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ။ ။သမာနော ဘာဂေါ ဧတေသန္တိ သဘာဂါ။ တူသောအဘို့ရှိသောအာပတ်တို့ကို ရဓေ။ ။ သီလ အာစာရ ဝိပတ္တိယော အာပဇ္ဇန္တိ တိ အာပတ္တိယော။ သီလဝိပတ္တိ, အာစာရဝိပတ္တိသို့ ရောက်တတ်ကုန်သော ပညတ္တိဝိတိက္ကမစေတနာစသော တရားတို့ကို ရဓေ။ ။သဘာဂါ ဧဝ အာပတ္တိယော သဘာဂါပတ္တိယော။ တူသော အဘို့

ရှိသော အာပတ်တို့ကို ရစေ။ ။ကြွင်၌ သဘာဂဟု သာမညဆိုသော်လည်း ဝတ္ထုသဘာဂ, အာပတ္တိသဘာဂ နှစ်မျိုးတို့တွင် ဝတ္ထုသဲ့သဘာဂကို ယူရမည်။ ထို့ကြောင့် "ဝတ္ထုသဘာဂ အာပတ်တို့သည်လည်း" ဟု အနက်ပေးလိုက်သည်။ အဓိပ္ပါယ်–သံဃာအားလုံး နေလွဲညဉ့်စာ စားခြင်းကြောင့် ဝိကာလဘောဇန ပါစိတ်ဟူသော လဟုကအာပတ်သင့်ကြ၏။ ထိုအာပတ်မျိုးကို ညဉ့်စာ စားမှု ဝတ္ထုချင်းဘူသောကြောင့် ဝတ္ထုသဘာဂအာပတ်ခေါ်သည်။ [ကြွင်၌ လဟုကဟု ဆိုခြင်းကား–ဥပလက္ခဏနည်း ဂရုကအာပတ်ကိုလည်း ယူ။] ရဟန်းတပါးကား ဝိကာလ ဘောဇန ပါစိတ်သင့်၏။ တပါးကား အနတိရိတ္တ ဘောဇန ပါစိတ်သင့်၏။ ထိုပါစိတ်တို့ကား ဝတ္ထုမတူ, ပါစိတ်ဟု ဆိုအပ်သော အာပတ်မျှသာတူသောကြောင့် အာပတ္တိသဘာဂအာပတ် ခေါ်သည်။ ဤသဘာဂါပတ္တိယော ပုဒ်ဖြင့် ဝိသဘာဂအာပတ်ကို စင်စေသည်။ထို့ကြောင့် ဝိသဘာဂအာပတ်ရှိလတ်သော် ပတ္တကလ္လဖြစ်နိုင်သည်။ သဘာဂအာပတ်ရှိသော်သာ ပတ္တကလ္လ မဖြစ်ဟု သိ။ ဝတ္ထုသဘာဂအာပတ်ရှိသော ရဟန်းအချင်းချင်း ဒေသနာမကြားကောင်း၊ ကြားမိက ကြားခြင်းကြောင့် ဒုက္ကဋ်၊ ဒေသနာခံသော ရဟန်းလည်း ခံခြင်းကြောင့် ဒုက္ကဋ်၊ ထိုဒုက္ကဋ် နှစ်ခုကား နာနာဝတ္ထုက ဖြစ်သည်။

အဓိပ္ပါယ်။ ။ဝတ္ထုသဘာဂအာပတ်ရှိသော ထေရ်ကြီး ထေရ်ငယ်နှစ်ပါးတို့တွင် ထေရ်ငယ်က "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိ-ကရောမိ" စသည်ဖြင့် ဒေသနာကြား၏။ ထိုသို့ ကြားလတ်သော် ဝတ္ထုသဘာဂ အာပတ်စင်ကြယ်၏။ ကြားခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သင့်၏။ ထေရ်ကြီး ကလည်း ဒေသနာခံခြင်းကြောင့် ဒုက္ကဋ်သင့်၏။ ထေရ်ငယ်က ဒေသနာကြားပြီး သော် ထေရ်ကြီးက ဝတ္ထုသဘာဂ အာပတ်နှင့် ဒေသနာခံခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်ကို "အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော" စသည် ဖြင့် ဒေသနာကြား၏။ ထေရ်ကြီး၌ အာပတ် အားလုံး စင်ကြယ်သည်၊ နောက်ထပ် ကြားရန် မလို။ ထေရ်ငယ်ကား ဒေသနာကြားခြင်းကြောင့် သင့်သော ဒုက္ကဋ်တခု ကျန်၏။ ၎င်းဒုက္ကဋ်ကို စင်ကြယ်စေခြင်း အကျိုးငှါ နောက်ထပ် တဖန် ဒေသနာကြားရပြန်၏။ ဝတ္ထုသဘာဂအာပတ် မဟုတ်ဘဲ ဝိသဘာဂအာပတ်မျိုးရှိ၍ ဒေသနာကြားက နောက်ထပ် တဖန် ကြားရန်မလို ဟု သိ။

ဆောင်—ဝတ်-အာ နှစ်ဝ၊ သဘာဂ၊ ဣဓ ဝတ်ကိုယူ။

ဝဇ္ဇနီယာ စ နဟောန္တိ။ ။(ဟတ္ထပါသတော) ဝဇ္ဇိတဗ္ဗာတိ ဝဇ္ဇနီယာ။ ဟတ္ထပါသ်မှ အပပြုရ၍ ကြဉ်အပ်ကုန်သော ပုဂ္ဂိုလ်တို့ကို ရစေ။ ။ဤ ဝဇ္ဇနီယာကို အနက်ပေးရာ၌ ကြဉ်ခြင်း ကြိယာသည် အပါဒါန်ကို

ငဲ့သောကြောင့် ဟတ္ထပါဿမှဟူသော အပါဒါန်ကို ထည့်လိုက်သည်။ ။ကာယံ ပူရေတီတိ ပု။ ကိုယ်ကို ပြည့်စေတတ်သော အာဟာရကို ရစေ။ ။ပုံ ဂလတီ အဒတီတိ ပုဂ္ဂလော။ အာဟာရကို စားတတ်သော ပုဂ္ဂိုလ်ကို ရစေ။ ။"ပုဂ္ဂလော စ ပုဂ္ဂလော စ ပုဂ္ဂလာ"ဟု ကေသိသ်ပြု။ ပုဂ္ဂလာအရ နှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို ယူရမည်။

[ထို့ကြောင့် နှစ်ကျိပ်တယောက်သော ဟူသော ဝိသေသနထည့်၍ အနက်ပေးလိုက်သည်။]

စင္ဒနီယပုဂ္ဂိုလ် ၂၁-ယောက်။ ။၁-လူ၊ ၂-ဘိက္ခုနီမ၊ ၃-သိက္ခမာန်၊ ၄-သာမဏေယောကျား၊ ၅-သာမဏေ မိန်းမ၊ ၆-သိက္ခာခြပြီးသော ရဟန်း၊ ၇-ပါရာဇိကကျသော အန္တိမရဟန်း၊ ၈-အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားအပ်သော ရဟန်း၊ ၉-အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားအပ်သော ရဟန်း၊ ၁၀-မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားအပ်သော ရဟန်း၊ ၁၁-ပဏ္ဍုက်၊ ၁၂-ဥိုး၍ ပေါင်းဖော်ခြင်းရှိသော ထေယျသံဝါသက၊ ၁၃-တိတ္ထိယပက္ကန္တက ရဟန်း၊ ၁၄-တိရစ္ဆာန်၊ ၁၅-အမိသတ်သောသူ၊ ၁၆-အဖသတ်သောသူ၊ ၁၇-ရဟန္တာသတ်သောသူ၊ ၁၈-ဘိက္ခုနီမကို ဖျက်ဆီးသော ဘိက္ခုနီဒူသက၊ ၁၉-သံဃာအသင်းခွဲသော ရဟန်း၊ ၂၀-ဘုရားကို သွေးစိမ်းတည်အောင် လုပ်သောသူ၊ ၂၁-ဥဘတောဗျည်း။ ဤနှစ်ကျိပ်တယောက်ကို ဟတ္ထပါဿမှ ဒေပြု၍ ကြဉ်အပ်သောကြောင့် ဝင္ဒနီယပုဂ္ဂိုလ်ခေါ်သည်။

မှတ်ချက်။ ။တိတ္ထိတို့ကို လူ၌ သွင်းယူ။ နှင်ထုတ်အပ်သော ဥက္ခိတ္တက ရဟန်း ဟူသည် ဥတ္တိစတုတ္ထကံဖြင့် နှင်ထုတ်ထားသည်ကို ဆိုသည်။ ၎င်း ဥက္ခိတ္တကရဟန်းရှိလျက် ဥပုသ် ပြုအံ့၊ သံဃာသည် ပါစိတ်။ ကြွင်း ၁၈-ယောက်တို့၌ ဒုက္ကဋ်။ ပဏ္ဍုက်အရ နပုံပဏ္ဍုက်ကို မုချ၊ ကြွင်းလေးမျိုးကို သဒိသူပစာအားဖြင့် ယူ။ ထေယျသံဝါသကအရ ထေနကသုံးမျိုးကို ယူ။ ၎င်း ထေနကသုံးမျိုးကို ပထမပါရာဇိက၌ အကျယ်ဆိုအံ့၊ တိရစ္ဆာန်အရ သိကြားမင်းကို အစပြု၍ လူယောင် ဖန်ဆင်းနိုင်သော နဂါးလုလင်စသော အမနုဿဇာတ်ကို ယူ၊ ကျဲ နွား စသည်ကို မယူရဟု သိ။ ဥဘတောဗျည်းဟူသည် မိန်းမယောကျား နှစ်ပါးဖြစ်ထိုက်သော ကံကြောင့် ဖြစ်သော နိမိတ်နှစ်ခုရှိသောသူကို ဆိုသည်။

ဆောင်—လူ-နီ-သိက္ခ၊ သာ နှစ်ဝ၊ သိက္ခ အာနိသံ။
မစ္ဆန်-မကု၊ ပြစ်မှု၊ သုံးခု ဥက္ခိတ္တာ။
ပဏ်-ထေ-ပက်-စ္ဆာန်၊ ပဥ္စာနန်၊ ဒုသံ-ဥဒေါပါ။
ဝဇ္ဇနီယ၊ ဂေါဝိသ၊ ထုတ်ပြ ပါဠိမှာ။
ဟတ္ထပါသ်မှ၊ ပ-ပြုရ၊ ခေါ်ကြ ဝဇ္ဇနာ။
ဥက္ခိတ်သုံးရပ်၊ ပါစိတ်မှတ်၊ ကြွင်းလတ် ဒုက္ကဋ်ဟာ။

နှ ဟောနိုကား—သတ္တဝါဟောဖြစ်၍ နှ ဝိဇ္ဇတိ အနက်ဖြစ်သင့်သောကြောင့် မရှိကုန်ဟု အနက်ပေးလိုက်သည်။

ဣတိ စတူဟိ အင်္ဂေဟိ သင်္ဃိတံ ထည့်ခြင်း။ ။ဤ ဣတိ စသော လေးပုဒ်ကို ထည့်၍ အနက်ပေးပါမှ **အတ္ထ**ယုတ္တိ ရှိနိုင်ရကား အတ္ထယုတ္တိ ရှိစေခြင်းငှါ ထည့်လိုက်သည်။

ပတ္ထကလ္လနိ ဝုစ္စတိ။ ။ကလိယန်္တိ ဂဏိယန်္တိ အာယုပ္ပမာဏာဒယော ဇေတေနာတိ ကာလော။ အသက် ပမာဏတို့ကို ရေတွက်ခြောင်းဖြစ်သော ကာလကို ဆိုစေ။

တနည်း။ ။ကရောတိ ဇတ္ထာတိ ကာလော။ နေ့ည၌တို့၏ အပိုင်းအခြားကို ပြုရာ ကာလကို ရစေ။ ဤ၌ ကာရ-ဟု ဆိုအပ်လျက် ရ-ကို လ-ပြု၍ ကာလဟု ရုပ်ပြီးသည်။ ။ပတ္တော ကာလော ဤမဿာတိ ပတ္တကာလံ၊ ပတ္တကာလမေဝ ပတ္တကလ္လံ။ လျော်ကပ်သော ကာလ ရှိသော ဥပုသ်ကို **ရစေ။** ပတ္တကာလဟု ဆိုအပ်လျက် သကတ် အနက်၌ ဏျပစ္စည်း သက်၍ ပတ္တကလ္လဟု ရုပ်ပြီးသည်။

ပိဏ္ဍတ္ထ—ဥပုသ်နေ့ဖြစ်ခြင်း။
ရဟန်းလေးပါးထက် အလွန်ရှိခြင်း။
ဝတ္ထုသဘာဝ အာပတ်မရှိခြင်း။
ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်တို့ကို ဟတ္ထပါသ်မှ **အ**ပပြုသောအားဖြင့် မရှိစေခြင်း။
ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥပုသ်ကံကို ပတ္တကလ္လ ခေါ်သည်။

ဤ အင်္ဂါလေးပါး တခုခု ချတ်ယွင်းမှု ဥပုသ်ကံ အထမမြောက်ဟု သိ။

(ဃ) ပဋိညာဉ်

ပုဗ္ဗကရဏာ ပုဗ္ဗကိစ္စာနိ၊ (လေးပါးသော) ပုဗ္ဗကရဏာ (ငါးပါးသော) ပုဗ္ဗကိစ္စတို့ကို။ သမာပေတ္ဝာ၊ ကောင်းစွာပြီးဆုံးစေပြီး၍။ ဒေသိတာပတ္တိကာဃ၊ ဒေသနာကြားအပ်ပြီးသော အာပတ်ရှိသော။ သမဂ္ဂဿ၊ အညီအညွတ်ဖြစ်သော။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်း၏။ အနုမတိယာ၊ အလိုအား လျောက်ပတ်သဖြင့်။ ပါတိမောက္ခံ၊ (အာဏာ) ပါတိမောက်ကို။ ဥဒ္ဒိသိတုံ၊ သရုပ်အားဖြင့် ရွတ်ဆိုခြင်းငှါ။ အာရာဓနံ၊ အားထုတ်ခြင်းကို။ ကရောမ၊ ပြုကုန်အံ့။

(ဃ) ပဋိညာဉ်

အနုသန္ဓိ—ဤသို့ ပတ္တကလ္လ အင်္ဂါလေးပါးကို ပြပြီး၍ ယခုအခါ ဝန်ခံခြင်း ပဋိညာဉ်ကို ပြခြင်းအကျိုးငှါ ပုဗ္ဗကရဏာ စသော စကားရပ်ကို မိန့်တော်မူအပ်သတည်း။

ပုဗ္ဗ— သမာပေတ္ဝာ။ ။ဤသမာပေတ္ဝာကား နိပါတ်ပုဒ်ဖြစ်၍ ဝိဂြိုဟ်မပြု၊ သံရှေးရှိသော အပ ဓာတ် ဏော-ပစ္စည်း တ္ဝာ-ပစ္စည်းဖြင့် ပြီးသော ပုဒ်ဘည်း။ သုဋ္ဌု နိဋ္ဌပေတ္ဝာဟု ဖွင့်ရကား "ကောင်းစွာ ပြီးဆုံးစေပြီး၍"ဟု အနက်ပေးလိုက်သည်။ သမာဒါပေတ္ဝာ ဟူ၍ငင်း, ဒါ-ဌ် အာ-ကို အ-ရသာ ပြု၍ သမာဒပေတ္ဝာ ဟူ၍ငင်း အချို့ပါဠိရှိ၏။ ကောင်းစွာ ပြီးဆုံးစေပြီး၍ဟု အနက်ပေးကြ၏။ သံ-အာ-ရှေးရှိသော ဒါ-ဓာတ် ဏာပေ-ပစ္စည်း, တ္ဝာ-ပစ္စည်းဖြစ်၍ ထိုအနက် စဉ်းစားသင့်၏။ ကောင်းစွာယူစေ၍, ဆောက်တည်စေ၍ ဟုသာ သင့်သည်။ ၎င်းကဲ့သို့ အနက်ပေးက ဤနေရာ၌ လိုအပ်သော အဓိပ္ပါယ်သို့ မရောက်ဖြစ်၍ သင့်အံ့မထင်။ ။ပုဗ္ဗကရဏာလေးပါးနှင့် ပုဗ္ဗကိစ္စ ငါးပါးတို့ကို ပြီးစေရမည် ဟူသည် မထေရ်ကြီးသည် ကိုယ်တိုင် ပြုရန် မလို။ လျောက်ပတ်သောရဟန်းငယ်ကို သိ၍ ခိုင်းရမည်။ "အနုဇာနာမိ ဘိက္ခဝေ ထေရေန ဘိက္ခုနာ နဝံ ဘိက္ခုံ အာဏာပေတုံ"ဟူသော ပါဠိတော်ကို ထောက်။

ဒေသိတာပတ္တိကာဃ။ ။ဝိနယ ကမ္မေန ဒေသေတဗ္ဗာတိ ဒေသိတာ။ ဒေသနာကြားအပ်ပြီးသော အာပတ်ကို ရစေ။ အာဝိကရဏာ ပြုအပ်သော သံဃာဒိသေသ် အာပတ်ကိုသည်း ယူသင့်၏။ ဒေသိတာ အာပတ္တိ အနေနာတိ ဒေသိတာပတ္တိကော။ အာဝိကရဏာ ပြုအပ် ကြားအပ်ပြီးသော

အာပတ်ရှိသော ရဟန်းကိုရစေ။ ထို့ကြောင့် "ဒေသနာ ကြားအပ်ပြီးသော"ဟု အနက်ပေးလိုက်သည်။

သမဂ္ဂဿ။ ။သမံ အဇတိ ဂစ္ဆတိ ပဝတ္တတီတိ သမဂ္ဂေါ။ ကိုယ်စိတ်တို့ဖြင့် အညီအညွတ် ဖြစ်တတ်သော ရဟန်းအပေါင်းကို ရစေ။ ။ ထို့ကြောင့် "**အညီအညွတ်ဖြစ်တတ်သော**"ဟု အနက်ပေးလိုက်သည်။ သံဃာ၏ ဟတ္ထပါသ်အတွင်း၌ တည်ရှိခြင်းကို ကိုယ်ဖြင့် အညီအညွတ်ဖြစ်သော ကာယသာမဂ္ဂီခေါ် သည်၊ ပြုအပ်သော ကံကို မတားမြစ်ဘဲ စိတ်ဖြင့် သဘောတူခြင်းကို စိတ္တသာမဂ္ဂီခေါ် သည်ဟု သိ။

ဘိက္ခုသံဃဿ။ ။သမဂ္ဂံ ကမ္မံ ဟနတိ သမူပဂစ္ဆတီတိ သံဃော။ ဥတ္တိကံ စသည်သို့ အညီအညွတ် ကပ်ရောက်တတ်သော ရဟန်းအပေါင်းကို ရစေ။ ။ဘိက္ခု စ သော သံဃော စာတိ ဘိက္ခုသံဃော။ ရဟန်းအပေါင်းကိုရစေ။ ။ဤ၌ ဘိက္ခုသဒ္ဒါဖြင့် ဘိက္ခုနီသံဃာကို နှစ်စေသည်။ သံဃောဖြင့် တပါး၊ နှစ်ပါး၊ သုံးပါးသော ရဟန်းတို့ကို နှစ်စေ၍ စတုဝဂ်စသော သံဃာကိုပြသည်။

[ဤဝိနည်းဒေသနာ၌ တပါးကို ပဂ္ဂလ၊ နှစ်ပါး သုံးပါးကို ဂဏ၊ လေးပါးမှစ၍ အများကို သံဃာဟု ဆိုသည်။]

အနုမတိယာ။ ။ဤ အနုမတိယာ၌ အနု-သဒ္ဒါ ဗာဟုဠ္လပအနက် ဟောသော ဥပသာရပုဒ်။ မနတိ ဂ္ဟစ္ဆတီတိ မတိ။ သံဃာ၏ သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်၌ရှိသော ဆန္ဒစေတသိက်ကို ရ၊စ။ ။မတိယာ အနုရူပံ အနုမတိ။ အလိုဆန္ဒအား လျောက်ပတ်ခြင်း အနက်ကိုဟောသော ဝိသေသန ကြိယာကိုရစေ။ ။တို့ကြောင့် "အလိုအား လျောက်ပတ်သဖြင့်" ဟု အနက်ပေးလိုက်သည်။ "အလိုအား လျောက်ပတ်စွာ" ဟူ၍လည်း ပေးနိုင်သည်။ အဓိပ္ပါယ် - သမဂ္ဂ သံဃာ၏အလိုအတိုင်း ပါတိမောက် ပြဆို ပါအံ့ဟု ဆိုလိုသည်။ ဤယခု ပါတိမောက် ပြဆိုခြင်းသည် သမဂ္ဂ သံဃာ၏ အလိုအတိုင်း ပြဆိုခြင်းဖြစ်သည် ဟူ၏။

ပါတိမောက္ခံ။ ။ပါတိမောက္ခပုဒ်၌ ပ-သဒ္ဒါ ပဏာရအနက်ကို, အတိသဒ္ဒါ အတိဆတ္တ, အတိဓ စသည်တို့၌ကဲ့သို့ လွန်သော အနက်ကို, မောက္ခ-သဒ္ဒါ မြတ်သော အနက်ကို ဟောသည်။ ။ပကာရေန အတိမောက္ခန္တိ ပါတိမောက္ခံ။ အပြားအားဖြင့် အလွန်မြတ်သော ပါတိမောက်နှစ်ပါးကို ရစေ။

တနည်း။ ။အာတိ-သဒ္ဒါ အာတိရေကအနက်ကို ဟောသော ဥပသာရပုဒ်, ပမောက္ခ-သဒ္ဒါ မြတ်သောအနက်ကို ဟောသော အနိပ္ပန္န ပါဋိပဒိကပုဒ်။ ထိုစကားမှန်၏။ သဒ္ဒါသည် နိပ္ပန္နပါဋိပဒိကသဒ္ဒါ, အနိပ္ပန္န ပါဋိပဒိကသဒ္ဒါဟု နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတို့တွင် သမာသ် တဒ္ဓိတ် ကိတ်တို့၏ အစုမ်းအားဖြင့်ပြီးသော သဒ္ဒါသည် နိပ္ပန္နပါဋိပဒိကသဒ္ဒါ, ထိုတို့၏ အစုမ်းဖြင့် မပြီးသောသဒ္ဒါသည် အနိပ္ပန္နပါဋိပဒိကသဒ္ဒါ မည်၏။ ဤဥဒ္ဒေ ပမောက္ခ-သဒ္ဒါကား သမာသ် တဒ္ဓိတ် ကိတ်တို့၏အစုမ်းဖြင့် မပြီးခြင်းကြောင့် အနိပ္ပန္နပါဋိပဒိကသဒ္ဒါဟု သိ။ အတိနှင့် ပမောက္ခတွဲစပ်မူ "အတိရေကဥ္စ တံ ပမောက္ခဥ္စာတိ အတိ-ပမောက္ခံ"ဟု ဝိသေသနောဘယပဒ ကမ္မဓာရယ သမာသ်တွဲ၊ ပဒဝိပလ္လာသပြု၍ ပါတိမောက္ခဟု ရုပ်ပြီးသည်။ အတိသဒ္ဒါအရ လွန်ကဲသော အတိရေကဘောဂုဏ်ကို မုချရ၏။ ပမောက္ခသဒ္ဒါအရ မြတ်သော သေဋ္ဌဘောဂုဏ်ကို မုချရ၏။ ထိုအတိရေကဘောဂုဏ်, သေဋ္ဌဘောဂုဏ်တို့၏ သီလ, ဂန္ထတို့နှင့် ဂုဏ်, ဂုဏော အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓ သကတ်ကို ဌာန၃၂ပစာအားဖြင့် ရ၏။ ပါတိမောက္ခ-ဟူသော သမာသ်ပုဒ်လုံး၏အရကား-ထိုမုချ ဌာန၃၂ပစာတို့ဖြင့် မှတ်အပ်သော ဝိရတိစေတနာ ပြဓာန်းသော စိတ္တုပ္ပါဒ်ကိုစွဲ၍ သီလပါတိမောက်ဟု သမုတ်အပ်သော ဓမ္မသမူဟပညတ် ဒြပ်ဝိသေသကို မုချ, သုဏာတု မေ စသော အလုံးစုံသော မဟာကြိယာ ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ္တဇအက္ခရာ အစဉ်ကိုစွဲ၍ ဂန္ထပါတိမောက်ဟု သမုတ်အပ်သော အက္ခရပုဗ္ဗန္တ ပညတ်ဒြပ်ဝိသေသကို ဖလူပစာအားဖြင့် ရ၏။ ထို့ကြောင့် ပါတိမောက္ခအရ သီလပါတိမောက်, ဂန္ထ-ပါတိမောက်နှစ်ပါးကိုယူ။ ထိုနှစ်ပါးတို့တွင် သီလပါတိမောက်သည် အဝိပ္ပဋိ-သာရစသောဂုဏ်ကို ဆောင်ခြင်းဖြင့် အလုံးစုံသောဂုဏ်တို့၏ မူလဘူတဖြစ်သော ကြောင့် မြတ်သည်။ ဂန္ထပါတိမောက်သည် မြတ်သောဂုဏ်နှင့်တကွ ဖြစ်ခြင်း ကြောင့် မြတ်သည်ဟု သိ။

တနည်း။ ။သီလံ ပါတိ ရက္ခတီတိ ပါတိ။ သီလကို စောင့်ရှောက်တတ်သော ပုဂ္ဂိုလ်ကို ရစေ။ ။ပါတိ မောက္ခေတိ မောစယတီတိ ပါတိ-မောက္ခံ။ ကိတန္တသမာသ်။ သီလ စောင့်ရှောက်သော ပုဂ္ဂိုလ်ကို (အပါယိက ဒုက္ခစသည်တို့မှ) လွတ်စေတတ်သော ဝိရတိစေတနာ စသော သီလပါတိမောက်ကို မုချအားဖြင့် ရစေ။ ဂန္ထသည် ထိုသီလပါတိမောက်ကို ထွန်းပြတတ်သော ကြောင့် ဂန္ထပါတိမောက်ကိုလည်း ဖလူပစာအားဖြင့် ရစေ။ ဤ၌ သီလပါတိ မောက်ဟူသည် အဓိသီလသိက္ခာပင်။ အရကား ဝိရတိစေတနာစသော တရား တို့တည်း။ဂန္ထပါတိမောက်ဟူသည် သုဏာတု မေ-စသော စိတ်ကြောင့်ဖြစ်သော အက္ခရာအစဉ်တည်း။ ထိုနှစ်ပါးတို့တွင် ဂန္ထပါတိမောက်သည်သာ ဥဒ္ဒိသန ကြိယာ၏ကံဖြစ်ကောင်းသောကြောင့် ပါတိမောက္ခံအရ ဂန္ထပါတိမောက်ကိုယူ။

ထိုဂန္ထပါတိမောက်သည် အာဏာပါတိမောက်, ဩဝါဒပါတိမောက်ဟု နှစ်မျိုးပြား၏။ ထိုတွင် ဤ၌ အာဏာပါတိမောက်ကို ယူ။ ထို့ကြောင့် "အာဏာပါတိမောက်ကို" ဟု အနက်ပေးလိုက်သည်။ ထိုအာဏာပါတိမောက်သည် ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်ဟု နှစ်မျိုးပြား၏။ ထိုတွင် ဘိက္ခုပါတိမောက်သည် နိဒါနုဒ္ဒေသ စသောအားဖြင့် ငါးပါးပြား၏ဟု သိ။

စဆောင်——သီလ-ဂန္ထ၊ နှစ်မျိုးမျှ၊ ပြားထ ပါတိမောက်။
အာဏာ-သြဝါ၊ ဂန္ထမှာ၊ ပြားပါ ပါတိမောက်။
ဂန္ထ-အာဏာ၊ ဤအရာ၊ ယူပါ ပါတိမောက်။

ဥဒ္ဒိသိတုံ။ ။ဤ ဥဒ္ဒိသိတုံကား နိပါဘ်ပုဒ်၊ ဥ-ရှေးရှိသော ဒိသိ-ဓာတ် ဖြစ်၍ သုဏာတု မေ စသော အာဏာပါတိမောက်ကို သရုပ်ထုတ်၍ နှုတ်မြွက်ရွတ်ဆိုခြင်း ကြိယာကို အရကောက်။ ထို့ကြောင့် "သရုပ်အားဖြင့် ရွတ်ဆိုခြင်းငှါ" ဟု အနက်ပေးလိုက်သည်။ ပါတိမောက်ပြဟူသော စကားသည်လည်း ပါတိမောက်ကို နှုတ်မြွက်ရွတ်ဆိုခြင်း ပေတည်းဟု သိ။

အာရာဓနံ ကရောမ။ ။အာရာဓိယဒတ အာရာဓနံ။ အာ-ရှေးရှိဒသာ ရာဓ-ဓာတ်။ နှစ်သက်ခြင်းကြိယာကို ရစေ။ သဒ္ဒနီတိ၌ "ရာဓသိဒ္ဓိယံ (ပြီးခြင်း)" ဟု ဆို၏။ "ရာဓော သ္ဒာနိပ္ဖါဒနေ ဒိ၊ သိဒ္ဓိယံ အာတ္တောသနေ (ရာဓဓာတ် သ္ဒာဒိဂုဏ်းဖြစ်မူ ပြီးစေခြင်း နိပ္ဖါဒနအနက်, ဒိဝါဒိဂုဏ်းဖြစ်မူ ပြီးခြင်းသိဒ္ဓိအနက်, အာရှေးရှိမူ နှစ်သက်ခြင်း တောသနအနက်)" ဟု ဓာတ္ဝတ္ထသင်္ဂြိဟ်၌ အဆိုရှိရကား– အာရှေးရှိသော ရာဓဓာတ် ဖြစ်ခြင်းကြောင့် "နှစ်သက်စေခြင်း" ဟု အနက်ပေးလိုက်သည်။ ။ကရောမ-ကား အာချာတ်ပုဒ်။ အဓိပ္ပါယ်- သိမ်တွင်းမှ သံဃာအားလုံးက ပါတိမောက်ရွတ်ဆိုခြင်းကို တောင့်တနေကြ၏။ ပါတိမောက်ရွတ်ဆိုခြင်းသည် သံဃာအားလုံး တောင့်တတိုင်း ရွတ်ဆိုခြင်းဖြစ်ရကား သံဃာကို နှစ်သက်စေရာရောက်၏။ ထို့ကြောင့် နှစ်သက်ခြင်းကို ပြုကုန်အံ့ ဟူ၏။

မှတ်ချက်။ ။သမ္မဇ္ဇနီစသော သုံးဂါထာကား အဋ္ဌကထာကြီးတို့၌ လာ၏။ နောက်ဝါကျ ပဋိညာဉ်စကားကား ပါဠိတော် အဋ္ဌကထာဋီကာကြီးတို့၌ မလာ။ မူလသိက္ခာ၌သာ လာသည်။ ထို့ကြောင့် ပဋိညာဉ် စကားသည် အတ္တနောမတိမျှသာ ဖြစ်၏။ ဤ ပဋိညာဉ်စကား၌ "ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ" ဟူ၍ဖြင့်, "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟူ၍ဖြင့် ပါဠိနှစ်ထွေ ရှိ၏။ ထိုတွင် "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ကို ဝိနယာလင်္ကာရ၌ ဆို

ခြင်းကြောင့်ဌင်း, သဒ္ဒယုတ္တိ-အတ္ထယုတ္တိ ရှိခြင်းကြောင့်ဌင်း, ပါတိမောက္ခံ ဥဒ္ဒိ-သိဿာမိဟု ရှိခြင်းသာ သင့်မြတ်၏ဟု ဒေသနာ ဆိုကြ၏။ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ ဟူသော စကားကို မူလသိက္ခာဒဋ္ဌ ဆိုခြင်းကြောင့်ဌင်း, များစွာသော ဆရာကြီးတို့ အပြစ် မဆိုခြင်းကြောင့်ဌင်း, ကံပျက်သော အင်္ဂါမဟုတ်ခြင်း ကြောင့်ဌင်း, ထိုစကားရပ်ကိုလည်း အသင့်ပင်ဟု ဆိုကြ၏။ အလိုရှိရာကို ယူနိုင်သည်။

နေတ္ထိနည်းအမြွက်။ ။"ပဋ္ဌကရဏာ ပဋ္ဌကိစ္စာနိ သမာပေတ္တာ" ပါဠိဖြင့် ပဋ္ဌကရဏာ ပဋ္ဌကိစ္စတို့ကို ပြီးစေ၏ဟု ဆိုရကား ပထမ ဂါထာနှင့် ဒုတိယ ဂါထာ၏ အနက်တို့ကို အကျဉ်းပြရာ ရောက်၏။ ဒေသိတာ-ပတ္တိကဿဖြင့် ကြားအပ်ပြီးသော အာပတ်ရှိခဲသာဟု ဆိုရကား ပေါင်းဘော် ထိုက်သောကြောင့် ဒေသနာကံ-ဝုဋ္ဌာနကံဖြင့်ဖြစ်စေ, အာရောစန-အာဝိကရဏာဖြင့် ဖြစ်စေ စင်ကြယ်သော ရဟန်းသံဃာကို ပြရာ ရောက်၏။ သမဂ္ဂဿဖြင့် အညီအညွတ်ဖြစ်ခဲသာဟု ဆိုရကား သံဃာသည် ဥ တို့ စတုတ္ထ ကံဖြင့် နှင်ထုတ်ထားအပ်သောကြောင့် နာနာသံဝါသက ရဟန်းတို့ကို ပယ်ရာရောက်၏။ [နာနာသံဝါသက-ကား လဒ္ဓိနာနာသံဝါသက, ကမ္မနာနာသံဝါသက-ဟု နှစ်မျိုး ပြား၏။ ထိုတွင် လဒ္ဓိနာနာသံဝါသက ဟူသည် ဥက္ခိတ္တာနုဝတ္တက ရဟန်းကို ခေါ်သည်။ ကမ္မနာနာသံဝါသက ဟူသည် ဥက္ခေပနီယကံ ပြုအပ်သော ရဟန်းကို ခေါ်သည်။ ထို နှစ်မျိုးစလုံးကား စင်ကြယ်ခြင်းဌဋ္ဌ မတည်သောကြောင့်ဌင်း, ပြုဘွယ်ကိစ္စ ရှိသေးသောကြောင့်ဌင်း, ဝဇ္ဇနီယပုဂ္ဂိုလ်တို့ဌဋ္ဌ အတူင်းဝင်၏။] ဘိက္ခု သံဃဿဖြင့် ရဟန်းသံဃာဟု ဆိုရကား ပါတိမောက်ပြခြင်း၏ စတုဝဂ် စသော သံဃာသည် ပြုအပ်သည်၏အဖြစ်ကြောင့် စတုဝဂ်စသော သံဃားကို ပြရာ ရောက်၏။

တနည်း။ ။ဒေသိတာ–သံဃဿဖြင့် "ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ" ဟူသော အနက်ကို ပြရာရောက်၏။ သမဂ္ဂဿဖြင့် ဂဟေတဗ္ဗဖြစ်သော သမဂ္ဂသံဃာကို ဆိုရကား ဆဋ္ဌေတဗ္ဗ ဖြစ်သော အနက်ပြီးသင့်ခြင်းကြောင့် ဝဇ္ဇနီယာ–နဟောန္တိ ပါဠိ၏ အနက်ကို ပြရာရောက်၏။ ပါတိမောက္ခံ ကရောမ-ဖြင့် ဥပုသ်နေ့ မဟုတ်သောနေ့ဌဋ္ဌ ဥပုသ် မပြုကောင်းသောကြောင့် သာမတ္ထိယ အားဖြင့် ဥပေါသထော ပုဒ်၏ အနက်ကို ပြရာရောက်၏။ ဤ နောက်နည်းဖြင့် လေးပါးသော ပတ္ထကလ္လအင်္ဂါကို ပြရာရောက်၏ဟု သိ။

၁-နိဒါနဒ္ဒေသ

ဥတ္တိထပနာ။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ [ထည့်] သုဏာတု။ နားထောင်တော်မူပါ။ အဇ္ဇ၊ ယနေ့။ ဥပေါသထော၊ ဥပုသ်နေ့သည်။ ပန္နရသော၊ တဆယ့်ငါးရက်မြောက်သော နေ့တည်း။ သံဃဿ၊ သံဃာတော်၏။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ [ထည့်] ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသော ဥပုသ်ကံ သည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ [ထည့်] သံဃော၊ -သည်။ ဥပေါသထံ၊ (သုတ္တုဒ္ဒေသ)ဥပုသ်ကို။ ကရေယျ၊ပြုရာ၏။ပါတိမောက္ခံ၊ -ကို။ ဥဒ္ဒိသေယျ၊ ပြဆိုရာ၏။

၁-နိဒါနုဒ္ဒေသ

အနုသန္ဓိ—ဤသို့ ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စငါးပါး, ပတ္တကလ္လအင်္ဂါလေးပါး, ပဋိညာဉ်တို့ကိုပြုပြီး၍ ယခုအခါ နိဒါနုဒ္ဒေသကို ပြတော်မူခြင်းအကျိုးငှါ ထို နိဒါနုဒ္ဒေသတွင်လည်း ဥတ်ထားပုံ ဥတ္တိထပနကို ပြတော်မူလိုသော ကရဏာသခင် ဘုရားရှင်သည် သုဏာတု စသည်ကို ဟောတော်မူအပ်သတည်း။

သုဏာတု မေ ဘန္တေ သံဃော။ ။သုဏာတု-ကား သု-ဓာတ် ဥဏာ-ပစ္စည်း အာဏတ္တိအနက်၌ ပဉ္စမီဝိဘတ်သက်၍ ပြီးသော အာချာတ်ပုဒ်။ နားထောင်ရန် တိုက်တွန်းသော စကားတည်း။ ထို့ကြောင့် "နားထောင်တော်မူကြပါ" ဟု အနက်ပေးလိုက်သည်။ သောတဒ္ဓါရဝိထိဖြင့် ကြား၍ မနောဒ္ဓါရဝိထိဖြင့် သိတော်မူပါဟု ဆိုလိုသည်။ တိုက်တွန်းသော အာဏတ္တိအရာ ဖြစ်သောကြောင့် "သုဏာထ မေ ဘန္တေ တုမှေ" ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူအပ်လျက် ဂုဏ်အထူးနှင့် ယှဉ်သောကြောင့် သံဃာ၌ ရှိသေသည့် အစွမ်းဖြင့် "သုဏာတု မေ ဘန္တေ သံဃော" ဟု ဟောတော်မူအပ်သည်ဟု ဆိုကြ၏။ ။မေ-ကား ဆဋ္ဌီ-ဝိဘတ်အဆုံးရှိသော သဗ္ဗနာမ်ပုဒ်။ ပါတိမောက်ပြသော ရဟန်းက မိမိကိုယ်ကို ညွှန်ကြားသော စကားဖြစ်သည်။ သုဏာတု ကြိယာသည် ကံကို ငဲ့ခြင်းကြောင့် ကံ မဆိတ်စေခြင်း အကျိုးငှါ ဝစနံဟူသော ကံပုဒ်ကိုထည့်၍ အနက်ပေးလိုက်သည်။ ဘန္တေ-ကား သံဃာသည် သုပ္ပဋိပန္နတာစသော ဂုဏ်ထူးနှင့် ယှဉ်သောကြောင့် မြတ်သော ဂါရဝစသောအရာ၌ တည်ရ

ကား ရိုသေခြင်း ကျိုးနွံခြင်းအား ဖြင့်ဆိုသော စကားဖြစ်သည်။ ဤဌာန ကား ဗဟုဝုစ်တည်း။ ရိုသေကျိုးနွံသောအား ဖြင့်ဆိုသောစကားဖြစ်ခြင်းကြောင့် သီတင်းငယ်က ဆိုရမည့်စကား ဖြစ်သည်။

[သံဃာ့ထေရ် ပါတိမောက်ပြမူ အာဝုသောဟု ဆိုရမည်၊ (ဝိမတိ) သံဃာ့ထေရ်ပင် ဖြစ်စေကာမူ သံဃာကိုအကြောင်းပြု၍ ဘန္တေဟု ဆိုကောင်းသည်၊ (ဝဇိရဗုဒ္ဓိ) ဘန္တေဟု ဆိုဆို, အာဝုသော ဟူ၍ပင် ဆိုဆိုကံမပျက်ဟု ဆိုကြ၏၊ (ဝိမတိ)]

အထူး။ ။ပါဠိတော်၌ အန္တရာယ်ရှိသော် ပါတိမောက် အကျဉ်းပြကောင်းသည်၊ မရှိသော် မပြကောင်း၊ ပြသော် ဒုက္ကဋ်ဟု ဟောတော်မူသည်။ အဋ္ဌကထာကြီး၌ မထေရ်ကြီးအား ငါးခု, လေးခု, သုံးခုသော ပါတိမောက္ခုဒ္ဒေသ တို့ကို မရ၊ နှစ်ခုလောက်သာ ကောင်းကောင်း ရအံ့၊ မထေရ်ကြီး ပါတိမောက် ပြရမည်ဟု အထူးလာ၏။ ထိုစကားနှစ်ရပ်ကို ညှိနှိုင်း၍ ယူရမည်ဟု မနှစ်သက်ယောင် ဆိုကြ၏။ ဗုဒ္ဓမတ်ည္ဟူ ဆရာကြီးများ စကားဖြစ်၍ ညှိနှိုင်းရန် လိုမည် မထင်။ ။သံဃောအရ အရိယာပုဂ္ဂိုလ်အငေါင်းဟု ဆိုအပ်သော ဒကို ကောယျသံဃာ, သာမညရဟန်းဟု ဆိုအပ်သော သမ္မုတိသံဃာ နှစ်မျိုးတို့တွင် ဤ၌ သမ္မုတိသံဃာကို ယူ။ ၎င်းသမ္မုတိသံဃာသည် စတုဝဂ်, ပဉ္စဝဂ်, ဒသဝဂ်, ဝီသတိဝဂ်, အတိရေကဝီသတိဝဂ် သံဃာအားဖြင့် ငါးမျိုးပြား၏။ ဤ၌ စတုဝဂ် သံဃာမှ စ၍ အားလုံးသော သမ္မုတိသံဃာကို ယူ။

ဆောင်——စတု–ပဉ္စ၊ ဒသ-ဝီသေ၊ အတိရေ၊ ဝဂ္ဂေ ငါးသံဃာ။
စတုဝဂ္ဂ၊ ယင်းမှစ၊ ယူရ ဤအရာ။

အဋ္ဌပေါသထော ပန္နရသော။ ။ဣမသ္မိံ ဒိဝသေ အဋ္ဌ။ ဣမ-ပုဒ် ဋ္ဌ-ပစ္စည်း။ ဤနေ့ဒ်-ဟု အနက်ပေး။ (ဤနေ့ဟူသည် ယနေ့ပင် ဖြစ်သည်)။ ဥပဂန္တွာ ဝသန္တီ ထွာတိ ဥပေါသထော။ သူတော်ကောင်းများ ကပ်ရောက်၍ နေထုဖြစ်သော နေ့ကို ရစေ။ ။ဤ ဥပေါသထသဒ္ဒါဖြင့် ဥပုသ်နေ့ မဟုတ်သော နေ့ကို ပယ်၍ ဥပုသ်နေ့ကိုသာ ယူ။ "ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ဝေသဒ္ဒါ၊ ယှဉ်မြဲသာ" ဟူသော နိယံ နှင့်အညီ ဥပေါသထနောင် ဝေဆောင်၍ အနက်ဖြစ်သင့်ရကား ဥပုသ်နေ့ မဟုတ်သော နေ့ကို ပယ်နိုင်သည်။ အဋ္ဌအရ နေ့နှင့် ဥပေါသထအရ နေ့ နှစ်ခုကား အတူတူပင်ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း အဘေဒဘေဒုပစာအားဖြင့် ပြားသကဲ့သို့ အဋ္ဌ-ကို ဌ်-ဟု **အနက်ပေးနိုင်သည်။**

ပဠု စ ဒသ စ ပန္နရသ။ တနည်း-ပဠုဟိ အဓိကာ ဒသ ပန္နရသ။ ဆယ့်ငါးရက်ကို ရစေ။ ပန္နရသာနံ ပူရဏော ပန္နရသော။ ဆယ့်ငါးရက် မြောက်သော နေ့ကို ရစေ။ ထို့ကြောင့် "တဆယ့်ငါးရက် မြောက်သော နေ့တည်း" ဟု အနက်ပေးလိုက်သည်။ ။ထို ပန္နရသ-သဒ္ဒါဖြင့် စာတုဒ္ဒသီ, သာမဂ္ဂိဉပုသ်နေ့တို့ကို ပယ်၏။ ပယ်အပ်သော အနက်ဖြစ်သောကြောင့် ဤ ပန္နရသောနေ့ရောဥ်၌ တဆယ့်လေးရက်ဖြစ်မူ "စာတုဒ္ဒသော" ဟု၊ သံဃာ ညီညွတ်၍ ပြုသောနေ့ဖြစ်မူ "သာမဂ္ဂီ" ဟု ဆို။ ဤ ပန္နရသောပုဒ်ကို ထောက်၍ နေ့၏ အစွမ်းဖြင့် ဥပုသ် သုံးမျိုးရှိကြောင်း သိနိုင်၏။

ထိုတွင် တနှစ်အဘို့၌ စာတုဒ္ဒသီ ခြောက်ဥပုသ်, ပန္နရသီ ဆယ့်ရှစ်ဥပုသ်၊ ပေါင်း နှစ်ဆယ့်လေး ဥပုသ်ရှိ၏။ ဤ နှစ်ဆယ့်လေး ဥပုသ်တို့တွင် အာဂန္တုက, အာဝါသိကတို့ များရာသို့ မလိုက်ဘဲ ပကတ္တေအတိုင်း, ပြုအပ်သော ဥပုသ်ကို **ပကတိစာရိတ္တ** ခေါ်သည်။ ဆယ့်လေးရက် စာတုဒ္ဒသီ ဥပုသ်နေ့မှတပါး အာဝါသိကများခြင်း စသော အကြောင်းရှိလတ်သော် ဆယ့်ငါးရက် ဆယ့်ရှစ် ဥပုသ်၏ ရှေး ဆယ့်လေးရက်တို့၌ ပြုအပ်သော ဥပုသ်ကို အာဝါသိက များခြင်း စသော အကြောင်းရှိ၍ ဥပုသ်နေ့မှပြန်၍ ပြုအပ်သောကြောင့် **ဝိကတိစာရိတ္တ** ခေါ်သည်။ ၎င်း ဝိကတိစာရိတ္တ ဥပုသ်ကား ဆယ့်ရှစ်ဥပုသ် ရှိ၏။ ပဝါရဏာနေ့ သုံးနေ့ အနက် စာတုဒ္ဒသီ ပဝါရဏာနေ့ တနေ့, ပန္နရသီ ပဝါရဏာနေ့ နှစ်နေ့၊ ဤ သုံးနေ့တို့ကို ပကတိစာရိတ္တ ဆယ့်လေးရက် ပကတိပဝါရဏာနေ့မှဘပါး အာဝါသိက များခြင်းစသော အကြောင်းရှိ၍ ဆယ့်ငါးရက် ပဝါရဏာ နှစ်ခု၏ ရှေး ဆယ့်လေးရက်နေ့တို့၌ ပြုအပ်သော ပဝါရဏာ နှစ်ခုကို **ဝိကတိစာရိတ္တ** ပဝါရဏာ ခေါ်သည်။

[စာတုဒ္ဒသီ ပန္နရသီ ဥပုသ်နေ့မှ ကြွင်းသော နေ့များကား သာမဂ္ဂီ ဥပုသ်နေ့ ဖြစ်ကောင်းသည်သာတည်း။]

ယဒိ သံဃဿ ပတ္တကလ္လံ။ ။ယဒိ-ကား ယုံမှားခြင်းအနက်၌ ဝိဘတ္တိယုတ္တ နိပါတ်ပုဒ်။ သိယာ ဟူသော ပါဠိသေသနှင့် တွဲစပ်၍ အနက်ပေး။ ၎င်း ယဒိနှင့် တွဲစပ်သော ကြိယာသည် မိမိ၏ ဟောရင်း "ဖြစ်ရာ၏" ဟူသော အနက်ကို စွန့်၍ "ဖြစ်ခြေးအံ့" ဟူသော ပရိကပ္ပ အနက်ကို ဟော၏ဟု သိ။

နိယံ—ယဒိ-သစေ၊ စေ-နှင့်-အာထ၊ ယှဉ်က ကြိယာ၊ ဟောသည်မှာ၊ မှန်စွာ **ပရိကပ္ပတည်း။**

ဤ ယဒိ သံဃဿ ပတ္တကလ္လံ ဝါကျကို "သံဃဿ၊–အာဝုသော။ ပတ္တကလ္လံ၊–သဒ္ဓိံ။ ယဒိ သိယာ၊–အာဝုသော"ဟု အနက်ပေးကြ၏။ သံဃဿ ဥပေါသထကမ္မံ ပတ္တကလ္လံနာမ ဟောတိ" ဟူသော ကခ်ီ ကို ထောက်၍ ဤကျမ်းဌ် ဥပေါသထကမ္မံထည့်၍ ကခ်ီ နှင့် အညီ အနက်ပေးလိုက်သည်။

သံဃော ဥဒ္ဒိသေယျ။ ။ဤဌ် သံဃောကို ရှေးအတိုင်း သိ။ ။ ဥပေါသထံ ကရေယျ ဟူသော ပါဌ်ဌ် ဥပေါသထ သဒ္ဒါ၏ များသော အနက် ရှိသည်၏ အဖြစ်ကြောင့် တဖန် "ပါတိမောက္ခံ ဥဒ္ဒိသေယျ" ဟူသော စကားကို ဟောတော်မူ၏။ ဥပုသ်ပြုခြင်း ဟူသည် ပါတိမောက် ရွတ်ဆိုခြင်း ပင်တည်း။ ဥပုသ်ပြု ဆိုသောစကားနှင့် ပါတိမောက် ရွတ်ဆိုသည် (ယခုကာလ ပါတိမောက် ပြဆိုသည်) ဆိုသော စကားတို့မှာ အတူတူဟု သိစေသည် ဟူ၏။

တနည်း— "သံဃော ဥပေါသထံ ကရေယျ" ဖြင့် သံဃဥပုသ်ကို ပြ၏။ ဂဏ ဥပုသ်, ပုဂ္ဂလ ဥပုသ်တို့ကို ပယ်၏။ ဤဂဟေတဗ္ဗ, ပဋိက္ခိပိတဗ္ဗ ဥပုသ် နှစ်ရပ် ပေါင်းသော် ပြုတတ်သော ကာရကစ္ဆမ်းဖြင့် ဥပုသ်သုံးမျိုး ပြားကြောင်းကို သိစေသည်။

ပါတိမောက္ခံ ဥဒ္ဒိသေယျဖြင့် သုတ္တုဒ္ဒေသ ဥပုသ်ကို ပြ၏။ ပါရိသုဒ္ဓိ အဓိဋ္ဌာန် ဥပုသ်ဘို့ကို ပယ်၏။ ဤ ဂဟေတဗ္ဗနှင့် ပဋိက္ခိပိတဗ္ဗဥပုသ် နှစ်ရပ်ပေါင်းသော် ပြုအပ်သော ကတ္တဗ္ဗာကာရစ္ဆမ်းဖြင့် ဥပုသ်သုံးမျိုး ပြားကြောင်းကို သိစေသည်။ ဤသို့ သိစေပုံ ထူးသည်ကိုလည်း ကြံစည်ကြ၏။ ။ဆက်ဦးအုံး။ဤဌ် သုတ္တုဒ္ဒေသ ဟူသည် ပါတိမောက်ကို ပြဆိုခြင်း ဥဒ္ဒေသပင်။ ထို ပါတိမောက် ပြဆိုခြင်း ပါတိမောက္ခုဒ္ဒေသသည် အာဏာ, သြဝါဒ နှစ်မျိုး၊ တိုတွင် အာဏာပါတိ-မောက္ခုဒ္ဒေသကို သာဝကများသာ ပြုကြရသည်၊ ဘုရားရှင်များ မပြုကြ။ သြဝါဒပါတိမောက္ခုဒ္ဒေသကို ဘုရားရှင်များသာ ပြုကြသည်၊ သာဝကများ မပြုကြရ။ ဤ ပါတိမောက္ခံ ပုဒ်အရ အာဏာပါတိမောက်ကို ယူလေ။

ပုဗ္ဗကိစ္စပုဏ္ဏန

သံဃဿ၊သံဃာသည်။ ပုဗ္ဗကိစ္စံ၊ (ကိုးပါးသော)ပုဗ္ဗကိစ္စကို။ ကတံ ကိ ံ၊ ပြုအပ်ပြီလော။

ပုဗ္ဗကိစ္စပုဏ္ဏန

အနုသန္ဓိ—ဤသို့ ဥတ်ထားပုံ ဥတ္တိထပနကို ပြုပြီး၍ ပုဗ္ဗကိစ္စကို မေးခြင်းဟူသော ပုဗ္ဗကိစ္စ ပုဏ္ဏန်ကို ပြတော်မူလိုရကား ကိ ံသံဃဿ ပုဗ္ဗကိစ္စံကို ဟောတော်မူအပ်သတည်း။

ကိ ံပုဗ္ဗကိစ္စံ။ ။ကိ ံသဒ္ဒါ ပုဏ္ဏာဝါစက သဗ္ဗနာမ်။ ။သံဃာဿကား ကတံ ဟူသော ပါဠိသဒ္ဒသကြိယာသည် ကံဟော ဖြစ်၍ ကတ္တာကို မဟောရကား "မဟောလျှင် ဒုတိယာ တတိယာ ဆဋ္ဌီ၊ ဤသုံးလီ" ဟူသော နိယံနှင့် အညီ အဝုတ္တကတ္တာ အနက်၌ ဆဋ္ဌီဝိဘတ်ဖြင့် ပြီးသောပုဒ်၊ ထို့ကြောင့် သည်-ဟု ကတ္တာ အနက် ပေးလိုက်သည်။ ။ဤ၌ ဥတ် မထားမီ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ ခေါ်သည်။ ပုဗ္ဗကရဏ လေးပါးနှင့် ပုဗ္ဗကိစ္စ ငါးပါးကို အရကောက်။ ထို့ကြောင့် "ကိုးပါးသော ပုဗ္ဗကိစ္စကို" ဟု အနက်ပေးလိုက်သည်။ ကြိယာဆိတ်သော ကာရကမည်သည်-မရှိဟု-ဆိုသောကြောင့် ပုဗ္ဗကိစ္စံ ဟူသော ကာရက ကြိယာ မဆိတ်စေခြင်းငှါ ကတံ ဟူသော ကံဟော ကြိယာကို ထည့်လိုက်သည်။

မှတ်ချက်။ ။ပုဗ္ဗကိစ္စ ကိုးပါးကို ပုဂ္ဂိုလ်သည် ပြုအပ်သော်လည်း သံဃာ့ထေရ်၏-စေခိုင်းခြင်းဖြင့် ပြုအပ်သောကြောင့် ဥပစာအားဖြင့် သံဃာသည် ပြုသည် မည်၏။

[ဆရာတို့ကား "သံဃဿ၊—၏။ ပုဗ္ဗကိစ္စံ၊ – လော"ဟု မုချ အနက် ပေး[ကြ၏]။

ဥယျောဇန

အာဃယသမ္ဖန္ဓော၊ အရှင်တို့။ ပါရိသုဒ္ဓိ ံ၊ (အာပတ်မှ) စင်ကြယ်သည်၏ အဖြစ်ကို။ အာရောစေတ၊ ပြောကြားကြပါကုန်လော။ ယသ္မာ၊ အကြင့် ကြောင့်။ အဟံ၊ ငါသည်။ [ဤ ၂-ပုဒ်ထည့်] ပါတိမောက္ခံ၊—ကို။ ဥဒ္ဒိ သိဿာမိ၊ ပြဆိုပေအံ့။ တသ္မာ၊ ထို့ကြောင့်။ အတ္တာနော၊ မိမိ မိမိ၏။ ပါရိသုဒ္ဓိ ံ၊—ကို။ အာရောစေထ၊—ကုန်လော့။

ဥယျောဇန

အနုသန္ဓိ—ဤသို့ ပုဗ္ဗကိစ္စကို မေးခြင်းဟု ဆိုအပ်သော ပုဗ္ဗကိစ္စပုစ္ဆနကို ပြတော်မူပြီး၍ ဘိုက်တွန်းခြင်း ဥယျောဇနကို ပြတော်မူလို ရကား ပါတိမောက္ခံ ဥဒ္ဒိသိဿာမိကို ဟောတော်မူအပ် သတည်း။

ပါရိသုဒ္ဓိ ံ အာရောစေထ။ ။ပရိသုဇ္ဈတီတိ ပရိသုဒ္ဓေါ။ အာပတ်မှ စင်ကြယ် သော ရဟန်းကို ရစေ။ ။ပရိသုဒ္ဓဿ ဘာဝေါ ပါရိသုဒ္ဓိ။ ဒြပ်အထူးကို ပြတတ်သော စင်ကြယ်ခြင်း ဂုဏ်ကို ရစေ။ ဘာဝ အရ ဒြပ်, ဂုဏ်, ကြီယာ, နာမ်, ဇာတ် ငါးပါးတို့တွင် ဤ၌ ဂုဏဘာဝ တည်း။ ။အာဃယသမ္ဖန္ဓော-ကား စည်းဝေးကုန်သော ရဟန်းတို့အား ချစ်ဖွယ် သော စကားနှင့် ခေါ်သော အာလုပ်ပုဒ်။ ဤဝါကျ၌ တုမှေကို အာရော-စနကြီယာ၏ ကတ္တာအလို့ငှာ ထည့်လိုက်သည်။ အတ္တနောကို စင်ကြယ်ခြင်း ကြီယာကို ပြောကြားရမည့် ပုဂ္ဂိုလ်ကို သိစေခြင်းငှါ ထည့်လိုက်သည်။ကခ်ါ၌ အတ္တနော ထည့်သည်ကို သောက်သည်။ ဤ အတ္တနောကား ဝစနဝိပလ္လာသ စွမ်းဖြင့် ဖြစ်သော ဝိစ္ဆာပုဒ်။ ထို့ကြောင့် "မိမိ-မိမိ၏"ဟု အနက်ပေးလိုက် သည်။ ။အာရောစေထ-ကား ဒေသနာကံ ဖြစ်မူ ဒေသနာကြား, ဝုဋ္ဌာနကံ ဖြစ်မူ အာဝိကရဏပြုရန် တိုက်တွန်းသော ဥယျောဇဉ် ဖြစ်သော အာချာတ် ပုဒ်။ အာဝိကရဏ ပြုရုံမျှဖြင့် ဝုဋ္ဌာနကံ မစင်ကြယ်။

ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။ ။ဤ၌ အဘယ့်ကြောင့် ပြောကြားရမည်နည်း ဟူသော အမေးပုစ္ဆာကို အတွင်းပြု၍ ပါတိ-မောက္ခံ ဥဒ္ဒိသိဿာမိကို အကြောင်းပြ စကားအဖြစ်ဖြင့် ထားလိုရကား ယသ္မာ ပုဒ်ကို ထည့်လိုက်သည်။ ဤ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိဟူသော စကားသည် ပဋိညာဉ် မဟုတ်၊ စင်ကြယ်ခြင်းကို ပြောကြားခြင်း၏ အကြောင်းပြစကားသာ

ဖြစ်သည်။ ထိုစကား မှန်၏။ အာပတ်မှ မငင်ကြယ်သော ရဟန်းသည် ပါတိ-မောက်ကို နာခြင်းငှါ မအပ်၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုသို့မအပ် ဒုက္ကဋ်အာပတ်သင့်ခြင်းကြောင့် အာပတ်မှ စင်ကြယ်ခြင်းကို ပြောကြားကြပါ။ ငါသည် ပါတိ-မောက်ပြအံ့ဟူသော စကားကို ဟောတော်မူသည်။ အဓိပ္ပါယ်- ငါ ပါတိမောက်ပြမည်ဖြစ်သောကြောင့် ဒေသနာကံ အာပတ်ရှိလျှင် အာပတ်မှ စင်ကြယ်ခြင်းငှါ ဒေသနာမူလည်း ကြားကြပါ, ဒေသနာ ကြားခွင့် မရက ဓာန်းရှိရဟန်းအား တိုးတိုးပြောကြားထားပါ, သံဃာဒိသေသ်အာပတ်ရှိက အာဝီကရဏပြုထားကြပါဟု တိုက်တွန်းသော ဥယျောဇဉ်စကားသာ ဖြစ်သည်။ ဤပါတိမောက္ခံ ဥဒ္ဒိ-သီဿာမိစကားသည် ဥယျောဇဉ်၏ အကြောင်းပြစကားသာဖြစ်သည် ဟူ၏။ ထိုသို့ ဥယျောဇန၏ အကြောင်းပြစကားသာ ဖြစ်ရကား ဥယျောဇနသို့ သွင်း လိုက်သည်။

[ဤ ပဋိညာဉ်စကားစုကို ပဋ္ဌကိစ္စ ပုစ္ဆနသို့ သွင်း၍ ကခ်ီဠိကာသစ်ယူရကား ၎င်းဠီကာ၌ ဥယျောဇနမပါ ဥတ္တိဏပန စသည် ဧါးပါးသာလာ၏ဟု သိ။]

စောဒနာ, သောဓနာ။ ။ရှေး၌ "သံဃာသည် ဥပုသ်ကို ပြုရာ၏။ ပါတိမောက်ကို ပြရာ၏" ဟု နာမယောဂဖြင့် ဟောခြင်းကြောင့် ဤ၌လည်း "သံဃာ ဥပေါသထံ ကရိဿတိ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿတိ" ဟု နာမယောဂဖြင့် ဟောသော်သာ ညီညွတ်နှီးနှောရာသည် မဟုတ်ပါလော။ ဤ၌ အဘယ့်ကြောင့် "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟု အမှုယောဂဖြင့် ဟောအပ်ပါသနည်း။ [ဤကား စောဒနာ]။ ။ရှေးစကားနှင့် နောက်စကားသည် သဒ္ဒါအားဖြင့်သာ မညီမညွတ်၊ သဘောလက္ခဏာအားဖြင့်ကား ညီညွတ်သောကြောင့် ဟောတော်မူ၏ဟု ဖြေ။ [ဤကား သောဓနာ]။ ထိုစကား မှန်၏။ သံဃာ၏ ညီညွတ်ခြင်းကြောင့်သာ ပုဂ္ဂိုလ်သည် ပါတိမောက်ကို ပြဆိုအပ်ရကား ဥပစာအားဖြင့် သံဃာသည်လည်း ပါတိမောက်ကို ပြဆိုရာဇရောက်၏။ ပုဂ္ဂိုလ်သာ ပြဆိုရာမရောက်၊ ထို့ကြောင့် သဘောလက္ခဏာအားဖြင့် ညီညွတ်ခြင်းဖြစ်ရကား "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟု ဟောတော်မူသည်ဟု သိ။

ပါတိမောက္ခသဝန

တံ၊ ထိုပါတိမောက်ကို။ သဗ္ဗေဝ၊အလုံးစုံစည်းဝေးသော ရဟန်းပရိသတ်၌သာလျှင်။ သန္တာ၊ ထင်ရှားရှိကုန်သော။ မယံ၊ထေရ , နဝ, မဇ္ဈိမ ဖြစ်ကုန်သော ငါတို့သည်။ [ထည့်]သာဓုကံ၊ ကောင်းစွာ။ သုဏောမ၊ နာကုန်အံ့။ မနသိကရောမ၊ စိတ်၌ ပြုကုန်အံ့။

ပါတိမောက္ခသဝန

အနုသန္ဓိ—ဤသို့ တိုက်တွန်းခြင်းဥယျောဇနကို ပြုပြီး၍ ယခုအခါ ပါတိမောက်ကို နာခြင်း ပါတိမောက္ခသဝနကိုပြလိုရကား တံ သဗ္ဗေဝ-မနသိကရောမ ဟူသော စကားကို ဟောတော်မူအပ်သတည်း။

တံ သဗ္ဗေဝ—ကရောမ။ ။တံ၌ တ-ကား ရွေးပါကျ၌ပါဒသာ ပါတိမောက္ခ ဟူသောပုဒ်ကို စဲသော ပက္ကန္တဝိသယ သဗ္ဗနာမ်ပုဒ်၊ ထို့ကြောင့် "တန္တိ ပါတိမောက္ခံ"ဟု ကခ်ီ ဖွင့်သည်။

ဝိသယ ၃-မျိုး။ ။ဝိသယသည် ပက္ကန္တဝိသယ, ပသိဒ္ဓဝိသယ, အနုဘူတဝိသယ ဟု သုံးမျိုးပြား၏။ ထိုတွင် "ဟတ္ထိမေ စတ္တာမော, တတ္ထ စိတ္တံ တာဝ"စသည်တို့၌ကဲ့သို့ ဆိုအပ်ပြီးသော ကံကတ္တာ-စသော ဒြပ်ကို စဲသည်ကား **ပက္ကန္တဝိသယ၊** "နမော တဿ ဘဂဝတော, အရဟတော ဟော သမ္မာသမ္ဗုဒ္ဓဿ"စသည်တို့၌ကဲ့သို့ ရွေး၌ ဆိုဒယ်ပြီး မရှိဘဲ ဝဒန္တဟုဂ္ဂိုလ်၏ ဉာဏ်အား ထင်သည်ကို စဲသည်ကား **ပသိဒ္ဓဝိသယ၊** "အတီတံ နာနုသောစာမိ၊ နာ ပဋိပဇ္ဇာမိ၊ နာ ပဋိပဇ္ဇာမိနာဂတံ။ ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ" စသည်တို့၌ကဲ့သို့ ဆိုအပ်ပြီးသော ကြိယာနှင့် တကွ ကံကတ္တာကို စဲသည်ကား **အနုဘူတဝိသယ** မည်၏။

[ဆရာအချို့တို့ကား မိမိဝါကျ၌ပင် အစဲ့ ထင်ရှားရှိသည်ကား ပသိဒ္ဓ, ကြိယာကို စဲသည်ကား အနုဘူတဝိသယဟု ဆိုကြသေး၏]။

ဆောင်——ပက္ကန်-ပသိဒ္ဓ၊ နုဘူတ၊ သုံးဝ ဝိသယာ။
ဆိုပြီးကတ်ကံ၊ စဲတုံပြန်၊ ပက္ကန် ဝိသယာ။
ဉာဏ်အားထင်မှု၊ စဲခြင်းပြု၊ မှတ်ရှု ပသိဒ္ဓါ။
ကြိယာ, ကံ, ကတ်၊ စဲတုံလတ်၊ မှတ်အပ် နုဘူတာ။
အစဲ့ထင်ရှား၊ ရှိသည်ကား၊ မှတ်သား ပသိဒ္ဓါ။
ကြိယာစဲက၊ နုဘူတ၊ မှတ်ကြ တနည်းလာ။

သဗ္ဗေဝ သန္တိ၁။ ။သဗ္ဗ-ကား သဗ္ဗနာမ်ပုဒ်၊အကြွင်းရှိသော သာဝသေသ သဗ္ဗ, အကြွင်းမရှိသော အနဝသေသ သဗ္ဗ နှစ်မျိုးတို့တွင် အကြွင်းရှိသော သာဝသေသ သဗ္ဗတည်း။ ထို့ကြောင့် တခုတည်းသောသိမ်၌ ဟတ္ထပါသ်ကို မစွန့်မူ၍ စည်းဝေးတည်နေကြသော ရဟန်းတို့ကိုသာ ရ၏။ ။ဝေ-ကား-တပါးသော အာရပ်၌ နေကြသော ရဟန်းတို့ကို နှစ်စေခြင်း အနက်ရှိသော နိပါတ်ပုဒ်။ ။သံဝိဇ္ဇန္တိတိ သန္တာ။ ရဟန်းပရိသတ်၌ ထင်ရှားရှိသော ထေရ, နဝ, မဇ္ဈိမရဟန်းတို့ကို ရစေ။ ဆယ်ဝါ ဆယ်ဝါထက် အလွန်ကို ထေရ, ငါးဝါ အောက်ကို နဝ, ငါးဝါမှစ၍ ဆယ်ဝါအောက်ကို မဇ္ဈိမခေါ်သည်။ တနည်း-ကိလေသေ သမေန္တိတိ သန္တာ။ ကိလေသာတို့ကို ငြိမ်းစေတတ်သော သူတော်ကောင်းရဟန်းတို့ကို ရစေ။ ဤကြောင့် "သန္တာ၊ သူတော်ကောင်း ဖြစ်ကုန်သော" ဟူ၍လည်း အနက်ပေး။ ။မယံကို သုဏောမကြိယာ၏ ကတ္တာအလို၌ ထည့်လိုက်သည်။

သာဓုကံ–ကရောမ။ ။သာဓုကံ-ကား သာသနာတော်ကျမ်းအလို ဘာဝနပုံ၊ သဒ္ဓါကျမ်းအလို ဓာတု ဝိသေသန တည်း။ ကောင်းစွာ-ဟု သုဋ္ဌုအနက်ပေး။ ပါတိမောက် နားထောင်ခြင်းဖြင့် အကျိုးရှိရမည် ဟူ၏။

ဆောင်—ကြိယာ ဝိသေသနံ သတ္ထေ၊ ဓုတ္တံ ဓာတု ဝိသေသနံ။
ဘာဝနပုံသကံ တျော၊ သာသနေ သမုဒီရိတံ။

သာဓုကံ သုဏောမ-ကား ငါတို့အားလုံး ဩဝါဒဝိထိဖြင့် ကြားနာ၍ မနောဒ္ဓါရဝိထိဖြင့် မှတ်မှတ်သားသား ကျေးဇူးမျှားအောင် နာကုန်အံ့ဟု ဆိုလိုသည်။ ။သာဓုကံ မနသိကရောမ-ကား ငါတို့အားလုံး တည်တည်ကြည်ကြည် ကေဂ္ဂတာကျ သမာဓိ ရကုန်သည်ဖြစ်၍ ဝိထိပဋိပါဒက, ဇဝနပဋိပါဒက ရှေးသွား ရှိသော စိတ်၌ ထားကုန်အံ့ဟု ဆိုလိုသည်။

[မနသိကာရသည် ဝိထိပဋိပါဒက, ဇဝနပဋိပါဒက, အာရမ္မဏပဋိ-ပါဒက ဟု သုံးမျိုးပြား၏။ ထိုတွင် ဤ၌ ရှေးနှစ်ပါးသာ သင့်၏။ အဋ္ဌ-သာလိနီ၌ အကျယ်လာပြီ။]

စောဒနာ, သောဓနာ။ ။ဤ"ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ဟူသော စကားသည် ဝဒန္တပုဂ္ဂိုလ်ကို ရည်ညွှန်းသည့်အစွမ်းဖြင့် ဟောတော်မူအပ်သော စကားဖြစ်၏။ ဤ၌ "သုဏောထ မနသိကရောထ" ဟု သုဏန္တပုဂ္ဂိုလ်ကို ရည်ညွှန်းသည့်အစွမ်းဖြင့် ဟောသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် "သုဏောမ မနသိကရောမ" ဟု ဟောတော်မူအပ်ပါသနည်း။ [ဤ-ကား စောဒနာ]။

ပါရိသုဒ္ဓါရောစန

ယဿ၊ အကြင်ရဟန်းအား။ အာပတ္တိ၊ (ခြောက်ပါးသော အကြောင်း တို့တွင် တပါးပါးသော အကြောင်းကြောင့် သင့်သော ခုနစ်ပါးသော) အာပတ်သည်။ သိယာ၊ (ရှိသည်) ဖြစ်ငြားအံ့။ သော၊ ထိုအာပတ်ရှိသော ရဟန်းသည်။ တံ၊ ထိုအာပတ်ကို။ [ထည့်]။ အာဒိကရယ္မ၊ ဒေသနာ ပဋိလဉ်းကြား, ထင်ရှားမှုလည်း [ပြု]ရာ၏။ အာပတ္တိယာ၊ အာပတ်သည်။ အသန္တိယာ၊ မရှိလတ်သော်။ တေန၊ တိုအာပတ် မရှိသော ရဟန်းသည်။ [ကည့်]။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပန၊ အကျိုးကို ဆိုဦးအံ့။ ဝုဏ္ဏဘာဝေန ခေါ၊ ဆိတ်ဆိတ် နေခြင်းကြောင့်လည်း။ အာ-ယသ္မာ ဒန္တ၊ (ရွှင်သော အသက်ရှိကုန်သော) အရှင်ဝိုကို။ ပရိသုဒ္ဓါတိ၊ (အာပတ်မှ) စင်ကြယ်ကုန်၏ ဟူ၍။ ဝေဒိဿာမိ၊ သိရ၏။ ဝါ၊ ငါသိအံ့။

စောဒကသဒ္ဒုဒ္ဒေသော်ဟ၊ အဝိုင်း ပေါသင့်သည်ကားမှန်၏။သို့ပင် ဟော သင့်သော်လည်း ပါဘိမောက်ပြုဆိုသော ပဋိလဉ်သည် သံဃာ၌ အကျိုးဝင်သော ကြောင့် "သုဒ္ဓောမှ မနသိကရောမ" ဟု ဟောတော်မူသည်။ [ဤကားသော ဓနာ]။ ။ခဲ့ပြီးအံ့ – အကြင်ပဋိလဉ်သည် ပါတိမောက်ပြုဆိုခြင်း၊ထိုပဋိလဉ်၏ ပါတိ မောက်ပြုဆိုခြင်းသည် သံဃာဥပုသ်ပြုသည်မည်၏။ ထိုပါတိမောက် ပြုဆိုသော ပဋိလဉ်သည် သံဃာ၌ အကျိုးဝင်၏။ ထို့ကြောင့် သံဃာသည် ဥပုသ်ပြုခြင်းဟု ဆိုအပ်သော ပါတိမောက်ပြုရာ၌ ပါဘိမောက်ပြုသော ပဋိလဉ်ကိုဖြင့်၊ တပါးသော သံဃာကိုဖြင့် ပေါင်းပညတ်ခြင်း အကျိုးပင် "သုဏော မနသိကရောမ"ဟု ဒဋ္ဌဗ္ဗယောဂ ဖတ်ဝုတ်ပြု ဟောတော်မူသည်။

ပါရိသုဒ္ဓါရောစန

အနုသန္ဓိ——ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ ဟူသော စကားကို ဟောတော်မူအပ်ပြီ။ ထိုပါရိသုဒ္ဓိအာရောစန ဖြစ်ပုံကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ယဿ သိယာဒိသော စကားကို ဟောတော်မူအပ်သတည်း။

ယဿ–အာဒိကရယ္မာ။ ။ယဿ-ကား သာမညဝါစီ သဗ္ဗနာမ်ပုဒ်၊ သာမညဝါစီ ဖြစ်သော်လည်း အရာအားလျော်စွာ တသိမ်တည်း၌ စည်းဝေးသော ရဟန်းဟူဝတ္ထု ခြောက်ပါးသော အကြောင်းကြောင့် သင့်သော ခုနစ်ပါးသော ဒေသနာဟူဝတ္ထု တပါးပါးသော အာပတ်သင့်သော ရဟန်းကိုသာ

ရစေ။ ။ သိယာကား နိပါတ်မဟုတ် အာချာတ်ပုဒ်တည်း။ ။ အာပဇ္ဇိတဗ္ဗာတိ အာပတ္တိ။ လွန်ကျူးသော ရဟန်းသည် ရောက်အပ်သော အာပတ်ကို ရစေ။ သာမညအားဖြင့်ဆိုခြင်းကြောင့် အာပတ် ခုနစ်ပါးစလုံးကို ယူ။ အာပတ်ခုနစ်ပါးကား ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ၊် ဤခုနစ်ပါးတို့တည်း။ အာပတ်သင့်ကြောင်းကား မရှက်ခြင်း အလဇ္ဇီတာ, ဂဿိခြင်း အညာဏတာ, ကုက္ကုစ္စ နှိပ်စက်ခြင်း ကုက္ကုစ္စပကတတာ, မအပ်သည်၌ အပ်သည်ဟု မှတ်ထင်ခြင်း အကပ္ပိယေ ကပ္ပိယသညိတာ, အပ်သည်၌ မအပ်သည်ဟုမှတ်ထင်ခြင်း ကပ္ပိယေ အကပ္ပိယသညိတာ, သဘိလွတ်ကင်း မေ့လျော့ခြင်း သတိသမ္မောသတာ ဤခြောက်ပါးတို့တည်း။

ဆောင်—ပါ-သံ-ထုလ်-ပါ-ပါ-ဒုက်-ဒုဗ်။ အာပတ် ၇ ပါး။
အလဇ်-အညာ၊ ကုက္ကုစ္စာ၊ မောသာ-ဒွေသည်။
မရှက်-မသိ၊ ကုက္ကုစ်ဘိ၊ သတိ မမြဲသည်။
မအပ်သည်အပ်၊ အပ်မအပ်၊ နှစ်ရပ် ထင်လွဲသည်။
ပေါင်းပါ ခြောက်ရပ်၊ ရဟန်းမြတ်၊ အာပတ်သင့်ကြောင်းမည်။

ခဲ့ပြီးအံ့ – အာပတ်သင့်မည်ကို မရှက်မကြောက် သင့်ချင် သင့်ပေစေဟူသော အနေမျိုးဖြင့် သိလျက် လွန်ကျူးသူသည် အလဇ္ဇီကာကြောင့် အာပတ်သင့်သည်မည်၏။ အာပတ်သင့်လိမ့်မည်ဟု မသိ၍ ပြုမိသောသူသည် အညာဏတာကြောင့် အာပတ်သင့်သည်မည်၏။ တစုံတခု အမှုကို မအပ်လေသလော, အပ်လေသလောဟု ယုံမှားသံသယ ကုက္ကုစ္စဖြစ်နေပါလျက် မိမိကိုယ်တိုင်လည်း သံသယပျောက်အောင် မလုပ်, ဝိနည်းနားလည်သူကို မေး၍ သံသယ ပျောက်အောင်လည်း မလုပ်ဘဲ သံသယရှိလျက် လွန်ကျူးသောသူသည် ကုက္ကုစ္စ ပကတတာကြောင့် အာပတ်သင့်သည် မည်၏။ [ကုက္ကုစ္စသံသယရှိလျက် အပ်သည်ကို လွန်ကျူးအံ့ ဒုက္ကဋ်၊ မအပ်သည်ကို လွန်ကျူးအံ့၊ ဝတ္ထုအလျောက် အာပတ်သင့်သည်]။ မအပ်သော ဝံသားကို အပ်သောဝက်သားဟု မှတ်ထင်၍စားလျှင် အကပ္ပိယေ ကပ္ပိယသညိတာကြောင့် အာပတ်သင့်၏။ အပ်သောဝက်သားကို ဝံသားဟု မှတ်ထင်၍ စားပြန်လျှင်လည်း ကပ္ပိယေ အကပ္ပိယ သညိတာကြောင့် အာပတ်သင့်၏။ [အသားဟင်းမျိုးကို စားမည်ကြံလျှင် အပ်သော အသားဟု ဆုံးဖြတ်နိုင်မှ စားရမည်။ ကိုယ်တိုင် မဆုံးဖြတ်နိုင်လျှင် နားလည်သူကိုမေးပြီး၍ အပ်သော အသားဖြစ်မှ စားရမည်၊ ဆိုသို့ ကိုယ်တိုင်လည်း မဆုံးဖြတ်နိုင် သူတပါးကိုလည်း မမေးဘဲ မဆင်ခြင် သတိမရစားမှ၍ စားလျှင် အာပတ်သင့်သည်ဟုသို] မသိ၍လည်း မဟုတ်ဘဲ အမှတ်တမဲ့ ပြုမိသောသူသည် သတိသမ္မောသကြောင့် အာပတ်သင့်သည်

မည်၏။ [အဓိဋ္ဌာန် တင်ထားသော တိစီဝရိုက် သင်္ကန်းနှင့် အမှတ်မဲ့ ညဉ့်ကင်း ရာဒ္ဓ နိဿဂ္ဂိပါစိတ်အာပတ် သင့်သကဲ့သို့မှတ်]။

အလဇ္ဇီ—ဤဌာန၌ အလဇ္ဇီဟူသည် စေတနာနှင့်တကွ အာပတ်ကို လွန်ကျူးခြင်း, သင့်ပြီးသော အာပတ်ကို ဖုံးလွှမ်းထားခြင်း, အဂတိလေးပါးကို လိုက်စားခြင်း၊ ဤသုံးပါးတို့တွင် တပါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဆိုသည်။

ဆောင်—လွန်ကျူး-ဖုံးထား၊ ဂတိလား၊ သုံးပါး အလဇ္ဇီ။

သော်-ကား နိယမဝါစီ သဗ္ဗနာမ်ပုဒ်။ ယဿ-၌ ယ-သဒ္ဒါသည် စွဲအပ်ပြီးသော ရဟန်းတို့ကို မှတ်၍ စွဲရသည်။ ။တံကို အာဝိကရဏ ကြိယာ၏ ကံအလို၌ ထည့်လိုက်သည်။ ။အာဝိကရေယျကာ – အာပတ် ရှိငြားအံ့၊ ဒေသနာသော်လည်း ကြားပါ, ဘုံမဟုတ် ယင်ရှားသော်လည်း ပြုပါဟု တိုက်တွန်းသော အာဏတ္တိအနက်၌ ဖြစ်သော အာချာတ်ပုဒ်၊ ထို့ကြောင့် "ဒေသနာသော်လည်းကြား, ထင်ရှားသော်လည်း ပြုရာ၏" ဟု အနက်ပေးလိုက်သည်။ ဤ၌ ပါရာဇိက အာပတ်ကို ဒေသနာကြားခြင်းကား လူထွက်ခြင်းပင်တည်း။ လူထွက်ခြင်း သည်ပင် ပါရာဇိက အာပတ်ကို ဒေသနာ ကြားသည်မည်၏။ ဝုဋ္ဌာန ကံကိုကား ဒေသနာ အထူးဖြစ်၍ ဒေသနာ ဆိုသည်။ ဤ၌ အာဝိကရဏ အရ ဒေသနာ ကြားခြင်းနှင့် ထင်ရှားအောင် ပြုခြင်း နှစ်ပါးကို ယူ။

ဆောင်—ဒေသနာကြား၊ ထင်ရှားလည်းပြု၊ ဤနှစ်ခု၊ မှတ်ရှု အာဝိကရဏတည်း။

အနုသန္ဓိ—ယခုအခါ တပါးသော ပရိယာယ်အားဖြင့် ပါရိသုဒ္ဓိ အာရောစန ဖြစ်ပုံကို ပြလိုရကား အသန္တိယာ-ဘဝိတဗ္ဗံကို ဟောတော်မူအုပ်သတည်း။

အသန္တီ။ ။နသံဝိဇ္ဇတီတိ အသန္တီ။ မရှိသော အာပတ်ကို ရစေ။ ။ထို အာပတ် မရှိခြင်း အသန္တီကား အာပတ်သို့ မရောက်ခြင်းကြောင့် အာပတ် မရှိခြင်း, ဝုဋ္ဌာနကံ အာပတ်သင့်သော် ပရိဝါသ်ဆောက်တည်ခြင်း စသည်ဖြင့် ထို အာပတ်မှ ထစေခြင်းကြောင့် အာပတ် မရှိခြင်း, ဝုဋ္ဌာနကံ အာပတ်ကို ထင်စွာပြုခြင်းကြောင့်လည်း အာပတ်မရှိခြင်း, ဒေသနာကံ အာပတ်ဖြစ်လတ်သော် ဒေသနာကြားခြင်းကြောင့် အာပတ်မရှိခြင်းအားဖြင့် လေးမျိုးရှိ၏။

ဆောင်—မရောက်-ထစေ၊ ထင်-ကြားပေ၊ လေးထွေ အသန္တီ။

တုဏ္ဍီ——ဤ တုဏ္ဍီကား စကားမဆိုခြင်းအနက်ကို ဟောသော တတိယန္တ နိပါတ်ပုဒ်။ ။ဘဝိယတော ဘဝိတ်ဗ္ဗံ၊ ဘာဝဝါစကော ကြိယာပုဒ်။ ဤ တုဏ္ဍီ ဘဝိတဗ္ဗံ ဖြင့် အာပတ်မှ စင်ကြယ်ခြင်းကို ဖလူပစာ အားဖြင့် ပြ၏။

ပိဏ္ဍာတ္ထ——အသန္တိယာ စသည်ဖြင့် ပရိယာယ်အားဖြင့် အာပတ်မှ စင်ကြယ်ခြင်းကို ပြောကြားပုံကို ပြသည်ဟု သိ။

အနုသန္ဓိ။ ။ယခုအခါ ဆိတ်ဆိတ်နေခြင်းသည် အဘယ် အကျိုးရှိအံ့နည်း ဟု ကြံဆကုန်သော သာဝကတို့၏ သံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ တုဏ္ဍီဘာဝေန-ဝေဒိဿာမိဟူသော စကားကို မိန့်တော်မူအပ်သတည်း။

တုဏ္ဍီဘာဝေန ဓေါ ပန။ ။တုဏ္ဍီယာ ဘာဝေါ တုဏ္ဍီဘာဝေါ။ ဤ တုဏ္ဍီဘာဝေနကား ဟိတ်အနက်၌ တတိယာဝိဘတ် သက်ထားသည်၊ စကားမဆိုဘဲ ဆိတ်ဆိတ်နေခြင်းကြောင့်ဟူသော အနက်ကို မှတ်။ ။ဓေါကား ပိသဒ္ဒါကဲ့သို့ ပေါင်းခြင်း ဘာမိတ္ထုန အနက်ရှိ၏။အာဝိကရဏ ပြုခြင်းကြောင့်သာ အာပတ်မှ စင်ကြယ်သည်အဖြစ်ကို သိရသည် မဟုတ်၊ စင်စစ်မှာမူကား ဆိတ်ဆိတ်နေခြင်းကြောင့်လည်း အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိနိုင်သည် ဟူသော အနက်ကို ပေါင်းသည်။ ။ပနကား ဖလဇောတက နိပါတ်။

အာယသ္မန္တေ-ဝေဒိဿာမိ။ ။အယန္တိ ပဝတ္တန္တိ ဇေတေနာတိ အာယု။ ကမ္မဇရုပ်နှင့် သမ္ပယုတ္တဓမ္မတို့၏ ဖြစ်ကြောင်း အသက် ဇီဝိတိန္ဒြေကို ရစေ။ ။အာယု ဇေတေသံ အတ္ထိတာ အာယသ္မာ။ အသက်ရှင်သော ရဟန်းတို့ကို ရစေ။ ။ဝေဒိဿာမိဋ္ဌ ဝိဒ ဓာတ်သည် လောကဝိဒူ စသည်တို့၌ ကဲ့သို့ သိခြင်းအနက်၌ ဖြစ်သည်။ ရခြင်းစသော အနက်တို့၌ မဖြစ်ဟု သိ။

အနာရောစနာပတ္တိ

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ပစ္စေကပုဋ္ဌဿ၊ အသီးအသီး မေးအပ်သောသူ၏။ ဝေယျာကရဏံ၊ ဖြေဆိုခြင်းသည်။ ခေါ၊ စင်စစ်။ ဟောတိ. ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဧဝရူပါယ၊ ဤသို့သဘောရှိသော။ ပရိသာယ၊ (ရဟန်း) ပရိသတ်၌။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ အနုသာဝိတံ၊ အဖန်တလဲလဲ မေးစစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ အနုသာဝိယမာနေ၊ အဖန်တလဲလဲ မေးစစ်အပ်သည်။ သတိ၊ ရှိသော်။ ဝါ၊ အနုသာဝိယမာနေ၊ အဖန်တလဲလဲ မေးစစ်အပ်ပြီးသည်၏အဆုံး၌။ သရမာနော၊ (အာပတ်သင့်သည်၏ အဖြစ်ကို) သိလျက်။ သန္တိ ၊ ထင်ရှားရှိသော။ အာပတ္တိ ၊–ကို။ နာဝိကရေယျ၊ဒေသနာကြား,ထင်ရှားမပြုငြားအံ့။ အသဲ၊ (အာပတ်သင့်မှန်းသိလျက် အာဝိကရဏ မပြုသော) ထိုရဟန်းအား။ သမ္မဇာနမုသာဝါဒေါ၊ သမ္မဇာနမုသာဝါဒ ဒုက္ကဋ် အာပတ်သည်။ ဟောတိ၊ –၏။။

[တနည်း။ ။သမ္မဇာနံ၊ (ထင်ရှားရှိသော အာပတ်ကို) သိပြီး သိဆဲဖြစ်လျက်။ မုသာဝါဒေါ၊ ခွပ်ခွပ် ယွင်းယွင်း ဆိုကြောင်းစကားသည်။ ဝါ၊ ခွပ်ယွင်းသော စကားကို ဆိုခြင်းသည်။ ဟောတိ၊ -၏။။]

အနာရောစနာပတ္တိ

အနုသန္ဓိ—ဤသို့ ပါရိသုဒ္ဓိအာရောစနကိုပြုပြီး၍ ယခုအခါ မပြောကြားခြင်းကြောင့်ဖြစ်သော အနာရောစနအာပတ်ကို ပြတော်မူလိုသော ဖြတ်စွာဘုံးသည် ယထာ ဓေါ ပန–ဖာသု ဟောတိကို မိန့်တော်မူအပ်သတည်း။

ယထာ–ဟောတိ။ ။ယာသာ–ကား ဥပမာဇောတကနိပါတ်။ ဟောတိနှင့် တွဲစပ်၍ အနက်ပေး။ ။ဓေါ-ကား စင်စစ် ဟူသော အနက်၌ဖြစ်သော ဂကန္တိပါတ်။ ။ပန-ကား ပကာသနရဇောတကနိပါတ်။ ။ပရိသုဒ္ဓါရောစနအာပတ်မှ တပါးသော အနာရောစနာပတ္တိ အားတို့ကို ထုန်ပြသည်။ ။ပစ္စေကံ ပုစ္ဆိယတီတိ ပစ္စေကပုဋ္ဌော။ အသီးအသီး မေးအပ်သော အာမ့တ်မရှိသော ရဟန်းကို ရစေ။ ဗျာကရိယတေ ဝိဿဇ္ဇိယတေ ဝေယျာကရဏံ။ ဖြေဆိုခြင်း ကြိယာကို ရစေ။ ဟောတိ-ကား ဖြေကြား

ပန၊အထူးကိုဆိုဦးအံ့။ အာယသ္မန္တော၊အရှင်တို့။ ခေါ၊စင်စစ်။ သမ္ဗဇာန
မုသာဝါဒေါ၊ သမ္ဗဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်ကို။ ဂါ၊ သိလျက် ခွတ်ယွင်း
သောစကားကို ဆိုခြင်းမည်သည်ကို။ အန္တရာယိကော၊ (စျာန်,မဂ်,ဖိုလ်၏)
အန္တရာယ်ကို ပြုတတ်သော။ ဓမ္မော၊ အာပတ်ဟူ၍။ ဘဂဝတာ၊ မြတ်စွာ
ဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ သရ-
မာနေန၊သိသော။ အာပန္နေန၊ရောက်ပြီးသော အာပတ်မှ။ ဝိသုဒ္ဓါပေက္ခေန၊
စင်ကြယ်ခြင်းငှါ အလိုရှိသော။ (ယေန) ဘိက္ခုနာ၊ အကြင်ရဟန်းသည်။
[ယေန,ထည့်]။ သန္တီ၊ ထင်ရှားရှိသော။ အာပတ္တိ၊ အာပတ်ကို။ အာဝိက-
တဗ္ဗာ၊ ဒေသနာကြား,ထင်ရှားပြုအပ်၏။ ဟိ၊ အကျိုးကို ဆိုဦးအံ့။ အာဝိ-
ကတာ၊ ထင်ရှားပြုခြင်းကြောင့်။ အဿ၊ ထိုရဟန်းအား။ ဖာသု၊ (စျာန်
စသည်ကို ရခြင်းငှါ) ချမ်းသာသည်။ ဟောတိ၊ -၏။

ခြင်း ကြီယာကိုဟောခြင်းကြောင့် ဖြစ်ခြင်း ဥပဂတ်အနက်ကို ဟော၏ဟု သိ။
ဤဝါကျ၌ တယောက်သောသူက တယောက်သောသူကို မေးသည်ရှိသော် ဤ
သူသည် ငါ့ကို မေး၏ဟု အမေးခံရသောသူက သိ၍ ဖြေဆိုခြင်းဖြစ်သလိုဟူသော
အနက်ကို မှတ်။

၉၀မေ၀-ဟောတိ။ ။၉၀မေ၀ကား ဥပမာဇောတက အနက်၌ နိပါတ်ပုဒ်
အပေါင်း။ အချို့အရာ၌ ဧ၀ံ-ကား ဥပမာဇောတက,
ဧ၀-ကား အ၀ဓာရဏတ္ထလည်း ရှိသေး၏။ ။ဧ၀ံ အယံ ရူပေါ သဘာ၀ေါ
ယဿာတိ ဧ၀ရူပေါ။ ပရိသတ်ကို အရကောက်။ ဤသို့သဘောရှိသောဟု
ဝိသေသနအနက်ပေး။ ပရိသမန္တတော သေတိ ပ၀တ္တတီတိ ပရိ်သာ။ ရဟန်း
အပေါင်းကို အရကောက်။ ဤပရိသ-သဒ္ဒါကား သဒ္ဒဋ္ဌတ္ထိလိင်၊ အတ္ထဋ္ဌတ္ထိလိင်
မဟုတ်၊ ထို့ကြောင့် ရဟန်းအပေါင်းကို အရကောက်လိုက်သည်။ ဤ ဧ၀ရူပေါယ
ပရိသာယသည် "ယာ၀တိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ" စကားနှင့် အနက်တူဖြစ်၏။
တသိမ်တည်း၌ ဟတ္ထပါသ်ကိုမစ့နှံ့မူ၍တည်သော စည်း၀ေးသောပကတတ်ရဟန်း
တို့ကိုဆိုလိုသည်။ ။ယာ၀တတိယံ၌ ယာ၀-ကား ပိုင်းခြားခြင်း ပရိစ္ဆေဒအနက်၌
နိပါတ်ပုဒ်။ တိဏ္ဏံ ပူရဏော တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်း စကားကို
ရစေ။ ။တတိယသ္မာ ယတ္ထကော ပရိစ္ဆေဒါ ယာ၀ တတိယံ၊ မေးစစ်ခြင်း
ကြီယာကို ရစေ။ ။အနု-ပုနပ္ပုနံ သ၀ဏတိ ပုစ္ဆတိယတီ၀ါ အနုလာ၀ိတံ။
အဖန်တလဲလဲ မေးအပ်သော စင်ကြယ်သည့်အဖြစ်ကို ရစေ။ ။သုံးကြိမ်တိုင်
တိုင် မေးစစ်ခြင်းကို အဖန်တလဲလဲ မေးစစ်သည် ဟူ၏။

ပိဏ္ဍတ္ထ။ ။တယောက်က တယောက်ကို မေးသည်ရှိသော် ဤသူ ငါ့ကို မေး၏ဟု အမေးခံရသူက ဖြေဆိုခြင်းဖြစ်သကဲ့သို့ ဤအတူ ဤရဟန်း ပရိသတ်၌ တပါးစီ မမေးသော်လည်း သုံးကြိမ်တိုင်တိုင်ဆိုခြင်းဖြင့် ငါ့ကို မေးသည်, ငါ့ကိုမေးသည်ဟု သဘောရပြီး ထင်စွာပြောကြားကြပါဟု ဆိုလိုသည်။

အနုသဝနတ္ထယဝိနိစ္ဆယ။ ။ဧကေဝါဒ အခ္ခါကုန်သော ဆရာတို့သည် အနုသဝန သုံးခုအရကို ဤသို့ပြောကြကုန်၏။ပြောပုံ-ယဿ သိယာ အာပတ္တိ သော အာဝိကရေယျကား အနုသဝန တခု, အသန္တိယာ အာပတ္တိယာ တုဏှီဘဝိတပ္ပကား အနုသဝနတခု,တုဏှီဘာဝေန-ဝေဒိဿာမိကား အနုသဝနတခု ဤသုံးခုကို အနုသဝနတ္တယဟု ဆိုကြ၏။ အနက်သဒ္ဒါ ပြားခြင်းကြောင့် ထိုစကား မသင့်။ ခဲ့ပြီးအံ့-ဒုတိယမို့ ဧတမတ္ထံ စသည်၌ အနက်အား ဖြင့်ရင်း, သဒ္ဒါအားဖြင့်ရင်း မပြားသကဲ့သို့ အနုသဝန မည်သည် အနက်အား ဖြင့်ရင်း, သဒ္ဒါအားဖြင့်ရင်း မပြားစကောင်း။ ခြက်ဦးအံ့-ယဿသိယာ စသော စကားသုံးရပ်သည် အနက်အားဖြင့်ရင်း, သဒ္ဒါအားဖြင့်ရင်း ပြား၏။ ။(ပြားပုံကို အနက်ပေးပုံ, သဒ္ဒါနေပုံကို ကြည့်ရှုသိ)။

ထိုသို့ အနက်သဒ္ဒါ ပြားခြင်းကြောင့် ယဿ သိယာ စသော စကားသုံးခုသည် အနုသဝနတ္တယ မဖြစ်သင့်။ အကယ်၍ဖြစ်ငြားအံ့၊ နိဒါနုဒ္ဒေသ မပြီးမီ အနာပတ္တိခေတ်၌ အာပတ်သင့်ခြင်းအဖြစ်သို့ ရောက်ရာ၏။ထို့ကြောင့် မသင့်ဟု မှတ်။ လိုရင်းကား-အနက်သဒ္ဒါ ပြားခြင်းကြောင့်ရင်း, အာပတ်သင့်ရန်ခေတ် မဟုတ်သောကြောင့်ရင်း မသင့်ဟူ၏။

အပရေဝါဒ။ ။တပါးကုန်သော ဆရာတို့သည် အနုသာဝိတံဟူသော ပုဒ်၏ အနက်ကို ကိတ်ပစ္စည်းတို့သည် ဓာတ်အနက်နှင့် စပ်ကုန်လတ်သော် ကာလတပါးတို့၌ ဖြစ်ကုန်သေး၏ ဟူသော "ကိတာ ဓာတုတ္ထသမ္ဗန္ဓေ၊ ဟောန္တိ ကာလန္တရေသုပိ" ကစ္စာယနသာဒရ စကားမျိုးကို ထောက်၍ တ-ပစ္စည်းကား-အတိတ်အနက်၌ ဖြစ်သော်လည်း ဓာတုတ္ထ သမ္ဗန္ဓဖြစ်၍ အနာဂတ်အနက်ယူရမည်ဟု ကြံပြီးလျှင် ယာဝတတိယံဟူသော စကားသည် အထက် ပါဏာဇိ-ကုဒ္ဒေသ၌ "ကစ္စိတ္ထ ပရိသုဒ္ဓါ-တဘိယမို့ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ" ဟူသော စကားကိုရည်၍ ဟောတော်မူသည်ဟု ဆိုကြ၏။ [ပါဠိတော် နိဒါန်း၏ အဆုံး၌ ကစ္စိတ္ထ ပရိသုဒ္ဓါ စသော စကားမရှိ၊ ပါရာဇိက၏ အဆုံး၌သာရှိ၍ ဆိုဟန်ရှိသည်၏။ ဤအပရေဝါဒသည် အတ္ထယုတ္တိ မရှိသောကြောင့် မသင့်ဟုမှတ်။ ။ ခဲ့ပြီးအံ့-အနုသာဝိတံ ဟူသောပုဒ်ကို အခ္ခါဆရာတို့သည် အနုသာဝိတံဟူ၍ပင် ရွတ်ဆိုကြ၏။ အခ္ခါဆရာတို့ကား အနုသာဝေတံဟူ၍ ရွတ်ဆိုကြ၏။ ထိုနှစ်ပါးစုံ

သည်လည်း အတိတ်ကာလကိုသာပြ၏။ အနာဂတ်ကာလကို မပြ၊ ကိတာ ဓာ-တ္ထတ္ထ သမ္မန္ဓဟ္ဘူသည် ဝိသေသန ဝိသေသျဖြစ်၍ ယှဉ်စပ်သော ပုဒ်နှင့်တူသော အနက်ရှိသော်သာ ဖြစ်၏။ မရှိသော် မဖြစ်။ ထို့ကြောင့် အနာဂတ်ကာလကို မပြနိုင် မယူနိုင်။ အနုသာဝိတံပုဒ်သည် အကယ်၍ အနာဂတ်အနက် ဖြစ်ငြားအံ့။ အနုသာဝိတံ ဟေဿတီဟု အနာဂတ်ကြိယာနှင့်တွဲ၍ ဟောတော်မူ ရာ၏။ ဟောကား မဟော။ ထိုသို့မဟောခြင်းကြောင့် အနာဂတ်အနက် မဖြစ် နိုင်ရကား အတ္ထယုတ္တိမရှိ။ ဤသို့ အတ္ထယုတ္တိ မရှိခြင်းကြောင့် မသင့်ဟု သိ။

အဋ္ဌကထာဝါဒ။ ။"ယာဝတတိယံ အနုသာဝိတံ ဟောတိ" ဟူသောစကား သည် ဥပလက္ခဏနည်းမျှသာ ဖြစ်၏။ ထိုပါတိမောက်ကို သုံးကြိမ်တိုင်အောင် မေးစစ်ခြင်းကို ပြခြင်းအကျိုးငှါ "တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ" စသော စကားရပ်ကို မိန့်ဆိုအပ်၏။ ထို တတ္ထာယသ္မန္တေ စသောစကားသည် နိဒါန်း၏ အဆုံးဌ မရှိ။ပါရာဇိကစသည်တို့၏ အဆုံးဌသာရှိ ၏။ ထိုသို့ပင် ရှိသော်လည်း ပါတိမောက် ပြဆိုသောကာလ၌ "အာဝုကတာ ဟိဿ ဖာသု ဟောတိ"ဟု ဆိုပြီးသော် ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ တတ္ထာယသ္မန္တေ ပုစ္ဆာမိ"စသော စကားကို ဆိုရမည်။ ဤသို့ဆိုပါမှ နိဒါန်းကို ကောင်းစွာပြဆိုရာရောက်မည်။ထိုစကားကို မဆိုက ကောင်းစွာ ပြရာမရောက်။ ဥပေါသထက္ခန္ဓက ၌ "ယာဝ တတိယံ အနုသာဝိတံ ဟောတိ"ကို "သကိံ ပိ အနုသာဝိတံ ဟောတိ"စသည်ကိုထောက်၍ ယာဝတတိယံ စသော စကားသည် ဥပလက္ခဏနည်းမျှသာ ဖြစ်သည်ဟု သိ။

ပိဏ္ဍတ္ထ။ ။မေးစစ်အပ်ပါလျက် ထင်စွာ မပြုသည်ရှိသော် သမ္မဇာန မုသာ ဝါဒဒုက္ကဋ်သင့်၏။ ထိုအာပတ်သည် နိဒါန်းအတွင်းကား အနာပတ္တိ ဝါရခေတ် ဖြစ်သောကြောင့် နိဒါန်း၏ အတွင်း၌ မသင့်စကောင်း။ နိဒါန်း အဆုံး ယာဝ တတိယာနုသဝန၏ အဆုံး၌သာ သင့်ကောင်းသည်။ ထို ယာဝ-တတိယာနုသဝန ကိုလည်း ဆိုလတ္တံ့သော "တတ္ထာ ယသ္မန္တေ ပုစ္ဆာမိ"စသော စကားဟုသိ။ ထို့ကြောင့် ဓာရယာမိသို့ ရောက်မှ သမ္မဇာန မုသာဝါဒ ဒုက္ကဋ် အာပတ်သင့်ရမည် ဟူ၏။

ယော ပန ဘိက္ခု–နာဝိကရေယျ။ ။ယော-ကား အနိယမတ္ထဝါစီပယောဂ ဝန္တ သဗ္ဗနာမ်ပုဒ်။ ဘိက္ခုနှင့် တွဲစပ်၍ အနက်ပေးရကား ရဟန်းဒြပ်ကို အရကောက်။ ။ပန-ကား ပဒါလင်္ကာရဋ္ဌ နိပါတ်၊ အနက်အထူး မရှိဟူ၏။ ။အနုသာဝိယမာနေ-ကား လက္ခဏဝန္တ ကတ္တာ၊ သတိ ကြိယာ ထည့်စပ်။ ။တနည်း–အနုသာဝိယမာနေ နောင်

အဝယာနပုဒ်တခု အကျေကြွေ၍ ဟောတိ၌ ဝိသယာဓာရလည်း စပ်နိုင်သည်။ ဤပုဒ်သည် အနက်နှစ်မျိုးရစေကောင်းသောကြောင့် သဒ္ဒါနည်းအလို ဘိန္နသတ္တိနည်း, အလက််ာနည်းအလို သိလေသနည်းဟု သိ။ ။သရတိ ဇာနာတီတိ သရမာနော။ အာပတ်သင့်သည့် အဖြစ်ကို သိသော ရဟန်းကို ဟောသော ကြိယာဝိသေသန ပုဒ်။ တနည်း-"သရမာနော၊-သော။ ယော ပန ဘိက္ခု၊-သည်" ဟု ဟေတုမန္တဝိသေသန အနက်ပေး၍ ဘိက္ခုဒ်လည်း စပ်။ ဤသို့ စပ်သော် ရှေးအဘို့၌ သိသည့် အဖြစ်ကိုဂုဏ်း, ထင်စွာ မပြုသောခဏဟု ဆိုအပ်သော တုဏှီဘာဝခဏ၌ သိသည့်အဖြစ်ကိုဂုဏ်း ပြရာရောက်၏။ ထို့ကြောင့် တန္တိနည်း, ဘိန္နသတ္တိနည်း, သိလေသနည်းတို့၏ အစွမ်းအားဖြင့် ကတ္တာကြိယာတို့၏အလယ်၌ ထားသည်ကို သိ။ ။အဿတိ ဘဝတိ သံဝိဇ္ဇတီတိ သန္တီ။ ခုနစ်ပါးသော အာပတ်တို့တွင် တပါးပါးသော အာပတ်ကို ရစေ။ ။နာဝိက ရေယျ-ကား သံဃာ့အလယ် ဂိဏ်းအလယ် တယောက်သောပုဂ္ဂိုလ်ထံ ဒေသနာ မကြား ထင်ရှားမပြု တုဏှဘာဝ ဆိတ်ဆိတ်ဖြစ်၍နေသည်ကို ဆိုသည်။

သမ္မဇာန-ဟောတိ။ ။သံဝိဇ္ဇမာနံ ပကာရေန ဇာနိတ္ထာတိ သမ္မဇာနံ။ မိမိ သန္တာန်၌ ထင်ရှားရှိသော အာပတ်ကို ဝတ္ထုဟု ဆို အပ်သော အပြားအားဖြင့် ရှေးအဘို့၌ သိသော ပုဂ္ဂိုလ်ကို ရစေ။ သံဝိဇ္ဇမာနံ ပကာရေန ဇာနာတီတိ သမ္မဇာနံ။ ဆိုဆဲခဏ၌ သိသော ပုဂ္ဂိုလ်ကို ရစေ။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ကျင့်အပ်သောကြောင့် "ဥပသမ္မန္နေန ဥပသမ္မန္နာယ သိက္ခံဒတ္ဗံ"ဟု ဆိုဗျပ်လျက် ကေသေသ သာမည နိဒ္ဒေသနည်း အားဖြင့် "ဥပသမ္မန္နသိက္ခိတဗ္ဗံ"ဟု ဆိုဒးပ်သကဲ့သို့ ထို့အတူ ရှေးအဘို့၌သိခြင်း, ဆိုဆဲခဏ၌သိခြင်း နှစ်ပါးကို အလိုရှိအပ်သောကြောင့် သမ္မဇာန, သမ္မဇာနဟု ဟောဗျပ်လျက် သာမည်နိဒ္ဒေသ နည်းအားဖြင့် သမ္မဇာနဟု ဟောတော်မူသည်။ တနည်း-သမ္မဇာနိတ္ထ သမ္မဇာနာတီတိ ဝါ သမ္မဇာနံ။ ရှေးအဘို့၌ သိခြင်း, ဆိုဆဲခဏ၌ သိခြင်းနှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ရစေ။ "န ဟာပေမိ န ဟာပေဿာမိတိ အဟာပယံ"ဟူသော မဏိမဥ္ဇူ။ ကို ထောက်။ ဤ၌ နိဂ္ဂဟိတ်ကျေသည့် အစွမ်းအားဖြင့် ကြိယာဝိသေသနဖြစ်သော ဂစ္ဆန္တာဒိဂိုဏ်း သဒ္ဒါတည်း။

သမ္ဗဟုလ-ဟောတိ။ ။သံဝိဇ္ဇမာနံ ပကာရေန ဇာနိတ္ထာတိ သမ္မဇာနံ။ မိမိ သန္တာန်၌ ထင်ရှားရှိသော အာပတ်ကို ဝတ္ထုဟု ဆို အပ်သော အပြားအားဖြင့် ရှေးအဘို့၌ သိသော ပုဂ္ဂိုလ်ကို ရစေ။ သံဝိဇ္ဇမာနံ ပကာရေန ဇာနာတီတိ သမ္မဇာနံ။ ဆိုဆဲခဏ၌ သိသော ပုဂ္ဂိုလ်ကို ရစေ။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ကျင့်အပ်သောကြောင့် "ဥပသမ္မန္နေန ဥပသမ္မန္နာယ သိက္ခံဒတ္ဗံ"ဟု ဆိုဗျပ်လျက် ကေသေသ သာမည နိဒ္ဒေသနည်း အားဖြင့် "ဥပသမ္မန္နသိက္ခိတဗ္ဗံ"ဟု ဆိုဒးပ်သကဲ့သို့ ထို့အတူ ရှေးအဘို့၌သိခြင်း, ဆိုဆဲခဏ၌သိခြင်း နှစ်ပါးကို အလိုရှိအပ်သောကြောင့် သမ္မဇာန, သမ္မဇာနဟု ဟောဗျပ်လျက် သာမည်နိဒ္ဒေသ နည်းအားဖြင့် သမ္မဇာနဟု ဟောတော်မူသည်။ တနည်း-သမ္မဇာနိတ္ထ သမ္မဇာနာတီတိ ဝါ သမ္မဇာနံ။ ရှေးအဘို့၌ သိခြင်း, ဆိုဆဲခဏ၌ သိခြင်းနှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ရစေ။ "န ဟာပေမိ န ဟာပေဿာမိတိ အဟာပယံ"ဟူသော မဏိမဥ္ဇူ။ ကို ထောက်။ ဤ၌ နိဂ္ဂဟိတ်ကျေသည့် အစွမ်းအားဖြင့် ကြိယာဝိသေသနဖြစ်သော ဂစ္ဆန္တာဒိဂိုဏ်း သဒ္ဒါတည်း။

မုသဒကား မဟုတ် မမှန်သည်ကို ဟောသော အဘူတဝါစကနိပါတ်။ ဝဒန္တိ ဧတေနာတိ ဝါဒေါ။ဆိုကြောင်းစကားကို ရစေ။ ။မုသာ စ သော ဝါဒေါစာတိ မုသာဝါဒေါ။ မဟုတ်မမှန်ဆိုကြောင်းစကားကို ရစေ။ ။ဤဝစနတ္ထဖြင့် မဟုတ် မမှန်ဆိုကြောင်း စကားကိုပင် ရငြားသော်လည်း ဒုက္ကဋ်ကိုယူ။ "ဓနုနာ ဝိဇ္ဈတိ, စက္ခုနာ ပဿတိ"တို့၌ကဲ့သို့ ဥပစာဟုသိ။ တနည်း-ဝစနံ ဝါဒေါ၊ ဆိုခြင်း

ဝစီဘေဒကြိယာကို ရစေ။ တရားကိုယ်အားဖြင့် ဝစီဝိညတ်တည်း။ ။မုသာဝါဒဿ ဝါဒေါ မုသာဝါဒေါ။ မဇ္ဈလောပ တပ္ပုရိသ်။ သို့မဟုတ် ဥတ္တရပလောပကြံ။ ချတ်ယွင်းသောစကားကို ဆိုခြင်း ကြိယာကို ရစေ။ ဤဝစနတ္ထဥ်လည်း ရှေးနည်းတူ ဥပစာနည်းယူ၍ ဒုက္ကဋ်အာပတ်ကိုပင် အရကောက်။ ဤ သမ္ပဇာန မုသာဝါဒေါကို သမာသ်ဟူ၍ဂုင်း, ဝါကျဟူ၍ဂုင်း နှစ်မျိုးကြံကြ၏။ ။အဿကား "သရမာနော သန္တိံ အာပတ္တိံ နာဝိကရေယျ" ကိုစွဲသော နိယမဝါစီသဗ္ဗနာမ်ပုဒ်။

ပိဏ္ဍတ္ထ။ ။အာပတ်သင့်သည့် အဖြစ်ကို သိလျက် ထင်ရှားရှိသော အာပတ်ကို အာဝိကရဏ မပြုသော ရဟန်းအား ယာဝ တတိယာနုသဝန၏ အဆုံးဌ် မတရားဝန်ခံခြင်းဟု ဆိုအပ်သော ဆိတ်ဆိတ် နေခြင်းကြောင့် (ဝါ၊ ထင်စွာမပြုခြင်းကြောင့်) သမ္ပဇာန မုသာဝါဒ ဒုက္ကဋ် အာပတ်သင့်၏ဟု ဆိုလိုသည်။

အထူး။ ။ပါရာဇိက အာပတ်ကို ထင်စွာမပြုသော ပုဂ္ဂိုလ်သည် ရဟန်းမဟုတ်သောကြောင့် သမ္ပဇာန မုသာဝါဒ ကမ္မပထသာ ဖြစ်၏၊ ဒုက္ကဋ်မသင့်၊ ကြွင်းခြောက်ပါးသော အာပတ်တို့ကို ထင်စွာမပြုသောရဟန်းသည်သာ သမ္ပဇာန မုသာဝါဒ ကမ္မပထလည်းဖြစ်, ဒုက္ကဋ်လည်း သင့်၏ဟု သိ။

စောဒနာ, သောဓနာ။ ။မနောဒ္ဓါရဋ္ဌ အာပတ်မည်သည် မရှိဟု ဟောတော်မူခြင်းကြောင့် ကိုယ်နှုတ်နှစ်ပါးဖြင့် ပြုလုပ်ပြောဆိုခြင်း မရှိဘဲ ဆိတ်ဆိတ်နေသော ရဟန်းအား ဒေသယ်ကြောင့် သမ္ပဇာနဒုက္ကဋ် အာပတ် သင့်သနည်း။ [ဤကား စောဒနာ]။ ။အာပတ်ရှိလျှင် ထင်စွာ ပြုပါဟု တိုက်တွန်းလျက် ဆိတ်ဆိတ်နေသော ရဟန်းအား ဆိတ်ဆိတ်နေခြင်းသည် နှုတ်ဖြင့်ပြောရမည်ကို မပြောဘဲ လိမ်ရာဆောက်သောကြောင့် ဒုက္ကဋ်အာပတ် သင့်သည်။ [ဤကားသောဓနာ]။ ။"သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယံ" ဟု ဟောတော်မူခြင်းကြောင့် ပါစိတ်အာပတ်သာ သင့်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဒုက္ကဋ် အာပတ်သင့်သနည်း၊ [ဤကားစောဒနာ]။ ။မုသာဝါဒလက္ခဏာ မရှိ၊ ဝစီဒ္ဓါရ ပြုသင့်သော အာမဋ္ဌကို မပြုခြင်းအကြိယ သမုဋ္ဌာန်ဖြစ်သောကြောင့်ဒုက္ကဋ်သာသင့်သည်၊ပါစိတ်မသင့်ဟုဖြေ။[ဤကားသောဓနာ။]

အနုသန္ဓိ—ယခုအခါ သမ္ပဇာန မုသာဝါဒ၏ အကြောင်း အဆက်ဆက် အားဖြင့် ရအပ်သောအဖြစ်ကိုပြလိုရကား သမ္ပဇာန-ဘဂဝတာကို မိန့်တော်မူအပ်သတည်း။

သမ္ဗာန မုသာဝါဒ။ ။ရွေးအဘိုဠ်လည်း အာပတ်သင့်မှန်းသိ၍ ထင်စ္ဘာ မပြု သော ခဏ်လည်း သိသော ရဟန်းအားသာ သမ္ဗာနမုသာဝါဒ ဒုက္ကဋ် အာပတ်သင့်သည်ဟုသိ။ ။ခေါကား-ကေန္တတ္ထ အနက်ဋ္ဌ နိပါတ်။ ။ပန-ကား-ဝိသေသတ္ထ နိပ်ပါတ်။ အန္တရာယ် ပြုတတ်သည်၏ အဖြစ်ဟုဆို အပ်သော အထူးကိုပြဘ၀ည်။လဒ္ဓဒေါသလည်းပေးနိုင်၏။ ။အာယသ္မန္တော-ကား အာလုပ်ပုဒ်။ ။အန္တရေ ဝေမတ္တေ၀ တေ ဂစ္ဆတိတိ အန္တရာယော။ သတ္တ၀ါ၏ သန္တာန်၏အလယ်ဌာကျရောက်တတ်သော အကျိုးမဲ့ကိုရစေ။ ။အန္တရာယံ ကရော-တိတိ အန္တရာယိကော။သမ္ဗာန် မုသာဝါဒ ဓမ္မကိုရစေ။ ထိုသမ္ဗာန မုသာဝါဒ သို့ ရောက်သောကြောင့် စိတ်နှလုံး မသာယာခြင်း ဝိပ္ပဋိသာရဖြစ်၏။ ထိုဝိပ္ပဋိ-သာရကို အကြောင်းရင်းခံ၍ ပါမောဇ္ဇ ပီတိ ပဿဒ္ဓိ စသည်တို့ကို တားမြစ်၍ စျာန် မဂ် ဖိုလ် နိဗ္ဗာန်တို့၏ အန္တရာယ်ကို ပြုတတ်သည်။ မသိသဖြင့် လွန်ကျူး မိသော ပဏ္ဏာတ္တိ၀ဇ္ဇအာပတ်ကား-အန္တရာယ်ကို မပြုတတ်ဟုသိ။ **ပရိ၀ါအဋ္ဌကထာ**ဌီလည်း စောနာနှင့်ဟက္ခ လွန်ကျူးမိသော် သဂ္ဂန္တရာယ်, မောက္ခန္တရာယ်ကို ပြုတတ်သည်၊ မသိသဖြင့် လွန်ကျူးမိသော ပဏ္ဏတ္တိ၀ဇ္ဇအာပတ်ကား အန္တရာယ် မပြုဟတ်၊ အာပတ်သင့်ပြီးသော ရဟန်းအားလည်း ဒေသနာကံ အာပတ်ကို ဒေသနာကြား, ဝုဋ္ဌာနကံ အာပတ်ကို ဝုဋ္ဌာနကံ ပြုပြီး၍ အာပတ် စင်ကြယ်လတ်သော် ပါရာဇိက အာပတ်ဖြစ်မူ သာမဏေ အရာဌ် တည်လတ်သော် နတ်ရွာခရီး နိဗ္ဗာန်ခရီးကို မတားမြစ်ဟု မိန့်ဆိုတော်မူ၏။ အချို့ကား အာပတ္တာဓိကရဏ်း သည် အကုသိုလ်ဖြစ်၍ ဒေသနာကြားပြီးစကာမူ, ဝုဋ္ဌာနကံ ပြုပြီးစေကာမူ အန္တရာယ်ကို ပြုတတ်၏ဟု ဆို၏။ အဋ္ဌကထာနှင့် မညီ၍မသင့်။

ဆောင်— စေတနာနှင့်၊ ကျူး၍သင့်ကြ၊ အာပတ်က၊ ပြုထ အန္တရာယ်။
မသိကျူးဘ်၊ ပဏ္ဏတ္တိ၊ မရှိ အန္တရာယ်။

ဓာရေတီဘိ ဓမ္မော။ ဂါမဓမ္မော, ဝသလဓမ္မော စသည်တို့၌ ဓမ္မသဒ္ဒါသည် အာစာရ အနက်၌ ဖြစ်သကဲ့သို့ ဤ၌လည်း ဓမ္မသဒ္ဒါ အာစာရ အနက်၌ဖြစ်၏။ အာစာရအနက်၌ ဖြစ်ကြောင်းကို သမ္ဗာနမုသာဝါဒေါနှင့် တူလျာမိကရဏ ဖြစ်ခြင်းကြောင့် သိနိုင်၏။ [သမ္ဗာနမုသာဝါဒလည်း မမှန်သော စကားကို ပြောဆိုမှုကို ပြုကျင့်သည်။ ဓမ္မလည်း ထိုအမှုကို ပြုကျင့်ခြင်းကိုပင်ရ၍ အာစာရ အနက် ဟောကြောင်း သိနိုင်သည် ဟူ၏]။ တနည်း-အာပတ်ဟူသော အနက်လည်း သင့်၏။ ၎င်းဓမ္မသဒ္ဒါ၏ နောက်၌ အာကာရအနက်ရှိသော ဣတိသဒ္ဒါကို ဝုတ္တောဟူသော ကြိယာ၏ ကံတခုကိုသာ ငဲ့သည်၏အစွမ်းဖြင့် မထည့်ဘဲ ထားသည်၊ အနက်ပေးသောအခါ အာကာရဣတိ-သဒ္ဒါ အနက်ပေါ်အောင် ပေး၊ ထို့ကြောင့် "ဓမ္မော၊ အာပတ် ဟူ၍" ဟု အနက်ပေးလိုက်သည်။ ဣတိ-သဒ္ဒါ

အကျေကြံ။ ။ဥစ္စိတ္ထာတိ ဝုတ္တော။ ဒေသနာဉာဏ်ဖြင့် ဟောအပ်ပြီးသော သမ္မာဒိဋ္ဌိသမ္ပယုတ်ဝါဒကို ရစေ။

စောဒနာ, သောဓနာ။ ။မိမိဟု ဆိုအပ်သော မြတ်စွာ ဘုရားသည်သာ ဟောအပ်သည်၏ အဖြစ်ကြောင့် ဝုတ္တော မယာဟု ဆိုသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဓုဇတ္တော ဘဂဝတာ-ဟု ဟောအပ်ပါသနည်း။ [ဤကား စောဒနာ]။ ။ငါဟူသော အခြင်းအရာအားဖြင့် မိမိကိုယ်ကို မချီးမြှောက်လိုသောကြောင့်ရင်း, ဒေသနာ၏ တင့်တယ်စမွယ်ခြင်းကို ပြလိုသောကြောင့်ရင်း, အလုံးစုံသော ဘုရားရှင်တို့သည် ဟောအပ်သည့် အဖြစ်ကို ပြလိုသောကြောင့်ရင်း, ဘဂဝတာဟု ဟောတော်မူသည်။ [ဤကား သောဓနာ]။ ။ဓမ္မရတနံ ဗိဘဇိတိ ဝိဘတ္တာဂါ၊ ထိုဝိဘတ္တဝါသည်ပင် နိရုတ္တိနည်းအားဖြင့် ဘဂဝါဖြစ်သည်။ ဓမ္မရတနာကို ဝေဘန်၍ ဟောကြားတတ်သော မြတ်စွာဘုရားကို ရစေ။

အနုသန္ဓိ—ယခုအခါ လဒ္ဓဂုဏဝါကျကို ပြတော်မူလိုရကား တဿမာ သဒ္ဓမ္မာ သရမာနေန-အာဝိကာတဗ္ဗာကို မိန့်တော်မူအပ်သတည်း။

တဿမာ-ကား ဟိတ်အနက်ကို ဟောသော သဗ္ဗနာမ်ပုဒ်။ "ယတဿဒ္ဓါနံ နိစ္စသမ္မန္နတ္တာ"နှင့်အညီ ယသ္မာပုဒ် ထည့်၍သော်လည်း အနက်ပေး။ ပေးပုံ-"ယသ္မာ၊ အကြောင်းအကြောင်းကြောင့်။ အနာဒိကရဏသခ်ါတော၊ ထင်စွာမပြုခြင်းဟု ဆိုအပ်သော။ သမ္မာဒိဋ္ဌိသမ္ပယုတ်ဝါဒေါ၊-သည်။ ခေါ၊ စင်စစ်။ အန္ဓာရုယိကော၊-သည်။ ဟောတိ၊-၏။ တသ္မာ၊ ထို့ကို ထင်စွာမပြုခြင်းဟု ဆိုအပ်သော သမ္မာဒိဋ္ဌိသမ္ပယုတ်ဝါဒသည် စင်စစ် အန္ဓာရုယ်ကိုပြုတတ်သောကြောင့်" ဤသို့ အနက်အကျယ်လည်း ပေး။ ။သရမာနေန-ကား မိမိ၌ ထင်ရှားရှိသော အာပတ်ကိုသိသော ရဟန်းကိုဆိုသည်။ ဤပုဒ်ဖြင့် သမ္မာဒိဋ္ဌိသမ္ပယုတ်ဝါဒ၏ သစိတ္တကအဖြစ်ကို ပြသည်။ အာပတ်သင့်မှန်း မသိ၍ ဆိတ်ဆိတ်နေသောရဟန်းအား သမ္မာဒိဋ္ဌိသမ္ပယုတ်ဝါဒ ဒုက္ကဋ် အာပတ် မသင့်ဟု ဗျတိရေကအားဖြင့် သိ။ ။ဘိက္ခုနာ-ကား အာဝိကာတဗ္ဗာ၌ တဗ္ဗာစ္စည်းသည် မဟောအပ်သော အဝုတ္တကတ္တာ၊ ဤဘိက္ခုနာပုဒ်၏ရှေး၌ ယေန ဟူသော အနိယမပုဒ်ကိုထည့်၍ "ယေန ဘိက္ခုနာ၊ အကြင်ရဟန်းသည်"ဟု အနက်ပေး။ ယေနပုဒ်ကို ထည့်ခြင်းကား အာဝိကတာ ဟိဿ ဖာသု ဟောတိ၌ အဿဟူသော နိယမပုဒ်ကို ထောက်၍ ထည့်လိုက်သည်။ ။အာပတ္တိံ အာပဇ္ဇိတ္ထာတိ အာပန္နော။ အာပတ်သို့ရောက်ကြီးသော ရဟန်းကို ရစေ။ဤအလို အာပန္န-ကား ဘိက္ခုနာ၏ ဝိသေသနတည်း။ အာပဇ္ဇိယတိ ပါပုဏိယတီတိ အာပန္နော၊ ရောက်အပ်သော အာပတ်ကို ရစေ။ ဤအလို အာပန္နေနကို "ရောက်အပ်ပြီးသော

အာပတ်မှ”ဟု အနက်ပေး၍ ပဉ္စမီအနက်၌ နာဝိဘတ်သက်၍ ဝိသုဒ္ဓိဉ်စပ်။ ။ ဝိသုဇ္ဈန် ဝိသုဒ္ဓိ၊ စင်ကြယ်ခြင်းကြိယာကို ကောက်။ ဝိသုဒ္ဓိ အပေက္ခတိ ဣစ္ဆတိ ဝိသုဒ္ဓါပေက္ခော။ စင်ကြယ်ခြင်းကြိယာကို အလိုရှိသော ရဟန်းကို ရစေ။ ။သန္တီ အာပတ္တိ-ကား ဝုတ္တကံပုဒ်။ ။အာဝီ ကရိယတေတိ အာဝိကာတမ္မာ။ ထင်စွာပြုအပ်သော အာပတ်ကိုရစေ။ ။ထင်စွာပြုပုံ–သံဃာ့အလယ်၌ ဖြစ်စေ, ဂိုဏ်းအလယ်၌ဖြစ်စေ, ပုဂ္ဂိုလ်တပါးထံ၌ဖြစ်စေ, ဒေသနာသော်လည်းကြား၊ ထင်ရှားသော်လည်း ပြု။ အယုတ်ဆုံး အနီးရှိ ရဟန်းတပါးအား ငါ့ရှင် ငါသည် ဤမည်သော အာပတ်သို့ရောက်၏။ ဤနေရာမှထသော် ထိုအာပတ်ကို ကုစားပါအံ့ဟု ဆိုရမည်။ အကယ်၍ ဝေမတိကဖြစ်အံ့၊ ငါ့ရှင် ငါသည် ဤမည်သော အာပတ်၌ ယုံမှားရှိ၏။ ယုံမှားခြင်း ကင်းသောအခါ ကုစားပါအံ့ဟု ဆိုရမည်။ သို့ပင် ဆိုသော်လည်း သဘာဂရဟန်းကိုသာ ဆိုရမည်၊ ဝိသဘာဂရဟန်းဖြစ်မူ ဆိုရန်မလို။ ဤနေရာမှထသော် အာပတ်ကို ကုစားပါအံ့ဟု အာဘောဂထား၍ ဥပုသ်ပြုရမည်။ ဤဝါကျ၌ ပါဠိအစဉ်အတိုင်း အနက်ပေးသော် “တသ္မာ၊ ထိုသို့ထင်စွာ မပြုခြင်းဟု ဆိုအပ်သော သမ္မာနမုဿာဝါဒသည် စင်စစ် အန္တရာယ်ကို ပြုတတ်သောကြောင့်။ သရမာနေန၊ မိမိ၌ ထင်ရှားရှိသော အာပတ်ကိုသိသော။ ယေန ဘိက္ခုနာ၊–သည်။ အာပန္နေန၊ ရောက်အပ်ပြီးသော အာပတ်မှ။ ဝိသုဒ္ဓါပေက္ခေန၊–သည်။ ဟုတ္ဝာ၊–၍။ အကာမေနာပိ၊ အလိုမရှိဘဲလည်း။ သန္တီ၊–သော။ အာပတ္တိ၊–ကို။ အာဝီကာတဗ္ဗာ၊ ဒေသနာကြားထင်ရှားလည်း ပြုအပ်၏”။ဤသို့ အနက်ပေး။

အနုသန္ဓိ—ယခုအခါ အာဝီကရဏ၏ ပစ္စည်း အဆက်ဆက်အားဖြင့် ဖြစ်သော အကျိုးကို ပြတော်မူလိုရကား အာဝီကတာ ဟောတိကို မိန့်တော်မူအပ်သတည်း။

အာဝီ ကရိယတေ အာဝိကတာ၊ အာဝိကတာသည် အလင်္ဂီတာ စသည်တို့၌ကဲ့သို့ ကရိဏ်းအနက်၌ ပထမာဝိဘတ် သက်ထားသည်၊ ကြောင့်-ဟု အနက်ပေး။ ။ဟိ-ကား နိပါတ်ပုဒ်၊ အနက်ထူးမရှိဟု အဋ္ဌကထာဆို၏။ တနည်း–အကြင်အကြောင်းကြောင့် မြတ်စွာဘုရားသည် သာတ္ထ သဗျဉ္ဇန ဖြစ်သော တရားတော်ကို ဟောတော်မူ၏။ အကြင်အကြောင်းကြောင့်လည်း အလင်္ကာကျမ်း၌ အနက်မရှိသော ပုဒ်သည် အနတ္ထကဒေါသသင့်သည်ဟု ဆို၏။ ထို့ကြောင့် သဒ္ဒါရိပ် အနက်ရိပ် စသည်လျှောက်၍ ဟိသဒ္ဒါ အဝဓာရဏ အနက်, ကာရဏဇောတကအနက်, ဖလဇောတကအနက်သည်လည်း ဖြစ်သင့်သေး၏ဟု ပညာရှိများ ကြံကြသေး၏။ ၎င်းအနက်ပေးပုံများကို နောက်၌ ပြအံ့။ ။ အာသ-ကား အနိယမဝါစီ သဗ္ဗနာမ်ပုဒ်။ အာပတ်ကို အာဝီကရဏ ပြုသော

ရဟန်းကိုစဲ့။ ။ဖာသု-ကား ချမ်းသာကိုဟောသော အနိပ္ပန္န ပါဠိပဒိကပုဒ်။ ဥဒ္ဒေသပါဠိဌ် ဖာသု ဟောတိဟု သာမည ဟောသော်လည်း နိဒ္ဒေသပါဠိဌ်၌ဂုဏ်း, အဋ္ဌကထာ၌ဂုဏ်း, "ပထမဇ္ဈာနာဒီနံ အဓိဂမာယ ဖာသု ဟောတိ" ဟု မ်ာဂပဒ-ဝဏ္ဏန နည်းအားဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ဤဆိုလတ္တံ့သော အဓိပ္ပါယ်ကိုမှတ်။အာပတ်ကို ထင်စွာပြုခြင်းဟူသော အကြောင်းကြောင့် စိတ်နှလုံး မသာယာခြင်း ဝိပ္ပဋိသာရ မဖြစ်။ ဝိပ္ပဋိသာရ မဖြစ်ခြင်းဟူသော အကြောင်းကြောင့် ပီတိအနုစား - ပါမောဇ္ဇ ဖြစ်၏။ ပါမောဇ္ဇ ဟူသော အကြောင်းကြောင့် အရင့်စား ပီတိ ဖြစ်သည်၊ ပီတိကြောင့် ပဿဒ္ဓိ၊ ပဿဒ္ဓိကြောင့် သုခ၊ သုခကြောင့် သမာဓိ၊ သမာဓိကြောင့် ဈာန်မဂ်ဖိုလ်တို့ကို ရခြင်းငှါ ချမ်းသာသည်ဟု အဓိပ္ပါယ်ကိုမှတ်။

ဟိအနက်ပေးပုံ။ ။"အဿ၊ ထိုအာဝီကရဏ ပြုသော ရဟန်းအား။ အာဝီ-ကတာ ဟိ၊-ကြောင့်သာလျှင်။ ဖာသု၊-သည်။ဟောတိ၊-၏"။ ဤကား ဇနပဒနယုတ္တံ ဟိ စသည်၌ ဟိ-သဒ္ဒါကဲ့သို့ အဝဓာရဏတ္ထ။ တနည်း-"ကဿာ၊-ကြောင့်။ အာဝီကာတဗ္ဗာ၊-နည်း။ အဿ၊-အား။ အာဝီ-ကတာ၊-ကြောင့်။ ဖာသု၊-သည်။ ဟိ-ယသ္မာ၊-ကြောင့်။ ဟောတိ၊-၏။ တသ္မာ၊ -ကြောင့်။ အာဝီကာတဗ္ဗာ၊ -၏။" ဤကား ဟိ-သဒ္ဒါ ကာရဏတ္ထ ဇောတကာ။တနည်း-"တံ အာဝီကရဏံ၊-သည်။ ကိံ ပယောဇနံ၊-နည်း။[ထည့်] အဿ၊-အား။ အာဝီကတာ၊-ကြောင့်။ ဖာသု၊-သည်။ ဟောတိ၊-၏။ ဣတိ၊ ဤသို့သော။ ဟိ၊ အကျိုးသည်။ ဟောတိ၊-၏။" ဤကား ဟိသဒ္ဒါ ဖလ ဇောတကတ္ထ။ "ဟိ၊ အကျိုးကို ဆိုဦးအံ့"ဟူ၍လည်း အတိုကောက်ပေးကြ၏။

[ထိုသို့ပင် ဟိ-ကို အနက်အမျိုးမျိုးကြံ၍ ပေးသော်လည်း အလိုရှိအပ်သော အနက်မှ မထူးခြင်းကြောင့် အဋ္ဌကထာ၌ "ဟိတိ နိပါတမတ္တံ"ဟု မိန့်ဆိုတော်မူ၏]။

နိဂုံးနှင့် ယာဝတတိယာနုသဝန

အာယသ္မန္တော၊–တို့။ နိဒါနံ၊ နိဒါန်းကို။ ဥဒ္ဒိဋ္ဌံ ခေါ၊ ပြဆိုအပ်ပြီးသည် သာလျှင်တည်း။ တတ္ထ၊ ထိုနိဒါန်း၌။ အာယသ္မန္တေ၊–တို့ကို။ ပါရိသုဒ္ဓိံ၊ (အာပတ်မှ) စင်ကြယ်ခြင်းကို။ [ထည့်] ပုစ္ဆာမိ၊ မေးပါ၏။ ဝါ၊မေးခြင်းကို ပြုပါ၏။ ကစ္စိ၊ အသို့နည်း။ တ္ထ၊ ဤနိဒါန်း၌။ ပရိသုဒ္ဓါ၊ (အာပတ်ခုနစ်ပုံမှ) စင်ကြယ်ကုန်၏လော။ ။တနည်းကား—ကစ္စိ၊ အသို့နည်း။ ပရိသုဒ္ဓါ၊–ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ။ဒုတိယမို့၊ နှစ်ကြိမ်မြောက်လည်း။ ပုစ္ဆာမိ၊–၏။ ကစ္စိ၊–နည်း။ ပရိသုဒ္ဓါ၊–ကုန်သည်။ အတ္ထ၊–လော။ တတိယမို့၊ သုံးကြိမ်မြောက်လည်း။ ပုစ္ဆာမိ၊–၏။ ကစ္စိ၊–နည်း။ ပရိသုဒ္ဓါ၊–ကုန်သည်။ အတ္ထ၊–လော။ ယသ္မာ၊ အကြောင်းကြောင့်။ အာယသ္မန္တော၊–တို့သည်။ တ္ထ၊ ဤနိဒါန်း၌။ ပရိသုဒ္ဓါ၊–ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှဳ၊ ဆိတ်ဆိတ်နေကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ [ထည့်] ဝေါ၊ ဤသို့ဆိတ်ဆိတ်နေခြင်းကြောင့်။ တေါ၊ ဤအာပတ်ခုနစ်ပုံမှ စင်ကြယ်သည်၏ အဖြစ်ကို။ ဓာရယာမိ၊ သိရ၏။ ဣတိ၊ ဤသည်လျှင် နိဒါန်းအပြီးတည်း။

ပထမော၊ (ပါရာဇိကုဒ္ဒေသစသည်တို့၏) ရှေးဦးစွာ သော။ နိဒါနုဒ္ဒေသော၊ နိဒါနုဒ္ဒေသသည်။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ ရောက်ပြီ။

နိဒါနုဒ္ဒေသ ပြီး၏။

နိဂုံးနှင့် ယာဝတတိယာနုသဝန

အနုသန္ဓိ—ဤသို့ သုဏာတု မေ စသော စကားရပ်ဖြင့် နိဒါန်း၏အကျယ်ဝိတ္ထာရကို ပြပြီး၍ ယာဝုအခါ နိဒါန်း၏ အမည်မျှကို ပြဆိုသော နိဂုံးကို ပြခြင်းအကျိုးငှါ ဥဒ္ဒိဋ္ဌံ ခေါ–နိဒါနံ ဟူသော စကားရပ်ကို မိန့်ဆိုတော်မူအပ်သတည်း။

ဥဒ္ဒိသိတဗ္ဗန္တိ ဥဒ္ဒိဋ္ဌံ။ အကျဉ်းပြဆိုအပ်သော နိဒါန်းစကားရပ်ကို ရစေ။ ခေါ-ကား အဝဓာရဏတ္ထနိပါတ်။ ပဒပူရဏတ္ထ, ကေန္တတ္ထတို့၌လည်း ဖြစ်သင့်သေး၏ဟု သိ။ ။အာယသ္မန္တော-ကား အာလုပ်ပုဒ်။ ။နိဒေတိ နိဒဿေတိ (အာပတ္တိတော ပရိသုဒ္ဓဘာဝံ) တ္ထ ဧတေနာတိ ဝါ နိဒါနံ။ အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို ပြရာ ပြကြောင်းဖြစ်သော သုဏာတု မေ အစ ဖာသု ဟောတိ အဆုံးရှိသော စိတ္တဇသဒ္ဒအစဉ်ကို ရစေ။

အနုသန္ဓိ— ယခုအခါ မေးပုံအခြင်းအရာ ပုစ္ဆနာကာရကို ပြခြင်းအကျိုးငှါ ကစ္စိတ္ထ ပရိသုဒ္ဓါကို မိန့်တော်မူအပ်သတည်း။

ကစ္စိတ္ထကို ကစ္စိ တ္ထေ-ဟု ပုဒ်ဖြတ်။ ကစ္စိ-ကား မေးခြင်းအနက်ရှိသော နိပါတ်ပုဒ်။ ဤနိဒါန်းဌဲ့ အကျုံးဝင်သော "ယဿ သိယာ အာပတ္တိ" ဟူသော ပါဠိဖြင့် ဆက်ဆံသည့် အစွမ်းဖြင့် ပြအပ်ကုန်သော အာပတ် ခုနစ်ပါးတို့မှ စင်ကြယ်ခြင်းကို မေးသည်။ ။တ္ထေ-ကား နိဒါန်းကိုစဲ့သော သဗ္ဗနာမ်ပုဒ်။တနည်း– ကစ္စိ အတ္ထ ဟု ပုဒ်ဖြတ်။ "ကစ္စိ၊အသ္ထိနည်း။ပရိသုဒ္ဓါ –ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော" ဟု အနက်ပေး။ ။ဒ္ဒိန္နံ ပူရဏော ဒုတိယော။ ဤ ဒုတိယဏား ကြိယာဝိသေသနဖြစ်၍ နှစ်ကြိမ်မြောက် မေးခြင်းကြိယာကိုပင် အရကောက်။ ပုစ္ဆာမိကို ပုစ္ဆနံ ကရောမိဟူသော အနက်ကို မှတ်။ "မေးခြင်းကို ပြုပါ၏" ဟု အနက်ပေး။ ဘာဝနပုံဖြစ်သော ကြိယာဝိသေသန၏ စပ်ရာ ကြိယာဝိသေသျဉ် ဘူဓာတ် ကရဓာတ် တို့နှင့် တွဲဘက်၍ ယောဇနာရသည်ဟု ဆိုသော **ဘေဒစိန္တာ** ကိုထောက်။

ဘေဒစိန္တာ——မုဒုံ ပစတိ ဣစ္စတြ၊ပစနံ ဘဝတိတိ စ။
သုခံ သယတိ ဣစ္စတြ၊ ကရောတိ သယနံတိ စ။

အနုသန္ဓိ——ယခုအခါ စင်ကြယ်ခြင်းကြောင့် ဆိတ်ဆိတ်နေခြင်းဖြင့် ဖြေဆိုပုံအခြင်းအရာ ဝိဿဇ္ဇနာကာရသို့ ရောက်သည့် အဖြစ်ကို ပြခြင်း အကျိုးငှါ ပရိသုဒ္ဓတ္ထာ-တုဏှီကို မိန့်တော်မူအပ်သတည်း။

နောက်၌ တသ္မာရှိ၍ ယသ္မာထည့်သည်။ တသ္မာ၌ တ-ကား ပရိသုဒ္ဓကိုစဲ့။ တုဏှီ-ကား ဗဟုဝုစ်ကတ္တာကို ညွှန်ပြသော နိပါတ်ပုဒ်။ ဘဝေယျုံ-ကား ပါဌ-သေသ၊ တုဏှီ ဘဝိတဗ္ဗံကို ထောက်၍ ၎င်းကြိယာကို ထည့်လိုက်သည်။

အနုသန္ဓိ——ယခုအခါ ဆိတ်ဆိတ် နေခြင်းသည် အဘယ်အကျိုး ရှိသနည်းဟူသော အမေးကို ဖြေဆိုခြင်းငှါ ဧဝမေတံ ဓာရယာမိကို မိန့်တော်မူအပ်သတည်း။

ဧဝံ-ကို တုဏှီဘာဝေန–ဝေဒိသာမိကို ထောက်၍ "ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်" ဟု အနက်ဒေပးလိုက်သည်။ ။ဧဝံ-ကား ယသ္မာနောင် ထိုင်သောဝါကျ၌ အကျုံးဝင်သော ပရိသုဒ္ဓကိုစဲ့။ ။ဓာရယာမိ၌ ဓရ-ဓာတ်ကား သိခြင်းအနက်၌ဖြစ်၏။ ဓာရယာမိကို သလ္လက္ခေမိ ဗုဇ္ဈာမိ ဇာနာမိ ဖွင့်သည်ကို ထောက်သည်။ ဣတိ-ကား ပြီးဆုံးခြင်း ပရိသမာပနအနက်၌ဖြစ်သော နိပါတ်ပုဒ်။ (ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်) နိဒါန်းပြီးပြီဟု ဆိုလိုသည်။

မှတ်ချက်။ ။ဥပေါသထက္ခန္ဓက ပါဠိတော်၌ နိဒါန်း၏ အဆုံး၌ တတ္ထာ-
ယသ္မာဒ္ဓေ စသော စကားမရှိ၊ သို့ပင် မရှိသော်လည်း နိဒါန်းကို
ပြဆိုသော ကာလ၌ ထိုစကားနှင့်တကွ နိဒါန်းကို ပြအပ်၏။ထိုသို့ပြုပါမှ နိဒါန်း
သည် ကောင်းစွာပြုခြင်းဖြစ်သည်ဟုဆိုသော အဋ္ဌကထာစကားကြောင့် တတ္ထာ-
ယသ္မာဒ္ဓေ စသော စကားသည် ဗုဒ္ဓမတည္ဟု ဆရာတို့ ဘုရားအလိုအားဖြင့် ထား
သော စကားဟုသိ။

ဘနဒန္တိ—ယခုအခါ နိဒါန်း၏ အပိုင်းအခြားကို မှတ်သားခြင်းအကျိုးငှါ
နိဒါနုဒ္ဒေသော ပထမော ဟူသော စကားကိုဆိုမိန့်။

[ဤနိဒါန်း၌ အနုသန္ဓေစကား မျှားစွာ ရေးလိုက်ခြင်းသည် ဝါကျ
၏ ပိဏ္ဍတ္ထသဘောကို လွယ်ကူစွာသိရှိရန် ရည်ရွယ်သည်။]

နိဒါနုဒ္ဒေသော ပဌမော။ ။ဥဒ္ဒိသိယတိ သရူပေန ကထိယတိ ဧတ္ထ ဧတေနာ-
တိ ဝါ ဥဒ္ဒေသော။ သရူပ်အားဖြင့် ပြဆိုကြောင်း
ဖြစ်သော အလုံးစုံသော ပါတိမောက်ကိုရေ။ နိဒါနသဃ ဥဒ္ဒေသော နိဒါနုဒ္ဒေ-
သော။ နိဒါန်းကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော သဒ္ဒပဗန္ဓ စကားအစဉ်ကို
ရစေ။တနည်း-ဥဒ္ဒိသိ၊ တိဟိ ဥဒ္ဒေသော။ရွတ်ဆိုအပ်သော အလုံးစုံသော ပါတိ-
မောက်ကိုရစေ။ ။နိဒါနဥ္စ တံ ဥဒ္ဒေသော စာတိ နိဒါနုဒ္ဒေသော။ နိဒါန်း
စကားကို ရစေ။ ။ပဘာမသဒ္ဒါ ပမုခသဒ္ဒါကဲ့သို့ ရှေးဦးအစဟူသောအနက်ကို
ပေးသော ဝိဘတ်ပုဒ်။ ။ဟောတေ စာတေတာ ပဌာမော။ ဥဒ္ဒေသ အစဉ်
အားဖြင့် ရှေးဦးစွ ဖြစ်သော နိဒါန်းစကားကို ရစေ။ ဤအစဉ်သည် ဥပုတ္တိကမ,
ဒေသနာကမမျိုး မဟုတ်ဟုသိ၊ ထိုစကား မှန်၏။ ပထမပေါဓိဒ္ဓ မြတ်စွာဘုရား
သည် ဃာဝကတို့၏ လွန်ကျူးခြင်းကို မမြင်သေးသောကြောင့် ပါရာဇိကနှင့်
သံဃာဒိသေသ်တို့ကို ပညတ်ခဲ့ဟော်မမူသေး။ ထိုထိုဝတ္ထု ဖြစ်ခဲ့ပါ လာသည်ရှိသော်
ကြောင်းသော ဂါထားသော ဥဒ္ဒေသ အာပတ်တို့ကိုသာ ပညတ်တော်မူ၏။ထို့ကြောင့်
ဥပုတ္တိကမ, ဒေသနာကမမျိုး မဟုတ်ဘဲ ဥဒ္ဒေသကမသာ ဖြစ်ကြောင်း မှန်သည်
ဟူ၏။

ဥဒ္ဒေသဂါထား အစဉ်ပြေးခြင်း။ ။သာမည, ဝိသေသ နှစ်ပါးတို့တွင် သာမည
ကို ရှေးဦးစွာ ဆိုရသောကြောင့်ဌင်း၊ ဂရု,
လဟု နှစ်ပါးတို့တွင် ဂရုကို ရှေးဦးစွာ ဆိုရသောကြောင့်ဌင်း၊ ဒေတေကိစ္စ,
သတေကိစ္စ နှစ်ပါးတို့ဖြင့် သလောကိစ္စကို ရှေးဦးစွာ ဆိုရသောကြောင့်ဌင်း,
ဤနိဒါနုဒ္ဒေသ စသော ဂါထာသဘာအစဉ်ကို ပြတော်မူသည်ဟု ဆိုကြ၏။

နိဒါန်းအဖွင့် ပြီးပြီ။

၂-ပါရာဇိကဒုဋ္ဌသ

တတြ၊ ထိုပါတိမောက်၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ [ထည့်] စတ္တာရော၊ လေးပါးကုန်သော။ ပါရာဇိကာ၊ ပါရာဇိက အမည်ရှိကုန်သော။ ဣမေ ဓမ္မာ၊ ဤအာပတ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့။ ဝါ၊ သရုပ်အားဖြင့် ပြခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၂-ပါရာဇိကုဒ္ဒေသ

အနုသန္ဓိ—ဤသို့ သီလဝိပတ္တိ, အာစာရဝိပတ္တိတို့နှင့် ဆက်ဆံသော **စကား** ဖြစ်သော နိဒါနုဒ္ဒေသကို ပြပြီး၍ ယခု**အခါ** သီလ ဝိပတ္တိ ဖြစ်သော ပါရာဇိကုဒ္ဒေသကို ပြခြင်း**အကျိုး**ငှါ တတြိမေ စသည် မိန့်တော်မူ**အပ်**သတည်း။

တတြိမေ။ ။တတြိမေကို တတြ ဣမေဟု ပုဒ်ဖြတ်။ တ-သဒ္ဒါ နိယမ**အနက်**ကို ဟောသော သဗ္ဗနာမ်ပုဒ်။ ဝိသယသုံးမျိုး**တို့**တွင် ပက္ကန္တ**ဝိသယ**။ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ဝါကျ၌ပါသော ပါတိမောက္ခကို စဲ့။ ။ဣမေ-သဒ္ဒါ ဆိုလတ္တံ့သော ဓမ္မာကို ငဲ့သော ဝုစ္စမာနာပေက္ခ။ "တတြ၊–၌။ ပရိယာပန္နာ၊–ကုန်သော။ ဣမေ ဓမ္မာ၊ ဤအာပတ်တို့သည်"ဟု အနက်ပေး။ ဤ၌ "**တွေ့**ကံ့တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ"ကို ထောက်၍ ပရိယာပန္နာဟူသော ပါဌသေသကို ထည့်လိုက်သည်။

စတ္တာရော-ဓမ္မာ။ ။စတ္တာရော-ကား သခ်္ယာကို ညွှန်ပြသော သခ်္ယာနိဒ္ဒေသ။ ဤစတ္တာရောဖြင့် ဤ၌ ပါရာဇိကတို့သည် **လေးပါး**သာ ဖြစ်ကုန်၏။ သုံးပါး, ငါးပါးစသည် မဖြစ်ဟု ပြသည်။ တနည်း–**စတ္တာ-ရော-ကား** လေးပါးအရေအတွက်ကို ပိုင်းခြားပြသော စကားတည်း၊ ဤ**လေးပါး** အပိုင်းအခြားကား ဤ၌သာ လာသည့်**အစွမ်း**ဖြင့် ဆိုသည်။ ထိုထို အရာ၌ လာသည့် **အစွမ်း**ဖြင့်ကား ပါရာဇိကတို့သည် နှစ်ဆယ့်**လေးပါး**ဖြစ်ကုန်သေး၏ဟု သိစေသည်။ ။ပါရာဇိကာ-ကား ဇာတ်ကိုစွဲ၍ဖြစ်သော အာပတ်အမည်တည်း။ အာပတ်ဟူသော သာမညအမည်ကဲ့သို့ အလုံးစုံသော အာပတ်တို့နှင့် ဆက်ဆံသော အမည် မဟုတ်။ "ပါရာဇိကာတိ ဇေဝနာမကာ" ဖွင့်သည်ကို ထောက်၊ ထိုအဖွင့်အား**လျော်**စွာ "ပါရာဇိက အမည်ရှိကုန်သော" ဟု အနက်ပေး။ ။ဓမ္မာ-ကား အာပတ်ကိုဟောသည်။ ပါရာဇိကာ ဟူသော

၁-ပထမ ပါရာဇိက

၁။ ယော ပန ဘိက္ခု၊ အကြင်သို့ သဘောရှိသော ရဟန်းသည်။ ဘိက္ခုနံ၊ – တို့၏။ သိက္ခာ သာဇီဝ သမာပန္နော၊ (အဓိသီလဟုဆိုအပ်သော) သိက္ခာ၊ (ပညတ်အပ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော) သာဇီဝသို့ ရောက်လျက်။ သိက္ခံ၊ (အဓိသီလ) သိက္ခာကို။ အပ္ပစ္စက္ခာယ၊ မချမူ၍။ ဒုဗ္ဗလျံ၊ (သာဇီဝ၌) အားနည်းသည်၏ အဖြစ်ကို။ အနာဝိကတ္တာ၊ ထင်စွာမပြု

ဝိသေသနဖြင့် အထူးပြုအပ်သော ဇိသေသ္ယ ဖြစ်ခြင်းကြောင့် အာပတ်ဟူသော အနက်ကို ဟောနိုင်သည်။

ဥဒ္ဒေသံ အာဂစ္ဆန္တိ။ ။ဥဒ္ဒိသိယတီတိ ဥဒ္ဒေသော။ ဣဒါ ဥဒ္ဒေသ-ကား ဘာဝပွဝန-ဘောပြခြင်းသည်၊ (ဘောဟော ပစ္စည်း မပါဘဲ လျက် ဘောအနက် ဖြစ်သင့်သည်ကို ဘာဝပွဝန ဆိုသည်)။ ဥဒ္ဒေသံကို "သရူပန ဥဒ္ဒိသိတမ္ဗတံ" ဟု ဖွင့်သော ကဒ်ါကို ထောက်၍ ဘာဝပွဝန-ဟု သိသည်။ "သရူပအားဖြင့် ပြဒါ်းသည်၏အဖြစ်သို့" ဟု အဖွင့်အတိုင်း အနက်ကျအောင် ပေး။ "သရူပအားဖြင့် ပြခြင်းသို့" ဟူ၍လည်း ပေးကြ၏။ ။ အာဂစ္ဆန္တိကို 'ပါပုဏန္တိဟု ဖွင့်သည်ကို ထောက်၍ "ရောက်ကုန်၏" ဟု အနက် ပေးလိုက်သည်။နိဒါန်း၌ "ယဿ သိယာ အာပတ္တိ" ဟူသော စကားသည် အာပတ် သရူပ်သကောင်ကို ထုတ်ဆောင်၍ပြဘဲ အလုံးစုံသော အာပတ်တို့နှင့် ဆက်ဆံသော စကားဖြစ်သကဲ့သို့ ဤ "ဥဒ္ဒေသံ အာဂစ္ဆန္တိ" ဟူသော စကားသည် အလုံးစုံသော စကားတို့နှင့် ဆက်ဆံသော စကား မဟုတ် "ပါရာဇိကော ဟောတိ" ဟု ဆိုသောကြောင့် အာပတ် သရူပ်သကောင်ကို ထုတ်ဆောင်၍ ပြသော စကား ဟု ဖွင့်ပါ၏။

၁-ပထမပါရာဇိက

အနုသန္ဓိ— ဤသို့ ပါရာဇိက အပိုင်းအခြား သခ်ျာသရူပ်ကို ပြပြီး၍ ယခု အခါ သခ်ျေယျ သရူပ်ကို ပဂ္ဂလာဓိဋ္ဌာန်၏အစွမ်းဖြင့် ပြခြင်းငှါ ထိုသခ်ျေယျ သရူပ်၌လည်း ကာယက်, ဝစီကံ တို့တွင် ကာယက်ကို ရှေးဦးစွာ ပြအပ်သည်၏ အဖြစ်ကြောင့် ကာယက်ကို ရှေးဦးစွာ ပြခြင်းငှါ ထိုကာယက်၌လည်း သာဏတို့က, အနာဏတို့က နှစ်ပါး တို့တွင် အနာဏတို့ကကို ရှေးဦးစွာ ပြခြင်းငှါ ယော ပန ဘိက္ခု စသည်ကို မိန့်တော်မူအပ်သတည်း။

မူ၍။ မေထုနံ ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ အန္တမ-
သော၊ အန္တိမအားဖြင့်။ ဝါ၊ ယုတ်သည်၌ ဖြစ်သောအားဖြင့်။ ဝါ၊ ယုတ်
သော အပိုင်းအခြားအားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မၵ်လည်း။
ပဋိသေဝေယျ၊–အံ့။ ပါရာဇိကော၊ ရှုံးခြင်းသို့ ရောက်စေအပ်သည်။ ဝါ၊
ပါရာဇိက ကျသည်သာလျှင်။ အသံဝါသော၊ (ရဟန်းကောင်းတို့နှင့်တကွ)
ပေါင်းဖော်ခြင်း မရှိသည်။ ဟောတိ၊–၏။

ယော ပန ဘိက္ခု။ ။ယော–ကား အနက်ရှိသော သဗ္ဗနာမ်ပုဒ်။ မမှတ်အပ်
သေးသော အားဖြင့် ပုဂ္ဂိုလ်ကို ညွှန်ပြသည်။ ပန-ကား
နိပါတ်မျှသာ။ အနက်မရှိ။ ထို့ကြောင့် ပဒဘာဇနီ၌ "ယော ပနာတိ ယော
ယာဒိသော"ဟု ပနသဒ္ဒါ၏ အနက်ကို မပြမူ၍ ဝေဘန်တော်မူသည်။ တနည်း–
သဒ္ဒါအနက်နှင့် ပြည့်စုံသော တရားကို မြတ်စွာဘုရား ဟောတော်မူခြင်းကြောင့်
ပနသဒ္ဒါ အတ္ထုပ္ပတ္တိ၌ ပုဒ်ကို တန်းဆာဆင်သော ပဒါလင်္ကာရ။ မာတိကာ
အဖြစ်ဖြင့် ပေထက်တင်သောအခါ အခွို သရုပ်ကို ထင်စွာပြခြင်းအနက်,
အခွို ပကာရန္တရဇောတက အနက်, အခွို ဝိသေသဇောတက အနက်၌ ဖြစ်သည်
ကို ကြံကြသေး၏။

၁။ ဘိက္ခုသည် "ဘိက္ခု"ရဟန်း။ ဧဟိ၊ လာလော့"ဟု ခေါ်သဖြင့် ရဟန်း
အဖြစ်သို့ ရောက်သော "ဧဟိ ဘိက္ခု"ရဟန်း။
[ပဉ္စဝဂ္ဂီ စသော ၁၃၄၁-ယောက်ကို ရည်သည်။]

၂။ သရဏကုံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော "သရဏဂမန"ရဟန်း။
[ပထမဗောဓိ အတွင်း ဗာရာဏသီပြည်၌ ကမ္မဝါစာ မပေါ်မီ
ရဟန်း ဖြစ်သော ရဟန်းတို့ကို ရည်သည်။]

၃။ အဆုံးအမ ဩဝါဒကို ဝန်ခံသဖြင့် ရဟန်းအဖြစ်သို့ ရောက်သော
"ဩဝါဒ ပဋိဂ္ဂဟဏ"ရဟန်း။
[အရှင် မဟာကဿပကို ရည်သည်။]

၄။ ပြဿနာ ဖြေဆိုနိုင်သဖြင့် ရဟန်းအဖြစ် ခွင့်ပြုသော "ပဉ္ဉာပဏ-
ရဏ"ရဟန်း။
[သောပါက သာမဏေကို ရည်သည်။]

၅။ ဂရုဓမ်တရား ရှစ်ပါးကို ဝန်ခံသဖြင့် ရဟန်းအဖြစ် ခွင့်ပြုသော "အဋ္ဌ
ဂရုဓမ္မ ပဋိဂ္ဂဟဏ"ရဟန်း။
[မဟာပဇာပတိဂေါတမီကို ရည်သည်။]

၆။ တမန်စေသဖြင့် ခွင့်ပြုသော "ဒူတေနူပသမ္ပဒ"ရဟန်း။
[အဓုကာသိန်ကို ရည်သည်။]

၇။ ကမ္မဝါစာ ရှစ်ကြိမ်ဖြင့် ရဟန်း ဖြစ်သော "အဋ္ဌဝါစိက"ရဟန်း။
[မဟာ ပဇာပတိဂေါတမီမှတပါးသော ဘိက္ခုနီမတို့ကို ရည်သည်။]

၈။ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းဖြစ်သော "ဥတ္တိစတုတ္ထ"ရဟန်း။
[ရာဓပုဏ္ဏား စသည်ကို ရည်သည်။]

ဤရဟန်း ၈-မျိုးတို့တွင် ဥတ္တိစဘုတ္ထ ဥပသမ္ပဒကံဖြင့် ရဟန်းဖြစ်သော ရဟန်းမျိုးကို ဘိက္ခုအရှင် ဃူ။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် ဖြစ်မူ ကြွင်းသော ၇-မျိုး ကိုလည်း ယူနိုင်သည်။

မှတ်ချက်။ ။ဥတ်ကို ရှေထား၍ ဖတ်ငြားသော်လည်း သုံးကြိမ်သော ကမ္မဝါစာတို့၏ အနက်သဒ္ဒါ ယူးပြားခြင်း မရှိသောကြောင့် ပဋိလောမ ရေတွက်နည်းအားဖြင့် ဥတ္တိစတုတ္ထဟု ဆိုသည်။

ဆောင်——ဟိ–သရ၊ သြဝါဒ၊ ပဋ္ဌ–ဂရုဓမ်။
ဒူတံ တဖြာ၊ ဋ္ဌဝါစိက၊ စတုတ္ထ၊ ရှစ်ဝ ရဟန်းမှန်။
ဥ ဟ် စတုတ္ထ၊ ရဟန်းမျှ၊ ယူရ စိတ်ရည်သန်။
ပဏ္ဏတ္တိဝဇ္ဇာ၊ မြတ်သိက္ခာ၊ ကြွင်းပါ ယူရပြန်။

စကားဆက်— ဥတ္တိစတုတ္ထကံ၏ မပျက်ခြင်း သမ္မတ်ဩသည် ဝတ္ထုသမ္မတ်, ဥတ္တိသမ္မတ်, ကမ္မဝါစာသမ္မတ်, သီမသမ္မတ်, ပရိသသမ္မတ်တို့ဟု ငါးမျိုးပြား၏။

ဆောင်——ဝတ်–ဉတ်–ကမ္မဝါ၊ သီမာ–ပရိသတ်၊ ပြည့်စုံလတ်၊ ငါးရပ် သမ္မတ်တို့။

ဝတ္ထုသမ္မတ်တို့။ ။ဝတ္ထုသမ္မတ်တို့ဟူသည် ပဋိသန္ဓေမှစ၍ အသက်နှစ်ဆယ် မပြည့်သော သူ, ပါရာဇိက ကျဉ်းသော သူ, ပဏ္ဍက် စသော အဘဗ္ဗပုဂ္ဂိုလ် ခပ်တစ်ယောက်၊ ပေါင်း ဆယ့်သုံးယောက်သော သူမျှားသည် ဥပသမ္ပဒကံ၏ ဝတ္ထုမဟုတ်ကုန်။ ထို့ကြောင့် ယင်း တဆယ့်သုံးယောက်တို့ကို ဖယ်ထား၍ ပဋိသန္ဓေ မှစ၍ အသက်နှစ်ဆယ်ပြည့်သော ရဟန်းလောင်းကို ဆိုသည်၊ ဤ၌ အသက် နှစ်ဆယ် မပြည့်သောသူနှင့် ပါရာဇိက ကျသော သူတို့ ရဟန်း မခံကောင်းသည်ကား ထင်ရှား၏။ အဘဗ္ဗပုဂ္ဂိုလ် တဆယ့် တယောက်ကား ပဏ္ဍက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, ပဉ္စာနန္တရိယကံထိုက်သောသူ ငါးယောက်, ဘိက္ခုနီဒူသက, ဥဘတောဗျည်းတို့ တည်း။

ဆောင်—ပဏ်-ထေ-ပက်-စ္ဆာန်၊ ပဥ္စာနန်၊ ဒုသံ-ဥဘောပါ။
ဆယ့်တယောက်ပင်၊ ရဟန်းရှင်၊ ပြုလျှင် မအပ်ပါ။
ထို့ကြောင့်သာပ၊ အာဘပ္ပ၊ ခေါ်ရလေသည်သာ။

ထိုဆယ့်တယောက်တို့တွင် ပဏ္ဍုက်သည် အာသိတ္တပဏ္ဍုက်, ဥသူယပဏ္ဍုက်, ဩပက္ကမိကပဏ္ဍုက်, ပက္ခပဏ္ဍုက်, နပုံပဏ္ဍုက်ဟု ငါးမျိုးရှိ၏။ ထိုငါးမျိုးတို့တွင် အာသိတ္တပဏ္ဍုက်နှင့် ဥသူယပဏ္ဍုက်တို့ကား ရဟန်းပြုကောင်းကြ၍ ဩပက္ကမိကပဏ္ဍုက်နှင့် နပုံပဏ္ဍုက်တို့ကား ရဟန်းမပြုကောင်းကြကုန်။ ပက္ခ-ပဏ္ဍုက်ကား ပဏ္ဍုက်ဖြစ်သော ပက္ခ၌သာ ရဟန်း မပြု၊ ပဏ္ဍုက် မဖြစ်သော ပက္ခ၌ကား ပြုရသည် ပြုကောင်းသည်ဟု သိ။

ဆောင်—အာ-ဥ-သြ-ပက်၊ နပုံစ္ဂက်၊ ငါးချက် ပဏ္ဍုက်လာ။
အာ-ဥ-ဘပ္ပ၊ သြ-နှင့်-န၊ မှတ်ကြ အာဘပ္ပာ။
ပက်ဖြစ် ပက္ခ၊ အာဘပ္ပ၊ ကြွင်းထ ဘပ္ပသာ။

ထေယျသံဝါသက-ကား အသင်္ဃကိုခိုးသော လိင်္ဂထေနက, ပေါင်းဖော်ခြင်းကို ခိုးသော သံဝါသထေနက, အသင်္ဃနှင့် ပေါင်းဖော်ခြင်း နှစ်ပါးစုံကို ခိုးသော ဥဘယထေနကဟု သုံးမျိုး။ ထိုတွင် ဆရာဥပဇ္ဈာယ်မရှိဘဲ မိမိအလိုလို ကိုယ်တိုင် သင်္ကန်းဝတ်၍ ရတန်းဝါကိုလည်း မရေတွက်, ရဟန်း သာမဏေတို့၏ ရှိခိုးခြင်းကိုလည်း မသာယာ, ကံကြီး ကံငယ် ပြုရာ၌လည်း မပါဝင်သူသည် မစင်ကြယ်သော စိတ်ရှိသဖြင့် ရဟန်း အသင်္ဃမှလောက်သာ ခိုးခြင်းကြောင့် လိင်္ဂ-ထေနက မည်၏။

[မင်းဘေး, ခိုးသူဘေး စသည်တို့ကြောင့် မိမိမိကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်းယောင်ဆောင်သော်လည်း ရဟန်းဝါ ရေတွက်ခြင်း စသည်ကို မပြုသော် လိင်္ဂထေနက မဖြစ်နိုင်။

သာမဏေသည် သင်္ကန်းဝတ်ဦးမည်ဟု သင်္ကန်း၌ ဇဝါကွက်ခြင်းမရှိဘဲ သင်္ကန်းကိုချတ်ပြီး အခြားဒုဝတ်ကို ဝတ်၍ဖြစ်စေ, မဝတ်ဘဲ ဖြစ်စေ မေထုန်အမှုပြုပြီးနောက် တဖန်သင်္ကန်းကို မိမိဘာသာ ဖြန့်ဝတ်အံ့၊ ထိုသာမဏေသည် လိင်္ဂထေနက ဖြစ်၏။

လူထွက်လို၍ သင်္ကန်းကို ခါးတောင်းကျိုက်၍ သို့မဟုတ် လူဝတ်နည်းဖြင့် တနည်းနည်းဝတ်၍ ငါ၏ လူ့အသင်္ဃသည် တင့်တယ်လေသလော၊ မတင့်တယ်လေသလောဟု စုံစမ်းရုံ စုံစမ်းအံ့၊ လိင်္ဂထေနက မဖြစ်သေး။ ငါ၏ လူ့အသင်္ဃသည် တင့်တယ်၏ဟု သဘောကျ ကျေနပ်ပြီးမှ တဖန် သာမဏေဝတ်နည်းအတိုင်း ဝတ်အံ့၊ လိင်္ဂထေနက ဖြစ်၏။

သက််နှံးမှ တပါး အခြားအဝတ်ကို ဝတ်၍ စုံစမ်းရာ၌လည်း သက််နှံး၌ ငဲ့ကွက်ခြင်း ရှိသေးအံ့၊ လိင််ထေနက မဖြစ်သေး။ တင့်တယ်၏ဟု သဘောကျပြီးမှ ပြန်ဝတ်အံ့၊ လိင််ဒထနက ဖြစ်၏။ ဤလိင််ထေနက အား နောင် သာမဏေ ဖြစ်ခွင့်ပင် မရတော့ပြီ။]

သာမဏေသည် မိမိကို မသိသော အရပ်တပါးသို့ရောက်သောအခါ ရဟန်းဝါ ရေတွက်ခြင်း, မိမိအောက် ဝါငယ်သော ရဟန်းသာမဏေတို့၏ ရှိခိုးခြင်းကို သာယာခြင်း, ဥပုသ်ကံ စသည်တို့၌ ပါဝင်ခြင်းစသောအမှုကို ပြုအံ့၊ ထိုသာမဏေသည် ပေါင်းဖော်ခြင်းမျက်ိုသာ ခိုးသောကြောင့် သံဝါသထေနက မည်၏။

[ဤ၌ ရဟန်းဝါ ရေတွက်ခြင်းစသည်ကို ပြုပြင်ခြင်းကို သံဝါသ ဟု ခေါ်သည်]။

အကြင်သူသည် ကိုယ်တိုင်လည်း သက််နှံးဝတ်၏၊ ရဟန်းဝါ ရေတွက်ခြင်း စသည်ကိုလည်း ပြု၏။ ထိုသူသည် အသင့်နှင့် ပေါင်းဖော်ခြင်း နှစ်ပါးစုံကို ခိုးခြင်းကြောင့် ဥဘယထေနက မည်၏။

ဆောင်—လိင်် – သံဝါသ၊ ဥဘယ၊ သုံးဝ ထေနကာ။
ကိုယ်တိုင် သက််နှံး၊ ဝတ်ဆင်မြှန်းရွ၊ ရဟန်းအသင့်၊ ခိုးတုံလျှင်၊
သူပင် လိင််သာ။
သာမဏေပင်၊ ရဟန်းဝန်ခံ၊ ပေါင်းဖော်ပြန်၊ ဆိုရန် သံဝါသာ။
နှစ်ပါးစုံခိုး၊ ထိုသူမျိုး၊ ခေါ်ရိုး ဥဘယာ။

အမှာစကား ။တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, ဘိက္ခုနီ ဒူသက, ဥဘတောဗျည်း တို့ကို ဆိုသင့်သလောက် အဓိပ္ပါယ်ဆိုပြီး ဖြစ်၍ ဤ၌ မပြတော့ပြီ။

ပဥ္စာနန္တရိယကံ ထိုက်သူငါးယောက်။ ။လူဇာတ်ဖြစ်သော အမိကိုသတ်သော သူ, ထို့အတူ အဘကို သတ်သော သူ, လူဖြစ်သော ရဟန္တာကို သတ်သောသူ, ဘုရားသွေးစိမ်းတည်အောင်လုပ်သော သူ, သံဃာအသင်းကွဲအောင် လုပ်သောသူ၊ ဤသူ ငါးယောက်တို့ကား အနန္တရိယကံ ထိုက်သူတို့တည်း။

ဆောင်—မာတာ-ပိတာ၊ ရဟန္တာ၊ သတ်ပါ သုံးယောက်မှန်။
သွေးစိမ်းတည်စေ၊ သင်းခွဲလေ၊ ငါးထွေ ပဥ္စာနန်။

ဥ.တ်ိသမ္ပတ်ိ။ ။ဥ.တ်ိသမ္ပတ်ိဟူသည် ဝတ္ထုကို မသုံးသပ်ခြင်း, သံဃာကို မသုံးသပ်ခြင်း, ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း, ဥ.တ်ကို မသုံးသပ်ခြင်း, ဥ.တ်ကို နောက်ထားခြင်း၊ ဤအပြစ် ငါးပါးတို့မှ လွတ်ကင်း၍ ဥ.တ်နှင့် ပြည့်စုံခြင်းကို ဆိုသည်။

မှတ်ချက်။ ။ဝတ္ထု-ကား ရဟန်းလောင်း နာဂကို ဆိုသည်၊ သံဃာ-ကား ကမ္မဝါစာ၌ ပါသော သံဃောဟူသောပုဒ်ကို ဆိုသည်၊ ပုဂ္ဂိုလ်-ကား တိသောစသော ဥပဇ္ဈာယ်ဆရာကို ဆိုသည်၊ မသုံးသပ်ခြင်းဟူသည် မရွတ်ဆိုခြင်းကို ဆိုသည်၊ ဥ.တ်ကို ဖတ်ရာ၌ ရွေ့သုံးပါးတို့တွင် တပါးပါးကို ထည့်မဆိုမိလျှင် ကံပျက်သည်၊ ဥ.တ်ကို မရွတ်ဆိုခြင်း, ဥ.တ်ကို နောက်ထားခြင်းကိုလည်း နည်းတူ သိ။

ဆောင်——ဝတ်–သံ–ပုဂ်–ဥ.တ်၊ မသုံးသပ်၊ နောက်ဥ.တ် ထားသည်သာ။
ဥ.တ်ပြစ်ငါးပါး၊ ကင်းလွတ်ခြား၊ ဥ.တ်ထား ပြည့်စုံပါ။

ကမ္မဝါစာသမ္ပတ်ိ။ ။ကမ္မဝါစာသမ္ပတ်ိ ဟူသည် ဝတ္ထုကို, သံဃာကို, ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာကို ယုတ်လစခြင်း, အခါ မဟုတ်သည်၌ ကမ္မဝါစာကို ရွတ်ဖတ်ခြင်း၊ ဤ ကမ္မဝါစာ အပြစ် ငါးပါးတို့မှ လွတ်ကင်း၍ ကမ္မဝါစာနှင့် ပြည့်စုံခြင်းကို ဆိုသည်။

မှတ်ချက်။ ။ကမ္မဝါစာကို မဖတ်မူ၍ ဥ.တ်ကိုချည်း လေးကြိမ် ဖတ်ခြင်းသည်ၵင်း, ကမ္မဝါစာ၏ အဓိတ္ထင်း၌ အက္ခရာကိုဖြစ်စေ, ပုဒ်ကိုဖြစ်စေ မရွတ်ခြင်းသည်ၵင်း, အက္ခရာပုဒ်တို့ကို မကောင်းသဖြင့် ရွတ်ခြင်းသည်ၵင်း ကမ္မဝါစာကို ယုတ်စေသည်မည်၏။ မကောင်းသဖြင့် ရွတ်ခြင်းကား သိထိုလကို မနိုတ စသည် ရွတ်ခြင်းတည်း။ ရွေးဦးစွာ ဥ.တ်ကို မဖတ်မူ၍ ကမ္မဝါစာကို အလျင်ရွတ်ဖတ်ခြင်းသည် အခါမဟုတ်သည်၌ ကမ္မဝါစာကို ထားသည်မည်၏။

ဆောင်——ဝတ္ထု–သံဃ၊ ပုဂ္ဂလ၊ သုံးဝ မသုံးသပ်။
ကမ္မဝါယုတ်၊ ခါမဟုတ်၊ ရွတ်ဆုတ် ပြစ်ငါးရပ်။
ကမ္မဝါပြစ်ငါး၊ ကင်းလွတ်ခြား၊ ကံကား ပြည့်သတတ်။

သီမာသမ္ပတ်ိ။ ။သီမာသမ္ပတ်ိ ဟူသည် ရွေး၌ ဆိုအပ်ပြီးသော သိမ်ပျက်တဆယ့်တလုံး၏ လက္ခဏာကို လွန်သော သိမ်ကို ဆိုသည်။ (သိမ်ပျက် တဆယ့်တလုံးကို ကခ်ါလာတိုင်း သိပေတော့)။

ပရိသသမ္ပတ်ိ။ ။ပရိသသမ္ပတ်ိဟူသည် ကံပြုခြင်းငှါ လျောက်ပတ်သော ရဟန်းတို့ မလာခြင်း, ဆန္ဒ ဆောင်ထိုက်ကုန်သော ရဟန်းတို့၏

ဆန္ဒကို မဆောင်ခြင်း, မျက်မှောက် ရဟန်းတို့ကို တားမြစ်ခြင်း၊ ဤပရိသတ် အပြစ် သုံးပါးမှ ကင်းလွတ်၍ ပရိသတ်နှင့် ပြည့်စုံခြင်းကို ဆိုသည်။

ဆောင်—ကံအားလျော်၊ ရဟန်းတော်၊ လာဘသင် မရှိခြင်း။
မျက်မှောက်ကိုတား၊ ဆန္ဒကား၊ ဆောင်ငြား မရှိခြင်း။
သုံးပါးပရိ၊ ပြစ်ကင်းဘိ၊ ပရိ ပြည့်စုံခြင်း။

ဘိက္ခူနံ—သမာပဒေန္ဒာ။ ။တပါးသော ပုဂ္ဂိုလ်တို့၏ သိက္ခာသာဇီဝ မဟုတ်၊ မြတ်စွာ ဘုရား၏ တပည့်သား ဖြစ်ကုန်သော ရဟန်းတို့၏သာလျှင် သိက္ခာသာဇီဝ ဖြစ်သည်ဟု ပြခြင်းအကျိုးငှါ တဖန် ဘိက္ခူနံ ဟူသော ပုဒ်ကို ဟောတော်မူသည်၊ ထို့ကြောင့် ပုနရွတ်ဆိုခဲ့ပါသမရောက်ဟု သိ။ သိက္ခိတဗ္ဗာတိ သိက္ခာ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာ သုံးပါးတို့တွင် ကျင့်အပ်သော အဓိသီလသိက္ခာကို ရစေ။ ။ထို အဓိသီလသိက္ခာဟူသည် ပါတိမောက္ခသံဝရသီလကို ဆို၏။ ထို ပါတိမောက္ခသံဝရသီလဟူသည် သိက္ခာပဒသီလပင်တည်း။ အဓိသီလသိက္ခာ, ပါတိမောက္ခသံဝရသီလ, သိက္ခာ-ပဒသီလ၊ ဤသုံးပါး အတူတူ။ အာပတ် ခုနစ်ပါးတို့ကို မလွန်ကျူးဘဲ ရှောင်ကြဉ်၍ ကျင့်သော ဝိရတိစေတနာတို့ကို အရကောက်။ [အရောင် အလင်း အမျိုးမျိုးတို့တွင် နေရောင်သည် လွန်မြတ်သကဲ့သို့, တောင်တကာတို့တွင် မြင်းမိုရ် တောင်သည် လွန်မြတ်သကဲ့သို့, လောကီသီလ အမျိုးမျိုးတို့တွင် ဤ ပါတိ-မောက္ခသံဝရသီလသည် ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတို့ထက် လွန်မြတ် သောကြောင့် အဓိသီလမည်၏။ ဘုရားပွင့်သော အခါမျိုး၌သာ ဖြစ်ပေါ် လာသည်ကို ထောက်]။ ။သဟ အာဇီဝန္တိ တွေ့ထွာတိ သာဇီဝံ။ ကေဒ္ဒေသ စသောအားဖြင့် တကွဖြစ်ရာ ပညတ်အပ်သော သိက္ခာပုဒ် အပေါင်းကို ရစေ။ သီလအမျိုးမျိုးကို ပြသော ဒေဒမာတိကာ စသော သိက္ခာပုဒ်ပါဠိတော်ကို သာဇီဝဟု ခေါ်သည်ဟူ၏။

အထူး။ ။အဓိသီလကို သိက္ခာခေါ်သည်၊ ပညတ်အပ်သော သိက္ခာပုဒ်-အပေါင်းကို သာဇီဝခေါ်သည်၊ ဤကား–သိက္ခာနှင့် သာဇီဝ အထူး တည်း။

တနည်း။ ။သိက္ခာ-ကား အာရမ္မဏိက ပစ္စယုပ္ပန်တရား၊ သာဇီဝ-ကား အာရုံ ပစ္စည်းတရား၊ ဤသို့လည်း ထူးခြားဟန်ကို ဆိုကြသေး၏။ ။ သိက္ခာ စ သာဇီဝဉ္စ သိက္ခာသာဇီဝံ၊ သိက္ခာနှင့် သာဇီဝ နှစ်ပါးကို အရ ကောက်။ ။သမ္မာ အာပဇ္ဇတီတိ သမာပန္နော။ သိက္ခာသာဇီဝံ သမာပန္နော သိက္ခာသာဇီဝသမာပန္နော။ အဓိသီလဟု ဆိုအပ်သော သိက္ခာသို့ ဖြည့်ကျင့်

သောအားဖြင့် ရောက်ခြင်း (ဖြည့်ကျင့်ခြင်း)ကို သိက္ခာသမာပန္နဟု ဆိုသည်။ သိက္ခာပုဒ်ဟု ဆိုအပ်သော သာဇီဝသို့ မလွန်ကျူးသောအားဖြင့် ကပ်ရောက်ခြင်း (မလွန်ကျူးခြင်း)ကို သာဇီဝသမာပန္နဟု ဆိုသည်။ ထိုနှစ်ပါးတို့တွင် သိက္ခာကို ဖြည့်ကျင့်ခြင်း သိက္ခာသမာပန္နဟူသည် မလွန်ကျူးအပ်သော သိက္ခာပုဒ်ကို မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်း ဝါရိတ္တသီလ, ပြုကျင့်ဒေါ်သော ကျင့်ဝတ်ကို ပြုကျင့်ခြင်း စာရိတ္တသီလ နှစ်ပါးကို ဖြည့်ကျင့်တော်သူသည် ဝါရိတ္တသီလ အစွမ်းအားဖြင့် ပိရတိနှင့်ယှဉ်သော စေတနာကို, စာရိတ္တသီလ အစွမ်းအားဖြင့် ဝိရတိနှင့် မယှဉ်သော စေတနာကို မိမိသန္တာန်၌ ဖြစ်စေသည်ကို ဆိုသည်။

[ဤစကားရပ်၌ ဝါရိတ္တသီလ စာရိတ္တသီလ နှစ်ပါး အဓိပ္ပါယ်ထူးနှင့် အရကောက် ဒေထူးများ အဟုန်းဝင်သည်ကို သတ်ပြု။]

သာဇီဝကို မလွန်ကျူးခြင်း သာဇီဝသမာပန္န ဟူသည် ပညတ်အပ်သော သိက္ခာပုဒ်တော်ကို မဖျက်ဆီးခြင်းကို ဆိုသည်။ သီလကို စောင့်ရှောက်ခြင်းနှင့် သာဇီဝကို မလွန်ကျူးခြင်းကို သမာပန္နဓေါ်သည်ဟု ဆိုကြသည်။ ။တနည်း သိက္ခာ သမာပန္နဟူသည် ဝိရတိစေတနာဟု ဆိုအပ်သော သံဝရသီလကို အထူးအားဖြင့် မိမိသန္တာန်၌ဖြစ်သော ကာလကိုသာ ဆိုသည်။ သာဇီဝ သမာပန္နဟူသည် သိက္ခာပုဒ်ကို ဖြည့်ကျင့်သည့် အစွမ်းဖြင့် မိမိသန္တာန်၌ ဖြစ်သော ကာလကိုရင်း, လွန်ကျူးခြင်း မရှိသောကြောင့် အိပ်ပျော်ခြင်း စသည်တို့၏ အစွမ်းဖြင့် ဝိရတိစေတနာတို့ မဖြစ်သော ကာလကိုရင်း ဆိုသည်ဟု သိ။

သိက္ခံ အပစ္စက္ခာယ။ ။သိက္ခံကို ရှေးအတိုင်းမှတ်။ ။"နပဋိက္ခိပတိတိ အပစ္စက္ခာယ" ဟု အချို့ကဘန္တေသမာသ်ဆိုကြ၏။ ပဋိ-အာ-ရှေးရှိသော ခါ-ဓာတ် တွာ-ပစ္စည်းဖြစ်၍ ဋိပါတ်ဟု ကြံခြင်းသာ သင့်၏။ သိက္ခာကျကြောင်း အင်္ဂါခြောက်ပါးတို့ဖြင့် သိက္ခာပစ္စက္ခာခြင်းကို သိက္ခံ အပစ္စက္ခာယ ဟု ဆိုသည်။ ထို့ကြောင့် "သိက္ခံ၊ –ကို၊ အပစ္စက္ခာယ၊ မခုမ္ဟိ၍" ဟု အနက်ပေးလိုက်သည်။ သဒ္ဒါနက်ပေးမှု "အပစ္စက္ခာယ၊ မပယ်စွန့်မူ၍" ဟု ပေး။

သိက္ခာကျကြောင်း အင်္ဂါ ၆-ပါး။ ။၁-ရဟန်းအဖြစ်မှ ဇရုလျော်လိုသော (ဝါလူထွက်လိုသော)စိတ်ရှိခြင်း, ၂-ဝေဒုစ်နှင့် တက္ခဏ်ပဋိဃသော တဆယ့်လေးပုဒ်, ဂိဟီတိမံ ဒဝဒရဟိစသော ဂ-ပုဒ်၊ ပေါင်း နှစ်ဆယ့်နှစ်ပုဒ်တို့တွင် တပုဒ်တပုဒ်ဟု ကိုယ်ပိုင်သော ဓေတ်ဖြာခြင်း, ၃-ပစ္စုပ္ပန်ကာလ အာချာက်၏ အစွမ်းဖြင့် အနာပတ္တိကာလ ဖြာခြင်း, ၄-အမှတ်မရှိ တစုံတခုသော ဘာသာဖြင့် နှုတ်မြွက်ခြင်းကိုပြုသော ပါစိတ်ပယောဂရှိခြင်း,

၅-ဥမ္မတ္တက ခိတ္တစိတ္တ ဝေဒနာဠ္ဟ ပုဂ္ဂိုလ်တို့ကို ဖယ်ထား၍ သိက္ခာချသော နား ထောင်သော ပုဂ္ဂိုလ်သည် သမ္မုခီဘူတ ဝိညူမနုဿပုဂ္ဂိုလ် ဖြစ်ခြင်း, ၆-သိက္ခာ ချဇသော ရဟန်း၏ စကား၏ အခြားမဲ့၌ ဤရဟန်းသည် ငြိုးငွေ့၏ လူ့အဖြစ်ကို တောင့်တ၏ဟု နားထောင်သူက သိခြင်း၊ ဤခြောက်ပါးတို့တည်း။ ထိုခြောက် ပါးနှင့် ပြည့်စုံပါမှ သိက္ခာကျသည်။ ဂိဟီတိ မံ ဓာရေဟိ ဟူသော သဒ္ဒါ၏ အနက် အဓိပ္ပါယ်ကို မသိသော်လည်း ပျင်းရိ၏ ဟူ၍ရင်း, လူ့ အဖြစ်ကို တောင့်တ ၏ ဟူ၍ရင်း, နားထောင်သူ သိပါမှ သိက္ခာကျသည်။ မသိသော် မကျ။

(ကခ်ဂ္ဒီကာ။)

ဇဆောင်—စီဟ်-ဇဝဟ်-ကာလ၊ ပယောဂ၊ ပုဂ္ဂ-ဝိဇာနာ။
ထိုဇခြောက်ပါး၏၊ အစွမ်းသိ၊ ကျဘိ မြတ်သိက္ခာ။

ဒုဗ္ဘလျံ အနာဝိကတ္ဝာ။ ။ဒု အပ်ံ ဗလံ ဇတဿာတိ ဒုဗ္ဘလံ။သိက္ခာပုဒ်ကို ဖြည့် ကျင့်ခြင်း၌ နည်းသော အားရှိသော ပုဂ္ဂိုလ်ကို ရစေ။ ။ဒုဗ္ဘလဿ ဘာဝေါ ဒုဗ္ဘလျံ။ သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်း၌ ပုဂ္ဂိုလ် ၏အားနည်းကြောင်း အသဒ္ဓိယစိတ္တုပ္ပါဒ်ကို ရစေ။

[သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်း၌ စိတ်အားထက်သန်ခြင်း မရှိသည်ကို ဆိုလိုသည်။]

ထိုသို့ စိတ်အားထက်သန်ခြင်း မရှိသည်ကို မိမိ၏ စိတ်ထည်းတွင် မထားဘဲ သူတပါးအား အဆင်အရှား ပြောပြမှုကို ဒုဗ္ဘလျာဝိကမ္မ ခေါ်သည်ဟု သိ။

ဒုဗ္ဘလျာဝိကမ္မ ၂-မျိုး။ ။သိက္ခာကျသော ဒုဗ္ဘလျာဝိကမ္မ, သိက္ခာမကျသော ဒုဗ္ဘလျာဝိကမ္မဟု နှစ်မျိုးပြား၏။ ခဲ့ပြီးအံ့– ရဟန်းတပါးသည် သာသနာတော်၌ မပျော်ပိုက်တော့သည်ဖြစ်၍ သီတင်းသုံးဘော် စသော သူတို့အား သိက္ခာကျကြောင်းဖြစ်သော "ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဘုရားကိုစွန့်ပါ၏" စသော စကားကို ဆို၏။ ထို ဘုရားကို စွန့်ပါ၏ စသော တိုက်ရိုက်ဆို သော စကားမျိုးသည် သိက္ခာကျသော ဒုဗ္ဘလျာဝိကမ္မမည်၏။ (ဤ ဗုဒ္ဓံ ပစ္စက္ခာမိ စသော နှစ်ဆယ့်နှစ်ပုဒ်သည် သိက္ခာကျကြောင်းစကား ဖြစ်၍ သိက္ခာလည်း ကျသည်၊ သူတပါးအား မိမိ၏ အားနည်းသည့်အဖြစ်ကို ထင်စွာပြုကြောင်း စကားဖြစ်၍ ဒုဗ္ဘလျာဝိကမ္မလည်း ဖြစ်သည်ဟု သိ)။ ရဟန်းကပါးသည် သာသနာတော်၌ မပျော်ပိုက်သည်ဖြစ်၍ သီတင်းသုံးဘော် စသော သူတို့အား သိက္ခာကျကြောင်း မဖြစ်သော "ယံနူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ။ ငါသည် ဘုရားကို စွန့်ရလျှင် ကောင်းမှာဘဲ" စသော စကားကို ဆို၏။ တိုက်ရိုက်မဟုတ် လူထွက်ရန် ကြံစည်ရုံမျှဖြစ်၍ ပြောဆိုသော စကားမျိုးသည် သိက္ခာကျသော ဒုဗ္ဘလျာဝိကမ္မ

မည်၏။ (ဤယံနူနာ ဟံစသော စကားသည် တိုက်ရိုက်မဟုတ်သေး၊ လူထွက်ရန် ကြံစည်ရုံမျှ ဖြစ်သောကြောင့် သိက္ခာကားမက္ခ၊ မိမိအားနည်းသည့် အဖြစ်မျှ လောက်ကိုသာ ထင်စွဲပြုကြောင်း စကားဖြစ်သောကြောင့် ဒုဗ္ဗလျာဝိကမ္မသာ ဖြစ်၏။) ဤဒုဗ္ဗလျှံ ဟူသော ပုဒ်အရ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မကိုယူ။ ။"အနာဝိကရောတိတိ အနာဝိကတ္တာ" ဟု အယူတ္တာသမာသ် ပြုကြသေး၏။ သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းဌ မိမိ၏အားနည်းသည့် အဖြစ်ကို သူတပါးအား ထင်စွာ မပြောကြားခြင်းကို ဆိုသည်။

စောဒနာ, သောဓနာ။ ။သိက္ခံ အပစ္စက္ခာယနှင့် ဒုဗ္ဗလျှံ အနာဝိကတ္တာတို့သည် တူသလော ထူးသလောဟုမေး။ တူ၏ဟုဖြေ၊ ခဲ့ပြီး အံ့ ≒ အားနည်းသည့်အဖြစ်ကို ထင်စွာပြုရုံမျှဖြင့် သိက္ခာကျခြင်း မဖြစ်၊ သိက္ခာကို ချသည်ရှိသော် အားနည်းသည့်အဖြစ်ကို ထင်စွာပြုရုံ ရောက်၏။ ထိုအားနည်း သည့်အဖြစ်ကို ပြုရုံမျှဖြင့် သိက္ခာမကျ၊ သိက္ခာကို ချသည်ရှိသော် အားနည်း သည့်အဖြစ်ကို ထင်စွာပြုရာရောက်သောကြောင့် ဒုဗ္ဗလျှံ အနာဝိကတ္တာပုဒ်ဖြင့် တစုံတခု အနက်ထူးမရ။ ဒိရတ္တ တိရတ္တံဌ ဒိရတ္တသဒ္ဒါဖြင့် တစုံတခု အနက်ထူး မရ သကဲ့သို့သိ။ တနည်း-အခြံအရံတဲ့ဘက်ပုဒ်ဖြစ်သောကြောင့် မထူးဟုဖြေ။ တနည်း-အခြို့သော ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာကျခြင်း အကြိုးရှိသောကြောင့် ထို ဒုဗ္ဗ-လျာဝိကမ္မကိုရည်၍ သိက္ခံ အပစ္စက္ခာယပုဒ်၏ အနက်ကိုဖွင့်ပြရကား သံဝဏ္ဏေ-တပ္ပ သံဝဏ္ဏနာဖြစ်၍ မထူးဟုဖြေ။ ။အလုံးစုံသော ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာ ကျခြင်း၏ အကြောင်း မဖြစ်ခြင်းကြောင့် ဒုဗ္ဗလျှံ အနာဝိကတ္တာကို ရွေထား၍ ထိုဒုဗ္ဗလျာဝိကမ္မ၏ အနက်ကို မှတ်ခြင်းအကြိုးငှါ သိက္ခံ အပစ္စက္ခာယကို နောက် ထား၍ ဟောသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဒုဗ္ဗလျှံ အနာဝိကတ္တာ ကို နောက်ထား၍ ဟောအပ်ပါသနည်း။ အနက်အစဉ် မဖြစ်သင့်သောကြောင့် နောက်ထား၍ မဟော ဟုဖြေ။ ခဲ့ပြီးအံ့-ရှေးဌ "သိက္ခာသာဇီဝသမာပန္နော" ဟု ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် အကြင်သိက္ခာသို့ ရောက်၏၊ ထို သိက္ခာကို မချ၊ အကြင်သာဇီဝသို့ ရောက်၏။ ထိုသာဇီဝဌ ဒုဗ္ဗလျမပြု၊ ဤသို့ သိက္ခံအပစ္စက္ခာယကို ရွေထား၍ ဒုဗ္ဗလျှံအနာဝိကတ္တာကို နောက်ထားပြီး ဟော အပ်သော်သာ သိက္ခာသာဇီဝသမာပန္နောအနက်ကို ဟောရာ ရောက်၏။ ဒုဗ္ဗလျှံ အနာဝိကတ္တာကို ရွေထားသော် သိက္ခာသာဇီဝ၏ အနက်ကို အစဉ်အတိုင်း ဟောရာ မရောက်၊ ထို့ကြောင့် ဒုဗ္ဗလျှံအနာဝိကတ္တာကို နောက်ထား၍ ဟော တော်မူ၏ဟုသိ။

အနုပညတ်။ ။ဘိက္ခုနံမှစ၍ အနာဝိကတ္တာ တိုင်အောင်သော စကားတော် သည် အနုပညတ်တည်း။ ၎င်းအနုပညတ်သည် အညဝါဒက

သိက္ခာပုဒ် စသည်တို့၌ကဲ့သို့ အာပတ်ထပ်သင့်ခြင်းကို ပြုတတ်သော အနုပညတ်တမျိုး, အညတြသုပိနန္တာ စသည်တို့၌ကဲ့သို့ အာပတ်မသင့်ခြင်းကို ပြုတတ်သော အနုပညတ်တမျိုး, အဒိန္နာဒါန် စသည်တို့၌ကဲ့သို့ အာပတ်ကို ထောက်ပံ့နိုင်စေသော အနုပညတ်တမျိုးအားဖြင့် သုံးမျိုးပြား၏။ ဤအနုပညတ်ကား အာပတ်သင့်ခြင်းကို ပြုတတ်သော အနုပညတ်ဟုသိ။

ဆောင်— ထပ်သင့်-မသင့်၊ ထောက်ပံ့နှင့်၊ သုံးဆင့် နုပညတ်။

မေထုနံ ဓမ္မံ ပဋိသေဝေယျ။ ။မိထုနသဒ္ဒါ အဲတူဟူသော အနက်ကိုဟောသော အနိပ္ပန္နပါဋိပဒိကပုဒ်။ မိထုနာနံ သဒိသာနံ အယန္တိ မေထုနော။ ရာဂနိုပ်စက်ခြင်း တူကုန်သော သူနှစ်ယောက်တို့၏ ဥစ္စာဖြစ်သော လွန်ကျူးသောအကျင့်ကို ရစေ။ ။ဓမ္မသဒ္ဒါ လွန်ကျူးခြင်း အာစာရ အနက်၌ ဖြစ်၏။ ။ပဋိသေဝေယျ၌ ပဋိသဒ္ဒါကား ဥပဂစ္ဆတိစသည်တို့၌ကဲ့သို့ ဓာတ္ထတ္ထာနုဝတ္တက ဥပသာဒန။ အနက်ထူးမရှိ။ သေဝေယျသာ အနက်ရှိသည်။ မေထုန်မှုကို လွန်ကျူးခြင်းသို့ ရောက်သည်ဟု ဆိုလိုသည်။

အန္တမသော တိရစ္ဆာနကတာယပိ။ ။အန္တေ ဘဝေါ အန္တိမော။ ကိုကို အ-ပြု, နာဝိဘတ်ကို သော-ပြု၍ အန္တမသော ဟု ရုပ်ပြီးသည်။ အထက်တန်းစား ဖြစ်သော ပရနိမ္မိတဝသဝတ္တီ နတ်မမှ စ၍ အောက်ထစ်ဆုံး နဂါးမ, ဂဠုံမ စသော တိရစ္ဆာန်မ တိုင်အောင်သော အဓိပ္ပါယ်ကို ဆိုသည်။ ။တိရော အဉ္ဆတီ ဂစ္ဆတီတိ တိရစ္ဆာနာ။ ဖိလာကန်လန်းသွားတတ်သော နွား, ကျဲ, မြင်း စသော သတ္တဝါတို့ကို ရစေ။ တနည်း-တိရိယံ အဉ္ဆတာ ဂတာ ဝဈိတာတိ တိရစ္ဆာနာ။ အထက်သို့ တက်၍ မကြီးပွါး၊ ဖိလာကန်လန်းအားဖြင့်သာ ကြီးပွါးသော နွား, ကျဲ စသော သတ္တဝါတို့ကို ရစေ။ ။တိရစ္ဆာနေသု ဂတာ ပဝတ္တာတိ တိရစ္ဆာနဂတာ။ ပါရာဇိက ဝတ္ထု ဖြစ်သော တိရစ္ဆာန်မတို့ကို ရဒစေ။ ။ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်မတို့အား ခြေမရှိသော သတ္တပါတို့တွင် မြွေမ, ငါးမ, ခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် ကြက်မ, ခြေလေးချောင်းရှိသော သတ္တဝါတို့တွင် ကြောင်မတို့တည်း။ ဤ တိရစ္ဆာန်မ တို့ကား နှမ်းတစေ့လောက် ဝင်လောက်အောင် မင်္ဂ်ပါရှိသောကြောင့် အယုတ်ဆုံး ပါရာဇိက ဝတ္ထုများ ဖြစ်ကြသည်ဟု သိ။ ထို့ထက်ကြီးမူ ဆိုဘွယ်မရှိဟူ၏။

အဋ္ဌကထာ— အပဒါနံ အဟိမစ္ဆာ၊ 'ဒ္ဓိပဒါနဉ္စ ကုက္ကုဋ်။
စတုပ္ပဒါနံ မဇ္ဇာရိ၊ ဝတ္ထု ပါရာဇိကသိမာ။

ဤ "အန္တမတော တိရစ္ဆာနဂတာယပိ" လည်း အနုပညတ်။ ဤ၌ ပိ–ကား ကဲ့ရဲ့ခြင်း ဂရဟာအနက်ဟော နိပါတ်။ အောက်ထစ်ဆုံး တိရစ္ဆာန်မ၌ သော်လည်း မေထုန်မှိုဝဲက ပါရာဇိက ကျသေးသည် ဟူ၏။ ထို ပိ-သဒ္ဒါဖြင့် ချီးမြှောက်ခြင်း သမ္ဘာဝနာကိုလည်း ပေါင်းဆည်း၏။ တိရစ္ဆာန်မထက် အထက်တန်းကျသော လူမ စသည်၌ မှိုဝဲမူ အဘယ်မှာ ပါရာဇိက မကျဘဲ နေအံ့နည်းဟု ပေါင်းဆည်းသည်။ ထို့ကြောင့် "အပ္ပဟီန၊ ဝါစကနောက်၊ ဆောက်သည့် ဂရဟာ၊ ပိ-သဒ္ဒါကား၊ သမ္ဘာဝနာကို ပေါင်းဆည်းထွန်းမြဲ"ဟု နိယံ ဆရာတို့ ဆိုကြ၏။

ပါရာဇိကော ဟောတိ အသံဝါသော။ ။ပရာဇိယတီ ပါရာဇိကော။ဤ၌ ပရာဇိတ ဟု ဆိုအပ်လျက် ပ-၏ အ-ကို အာဝုဒ္ဓိရောက်, တ-ကိုလည်း က ပြု၍ ပါရာဇိက ဖြစ်သည်။သာသနာတော်ထမ်း ရဟန်းအဖြစ်မှ ရှုံးစေအပ်သော သူကို ရစေ။ ပကတတ် ရဟန်းကောင်းတို့သည် မေထုန်မှိုဝဲသော ရဟန်းကို ကြည့်၍မနေရ၊ ဖျက်ဆီးရမည်၊ ထို ဖျက်ဆီးခြင်းဖြင့် သာသနာတော်၌ ရဟန်းတဖန် ဖြစ်ခွင့်မရ၊ ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်တော့သည်ဟု ဆိုလိုသည်။ ။တနည်း—ပရာဇေတီတိ ပါရာဇိကံ။ ဝီတိက္ကမ ရတန်းကို သာသနာတော်မှ ဆုံးရှုံးစေတတ်သော သိက္ခာပုဒ်ကို ရစေ။ ဤအလို သိက္ခာပုဒ်ကို ပါရာဇိက ခေါ်သည်။ ။တနည်း–အာဇ္ဇာ-စာရဘိက္ခုံ ပရာဇေတီတိ ပါရာဇိကာ။ လွန်ကျူးသော ရဟန်းကို ဆုံးရှုံးစေတတ်သော အာပတ်ကို ရစေ။ ဤအလို အာပတ်ကို ပါရာဇိက ခေါ်သည်။ ။ ထိုသုံးမျိုးတို့တွင် ပဌိုလ်သည် လွန်ကျူးခြင်း ဟူသော အကြောင်းကြောင့် ရဟန်း အဖြစ်ဟု ဆိုအပ်သော သာသနာဘော်မှ ဆုံးရှုံးခြင်းသို့ ရောက်ရကား ပဌိုလ်ကို ပါရာဇိက ခေါ်သည်။ သိက္ခာပုဒ်ကို လွန်ကျူးသော ရဟန်းကိုသာ သာသနာတော်မှ ဆုံးရှုံးစေတတ်သောကြောင့် သိက္ခာပုဒ်ကိုပါရာဇိက ခေါ်သည်။ ပါရာဇိက အာပတ်သို့ရောက်သော ရဟန်းကို သာသနာတော်မှ ဆုံးရှုံးစေတတ်သောကြောင့် အာပတ်ကိုလည်း ပါရာဇိက ခေါ်သည်ဟု သိ။ ။ဟောတိ-ကား အာချာတ်ကြိယာပုဒ်။ ၎င်း ဟောတိသည့် သတ္တဝါကို ဟောသော သတ္တဝါစီ ဟောတိတမျိုး, ဖြစ်ခြင်း ကြိယာကို ဟောသော ဥပ္ပတ္တိဝါစီ ဟောတိ ကမျိုးဟု နှစ်မျိုးပြား၏။ ထိုတွင် သတ္တဝါစီ ဟောတိကို ရှိခြင်း အနက်ပေး၊ ဥပ္ပတ္တိဝါစီ ဟောတိကို ဖြစ်ခြင်း အနက် ပေးရသည်၊ ဤ၌ သတ္တဝါစီ ဟောတိ ဟု ဆိုကြသေး၏။ ။သဟ ဝသန္တိ တ္ထောတိ သံဝါသော။ ပကတတ် ရဟန်းကောင်းတို့သည် အဘူတကို နေရာဖြစ်သော ဧကမှ, ဧကုဒ္ဒေသ, သမသိက္ခတာ သုံးပါးကို ရစေ။ ။ထိုတွင် တသိမ်တည်း၌ နေကုန်သော ပကတတ် ရဟန်းကောင်းတို့သည် တပေါင်းတည်း ပြုအပ်သော အပလောကနကံ စသော

ကံလေးပါးကို ကေကမ္မ ခေါ်သည်၊ တသိမ်တည်း၌ တပေါင်းတည်း ပြုအပ်သော ပါတိမောက္ခုဒ္ဒေသ ငါးပါးကို ကေုဒ္ဒေသ ခေါ်သည်၊ အလုံးစုံသော လဇ္ဇီ ပုဂ္ဂိုလ်တို့သည် တညီတညွတ်တည်း ကျင့်အပ်သော (ရည်စူး၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်ကို ဖယ်ထား၍ ကြွင်းသော) အလုံးစုံသော သိက္ခာပုဒ်ကို သမသိက္ခတာ ခေါ်သည်။

ဆောင်—ကေ–ကမ္မ၊ ကုဒ္ဒေသ၊ သမ သိက္ခတာ။
သံဝါသကား၊ သုံးမျိုးပြား၊ မှတ်သား ပါဠိလာ။

နတ္ထိ သံဝါသော ဧတေနာတိ အသံဝါသော။ သံဝါသ သုံးမျိုး မရှိသော ပါဠိဇိက ကျသော ရဟန်းကို ရစေ။ ။တနည်း—သံဝသနံ သံဝါသော။ ဥပုသ်ပဝါရဏာ စသော သံဃကံကို ရစေ။ နတ္ထိ သံဝါသော ဧတဿာတိ အသံဝါသော။ ပကတတ် ရဟန်းတို့နှင့်တကွ ဥပုသ်ပဝါရဏာ စသော သံဃကံမရှိသော ပါရာဇိကကျသော ရဟန်းကို ရစေ။ ။ဤ အသံဝါသပုဒ်ဖြင့် ပါရာဇိကကျသော ရဟန်းသည် သံဃကံတို့၌ ဂဏပူရဏသော်မှလည်း မဖြစ်ဟူသော အနက်ကို ကာရဏူပစာရတ္ထအားဖြင့် ပြသည်။ ဤအသံဝါသဟူသော ပုဒ်ကို ဥပလက္ခဏနည်းအားဖြင့် ဟောခြင်းကြောင့် ဤပုဒ်ဖြင့် သဂ္ဃန္တရာယ်, မောက္ခန္တရာယ်ဖြစ်ခြင်း ဒုဂ္ဂတိသို့ လားခြင်းတို့ကိုလည်း ယူနိုင်သေး၏။

ပါရာဇိကကျကောင်းသော မင် ၃၀။ ။အမ, ဥဘတောဗျည်း, အထီး, ပဏ္ဍာက်, ပုဂ္ဂိုလ်လေးမျိုး၊ တမျိုး တမျိုး၌ လူ, နတ်, တိရစ္ဆာန်ဟု သုံးမျိုးစီ ပြားရကား ပုဂ္ဂိုလ်ဆယ့်နှစ်ယောက် ဖြစ်၏။ လူမ, နတ်မ, တိရစ္ဆာန်မ သုံးယောက်တို့တွင် တယောက် တယောက်၌ ဝစ္စမဂ်, ပဿာဝမဂ်, မုခမဂ်ဟု မဂ်သုံးခုစီ ရှိသောကြောင့် ယင်း သုံးယောက်၌ မဂ်ကိုးမဂ်ဖြစ်၏။ ဥဘတောဗျည်းသုံးယောက်၌လည်း ထို့အတူ ကိုးမဂ် ဖြစ်၏။ လူထီး, နတ်ဒီး, တိရစ္ဆာန်ထီး သုံးယောက်တို့တွင် တယောက် တယောက်၌ ဝစ္စမဂ်, မုခမဂ်ဟု မဂ်နှစ်ခုစီ ရှိသောကြောင့် ယင်းသုံးယောက်၌ ခြောက်မဂ် ဖြစ်၏။ ပဏ္ဍာက်သုံးယောက်၌လည်း ထို့အတူ ခြောက်မဂ်ဖြစ်၏။ အားလုံး ပေါင်းသော် မဂ်သုံးဆယ်ဖြစ်၏ဟု သိ။

ဆောင်—မ-ဗျည်း-ထီး-ပဏ်၊ တည့်တားပြန်၊ မြောက်ရန် လူ,နတ်,စ္ဆာန်။
ပုဂ္ဂိုလ်ဖြားပြား၊ ဆယ့်နှစ်ပါး၊ မှတ်သား သိစေရန်။
လူ,နတ်,စ္ဆာန်မ၊ သုံးမဂ်ရ၊ ပေါင်းက ကိုးမဂ်ဖြစ်။
ဥဘ့ကောဗျည်း၊ သုံးယောက်လည်း၊ ထို့နည်း ကိုးမဂ်ဖြစ်။
လူ,နတ်,တိရစ္ဆာန်၊ ထီးသုံးတန်၊ မှတ်ရန် မဂ်နှစ်ဖြစ်။

ပဏ္ဍုကော်သုံးမှာ၊ ထိုနည်းသာ၊ မှတ်ပါ မဂ်နှစ်ဖြစ်။
ထီး, ပဏ်, သုံးစီ၊ မဂ်နှစ်လီ၊ မြောက်သည် ဆယ့်နှစ်ဖြစ်။
ကိုး, ကိုး, ဆယ့်နှစ်၊ ပေါင်းတုံလစ်၊ မဂ်ပေါင်း သုံးဆယ်ဖြစ်။

အလုံးစုံသော သိက္ခာပုဒ်တို့နှင့် ဆက်ဆံသော မာတိကာ

နိဒါနံ ပဋိလံ ဝတ္ထုံ၊ ပညတ္တိ ဝိဓိမေဝစ။ ၄။
အာဏတ္တာပတ္တိ နာပတ္တိ၊ ဝိပတ္တိ အင်္ဂမေဝစ။ ၅။
သမုဋ္ဌာနဝိဓိ ကြိယာ၊ သညာ စိတ္တေဟိ နာနတ္တံ။ ၄။
ဝဇ္ဇ ကမ္မပ္ပဘေဒဉ္စ၊ တိကဒ္ဒယဝိဓိ တထာ။ ၄။
လက္ခဏံ သုတ္တရသဓာ၊ ဋ္ဌိတံ သာဓာရဏာ ဣဒံ။
ဥတ္တာ ယောဇေယျ မေဓာဝီ၊ တတ္ထ ကတ္ထ ယထာရဟံ။

၁။ **နိဒါန်းဟူသည်**——သိက္ခာပုဒ်ပညတ်ရာအရပ်ကို ဆိုသည်။ ၎င်းအရပ်သည် ဝေသာလီ - ၁၀။ ရာဇဂြိုဟ်-၂၁။ သာဝတ္ထိ - ၂၉၄။ အာဠဝီ-၆။ ကောသမ္မီ-၈။ သက္ကတိုင်း-၈။ ဘဂ္ဂတိုင်း-၃။ ဤခုနစ်ပါးသော အရပ်တို့တည်း။ သိက္ခာပုဒ်ပေါင်းကား ၃၅၀-ဖြစ်၏။ သာဓာရဏ-၁၇၄။ အသာဓာရဏ-၁၇၆။ **အားလုံးပေါင်း** ၃၅၀-ဖြစ်သတည်း။

၂။ **ပုဂ္ဂိုလ်ဟူသည်**——သိက္ခာပုဒ်ကို လွန်ကျူးခြင်း၌ သိက္ခာပုဒ် ပညတ်အပ်သော အာဒိကမ္မိကပုဂ္ဂိုလ်ကို ဆိုသည်။ ဘိက္ခုဝိဘင်း၌ သုဒိန် စသော ၂၃-ယောက်, ဘိက္ခုနီဝိဘင်း၌ သုန္ဒရီနန္ဒာ စသော ခုနစ်ယောက် တို့တည်း။

[ကခ်ါဋ္ဌိကာ၌ အကျယ်လာပြီ]။

၃။ **ဝတ္ထုဟူသည်**——ထိုထိုပုဂ္ဂိုလ်၏ လွန်ကျူးခြင်းကို ဆိုသည်။

၄။ **ပညတ္တိဝိဓိဟူသည်**——ပညတ်အပြားကို ဆိုသည်။ ပညတ်အပြားကား– ရှေးဦးစွာ ပညတ်သော မူလပညတ်, မူလပညတ်မှ နောက်ဆပ်ပညတ်အပ်သော အနုပညတ်, အပြစ်မပေါ်မီ ပညတ်အပ်သော အနုပပန္နပညတ်, မငဲ့မြ ဇနပဒ အလုံးစုံတို့၌ ပညတ်အပ်သော သမ္မတ္တပညတ်, မငဲ့မြင်သာ ပညတ်အပ်သော ပဒေသပညတ်, ဘိက္ခု ဘိက္ခုနီ နှစ်ပါးစုံတို့နှင့် ဆက်ဆံစွာ ပညတ်အပ်သော သာဓာရဏပညတ်, ဘိက္ခုသက်သက် ဘိက္ခုနီသက်သက် ပညတ်အပ်သော အသာဓာရဏပညတ်, ဇကတောပညတ်, (ဤ

ဧကတောပညတ်ကား အသာဓာရဏနှင့် တူ၏။) ဒွဘဏ္ဍတာပညတ်(ဤဥဘတောပညတ်လည်း သာဓာရဏပညတ်နှင့် တူ၏။) ဤကား ပညတ်အပြားကိုးပါးတည်း။

၅။ အာဏတ္တိဟူသည်——စေခိုင်းခြင်းကို ဆိုသည်။

၆။ အာပတ္တိဟူသည်——ပုဗ္ဗ ပယောဂ စသည်တို့၏ အစွမ်းဖြင့် အာပတ်အပြားကို ဆိုသည်။

၇။ အနာပတ္တိဟူသည်——မသိခြင်း အဇာနနစသည်တို့၏အစွမ်းဖြင့် အာပတ်မသင့်ခြင်းကို ဆိုသည်။

၈။ ဝိပတ္တိဟူသည်——သီလ ဝိပတ္တိ, အာစာရဝိပတ္တိ,ဒိဋ္ဌိဝိပတ္တိ အာဇီဝ ဝိပတ္တိ လေးပါးတို့တွင် တပါးပါးကို ဆိုသည်။ပါရာဇိကနှင့် သံဃာဒိဇသသ်သည် သီလဝိပတ္တိ, ကြွင်းအာပတ် ငါးပါးသည် အာစာရဝိပတ္တိ, မိစ္ဆာဒိဋ္ဌိသည်ရင်း အန္တဂ္ဂါဟိက ဒိဋ္ဌိသည်ဌင်း ဒိဋ္ဌိဝိပတ္တိ, အာဇီဝဟူသော အကြောင်းကြောင့် ပညတ်အပ်ဇသော သိက္ခာပုဒ်ခြောက်ပါးသည် အာဇီဝဝိပတ္တိမည်၏။

ဆောင်——သီလ-အာစာ၊ ဒိဋ္ဌ–အာ၊ လေးဖြာဝိပတ္တိ။

၉။ အဂ်ဟူသည်——သိက္ခာပုဒ်တို့၌ အာပတ်၏ အင်္ဂါကို ဆိုသည်။

၁၀။ သမုဋ္ဌာနဝိဓိဟူသည်——အာပတ်၏ ဖြစ်ကြောင်း သမုဋ္ဌာန် အပြားကို ဆိုသည်။ ယင်းသမုဋ္ဌာန် အပြားကား ကာယ, ဝါစာ, ကာယဝါစာ, ကာယစိတ္တ,ဝါစာစိတ္တ, ကာယဝါစာစိတ္တအားဖြင့် ခြောက်ပါး၊ ရှေသုံးပါးကား အစိတ္တက၊ နောက် သုံးပါးကား သစိတ္တကဟု သိ။

ဆောင်——ကာ-ဝါ-ကာဝါ၊ ကာစိ-ဝါစိ၊ ကာဝါစိ၊ ခြောက်ရှိ သမုဋ္ဌာန်။

အာလုံးသော အာပတ်၏ ပြားကြောင်းသမုဋ္ဌာန်ကား။ ။ပထမ ပါရာဇိက သမုဋ္ဌာန် – ၆၇၊ အဒိန္နာဒါန–၇၁။ သဉ္စရိတ္တ–၅၀။ သမနုဘာသန-၃၇။ ကထိန- ၂၉။ ဧဠကလောမ-၄၄။ ပဒသောဓမ္မ-၇။အဒ္ဓါန–၁၅။ ထေယျသတ္ထ-၇။ ဓမ္မ ဒေသနာ-၁၁။ ဘူတာရောစန-၁။ စောရိဝုဋ္ဌာပန-၁။ အနနုညာတ-၁။ ပေါင်း သမုဋ္ဌာန် ၁၃-ပါး တည်း။–၃၄၁။

ဆောင်——ပ-ဒိန်-သဉ်-သ၊ ထိ-ဧ-ပ၊ အဒ္ဓ-ထေ-ဓမ်-ဘူ။
စော-နုညာတ၊ တရသ၊ ပြားထ သမုဋ္ဌာန်ဟူ။

ကာယ စိတ္တဟုဆိုအပ်သော စတုတ္ထကြောင့် ဖြစ်သော အာပတ်သည် ပထမပါရာဇိက သမုဋ္ဌာန်ရှိသော အာပတ်မည်၏။ သစိတ္တကသုံးခုကြောင့်ဖြစ်မူ အာဒိန္နာဒါန သမုဋ္ဌာန်၊ သမုဋ္ဌာန်ခြောက်ပါးကြောင့် ဖြစ်မူ သဥ္ဇရိတ္တသမုဋ္ဌာန်၊ ခြောက်ခုမြောက် သမုဋ္ဌာန်ကြောင့်ဖြစ်မူ သမနုဘာသန သမုဋ္ဌာန်၊ တတိယ ဆဋ္ဌ တို့ကြောင့်ဖြစ်မူ ကထိန၊ ပထမ စတုတ္ထတို့ကြောင့် ဖြစ်မူ ဧဠကလောမ၊ ဒုတိယ ပဉ္စမတို့ကြောင့်ဖြစ်မူ ပဒသောဓမ္မ၊ ပထမ တတိယ စတုတ္ထ ဆဋ္ဌတို့ကြောင့်ဖြစ်မူ အဒ္ဓါန၊ စတုတ္ထ ဆဋ္ဌတို့ကြောင့်ဖြစ်မူ ထေယျာသတ္ထ၊ ပဉ္စမကြောင့်ဖြစ်မူ ဓမ္မဒေသနာ၊ အစိတ္တကသုံးခုတို့ကြောင့် ဖြစ်မူ ဘူတာရောစန၊ ပဉ္စမ ဆဋ္ဌတို့ကြောင့်ဖြစ်မူ စောရီဝုဋ္ဌာပန၊ ဒုတိယ တတိယ ပဉ္စမ ဆဋ္ဌတို့ကြောင့် ဖြစ်မူ အနနုညာတ သမုဋ္ဌာန်ရှိသော အာပတ်မည်၏။

ဆောင်–စ-ပထမ ပါ၊သစိတ္တာသုံး၊ စုံး-ဒိန္နာ၊သဥ္ဇာ-သဗ္ဗ၊သမနု-ဆာ၊ ထိနာ-တ ဆ၊ ပ စ ဧဠံ၊ ဒု မံ-ပဒ၊ ပ တ စ ဆာ၊ ယူပါအဒ္ဓ၊ စ ဆ-ထေယျာ၊ ဓမ္မာ-ပဉ္စမ၊ ရွေးက တယော၊ ဘူတာရောမှိ။ စောရီ-မ ဆာ၊ နာနုညာတ၊ ဒု တ မ ဆံ၊ သမုဋ္ဌာန်၊ မှတ်ရန် အကျဉ်းတည်း။

၁၁။ ကြိယာဟူသည်—ကိုယ်ဖြင့်ပြုခြင်း ကာယဝိညတ်, နှုတ်ဖြင့်ပြုခြင်း ဝစီဝိညတ်ကို ဆိုသည်။ ကြိယာ၏ အစွမ်းဖြင့် အလုံးစုံသော အာပတ်သည် ငါးမျိုးပြား၏။ပြားပုံ–မပြုအပ်သည်ကို ပြုခြင်း ကြိယာကြောင့်ဖြစ်သော အာပတ်, ပြုအပ်သည်ကို မပြုခြင်း အကြိယကြောင့် ဖြစ်သော အာပတ်, မပြုအပ်သည်ကိုပြု ပြုအပ်သည်ကို မပြုခြင်း ကြိယာကြိယကြောင့် ဖြစ်သောအာပတ်,ရံခါ မပြုအပ်သည်ကိုပြု ရံခါ ပြုအပ်သည်ကို မပြုခြင်း သိယာကြိယ သိယာအကြိယကြောင့်ဖြစ်သော အာပတ်, ရံခါမပြုအပ်သည်ကိုပြု ရံခါမပြုအပ်သည်ကိုပြု ပြုအပ်သည်ကို မပြုခြင်း သိယာ ကြိယ သိယာကြိယာကြိယကြောင့်ဖြစ်သော အာပတ် ဤသို့ ငါးမျိုးပြား၏။ ။ခဲ့ဦးအံ့–ကိုယ်ဖြင့်ဂင်း နှုတ်ဖြင့်ဂင်း လွှန်ကျူးခြင်းကို ပြုသောရဟန်းအား သင့်သော ပထဝီခဏနစသော အာပတ်မျိုးသည် ကြိယကြောင့်ဖြစ်သည်မည်၏။ ကိုယ်ဖြင့် နှုတ်ဖြင့်ပြုအပ်သည်ကို မပြုသော ရဟန်းအား သင့်သော ပထမကထိန စသော အာပတ်မျိုးသည် အကြိယကြောင့် ဖြစ်သည် မည်၏။အမျိုးမတော်သောဘိက္ခု နိမ်၏ လက်မှ သင်္ကန်းယူခြင်းကို မပြုအပ်သည်ကိုပြု ရွှစ်ရှားသီးပိုင်း စသည်ဖြင့် လဲလှယ်ခြင်းကိုပြုအပ်သည်ကို မပြုသောရဟန်းအားသင့်သော စီဝရ ပဋိဂ္ဂဟဏ စသော အာပတ်မျိုးသည် ကြိယာကြိယကြောင့်ဖြစ်သည် မည်၏။ ရံခါ ရွှေငွေကို ခံယူခြင်းကို မပြုသပ်သည်ကိုပြု, ရံခါ ဤရွှေငွေမအပ်ဟု ပယ်ခြင်းပြု အပ်သည်ကို မပြုသော ရဟန်းအား သင့်သော ရူပိယပဋိဂ္ဂဟဏ စသော

အာပတ်မျိုးသည် သိယာ ကြိယ သိယာအကြိယကြောင့် ဖြစ်သည်မည်၏။ ရဲခါ ကုဋ္ဌိရာကို ကြားရှ် ပမာဏထက် လွန်ခြင်း မပြုအပ်သည်ကိုပြု ရဲခါကုဋ္ဌိရာကို မကြားမူရှ် ပမာဏထက်လွန်ခြင်း မပြုအပ်သည်ကိုပြု, ပမာဏအတိုင်းဇင်း ကုဋ္ဌိရာကို ကြားရှ်ဇင်း ပြုအပ်သည်ကို မပြုသောရဟန်းအား သင့်သော် ကုဋ္ဌိကာရ စသော အာပတ်မျိုးသည် သိယာ ကြိယ သိယာ ကြိယာ ကြိယကြောင့် ဖြစ်သည်မည်၏။

တနည်း။ ။ကြိယဟူသည် ဝိညတ်နှင့် တကွသော ကိုယ်နှုတ်တို့ကြောင့် ဖြစ်သော အာပတ်ကို ဆို၏။ ဝိညတ် ကင်းသော ကိုယ်နှုတ်တို့ကြောင့် ဖြစ်သော အာပတ်ကို အကြိယ ဆိုသည်။ ထိုအာပတ်သည် ကြိယစသည်ဖြင့် ငါးမျိုးပြား၏။ ပြားပုံ–မပြုသင့်သော မေထုန် အမှုစသည်ကို ပြုခြင်းကြောင့် သင့်သော မေထုနဓမ္မစသော အာပတ်မျိုးသည် ကြိယအာပတ်မည်၏။ ဆယ် ရက်အတွင်း အဓိဋ္ဌာန်ဝိကပ္ပနာ ပြုရမည်ကို မပြုခြင်းကြောင့် သင့်သော ဒသာဟာတိက္ကန္တ စသော အာပတ်မျိုးသည် အကြိယ အာပတ်မည်၏။ အမျိုး မတော်သော ဘိက္ခုနီမ၏ လက်မှ သင်္ကန်းခံယူခြင်းကို မပြုအပ်သည်ကို ပြုခြင်း, ရှစ်ရှားသီးပိုင်း စသော ဝတ္ထုဖြင့် လဲလှယ်ခြင်းကို ပြုအပ်သော ဝိနည်းကံကို မပြုခြင်းကြောင့် သင့်သော စီဝရပဋိဂ္ဂဟဏစသော အာပတ်မျိုးသည် ကြိယာ ကြိယ အာပတ်မည်၏။ ရဲခါဧရှင့်ကို ခံယူခြင်းမပြုအပ်သည်ကို ပြုခြင်း, ရဲခါ မအပ်ဟု ပယ်ခြင်းပြုအပ်သည်ကို မပြုခြင်းကြောင့် သင့်သော ရှုပိယ ပဋိဂ္ဂဟဏ စသော အာပတ်မျိုးသည် သိယာကြိယ, သိယာအကြိယ အာပတ်မည်၏။ ရဲခါကုဋ္ဌိရာကို မကြားမူရှ် ပမာဏထက်လွန်ခြင်း မပြုအပ်သည်ကို ပြုခြင်းနှင့် ပမာဏအတိုင်းဇင်း, ကုဋ္ဌိရာကိုကြားရှ်ဇင်း ပြုအပ်သည်ကို မပြုခြင်းကြောင့် သင့်သော ကုဋ္ဌိကာရ စသော အာပတ်မျိုးသည် သိယာကြိယ, သိယာ ကြိယာ ကြိယ အာပတ်မည်၏။

၁၂။ သညာဟူသည်—ဝတ္ထုကိုလွန်ကျူးခြင်းကို သိသော စိတ်ကို ဆိုသည်။ "သညာ သဒါ အနာပတ္တိမေဝ ကရောတိ၊ စိတ္တံ အာပတ္တိမေဝ ကရောတိ" ဟူသော ဝဇီရဗုဒ္ဓိဋ္ဌီကာကို ထောက်။ အလုံးစုံသော အာပတ်သည် သညာစုမ်းဖြင့် နှစ်မျိုး ပြား၏။ ပြားပုံ–ဝတ္ထုကို လွန်ကျူးလိုသော သညာ၏မရှိခြင်းကြောင့် အာပတ်မှ လွတ်ခြင်းရှိသော သစိတ္တက အာပတ်မျိုးသည် သညာဝိမောက္ခ အာပတ်မည်၏။ ဝတ္ထုကို လွန်ကျူးလိုသောသညာ၏ မရှိခြင်းကြောင့်လည်း အာပတ်မှ လွတ်ခြင်းမရှိသော အစိတ္တက အာပတ်မျိုးသည် နောသညာဝိမောက္ခအာပတ် မည်၏။ ဤသို့ နှစ်မျိုးပြား၏။

၁၃။ စိတ္တဟူသည်---ဝတ္ထုကို လွန်ကျူးခြင်းကို သိသောစိတ်ကိုပင် ဆိုသည်။ အလုံးစုံသော အာပတ်သည် စိတ်၏အစွမ်းဖြင့် နှစ်မျိုးပြား၏။ ပြားပုံ- ဝတ္ထုကို လွန်ကျူးလိုသော စိတ်နှင့်တကွသာ ဖြစ်သော အာပတ်သည် သစိတ္တက အာပတ်မည်၏။ ရုံခါ ဝတ္ထုကို လွန်ကျူးလိုသော စိတ်နှင့် ကင်းရှင်းလည်းဖြစ်, ရုံခါ ဝတ္ထုကို လွန်ကျူးလိုသော စိတ်နှင့် ရောရှင်းလည်းဖြစ်သော အာပတ်မျိုးသည် အစိတ္တကအာပတ်မည်၏။ ဤသို့ နှစ်မျိုးပြား၏။

အဋ္ဌုး။ ။လွန်ကျူးခြင်းကို မသိခြင်းကို နောသညာဝိမောက္ခ ခေါ်သည်။ ဝတ္ထုကို မသိခြင်းကို အစိတ္တကခေါ်သည်။ (ဝဇိရဗုဒ္ဓိ)။ သညာဒုက်ကား အနာပတ္တိကို အဦးပြု၍ ဖြစ်သည်။ သစိတ္တကဒုက်ကား အာပတ္တိကို အဦးပြု၍ ဖြစ်သည်။ ဒုက်နှစ်ပါးကား ဤသို့ထူး၏။(ကင်္ခါဋီကာသစ်)။

၁၄။ ဝဇ္ဇဟူသည်---အပြစ် ဒေါသကို ဆိုသည်။ အလုံးစုံသော အာပတ်သည် ဝဇ္ဇစွမ်းဖြင့် နှစ်မျိုးပြား၏။ ပြားပုံ- သစိတ္တက ဖြစ်စေ, အစိတ္တကဖြစ်စေ အကုသိုလ်စိတ်ဖြင့်သာ ပေါက်အပ်သောကြောင့် လောကဌ် ထင်ရှားသော အပြစ်ရှိသော အာပတ်သည် ဇလောကဝဇ္ဇ အာပတ်မည်၏။ သစိတ္တက ဖြစ်စေ, အစိတ္တက ဖြစ်စေ မြတ်စွာဘုရား၏ အာဏာဟု ဆိုအပ်သော ပညတ်တော်ကို လွန်ကျူး၍ အပြစ်ရှိသော အာပတ်မျိုးသည် ပဏ္ဏတ္တိဝဇ္ဇအာပတ် မည်၏။ ဤသို့ နှစ်မျိုးပြား၏။

မှတ်ချက်။ ။လောကဝဇ္ဇသည် ပဌမ ပါရာဇိက ကဲ့သို့ သစိတ္တက လောကဝဇ္ဇ, သုရာပါနကဲ့သို့ အစိတ္တက လောကဝဇ္ဇဟု နှစ်မျိုး၊ ပဏ္ဏတ္တိဝဇ္ဇသည်လည်း ပထဝီခဏနကဲ့သို့ သစိတ္တက ပဏ္ဏတ္တိဝဇ္ဇ, သဉ္စရိတ္တကဲ့သို့ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇဟု နှစ်မျိုးစိပြား၏။ လောကဝဇ္ဇဟူက အကုသိုလ်စိတ်သာ ဖြစ်၏။ ပဏ္ဏတ္တိဝဇ္ဇဟူက တိစိတ္တ ဖြစ်၏ဟူမှတ်။

၁၅။ ကမ္မဟူသည်---ကာယကံ,ဝစီကံ နှစ်ပါးကို ဆိုသည်။မနောကံကို မယူရ။ အလုံစုံသော အာပတ်သည် ကံ၏ အစွမ်းဖြင့် သုံးမျိုးပြား၏။ ပြားပုံ-ကာယ ဒွါရ၌ ပေါက်အပ်သော အာပတ်သည် ကာယကံအာပတ်မည်၏။ ဝစီဒွါရ၌ ပေါက်အပ်သော အာပတ်သည် ဝစီကံ အာပတ်မည်၏။ ကာယဒွါရ, ဝစီဒွါရ နှစ်ပါး၌ ပေါက်အပ်သော အာပတ်သည် ကာယဝစီကံမှ အာပတ်မည်၏။ ဤသို့ သုံးမျိုး ပြား၏။

ဓာန်း။ ။သဝိညတ္တိက ကာယဖြင့်ဂျင်း, အဝိညတ္တိက ကာယဖြင့်ရင်း ပေါက်အပ်သော အာပတ်သည် ကာယကံ အာပတ်မည်၏။ သဝိညတ္တိက

ဝါစာဖြင့်ဆင်း, အဝိညတ္တိက ဝါစာဖြင့်ဆင်း ရောက်အပ်သော အာပတ်သည် ဝစီကံ အာပတ်မည်၏။ နှစ်ပါးစုံဖြင့် ရောက်အပ်သော အာပတ်သည် ကာယကံ ဝစီကံ အာပတ်မည်၏။ ဤသို့ သုံးမျိုး ပြား၏။

[သဝိညတ္တိကကာယဖြင့် မပြုအပ်သည်ကို ပြုခြင်းကြောင့် အခြို့အာပတ်သို့ ရောက်သည်။ အဝိညတ္တိက ကာယဖြင့် ပြုအပ်သည်ကို မပြုခြင်းကြောင့် အခြို့ အာပတ်သို့ ရောက်သည်ဟုဆိုသော ဝဇီရဗုဒ္ဓိဋီကာကို ထောက်သည်]။

အထူး။ ။မနောဒွါရ၌ အာပတ်မည်သည် မရှိဟု **ကခ်ါဆို၏။ ကခ်ါဋီကာ** ဆရာကား အနီးဥ်ထားအပ်သော ရှေ့ငွေကို သာယာခြင်းစသည် တို့ဥ် အာပတ်သင့်ခြင်းကြောင့် အာပတ်မသင့် ဟူသောစကား ယောဇုယျဟု ဆို၏။ ၎င်းဋီကာဆရာသည်ပင် ရှုပိယသိက္ခာပုဒ်၌ အဖွင့်ဥ် "သစေ ပန ကာယ-ဝစီဒ္ဒါရေ အာပတ္တိ အာပဇ္ဇတိ၊ မနောဒ္ဓါရေ ပန အာပတ္တိနာမ နတ္ထိ"ဟု ဆိုပြန်၏။ ထို့ကြောင့် ရှေနောက် စကားနှစ်ရပ် ဆန့်ကျင်နေ၏။ "ဝိနယဿ ဒ္ဒေ မူလာနိ ဒ္ဒီသု ဒ္ဒါရေသု ပညတ္တာ၊ မနောဒ္ဓါရေ ပန အာပတ္တိပညာပနံ နာမ နတ္ထိ"ဟူသော အဋ္ဌသာလိနီနှင့်လည်း ဆန့်ကျင်၏။ သာရတ္ထဒီပနီဋီကာ စသည် တို့ဥ် ၎င်းစကားမျိုးကို "အာစရိယာ ဝဒန္တိ"ဟု ဆို၏။

၁၆-၁၇။ တိက ဒ္ဒယဟူသည်—ကုသလ တိက်နှင့် ဝေဒနာတိက်ကို ဆိုသည်။ အလုံးစုံသော အာပတ်သည် ကုသလတိက်၏ အစုမ်းဖြင့် သုံးမျိုးပြား၏။ ပြားပုံ-ပါရာဇိက, သုက္ကဝိဿဋ္ဌိ စသည်တို့ကဲ့သို့ အကုသိုလ်တမျိုးတည်းဖြင့်သာ သင့်ကောင်းသောအာပတ်မျိုးသည် ဧကစိတ္တ အာပတ်မည်၏။ ပဒသောဓမ္မ, သဟသေယျ စသည်တို့ကဲ့သို့ ကုသိုလ်စိတ်ဖြင့်ဆင်း, အဗျာကတစိတ်ဖြင့်ဆင်း သင့်ကောင်းသော အာပတ်မျိုးသည် ဒ္ဒိစိတ္တအာပတ်မည်၏။ သဉ္စရိတ္တစသည်တို့ကဲ့သို့ ကုသိုလ် အကုသိုလ် အဗျာကတ စိတ်သုံးမျိုးဖြင့် သင့်ကောင်းသော အာပတ်မျိုးသည် တိစိတ္တအာပတ်မည်၏။ ဤသို့ သုံးမျိုး ပြား၏။

အလုံးစုံသောအာပတ်သည် ဝေဒနာတိက်၏ အစုမ်းဖြင့် သုံးမျိုးပြား၏။ ပြာပုံ-ဒုဋ္ဌဒေါသ စသည်ကဲ့သို့ ဒုက္ခဝေဒနာနှင့်သာ ယှဉ်၍ သင့်သောအာပတ်မျိုးသည် ဒုက္ခဝေဒနာ အာပတ်မည်၏။ မေထုနဓမ္မ စသည်ကဲ့သို့ သုခဝေဒနာနှင့် ယှဉ်၍ဆင်း, ဥပေက္ခာဝေဒနာနှင့် ယှဉ်၍ဆင်း သင့်သော အာပတ်မျိုးသည် ဒ္ဒိဝေဒနာ အာပတ်မည်၏။ ဒုတိယ ပါရာဇိက စသည်တို့ကဲ့သို့ သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာ သုံးပါးနှင့်ယှဉ်၍ သင့်ကောင်းသော အာပတ်မျိုးသည် တိဝေဒနာ အာပတ်မည်၏။ ဤသို့ သုံးမျိုးပြား၏။

အာထုး။ ။အိပ်၍ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်သည် စိတ်မရှိ ဝေဒနာမရှိဘဲ ၊သဟဂေသယျအာပတ်သို့ ရောက်ကောင်းသောကြောင့် ဤတိုက ဒုယ စကားသည် ယောဇုယျစကားဟုသိ။ (သာရတ္ထ)။

နိဒါန်းစသည်။ ။ဤပထမပါရာဇိက သိက္ခာပုဒ်သည် ဝေသာလီ၊ သုဒိန်၊ မေထုနဝိတိက္ကမနဝတ္ထု။ ။မေထုန် ဓမ္မံ ပဋိသေဝေယျကား အနုပညတ်၊ သာဓာရဏပညတ်၊ အနာဏတ္တိက၊ ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ်၊ အဇာနန္တ အသာဒယံန္တ ဥမ္မတ္တက ခိတ္တစိတ္တ ဝေဒနာဋ္ဌ အာဒိကမ္မိက တို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ ။မို့ဝဲလိုသောစိတ်ရှိခြင်း, မဂ်တခုဖြင့် မဂ်တခုသို့သွင်းခြင်း အင်္ဂါနှစ်ပါး။ ။ပထမပါရာဇိက သမုဋ္ဌာန်ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကမ္မ၊ အကုသလစိတ္တ၊ ဒွိဝေဒနတို့ ဖြစ်ကုန်၏။

မှတ်ချက်။ ။အဇာနန္တဟူသည် အိပ်ပျော်နေ၍ သူတပါးက လုံ့လပြု သွားသည်ကို မသိသော ရဟန်းမျိုးကို ဆိုသည်။ အသာဒယန္တဟူသည် သိလျက် မသာယာသော ရဟန်းမျိုးကို ဆိုသည်။ ဥမ္မတ္တကဟူသည် ဗဟိဒ္ဓ သည်းခြေပျက်၍ ကုစားမရကောင်းအောင် ရှုးသော ရဟန်းမျိုးကို ဆိုသည်၊ ခိတ္တစိတ္တဟူသည် ဘီလူးဖမ်းစား၍ ရှုးသော ရဟန်းမျိုးကို ဆိုသည်။ [ထိုရဟန်းရှုး နှစ်မျိုးအား မီးနှင့်ရှေ့, မစင်နှင့် စန္ဒကူး စသည် ကဲ့ပြားအောင် မသိမှသာ အာပတ်မသင့်၊ သိသော် အာပတ်သင့်သေး၏၊ ဥမ္မတ္တကကား အမြဲရှုးသည်။ ခိတ္တစိတ္တကား အမြဲမရှုး၊ ရံခါ ပကတိ စိတ်ကောင်း ဖြစ်နိုင်သေးသည်]။

အထူး။ ။ဤမေထုနမမ္မဋ္ဌ မိမိကား လုံ့လမပြု၊ သူတပါး လုံ့လဖြင့် သာယာသော ရဟန်းအား အကြိယ သမုဋ္ဌာန် ဖြစ်ကောင်းသောကြောင့် ကြိယ ဟူသော စကား ယောဇုယျ ဖြစ်ကြောင်းကိုလည်း ကခ်ါဌီကာ အထူးဆို၏။

အင်္ဂါထုတ်ပုံ။ ။ဤဌ္ဌ အင်္ဂါ ရေတွက်ခြင်းသည် မေထုန် ဓမ္မံ ပဋိသေဝေယျကို ထောက်သည်။ မေထုန် ဓမ္မံကို ထောက်၍ မဂ်တခုဖြင့် မဂ်တခုသို့ သွင်းခြင်း အင်္ဂါကို ထုတ်သည်။ ပဋိသေဝေယျကို ထောက်၍ မို့ဝဲလိုသော စိတ်ရှိခြင်း အင်္ဂါကို ထုတ်သည်ဟု သိ။

ဆောင်—မို့ဝဲလိုဘိ၊ စိတ်လည်းရှိခြင်း၊ မဂ်ချင်းသွင်းပါ၊ နှစ်အင်္ဂါပြည့်၊ ပါရာဇိ၊ ကျ၏ မှတ်လေတည်း။

ပထမပါရာဇိကသိက္ခာပုဒ်ပြီး၏။

၂-ဒုတိယ ပါရာဇိက

၂။ ယော-ပန-ဘိက္ခု၊ –သည်။ ဂါဟဝေါ၊ ရွာမှုဂုဏ်း။ အရညွာဝေါ၊ တောမှုဂုဏ်း။ အဒိန္နံ၊ (အရှင်သည်) မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသော စိတ်အစုဖြင့် အာဒိယေယျ၊ ခိုးယူငြားအံ့။ ယထာရူပေ၊ အကြင်သို့ သဘောရှိသော။ အဒိန္နာဒါနေ၊ (အရှင်သည်) မပေးအပ်သော (သူတပါး၏) ဥစ္စာကို ခိုးဟူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတ္ဝာ၊ ဖမ်းယူ၍။ ဟနေယျုံဝေါ၊ ရိုက်နှက်ပုတ်ခတ်, သတ်ဖြတ်မှုလည်း သတ်ဖြတ်ကုန်ရာ၏။ ဗန္ဓေယျုံဝေါ၊ နှောင်ဖွဲ့မှုလည်း ဖွဲ့ကုန်ရာ၏။ ပဗ္ဗာဇေယျုံဝေါ၊ (တိုင်းပြည်မှ) နှင်မှုလည်း နှင်ထုတ်ကုန်ရာ၏။ တုံ၊ သင်သည်။ [ထည့်] စောရော၊ ခိုးတတ်သည်။ အသိ၊ ဖြစ်၏။ ဗာလော၊ မိုက်သည်။ အသိ၊ –၏။ မူဠှော၊ တွေဝေသည်။ အသိ၊–၏။ ထေနော၊ ခိုးဝှက်တတ်သည်။ အသိ၊–၏။ ဣတိ၊ ဤသို့သော စကားတို့ဖြင့်။ ပရိဘာသေယျုံဝေါ၊ ဆဲမှုလည်း ဆဲကုန်ရာ၏။ [ထည့်] တထာရူပံ၊ ထိုသို့သဘောရှိသော။ အဒိန္နံ၊–ကို။ အာဒိယမာနော၊ ခိုးယူမိသော။ အယံပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော၊–သည်။ အသံဝါသော၊–သည်။ ဟောတိ၊ –၏။

၂-ဒုတိယပါရာဇိက

အနုသန္ဓိ—ဤသို့ ဥဒ္ဒေသအားဖြင့် မေထုန ပါရာဇိကကို ပြပြီး၍ ယခုအခါ အဒိန္နာဒါန ပါရာဇိကကို ပြလိုရကား ယော ပန ဘိက္ခု ဂါမာဝါ စသည်ကိုမိန့်။

ဂါမာဝါ အရညာဝါ။ ။ဂစ္ဆန္တိ တိဋ္ဌန္တိ ဇနာ ထ္ထောတိ ဂါမော၊ လူတို့၏ တည်နေရာဖြစ်သော ရွာ စသည်ကို ရစေ။ ။အရာမ်ရှိ မရှိ, လူရှိမရှိ လိုရင်းမဟုတ်၊ တအိမ် တတဲသာ ရှိသော်လည်း အယုတ်ဆုံး လေးလထက် အလွန် လူနဘူးသော အိမ် လယ်တဲကိုပင် ရွာဟု ခေါ်နိုင်သည်။ ဆောက်လုပ်ခါစ လူမနေသေးသော တဲအိမ်ကိုလည်း, မနေတော့ဟု အာလယ ပြတဲ့ စွန့်သွားသော တဲအိမ်ကိုလည်း ရွာဟု မခေါ်ရ။ ပြန်နေဦးမည်ဟု အာလယရှိဆဲသေးအံ့၊ ရွာဟူ၍ပင် ခေါ်ရသေး၏။ ဤဂါမာဟူသော စကားသည် ဒေသနာမတ္တ မျှသာ ဖြစ်သည်။ ဂါမဖြင့် ဃရ, ဃရူပစာရ, ဂါမ, ဂါမူပစာရနှင့် နဂရ,နိဂမ,ဇနပဒတို့ကိုလည်း ယူရမည်။ ပါရာဇိကကို အကြွင်း

ထား၍ ပညတ်ခြင်းပရှိရကား ၎င်းတို့ကို ယူဂျသည်ဟု သိ။ ဃရဟ္ဒသ္ဟည် အိမ် တစက်မိတ်ရေကျရာ အရပ်အတွင်းကို ခေါ်သည်။ ဃရူပစာရဟ္ဒသည် အိမ်ဝင်း ထရုံရှိမူ ဝင်းထရုံအတွင်းအရပ်ကို, မရှိမူ အိမ်တံခါးဦ ရပ်လျက် မာတုဂါမသည် ခွက်ဆေးရေစွန့်သဖြင့် ခွက်ဆေးရေကျရာအရပ်, အိမ်ပသို့ ပစ်အပ်သော မန်း စကော တံမြက်ဆုပ်ကျရာအရပ်ကို ခေါ်သည်။ ဂါမဟ္ဒသည် အရုံရှိသော ရွာ ဖြစ်မူ အရုံအတွင်းကို, မရှိမူ အစွန်ဆုံးအိမ်၏ ဃရူပစာရဋ္ဌရပ်လျက် ပစ်အပ် သော ခဲတကျအတွင်းကို, တံခါးခုံနှစ်ခုရှိမူ ပထမတံခါးခုံမှ ခဲတကျအတွင်းကို, အရုံမရှိမူ ပထမခဲတကျမှ နောက်ထပ် ပစ်အပ်သော ခဲတကျအတွင်းကို ခေါ်သည်။ ။အရိယတေ ဉာယတေတိ အရညံ။သိအပ်သော တောကို ရစေ။ ဂါမ, ဂါမူပစာရကို ဖယ်ထား၍ ကြင်းသောအရပ်ဟု သိအပ်သော တောကို အရညခေါ်သည်ဟု သိ။

အဒိန်္နံ-ယေယျ။ ။ဒါတဗ္ဗန္တိ ဒိန်္နံ။ ကိုယ်နှုတ်ဖြင့် ပေးအပ်သော ဥစ္စာကို ရစေ။ ။န ဒိန်္နံ အဒိန်္နံ။ ဥစ္စာရှင်တို့သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူ၏ဥစ္စာကို ရစေ။ ဒန္တဓပါဏသိက္ခာပုဒ်၌ မိမိ၏ ပစ္စည်းပင် ဖြစ်သော်လည်း အကပ်မခံရသေးသော အပ်သော စားစရာ ပစ္စည်းဝတ္ထုကို အဒိန်္နခေါ်သည်။ ဤ၌ သူတပါး သိမ်းဆည်းထားသော ပိုင်ရှင်ရှိသော လူ၏ ပစ္စည်းကို အဒိန်္နခေါ်သည်ဟု အထူးသိ။ ။ထေနေတိ စောရေတိတိ ထေနော။ ခိုးတတ်သော သူဖြုပ်ကို ရစေ။ ဤ၌ ထေနသဒ္ဒါ စိတ်ကိုဂင်း, သာမည အခြင်း အရာဟု ဆိုအပ်သော ဇာတ်ကိုဂင်း, ခိုးခြင်းကြိယာကိုဂင်း, ပဝတ္တာနိမိတ်ပြု၍ ခိုးတတ်သော သူဖြုပ်ကို ဟောသည်။ ။ထေနဿ ဘာဝေါ ထေယျံ။ ခိုးတတ် သောသူ၏ ဖြစ်ကြောင်း စိတ်ကို ရစေ။ ။သန်္ဓိယံတိ ဥပဋ္ဌာတိတိ သန်္ဓိတံ။ အဘိုအစုအားဖြင့် ထင်ရှားသော စိတ်ကိုပင် ရစေ။ ။ဤ၌ အဘိုအစုဟူသည် တကြိမ်မျှမက ထပ်ခါ ထပ်ခါ တဖွားဖွားဖြစ်ပေါ်ခြင်းကို ဆိုသည်။ ။ ထေယျဥ္စ တံ သန်္ဓိတဥ္စာတိ ထေယျသန်္ဓိတံ။ ခိုးတတ်သောသူ၏ ခိုးကြောင်း ဖြစ်သော စိတ်အစုကို ရစေ။ အကျမ်းဝင်၍ယူခြင်း ဝိဿာသဂ္ဂါဟ, အခိုက် အတန့် ခေတ္တာခဏယူခြင်း တာဝကာလိကဂ္ဂါဟ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော အထေယျစိတ်အစုမှ တပါးသော ခိုး, တိုက်, ခိုက်, လုယက်, ညာဝါး, မဟာရှုးယူလို သော ထေယျစိတ်အစုမျိုးကို ထေယျသန်္ဓိတဆိုသည်။ ဤ ထေယျသန်္ဓိတ ဖြင့် အထေယျစိတ်အစုမျိုးကို စင်စေသည် ဟူ၏။ ဤ ထေယျသန်္ဓိတံကား- ကရိဏ်းအနက်၌ ပထမဝိဘတ်သက်ထားသည်။ ဖြင့်-ဟု အနက်ပေး။

တနည်းကား။ ။ဤ ထေယျသန်္ဓိတံကား-ကရိဏ်းအနက်၌ ပထမဝိဘတ် သက်ထားသည် မဟုတ်၊ ဘာဝနပုံဖြစ်သည် ဟူ၍လည်း

ကြံကြသေး၏။ "ထေယျသင်္ဃီတံ၊ ခိုးခြင်းငှါ အလိုရှိသော သူ၏ ဖြစ်ကြောင်း စိတ်ရှိသည်။ ဟုတ္တ၊ ဖြစ်၍"ဟု အနက်ပေး။ ဤနောက်နည်းအလို ထေယျ ဇဝ သင်္ဃီတံ ယသာတိ ထေယျသင်္ဃီတံ ဟုပြု။ ရဟန်းကို အရကောက်။ ။အာဒိ-ယေယျကား–နှစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့တွင် တပါးပါးသော ခိုးခြင်းဖြင့် ခိုးယူငြားအံ့ဟု ဆိုလိုသည်။ ခိုးလိုသောစိတ်အစုဖြင့် အာရုံပြုကာမျှ မဟုတ် ဟူသော အဓိပ္ပါယ်ကို သိ။

ခိုးခြင်း ၂၅-ပါး။ ။နာနာဘဏ္ဍပဋိက, ဇကာဘဏ္ဍပဋိက, သာဟတ္ထိကပဋိက, ပုဗ္ဗပယောဂပဋိက, ထေယျာဝဟာရပဋိက ဤပဋိက ငါးပါးပေါင်းသော် ခိုးခြင်း နှစ်ဆယ့်ငါးပါး ဖြစ်၏။

ဆောင်— နာနာ–ဇက၊ သာဟတ္ထနှင့်၊ ပုဗ္ဗ·ထေယျာ၊ ငါးခုမှာ၊ ငါးဖြာ ပဋိကာ။

နာနာဘဏ္ဍပဋိက။ ။၁-အရာမ်ိုကို တရားတွေ့၍ ခိုးခြင်း အာဒိယေယျ။ ၂-ဆောင်ယူသွားသော သူတပါး ဥစ္စာကို ခိုးခြင်း ဟရေယျ။ ၃-အပ်နှံထားသော ဘဏ္ဍာကို ခိုးခြင်း အဝဟရေယျ။ ၄-ဘဏ္ဍာ ဇဆောင်လာသူကို ဘဏ္ဍာနှင့်တကွ ခိုးခြင်း ကုရိယာပထဝိကောပေယျ။ ၅-ကုန်းဦ တည်သော ဘဏ္ဍာကို ခိုးခြင်း ဌာနာစာဝေယျ။ ဤငါးပါးကို နာနာဘဏ္ဍ ပဋိကခေါ်သည်။

ဇဆောင်—အာဒိ-ဟရ၊ ဝဟာရ၊ ပထ-ဌာနာစာ။

နာနာဘဏ္ဍပဋိက။ ။၁-အရှင်၏ကျွန်ကိုဖြစ်စေ တိရစ္ဆာန်ကိုဖြစ်စေ တရားတွေ့၍ ခိုးခြင်း အာဒိယေယျ။ ၂-ဆောင်ယူသွားသော သူတပါး ဥစ္စာကို ခိုးခြင်း ဟရေယျ။ ၃-အပ်နှံထားသော ဘဏ္ဍာကို ခိုးခြင်း အဝဟရေယျ။ ၄-ဘဏ္ဍာ ဇဆောင်လာသူကို ဘဏ္ဍာနှင့်တကွ ခိုးခြင်း ကုရိယာပထဝိကောပေယျ။ ၅-ကုန်းဦတည်သော ဘဏ္ဍာကို ခိုးခြင်း ဌာနာစာဝေယျ။ ဤငါးပါးကို ဇကာဘဏ္ဍပဋိက ခေါ်သည်။ [နာနာဘဏ္ဍပဋိကကား သက်မဲ့၊ ဤကား သက်ရှိသာ ထူး၏။ ခိုးပုံခြင်းကား တူ၏]။

ဇဆောင်—ကောဇက်လည်း၊ နာနာနည်း၊ ထူးပြီး သက်ရှိလာ။

သာဟတ္ထိကပဋိက။ ။၁-သူတပါး၏ ဘဏ္ဍာကို ကိုယ်တိုင်ခိုးခြင်း သာဟတ္ထိက။ ၂-စေခိုင်း၍ခိုးခြင်း အာဏတ္တိက။၃-ကင်းထားရာ အရပ် ကြံစည်ရာအရပ်တို့၏ အတွင်း၌နေ၍ အပြင်သို့ ပစ်လွှင့်ခိုးခြင်း နိဿဂ္ဂိယ။ ၄-စွမ်းနိုင်သောအခါ ခိုးဟု စေခိုင်းခြင်း အတ္ထသာဓက။ ၅-အရာမ်ိုကို တရာ

တွေ့ခြင်း, အပ်ထားသောဘဏ္ဍာကို မပေးခြင်း, တာဝကာလိက ယူသည်ကို မပေးခြင်း, ဘဏ္ဍာစားကို မပေးခြင်း စုရုံးကျေပ။ ဤငါးပါးကို သာဟတ္ထိက ပဉ္စကခေါ်သည်။

ဆောင်—သာဟ-အာဏာ၊ နိဿဂ္ဂ၊ အတ္ထ-ဓုရပါ။

ပုဗ္ဗပယောဂပဉ္စက။ ။၁-စေခိုင်းရှိခိုးခြင်း ပုဗ္ဗပယောဂ။ ၂-နေရာမှ ရွှေ့စေရှိ ၎င်း, ကံသင်းစသည်ကို ပြောင်းရှင်းခိုးခြင်း သဟပယောဂ။ ၃-ဤမည်သောဘဏ္ဍာကို ခိုးအံ့ဟု တိုင်ပင်ရှိခိုးခြင်း သံဝိဓာဝဟာရ။ ၄-အမှတ်ပြုရှိခိုးခြင်း သင်္ကေတကမ္မ။ ၅-မျက်ရိပ်ပြရှိခိုးခြင်း နိမိတ္တကမ္မ။ ဤငါးပါးကို ပုဗ္ဗပယောဂပဉ္စကခေါ်သည်။

ဆောင်—ပုဗ္ဗ-သဟ၊ သံဝိဓ၊ သေတ-နိမိတ္တာ။

ထေယျာဝဟာရပဉ္စက။ ။၁-လျှို့ဝှက်ရှိခိုးခြင်း တောင်း,တင်း, ချိန်, ဘဿပြာ စဉ်းလဲပြု ခိုးခြင်း ထေယျာဝဟာရ။ ၂-အနိုင်အထက် လုယက်ရှိခိုးခြင်း, ရသောအခွန်ထက် အပိုတောင်းရှိ ခိုးခြင်း ပသယျာဝဟာရ။ ၃-ဘဏ္ဍာကိုဖြစ်စေ အရပ်ကိုဖြစ်စေ ကြံဆရှိခိုးခြင်း ပရိကပ္ပါဝဟာရ။ ၄-ဖုံးလွှမ်းရှိခိုးခြင်း ပဋိစ္ဆန္နာဝဟာရ။ ၅-ကမ္မည်းပြောင်းရှိခိုးခြင်း ကုသာဝဟာရ။ ဤငါးပါးကို ထေယျာဝဟာရပဉ္စကခေါ်သည်။

ဆောင်—ထေယျ-ပသယျ၊ ရိကပ္ပ၊ စ္ဆန္န-ကုသဝါ။

ယထာရူပေ အဒိန္နာဒါနေ။ ။ယော ရူပေါ သဘာဝေါ တေသောတိ ယထာ-ရူပေါ။ယထာသဒ္ဒါ ယ-အနက်ကို ဟော။ အနုရူပဝိစ္ဆာစသော အနက်ဟောမဟုတ်။ "ယထာရူပေတိ ယာဒိသေ" ဟူသော **ကစ်**ါကိုထောက်။ ရူပသဒ္ဒါ ဝေရူပါယ စသည်တို့၌ကဲ့သို့ သဘာဝအနက်ဟော၊ အကြောင်သို့ သဘောရှိသော အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဥစ္စာကို ရစေ။ အစိုးရမင်းများက ဖမ်း၍ သတ်ဖြတ် ညှဉ်းပန်းမှုပြုသည်ဟု ဆိုခြင်းကြောင့် တမတ်, တမတ်ထိုက်သော ဥစ္စာမှစ၍ အထက် ဥစ္စာများကိုယူ။ ဤယထာရူပကို အဒိန္နဒ္ဒ် တုလျာဓိကရဏ အဖြစ်ဖြင့် စပ်။ "တထာရူပံ ဘိက္ခု အဒိန္နံ"ကိုထောက်။ ။အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ ဤအဒိန္န-သဒ္ဒါသည် ယထာရူပေကို ငဲ့သော်လည်း ဝါကျတုန်းကဲ့သို့ အနက်ကို သိစေတတ်သောကြောင့် မငဲ့သော အာဒါနသဒ္ဒါနှင့် ဂမ္မကသမာသ်ဖြစ်ကောင်းသည်၊အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းကို ရစေ။

ရာဇာဒနှာ ဒဗ္ဗာဒိုံ ဂဒဟဘ္ဘာ။။ ။ပဒေသံ ရဒဠ္ဠန်္တိဘိ ရာဇာဒနှာ။။ တရားသဖြင့် သူတပါးတို့အား နှစ်သက်ဓစတတ်သော မင်းတို့ကို ရစေ။။ ။အပြစ်အားလျော်စွာ ဆုံးမတတ်သော ဗိမ္မိသာရမင်းကဲ့သို့သော မင်းတို့ကို ဆိုလိုသည်။ ဥပဒေတမျိုးလုပ်ထားဓသော တပါးသော မင်းတို့ကို မယူရ ဟူ၏။။ ။စောရေဟိ ထေနေတိတိ စောရော။သူတပါး၏ ငါးပဲ စသော ဥစ္စာကို ခိုးတတ်သောသူကို ရဓစေ။။ ။ဂဟေတ္ဝာ-ကား ဥပလက္ခဏာနည်းမျှသာ၊ ဤဂဟေတ္ဝာဖြင့် ဓခါ စေခြင်းကြိယာကိုလည်း ပေါင်းယူနိုင်၏။ တနည်း- ကိုယ်တိုင်ယူခြင်း, သူဟပါးကိုယူစေခြင်းကြိယာကိုလည်း ပေါင်းယူ။

ဟနေယျုံ ဝါ-ပဗ္ဗာဇေယျုံ ဝါ။။ ။ဟနေယျုံကား လက်စသည်ဖြင့် ရိုက်ခြင်း, ဓား စသည်တို့ဖြင့် သတ်ဖြတ်ညှဉ်းဆဲခြင်းကိုဆိုသည်။ ။ပန္ဓေယျုံကား ထိတ်နှောင်စသော နှောင်အမျိုးမျိုးဖြင့် ဖွဲ့ခြင်းကိုဆိုသည်။ ။ပဗ္ဗာဇေယျုံကား မိမိ၏ နေရပ်ဖြစ်သော မြို ရွာ ဇနပုဒ် နိဂုံးမှ မနေစေဘဲ နှင်ထုတ်ခြင်းကို ဆိုသည်။

စောရောသိ-ထေနောသိတိ။။ ။ဤလေးပုဒ်တို့ဖြင့် ဆဲရေးပုံကို ပြသည်။ ။ ဒေ့ အတ္ထေ လုနာတိ ဆိန္ဒတိတိ ဗာလော။ ပစ္စုပ္ပန်ကျိုး သံသရာကျိုး နှစ်မျိုးကို ဖြတ်တတ် ဖျက်ဆီးတတ်သော လူမိုက်ကို ရစေ။။ ။မုယ္ဘတိတိ မူဠ္ဟော။ မိုက်မဲ တွေဝေသူကို ရစေ။ ဟနေယျုံ ဝါ စသည်၌ ဝါ-သဒ္ဒါကား အနိယမအနက်ရှိသည်။ သတ်လျှင်လည်း သတ်မည်၊ မသတ်ဓသော် ထောင်မူလည်း ချမည်၊ ထောင်မချသော် တိုင်းပြည်မှမူလည်း နှင်ထုတ်မည်၊ မနှင်သော် ဆဲမူလည်း ဆဲမည်ဟူ၏။

တထာရူပံ-အာသံဝါသော။။ ။သော ရူပေါ သဘာဝေါ ဇေတဿာတိ တထာ-ရူပံ။ ထိုသို့ သဘောရှိသော အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော တမတ်, တဝတ်ထိုက်ဓသော ဥစ္စာကို ရစေ။ ဤ၌ ပေါရာဏာဟာဝဏ်၏ လေးဘို့တဘို့ကို တမတ်ဆိုသည်။ ထိုပေါရာဏကဟာဝဏ ဟူသည် ရှေးကျမ်းနှင့်လျော်စွာ ဖြစ်စေအပ်သော လက္ခဏာနှင့်ပြည့်စုံသော နံလကဟာဝဏနှင့်တူသော ကဟာဝဏ-ဟု ဋီကာဖွင့်၏။

ထိုကဟာဝဏကားသုဝဏ္ဏကဟာဝဏ, မိဿကကဟာဝဏဟုနှစ်မျိုးပြား၏။

ထိုတွင် မည်းညစ်ခြင်း ကင်းဓသော ဦးပြီးဓသော ဧရှ၏ ပဲနှစ်ဆယ်ကို သုဝဏ္ဏကဟာဝဏ ခေါ်သည်။

ရွှေငါးပဲ, ဓဠငါးပဲ, ကြေးနီဆယ်ပဲ, ဤပဲနှစ်ဆယ်ကို ရောစပ်ပြုလုပ်အပ်ဓသော ဝတ္ထုကို မိဿကကဟာဝဏ ခေါ်သည်။

ဤမိဿက ကဟာပဏကိုပင် နီလကဟာပဏ ဟူ၍လည်း ခေါ်သည်၊ မိဿကကဟာပဏနှင့် နီလကဟာပဏ အတူတူ။ ၎င်းနီလကဟာပဏ၏ လေးဘို့ စာဘို့ ငါးပဲကို တမတ်ဟုယူ။ ထိုတမတ်သည် ရွှေစင်စပါးနှစ်ဆယ် ထိုက်သည်ဟု ဆို၏။ တန်ဘိုးကိုကြည့်၍ ဆုံးဖြတ်။ ။အာဒိယတိ ဂဏှာတီတိ အာဒိယမာနော။ ခိုးယူတတ်သော ရဟန်းကိုရစေ။ ။ဟေတုမန္တဝိသေသနလည်း သင့်၏။ ။ အယမိဒ္ဓိ ပိ-ကား သမိဗ္ဘာနအနက်ရှိသော နိပါတ်။ ဤ ပိ-သဒ္ဒါဖြင့် သက်သက်သော မေထုန်မှီဝဲသော ရဟန်းသည်သာ ပါရာဇိကကျသည် မဟုတ်သေး၊ တမတ်, တမတ်တန် ပစ္စည်းကို ခိုးယူမိသော ရဟန်းသည်လည်း ပါရာဇိက ကျ၏ ဟု ပေါင်းသည်။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ မနိယထေရ်၊ အဒိန္နအာဒိယနဝတ္ထု။ ။ဂါမာ ဝါ အရညာ ဝါ-ကား အာပတ္တိကရအနုပညတ်၊ သာဓာရဏ၊ သာဏတ္တိက၊ တပဲတန်အောက် ဒုက္ကဋ်၊ တပဲထက် အလွန် ငါးပဲအောက် ထုလ္လစ္စည်း၊ ငါးပဲ, ငါးပဲထက်အလွန် ပါရာဇိက။ ။မိမိဥစ္စာဟုမှတ်၍ ယူသူ,ဝိဿာသဂ္ဂါဟယူသူ, တာဝကာလိကယူသူ, ပေတပရိဂ္ဂဟိတ တိရစ္ဆာနပရိဂ္ဂဟိတကို ယူသူ, ပံသုကူလိက မှတ်ထင်၍ ယူသူနှင့်, ဥမ္မတ္တကစသည်တို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ ။သူတပါး သိမ်းဆည်းထားဲသော ဥစ္စာဖြစ်ခြင်း, သူတပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း, တမတ်-တမတ်ထိုက်သော ဥစ္စာဖြစ်ခြင်း, ခိုးလိုသောစိတ်ရှိခြင်း, ခိုးယူခြင်း၊ အင်္ဂါငါးပါး။ ။အဒိန္နာဒါန်သမုဋ္ဌာန်၊ကိရိယာ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကမ္မ, ဝစီကမ္မ၊ အကုသလစိတ္တ၊ တိဝေဒန တို့တည်း။

ဝိဿာသဂ္ဂါဟ။ ။သသနံ ဟိ ံသနံ သာသော။ ညဉ်းဆဲခြင်းကြိယာကို ရစေ။ ။ဝိဂတော သာသော တေသ္မာတိ ံဿာသော။ ကင်းသော ညဉ်းဆဲခြင်းရှိသော ယူခြင်းကို ရစေ။

[မညဉ်းဆဲမူ၍ ယူခြင်းဟူလို။]

ဂဟဏံ ဂါဟော။ ယူခြင်းကြိယာကိုပင် ရစေ။ ။ဝိဿာသေန ဂါဟော ဝိဿာသဂ္ဂါဟော။ မညဉ်းဆဲမူ၍ ယူခြင်းမျိုးဖြင့် ယူခြင်းကိုရစေ။

[အကျမ်းတင်ယူခြင်းကို ဆိုလိုသည်။]

ထိုဝိဿာသဂ္ဂါဟသည် ပါဠိတော်လာ အင်္ဂါငါးပါးရှိ၏။ သို့သော် အင်္ဂါသုံးပါးဖြင့်လည်း ဝိဿာသဂ္ဂါဟ ဖြစ်ကောင်းကြောင်း အဋ္ဌကထာ ဋီကာတို့ ဆိုကြ၏။ အင်္ဂါငါးပါးကား- မြင်ဘူးကာမျှ အဆွေခင်ပွန်းဖြစ်ခြင်း သန္ဒိဋ္ဌတပါး, မြဲမြံသော အဆွေခင်ပွန်း ဖြစ်ခြင်း သမ္ဘတ္တတပါး, ငါ့ဥစ္စာကို အလိုရှိ

ရှိသောအခါ ယူတော့ ပန်ကြားဘွယ်မရှိဟု ပြောထားခြင်း အာလပိတတပါး, အသက်ရှင်ခြင်း ဇီဝတိတပါး, ယူသော် ဝံမ်းမြောက်ခြင်း ဂဟိတေ အတ္တမနတပါး၊ ပေါင်းငါးပါးတည်း၊ ထိုငါးပါးဂဉ်းက ဥသုံးပါးတို့တွင် တပါးပါးကို ယူ၍ နောက်နှစ်ပါးနှင့် ပေါင်းသော် အင်္ဂါသုံးပါးဖြစ်၏။ ယင်းအင်္ဂါသုံးပါးရှိက ယူကောင်းပြီ ဟူ၏။

[ငါသေသော် ယူတော့ဟု ပေးမူ ပေးရာမရောက်၊ မယူကောင်းသည်ကို သတ်ရှိစေ။]

အင်္ဂါထုတ်ပုံ။ ။အဒိန္နံဖြင့် သူတပါးသိမ်းဆည်းသော ပရပရိဂ္ဂဟိတ ဥစ္စာဟူသော အာရုံကိုမှု၍၊ အာရုံကိုပြသဖြင့် ယင်းအာရုံသည် အာရမ္မဏိကနှင့် မကင်းကောင်းရကား သူတပါးသိမ်းဆည်း၏ဟု အမှတ်ရှိခြင်း ပရပရိဂ္ဂဟိတသညီကို ဥပစာအားဖြင့်ပြ၏။ ထို့ကြောင့် အဒိန္နံ-ဖြင့် အင်္ဂါနှစ်ပါးကို ပြသည်။ ထေယျသင်္ခါတံ ဖြင့် ခိုးလိုသော ထေယျ စိတ်ရှိခြင်း အင်္ဂါကို ပြသည်၊ အာဒိယေယျ-ဖြင့် ခိုးခြင်းအင်္ဂါကို ပြသည်၊ ယထာရူပေ တထာရူပံ-ဖြင့် တမတ်, တမတ်ထိုက်သော ဥစ္စာဖြစ်ခြင်းအင်္ဂါကို ပြသည်။

ဆောင်---သူပိုင်ဥစ္စာ၊ သူ့ဥစ္စာဟု၊ မှတ်ရူပြုလျက်၊ ဂရုပရိက်၊ ထေယျစိတ်ထား၊ ခိုးယူငြား၊ ငါးပါး အင်္ဂါတည်း။

ဒုတိယပါရာဇိကသိက္ခာပုဒ် ပြီး၏။

၃-တတိယပါရာဇိက

၃။ ယော ပန ဘိက္ခု၊-သည်။ သဉ္စိစ္စ၊ တက္ခ-စေ့ဆော်၍။ မနုဿ-ဝိဂ္ဂဟံ၊ လူ၏ ကိုယ်ကို။ ဇီဝိတာ၊ အသက်ဇီဝိတိန္ဒြေမှ။ ဝေါရောပေယ္ယ၊-ခွဲငြား အံ့။ အဿ၊ ထိုလူ၏ကိုယ်၏။ သတ္ထ ဟာရကံ ဝါ၊ (အသက်ကို) ဆောင် တတ်သော လက်နက်ကိုလည်း။ ဝါ၊ အနိဋ္ဌထားအပ်သော လက်နက်ကို လည်း။ ပရိယေသေယ္ယ၊ အနိဋ္ဌ ထားငြားအံ့။ [အဓိပ္ပါယတ္ထ] မရဏဝဏ္ဏံ ဝါ၊ ဒသခြင်းဌ် ဂုဏ်ကျေးဇူးကိုလည်း။ သံဝဏ္ဏေယ္ယ၊ ပြောပြငြားအံ့။ မရ-ဏာယ ဝါ၊ သေခြင်းအကျိုးငှါလည်း။ သမာဒပေယ္ယ၊ အကြောင်းကို ယူ စေငြားအံ့။ ဝါ၊ ဆောက်တည်စေငြားအံ့။ အမ္ဘော ပုရိသ၊ အို-ယောကျ်ား။ တုယ္ဟံ၊ သင့်အား။ ပါပကေန၊ ယုတ်ညံ့သော။ ဣမိနာ ဒုဇ္ဇီဝိတေန၊ ဤဆင်း ရဲသော အသက်ရှင်နေခြင်းဖြင့်။ ကိံ ၊ အဘယ်အကျိုးရှိအံ့နည်း။ တေ၊ သင် အား။ ဇီဝိတာ၊ အသက်ရှင်ခြင်းထက်။ မတံ၊ သေရခြင်းသည်။ သေယ္ယော၊ မြတ်၏။ ဣတိ၊-သို့။ သံဝဏ္ဏေယ္ယ၊-အံ့။ သမာဒပေယ္ယ၊-အံ့။ ဣတိ စိတ္တ-မနော၊ ဤသို့ သေစေလိုသော စိတ်ရှိသည်။ ဟုတ္ဝာ၊-၍။ ဣတိ စိတ္တ-သင်္ကပ္ပေါ၊ ဤသို့ (သေခြင်းဌ်) အထူးထူးသော သညာ စေတနာ အလိုရှိ သည်။ ဟုတ္ဝာ၊-၍။ အနေကပရိယာယေန၊ အထူးထူး အပြားပြား ယုတ် မြတ်သော အကြောင်းဖြင့်။ မရဏဝဏ္ဏံ ဝါ၊-ကိုလည်း။ သံဝဏ္ဏေယ္ယ၊-အံ့။ မရဏာယ ဝါ၊-ငှါလည်း။ သမာဒပေယ္ယ၊-အံ့။ အယံပိ ဘိက္ခု၊-သည် လည်း။ ပါရာဇိကော၊-သည်။ အသံဝါသော၊-သည်။ ဟောတိ၊-၏။

၃-တတိယပါရာဇိက

အနုသန္ဓိ——ဤသို့ အဒိန္နာဒါနပါရာဇိကကို ပြပြီး၍ မနုဿဝိဂ္ဂဟ ပါရာဇိက ကို ပြတော်မူလိုရကား ယော ပန ဘိက္ခု စသည်ကို မိန့်။

သဉ္စိစ္စ။ ။ဤသဉ္စိစ္စ၌ သံ-သဒ္ဒါကား သဟအနက်ကို ဟောသော ဥပသာရပုဒ်၊ သတ္တဝါဟူသော အမှတ်သညာနှင့် တကွဟု ဆိုလိုသည်။ စိစ္စ-ကား စိတိ-ဓာတ်, တွာပစ္စည်း၊ ပုဗ္ဗကာလကြိယာ၌ ဖြစ်သည်၊ ဝေါရောပေယ္ယ စသော လေးပုဒ်၌စပ်၊ သတ္တဝါကို သတ်လိုသော ဝဓကစေတနာဖြင့် မိမိ၏စိတ်ကို လှုံ့ဆော်ပေးခြင်း ကြံခြင်းကိုဆိုသည်။ သဉ္စိစ္စ-ကား သတ္တဝါဟူသော အမှတ် သညာနှင့်တကွ ထိုသတ္တဝါကို သတ်လိုသော စေတနာဖြင့် သတ်ဖြစ်အောင် မိမိစိတ်ကို လှုံ့ဆော်ပေးခြင်း ကြိယာကိုဆိုသည်။ သံ-သဒ္ဒါ၏ အရ သတ္တဝါ

ဟူသော အမှတ်သညာနှင့်တကွဟု ဆိုသဖြင့် ဤကား လူဘဲဟု မသိသော်လည်း သက်သက်သတ္တဝါဘဲ ဟူသော အမှတ်သညာဖြင့် လုကိုသတ်မိသော ရဟန်းအား ပါရာဇိကကျသည့်အဖြစ်ကို သိရမည်။

(ဌေကလောမ စတုက္ကကိုထောက်။)

မနုဿ ဝိဂ္ဂဟံ။ ။အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော။ အကျိုးရှိမရှိကို သိတတ်သောကြောင့် လူကို မနုဿ ခေါ်သည်။ တနည်း-မနော ဉဿန္နံ တေဿာတိ မနုဿော။ သတိတရား, ရဲရင့်သည်အဖြစ်, ပုဗ္ဗဇ္ဇ ဗြဟ္မစရိယအား လျောက်ပတ်သည်၏ အဖြစ်တို့ဖြင့် မြတ်သောစိတ် ရှိသောကြောင့် ဇမ္ဗူဒိပ်ကျွန်းဌ် နေသောလူတို့ကို မုချအားဖြင့် မနုဿဟု ခေါ်သည်။ တပါးသော ကျွန်းဌ်နေသော လူတို့ကိုကား ဥပစာအားဖြင့် မနုဿခေါ်သည်။ ။တနည်း-မနုနော အပစ္စတ္တိံ မနုဿော။ ဤကမ္မာဌ်၌ မနုမည်သော အစဆုံး မင်း၏သားဖြစ်သောကြောင့် လူတို့ကို မနုဿခေါ်သည်။ လွန်လေပြီးသော ကမ္ဘာတို့ဌ်လည်း လူတို့၏ မနုဿဟူသော အမည်ဖြစ်ကောင်းသောကြောင့် ဤဝစနတ္ထအလို ရှေးကမဲ့ဘက လူတို့ကို လူဟု ခေါ်သည်ကား တာဝတိံသာကဲ့သို့ ပသိဒ္ဓရူဋ္ဌိဟု မှတ်။ ။ဝိဝိဓံ ဥတုအာဟာရံ ဂဏှာတီတိ ဝိဂ္ဂဟော။ အထူးထူး အပြားပြားသော ဥတုအာဟာရကို ယူတတ်သော ကိုယ်ကိုရစေ။ ။မနုဿဿ ဝိဂ္ဂဟော မနုဿဝိဂ္ဂဟော။ လူ၏ကိုယ်ကိုရစေ။ အဘေဒဘေဒုပစာဟု သိ။ ဤမနုဿဝိဂ္ဂဟဖြင့် ပဋိသန္ဓေဝိညာဏ်နှင့်တကွ ကလလ ကာလမှစ၍ အစဉ်အတိုင်း ကြီးပွါးခြင်းသို့ ရောက်သော အသက်ရှင်သော လူဇာတ်ဖြစ်သော လူ၏ ကိုယ်ကိုယူ။ ဤစကားကား ယေဘုယျ၊ သုပပါတိက, သံသေဒဇတို့လည်း ပါရာဇိကဝတ္ထု ဖြစ်ကောင်းသည်ဟု သိ။

ဇီဝိတာ ဝေါရောပေယျ။ ။ဇီဝန္တိံ သတ္တာ ဇေတနာတိ ဇီဝိတံ။ ရုပ်ဇီဝိတ, နာမ်ဇီဝိတဟူသော အသက်ကို ရစေ။ ။ဝေါရောပေယျဟူသည် အစဉ်ကို ဖြတ်သည့် အစွမ်းဖြင့် ပယောဂခြောက်ပါးတို့တွင် တပါးပါးသော ပယောဂဖြင့် ဇီဝိတိန္ဒြေမှ ကိုယ်ကိုမယှဉ်စေခြင်း ခဲထုတ်ခြင်းကို ဆိုသည်။ ထို့ကြောင့် ဝေါရောပေယျကို "ခဲခြားအံ့ဟု အနက်ပေးလိုက်သည်။

[ဝေါရောပေယျကို ဝိယောဇေယျဟု ဖွင့်သော အဋ္ဌကထာကို ထောက်။]

ပါဏာတိပါတ ပယောဂ ၆-ပါး။ ။သာဟတ္ထိက, နိဿဂ်ိယ, အာဏတ္တိက, ထာဝရ, ဝိဇ္ဇာမယ, ဣဒ္ဓိမယ ပယောဂဟု ပါဏာတိပါတ ပယောဂ-ကား ၆-မျိုး ရှိ၏။

ဆောင်—သာ-နိ-အာ-ထာ၊ ဝိဇ္ဇာ-ဣဒ္ဓိ၊ ပါဏာတိ၊ ခြောက်ရှိ ပယောဂါ။

သာဟတ္ထိကပယောဂ။။ ။မိမိလက်ဖြင့် သတ်ပုတ်ညှဉ်းဆဲခြင်းကို ဆိုသည်။ ဤ၌ "ဟတ္ထ၊ လက်" ဟု ဆိုသော စကားသည် ဥပလက္ခဏာနည်းတည်း။ ခြေဖြင့်ဖြစ်စေ, ဒူးဖြင့်ဖြစ်စေ, အမှတ်မရှိ ကိုယ်အင်္ဂါဖြင့် သတ်ပုတ်ခြင်း, ကိုယ်မှလွှတ်သော ကိုယ်ဖြင့် ကိုင်အပ်သော ဓား တုတ် စသော ကာယပဋိဗဒ္ဓဖြင့် သတ်ပုတ် ညှဉ်းဆဲခြင်းကိုလည်း ယူ။

နိဿဂ်ိယပယောဂ။။ ။ကာယ ကာယပဋိဗဒ္ဓဖြင့် မြား, လုံ, ယန္တရား, ကျောက်ခဲ စသည်တို့ကို စွန့်လွှတ်ခြင်း ပယောဂကိုဆိုသည်. ထို သာဟတ္ထိက် နိဿဂ်ိယပယောဂ နှစ်မျိုးတို့တွင် တမျိုးတမျိုး၌ ရည်စူးခြင်း ဉဒ္ဓိဿ, မရည်စူးခြင်း အနုဒ္ဓိဿဟု နှစ်မျိုးစီ ပြား၏။ရည်စူး၍ သတ်ရာ၌ ရည်စူးသော သူ သေမှ ကံထိုက်သည်။ တပါးသော သူ သေရာ၌ ကံမထိုက်၊ မရည်စူးဘဲ သတ်ရာ၌ မည်သူသေသေ ကံထိုက်သည်။ နှစ်ပါးစလုံး၌ သတ်ဆဲသေသော, နောက်မှသေသော့ထိုလက်ချက်ဖြင့် သေအံ့၊ သတ်ဆဲခဏ၌ပင် ကံထိုက်သည်ဟုသူ။

ဆောင်—ရည် မရည်ကား၊ တပါးပါး၊ ထူးပြား သာနိမှာ။
ရည်စူးသောသူ၊ သေပါမူ၊ မှတ်ယူ ကံထိုက်ရှာ။
မရည်စူးသူ၊ သေပါမူ၊ ကံမူ မထိုက်ပါ။
မရည်စူးဘဲ၊ သတ်ဖြတ်နှဲချေ၊ မည်သူသေ၊ မှတ်လေ ကံထိုက်ပါ။

အာဏတ္တိက ပယောဂ။။ ။ဤမည်သော သူကို သတ်လိုက်ဟု ခိုင်းသူ၏ သတ်ခိုင်းခြင်း ပယောဂကို ဆိုသည်။ ထိုအာဏတ္တိက ပယောဂ၌ သတ်အပ်သော သတ္တဝါဟူသော ဝတ္ထု, နှုန်းစသောကာလ, ရှာစသော အရပ်ဟူသော ဩကာသ, ဓားစသော လက်နက်ဟူသော အာဝုဓ, သတ်အပ်သောသူ၏ ဝဿခြင်းစသော ကြိယာဝိသေသအားဖြင့် ခြောက်မျိုးပြား၏။

ဆောင်—ဝတ္ထု၊ ကာလ၊ ဩကာသ၊ ဝုဓ-ကြိယာ။
ကြိယာဝိသေ၊ ဤခြောက်ထွေ၊ ပြားလေ အာဏတ္တာ။

ထာဝရ ပယောဂ။။ ။ရွှေပြောင်း၍ မရစကောင်းသော တုံး, မှိုရာတံကဲ့ပျဉ်, ဓားကို အနီး၌ထားခြင်း, ဟုန်းခတ်ခြင်းစသည်ဖြင့် သတ်သေဘဲသူ၏ သတ်ကြောင်း ပယောဂကိုဆိုသည်။ ဤ၌လည်း ဥဒ္ဒိဿ အနုဒ္ဒိဿ နှစ်မျိုးပြား၏ဟု သိ။

ဝိဇ္ဇာမယ ပယောဂ။ ။အာထဗ္ဗနဟု ဆိုအပ်သော မန္တန်ကို စိရင်သဖြင့် သတ်ကြောင်း ပယောဂကို ဆိုသည်။

ဣဒ္ဓိမယ ပဒယောဂ။ ။ကမ္မဝိပါကဇဒ္ဓိဖြင့် သတ်ကြောင်း ပယောဂကို ဆိုသည်။

အထူး။ ။ဤ မနုဿဝဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျဒ္ဒိ မနုဿဝဂ္ဂဟ-ကား ပါရိသေသ နည်းအားဖြင့် ဇီဝိတိန္ဒြေမှတပါး ကြွင်းသော ခန္ဓာပဉ္စကကို စဲ၍ လူဟု သမုတ်အပ်သော ဒြပ်ဝတ္ထုသကို ဟောသည်။ ဇီဝိတ-သဒ္ဒါကား ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါးကို ဟောသည်။ မနုဿဝဂ္ဂဟအရနှင့် ဇီဝိတအာရုံနှစ်ပါးသည် ပညတ်အားဖြင့် ပုဂ္ဂိုလ်တယောက်ထည်းသာ ဖြစ်၏။ ဝေါရောပေယျကား မနုဿဝဂ္ဂဟမှ ဇီဝိတကို ခဲထုတ်သည်ဟု မနုဿဝဂ္ဂဟကို အပါဒါန်, ဇီဝိတကို ကံအဖြစ်ဖြင့် အဓိပ္ပါယ်သင့်သော်လည်း မနုဿဝဂ္ဂဟ-ကား စလ, ဇီဝိတ-ကား အစလဖြစ်၍ ဂါမာ အပေန္တိ မုနယော တို့ကဲ့သို့ မနုဿဝဂ္ဂဟကို ကံ, ဇီဝိတကို အပါဒါန်အဖြစ်ဖြင့် ထား၍ ဇီဝိတမှ မနုဿဝဂ္ဂဟကို ခဲထုတ်သည်ဟု ဟောတော်မူ၏ဟု သိ။

သတ္ထဟာရကံ ဝါသ ပရိယေသေယျ။ ။ဤဝါကျဖြင့် သေအောင် လုပ်နည်း တမျိုးဖြစ်သော ထာဝရ ပယောဂကို ပြသည်။ သသန္တိ ဟိ သန္တိ ဧတေနာတိ သတ္ထံ။ သတ္ထာဝါတို့ကို ညှဉ်းဆဲကြောင်း ဖြစ်သော ဓားစသော လက်နက်ကို ရစေ။ ။ဇီဝိတံ ဟရတီတိ ဟာရကံ။ ချုပ်ငြိမ်းစေသည့် အစွမ်းဖြင့် အသက်ကို ဆောင်တတ်သော ဓားစသော လက်နက်ကိုပင် ရစေ။ ဓားစသော လက်နက်ဖြင့် ထိုးခုတ်၍ သေလျှင် အသက်ကိုလက်နက်က ဆောင်ယူသွားသကဲ့သို့ ဖြစ်သည်ကို အသက်ကိုဆောင်တတ်သော လက်နက်ဟု ဆိုသည်။ တနည်း-ဟရိတဗ္ဗံ ဥပနိဂ္ဂိပိတဗ္ဗန္တိ ဟာရကံ။ အနိုဒ္ဓ ထားအပ်သော ဓားစသော လက်နက်ကိုပင် ရစေ။ ။သတ္ထဉ္စ တံ ဟာရကဉ္စာတိ သတ္ထဟာရကံ။ ဝိသေသန ပရပဒကမ္မဓာရယ်။ အသက်ကို ဆောင်တတ်သော ဓားစသော လက်နက်ကို ရစေ။ တနည်း-အနိုဒ္ဓထားအပ်သော ဓားစသော လက်နက်ကို ရစေ။ ဝါ-သဒ္ဒါ ထာဝရပယောဂဟူသော အနက်အထူးကို ကြဲသောအရာဖြစ်သောကြောင့် ဝိကပ်အနက်၌ဖြစ်၏။ ။အဿ-ကား သာမိအနက်၌ သက်သော ဆဋ္ဌီဝိဘတ်အဆုံးရှိသော သဗ္ဗနာမ်ပုဒ်။ မနုဿဝဂ္ဂဟကိုစဲ့။ သမိပတ္ထဝါစီ ပရိသဒ္ဒါ၌စပ်။ သေလိုသောလူ့ကိုယ်၏ အနိုဒ္ဓဟု ဆိုလိုသည်။ ။ပရိယေသေယျ-ကား ရှာမှီးခြင်းအနက်ကို ဟော၏။သို့သော် ရှာမှီးပြီး အနိုဒ္ဓထားခြင်း အနက်ကိုယူ။ အကယ်၍ ရှာမှီးခြင်း အနက်မျှကိုသာ ယူအံ့။ လက်နက်ကို ရှာရုံမျှဖြင့် ပါရာဇိကကျ၏ဟူသော အဖြစ်မျိုးရောက်ရာ၏။ ထိုသို့ ရောက်မှုမသင့်။ ထို့ကြောင့် ရှာမှီး၍ အနိုဒ္ဓ ထားခြင်းအနက်ကိုသာ ယူ။ ။ဤ

ဝါကျဖြင့် "မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ" ကဲ့သို့ ကိုယ်တိုင်လည်း မသတ်၊ သတ်ရန်လည်း မစေခိုင်းဘဲ၊ သေလိုသူ အလွယ်တာဘူ သေရအောင် သေစေလိုသော စေတနာဖြင့် လက်နက်ကို ရှာမှီး၍ အနီး၌ ထားခြင်းကြောင့် ထိုလက်နက်ဖြင့် ထိုသူသေလျှင် ပါရာဇိကကျသည်ဟု ပြသည်။

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။ ။ဤဝါကျဖြင့် သေအောင် သတ်နည်းတမျိုးဖြစ်သော ပရိယာယ်စကားကို ပြသည်။ မရိယတေ မရဏံ၊ ပစ္စုပ္ပန်ဘဝမှ ရွှေ့လျောခြင်း ကြိယာကိုရစေ။ဝဏ္ဏိတဗ္ဗော ထောမိတဗ္ဗော-တိ ဝဏ္ဏော။ အကျိုးဂုဏ်ကို ရစေ။ ။မရဏေ ဝဏ္ဏော မရဏဝဏ္ဏော။ သေခြင်း၌ အကျိုးဂုဏ်ကို ရစေ။ ။သံဝဏ္ဏေယျ-ကား ပြောပြခြင်း အနက်ကို ဟောသော အာချာတ်ပုဒ်။ စကားဖြင့်ဖြစ်စေ စာရေး၍ဖြစ်စေ အကြင်သူသည် မီးပုံထည်းသို့ ခုန်ဆင်း၍ သေ၏။ ထိုသူ ပစ္စည်းဥစ္စာ ရနိုင်၏။ ဤသို့စသော နည်းဖြင့် သေခြင်း၌ ရလတ္တံ့သော အကျိုးဂုဏ်ကျေးဇူးကို ပြောပြသည်ဟူ၏။ ။အဒိန္နာဒါနေ အာဒိယေယျဟု ဟောတော်မူခြင်းကြောင့် အဒိန္နာဒါန်သိက္ခာပုဒ်သည် ပရိယာယ်စကားဖြင့်ဆိုသော် အာပတ်မှ လွတ်သကဲ့သို့ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျဟု ဟောတော်မူခြင်းကြောင့် ဤသိက္ခာပုဒ်ကား ပရိယာယ်စကားဖြင့် ပြောဆိုသော်လည်း အာပတ်မှမလွတ်၊ ပါရာဇိက် ကျ၏ဟု သိ။

မရဏာယ ဝါ သမာဒပေယျ။ ။ဤဝါကျဖြင့် စေခိုင်းခြင်း အာဏတ္တိပယောဂကို ပြု သည်။ သေချင်သလား သေချင်လျှင် ခေးနဲ့ထို သေပါလား, အဆိတ်သောက် သေပါလား, ကြိုးဆွဲချ သေပါလား၊ ဤသို့စသည်ဖြင့် သေချင်နေသော သူအား သေခြင်း၏အကြောင်း သေပုံနည်းလမ်းကိုပြသော စကားဟူ၏။ ထို့ကြောင့် ဤတတိယ ပါရာဇိကသည် ပရိယာယ်အားဖြင့်ရင်း, စေခိုင်းခြင်း အာဏတ္တိအားဖြင့်ရင်း ပြောပြတိုက်တွန်းမှု အာပတ်မှ မလွတ်၊ ဒုတိယပါရာဇိကကား စေခိုင်းခြင်း အာဏတ္တိဖြင့်သာ အာပတ်မှ မလွတ်၊ ပရိယာယ်ပြောမှု လွတ်၏။ ပထမ, စတုတ္ထပါရာဇိကတို့ကား ပရိယာယ်, အာဏတ္တိ နှစ်မျိုးစလုံး၌ပင် အာပတ်မှ လွတ်၏ဟု သိ။

အမ္ဘောပုရိသ-သေယျောတိ။ ။ဤပါဌ်ဖြင့် ပရိယာယ်အားဖြင့် ချီးမွမ်းပုံ အခြင်းအရာ အာကာရကို ပြသည်။ဤအမ္ဘော ပုရိသ-ကား အာလုပ်ပုဒ်။ ဤသိက္ခာပုဒ်၌ မိန်းမ, ဥဘတောဗျည်း, ပဏ္ဍုက်တို့လည်း ပါရာဇိကဝတ္ထု အဖြစ်ဖြင့်ယောကျ်ားနှင့်တူသောကြောင့် အလုံးစုံသော သူတို့ကို နှံ့စေခြင်းငှါ အမ္ဘော မနုဿဟု သာမန်အားဖြင့် ဟောဆင့်သော်လည်း အာတ္ထုပ္ပတ်၏ အစွမ်းဖြင့်ရင်း, ပဓာနနည်း၏ အစွမ်းဖြင့်ရင်း အမ္ဘောပုရိသဟု ဟောတော်မူသည်။ ။ကိ သဒ္ဒါအကျိုးမရှိခြင်း အနက်၌ဖြစ်သော သဗ္ဗနာမ်ပုဒ်။

တုယ္ပံ ဣမိနာတ္ပိလည်း သဗ္ဗနာမ်ပုဒ်တို့ သာတည်း။ ပါပက-သဒ္ဒါ ယုတ်ညံ့သော အနက်ကိုဟောသော ရုဇ္ဈိပုဒ်။ ဒုက္ခံ ဇီဝိတံ ယဿာတိ ဒုဇ္ဇီဝိတော။ ဆင်းဆင်းရဲရဲ အသက်ရှင်သော သူကိုရစေ။ ။ဤကိ ံတုယ္ပိမိနာ ပါပကေန ဒုဇ္ဇီဝိတေန ပါဠ်ဖြင့် အသက်ရှင်ရခြင်း၌ အပြစ်ကို ပြ၏။ ဆင်းရဲ မဲ့တေ ဒုက္ခတွေ့ ဗလပွေနဲ့ အသက်ရှင်နေရသဖြင့် သင့်အား အဘယ် အကျိုး ရှိအံ့နည်း၊ အင်္ဂါ ခွါတဲ့ ဂုဏ် သရေမဲ့လျက် အသက်ရှင်၍နေရသဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း, ကောင်းမှုရှိသူဖြစ်လျက် လူ့ဘဝကို စုံမက်နှစ်သက်၍ နေသဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်း၊ ဤသို့ စသည်ဖြင့် အသက်ရှင်နေရခြင်း၌ အပြစ်ကို ပြသည်ဟူ၏။ မရဏံ မတံ။ ပစ္စုပ္ပန်ဘဝမှ ရွှေလျှောခြင်းကြိယာကို ရစေ။ တရားကိုယ်အားဖြင့် ကမ္မဇရုပ် စုတိစိတ်တို့၏ ချုပ်ခြင်းကို ဆိုသည်။ ။တေကား သဗ္ဗနာမ်ပုဒ်။ ဇီဝိတံ အဿ အတ္ထိတိ ဇီဝိတော။ အသက်ရှင်သော သူကို ရစေ။ သေယျ-သဒ္ဒါ မြတ်သောအနက်ကို ဟောသော ရုဇ္ဈိပုဒ်။ ။ဤ မတံ တေ ဇီဝိတာ သေယျော ဟူသောပါဠ်၌ ဆိုအပ်သောမရဏကို ပြသည်။ သင်သည် ဆင်းရဲမဲ့တေ ဒုက္ခတွေ့ ဗလပွေနဲ့ အသက်ရှင်နေရခြင်းထက် သေရတာက ကောင်းပါသေးသည်။ အင်္ဂါခွါတဲ့ ဂုဏ်သရေမဲ့လျက် အသက်ရှင်နေရခြင်းထက် သေရတာက ကောင်းပါသေးသည်။ ကောင်းမှုရှိသူဖြစ်၍ သေလျှင် နတ်ပြည် ရောက်လိမ့်မည်ဖြစ်ရကား အသက်ရှင်နေရခြင်းထက် သေရတာက ကောင်းပါသေးသည် စသည်ဖြင့် သေခြင်း၌ ဂုဏ်ကျေးဇူးကို ပြောဖြသည် ဟူ၏။ ။ဣတိကား-ဥပလက္ခဏနည်းအားဖြင့် နိဒဿနအနက်ရှိသည်။မုချအားဖြင့် ပကာရအနက် အာဒိအနက်၌ ဖြစ်သည်။ "ဣတိ၊ ဤသို့သော အပြားအာ ဖြင့်။ ဝါ၊ ဤသို့စသောနည်းဖြင့်"ဟု အနက်ပေး။ ပဒဘာဇနီ၌ လာသော သေပုံအမျိုးမျိုးကိုယူ။

ဣတိစိတ္တမနော သမာဒဓေယျ။ ။ဤစကားရပ်ကား နိဂုံးစကားတည်း။ဣတိစိတ္တမနော စိတ္တသင်္ကပ္ပေါသည် သဉ္ဇီစုပုဒ်နှင့် အနက်အားဖြင့် တူ၏။ အနေကပရိယာယေနပုဒ်သည် ကိ ံတုယ္ပိမိနာစသော စကားနှင့် အနက်အားဖြင့် တူ၏။

[အနက်အားဖြင့်တူပုံကို သိနိုင်လောက်စရာရှိပြီ။]

ဣတိ-ကား နိဒဿန အနက်၌ဖြစ်သော နိပါတ်။ဟိတ်အနက်စသည်၌ မဖြစ်။ ဤဣတိဖြင့် မတံ တေ ဇီဝိတာ သေယျော ဟူသောပါဠ်၌ ဆိုအပ်သောမရဏကို ပြသည်။

ဣတိစိတ္တမနော။ ။စိန္တေတိတိ စိတ္တံ။ ကျမ်းအလျောက် အာရုံကိုသိတတ်သော ဒေါသမူစိတ်ကို အရကောက်။ ။မနတိ ဇာနာတိတိ မနော

ဂုင်းစိတ်ကိုပင် အရကောက်။ ။စိတ်ဆံဝေ မနော စိတ္တမနော။ ဣတိစိတ္တ-မနောတိ ဣတိစိတ္တမနော။ "သောသောဝါဒေါ ဣတိဝါဒေါ၊ ဣတိဝါဒဿ ပမောက္ခော ဣတိဝါဒပမောက္ခော-စသည်တို့၌ ဣတိသဒ္ဒါနှင့် ဆမာသ်ဖြစ်သကဲ့သို့ ဤ၌လည်း ဣတိသဒ္ဒါနှင့် သမာသ်ဖြစ်သည်။ စိတ္တသဒ္ဒါသည် အနက်အမျိုးမျိုးကို ဟောရကား ဤ၌ စိတ္တသဒ္ဒါ စိတ်ဟောဟု သိစေခြင်းငှါ မနသဒ္ဒါနှင့် တဲ့ဘက်၍ ပြတော်မူသည်။ ထို့ကြောင့် ပုနရုတ္တိဒေါသမရောက်။ ဣတိစိတ္တ-မနော ဧတဿ အတ္ထိတိ ဣတိစိတ္တမနော။ ရဟန်းကို ရစေ။ ။တနည်း-စိတ်ဆံအာဿ အတ္ထိတိ စိတ္တော။ သေစေလိုသော စိတ်ရှိသော ရဟန်းကိုရစေ။ မနော အာဿ အတ္ထိတိ မနော။ သေစေလိုသော စိတ်ရှိသော ရဟန်းကိုပင် ရစေ။ ဤ၌ စိဲတ္တော မနောဟု ဆိုအပ်လျက် သြ-ကို အ-ပြု၍ စိတ္တမနော-ဟု ဖြစ်နေသည်။ ဣတိနှင့်ယှဉ်၍ "ဣတိစိတ္တော၊ ဤသို့ သေစေလိုသော စိတ်ရှိသည်။ ဣတိမနော၊ ဤသို့ သေစေလိုသော နှလုံးရှိသည်။ ဟုတ္ထ၊-၍" ဟု အနက်ပေး။

စိတ္တသက်ပေါ်။ ။ဤ၌ စိတ္တသဒ္ဒါ အထူးထူး အပြားပြား ဟူသော အနက်ကို ဟောသော ရူဇ္ဇိပုဒ်။ သက်ပွနံ သံဝိဒဟနံ သက်ပေါ်။ စီရင်ခြင်းမျှကို ရစေ။ ။စီရင်ခြင်းအရ သတ္တဝါဟု မှတ်သော သညာ, သေစေလိုသော စေတနာ, သေစေရန် အကြံဟူသော ဝိတက်သုံးမျိုးကိုဆိုသည်။ ဝိတက်နှင့် အဓိပ္ပါယ်တူ၏။ ။စိတ္တော နာနပ္ပကာရကော သက်ပေါ် အဿာတိ စိတ္တ-သက်ပေါ်။ အထူးထူး အပြားပြား စီရင်ခြင်းရှိသော ရဟန်းကို ရစေ။ ဤ၌ အထူးထူး အပြားပြား ဟူသည်, သညာ စေတနာ, ဝိတက်အမျိုးမျိုးကိုဆိုသည်။ ဤစိတ္တသက်ပေါ်ပုဒ်၌လည်း ဣတိသဒ္ဒါ လိုက်ရမည်ဟု အဋ္ဌကထာတို့ ဆိုကြ၏။ ထို့ကြောင့် အခ္ခရိစာအုပ်များ၌ ဣတိ စိတ္တသက်ပေါ်ဟု ဣတိသဒ္ဒါနှင့်ရှိသည်ကား မသင့်ဟုမှတ်။ ဤလိုက်သော ဣတိ သဒ္ဒါသည် သမာသ်ပုဒ်၏ အနက်ကိုသာ အထူးပြု၏။ အညပုဒ်အနက်ကို အထူးမပြု။ ဣတိသဒ္ဒါနှင့် စိတ္တသက်ပွသဒ္ဒါသည် မာဂဓဘာသာ၌ သမာသ် မဖြစ်သော်လည်း မြန်မာဘာသာ၌ သမာသ် ဖြစ်သည်။ ထို့ကြောင့် "ဣတိစိတ္တသက်ပေါ်၊ ဤသို့ အထူးထူး အပြားပြားသော သေခြင်း၌ သညာ, စေတနာ, ဝိတက် ရှိသည်။ ဟုတ္ထ၊-၍" ဟု ဣတိသဒ္ဒါနှင့် တဲ့ဘက်၍ အနက်ပေး၊ ဤဣတိစိတ္တမနော စိတ္တသက်ပေါ်ပုဒ်တို့ဖြင့် သေစေလိုသောစိတ် စသည်တို့နှင့်ကင်း၍ တရက်မျှအသက်ရှင်ရခြင်းသည် မြတ်၏။ ဤသို့ စသည်ဖြင့် တရားဟောသော ရဟန်းအား သေခြင်း၌ ချီးမွမ်းခြင်းမည်သည် မဖြစ်ဟု ဗျတိရေက အနက်ကိုပြသည်။

အနေကပရိယာယေန။ ။နဇေကော အနေကော။ ဤ၌ အ-သဒ္ဒါ အပြဟ္မဏော စသည်တို့၌ကဲ့သို့ ဒြပ်ကို မြစ်၍ အတူ ဒြပ်၌

ဖြစ်ခြင်းကြောင့် ပရိယုဒါသဝါစီ။ ကောသဒ္ဒါ သခ်္ဂ ဟာ အနက်၌ ဖြစ်၏။ အနေကသဒ္ဒါ တပါးမက ဗဟုးထူး အပြားပြား အနက်ကိုဟော၏။ ပရိ-ယာယသဒ္ဒါ မြတ်သော အကြောင်း, ယုတ်သောအကြောင်း ဟူသော အနက်၌ ဖြစ်၏။ ဒေသနာအနက်, ပါဒအနက်တို့၌ မဖြစ်။ အနေကော စ သော ပရိယာယော စာတိ အနေကပရိယာယော။ တပါးမက များသော ယုတ်သော အကြောင်း မြတ်ဒသာအကြောင်း ဥပါယ စကားကို ရစေ။ ။သခြင်း၏ ကျေးဇူးကို ချီးမွမ်းရာ၌ အသက်ရှင်နေခြင်း၌ အပြစ်များပုံကို ပြောသည်ကား ယုတ်သော အကြောင်း, သခြင်း၌ အကျိုးများပုံကို ပြောသည်ကား မြတ်သောအကြောင်း, သခြင်း၏ အကြောင်းကို ပြောပြခြင်း၌ လက်သီးဆုပ် တတောင်တို့ဖြင့် ပုတ်ခတ်၍ သေလိုက်ပါလား စသည်ဖြင့် ပြောခြင်းကား ကြီးမြတ်သော အကြောင်း, လက်သည်းခဲ့၌ အဆိပ်ထည့်၍ သေလိုက်ပါလား စသည်ဖြင့် ပြောခြင်းကား ယုတ်ငယ်သော အကြောင်းဟု အဋ္ဌကထာကြီး၌ ဆို၏။

နီဒါန်းစသည်။ ။ဝေသာလီ၊ ရဟန်းအများ၊ အချင်းချင်း သတ်ခြင်း ဝတ္ထု၊ မရဏဝဏ္ဏံ ဝါ-ကား အာပတ္တိကရ မနုပညတ်၊ သာဓာရဏ၊ သာဏတ်ိက၊သခြင်းငါ တွင်းတူးခြင်း စသည်တို့၌ ဒုက္ကဋ်၊ တွင်း၌ လူဒုက္ခရောက်သော် ထုလ္လစ္စည်း၊ တိရစ္ဆာန် သရာဒ္ဒ ပါစိတ်၊ လူသရာဒ္ဒ ပါရာဇိက၊ စေတနာ မရှိဘဲ အမှတ်တမဲ့ သေစေသော်သူ, မသိသော်သူ, မသေစေလိုသော်သူ, ဥမ္မတ္တက စသည်တို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ လူသတ္တဝါ ဖြစ်ခြင်း, သတ္တဝါ ဟု အမှတ်ရှိခြင်း, သတ်လိုသောစိတ် ရှိခြင်း, လုံ့လပြုခြင်း, ထို လုံ့လဖြင့် သခြင်း၊ အင်္ဂါငါးပါး။ အဒိန္နာဒါနသမုဋ္ဌာန်,ကြိယ,သညာဝိမောက္ခ သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, ဒုက္ခဝေဒန တို့တည်း။

အင်္ဂါထုတ်ပုံ။ ။ မနုဿဝိဂ္ဂဟပုဒ်ဖြင့် လူသတ္တဝါ ဖြစ်ခြင်း အင်္ဂါကို ပြသည်။ သဉ္ဇီစ္စပုဒ်၌ သံ-သဒ္ဒါဖြင့် သတ္တဝါဟု အမှတ်ရှိခြင်း အင်္ဂါကို ပြသည်။ စိစ္စဟူသော ပုဒ်ဖြင့် သတ်လိုသော စိတ်ရှိခြင်း အင်္ဂါကို ပြသည်။ ဇီဝိတာ ဝေါရောပေယျဖြင့် လုံ့လပြုခြင်း, သခြင်း အင်္ဂါနှစ်ပါးကို ပြသည်။ ဆောင်—လူသတ္တဝါ၊ သတ္တာဟုသိ၊ သတ်စိတ်ရှိမှု၊ လုံ့လပြုငြား၊ သခြင်းငါး၊ မှတ်သား အင်္ဂါတည်း။

တတိယ ပါရာဇိကသိက္ခာပုဒ် ပြီး၏။

၄–စတုတ္ထပါရာဇိက

ယော ပန ဘိက္ခု၊–သည်။ အဓိမာနာ၊ ရအာပ်ပြီးဟူသော အမှတ်သညာကို။ အညတြ၊ ပယ်ထား၍။ အနဘိဇာနံ၊ (မိမိ၌ ရှိသည်၏အဖြစ်ကို) မသိဘဲလျက်။ အလမရိယဉာဏဒဿနံ၊ (ကိလေသာကို ဖျက်ဆီးခြင်းဌါ) စွမ်းနိုင်သော စင်ကြယ်သော မြတ်သော ဉာဏ်အမြင်ရှိသော။ ဥတ္တရိ မနုဿဓမ္မံ၊ (စျာနလာဘီအရိယာဖြစ်ကုန်သော) မြတ်ကုန်သော စျာနလာဘီ အရိယာဖြစ်ကုန်သော လူတို့၏ စျာန်, မဂ်, ဖိုလ် တရားကို။ ဝါ၊ လူတို့၏ ဥစ္စာဖြစ်ကုန်သော ကုသလကမ္မပထ တရား ဆယ်ပါးတို့ထက် လွန်မြတ်သော စျာန်,မဂ်,ဖိုလ်တရားကို။ အတ္တူပနာယိကံ၊ မိမိ၌ (စျာန်,မဂ်, ဖိုလ် တရားကို) ဆောင်ယူသည်ကို။ ဝါ၊မိမိကို (စျာန်,မဂ်,ဖိုလ်တရား၌) ဆောင်ယူသည်ကို။ ကတ္ဝာ၊ ပြု၍။ [ထည့်] သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ ကိံ သမုဒါစရေယျ၊ အဲဘယ်သို့ ပြောဆိုရာသနည်း။ ဣတိ ဇာနာမိ ဣတိ ပဿာမီတိ၊–ဟူ၍။ သမုဒါစရေယျ၊–အံ့။ ဣတိ၊ ဤအကြောင်းကြောင့်။ ဇာနာမိ၊ (ငါ) သိ၏။ ဣတိ၊ ဤအကြောင်းကြောင့်။ ပဿာမိ၊ (ငါ) မြင်၏။ တနည်း–ကိံ သမုဒါစရေယျ၊–နည်း။ ဣတိ၊–ကြောင့်။ ဇာနာမိ၊–၏။ ဣတိ၊–ကြောင့်။ ပဿာမိ၊–၏။ ဣတိ၊ဤသို့။ ဝါ၊ သည်လို့, သည်ပုံ,သည့်နှယ်။ သမုဒါစရေယျ၊-အံ့။ (ဤကား ဆရာကြီးမျှားအနက်)။

၄–စတုတ္ထပါရာဇိက

ဝဿန္တိ ဇတ္ထာတိ ဝတ္ထု။ ကျောင်းဆောက်ရန် ဌာနကို ရစေ။ ။ဒေသိယတော ဒေသနာ။ ပြောကြားခြင်း ကြိယာကို ရစေ။ ။ဝတ္ထုဿ ဒေသနာ ဝတ္ထုဒေသ-နာ။ ကျောင်းရာကို ပြောကြားခြင်း ကြိယာကို ရစေ။ ကိုယ့်ကျောင်း ကိုယ် ဆောက်လိုသောရဟန်းသည် ကျောင်းရာကို ညွှန်ကြားဘို့ရာ ကျောင်းဆောက် ရန်ရည်ရွယ်ထားသောနေရာသို့ ရဟန်းတို့ကို ပင့်ဆောင်ရမည်ဟူ၏။ ။အာရမ္ဘန္တိ ဟိ သန္တိတိ အာရမ္ဘာ။ နှိပ်စက်ညှဉ်းဆဲတတ်သော တဆယ့်သုံးပါး, တဆယ့် ခြောက်ပါးသော ဘေးရန်အန္တရာယ်တို့ကို ရစေ။ ။နတ္ထိ အာရမ္ဘာ ဇတ္ထာတိ အနာရမ္ဘာ။ အနာရဗ္ဘာ ဟူ၍လည်း အခွဲပါဌ်ရှိ၏။ ပိုး, ရွ, ခြ စသော ဘေးရန် မရှိသော ကုဋီရာကို ရစေ။ တဆယ့်သုံးပါး, တဆယ့်ခြောက်ပါးသော ဘေးရန် တို့ကား ပါဠိတော်၌ လာပြီ။

ဆောင်—ပိုး၊ ခြ, ကြွက်, မြွေ၊ ကင်းနှစ်ထွေ၊ သီဟ, ဆင်, မြင်း, ကျား။
သစ်, ဝံ, အောင်းတွေ၊ အမြဲနေ၊ ရှောင်လေ ဆယ့်သုံးပါး။
သတ္တဝါသနား၊ ရှေးခြောက်ပါးပေ၊ ကြွင်း ဘယေ၊ ကင်းစေ ပယ်
၍ထား။
ကောက်, ပဲ, ခိုးသူ၊ သတ်ရာလူ၊ မှတ်ယူ သုသာန်ငါး။
အမဲ, ဆင်, မြင်း၊ သေတင်းလေးခု၊ လမ်းသုံးခု၊ သ, ဥ ကိုးခုထား။
မှင်း နှောင်အိမ်ဒို၊ မှိရာသိ၊ ပေါင်းဘိ ဆယ့်ခြောက်ပါး။

မှတ်ချက်။ ။ကင်းနှစ်ထွေကား ကင်းမြီးကောက်, ကင်းခြေမျှားတို့တည်း။ လမ်းသုံးခုကား ထုတ်ချင်း မထွင်းသောလမ်း, ထုတ်ချင်း ထွင်းသေ့လမ်း, လမ်းဆုံတို့တည်း။ သ-ကား သဘင်, ဥ-ကား ဥယျာဉ်တို့တည်း။

ပရိသမန္တတော ကမတိ ဂစ္ဆတိ ဌာတိ ပရိက္ကမနံ။ ထက်ဝန်းကျင် သွားလာရာ ဥပစာကို ရစေ။ ဤဥ္စနှားနှစ်ကောင် နွားလေးကောင်တို့ဖြင့် တပ်အပ်သော လှည်းဖြင့် တခုသောလှည်းဘီးကို တံစက်ရေကျရာ အရပ်၌ထား၍ တခုသော လှည်းဘီးကို အပြင်ဘက်က ထား၍ လှည့်လည်ခြင်းဌာနိစ္စမ်းနိုင်သော ဥပစာကို ယူ။ သဟ ပရိက္ကမနေန ယံ ဝတ္တတိတိ သပရိက္ကမနံ။ ဆိုအပ်ပြီးသော ဥပစာရှိသော ကျောင်းရာကို ရစေ။ ထိုမျှလောက် ဥပစာမရှိမူ အပရိက္ကမနခေါ် သည်ဟု သိ။ သာရမ္ဘ စေ-အတိက္ကာမေယျ။ ။ဤပါဠိဖြင့် သိယာကြိယ သိယာကြိယာကြိယအားဖြင့် ရောက်အပ်သော အာပတ်ကို ပြသည်ဟု ဆိုကြ၏။ အဓိပ္ပါယ်ကို ဆိုအပ်ပြီးသည်မှ ဆန့်ကျင်ဘက် နည်းအားဖြင့် သိရမည်။ သာရမ္ဘနှင့် အပရိက္ကမန နှစ်ချက်အတွက် ဒုက္ကဋ်နှစ်ချက်၊ အနာရမ္ဘနှင့် အပရိက္ကမနဖြစ်မူ ဒုက္ကဋ်တချက်။ သာရမ္ဘ သပရိက္ကမနဖြစ်မူ ဒုက္ကဋ် တချက်ဟုသိ။ ပမာဏာတိက္ကန္တနှင့် အဒေသိတ ဝတ္ထုက အတွက် သံဃာဒိသေသ် နှစ်ချက်၊ အပမာဏာတိက္ကန္တ အဒေသိတဝတ္ထုက ဖြစ်မူ တချက်၊ ပမာဏာတိက္ကန္တ အဒေသိတ ဝတ္ထုကဖြစ်မူ တချက်စီဟု သိ။

ဆောင်— အပရိက္ကမန၊ သာရမ္ဘ၊ နှစ်ဝ ဒုက္ကဋ်သိ။
ပမာဏာတိ၊ အဒေသိ၊ ယင်းဒိ သံဃာဒိ။

နိဒါန်းစသည်။ ။အာဠဝိ၊ အာဠဝိတိုင်းသား ရဟန်းများ၊ ကိုယ်တိုင် တောင်းအပ်သော အဆောက်အဦဖြင့် ကုဋိကိုပြုခြင်း ဝတ္ထု။ အ၊ သာ၊ အနုပညတ် မရှိ။ ဒုက္ကဋ်, တုလ္လစ္စည်း, သံဃာဒိသေသ် (အဋ္ဌကထာ၌ အကျယ်လာပြီ)။ ပြု၍မပြီးသေးသော ကုဋိကို သူတပါးအား ပေးလိုက်သော ရဟန်း, မြေနှင့်အညီပြု၍ ဖျက်ဆီးပစ်သော ရဟန်း, လိုဏ်-ဂူ-မြက်ကုဋိ- သစ်ရွက်မိုးကုဋိတို့တွင် တခုခုကိုပြုသော ရဟန်း, တပါးပါးသော ရဟန်း၏ နေစရာအလို့ငှါ ပြုသောရဟန်း, (ဝါသာဂါရ) နေစရာအလို့ငှါ ပြုသည်မှ တပါးသော ဥပုသ်အိမ်စသည်တို့တွင် တခုခု၏အကျိုးငှါ ပြုသော ရဟန်း, ဥမ္မတ္တက စသော ရဟန်းတို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ ဥလ္လိတ္တစသည်တို့တွင် တခုခုသော ကုဋိဖြစ်ခြင်း, အယုတ်ဆုံး အနုံလေးတောင် ပမာဏရှိခြင်း, (မင်္ဂလမပုရိသ အတောင်ကိုယူ) ကျောင်းရာကို မကြားခြင်း, ပမာဏကို လွန်ခြင်း, မိမိအတွက်ဖြစ်ခြင်း, နေစရာကျောင်းဖြစ်ခြင်း, လိမ်းကျံခြင်း၏စပ်ခြင်း-အင်္ဂါခြောက်ပါး, ခုနစ်ပါး။[ကျောင်းရာကို မကြားခြင်းနှင့် ပမာဏကိုလွန်ခြင်း အင်္ဂါနှစ်ပါးကို တခုတည်းပေါင်းယူမူ

ခြောက်ပါး, မပေါင်းမူ ခုနစ်ပါးဖြစ်သည်ဟု "ပမာဏ ယုတ္တာဒီသု ဆဝါအာဒီနိ" ဟူသော ဝိမတိဋီကာကို အကိုးပြု၍ ယောဇနာ မဟာဋီကာ ဆို၏။ "ဥဘယ ဝိပန္နာ ဒွေ သံဃာဒိသေသာ ဒွေ စ ဒုက္ကဋာနိ" ဟူသော ကဒ်ါ ကိုထောက်၍ အာဒိကမ္မိကာ ကျောင်းရာကို မကြားခြင်း အဒေသိတဝတ္ထုကနှင့် ပမာဏ ကိုလွန်ခြင်း ပမာဏာတိက္ကန္တ နှစ်ပါးနုတ်၍ ကျန် ငါးပါးကို အဒေသိတဝတ္ထုက နှင့်တွဲမူ အာဒိကမ္မိကာ ကျောင်းရာကို မကြားခြင်း ပမာဏာတိက္ကန္တနှင့် တွဲမူ အာဒိကမ္မိကာ ကျောင်းရာကို မကြားခြင်း ဒုတိယအာဒိကမ္မိကာ ကျောင်းရာကို ပြောကြား၍ ပမာဏကို လွန်အောင်ပြုသောရဟန်းအား မပြုအပ်သည်ကို ပြုခြင်းကြောင့် သိယာကြိယဖြစ်သည်၊ ကျောင်းရာကို မကြားမူ၍ ပမာဏကို လွန်အောင်ဖြစ်စေ, ပမာဏအတိုင်း ဖြစ်စေ ပြုသောရဟန်းအား ကျောင်းရာကို မကြားသည့်အတွက် အကြိယ, ကို၎င်းကို ပြုခြင်းကြောင့် ကြိယဖြစ်ရကား-သိယာ ကြိယာ ကြိယဖြစ်သည်။] အကြွင်း သဉ္ဇ၏တွန်နှင့် တူပြီ။

အာဒိကမ္မိကာ ။။ကုဋိ-ဖြင့် ပထမနှင့် ဒုတိယအာဒိကို, ဝတ္ထုဒေသနာယ-ဖြင့် တတိယအာဒိကို, ဗျတိရေကအားဖြင့် ပြသည်၊ ပမာဏံ ဝါ အာတိက္ကာမေယျ-ဖြင့် စတုတ္ထကို, ဒုတ္တာဒ္ဒေသံ-ဖြင့် ပဉ္စမကို ပြသည်၊ ဆဋ္ဌနှင့် သတ္တမအာဒိကပြ တိုက်ရိုက်မပါ။

ဆောင်— ဥလ္လိတ္တာဒိ၊ စဂ္ဂိသုံးလုံး၊ ယုတ်ဆုံးပမာ၊ ကျောင်းရာမညှန်၊ ပမာလွန်ဘီ၊ မိမိတွက်တာ၊ နေစရာကျောင်း၊ လိမ်းကျံလောင်းက၊ ဆ-သတ္တာ၊ အာဒိကဋီကာ။

ကဋီကာရသိက္ခာပုဒ် ပြီး၏။

၇-ဝိဟာရကာရ

၇။ သဿာမိကံ၊ အရှင်ရှိသော။ ဝါ၊ ဒါယကာရှိသော။ အတ္တုဒ္ဒေသံ၊ ရည်ညွှန်းအပ်သော မိမိရှိသော။ ဝါ၊မိမိကို ရည်ညွှန်းခြင်းရှိသော။ မဟာလွှကံ၊ ကြီးသည်၏ အဖြစ်ရှိသော။ ဝါ၊ (ပမာဏအားဖြင့်)ကြီးသည်၏အဖြစ်ကို ယူတတ်သော။ ဝိဟာရံ၊ကျောင်းကို။ ကာရယမာနေန၊ –သော။ ဘိက္ခု-နာ ပန၊ –သည်။ ဝတ္ထုဒေသနာယ၊ ကျောင်းရာကို ပြောကြားစေခြင်းငှါ။ ဘိက္ခူ၊ –တို့ကို။ အဘိနေတဗ္ဗာ၊ –ကုန်၏။ တေဟိ ဘိက္ခူဟိ၊ –တို့သည်။ အနာရမ္ဘံ၊ –သော။ သ ပရိက္ကမနံ၊ –သော။ ဝတ္ထု၊ကျောင်းရာကို။ ဒေသေ-တဗ္ဗံ၊ –၏။ ဘိက္ခု၊ –သည်။ သာရမ္ဘေ၊ –သော။ အ ပရိက္ကမနေ၊ –သော။ ဝတ္ထုသ္မိံ၊=၌။မဟာလွှကံ၊ –သော။ဝိဟာရံ၊–ကို။စေ ကာရေယျ၊=အံ့။ဝတ္ထု-ဒေသနာယ၊ –ငှါ။ဘိက္ခူ၊ ဝါ၊=တို့ကိုလည်း။ဝါ၊–တို့ကိုသာလျှင်။ စေ အန-ဘိနေယျ၊ –အံ့။ တဿ ဘိက္ခုနော၊ –အား။ သံဃာဒိ သေသော၊ –သော။ အာပတ္တိ နိကာယော၊ –သည်။ ဟောတိ၊ –၏။

၇-ဝိဟာရကာရ

မဟာလွှကံ။ .။မဟတိ ဝတ္ထုတိတိ မဟန္တော။ ကြီးသောကျောင်း ရစေ။ ။ မဟန္တသ္မာ ဘာဝေါ မဟာလွှံ။ ဒြပ်အထူးကို ပြတတ်သော ကြီးသောဂုဏ်ထူးကို ရစေ။ ။မဟာလွှံ ဧတဿ အတ္ထိတိ မဟာလွှကံ၊သံဃာစိတ ကုဋီထက်ကြီးသော ဂုဏ်ထူးရှိသော ကျောင်းကို ရစေ။....တနည်း–မဟန္တ-ဘာဝံ လာတိ ဂဏှာတီတိ မဟာလွှကော။ ဤ၌ မဟန္တ-သဒ္ဒါ ဘာဝပွဓာန၊ တနည်း–ဘာဝပွစ္စယ လောပတည်း။ ကြီးသည်၏ အဖြစ်ဟူသော ဂုဏ်ကို ယူတတ်သော ကျောင်းကို ရစေ။ ဤ၌ ကြီးသော ဂုဏ်ထူးရှိသော ကျောင်း, ကြီးသည်၏အဖြစ်ဟူသော ဂုဏ်ကို ယူတတ်သော ကျောင်းဟူသည် ဆောက်လုပ်သူ ဒါယကာရှိသည့်အတွက် ကြီးခြင်းဂုဏ်တမျိုး, သံယာစိတ ကုဋီထက် ပမာဏကြီးနိုင်ခြင်း ဂုဏ်တမျိုး ဤနှစ်မျိုးကို ဆိုသည်။ ဆောက်လုပ်သူ ဒါယကာရှိခြင်း, သံယာစိတ ကုဋီထက် ပမာဏကြီးနိုင်ခြင်း ဂုဏ်နှစ်မျိုး ရှိခြင်း ကြောင့် မဟာလွှကခေါ်သည် ဟူ၏။

ဝိဟာရ။ ။ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။ ဣရိယာပုထ်လေးပါးတို့ဖြင့် ရဟန်း တို့၏နေရာ ဥလ္လိတ္တ စသော ကျောင်းသုံးမျိုးကို ရစေ။

သဿာမိကံ။ ။သဟ သာမိကေန ယော ဝတ္တာတိ သဿာမိကော။ ပိုင်ရှင်နှင့်တကွဖြစ်သော ကျောင်းကို ရစေ။ ။တနည်း–သာမိကော သံဝိဇ္ဇတိ တေဿာတိ သဿာမိကော။ ပိုင်ရှင်ရှိသော ကျောင်းကို ရစေ။ ဆောက်လုပ်သူ ဒါယကာရှိသော ကျောင်းဟု ဆိုလိုသည်။

အထူး—ဆောက်လုပ်သူ ဒါယကာ ပိုင်ရှင် မရှိမူ ကုဋီဟု ခေါ်သည်။ ရှိမူ ဝိဟာရခေါ်သည်ဟု အထူးသိ။

ဆောင်—ပိုင်ရှင်မရှိ၊ ကုဋီခေါ်ရ၊ ရှင်ရှိက၊ ခေါ်ကြ ဝိဟာရာ။

ဘိက္ခူ။ ဝါ အနဘိနေယျ—ဤ၌ ဝါ-သဒ္ဒါ ရှေးသိက္ခာပုဒ်၌ ဝါ-သဒ္ဒါကဲ့သို့ ဝိကပ်အနက်မဟုတ်။ "အယံ ဝါသော မဟာနာဂေါ"၌ ကဲ့သို့ အဝဓာရဏ အနက်၌ ဖြစ်၏။ "ပမာဏံ ဝါ အတိက္ကာမေယျ"ဟူသော စကားကို နှစ်စေသည်။ သာရတ္ထ။ ဝါ-သဒ္ဒါ သမုစ္စည်းအနက်၌ ဖြစ်၏။ ထို ဝါ-သဒ္ဒါဖြင့် "မဟလ္လကံ ဝိဟာရံ ကာရေယျ"ကို ဆည်းသည်။ ဝိမတိ။

နိဒါန်းစသည်။ ။ကောသမ္မီ၊ ဆန္နထေရ်၊ စေတီဟု သမုတ်အပ်သော ဿစ်ပင်ကို ခုတ်စေခြင်း၊ ဝတ္ထု။ ဥလ်ိတ္တ စသည်တို့တွင် တစုံခု ဖြစ်ခြင်း, ကြီးသောကျောင်း ဖြစ်ခြင်း, ကျောင်းနေရာကို မကြားခြင်း, မိမိကို ရည်ညွှန်းခြင်း, ဝါဿဂါရ ဖြစ်ခြင်း, လိမ်းကျံခြင်း၏ စပ်ခြင်း၊ အာဂါရောက်ပါး။ ကျောင်းရာကို ကြားရမည်ကို မကြားခြင်းကြောင့် ဖြစ်ရကား–အကြိုယ၊ သံဃာဒိသေသ်တချက်သာ ထူး၏။ အကြွင်း ကုဋီကာရနှင့် တူပြီ။

ဆောင်—ကုဋီကာရ၊ ယင်းသတ္တဝယ်၊ ပမာပယ်၊ ခြောက်သွယ် ကျန်ဝိဟာ။

ဝိဟာရကာရသိက္ခာပုဒ် ပြီး၏။

၈-ပထမဒုဋ္ဌဒေါသ

၈။ ယော ပန ဘိက္ခု၊-သည်။ ဒုဋ္ဌော၊ (ဒေါသသည်) ဖျက်ဆီးအပ်သည်။ ဟုတ္ဝာ၊-၍။ ဒေါသော၊(သူတပါးကို)ဖျက်ဆီးတတ်သည်။ ဟုတ္ဝာ၊-၍။ အပ္ပတီတော၊ ပီတိသုခတို့သည် ရှေးရှု မရောက်အပ်သည်။ ဝါ၊ ပီတိသုခတို့သည် ကြဉ်အပ်သည်။ ဝါ၊ ပီတိသုခတို့သည် မနှစ်သက်အပ်သည်။ ဟုတ္ဝာ၊-၍။ ဘိက္ခု၊-ကို။ အမူလကေန၊ (မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း) အရင်းမရှိသော။ ပါရာဇိကေန၊ (တခုယုတ် နှစ်ဆယ်သော ဝါ၊ လေးပါးသော)ပါရာဇိကဖြစ်သော။ ဓမ္မေန၊ အာပတ်ဖြင့်။ အနုဒ္ဓံ-သေယျ၊ စွပ်စွဲနိုပ်စက် ဖျက်ဆီးငြားအံ့။ ဝါ၊ စောဒနာငြားအံ့။ ကိ ံကေန၊ အာဘယ်သို့သော အဓိပ္ပါယဖြင့်။ အနုဒ္ဓံသေယျ၊ စွပ်စွဲရာသနည်း။ နံ၊ ထို ပုဂ္ဂိုလ်ကို။ ဣမမှာ ဗြဟ္မစရိယာ၊ ဤမြတ်သော (သာသနာတော်တည်း ဟူသော) အကျင့်မှ။ ဝါ၊ ဤမြတ်သော (ဘုရားစသည်တို့၏) အကျင့်မှ။ အပ္ပေဝ နာမ စာဝေယျ၊ ရွေ့လျှောစေနိုင်ပါမူကား ကောင်းလေစ့။ ဣတိ၊ ဤသို့သော စာဝနာဓိပ္ပါယဖြင့်။ အနုဒ္ဓံသေယျ၊-အံ့။တတော၊ ထို စွပ်စွဲပြီး သော ကာလမှ။ အပရေန၊တပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟိယ-မာနော ဝါ၊ မေးစစ်အပ်သည်။ ဟုတ္ဝာ ဝါ၊-၍ဂင်း။ အသမနုဂ္ဂါဟိယ-မာနော ဝါ၊မမေးစစ်အပ်သည်။ ဟုတ္ဝာ ဝါ၊-၍ဂင်း။ တံ အဓိကရဏံ၊ ထို အာပတ္တာဓိကရဏ်းသည်။ အမူလကဥ္စေဝ၊-သည်လည်း။ ဟောတိ၊-၏။ ဘိက္ခု စ၊ စွပ်စွဲသော ရဟန်းသည်လည်း။ ဒေါသံ၊(မိမို)၏ အပြစ်ကို။ ပတိဋ္ဌာတိ၊ ဝန်ခံ၍ တည်၏။ ဝါ၊ ဝန်ခံ၏။ တဿ ဘိက္ခုနော၊-အား။ သံဃာဒိသေသော၊-သော။အာပတ္တိ နိကာယော၊-သည်။ ဟောတိ၊=၏။

၈-ပထမဒုဋ္ဌဒ္ဒေါသ

၈။ ဘိက္ခုံ—ဘိက္ခုအရ-တပါးသော စင်ကြယ်သော ရဟန်းကိုယူ။
ဒုဋ္ဌော။ ။ဒူသိယတီတိ ဒုဋ္ဌော။ မိမို၏ သန္တာန်၌ ဖြစ်ပေါ်လာသော ဒေါသ
သည် ဖျက်ဆီးအပ်သော (ဒေါသအဖျက်အဆီးခံရသော) ဒေါသ ဖြစ်နေသော ပုဂ္ဂိုလ်ကို ရစေ။ ဒေါသဖြစ်ပေါ်လာသည်ရှိသော် ဒေါသဖြစ်နေသောပုဂ္ဂိုလ်ကို(ပုဂ္ဂိုလ်၏ စိတ်ကောင်း နှလုံးကောင်းကို) ဒေါသက ဖျက်ဆီးပစ်လိုက်၏။ ထိုဒေါသ အဖျက်အဆီးခံရ၍ စိတ်ဆိုးခြင်း တမျိုးတည်းသာ ဖြစ်နေသော ပုဂ္ဂိုလ်ကို ဒုဋ္ဌ-ဟုခေါ်သည်။

ဒေါသော။ ။ဒုဿေတိ ပရံ ဝိနာသေတိတိ ဒေါသော။ သူတပါးကို ဖျက်ဆီး တတ်သော ဒေါသကို ရစေ။ ။ဒေါသော အာသ အတ္ထိတိ ဒေါသော။ ဒေါသရှိသူကို ရစေ။မိမိသန္တာန်၌ ဒေါသဖြစ်ပေါ်လာသည်ရှိသော် ထို့ဒေါသသည် မိမိကိုသာ ဖျက်ဆီးသည် မဟုတ်။ထို့ဒေါသရှိသူသည် သူတပါး ကိုလည်း နှိပ်စက် ဖျက်ဆီးတတ်၏။ ထို့ကြောင့် ဒေါသရှိသူကို ဒေါသဟု ခေါ်သည်။....ဤ၌ ပုဂ္ဂိုလ်တယောက်သည်းကိုပင် ဖျက်ဆီးခြင်း ခံရသော အခြင်းအရာကိုစဲ့၍ ဒုဋ္ဌ, သူတပါးကို ဖျက်ဆီးတတ်သော အခြင်းအရာကိုစဲ့၍ ဒေါသဟု အခြင်းအရာထူးသောအားဖြင့် ဒုဋ္ဌ, ဒေါသဟူသော အမည်နှစ်မျိုး တပ်၍ ဟောတော်မူသည်ဟု သိ။

အပ္ပတိဿော။ ။ပတိမုခံ ဣတော ဂတော တတိတော ပတိတော။ ပိတိ, သုခတို့ ရွေးရွှေကပ်ရောက်အပ်သော ရဟန်းကို ရစေ။ ။န ပတိတော အပ္ပတိတော။ ပိတိ, သုခတို့ ရွေးရွှေ မကပ်ရောက်အပ်သော ရဟန်းကို ရစေ။ ဒေါသစိတ်ဖြစ်နေခိုက် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော ပိတိ, သုခတို့ ထို ရဟန်း၏ စိတ်နှစ်သို့ ရွေးရွှေ မကပ်ရောက်ဘဲ နေသည်ကို (ကြည်ထားအပ် သည်ကို, မနှစ်သက်, မနှံ့သာည်ကို)ပင် အပ္ပတိတ ဆိုသည်။ မေတ္တာစိတ် ကင်းသော ရဟန်းဟူ၏။ဤ၌ အ-သဒ္ဒါ အဖြာဟူ၏ စသည်တို့ကဲ့သို့ မေတ္တာစိတ် ကင်းသော ရဟန်းဖြစ်အထူးကို ဟောခြင်းကြောင့် ပရိယုဒါသဝါစီဖြစ်၏။ဒုဋ္ဌော စသော တခု တခုသောပုဒ်ဖြင့်ပင် သုဒ္ဓဟု မှတ်ဆင်ခြင်း အင်္ဂါပြနိုင်ပါလျက် "ဒုဋ္ဌော ဒေါသော အပ္ပတိတော"ဟု သုံးပုဒ်တို့ကို ဆိုခြင်းသည် ဒေသနာ ဝိလာသ, ဝေနေယျဇ္ဈာသယ, ပဒတ္ထဝုတို၏ အစွမ်းဖြင့် ဆိုသည်ဟု သိ။

အမူလကေန။ ။မူလန္တိ ပတိဋ္ဌာနံ တေဿာတိ မူလံ။ ပါရာဇိကဖြင့် စွပ်စွဲရန် တည်ရာ အခြေအမြစ်ဖြစ်သော ဒိဋ္ဌ, သုတ, ပရိသင်္ကိတတို့ကိုရစေ။ ။နတ္ထိ မူလံ ဘေဿာတိ အမူလကံ။ ဒိဋ္ဌ, သုတ, ပရိသင်္ကိတဟု ဆိုအပ်သော အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ကို ရစေ။ ။ဤမူလကသည်-

၁။ ပါရာဇိကကျသော ရဟန်းကို ဒိဋ္ဌိ၏ပဿဒ စက္ခုဖြင့်ဖြစ်စေ, ဒိဗ္ဗစက္ခု ဖြင့်ဖြစ်စေ ကိုယ်တိုင်မြင်ခြင်း ဒိဋ္ဌမူလက တမျိုး၊

၂။ တစုံတယောက်က ဆိုသောစကားကို မိမိပဿဒသောတဖြင့် ဖြစ်စေ ဒိဗ္ဗသောတဖြင့်ဖြစ်စေ ကိုယ်တိုင်ကြားခြင်း သုတမူလက တမျိုး။

၃။ မာတုဂါမနှင့် မျောင်ထဲမှာနေသည်ကိုတွေ့၍ ပါရာဇိကမှု ပြုလေသလော ဟု စိတ်ဖြင့် ယုံမှားတွေးတောခြင်း ပရိသင်္ကိတ မူလက တမျိုး-

အားဖြင့် သုံးမျိုးပြား၏။

အမှုပေါ်လည်းနည်းတူ။ ဒိဋ္ဌအမှုလက္ခဏာ သုတအမှုလက္ခဏာ ပရိသင်္ကိတအမှုလက္ခဏာဟု သုံးမျိုးပင်ပြား၏။ [အဓိပ္ပါယ်ကို မူလဂန္ထမှ ပြန်၍ သိ]။

ထိုသုံးပါးတို့တွင် ပရိသင်္ကိတကား မြင်၍ယုံမှားဖွယ် ဒိဋ္ဌပရိသင်္ကိတ, ကြား၍ယုံမှားဖွယ် သုတပရိသင်္ကိတ, အနုံစသည်ဖြင့် ယုံမှားဖွယ် မုတပရိသင်္ကိတဟု သုံးမျိုးပြား၏။ (အကျယ် အဋ္ဌကထာကြီး၌ လာပြီ)။

[ထိုအမှုလက္ခဏာ၏ အဖြစ်ကို စောဒက၏အစွမ်းဖြင့်သာ လိုအပ်၏၊ စုဒိတကစွမ်းဖြင့် မလိုအပ်ဟုလို]။

ဆောင်— ဒိဋ္ဌ-သုတ၊သင်္ကိတ၊ သုံးဝ မူလကာ။
ထိုမှပြန်ထ၊ အမူလ၊ သုံးဝ သိလေပါ။
ဒိဋ္ဌ-သု-မုတ၊ ဤသုံးဝ၊ ကိတ ပြားသည်သာ။

ပါရာဇိကေန–သေယျ။ ။ဤ၌ ပါရာဇိကေန ဓမ္မေန-ဖြင့် ရဟန်းအား လျောက်ပတ်သော ပါရာဇိက တဆယ့်ကိုးပါးတို့တွင် တပါးပါးကိုယူ။ ပဒဘာဇနီ၌ လေးပါးတို့တွင် တပါးပါးကို ယူရန် လာ၏။ အနုဒ္ဒံသေယျ-၌ အနု-သဒ္ဒါ ဓာတ္ထတ္ထာနုဝတ္တက ဥပသာရုပုဒ်။ ခံသေယျ-ကား စုပ်စုံခြင်း, နှိပ်စက်ခြင်း, ဖျက်ဆီးခြင်းကို ဟောသည်။ ကိုယ်တိုင်စောဒနာခြင်း, သူတပါးကို စောဒနာခိုင်းခြင်းကို ဆို၏။

ဤ၌ စောဒနာသည် ဝတ္ထုသန္ဒဿနစောဒနာ, အာပတ္တိသန္ဒဿန စောဒနာ, သံဝါသပဋိက္ခေပစောဒနာ, သာမိစိပဋိက္ခေပ စောဒနာဟု လေးမျိုးပြား၏။ ထိုတွင်—

အနိုးဌ်နေ၍ သင်သည် မေထုနဓမ္မ ဝတ္ထုကို မှီဝဲသည်၊ ဤသို့စသည်ဖြင့် ပြောခြင်းသည် ဝတ္ထုကိုပြု၍ စောဒနာသော **ဝတ္ထုသန္ဒဿန စောဒနာ** မည်၏။

သင်သည် မေထုနဓမ္မ အာပတ်သို့ ရောက်သည် စသည်ဖြင့်ပြောခြင်းသည် အာပတ်ကိုပြု၍ စောဒနာသော **အာပတ္တိသန္ဒဿန စောဒနာ** မည်၏။

[ဤနှစ်ပါးကား—စောဒနာရာလည်း ရောက်သည်, သံဃာဒိသေသ် အာပတ်လည်း သင့်သည်]။

သင်နှင့်တကွ ဥပုသ်ပဝါရကာဒသော သံဃာ့ မပြုနိုင်ဟုပြောသော စောဒနာခြင်းသည် ပေါင်းဖော်ခြင်းကိုပယ်၍ စောဒနာသော **သံဝါသပဋိက္ခေပစောဒနာ** မည်၏။

ပေဒိနီ ဥ—ဟမသ.စ

[ဤမျှလောက်ဆိုရုံဖြင့် စောဒနာရာသာရောက်၏, သံဃာဒိသေသ်-အာပတ်ကား မသင့်သေး၊ သင်သည် မေထုန်ဓမ္မဝတ္ထုကို မှီဝဲသည်ဟူ၍ ၎င်း, ရဟန်းမဟုတ်ဟူ၍၎င်း ဤသို့စသောစကားနှင့်စပ်၍ ပြောမှသာ သံဃာဒိသေသ်အာပတ် သင့်၏]။

ရှိခိုးခြင်းစသော အရိုအသေပြုသော ကျင့်ဝတ်ကို ပယ်ခြင်းသည် သာမိစိပဋိကွေပစောဒနာ မည်၏။

[အစဉ်အတိုင်းရှိခိုးရာ၌ ရှိမခိုးဘဲထားသည်ကိုယူ၊ဤရှိခိုးခြင်းစသည် မပြုရုံမျှဖြင့် စောဒနာရာသာ ရောက်၏။ အာပတ်မသင့်သေး၊ အဘယ့်ကြောင့် တပါးသော ရဟန်းတို့ကို ရှိခိုးလျက် ငါ့ကို ရှိမခိုးသနည်းဟု မေးဖသော် ရဟန်းမဟုတ်သောကြောင့် ရှိမခိုး ဤသို့စသည်ဖြင့် ပြောပါမှ သံဃာဒိသေသ် အာပတ်သင့်သည်]။

'အနိုးဥ်နေ၍'ဟု အစကဆိုခဲ့သော စကားအရကို ဆယ်နှစ်တောင် ယူရမည်ဟု ဂဏ္ဌော်သုံးကျမ်းဥ် ဆိုသောအတိုင်း ကခ်ဳံဒီကာ ယူသည်၊ သာရတ္ထစသည်ကား ကခ်ါစတုတ္ထအင်္ဂါကိုထောက်၍ မျက်မှောက်အဖြစ်မျှကို ပြသည်ဟု ယူသည်။

ဆောင်— ဝတ္တု-အာ ပြု၊ သံဝါသပယ်၊ကျင့်ဝတ်ပယ်၊လေးသွယ် စောဒနာ။
ပြခြင်း ဒွယ၊အာသင့် ထ၊ ပယ် ဒွ မသင့် အာ။
ရဟန်းမဟုတ်၊စသည်ပုဒ်၊ တဲ့ထုတ် အာ သင့်ရာ။

တနည်း— စောဒနာ ဘည် ကာယ စောဒနာ, ဝစီ စောဒနာဟု နှစ်မျိုး၊
တနည်း–ဒိဋ္ဌစောဒနာ, သုတစောဒနာ, ပရိသင်္ကိတစောဒနာ ဟု သုံးမျိုး၊ ....တနည်း–သီလဝိပတ္တိ စောဒနာ, အာစာရဝိပတ္တိစောဒနာ, ဒိဋ္ဌိဝိပတ္တိစောဒနာ, အာဇီဝဝိပတ္တိစောဒနာ ဟု လေးမျိုးပြား၏။

ဆောင်— ကာယ-ဝစီ၊ စောကြောသည်၊ နှစ်လီ တနည်းလာ။
ဒိဋ္ဌ-သုတ၊သင်္ကိတ၊ သုံးဝ တနည်းလာ။
သီ-အာ-ဒိဋ္ဌ-ဇီ၊ ဝိပတ္တိ၊ လေးလီ တနည်းလာ။

အပေါဝ နာမ နုံ–စာဝေယျန္တိ။ ။ဤဝါကျဖြင့် စောဒက ပုဂ္ဂိုလ်၏ အလို ဆန္ဒကိုဖြသော အာကာရ ဝါကျတည်း။
အပေါဝ နာမကို အပိ ဝေ-နာမဟု ပုဒ်ဖြတ်။ မိမိ အလုပ်ကို ယုံမှားခြင်း, မိမိ အလုပ် မဝေဘခြင်း, ဝိမိအလုပ် အောင်-မအောင် မသိခြင်းဟူသော သံသယတို့ ဝါစက နုံပါတ်ပုဒ် အပေါင်းဟု သိ။ နုံ-ကား-ပုဂ္ဂလဝါစက သဗ္ဗနာမ်ပုဒ်။

ဗြဟ္မံ သေဋ္ဌံ စရိယံ ဗြဟ္မစရိယံ။မြတ်သော အကျင့်ဖြစ်သော သာသနာတော်ကို ရစေ။ ။တနည်း–ဗြဟ္မာနံ စရိယံ ဗြဟ္မစရိယံ။ မြတ်သော ဘုရား,ပစ္စေက-ဗုဒ္ဓါ, သာဝက စသည်တို့၏ အကျင့်ဖြစ်သော သာသနာတော်ကိုပင် ရစေ။ ဤဝါကျဖြင့် စာဝနာဓိပ္ပါယကိုယူ၍ ကြွင်း အဓိပ္ပါယ ခုနစ်ပါးကို ပယ်သည်ဟု သိ။

အဓိပ္ပါယ။ ။အဓိပ္ပါယသည် စာဝနာဓိပ္ပါယ, အက္ကောသာ, ကမ္မာ,ဝုဋ္ဌာနာ, ဥပေါသထဋ္ဌပနာ, ပဝါရဏဋ္ဌပနာ, အနုဝိဇ္ဇနာ, ဓမ္မကထာ-ဓိပ္ပါယအားဖြင့် ရှစ်မျိုးပြား၏။ ထိုတွင် ရဟန်းတပါးကို သာသနာတော်မှ ရွှေ့လျော်စေခြင်းငှါ အလိုရှိသောရဟန်း၏ အလိုသည် စာဝနာဓိပ္ပါယ၊ ဆဲရေးလိုသော ရဟန်း၏အလိုသည် အက္ကောသာဓိပ္ပါယ၊ တဇ္ဇနီယံ စသော ကံခုနစ်ပါးတို့တွင် တပါးပါးပြုအံ့ဟု အာပတ်ဖြင့် ဖောဒနာသော ရဟန်း၏ အလိုသည် ကမ္မာဓိပ္ပါယ၊ အာပတ်မှ ထစေခြင်းငှါ အာပတ်ဖြင့် စောဒနာသော ရဟန်း၏ အလိုသည် ဝုဋ္ဌာနာဓိပ္ပါယ၊ဥပုသ်ကို သံဃာပြုခြင်းငှါ မပေးလိုသဖြင့် အာပတ်ဖြင့် စောဒနာသော ရဟန်း၏အလိုသည် ဥပေါသထဋ္ဌပနာဓိပ္ပါယ၊ ပဝါရဏာကို သံဃာပြုခြင်းငှါ မပေးလိုသဖြင့် အာပတ်ဖြင့် စောဒနာသော ရဟန်း၏ အလိုသည် ပဝါရဏဋ္ဌပနာဓိပ္ပါယ၊ ဝိနည်းဓိရ်၏ စုံစမ်းမေးမြန်းသော အလိုသည် အနုဝိဇ္ဇနာဓိပ္ပါယ။ ဓမ္မကထိက၏ တရားဟောပြလိုသော အလိုသည် ဓမ္မကထာဓိပ္ပါယ မည်၏။

[အဋ္ဌကထာကြီး၌ ဥပေါသထဋ္ဌပနာဓိပ္ပါယနှင့် ပဝါရဏဋ္ဌပနာဓိပ္ပါယ နှစ်ခုကို တခုတည်းပြု၍ အဓိပ္ပါယ်ကား အများကြီးရှိသည်ဟု ဆို၏]။

ဆောင်— ရွှေ့ စေ-ဆဲလို၊ ကံပြုလို၊ ထလို အာပတ်မှ။
ဥပုသ်ကိုထား၊ ပဝါထား၊ မေးငြား တရားပြ။
ရွှေ့ စေ-ယူငြား၊ ကြွင်းပယ်ရှား၊ ရှစ်ပါး ဓိပ္ပါယ။

တတော အပရေန-ဟောတိ—ဤဝါကျဖြင့် အဓိကရဏ်း၏ အမူလကအဖြစ်ကို ဝန်ခံခြင်းကို ပြသည်။ သမနုဂ္ဂါ ဟိယတိ **အနုဝိဇ္ဇီယတီတိ** သမနုဂ္ဂါဟီယမာနော။ သမ္မုတိရသော ဝိနည်းဓိရ်က **မေးစစ်**အပ်သော စွပ်စွဲတတ်သော ရဟန်းကို ရစေ။ ဝိနည်းဓိရ်က ငါ့ရှင် သင်သည် ဘာကိုမြင်၍ စွပ်စွဲသလဲ, ဘာကိုကြား၍ စွပ်စွဲသလဲ, ဘာကို သံသယရှိ၍ စွပ်စွဲသလဲ စသည်ဖြင့် မေးရသည်။ ထိုစွပ်စွဲ၍ အမေးအစစ်ခံရသော ရဟန်းကို သမနုဂ္ဂါဟီယမာနဆိုသည်ဟူ၏။ ။န သမနုဂ္ဂါဟီယမာနော အသမနုဂ္ဂါဟီယ-မာနော။ ဘမ္မုတိရသော ဝိနည်းဓိရ်က အမေးအစစ်မခံရသော စွပ်စွဲတတ်သော ရဟန်းကိုပင် ရစေ။ ။သမထေဟိ အဓိကာတဗ္ဗန္တိ အဓိကရဏံ။ သမထ

တို့ဖြင့်ငြိမ်းသည့် အာစုမ်းဖြင့် ပြုအပ်သော အာပတ်ကို ရစေ။ ထိုအဓိကရဏသည် ဝိဝါဒါဓိကရဏ, အနုဝါဒါဓိကရဏ,အာပတ္တာဓိကရဏ,ကိစ္စာဓိကရဏဟု လေးမျိုး ပြား၏။

[ထိုအဓိကရဏတို့၏ အာကျယ်ကို အဓိကရဏသမထသို့ ရောက်မှု ပြအံ့။]

ထိုတွင် အာပတ္တာဓိကရဏ်းကို ဖယ်ထား၍ ကြွင်းသော အဓိကရဏ်း တို့ဖြင့် စောဒနာခြင်း မဖြစ်သင့်သောကြောင့် ဤ ပါရာဇိကဟု ဆိုအပ်သော အာပတ္တာဝိကရဏ်းကို ယူ။

ဘိက္ခု ဗ ဒေါသံ ပတိဋ္ဌာတိ—ဤပါဠိဖြင့် ဤစုပ်စဲခြင်း၏ အရင်း မရှိသည့် အဖြစ် ထင်ရှားသော ကာလကို ပြခြင်းအကျိုး ရှိ ဆိုသည်၊ အာပတ်၏ အင်္ဂါကို ပြသည် မဟုတ်ဟု သိ။ ။ဒေါသဟူသည် လိမ်လည်စုပ်စဲမှု အပြစ်ကို ဆိုသည်။ ။ပတိဋ္ဌာတိ ဟူသည်—မဟုတ် မတရား စုပ်စဲမိပါသည်ဟု ဝန်ခံခြင်းကို ဆိုသည်။ ဤပုဒ်စုဖြင့် စောဒနာသော ရဟန်းသည် မိမိ လိမ်လည်လှည့်ဖြား မတရား စုပ်စဲသည့် အပြစ်ကို ဝန်ခံခြင်းကို ပြသည်။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်။ မေတ္တိယနှင့် ဘူမဇကရဟန်းများ အမှုလက ပါရာဇိကဖြင့် စုပ်စဲသော ဝတ္ထု။ သာ၊ သာ၊ သံဃာဒိသေသ်, ပါစိတ်, ဒုက္ကဋ်။ မင်းကြယ်ဟု မှတ်ထင်သော ရဟန်း, [ဤစကား ကဲ့ဒ်၌ မပါ၊ ပါဠိတော်၌သာ လာသည်]။ ဥမ္မတ္တက စသော ရဟန်းတို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ စုပ်စဲအပ်သူ ရဟန်းဖြစ်ခြင်း, သုဒ္ဓဟု မှတ်ထင်ခြင်း, အမှုလက ဖြစ်ခြင်း, စာဝနာဓိပ္ပါယဖြင့် မျက်မှောက် စောဒနာခြင်း, ထိုဓာသိခြင်း အင်္ဂါငါးပါး။ သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ။ ဒုက္ခဝေဒနာသာ ထူး၏။

အင်္ဂါဆုတ်ပုံ။ ။ဘိက္ခုဖြင့် ပထမ အင်္ဂါကို, ဒုဋ္ဌော ဒေါသော အပတိတော ဖြင့် ဒုတိယ အင်္ဂါကို အတ္ထာပန္နနည်းဖြင့် ပြသည်၊ အမှုလကေန ဓမ္မေနဖြင့် တတိယ အင်္ဂါကို, အပ္ပေဝ-စာဝေယျဖြင့် စတုတ္ထအင်္ဂါကို ပြသည်၊ ပဋိမအင်္ဂါကို တိုက်ရိုက်ပြသော ပါဠိ မရှိ၊ အနုဒ္ဓံသေယျကို ထောက်၍ သိသင့်၏။

ဆောင်— စုပ်စဲအပ်သူ၊ရဟန်းမူဖြစ်၊ သုဒ္ဓစစ်ထင်၊မူလပင် မရှိလှောက်၊ မျက်မှောက်စောဒနာ၊ ထိုဓာသိ၊ ငါးအင်္ဂါ၊ မှတ်ဘိ အမှုလကာ။

ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ပြီး၏။

* အမှုလကသံဃာဒိသေသ်သိက္ခာပုဒ် ဟူ၍လည်း ခေါ်၏။

၉—ဒုတိယဒုဋ္ဌဒေါသ

၉။ ယော ပန ဘိက္ခု၊-သည်။ဒုဋ္ဌော၊-သည်။ဟုတ္ဝာ၊-၍။ ဒေါသော၊ -သည်။ဟုတ္ဝာ၊-၍။အပ္ပတီတော၊-သည်။ဟုတ္ဝာ၊-၍။ဘိက္ခုံ၊-ကို။အညာဘာဂိယဿ၊ တပါးသော အဘို့၏ ဥစ္စာဖြစ်သော။ ဝါ၊ တပါးသောအဘို့ ရှိသော။ အဓိကရဏဿ၊ (အမည်ပညတ်၏) တည်ရာ၏။ ကိဉ္စိ ဒေသံ၊ အနည်းငယ်ရည်ညွှန်း၍ ခေါ်ဆိုအပ်သော။ လေသမတ္တံ၊ အနည်းငယ် ကပ် ငြိခြင်းကိုသာလျှင်။ ဝါ၊ အမြွက်ကိုသာလျှင်။ ဥပါဒါယ၊ စွဲယူ၍။ ပါရာ ကေန၊-သော။ ဓမ္မေန၊ - ဖြင့်။ အနုဒ္ဓံသေယျ၊ -အံ့။ ကိ ံ၊ ဖြင့်။ အနုဒ္ဓံ သေယျ၊-နည်း။နံ-ကို။ဣမမ္ဟာဗြဟ္မစရိယာ၊-မှ။အပ္ပဝ နာမ စာဝေယျံ၊-စ့။ ဣတိ၊-ဖြင့်။အနုဒ္ဓံသေယျံ၊-အံ့။ဝာတော၊ -မှ။ အပရေန၊ -သော။ သမ ယေန-၌။ သမနုဂ္ဂါဟိယမာနော၊ -သည်။ ဟုတ္ဝာဝါ၊ -၍ဂုဏ်း။အသမနုဂ္ဂါ ဟိယမာနော၊ -သည်။ ဟုတ္ဝာဝါ၊ -၍ဂုဏ်း။ တံအဓိကရဏံ၊ ထိုတည်ရာ သည်။အညဘာဂိယဥ္စေဝ၊-သည်လည်း။ဟောတိ၊-၏။ ကောစိဒေသော၊- သော။လေသမတ္တော၊-သည်သာလျှင်။ဥပါဒိဒေန္တော၊-ယူအပ်သည်။ဟောတိ၊ -၏။ဘိက္ခုစ၊ (စွပ်စွဲသော) ရဟန်းသည်လည်း။ ဒေါသံ၊ (စွပ်စွဲသော) အပြစ်ကို။ပတိဋ္ဌာတိ၊-၏။ တဿဘိက္ခုနော-အား။ သံဃာဒိသေသော၊- သော။အာပတ္တိနိကာယော၊ -သည်။ ဟောတိ၊-၏။

၉-ဒုတိယဒုဋ္ဌဒေါသ

အညဘာဂိယ။ ။အညဘာဂဿ ဣဒံ အညဘာဂိယံ။ လူဇာတိ ရဟန်း အဖြစ်မှတပါး တိရစ္ဆာန်ဇာတ် ဆိုတ်ဖြူ၏ အဖြစ်ဟု ဆိုအပ်သော **အ**ဘို့၏ ဥစ္စာဖြစ်သော ဆိတ်ဖို့ကို ရစေ။ ။တနည်း-အညဘာဂေါ အဿ အတ္ထီတိ အညဘာဂိယံ။ လူဇာတ် ရဟန်းအဖြစ်မှ တပါးသော တိရစ္ဆာန် ဇာတ် ဆိတ်ဖို့၏ အဖြစ်ဟု ဆိုအပ်သော အဘို့ရှိသော ဆိတ်ဖို့ကိုပင် ရစေ။ ။ ဤ၌ တိရစ္ဆာန်ဇာတ် စသည်ကို ဖယ်ထား၍ ပရမတ္ထအားဖြင့် အသီးအခြား ဆိတ်ဟု မရှိငြားသော်လည်း "ပဋိမာယ သရီရံ, သိလာပုတ္တကဿ သရီရံ" စသည်တို့ကဲ့သို့ အဘေဒဘေဒူပစာ အားဖြင့် "အညဘာဂဿ ဣဒံ, အညဘာ-ဂေါ အဿ အတ္ထီ" ဟု ဆိုလိုက်သည်။ အတ္ထုပ္ပတ်၌ မေတ္တိယဘူမဇကရဟန်းတို့ သည် ပထမအကြိမ် ရှင်ဒဗ္ဗကို စွပ်စွဲရာ၌ အရှုံးကြီး ရှုံး၍ ဟာနေနေကျလျှင် အနိုင်ရအောင် စွပ်စွဲမည်ဟု အားခဲထားကြ၏။ အခါတပါး မေတ္တိယဘူမဇက ရဟန်းတို့သည် ဂိဇ္ဈကူဋ်တောင်ပေါ်မှ သက်ဆင်းလာစဉ် ဆိုတ်ဖြူတကောင်က

ဆိတ်မတကောင်အား မေထုန်မှီဝဲခြင်းကို ဂတ္တ၍ ဆိတ်ဖိုကို ဒဗ္ဗမလ္လပုတ္တဟု အမည်ပေး၍ ဆိတ်မကို မေတ္တိယဟု အမည်ပေးထားကြသည်ဟု သိ။

ဤ အညဘာဂိယပုဒ်၌ အညဟား အပါဒါန်ကို ငဲ့ရကား အည၏ အပါဒါန်ကို လူဇာတ် ရဟန်းအဖြစ်ဘောကိုခံ၊ အညဘာဂအရ တိရစ္ဆာန်ဇာတ်ဆိတ်ဖြူ၏ အဖြစ်ဘောကိုယူ၊ ဇာတိကပစ္စည်းအရ ကွဲခံအဿ တို့စဲ့သော ဆိတ်ဖိုကို ကောက်၊ ထို့ကြောင့် အညဘာဂိယအရ အရှင်ဒဗ္ဗ ရဟန်းစစ် မဟုတ်၊ ဇမေတ္တိယဘူမဇကတို့ ဒဗ္ဗမလ္လပုတ္တဟု မှည့်ထားသော ဆိတ်ဖို ကို ယူရမည်ဟု သိ။

အဓိကရဏသမုဋ္ဌာန်။ ။အဓိကရိယတိ ဇတ္ထာတိ အဓိကရဏံ။ ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်ပညတ်၏ တည်ရာ ဆိတ်ဖြူကို ရစေ။ ဤ၌ အဓိကရဏသဒ္ဒါ နပုလ္လိင်ဖြင့် ဆိုအပ်သော်လည်း ဆိတ်ဖြူကို ယူရမည်။ မေတ္တိယဘူမဇက ရဟန်းတို့သည် လေးပါးသော အဓိကရဏ်းတို့တွင် တခုခုသော အဓိကရဏ်း၏ အနည်းငယ် ညွှန်အပ်သော အမြွက်မျှကို မယူခြင်းကြောင့်၎င်း, လေးပါးသော အဓိကရဏ်းတို့၏ အမြွက် လေသ၏ မရှိခြင်းကြောင့်၎င်း ဝိဝါဒ စသော အဓိကရဏ်းကို မယူရ။ ဆက်ဦးအံ့-အညဘာဂိယအဓိကရဏ၏ အဖြစ်၌တည်သော ဆိတ်ဖြူ၏ ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်သည် ရှင်ဒဗ္ဗ ရဟန်းကို ရည်ညွှန်းကာမျှသာ ဖြစ်၏။ ရှင်ဒဗ္ဗရဟန်းကို အမှူလကပါရာဇိကဖြင့် စွပ်စဲ့ခြင်း၌ စိုးစဉ်ပျှ ငြိဘွယ်ဒသာ အမြွက်ပျှသာ ဖြစ်၏။ ရှင်ဒဗ္ဗရဟန်းကို ပါရာဇိကအာပတ်ဖြင့် တိုက်ရိုက်စွပ်စဲ့သည်မဟုတ်၊ ထို့ကြောင့် ဝိဝါဒါဓိကရဏ်း စသည် လေးပါးတို့တွင် တပါးပါး မဖြစ်သင့်ဟု မှတ်။

ကိဉ္စိဒေသံ လေသပတ္တံ။ ။ကိဉ္စိ-ကား ကိံ ပုဒ်-စိပုဒ် နှစ်ပုဒ်ကို ပေါင်းထားသော အနေကပဒပုဒ်၊ စိသဒ္ဒါပြဓာန်းသောကြောင့် အနည်းငယ် ဟူသော အနက်၌ ဖြစ်သည်။ အနည်းငယ် ဟူသည် လေသ ဆယ်ပါးတို့တွင် တပါးပါး၌သာ ဖြစ်သည်ကို ဆိုသည်။ ဒိဿတိ အပဒိဿတိ ဝေါဟာရိယတိတိ ဒေသော။ ရည်ညွှန်း၍ ခေါ်ဝေါ်အပ်သော ဇာတိ စသော ဆယ်ပါးသော ဒေသတို့တွင် တပါးပါးသော ဒေသကို ရစေ။ ။ဤသို့ ဒေသော ကိဉ္စိဒေသော။ အနည်းငယ် ရည်ညွှန်း၍ ခေါ်ဝေါ်အပ်သော ဇာတိ စသည်တို့တွင် တပါးပါးကိုပင် ရစေ။ ဤ၌ နာမဒေသကို ယူ။ ဤသိက္ခာပုဒ်အရ ရှင်ဒဗ္ဗကို စွပ်စဲ့ကြရာ၌ ဆိတ်ဖြူကို ဒဗ္ဗမလ္လပုတ္တဟု အမည်ပေးပြီးနောက် ထိုဆိတ်ဖြူနှင့် နာမည်တူသော ရှင်ဒဗ္ဗကို စွပ်စဲ့ကြသည်။ ထို့ကြောင့် ဆိတ်ဖြူ၏ ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်သည် ရည်ညွှန်း၍ ခေါ်ဝေါ်အပ်သော ဒေသ မည်သည် ဟူ၏။

အညံပိ ဝတ္ထုံ လိဿတိ သိလိဿတိ ဣသိသကံ အလ္လိယတိတိ လေသော။ ဆိတ်ဖြူဝတ္ထုမှ တပါးသော ဝတ္ထုကိုလည်း ခေါ်ဝေါ်ကာမျှဖြင့် အနည်းငယ် ကပ်ငြိတတ်သော ဇာတိ စသည်တို့တွင် တပါးပါးကိုပင် ရစေ။ ။လေသော မတ္တော လေသမတ္တော။ ဤဥ် မတ္တသဒ္ဒါ အနည်းငယ်အနက်, အဝ-ဓာရဏအနက် နှစ်ချက်သင့်၏။ ဒေသနှင့် လေသကား သဒ္ဒါသာ ထူးသည်၊ အနက်တရားကိုယ် တူ၏။ လေသကား ဒေသ၏ ပရိယာယ်မျှသာ ဖြစ်သည်။ ဤ လေသမတ်ဖြင့် ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်အားဖြင့် ကပ်ငြိသည်ကို ပြ၏။ ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်ပညတ် တူကာမျှ ကပ်ငြိခြင်းကိုပင် လေသမတ္တ ဆိုသည်ဟု သိ။

[ထိုလေသသည် ဇာတိလေသ စသောအားဖြင့် ဆယ်ပါးပြား၏၊ ပါဠိတော်၌ အကျယ်လာပြီ]။

ဆောင်—ဇာတိ-နာမ၊ ဂေါတ္တ-လိင်္ဂ၊ အာပတ္တ၊ ပတ္တ-စီဝရာ။
ဥပဇ္ဈာယာ၊ စရိယာနှင့်၊ သေနာသန၊ ပေါင်းဒသ၊ လေသ မှတ် ကုန်ရာ။
ဒဿ ရလည်း၊ ယင်းဆယ်တည်း၊ ထူးပြီး မရှိရာ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ မေတ္တိယဘူမဇက ရဟန်းများ၊ အညာဘာဂိယ အဓိကရဏ ကိဉ္စိဒေသ လေသမတ္တကိုစွဲ၍ ပါရာဇိကဖြင့် စွပ်စွဲသော ဝတ္ထု။ အကြွင်း ပထမဒုဋ္ဌဒေါသ သိက္ခာပုဒ်နှင့် တူပြီ။ အညာဘာဂိယ အဓိကရဏ ကိဉ္စိဒေသ လေသမတ္တကို စွဲယူခြင်း အင်္ဂါပို၏။

ဆောင်—ရွေးဒုဋ္ဌဒေါသ၊ အင်ငါးဝထက်၊ အည စ ပါ၊ ဥပါဒါဆုံး၊ ထည့်သုံးလေပါ၊ ဆ-အင်္ဂါ၊ မှတ်ပါ ဒုတိယ ဒုဋ္ဌဒေါသတည်း။

ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ပြီး၏။

၁၀-သံဃဘေဒ

၁၀။ ယော ပန ဘိက္ခု၊-သည်။ သမဂ္ဂဿ၊ တက္ခဖြစ်သော။ ဝါ၊ အညီ အညွတ်ဖြစ်သော။ သံဃဿ၊ ရဟန်းအပေါင်းကို။ ဘေဒါယ၊ ကွဲပြားခြင်း အကျိုးငှါ။ ဝါ၊ ကွဲပြားစေခြင်းအကျိုးငှါ။ ပရက္ကမေယျ။ လုံ့လပြုငြားအံ့။ ဘေဒန သံဝတ္တနကံ၊ (သံဃာ၏) ကွဲပြားခြင်းအကျိုးကို ဖြစ်စေတတ်သော။ အဓိကရဏံဝါ၊ အကြောင်းကိုလည်း။ သမာဒါယ၊ ယူ၍။ ပက္ကယ္ဟ၊ ချီးမြှောက်၍။ ဝါ၊ ထင်စွာပြု၍။ တိဋ္ဌေယျ၊ တည်၍နေငြားအံ့။ သော ဘိက္ခု၊ ထိုသံဃာ ကွဲပြားခြင်းကို လုံ့လပြုသောရဟန်းကို။ ဝါ၊-သည်။ ဘိက္ခု၊ဟိ၊ မြင်ကုန် ကြားကုန်သော ရဟန်းတို့သည်။ ဧဝံ၊-သို့။ ဝါ၊ ဤဆိုလတ္တံ့သော စကား ကို။ ဝါ၊-ဖြင့်။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဝစနီယော၊-သည်။ ကိံ အဿ၊-နည်း။ အာယသ္မာ၊-သည်။ သမဂ္ဂဿ၊-သော။ သံဃဿ၊ ကို။ ဘေဒါယ၊-ဌါ။ မာ ပရက္ကမိ၊ လုံ့လမပြုပါလင့်။ ဘေဒန သံဝတ္တနကံ၊-သော။ အဓိကရဏံ ဝါ၊-ကိုလည်း။ အာဒါယ၊-၍။ ပက္ကယ္ဟ၊-၍။ မာ အဋ္ဌာသိ၊ မတည်ပါလင့်။ ဝါ၊ တည်၍မနေပါလင့်။ အာယသ္မာ၊-သည်။ သံဃေန၊-နှင့်။ သဒ္ဓိံ၊-ကွ။ [ထည့်] သမေတု၊ (အယ္ယသိလ) တူမျှခြင်းသို့ရောက်ပါလော။

၁၀–သံဃဘေဒ

သမဂ္ဂဿ သံဃဿ။ ။သဟ မဂ္ဂတိ ပဝတ္တတီတိ သမဂ္ဂေါ။ ကိုယ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း, မကင်းကောင်းသော တက္ခဖြစ်သော ရဟန်းအပေါင်းကို ရစေ။ တူသော ပေါင်းဖော်ခြင်းရှိသော ရဟန်းသည် တခုတခုသော ကိစ္စ၌ တူမျှသောစိတ်ရှိခြင်းကြောင့် စိတ်ဖြင့် မကင်းသည်မည်၏။ တသိမ်တည်း၌ တည်သော ရဟန်းသည် ကိုယ်၏ညီညွတ်ခြင်းကို ပေးခြင်းကြောင့် ကိုယ်ဖြင့် မကင်းသည်မည်၏ဟု သိ။ သမဂ္ဂဿ သံဃဿဖြင့် လဒ္ဓိနာနာ သံဝါသက ရဟန်း, ကမ္မနာနာသံဝါသက ရဟန်းတို့ကို ပယ်သည်။

ဘေဒါယ ပရက္ကမေယျ။ ။ဘေဒနံ ဘေဒေါ။ ကွဲပြားခြင်းကြိယာကို ရစေ။ တနည်း-ဘေဒါပနံ ဘေဒေါ။ကွဲပြားစေခြင်းကြိယာကိုရစေ။ဤနောက်နည်းကားကာရိတ်ပစ္စည်းအတွင်းဝင်သည်။သုတ်ကြီးဖြင့်ချေ။ ပရက္ကမေယျကို "လုံ့လပြုငြားအံ့" ဟု အနက်ပေး။ ပရသဒ္ဒါ ရှေးရှိခြင်းကြောင့် ကမ္မဓာတ် လုံ့လပြုခြင်းဒနက်၌ ဖြစ်သည်။ ဤသမဂ္ဂသံဃသည် အသို့ လုံ့လပြုသည်ရှိသော် ကွဲပြားအံ့နည်း, ဝဂ်ဖြစ်ပါအံ့နည်းဟု ကွဲပြားခြင်း ဝဂ်ဖြစ်ခြင်း

ကသ္မာ၊-နည်း။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ သမဂ္ဂေါ၊ သော။ သံဃော၊-သည်။ သမ္မောဒမာနော၊ ကောင်းစွာ ဝမ်းမြောက်သည်။ ဟုတ္ဝာ၊-၍။ အဝိဝဒမာနော၊ ငြင်းခုံခြင်း မရှိသည်။ ဟုတ္ဝာ၊-၍။ ကေဒ္ဒေသော၊ တူသော (ပါတိမောက်) ပြခြင်းရှိသည်။ ဟုတ္ဝာ၊-၍။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ တသ္မာ၊ ထို့ကြောင့်။ သမေတု၊-လော။ [ဤ ၂-ပုဒ်ထည့်] ဣတိ၊ သို့။ ဝါ၊ ဤစကားကို။ ဝါ၊-ဖြင့်။ ဝစနီယော၊-သည်။ အဿ၊-၏။ ဝေဠု၊ ဤဆိုအပ်ပြီးသော စကားဖြင့်သာလျှင်။ ဘိက္ခူဟိ၊-တို့သည်။ ဝုစ္စမာနော၊ ဆိုအပ်သော။ သောဘိက္ခု၊ ထို ရဟန်းသည်။ တထေဝ၊ ထို ရှေးအတူသာလျှင်။ ပဂ္ဂဏှေယျ၊ ချီးမြောက်ငြားအံ့။ [တနည်း ဝေဠု၊-ဖြင့်သာလျှင်။ သော ဘိက္ခု၊ သည်။ ဘိက္ခူဟိ၊-တို့သည်။ ဝုစ္စမာနော၊ ဆိုဆုံးမအပ်လျက်။ တထေဝ၊-လျှင်။

အကျိုးငှါ လုံ့လပြုသည်ကို ဆိုသည်။ အသင်းအပင်းရှိခြင်း ဂိုဏ်းဖွဲ့စည်းခြင်းကို ပြုသည် ဟူ၏။

ဘေဒနသံဝတ္တနကံဝါ–တိဒ္ဒေယျ။ ။ဤပါဠိဖြင့် အသင်းအပင်းရှာမှီးခြင်း အစရှိသော သံဃာ့အသင်းမကဲ့မီ ရှေးကာလ၌ လည်း သမနုဘာသနကံ ပြုထိုက်သည်ကို ပြသည်။ သံဝတ္တေတိ နိဗ္ဗတ္တေတိတိ သံဝတ္တနံ။ သံဝတ္တနံ ဧဝ သံဝတ္တနကံ။ က-ပစ္စည်း အနက်မရှိသောတည်း။ တနည်း-ဣက-ပစ္စည်း အနက်မရှိကြ၍ သံဝတ္တနိကံ ဖြစ်သည်ဟူ၍လည်း ဆိုကြ၏။ဘေဒနသ သံဝတ္တနကံ ဘေဒနသံဝတ္တနကံ။ သံဃာကဲ့ပြားခြင်း အကျိုးငှါ ဖြစ်စေတတ်သော အကြောင်းကို ရစေ၊ ဝါ-သဒ္ဒါ ဝိကပ်။ အဓိကရောတိ နိဗ္ဗတ္တတိ ဖလံ ဧတေနာတိ အဓိကရဏံ။အကျိုးကိုဖြစ်စေတတ်သော အကြောင်းကို ရစေ။ ဤ၌ အဓိကရဏ-သဒ္ဒါ ကာမာဓိကရဏံ စသည်တို့၌ကဲ့သို့ အကြောင်းကို ဟောသည်ဟု သိ။

အဓိကရဏသုံးပါးအထူး။ ။ပထမ ဒုဋ္ဌဒေါသ၌ အဓိကရဏ-ကား ပါရာဇိက အာပတ်ကိုဟောသည်။ ဒုတိယ ဒုဋ္ဌဒေါသ၌ အဓိကရဏ-ကား တည်ရာဒြပ်ကို ဟောသည်။ ဤသံဃဘေဒ သိက္ခာပုဒ်၌ အဓိကရဏ-ကား အကြောင်းကို ဟောသည်။

ဆောင်——အာပတ်-တည်ရာ၊ ကြောင်းဟောပါ၊ သုံးဖြာ ဓိကရဏ။

အကြောင်းအရ အလုံးစုံသော အကြောင်းကို မယူရ၊ ကဲ့ပြားခြင်းကို ပြုတတ်သော တဆယ့်ရှစ်ပါးသော ဘေဒကရဝတ္ထုဟူသော အကြောင်းကိုသာ ယူ။ ပဒဘာဇနီကို ထောက်။

ပဂ္ဂဏှေ့ယျ။-ဒုံ]။ သောဘိက္ခု၊ ထိုသံဃဘေဒကရဟန်းကို။ ဘိက္ခု။ဟိ၊ (သုံးကြိမ်တိုင်အောင် ဆိုအပ်ကုန်ပြီးသော) ရဟန်းတို့သည်။ တဿ၊ ထို သံဃာကဲ့ပြားအောင် လုံ့လပြုခြင်းကို။ ပဋိနိဿဂ္ဂါယ၊ စွန့်စေခြင်းငှါ။ ယာဝ တတိယံ၊ သုံးကြိမ်တိုင်တိုင်။ သမနု ဘာသိတဗ္ဗော၊ (ဥတ်ကမ္မ-ဝါစာတို့ဖြင့်) ကောင်းစွာ အဖန်တလဲလဲ ဆုံးမအပ်၏။ ယာဝ တတိယံ၊ -တိုင်။ သမနုဘာသိယမာနေ၊-အပ်သည်။ သတိ၊ ရှိသော်။ တံ၊ ထိုလုံ့လပြုခြင်းကို။ စေ ပဋိနိဿဇ္ဇေယျ၊ အကယ်၍ စွန့်ငြားအံ့။ ဣစ္စေတံ ဣတိ စေတံ၊ ဤသို့ စွန့်ခြင်းသည်။ ။[တနည်း-ဣတိ၊ ဤသို့ သုံးကြိမ်တိုင်တိုင် ဆိုခြင်းဖြင့်။ စေတံ၊ ဤစွန့်ခြင်းသည်။] ကုသလံ၊ အပြစ်မရှိ ကောင်း၏။နော စေ ပဋိ-နိဿဇ္ဇေယျ၊ အကယ်၍မစွန့်ငြားအံ့။ တဿ ဘိက္ခုနော၊-အား။ သံဃာဒိ-သေသော၊-သော။ အာပတ္တိ နိကာယော၊ -သည်။ ဟောတိ၊ -၏။

ဘေဒကရဝတ္ထု ၁၈-ပါး။ ။အဓမ္မကို ဓမ္မ, ဓမ္မကို အဓမ္မဟု ပြခြင်း တဒုက်၊ အဝိနယကို ဝိနယ, ဝိနယကို အဝိနယဟု ပြခြင်း တဒုက်၊ မြတ်စွာဘုရား မဟောအပ်သော အဘာသိတကို ဘာသိတ, ဘာသိတကို အဘာသိတဟု ပြခြင်း တဒုက်၊ ဘုရား၏ အလေ့အကျင့်မဟုတ်သော အနာစိဏ္ဏကို အာစိဏ္ဏ, အာစိဏ္ဏကို အနာစိဏ္ဏဟု ပြခြင်း တဒုက်၊ ဘုရားမပညတ် အပ်သော အပညတ္တကို ပညတ္တ, ပညတ္တကို အပညတ္တဟု ပြခြင်းတဒုက်၊ အနာ-ပတ္တိကို အာပတ္တိ, အာပတ္တိကို အနာပတ္တိဟု ပြခြင်းတဒုက်၊ လဟုကအာပတ်ကို ဂရုက, ဂရုက အာပတ်ကို လဟုကဟု ပြခြင်းတဒုက်၊ အကြွင်းရှိသော သာဝ-သေသအာပတ်ကို အနာဝသေသ, အနာဝသေသ အာပတ်ကို သာဝသေသ-အာပတ်ဟု ပြခြင်းတဒုက်၊ ဒုဋ္ဌုလ္လအာပတ်ကို အဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လဟု ပြခြင်းတဒုက်၊ ပေါင်း ကိုးဒုက် တဆယ့်ရှစ်ပါးဖြစ်၏။

ဆောင်—ဓမ္မ-ဝိနယ၊ ဘာသိတ၊ စိဏ္ဏ-ပညတ်ဒုက်။
အာပတ်-လဟုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသဒုက်။
တဆယ့်ရှစ်ခု၊ ကဲ့ပြားမှု၊ ဝတ္ထု ကိုးခုဒုက်။

သမာဒါယဒ္ဒ်—သံ-ကား ဓာတ္ထာ နုဝတ္တက ဥပသာရ။ အာ-ကား ဓာတ္ထာ ဗာဓက ဥပသာရ။ ထို့ကြောင့် ဒါဓာတ်ကို "ယူခြင်း" အနက်ပေး။ ။ပဂ္ဂယှ-ကား ချီးမြှောက်ခြင်း, ထင်စွာပြုခြင်း အနက်ဟောသော နိပါတ်ပုဒ်။ ဘေဒကရဝတ္ထုကိုယူ၍ လက်ကိုင်ထား၍ ပြောပြခြင်းကို ဆိုသည်။

တိဒ္ဒေယျ-ကား ဘေဒကရဝတ္ထုကို ယူပြီး လက်ဝိုင်ထား၊တိုင်း ထိုရဟန်းအပေါ် ၌ တည်နေခြင်း မစွန့်ခြင်းကို ဆိုသည်။

သော ဘိက္ခု-ဖာသု ဝိဟရတိတိ——ဤဝါကျဖြင့် သံဃာကဲ့ပြားမှုကို လုံ့လ ပြုသော ရဟန်းကို ပြောပြရမည့်အဖြစ်နှင့်တကွ ပြောပြပုံ အခြင်းအရာ အာကာရကို ပြသည်။ သော ဘိက္ခုအရ သံဃာ ကဲ့ပြားမှုကို လုံ့လပြုသော ရဟန်းကိုယူ။ ဘိက္ခုဟိ အရ-ဘေဒ ကရ-ဝတ္ထုကိုယူ၍ လက်ဝိုင်ထား၍ မစွန့်ဘဲတည်နေသေးသော ရဟန်းကို အကြင် ရဟန်းတို့သည် မြင်ကုန်၏။ ဤမည်သောကျောင်း၌ ရှိ၏ဟု ကြားကုန်၏။ ထို မြင်ကုန် ကြားကုန်သော ရဟန်းတို့ကို ယူ။ ထိုမြင်ကုန် ကြားကုန်သော် ရဟန်း တို့သည် အယုတ်ဆုံး ယူဇနာခဲ့မျှလည်းဖြစ်သော ဝေးကွာသော ခရီးသို့ ကိုယ် တိုင် သွား၍ မာယသ္မာ စသော ဧကား အစဉ်ကို ဆိုရမည်။ မြင်လျက် ကြား လျက်နဲ့ ကိုယ်တိုင်သွား၍ မဆိုက ဒုက္ကဋ်၊ တမန်စေ၍ဝင်း စာပေး၍ဝင်း ပြော သော ရဟန်းအားလည်း အာပတ်မှ မလွတ်။ဝေမသ္မာ၌ ဧဝံ-ကား ဝုစ္စမာနာ-ပေက္ခ၊ မာယသ္မာ စသော ဆိုလတ္တံ့သော စကားကို စွဲ။ အဿ-ကား အာချာတ်ပုဒ်။

ဝစီယတေတိ ဝစနီယော။ ဆိုအပ်သော ရဟန်းကို ရစေ။ ။မာယသ္မာ စသည်ကား ပြောဆိုရပုံစကားကို ပြသည်။ မာသဒ္ဒါ-ပဋိသေဓနိပါတ်။ ပရက္ကမိ စသည်နှင့် တွဲစပ်၍ အနက်ပေး။ သမေတ္ဝ၌ သံသဒ္ဒါကား တူသော အနက်ဟော။ အရှင်သည် သံဃာနှင့်တူသော အယူရှိပါဟု ဆိုလိုသည်။ ။သုဠု မောဒ-တိတိ သမ္မောဒမာနော။ ကောင်းစွာဝမ်းမြောက်သော သမဂ္ဂသံဃာကို ရစေ။ အချင်းချင်း အယူတူခြင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ ကောင်းစွာ ဝမ်းမြောက်ရခြင်းဖြစ်သူည်ကို ဆိုလိုသည်။

ဝိရုဒ္ဓံ ဝါစံ ဝဒတီတိ ဝိဝဒ မာဒနော။ ဆန့်ကျင်သောစကားကို ဆိုတတ်သော ရဟန်းကို ရစေ။ ။နတ္ထိ ဝိဝဒမာနော ဧတာသာတိ အဝိဝဒမာနော။ ဆန့်ကျင် ဘက်စကားကို ဆိုခြင်းမရှိသော သမဂ္ဂသံဃာကို ရစေ။ ဓမ္မ အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်းမရှိသော သံဃာကို အဝိဝဒမာန ဆိုသည်။

ဧကော ဥဒ္ဒေသော အဿာတိ ဧကုဒ္ဒေသော။ တူသော ပါတိမောက် ပြခြင်း ရှိသော သမဂ္ဂသံဃာကို ရစေ။ ညီညွတ်သော သံဃာအား အတူတကွ ပါတိ-မောက် ပြခြင်းရှိသောကြောင့် ညီညွတ်သော သံဃာကို ဧကုဒ္ဒေသ ခေါ်သည်။

ဖာသု-ကား သုခဝါစီ အနိပ္ဖန္နေ ပါဠိပဒိကပုဒ်။ ။မာယသ္မာ စသည်ကား သံဃာ ကဲ့ပြားခြင်းအမှုကို လုံ့လပြုသော ရဟန်းအား အသီးအခြား တပါးတည်း သုံးကြိမ်ဆို။ မရလျှင် သံဃာ့အလယ်၌ သုံးကြိမ်ဆိုရမည့်စကားကို ပြသည်ဟု သိ။

၉၀၉ သော–ပဋိနိဿဂ္ဂါယ——ဤပါဠိဖြင့် ထိုလွံလပြုခြင်းကိုမစွန့်ဘဲ ချီးမြှောက်သောရဟန်းကို ဥ တ် ကမ္မဝါစာဖြင့် ဆုံးမရမည့် အဖြစ်ကို ပြသည်။ ၉၀-ကား ဆိုအပ်ပြီးသည်ကို စွဲသော တတိယန္တနိပါတ်ပုဒ်။ ဆိုအပ်ပြီးသော မာယာသမ္မာ စသည်ကိုစွဲ။ ။သော ဘိက္ခု–ပဋိနိဿဂ္ဂါယ-ကား ထိုသံဃာ ကဲ့ပြားမှုကို ပြုခြင်းကို ချီးမြှောက်သော ရဟန်းကို သံဃာ့အလယ်၌ သုံးကြိမ် ဆိုကုန်ပြီးသော ရဟန်းကိုသည် သံဃာ ကဲ့ပြားအောင် လွံလပြုမှုကို စွန့်စေခြင်းငှါ သိမ်သို့ခေါ်၍ ဥ တ္တိ စတုတ္ထကမ္မဝါစာဖြင့် သုံးကြိမ်တိုင် ရွတ်ဆိုရမည်ဟု ဆိုလိုသည်။ ။သံသဋ္ဌ ပုနပ္ပုနံ ဘာသိယတိတိ သမနုဘာသိတပ္ပေါ။ ကောင်းစွာ အဖန်တလဲလဲ ဆိုအပ် သမနုဘာသနကံ ပြုအပ်သော ရဟန်းကို ရစေ။

ယာဝတတိယံ စေ–သံဃာဒိသေသော——ဤပါဠိဖြင့် အင်္ဂါနှစ်ပါးဖြင့် အာပတ်သင့်ပုံကို ပြသည်။ **သမနုဘာသိယ-**မာနောကို ဟော ဘိက္ခု ထည့်၍ ဝိဿဇ္ဇန စပ်။ တနည်း–ပထမာဝိဘတ် လက္ခဏအနက်၌ သက်။ **သော်–**ဟူသော အနက်လည်း ကြံကြ၏။ ဤ၌ မာနပစ္စည်း ပစ္စုပ္ပန်ဟော ဖြစ်၍ ပြောဆိုနေခိုက် တတိယ ကမ္မဝါစာ မဆုံးမီ ယျ-အက္ခရာယို့ မရောက်မီအတွင်း အယူစွန့်ခြင်းကို ယူ။ ဣစ္စေတံကို ဣတိ ဧဝံ ပုဒ် ဖြတ်၊ ဣတိ-ကား ဆိုအပ်ပြီးသည်ကို စွဲသော တတိယန္တနိပါတ်။ ယာဝတတိယ သမနုဘာသိယမာနကို ဝဲသည်။ ဧတံ-ကား အနုဘူတဝိသယ ဖြစ်၍ ကြိယာကို စွဲ။ ။ကုသလံ-ကား သံဃာဒိသေသ် အာပတ်ဖြင့် အာပတ်မသင့်ဟု ဆိုလိုသည်၊ ။နော-ကား ပဋိသေဓ အနက်ဟော နိပါတ်ပုဒ်။ ။ ဧစေ-ကား သံသယ အနက်၌ နိပါတ်ပုဒ်။ သံဃာဒိသေသော-ကား သမနုဘာသနကံ၏ အဆုံး၌ တတိယကမ္မဝါစာ ယျ အက္ခရာ ပြီးဆုံးသည်တိုင်အောင် လွံလပြုခြင်းကို မစွန့်သော ရဟန်းအား သံဃာဒိသေသ် အာပတ်သင့်သည်ဟု ဆိုလိုသည်။

နိဒါန်း စသည်။ ။ရာဇဂြိုဟ်၊ ဒေဝဒတ်၊ သံဃာ ကဲ့ပြားအောင် လွံလပြုသော ဝတ္ထု။ (ဘိက္ခုနီမသည် သံဃာ ကဲ့ပြားအောင် မပြုနိုင်သော်လည်း ကဲ့ပြားခြင်းငှါ လွံလပြုနိုင်ရကား) သာဓာရဏာ၊ အနာဏတ္တိက၊ ဥ တ်အဆုံး၌ မစွန့်မူ ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ် အဆုံး၌ ထုလ္လစ္စည်း၊ တတိယ ကမ္မဝါစာ ယျ အက္ခရာသို့ ရောက်သော် သံဃာဒိသေသ်။ (သင့်ပြီး ဒုက္ကဋ်နှင့် ထုလ္လစ္စည်း ငြိမ်း၏)။ မဆုံးပအပ်သော ရဟန်း, စွန့်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ၊ သီလဝိပတ္တိ။ ကဲ့ပြားခြင်းငှါ လွံလပြုခြင်း, ဓမ္မကံဖြင့် ဆုံးမခြင်း, ကမ္မဝါစာ ပြီးဆုံးခြင်း, မစွန့်ခြင်း၊ အင်္ဂါလေးပါး။ (မစွန့်

၁၁-ဘေဒါနုဝတ္တက

၁၁။ တသော၀ ခေါ ပန ဘိက္ခုဿ၊ ထို သံဃာ ကဲ့ပြားအောင် လုံ့လပြုသော ရဟန်းကိုသာလျှင်။ [ခေါပန အနက်မရှိ။ တနည်း-ခေါကား ဧကံသတ္ထုနိပါတ်၊ ပနကား ဝိသေသတ္ထ နိပါတ်လည်းကြံ။ ပန၊ အထူးကို ဆိုဦးအုံ၊ ခေါ၊ စင်စစ်။ တသော၀ ဘိက္ခုဿ၊ -သာလျှင်ဟု အနက်ပေး]။ အနုဝတ္တကာ၊ အတုလိုက်၍ ကျင့်ကုန်သော။ ဝဂ္ဂ၀ါဒကာ၊ မည်ညွတ်သော အဘို့၌ ဖြစ်သောစကားကို ဆိုတတ်ကုန်သော။ ၀ါ၊ ငြင်းခုံသော (ဓမ္မ, အဓမ္မ စသော) စကားကို ဆိုတတ်ကုန်သော။ ဧကော၊ တယောက်သော။ ဘိက္ခု ၀ါ၊ -သည်လည်း။ ဟောတိ၊ရှိ၏။ ဒ္ဝေ၊နှစ်ယောက်ကုန်သော။ ဘိက္ခူ၀ါ၊ -တို့သည်၎င်း၊ တယော၊ သုံးယောက်ကုန်သော။ ဘိက္ခူ ၀ါ၊ -တို့သည်၎င်း။ဟောန္တိ၊ရှိကုန်၏။ ဧတ ဘိက္ခူ၊ထို(အနုဝတ္တက) ရဟန်းတို့သည်။ ဧ၀ံ၊-သို့။ ၀ါ၊ ဤဆိုလတ္တံ့သော စကားဖြင့်။ ဝဒေယျုံ၊ဆို ကုန်ရာ၏။ ကိံ ၀ဒေယျုံ၊-နည်း။ အာယသ္မန္တော၊-တို့။ တုမှေ၊-တို့သည်။ [ထည့်]။ ဧတံ ဘိက္ခုံ၊ ထိုသံဃာကဲ့ပြားအောင် လုံ့လပြုသော ရဟန်းကို။

အံ့ဟု သညာ မရှိခြင်းကြောင့် လွတ်ရကား) သညာ၀ိမောက္ခ၊ သစိတ္တက၊ လောက၀ဋ္ဋ၊ ကာယကမ္မ, ၀စီကမ္မ၊ အကုသလစိတ္တ၊ ဒုက္ခ၀ေဒနာတို့တည်း။ အင်္ဂါဆုတ်ပုံ။ ။သံဃသဿ-ကဒ္ဓမယျဖြင့် ပထမအင်္ဂါကို, ယာ၀တတိယံ-တဇ္ဇော ဖြင့် ဒုတိယအင်္ဂါကို, ယာ၀တတိယံ-မာနော ဖြင့် တတိယ အင်္ဂါကို, နော စေ ပဋိနိဿဇ္ဇေယျဖြင့် စတုတ္ထအင်္ဂါကို ပြ၏။

ဆောင်—သံဃာကဲ့မှု၊ လုံ့လပြုက၊ ဓမ္မကံတည်း၊ ကမ္မ၀ါပြိုးဆုံး၊ စွန့်သုံးမရှိ၊ လေးအင်္ဂါရှိ၊ မှတ်ဘိ ဘေဒကာ။

သံဃဘေဒသိက္ခာပုဒ် ပြီး၏။

၁၁-ဘေဒါနုဝတ္တက

တသော၀ ခေါ ပန ဘိက္ခုဿ။ ။တသ္သော၀ ဒ္ဝ တ-ကား ပ ိဒ္ဓ၀ိသယ။ ခေါ-ကား နိပါတ်ပုဒ်၊ အနက်မရှိ။တနည်း- ဧကာန္တ အနက်၌ နိပါတ်ဟု ကြံကြ၏။ ပန-ကား ၀ိသေသ အနက်၌ နိပါတ်။ ကဲ့ပြားခြင်း အကျိုးငှါ လုံ့လပြုခြင်း၌ အထူး ရှိသေး၏ဟု ပြသည်။ ဘိက္ခုသဒ္ဒါကို အနုဝတ္တကာ၌ စပ်၊ ကျူ-ပစ္စည်း၏ အဓျာဉ်ဖြစ်သောကြောင့် ဆင့်ကဲဟု သိ။ [ယု-ကျူ-တု ပြီ၊ ပစ္စည်းမှီ၊ ဆင့်ကဲနေ၀ေ-နိယံ]။

ကိဉ္ဇ်၊ အနည်းငယ်သောစကားကို။ မာ အဝစ္ဆတ္ထ၊ မဆိုကြကုန်လင့်။သော ဘိက္ခု၊ –သည်။ ဓမ္မဝါဒီ စ၊ဟုဝ်မှန်သည်ကို ဆိုလေ့ရှိသည်လည်း။ ဟောတိ၊ –၏။သော ဘိက္ခု၊ –သည်။ ဝိနယဝါဒီ စ၊ငြိမ်းအေးခြင်းကို ဆိုလေ့ရှိသည်လည်း။ ဟောတိ၊ –၏။သော ဘိက္ခု၊ –သည်။ အမှာကဉ္စ၊ငါတို့၏လည်း။ ဆန္ဒဉ္စ၊ အလိုကိုငင်း။ ရုစိ စ၊နှစ်သက်ခြင်းကိုငင်း။ အာဒါယ၊ ယူ၍။ ဝေါဟရတိ၊ ပြောဆို၏။ နော၊ငါတို့၏။ ဆန္ဒဉ္စ၊ –ကိုငင်း။ရုစိ စ၊ –ကိုငင်း၊ ဇာနာတိ၊ သိ၏။ နော၊ ငါတို့နှင့်။ သဒ္ဓိ၊ တက္ခ။ ဟာသတိ၊ (ဤသို့ပြုအံ့ဟု) ဆို၏။ အမှာကံပိ၊ ငါတို့သည်လည်း။ ဧတံ၊ ဤသံဃာ၏ ကဲ့ပြုးခြင်းကို။ ခမတိ၊ နှစ်သက်အပ်၏။ ဣတိ၊ –သို့။ ဝဒေယျုံ၊ဆိုကုန်ရာ၏။ တေ ဘိက္ခူ၊ ထို(အနုဝတ္တက)ရဟန်းတို့ကို။ ဝါ၊ –တို့သည်၊ ဘိက္ခူဟိ၊ (မြင်ကုန်ကြားကုန်သော) ရဟန်းတို့သည်။ ဧဝံ၊ –သို့။ ဝါ၊ ဤဆိုလတ္တံ့ သော စကားကို။ ဝါ၊ –ဖြင့်။ ဝစနီယာ၊ –ကုန်သည်။ အဿု၊ဖြစ်ကုန်ရာ၏။ ဝစနီယာ၊ –ကုန်သည်။ ကိ အဿု၊ –နည်း။ အာယသ္မန္တော၊ –တို့။ တုမ္ဟေ၊ –တို့သည်။ [ထည့်]။ ဧဝံ၊ –

အနုဝတ္တကာ ဝဂ္ဂဝါဒကာ။ ။အနုဂန္တွာ ဝတ္တန်္တ ပဋိပဇ္ဇန်္တီ တိ အနုဝတ္တကာ။ အတုလိုက်၍ ကျင့်ကုန်သော ရဟန်းတို့ကို ရစေ။ သံဃာ ကဲ့ပြုးမှုကို လုံ့လပြုသော ရဟန်း၏ အယူကို ကြိုက်နှစ်သက်သည့်အတိုင်း နောက်ယောင်ခံ၍ လိုက်ကျင့်သော ရဟန်းတို့ဟု ဆိုလိုသည်။ နောက်က တကောက်ကောက် လိုက်နေသော ရဟန်းတို့ကို ဆိုဆဲသည် မဟုတ်။

သမဏဂ္ဂ ဝဂ္ဂတိ ဘိန္နံ ကရောတီတိ ဝဂ္ဂံ။ သံဃာ ညီညွတ်ခြင်း၌ ကဲ့ပြုးခြင်းကို ပြုတတ်သော ငြင်းခုံသော ဓမ္မ အဓမ္မ စသော စကားကို ရစေ။ တနည်း– ဝဒီယတိ ဥစ္စာရိယတိ ဒေတေနာတိ ဝဂ္ဂံ။ မညီညွတ်သည့်အစုမ်းဖြင့် ဆိုကြောင်းဖြစ်သော ဓမ္မ အဓမ္မ စသော စကားကိုပင် ရစေ။ ဓမ္မ အဓမ္မ စသော စကားသည် သံဃာ မညီညွတ်အောင် ပြုကြောင်းဖြစ်သော အဘို့ အစု ဖြစ်သော စကား ဟူ၏။ ။ဝဂ္ဂံ ဝဒန္တီတိ ဝဂ္ဂဝါဒကာ။ ငြင်းခုံသော စကားကို ဆိုတတ်သော ရဟန်းတို့ကို ရစေ။

ဧကော၀ါ ဒ္ဝေါ တယော၀ါ။ ။သံဃာသည် သံဃာအား ကံပြုခြင်း၌ မတတ်ကောင်းသောကြောင့် သုံးပါးထက် အလွန် ဖြစ်သော ရဟန်းတို့ကို ကံမပြုကောင်းရကား ဤ ဧကော၀ါ ဒ္ဝေါ တယော၀ါ ကို ဟောတော်မူသည်။ သံဃာ အသင်းခွဲသူ၏ နောက်လိုက် ဘေဒါနုဝတ္တက ရဟန်း လေးပါး ငါးပါး စသည်ဖြစ်အံ့၊ သုံးပါးထက် မပို့စေမူ၍ သိမ်းခြားခွဲ၍

သို့။ ဝါ၊ ဤသို့သောစကားကို။ မာ အဝစုတ္ထ၊ —ကုန်လင့်။ ဧသော ဘိက္ခု၊ —သည်။ ဓမ္မဝါဒီ၊ —သည်။ နု စ ဟောတိ၊ မဖြစ်သည်သာတည်း။ ဧသော ဘိက္ခု၊ -သည်။ ဝိနယဝါဒီ၊ —သည်။ နု စ ဟောတို့၊ —တည်း။ အာယသ္မန္တာ-နံပိ၊—တို့သည်လည်း။ သံဃဘေဒေါ၊ သံဃာ၏ ကဲ့ပြားခြင်းကို။ မာ ရုစ်ထ္ထ၊ မနှစ်သက်အပ်။ အာယသ္မန္တာနံ၊—တို့၏။ စိတ္တံ၊ —သည်။ [ထည့်] သံဃေ-န၊ —နှင့်။ သိဒ္ဓိ၊ —က္ခ။ သမေတု၊ တူမျှခြင်းသို့ ရောက်ပါလေ့၊ ကဿ၊ -နည်း။ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ သမဂ္ဂေါ၊ —သော။ သံဃော၊ —သည်။ သမ္မာဒမာနော၊ —သည်။ ဟုတ္ဝာ၊ —၍။ အဝိဝဒမာနော၊ —သည်၊ ဟုတ္ဝာ၊ —၍။ ကေဒ္ဒေသော၊ —သည်။ ဟုတ္ဝာ၊ —၍။ ဖာသု၊ -စ္ဝာ။ ဝိဟရတိ၊ ၏။ တသ္မာ၊ -ကြောင့်။ သမေတု၊ -လေ့။ ဣတိ၊ -သို့။ ဝစနီယာ ၊-ကုန်သည်။ အာဿ၊ -၏။ ဝေဠု၊ ဤဆိုအပ်ပြီးသော စကားဖြင့်သာလျှင်။ ဘိက္ခူဟိ၊ -တို့သည်။ ဝုစ္စမာနာ၊ -ကုန်သော။ တေ ဘိက္ခူ၊ ထို(အနုဝတ္တက) ရဟန်းတို့သည်။ တထေဝ၊ -လျှင်။ ပဂ္ဂဏှေယျုံ၊

အကြိမ်ကြိမ် ကံပြုရမည်ဟု သိ။ **အ**ဋ္ဌကထာများ၌ "နု သံ်ဃော သံ်ဃဿ ကမ္မံ ကရောတိ၊ သံ်ဃာသည် သံ်ဃာအား ကံမပြုကောင်း" ဆိုသော စကားအရ နှိပ်သော နိဂ္ဂဟကံ၏ အစွမ်းဖြင့် ကံမျိုးကို ယူရမည်။ ချီးမြှောက်သော ဥဇ္ဇာ-ဟိက ကံစသည်တို့ကိုကား အများပင် **အ**ပ်သည်ဟု ဋီကာများ ဆိုကြ၏။

[ချီးမြှောက်သော ကံဖြစ်၍ အငြင်းဖြစ်ပွါးရန် မရှိသောကြောင့် ဆိုဟန်ရှိသည်။]

ဆောင်—သံ်ဃာသည်ကား၊ သံ်ဃာအား၊ ကံကား မပြုရ။
ထိုစကားရ၊ နိဂ္ဂဟ၊ ကံမျှ ယူရန်ပြ။
ဥဇ္ဇာဟိကာ၊ ဒီကမ္မာ၊ များစွာ အပ်ဟုပြ။

တေ ဧဝံ ဝဒေယျုံ—**အ**မတိတိ—ဤဝါကျဖြင့် ဘေဒါနုဝတ္တက ရဟန်းတို့က ဆိုပုံ အခြင်းအရာနှင့်တကွဆိုသည့်စကားကို ပြသည်။

တေ ဧဝံ ဝဒေယျုံဖြင့် ဘေဒါနုဝတ္တက ရဟန်းတို့သည် ဤ ဆိုလတ္တံ့သော စကားဖြင့် သမဂ္ဂသံ်ဃာကို ဆိုလိမ့်မည်ဟူသော အဓိပ္ပါယ်ကို ပြသည်။ ။**ဓ**မ္မံ ဝဒတိ သီလေနာတိ ဓမ္မဝါဒီ။ ဟုတ်မှန်သော စကားတို့ကို ဆိုလေ့ရှိကုန်သော ရဟန်းတို့ကို ရစေ။ ဤ၌ ဓမ္မသဒ္ဒါ မှန်ကန်ခြင်း သစ္စအနက်ဟော။ ။**ဝိ**နယံ ဝဒတိ သီလေနာတိ ဝိနယဝါဒီ။ ငြိမ်းအေးခြင်း စကားကို ဆိုလေ့ရှိသော ရဟန်းကိုရစေ။ ဤ၌ ဝိနယသဒ္ဒါ ငြိမ်းအေးခြင်း ဝူပသမ အနက်ဟော။ ။**ဆ**န္ဒနံ

-ကုန်ငြားအံ့။ တေ ဘိက္ခု။၊ -တို့ကို။ ဘိက္ခု။ဟိ၊ -တို့သည်။ တသ၊ထိုအတို့ လိုက်၍ ကျင့်ခြင်းကို။ ပဋိနိသဂ္ဂါယ၊–ငှါ။ ယာဝ တတိယံ၊ -တိုင်။ သမနု ဘာသိတဗ္ဗာ၊....ကုန်၏။ ယာဝ တတိယံ၊ ....တိုင်။ သမနု ဘာသိယမာနာ၊ -ကုန်သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ တံ၊ ထိုအတု လိုက်၍ ကျင့်ခြင်းကို။ စေ ပဋိနိသဇ္ဇေယျုံ၊ ကုန်ငြားအံ့။ ဣစ္စေတံ ဣတိ ဧတံ၊ –သည်။ [တနည်း။ ဣတိ၊ ဤ သုံးကြိမ်တိုင်တိုင်ဆိုခြင်းဖြင့်။ ဧတံ၊ ဤစွန့်ခြင်းသည်]။ ကုသလံ၊ အပြစ်မရှိ ကောင်း၏။ နောစေ ပဋိနိသဇ္ဇေယျုံ၊ အကယ်၍ မစွန့် ကုန်ငြားအံ့။ တေသံ ဘိက္ခူနံ၊ –တို့အား။ သံဃာဒိသေသော၊ –သော။ အာပတ္တိနီကာယော၊ –သည်။ ဟောတိ၊ –၏။

ဆန္ဒော။ အလိုဆန္ဒကိုရစေ။ ။ရောစနံ ရုစိ။ နှစ်သက်ခြင်း အကြိုက်ကိုရစေ။ ။ ဇာနာတိ နော ဘာသတိဋ္ဌ နော-ကား ဇာနာတိနှင့် ဘာသတိ နှစ်ပုဒ်ကို ငဲ့သည်၊ ဇာနာတိ ငဲ့ခိုက် နောကို ဆန္ဒဠ္ဟ ရုစိံ စ နှစ်ပုဒ်ဋ္ဌစပ်၊ ၎င်းနှစ်ပုဒ်ကား သမ္မနိကို ငဲ့ခြင်းကြောင့် နောကို သာမိအနက်ပေး။

[ဇာနာတိ နောတိ အမှာကံ ဆန္ဒာဒိနိ ဇာနာတိ ကိုထောက်]။

ဘာသတိ ငဲ့ခိုက် သဒ္ဒိံပုဒ်ကို တည့်၍ ထိုသဒ္ဒိံပုဒ်နှင့် နောဟူသောပုဒ်ကို ဝိဘတ်ပြန်၍ တို့နှင့်-ဟု အနက်ပေးပြီးစပ်။

[ဘာသတိတိ ဧဝံ ကရောမာတိ အမှေဟိ သဒ္ဒိံ ဘာသတိကို ထောက်]။

အမှာကံ-ကား တောသန အနက်ရှိသော ခမုဓာတ်နှင့် ယှဉ်ခြင်းကြောင့် ကတ္တားအနက်ဋ္ဌ ဆဋ္ဌီသက်သည်ဟု ဆရာကြီးများ ဆိုကြ၏။ ထို့ကြောင့် ကတ္တား အနက်ပေးလိုက်သည်။ တနည်း ခမတိ ပုဒ်သည် သမ္ပဒါန်ကိုငဲ့ရကား 'တို့အား' -ဟု သမ္ပဒါန် အနက် ပေးရမည်ဟု ရူပသိဒ္ဓိ ဆို၏။ ။အပိသဒ္ဒါ သမ်ပိဏ္ဍန၊ သံဃာကဲ့ပြားမှု လုံ့လပြုသော ရဟန်းသာ နှစ်သက်သည်မဟုတ်၊ ငါတို့ဈည်း နှစ်သက်ကြသည် ဟူ၏။ ။ခမတိ-ကား ကမ္မတ္ထဝါစက အာချာတ်ပုဒ်။ [ရုစ္စတိ -ဟု ကမ္မရုပ် ဖွင့်သည်ကို ထောက်]။

[ကတ္တာရုပ် ဟူ၍လည်း ဆရာကြီးများ ကြံကြသည်။ ။ဝါကျတခုလုံး၏ ပိဏ္ဍတ္ထကို ပါဠိအတိုင်း ဘာသာပြန်၍သိ]။

တေ ဘိက္ခူ–ဝစနီယာ။ ။ဤပါဠိဖြင့် ဘေဒါနုဝတ္တကရဟန်းတို့ကို မြင်ကြား သော ရဟန်းတို့က ဆိုရမည်ကို ပြသည်၊ မဆိုက အာပတ်သင့်ပုံကို ရှေးသိကွာပုဒ်အတိုင်းမှတ်။

၁၂-ဒုဋ္ဌစ

၁၂။ ဘိက္ခု ပန၊ ရဟန်းသည်။ (ပန-ကို ပက္ခန္တရလည်း ပေး) ဒုဋ္ဌစ ဇာတိကော ဇေ၀၊ ဆင်းရဲသဖြင့် ဆိုအပ်သော သဘောရှိသည် သာလျှင်။ ၀ါ၊ ဆုံးမခြင်းငှါ မစွမ်းနိုင်သော သဘောရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဥဒ္ဒေသပရိယာပန္နေသု၊ ပါတိမောက်၌ အကျုံး၀င်ကုန်သော။ ၀ါ၊ ငါးပါး သော ပါတိမောက္ခုဒ္ဒေသ၌ အကျုံး၀င်ကုန်သော။ သိက္ခာပဒေသု၊ အဓိသီလသိက္ခာကို ရကြောင်းဖြစ်သော ၀ိနည်းပညတ်တို့၌။ ၀ါ၊ ၀ိနည်းပညတ်တို့၏ အဘို့အစုတို့၌။ ၀ါ၊ သိက္ခာပုဒ်တို့၌။ ၀ါ၊-တို့တွင်။ ဘိက္ခူဟိ၊ (တပါး

မာယသ္မန္တော်-ဝိဟရတိတိ——ဤပါဠိဖြင့် ဆိုပုံ အခြင်းအရာ အာကာရကို ပြသည်။ "မာယသ္မန္တာနံပိ သံဃဘေဒါ ရုစ္စိတ္ထ" ၌ အာယသ္မန္တာနံ၏ အ၀ုတ္တကတ္တာ အဖြစ်ကိုဂုဏ်း, ရုစ္စိတ္ထ ဟူသော ပုဒ်၏ ကံကို ဟောသည့်အဖြစ်ကိုဂုဏ်း, သံဃဘေဒါ ဟူသော ပုဒ်ကို ထောက်၍ သိ။

[အနုပါဒါယ အာသ၀ေဟိ စိတ္တာနိ ဝိမုစ္စိ သု ကို ထောက်။]

သမေတုကြိယာ၏ ကတ္တာကို ငဲ့ခြင်းကြောင့်ဂုဏ်း, အာယသ္မန္တာနံ-ဟူသော သမ္ဗန်၏ သမ္ဗန္ဓီကို ငဲ့ခြင်းကြောင့်ဂုဏ်း စိတ္တံ-ဟူသော သမ္ဗန္ဓီကတ္တာပုဒ်ကို ထည့်လိုက်သည်။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ရဟန်းများ၊ သံဃာ ကဲ့ပြားခြင်းကို လုံ့လ ပြုသော ဒေ၀ဒတ်သို့ အတုလိုက်၍ ကျင့်သော ၀တ္ထု။ အကြောင်း သံဃဘေဒ သိက္ခာပုဒ်နှင့် တူပြီ။ အတုလိုက်၍ ကျင့်ခြင်း, ဓမ္မကံဖြင့် ဆုံးမခြင်း, ကမ္မ၀ါစာ ပြီးဆုံးခြင်း, မစွန့်ခြင်း၊ အင်္ဂါ လေးပါး။

ဆောင်——တုလိုက်ကျင့်ကြံ၊ ဓမ္မကံတည်း၊ ကမ္မ၀ါပြီးဆုံး၊ စွန့်သုံးမရှိ၊ အင်္ဂလေးရှိ၊ မှတ်ဘိ နှုတ်တွာ။

ဘေဒါနှုတ်တွကသိက္ခာပုဒ် ပြီး၏။

၁၂-ဒုဋ္ဌစ

ဘိက္ခု ပနေ၀-ဟောတိ။ ။ဘိက္ခု ပနေ၀၌ ပန-ကား ပက္ခန္တရ ဇောတက နိပါတ်။ ဧ၀-ကား အဋ္ဌာနပယုဂ်၊ ဒုဋ္ဌစဇာတိကော၌ ယျဉ်။တရံတခါမျှ ဆုံးမလွယ်သည် မရှိဟူ၏။ ။၀တ္တုပ္ပဘေတိ ၀စော။ဆိုအပ်သော

ကုန်သော သီတင်းသုံးဘော်ဖြစ်ကုန်သော) ရဟန်းတို့သည်။ သဟဓမ္မိကံ၊ (သီတင်းသုံးဘော် ငါးယောက်တို့သည် ကျင့်အပ်သော) သိက္ခာပုဒ်တော် ဖြင့်။ ဝါ၊ (သီတင်းသုံးဘော် ငါးယောက်တို့၏ ဥစ္စာဖြစ်သော) သိက္ခာ ပုဒ်တော်ဖြင့်။ တနည်း—သဟဓမ္မိကံ၊ အကြောင်းနှင့်တကွ။ ဝုစ္စမာနော၊ ဆုံးမအပ်သောရဟန်းသည်။ ဝါ၊ ဆုံးမအပ်သည်ဖြစ်လျက်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဝစနီယံ၊ မဆုံးမအပ်သည်ကို။ ကရောတိ၊ ပြု၏။ ကိံ ကရော-တိ၊-နည်း။ အာယသ္မန္တော၊-တို့။ တုမ္ဟေ၊-တို့သည်။ [ထည့်] မံ၊ ငါ့ကို။ ကိဉ္စိ၊ အနည်းငယ်သောစကားကို။ မာ အဝစုတ္ထ၊-ကုန်လင့်။ ကလျာဏံ ဝါ၊ ကောင်းသောစကားကိုဂင်း။ ပါပကံ ဝါ၊ မကောင်းသော စကားကိုဂင်း။ မာ အဝစုတ္ထ၊-ကုန်လင့်။ အဟံပိ၊ ငါသည်လည်း။ အာယသ္မန္တေ၊-တို့ကို။ ကိဉ္စိ၊-ကို။ ကလျာဏံ ဝါ၊-ကိုဂင်း။ ပါပကံ ဝါ၊-ကိုဂင်း။ န ဝက္ခာမိ၊ မဆို အံ့။ အာယသ္မန္တော၊-တို့။ တုမ္ဟေ၊-တို့သည်။ [ထည့်] မမ၊ ငါ့အား။ ဝါ၊-ကို။ ဝစနာယ၊ဆုံးမခြင်းမှ။ ဝိရမထ၊ရှောင်ကြဉ်ကြကုန်လော့။ကတိ၊-သို့။ကရော-

---

စကားကို ရစေ။ ။ဒုက္ခေန ဝစော ဒုဗ္ဘစော။ ဆင်းရဲသဖြင့် ဆိုအပ်သော စကားကို ရစေ။ ။ဒုဗ္ဘစော ဇာတိ အဿာတိ ဒုဗ္ဘစ ဇာတိကော။ ဆင်းရဲသဖြင့် ဆိုအပ်သော စကားရှိသော ရဟန်းကို ရစေ။ ရဟန်းများက တစုံတခု ပြောဆို ဆုံးမသော် အဆုံးမ မခံ, ပြန်လှန်ပြောတတ်သော သဘောရှိသော ရဟန်း ဟူ၏။

ဥဒ္ဒေသပရိယာပန္နသု–မမ ဝစနာယာတိ——ဤ ဝါကျဖြင့် ဘိက္ခု ပနေဝ ဟောတိ ဟူသော ပါဠိ၏ အကျယ် ဝိတ္ထာရကို ပြသည်။ ဥဒ္ဒိသိယတီတိ ဥဒ္ဒေသော။ သံဃဥပုသ်ပြုသည့် အခါ ရွတ်ဆိုသော ပါတိမောက်ကို ရစေ။ တနည်း– ငါးပါးသော ပါတိ-မောက္ခုဒ္ဒေသကို အရကောက်။ ။ပရိစ္ဆိန္နိတ္ဝာ အာပန္နာ ဂဟိတာ ပရိယာ-ပန္နာ။ပိုင်းခြား၍ ယူအပ်သော (အတွင်းဝင်သော) သိက္ခာပုဒ်တို့ကို ရစေ။ ။ ဥဒ္ဒေသေ ပရိယာပန္နာ ဥဒ္ဒေသပရိယာပန္နာ။ ရွတ်ဆိုအပ်သော ပါတိမောက်၌ (ငါးပါးသော ပါတိမောက္ခုဒ္ဒေသ၌)အကျုံးဝင်သော သိက္ခာပုဒ်တို့ကို ရစေ။ ။ ပဇ္ဇတေ ဥယတေ ဇတေနာတိ ပဒံ။ သိကြောင်း ရကြောင်း ဖြစ်သော ဝိနည်းပညတ်တော်ကို ရစေ။ ။သိက္ခာယ ပဒံ သိက္ခာပဒံ။အဓိသီလ သိက္ခာကို သိကြောင်း ရကြောင်း ဖြစ်သော ဝိနည်းပညတ်တော်ကို ရစေ။

[ဝိနည်းပညတ်တော်ဟူသည် ယော ပန ဘိက္ခုစသော ပါဠိတော်ပင်တည်း ဟု သိ။]

တိ၊-၏။သော ဘိက္ခု၊ထို ဒုဗ္ဘစရဟန်း ကို။ ၁။ သည်။ဘိက္ခု၊ဟိ၊(ဆုံးမသော) ရဟန်းတို့သည်။ ဧဝံ၊–သို့။ ဝါ၊–ဖြင့်။ ဝစနီယော၊–သည်။ အာဿ၊–၏။ ဝစနီယော၊–သည်။ကိ အာဿ၊–နည်း။အာယသ္မာ၊–သည်။အတ္ထာနံ၊–ကို။ အဝစနီယံ၊–ကို။မာ အကာသိ၊ မပြု၊ပါလင့်။ အာယသ္မာ၊–သည်။ အတ္ထာ-နံ၊–ကို။ ဝစနီယ မေဝ၊ ဆုံးမအပ်သည်ကိုသာလျှင်။ ကရောတု၊ပြု၊ပါလော့။ အာယသ္မာပိ၊–သည်လည်း။ ဘိက္ခု၊၊ (သီတင်းသုံးဘော်) ရဟန်းတို့ကို။ သဟ ဓမ္မေန၊ အကြောင်းနှင့် တကွသော သိက္ခာပုဒ်တော်ဖြင့်။ ဝဒတု၊ ဆို၊ပါလော့။ ဘိက္ခု၊၊ပိ၊–တို့သည်လည်း။ အာယသ္မန္တံ၊–ကို။ သဟဓမ္မေန၊ –ဖြင့်။ ဝက္ခန္တိ၊ ဆို၊ကုန်လတ္တံ့။ ဧဝံ၊ ဤ ဆို၊လတ္တံ့သော အကြောင်းဖြင့်။ တဿ ဘဂဝတော၊–၏။ ပရိသာ၊ ရဟန်းပရိသတ်သည်။ သံဃော ဟိ သံဃော ဧဝ၊ ကြီးပွါးခြင်းသည်သာလျှင်။ ဟောတိ၊–၏။ ကိံ ဟောတိ၊ –နည်း။ ယဒိဒံ အညမညံ ဝစနံ၊ အကြင် အချင်းချင်း ဆုံးမခြင်းသည်။ ယဒိဒံ အညမညံ ဝုဋ္ဌာပနံ၊ အကြင် အချင်းချင်း (အာပတ်မှ)ထစေခြင်း သည်။ အတ္ထိ၊ ရှိ၏။ [ထည့်] တေန အညမညံ ဝစနေန၊–ဖြင့်။ တေန အည-မညံ ဝုဋ္ဌာပနေန၊–ဖြင့်။[တေန ထည့်] တဿ ဘဂဝတော၊–၏။ ပရိသာ၊

သိက္ခာပဒေသု·ကား အပေါင်းဖြစ်သော တည်ရာ အာဓာရကို ညွှန်ပြသည်။ ရှက္ခေ သာခါ စသည်တို့၌ကဲ့သို့ မှတ်။ ။တနည်း–နိဒ္ဓါရဏကြံ။ ပါတိမောက်၌ သရုပ်အားဖြင့် မလာကုန်သော ထူလွန်စည်း·ဒုဿာသီ အာပတ်တို့ကို “ယဿ သိယာ အာပတ္တိ သော အာဝိကရေယျ”ဟူသော နိဒါန်းပါဠိဖြင့် ယူရသော ကြောင့် “ဥဒ္ဒေသပရိယာပန္နေသု သိက္ခာပဒေသု”ဖြင့် ခုနစ်ပါးသော အာပတ် တို့ကို ယူရမည်။ ။တနည်း–သိက္ခာအရ ဝိနည်းပညတ်ကို ယူ။ ပဒ·ကား အာဘို့အစု စကားတရပ်·ဟူသော ကောဋ္ဌာသအနက်ကိုဟောသော အနိပ္ပန္နပါဋိ-ပဒိကပုဒ်။ ။သိက္ခာနံ ပဒါနိ သိက္ခာပဒါနိ။ ဝိနည်း ပညတ်တို့၏ အာဘို့အစု စကားတရပ်တရပ်တို့ကို ရစေ။ “အနဘိဇ္ဈာဓမ္မပဒံ”ဟူ၍ ဟောရာ၌ အလောဘ သည် ပရမတ္ထတရား အာဘို့အစု ပရမတ္ထတရား တရပ်ဟု ဆိုသကဲ့သို့ ယော ပုန ဘိက္ခု စသော သိက္ခာပုဒ်သည်လည်း အာဘို့အစုတခု စကားတရပ်ဟု ဆိုလို သည်။ ။ဘိက္ခု၊ဟိ·ဖြင့် ဒုဗ္ဘစရဟန်းမှ တပါးကုန်သော သိတင်းသုံးဘော် ရဟန်းတို့ကို ယူ။

သဟဓမ္မိကံ ဝုစ္စမာနော။ ။သဟ ကေဒတာ ဓမ္မံ စရန္တီတိ သဟဓမ္မိကာ။ အတူတူ တရားကျင့်ကြသော သိတင်းသုံးဘော် ငါးယောက်တို့ကို ရစေ။ သိတင်းသုံးဘော် ငါးယောက်ကား–ဘိက္ခု, ဘိက္ခုနီ,

–သည်။သံဝစ္ဆာ ဟိ သံဝစ္ဆာ ဇေ၊–သာလျှင်။ ဟောတိ၊–၏။ ဣတ္ထိ၊–သို့။ ဟောတိ၊–၏။ ဣတိ၊–သို့။ (ဣတိတခု အကျေကြံ) ဝစနီယော၊–သည်။ အာဿ၊–၏။ ဇေဋ္ဌ၊ ဤ ဆိုအပ်ပြီးသော စကားဖြင့်သာလျှင်။ ဘိက္ခူဟိ၊ –တို့သည်။ ဝုစ္စမာနော၊–သော။ သော ဘိက္ခု၊–သည်။ တထေဝ၊–သာ လျှင်။ ပဂ္ဂဏှာယျ၊–အံ့။ သော ဘိက္ခု၊–ကို။ ဘိက္ခူဟိ၊–သည်။ တဿ၊ ထိုဒုဗ္ဘစ သဘောကို။ ပဋိနိဿဂ္ဂါယ၊–၌။ ယာဝ တတိယံ၊–တိုင်။ သမနု-ဘာသိတဗ္ဗော၊–၏။ယာဝတတိယံ၊–တိုင်။သမနုဘာသိယမာနော၊–သည်။ သတိ၊–သော်။ တံ၊ ထိုဒုဗ္ဘစသဘောကို။ စေ ပဋိနိဿဇ္ဇေယျ၊–အံ့။ ဣစ္စေတံ ဣတိ ဧတံ၊–သည်။ [တနည်း–ဣတိ၊–ဖြင့်။ဧတံ၊–သည်။]ကုသလံ၊–၏။ နော စေ ပဋိနိဿဇ္ဇေယျ၊–အံ့။သံဃာဒိသေသော၊–သော။ အာပတ္တိနိကာ-ယော၊–သည်။ ဟောတိ၊–၏။

သိက္ခာမာန်, သာမဏေထီး, သာမဏေမတို့တည်း။ ။တနည်း–သဟ စရိတမ္ဘာ ဓမ္မာ သဟဓမ္မာ။ အတူကျင့်အပ်သော သဒ္ဓါ သီလ ပညာတရားတို့ကို ရစေ။ ။ သဟ ဓဒမ္မာ ဇေတသန်္ဒိ သဟဓမ္မိကာ။ အတူတကွ ကျင့်အပ်သော တရား ရှိသော သီတင်းသုံးဘော် ငါးယောက်တို့ကို ရစေ။ ။သဟဓမ္မိကေဟိ သိက္ခာ-ပဒဿ်ိ သဟဓမ္မိကံ။ သီဟင်းသုံးဘော် ငါးယောက်တို့သည် ကျင့်အပ်သော မိမိအား လျော်သော သိက္ခာပုဒ်ကို ရစေ။ (ဤ၌ ဏိကပစ္စည်းတခု ကျေနေ သည်။) တနည်း–သဟဓမ္မိကာနံ ဣဒံ သဟဓမ္မိကံ။သီတင်းသုံးဘော် ငါးယောက် တို့၏ ဥစ္စာဖြစ်သော မိမိအားလျော်သော သိက္ခာပုဒ်ကိုပင် ရစေ။ ။တနည်း– သဟ ဓဓမ္မေန ယံ ဝတ္တတီတိ သဟဓမ္မိကံ။ သိက္ခာပုဒ်မှ တပါးသော ကြည်ညို ခြင်းကို ဖြစ်စေတတ်သော အကြောင်းနှင့်တကွဖြစ်သော စကားကို ရစေ။ ဤ၌ ဓမ္မသဒ္ဒါ "ဟေတုမှိ ဉာဏံ ဓမ္မ ပဋိသမ္ဘိဒါ"စသည်တို့၌ကဲ့သို့ ကာရဏ အနက်ဟော။ သဟဓမ္မိကံ-ကား ဝုစ္စမာနောပုဒ်၏ ကရိဏ်းကို ငဲ့ခြင်းကြောင့် ကရိဏ်းအနက်၌ ဒုတိယာဝိဘတ် သက်ထားသည်ဟု သိ။

အတ္ထာနံ အဝစနီယံ–ပမ ဝစနာယာတိ——ဤပါဠိဖြင့် ဒုဗ္ဘစ ဇာတိကော၏ အကျယ်ကို ပြသည်။ နှ ဝစိတဗ္ဗဒ္ဓိ အဝစနီယံ။ မဆိုအပ်သော ရဟန်းကို ရစေ။ ဆုံးမခြင်းငှါ မစွမ်းနိုင်သော(ဆုံးမ ခက်သော)ရဟန်းဟူ၏။ ။ကလျာဏံ-ကား ကောင်းသောစကားကို ဟောသော ရှင်ဥပုဒ်။ ပါပကံ-လည်း မကောင်းသော စကားကိုဟောသော ရှင်ဥပုဒ်ပင်။ ။

ဝစီယတေ ဝစနာ။ ဆိုခြင်းကြိယာကို ရစေ။ ဝိရမဏကြိယာသည် အပါဒါန်ကို ငဲ့ရကား–ဝစနာယ၌ သဝိဘတ်သည် အပါဒါန်အနက်၌ သက်သည်ဟု ကြံကြ၏။

[သော ဘိက္ခု-ဝစနီယောကို ရှေးနည်းအတိုင်း သိ။]

မာယသ္မာ အတ္ထာနံ-အကာသိ—ဤပါဠိဖြင့် အတ္တာနံ အဝစနီယံ ကရောတိကို ဗျတိရေကအားဖြင့် ဖြေပုံ အခြင်းအရာကို ပြသည်။ "ဝစနီယမေဝ-ကရောဟု"ဖြင့် "အတ္တာနံ-ကရောတိ"ကို အန္ဒယအားဖြင့် ဖြေပုံအခြင်းအရာကို ပြသည်။

အာယသ္မာပိ-သဟဓမ္မေန—ဤပါဠိဖြင့် "မာမံ အာယသ္မန္တော-ပါပကံ ဝါ" ဟူသော စကားကို အန္ဒယအားဖြင့် ဖြေပုံ အခြင်းအရာကို ပြသည်။ သဟဓမ္မေန၌ ဏိက-ပစ္စည်း ကျေနေသည်၊သဟဓမ္မိကံ အတိုင်း အနက်ကို သိ။ ။တနည်း–ဓရတိ ဧတေနာတိ ဓမ္မော။ အကြောင်း ဖြစ်သော စကားကို ရစေ။ ။ဓမ္မေန သဟ ယံ ဝတ္တတိတိ သဟ ဓမ္မံ။ အကြောင်းနှင့်တကွသော သိက္ခာပုဒ်ကို ရစေ။

သံဝစ္ဆာ ဟိ-ဝုဋ္ဌာပနေန—ဤပါဠိဖြင့် ဝိရမထာ-ဝစနာယ-ဟူသော စကားကို ဖြေဆိုပုံ အခြင်းအရာကို ပြသည်။ ။တနည်း–ပရိသတ်၏ ကြီးပွါးသောအကြောင်းကို ပြသည်။ ဧဝံ-ကား ဧဝမာဒိဝစနီယောဒ္ဓံ ဧဝံကဲ့သို့ ဆိုလတ္တံ့သော အကြောင်းကို စဲ့။ ။တနည်း–ဧဝံကို ဧတေန ပြင်၍ အညမညဝစနေန အညမည ဝုဋ္ဌာပနေနနှင့်တဲ့၍သော်လည်း အနက်ပေး။ ဤတို့ဝါဒပွမောက္ခာနိသံသာဒ္ဒကဲ့သို့ သိ။ ။သံဝစ္ဆာ ဟိ-ဒ္ဒ ဟိ-ကား ဧဝ-အနက်ဟာ၊ ဇိနဝစန ယုတ္တံ ဟိ-ကဲ့သို့မှတ်။ ။သံသုဒ္ဓေ ဝစ္ဆတိတိ သံဝစ္ဆာ။ ကောင်းစွာ ကြီးပွါးသော ပရိသတ်ကို ရစေ။! ။ဘဂေါ ဒုဿာ အတ္ထိတိ ဘဂဝါ။ ဘုန်းတော် ခြောက်ပါးရှိသော ဘုရားကို ရစေ။ ။ပရိသမန္တာတော သေတိ ပဝတ္တတိတိ ပရိသာ။ ထက်ဝန်းကျင်မှ ဖြစ်တတ်သော ပရိသတ်ကို ရစေ။

ယဒိဒံ-ကား ဤသို့ တပါးကို တပါးက ပြောဆိုခြင်း, အာပတ်မှ ထစေခြင်းကား ကြီးပွါးကြောင်းဖြစ်သည်ဟု ကြီးပွါးကြောင်းကိုပြဆိုသော နိပါတ်ပုဒ်။ ။ အညဉ္ဉ အညဉ္ဉ အညမညံ။အချင်းချင်း တယောက်တယောက်ကို ရစေ။အညမညံ ဒ္ဒ် မ-ကား အာဂမသန္ဓိ။ ။အညမညဿ ဝစနံ အညမညဝစနံ။ တယောက်က တယောက်ကို ဆုံးမသော စကားကို ရစေ။ ။ဝုဋ္ဌာပိယတေ ဝုဋ္ဌာပနံ။ အာပတ်မှ ထစေခြင်းကြိယာကို ရစေ။ ။အညမညဿ ဝုဋ္ဌာပနံ အညမည ဝုဋ္ဌာပနံ။ တယောက်က တယောက်ကို အာပတ်မှ ထစေခြင်းကြိယာကို ရစေ။

၁၃-ကုလဒူသက

၁၃။ ပန၊ အဘို့တပါးကို ဆို့ဉီးအံ့။ အညတရံ၊ တပါးပါးသော။ ဂါမံ ဝါ၊ ရွာကိုဂုင်း။ နိဂမံ ဝါ၊ နိဂုံးကိုဂုင်း။ ဥပနိဿာယ၊ မှီ၍။ ယော ဘိက္ခု၊ –သည်။ ဝိဟရတိ၊နေ၏။ သော ဘိက္ခု၊ –သည်။ကုလဒူသကော ဇေ၊ အမျိုး လေးပါးတို့၏ (သဒ္ဓါတရုားကို) ဖျက်ယီးတတ်သည်သာလျှင်။ ဟောတိ၊ –၏။ပါပသမာစာရော ဇေ၊ (ပန်းပင်ငယ် စိုက်ပျိုးခြင်းစသော)ယုတ်မာ သော အကျင့်ရှိသည်သာလျှင်။ ဟောတိ၊ –၏။ တဿ၊ ထို ကုလဒူသက ရဟန်း၏။ ပါပကာ၊ ယုတ်မာကုန်သော။ သမာစာရာ၊ အကျင့်တို့ကို။ ခေါ၊ စင်စစ်အားဖြင့်။ ဒိဿန္တိ စေဝ၊ မြင်လည်း မြင်အပ်ကုန်၏။သုယျန္တိ စ၊ ကြားလည်း ကြားအပ်ကုန်၏။ ဇေတန၊ ထိုရဟန်းသည်။ ဒုဋ္ဌာနိ၊ ဖျက်ဆီး

နိဒါန်းစသည်။ ။ကောသမ္ဗီ၊ ဆန္နထေရ်၊ ပိဏ်ကို မဆုံးမအပ်သည်ကို ပြုသော ဝတ္ထု။။ –အကြောင်း ဒသမ သိက္ခာပုဒ်နှင့်တူပြီ။ မဆိုဆုံးမအပ် သည်ကို ပြုခြင်း, ဓမ္မကထြစ်ခြင်း, ကမ္မဝါစာပြီးဆုံ ခြင်း, မစွန့်ခြင်း၊ အင်္ဂါ လေးပါး။

ဧဆောင်— မဆိုအပ်ပြု၊ ဓမ္မကထြစ်၊ ဆုံးလစ်ကမ္မဝါ၊ ပစ္ဆန့်ပါ၊ အင်္ဂါလေး၀၊ ဒုဗ္ဘဃ။

ဒုဗ္ဘစသိက္ခာပုဒ် ပြီး၏။

၁၃-ကုလဒူသက

ဘိက္ခုပဓေန၀-သုယျန္တိ စ—ဥ္ဂါဝါကျဖြင့် ပဗ္ဗာဇနီယကံ ထိုက်သည့် အဖြစ်ကို ပြသည်။

ဘိက္ခုပဓေန၀။ ။ကြွင်း ပန-ကို ပဗ္ဗာဇ္ဇာရ ဇောကကြံ။ ဇေ-ကား အဋ္ဌာန ပယုဂ်၊ ကုလဒူသက ပါပသမာစာရ တို့နောင် ထို၍ အနုကမ္ပေး။

အညတရံ-နိဂမံ ဝါ။ ။အညတရံ-ကား ဤမည်သောဌာဟု အမည်အားဖြင့် မှတ်သော တပါးပါးသော ရွာစသော အနက်ကို ဟော သည်။ နဂရသည် ဂါမ၏ အထူးဖြစ်သောကြောင့် နဂရကိုလည်း ဂါမသဒ္ဒါဖြင့် ယူ။ အနုတ္တာဝိကပ် အနက်ရှိသော ဝါသဒ္ဒါဖြင့်လည်း ယူဟု ကခ်ီဋ္ဌကာ ဟုန်း

အပ်ကုန်သော။ ကုလာနိ စ၊ အမျိုးတို့ကိုလည်း။ ဒိဿန္တိစေဝ၊-ကုန်၏။ သုယျန္တိ စ၊-ကုန်၏။ သော ဘိက္ခု၊ ထိုကုလဒူသကရဟန်းကို။ ဘိက္ခူဟိ၊(မြင်ကုန်ကြားကုန်သော)ရဟန်းတို့သည်။ဝေံ၊-သို့။ဝါ၊-ကို။ ဝါ၊-ဖြင့်။ဝစနီယော၊-သည်။ အဿ၊-၏။ ဝစနီယော၊-သည်။ ကိံ အဿ၊-နည်း။ အာယသ္မာ၊-သည်။ ခေါ၊-ဖြင့်။ ကုလဒူသကော၊-သည်။ ပါပသမာစာရော၊-သည်။ ဟောတိ၊-၏။ ခေါ၊-ဖြင့်။ အာယသ္မတော၊-၏။ ပါပကာ၊-ကုန်သော။ သမာစာရာ၊-တို့ကို။ ယသ္မာ၊-ကြောင့်။ဒိဿန္တိ စေဝ၊-ကုန်၏။ သုယျန္တိ စ၊-ကုန်၏။ အာယသ္မတာ၊-သည်။ဒုဋ္ဌာနိ၊-ကုန်သော။ကုလာနိစ၊-တို့ကိုလည်း။ယသ္မာ၊-ကြောင့်။[ထည့်]ဒိဿန္တိ စေဝ၊-ကုန်၏။ သုယျန္တိ စ၊-ကုန်၏။ တသ္မာ၊-ကြောင့်။ [ထည့်]အာယသ္မာ၊-သည်။ ဣမမ္ပာ အာဝါသာ၊ ဤကျောင်းတိုက်မှ။ ပဏ္ဏမတု၊ ဖဲသွားလော့။ တေ၊ သင့်အား။ဣဓ၊ ဤကျောင်းတိုက်၌။ ဝါသေန၊ နေခြင်းဖြင့်။ အလံ၊ မသင့်။ ဝါ၊ အကျိုးမရှိ။ ဣတိ၊-သို့။ ဝစနီယော၊-သည်။ အဿ၊-

---

လာ၏။ ဆရာကြီးမျာ:ကား မနှစ်သက်ကြ။ အနုတ္တဝိကပ်ဟူသည် မဆိုအပ်သေးသော နဂရကို ဆည်းသော အနုတ္တ သမုစ္စည်းပင်ဟု ယူသော် သင့်ရာ၏။ နိ အတီ-ရေကော ဂါမော နိဂမော။ လွန်ကဲသောရွာကို ရစေ။

ဂါမ, နိဂမ, နဂရအထူး။ ။တတိုင်းအရံလည်း မရှိ, စေ့းလည်း မရှိသည်ကား ရွာ၊ တတိုင်းအရံကား မရှိ, စေ့းသာ ရှိသည်ကား နိဂုံး၊ နှစ်ပါးစုံ ရှိသည်ကား မြို့။

ဆောင်—တတိုင်းရံမရှိ၊ စေ့းသာရှိ၊ မှတ်ဘိ နိဂုံးတည်း။
နှစ်ပါးစုံရှိ၊ မြို့ဟုသိ၊ မရှိ ဂါမတည်း။

ဥပနိဿာယ ဝိဟရတိ။ ။ပစ္စည်း လေးပါး အကျိုးငှါ ရွာ နိဂုံးကို မှီ၍ ဣရိယာပထလေးပါးဖြင့် နေသည်ကိုဆို၏။ ဥပ-ကား ဓာတ္ဌတ္ထာနုဝတ္တက။

ကုလဒူသကော။ ။ကုလာနိ ဒူဒသတိတိ ကုလဒူသကော။ မင်းပုဏ္ဏားကုန်သည် သူဆင်းရဲ ဟူသော အမျိုးလေးပါးတို့ကို ဖျက်ဆီးတတ်သော ရဟန်းကိုရစေ။ မစင်, ညစ်နွမ်းသည်တို့ဖြင့် ဖျက်ဆီးသည်မဟုတ်။ အဟုတ်သော်ကား ချီးမြှောက်ခြင်းအကျိုးငှါ ကုလဒူသန ဝတ္ထု ရှစ်ပါးတို့ကို ပေးခြင်းဟူသော အကျင့်ယုတ်ဖြင့် မိမိအပေါ်၌သာ သဒ္ဓါတရားကိုဖြစ်စေ၍ ထိုအမှုမျိုးကို မပြုကုန်သော သီလကိုချစ်ကုန်သော ရဟန်းကောင်းတို့အပေါ်၌ သဒ္ဓါတရား ပျက်စေသည်ဟု ဆိုလိုသည်။

၏။ ဝေဠု၊ ဤဆိုဒၶပ်ပြီးသော (ပုဂ္ဂမတာ ယသ္မာ စသော) စကားဖြင့် သာ
လျှင်။ ဘိက္ခု၂ဟိ၊-တို့သည်။ ဝုစ္စမာနော၊-သော။ သော ဘိက္ခု၊ ထို (ပဗ္ဗာဇနိ-
ယကံ ပြုအပ်သော) ရဟန်းသည်။ တေ ဘိက္ခူ၊ ထိုကံပြုအပ်သော ရဟန်း
တို့ကို။ ဧဝံ၊-သို့။ ဝဒေယျ၊-အံ့။ ကိံ ဝဒေယျ၊-နည်း။ ဘိက္ခူ၊-စို့သည်။ ဆန္ဒ-
ဂါမိနော စ၊ ဆန္ဒာ ဂတိသ္သိလည်း လိုက်ကုန်၏။ ဝါ၊ ချစ်သဖြင့် မလားအပ်
သည်သို့လည်း လားကုန်၏။ ဘိက္ခူ၊-တို့သည်။ ဒေါသဂါမိနော စ၊ ဒေါသာ
ဂတိသ္သိလည်း လိုက်ကုန်၏။ ဝါ၊ မုန်းသဖြင့် မလားအပ်သည်သို့လည်း လား
ကုန်၏။ ဘိက္ခူ၊ တို့သည်။ မောဟဂါမိနော စ၊ မောဟဂတိသ္သိလည်း လိုက်
ကုန်၏။ ဝါ၊ မိုက်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ ဘိက္ခူ၊-
တို့သည်။ ဘယဂါမိနော စ၊ ဘယာဂတိသ္သိလည်း လိုက်ကုန်၏။ ဝါ၊ ကြောက်
သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။တာဒိသိကာယ၊ထိုကဲ့သို့ ရှုအပ်
သော။ ဝါ၊ ထိုကဲ့သို့ သဘောရှိသော။ အာပတ္တိယာ၊ (ကုလဒူသကဒုက္ကဋ်)

ကုလဒူသနဝတ္ထု၊ ဂ-ပါး။ ။တစုံတယောက်သော လူအား ချီးမြှောက်ခြင်း အကျိုးငှါ မိမိ၏ ဥစ္စာဖြစ်သော ပန်းကိုပေးခြင်း, ထိုအတူ သစ်သီး ပေးခြင်း, ကုက္ကုံမှုန့်, ဖန်ရည်မှုန့် ပေးခြင်း, မြေညှက်ပေးခြင်း, ဓနံပူပေးခြင်း, ဝါးပေးခြင်း, ဆေးကုခြင်း, တမန်တို့၏ အမှုဖြစ်သော သတင်းစကားကို ခြေဖြင့်ဆောင်ခြင်းတို့တည်း။ ဒါယကာတို့အား ချီးမြှောက်လို၍ မိမိ ပစ္စည်းပေးအံ့၊ ကုလဒူသန ဒုက္ကဋ်, ထိုအတူ သူတပါးပစ္စည်း ပေးအံ့၊ ဒုက္ကဋ်, ထေယျစိတ်ဖြင့် ပေးအံ့၊ ဘဏ္ဍာစား, သံဃိကပစ္စည်းလည်း နည်းတူ ဘဏ္ဍာစား, သေနာသန အကျိုးငှါ မှတ်ထားသော ဝတ္ထုကို အစိုးတရ ပေးအံ့၊ ထုလ္လစ္စည်း ဟု သိ။... ဤကုလဒူသနအမှုဖြင့် ရဿသာပစ္စည်းသည် သီတင်းသုံးဖော် ငါးယောက် တို့အား မအပ်ဟုမှတ်။

ဆောင်—ပန်း, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝဇ္ဇ ဒုရှစ်ဖြာ။

အနေသန ၂၁-ပါး။ ။ဘဂဝန္တာသုတ်အဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာလာ အနေသန ၂၁-ပါးကား အသက်မွေးခြင်း အကျိုးငှါ ဝါးပေးခြင်း, သစ်ရွက်ပေးခြင်း, ပန်းပေးခြင်း, ဘစ်သီးပေးခြင်း, ဓနံပူပေးခြင်း, မျက်နှာသစ်ရေပေးခြင်း, ရေချိုးကသယ်မှုန့် ပေးခြင်း, ကုက္ကုံမှုန့် စသော သာမည အမှုန့်ပေးခြင်း, မြေညှက်ပေးခြင်း, ခွစ်ဘွယ်သော စကားကို ပြောဆိုခြင်း,(ဝါ၊ လောကုတ်ပြုခြင်း) ပဲနောက် ဟင်းကဲ့သို့ အမှုန်နည်းပါး အမှားမျှားသော စကားကို ဆိုခြင်း, လူတို့၏ သားငယ်ကို ချီပိုးခြင်း, ရွာတပါး ဒေရပ်တပါးသို့ သလုံးမြင်း

အာပတ်ကြောင့်။ ကေစ့်၊ အချို့သောရဟန်းကို။ ပဗ္ဗာဇေန္တိ၊ နှင်ထုတ်ကုန်၏။ ကေစ့်။-ကို။ နပဗ္ဗာဇေန္တိ၊ မနှင်ထုတ်ကုန်။ ဣတိ၊-သို့။ ဝဒေယျ၊-အံ့။ သော ဘိက္ခု၊ ထို(ဆန္ဒဂါမိနော ဘိက္ခု။စသော စကားကိုဆိုသော) ရဟန်းကို။ ဝါ-သည်။ ဘိက္ခု။ဟိ၊(ကံပြုကုန်သော) ရဟန်းတို့သည်။ ဧဝံ၊-သို့။ ဝါ၊-ဖြင့်။ ဝစနီယော၊-သည်။ အာယု၊-၏။ ဝစနီယော၊-သည်။ ကိံ အာယု၊-နည်း။ အာယသ္မာ၊-သည်။ ဧဝံ၊-သို့။ ဝါ၊ ဤသို့သောစကားကို။ မာ အဝစ၊ မဆို ပါလင့်။ ဘိက္ခု။၊-တို့သည်။နစ ဆန္ဒဂါမိနော: ဆန္ဒာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခု။၊-တို့သည်။ နစ ဒေါသဂါမိနော၊ ဒေါသာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခု။၊-တို့သည်။ နစ မောဟ ဂါမိနော၊ မောဟာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခု။၊-တို့သည်။ နစ ဘယဂါမိနော စ၊ ဘယာဂတိသို့လည်း မလိုက်ကုန်။ ခေါ၊-ဖြင့်။ အာယသ္မာ၊-သည်။ ကုလဒူသကော၊-၏။ ပါပသမ်ဗာစာရော၊-ရှိ၏။ ခေါ၊-ဖြင့်။ အာယသ္မတော၊-၏။ ပါပကာ၊-ကုန်သော။ သမာစာရာ၊-တို့ကို။ ဒိဿန္တိ စေဝ၊-ကုန်၏။ သုယျန္တိ စ၊-ကုန်၏။ အာယသ္မတာ၊-သည်။ ဒုဋ္ဌာနိ၊-ကုန်သော။ ကုလာနိ စ၊-တို့ကိုလည်း။ ဒိဿန္တိ စေဝ၊ ကုန်၏။

၃။ ပန၊အာဘို့–။ [အထူးလည်း ပေးကြ၏။] ဘိက္ခုနာ၊–၏။စီ၀ရသို့ ၊ –သည်။နိဒ္ဒိတ နိဒ္ဒိတော၊–သည်။သတိ၊–သော်။ ကထိနေ စ၊–ကိုလည်း။ ဥပ္ပာတသို့ ၊–သည်။ သတိ၊—သော်။ ဘိက္ခုနော၊–အား၊ အကာလစီ၀ရံ၊ (တလ,ငါးလမှ)တပါးသောကာလ၌ လှူအပ်သောသင်္ကန်းသည်။ ဥပ္ပဇ္ဇ-ယျ၊ဖြစ်ငြားအံ့။အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊–သည်။ ပဋိဂ္ဂ-ဟေတဗ္ဗံ၊ခံယူအပ်၏။ ပဋိဂ္ဂဟေတ္ဝာ၊ ခံယူပြီး၍။ ခိပ္ပမေ၀၊ လျင်မြန်စွာသာလျှင်။ ၀ါ၊ ဆယ်ရက်အတွင်း၌သာလျှင်။* ကာရေတဗ္ဗံ၊ (ချုပ်ဆိုးခြင်းစသောအမှုကို)ပြုစေအပ်၏။ ပါရိပူရိ၊ ပြည့်စုံခြင်းသည်။ ၀ါ၊ အဓိဋ္ဌာန်တင်

သင်္ကန်းဖြစ်ခြင်း, ကထိန်မခင်းခြင်း, သမ္မုတိမရခြင်း, သင်္ကန်းနှင့် ညှဉ်ကင်းခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် ပထမကထိနနှင့် တူပြီ။

ဆောင်—၀ိဋ္ဌာန်တင်လစ်၊ သင်္ကန်းဖြစ်ခြင်း၊ မခင်းကထိန်၊ သမ္မုတိ်မရ၊ ညှဉ်ကင်းက၊ လေးဝအင်္ဂါ-ဓဒါသိတာ။

ဥဒေါသိတသိက္ခာပုဒ်ပြီး၏။

ဒုတိယ ကထိန သိက္ခာပုဒ်ဟူ၍၎င်း, ရက္ခိ၀ိပ္ပ၀ါသ သိက္ခာပုဒ်ဟူ၍၎င်း ဆိုကြသေး၏။

၃-မာသာတိက္ကန္တိ

နိဒ္ဒိတ–ပါစိတ္တိယံ။ ။ဤသိက္ခာပုဒ်ဖြင့် အကာလ သင်္ကန်းလျှာကို အလိုရှိက ခံယူပြီးလျှင် ဆယ်ရက်အတွင်း ချုပ်ရမည်။ မလောက်၍ ထားလိုက အ၀ိဋ္ဌာန်မတင် ၀ိကပ္ပနာမပြုဘဲ တလ ထားဒကာင်းသည်။တလထက် လွန်အောင်ထားသော် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်ခြင်းကို ပြ၏။

နိဒ္ဒိတ·ဘိက္ခုနာ။ ။ဤ၌ ဘိက္ခုနာလည်း သာမိအနက်၌ ကရိဏ်း၀ိဘတ်သကထားသည်ဟု သ။

အကာလစီ၀ရံ–ဥပ္ပဇ္ဇေယျ။ ။အညသ္မိံ ကာလေ ဒိန္နံ စီ၀ရံ အကာလစီ၀ရံ။ အ-သဒ္ဒါ အညဝါစက။ သင်္ကန်းကာလမှတပါးသော ကာလ၌ လှူအပ်သော သင်္ကန်းကို ရစေ။ ဤ၌ သင်္ကန်းကာလကား ကထိန်မခင်းသော် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်

ခြင်းငှါလောက်သော သက််နှ်းသည်။ နော စေ အဿ၊ အကယ်၍ မဖြစ်ငြားအံ့။ ပစ္စာသာယ၊ (သက််နှ်းလျှာပုဆိုး) ရနိုးခြင်းသည်။ သတိယာ၊– သော်။ဥနဿ၊ယုတ်သော သက််နှ်းကို။ ပါရိပူရိယာ၊ပြည့်စုံစေခြင်း အကျိုးငှါ။ ့်တေန ဘိက္ခုနော၊–သည်။ တံ စိဝရံ၊–ကို။မာသ ပရမံ၊ တလအတိုင်း အရှည်ရှိသော ကာလပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ ယော ဘိက္ခု၊ အကြင် ပလိဗောဓ ပြတ်ပြီးသော ရဟန်းသည်။ ပစ္စာသာယ၊–သည်။သတိယာပိ၊ ရှိသော်လည်း။ တံ၊ ထို မိမိ၏ အဘိရေကသက််နှ်းကို။ တတော၊ ထိုတလ အတိုင်းအရှည်ထက်။ ဥတ္တရိ၊ အလွန်။ စေ နိက္ခိပေယျ၊ အကယ်၍ ထားငြားအံ့။ တဿ ဘိက္ခုနော၊–အား။ နိဿဂ်ိယံ၊—သော။ ပါစိတ္တိယံ၊ —သည်။ ဟောတိ၊-၏။။

မုန်း လပြည့်နေ့အထိ တလသည့် သက််နှ်းကာလ မည်၏။ ကထိန်ခင်းသော် သီတင်းကျွတ် လပြည့်ကျော် ပရဂ််နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငါးလသည် သက််နှ်းကာလမ ်၏။ထိုသက််နှ်းကာလ၌ လှူဒါန်းသောသက််နှ်းကို ကာလသက််နှ်းခေါ်သည်။ သက််နှ်းကာလမှ ကြွင်းသော ကထိန်မခင်းသော် ဆယ့်တလ, ခင်းသော် ခုနှစ်လသည် အကာလမည်၏။ ထိုအကာလ၌ လှူအပ်သော သက််နှ်းကို အကာလ သက််နှ်း ခေါ်သည်။ သက််နှ်းကာလ အတွင်းပင် ဖြစ်စေကာမူ ဤသက််နှ်းသည် အကာလသက််နှ်းပါဟု ဆို၍ သံဃာအား ရည်စူး၍ လှူသော်ငှင်း, ဤသက််နှ်းကို အရှင်ဘုရားအား လှူပါ၏ဟုဆို၍ ပုဂ္ဂိုလ်အား လှူသော်ငှင်း ဤသက််နှ်းမျိုးသည်လည်း အကာလသက််နှ် မည်သေး၏ဟု သိ။

စောဒနာ, ဧသာဓနာ။ ။သက််နှ်းကာလ အတွင်း၌ လှူသည် ဖြစ်လျက် အဘယ့်ကြောင့် အကာလသက််နှ်းဟု ဆိုနိုင်ပါသနည်းဟု ဖေး။ အကာလသက််နှ်းနှင့်တူသောကြောင့် အတ္ထုဒ္ဓါရ၏ အစ္စမ်းဖြင့် ဆိုနိုင်သည်ဟု ဖြေ။ ။ခဲ့ဦးအံ့-ပိဋ္ဌိသမယ ဆယ့်တလ-ခုနစ်လတို့၌ ဖြစ်သော သက််နှ်းကို ဝါပ္ပ ထ-မထသော မျက်ရေမှောက် သံဃာအားလုံး ဝေဖန်၍ ယူခြင်းငှါ ရသောကြောင့် အကာလသက််နှ်းခေါ်သည်။ သက််နှ်းကာလ၌ သံဃာအား အကာလသက််နှ်းဟု မဆိုဘဲ သံဃာအား လှူပါ၏ဟုသာမည်ဆို၍ လှူအပ်သော သက််နှ်းသည် ဝါမှထသော ရ််နှ်းတို့သ ဝေဖန်ယူရသောကြောင့် ကာလသက််နှ်း ခေါ်သည်။ ဤ ရည်၍ လှူအပ်သော သက််နှ်းကား ဝါမှ ထ-မထသော သမ္မုခီဘူတ သံဃာအားလုံး ဝေဖန်၍ ယူရသောကြောင့် အကာလသက််နှ်းနှင့် ကုရကား အကာလသက််နှ်းပ ဆိုသည်။ ပုဂ္ဂိုလ်အား လှူသော သက််နှ်းသည်လည်း မည်သည့်ပုဂ္ဂိုလ်နှင့်မျှ မဝေဖန်ရသောကြောင့် အကာလ

သင်္ကန်းဟူ၍ ဆိုနိုင်သည်။ စင်စစ်ကား ပိဋ္ဌသမဟာဋ္ဌဖြစ်သော သင်္ကန်းသာ အကာလသင်္ကန်းဟု သိ။ ။ဥပဇ္ဈယျ ဟူသည် ဤအကာလသင်္ကန်းသည်သံဃာမှ မိမိအဘို့ရသည့်အစုမ်းဖြင့် ဖြစ်ခြင်း၊ ဉာတိတော်စပ်သူထံမှ, အဆွေခင်ပွန်းထံမှ ရသည့်အစုမ်းဖြင့် ဖြစ်ခြင်း၊ ပံသုကူလဖြင်း၊ မိမိ၏ အပ်သော ဥစ္စာဖြင့် ဖြစ်ခြင်းတို့ကို ဆိုသည်။

သင်္ကန်းဖြစ်ရာ မာတိကာရှစ်ပါး။ ။သိမ်အား လှူခြင်း (သိမ်ကို သုံးသပ်၍ လှူခြင်း)–သီမာယ ဒေတိ၊ တူသော **လာဘ်ရှိအောင်** ပြုထားသော ကတိကဝတ်အား လှူခြင်း–ကတိကာယ ဒေတိ၊ ဒါယကာ၏ စွန့်လှူခြင်းကို ပညတ်ရာ ကျောင်းအား လှူခြင်း–ဘိက္ခာပညတ္တိယာ ဒေတိ၊ သံဃာအား လှူခြင်း–သံဃဿ ဒေတိ၊ ဥဘတောသံဃာအား လှူခြင်း–ဥဘတောသံဃဿ ဒေတိ၊ ဝါကျတ်သော သံဃာအား လှူခြင်း–ဝဿံဝုဋ္ဌသံဃဿ ဒေတိ၊ ပိုင်းခြားရည်စူး၍ လှူခြင်း--အာဒိဘာ ဒေတိ၊ ပုဂ္ဂိုလ်အား လှူခြင်း–ပုဂ္ဂလဿ ဒေတိ၊ ဤရှစ်ပါးသော လှူခြင်းမျိုးတို့တွင် တမျိုးမျိုးဖြင့် လှူ၍ရခြင်းသည် ဥပဇ္ဈယျ မည်၏။

ဆောင်—သီမာ–ကတိကာ၊ ဘိက္ခာပညတ်၊ သံဃဿနှင့်၊ ဥဘတောသံဃ်၊
ဝဿံဝုဋ္ဌ၊ အာဒိဿ၊ ပုဂ္ဂလ ရှစ်မာတိ။

ထိုသင်္ကန်းဖြစ်ရာ မာတိကာ ရှစ်ပါးတို့တွင် သိမ်သည် ခဏ္ဍသိမ်, ဥပစာရသိမ်, သမာနသံဝါသကသိမ်, အဝိပ္ပဝါသသိမ်, လာဘသိမ်, ဂါမသိမ်, နဂရသိမ်, နိဂမသိမ်, အဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်, ဇနပဒသိမ်, ရဋ္ဌသိမ်, ရဇ္ဇသိမ်, ဒီပသိမ်, စက္ကဝါဠသိမ် အားဖြင့် တဆယ့်ငါးပါးပြား၏။ [အကျယ် အဋ္ဌကထာ၌ လာပြီ။]

ဆောင်—ခဏ်–ဥ–သမာ၊ အဝိပ်–လာ၊ ဂါမာ–နိ–နဂါ။
အဗ္ဘန်–ဥဒ၊ ဇ–ရဋ္ဌ၊ ရဇ္ဇ–ဒီ–စက္ကာ။
သိမ်မာတိကာ၊ လှူနေရာ၊ ဝိဘ်ဖြာ ဆယ့်ငါးလာ။

မာသပရမံ။ ။မိယတိ အန္တံ ကရောတီတိ မာသော။ သတ္တဝါတို့၏ အသက်ကို နှိုင်းယှဉ်ဘက်သို့ အဆုံးကို ပြုတတ်သော ရက်သုံးဆယ်ကို ရစေ။ ။မာသော ပရမံ ပမာဏံ ဧတဿာတိ မာသပရမံ။ တလ အတိုင်းအရှည်ရှိသော ထားခြင်းကို ရစေ။

၄-ပုရာဏစီဝရ

၄။ ယော ပန ဘိက္ခု၊-သည်။ အညာတိကာယ၊ အမျိုးမတော်သော။ ဘိက္ခုနိယာ၊-ကို။ ပုရာဏ စီဝရံ၊ ဟောင်းသော သင်္ကန်းကို။ ဓောဝိ-ပေယျ ဝါ၊ ဖွပ်သော်မူလည်း ဖွပ်လျှော်စေငြားအံ့။ ရဇာပေယျ ဝါ၊ ဆိုးမူလည်း ဆိုးစေငြားအံ့။ အာကောဋာပေယျ ဝါ၊ လက် စသည်ဖြင့် ပုတ်ခတ်မူလည်း ပုတ်ခတ်စေငြားအံ့။ တဿ ဘိက္ခုနော၊-အား။ နိဿဂ္ဂိယံ၊-သော။ ပါစိတ္တိယံ၊-သည်။ ဟောတိ၊-၏။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ အကာလသင်္ကန်းကို ခံယူပြီး၍ တလထက်အလွန် ထားသောဝတ္ထု။ သာ၊ အနာ၊ အကြွင်း ပထမကထိနသိက္ခာပုဒ်နှင့် တူပြီ။ အင်္ဂါကား-ပဌမ ကထိန၌ ဆယ်ရက်လွန်ခြင်းကို နှုတ်၍ တလ လွန်ခြင်းသာ ထူး၏။

ဆောင်—ပဌမကထိ၊ အင်ငါးရှိချက်၊ ဆယ်ရက်လွန်ပယ်၊ တလဆုယ်ထည့်၊ လဲတုံဘိ၊ တတိကထိနာ။

တတိယကထိနသိက္ခာပုဒ် ပြီး၏။

* မာသာတိက္ကန္တသိက္ခာပုဒ် ဟူ၍လည်း ဆိုသေး၏။

၄-ပုရာဏစီဝရ

ယော ပန ဘိက္ခု-ပါစိတ္တိယံ။ ။ကျွှ် သိက္ခာပုဒ်ဖြင့် အမျိုး မတော်သော ဘိက္ခုနီမအား ဖွပ်လျှော် ခိုင်းခြင်း စသည် မပြုအပ်သည်ကို ပြုခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်ကို ပြ၏။

အညာတိကာယ ဘိက္ခုနိယာ။ ။ဉာယတီတိ ဉာတိ။ကျွှ်သူကား ငါတို့၏ အမျိုး ဟု သိအပ်သော သူကို ရစေ။ ။ဉာတိဧဝ ဉာတိကာ။ က-ပစ္စည်း အနက်ထူး မရှိ သောတ္ထာ၊ တနည်း-ဉာတိတော ဘဝါတိ ဉာတိကာ။ အမျိုးမှ ဖြစ်သော သူကို ရစေ။ အမျိုးတော်စပ်သူ ဟူ၏။ ။ န ဉာတိကာ အညာတိကာ။ အမျိုးမတော်သူကို ရစေ။ ။ယော ပန ဘိက္ခု-ကား-ကာရိတ်ကတ္တာ၊ ကျွှ်ကတ္တာသည် ကြိယာကို မပြီးစေတတ်သော်လည်း တိုက်တွန်းကတ်သောကြောင့် ဥပစာအားဖြင့် ကတ္တာ မည်၏။ ဘိက္ခုနိယာ-ကား ကာရိတ်ကံ၊ ကျွှ်ကံသည် မုချအားဖြင့် ဓာတ်ကတ္တာဖြစ်သော်လည်း ဗျာပါရ တပါးကို ငဲ့ခြင်းကြောင့် ကတ္တာဟု မဆို။

အမျိုး ၇-ဆက်။ ။အဘာဘက်မှ–အဘ, အဘိုး, အဘေး, အဘီ, အဘင်, အဘောင်, အဘော၊ ဤ ခုနစ်ဆက်တည်း။ အမိဘက်မှ လည်း နည်းတူယူ၊ ဤ ခုနစ်ဆက်ကား အထက်သို့တက်၍ ယူသော ခုနစ်ဆက် တည်း။ အောက်သို့ သက်၍ ယူမူ သား, မြေး, မြစ်, တိတ်, ကျစ်, ကျစ်ဆက် တို့ကို ယူ။

ဆောင်—ဘ, ဘိုး, ဘေး, ဘီ၊ ဘင်, ဘောင်, ဘော၊ မှတ်လော ခုနစ်ဆက်၊ အထက်တက်။

အမိဘက်မှ၊ နည်းတူပြု၊ ယူရ သဘောသက်။

သား, မြေး, မြစ်, တီ, တိတ်, ကျစ်, ကျင်ဆက်၊ အောက်သို့သက်။

ဘိက္ခုနိယာဇရ။ ။သောကီဝင် မင်းသမီး ငါးရာတို့ကဲ့သို့ သက်သက် ရဟန်း သံဃာထံ၌ ဖြစ်စေ, ဥဘတော သံဃာထံ၌ ဖြစ်စေ, ရဟန်းပြုသော ဘိက္ခုနီမတို့ကို ယူ။

ပုရာဏစီဝရံ။ ။ပုရာဏ ကား အတိတ်ကာလကို ဟောသော ပါဠိပဒီကပုဒ်။ ပုရာဏော ဘဝံ ပေါရာဏံဟုန္တိလည်း ဆိုကြသေး၏။ ပုရာဏမေဝ စီဝရံ ပုရာဏ စီဝရံ။ ဝတ်ရုံလောက်သော ဟောင်းသော သင်္ကန်းကို ရစေ။

ဆောင်—ဝတ်ရုံလောက်မှ၊ စီဝရ၊ ယူရ ဤသိကွာ။

ဟောင်းသော သင်္ကန်းကား။ ။ဆိုး၍ ကပွပိန္ဒု ထိုး၍ တကြိမ်မျှ ဝတ်ရုံသော သင်္ကန်း, အယုတ်ဆုံး သုံးဆောင်ခြင်းကို အဦးပြု၍ ပခုံးပေါ်၌ ဖြစ်စေ, ဦးခေါင်းပေါ်၌ ဖြစ်စေ တင်၍ ယူသွားသော သင်္ကန်း, ခေါင်းအုံးပြု၍ အိပ်သော် သင်္ကန်းတို့ကို ခေါ်သည်။

ဓောဝါပေယျ။ ။ဖွပ်ခိုင်း၏ ဟူသည် ဤသင်္ကန်းကို ဖွပ်လိုက်ဟု နှုတ်မြွက်၍ ခိုင်းခြင်း, ကိုယ်ဖောက်ပြန်၍ ခိုင်းခြင်း, မိမိ၏ လက်ဖြင့် ဘိက္ခုနီမ၏ လက်၌ ပေးခြင်း, ဘိက္ခုနီမ၏ ခြေရင်း၌ ကားခြင်း, တဆယ့် နှစ်တောင်အတွင်း၌ ရပ်၍ အထက်သို့ မြောက်၍ ပစ်ပေးခြင်း, ကပါးသောသူ၏ လက်၌ ထား၍ ပေးခိုင်းခြင်းတို့ကို ဆိုသည်။ ဆိုးခိုင်းခြင်း, ပုတ်ခတ်စေခြင်း တို့၌လည်း နည်းတူသိ။

နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ဆိုအပ်ပြီးသော ဘိက္ခုနီမအား ဖွပ်ခိုင်းခြင်း စသည် ပြုသော ရဟန်း၊ သိက္ခမာန်, သာမဏေမ, ဥပါသိကာမ တို့၏ လက်၌ ထား၍ ဖွပ်ခိုင်းရာ၌ ထို သိက္ခမာန် စသည်တို့သည် ရဟန်းခံပြီးမှ ဖွပ်အံ့။ ဥပါသကာ, သာမဏေယောကျား၏ လက်၌ ပေးထား၍ ဖွပ်ခိုင်းရာ၌

၅-စီဝရပဋိဂုဟဏ

၅။ ယော ပန ဘိက္ခု၊-သည်။ပါရိဝတ္တကဝါးလဲလှယ်အပ်သော သင်္ကန်း ကို။ အညတြ၊-ရှိ။ အညာတိကာဃယ၊-ဖေသာ။ ဘိက္ခုနိယာ၊-၏။ ဟတ္ထ-တော၊ လက်မှ။[ထည့်] (အခွါပါဠိတော် ဟတ္ထတော ပုဒ် ပါရှိ၏)။ စီဝရံ၊ -ကို။ ပဋိဂ္ဂဏှေယျ၊ ခံယူငြားအံ့။ တဿ ဘိက္ခုနော၊-အား။ နိဿဂ္ဂိယံ၊ -သော။ ပါစိတ္တိယံ၊-သည်။ ဟောတိ၊-၏။

ထို ဥပါသကာ စသည်တို့ လိုင်ပြန်၍ ရဟန်းပြုပြီးမှ ဖွဲ့အံ့၊ ရဟန်းငယ်အား ဖွဲ့ခိုင်းရာ၌ ထို ရဟန်းငယ် လိုင်ပြန်ပြီးမှ ဖွဲ့အံ့၊ ထို ရဟန်းအား နိဿဂ္ဂိ-ပါစိတ်။....ဆိုးခိုင်းခြင်း, ပုတ်ခတ်စေခြင်း တို့၌လည်း နည်းတူ သိ။ (စွန့်ပုံ ပါဠိတော်၌ လာပြီ။)

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥဒါယိ၊ သင်္ကန်းဟောင်းကို ဖွဲ့ခိုင်းသော ဝတ္ထု။ အ၊ သာ၊ ဒုက္ကဋ်၊ အညာတိက၌ ဥတကသည်, ဝေမတိက အညာတကသည် ရဟန်းအား တိကပါစိတ်၊ အမျိုးတော်သော ဘိက္ခုနီမအား ဖွဲ့ခိုင်းရာ၌ အမျိုးတော်သော ဘိက္ခုနီမ၏ အဆွေဖြစ်သော အမျိုးမတော် သော ဘိက္ခုနီမ ဖွဲ့အံ့-အမျိုးမတော်သော ဘိက္ခုနီမ အလိုလို ယူဖွဲ့အံ့, သင်္ကန်းသစ်ကို ဖွဲ့ခိုင်းအံ့, သင်္ကန်းမှ တပါးသောပရိက္ခရာကို အမျိုးမတော်သော ဘိက္ခုနီမအား ဖွဲ့ခိုင်းအံ့, သိက္ခာမာန်-သာမဏေတို့ကို ဖွဲ့ခိုင်းအံ့, အနာပတ္တိ, ဥမ္မတ္တကရဟန်းစသည်တို့အား လည်းအနာပတ္တိ၊ သင်္ကန်းဟောင်းဖြစ်ခြင်း, တဆယ့် နှစ်တောင် ဥပစာရ်၌ တည်၍ အမျိုးတော်သော ဘိက္ခုနီမအား ဖွဲ့ခိုင်းခြင်း, ထို ဘိက္ခုနီမဖွဲ့ခြင်းစသည်၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် သဉ္စရိတ္တနှင့် တူပြီ။

ဆောင်—သင်္ကန်းဟောင်းဖြစ်၊ မျိုးစစ်မတော်၊ နီမ သော်စေ၊ဖွဲ့ဆိုးစေက၊ အင်္ဂသုံး၀၊ ညီက ပုရာဏာ။

ပုရာဏစီဝရသိက္ခာပုဒ် ပြီး၏။

* ဓောဝါပန သိက္ခာပုဒ်ဟူ၍လည်း ကခ်ါဆို၏။

၅-စီဝရပဋိဂ္ဂဟဏ

၅။ ယော ပန ဘိက္ခု-ပါစိတ္တိယံ။ ။ဤ သိက္ခာပုဒ်ဖြင့် အမျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ခံယူခြင်းဟု ဆိုအပ်သော မပြုအပ်သည်ကို ပြုခြင်း, လဲလှယ်ခြင်းဟု ဆိုအပ်သော ပြုအပ် သည်ကို မပြုခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်ကို ပြု၏။

စီဝရံ ပဋိဂ္ဂဏှေယျ။ ။စီဝရံ-ဖြင့် ဇာတ်အား ဖြင့် သင်္ကန်းခြောက်ထည်တို့တွင် အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော တထည်ထည်သော သင်္ကန်းယူ။

ဆောင်--ဝိကပ္ပန၊ လောက်ပါမှ၊ ယူရ စီဝရာ။

ပဋိဂ္ဂဏှေယျဟူသည်—လဲ၍ ယူခြင်းမျိုး မဟုတ်ဘဲ အလိုအလျောက် လာရောက်၍ဖြစ်စေ, တောင်း၍ဖြစ်စေ လှူသည်ကို ခံယူခြင်းကို ဆိုသည်။

အညတြ ပါရိဝတ္တကာ။ ။ပရိဝတ္တေတဗ္ဗန္တိ ပရိဝတ္တံ။ ပရိဝတ္တမေဝ ပါရိဝတ္တကံ။ လဲလှယ်အပ်သော သင်္ကန်းကို ရစေ။ အယုတ်ဆုံး ဆီးဖြူသီး, ရှစ်ရှားသီးပိုင်းမျှဖြင့် လဲလှယ်က လဲလှယ်သည် မည်၏။ ထိုသို့ လဲလှယ်ယူက အာပတ်မသင့်ဟု သိ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဥဒါယိ၊ သင်္ကန်းကို ခံယူသော ဝတ္ထု။ အညတြ ပါရိဝတ္တကာ-ကား – အနုပသမ္ပန်၊ အ၊ အ၊ ဒုက္ကဋ်၊ တိကပါစိတ်၊ ဝိဿာသဂ္ဂါဟ ယူ, တာဝကာလိက ယူ, သပိတ်အိပ် စသော အဓိဋ္ဌာန် ဝိကပ္ပနာမလောက်သော ပရိက္ခရာကို ယူရသော ရဟန်း, ဥမ္မတ္တက စသည်တို့အား အနာပတ္တိ။ ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း, လဲလှယ်ခြင်း၏ မရှိခြင်း, အမျိုးမတော်သော ဘိက္ခုနီမ၏လက်မှ ခံယူခြင်း၊ အင်္ဂါသုံးပါး။ သဉ္ဇာရိတ္တာ သမုဋ္ဌာန်၊ ကိရိယာ ကိရိယ၊ အကြွင်း စတုတ္ထသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဝိကပ်လောက်စီ၊လဲလှည်မရှိ၊အညာတိက၊နီလက်မှယူ၊အင်သုံးဆူ၊ ပြည့်မူစီဝရ ပဋိဂ္ဂဟာဏာ။

စီဝရပဋိဂ္ဂဟာဏသိက္ခာပုဒ် ပြီး၏။

၆-အညာတကဝိညတ္တိ

၆။ ယော ပန ဘိက္ခု၊-သည်။ အညာတကံ၊ သော။ ဂဟပတိ ဝါ၊ ဒါယကာသို့ဝင်း။ ဂဟပတာန် ဝါ၊ ဒါယိကာမသို့ဝင်း။ ဥပသင်္ကမိတ္တာ၊ ကပ်၍။ စီဝရံ၊-ကို။ ဝိညာပေယျ၊ မိမိအကျိုးငှါ ကိုယ်တိုင်တောင်းငြား အံ့။ ဝါ၊ သူ့ကို တောင်းစေငြားအံ့။ သမယာ၊ အခါကို။ အညတြ၊-၍။ တသာ ဘိက္ခုနော၊-အား။ နိဿဂ်ိယံ၊-သော။ ပါစိတ္တိယံ၊-သည်။ ဟောတိ၊ -၏။ ။တတ္ထ၊ ထိုသင်္ကန်းကို တောင်းရာ၌။ ဝါ၊ ထိုသိက္ခာပုဒ်၌။ အယံ၊ ဤဆိုလတ္တံ့သည်။ သမယော၊-တည်း။ ဘိက္ခု၊—သည်။ အစ္ဆိန္နစီဝရော ဝါ၊ မင်းစသည် လုအပ်သော သင်္ကန်းရှိသည်ဌင်း။ နဋ္ဌ စီဝရော ဝါ၊ (မီးလောင်ခြင်း စသည်ဖြင့်) ပျက်စီးသော သင်္ကန်းရှိသည်ဌင်း။ ဟောတိ၊-၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ထိုသင်္ကန်းကို တောင်းရာ၌။ ဝါ၊ ထိုသိက္ခာပုဒ်၌။ သမယော၊-တည်း။ [တနည်း-တတ္ထ၊-၏။ သမယော၊-တည်း။]

၆-အညာတကဝိညတ္တိ

ယော ပန ဘိက္ခု-ပါစိတ္တိယံ။ ။ဤ သိက္ခာပုဒ်ဖြင့် အမျိုးမတော်သော ဒကာ ဒကာမယံမှ သင်္ကန်းတောင်းခြင်းဟု ဆိုအပ်သော မပြုအပ်သည်ကို ပြုခြင်းကြောင့် နိဿဂ်ိပါစိတ် အာပတ်သင့်သည်ကို ပြ၏။ ဂဟပတိ ဝါ ဂဟပတာန် ဝါ။ ။ဂေဟဿ ပတိ ဂဟပတိ။ အိမ်၏ အရှင် အကြီး အကဲဖြစ်သော လူကိုရ၏။ ရှင်ရဟန်းမှတပါး သော လူကိုယူ။ ဂဟပတာနိ ကိုလည်း နည်းတူသိ၊ ဣတ္ထိလိင်ဖြစ်သည်သာ ထူး၏။ ဘိက္ခုနီ, သိက္ခမာန်, သာမဏေအမတ္တံမှ တပါးသော လူမိန်းမကိုယူ။

[နောက်-ဂဟပတိ-ဂဟပတာနိတို့ကို ဝတ္ထုရာ၌ နည်းတူသိ။]

ဆောင်—ရှင်ရဟန်းမှ၊ တပါးမျှ၊ ယူရ၊ ဂဟပတိ။
နို်-သိက်-သာမှ၊ ကြွင်းမိန်းမ၊ ဂဟပတာနိ။
ဂဟပတိစပ်၊ နည်းတူပုတ်၊ တပ်အပ် သိစေဘိ။

စီဝရံ ဝိညာဒေယျ။ ။စီဝရ-အရ စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်အတိုင်း သိ။ ဝိညာ-ပေယျ-ကား-ဝိဓေးရှိသော ဉာဓာတ် ဏာပေပစ္စည်းဖြစ်၍ "သိစေငြားအံ့" ဟု အနက်ထွက်၏။ သိစေဟူသည် မိမိအလိုရှိရင်ကြောင်းကို သိစေမြင်းပင်တည်း။ မိမိ အလိုရှိရင်းကို သိစေရာ၌ ကိုယ်တိုင်သိစေခြင်း, သူတပါးကို သိစေခြင်းနှစ်မျိုးနှင့် ဆက်ဆံခြင်းကြောင့် ဝိညာပေယျကို "ယာစေး

ယျ ဝါ-ယာစာပေယျ ဝါ” ဟု အဋ္ဌကထာ၌ နှစ်ချက်ဖွင့်သည်။ ထို့ကြောင့် “ကိုယ်တိုင် တောင်းငြားအံ့, သူတပါးကိုလည်း တောင်းစေငြားအံ့” ဟု အနက်ပေးလိုက်သည်။

အစ္ဆိန္န-နဋ္ဌစီဝရော ဝါ။ ။အစ္ဆိန္နံ စီဝရံ ဇေဿာတိ အစ္ဆိန္နစီဝရော။ မင်းစသော သူတို့သည် လုယက်အပ်သော သက်နှံးရှိသော ရဟန်းကို ရစေ။ နဋ္ဌံ စီဝရံ ဇေဿာတိ နဋ္ဌစီဝရော။ မီးလောင်, ခြစား, ကြွက်ကိုက်ခြင်း စသည်ဖြင့် ပျက်စီးသော သက်နှံးရှိသော ရဟန်းကိုရစေ။ ထိုရဟန်း နှစ်မျိုးကား အမျိုးမတော် မဖိတ်ထားသော ဒကာ, ဒကာမများထံ တောင်းကောင်းသည်။ အမျိုးတော်သူ ဖိတ်ထားသူတို့၏ အထံ၌ကား ဆိုဖွယ်မရှိ။ သို့သော် သံဃာ၏အစုမ်းဖြင့် ဖိတ်ထားရာ၌ ပမာဏကြည့်၍ တောင်းရသည်။ အိမ်သို့ကြွရောက်ရန် ဖိတ်ရာ၌ အိမ်သို့ကြွရောက်၍ ချမ်းသာသလို အိပ်ကောင်း ထိုင်ကောင်းသည်။ တစုံတခုကို မတောင်းကောင်း။ အိမ်၌ရှိသောပစ္စည်းကို ဖိတ်ရာ၌ အပ်သောပစ္စည်းကိုသာ တောင်းကောင်းသည်။ အိမ်၌ ထိုင်ခြင်း အိပ်ခြင်းငှါ မအပ်။ ဖိတ်ကြားထားသော်လည်း အကြည်ညိုပျက်၍ မပေးလိုသော် အပ္ပဝါရိတအရာ၌ တည်ရကား-မတောင်းကောင်းဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ သက်နှံးတောင်းသော ဝတ္ထု။ အညတြ သမယ-ကား အနုပညတ်။ သာ၊ အနာ၊ တိကပါစိတ်၊ ဒုက္ကဋ်။ အခါ၌ဌင်း, ဉာတက ပဝါရိတထံ၌ဌင်း တောင်းသောရဟန်း, တပါးဓသာရဟန်း၏ ဉာတကပဝါရိတထံ၌ ဦးထိုရဟန်း၏အကျိုးငှါ တောင်းပေးသောရဟန်း, မိမိအပ်သောပစ္စည်းဖြင့် ယူသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဝိကပ္ပနာလောက်သော သက်နှံးဖြစ်ခြင်း, အခါမဟုတ်ခြင်း, အညာတက အပ္ပဝါရိတထံ တောင်းခြင်း, တောင်းသဖြင့် ရခြင်း၊ အင်္ဂါလေးပါး။

သမုဋ္ဌာန်စသည် စတုတ္ထသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဝိလောက် စီဝရ၊ အခါမလျော်၊ မျိုးမတော်တောင်း၊ ရခြင်း ပေါင်းပါ၊ အင်းလေးဖြာ၊ အညာတကဝိ။

အညာတက ဝိညတ္တိသိက္ခာပုဒ် ပြီး၏။

၃-တတုတ္ထရီ

၃။ အညာတကော၊-သော။ ဂဟပတိ ဝါ၊-သည်၎င်း။ ဂဟပတာနီ ဝါ၊-သည်၎င်း။ တံ၊ ထို လုယူအပ်သော သင်္ကန်းရှိသော ရဟန်း, ပျက်စီးသော သင်္ကန်းရှိသော ရဟန်းကို။ ဗဟူဟိ၊ များစွာကုန်သော။ စီဝရေဟိ၊-တို့ဖြင့်။ အဘိဟဋ္ဌုံ၊ ရွေးနှုတ်ဆောင်ခြင်းငှါ။ ဝါ၊-၍။...[အဘိဟဋ္ဌုံဟူ၍လည်း ပါဠိရှိ၏။ အနက်တူပြီ။] စေ့ပဝါရေယျ၊ အကယ်၍ အလိုရှိစေခြင်းအံ့။ ဝါ၊ အကယ်၍ ဖိတ်ခြင်းအံ့။ တေန ဘိက္ခုနာ၊-သည်။ တတော၊ ထို့ရွေးနှုတ်ဆောင်အပ်သောသင်္ကန်းမှ။ သန္တရုတ္တရ ပရမံ၊ သင်းပိုင်နှင့်တကွ ကိုယ်ဝတ် အလွန်ဆုံး အပိုင်းအခြားရှိသော။ ¦ စီဝရံ၊-ကို။ သာဒိတဗ္ဗံ၊ သာယာအပ်၏။ ဝါ၊ယူအပ်၏။ ယော ပန ဘိက္ခု၊-သည်။ တတော၊ထိုသင်းပိုင်နှင့်တကွ ကိုယ်ဝတ် အပိုင်းအခြားရှိသော သင်္ကန်းထက်။ ဥတ္တရိ၊ အလွန်။ စေ သာဒိ-ယေယျ၊ အကယ်၍ သာယာခြင်းအံ့။ ဝါ၊ အကယ်၍ ယူခြင်းအံ့။ တဿ ဘိက္ခုနော၊- အာ၊း။ နိဿဂ္ဂိယံ၊- သော။ ပါစိတ္တိယံ၊-သည်။ ဟောတိ၊ -၏။

၃-တတုတ္ထရီ

တဉ္စေ အညာတကော-ပါစိတ္တိယံ။ ။ကြ် သိက္ခာပုဒ်ဖြင့် အစ္ဆိန္နစီဝရ, နဋ္ဌစီဝရ ရဟန်းမျိုးကို အမျိုးမတော် မဖိတ်ထားသူ တို့က သိ၍ များစွာသော သင်္ကန်းတို့ဖြင့် ဖိတ်ကြားသော် သင်းပိုင် ကိုယ်ဝတ် ထက် အလွန်ယူခြင်း မပြုအပ်သည်ကို ယူခြင်း ပြုသောကြောင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်ကို ပြ၏။

အဘိဟဋ္ဌုံ ပဝါရေယျ။ ။ကြ်အဘိဟဋ္ဌုံဍ် အာဘိ-ကား ဓာတ္ဝတ္ထာနုဝတ္တိက။ ဟရ-ကား ဆောင်ခြင်းအနက်ဟော၊ ဆောင်ခြင်းဟူသည် ယူခြင်းပင်ဟည်း။ ပဝါရေယျဍ် ဝါရ-သဒ္ဒါ အလိုရှိခြင်းအနက်ဍ် ဖြစ်၏။ ဒကာကဖြစ်စေ ဒကာမကဖြစ်စေ သင်္ကန်းဖြင့် အလိုရှိသလောက် ယူတော်မူပါဟု ဖိတ်ကြားခြင်း အဓိပ္ပါယ်ကို သိ။....တနည်း အာဘိ-ကား အာဘိမုခအနက်ဟော၊ ဟဋ္ဌုံ-ဍ် ဟရ-ဓာတ် တွာ-ပစ္စည်းကို တုံ-ပြု၍ ၎င်းတုံ-ကိုပင် ဋ္ဌုံ-ပြု၍ ရ-ကို ချေ၍ ဟဋ္ဌုံ-ဟု ရှုပ်ပြီးသည်။

[အဘိဟဋ္ဌုံ ဟူ၍လည်း အချို ပါဠိရှိ၏၊ ရူပသိဒ္ဓိနှင့် ညီသည်။]

ကြ်အလို အဝတ်ပုဆိုးတို့ကို ဆောင်ယူခဲ့၍ ခြေရင်းဍ်ထား၍ အလိုရှိသလောက် ယူပါဟု ဖိတ်ခြင်း (ကြ်ကား ကာယဘိဟာရ)။ တပည့်တော်တို့၏ ပုဆိုးတို်က်မှ အလိုရှိသလောက် ယူပါဟု(ကြ်ကား ဝါစာဘိဟာရ)ဖိတ်ခြင်းမျိုးတို့ကို ဆိုသည်။

ဆောင်— ကာယ, ဝါစာ၊ ဘိဟာရာ၊ နှစ်ဖြာ ဖိတ်ပုံပြား။

သန္ထရုတ္တရပရမံ-တတော စီဝရံ သာဒိတဗ္ဗံ။ ။ကြိသန္ထရုတ္တရပရမံဒွိ သဟ-ပုဒ်, အန္တရ-ပုဒ်, ဥတ္တရ-ပုဒ်, ပရမ-ပုဒ် အားဖြင့် လေးပုဒ်တည်း၊ သဟ-ကား တကွ အနက်ဟောသော နိပါတ်။ အန္တရ-ကား အလယ်ဟူသော အနက်ကို ဟောသောနာမ်ပုဒ်။ ဝသနသီလောတိ ဝါသ-ကော၊ အန္တရေ ဝါသကော အန္တရဝါသကော။ အလယ်ဖြစ်သော ကိုယ်အရပ်၌ ဝတ်အပ်သော သင်းပိုင်ကို ရစေ။ ကြိ၌ အန္တရဝါသကဟု ဆိုအပ်လျက် ဝါသက ဟူသော နောက်ပုဒ် ကျေနေသည်။ သဟ အန္တံရေန ယံ ဝတ္တတိတိ သန္ထရုံ။ သင်းပိုင်နှင့်တကွသော ကိုယ်ရုံသက်န်းကိုရစေ။ ဥတ္တရသ္မိံ အာသင္ဇတိတိ ဥတ္တရာ-သင်္ဂေါ။ အထက်ဖြစ်သော ကိုယ်အဘို၌ ကပ်ငြိသော ကေစီကိုရစေ။ ကြိ၌လည်း နောက်ပုဒ်ကျေ၍ ဥတ္တရဟု ဖြစ်သည်။ပရမ-သဒ္ဒါ ဥက္ကဋ္ဌ ပရိစ္ဆေဒ ဝါစကတည်း။ သန္ထရ ဥတ္တရ ပရမ အာသာတ သန္ထရုတ္တရပရမ။ သင်းပိုင်နှင့်တကွ ကိုယ်ရုံ အလွန်ဆုံး အပိုင်းအခြားရှိသော သက်န်းနှစ်ထည်ကို ရစေ။

တတော စီဝရံ သာဒိတဗ္ဗံ-ကား ဒကာတို့ ရွှေရှုဆောင်အပ်သော သက်န်း အမျှားမှ သင်းပိုင်နှင့်ကိုယ်ရုံ နှစ်ထည်သာ ယူရမည်။ ထိုထက်အလွန် မယူရဟူ၏။ ယူရပုံ–သုံးထည်သာရှိ၍ သုံးထည်စလုံး ပျောက်က ဝတ်လောက်, ရုံလောက်ရုံ နှစ်ထည်သာ ယူ။ နှစ်ထည်ပျောက်က တထည်သာ ယူ။ တထည်ပျောက်က တထည်မျှ မယူရဟု သိ။ သက်န်း နှစ်ထည်သာရှိ၍ နှစ်ထည်စလုံးပျောက်က နှစ်ထည်ယူ။ တထည်ပျောက်က တထည်ယူ။ တထည်သာ ရှိ၍ ပျောက်အံ့ နှစ်ထည်ယူ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ များစွာသော သက်န်းတို့ကို တောင်းသော ဝတ္ထု။ သာ၊ အနာ၊ တိကပါစိတ်၊ ဒုက္ကဋ်။ သက်န်းနှစ်ထည် ချုပ်ရာ၌ အကြွင်းပြန်ပေးအံ့ဟု ယူသော ရဟန်း, အကြွင်းသည် အရှင်ဘုရား အား၊သာ ဖြစ်ပါစေတော့ဟု ဆိုသောကြောင့် ယူသောရဟန်း, သဒ္ဓါထက်၍ သက်သက်လှူသည်ကို ယူသောရဟန်း, ဥာတက ပဝါရိတထံ၌ တောင်းသော ရဟန်း, မိမိအပ်သော ဥစ္စာဖြင့် ယူသောရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ သင်းပိုင်-ကိုယ်ရုံထက် လွန်ခြင်း, လုယက်ခြင်းစသော အကြောင်း ရှိခြင်း, အမျိုးမတော်သူထံ တောင်းခြင်း, တောင်းသဖြင့်ရခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် စတုတ္ထသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဒွိစုံ့ထက်တက်၊ လုယက်စကြောင်း၊ မျိုးမတော် တောင်းနှင့်၊ ရခြင်းပေါင်းဘီ၊ အင်္ဂလေးရှိ၊ တတုတ္တရိတည်း။

တတုတ္တရိ သိက္ခာပုဒ်ပြီး၏။

စကားဒီ ၁—ပ-မ-လ-စ

၈–ပထမ ဥပက္ခဋ္ဌ

၈။ ယံ ဘိက္ခုံ ပနေဝ၊ အကြင် ရဟန်းကို။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍ အညာတကဿ၊ –သော။ ဂဟဏတိဿ ဝါ၊ –သည်၎င်း။ ပဟာဏာနိယာ ဝါ၊ –သည့်၎င်း။ စီဝရ စေတာပန္နံ (အသပြာစသော) သင်္ကန်းဘိုးသည်။ ဥပက္ခဋ္ဌံ၊ စုဆောင်းထားအပ်သည်။ ဝါ၊ စီရင်အပ်သည်။ ဟောတိ၊–၏။ ဥပက္ခဋ္ဌံ၊–သည်။ ကိံ ဟောတိ၊–နည်း။ ဣမိနာ စီဝရစေတာပန္နေန၊–ဖြင့်။ စီဝရံ၊–ကို။ စေတာပေတွာ၊ ဝယ်၍။ ဣတ္ထန္နာမံ၊ ဤသို့သော အမည်ရှိသော။ ဘိက္ခုံ၊–ကို။ ဝါ၊–အား။ စီဝရေန၊–ဖြင့်။ အစ္ဆာဒေဿာမိ၊ ဖုံးလွှမ်းအံ့။ ဝါ၊ လှူအံ့။ ဣတိ၊–သို့။ ဥပက္ခဋ္ဌံ၊–သည်။ ဟောတိ၊–၏။ တတြ၊ ထိုဒါယကာ ဒါယိကာမတို့ ရှိရာအရပ်သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။သော ဘိက္ခု၊–သည်။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဝါရိတော၊ မဖိတ်ကြား သည်။ဟုတွာ၊–၍။ စီဝရေ၊–၌။ ဝိကပ္ပံ၊ အထူးစီရင်ခြင်းသို့။ဝါ၊ အလွန်

၈–ပထမ ဥပက္ခဋ္ဌ

ဘိက္ခုံ ပနေဝ–ပါစိတ္တိယံ။ ။ဤ သိက္ခာပုဒ်ဖြင့် ဥာတိပဝါရိတ မဟုတ်သော ဒကာ ဒကာမများက ရဟန်းတပါးကို ရည်စူး၍ သင်္ကန်းဝယ်ရန် သင်္ကန်းဘိုး စုဆောင်းထားရာ ရဟန်းက သိ၍ အလှူရှင်ထံ သွားပြီး ပင်ကိုယ် စုဆောင်းထားသော သင်္ကန်းဘိုးထက် ပိုလွန်အောင် စီရင်၍ သင်္ကန်းရသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်ကို ပြ၏။

ဘိက္ခုံ ပနေဝ ဥဒ္ဒဿ။ ။ပနဲနှင့် ဝေတို့ကား နိပါတ်ပုဒ်များသာ၊ **အနက်ထူး** မရှိ။ ဥဒ္ဒိဿဖြင့် ဤမည်သော ရဟန်းအား သင်္ကန်း လှူအံ့ဟု အာရုံပြုထားသည်။ ရည်စူးထားသည်ကို ပြသည်။

အညာတကဿ ဂဟပတိဿ။ ။ဤဂဟပတိဿကို ဥပက္ခဋ္ဌံ၌စပ်၊ ယင်း ဥပက္ခဋ္ဌံ၏ ကတ္တားရိုးရိုး မရှိသောကြောင့် ၎င်းကိုပင် ကတ္တားလုပ်၍ အနက်ပေးလိုက်သည်။ ဂဟပတာနိယာလည်း နည်းတူ။

စီဝရစေတာပန္နံ ဥပက္ခဋ္ဌံ။ ။စီဝရံ စေတာပေန္တိ ပရိဝတ္တေန္တိ ဝေတနာတိ စီဝရ စေတာပန္နံ။ သင်္ကန်းကို ဝယ်စေကြောင်း ဖြစ်သော အကပ်ဝယ် ကပ်ဝယ် သင်္ကန်းဘိုးကို ရစေ။ စီတိ-ဓာတ် ကာပေ-ပစ္စည်း-ယု-ပစ္စည်း နှ-အက္ခရာတလုံး အပိုလာထားသည်။ ။ဥပ သံဟရိတွာ ကရိတဗ္ဗံ ထင်ပေတဗ္ဗန္တိ ဥပက္ခဋ္ဌံ။ စုဆောင်းထားအပ်သော သင်္ကန်းဘိုးကို ရစေ။

စီရင်ခြင်းသို့။ စေ အာပတ္တေယျ၊ အကယ်၍ ရောက်ငြားအံ့။ ဝိကပ္ပံ၊–သို့။ ကိံ အာပတ္တေယျ၊–နည်း။အာယသ္မာ၊ ဒါယကာ။ သာဓု၊ တောင်းပန်၏။ ဝတာ၊ ကြံအောက်မေ့လော့။ ဝါ၊ စင်စစ်အားဖြင့်။ မံ၊ ငါ့ကို။ ဣမိ-နာ စီဝရ စေတာပန္နေန၊–ဖြင့်။ဝေ ရူပံဝါ ဝေရူပံဝါ၊ဤသို့ ဤသို့(အလျား ရှည်ခြင်းစသည်တို့တွင် တပါးပါးသော) သဘောရှိသည်လည်း ဖြစ်သော။ စီဝရံ၊–ကို။ စေတာပေတ္ဝာ၊ ဝယ်၍။အစ္ဆာဒေဟိ၊ လှူလော့။ ဣတိ၊–သို့။ ကလျာဏ ကမ္မတံ၊ ကောင်းသည်ကို အလိုရှိသည်၏ အဖြစ်ကို။ ဥပါ-ဒါယ၊ (စိတ်ဖြင့်) ယူ၍။ ဝိကပ္ပံ၊–သို့။ အာပတ္တေယျ၊–အံ့။ တဿ ဘိက္ခု-နော၊–အား။ နိဿဂ္ဂိယံ၊ –သော။ ပါစိတ္တိယံ၊–သည်။ ဟောတိ၊–၏။

ဣမိနာ–အစ္ဆာဒေဿာမိ။ ။ဤဝါကျကား တို့စုဆောင်းထားသော သင်္ကန်း ဘိုးဖြင့် သင်္ကန်းဝယ်၍ ဤမည်သော ရဟန်း အား လှူမည်ဟု လှူမည့်ရဟန်းကို ထုတ်ဖော်ပြောပုံ အခြင်းအရာကို ပြသည်။

စေတာပေတ္ဝာကား ပရိဝတ္တန အနက်ဟော၊ ပရိဝတ္တန–လဲလှယ်ခြင်းဟူသည် မပြုအပ်သေးသော သင်္ကန်းကို ပြုစေခြင်း, ပြုပြီးသားသင်္ကန်းကို ဝယ်ယူခြင်းကို ဆိုသည်။

ဣတ္ထံ ဧဝံ နာမံ ယဿာတိ ဣတ္ထန္နာမော။ ဤအမည်ရှိသော ရည်မှန်းထား သော ရဟန်းကို ရစေ။

အစ္ဆာဒေဿာမိ-ကား ထိုစဉ်အခါက သင်္ကန်းလှူရာ၌ သုံးသော စကား တည်း။ ထို့ကြောင့် လှူအံ့ဟူသော အရာ၌ ဖုံးလွှမ်းအံ့ဟု ဝေါဟာရသို့ လိုက်၍ သုံးစွဲထားသော စကား ဖြစ်သည်။

တတြ စေ့ဿော–အပ္ပဝါရိတော။ ။တတြ-ကား ကမ္မတ္ထ နိဒ္ဒေသတည်း။ပုဗ္ဗေ အပ္ပဝါရိတောဖြင့် တပည့်တော် အရှင် ဘုရားအား သင်္ကန်းလှူပါအံ့၊ အရှင်ဘုရားသည် အဘယ်သင်္ကန်းမျိုးကို အလို ရှိပါသနည်း, အဘယ်သို့သော သင်္ကန်းမျိုးကို ဝယ်လှူရပါအံ့နည်းဟု ရှေးအဘို့ ၌ မေးမြန်း လျှောက်ထားခြင်းကို ဆိုသည်။

[ရှေးအဘို့၌ မဖိတ်ကြားခြင်းကြောင့် ထိုဓာတ်၌ ဖိတ်ကြားသော် လည်း ဖိတ်ရာမရောက်ဟု ဆို၏]။

ဝိကပ်ံ အာပဇ္ဇေယျ။ ။ဝိသိဇ္ဇော ကပ္ပေါ ဝိကပ္ပေါ။ ဝိသဒ္ဒါ ဝိသိဋ္ဌအနက် ဟော။ မူလ ရည်စူးထားသော သက်နှံးထက် အလျှား ရှည်ခြင်း အနံပြန့်ခြင်း ချောမွေ့ခြင်း စသည်ဖြစ်အောင် စီရင်ခြင်းကို ရစေ။ ဤ ဝိကပ်ံ အာပဇ္ဇေယျဖြင့် မူလ စီရင်ထားသော သက်နှံးဘိုးထက် လွန်အောင် စီရင်ခြင်းသို့ ရောက်ခြင်းကို ပြသည်။

သာဓု ဝတ မံ–အစ္ဆာဒေဟိ။ ။ဤဝါကျ-ကား ရဟန်းက အထူးစီရင်ပုံ အခြင်း အရာကို ပြသည်။ သာဓု-ကား အာယာစန အနက်၌ နိပါတ်ပုဒ်။ ဝတ-ကား ကြံခြင်းအနက်၌ နိပါတ်ပုဒ်။ တနည်း–ဇကန္တ အနက်၌ နိပါတ်ပုဒ်။ အာယသ္မာ·ကား အာလုပ်ပုဒ်။ ထိုပုဒ်ဖြင့် သက်နှံးဒကာကို ချီးမြှောက်၍ ခေါ်သည်။

ဝေရှုပ်ဝါ ဝေရှုပ်ဝါ-ကား ဝိစ္ဆာ၊ အလျှားရှည်ခြင်း အနံပြန့်ခြင်း ထူထဲခြင်း သိမ်မွေ့ခြင်းတို့တွင် တခုခုကို ဆိုလိုသည်။ ဤပုဒ်ဖြင့် သက်နှံးဘိုး၏ တိုးပွါးခြင်းကို ပြသည်။ သက်နှံးဘိုး တိုးပွါးမှု အာပတ် သင့်၏။ ပမာဏ တိုးပွါးခြင်းကို မပြဟု သိ။ ပမာဏ တိုးပွါးသော်လည်း အဘိုးတူဖြစ်မှု အာပတ် မသင့်၊ အဘိုးနည်းသွားမူလည်း အာပတ်မသင့်ဟု မှတ်။

ဆောင်—အဘိုးတိုးပွါး၊ စီရင်ငြား၊ မှတ်သား အာပတ္တိ။
အဘိုးနဲ့တူ၊ စီရင်မူ၊ မှတ်ယူ နာပတ္တိ။
ပမာဏကား၊ လိုရင်းတား၊ မှတ်သား မရှိဘိ။

ကလျာဏ ကမျတံ ဥပါဒါယ။ ။ကလိတဗ္ဗံ သခ်္ခါတဗ္ဗန္တိ ကလျာဏံ။ကောင်းသည်ဟု ရေတွက်အပ်သော သက်နှံးကို ရစေ။ ။ကလျာဏံ ကာမေတီတိ ကလျာဏကာမော။ ကောင်းသော သက်နှံးကို အလိုရှိသော ရဟန်းကို ရစေ။ ။ကလျာဏကာမဿ ဘာဝေါ ကလျာဏကာမံ။ သုတ်ကြိုးဖြင့် ကာ-၌ အာ-ကို ရဿပြု။ ။ကလျာဏ ကမံ၀ေ ကလျာဏကမျတာ။ တာ-ပစ္စည်း အနက် မရှိ သောတ္ထ။ သက်နှံးကောင်းကို အလိုရှိသော သူ၏ ဖြစ်ကြောင်း လောဘ ပြခေနှံးသော အကုသိုလ်စိတ္တာ၂ပါဒ်ကို ရစေ။

နှိဒါန်းစသည်။ ။သာ၀တ္ထိ၊ ဥပနန္ဒ၊ သက်နှံး၌ အထူးစီရင်ခြင်းသို့ ရောက်သော ဝတ္ထု။ သာ၊ အနာ၊ တိကပါဋိတ်၊ ဒုက္ကဋ်။ အဘိုးမျှားစွာထိုက်ခဲသာ သက်နှံးကို ဝယ်လိုသော ဒကာကို အဘိုးအနည်းငယ်ထိုက်သော သက်နှံ ကို ဝယ်ခိုင်းသော ရဟန်း, ထိုအဘိုး အတိုင်းသာ တပါးသော သက်နှံးကို လှူခိုင်းသော ရဟန်း, ဉာတက ပ၀ါရိတထံ တောင်းသော ရဟန်း, မိမိအပ်သော ဥစ္စာဖြင့် ဝယ်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား

၉–ဒုတိယ ဥပက္ခဋ္ဌ

၉။ ယံ ဘိက္ခုံ ပနေဝ၊–ကို။ ဥဒ္ဒိဿ၊–၍။ ဥဘိန္နံ၊ နှစ်ဦးကုန်သော" အညာတကာနံ၊–ကုန်သော။ ဂဟပတိနံ ဝါ၊–တို့သည်၎င်း။ ဂဟပတာနိနံ ဝါ၊–တို့သည်၎င်း။ ပစ္စေက စီဝရ စေတာပန္နာနံ၊ အသီးအသီး (မှတ်အပ်) ကုန်သော သင်္ဃန်းဘိုးတို့ကို။ ဥပက္ခဋ္ဌာနံ၊–ကုန်သည်။ ဟောန္တိ၊–ကုန်၏။ ဥပက္ခဋ္ဌာနိ၊–ကုန်သည်။ ကိံ ဟောန္တိ၊–ကုန်သနည်း။ မယံ၊ ငါတို့သည်။ ဣမေဟိ ပစ္စေက စီဝရ စေတာပန္နေဟိ၊–တို့ဖြင့်။ပစ္စေက စီဝရာနံ၊ အသီးအသီးကုန်သော သင်္ဃန်းတို့ကို။ စေတာပေတ္ဝာ၊–၍။ ဣတ္ထန္နာမံ၊–သော။ ဘိက္ခုံ၊–ကို။ စီဝရေဟိ၊–တို့ဖြင့်။ အစ္ဆာဒေဿာမ၊–ကုန်အံ့။ ဣတိ၊–သို့။ ဥပက္ခဋ္ဌာနိ၊–ကုန်သည်။ ဟောန္တိ၊–ကုန်၏။ တတြ၊ ထိုဒါယကာ ဒါယိကာမတို့ ရှိရာအရပ်တို့သို့။ ဥပသင်္ကမိတ္ဝာ၊–၍။ သော ဘိက္ခု၊-သည်။ပုဗ္ဗေ၊–၌။ အပ္ပဝါရိတော၊–သည်။ ဟုတ္ဝာ၊–၍။ စီဝရေ၊–၌။ ဝိကပ္ပံ၊–သို့။စေ အာဝုဇ္ဇေယျ၊–အံ့။ဝိကပ္ပံ၊–သို့။ကိံ အာဝုဇ္ဇေယျ၊–နည်း။ အာယသ္မာ၊ ဒါယကာတို့။ သာဓု၊–၏။ ဝတ၊–ကုန်လော့။ မံ၊ငါ့ကို။ ဣမေဟိ ပစ္စေက စီဝရ စေတာပန္နေဟိ၊–တို့ဖြင့်။ဝေဿပံ ဝါ-ဝေဿပံ ဝါ၊–သော။ စီဝရံ၊–ကို။ စေတာပေတ္ဝာ၊–၍။ သန္တော၊ သူတော်ကောင်းဖြစ်ကုန်သော။ ဥဘော၀၊နှစ်ဦးသောသူတို့သည်သာလျှင်။ ဧကေန၊တပေါင်းတည်း။ဟုတ္ဝာ၊–ကုန်၍။အစ္ဆာဒေထ၊–ကုန်လော့။ဣတိ၊–သို့။ ကလျာဏ ကမျှတ်၊–ကို။ ဥပါဒါယ၊–၍။ ဝိကပ္ပံ၊–သို့။ အာဝုဇ္ဇေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။နိဿဂ္ဂိယံ၊–သော။ ပါစိတ္တိယံ၊–သည်။ဟောတိ၊–၏။

အနာပတ္တိ။ သင်္ဃန်း၌ အဘိုးလွန်စေလိုခြင်း, အမျိုးမတော်သူထံ တောင်းခြင်း, တောင်းသဖြင့် ရခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် စတုတ္ထသိက္ခာပုဒ်နှင့်တူပြီ။

ဆောင်—အဘိုးလွန်သော်၊ ဆွမတော်တောင်း၊ ရခြင်းပေါင်းက၊ အင်္ဂ သုံး၀၊ သင့်ထ ဥပက္ခဋ္ဌာ။

ပထမ ဥပက္ခဋ္ဌ သိက္ခာပုဒ် ပြီး၏။

၉–ဒုတိယ ဥပက္ခဋ္ဌ

ပစ္စေကစီဝရစေတာပန္နာနံ။ ။ဤ၌ ပစ္စေကကို ပတိ·ကေဟု ပုဒ်ဖြတ်။ ပတိ·သဒ္ဒါကေသဒ္ဒါဘို့သည် ဝိသုံဟူသောပုဒ်နှင့် အနက်

၁၀-စီဝရစေတာပန္ဒ

၁၀။ ယံ ဘိက္ခုံ ပနေဝ၊–ကို။ ဥဒ္ဒိဿ၊–၍။ ရာဇာဝါ၊ မင်းသည်၎င်း။ ရာဇဘောဂ္ဂေါ ဝါ၊ (မင်းထံမှ ရအပ်သော ခံစားအပ်သော စည်းစိမ်ရှိသော) မင်း၏အမတ်သည်၎င်း။....[ရာဇဘောဂေါ ဟူ၍လည်း အချို့ပါဠိ ရှိ၏။ "မင်းသည် ပေးအပ်သော အစိုးရခြင်းရှိသော မင်း၏ အမတ်သည်" ဟု အနက်ပေး]။ ဗြာဟ္မဏော၀ါ၊ ပုက္ကုသသည်၎င်း။ ဂဟပတိကော၀ါ၊ ဒါယကာသည်၎င်း။ ဒုတေန၊ တမန်ဖြင့်။ စီဝရစေတာပန်း၊ သင်္ကန်းဘိုး ကို။ ပဟိဏေယျ၊ စေခိုင်းရာ၏။ ကိံ ပဟိဏေယျ၊–နည်း။ ဣမိနာ စီဝရ စေတာပန္နေန၊–ဖြင့်။ စီဝရံ–ကို။ စေတာပေတ္ဝာ၊–၍။ ဣတ္ထန္နာမံ၊–သော။ ဘိက္ခုံ၊–ကို။ စီဝရေန၊–ဖြင့်။ အစ္ဆာဒေဟိ၊–လော့။ ဣတိ၊–သို့။ ပဟိဏေယျ၊–၏။ သော ဒူတော၊–သည်။ တံ ဘိက္ခုံ၊–သို့။ ဥပသင်္ကမိတ္ဝာ၊–၍။ ဧဝံ၊–သို့။ စေ ဝေဒေယျ၊–အံ့။ ကိံ ဝဒေယျ၊–နှည်း။ ဘဂ္ဂေါ၊

တူကုန်၏။ "အသီးအသီး" ဟု အနက်ပေး။ သင်္ကန်းဒကာ နှစ်ဦးဟု ဆိုလိုသည်။ ထိုနှစ်ဦးလည်း ပင်ကိုယ်က ပေါင်းစပ်၍ လှူမည်မကြံ၊ အသီးအသီးသာ လှူမည်ဟု ကြံကြ၏။ ထိုအကြောင်းကို သိသော ရဟန်းက နှစ်ဦးကို ပေါင်းလှူခိုင်းလျှင် သင်္ကန်းကောင်းကောင်း ရမည်ဟုကြံ၍ ပေါင်းလှူရန် စေခိုင်းရာ အဘိုးတိုး၍ ပိုကုန်လျှင် တိုရဟန်း သင်္ကန်းရသောအခါ နိဿဂ္ဂိ။....ကြွင်း ပထမ ဥပက္ခဋ္ဌ သိက္ခာပုဒ်နှင့် တူပြီ။

အထူး။ ။ဤသိက္ခာပုဒ်သည် ရှေးသိက္ခာပုဒ်၏ အနုပညတ်နှင့် အလားတူ၏။ ရှေးသိက္ခာပုဒ်ကား ဒကာ တယောက်သာ ညှဉ်းဆုရောက်သည်။ ဤသိက္ခာပုဒ်ကား ဒကာအများကို ညှဉ်းဆု ရောက်သည်။ ဤမျှသာ ထူး၏။

ဆောင်——တစ်နှင့်အများ၊ ညှဉ်းဆဲခြင်း၊ ထူးပြားလေသတည်း။

ဒုတိယ ဥပက္ခဋ္ဌ သိက္ခာပုဒ်ပြီး၏။

၁၀-စီဝရစေတာပန္ဒ

ဘိက္ခုံ ပနေဝ–ပါစိတ္တိယံ။ ။ဤသိက္ခာပုဒ်ဖြင့် သင်္ကန်းဘိုးဖြစ်သော ရွှေ ငွေ စသော အကပ်ယဝတ္ထုကိုလှူရာ ကပ်ယညွှန်ကြားပြီး၍ ကပ်ယထံ သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းထက် အလွန် လှုံလျှပ်၍ သင်္ကန်းပြီးလတ်သော် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်ကို ပြ၏။

အရှင်ဘုရား။ အာယသ္မန္တံ၊-ကို။ဥဒ္ဒိဿ၊-၍။ ဤဒံ ခေါ စီဝရ စေတာပန်နံ၊-ကိုသာလျှင်။ အာဘတံ၊ ဆောင်အပ်၏။ အာယသ္မာ၊ အရှင်သည်။ စီဝရ-စေတာပန်နံ၊-ကို။ ပဋိဂ္ဂဏှတု၊ ခံယူတော်မူပါလော့။ ဤတိ၊-သို့။ ဝဒေယျ၊-၏။ တေနဘိက္ခုနာ၊-သည်။သော ဒုတော၊-ကို။ ဧဝံ၊-သို့။ဝစနီယော၊-သည်။ -အာဿ၊-၏။ ဝစနီယော၊-သည်။ ကိ အာဿ၊-နည်း။ အာဝုသော ဒါယကာ၊ မယံ၊ ငါတို့သည်။ စီဝရ စေတာပန်နံ၊-ကို။ နခေါ ပဋိဂ္ဂဏှာမ၊ မခံယူကုန်။ မယံ၊ ငါတို့သည်။ ကာလေန၊ လျောက်ပတ်သော အခါ၌။ ကပ္ပိယံ၊ အပ်သော။ စီဝရဉ္စ၊-ကိုသာလျှင်။ ခေါ၊ စင်စစ် အားဖြင့်။ ပဋိဂ္ဂဏှာမ၊ ခံယူကုန်၏။ ဤတိ၊-သို့။ ဝစနီယော၊-သည်။ အာဿ၊-၏။ သော ဒုတော၊-သည်။ တံ ဘိက္ခုံ၊-ကို။ ဧဝံ၊-သို့။ စေ ဝဒေယျ၊-အံ့။ ကိ စဒေယျ၊-နည်း။ အာယသ္မတော၊-အား။ ကောစိ၊ တစုံတယောက် သော။ ဝေယျာဝစ္စ ကရော၊ အမှုကြိုးငယ်ကို ပြုသောသူသည်။ အတ္ထိ ပန၊ ရှိပါ၏လော။ ဤတိ၊-သို့။ ဧစေ ဝဒေယျ၊-အံ့။ ဘိက္ခဝေ၊-တို့။ စီဝရတ္ထိ

ရာဇာ ဝါ-ပဟိဏေယျ။ ။ဇနံ ရဉ္ဉေတိ ဝဖေ့တိတိ ရာဇာ။ လေးပါးသော သင်္ဂဟဝတ္ထု၌ဖြင့် လူအပေါင်းတို့ကို ပွါးစေတတ်သော မင်းကို ရစေ။ ။ရာဇတော လဒ္ဓံ ဘောဂံ ဘုဉ္ဇိတဗ္ဗံ အာဿာတိ ရာဇဘောဂေါ။ မင်းထံမှ ရအပ်ခံစားအပ်သော စည်းစိမ်ရှိသော မင်း၏အမတ်ကို ရစေ။ တနည်း-ရာဇတော ဓိန္နံ ဘောဂံ ဂ္ဂဏှရိယံ အာဿ အတ္ထိတိ ရာဇဘောဂေါ။ မင်းသည် ပေးအပ်သော အစိုးရခြင်းရှိသော မင်း၏ အမတ်ကို ရစေ။

[ရာဇဘောဂေါ-ရာဇဘောဂေါ နှစ်မျိုးစလုံးပင် သင့်၏]။

ဗြဟ္မံ မန္တံ အဏတိ သဇ္ဈာယတိတိ ဗြာဟ္မဏော။ မန္တာန်ကို သရဇ္ဈာယ်တတ်သော ပုဏ္ဏားကို ရစေ။ ။ဣဒ္ဓိ ဂဟပတိကား-မင်း, အမတ်, ပုဏ္ဏား တို့မှ ကြွင်းသော လူကို ယူ။ ။ဒဝတိ ပရိတောသေတိတိ ဒုတော။ သခင်အား နှစ်သက်စေတတ်သော တမန်ကို ရစေ။ ။ဣဒ္ဓိ စီဝရစေတာပန္နအရ အကပ္ပိယ သက်နှံးဘိုးကို ယူ။ ဥပက္ခဋသိက္ခာပုဒ် နှစ်ပုဒ်စလုံး၌ စီဝရစေတာပန္နအရ ကပ္ပိယ အကပ္ပိယ သက်နှံးဘိုး နှစ်မျိုးကို ယူရသည်။

ဆောင်—သက်နှံးဘိုးရ ၊ရာဇဒ္ဒိကား၊ ယူရန်မျှား၊ မှတ်သား အကပ္ပိယကို။
ကပ္ပိယာ ကပ္ပိယ၊ ပက္ခဋ္ဌ၊ ယူရ အထူးကို။

ဤမိနာ-အစ္ဆာဒေဟိ။ ။ဤ ဝါကျဖြင့် မူလ လာကြောင်း စင်ကြယ်ခြင်း အာဂမနသုဒ္ဓိကို ပြသည်။....ဆက်ဦးအံ့- သုဒ္ဓိသည်

ကေန၊သက််နှ်းကိုအလိုရှိသော။ဘိက္ခုနာ၊–သည်။ဝေယျာဝစ္စကရော၊–ကို။ နိဒ္ဒိသိတဗ္ဗော၊ ညွှန်အပ်၏။ ကိံ နိဒ္ဒိတိတဗ္ဗော၊—နည်း။ အာရုမိကော၀ါ၊ အရုမ်စောင့်ကိုဂင်း။ ဥပါသကော၀ါ၊ (ရတနာ သုံးပါးသို့ ဆည်းကပ်တတ်သော) ဥပါသကာကိုဂင်း။ အာဝုသော၊ ဒါယကာ။ သော၊ ဤသူသည်။ ခေါ၊ စင်စစ်။ ဘိက္ခူနံ၊–တို့၏။ ဝေယျာဝစ္စကရော၊–သူတည်း။ ဤတိ၊–သို့။ နိဒ္ဒိသိတဗ္ဗော၊—၏။သော ဒူတော၊–သည်။ ဧတံ ဝေယျာဝစ္စကရံ၊ -ကို။သညာပေတွာ၊သိစေပြီး၍။တံဘိက္ခုံ၊–သို့။ ဥပသင်္ကမိတွာ၊–၍။ ဧဝံ၊–သို့။စေ ဝဒေယျ၊–အုံ။ကိံ ဝဒေယျ၊—နည်း။ဘဉ္ဇန္တေ၊-ရား။ အာယသ္မာ၊–သည်။ ခေါ၊စင်စစ်။ယံ ဝေယျာဝစ္စကရံ၊–ကို။ နိဒ္ဒိသိ၊ညွှန်ကြား၏။သော၊ ထို အမှုကြီးငယ်ကို ပြုသောသူကို။ မယာ၊–သည်။သညတ္တော၊ သိစေအပ်ပါပြီ။ အာယသ္မာ၊–သည်။ ကာလေန၊ သင်္ကန်း အလိုရှိသောအခါ၌။ ဥပသင်္ကမတု၊ ချဉ်းကပ်တော်မူပါ။ စီဝရေန၊–ဖြင့်။ တံ၊ ထို ဘုရားရှင်ကို။ အစ္ဆာဒေဿ

လာကြောင်းဖြစ်သော မူလ အလှူရှင်ဒကာ၏ စကား စင်ကြယ်ခြင်း(အပ်ခြင်း) အာဂမနသုဒ္ဓိတမျိုး, တမန်စကား၏ စင်ကြယ်ခြင်း ဒူတသုဒ္ဓိ တမျိုးဟု နှစ်မျိုးပြား၏။ ထိုတွင် အာဂမနသုဒ္ဓိ မရှိသော် ကပ္ပိယကာရက မညွှန်းကောင်းဟု ကခ်ီ ဆို၏။ သုဒ္ဓိ နှစ်မျိုးစလုံး ရှိပါမှ ကပ္ပိယကာရက ညွှန်းကောင်းသည်ဟု ယူသည်။....နှ ခေါ မယံ စသည်၏ အဖွင့်ကို ထောက်၍ - သိ။....သုဒ္ဓိ နှစ်ပါးတို့တွင် တပါးပါးသော် သုဒ္ဓိရှိက ကပ္ပိယကာရက ညွှန်ကြားကောင်းသည်ဟု ဝိမတိ ဆို၏။....သာရတ္ထဒီပနီဋီကာ-ကား တမန်စကားသာ လိုရင်းဖြစ်သည်၊ တမန်က အပ်သော စကားဖြင့်ဆိုမူ အာဂမနသုဒ္ဓိပင် မရှိသော်လည်း ကပ္ပိယကာရက ညွှန်ကြားကောင်းသည်၊ မအပ်သောစကားဖြင့် ဆိုမူ မညွှန်ကြားကောင်းဟု ဆို၏။

[အကျယ် ၎င်း အဋ္ဌကထာ ဋီကာတို့ကို ရှု]။

ဆောင်—အာဂမန၊ ဒူတသုဒ္ဓိ၊ နှစ်ပါးရှိ၊မှတ်ဘိ ဤသိကွာ။
သုဒ္ဓိနှစ်ပါး၊ ရှိပါငြားမှ၊ ကပ္ပိယ၊ ညွှန်ရ ကခ်ီဆို။
သုဒ္ဓိနှစ်ပါး၊ တပါးရှိက၊ ကပ္ပိယ၊ ညွှန်ရ ဝိဋီဆို။
ဒူတသုဒ္ဓိ၊ ရှိတုံဘိက၊ ကပ္ပိယ၊ ညွှန်ရ သာဋီဆို။

သော ဧစေ ဒူတော-ဝဒေယျ—ဤဝါကျဖြင့် တမန်က ရဟန်းထံလာလျှောက်သည်ကို ပြသည်။ အဓိပ္ပါယ်ကို အနုက် အတိုင်း သိ။

တီ၊-လတ္တံ့။ ဣတီ၊-သို့။ စေ ဝဒေယျ၊-အံ့။ ဘိက္ခဝေ၊-တို့။ စီဝရတ္ထိကေန၊ သော။ ဘိက္ခုနာ၊-သည်။ ဝေယျာဝစ္စကရော၊-သို့။ ဥပ္ပဿက်မိတ္ဝာ၊-၍။ ဒုတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ စောဒေတဗ္ဗော၊ တောင်းအပ်၏။ သာရေတဗ္ဗော၊ အောက်မေ့စေအပ်၏။ ကိံ သာရေတဗ္ဗော၊-နည်း။ အာဝုသော၊ ဒါယကာ။ မေ၊ ငါ့အား။ စီဝရေန၊-ကို။ အတ္ထော၊ အလိုရှိ၏။ ဣတီ၊-သို့။ သာရေတဗ္ဗော၊-၏။ ဒုတ္တိက္ခတ္တုံ၊-ကြိမ်။ စောဒယမာနေ၊ တောင်းအပ် သည်ရှိသော်။ သာရယမာနေ၊ အောက်မေ့စေအပ်သည် ရှိသော်။ တံ စီဝရံ၊-ကို။ စေ အဘိနိပ္ဖါဒေယျ၊ အကယ်၍ (ရသည်၏ အစ့မ်းဖြင့်) ပြီးစေ ငြားအံ့၊ ဣစ္စေတံ၊ ဤသို့ ပြီးစေခြင်းသည်။ ကုသလံ၊ အပြစ်မရှိ ကောင်း၏။ နော စေ အဘိနိပ္ဖါဒေယျ၊ အကယ်၍ မပြီးစေငြားအံ့။ စတုက္ခတ္တုံ၊ လေးကြိမ်။ ပဉ္စက္ခတ္တုံ၊ ငါးကြိမ်။ ဆက္ခတ္တုပရမံ၊ ခြောက်ကြိမ် အတိုင်း

ဣဒံ ခေါ ဘဂ္ဂေ—စီဝရစေတာပန်ံ—ဤဝါကျဖြင့် လျှောက်ပုံ အခြင်းအရာ အာကာရကို ပြသည်။ ပဋိဂ္ဂဏှတု-အာပန်ံ-ဖြင့် ဒုတိယသို့ဖို မဖြစ် တမန်စကား မအပ်သည်ကို ပြသည်။

တေန ဘိက္ခုနာ-ကပ္ပိယန်ဿ—ဤဝါကျဖြင့် ရဟန်းက တမန်ကို ဆိုရမည်နှင့် တကွ ဆိုပုံအခြင်းအရာကိုပြသည်။ ။နခေါမယံ ပဋိဂ္ဂဏှာမ-ဖြင့် တမန်စကားမအပ်ခြင်းကြောင့် အကပ္ပိယသက်န်းဘိုးကို ရဟန်း ကပယ်ရမည်ကို ပြသည်။ ဤ၌ အကပ္ပိယ သက်န်းဘိုးကား ရွှေ, ငွေ, အသပြာ, ပဲရူပ်ဟူသော နိဿဂ်ိယဝတ္ထု၊ ပုလဲ, မြ, ကျောက်မျက်ရွှဲ, ခဂျသင်း, ကျောက် သလင်း, သန္ဓာ, ပတ္တမြားနီ, ပတ္တမြားပြောက် ဟူသော ရတနာရှစ်ပါး, စပါး မျိုး ခုနစ်ပါး,ကျွန်မိန်းမ, ကျွန်ယောကျ်ား, လယ်, ယာ, ပန်း ဥယျာဉ်, သစ်သီး ဥယျာဉ်, တွင်း,ကန်, ကျဲ, နွား, ကြက်, ဝက် စသော ဒုက္ကဋ်ဝတ္ထုတို့တည်း။

ဆောင်—ရွှေ-ငွေ-သပြာ၊ ပဲရူပ်ပါ၊ လေးဖြာ နိဿဂ်ိ။
သတ္တာဧညာ၊ ကျွန်လယ်ယာ၊ ပုပ္ဖါရာမာဒိ။
တွင်း-ကန်-ကျဲ-နွား၊ ကြက်-ဝက်အား၊ စ- သားအမျှားရှိ။
နီ-ပြောက်-မြ-လဲ၊လင်း-ရွ-ရွဲ၊တာ—လဲ ဒုက္ကဋ်သိ။

ဤနိဿဂ်ိယဝတ္ထု-ဒုက္ကဋ်ဝတ္ထုတို့ကို မိမိအကျိုးငှါဖြစ်စေ, စေတီသံဃာဂိုဏ်း ပုဂ္ဂိုလ်တို့၏ အကျိုးငှါဖြစ်စေ ခံယူခြင်းငှါ မအပ်၊ အကယ်၍ သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့အား မသုံးသပ်မူ၍ ဤရွှေငွေစသော၀တ္ထုတို့ကို စေတီအား လှူပါ၏, ကျောင်းအား လှူပါ၏, နဝကမ္မအား လှူပါ၏ဟု ဆိုသော် မပယ်ကောင်းဟု

အရှည်ရှိသည်။ (ဟုတ္တာ၊-၍)။ တုဏ္ဍိဘူတေန၊ ဆိတ်ဆိတ်ကဲ့သို့ ဖြစ်သဖြင့် သာလျှင်။ (စိဝရံ၊-ကို)။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဌာတဗ္ဗံ၊ ရပ်ဆာ၏။ စတုက္ခတ္တုံ၊— ကြိမ်။ ပဥ္စက္ခတ္တုံ၊ – ကြိမ်။ ဆက္ခတ္တုပရမံ၊ ခြောက်ကြိမ် အံတိုင်းအရှည် ရှိသည်ဖြစ်၍။ တုဏ္ဍိဘူတော၊ ဆိတ်ဆိတ်ကဲ့သို့ဖြစ်၍၊ တိဋ္ဌ မာနော၊ ရပ်သည်ရှိသော်။ တံ စိဝရံ၊-ကို။ စေ-အဘိနိပ္ပါဒေယျ၊-အံ့။ ဤစေ့ တံ၊-သည်။ ကုသလံ၊-၏။ (ယော ပန ဘိက္ခု၊-သည်)။ တတော၊ ထို သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းထက်။ ဥတ္တရိ၊အလွန်။ ဝါယမာ နော၊ အားထုတ်သောရဟန်းသည်။ ဝါ၊-သော်။ တံစီဝရံ၊-ကို။ စေ အဘိ-နိပ္ဖါဒေယျ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ နိဿဂ္ဂိယံ၊-သော။ ပါစိတ္တိယံ၊ –သည်။ ဟောတိ၊-၏။

နော စေ အဘိနိပ္ဖါဒေယျ၊ – အံ့။ ယတော၊ အကြင်မင်း စသည်မှ။ အဿ၊ ထိုရဟန်းအား။ စီဝရ စေတာပန္နံ၊-ကို။ အာဘတံ၊-၏။ တတ္ထ၊ ထိုမင်းစသောသူ၏ အထံသို့။ သာမံဝါ၊ ကိုယ်တိုင်လည်း၊ ဂန္ဆဗ္ဗံ၊ သွား

သော်။ ။စီဝရဥ္စ ခေါ် မယံ ပဋ္ဌဂ္ဂဟာမ ဖြင့် မိမိကိုရည်စူး၍ သင်္ကန်းဘိုးကို ဆောင်ခြင်းကြောင့် သင်္ကန်းအလိုရှိက ဤကဲ့သို့ ဆိုနိုင်သည်ကို ပြသည်။ ။ကာလေန ကပ္ပိယံဒွ် ကာလေန–ကား-သတ္တမီအနက်ဒွ် တတိယာ ဝိဘတ်သက်ထားသည်။ အကြင်အခါဒွ် အလိုရှိ၏။ ထိုအခါဒွ် အပ်သောသင်္ကန်းကို ခံယူကြသည်ဟု ပြော ကောင်းသည် ဟူ၏။

အတ္ထိ ပနာ—ဝေယျာဝစ္စတရောတိ။ ။ဤစကားကား အရှင်မြတ်အား ဝေယျာ ဝစ္စကရ ရှိပါသလောဟု တမန်က မေး သောစကား။ အတ္ထိ ပန-ဒွ် ပန-ကား ပုစ္ဆာဇောတက နိပါတ်။ ။ဗျာဝဋသာ ဘာဝေါ ဝေယျာဝစ္စံ။ ထိုထိုကိစ္စကို ပြုခြင်းဒွ် အားထုတ်သူ၏ဖြစ်ကြောင်း အမှု ကြီးငယ်ကို ရစေ။ ။ဝေယျာဝစ္စံ ကရောတိတိ ဝေယျာဝစ္စကရော။ အမှုကြီး ငယ်ကို ပြုတတ်သော အလုပ်အကျွေး ကပ္ပိယကာရကကို ရစေ။

စီဝရတ္ထိကေန–နိဒ္ဒိသိတဗ္ဗာ။ ။ဤ ပါဠိဖြင့် အရှင်ဘုရားအား ကပ္ပိယကာ ရက ရှိပါသလောဟု တမန်သည် မေးအပ် သော စကားဖြင့် မေးလျှောက်ခြင်းကြောင့် အလိုရှိက ကပ္ပိယကာရကကို ညွှန်ကြား ကောင်းသည်ကို ပြ၏။ အကယ်၍ တမန်က ဤသင်္ကန်းဘိုးကို အဘယ်သူ ခံယူအံ့နည်း, အဘယ်သူအား ပေးထားရအံ့နည်းဟု မေးသော် ကပ္ပိယကာရက မည်သူ့ကောင်းဟု သိ။ ။အတ္ထော အဿ အတ္ထိတိ အတ္ထိကော။

အပ်၏။ ဒုတေဝဝါ၊ တမန်ကိုလည်း။ ပါဟေတ္တဗ္ဗော၊ စေလ္ဟတ်အပ်၏။ ကိ ံပါဟေတတဗ္ဗော၊=နည်း။ အာယသ္မန္တော၊ဒါယကာတို့။ တုမှေ၊ သင်တို့သည်။ ခေါ၊ စ်ဉ်စစ်။ ယံ ဘိက္ခုံ၊-ကို။ဥဒ္ဒိဿ၊-၍။ စီဝရံ စေတာ ပန်ံ၊-ကို။ ပဟိဏိတ္ထ၊ စေလိုက်ကုန်၏။ တံ၊ ထိုသင်္ဃန်းဘိုးသည်။ တဿ ဘိက္ခုနော၊-အား။ ကိဉ္စိ အတ္ထံ၊ တစုံတခုသော အကျိုးကို။ န အနုဘောတိ၊ မခံစားရ။ ဝါ၊ မပြုးစေ။ အာယသ္မန္တော၊ ဒါယကာတို့သည်။ သကံ၊ မိမိ၏ ဥစ္စာကို။ ယုဥ္ဇန္တု၊ ရောက်စေကြကုန်လော့။ ဝါ၊ တောင်းကြ ကုန်လော့။ ဝေါ၊ သင်တို့၏။ သကံ၊-သည်။ မာ ဝိနဿ၊ မပျက်စီးစေလင့်။ ဣတိ၊-သို့။ သာမံဝါ၊-လည်း။ ဂန္တွဗ္ဗံ၊-၏။ ဒုဗ္ဗေတာဝါ၊-ကဲ့လည်း။ ပါဟေတဗ္ဗော၊-၏။အယံ၊ ဤသို့ ပြောကြားခြင်းသည်။ ဝါ၊ ဤကိုယ်တိုင် သွားလျှောကြားခြင်း, တမန်ကို စေလျှ ကြားခြင်းသည်။ တတ္ထ၊ ထိုသိက္ခာပုဒ်၌။ ဝါ၊သင်္ဃန်းကိုမပြုံး စေဆာ၌။ သာမိစိ၊ လောကုတ္တရာတရားအားလျော်သော ကျင့်ဝတ်တည်း။

ပထမော၊-သော။ စီဝရဝဂ္ဂေါ၊-သည်။ နိဋ္ဌိတော၊ ပြီ။

အလိုရှိသော ရဟန်းကိုရစေ။ ။စီဝရေန အတ္ထိကော စီဝရတ္ထိကော။ သင်္ဃန်းကို (သင်္ဃန်းဖြင့်) အလိုရှိသော ရဟန်းကို ရစေ။ ။စီဝရံ အတ္ထိကော စီဝရတ္ထိကော-ဟူ၍လည်း ဆို။

အာရာမိကော ဝါ-ဝေယျာဝစ္စကရောတိ။ ။ဤပါဠိဖြင့် ရဟန်းက ကပ္ပိယကာရက ညွှန်းပုံကို ပြသည်။ အာဂမ္မ ရမန္တိ ဇတ္ထာတိ အာရာမော။ သတ္တဝါတို့လာ၍ မွေ့လျော်ရာဖြစ်သော အရာမ်ကို ရစေ။ ။အာရာမေ ရက္ခတိတိ အာရာမိကော။ အရာမ်၌ စောင့်ရှောက်သောသူကို ရစေ။ ။ဓုတနုတ္တယံ ဥပါသတိတိ ဥပါသကော။ ငါးပါးသော မိစ္ဆာဝါဇီဇုတ်ကို ပယ်၍ ရတနာသုံးပါးသို့ ဆည်းကပ် ကိုးကွယ်သောသူကို ရစေ။ ဤနှစ်ပုဒ်ကား လျှောက်ပတ်၍ ဆိုသောစကား ဖြစ်သည်။ သို့ပင်ဆိုသော်လည်း သီတင်းသုံးဖော် ငါးယောက်ကို ဖယ်ထား၍ အမှတ်မရှိ တယောက်ယောက်သော ကပ္ပိယကာရကကိုလည်း ညွှန်ကြားကောင်းသေး၏ ဟု သိ။

သော ခေါ-ကရောဟူသော စကားသည် ရဟန်းတို့ပြောရမည့် စကားကို ပြသည်။ ဒကာ-ဤသူသည် ရဟန်းတို့၏ ကပ္ပိယကာရက ဖြစ်သည် ဟူ၍သာ ဆိုရမည်။ ဤသူအား သင်္ဃန်းဘိုး ပေးထားလိုက်။ ဤသို့ စသော စကားမျိုးကို မဆိုရဟု သိ။

သော စေ ဒူတော-အစ္ဆာဒေဿတိ—ဤဝါကျဖြင့် တမန် ကပ္ပိယကာရကကို မှာထားပြီး၍ ရဟန်းထံ ပြန်လာ၍ လျှောက်ထားသောစကားနှင့် လျှောက်ပုံ အခြင်းအရာကို ပြသည်။ သည်တွော သော မယာ-ကား အရှင်ဘုရားများ သက်နှံးအလိုရှိသော် အရှင်ဘုရားများ ညွှန်ကြားအပ်ဿသာ ကပ္ပိယကာရကထံ တောင်းပါ။ သက်နှံးလှူပါလိမ့်မည်။ လှူအောင် တပည့်တော် မှာထားခဲ့ပါပြီဟု ဆိုလိုသည်။ ဤသို့ သည်တွော သော မယာဟု လျှောက်ထားပါမှ ထိုကပ္ပိယ ကာရကကို တောင်းကောင်းသည်။ ကပ္ပိယကာရက၏လက်၌ ထား၍ သွားကာမှဖြင့် မတောင်းကောင်း။.... [အထူး-ဤသူသည် ကပ္ပိယကာရကဟု တမန်၏ မျက်မှောက်၌ ရဟန်းက ညွှန်ကြားအံ့။ တမန်ကလည်း ရဟန်း၏မျက်မှောက်၌သာ ကပ္ပိယကာရက၏ လက်၌ သက်နှံးဘိုးကို ပေး၍ မထေရ်အား သက်နှံးဝယ်လှူလိုက်ပါဟု ဆိုသွားအံ့၊ ဤသို့ဆို၍သွားသော် သည်တွော သော မယာဟု မဆိုသော်လည်း တောင်းကောင်းသည်ဟုသိ]။

[ဤသို့ စသောနည်းဖြင့် ညွှန်ကြားပုံကို နောက်၌ အကျယ်ပြအံ့]။

ဤသိက္ခာပုဒ်၌ ဒူတေနကား ဒေသနာမတ္တ မှတ်ပြီး ပြောဆိုရုံမျှသာ။ ကိုယ်တိုင်လာလှူရာ၌လည်း နည်းတူ ကျင့်ရသည်ဟု သိ။

စီဝရတ္ထိကေန-စီဝရေနာတိ—ဤဝါကျဖြင့် တမန်သည် အပ်သောစကားဖြင့် ဆိုခြင်းကြောင့် "အတ္ထော မေ အာဝုသော စီဝရေန" ဟူသော အပ်သောစကားမျိုးဖြင့် တောင်းပုံကို ပြသည်။ ။အတ္ထော မေ အာဝုသော စီဝရေန-ကား အပ်သောတောင်းပုံကို ပြသောစကားတည်း။ ဤစကားအတိုင်းသာဆို၍ ဘာသာဟပါးဖြင့်လည်း တောင်းကောင်းသည်။ ငါ့အား ပေးလော့,ငါ့အားဆောင်ယူခဲ့လော့ စသည်ဖြင့် ဆိုသောစကားမျိုးသည် မအပ်သော စကားမျိုးဟုသိ။

နော စေ အာဘိနိပ္ပါဒေယ၊-ဣစ္ဇေဘံ ကုသလံ—ဤဝါကျဖြင့် ရပ်၍ ကိုယ်ဖြင့် သာ တောင်းကောင်းသည်ကို ပြသည်။ ဆက္ခတ္တုံ ပရမော အာဿာတိ ဆက္ခတ္တု ပရမံ။ ခြောက်ကြိမ် အပိုင်းအခြားရှိသော ရပ်ခြင်းကို ရစေ။ ဤပုဒ်၌ကား ဘာဝနပုံတည်း။ ခြောက်ကြိမ် အတိုင်းအရှည်သော ရဟန်းသည် သက်နှံးကိုရည်စူး၍ ဆိတ်ဆိတ် နေလျက် ရပ်ခြင်းကိုသာ ပြုအပ်သည်။ မထိုင်အပ်, အာမိသကိုလည်း အလှူ့ မခံအပ်, တရားလည်း မဟောအပ်။ ဘာကြောင့် ကြွလာပါသနည်းဟု မေးသော် ဒကာ သိလော့ဟုသော ဆိုအပ်၏။ ဤသုံးကြိမ်တောင်းခြင်း,ခြောက်ကြိမ်ရပ်ခြင်း

ကား အလွန်ဆုံးခွင့်ပြုသော စကားဖြစ်သည်။ တကြိမ်တောင်းခြင်းနှင့် နှစ်ကြိမ်ရပ်ခြင်းကား ဒုတိယသည်။ ထို့ကြောင့် ခြောက်ကြိမ်တောင်းလျှင် တကြိမ်မျှ မရပ်ကောင်းတော့ပြီဟု သိ။

တတော စေ–ပါစိတ္တိယံ—ဤဝါကျဖြင့် မပြုအပ်သည်ကို ပြသည်။ ဝါယမတိ ဥဿဟတီတိ ဝါယမာနော။ အားထုတ်တတ်သော ရဟန်း ရစေ။ [ဝါယမမာနော-ဟူ၍လည်း ရှိ၏]။

ကပ္ပိယတကျိပ်။ ။ရဟန်းညွှန်း ကပ္ပိယ ၄-ယောက်, ဘမ္ဟန်ညွှန်း ကပ္ပိယ ၄-ယောက်, ပေါင်း ကပ္ပိယ ရှစ်ယောက်။ ဤ ဂ-ယောက်ကား နိဒ္ဒိဋ္ဌကပ္ပိယ ဂ-ယောက်တည်း။ ရဟန်းလည်း မညွှန်း, တမန်လည်း မညွှန်းသော ကပ္ပိယ ၂-ယောက်၊ ဤ ၂-ယောက်ကား အနိဒ္ဒိဋ္ဌကပ္ပိယ ၂-ယောက်တည်း။ ပေါင်း ကပ္ပိယ ၁၀-ယောက်ဖြစ်၏။ရဟန်းညွှန်း ကပ္ပိယ ၄-ယောက်ဟူသည် —

တမန်က သင်္ဃန်းဘိုး လာလှူရာ တို့ရဟန်းများ သင်္ဃန်းဘိုး အလှူ မခံကောင်းဟု ပယ်သော် အရှင်ဘုရားအား ကပ္ပိယ ရှိပါသလောဟု တမန်က မေးအံ့၊ ထိုခဏ ကပ္ပိယအနီးဌ် ရှိအံ့၊ ဤသူ ကပ္ပိယဘဲဟု ညွှန်သော် တမန်သည် ကပ္ပိယ၏လက်ဌ် သင်္ဃန်းဘိုးကို ပေး၍ မထေရ်အား သင်္ဃန်းဝယ်လှူလိုက်ပါဟု ဆို၍ ရဟန်းထံ ပြန်လာပြီး အရှင်ဘုရား ညွှန်ကြားအပ်သော ကပ္ပိယထံ သင်္ဃန်းဘိုး အပ်နှံထားခဲ့ပါပြီ၊ အလိုရှိသောအခါ သင်္ဃန်းတောင်းတော်မူပါဟု လျှောက်ထား၍ သွား၏။ [ဤကပ္ပိယကား မျက်ကွယ် ရဟန်းညွှန်း ကပ္ပိယတည်း]။

ရှေးအတိုင်းပြောကြ၍ ရဟန်းထံ ကိုယ်တိုင် မလာတော့ဘဲ အရှင်ဘုရားညွှန်ကြားသော ကပ္ပိယကို သင်္ဃန်းဘိုးပေးပြီး အလိုရှိသောအခါ တပည့်တော် ကပ္ပိယထံ သင်္ဃန်းတောင်းရန် ကပ္ပိယကို စေခိုင်း၍ လျှောက်ကြားစေ၏။ [ဤ ကပ္ပိယ ကား မျက်ကွယ် ရဟန်းညွှန်း နှစ်ယောက်မြောက် ကပ္ပိယတည်း]။

ရှေးအတိုင်း တမန်ကမေး ရဟန်းက ညွှန်ကြားသော် တမန်သည် သွားစဉ်ကတည်းကပင် တပည့်တော်သည် အရှင်ဘုရား ညွှန်ကြားသော

ကပ္ပိယလက်၌ သင်္ဃန်းဘိုး ပေးထားပါမည်၊ အလိုရှိသောအခါ သင်္ဃန်းကို တောင်းတော်မူပါဟု လျှောက်ထားသွား၏။ [ဤကပ္ပိယကား မျက်ကွယ် ရဟန်းညွှန်း သုံးယောက်မြောက် ကပ္ပိယတည်း]။

မျက်မှောက် တယောက်, မျက်ကွယ် သုံးယောက် ပေါင်း ရဟန်းညွှန်း ကပ္ပိယ ၄-ယောက် ဖြစ်၏။ ဤ ၄-ယောက်၌ ရာဇသိက္ခာပုဒ်အတို်င်း သုံးကြိမ် တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်း အာဒိအရင်ကိုသာ ပြုကျင့်ရမည်။ တမန်ညွှန်း ကပ္ပိယ ၄-ယောက် ဟူသည်—

တမန်က အရှင်ဘုရားအား ကပ္ပိယရှိပါသလောဟု မေးသော် မရှိဟု ဆိုအံ့၊ ထိုခဏ ဒကာတယောက် ရောက်လာအံ့၊ တမန်သည် ထိုဒကာ၏ လက်၌ သင်္ဃန်းဘိုးကို ပေး၍ ဤသူထံ သင်္ဃန်းကို တောင်းတော်မူပါဟု လျှောက်ထား၍ သွား၏။ [ဤကပ္ပိယကား မျက်မှောက် တမန်ညွှန်း ကပ္ပိယတည်း]။

ရှေးအတိုင်း တမန်က မေး၍ ရဟန်းက မရှိဟု ဆိုသော် တမန်သည် ရှာသို့သွား၍ ဒကာတယောက်၏ လက်၌ သင်္ဃန်းဘိုးကို ပေး၍ ရဟန်းထံ ပြန်လာ၍ ဤမည်သော ကပ္ပိယထံ သင်္ဃန်းကို တောင်းတော်မူပါဟု ကိုယ်တိုင်လျှောက်ထား၍ သွား၏။ [ဤကပ္ပိယကား မျက်ကွယ် တမန်ညွှန်း ကပ္ပိယတည်း]။

ရှေးအတိုင်း သင်္ဃန်းဘိုးပေး၍ သင်္ဃန်းတောင်းရန် တပါးသော သူကို လျှောက်ထားစေ၏။ [ဤကပ္ပိယကား မျက်ကွယ် တမန်ညွှန်း နှစ်ယောက်မြောက် ကပ္ပိယတည်း]။

ရှေးအတိုင်း မရှိဟုဆိုသော် ဤမည်သောသူ၏ လက်၌ သင်္ဃန်းဘိုး ပေးထားပါမည်၊ အလိုရှိသောအခါ သင်္ဃန်း တောင်းတော်မူပါဟု လျှောက်ထား၍ သွား၏။ [ဤကပ္ပိယကား မျက်ကွယ်တမန်ညွှန်း သုံးယောက်မြောက် ကပ္ပိယတည်း]။

မျက်မှောက်တယောက်, မျက်ကွယ်သုံးယောက် ပေါင်း လေးယောက်ဖြစ်၏။ ဤတမန်ညွှန်းကပ္ပိယ လေးယောက်၌ မေထုန်သိက္ခာပုဒ် အတိုင်း အကြိမ်များစွာ တောင်းနိုင်သည်။ အနိဒ္ဒိဋ္ဌ နှစ်ယောက်ဟူသည်—

တမန်က အရှင်ဘုရားအား ကပ္ပိယ ရှိပါသလောဟု မေးအံ့၊ မရှိဟု ဆိုသော် အနီးရှိ ဒကာတယောက်က ကြား၍ အချင်း ယူခဲ့ပါ၊ အရှင် မြတ်အား ငါ သင်္ဃန်းဝယ်လှူလိုက်မည်ဟု ဆို၏။ တမန်က အချင်း လှူလိုက်ပါ့ဟုဆို၍ ထိုကပ္ပိယ၏လက်၌ သင်္ဃန်းဘိုးပေး၍ ရဟန်းအား

သက်ိန်းတောင်းရန် မလျှောက်ကြားဘဲ ဖဲသွား၏။ [ဤကပ္ပိယကား မျက်မှောက် နှုတ်မြွက်၍ ကိုယ်တိုင် ကပ္ပိယအဖြစ်သို့ ရောက်သော အနိဒ္ဒိဋ္ဌ ကပ္ပိယတည်း]။

ရှေးအတိုင်း ကပ္ပိယမရှိဟု ဆိုသော် ရဟန်း၏ အလုပ်အကျွေးဖြစ်သော တပါးသောသူဖြစ်စေ, ဒကာတယောက်ယောက် ဖြစ်စေ, ၎င်းတို့၏လက်၌ သက်ိန်းဘိုးပေး၍ မထေရ်အား သက်ိန်း ဝယ်လှူလိုက်ပါဟု ဆို၍ ရဟန်း၏ ကွယ်ရာ၌ အပ်ပြီး ဖဲသွား၏။ [ဤကပ္ပိယကား မျက်ကွယ် အနိဒ္ဒိဋ္ဌ ကပ္ပိယတည်း]။

ဤ အနိဒ္ဒိဋ္ဌ ကပ္ပိယနှစ်ယောက်၌ အညာတက အပ္ပဝါရိတတို့ကဲ့သို့ ကျင့်ရမည်။ မတောင်းကောင်း ဟူ၏။ မတောင်းဘဲ သက်ိန် လာလှူသော် အလှူခံကောင်းသည်ဟု သိ။

ဆောင်— ရဟန်းညှန်းလေး၊ တမန်လေး၊ ညှန်းရေး ရှစ်ခုလော။
အနိဒ္ဒိဋ္ဌ၊ နှစ်ထည့်က၊ ဒသ ကပ္ပိယာ။
မျက်မှောက်တဦး၊ ကွယ်သုံးဦး၊ လေးဦး ညှန်းပုံလော။
ရှေးအပ် ပြန်ကြား၊ စေ၍ကြား၊ မှာထား သွားသည်သာ။
ရှေးအပ် မကြား၊ ကွယ်အပ်သွား၊ နှစ်ပါး မညှန်းရာ။
ရာဇ မေဇ္ဈ၊ အညာတ၊ ကျင့်ရ စဉ်တိုင်းသာ။

နော စေ အဘိ—**သာမိစိ**။ ။ဤဝါကျဖြင့် ဤသိက္ခာပုဒ်၌ ပြုအပ်သော ကျင့်ဝတ်ကိုပြသည်။ပိဏ္ဍတ္ထလှယ်ပြီ။ သာမံ-ကား ကြိုယာဝိသေသန နိပါတ်။အာယဿမန္တော-ကား ကောင်းသောစကား အကျိုးငှါ ဆိုသောစကား ဖြစ်သည်။ ချီးမြှောက်၍ ဆိုစေသည် မဟုတ်ဟု သိ။ အသတိ ဘဝတိတိ အတ္ထော။ သက်ိန်းဘိုးတည်းဟူသော အကြောင်းကြောင့်ဖြစ်သော သက်ိန်းတည်းဟူသော အကျိုးကို ရစေ။ သဿ အတ္တာနော ဣဒံ သက်။ မိမိ၏ဥစ္စာဖြစ်သော သက်ိန်းဘိုးကို ရစေ။ အယံ တတ္ထ သာမိစိ-ကား ဆိုအပ်ပြီးသော သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်း, မရလျှင် အလှူရှင်ထံ ကိုယ်တိုင် ပြောကြားခြင်း, တယောက်ယောက်ကို လွှတ်၍ ပြောကြားစေခြင်း အကျင့်သည် ဒုက္ကဋ်အာပတ်မှ လွှတ်ခြင်းကြောင့် လောကုတ္တရာတရားအား လျော်သော အကျင့်ဖြစ်သည် ဟူ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ တရက်မျှ ဆိုင်းငံ့ပါဦးဟု ဆိုသော်လည်း မဆိုင်းငံ့ဘဲ တောင်းသောဝတ္ထု။ သာ၊ အနာ။ တိကပါစိတ်။ ဒုက္ကဋ်။ မတောင်းဘဲရသော ရဟန်း, ဥစ္စာရှင်က တောင်း၍ လှူသောရဟန်း,

ဌေကလောမဝဂ္ဂ၊ ၁-ကောသိယ

၁။ ယော ပန ဘိက္ခု၊-သည်။ ကောသိယ မိဿကံ၊ ပိုးချည်နှင့်ရော သော။ သန္ထတံ၊ အခင်းကို။ ကာရာပေယျ၊ ပြုစေငြားအံ့။ တဿ ဘိက္ခု-နော၊-အား။ နိဿဂ္ဂိယံ၊-သော။ ပါစိတ္တိယံ-သည်။ ဟောတိ၊-၏။

ဥမ္မတ္တကစသော ရဟန်းတို့အား အနာပတ္တိ။ ရဟန်းညွှန်း ကပ်ိယဖြစ်ခြင်း, တမန်က ပြန်လျှောက်ကြားခြင်း, သုံးကြိမ် တောင်းခြင်း-ခြောက်ကြိမ်ရပ်ခြင်းထက် လွန်၍ လုံ့လပြုခြင်း, ထိုလုံ့လဖြင့် ရခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် စတုတ္ထသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ရဟန်းညွှန်းပြု၊ ကပ်ိယမှန်၊တမန်ပြန်ကြား၊ တောင်းငြားပိုခြင်း၊
ရခြင်းလေးဝ၊ အင်စုံက၊ ရာဇနိဿဂ်ို။

ရာဇသိက္ခာပုဒ်ပြီး၏။

စိဝရစေတာပန္န သိက္ခာပုဒ်ဟူ၍လည်း ခေါ်သည်။

စိဝရဝဂ်ပြီး၏။

ဌေကလောမဝဂ္ဂ၊ ၁-ကောသိယ

ကောသိယမိဿကံ။ ။ကောသတော နိဗ္ဗတ္တံ ကောသိ'သံ။ အအိမ်ပြု၍ နေသော ပိုးတို့၏ အိမ်မှဖြစ်သော ပိုးချည်ကို ရစေ။ [ကောသေယ ဟူ၍လည်း ပါဠိ၌ရှိ၏။ အနက်တူပြီ။] ကောသိယေန မိဿကံ ကောသိယမိဿကံ။ ပိုးချည်နှင့် ရောသော အခင်းကို ရစေ။ တခုသော ပိုးချည်မျှင်နှင့် ရောလျှင်လည်း ရောသည်မည်၏။ ဤသိက္ခာပုဒ်ကား အစိတ္တက ဖြစ်ခြင်းကြောင့် အယုတ်ဆုံး အခင်း ပြုလုပ်ရာ အရပ်၌ လေးဟုန်ဖြင့် ကျသော ပိုးမျှင်ဖြင့်ရော၍ ပြုလုပ်လျှင်လည်း ကောသေယမိဿကပင် မည်သည်၊ အဗ္ဗောဟာရိက မဆိုရဟု သိ။

သန္ထတံ။ ။သံသုဋ္ဌ ထရိတဗ္ဗံ အတ္ထရိတဗ္ဗန္တိ သန္ထတံ။ ကောင်းစွာခင်း၍ပြုအပ်သော အခင်းကို ရစေ။ ထိုအခင်းကား ယက်၍ ပြုအပ်သော အခင်းမျိုး မဟုတ်။ ညီညွတ်သော မြေအဘို့၌ ပိုးချည်မျှင်တို့ကို အဆင့်ဆင့်ခင်း၍ ခဆီရည် စသည်တို့ဖြင့် လောင်း၍ ပြုအပ်သော လက္ခဏာရှိသော အခင်းမျိုးကို ယူရမည်ဟု အဋ္ဌကထာတို့ ဆိုကြ၏။

[အခင်းပြုလုပ်ရာ၌ ပိုးချည်တို့ကို အဆင့်ဆင့် ခင်းပြီး ပိုးချည်နှင့် ရောရွက် လုပ်သည်ဟု အဓိပ္ပါယ်ရနေသည်၊ ကြံလေ။]

ဝိမတိ...၌ မိသိတ္ထာကို "ဌေကလောမေတိ မိသိတ္ထာ"ဟု ဖွင့်ဆိုခြင်းကြောင့် အခင်း ပြုလုပ်ရာ၌ ပိုးချည်တို့ကို အဆင့်ဆင့်ခင်းပြီး သိုးမွေးနှင့်ရောရွက် ပြုလုပ်သည်ဟု အဓိပ္ပါယ်ရသည်။ ဤသို့ အဓိပ္ပါယ်ကြံသော် ကောသိယ မိသကပုဒ်နှင့် ဆန့်ကျင်၏။ အခင်းအရ ဌေကလောမဝဂ် ဖြစ်ခြင်းကြောင့် သိုးမွေးအခင်းကို ယူ၍ ထိုသိုးမွေးတို့ကို အဆင့်ဆင့်ခင်းပြီး ပိုးချည်နှင့်ရောရွက် ပြုလုပ်သည်။ ။တနည်း– သိုးမွေးတို့ကို ပိုးချည်နှင့်ရောရွက် အခင်းပြုလုပ်သည်ဟု ယူသော် အဓိပ္ပါယ် ရသည်၊ ယင်း၌ ပြုလုပ်သော် အနာပတ္တိ။

ကာရာပေယျ – ပါစိတ္တိယံ။ ။ကာရာပေယျ၌ ကာရိတ် ဏာပေပစ္စည်းပါသော် လည်း မိမိအကျိုးငှါ ကိုယ်တိုင်ပြုခြင်းကိုလည်း ယူ။ ထိုသို့ ကိုယ်တိုင်ပြုခြင်း၌ရင်း, ပြုစေခြင်း၌ရင်း ဒုက္ကဋ်။ ရသော်(ပြီးသော်) နိဿဂ္ဂိ။ ကာရိတ်ပစ္စည်း ဝင်ရာ၌ ကိုယ်တိုင်ကိုလည်း ယူရမည်ကို သိ။

နိဒါန်း စသည်။ ။အာဌဝီ၊ ဆဗ္ဗဂ္ဂိ၊ ပိုးချည်နှင့်ရောသော အခင်းကို ပြုသော ဝတ္ထု။ အ၊ သာ၊ စတုက္ကပါစိတ်။ [မိမိပြု၍ မပြီးသေးသော အခင်းကို မိမိပြီးအောင် ပြုခြင်း တချက်, မိမိပြု၍ မပြီးသေးသော အခင်းကို သူတပါးအား ပြီးအောင် ပြုခိုင်းခြင်း တချက်, သူတပါးပြု၍ မပြီးသေးသော အခင်းကို မိမိ ပြီးအောင် ပြုခြင်း တချက်, သူတပါးပြု၍ မပြီးသေးသော အခင်းကို သူတပါးအား ပြီးအောင် ပြုခိုင်းခြင်းတချက်၊ ဤလေးချက် ယူ။]

သူတပါး အကျိုးငှါ ကိုယ်တိုင်ပြုခြင်း, ပြုစေခြင်း, သူတပါး ပြုပြီးသော်ရ၍ သိုးဆောင်ခြင်းတို့၌ ဒုက္ကဋ်၊ မျက်နှာကြက် စသည်ကို ပြုသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။

ပိုးချည်မျှင် ဖြစ်ခြင်း, ဝါ-ပိုးချည်မျှင်နှင့်ရောခြင်း, မိမိအကျိုးငှါ အခင်းကို ပြုခြင်း, ပြုစေခြင်း, ရခြင်း၊ အင်္ဂါသိုးပါး။ [ဝိမတိ သာဂဋ္ဌတို၌ ကောသိယ-မိသကတာဟု ပဒမအင်္ဂါပါ၌ ရှိ၏။ ကဒ်ါ ၌ ကောသိယဘာဝေါဟု ပါ၌ ရှိ၏။ ကောသိယမိသကံဟု ပါဠိတော်ရှိရကား ဋီကာတို့စကား ပါဠိတော်နှင့် ညီသည်။] သမုဋ္ဌာန် စသည် ဓောဝါပန သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ပိုးချည် ရောယှက်၊ မိမိတွက်တာ၊ ပြုပါအခင်း၊ ရခြင်း သိုးဝ၊ အင်္ဂါပြည့်က၊ သင့်ထ ကောသိယာ။

ကောသိယသိက္ခာပုဒ် ပြီး၏။

ပေဒိန် ၁၅—ပ-မ-သ-စ

၂-သုဒ္ဓကာဋ္ဌက

၂။ ယော ပန ဘိက္ခု၊–သည်။ သုဒ္ဓ ကာဋ္ဌကာနံ၊ သက်သက်မည်းကုန် သော။ ဋ္ဌေက လောမာနံ၊ သိုး၏အမွေးတို့၏။ သန္ထတံ၊ အခင်းကို။ကာရာ-ပေယျ၊ အံ့။ တဿ ဘိက္ခုနော၊–အား။....ဟောတိ၊–၏။

၃-ဒွေဘာဂ

၃။ နဝံ၊ အသစ်ဖြစ်သော။ သန္ထကံ၊–ကို။ကာရယမာနေန၊ ပြုစေ လိုသော။ ဘိက္ခုနာ ပန၊–သည်။ သုဒ္ဓ ကာဋ္ဌကာနံ၊–ကုန်သော။ ဋ္ဌေက လောမာနံ၊–တို့၏။ ဒွေဘာဂါ၊ နှစ်ဘို့တို့ကို။ အာဒါတဗ္ဗာ၊ ယူအပ်ကုန်၏။

၂-သုဒ္ဓကာဋ္ဌက

သုဒ္ဓကာဋ္ဌကာနံ။ ။သုဒ္ဓါနံ ကာဋ္ဌကာနံ သုဒ္ဓကာဋ္ဌကာနံ။ သက်သက် သော အမဲဖြစ်သော သိုးမွေးတို့ကို ရစေ။ သဘာဝမည်း သော အမည်း, ဆိုးထား၍ မည်းသော အမည်းကို ဤ၌ အမည်းဟု ယူ။ ပထမ သိက္ခာပုဒ်၌ တခုတည်းသော ပိုးမျှင်ဖြင့်ဟု ဆိုသကဲ့သို့ ထို့အတူ အမည်းမှု တပါး သော အဖြူစသော့ာ တခုသော သိုးမွေးနှင့် မရောဟု မဆိုခြင်းကြောင့် အဖြူစသော တပါးသော သိုးမွေးနှင့် ရောသော်လည်း မထင်ရှားသော အဆင်းရှိအံ့။ အမည်းသက်သက်ဟု ဆိုရမည် ဟူကုန်၏။ သန္ထတအရ ခြေးနည်း အတိုင်း ပြုလုပ်သော အခင်းမျိုးကို ယူ။

နိဒါန်းစသည်။ ။ဝေသာလီ၊ ဆဗ္ဗဂ္ဂိ၊ ထိုသို့သော အခင်းကို ပြုသော ဝတ္ထု။ အကြောင်း ကောသိယ သိက္ခာပုဒ်နှင့် တူပြီ။ ။ပိုးချည်ဖြင့် ရောခြင်းဟူသော ပထမအင်္ဂါအရာ၌ အမဲသက်သက် ဖြစ်ခြင်းဟု လဲရမည် သာ ထူး၏။

သုဒ္ဓကာဋ္ဌကသိက္ခာပုဒ် ပြီး၏။

၃-ဒွေဘာဂ

ဒွေဘာဂါ။ ။ဤဒွေဘာဂါ၌ ဘာဂ-သဒ္ဒါ ကောဋ္ဌာသအနက်ဟော။ ချိန်တွယ် ခြင်း နှစ်ခုဟု ဆိုလိုသည်။ ။ဘဇိတဗ္ဗာ ဝိဘဇိတဗ္ဗာတိ ဘာဂါ။ ဝေဖန်အပ်သော အဘို့အစုတို့ကို ရစေ။ ။ဒွေ ဘာဂါတိ ဒွေဘာဂါ။ ဤ

ဩဒါတာနံ၊ ဖြူကုန်သော သိုးမွေးတို့၏။ တတိယံ၊ သုံးခုမြောက်သော အာဘို့ကို။ အာဒါတပ္ပံ၊–၏။ ဂေါစရိယာနံ၊ ကြောင်ကုန်သော သိုးမွေးတို့၏။ စတုတ္ထံ၊ လေးခုမြောက်သောအာဘို့ကို။ အာဒါတပ္ပံ၊–၏။ ဘိက္ခု၊ –သည်။ သုဒ္ဓ ကာဠကာနံ၊–ကုန်သော။ ဧဋ္ဌကလောမာနံ၊–တို့၏။ ဒွေ ဘာဂေ၊–တို့ကို။ ဩဒါတာနံ၊–တို့၏။ တတိယံ၊–ကို။ ဂေါစရိယာနံ၊–တို့၏။ စတုတ္ထံ၊–ကို။ အနာဒါ၊ မယူမူ၍။ နဝံ၊ အသစ်ဖြစ်သော။ သန္ထတံ၊–ကို။ စေ ကာရာပေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။....ဟောတိ၊–၏။

ဒွေဘာဂါ-ကား လွန်သော အပိုင်းအခြားအားဖြင့် ပြသော စကားတည်း။ နှစ်ဘို့အောက်နည်းမူ အပ်သော ဟူ၏။

တတိယံ–ဂေါစရိယာနံ။ ။ဤပါဌ်ကား–ယုတ်သော အပိုင်းအခြားအားဖြင့် ပြသောစကားတည်း။ လွန်မူ အပ်သည် ဟူ၏။

အနာဒါ စေ–ပါစိတ္တိယံ။ ။ဤဝါကျစုဖြင့် မပြုအပ်သည်ကို ပြသည်။ ပြဆိုအပ်ပြီးသော အပိုင်းအခြားထက် အဖြူနှင့် အကြောင်တို့လွန်မူ အပြစ်မရှိ။ အမည်းတမျှင်မျှ လွန်သော် နိဿဂ္ဂိယပါစိတ်ဖြစ်သည် ဟူ၏။

ဆောင်––အမည်းတစ်မျှ၊ လွန်တုံက၊ ဖြစ်ထ နိဿဂ္ဂိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ထိုသို့သော အခင်းကို ပြုသောဝတ္ထု။ ကိရိယာကိရိယ။အကြွင်း ကောသိယ သိက္ခာပုဒ်နှင့် တူပြီ။ ။ ဤအခင်းသုံးမျိုးကို စွန့်၍ ပြန်ရသော်လည်း အခင်း၏ အဖြစ်ဖြင့် မသုံးဆောင်ကောင်း၊ သုံးဆောင်သော် ဒုက္ကဋ်။ တစုံတခုပြုလုပ်၍ကား သုံးဆောင်ကောင်းသည်။ ။ပိုးချည်ဖြင့် ရောခြင်းဟူသော ပထမအင်္ဂါအရာ၌ မည်းသော သိုးမွေးတို့၏ နှစ်ဘို့ထက်လွန်ခြင်းဟု လဲရမည်သာ ထူး၏။

ဒွေဘာဂ သိက္ခာပုဒ်ပြီး၏။

၄-ဆဗ္ဗသ

၄။ ယေန ဘိက္ခုနာ ပန – သည်။နဝံ၊ – သော။ သန္ဆတံ၊ – ကို။ကာရာ-ပေတ္ဝာ၊ – ၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ ဆန္နံ ဝဿာနံ၊ ခြောက်နှစ်တို့၏။ ဩရေန၊ အတွင်း၌။ တံ သန္ဆတံ၊ ထိုအခင်းဟောင်းကို။ ဝိဿဇ္ဇေတွာ ဝါ၊ စွန့်၍ဂျင်း။ အဝိဿဇ္ဇေတွာ ဝါ၊ မစွန့်မူ၍ဂျင်း။ အညံ၊တပါးသော။ နဝံ၊ – သော။ သန္ဆတံ၊ – ကို။ စေ ကာရာ-ပေယျ၊ – အံ့။ ဘိက္ခု သမ္မုတိယာ၊ သမ္မုတိရသော ရဟန်းကို။အညတြ၊ – ၍။ တဿ ဘိက္ခုနော၊ – အား။....ဟောတိ၊ – ၏။

၄-ဆဗ္ဗသ

နဝံ ပန ဘိက္ခုနာ – စေရေတဗ္ဗံ။ ။ဤဝါကျဖြင့် ပြုကောင်းသည်ကို ပြသည်။ သန္ဆတ အရ ဒုဗ္ဘာဂ သိက္ခာပုဒ်လာ အခင်းကိုယူ။ ဆဗ္ဗဿာနိ-ကား အစွန္တသံယောဂ။ အခင်းပြုပြီးသည်မှ စ၍ ခြောက်နှစ်ပတ်လုံး ဆောင်အပ်သည် ဟူ၏။

ဩရေန စေ–ပါစိတ္တိယံ။ ။ဤ ဝါကျစုဖြင့် မပြုကောင်းသည်ကို ပြသည်။ ဩရေန-ကား သတ္တမီ အနက်၌ တတိယာဝိဘတ် သက်ထားသည်။ ဂိလာနသာ သမ္မုတိ ရသည်။ ထိုသမ္မုတိရသော ဂိလာန-ကား သမ္မုတိ မငြိမ်းမီအတွင်း ရောက်ရာအရပ်၌ နှစ်စဉ် အခင်းသစ်ကို ပြုကောင်းသည်။ နောက်ထပ် သမ္မုတိ ဧပေးဘုယ်ကိစ္စ မရှိ၊ သူတပါးအကျိုးငှါ ပြုခိုင်းခြင်းနှင့် ပြုပြီးသားရ၍ သုံးဆောင်ခြင်းမျှားလည်း အပ်သည်ဟု သိ။ သမ္မုတိ မရသော ရဟန်းဖြစ်မူ ခြောက်နှစ်အတွင်း တပါးသောအခင်းကို ပြုအံ့၊ နိဿဂ္ဂိပါစိတ်။

ဆောင်——မငြိမ်း ရောက်၊ နှစ်စဉ်သာ၊ ပြုပါ အပ်သတည်း။
ပြုပြီးသားရ၊ သုံးဆောင်က၊ အပ်ကြ ဤဒ်တည်း။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ မျှားစ့ာသော ရဟန်း၊ နှစ်စဉ် အခင်းသစ်ကို ပြုသော ဝတ္ထု။ အညတြ စသည်ကား– အနုပညတ်၊အကြွင်း ကောသိယ သိက္ခာပုဒ်နှင့် တူပြီ။ အဂ်ါလွယ်ပြီ။

ဆဗ္ဗဿသိက္ခာပုဒ်ပြီး၏။

၅—နိသီဒနသန္ထတ

၅။ နိသီဒန သန္ထတံ၊ (အဆာရှိသော) နိသီဒိုင်အခင်းကို။ ကာရယ-
မာနေန၊ –သော။ ဘိက္ခုနာ ပန၊ –သည်။ ပုရာဏ သန္ထတသာ၊ ဟောင်း
–သော အခင်း၏။ ဝါ၊ အခင်းဟောင်း၏။ သမန္တာ၊ နံပါးတဖက်မှ။ သုဂတ
ဝိဒတ္ထိ၊ မြတ်စွာဘုရား၏ လက်သန်းတထွာလောက်ကို။ ဆိန္နံတွာ၊ ဖြတ်၍။
[ထည့်] ဒုပ္ပဏ္ဏာ ကရဏာယ၊ ဖောက်ပြန်သော အဆင်းရှိသည်ကို ပြုခြင်း
ငှါ။ ဝါ၊ အဆင်း ပျက်ခြင်းကို ပြုခြင်းငှါ။ အာဒါတုံ၊ ယူအပ်၏။
ဃော ဘိက္ခု၊ –သည်။ ပုရာဏာ သန္ထတသာ၊ –၏။ သမန္တာ၊–မှ။ သုဂတ
ဝိဒတ္ထိ ံ၊–ကို။ (ဆိန္နံတွာ၊–၍။) အနာဒါ၊ မယူမူ၍ ။နဝံ၊–သော။နိသီဒန-
သန္ထတံ၊ –ကို။ စေ ကာရာပေယျ၊ –အံ့။ တဿ ဘိက္ခုနော၊ –အား။....
ဟောဘိ၊ –၏။

၅–နိသီဒနသန္ထတ

နိသီဒနသန္ထတံ။ ။နိသီဒနသန္ထတ-ဟူသည် အဆာရှိသောအခင်းကို ဆိုသည်။ အဆာလုပ်ပုံကို နိသီဒနသိက္ခာပုဒ်ရောက်မှ သိ။ ဤ နိသီ-ဒနသန္ထတဖြင့် ဤအခင်းမျိုး၌ သက်နှံး-ဟူသော အမှတ်သညာကို တားမြစ်၍ အိပ်စရာ ထိုင်စရာကို ပြသည်။ ဝတ်ရုံရသော သက်နှံးမျိုးမဟုတ်၊ အိပ်စရာ ထိုင်စရာသာ ဖြစ်သည် ဟူ၏။

ဝါဒအထူး။ ။ကေစိတ္ထိကာ၊–ဤ နိသီဒန သန္ထတ-မည်သည် နိသီဒနသိက္ခာပုဒ်၌ လာသော သက်နှံးပင် ဖြစ်သည်။ သက်နှံးတမျိုး မဟုတ်ဟု ဆိုကြ၏။

သာရတ္ထဝါဒ။ ။နိသီဒနသိက္ခာပုဒ်၌ “နိသီဒနံ နာမ သဒသံ ဝုစ္စတိ–နိသီဒိုင် မည်သည် အဆာရှိသော သက်နှံးကို ဆိုသည်” ဟု ဟော တော်မူသော ပါဠိတော် စကားတရပ်, နိသီဒိုင်ကို သိုးမွေးအခင်းနှင့် တူစွာ ခင်းရ၍ တဖက်အစွန်း၌ မြတ်စွာဘုရား အထွာတော်ဖြင့် တထွာမျှသော အရပ် ၌ နှစ်ခုသောနေရာတို့၌ ခဲ့၍ အဆာသုံးခုတို့ဖြင့် ပြုကြသည်။ ထိုအဆာတို့ဖြင့် အဆာရှိသည်ဟု ဆိုသော အဋ္ဌကထာ စကားတရပ်,ဤသိက္ခာပုဒ်၌လည်း “နိသီ-ဒနံ နာမ သဒသံ ဝုစ္စတိ”ဟူ၍ဖြင့်း, “သန္ထတေ စတုတ္ထစီဝရ သညိတာယ”ဟူ ၍ဖြင့်း ဟောတော်မူခြင်းကြောင့် နိသီဒန-အရ သိက္ခာပုဒ်နှစ်ခုပြုခြင်း မထူးရ ကား– ကေစိဝါဒ သင့်သကဲ့သို့ ထင်သည်ဟု ဆို၏။

သာရတ္ထလာ ကေစိဝါဒ။ ။ဤ နိဿီဒိုင်-အခင်းကို သိုးမွေးတို့ကိုခင်း၍ ပြုသော အခင်းကဲ့သို့ ပြုကြသည်။ ထို့နိဿီဒိုင် အခင်းကား သက်နှံးခြောက်ထည်တို့တွင် တပါးပါး ဖြင့် ပြုရသည်၊ အဓိဋ္ဌာန်လောက်သည်။ (အဓိဋ္ဌာန်တင်ရသည်။) ထို နိသီဒိုင်သက်နှံးကို ပြုသောရဟန်းသည် အထည်ကြမ်းတို့ကို ခင်း၍ အခင်းနှင့်တူစွာ ပြုသည်ဟု ဆိုကြ၏။ ဆင်ခြင်၍ သင့်သည်ကို ယူဟု မှာ၏။

ဝိမတိဝါဒ။ ။သာရတ္ထ·နှစ်သက်သော ကေစိဝါဒကား မသင့်။မသင့်ကြောင်းကား ဤသိက္ခာပုဒ်၌ ပမာဏကို မှတ်၍ မဆိုခြင်းကြောင့်၎င်း, အခင်း၏ မယက်အပ်သော အခင်းဖြစ်ခြင်းကြောင့်၎င်း, အဓိဋ္ဌာန်မလောက် မတင်ရခြင်းကြောင့်၎င်း, အဋ္ဌကထာ၌ အထူးထား၍ မဆိုခြင်းကြောင့်၎င်း မသင့်ဟု ဆို၏။ နိသီဒိုင်-သက်နှံးကား–သက်နှံးခြောက်ထည်တို့တွင် ပုဆိုးကြမ်းပိုင်းတို့ကို ပမာဏအတိုင်း ခင်း၍ သန္ဆတကဲ့သို့ ပြုခြင်းကြောင့် သန္ဆတအခင်းနှင့် တူစွာဟူသော သဒိသသဒ္ဒါကို့ ပြုသည်။ ထို့ကြောင့် နိသီဒိုင်သက်နှံးသည် အဓိဋ္ဌာန် လောက်သည်၊ အဓိဋ္ဌာန် တင်ရသည်။ ဤနိသီဒိုင် အခင်းကား အဓိဋ္ဌာန် မလောက်၊ အဓိဋ္ဌာန်မတင်ရဟူ၍ ယူရမည်ဟု ဆို၏။

အထူး။ ။ဤနိသီဒိုင်အခင်းကား–ရှေးသန္ဆတ သုံးမျိုးကဲ့သို့ မယက်ဘဲ ခင်း၍ ပြုခြင်း, ပမာဏ မရှိခြင်း, အဓိဋ္ဌာန် မတင်ရခြင်းဖြစ်သည်။ နိသီဒိုင် သက်နှံးကား–ယက်၍ ပြုလုပ်ခြင်း, ပမာဏရှိခြင်း, အဓိဋ္ဌာန်တင်ရခြင်းဖြစ်သည်၊ ဤသို့ ထူး၏။

ပုရာဏသန္ဆတဿ သမန္တာ။ ။ပုရာဏော ဘဝံ ပုရာဏံ။ ရှေးကပြုထားသော အခင်းဟောင်းကို ရစေ။ ။ပုရာဏံ သန္ဆတံ ပုရာဏသန္ဆတံ။ ရှေးအတိုင်း အရင်းကောက်။ ဤ၌ ပုရာဏသန္ဆတဟူသည် အယုတ်ဆုံး တကြိမ်မျှ ထိုင်မိ-အိပ်မိလျှင် အဟောင်းဖြစ်သည်ဟု သိ။ ပါဠိတော်၌ကား–"ပုရာဏသန္ဆတံ နာဓ နိဝတ္ထံပိ သကိံ ပါရုဟံပိ" ဟု ဖွင့်၏။

ဆောင်—တကြိမ်မျှသာ၊ ထိုင် အိပ်ပါ။ ခင်းမှာ အဟောင်းဖြစ်။

သာမန္တာဟူ၍ဂုင်း, သမန္တာဟူဂုင်း ပါဠိနှစ်ထွေရှိ၏။ သာမန္တာ-ကား အလုံးစုံသော အရပ်ဟောနိပါတ်ပုဒ်၊ ဥပလက္ခဏနည်းဖြစ်၍ တခုသော နေရာအရပ်ကို ယူနိုင်သည်ဟု ကြံကြသည်။ ထင်ရှားသည်ကား–အနီးဝန်းကျင်ဟု ထင်ရှား၏။ သမန္တာကား ထက်ဝန်းကျင် အနက်ဟော နိပါတ်ပုဒ်။ ထက်ဝန်းကျင်ဟုဆိုသောကြောင့် ကိုက်နှစ်သက်ရာ နံပါးတဖက်ဖက်ကို ယူနိုင်သည်၊ ထို့ကြောင့် သမန္တာကို "ကေပဿဝေတာ" ဟု အဋ္ဌကထာဖွင့်သည်။

၆-ဌေကလောမ

၆။ အဒ္ဓါန မဂ္ဂ ပဋိပန္နဿ၊ (အဒ္ဓါနဟု ဆိုအပ်သော) ရှည်သော ခရီးသို့သွားသော။ ဘိက္ခုနော ပနေဝ၊–အားသာလျှင်၊ ဌေကလောမာနိ၊ –တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ငြားအံ့။ အာကခ်ံမာနေန၊ လိုချင်သော။

သုဂတဝိဒတ္ထိ အာဒါတဗ္ဗာ။ ။အခင်းဟောင်း၏ ကြိုက်နှစ်သက်ရာ တဖက်မှ အဝိုင်းဖြစ်စေ လေးထောင့်ဖြစ်စေ အလွန်ဆုံး မြတ်စွာဘုရား၏ လက်သန်းတထွာလောက် ဖြတ်ယူရမည်။ တထွာအောက် ယုတ်သော်လည်း အပ်သည်ဟု သိ။

ဒုဗ္ဗဏ္ဏကရဏာယ။ ။ဒုဋ္ဌု ဝိကာရံ ဝဏ္ဏံ ယဿာတိ ဒုဗ္ဗဏ္ဏံ။ ဖောက်ပြန်သော အဆင်းရှိသော အခင်းကိုရစေ။ ပဒဘာဇနီ၌ ကား– "ဒုဗ္ဗဏ္ဏကရဏာယဿာတိ ထိရဘာဝါယ သန္ဆရိတဗ္ဗံ" မြဲမြံစေခြင်း အကျိုးငှါ အဝိုင်းဖြစ်စေ လေးထောင့်ဖြစ်စေ ဖြတ်ယူ၍ တခုသောအရပ်၌ သီးခြားထည့်၍ အခင်းလုပ်နိုင်သည်။ ဖြေ၍ ရော၍ သော်လည်း အခင်းလုပ်နိုင်သည်ဟု အခင်းလုပ်ပုံနှင့်တကွ အခင်းသစ် မြဲမြံစေခြင်း အကျိုးငှါဟု အကျိုးပါထည့်၍ ဖွင့်တော်မူသည်။ အဋ္ဌကထာတို့၌လည်း "ဧဝံ ထိရတရံ ဟောတိ" ဟု ဆိုတော်မူကြ၏။

အနာဒါ စေ-ပါစိတ္တိယံ။ ။အနာဒါ၌ ပဋိသခ်ါပုဒ်၌ကဲ့သို့ ယ–ကျေနေသည်၊ အခင်းဟောင်းရှိသော် အခင်းဟောင်းမှ အနည်းငယ် မယူဘဲ **မ**ပြုကောင်း၊ မရှိသော် မယူဘဲ ပြုကောင်းသည်၊ ပြုပြီးသားရသော် သုံးဆောင်ကောင်းသည်။ အကယ်၍ အခင်းဟောင်းရှိလျက် အခင်းဟောင်းမှ မယူဘဲ အခင်းသစ်ပြုသော ရဟန်း နိဿဂ္ဂိပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းအများ၊ အခင်းကို စွန့်ပစ်ထားသော ဝတ္ထု။အကြောင်း ဒွေဘာဂ သိက္ခာပုဒ်နှင့် တူပြီ။

နိသီဒနသန္ထတသိက္ခာပုဒ်ပြီး၏။

၆–ဌေကလောမ

ဘိက္ခုနော ပနေဝ-ပဋိဂ္ဂဟေတဗ္ဗာနိ။ ။ဤဝါကျဖြင့် သိုးမွေး ဖြစ်ပေါ်လာသော် အလိုရှိက ခံယူကောင်းသည် ကိုပြသည်။ အဒ္ဓါနမဂ္ဂ၌ အဒ္ဓါနသဒ္ဒါဖြင့် အထူးပြုအပ်သောကြောင့် ရှည်သော ခရီး ဟူသောအနက်ကို သိ။ ။ပဋိပဇ္ဇတိ ဂစ္ဆတိတိ ပဋိပန္နော၊ သွားသော

ဘိက္ခုနော၊ – သည်။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ခံယူအပ်ကုန်၏။ ပဋိဂ္ဂဟေတ္ဝာ၊ – ၍။ ဟာရကေ၊ ဆောင်ယူသွားမည့် သူဘ သည်။ အသင်္ဘံ၊ မဂ္ဂိလတ်သော်။ တံ၊ယောဇနပရမံ၊ သုံးပျူဇနာအပိုင်းအခြားဂို့သော အရပ်သို့။ သဟတ္ထာ၊ မိမိ၏လက်ဖြင့်။ ဟာရေတဗ္ဗာနိ၊ ဆောင်ယူသွားအပ်ကုန်၏။ (ယော ပန ဘိက္ခု၊ – သည်း) ဟာရကေ၊ – သည်။ အာဒေန္တဿ၊ – ဝေဒ်လည်း။ တတော၊ ထိုသုံးပျူဇနာ အပိုင်းအခြားဂို့သော အဝုပဏက်။ ဥပဋ္ဌာရိ၊ – လွန်။ ဧစ ဟာရေယျ၊ အကယ်၍ ဆောင်ငြားအံ့။ တဿ ဘိက္ခုနော၊ – အား။ ....ဟောတိ၊ -- ၏။

ရဟန်းကို ရည်။ ဤဒဏ်ခွဲ အခွန်ဘဏ္ဍာသည်သော ခရိုးသို့ ဟူသော ဝိသေသနသည် ခရီးရှည်သွားစဉ်ရသော အတွက်ပစ္စယ်၏ အဝှမ်းဖြင့် ပေးသော စကားဖြစ်၏၊ သာမဉ်ဝ ဗျည်ပေါက်ရှိ၍ ဝဏ္ဏုပြုသော တောင်းဟုတ်၊ မည်သည့်နေရာက မဆို တရားသဖြင့် ရ၍ အလှူခံယူသော ရဟန်းဘဝ အဖြစ်မရှိဟု သိ။

ပဋိဂ္ဂဟေတ္ဝာ အာသင်္ဘံ ဟာရကေ။ ။ဤဝါကျဖြင့် ဆောင်ယူသွားမည့်သူမရှိ သော် သုံးယူဇနာတိုင်အောင် ကိုယ်တိုင် ဆောင်ယူ သွားဝကောင်းသည်ကို ပြသည်။ တိဂါဝုတဇနပရမံ-ကား အလှူခံပြီး သော သိုးဝမွေးတို့ကို စ-ယူသွားထုတ်ရပ်မှ သုံးယူဇနာတိုင်အောင်သော အရပ်ကို ဆိုသည်။

[တယူဇနာကား အလံ (၁၁၂၀၀) တဝေါင်းတာထောင်နှစ်ရာရှိသည်။]

သဟတ္ထာ-ကား ကရိဏ်းဒေါက်၌ ပဉ္စမိဝိဘတ် သက်ထားသည်၊ ဖြင့်-ဟု အနက်ပေး။ ဤပုဒ်ဖြင့် ကိုယ်တိုင်ဖောင်ယူခြင်းကို ပြသည်။

ဟဒတာ ဘစ-ပါဒိတ္တိယံ။ ။ဤဝါကျဖြင့် သုံးယူဇနာ အရပ်တက် လွန်ကိုယ် တိုင် ဖောင်ကာ အာပတ်သင့်ပုံကို ပြသည်။ အယုတ်ဆုံး ဝလနာကို ကုလားခြင်းအကျိုးငှာ ပြုံးပြုံး မချည်မူ၍ နားပေါက်၌ လည်ရှိသော်ပျံ ဆောင်ယူသော်ပင်ဖြစ်၏။ သုံးယူဇနာကို ရခြံတလှမ်းလွန်မူ ဒုက္ကဋ်၊ ဧမ်လှမ်းလွန်မူ ပါစိတ်ဖြစ်၏။ ဒေသနာသုံးယူဇနာ အပြန်သုံးယူဇနာ ဆောင်ခြင်း၊ ဘရပ်ပေါ်ရှိမြေနှင်ကိုယ်ဖြင့် သုံးယူဇနာတောင် ယူသွားသော် နေလို ဆောင်ရပ်၌ ဒေါ်ကြီးပတ်ကာ၌ အရပ်ဟောင်းသို့ သုံးယူဇနာဆောင် ပြန်ခြင်း, ခိုးသူ လုယူသွားရာမှ ပြန်ရခြင်း, ယူတပါးပိုးဖောင်စခြင်း, ကြိုးဖြင့် ချည်၍ ဆောင်ခြင်း, ဥပဓိတို့ စသည်တို့ဖြင့် အနုပဒဿီ။

ဆောင်— သုံးယူဇနာ၊ ကလွဲးပြန်ဆောင်၊ နေလိုဆောင်ယူ၊ ခိုးသူလုရာ၊ စွန့်ပြန်ရာ၌၊ အညီဆောင်စေ၊ ကြိုးဖြင့်ချဉ်ဆောင်လနာပတ္တိ။

၇-ဌေကလောမစောဝါပန

၇။ ယော ပနဘိက္ခု၊-သည်။ အညာတိကာဃယ၊-သော။ ဘိက္ခုနိယာ၊-ကို။ ဌေကလောမာနိ၊-တို့ကို။ စောဝါပေယျ ဝါ၊-အုံ။ ရဇာပေယျ ဝါ၊ အုံ။ ဝိဇ္ဇာပေယျ ဝါ၊ အရှုပ်အထွေးကိုလည်း ဖြေစေငြားအုံ။ တာဃ ဘိက္ခုနော၊-အား။ ဟောတိ၊-၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး သုံးယူဇနာဝေး အလှန်ဆောင် သောဝတ္ထု။ အ၊ အနာ၊ တိကပါစိတ်၊ ဒုက္ကဋ်။ တစုံတခု မပြု အပ်သေးသော သိုးမွေးဘဏ္ဍာဖြစ်ခြင်း, ဖျေးဦးစွာရခြင်း, မိမိကိုယ်ကိုင်ယူ၍ ဖြစ်စေ သူတပါးမသိစဉ် ယာဉ်၌ဟင်၍ဖြစ်စေ သုံးယူဇနာလွန်ခြင်း, အသွားအပြန် မဆောင်ခြင်း, နေရန်ရည်ရွယ်ချက် မရှိခြင်း၊ အင်္ဂါငါးပါး။ ဌေကလောမသမုဋ္ဌာန်၊ ကိရိယာ၊ နောသညာဝိမောက္ခ၊ ဒုစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကမ္မ၊ တိစိတ္တ၊ တိဝေဒနာတို့တည်း။

ဆောင်—မပြုအပ်သေး၊ သိုးမွေးဘဏ္ဍာ၊ဦးစွာရယူ၊ကိုယ်တိုင်ယူဘို၊သူမသိ ခင်၊ လှည်းတင်ယူပြန်၊ ယူဇနာသုံးလွန်၊ သွားပြန်ဆောင်ခြင်း၊မရှိ လျှင်းမှန်၊နေရန်မရည်၊ ဘင်ငါးလီ၊ သင့်ပြီ ဌေကာ။

ဌေကလောမသိက္ခာပုဒ်ပြီး၏။

၈-ဌေကလောမစောဝါပန

ဘိက္ခုနိယာ။ ။ဤပုဒ်ကား·ကာရိတ်ကံဖြစ်၍ တတိယာဝိဘတ်နှင့် ထားသည်၊ ဒုတိယာ,ဆဋ္ဌီတို့နှင့်လည်း ထားနိုင်သည်။ ထိုဘိက္ခုနိယာကား ကာရိတ်ကံဖြစ်ခိုက် အဝုတ္တကံ၊ ဓာတ်ကဟ္ဘာ ဖြစ်ခိုက် ဝုတ္တကတ္တာ၊ထိုကာရိတ် ကံနှင့် ဓာတ်ကတ္တာကား အရမပြား ဝုတ္တ, အဝုတ္တသာ ပြားသည်။

ဆောင်—ကာရိတ်ကံကား၊ ဓာတ်ကတ္တား၊ မပြား ဝုတ္တ,အဝုတ္တ။

နိဒါန်းစသည်။ ။သင်္ကတိုင်း၊ ဆာဗတ္ထိ၊ သိုးမွေးတို့ကို ဖွပ်ခိုင်းသော ဝတ္ထု။အဆုံး အဖြတ်နှင့် တကွ အကြွင်းစကားရပ်ကား ပုရာဏ စီဝရဓော-ဝါပန သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ပုရာဏစီဝရ၊ ယင်းသိက္ခ၊ တူကြ ထူးမရှိ။

ဌေကလောမဓောဝါပနသိက္ခာပုဒ်ပြီး၏။

၈-ရူပိယပဋိဂ္ဂဟဏ

၈။ ယော ပန ဘိက္ခု၊–သည်။ ဇာတရူပ ရဇတံ၊ ရွှေငွေကို။ ဥဂ္ဂဏှေ-ယျ ဝါ၊ကိုယ်တိုင်မူလည်း ခံယူငြားအံ့။ ဥဂ္ဂဏှာပေယျ ဝါ၊သူတပါးကိုမူလည်း ခံယူစေငြားအံ့။ ဥပနိက္ခိတ္တံ ဝါ၊ အနီးဌ် ထားအပ်သော ငွေရွှေကိုလည်း။ သာဒယေယျ၊ သာယာငြားအံ့။ တဿ ဘိက္ခုနော၊–အား။ ဟောတိ၊–၏။

၈–ရူပိယပဋိဂ္ဂဟဏ

ဇာတရူပ ရဇတံ။ ။ဇာတံ ရူပံ ဇာတသာတိ ဇာတရူပံ။ မိမိသဘော အလျောက် ဖြစ်သော အဆင်းရှိသော ရွှေကို ရစေ။ရတိ ဇနေတီတိ ရဇတံ။ သတ္တဝါတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ငွေကိုရစေ။ တနည်း ရဇတ အရ ရွှေအသပြာ, ငွေအသပြာ, ပကတိ အသပြာ (ဝါ-ဒင်္ဂါး) ကြေး စသည်ကို ပြုသောပဲရုပ်, သစ်သားနှစ်ကိုပြုသော ပဲရုပ်, ချိတ်ကိုပြုသော ပဲရုပ် စသော ရောင်းဝယ်သုံးစွဲ၍ ရစကောင်းသော ငွေစက္ကူစသော ဝတ္ထုတို့ကိုယူ။

ဆောင်––သပြာပဲရုပ်၊ သမုတ်သုံးရ၊ စက္ကူစ၊ ရဇတဟုခေါ်။

ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ။ ။မိမိအကျိုးငှါ လှူအပ်သော ရွှေ ငွေဟူ သောဝတ္ထုကိုဌင်း, တစုံတခုသောအရပ်၌ ကျနေသော အရှင်မရှိသော ရွှေငွေကိုဌင်း, မြင်၍ ကိုင်တွယ်ယူငင်ခြင်းကို ဥဂ္ဂ-ဏှေယျ၊ ဆိုအပ်ပြီးသော ရွှေငွေဟူသော ဝတ္ထုကို မိမိကိုယ်တိုင် မယူဘဲ သူတပါး ကို ယူထားခိုင်းခြင်းကို ဥဂ္ဂဏှာပေယျ ဆိုသည်။

ဥပနိက္ခိတ္တံ ဝါ သာဒယေယျ။ ။ဤ၌ ဥပနိက္ခိတ္တံ-ကား–ဥပလက္ခဏနည်းတည်း။ အဝေးမှာ ထားသော ပစ္စည်းကိုလည်း ယူ။ ရဟန်း၏မျက်မှောက်၌ ရွှေငွေကိုထား၍ ဤရွှေငွေသည် အရှင်ဘုရားအား ဖြစ်ပါစေ လှူပါ၏ဟု မျက်မှောက်၌ လှူသော ရွှေငွေကိုဌင်း, ဤမည်သော အရပ်၌ တပည့်တော်အား ရွှေငွေအသပြာ ရှိပါသည်၊ ထိုရွှေငွေအသပြာကို အရှင် ဘုရားအား လှူပါ၏ဟု မျက်ကွယ်၌ တည်ရှိသော ရွှေငွေအသပြာကို နှုတ်ဖြင့် ဖြစ်စေ, လက်ပြရှဖြစ်စေ လှူသည်ကို ကိုယ်နှုတ်တို့ဖြင့် မပယ်မူ၍ စိတ်ဖြင့် သာယာသည်ကို ဆိုသည်။ အထူး–စိတ်ဖြင့် အကယ်၍ကား သာယာ၏, ယူလို၏၊ ကိုယ်နှုတ်တို့ဖြင့် ဤရွှေငွေ မအပ်ဟု ပယ်အံ့ အပ်သည်၊ ကိုယ်နှုတ်တို့ဖြင့် မပယ်မူ၍ စင်ကြယ်သော စိတ်ရှိ၍ ငါတို့အား ရွှေငွေ မအပ်ဟု ဆုံးဖြတ်၍ မသာယာဘဲနေအံ့၊ အပ်သည်။

[စွန့်ပုံ-သုံးပုံ အကျယ် အဋ္ဌကထာကြီး၌ လာပြီ။]

နိဿဂ်ိယံ ပါစိတ္တိယံ။ ။ကိုယ်တိုင် ခံယူခြင်းစသည် သုံးမျိုးတို့တွင် အမှတ်မရှိ တခုခုကို ပြုမိသော ရဟန်းအား တခဲနက် မဖွဲ့သော ဝတ္ထု တို့၌ ဝတ္ထုအရေအတွက် နိဿဂ်ိပါစိတ်။

သိသင့်သော ဝတ္ထု ၃-မျိုး။ ။နိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထု ဟူ သုံးမျိုးရှိ၏။ ထိုတွင် ရှေးဦး စသော လေးပါးသည် နိဿဂ်ိယဝတ္ထု၊ပုလဲစသော ရတနာ ရှစ်ပါး,စပါးမျိုး ခုနစ်ပါး,တွင်း ကံ ကျဲ နွားစသည်သည် ဒုက္ကဋ်ဝတ္ထု၊ သက်န်း စသည်သည် ကပ္ပိယဝတ္ထုတည်း။

ဆောင်—ရှေ စ လေးတန်၊နိဿဂ်ံမှတ်၊အဋ္ဌ ရတနာ၊အစဖြာ၊ဒုက္ကဋ်ဟု သိ။
စီဝရာဒိက၊ ကပ္ပိယ၊ မှတ်ကြ သုံးမျိုးရှိ။

ဆက်ဦးအုံ့။ ။အလှူခံသော ပုဂ္ဂိုလ်အား နိဿဂ်ိယဝတ္ထုကို မိမိ အကျိုးငှါ အလှူခံအုံ့၊ နိဿဂ်ိ၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီအကျိုးငှါ အလှူခံအုံ့၊ ဒုက္ကဋ်၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီအကျိုးငှါ အလှူခံအုံ့၊ ဒုက္ကဋ်ဝတ္ထုကို မိမိအကျိုးငှါ အလှူခံအုံ့၊ ဒုက္ကဋ်၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီအကျိုးငှါ အလှူခံအုံ့—ဒုက္ကဋ်ပင်၊ အပ်သောဝတ္ထုကို အလှူခံရာ၌ကား အနာပတ္တိ။

ဆောင်—သံဃ-ဂဏ၊ ပုဂ္ဂလ၊ အတ္တ-စေတိယာ။
မိမိကျိုးငှါ၊ နိဿဂ်ါ၊ ကြွင်းမှာ ဒုက္ကဋ်။
ဒုက္ကဋ်ကိုကား၊ အာဒိလုံးအား၊ ခံငြား ဒုက္ကဋ်။
အပ်သောဝတ္ထု၊ ခံယူမှု၊ ပဋိ အာပတ္တာ။

ပရိဘောဂ ၄-ပါး။ ။သီလမရှိသော ဒုဿီလ၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ထေယျပရိဘောဂ, သီလရှိသောသူအား ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ, သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ, ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂမည်၏။ ထိုလေးပါးတို့တွင် ရှေးနှစ်ပါးကား မအပ်၊ နောက်နှစ်ပါးသာ အပ်သည်။ သီလရှိသော ပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည်ရင်း, ကလျာဏပုထုဇ္ဇန်တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည်ရင်း သေက္ခသို့ သွင်းယူရသောကြောင့် ဒါယဇ္ဇပရိဘောဂမည်၏ဟု သိ။

ဆောင်—ထေ-ဣ-ဒါ-သာ၊ ရိဘောဂါ၊ လေးဖြာ ပြားသတည်း။
ခိုး-ကျေး-မွေခံ၊ ပိုင်နိုင်ပြန်၊ မှတ်ရန် အတ္ထတည်း။
ဒုဿီ သေက္ခာ၊ ရဟန္တာ၊ တဲ့ပါ စဉ်တိုင်းတည်း။
သီလကလျာဏာ၊ ဒါယဇ္ဇာ၊ သေက္ခာ သွင်းသတည်း။

သုဒ္ဓိ ၄-ပါး။ ။ဒေသနာကြားခြင်းဖြင့် စင်ကြယ်သော ဒေသနာသုဒ္ဓိ၊ (ပါတိမောက္ခသံဝရသီလကို ယူ)၊ တဖန် ဤသို့ မပြုတော့အံ့ဟု စိတ်ကိုဆောက်တည်၍ စောင့်စည်းခြင်းဖြင့် စင်ကြယ်သော သံဝရသုဒ္ဓိ၊ (ဣန္ဒြိယသံဝရသီလကို ယူ)၊ အနေသနတို့ကိုဖယ်၍ တရားနှင့်အညီ ပစ္စည်းလေးပါးကို ရအောင် ရှာမှီးသဖြင့် စင်ကြယ်သော ပရိယေဋ္ဌိသုဒ္ဓိ၊ (အာဇီဝပါရိသုဒ္ဓိသီလကို ယူ)၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းဖြင့် စင်ကြယ်သော ပစ္စဝေက္ခဏသုဒ္ဓိ၊ (ပစ္စယသန္နိဿိတသီလကို ယူ)၊ ဤသို့ သုဒ္ဓိလေးမျိုးပြား၏။

ဆောင်—သုဒ္ဓိလေးဝ၊ ဒေ-သံ-ပ၊ ပစ္စဝေက္ခဏာဝတည်း။
ကြား-စောင့်-ရှာ-ဆင်၊ ဤလေးအင်၊ မှတ်လျှင် သုဒ္ဓိတည်း။
သီလလေးတန်၊ အရမှန်၊ မှတ်ရန် စဉ်တိုင်းတည်း။

ပဂ္ဂဟ ၂-မျိုး။ ။လင်္ဂီကို ချီးမြှောက်ခြင်း လင်္ဂီပဂ္ဂဟ, အလင်္ဂီကို ချီးမြှောက်ခြင်း အလင်္ဂီပဂ္ဂဟဟု နှစ်မျိုးပြား၏။ အလင်္ဂီက လင်္ဂီကို ချီးမြှောက်သော် အပ်၏။ အလင်္ဂီကို အာပတ်ဖြင့် မဆုံးဖြတ်ရ။ လင်္ဂီက အလင်္ဂီကို ချီးမြှောက်သော် အာပတ်သင့်၏။....ချီးမြှောက် ဟူသည် အနုမောဒနာပြုခြင်းငှါ တိုက်တွန်းခြင်း, တရားဟောခိုင်းခြင်း, ဒါယကာတို့ကို ထောက်ပံ့ခိုင်းခြင်း, လင်္ဂီသည် မိမိကို ချီးမြှောက်သော အလင်္ဂီဆရာအား ငါတို့၏ ဆရာသည် ဤသို့, ဤသို့ သဘောရှိ၏ဟု အလင်္ဂီဆရာ၏ ဂုဏ်ကျေးဇူးကို ပရိသတ် အလယ်၌ ပြောပြခြင်းမျိုးကို ဆိုသည်။

[ဤသို့ ချီးမြှောက်သော လင်္ဂီရဟန်းသည် အာပတ်လည်း သင့်၏။ သာသနာတော်ကိုလည်း ဆုတ်ယုတ်ကွယ်ပစေသည် မည်၏ဟု သိ။]

ဆောင်—လင်္ဂီ-အလင်္ဂီ၊ ချီးမြှောက်သည်၊ နှစ်လီ ပဂ္ဂဟ။
အလင်္ဂ်-လင်္ဂအား၊ ချီးမြှောက်ငြား၊ အာ ကား မသင့်ရာ။
လင်္ဂ်-အလင်္ဂအား၊ချီးမြှောက်ငြား၊အာ ကား သင့်သည်သာ။

တနည်း။ ။ပရိဘောဂသည် အာမိသပရိဘောဂ, ဓမ္မပရိဘောဂဟု နှစ်မျိုးပြား၏။ အာမိသပရိဘောဂထက် ဓမ္မပရိဘောဂကား ဝန်လေးသည်။ ထို့ကြောင့် အလင်္ဂီနှင့် ကောင်းကောင်းကြီး ကင်းရှင်းအောင်နေရမည်။

ဆောင်—ဓမ္မာ မိသ၊ ရိဘောဂ၊ နှစ်ဝ တနည်းသိ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဥပနန္ဒ၊ ရွှေငွေကိုခံယူသော ဝတ္ထု။ သာ၊ သာ၊ တိကပါဒိတ်၊ ဒုက္ကဋ်။ရတနသိက္ခာပုဒ်၌ ဆိုအပ်သောနည်းဖြင့် သိုမှီးထားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရွှေငွေ

၉-ရူပိယသံဝေါဟာရ

၉။ ယော ပန ဘိက္ခု၊-သည်။ နာနပ္ပကာရကံ၊များသော အပြားရှိသော။ ရူပိယ သံဝေါဟာရံ၊ ရွှေငွေကို လဲလှယ်ခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ တဿ ဘိက္ခုနော၊-အား။ ဟောတိ၊-၏။

ဖြစ်ခြင်း, မိမိကို ရည်ညွှန်းခြင်း, ယူခြင်းစသည်တို့တွင် တပါးပါးဖြစ်ခြင်း၊ အင်္ဂါသုံးပါး။သမုဋ္ဌာန်စသည် သဥ္ဇာတိတွန့်တူပြီ။သိယာ ကိရိယ သိယာ အကိရိယသာ ထူး၏။

ဆောင်—ရွှေငွေဖြစ်ချက်၊ မိမိတို့က်ဟူ၊ ရည်ညွှန်းမူလေ၊ ခံယူခံစေ၊ သာယာပေက၊ အင်သုံးဝ၊ သင့်ထ ရူပိယာ။

ရူပိယပဋိဂ္ဂဟဏ သိက္ခာပုဒ် ပြီး၏။

၉-ရူပိယသံဝေါဟာရ

နာနပ္ပကာရကံ။ ။ဤဦ့် နာနာ-ကား များသောအနက်ကိုဟောသည်။ပကာရ သဒ္ဒါ-ကား အပြားဟူသော အနက်ကို ဟောသည်။ ကစာ, အကတ, ကတာကတအားဖြင့် များသော အပြားရှိသည် ဟူ၏။ ဦးခေါင်းတန်းဆာ စသည် ပြုထားသော ရွှေငွေကို ကတ, တန်းဆာ မပြုသေးသော ရွှေငွေကို အကတ, တန်းဆာပြု မပြုဘဲ ထားသော ရွှေငွေကို ကတာကတ ဆိုသည်။

ရူပိယ-သမာပဇ္ဇေယျ။ ။ရူပံ ဝဏ္ဏံ အဿ အတ္ထီတိ ရူပိယံ။ အဆင်းရှိသော ရွှေငွေကို ရစေ။ ဤရွှေငွေဟူသော စကားသည် အလွန်ဆိုသော စကားဖြစ်၏၊ နိဿဂ်ိယဝတ္ထု လေးမျိုးစလုံးကို ယူရမည်ဟု သိ။ သံသူဋ္ဌ ဝိသေသေန အဝဟရဏံ ပရိဝတ္တနံ သံဝေါဟာရော။ ကောင်းစွာ အထူးအားဖြင့် လဲလှယ်ရောင်းဝယ်ခြင်းကို ရစေ။ ဤရူပိယသံဝေါဟာရံကား ရွှေငွေကို လဲလှယ်ရောင်းဝယ်ခြင်းကို ဆိုသည်။ ရှေးသိက္ခာပုဒ်ကား နိဿဂ်ိယဝတ္ထုနှင့် ဒုက္ကဋ်ဝတ္ထုတို့ကို ခံယူခြင်းကို တားမြစ်သည်။ ဤသိက္ခာပုဒ်ကား လဲလှယ်ခြင်းကို တားမြစ်သည်ဟု အဆိုးသိ။

လဲလှယ်ပုံ။ ။နိဿဂ်ိယဝတ္ထုဖြင့် နိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုတို့ကို လဲလှယ်အံ့-နိဿဂ်ိ၊ ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုတို့ဖြင့် နိဿဂ်ိယဝတ္ထုကို လဲလှယ်အံ့-နိဿဂ်ိ၊ ဒုက္ကဋ်ဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုတို့ကို လဲလှယ်အံ့-ဒုက္ကဋ်၊ ကပ္ပိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို လဲလှယ်အံ့-ဒုက္ကဋ်ဖြစ်သည်။

ဆောင်—ဒုက္ကဋ်ဖြင့်ကား၊ ဒုက္ကဋ်အား၊ လဲငြား ဒုက္ကဋ။
ကပ္ပယဝတ္ထု၊ ဒုက္ကဋစု၊ လမ္ဗု ဒုက္ကဋ။
နိဖြင့် နိဒုက်၊ ကဋ္ဌသမုတ်၊ လဲထုတ် နိဿဂ္ဂါ။
ဒုက် ကပ္ပိယ၊ နိဿဂ္ဂ၊ လဲက နိဿဂ္ဂါ။

ပတ္တစတုက္က။ ။ဤအရာ၌ ရွှေငွေဖြင့် လဲလှယ်ခြင်း၏ အပြစ်ကြီးလေးသည့် အဖြစ်ကို ပြတတ်သော ပတ္တစတုက္ကခေါ် သပိတ်လေးလုံး အကြောင်း ပြဦးအံ့၊

၁-ရဟန်းတပါး သည် ရွှေငွေကို အလှူခံပြီး၍ ထိုရွှေငွေဖြင့် ကိုယ်တိုင် ဖြစ်စေ, စေခိုင်း၍ဖြစ်စေ သံမျိုးစေ့ကျောက်ကိုဝယ်၍ ထိုသံမျိုးစေ့ကျောက်ကို ထုရိုက်ပြီး ထိုသံဖြင့် သပိတ်လုပ်ထားအံ့၊ ထိုသပိတ်ကား ဘယ်လိုနည်းနှင့်မျှ အပ်အောင်လုပ်၍ မရသောကြောင့် မဟာအကပ္ပိယသပိတ် မည်၏။ ။မိမိ ကိုယ်တိုင် သံမျိုးစေ့မှစ၍ ဖျက်ဆီးခြင်းမရှိ၊ ဥစ္စာရှင်မရှိခြင်းကြောင့် မဟာ အကပ္ပိယသပိတ်ခေါ် သည်၊ ထိုသပိတ်ကို ခိုးသူတို့ လုယူသွားပြီးမှ တဖန် ပြန်ရ သော် သိသောရဟန်းအား မအပ်တော့ပြီ၊ ဝိမတိ။]

မှတ်ချက်။ ။"နှ သက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုံ" ဤမဟာ အကပ္ပိယသပိတ်ကား တစုံတခုသောနည်းဖြင့် အပ်အောင် ပြုလုပ်၍ မရတော့ပြီ။ ထိုသပိတ်ကို ဖျက်ဆီးပြီး ခွက်လုပ်အံ့၊ ထိုခွက်လည်း မအပ်။ ပဲခွပ်လုပ်အံ့၊ ထိုပဲခွပ်လည်း မအပ်။ ပဲခွပ်ဖြင့် ရွေအပ်သော ဒန်ပူလည်း မအပ်။ ငါးမျှားချိတ် လုပ်အံ့၊ ထိုငါးမျှားချိတ်ဖြင့် မျှား၍ရသော ငါးလည်း မအပ်။ ထိုပဲခွပ်ကို မီးဖုတ်ပြီး ရေပူအောင်, နွေးပူအောင် မွေ့အံ့၊ ထိုရေ, နို့တို့ လည်း မအပ်ကုန်။ (အဋ္ဌကထာ)

နှ သက္ကာ-ကာတုံဟူသော စကားကား သီတင်းသုံးဖော် ငါးယောက်တို့၏ အတွင်း၌သာ လဲလှယ်သုံးစွဲခြင်းကို ပြသော စကား ဖြစ်၏။ လူတို့ ယူသွား၍ မိမိဥစ္စာပြု၍ ပြန်လှူသော် အလုံးစုံသော သီတင်းသုံးဖော် ရဟန်းတို့အား အပ်သည်ဟု ဆရာကြီးများ ဆိုကြ၏။

သာရတ္ထဆရာ ထိုဝါဒကို မပယ်ခြင်းကြောင့် နှစ်သက်ပုံရသည်။ ဤဝါဒ အတိုင်းဆိုလျှင် ကိုယ်တိုင် အလှူခံမိသော ရွှေငွေကို မိဘစသော သူတပါးအား အာလယပြတ်စွန့်ပြီး နောက် မိဘ စသော သူတို့က အပ်သော ပစ္စည်းများ ဝယ်လှူလျှင် ထို ရဟန်းအား အပ်သည်ဟု ဆိုရပေလိမ့်မည်။

[အကြောင်းအကျယ်ကား–တိပိဋကသာရ ဂမ္ဘီရတ္ထနိဝိစ္ဆယကျမ်းဌီလာ၏။]

၂-ရဟန်းတပါးကား ရွှေငွေကို အလှူခံပြီးမှ ထိုရွှေငွေဖြင့် သပိတ်ဝယ်အံ့၊ ထိုသပိတ်သည် ဒုတိယအကပ္ပိယသပိတ်မည်၏။ သီတင်းသုံးဖော်ငါးယောက်စလုံး မအပ်။ အပ်အောင် လုပ်သော်ကား အပ်သေး၏။

အပ်အောင် လုပ်ပုံ–ငွေကို ငွေရှင်အား ပြန်ပေး၍ သပိတ်ကို သပိတ်ရှင်အား ပြန်ပေးက အပ်သည်။ ကပ္ပိယ ဘဏ္ဍာကိုပေး၍ ၎င်းသပိတ်ယူပြီး သုံးဆောင်မှု သုံးဆောင်ကောင်းသည်ဟု သိ။

၃–ရဟန်းတပါး ကား ရွှေငွေကို အလှူခံခိုင်းပြီး ကပ္ပိယကာရကနှင့် တကွ သပိတ်ဆိုင်သွား၍ မိမိအလိုရှိသော သပိတ်ကို ငါအလိုရှိသည်ဟု ဆို၏။ ကပ္ပိယက ငွေထုတ်ပြီး သပိတ်ကို ဝယ်လှူ၏။ ဤသပိတ်ကား အပ်သောဝေါဟာရဖြင့် ယူသော်လည်း ဒုတိယ သပိတ်နှင့်တူ၏။ ငွေကို အလှူခံခိုင်းခြင်းကြောင့် မအပ်။ သပိတ်ကို ငွေကို သံဃာ့အလယ်၌ မစွန့်ခြင်းကြောင့် ရဟန်းအားလုံး မအပ်၊ ဒုတိယ သပိတ်ကဲ့သို့ ဥစ္စာရှင်တို့အား ပြန်ပေးမှ အပ်သည်ဟု သိ။

၄–ရဟန်းတပါး ကား ရွှေငွေကို အလှူမခံ၊ မထေရ်အား သပိတ်ဝယ်၍ လှူလိုက်ပါဟု စေခိုင်းအပ်သော် ကပ္ပိယကာရကနှင့် တကွ သပိတ်ဆိုင်သွား၍ သပိတ်ကို မြင်သော် ဤငွေတို့ကိုယူ၍ ဤသပိတ်ကို ပေးဟု ငွေပေးပြီး သပိတ်ဝယ်ယူ၏။ ဤသပိတ်ကား မကောင်းသော စီရင်ခြင်း ဒုဗ္ဗိစာရ ဖြစ်သောကြောင့် ထိုရဟန်းအားသာ မအပ် ဒုက္ကဋ်သင့်၏။ သပိတ်ဘိုးငွေကို အလှူမခံခြင်းကြောင့် တပါးသော ရဟန်းတို့အား အပ်၏ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ရွှေငွေကို လဲလှယ်သောဝတ္ထု။ သာ၊ နှံအနာ၊ အကြွင်းရှုပိယ ပဋိဂ္ဂဟဏ သိက္ခာပုဒ်နှင့် တူပြီ။ လဲလှယ်အပ်သော ဝတ္ထုဖြစ်ခြင်း, လဲလှယ်ခြင်း အင်္ဂါနှစ်ပါးနှင့် ကိရိယသာ ထူး၏။

ဆောင်—လဲလှယ်အပ်ပေ၊ ဝတ္ထုတွေ့ကား၊ ရွှေ, ငွေဖြစ်ခြင်း၊ လဲလှယ်ခြင်း ဖြစ်၊ အင်္ဂါနှစ်သိ၊ လဲတုံဘိ၊ ရှုပိ သံဝေါဟာ။

ရှုပိယ သံဝေါဟာရ သိက္ခာပုဒ်ပြီး၏။

၁၀-ကယဝိက္ကယ

၁၀။ ယော ပန ဘိက္ခု၊-သည်။ နာနုပ္ပကာရကံ၊ (ကပ္ပိယဘဏ္ဍာ၏ အစ္ဆမ်ဴးဖြင့်) မျဴးသော အပြဴးရှိသော။ ဝါ၊ မျဴးသော အပြဴးရှိသော ကပ္ပိယဘဏ္ဍာကို။ ကယဝိက္ကယံ၊ယူခြင်း ပေးခြင်းသို့။ သမာပဇ္ဇေယ္ယ၊-အံ့။ တဿ ဘိက္ခု၊နော၊-အား။....ဟောတိ၊-၏။

ဒုတိယော၊-သော။ ဥဒ္ဒေကလောမဝဂ္ဂေါ၊-သည်။ နိဋ္ဌိတော၊-ပြီ။

၁၀-ကယဝိက္ကယ

နာနုပ္ပ-သမာပဇ္ဇေယ္ယ။ ။နာနုပ္ပကာရကံ-အရ သင်္ဃန်း စသော အပ်သော ဘဏ္ဍာတို့ကိုယူ။ ကြိယဝန္ဓဖြစ်သော သင်္ဃန်း စသော ကပ္ပိယဘဏ္ဍာတို့၏ အမည်ကို ဝယ်ခြင်း ရောင်းခြင်း ကြိယာ၌ တင်စား၍ နာနုပ္ပ-သမာပဇ္ဇေယ္ယဟု ဟောတော်မူသည်။ ထို့ကြောင့် နာနုပ္ပကာရကံကို ဝိသေသန ပေးလိုက်သည်။

ကယနံ ကယော။ သူတပါးထံမှ အပ်သောဘဏ္ဍာကို ဝယ်ယူခြင်းကို ရစေ။ ဝိက္ကယနံ ဝိက္ကယော။ မိမိ၏ထံမှ အပ်သော ဘဏ္ဍာကို ပေးခြင်း, ရောင်းခြင်းကို ရစေ။ ဤ ပေးယူခြင်းမျိုးကား သီတင်းသုံးဖော် ငါးယောက်သာ အပ်သည်။ သီတင်းသုံးဖော် ငါးယောက်မှ တပါး အယုတ်ဆုံး မိဘနှင့် တကွသော်လည်း မအပ် နိဿဂ္ဂိုဖြစ်၏။ ဤသပိတ် ဘယ်လောက် အဘိုးထိုက်သလဲ၊ ဘယ်လောက် ရောင်းသလဲဟု အဘိုးမေးမူ အပ်၏ဟု သိ။

ဆောင်——သူ့ထံအပ်ဘဏ်၊ ဝယ်ယူပြန်၊ မှတ်ရန် ကယသာ။
မိမိထံမှ၊ အပ်ဘဏ္ဍာ၊ ရောင်းက ဝိက္ကယာ။
သဟဓမ္မိက၊ ငါးယောက်မှအပ၊ မာတုစ၊ လဲက မအပ်ပါ။
အဘိုးမေးမူ၊ အပ်သောဟူ၊ မှတ်ယူ ပါဠိလာ။

မအပ်သော လဲနည်း။ ။လူဒါယကာ ဒါယိကာမများနှင့် အဝတ်ချင်းဖြစ် စေ ကျွဲပစ္စည်းကိုယူ ကျွဲပစ္စည်းကိုပေးပါဟု ဆိုပြီး လဲအံ့-ဒုက္ကဋ်၊ အမိအားဒသာ်လည်း မိမိ၏ အပ်သော ပစ္စည်းကို ပေးပြီး ကျွဲပစ္စည်းဖြင့် ကျွဲပစ္စည်းကို ပေးပါ၊ သင်၏ ကျွဲပစ္စည်းကို ပေးပါ၊ ငါ့အား ကျွဲပစ္စည်းကိုပေးပါ၊ ကျွဲသို့ဆို၍ အမိထံမှ အပ်သောပစ္စည်းကို လဲပုံအံ့-ဒုက္ကဋ်၊ မိမိ၏ပစ္စည်း သူတပါးလက်သို့ရောက်ပြီး သူတပါးပစ္စည်း မိမိလက်သို့ ရောက်သည် ရှိသော် နိဿဂ္ဂိုပါစိတ်။ မိဘထံမှ ကျွဲပစ္စည်းပေးပါဟု တောင်းအံ့၊ ဝိညတ်မဖြစ်၊ တောင်းကောင်းသည်၊ မိဘကို ကျွဲပစ္စည်းယူတော့ဟု ပေးအံ့၊ သဒ္ဓါဒေယျ ဝိနိ-

ပါတ မဖြစ်၊ ပေးကောင်းသည်။ ဥာတိတော်စပ်သူ အားလုံး ဤနည်းအတိုင်းသိ။ ဥာတိမတော်သူထံမှ တောင်းသော် ဝိညတ်ဖြစ်သည်။ သဒ္ဓါဒေယျ၊ ဝိနိပါတ ဒုက္ကဋ် သင့်သည်။ ရောင်းဝယ်ခြင်းပြုက နိဿဂ္ဂိ။

အပ်သေလဲနည်း။ ။ရဟန်းအား ရိက္ခာ ဆန်ရှိအံ့ ထိုရဟန်းသည် **ခရီး**အကြား ၌ ထမင်း ပါလာသူကိုမြင်၍ **ငါ့မှာ** ဆန်ရှိသည်၊ ထိုဆန်ကို အလိုမရှိ ထမင်းသာ အလိုရှိသည်ဟု ဆိုအံ့၊ ထမင်း ပါလာသောသူက ဆန်ယူပြီး ထမင်းလှူအံ့–**အပ်**သည်။ ဝိညတ် သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်, နိဿဂ္ဂိ **မဖြစ်**။ အဘိုးပေးသော အရာရောက်ခြင်းကြောင့် နိမိတ္တကမ္မသော်မှလည်း မဖြစ်။ ငါတို့မှာ ဤပစ္စည်းရှိသည်၊ ငါတို့အား ဤပစ္စည်းဖြင့် အလိုရှိသည်ဟု ဆိုအံ့–အနာပတ္တိ၊ ကပ္ပိယကျောင်းသားရှိအံ့၊ ကပ္ပိယ ငါ့မှာသက်နှံးရှိသည်၊ ဤသက်နှံးဖြင့် သပိတ်အလိုရှိသည်၊ သပိတ်လုပ်ပေးပါ, ဘိနပ်လုပ်ပေးပါဟု ကပ္ပိယကို ပြောကောင်းသည်။ ကျောင်းသား ကပ္ပိယမရှိသော် ဆိုင်ကို ကိုယ်တိုင်သွား၍ ဆိုင်ရှင်၏ သားသမီးမျှားကို ရှေးနည်းအတိုင်း လုပ်ပေးရန် ပြောကောင်းသည်။ ဆိုင်ရှင် ကိုယ်တိုင်ကိုလည်း ငါ့မှာ သက်နှံးရှိသည်။ ထိုသက်နှံး အလိုမရှိ၊ သပိတ်သာ အလိုရှိသည်ဟု ပြောကောင်းသည်။ သက်နှံးကိုယူပြီး သပိတ်ပေးလှူအံ့–အပ်၏ဟု သိ။

ခိုင်းရာ၌အပ်, မအပ်။ ။စားကြွင်းစား ယောကျ်ားကိုမြင်သော် ဤထမင်းကို စားပြီး ဆိုးရေခါက် ထင်းတို့ကိုဆောင်ယူခဲ့ဟု ဆိုအံ့၊ ဆိုးရေခါက် ထင်းရေအတွက် နိဿဂ္ဂိ၊ လက်သမားကိုမြင်၍ ဤထမင်းကိုစားပြီး ဤအမှုကိုပြုခဲ့ဟု ထိုထိုလက်သမားအမှုကို ပြုခိုင်းအံ့ နိဿဂ္ဂိ၊ ဤထမင်းကိုစား၍ အဝတ်ကို ဖွပ်လိုက်ဟု ခိုင်းအံ့၊ စွန့်အပ်သောပစ္စည်း မဟုတ်ခြင်းကြောင့် ပါစိတ်သာ၊ အာပတ်ကိုသာ ဒေသနာကြားရမည် ဟူ၏။ ထမင်းစားခိုင်းပြီး ခေါင်းရိပ်ခိုင်းခြင်း စသည်၌လည်း ပါစိတ်သာ၊ဤထမင်းကို စားလိုက် ဤအမှုကိုပြုလိုက်ဟု စကားကိုခဲ့ပြောဆု၌ အနာပတ္တိ၊ ထမင်းကြွေးမည်၊ ဤအမှုကိုပြုလိုက်ဟု ခိုင်းဆု၌ လည်း အနာပတ္တိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ ပေးခြင်း ယူခြင်းဝတ္ထု၊ သာ၊ အနာ၊ တိကပါစိတ်၊ ဒုက္ကဋ်။ အဘိုးမေးသောရဟန်း, ထိုသူ၏ဘက္ခာကို ယူလိုက ထိုသူကိုဖယ်ထား၍ တပါးသောသူကို ကပ္ပိယလုပ်ခိုင်း၍ ဤဝတ္ထုကို ယူ၍ ဤဝတ္ထုကို လဲပေးဟု ပြောသောရဟန်း, ငါ့မှာ ဤဝတ္ထုရှိသည်၊ ငါကား ဤဝတ္ထုကို အလိုရှိသည်ပြော၍ မိမိ၏ ဥစ္စာဖြင့် ရသည်ကို ယူသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ လဲသောဝတ္ထုကား ကပ္ပိယဝတ္ထု

၁–ပတ္တဝဂ္ဂ

၁။ ဒဿာဟ ပရမံ၊ (ရသောနေ့မှစ၍) ဆက်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေက ပတ္တော၁၊ (အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုအပ်ပြီးသော သပိတ်မှ) ပိုလွန်သော သပိတ်ကို။ ဓာရေတဗ္ဗော၁၊ ဆောင်အပ်၏။ ဝံ၊ ထိုသပိတ်ကို။ ဒဿာဟံ၊ ဆယ်ရက်ကို။ [ထည့်]။ အတိက္ကာမယတော၁၊– အား။ နိဿဂ္ဂိယံ၊ – သော။ ပါစိတ္တိယံ၊ – သည်။ ဟောတိ၊ – ၏။

ဖြစ်ခြင်း, သီတင်းသုံးဖော် ငါးယောက်မှ တပါးဖြစ်ခြင်း, ယူခြင်း ပေးခြင်းသို့ ရောက်ခြင်း အင်္ဂါသုံးပါး။ အကြွင်း ရှုပိယသံဝေါဟာရ သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—လဲအပ် ကပ္ပိယ၁၊ ဘဏ္ဍာဖြစ်ငြား၊ သုံးဖော် ငါးမှ၊ တပါးသော လူ၊ ပေးယူပြု၊ အင်သုံး၀၊ ကယ ဝိက္ကယ၁။

ကယဝိက္ကယ သိက္ခာပုဒ်ပြီး၏။

ဌေကလောမဝဂ်ပြီး၏။

၁–ပတ္တ

ဒဿာဟပရမံ။ ။ရသောနေ့မှစ၍ ဆယ်ရက် အပိုင်းအခြားရှိသော ကာလကို ဒဿာဟပရမ ခေါ်သည်။

အတိရေကပတ္တော။ ။ပတတိ ပိဏ္ဍပါတော ဇေ္ဌာတိ ပတ္တော။ ဆုံမ်းကျွေးဖြစ်သော ခွက်အထူးကို ရစေ။ ဤ၌ သပိတ်သည် ဇာတ်အားဖြင့် သံသပိတ်, မြေသပိတ် နှစ်မျိုးသာ အပ်သည်။ ထိုတွင် သံသပိတ်ကို ငါးကြိမ်ဖုတ်ရမည်။ မြေသပိတ်ကို နှစ်ကြိမ်ဖုတ်ရမည်။ ထိုသို့ ဖုတ်ပါမှ သပိတ်မည်၏ဟု အင်္ဂကထာကြီး ဆိုသည်။ငါးကြိမ် နှစ်ကြိမ်ဖုတ်ခြင်းကား မှည်းညိုသော အဆင်းနှင့်ပြည့်စုံစေခြင်းငှါ ဖြစ်သည်၊ တကြိမ်ပင်ဖုတ်သော်လည်း အကြောင်းအကျားမရှိဘဲ မည်းညိုသောအဆင်းနှင့်ပြည့်စုံမူ သပိတ်မည်၍ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သည်ဟု ဆရာကြီးများ ဆိုကြောင်းကို သာရတ္ထဒီပနီ ဆို၏။

ရဟန်းတို့အား လျောက်ပတ်အောင် ဖုတ်၍ ကျက်သော် ပမာဏနှင့်ယှဉ်သော သပိတ်ကား အဓိဋ္ဌာန်ဝိကပ္ပနာလောက်သည်ဟု ဆို၏။ ဤ ကဒ်ါစကား၌ ဖုတ်သောအကြိမ် မပါသော်လည်း ဖုတ်သောအကြိမ်ကို အင်္ဂကထာကြီးအတိုင်း ယူ၍ ထို့အောက် ယုတ်မူ အဓိဋ္ဌာန်မလောက်ဟု ကဒ်ါဋ္ဌီကာ ဖွင့်၏။

ယခုကာလ သားရိုးကိုင်ထားသော သပိတ်များ သားရိုးအတွင်းက အရောင်သည် ပန်းဘဲဖုတ်ပြီးလောက်သော အဆင်းသာ ရှိ၍ အပ် မအပ် စဉ်းစားရန်ရှိသည်၊ သားရိုးကိုင်ပြီး အဆင်းကိုယူနိုင်မူ စဉ်းစားဘွယ်မရှိ။

ဆောင်—သံ-မြေ နှစ်ပါး၊ သပိတ်ကား၊ ဇာတ်အား အပ်သည်မှန်။
မြေနှစ် သံငါး၊ ဖုတ်သော်ကား၊ လောက်ငြား အဓိဋ္ဌာန်။

အတိရေကော ပတ္တော အတိရေကပတ္တော။ အဓိဋ္ဌာန်တင် ဝိကပ္ပနာ ပြုထားသော သပိတ်မှ တပါးသော အပိုအလွန်ဖြစ်သော အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြု အပ်သေးသော သပိတ်ကို ရစေ။

သပိတ်၉-လုံး။ ။သပိတ်သည် ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, သြမကသပိတ် ဟူ မူလသပိတ် သုံးမျိုးပြား၏။

ထိုတွင် ဥက္ကဋ္ဌသပိတ်၌ ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌမဇ္ဈိမ,ဥက္ကဋ္ဌောမကဟု သုံးလုံး။

မဇ္ဈိမသပိတ်၌လည်း မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမ မဇ္ဈိမ, မဇ္ဈိမောမကဟု သုံးလုံး။

သြမကသပိတ်၌လည်း သြမကုက္ကဋ္ဌ, သြမက မဇ္ဈိမ, သြမကောမကဟု သုံးလုံးစီ ပြားသောကြောင့် သပိတ်သည် ကိုးလုံး ဖြစ်၏။

ထိုတွင် အကြီးဆုံး ဥက္ကဋ္ဌုက္ကဋ္ဌနှင့် အငယ်ဆုံး သြမကောမက နှစ်လုံးသည် ပမာဏနှင့် မယှဉ်သောကြောင့် သပိတ်မမည်။

[ခွက်ဟူသော သုံးဆောင်ခြင်းဖြင့်သာ သုံးဆောင်ကောင်းသည်ဟု သိ။]

ဆောင်—ဥက္ကဋ္ဌ-မဇ္ဈိမ၊ သြမက၊ သုံးဝ သပိတ်ပြား။
ယင်းသုံးလုံးတွင်၊ တစ်စီယှဉ်၊ ခဲလျှင် ကိုးလုံးပြား။
ကြီးဆုံး ငယ်ဆုံး၊ ယင်းနှစ်လုံး၊ မသုံး ဖယ်၍ထား။

ဥက္ကဋ္ဌသပိတ်။ ။"ဥက္ကဋ္ဌော နာမ ပတ္တော အဈာဠကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ"ဟု ပါဠိတော်လာ၏၊ အဈာဠကောဒနံကို အချိုကား "တပြည်ထက်ဝက် တခွက်ချက်ထမင်းကို"အချိုကား "စိတ်ထက်ဝက်ထမင်းကို"ဟု အနက်ပေးကြ၏။ အဋ္ဌကထာ၌ "အဈာဠကောဒနံ ဂဏှာတီတိ မဂဓနာဠိယာ ဒ္ဝိန္နံ တက္ကောလနာဠိနံ သြဒနံ ဂဏှာတိ"ဟု ဖွင့်သည်။ မဂဓကွမ်းစားဖြင့် နှစ်ကွမ်းစား ဆန်ချက်ထမင်း ဆန်သည်ဟူ၏။ ဤ၌ ကွမ်းစားအရ ခွက်ကွမ်းစားကို ယူ။ နှစ်ကွမ်းစားဟု ဆိုသောကြောင့် ဆန်နှစ်ခွက်(တပြည်)ချက်သော် ထမင်းနှစ်ပြည် ရ၏။

စတုဘာဂံ ခါဒနံဟု ဆိုခြင်းကြောင့် ထမင်း၏ လေးဘို့တဘို့ လက်ကော်ရုပဲနောက်ဟင်းတခွက်သားခန့် ယူ။ တဒုပိယံ ဗျဉ္ဇနံဟု ဆိုခြင်းကြောင့် ထမင်းအလုပ်တိုင်.အား လျော်ပတ်လောက်သော ငါး-အမဲ စသော ဟင်းလျာတခွက်သားလောက်ကို ယူ။ အားလုံးပေါင်းသော် ထမင်းနှစ်ပြည့်, ပဲနောက်ဟင်းတခွက်သား, ငါးအမဲ စသော ဟင်းလျာတခွက်သားဖြစ်၍ သုံးပြည်ဖြစ်၏။ ဤသုံးပြည် အတွင်း အနားရေးနှင့်အမျှ ဝင်သော သပိတ်ကား ဥက္ကဋ္ဌသပိတ်တည်း။ ယင်းသုံးပြည်ထည့်သော် အတွင်းနားခမ်းအနားရေးအောက် ယုတ်မူ (မပြည့်မူ) ဥက္ကဋ္ဌကြွင်းသပိတ်၊ သုံးပြည်ထည့်၍ စုံစုံတင်မူ (မောက်မူ) ဥက္ကဋ္ဌောမက သပိတ်ခေါ်သည်။

မဇ္ဈိမသပိတ်။ ။"မဇ္ဈိမော နာမ ပတ္တော နာဠိကောဒနံ ဂဏှာတိ"ဟု ပါဠိတော်လာ၏။ အဋ္ဌကထာ၌ "နာဠိကောဒနန္တိ မဂဓနာဠိယာ ကောယ တဏ္ဍုလနာဠိယာ ဩဒနံ"ဟု ဖွင့်၏။ မဂဓရာဇ်ကုမ်းစား တကုမ်းစား ဆန်ချက်သော ထမင်းဆန်သည်ဟူ၏။ ဆန်တခွက်ချက်သော် ထမင်းတပြည်ရ၏။ ၎င်းထမင်း၏ လေးဘို့တဘို့ လက်ကော်ရ ပဲနောက်ဟင်း တစလယ်ခန့်နှင့် ငါးအမဲ စသော ဟင်းလျာတစလယ်သားထည့်က သုံးခွက်ဖြစ်၏။ ဤသုံးခွက် အတွင်းနားခမ်းရေးနှင့်အမျှ ဝင်သော သပိတ်သည် မဇ္ဈိမသပိတ်တည်း။ ယင်းသုံးခွက်ထည့်သော် အတွင်းအနားရေးအောက် ယုတ်မူ(မပြည့်မူ)မဇ္ဈိမုက္ကဋ္ဌသပိတ်၊ သုံးခွက်ထည့်သော် စုံစုံတက်မူ(မောက်နေမူ)မဇ္ဈိမောမကသပိတ်ခေါ်သည်။

ဩမကသပိတ်။ ။"ဩမကော နာမ ပတ္တော ပတ္ထောဒနံ ဂဏှာတိ"ဟု ပါဠိတော်လာ၏။ အဋ္ဌကထာ၌ "ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပဍ္ဎနာဠိကောဒနံ"ဟု ဖွင့်၏။ မဂဓရာဇ် ကုမ်းစားဖြင့် ကုမ်းစားဝက် ဆန်ချက်သောထမင်း ဆန်သော ဟူ၏။ ဆန်တစလယ် ချက်သော် ထမင်းနှစ်စလယ်ရ၏။ ၎င်းထမင်း နှစ်စလယ်၏ လေးဘို့တဘို့ လက်ကော်ရ ပဲနောက်ဟင်း တလမယ်ခန့်နှင့် ငါး အမဲဟင်းလျာ တလမယ်သားထည့်က, သုံးစလယ်ဖြစ်၏။ ဤသုံးစလယ် အတွင်းနားခမ်းရေးနှင့်အမျှဝင်သော သပိတ်ကား ဩမကသပိတ်တည်း။ ယင်း သုံးစလယ် ထည့်သော် အတွင်း အနားရေးအောက် ယုတ်မူ (ဟောက်မူ–မပြည့်မူ) ဩမကုက္ကဋ္ဌ သပိတ်၊ သုံးစလယ်ထည့်သော် စုံစုံတက်မူ (မောက်နေမူ) ဩမကောမက သပိတ်ခေါ်သည်။

[မဂဓနာဠိ အဆုံးအဖြတ်ကား အဋ္ဌကထာဠီကာတို့၌ အမျိုးမျိုးလာ၏။]

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဇ္ဇဂို၊ အပိုအလွန် ဖြစ်သော သပိတ်ကို ဆောင်သော ဝတ္ထု။ အကြောင်း စိဝရဝက် ပထမသိက္ခာပုဒ်နှင့် တူပြီ။

ပတ္တသိက္ခာပုဒ်ပြီး၏။

၂-ဥိနပဥ္စဗန္ဓန

၂။ ယော ပန ဘိက္ခု၊-သည်။ ဥိနပဥ္စ ဗန္ဓနေန၊ ယုတ်သော ငါးဘွဲ့ရှိသော။ ပတ္တေန၊-ဖြင့်။ လက္ခိတော၊ မှတ်အပ်သည်ဖြစ်၍။[ထည့်] အညံ၊ (ယုတ်သော ငါးဘွဲ့ရှိသော သပိတ်မှ) တပါးသော။နဝံ၊-သော။ ပတ္တံ၊=ကို။ စေတာပေယျ၊ တောင်းငြားအံ့။ တဿ ဘိက္ခုနော၊-အား-၏။ တေန ဘိက္ခုနာ၊-သည်။ သော ပတ္တော၊ (ထိုတောင်း၍ ရသော) သပိတ်ကို။ ဘိက္ခုပရိသာယ၊ ရဟန်းပရိသတ်၌ သာလျှင်။ နိဿဇ္ဇိတ္ဝာ၊ စွန့်အပ်၏။ တဿာ ဘိက္ခုပရိသာယ၊-၌။ ယော စ ပတ္တပရိယန္တော၊အကြင်အယုတ်ဆုံး

၂-ဥိနပဥ္စဗန္ဓန

ဥိနပဥ္စ-စေတာပေယျ။ ။ဥိနာနိ ပဥ္စဗန္ဓနာနိ အဿာတိ ဥိနပဥ္စဗန္ဓနော။ ယုတ်သော ငါးဘွဲ့ရှိသော သပိတ်ကို ရစေ။ တစုံတခုသော အထူးသို့ဆောက်သော အနက်ကို မှတ်ကြောင်း ဣတ္ထမ္ဘူတ လက္ခဏ အနက်၌ တတိယာဝိဘက် သက်ထားသည်၊ အဖဲ့ကား သပိတ်၏ မျက်ရေးမှ အောက်သို့ လက်နှစ်သစ် ကွဲအက်မှု တဘွဲ့ဖဲ့ရသည်။ ငါးချက်ကွဲအက်မှု ငါးဘွဲ့ဖဲ့ရသည်။ အဓိဋ္ဌာန် မလောက်တော့ပြီ။ တပါးသော သပိတ်ကို တောင်းကောင်းပြီ။ ဤငါးဘွဲ့ကား မြေသပိတ်ကို ရည်သည်။

ဖဲ့ပုံ-ကွဲအက်သော အကြောင်းဘား တဖက်နှစ်ချက် အနီးအရပ်ကို စူးဖြင့် အပေါက်သေးသေး ဖောက်၊ ထို့နောက် အပ်ချည်ဖြင့်ဖြစ်စေ, သင်ပေါင်း လျှော်စသော လျှော်ဖြင့် ဖြစ်စေ, ခဲကြိုး, သံကြိုး, သွတ်ကြိုးဖြင့် ဖြစ်စေ တုပ်နှောင်ချည်ထားရမည်။ ထိုချည်နှောင်ထားသော အရပ်၌ ဆေးကြောသည့်အခါ ဆွမ်းဟင်းစသော အာမိသကပ်ငြိခြင်း မရှိရအောင် သလွဲမည်းအပြားငါးပါးဖြင့် ဖြစ်စေ, သစ်စေးဖြင့်ဖြစ်စေ ဖုံးအုပ်ထားရမည်။ ဆပ်ထမင်း ဝင်းလောက်အောင် အပေါက်ကြီးသွားလျှင် အဓိဋ္ဌာန်ပျက်လေပြီးသောကြောင့် ချည်နှောင်ဖုံးအုပ်ပြီးသောအခါ အဓိဋ္ဌာန် ထပ်တင်ရမည်။

ဆောင်— နှစ်သစ်တဘွဲ့၊ ငါးခုဘွဲ့၊ ပြည့်ခဲ့ အပတ္တာ။

သံသပိတ်ကား။ ။အပေါက် ငါးပေါက်ထက် လွန်သော်လည်း သံမှုန့်ဖြင့်ဖြစ်စေ, မယ်နဖြင့်ဖြစ်စေ, သံပြားဖြင့်ဖြစ်စေ ဖဲ့အပ်သည်ရှိသော် ပြေပြေ ပြစ်ပြစ်ရှိအံ့၊ သုံးဆောင်ထိုက်သေး၏။ တပါးသော သပိတ်ကို မတောင်းကောင်းသေး၊ အကယ်၍ အပေါက်တခုတည်းပင် ဖြစ်စေကာမူ ကြီးသည်ဖြစ်၍

ဖြစ်သော သပိတ်သည်သာလျှင်။ အတ္ထိ၊ – ၏။ သော၊ ထိုသပိတ်ကို။ တဿ ဘိက္ခုနော၊ ထို(သပိတ်တောင်းသော) ရဟန်းအား။ ပဒါတဗ္ဗော၊ ပေး အပ်၏။ ကိ ံဝတ္ဝာ၊ အဘယ်သို့ဆို၍။ [ထည့်]။ ပဒါတဗ္ဗော၊ – နည်း။ ဘိက္ခု၊ ရဟန်း။ တေ၊ သင်သည်။ အယံ ပတ္တော၊ ဤသပိတ်ကို။ ယာဝ ဘေဒနာယ၊ ကဲ့သည်တိုင်အောင်။ ဓာရေတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့ဆို၍။ ပဒါတဗ္ဗော၊ – ၏။ အယံ၊ ဤသို့ဆို၍ အယုတ်ဆုံး သပိတ်ကိုပေးခြင်းသည်။ တတ္ထ၊ ထိုသပိတ်သစ်ကို တောင်းရာ၌။ သာမိစိ၊ – တည်း။

ဖဲ့၍ ဖာ၍ မပြေပြစ်တော့အံ့၊ အာမိသကပ်ငြိအံ့၊ မအပ်သောသပိတ် ဖြစ်၏။ အဓိဋ္ဌာန် မလောက်ပြီ၊ တပါးသောသပိတ်ကို တောင်းကောင်းပြီ။ သပိတ် ဟူသော ရေတွက်ခြင်းသို့ ရောက်သော သံသပိတ်, ငါးဘဲ့အောက် ယုတ်သော (ငါးဘဲ့ မပြည့်သေးသော) မြေသပိတ်ရှိလျက် တပါးသော သပိတ်ကို အညာ တက အပပဝါရိတတို့ထံ တောင်းအံ့၊ ဒုက္ကဋ်၊ ရသော် နိဿဂ်ို ဖြစ်၏။

တေန ဘိက္ခုနာ-သာမိစိ—ဤဝါကျဖြင့် ဤသိက္ခာပုဒ်၌ ပြုအပ်သော ကျင့်ဝတ်ကို ပြ၏။

တေန ဘိက္ခုနာ – နိဿဇ္ဇိတဗ္ဗော။ ။သပိတ် ဟူသော အရေအတွက်သို့ ရောက် သော သံသပိတ်, ငါးဘဲ့အောက် ယုတ် သော မြေသပိတ်ရှိလျက် တပါးသော သပိတ်သစ်ကို တောင်းသော ရဟန်း သည် ထိုတောင်းရသော သပိတ်သစ်ကို "အယံ မေ ဘန္တေ ပတ္တော" စသည် ဆို၍ သံဃာ့အလယ်၌သာ စွန့်ရမည် ဟူ၏။

စွန့်ပုံ အစီအရင်။ ။ရှေးဦးစွာ ရဟန်းသံဃာများက ကိုယ်စီ,ကိုယ်ငါ မိမိတို့ အဓိဋ္ဌာန်တင်၍ သုံးနေကျ သပိတ်ကိုယူ၍ စည်းဝေးရမည်။ ထို့နောက် ပတ္တဂ္ဂါဟကသမ္မုတိရသော ရဟန်းက ငှင်းသပိတ်ကို ယူ၍ သပိတ်၏ ကောင်းကြောင်း ဂုဏ်ကျေးဇူးကို ပြောပြီး အရှင်ဘုရား ဤသပိတ်ကို ယူတော်မူ ပါဟု အကြိမ်ဆုံး မထေရ်ကြီးကို လျှောက်ထားရမည်။ မထေရ်ကြီးက မနှစ်သက်၍ ဖြစ်စေ, အပို့စ္ဆတာဂုဏ်ရှိ၍ ဖြစ်စေ မယူမူ အပ်၏။ ထိုရဟန်းအား သနား၍ မယူမူ ဒုက္ကဋ်၊ အကယ်၍ယူအံ့၊ မထေရ်ကြီး၏ သပိတ်ကို သမ္မုတိရသော ရဟန်းကယူ၍ သပိတ်၏ ဂုဏ်ကျေးဇူးကို ပြော၍ ဒုတိယမထေရ်အား ယူရန် လျှောက်ထားရမည်။ ဤနည်းအတိုင်း နောက်ဆုံးပိတ် ရဟန်းကလေးတိုင် အောင် ယူရန် ပြောကြားရမည်။

ယော စ တဿ – ပဒါတဗ္ဗော။ ။အငယ်ဆုံး ရဟန်းကလေး ယူပြီး၍ ကြွင်းကျန် သော သပိတ်ကား ပတ္တပရိယန္တ အဆုံးစွန်

သော သပိတ်မည်၏၊ ထိုအဆုံးစွန်သော သပိတ်ကို သပိတ်တောင်းသော ရဟန်းအား ပေးရမည် ဟူ၏။

အယံ တေ–ဓာရေတဗ္ဗော တိ။ ။ပတ္တဂ္ဂါဟကသမ္မုတိ ရသော ရဟန်းက ထို အဆုံးစွန်သော သပိတ်ကို ယူ၍ ငါ့ရှင် ရဟန်း ဤသပိတ်ကို ကဲ့သည်တိုင်အောင် ကိုင်ရမည်ဟု ဆို၍ ပေးရမည်။ သပိတ် တောင်းသော ရဟန်းသည် ထို ရသော အယုတ်ဆုံး သပိတ်ကို တောင်းရ သော သပိတ်ကဲ့သို့ ရှိရှိသေသေ ကိုင်ရမည်၊ အကယ်၍ ထိုသပိတ်ကို စက်ဆုပ်၍ အရပ်တပါးသို့ ပစ်လိုက်အံ့ မရှိမသေ ကိုင်အံ့၊ သူတပါးအား စွန့်အံ့ ဒုက္ကဋ်။

အယံ တတ္ထ သာမီစိ။ ။ဤသံဃာ့အလယ်၌ စွန့်ခြင်း, မထေရ်ကြီးမှ စ၍ ယူစေ ခြင်း, အယုတ်ဆုံး သပိတ်ကို ထိုရဟန်းအား ပေးခြင်း, ကဲ့သည်တိုင်အောင် ကိုင်စေခြင်းတို့ကား ငါးဘွဲ့မပြည့်သော သပိတ်ကို တောင်း မိရာ၌ ကျင့်ဝတ်ဖြစ်သည်ဟု သိ။

နိဒါန်း စသည်။ ။သက္ကတိုင်း၊ ဆဗ္ဗဂ္ဂိ၊ များစွာသော သပိတ်တို့ကို တောင်း သော ဝတ္ထု။ သာ၊ အနာ၊ သပိတ်ပျောက်, သပိတ်ကဲ့, မိမိ၏ ဥတိပဝါရိတထံတောင်း, တပါးသော ရဟန်း၏ ဉာတိပဝါရိတထံ၌ တပါးသော ရဟန်းအကျိုးငှါ တောင်း, မိမိဥစ္စ ဖြင့် ဝယ်ယူသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ အဓိဋ္ဌာန်လောက်သော သပိတ်၏ ငါးဘွဲ့အောက် ယုတ်ခြင်း, မိမိဘို့ ရည်ညွှန်းခြင်း, မဖိတ်ထားသူထံ တောင်း ခြင်း, တောင်းသဖြင့် ရခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် ဓောဝါပန သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဓိဋ္ဌာန်လောက်ခဲ့၊ ငါးဘွဲ့မပြည့်၊ မိမိဘို့ဟု၊ ရည်ရွယ်ပြုပါ မဖိတ် ရာတောင်း၊ ရခြင်းလောင်းက၊ အင်္ဂလေး၀၊ ဥဒ္ဒါနပဉ္စတည်း။

ဥဒ္ဒါနပဉ္စမဒုန်သိက္ခာပုဒ် ပြီး၏။

၃-ဘေသဇ္ဇ

၃။ ဂိလာနာနံ၊ ဖျားနာကုန်သော။ ဘိက္ခူနံ၊–တို့သည်။ ပဋိသာယနီယာနိ၊ သုံးဆောင်အပ်ကုန်သော။ ယာနိ ခေါ ပန တာနိ ဘေသဇ္ဇာနိ၊ အကြောင်းဆေးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣဒံ ဣမာနိ၊ ဤဆေးတို့သည်။ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျားရည်။ ဖာဏိတံ၊ တင်လဲ။ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့တည်း။ [ထည့်] တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတ္ဝာ၊ အကပ်ခံ၍။ သတ္ထာဟ ပရမံ၊ ခုနစ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး။ သန္နိဓိ ကာရကံ၊ သိုမှီးခြင်းကိုပြု၍။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ တံ၊ ထိုဆေးကို။ သတ္ထာဟံ၊ ခုနစ်ရက်ကို။ အတိက္ကာမယတော၊–အား။ နိဿဂ္ဂိယံ၊–သော....၏။

၃-ဘေသဇ္ဇ

ယာနိ ခေါ ပန တာနိ။ ။ယာနိ-ကား အနက်ရှိသော သဗ္ဗနာမ်ပုဒ်၊ ခေါ ပန-ကား ပုဒ်ကို တင့်တယ်စေသော နိပါတ်ပုဒ်။ တာနိ-ကား ပုဒ်ကို တန်းဆာဆင်ခြင်း၌ ဖြစ်သော သဗ္ဗနာမ်ပုဒ်၊ အနက်အထူး မရှိ။

ထို့ကြောင့် “သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ထုတ်၊ နောက်ပုဒ် နက်ကင်းစု” ဟု နိယံ ဆို၏။

ဂိလာနာနံ ဘိက္ခူနံ။ ။ဤ၌ ဘိက္ခူနံ-ကား ကတ္တားအနက်၌ ဆဋ္ဌီဝိဘတ် သက်ထားသည်။ ပဋိသာယနီယာနိ၌ အနီယ ပစ္စည်းကား ကံဟောဖြစ်၍ ဆဋ္ဌီကတ္တား နေသည်ဟူ၏။

ပဋိသာယနီယာနိ။ ။ပဋိ-ရှေးရှိသော သာ-ဓောတ်, အနီယပစ္စည်း၊ “သာ အာသာ-ဒေ” ဟု ဓာတ်ကျမ်းလာသော်လည်း “ပရိဘုဉ္ဇိတဗ္ဗာနိတိ အတ္ထော” ဟု အဋ္ဌကထာ ဖွင့်ခြင်းကြောင့် “သုံးဆောင် အပ်ကုန်သော” ဟု အနက်ပေးလိုက်သည်။ ဤပုဒ်ဖြင့် ရဟန်းများ သုံးဆောင်ကောင်းသော ဆေးဖြစ်ခြင်းကိုဎင်း, အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူထားအပ်သော အကပ်ပျက်သော ဆေးကား မစားအပ်သောကြောင့် ခုနစ်ရက်လွန်သော်လည်း အာပတ်မသင့်ခြင်းကိုဎင်း ပြ၏။

ဒေဿဇ္ဇာနိ။ ။ဘိသက္ကဿ ဣဒံ ဒေဿဇ္ဇံ။ ဆေးဆရာ၏ ဥစ္စာဖြစ်သော ထောပတ်စသော ငါးပါးကို ရစေ၊ ဤငါးပါးကား ရောဂါ ပျောက်ခြင်း ဆေးကိစ္စကို ပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ လောက ဝေါဟာရ အားတိုင်း ဆေးဟု ခေါ်သည်။

သေယျထိဒံ။ ။ဤပုဒ်ကား နိပါတသမုဒါယ နိပါတ်ပုဒ် အပေါင်းတည်း။ သေယျထာ ဣဒံ-ဟုပုဒ်ဖြတ်၊ သေယျထာ-ကား မေးခြင်း ပုစ္ဆန အနက်ကို ဟောသည်။ ဣဒံ-ကား မေးအပ်သော ပုစ္ဆိတဗ္ဗ အနက်ကို ဟောသည်။ ထို့ကြောင့် ခဲ၍ အနက်ပေးလိုက်သည်။

သပ္ပိ နဝနီတံ။ ။ရသဘာဝေန သပ္ပတိ ပဝတ္တတီတိ သပ္ပိ။ အရသာရှိသည့် အဖြစ်ဖြင့် ဖြစ်ဘတ်သော့ကြောင့် သပ္ပိခေါ်သည်၊ အသားမအပ်ဒသာ သတ္တဝါတို့၏ နို့ရည်မှဖြစ်သော ထောပတ်ကား ခုနစ်ရက်လွန်သော် လည်း နိဿဂ်ိယဝတ္ထုမဟုတ် ဒုက္ကဋ်ဝတ္ထု ဖြစ်ခြင်းကြောင့် ဤဥ်္ဒ မယူရ၊ လူနို့မှ ဖြစ်သော ထောပတ်မှစ၍ ဒသလုံးစုံသော နို့မှဖြစ်သော ထောပတ်ကား စား ကောင်းသည်။ အန္ဓကဋ္ဌကထာ ကား-လူနို့မှဖြစ်သော ထောပတ် မအပ်ဟု ပယ်၏။ အလုံးစုံသော အဋ္ဌကထာတို့ဥ် ခွင့်ပြုထားခြင်းကြောင့် မကောင်းသော ပယ်ခြင်းဖြစ်သည်ဟု အဋ္ဌကထာကြီး ဆို၏။

[ဆီဦးကိုလည်း ထောပတ်နည်းတူ သိ၊ ထောပတ်ချက်ရာ၌ ထောပတ် မဖြစ်မီ အထက်သို့တက်လာသော အဆီခဲကို နဝနီတ=ဆီဦးဟူ၍ ခေါ် သည်၊ ထောပေး ဟူ၍လည်း ခေါ်ကြသေး၏။]

တေလံ။ ။တိလဿ ဣဒံ တေလံ။နှမ်း၏ ဥစ္စာဖြစ်သောကြောင့် ဆီခေါ်သည်။ နှမ်းဆီ, မုန်ညင်းဆီ, သစ်မည်စည်စေ့ဆီ, ကြက်ဆူဆီ, လူဆီမှတပါး သော ဆီကြည် စသည်တို့ကို ရစေ။ ဝါကျအခိုက်၌ နှမ်းဆီကိုသာ ရသော်လည်း အလုံးစုံသော ဆီသာမညကို ရနိုင်သည်ကား တဒ္ဓိတ်သဘောတည်း။

မဓု။ ။မညတိ ဉာယတီတိ မဓု။ ဤဝတ္ထုကား ပျားရည်ဟု သိအပ်သောကြောင့် ပျားငယ်, ပျားကြီး နှစ်မျိုးသည် ပြုအပ်သော ပျားရည်ကို ရစေ။ “မက္ခိကမဓုမေဝါတိ ခုဒ္ဒက ဘမရ မဓုကရိဟိ တိဟိ မက္ခိကာဟိ ကတံ မဓုမေဝ” ဟူသော ကခ်ေါဋ္ဌကာသစ် နှင့် အညီဆိုမူ ပျားသုံးမျိုးဟု ဆိုထိုက်သည်၊ သို့သော် ၎င်းဝါဒမျိုးကို သာရတ္ထ ဋ္ဍီ ကေစိဝါဒဟု ဆို၏။

ဖာဏိတံ။ ။ကြံရည်ကိုအစပြု၍ မချက်သည်ဖြစ်စေ, ချက်သည်ဖြစ်စေ အလုံးစုံသော အဖတ်မပါသော့ ကြံအထူးကို တင်လဲဟု ခေါ်သည်။ ဤစကားဖြင့် သတ္တာဟကာလိက ဖြစ်၍ နိဿဂ်ိယ ဖြစ်ကောင်းသော တင်လဲသည်

ကြံ့မှဖြစ်သော် တင်လဲဟု ယူသင့်သည်၊ သရက်, ပိန္နဲ, ငှက်ပျော စသော ယာဝ-
ကာလိက ဝတ္ထုတို့ဖြင့် ပြုအပ်သော တင်လဲကား ယာဝကာလိကသာ။ ငြုတ်မှည့်
စသော ယာဝဇီဝိက ဝတ္ထုတို့ဖြင့် ပြုအပ်သော တင်လဲကား ယာဝ ဇီဝကဟု သိ။
ဤ၌ ကြံ့ရည်သည် ရေနှင့်ရောသည် ဖြစ်စေ, မရောသည်ဖြစ်စေ သတ္တာဟကာ-
လိက ဖြစ်၏။ ထန်းရည်ကိုလည်း ကြံ့ရည်အားလျော်သည်ဟု ယူကြ၏။ ။ ၎င်း
ကြံ့ရည်, ထန်းရည်, ထန်းလျက်ရည်, သကြားနှင့် သံပုရာရည်စသော ယာဝဇီဝိက
အသီးရည်များ ရောစပ်၍ ပြုလုပ်သော ဘိလပ်ရည် စသည်များကား သတ္တာဟ
ကာလိကတို့တည်း။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနသ္မာ ဂုဠံ အဂိလာနသ္မာ ဂုဠ္ဒေါဒကံ"ဟူသော
ပါဠိတော်အရ နာသောရဟန်းအား ကြံ့သကာ, ထန်းလျက်ခဲ, သကြား
များကို ခွင့်ပြု၍ မနာသောရဟန်းအား ထန်းလျက်ရည်, သကာရည်များကို ခွင့်ပြု
ခြင်းကြောင့် မနာသောရဟန်း, သာမဏေများကား ဆာသောအကြောင်းရှိရုံနှင့်
ကြံ့သကာ, ထန်းလျက်ခဲ, သကြားများကို ရေနှင့်မရောဘဲ မစားကောင်း။ နာ
သောရဟန်း, သာမဏေများသာ စားကောင်းသည်ဟု သိ။

ဝါဒန္တရ။ ။ဆရာအချို့တို့ကား ဂုဠ္ဒေါဒက ပုဒ်ကို ကမ္မဓာရယ်သမာသ် ဒွန်-
သမာသ်နှစ်မျိုးကြ၍ ကြံ့ရည်, ထန်းရည်, သကာရည်, ထန်းလျက်
ရည်, သကြားရည်တို့ကိုယူ၍ မနာသောရဟန်းများ ဆာလောင်မွတ်သိပ်ခြင်း
ပိပါသအကြောင်းရှိလျှင် ၎င်းအရည်များ သောက်ကောင်းသည်ဟု ဆို၏။
ဆရာအချို့တို့ကား ဂုဠ္ဒေါဒကပုဒ်ကို ဒွန်သမာသ်တမျိုးသာ ကြ၍ ရေနှင့်ရော
သော ထန်းလျက်ရည်, သကြားရည်, ကြံ့သကာရည်တို့ကိုသာယူ၍ မနာသော
ရဟန်းများ ဆာလောင်မွတ်သိပ်ခြင်း ပိပါသအကြောင်းရှိလျှင် ၎င်းအရည်များ
သောက်ကောင်းသည်။ ကြံ့ရည်, ထန်းရည်ဖြစ်မူ ရေနှင့်ရောမှ သောက်ကောင်း
သည်ဟု ဆို၏။

ဆက်ဦးအံ့– ထောပတ် စသော ဆေးငါးပါးကို အကပ်ခံပြီး ခုနစ်ရက်
အတွင်းသာ စားကောင်းသည်ဟု ဆိုသော်လည်း ဂိလာနအား ခွင့်ပြုခြင်း
ကြောင့် ဆာလောင် မွတ်သိပ်ခြင်း အကြောင်းရှိရုံမျှနှင့် မစားကောင်း၊
ရောဂါရှိသူတို့အားသာ စားကောင်းသည်။ အလိုရှိလျှင် ယာမကာလိက ခေါ်
သော အဖျော်ရည်များကို သောက်နိုင်သည်။ ရောဂါရှိက ဆေးငါးပါးနှင့် စတု
မဓုကို နံနက်ခင်း အကပ်ခံပြီး ယနေ့ နေလဲ့ မလဲ့ စားကောင်းသည်။ နက်ဖြန်
စသောနေ့များ၌ကား နေလဲ့သောအခါ စားကောင်းသည်။ အကယ်၍နံနက်ခင်း
စားလိုလျှင် ဆွမ်းခဲဘွယ်စသော ဘောဇဉ်များနှင့် ရောလျှင် မစား၊ ပါးစပ်၌
ဆွမ်း စသော အာမိသရှိလျှင် အာမိသကို ပြောင်အောင်ဆေးပြီးမှ စားရသည်။

ဆေးစာပြီး၍လည်း ပါးစပ်ကိုပြောင်အောင်ဆေးပြီးမှ စားရသည်။ယာဝဇီဝက ဆေးကို စားရာ၌လည်း နည်းတူ သိ။

တာနိ ပဋိဂ္ဂဟေတ္ဝာ။ ။တာနိ-ဖြင့် ဆေးငါးပါးတို့ကိုသာ စဲ့၊ထိုဆေးတို့၏ဝတ္ထု ဖြစ်သော နို့စသည်ကို မစဲ့သင့်။ ။ပဋိဂ္ဂဟေတ္ဝာ-ဖြင့် အကပ်ခံသောနေ့မှစ၍ ထိုဆေးငါးမျိုးတို့၏ သတ္တာဟ ကာလိကမည်သည့် အဖြစ်ကို ပြသည်။

သတ္တာဟပရမံ–ပရိဘုဉ္ဇိတဗ္ဗာနိ။ ။ဤပါဠိဖြင့် အကပ် ခံအပ်ပြီးသော့ ဆေးတို့ကို ခုနစ်ရက်အတွင်း သိမှီးခြင်းကို ပြု၍ သုံးဆောင်ကောင်းသည်ကို ပြ၏။သတ္တာဟပရမံဖြင့် သုံးဆောင်အပ်သောကာလ အပိုင်းအခြားကို ပြ၏။ "သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ" သိမှီးခြင်းကို ပြု၍ အာမိသကင်းသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်အပ်သည်ကိုပြ၏။ ဤသို့ပြုသဖြင့် ခုနစ်ရက်အတွင်း၌ နယ်ဆီစသည်တို့၏ အကျိုးငှါ စိတ်ဖြင့် ဝိုင်းဖြတ်၍ အဓိဋ္ဌာန်၍ ထားအပ်သော ထောပတ်စသည်တို့ ခုနစ်ရက် လွန်သော်လည်း အာပတ် မသင့်သည်ကို သိ။

[အထူး–ခုနစ်ရက်လွန်၍ ဝိနည်းကံဖြင့် စွန့်ပြီး ပြန်ရသောထောပတ်ဆီ စသည်ကို အနာလိမ်းခြင်း, သုံးဆောင်ခြင်း မပြုအပ်။ ငဲ့ကွက်ခြင်း မရှိ စွန့်ပြီး၍ ပြန်ရသော ထောပတ်ဆီ စသည်ကိုကား သုံးဆောင်စားသောက်ခြင်းငှါလည်း အပ်သည်ဟူ၏။]

တံ အတိက္ကာ–ပါစိတ္တိယံ။ ။ဤဝါကျဖြင့် မပြုအပ်သည်ကို ပြသည်။ အသီးအခြား ထားအပ်သော ထောပတ် စသည်တို့၌ ဝတ္ထုအရေအတွက် အာပတ်သင့်သည်၊ တခုက်ထည်း မရောဘဲထားရာ၌လည်း နည်းတူ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ ခုနစ်ရက် လွန်သော ဝတ္ထု။ အကြောင်း စီဝရဝဂ် ပထမသိက္ခာပုဒ်နှင့် တူပြီ။

အင်္ဂါ။ ။ထောပတ် စသည်တို့၏ မိမိဥစ္စာဖြစ်ခြင်း, ရေတွက်ခြင်းငှါ လောက်ခြင်း, ခုနစ်ရက်လွန်ခြင်း အင်္ဂါသုံးပါး။ဤကား ကဒ်ါဠိကာသစ်အလို။....ထောပတ်စသည်တို့၏ အကပ်ခံပြီးဖြစ်ခြင်း, မိမိဥစ္စာဖြစ်ခြင်း,ခုနစ်ရက်လွန်ခြင်း အင်္ဂါသုံးပါး။ ဤကား သာရတ္ထ, ဝိမတိ တို့အလို။

ဆောင် —အကပ်ခံပြီး၊ ဆေးတည်းဖြစ်ပါ၊ ကိုယ့်ဥစ္စာဖြစ်၊ ခုနစ်ရက်လွန်၊ အင်္ဂါသုံးဝ၊ဘေသဇ္ဇ၊သာရ,ဝိဋ္ဌိဆို။

အထူးမှတ်ချက်။ ။ဆီကြည်သည် ဝံဆီ,ငါးဆီ, လပိုင်ဆီ,ဝက်ဆီ,မြည်းဆီ-အား ဖြင့် ငါးမျိုးပြား၏၊ ထိုဆီကြည် ငါးမျိုးကို ခွင့်ပြုသည်ကို ထောက်၍ လူဆီမှတပါး မအပ်သော အသားတို့၏ အဆီသည်လည်း အပ်သည်။ လူဆီသာ မအပ်။နို့ ရည်ကား မအပ်သော နို့ ရည်မည်သည် မရှိဟုသိ။

ဆောင်—လူဆီဖယ်ထား၊ မအပ်သား၊ ဆီကားအပ်သည်သာ။
နို့ ရည်မူကား၊ အားလုံးအား၊ အပ်ငြား လေသည်သာ။

ရည်စူး၍ ခွင့်ပြုသော ဩဒိသ။ ။အနာကို ရည်စူး၍ ခွင့်ပြုခြင်း ဗျာဓိ ဩဒိသ, (ဘီလူး ဖမ်းစားသော ရဟန်းအား သားစိမ်း,သွေးစိမ်းကို ခွင့်ပြုသည်။) ပုဂ္ဂိုလ်ကို ရည်စူး၍ ခွင့်ပြုခြင်း ပုဂ္ဂလော ဩဒိသ, (စမြဲ့.ပြန်တတ်သော ရဟန်းအား စမြဲ့.ပြန်ရန်ခွင့်ပြုသည်။) ကာလကိုရည်စူး၍ ခွင့်ပြုခြင်း ကာလော ဩဒိသ, (မြေကိုက်သော ရဟန်းအား ကျင်ကြီး, ကျင်ငယ်,ပြာ, မြေကြီး ဤလေးပါးကို အကပ်မခံဘဲ စားရန် ခွင့်ပြုသည်။) အခါကို ရည်စူး၍ ခွင့်ပြုခြင်း သမယော ဩဒိသ, (ဂိလာနအား ဂဏ-ဘောဇဉ် စသည်ကို ခွင့်ပြုသည်။)

[ကာလော ဩဒိသ-ကား မြေကိုက်သော အခါ၌သာ ခွင့်ပြုသည်။ သမယော-ဩဒိသ-ကား ကာလအမျှား၌ ခွင့်ပြုသည်။ ဤကား အထူးတည်း။]

ဒေသကို ရည်စူး၍ ခွင့်ပြုခြင်း ဒေသော ဩဒိသ, (ပစ္စန္တရာဇ်၌ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်ဂိုဏ်းဖြင့် ရဟန်းခံ ပေးနိုင်ခြင်း, မပြတ်ရေချိုးနိုင်ခြင်း, အထပ်ထပ်သောဘိနပ်ကို စီးနိုင်ခြင်းစသည်ကို ခွင့်ပြုသည်။) ဆီကြည်ကို ခွင့်ပြုခြင်း ဝသော ဩဒိသ, (လူဆီကိုဖယ်ထား၍ အလုံးစုံသော အသား အပ်မအပ် သတ္တဝါတို့၏ ဆီကြည်ကို ခွင့်ပြုသည်။) ဆေးကိုရည်၍ ခွင့်ပြုခြင်း ဘေသဇော-ဩဒိသ, (ဆေးငါးပါးကို ခွင့်ပြုသည်)။ အကျယ် အဋ္ဌကထာကြီး၌ လာပြီ။

ဆောင်—ဗျာဓိ ပုဂ္ဂလာ၊ ကာလာ-သမယော၊ ဝသော-ဒေသ၊ ဘေသဇ၊
သတ္တ ဩဒိသာ။

ဘေသဇသိက္ခာပုဒ်ပြီး၏။

၄-ဝဿိကသာဋိက

၄။ ဂိမ္ပာနံ၊ နွေလတို့၏။ သေသော၊ ကြွင်းသော။ ဝါ၊ နောက်ဆုံး ဖြစ်သော။ မာသော၊ တလသည်။ အတ္ထိ၊–၏။ ဣတိ၊ ဤသို့နှလုံးပြု၍။ဝါ၊ ဤနောက်ဆုံး တလမှစ၍။ ဘိက္ခုနော၊–သည်။ ဝဿိကသာဋိက စီဝရံ၊ မိုဃ်းရေခံ သက်န်းကို။ ပရိယေသိတဗ္ဗံ။ ရှာမှီးအပ်၏။ ဂိမ္ပာနံ၊–တို့၏။ သေသော၊–သော။ ဝါ၊ နောက်ဆုံးဖြစ်သော။ အဓုမာသော၊ လခွဲ (ဆယ့်ငါးရက်)သည်။ အတ္ထိ၊–၏။ ဣတိ၊–၍။ ဝါ၊ ဤလခွဲ (ဆယ့်ငါးရက်)မှစ၍။ ကာတဗ္ဗံ၊ ချုပ်ဆိုးခြင်းကိုပြုအပ်၏။ [ထည့်]။ ကတ္ဝာ၊–၍။ နိဝါသေတဗ္ဗံ၊ (အဓိဋ္ဌာန်တင်၍) ဝတ်အပ်၏။ ဂိမ္ပာနံ၊–တို့၏။ သေသော၊–သော။ဝါ၊–သော။ မာသော၊–သည်။ အတ္ထိ၊–၏။ ဣတိ ဣမသ္မာ၊ ဤနောက်ဆုံးလ၏။ ဩဂေါ်ရေန၊ အတွင်းဖြစ်သော ပိဋ္ဌိသမယ ခုနစ်လခွဲ။ ဝဿိက သာဋိက စီဝရံ၊–ကို။ စေ ပရိယေသေယျ၊ အကယ်၍ ရှာမှီးငြားအံ့။ ဂိမ္ပာနံ၊–တို့၏။ သေသော၊–သော။ဝါ၊–သော။ အဓုမာသော၊–သည်။ အတ္ထိ၊–၏။ဣတိ ဣမသ္မာ၊ ဤနောက်ဆုံး လခွဲ၏။ ဩဂေါ်ရေန၊ အတွင်းဖြစ်သောနှင့်။ ကတ္ဝာ၊ ချုပ်ဆိုးခြင်းစသည်ကိုပြု၍။ စေ နိဝါသေယျ၊–အံ့။ နိဿဂ္ဂိယံ၊–၏။

၄-ဝဿိက သာဋိက

မာ သော–ပရိယေသိတဗ္ဗံ။ ။ဤဝါကျဖြင့် နွေလ၏ အဆုံးတလကို မိုဃ်းရေခံသက်န်း ရှာမှီးရန် ခေတ်ဟု ပြသည်။ နွေလ၏ အဆုံးတလဟူသည် နယုန်လပြည့်ကျော် တရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိကို ဆိုသည်။ သို့သော် ၎င်းရက်အတွင်းမှစ၍ မရသေးက နယုန်လပြည့်ကျော်တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ငါးလအတွင်း ရှာမှီးနိုင်သည်ဟုသိ။

ရှာမှီးပုံ။ ။အမျိုးမတော်သော သံဃာအား ဖိတ်ထားသော သူမျှားထံသို့သွား၍ မိုဃ်းရေခံသက်န်းလှူခြင်နှင့်တန်ပြီ၊ထပါးသောသူမျှားလည်း မိုဃ်းရေခံ သက်န်း လှူကြပြီဟု သတိပေးသောအနေအား ဖြင့် ပြောဆိုရှာမှီးကောင်းသည်။ မိမိ၏ဉာတကာ ပဝါရိတထံသို့ သွား၍ကား ငါ့အား မိုဃ်းရေခံသက်န်း လှူကြတော့ စသည်ဖြင့် တောင်းယူကောင်းသည်။ အညာတကာ အပ္ပဝါရိတထံ၌ သတိပေးစကား ပြောကြားသော ရဟန်းအား ဝတ္ထုဘေဒဒုက္ကဋ် သင့်သည်။ သတိပေးစကား ပြောကြားရုံ မဟုတ်ဘဲ တောင်းသောရဟန်းအား အညာတကဝိညတ္တိသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။ဤ၌ ဝတ္ထုဘေဒဒုက္ကဋ်

ဟူသော စကားသည် ရှေးတုန်းက မိုဃ်းရေခံသက််နှ်း မလျှုဘူးသော သူများကို ရည်၏။ လျှုဘူးသူထံ ပြောကြားအံ့၊ ဝတ္ထုဘေဒဒုက္ကဋ်မသင့်ဟု သိ။

အဗုမာသော – နိဝါသေတဗ္ဗံ။ ။ဤဝါကျဖြင့် မိုဃ်းရေခံသက််နှ်းကိုရှာမှီးခြင်း, ချုပ်ဆိုးခြင်းကို ပြုခြင်း, ဝတ်ခြင်း ခေတ် သုံးပါးကို ပြသည်။ အဓိဋ္ဌာန်တင်ရန် ခေတ်ကား မဟုတ်သေး။ မိုဃ်းလေးလကား ရှာမှီးနိုင်သောခေတ်, ချုပ်ဆိုးခြင်းကို ပြုကောင်းသော ခေတ်, ကပ္ပဗိန္ဒုထိုးပြီး ဝတ်နိုင်သော ခေတ်, အဓိဋ္ဌာန်တင်နိုင်သော ခေတ် လေးပါးစလုံးကို ပြုကောင်းသည်ဟု သိ။

ကောက်နုတ်ချက်။ ။နယုန်လဆုတ် တရက်နေ့မှ စ၍ ၎င်းလကုယ်နေ့အထိ ဆယ့်လေးရက်သည် မိုဃ်းရေခံ သက််နှ်းရှာမှီးရုံလောက် သက်သက်ခွင့်ပြုသော ပရိယေသနခေတ် ဖြစ်သည်။ ဝါဆိုလဆန်း တရက်နေ့မှ စ၍ ၎င်းလပြည့်နေ့အထိ ဆယ့်ငါးရက်သည် ရှာမှီးနိုင်ခြင်း, ချုပ်ဆိုးနိုင်ခြင်း, ဝတ်နိုင်ခြင်း ဟူသော ပရိယေသန, ကရဏ, နိဝါသန ခေတ်သုံးပါး ဖြစ်နိုင်သည်။ ဝါဆိုလဆုတ် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ လေးလကား ပရိယေသန, ကရဏ, နိဝါသန, အဓိဋ္ဌာန လေးပါးစလုံး ဖြစ်နိုင်သည်။

ဆောင်— ရှာမှီး-ပြုပြင်၊ဝတ်ဆင်-ဓိဋ္ဌာန်၊ဤလေးတန်၊မှတ်ရန်အပြားခေတ်။
ယုန် ဆုတ် ပက္ခ၊ ဆယ့်လေးမျှ၊ မှတ်ကြ ရှာမှီးခေတ်။
ဆို ဆန်းဆယ့်ငါး၊ ရက်ဋ္ဌကား၊ ရှာငြား ပြု ဝတ် ခေတ်။
မိုဃ်း လေးလကား၊ အားလုံးအား၊ အပ်ငြား လေးဝခေတ်။

အထူး။ ။အဋ္ဌကထာကြီး၌ "ဇေဋ္ဌမူလ ပုဏ္ဏမာသိယာ ပစ္ဆိမပါဋိပဒဒိဝသတော ပဋ္ဌာယ ယာဝကာဋ္ဌပက္ခုပေါသထာ၊ အယမေကော အဗုမာသော ပရိယေသနခေတ္တာဇ္ဇဝ ကရဏခေတ္တာဇ္ဇ–နယုန်လပြည့်နေ့၏ နောက် အထွက် တရက်နေ့မှ စ၍ လဆုတ်ပက္ခ ဥပုသ်နေ့တိုင်အောင် ဤလခဲ့အတွင်း ရှာမှီးခြင်း ပရိယေသန ခေတ်လည်းဖြစ်, ချုပ်ဆိုးခြင်းကို ပြုသော ကရဏခေတ်လည်း ဖြစ်သည်"ဟု ဆို၏။ ၎င်းပါဋ္ဌကို ပါဋ္ဌပျက်ဟု သာရတ္ထဋီကာ ဆို၏။ **ကခ်ါ** အတိုင်း ပရိယေသနခေတ် တမျိုးသာ ဖြစ်ရမည်ဟု ဆိုသည်။ ပါဋ္ဌိတော်နှင့် ဆန့်ကျင်၍ ပါဋ္ဌပျက်ဟု ဆိုကြသည်။

အဓိဋ္ဌာန်။ ။နွေလ၏ နောက်ဆုံးတလ၌ ပြုံးပြီ ရှာမှီးပြီးသော်လည်း အဓိဋ္ဌာန် မတင်အပ်သေး၊ အကယ်၍ ဝါဆပ်အံ့၊ နောက်ဆုံးတလ အစောင့် အရှောက်ရသေး၏။ အဓိဋ္ဌာန် မတင်အပ်သေး။ ၎င်းနွေတို့၌ ဖွပ်လျှော်ထားပြီး ဝါဆိုဝသာ နွေ၌ အဓိဋ္ဌာန် တင်ရမည်။ ဝါဆိုသောနွေ၌ မတင်မိ၍ လွန်သွားက

နိဿဂ္ဂိ၊ ဝါတွင်းရောက်မှ အပြီးသား မိုဃ်းရေခံသက်နိုးကို ရသည်ဖြစ်စေ ချုပ်ဆိုး၍ ပြီးသည်ဖြစ်ခဲ့စေ ထိုဝါတွင်း၌ ရသောနေ့, ပြီးသောနေ့မှစ၍ ဆယ်ရက်ကို မလွန်စေရ၊ ဆယ်ရက်လွန်မှ ပြီးဆုံးအံ့၊ ထိုပြီးသော နေ့၌ပင် အဓိဋ္ဌာန် တင်ရမည်။ ဆယ်ရက်အတွင်း ချုပ်ဆိုးခြင်း မပြုလောက်အံ့၊ သက်နိုးကာလကို မလွန်စေရ။ ဤကား ပြုပြီးသော သက်နိုး၌ အဓေစာင့်အရှောက် ရပုံတည်း။

သတိမေ့၍ ချုပ်ဆိုးခြင်း မပြုရသေးသည် ဖြစ်စေ, မလောက်၍ မပြုရသေးသည်ဖြစ်စေ၊ ဝါထပ်သောလ ပါရှေးနှစ်လနှင့် မိုဃ်းလေးလ၊ ပေါင်း ခြောက်လ အစောင့်အရှောက်ရ၏။ အဓိဋ္ဌာန် မတင်ဘဲ ထားနိုင်သည်။ ကထိန်ခင်းအံ့၊ နောက်ထပ် လေးလနှင့် ပေါင်း ဆယ်လ အစောင့်အရှောက် ရသေး၏။ ထိုနောက် ပစ္စာသာသက်နိုး ရှိအံ့၊ မူလသက်နိုး ပြု၍ထားက နောက်ထပ်တလနှင့် ရှေးဆယ်လ ပေါင်း ဆယ့်တလ အစောင့်အရှောက် ရသေး၏။ ထိုထက်အလွန် မထားကောင်း။ ဤကား မပြုသေးသော သက်နိုး၌ အစောင့်အရှောက် ရပုံတည်း။

သမယ ၂-ပါး။ ။သမယသည် ဝမ်းဘက်နှင့် တူသော အတွင်း ကုစ္ဆိသမယ, ကျောဘက်နှင့် တူသော အပြင်ပိဋ္ဌိသမယဟု နှစ်မျိုးပြား၏။ ထိုတွင် တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့မှစ၍ နယုန်လပြည့်နေ့အထိ ခုနစ်လသည် ပိဋ္ဌိသမယ မည်၏။

[မိုဃ်းရေခံသက်နိုး ရှာမှီ ခြင်း စသည် မပြုရသော ကာလဟူ၏။]

ယင်း ခုနစ်လ မိုဃ်းရေခံသက်နိုး လှူချိန်တန်ပြီဟု အညာတက အပ်ဝါရိတတို့ထံ၌ သတိပေးစကား ပြောကြား၍ သက်နိုးရသော ရဟန်း ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊ ငါ့အား မိုဃ်းရေခံ သက်နိုး လှူကြလော့ဟု ဝိညတ်ပြု၍ အညာတက အပ်ဝါရိတတို့ထံ တောင်းသော ရဟန်းအား သက်နိုးရမူ အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်၊ ဤတက ပဝါရိတတို့ထံ ဆိုခဲ့ပြီးသောနည်းဖြင့် သတိဖြစ်စေ၍ သက်နိုးရသော ရဟန်းအား ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊ ဤတကပဝါရိတ တို့ထံမှ ဝိညတ်ဖြင့် တောင်းရသော ရဟန်းအား သက်နိုးရသော်လည်း ဝတ္ထုတို့ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်။ ဤကား ပိဋ္ဌိသမယ စတုက္ကတည်း။

နယုန်လဆုတ် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ငါးလကား ကုစ္ဆိသမယ မည်၏။

[မိုးရေခံသက်နိုး ရှာမှီးခြင်းစသည်ကို ပြုကောင်းသော ကာလ ဟူ၏။]

ဤငါးလအတွင်း၌ ဆိုခဲ့ပြီးသောနည်း အကိုင်း အညာတက အပ်ဝါရိတတို့အား သတိပေးစကား ပြောကြား၍ သက်နိုးရသော ရဟန်းအား မလှူမိ

ဝတ္တဘေဒဒုက္ကဋ်၊ ရမ္မ နိဿဂ်ိပါစိတ်၊ [မိုးရေခံသင်္ကန်းလှူဘူးသော အညာတက အပ္ပဝါရိတတို့အား သတိပေးစကား ပြောကြားမှု ဝတ္တဘေဒ မဖြစ်ဟုသို့။ အညာတက အပ္ပဝါရိတတို့အား တောင်းခြင်း ရအံ့၊ အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ်ိပါစိတ်၊ ဆိုခဲ့ပြီးသောနည်းဖြင့် ဉာတကပဝါရိတတို့အား သတိပေးစကား ပြောကြားခြင်း ရအံ့၊ ဉာတိသိက္ခာပုဒ်ဖြင့် အနာပတ္တိ၊ ဉာတက ပဝါရိတတို့ထံမှ တောင်းခြင်း ရအံ့၊ အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် အနာပတ္တိ၊ ဤကား ကုစ္ဆိသမယ စတုက္ကတည်း။

ဆောင်—ကုစ္ဆိ-ပိဋ္ဌိ၊ ယင်းဒုဝိ၊ မှတ်ဘိ သမယာ။
မုန်းဆုတ်တစ်စ၊ ခုနစ်လ၊ ပြင်ပ သမယာ။
ကြင်းငါးလမူ၊ အတွင်းဟူ၊ မှတ်ယူ သမယာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ မိုးဝဲ့ရေခံ သင်္ကန်းကို ရှာမှီးသော ဝတ္ထု၊အ၊အနာ။ အတိရေကမာဿ အဒ္ဓမာသတို့၌ တိကပါစိတ်-ဒုက္ကဋ်။ ဧရကန်စသည်တို့၌ အချည်းနှီး ရေချိုးသောရဟန်း, ခိုးသူလုယက်၍ မိုးဝဲ့ရေခံသင်္ကန်းသာ ကြွင်းသောရဟန်း, ပျောက်ပျက်၍ မိုးဝဲ့ရေခံသင်္ကန်းသာ ကြွင်းသောရဟန်း, ဘေးရန်တို့ကြောင့် အခါမဟုတ်သည်၌ ဝတ်သောရဟန်း, ညမွှတ်က ရဟန်း စသည်တို့အား အနာပတ္တိ။ မိုးဝဲ့ရေခံသင်္ကန်းကို မိမိဘို့ ရည်မှန်းခြင်း, အခါမဟုတ်သည်၌ ရှာမှီးခြင်း, ရခြင်း အင်္ဂါသုံးပါး၊ ဤအင်္ဂါသုံးပါးတို့ကား ရှာမှီးခြင်းကြောင့်ဖြစ်သော အင်္ဂါတို့တည်း။ သင်းပိုင် ကိုယ်ဝတ်ဟူသော သင်္ကန်းရှိခြင်း, ဘေးရန်မရှိခြင်း, မိုးရေခံသင်္ကန်း မိမိဥစ္စာဖြစ်ခြင်း, အခါမဟုတ်သည်၌ ဝတ်ခြင်း အင်္ဂါလေးပါး၊ ဤအင်္ဂါလေးပါးတို့ကား ဝတ်ခြင်းကြောင့် ဖြစ်သော အင်္ဂါတို့တည်း။....သမုဋ္ဌာန်စသည် ဓောဝပနသိက္ခာပုဒ်နှင့်တူပြီ။

ဆောင်— မိမိဘို့ရာ၊ ရည်ညွှန်းပါငြား၊ ခါကား မဟုတ်၊ ရှာမှီး လုပ်ကိုင်၊
ကိုယ်ပိုင်ရရှိ၊ပေါင်းတီဏိ၊ ရှာဘိတွက်တာတည်း။
တပါးသင်္ကန်း၊ ဆင်မြန်းရရှိ၊ ဘေးမရှိပါ၊ကိုယ်ဥစ္စာပိုင်၊ခါမတိုင်
ဝတ်၊ကျွေလေးရပ်ကား၊ ဝတ်ခြင်းအင်္ဂါ၊ပေါင်းတုံပါက၊အင်္ဂသတ္တ၊
မှတ်ကြ ဝဿိကာ။

ဝဿိကသာဋိက သိက္ခာပုဒ်ပြီး၏။

၅-စီဝရအစ္ဆိန္ဒန

၅။ ဖေယာ ပနဘိက္ခု၊ – သည်။ ဘိက္ခုဿ၊ – အာဝေ။ သာမံ၊ ကိုယ်တိုင်။ စီဝရံ၊ – ကို။ ဒတ္တာ၊ ပေးပြီး၍။ ကုပိတော၊ အမျက်ထွက်သည်။ အနတ္ထမနော၊ မိမိစိတ်မှ၌သည်။ ဝါ၊ နှလုံးမသာယာသည်။ (ဟုတ္တာ၊ – ၍။) အစ္ဆိန္ဒေယျ ဝါ၊ ကိုယ်တိုင်မူလည်း လုယက်ငြားအံ့။ အစ္ဆိန္ဒာပေယျ ဝါ၊ သူတပါးကို မူလည်း လုယက်စေငြားအံ့။ တဿ ဘိက္ခုနော၊ – အာဝေ။ ····၏။

၅-စီဝရအစ္ဆိန္ဒန

ဘိက္ခုဿ။ ။ကျိပုဒ်ဖြင့် လုယူသောအခါ ရဟန်းဖြစ်သည်ကို ပြ၏။ **ပေး သောအခါ** လိုရင်း မဟုတ်ဟုသိ။

သာမံ စီဝရံ ဒတ္တာ။ ။ကျိပါဠိဖြင့် အမှုကြီးငယ်စသည် ပြုခြင်းကို တောင့်တ၍ ကိုယ်တိုင် ဝိကပ္ပနာလောက်သော သက်နှံးကို ပေးခြင်းကို ယူရမည်။ လွတ်လွတ် စွန့်လှူခြင်းကို မယူရဟု သိ။ တနည်း-ဝေယျာဝစ္စ မပြုက ပြန်ယူမည် ဟူသော သကသညာရှိသည့်အဖြစ်ကို မှတ်ခြင်း အကျိုးငှါ "သာမံ" ပုဒ်ကို ဆိုသည်၊ သူတပါးကို ပေးခိုင်းပြီး ပြန်လုယူသော်လည်း မအာပ်ဟုသိ။ စီဝရံ-ပုဒ်ဖြင့် သက်နှံးဖြစ်ပါမှ နိဿဂ္ဂိဖြစ်သည်၊ တပါးသော ပစ္စည်းဖြစ်မူ နိဿဂ္ဂိမဖြစ်၊ ဒုက္ကဋ်သာ၊ လူသာမဏေထံမှ သကသညာဖြင့် လုယူသော်လည်း ဒုက္ကဋ်သာ၊ သကသညာမရှိမူ ဘဏ္ဍာစားဟုသိ။

ဆောင်—သက်နှံးလူမူ၊ ပါစိတ်ဟူ ကြွင်းမူ ဒုက္ကဋ်ဌာ။
လူသာမဏေမှ၊ လုယူက၊ လုံးဝ ဒုက္ကဋ်ဌာ။

အစ္ဆိန္ဒေယျ—ကျိပုဒ်ဖြင့် ဝေယျာဝစ္စစသည်ကို မပြုသည်ကို မြင်၍ အမျက်ထွက်၍ သကသညာဖြင့် လုယူသော ရဟန်းအား ဝတ္ထုအရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်သည်ကို ပြသည်၊ ပေးပြီးသားပင် ဖြစ်သော်လည်း သကသညာဖြင့် ယူခြင်းကြောင့် ပါရာဇိက မကျဟု သိ။

အစ္ဆိန္ဒာပေယျ—ကျိပုဒ်ဖြင့် လုယူခဲ့ဟု စေခိုင်းမူ ခိုင်းခြင်းကြောင့် ဒုက္ကဋ်၊ [ကျိဒုက္ကဋ်ကား မလုဖြစ်မှ ဖြစ်သည်၊ လုဖြစ်မူ ခိုင်းကတည်းက ပါစိတ်ဟု ဝိမတိ ဆို၏။] လုယူကုန်သော သက်နှံးတို့၌ ခိုင်းသော အရေအတွက်အတိုင်း ပါစိတ်သင့်သည်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ ပေးပြီးသက်နှံးကို ပြန်ယူသော ဝတ္ထု။ သာ၊ သာ၊ ဥပသမ္ပန္နဿ တိကပါစိတ်၊ ဒုက္ကဋ်၊ ပါစိတ်။

၆-သုတ္တဝိညတ္တိ

၆။ ယော ပန ဘိက္ခု၊-သည်။ သာမံ၊-တိုင်။ သုတ္တံ၊ချည်ကို။ ဝိညာ-ပေတ္ဝာ၊ ဇတောင်း၍။ တန္တဝါယေဟိ၊ ရက်ကန်းသည်တို့ကို။ စီဝရံ၊-ကို။ သာမံ၊ မိမိအကျိုးငှါ။ ဝါယာပေယျ၊ ရက်စေငြားအံ့။ တဿ ဘိက္ခုနော၊ -အား။ -၏။

အက္ခမ်းဝင်၍ ယူသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ အယုတ်ဆုံး ဝိကပ္ပနာလောက်သော သက်နှံးဖြစ်ခြင်း, ကိုယ်တိုင်ပေးခြင်း, သက သညာရှိခြင်း, ရဟန်းဖြစ်ခြင်း, အမျက်ထွက်၍လူခြင်း, လုခိုင်းခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ။

ဆောင်—သက်နှံးဝိလောက်၊ ကိုယ်တိုင်ကောက်ပေး၊ ထင်ကြေး ကိုယ့်ဟာ၊ သညာရှိမှန်း၊ ရဟန်းဖြစ်ဟူ၊ လုယူလုစေ၊ အင်္ဂါးထွေ၊ သင့်ပေ အာစိဏ္ဏနတည်း။

စီဝရအစ္ဆိန္နနသိက္ခာပုဒ် ပြီး၏။

၆-သုတ္တဝိညတ္တိ

သာမံ သုတ္တံ ဝိညတ္တိ။ ။သာမံ-ကား အတ္တဝါစကနိပါတ်၊ ဝိညာပေတ္ဝာဒ္ဓါစပ်မူ ကြိယာ ဝိသေသနစပ်၊ ပဒဘာဇနီဒ္ဓါ "သာမန္တိ သယံ ဝိညာပေတ္ဝာ" ဖွင့်သည်ကို ထောက်၍ငင်း, အဋ္ဌကထာဒ္ဓါ "စီဝရတ္ထာယ ယာ-စိတ္ဝာ" သုဒ္ဓကတ္တာကိုသာ ပြခြင်းကြောင့်ငင်း, သက်နှံးအကျိုးငှါသော်လည်း သူတပါးကို တောင်းခိုင်းရာဒ္ဓါ နိဿဂ္ဂိ မဖြစ်ဟု ယူသင့်သည်။ ဝါယာပေယျဒ္ဓါ စပ်မူ တဒတ္ထသမ္ဘဒါန် စပ်နိုင်သည် ဟူ၍လည်း ဆိုကြ၏။ ။သုတ္တံ-အရ အနု လောမနှင့်တကွသော ချည် ခြောက်မျိုးကို ယူ။ ။ဝိညာပေတ္ဝာ-ကား အညာ တက အပ္ပဝါရိတတို့ထံ သက်နှံးရက်ခြင်းအကျိုးငှါ တောင်းသည်ကို သိ။

တန္တဝါယေဟိ။ ။တန္တံ ဝါယတီတိ တန္တဝါယော။ ချည်ကို ရက်တတ်သော ကြောင့် ရက်ကန်းသည်ကို တန္တဝါယ ခေါ်သည်။ ဤတန္တ ဝါယေဟိဒ္ဓါ ဟိ-ကား ကာရိတ်ကံ အနက်ဒ္ဓါ သက်ထားသည်၊ တို့ကို-ဟု အနက်ပေး။

စီဝရံ ဝါယာပေယျ—ဤပုဒ်ကား ဒကာ-ငါ့အား သက်နှံးရက်ပေးပါဟု အညာတက အပ္ပဝါရိတတို့ထံ မှအပ်သော ခိုင်းခြင်း မျိုးဖြင့် ရက်ခိုင်းသည်ကို သိ။

နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ကျွဲသို့ မအပ်သော ခိုင်းခြင်းမျိုးဖြင့် ရက်ခိုင်းသော ရဟန်းအား ရက်ကန်းသည်သည် ရက်ကန်းရက်ခြင်း အကျိုးငှါ လိတ်, လက်ခတ် စသည်တို့ကို စီရင်အံ့၊ ဒုက္ကဋ်၊ အလျားတထွာ အနံတတောင်ပြည့်သော် နိဿဂ္ဂိယပါစိတ်။

ဝိနိစ္ဆယ။ ။အညာတက အပ္ပဝါရိတတို့ထံ ကိုယ်တိုင် တောင်းခံ၍ ရသော ချည်သည် အကပ်ဝယချည်၊ ဉာတကပဝါရိတတို့ထံမှ ရအပ်သောချည် သည် ကပ်ဝယချည်၊ အညာတက အပ္ပဝါရိတဖြစ်သော ဒကာအား သင်္ကန်းရက်ပေး ပါဟု ခိုင်းအံ့၊ ထို့ရက်ကန်းသည်သည် အကပ်ဝယရက်ကန်းသည်၊ ဉာတက ပဝါရိတ ဖြစ်သော ခိုင်းအပ်သော ရက်ကန်းသည်သည် ကပ်ဝယရက်ကန်းသည်မည်၏။

အကပ်ဝယချည်ကို အကပ်ဝယ ရက်ကန်းသည်အား ရက်ခိုင်းအံ့၊ မင်္ဂလမ ပုရိသ အလျား တထွာ-အနံတတောင်ပြည့်တိုင်း နိဿဂ္ဂိ၊ အလျား တထွာ, အနံ တတောင်တိုးတိုင်း နိဿဂ္ဂိ၊ အကပ်ဝယချည်ကို ကပ်ဝယ ရက်ကန်းသည်အား, ကပ်ဝယချည်ကို အကပ်ဝယ ရက်ကန်းသည်အား ခိုင်းရာ၌ ဒုက္ကဋ်၊ ကပ်ဝယချည်ကို ကပ်ဝယ ရက်ကန်းသည်အား ရက်ခိုင်းအံ့၊ အနာပတ္တိ။

ဆောင်—အလျား တထွာ၊ နံမှာ တတောင်၊ ပြည့်အောင်ရက်က၊ အဝတ်မျှ၊ စွန့်ရ နိဿဂ္ဂါ။
ဤပမာဏ၊ နိဿဂ္ဂ၊ ပွါးရ လေသည်သာ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဆဗ္ဗဂို၊ သင်္ကန်းရက်ခိုင်းသော ဝတ္ထု။ သာ၊အနာ၊ ဝါယာပိတ၌ တိကပါစိတ်၊ အဝါယာပိတ၌ တိကဒုက္ကဋ်။ သင်္ကန်းချုပ်စရာချည် အာယောဂပတ် ခါးပန်းကြိုး အံသကိုင်၌ သပိတ်အိတ် ရေစစ်အကျိုးငှါ ချည်ကို တောင်းသော ရဟန်း, ဉာတက ပဝါရိတတို့ကို အပ် သောချည်ကို ရက်ခိုင်းသောရဟန်း, တပါးသော ရဟန်း၏အကျိုးငှါ တောင်း သော ရဟန်း, မိမိဥစ္စာဖြင့် ဝယ်သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။

[ဤအနာပတ္တိဝါရ၌ ပထမအချက်ကား—ဤသိက္ခာပုဒ်ဖြင့် အာပတ် မသင့်သော်လည်း အညာတကဝိညတ္တိဒုက္ကဋ်မှ မလွတ်ဟု သိ။]

သင်္ကန်းအကျိုးငှါ တောင်းအပ်သော ချည်ဖြစ်ခြင်း, မိမိကို ရည်ညွှန်းခြင်း မအပ်သော ရက်ကန်းသည်ကို မအပ်သော တောင်းခြင်းဖြင့် ရက်ခိုင်းခြင်း၊ အင်္ဂါသုံးပါး။ ..သမုဋ္ဌာန်စသည် ဓောဝါပနသိက္ခာပုဒ်နှင့် တူပြီ။ ။အထူး ကား—ကခ်ါဋ္ဌ မအပ်သော တောင်းခြင်း ဟူသော စကား ပါဋိတော် အဋ္ဌ ကထာကြီးတို့၌ မပါသောကြောင့် ဆင်ခြင်ရမည်ဟု သာရတ္ထ ဆို၏။

၇-မဟာပေသကာရ

၇။ ယံ ဘိက္ခုံ ပနေဝ၊–ကိုသာလျှင်။ ဥဒ္ဒိဿ၊–၍။ အညာတကော၊ –ဖေသော။ ဂဟပတိ ဝါ၊–သည်ရှင်း။ ဂဟပတာနိ ဝါ၊–သည်ရှင်း။ တန္တိဝါယေဟိ၊–တို့ကို။ စီဝရံ၊–ကို။ ဝါယာပေယျ၊–အံ့။ တတြ၊ ထိုရက်ကန်း သည်နေသောရွာ၌။ ဝသန္တော၊ နေသော။[ထည့်] သော ဘိက္ခု၊–သည်။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဝါရိတော၊ မဖိတ်ထားသည်။ (ဟုတ္တာ၊–၍။) တန္တိဝါယော၊–တို့သို့။ ဥပသင်္ကမိတ္တာ၊ ချဉ်းကပ်၍။ စီဝရေ၊–၌။ ဝိကပ္ပံ၊–သို့။ စေ အာပဇ္ဇေယျ၊–အံ့။ကိ ံ အာပဇ္ဇေယျ၊–နည်း။အာဝုသော၊ဒါယကာတို့။ ခေါ၊ စင်စစ်။ ဣဒံ စီဝရံ၊–ကို။ မံ၊–ကို။ ဥဒ္ဒိဿ၊–၍။ ဝိယျတိ၊ ရက် အပ်၏။ အာယတဉ္စ၊ အလျားရှည်သည်ကိုလည်း။ ကရောထ၊ ပြုကြကုန် လော့။ ဝိတ္ထတဉ္စ၊ အနံကြီးသည်ကိုဂုဏ်း။ အပ္ပိတဉ္စ၊ ထူထဲသည်ကိုဂုဏ်း။

ဆောင်—မအာပ်သောချည်၊ ကိုယ့်ဘို့ရည်ရွယ်၊ ရက်ကန်းသည်နှင့်၊ တသွယ် တောင်းခြင်း၊ မအပ်လျှင်းက၊ အင်သုံးဝ၊ သုတ္တဝိညတ္တိ။

သုတ္တဝိညတ္တိသိက္ခာပုဒ် ပြီး၏။

၇-မဟာပေသကာရ

ဘိက္ခုံ ပနေဝ–ဝါယာပေယျ။ ။ဤဝါကျကား ရဟန်းတပါးကို ရည်စူး၍ အမျိုးမတော်သော ဒကာ-ဒကာမက ရက်ကန်းသည်တို့ကို ရက်ကန် ရက်ခိုင်းခြင်းကို ဆိုသည်။

တတြ စေသော–အာပဇ္ဇေယျ။ ။တတြ-ကား–နေရာ အမှတ်အသား မရှိခြင်း ကြောင့် သာမညာဓာရ၊ အကြင် ရွာ၌ ဖြစ်စေ, အကြင်နိုဂုံးဖြစ်စေ ရက်ကန်းသည်များ နေကြ၏။ ထိုရွာ နိဂုံးကို ဆိုလိုသည်။ ။သော ဘိက္ခု-ဟူသည် အကြင်ရဟန်းကို ရည်စူး၍ သင်္ကန်းရက် ခိုင်း၏၊ ထိုရည်စူးအပ်သော ရဟန်းကို ဆိုသည်။ ဤနိယမဝါကျကို ထောက်၍ ဘိက္ခုံ ပနေဝ ဟူသော အနိယမဝါကျ၌ ယံ-သဒ္ဒါကို ထည့်၍ အနက်ပေး လိုက်သည်။ အရာတိုင်း ဤနည်းအတူ မှတ်။

ပုဗ္ဗေ အပ္ပဝါဒိတော ဟူသည် အရှင်ဘုရား–အရှင်ဘုရားသည် အဘယ်သို့ သော သင်္ကန်းမျိုးကို အလိုရှိပါသနည်း၊ အဘယ်သို့သော သင်္ကန်းမျိုးကို အရှင်ဘုရားအား ရက်စေရပါအံ့နည်း၊ အလိုရှိသည်ကို အမိန့်ရှိပါဟု

သုဝိတဉ္စ၊ ကောင်းစွာ ရက်အပ်သည်ကိုဎင်း။ သုပ္ပဝါယိတဉ္စ၊ ကောင်းစွာဖြန့်အပ်သည်ကိုဎင်း။ သုဝိလေခိတဉ္စ၊ ကောင်းစွာ နယ်ဖြင့် ကန်အပ်သည်ကိုဎင်း။ သုဝိတစ္ဆိတဉ္စ၊ ကောင်းစွာ ဘီးဖြင့် ဖိုးအပ်သည်ကိုဎင်း။ ကရောထ၊ –ကုန်လော့။ မယံပိ၊ ငါတို့သည်လည်း။ အာယသ္မန္တာနံ၊ သင်ဒါယကာတို့အား။ ကိဉ္စိ မတ္တံ၊ အနည်းငယ်သော ပေးကမ်းဘွယ်ကို။ အပ္ပေဝ နာမ အနုပဒဇ္ဇေယျာမ၊ ပေးနိုင်ကုန်ငြားအံ့လည်း မသိ။ ဣတိ၊ –သို့။ ဝိကပ္ပံ၊ –သို့။ အာပဇ္ဇေယျ၊ –အံ့။ ဝေဠု၊ ဤသို့လျှင်။ သော ဘိက္ခု၊ –သည်။ ဝတ္တာ၊ ၍။ အန္တိမသော၊ –ဖြင့်။ ပိဏ္ဍပါတမတ္တံပိ၊ ဆွမ်းမျှလည်းဖြစ်သော။ ကိဉ္စိ မတ္တံ၊ –ကို။ အနုပဒဇ္ဇေယျ၊ –အံ့။ တဿ ဘိက္ခုနော၊ –အား။....၏။

ရှေးဦးက ဖိတ်ကြားထားခြင်းကိုဆိုသည်၊ ဖိတ်ကြားထားမူ စီရင်ကောင်းသည်ဟု အဓိပ္ပါယ်ရောက်၏။ ။ဝိကပ္ပံ အာပဇ္ဇေယျဟူသည် ရည်စူး၍ရက်သော ချည်ထက် လွန်အောင် စီရင်ခြင်းကို ဆိုသည်။

ဣဒံ ခေါ်–အနုပဒဇ္ဇေယျာမ—ဤဝါကျဖြင့် ရည်စူးထားသော ချည်ထက် လွန်အောင် အထူးစီရင်ခြင်းသို့ ရောက်ပုံအခြင်းအရာ အာကာရကို ပြသည်။ အာယတ-ဝိတ္ထတ-အပ်ပိတ သုံးပုဒ်ဖြင့် ချည်တိုး၍ ပိုလာခြင်းနှင့်တကွ ရက်ပုံကိုပြသည်။ သုဝိတ စသော နောက် လေးပုဒ်ဖြင့် ရက်ပုံသက်သက်ကို ပြသည်ဟု သိ။

ဆောင်—ရှေးသုံးပုဒ်မှာ၊ ချည်တိုးလာမှု၊ ရက်ပုံပြု၊ မှတ်ရှု ပြသတည်း။
နောက်လေးခုမှာ၊ ရက်ပုံသာ၊ ပြပါ လေသတည်း။

အပ္ပေဝနာမ ကား–သံသယ အနက်ရှိသော နိပါတ်၊ အနုပဒဇ္ဇေယျာမနှင့် တဲ့စပ်၍အနက်ပေး၊ မယံပိဉ္စ ပိ-ကား သင်္ကန်းရှင်တို့သာ ပေးသည် မဟုတ်၊ ငါတို့လည်း ပေးနိုင်ကောင်း ပေးနိုင်လိမ့်မည်ဟု ပေါင်းသော သမ္ပိဏ္ဍနအနက် ရှိသည်။

ဝေဠု–ပိဏ္ဍပါတမတ္တံပိ— ဤဝါကျကား ချည် တိုးပွါးလာအောင် အာမိသ ပေးခြင်းကို ပြသည်။ ချည်တိုးပွါး လာပါမှ အာပတ်သို့ ရောက်ခြင်းခကြောင့် ဤသို့ ဆွမ်းပေးခြင်းဖြင့် ရက်ကန်းသည်သည် ရက်ကန်းရှင်တို့ထံမှ ချည်ယူ၍ ရက်ကန်းသား၏ အလျားရှည်ခြင်း, အနံပြန့်ခြင်း, တခဲနက် ထူထဲသိပ်သည်းခြင်းကို ပြုစေလိုခြင်းကို ရည်၍ ဆိုသည်ဟု နေယျတ္ထ အနက်ကိုမှတ်၊ သက်သက် ဆွမ်းပေးခြင်း ဟူသော အနက်ကို မမှတ်အပ်။

၈-အစေ့ကစိဝရ

၈။ ဒသာဟာနာဂတံ၊ ဆယ်ရက် ဆယ်ရက်ဖြင့် မရောက်သေးသော နေ့ဟု ဆိုအပ်သော။ ကတ္တိက တေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်နေ့၌။ –[တနည်း – ကတ္တိက တေမာသိကပုဏ္ဏမံ၊ – သို့။ ဒသာဟာနာဂတံ၊ဆယ်ရက်ဖြင့် မရောက်သေးသော သီတင်းကျွတ်လဆန်း ငါးရက်နေ့မှစ၍ တနေ့နေ့၌။....တနည်း – ဒသာဟာ နာဂတံ တေမာသိက ပုဏ္ဏမံ၊ ဆယ်ရက် မရောက်သေးသော သီတင်းကျွတ် လပြည့်နေ့၌။] ဘိက္ခုနော ပနေဝ၊ –

အဓိပ္ပါယ်။ ။ရဟန်း၏ ဆွမ်းပေးခြင်းမျှဖြင့် ထိုသက်နှံသည် နိဿဂ္ဂိုဖြစ်သည်မဟုတ်၊ စင်စစ်မှာမူ ရက်ကန်းသည်တို့သည် ရဟန်း၏ စကားကြောင့် ရက်ကန်းမျှင်တို့၏ လက်မှ နောက်တပ်ချည်ယူ၍ အနည်းငယ် အလျားရှည်ခြင်းစသော သုံးမျိုးကိုပြုအံ့၊ ထိုသို့ပြုသော ရက်ကန်းသည်တို့၏ ပယောဂတိုင်း ဒုက္ကဋ်၊ ရသော် နိဿဂ္ဂိုဖြစ်သည် ဟူ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ သက်နှံး၌ အထူးစီရင်သော ဝတ္ထု။ သာ၊ အနာ၊ အညာတကဋ္ဌ တိကပါစိတ်၊ ညတကဋ္ဌ ဒုက္ကဋ်။ ဥတကပဝါရိက ရက်ကန်းသည်တို့ကို ရက်စေသောဧဟန်း, သူတပါးအကျိုးငှါ ပီမိဥစ္စာဖြင့် အဘိုးများစွာထိုက်သော သက်နှံးကို ရက်စေလိုသူကို **အဘိုး** အနည်းငယ်ထိုက်သော သက်နှံးကို ရက်စေသော ရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ အညာတက အပုဂ္ဂါရိတအလှူရှင်တို့၏ ခိုင်းအပ်သော ရက်ကန်းသည်တို့ထံ ကပ်၍ အထူးစီရင်ခြင်း, သက်နှံး၏ မိမိကိုရည်ညွှန်းခြင်း, ထိုရဟန်းစကားဖြင့် ချည်တိုးကုန်ခြင်း, သက်နှံးကိုရခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် ဓောဝါပနသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်––အညာတကာ၊ ပဝါရိဟူ၊ အလှူရှင်မျှား၊ ခိုင်းငြားသူ့ထံ၊ ထူးစီမံဘိ၊ မိမိဘို့မှန်း၊ ရဟန်းစကား၊ ချည်တိုးပွါးမှု၊ ရခြင်းပြုပါ၊ အင်္ဂါလေးဖြာ၊ ပဟာပေသကာရတည်း။

မဟာပေသကာရသိက္ခာပုဒ် ပြီး၏။

၈-အငေ့ကစိဝရ

ဒသာဟာနာဂတံ-ပုဏ္ဏမံ။ ။ဒသ အဟာနိ ဒသာဟံ။ သမာဟာရဒိဂု။ ။ ဒသာဟေန အနာဂတော ဒသာဟာ နာဂတော။

ဆယ်ရက်ဖြင့် မရောက်သေးသော သီတင်းကျွတ်လပြည့်နေ့ကို ရစေ။ ။

အားးသာလျှင်။ အစ္စေက စီဝရုံ၊ အဆောတလျင် လှူ့အပ်သော သင်္ကန်း သည်။ ဥပဇ္ဈယျ၊–အုံ့။ အစ္စေကံ၊ အဆောတလျင် လှူ့အပ်သော သင်္ကန်း ဟူ၍။ မညမာနေန၊ သိသော။ ဘိက္ခုနာ၊–သည်။ ပဋိဂ္ဂဟေတဗ္ဗံ၊–၏။ ပဋိဂ္ဂဟေတ္ဗာ၊–၍။ ယာဝ စီဝရကာလသမယံ၊ သင်္ကန်းကာလဆုံးသည် တိုင်အောင်သော အခါပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ (အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုဘဲ) ထားအပ်၏။ ယော ပန ဘိက္ခု၊သည်။ တံ၊ ထိုအစ္စေက သင်္ကန်း ကို။ [ထည့်] တတော၊ ထိုသင်္ကန်းကာလထက်။ ဥတ္တရိ၊ အလွန်။ စေ နိက္ခိ-ပေယျ၊–အုံ့။ တဿ ဘိက္ခုနော၊–အား။....၏။

ဒသာဟဉ္စ ဒသာဟာနာဂတော စ ဒသာဟာနာဂတော။ ဧကသ္မေ သာမည နိဒ္ဒေသနည်း။ သီတင်းကျွတ်လဆန်း ငါးရက်နေ့မှ စ၍ သီတင်းကျွတ်လဆန်း ဆယ့်လေးရက်တိုင်အောင် ဆယ်ရက်နှင့် သီတင်းကျွတ် လပြည့်နေ့ဟု ဆိုအပ် သော တရက်၊ ပေါင်း ဆယ့်တရက် ရစေ။

ကတ္တိကာယ နိယုတ္တော ကတ္တိကော။ ကြတ္တိကာ နက္ခတ်နှင့် ယှဉ်သော သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလကို ရစေ။ ။တယော မာသာ တိမာသံ။ ဝါတွင်း သုံးလကို ရစေ။ ။တိမာသေ နိယုတ္တော တေမာသိကော။ ဝါတွင်း သုံးလတို့တွင် တလလကို ရစေ။ ။ကတ္တိကော စ သော တေမာသိကော စာတိ ကတ္တိကတေမာသိကော။ သီတင်းကျွတ်လကို ရစေ။ ။ပုဏ္ဏော မာ တ္ထာတိ ပုဏ္ဏမာ။တခုခုသော လပြည့်နေ့ကို ရ၊စ။ ။ကဘ္တိ က တေမာသိကေ ဌိ၊တာ ပုဏ္ဏမာ ကတ္တိကတေမာသိက်ပုဏ္ဏမာ။ သီတင်းကျွတ်လပြည့်နေ့ ရစေ။ ဤ အလို-"ဒသာဟာနာဂတံ၊ ဆယ်ရက် ဆယ်ရက်ဖြင့် မရောက်သေးသော နေ့ဟု ဆိုအပ်သော။ ကတ္တိက တေမာသိက ပုဏ္ဏမံ၊ သီတင်းကျွတ် လပြည့်နေ့၌"ဟု အနက်ပေး။ ဤနှစ်ပုဒ်ကား–အစွန်စွန် သံယောဂ အတွင်းဝင်သော သတ္တမီ အနက်၌ ဒုတိယာဝိဘတ် သက်ထားသည်ဟု သိ။

တနည်း—ဒသာဟေန အနာဂတံ ဒသာဟာနာဂတံ။ သီတင်းကျွတ်လပြည့် နေ့သို့ ဆယ်ရက် ရောက်သော်လည်း မရောက်သော သီတင်းကျွတ်လဆန်း ငါးရက်နေ့ကို ရစေ။ ။ကတ္တိကတေမာသိကပုဏ္ဏမံကို ရှေးအတိုင်းဆို။ "ဂတ္တိက တေမာသိက ပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်နေ့သို့။ ဒသာဟာနာဂတံ၊ ဆယ် ရက်ဖြင့် မရောက်သေးသော သီတင်းကျွတ်လဆန်း ငါးရက်နေ့မှစ၍ တနေ့ နေ့၌"ဟု အနက်ပေး။

အဓိပ္ပါယ်-သီတင်းကျွတ် လပြည့်ရန်လိုသေးသော လဆန်းငါးရက်နေ့မှစ၍ ဆယ့်လေးရက်နေ့အထိ ဆယ်ရက်တို့တွင် တနေ့နေ့ဟူ၏။

တနည်း–ဒဿဟဉ္စ အနာဂတကတ္တိက တေမာသိက ပုဏ္ဏမာ စာတိ ဒဿဟာနာဂတ ကတ္တိကတေမာသိကပုဏ္ဏမံ။ ဤသို့ ဒွန်ဝါကျဖြစ်လျက် တ-ထက်၌ နိဂ္ဂဟီတ် လာ၍ ဒဿဟာ နာဂတံဟု ဖြစ်နေသည်။ ။ဤအလို-"ဒဿဟာနာဂတ ကတ္တိကတေမာသိကပုဏ္ဏမာ ဆယ်ရက် မြောက်သော သင်္ဃာ သတင်းကျတ် လပြည့်နေ့၌"ဟု အနက်ပေး။ ဤကား–ဆရာကြီးများအလို။

ဤ၌ အနာဂတသဒ္ဒါဖြင့် ဒဿဟာဒေး သီတင်းကျတ်လဆန်း ငါးရက်နေ့မှ စ၍ ယူရမည့်အဖြစ်ကို ပြသည်။

ထို့ကြောင့် ဤသိက္ခာပုဒ်ကား ပထမကထိနသိက္ခာ ပုဒ်ထက် သီတင်းကျတ် လဆန်းငါးရက်ဟု ဆိုအပ်သော တရက်ပိုလွန်၍ အဝိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ထားနိုင်ခွင့်ရသည်ကား ထူးသည် ဟူ၏။။

အဓိပ္ပါယ်-သီတင်းကျတ်လဆန်း ငါးရက်နေ့ရသော သင်္ကန်းသည် ခြောက်ရက် တအာရုဏ်, ခုနစ်ရက် တအာရုဏ် စသည်ဖြင့် ရေတွက်သော် လပြည့်နေ့ ရောက်က ဆယ်အာရုဏ်ရ၏။ လပြည့်ကျော်တရက်နေ့ ရောက်သော ဆယ့်တစ် အာရုဏ်ဖြစ်၍ အခြားသင်္ကန်း တုံးစ်အတိုင်းဆိုပျက် နိဿဂ္ဂိုဖြစ်ရမည်။ ဤသင်္ကန်းကား အစွေ့ကသင်္ကန်းဖြစ်၍ နိဿဂ္ဂိုမဖြစ်။ ဤသို့ အဝိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ အစွေ့ကသင်္ကန်းကို ထားနိုင်ခွင့်ရသည်ကား ထူး၏။

လဆန်း ခြောက်ရက်နေ့မှစ၍ ရသောသင်္ကန်းများသည် အစွေ့ကသင်္ကန်း မဟုတ်သည်ဖြစ်စေ, ဟုတ်သည်ဖြစ်စေ ဆယ်ရက်မြောက် အာရုဏ် တက်ပြီးသည်မှစ၍ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သင်္ကန်းထားနိုင်ခွင့် ရသောကာလ သို့ရောက်ရကား နိဿဂ္ဂိုမဖြစ်။ ထို့ကြောင့် ဤသိက္ခာပုဒ်သည် ပထမကထိန သိက္ခာပုဒ်ထက် လဆန်းငါးရက်နေ့ဟု ဆိုအပ်သော တရက်ပိုလွန်ထားနိုင်ခွင့် ရသောကြောင့် ပထမကထိန သိက္ခာပုဒ်၏ အနုပညတ်သဖွယ် ဖြစ်သည်ဟု ဋီကာများကို အားကိုး၍ ဆရာကြီးများ ဆိုကြ၏။

ဝါဒတပါး။ ။သီတင်းကျတ်လဆန်း ငါးရက်နေ့ရသော သင်္ကန်းသည် ခြောက်ရက်နေ့ တအာရုဏ်, ခုနစ်ရက် တအာရုဏ် စသည်ဖြင့် ရေတွက်သော် လပြည့်နေ့ရောက်က ဆယ်အာရုဏ်ရ၏။ လပြည့်ကျော်တရက်နေ့ အဝင်သို့ ရောက်သော် ဆယ့်တစ် အာရုဏ်ဖြစ်သော်လည်း ၎င်းအာရုဏ်ကား သင်္ကန်းကာလ အတွင်း၌ ရောက်ရသော အာရုဏ်ဖြစ်ရကား အာပတ်မသင့်နိုင်သော ခေတ်သို့ရောက်သောကြောင့် အစွေ့ကသင်္ကန်း ဟုတ်ဟုတ် မဟုတ်ဟုတ် ငါးရက်နေ့ရသော သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာမတင် မပြုဘဲ ထားသော်လည်း အာပတ်မသင့်၊ ထို့ကြောင့် "ကာမဥ္ဇ္ဈေသ သိက္ခာပဒံ ထပိတံ"ဟု

အဌကထာများ တည်ဟည္ဟတ်ဟည်း ဆိုဇေါ်မူကြသည်ဟု ဒီဃနိကာယ်ဌကထာများဆိုကြ၏။

အစ္စေကစီဝရံ။ ။အစ္စေကသင်္ကန်းဟူသည် ခရိုးထွက်လိုသောသူ, လူနာ, ကိုယ်ဝန်ဆောင်မိန်းမ, သဒ္ဓိတရား အသစ်ဖြစ်ပွါးခြင်းရှိသောသူ၊ ဤလေးယောက်တို့တွင် တယောကယောက်က ခရိုးသွားလိုခြင်းစသော အကြောင်းကြောင့် ကိုယ်တိုင်လာ၍ဖြစ်စေ, ဧနိုင်း၍ဖြစ်စေ ဤဝါဆိုသင်္ကန်းကို လှူပါ၏ဟု လျှောက်ထား၍ လှူသောသင်္ကန်းမျိုးကိုဆိုသည်။ အစ္စေကသင်္ကန်းပါဟု အဆိုမပါသော်လည်း ဆိုအပ်ပြီးသော လေးဦးသားများလှူက အစ္စေကဟု သိနိုင်သည်။ ထိုအစ္စေကကို ပဝါရဏာမပြုမီ ဝေဖန်အံ့၊ ယူသောရဟန်း ဝါကျိုးဝါပြတ်ခြင်း ပယ်ပြုအပ်၊ ပြုမိအံ့၊ ထိုသင်္ကန်း သံဃိကဖြစ်သည်ဟု သိ။

ဆောင်—ဝါမကျွတ်ခင်၊ ခရိုးလျှင်သွားစေ၊ ဝဿိကဟု၊ မြွက်ဟ လှူဒါန်း၊ ထိုသင်္ကန်း၊ မှတ်တမ်း အစ္စေကာ။
ထိုသင်္ကန်းမျိုး၊ ဝါကျိုး ဝါပြတ်၊ မရအပ်၊ ဖြတ်လတ် သံဃိကာ။

အစ္စေကံ-ပဋိဂ္ဂဟေတဗ္ဗံ။ ။ဤသင်္ကန်းကား အစ္စေက သင်္ကန်းတည်းဟု သိသော ရဟန်းသည် ခံယူထားကောင်းသည်ဟူ၏။

ပဋိဂ္ဂဟေတွာ နိက္ခိပိတဗ္ဗံ။ ။ဤဝါကျဖြင့် အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သင်္ကန်း သိုမှီးထားနိုင်သော ကာလကို ပြသည်၊ ထိုသို့ပြအပ်ပြီးသော တဆယ့်တရက်တို့တွင် တရက်ရက်၌ အစ္စေကသင်္ကန်းကို ခံယူပြီး၍ ကထိန်မခင်းလျှင် တန်ဆောင်မုန်း လပြည့်နေ့အထိ, ကထိန်ခင်းမူ တပေါင်းလပြည့်နေ့အထိ အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုဘဲ ထားကောင်းသည်ဟူ၏။

တတော ဧစ-ပါစိတ္တိယံ---ဤဝါကျဖြင့် အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုဘဲ မထားကောင်း၊ ထားလျှင် ပါစိတ်အာပတ်သင့်သည်ကို ပြ၏။

မှတ်ချက်။ ။ယခုကာလ၌ ဝါမဆုံမီကပင် ဝါဆိုသင်္ကန်းဟု ဆို၍ သင်္ကန်းကပ်လှူကြ၏။ ကျမ်းဂန်လာ ဝါဆိုသင်္ကန်းကား ဝါတွင်း၌ ဝါကပ်ပြီးသော ရဟန်းတို့အား လှူသော သင်္ကန်းဖြစ်ကား၏။ ထိုပါဆိုသင်္ကန်းသည် ရိုးရိုးဝါဆိုသင်္ကန်း, အစ္စေကဝါဆိုသင်္ကန်းဟု နှစ်မျိုးရှိ၏။ အစ္စေကဝါဆိုသင်္ကန်းဖြစ်မူ ဤသိက္ခာပုဒ်နှင့်ဆိုင်သည်။ ရိုးရိုးဝါဆိုသင်္ကန်းဖြစ်မူ မဆိုင်ဟုသိ။

၉-သာသက်

၉။ ဥပ ဝဿံ ဧဝါ ပန၊ ပုရိမဝါကပ် မကျိုးပြတ်အောင် နေပြီး၍ သာလျှင်။ သာသက်သမ္မတာနိ၊ တွေးတောဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ ဝါ၊ တွေးတောဘွယ်ရှိ၏ဟု သိအပ်ကုန်သော။ သပ္ပဋိဘယာနိ၊ ဘေးဘျမ်းနှင့် တကွဖြစ်ကုန်သော။ အာရညကာနိ၊ တော၌ ပြုအပ်ကုန်သော။ ယာနိ ဧဝါ ပန တာနိ၊ အကြင်သို့ သဘောရှိကုန်သော။ သေနာသနာနိ၊ ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ [ထည်] တထာရူပေသု၊ ထိုသို့ သဘောရှိကုန်သော။ သေနာသနေသု၊—တို့၌။ ကတ္တိကပုဏ္ဏမံ၊ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်သော ကာလပတ်လုံး။ ဝိဟရန္တော၊ နေလိုသော။ ဘိက္ခု၊—သည်။ အာကခ််မာနော၊ အလိုရှိလတ်သော်။ တိဏ္ဏံ စီဝရု-

---

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ အစ္စေက သင်္ကန်းကို သင်္ကန်းကာလကို လွန်မစေသောဝတ္ထု။ အကြောင်း စီဝရဝင်္ဂ် ပထမကထိနသိက္ခာပုဒ်နှင့် တူပြီ။ အင်္ဂါ—အယုတ်ဆုံး ဝိကပ္ပနာလောက်သော အစ္စေက သင်္ကန်း၏ ကိုယ်ပိုင်ဖြစ်ခြင်း, သီတင်းကျွတ်လဆန်း ငါးရက်နေ့မှစ၍ လပြည့်နေ့အထိ ဤအတွင်း၌ ဖြစ်ခြင်း, အဝိဋ္ဌာန်မတင် ဝိကပ္ပနာမပြုခြင်း, သင်္ကန်းကာလကို လွန်စေခြင်း၊ အင်္ဂါလေးပါး။

ဆောင်—ဝိကပ်လောက်ပါ၊ အစ္စေကာကား၊ ကိုယ်ဟာဖြစ်ခြင်း၊ သီတင်းကျွတ်လ၊ ဆန်းငါးစသည့်၊ လပြည့်ထိ၌၊ ဝိကဝိဋ္ဌာန်၊ မပြုပြုန်လျှင်း၊ လွန်ခြင်းကာလ၊ အင်္ဂလေးဝ၊ မှတ်ကြ အစ္စေကာ။

အစ္စေကစီဝရ သိက္ခာပုဒ်ပြီး၏။

၉—သာသက်

ဥပဝဿံ—ပုဏ္ဏမံ။ ။ဥပဝဿ-ကား ဥပ ရှေးရှိသော ဝသဓာတ်, တွာပစ္စည်း၊ တွာပစ္စည်းကိုချေ၊ သ-ကို ဒဋ္ဌဘော်ဆောင်၊ ဥပသမွေ့စသောပုဒ်တို့၌ကဲ့သို့ နိဂ္ဂဟီတ်လာ။....တနည်း-တွာပစ္စည်းကို ယ-ပြု၊ သ-ယသို့ကပ်၊ သျှ-ကို သ-ပြု၊ ဒဋ္ဌဘော်ဆောင်၊ နိဂ္ဂဟီတ်လာ၊ ဥပ-ကား ဥပဂန္တွာအနက်ဟော၊ ပုရိမဝါကပ်ပြီး၍ဟု အဓိပ္ပာယ်ယူ။ ဝဿံ-ကား-ဝသိတွာ အနက်ဟော။ ဝါမကျိုးမပြတ်အောင် နေပြီ ၍ဟု အဓိပ္ပါယ်ယူ။ ပုရိမဝါကပ်ပြီး ဝါမကျိုးမပြတ်အောင် ဝါတွင်းသုံးလပတ်လုံး နေပြီးသည်ဟူ၏။ ဤ ဥပဝဿံပုဒ်ဖြင့် ပထမအင်္ဂါကို

နံ၊ –တို့တွင်။ အညတရံ စီဝရံ၊ တထည်ထည်သော သင်္ကန်းကို။ အန္တရ ဃရေ၊ ရှာတွင်းဦး။ နိက္ခိပေယျ၊ ထားရာ၏။....[တနည်း-သာသင်္ကသမွတာနိ၊ –ကုန်သော။သပ္ပဋိဘယာနိ၊-ကုန်သော။အာရညကာနိ၊-ကုန်သော။ ယာနိ ခေါ ပန တာနိ၊ –ကုန်သော။ သေနာသနာနိ၊–တို့သည်။ သန္တိ၊–ကုန်၏။ တထာရူပေသု၊–ကုန်သော။ သေနာသနေသု၊–တို့၌။ ဥပဝဿံ ခေါ ပန၊– ၍သာလျှင်။ (တတောပရံ၊ ထို၀ါကျတ်ပြီးသည်မှနောက်၌။ ကတ္တိကပုဏ္ဏမံ၊ –လုံး။ ဝိဟာရန္တေ၁ အာကင်္ခမာနော၊ နေလိုသေးသော၊ ဘိက္ခု၊–သည်။ တတောပရံ၊–၌။ ကတ္တိကပုဏ္ဏမ ပရိယောသာန ကာလံ၊ တန်ဆောင်မုန်း လပြည့်အဆုံးရှိသော ကာလပတ်လုံး။) တိဏ္ဏံ စီဝရာနံ၊ (အဓိဋ္ဌာန်တင်အပ် သော) သင်္ကန်းသုံးထည်တို့တွင်။ အညတရံ စီဝရံ၊–ကို။ အန္တဃရေ၊–၌။

ပြသည်။ ဝိဟာရန္တေဘ၌ စပ်။ ။ကတ္တိကပုဏ္ဏမံ–ကား အစွန်သံယောဂ အနက်၌ ဒုတိယာဝိဘတ်သက်ထားသည်။ ကာလပတ်လုံး–ဟု အနက်ပေး။ ဤ၌ ကတ္တိက ဟု သာမညဆိုသော်လည်း ဥပဝဿံကို ထောက်၍ ပစ္ဆိမကတ္တိကကို ယူရမည်ဟု သိ။ ဤကတ္တိကပုဏ္ဏမံဖြင့် ဒုတိယအင်္ဂါကို ပြသည်။ ဤနှစ်ပုဒ်ဖြင့် သီတင်းကျွတ် လဆုတ်ပကွနှင့် တန်ဆောင်မုန်းလဆန်းပက္ခ ဤတလကိုပြသည်။ ထိုတလ အတွင်း အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို ရှာတွင်း၌ထား၍ ညဉ့်ကင်းခြား သော်လည်း အပြစ်မရှိဟု သိ။

အာရညကာနိ။ ။အရညေ ဇာတာနိ အာရညကာနိ။ တော၌ ဖြစ်သော တောကျောင်းတို့ကို ရစေ။ အောက်ထစ် အပိုင်းအခြား အားဖြင့် အရံရှိသောရွာဖြစ်အံ့၊ ရွာ၏ အရံ ခြံစည်းရိုးမှစ၍, အရံမရှိသောရွာ ဖြစ်အံ့၊ ဃရူပစာရက ခဲတက်မှစ၍ တင်အပ်ပြီးသော လေးတောင်ရှိသော လေး ဆရာတို့၏လေးဖြင့် ကုလလေးတာ ပြန်ငါးရာ ဝေးကွာသောအရပ်၌ ပြုအပ်သော ကျောင်းကို ဆိုသည်၊ အလွန်အားဖြင့် တဂါဝုတ်ဟု ဆိုကြ၏၊ ဤပုဒ်ဖြင့် တတိယ အင်္ဂါကိုပြသည်။

[လေးဆရာတို့၏ လေးကား–ညှို့မတင်ဘဲထားလျှင် လေးတောင်နှင့်တထွာ ရှိ၏၊ ညှို့တင်လိုက်လျှင် လေးတောင်ရှိ၏။ ညှို့တင်ပြီးသောလေးဖြင့် တိုင်းရမည် ဟူ၏။]

ဆောင်—ကုလလေးတာ၊ ပြန်ငါးရာ၊ ဝေးကွာ ရညကာ။

သေနာသနာနိ။ ။သေတိ ဇတ္ထာတိ သေနံ။ အိပ်စရာကျောင်းရစေ။ ။ အာသတိ နိသီဒတိ ဇတ္ထာတိ အာသနံ။ ထိုင်စရာ

နိုက္ခိုပေယျ၊ – ၏။] (တဿ ဘိက္ခုနော၊ – အား။) တေန စိဝရေန၊ (ထို၌ရှာ တွင်း၌ ထားအပ်သော) သင်္ကန်းနှင့်။ ဝိပ္ပဝါသာယ၊ ကင်း၍ နေခြင်းငှါ။ တဿ ဘိက္ခုနော၊ – အား၊ ကောစိဒေဝ၊ တစုံတခုသာလျှင် ဖြစ်သော။ ပစ္စယော၊ (ထိုကျောင်းမှ တပါးသော အရပ်သို့ သွားခြင်းကိစ္စဟု ဆိုအပ်သော) အကြောင်းသည် သိယာ စ၊ ရှိသည်လည်း ဖြစ်ငြားအံ့။ တေန ဘိက္ခုနာ၊ – သည်။ ဆာရတ္တာ ပရမံ၊ – လုံး။ တေန စိဝရေန၊ – နှင့်။ ဝိပ္ပဝသိတဗ္ဗံ၊ – ၏။ ဘိက္ခုသမ္မုတိယာ၊ (ဝိပ္ပဝါသသမ္မုတိ) ရသောရဟန်းကို။ အညတြ၊ – ၍။ ယော ဘိက္ခု၊ – သည်။ တတော၊ ထိုခြောက်ညဉ့်ထက်။ ဥတ္တရိ၊ – လွန်။ စေ ဝိပ္ပဝသေယျ၊ အကယ်၍ ကင်းနေငြားအံ့။ တဿ ဘိက္ခုနော၊ – အား။ ....၏။

ကျောင်းရစေ။ ။သေနဉ္ဇ အာသနဉ္ဇာတိ သေနာသန်။ အိပ်စရာ, ထိုင်စရာ ကျောင်းရစေ။

သာသင်္ကသမ္မတာနိ။ ။သဟ အာသင်္ကာယ ဝတ္တန္တီတိ သာသင်္ကာနိ။ သာသင်္ကာနိ ဣတိ သမ္မတာနိ သာသင်္ကသမ္မတာနိ။ အရုံအတွင်း၌ဖြစ်စေ, အရုံ၏ ဥပစာ၌ဖြစ်စေ ခိုးသူစသည်တို့ သွားလာနေထိုင်ရာ စသည်ကို တွေ့မြင်ခြင်းဖြင့် သင်္ကန်းမျှားကို ထိုခိုးသူတို့ ခိုးယူကောင်း ခိုးယူလိမ့်မည်ဟု ယုံမှားသံသယ ဖြစ်ဖွယ် ရှိ၏ဟု သိအပ်သော ကျောင်းမျိုးကို ရစေ။

သပ္ပဋိဘယာနိ။ ။သဟ ပဋိဘယေန ဝတ္တန္တီတိ သပ္ပဋိဘယာနိ။ ခိုးသူတို့သည် လူတို့ကို သတ်အပ်, လုယက်အပ်, ရိုက်နှက်အပ်သည့် အဖြစ်ကို မြင်ခြင်းကြောင့် ကြောက်မက်ဖွယ်ရှိသော ဘေးအန္တရာယ် မကင်းသော ကျောင်းမျိုးကို ရစေ။ ။ဤသာသင်္ကသမ္မတ, သပ္ပဋိဘယ နှစ်ပုဒ်ဖြင့် စတုတ္ထအင်္ဂါကို ပြသည်။

အန္တရဃရေ နိုက္ခိပေယျ။ ။အန္တရေ ဃရာနိ ဧတဿာတိ အန္တရဃရံ။ အလယ်၌အိမ်ရှိသော ရွာကို ရစေ။ ။သာသင်္ကသမ္မတသပ္ပဋိဘယ ဖြစ်သော တောကျောင်းတို့၌ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် နေလိုသော ရဟန်းသည် အပိုသင်္ကန်းကို ခိုးသူဘေး စိုးရိမ်၍ ရွာတွင်း၌ ထားလိုလျှင် တောကျောင်း၏ အနီး ထင်ဝန်းကျင် အလုံးစုံသော အရပ်တို့တွင် မိမိ အလိုရှိအပ်သော အနီးအပါး ဆွမ်းခံရွာ၌ အင်္ဂါလေးပါး ပြည့်စုံသော် ထားနိုင်သည်ဟု ဆိုလိုသည်။

အင်္ဂါ ၄-ပါး။ ။ပုရိမဝါကပ်ပြီး၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုခြင်း အင်္ဂါတပါး။

သီတင်းကျွတ်လဆုတ် တရက်နေ့မှ စ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်း ဖြစ်ခြင်း အင်္ဂါတပါး,

အယုတ်ဆုံး ကုလလေးတာ ပြန်ငါးရာ ပမာဏရှိသော တောကျောင်း ဖြစ်ခြင်း အင်္ဂါတပါး, [ကုလလေးတာ ပြန်ငါးရာအယုတ် တဂါဝုတ်ထက် လွန်သော ကျောင်းဖြစ်မူ မအပ်။]

သာသက်သပ္ပဋိဘယ ဖြစ်ခြင်း အင်္ဂါတပါး၊ ဤလေးပါးတို့တည်း။

ဤ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ကျောင်း၌ နေရသော ရဟန်းသည် အရပ်တပါးသို့ မသွားဘဲ မိမိကျောင်း၌သာ နေမူ သီတင်းကျွတ်လဆုတ် ပက္ခနှင့် တန်ဆောင်မုန်းလဆန်းပက္ခ ဤ နှစ်ပက္ခ တလ အဓိဋ္ဌာန် တင်ထားသော သင်္ကန်းနှင့် ညဉ့်ကင်း၍ နေကောင်းသည်။ အရပ်တပါးသို့ အကြောင်းရှိ၍ သွားသော်ကား ခြောက်ညဉ့်သာ ကင်း၍ နေကောင်းသည်။ စီဝရ ဝိပ္ပဝါသ မဖြစ်ဟု သိ။

ဆောင်—ပုရိမဝါကပ်၊ ပြုအပ်ပဝါရဏာ၊ ယင်း နှစ်ဖြာ၊ မှတ်ပါတစ်အင်္ဂါ။
ကျွတ် ဆုတ် တပက်၊ မုန်းဆန်း ပက်၊ ပေါင်းရက် နှစ်အင်္ဂါ။
ကုလ လေးတာ၊ ပြန်ငါးရာ၊ ဝေးကွာ သုံးအင်္ဂါ။
ယုံမှား ဘေးရှိ၊ ပေါင်းနှစ်သိ၊ မှတ်ဘိ လေးအင်္ဂါ။
အင်္ဂါလေးတန်၊ ပြည့်စုံပြန်၊ ထားရန် ရှာ၌သာ။
ကျောင်း၌နေမူ၊ တလဟူ၊ ကင်းမူ ဧနကောင်းရာ။
ရပ်တပါးသွား၊ ခြောက်ညဉ့်ကား၊ ကင်းငြားနေကောင်းရာ။

သိယာ ၈–ဝိပ္ပဝသိတဗ္ဗံ။ ။ဤဝါကျဖြင့် မိမိ အမြဲနေထုံ ကျောင်းမှ တပါး သော အရပ်သို့ ကိစ္စရှိ၍ သွားသော ရဟန်းအား ခြောက်ညဉ့်အထိသာ ထိုသင်္ကန်းနှင့် ကင်း၍ နေခွင့်ရသည်ကို ပြ၏။

တတော ၈–ပါဝိတ္ထိယံ။ ။သမ္မုတိ မရသော ရဟန်းအား ခြောက်ညဉ့်ထက် အလွန် တပါးသော ကျောင်း၌ ခုနစ်ခုမြောက် အရုဏ် မတက်စေရ။ တပါးသော ကျောင်းသည် အလွန်ဝေး၍ မိမိကျောင်းသို့ ပြန်ပြီး ခုနစ်ခုမြောက် အရုဏ်ခံဘို့ထုံ မစွမ်းနိုင်က သင်္ကန်းဆောင်းဟု ဂါမသိမ်သို့ ဝင်၍ ဖြစ်စေ, သဘင်၌ ဖြစ်စေ, တစုံတခုသော အရပ်၌ ဖြစ်စေ နေ၍ အရုဏ် တက်ပြီး မိမိ၏ သင်္ကန်း အကြောင်းကို သိပြီးမှ အလိုရှိရာ အရပ်သို့ ဖဲသွားကောင်းသည်။ ကျောင်းသို့ ဖြစ်စေ, ဂါမသိမ်သို့ ဖြစ်စေ မလာနိုင်က အာပတ်

၁၀-ပရိဏာတ

၁၀။ ယော ပန ဘိက္ခု၊ – သည်။ ပရိဏာတံ၊ (သံဃာအား) ညွတ်ပြီး သော။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ လာဘံ၊ (သင်္ကန်း စသော) လာဘ်ကို။ ဇာနံ၊ (ညွတ်မှန်း) သိလျက်။ အတ္တနော၊ – အား။ ပရိဏာမေယျ၊ (ပေးစေသည့် အစုမ်းဖြင့်) ညွတ်စေငြားအံ့။ တဿ ဘိက္ခုနော၊ – အား။ (ပဋိလာဘော၊ ရသည်ရှိသော်)။ နိဿဂ္ဂိယံ၊ – သော။ ပါစိတ္တိယံ၊ – သည်။ ဟောတိ၊ – ၏။

တတိယော၊ – သော။ ပတ္တဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

[ဥဒ္ဒိဋ္ဌာ ဒေါ စသည်ကို ရှေးနည်းမှီး၍ သိ။]

နိဿဂ္ဂိယ ပါစိတ္တိယာ၊ နိဿဂ္ဂိ ပါစိတ်တို့သည်။ နိဋ္ဌိတာ၊ – ကုန်ပြီ။

မသင့်အောင် ထိုသင်္ကန်းကို ပစ္စုဒ္ဓိရ် ပြုနိုင်သည်။ ထိုကဲ့သို့ မပြုဘဲ သမ္မုတိလည်း မရဘဲ ခုနစ်ရက်မြောက် အရုဏ်ကို အရပ်တပါး၌ တက်စေအံ့၊ နိဿဂ္ဂိ-ပါစိတ် သင့်သည်ဟူ၏။ သမ္မုတိ·ရပုံကို ဥဒေါသိတ သိက္ခာပုဒ်အတိုင်း သိ။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ သင်္ကန်းနှင့် ကင်းချေနေသော ဝတ္ထု။ အကြောင်း စီဝရဝင် ဒုတိယသိက္ခာပုဒ်နှင့် တူပြီ။

အင်္ဂါ။ ။ဒုတိယကထိန သိက္ခာပုဒ်၌ လာသော အင်္ဂါလေးပါးတို့တွင် ညွှတ်ကင်းခြင်း ဟူသော ရတို့ဝိပ္ပဝါသ စတုတ္ထအင်္ဂါအစား၌ ခြောက်ညွှတ်ထက်အလွန် ညွှတ်ကင်းခြင်းဟု လဲလှယ်၍ ထည့်ခြင်းသာ ထူး၏။

ဆောင်——ဒုတိယကထိန၊ စတုတ္ထအင်၊ပယ်ကြဉ်ထည့်စွက်၊ ခြောက်ညွှတ်ထက်လျှင်း၊ လွန်ကင်းခြင်းဟု၊ လဲလှယ်ပြုက၊ ကြွင်းသုံးဝ၊ မုချအားလုံးတူ။

သာသင်္ကသိက္ခာပုဒ် ပြီး၏။

၁၀-ပရိဏာတ

ဇာနံ-ပရိဏာတံ။ ။ဇာနာတီတိ ဇာနံ။ သံဃာအား ညွတ်ထားမှန်း သိသော ရဟန်းကို ရစေ။ ။သံဃဿ သန္တကော သံဃိကော။သံဃာ၏ ဥစ္စာဖြစ်သော သင်္ကန်း စသော ပစ္စည်းလေးပါး, အယုတ်ဆုံးအားဖြင့် ဒန်ပူမြိတ်ဆာ ချည်မျှင် စသော ပစ္စည်းများကို ရစေ။ ထိုလာဘ်သည် သံဃာသို့ ညွတ်သည့် အဖြစ်ကြောင့် သံဃာ့လက်သို့ မရောက်သေးသော်လည်း ညွတ်သည့်

အဖြစ်ဟု ဆိုအပ်သော တခုသော ပရိယာယ်ဖြင့် သံဃာ၏ ဥစ္စာဟု ဆိုသည်။ ။လဘိတဗ္ဗောတိ လာဘော။ ရအပ် ရထိုက်သော သင်္ဃန်း စသော လာဘ်ကို ရစေ။ ။ပရိဏာမိတဗ္ဗောတိ ပရိဏတော။ လှူဒါန်းအံ့ဟု နှုတ်မြွက်၍ ဖြစ်စေ, လက်ရိပ်ပြ၍ ဖြစ်စေ သံဃာအား ညွှတ်ကိုင်းရှိုင်း၍ တည်သော သင်္ဃန်း စသော လာဘ်ကိုပင် ရစေ။ ထိုသင်္ဃန်း စသော ပစ္စည်းမျိုးကို မည်သည့် ကျောင်းတိုက် မည်သည့် သံဃာအား လှူဒါန်းမည် စသည်ဖြင့် နှုတ်မြွက်ခြင်း လက်ရိပ်ပြခြင်းကို ပရိဏတ ဆိုသည် ဟူ၏။

အတ္ထေနာ ပရိဏာမေယျ။ ။အတ္ထေနာ–ကား ကံ သမ္ပဒါန် နှစ်ချက်စလုံး သင့်၏။ ပရိဏာမေယျသည် ဤသင်္ဃန်း စသော ဝတ္ထုကို ငါ့အား လှူကြကုန်လော့ စသည်ဖြင့် ပြောဆိုခြင်းကို ဆိုသည်။အထူးကား–သံဃာအား လှူပြီးသော ဝတ္ထုကိုကား ယူခြင်းငှါ မအပ်၊ သံဃာအား သာ ပြန်ပေးအပ်၏၊ ပြန်မပေးက ဘဏ္ဍာ စားထိုက်သည်ဟု သိ။

နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။သံဃာအား ညွှတ်ပြီးသော လာဘ်ကို သီတင်းသုံးဘော် ငါးယောက်တို့၏ ဥစ္စာ ဖြစ်စေ, လူတို့၏ ဥစ္စာပင် ဖြစ်စေ, အယုတ်ဆုံး မိခင်၏ ဥစ္စာပင် ဖြစ်စေ မိမိသို့ ညွှတ်စေအံ့၊ ပယောဂတိုင်း ဒုက္ကဋ်၊ ရသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည် ဟူ၏။

မှတ်ချက်။ ။ဤမည်သော သံဃာအား ညွှတ်ထားသော ဝတ္ထုကို တပါးသော သံဃာအား စေတီအား ပုဂ္ဂိုလ်အား ညွှတ်စေခြင်း–၃၊ ဤမည်သော စေတီအား ညွှတ်ထားသော ဝတ္ထုကို တပါးသော စေတီ သံဃာ ပုဂ္ဂိုလ်အား ညွှတ်စေခြင်း–၃၊ ဤမည်သော ပုဂ္ဂိုလ်အား ညွှတ်ထားသော ဝတ္ထုကို တပါးသော ပုဂ္ဂိုလ်, သံဃာ, စေတီအား ညွှတ်စေခြင်း–၃၊ ပေါင်း ၉-ပါး ပြား၏။ ထိုတွင် သံဃာအား ရည်ညွှတ်ထားသည်ကို မိမိအား ညွှတ်စေအံ့၊ နိဿဂ္ဂိယပါစိတ်၊ ပုဂ္ဂိုလ်အား ညွှတ်စေအံ့၊ သုဒ္ဓပါစိတ်၊ ကြွင်း ၅-ပါး ဒုက္ကဋ်၊ လှူသူ နှင့် ခံယူသူ အပြစ်မရှိ၊ ခိုင်းသူသာ အပြစ်ရှိသည်။

ဆောင်—စေတီ, သံဃာ၊ ပုဂ္ဂလာ၊ ဤမှာ လှူမည်ညွှတ်။
ညွှတ်ရာမှာခြား၊ လှူခိုင်းငြား၊ ကိုးပါးပြားဟု မှတ်။
သံဃာ ညွှတ်ထား၊ မိမိအား၊ ညွှတ်ငြား နိဿဂ္ဂတ်။
တပါးပုဂ္ဂလ၊ ညွှတ်စေက၊ သုဒ္ဓပါစိတ်မှတ်။
အကြွင်း၅ပါး၊ ဒုက္ကဋ်ကြား၊ ခဲခြား သိစေအပ်။
လှူသူ ခံသူ၊ ပြစ်မမူ၊ ခိုင်းသူ အပြစ်ကပ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ညွတ်စေသော ဝတ္ထု။ သာ၊ **အနာ၊ ဒုက္ကဋ်၊** ပါစိတ်။ မညွတ်ဟု အမှတ်ရှိသော ရဟန်း, အဘယ်အား လှူရပါအုံးနည်းဟု မေးသော် အကြင်သံဃာ စသည်၌ ဒကာတို့ ကြည်ညိုတဲ့ သံဃာအား လှူကြ၊ ဒကာတို့၏ အလှူဝတ္ထုကို သုံးဆောင်မည့် သံဃာစသည် အား လှူကြဟု တိုက်တွန်းသော ရဟန်း, ဥမ္မဟ္တကရဟန်း စသည်တို့အား အနာပတ္တိ။ သံဃာအား ညွတ်ပြီ ဖြင့်ခြင်း, ထိုသံဃာအား ညွတ်ပြီးသည်ဟု သိလျက် မိမိအား ညွတ်စေခြင်း, ရခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် **အဒိန္နာဒါန်နှင့်** တူပြီ။

ဆောင်— သံဃာအားကား၊ ညွတ်ပြီးငြားဘိ၊ ညွတ်မှန်းသိလျက်၊ မိမိတွက် တာ၊ ညွတ်စေပါကြ၊ ရရှိက၊ သုံးဝ ပရိဏာမတာ။

ပရိဏာမတာ သိက္ခာပုဒ်ပြီး၏။

ပတ္တဝဂ်ပြီး၏။

အထူးမှတ်ချက်။ ။ဥဋ္ဌကလောမဝဂ် အစ သိက္ခာပုဒ် သုံးခု၊ ပတ္တဝဂ် ဘေသဇ္ဇ သိက္ခ ပုဒ်တခု၊ ဤလေးခုဖြင့် အာပတ်သင့်၍ စွန့်ပြီးသော ဝတ္ထုကို ပြန်ပေးသော်လည်း မသုံးရ၊ ရှေ့ဌေးခံယူသော ရူပိယ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ် နှစ်ခုဖြင့် အာပတ်သင့်၍ စွန့်ပြီးသော ဝတ္ထုတို့ကို ပြန်မပေးရ၊ အကြွင်း နှစ်ဆယ့်လေးပါးသော သိက္ခာပုဒ်တို့ဖြင့် အာပတ်သင့်၍ စွန့်ပြီးသော ဝတ္ထုတို့ကို ပြန်ပေးက သုံးစွဲကောင်း၏။ သံဃာ့အလယ်၌ သာ စွန့်ကောင်းသော သိက္ခာပုဒ်တို့ကား ဥနပဉ္စဗန္ဓန်, ရူပိယပဋိဂ္ဂဟဏ, ရူပိယ သံဝေါဟာရ သိက္ခာပုဒ် သုံးခုတို့တည်း။

ဆောင်— သန္ဌတ ဖေး၊ ရက်ကုန်ဆေး၊ ပြန်ပေး မသုံးရ။
ရှေ့ ငွေ ခံလဲ၊ နှစ်ခုတွဲ၊ ပြန်ဘဲ မပေးရ။
အကြွင်းစစ်ဆေး၊ နှစ်ဆယ့်လေး၊ ပြန်ပေး သုံးစွဲရ။
သံဃာ့လယ်သာ၊ စွန့်ရပါ၊ သုံးဖြာ တွေ့ပါစ။
ဥနပဉ္စ၊ ရူပိယ၊ လဲထ သုံးမျိုးပ။

နိဿဂ်ပါစိတ်ပြီး၏။

၅-ဝိဇ္ဇာရဒ္ဓေသ-သုဒ္ဓပါဒိဇ္ဇိယ

ပန္၊ အဘို့။ အာယသ္မဒ္ဓေဝ၊–တို့။ ခေါ။ စင်စစ်။ တတြ၊–၌။ ပရိယာပန္နော၊–ကုန်သော။ ဒ္ဝေနဝုတိ၊ ကိုးဆယ်နှစ်ပါးကုန်သော။ ပါဠိတ္တိယာ၊ (သုဒ္ဓ) ပါစိတ်အမည်ရှိကုန်သော။ ဣမေ ဓမ္မာ၊–တို့သည်။ ဥဒ္ဒေသံ၊–သို့ အာဂစ္ဆန္တိ၊–ကုန်၏။

မုသာဝါဒဝဂ္ဂ၊ ၁-မုသာဝါဒ

၁။ သမ္မဇာန မုသာဝါဒေ၊ (ရှေးအဘို့ ဆိုဆဲခဏ နှစ်ပါး၌) သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။

မုသာဝါဒဝဂ္ဂ၊ ၁-မုသာဝါဒ

သမ္မဇာန။ ။သမ္မဇာနိတိ သမ္မဇာနံ။ မိမိသည် ဆိုအပ်လတ္တံ့သော စကား၏ ချွတ်ယွင်းသည့် အဖြစ်ကို ရှေးအဘို့၌ သိပြီးသည်ကို ဆိုသည်။ **သမ္မဇာနာတိတိ** သမ္မဇာနံ။ မိမိဆိုသော စကား၏ ချွတ်ယွင်းသည့် အဖြစ်ကို ထိုဆဲခဏ၌ သိခြင်းကို ဆိုသည်။ ၎င်းသမ္မဇာန နှစ်ပုဒ်ကို ကသော်ပြု၍ သမ္မဇာနဟု ရုပ်ပြီးသည်။ သံ, ပ, တို့ကား အနက်ထူး မရှိကုန်။ ဓာတ္ဝတ္ထာနုဝတ္တကတို့တည်း။

မုသာဝါဒေ။ ။မုသာကား အဘူတတ္ထဝါစီနိပါတ်။ မဟုတ်မမှန်သော ဝတ္ထုကို မုသာဟု ဆိုသည်။ ကြေးကို ရွှေဟု ပြောဆိုရာ၌ ထိုကြေးသည် ပြောသောသူ၏ စကားအတိုင်း ရွှေမဟုတ်သောကြောင့် မုသာမည်၏။ ဤကား မဟုတ်သည်ကို အဟုတ်လုပ်ပုံတည်း။ ရွှေအစစ်ကို ရွှေဖာစစ်မှန်းသိလျက် ရွှေမဟုတ်ဟု ပြောရာ၌လည်း ပြောသောသူ၏ စကားအတိုင်း ရွှေမဟုတ်သည်ကား မဟုတ်၊ ရွှေအစစ် ဖြစ်ခြင်းကြောင့် မုသာမည်၏။ ဤကား ဟုတ်သည်ကို မဟုတ် လုပ်ပုံတည်း။

ဝဒတိ ဇေတေနာတိ ဝါဒေါ။ ဆိုကြောင်း သိစေကြောင်း ဖြစ်သော ပယောဂကို ရစေ။ ဤ၌ ဆိုကြောင်းဟု ဝစီပယောဂကို ဆိုသော်လည်း မျှားသောအားဖြင့် နှုတ်ဖြင့်ပြောဆို၍ လိမ်ကြသောကြောင့် သာဓကဖြစ်သည့် အပွကအားဖြင့် ကိုယ်ဖြင့်သိစေကြောင်း ကာယပယောဂကိုလည်း ယူရမည်ဟု သိ။ မုသံ ဝါဒေါ မုသာဝါဒေါ။ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအား

ဖြင့်, ဟုတ်မှန်သောဝတ္ထုကို မဟုတ်မမှန်သောအားဖြင့် ကိုယ်နှုတ်ဖြင့် သိစေ ကြောင်း ကာယပယောဂ, ဝစီပယောဂကို ရစေ။

သမ္ပဇာန မုသာဝါဒေ။ ။သမ္ပဇာနဿ မုသာဝါဒေါ သမ္ပဇာနမုသာဝါဒေါ။ မိမိဆိုအပ်လတ္တံ့သော စကား၏ ချွတ်ယွင်းသည့် အဖြစ်ကို မဆိုမီ ရှေးအဘို့၌လည်းသိ, ဆိုဆဲခဏ၌လည်းသိ၍ မဟုတ်သည်ကို အဟုတ်, ဟုတ်သည်ကို မဟုတ်ပြု၍ သိစေသော ကာယပယောဂ, ဝစီပယောဂကို ရစေ။ ဤပုဒ်၌ သို့ ဝိဘာတ်ကား နိမိတ်အနက်၌ သက်ထားသည်၊ ကြောင့်ဟု အနက်ပေး။ အကြင်ရဟန်းသည် သမ္ပဇာန မုသာဝါဒကို ပြောဆို၏။ ထို ဆိုခြင်းဟူသော အကြောင်းကြောင့် ထိုရဟန်း ပါစိတ်အာပတ်သင့်သည် ဟူ၏။

ပါစိတ္တိယံ။ ။စိတ္တံ ပါဇေတီတိ ပါစိတ္တိယံ။ ကုသိုလ်စိတ်ကို ကျစေတတ်သော ကြောင့် ပါစိတ္တိယ ခေါ်သည်။ စိတ္တန့်ငင့် ပါတကို ရွှေနောက်ပြန် တ–ကိုလည်းချေ၍ ပါစိတ္တာပြီးဟုသင့်လျက် ဏျပစ္စည်းသက် ဣအာဂုမ်လာရကား ပါစိတ္တိယ ဖြစ်သည်။ ပါရာဇိကစသော အာပတ်တို့သည် ကုသိုလ်စိတ်ကို ကျစေ သော်လည်း အမည်ထူးရေပြီးဖြစ်၍ ပါစိတ်အမည် မရဟု သိ။

အာပတ်အပြား။ ။ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း အကျိုးငှါ မုသားဆို သောရဟန်း ပါရာဇိက၊ အမှုလက ပါရာဇိကဖြင့် စပ်စဲခြင်း အကျိုးငှါမုသားဆိုသောရဟန်း သံဃာဒိသေသ်၊ သံဃာဒိသေသ်ဖြင့် စပ်စဲခြင်း အကျိုးငှါမုသားဆိုသောရဟန်း ပါစိတ်၊အာစာရဝိပတ္တိဖြင့် စပ်စဲခြင်းအကျိုးငှါ မုသားဆိုသောရဟန်း ဒုက္ကဋ်၊ သင်္ဃိကျောင်း၌ နေသောရဟန်းကား ရဟန္တာ ဖြစ်သည် စသော ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း အကျိုးငှါ မုသားဆိုသောရဟန်း ဒုက္ကဋ်၊ သက်သက် မုသားဆိုသောရဟန်း ဤသိက္ခာပုဒ်ဖြင့် ပါစိတ်သင့်၏။

[အာပတ်အတူပေါင်းသော် ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ဒုက္ကဋ် ၅-ပါး ဖြစ်၏။]

ဆောင်—မုသားဆိုက၊ အာ ပဠု၊ တွေးဆ စိစစ်ယူ။

နိဒါန်းစသည်။ ။ဆေဒဝတ္ထို၊ ဟတ္ထက၊ ပယ်ပြီး၍ ဝန်ခံသောဝတ္ထု။ သာ၊ အနာ၊ မစ္စုးမစမ်းမူ၍ အဆောတလျင် ဆိုသော ရဟန်း, တပါးသော စကားကို ဆိုမည်ဟု ကြံ၍ တပါးသောစကားကို ဆိုမိသော ရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ ချွတ်ယွင်းခြင်းကို ရှေးရှုခြင်း, ချွတ်ယွင်းစေလို သောစိတ်ဖြင့် ဆိုလိုသောအနက်ကို သိစေလိုသော ပယောဂရှိခြင်း အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် အဓိန္ဒ္ရာဒါန်နှင့် တူပြီ။

၂-သြမသဝါဒ

၂။ သြမသဝါဒေ၊ (နှုတ်တည်းဟူသော်လုံမဖြင့်) နားနှလုံးကိုနာအောင် ထိုးဆွသော စကားကြောင့်။ ပါစိတ္တိယံ၊ – ၏။

[ဝိမတိဋီကာ၌ ဝတ္ထု၏ဖောက်ပြန်ခြင်း အင်္ဂါတပါးပို၍ အင်္ဂါသုံးပါးဟု ဆို၏၊ ဝတ္ထုဖောက်ပြန်ခြင်း မရှိသော ချုတ်ယွင်းခြင်းကို ရှေးရှုသည့် အဖြစ်ဖြင့် သိစေအပ်သော်လည်း မုသာဝါဒမဖြစ် ဒုက္ကဋ်သာ သင့်ခြင်းကြောင့် ဝတ္ထုဖောက်ပြန်ခြင်းလည်း အင်္ဂါတပါး ဖြစ်သင့်သည်ဟု အကြောင်းပြ၏။]

ဆောင်—ချုတ်ယွင်းရှေးရှု၊ သိစေမှုဖြင့်၊ ပြောပြုံလေပါ၊ အင်္ဂနှစ်ဖြာ၊ **မုသာဝါဒ** တည်း။
ဝတ္ထုဖောက်ပြန်၊ ထည့်တုံပြန်ဘိ၊ ဝိမတိ၊ ဆို၏ အင်သုံးတည်း။
မုသာဝါဒသိက္ခာပုဒ်ပြီး၏။

၂–သြမသဝါဒ

သြမသဝါဒေ။ ။သြမသတိ သြဝိဇ္ဈတိ ဧတေနာတိ သြမသော။ နှုတ်လှုံထိုးကြောင်း ဖြစ်သော ဆဲရေးသောစကားကို ရစေ။ ဝဒန္တိ ဧတေနာတိ ဝါဒေါ။ ဆိုကြောင်းဖြစ်သော စကားကို ရစေ။ သြမသော စ သော ဝါဒေါစာတိ သြမသဝါဒေါ။ နှုတ်တည်းဟူသော လှုံမဖြင့် နား၌ စိတ်နှလုံးကို နာကျင်အောင်ထိုးဆွသော ဆဲရေးသောစကားမျိုးကို ရစေ။ ဆဲရေးသော စကားသည် အဆဲခံရသောသူ၏ နားလည်းမခံသော စိတ်နှလုံးလည်း မခံသာအောင် ရှိခြင်းကြောင့် လှုံဖြင့် ထိုးဆွသောအခါ မခံသာအောင် ဖြစ်သလို မခံသာလွန်စွာနာကျင်ခြင်း ဖြစ်ရကား ထိုဆဲရေးသော စကားမျိုးကို နှုတ်လှုံထိုးဟု ဆိုသည်။ ဤ သြမသဝါဒ၌ သို့ဝိဘတ်ကား ဟိတ်အနက်၌ သက်သည်။ အမှတ် မရှိ တစုံတခုသော စကားဖြင့် ဖြစ်စေ, လက်ပြ၍ဖြစ်စေ သူတပါးကို မရည်ညွှန်းဘဲ ဆဲရေးခြင်း ၁၀-ပါးတို့တွင် တပါးပါးဖြင့် တိုက်ရိုက်ဆဲခြင်းကြောင့် ပါစိတ် အာပတ်သင့်သည်ဟူ၏။

ဆဲရေးခြင်း ၁၀-ပါး—အမျိုးဇာတိအားဖြင့် ဆဲခြင်း။
အမည်နာမအားဖြင့် ဆဲခြင်း။
အနှယ်ဂေါတ္တအားဖြင့် ဆဲခြင်း။
အလုပ်အကိုင် အမှု ကံမှအားဖြင့် ဆဲခြင်း။

အတတ်ပညာ သိပ္ပမ္ဘားဖြင့် ဆဲခြင်း။
အနာရောဂါ အာဗာဓဘားဖြင့် ဆဲခြင်း။
ကောင်း မကောင်းသော အသွင် ပုံသဏ္ဌာန် လိင်္ဂဘားဖြင့် ဆဲခြင်း။
လောဘစသော ကိလေသာဘားဖြင့် ဆဲခြင်း။
သင့်သော အာပတ္တိဘားဖြင့် ဆဲခြင်း။
မေထုန်နှင့် စပ်၍ဖြစ်စေ, အဂံ ၁၃ တ်နှင့် စပ်၍ဖြစ်စေ ဟဲ့ခွေး, ဟဲ့နွား စသည်ဖြင့် ဆဲခြင်း။

ဤသို့လျှင် ပါစိတ် အာပတ်သင့်ရန် အကြောင်းသဝတ္ထု ၁၀-ပါး ဖြစ်သတည်း။ ထို ၁၀-ပါးတို့တွင် တပါးပါး၌ အယုတ်အမြတ် နှစ်မျိုးစီပြား၏။[လှုံ့ဖြင့် ထိုးရာ၌ လုံ့သည် ထိုးကြောင်းဝတ္ထု ဖြစ်သကဲ့သို့ အမျိုးအမည် စသည်သည်လည်း ဆဲကြောင်း ဝတ္ထုဖြစ်သည်၊ ထို့ကြောင့် အမျိုးအမည် စသည်ကို ဆဲရေးကြောင်း အကြောင်းဝတ္ထုဟု ခေါ်သည်]။ တိုက်ရိုက်ဆဲမှု ပါစိတ်၊ တိုက်ရိုက်မဟုတ်ဘဲ ရည်ညွှန်း၍ဆဲမှု ဒုက္ကဋ်၊ လူသာမဏော ဘိက္ခုနီမတို့အား ဆဲမှု ဒုက္ကဋ်ပင်၊ ပါဠိတော်မူ အလွတ်ဖြစ်သော ဟဲ့သူခိုး စသော ၈ ကား မျိုးဖြင့် ဆဲမှုလည်း ဒုက္ကဋ်၊ ဆဲရေးလို၍ မဟုတ်ဘဲ ရယ်မြူးလို၍ (အောင်မယ်-မင်းသားကြီး လာသကိုး)စသည်ဖြင့်ပြောမှု ဒုဿာသိဟု မှတ်။

ဥဆောင်——မည်-နွယ်-မှု-ဇာတ်၊ နာ-သွင်-တတ်၊ကိ-ပတ်-ဆဲဆယ်ပါး။
တိုက်ရိုက် ဆဲမှု၊ ပါစိတ်ဟူ၊ ရည်မှူ ဒုက္ကဋ်ကြား။
လူ-နိ-သာမဏော၊ ဆဲတုံပေ၊ ထွေထွေ ဒုက္ကဋ်ကြား။
ပါဠိလွတ်မှု၊ ဆဲခြင်းပြု၊ မှတ်ရှု ဒုက္ကဋ်ထား။
မဆဲရေးလို၊ ရယ်မြူးလိုကာ၊ ဆိုတုံပါ၊ ဒုဿာသိဟုကြား။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂို၊ ဆဲရေးသောဝတ္ထု။ သာ၊ အနာ။ ပါစိတ်၊ ဒုက္ကဋ်၊ ဒုဿာသိ။အဋ္ဌကထာသင်ခြင်း ပါဠိသင်ခြင်း ဆုံးမခြင်း တို့ကို ရှေးရှုသောရဟန်း, ညှဉ်တွဲကရဟန်း စသည်တို့အား အနာပတ္တိ။ အဆဲခံရသူ ရဟန်းဖြစ်ခြင်း, ဇာတ် စသည်တို့ဖြင့် တိုက်ရိုက်ဆဲခြင်း, ငါ့ကို ဆဲသည်ဟု သိခြင်း,အဋ္ဌကထာသင်ခြင်း စသည်တို့ကို ရှေးမရှုခြင်း အင်္ဂါ၅လေးပါး။သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့်တူပြီ။

ဆောင်——ဆဲအပ်ရဟန်း၊ဇာတ်စ တန်းစဲ့၊ တိုက်ရိုက် ဆဲခြင်း၊ သိခြင်းတဝ၊
အဋ္ဌပုဒ္ဓ၊ မရှိချေက၊ အင်္ဂလေး၀၊ ဩမသဝါဒတည်း။

ဩမသဝါဒသိက္ခာပုဒ် ပြီး၏။

၃-ပေသုည

၃။ ဘိက္ခုပေသုဓည၊ ရဟန်း၏ ချစ်သည်၏ အဖြစ်မှ ဆိတ်ခြင်းကို ပြုတတ်သော စကားကြောင့်။ ဝါ၊ ရဟန်းကို ကဲ့ပြောခြင်းကို ပြုသောစကား ရှိသောသူ၏ အမှုကြောင့်။ ပါစိတ္တိယံ၊ -၏။

၃-ဖေသုည

ဘိက္ခုပေသုညော။ ။ပိဿတိ ဘိန္နံ ကရောတီတိ ပိသုနာ။ သင့်တင့်ညီညွတ်နေသော ရဟန်းနှစ်ပါးကို ကဲ့ပြောဖအောင် ပြုတတ်သော စကားကို ရစေ။ ။ပိသုနမေဝ ပေသုဏံ။ ဏျပစ္စည်းသက်၊ဏျ-ကို-ဥ ပြု၊ ဏင်းစကားကိုပင် ရစေ။

တနည်း-ပိသတိ ဘိန္နံ ကရောတီတိ ပိသုနော။သင့်တင့် ညီညွတ်နေသော ရဟန်း နှစ်ပါး ကဲ့ပြောအောင် ပြုတတ်သော ရဟန်းကို ရစေ။ ။ပိသုနဿ ကမ္မံ ပေသုညံ။ သင့်တင့် ညီညွတ်နေသော ရဟန်းနှစ်ပါး ကဲ့ပြောအောင်ပြုတတ်သော ရဟန်း၏ ကုန်းချောမှုစကားကို ရစေ။

တနည်း-ပိယဿ ဘာဝေါ ပိယော။ ပိယဘာဝဟု ဆိုအပ်လျက် ဘာဝဟူသော နောက်ပုဒ်ကျေနေသည်။ ။ပိယတောသုညော ပိယသုညော။ ချစ်သည်အဖြစ်မှ ဆိတ်ခြင်းကို ရစေ။ မေတ္တာမရှိ မုန်းခြင်းဟူ၏။ ။ ပိယသုညဿ ကရဏံ ပေသုညံ။ ပိယသုညကရဟုဆိုအပ်လျက် နိရုတ္တိနည်းအားဖြင့် ပိယ-ကို-ပေ၊ ကရ-ကိုချေ၍ ပေသုည-ဟု ဂုပ်ပြီးသည်။ ချစ်သည့်အဖြစ်မှ ဆိတ်ခြင်းကိုပြုတတ်သော စကားကိုရစေ။ မုန်းအောင်ပြုတတ်သော စကားဟူ၏။

ဘိက္ခုဿ ပေသုညံ ဘိက္ခုပေသုညံ။ သင့်တင့်ညီညွတ်နေသောရဟန်း နှစ်ပါးကို ကဲ့ပြောအောင် ပြုတတ်သောစကားကို ရစေ။ ဤဥဒ္ဒေသ ဘိက္ခု ဟူသော ဝိသေသနဖြင့် အထူးပြုသောကြောင့် လူသာမန်ကား ဘိက္ခုနိမတ္တိကို ကုန်းတိုက်ရာ၌ ဒုက္ကဋ်ဟုသိ။

အဓိပ္ပါယ်။ ။ဆဲရေးခြင်း ဆယ်မျိုးကိုတွင် တပါး၊ပါးဖြင့် ဦးတိဿက ဦးပဉ္စကို ဆဲသည်ရှိသော် ဦးဒဏ္ဍက ထိုကားကို ကြား၍ ထို့ဦးပဉ္စသဆဲသောစကားကို ငါ ဦးမိတ္တအား ပြောလိုက်သည်ဖြစ်၍ ငါကို ဦးမိတ္တ ချစ်လာပေလိမ့်မည်။ ဤသို့ မိမိကို ချစ်စေလိုသောကြောင့်၎င်း, ဦးတိဿဆဲသော စကားကို ဦးမိတ္တအား ပြောလိုက်သည်ရှိသော် ကိုရဟန်းနှစ်ပါး ကဲ့ပြားလိမ့်မည်။ ဤသို့ ရဟန်းနှစ်ပါး ကဲ့ပြားစေလိုသောကြောင့်၎င်း ထိုအကြောင်း နှစ်ပါးတို့

၄–ပဒသောဓမ္မ

၄။ ယောပနဘိက္ခု၊–သည်။ အနုပသမ္မန္နံ၊ လူသာမဏေကို။ ပဒသော၊ ပုဒ်တိုင်းပုဒ်တိုင်း၊ ဝါ၊ အဘို့တိုင်းအဘို့တိုင်း။ ဝါ၊ အစုအစုအဝေးဖြင့်။ဓမ္မံ၊ (သင်္ဂီယနဝသုံးတန် တင်,မတင်သော) ဓမ္မကို။ ဝါစေယျ၊ ပို့ချငြားအံ့။ တဿ ဘိက္ခုနော်၊–အား။ ပါစိတ္တိယံ၊–၏။

တွင် တပါးပါးသော အကြောင်းကို အရင်းခံ၍ ထိုဦးတိသဆဲသောစကားကို ဆောင်ယူလာပြီး ဦးမိတ္တအား ပြောကြား၏။ ထိုပြောကြားသောစကားကို (ဝါ၊ ကုန်းတိုက်ချောပစ်သော စကားကို) ပေသည် ခေါ်သည်။

[ဤ၌ ကုန်းတိုက်သောစကားဟူသည် ယေဘုယျနည်းတည်း၊ ကိုယ်ဖြင့် ပြုလုပ်ရာ၌လည်း ပေသည်ပင်ဖြစ်၏ဟု သိ]။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ကုန်းတိုက်သောစကားကို အနိုးသို့ ဆောင်သောဝတ္ထု၊ သာ၊ အနာ၊ ပါစိတ်၊ ဒုက္ကဋ်။ ချစ်စေလို,ကဲ့ပြားဒေးလိုခြင်း မရှိဘဲ သက်သက်မကောင်းသည်ကို ကဲ့ရဲ့သောအားဖြင့် ဆိုသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ သူတပါးကို မရည်ညွှန်းဘဲ ဇာတ်စသည်တို့ဖြင့် ဆဲရေးသောရဟန်း၏ စကားကိုကြား၍ အဆဲခံရသော ရဟန်းထံ ထိုစကားကိုဆောင်ခြင်း, ချစ်စေလိုခြင်း-ကဲ့ပြားစေလိုခြင်း တို့တွင် တပါးပါးရှိခြင်း, ပြောအပ်သောရဟန်းက သိနားလည်းခြင်း အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်——ရဟန်းတပါး၊ ဆဲစကားကို၊ တပါးထံပို့၊ ချစ်မျှို့,ကဲ့တွင်၊ တပါး လျှင်ရှိ၊ ပြောအပ်ဘိတုံ၊ အင်သုံးစုံ၊ ပေသုဉ်အင်္ဂါတည်း။

ပေသည် သိက္ခာပုဒ်ပြီး၏။

၄–ပဒသော ဓမ္မ

အနုပသမ္မန္နံ။ ။ဥဒ္ဒံ သိက္ခံ သမ္မန္နော‌တိ ဥပသမ္မန္နော။ အထက်တန်းဖြစ်သော သိက္ခာသို့ရောက်သော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို ရစေ။ တနည်း–ဥပဂန္တွာ သမ္ပဇ္ဇတိ‌တိ ဥပသမ္မန္နော။ ဆရာဥပဇ္ဈာယ်ထံကပ်၍ပြည့်စုံခြင်းသို့ရောက်ကာတ်သော ဘိက္ခု,ဘိက္ခုနီကိုရစေ။ ။န ဥပသမ္မန္နော အနုပသမ္မန္နော။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ မဟုတ်သော လူသာမဏေကို ရစေ။ ဤ၌ အ-သဒ္ဒါ ဖြင့်ကိုမြင်းသောကြောင့် ပရိယုဒါသ ဝါစီဟု သိ။

ပဒသော ဓမ္မံ ဝါစေယျ။ ။ပဒသော၌ ပဒ-သဒ္ဒါ အဘို့ အစု ဟူသော အနက်ကို ဟော၏။သော-ကား၀ိစ္ဆာအနက်ကို ဟော၏။ ထို့ကြောင့်"အဘို့တိုင်း အဘို့တိုင်း, အစုအစုအား‌ဖြင့်"ဟု အနက်ပေး လိုက်သည်။ ။ဓမ္မ-အရသ်ါယနာသုံးကန်တင်သော ပါဠိတော်အဋ္ဌကထာဓမ္မ, သဂ်ါးယနာသုံးတန်မတင်သော ချာဒီဘာ ဝါဒစသော ဒမ္မဟျိုးကိုယူ။ မေတ္တာကပဋ္ဌာ, မိလိန္ဒပဉ္ဉာတို့၌ မိမိဉာဏ်အား ထင်သည်ကိုဟောသော စကားမျိုးကို မယူရ၊ပါဠိ ဘာသာမှ တပါးသော မြန်မာဘာသာ စသော စကားမျိုးကိုလည်း မယူရဟုသိ။

ကောဋ္ဌာသ အမည်ရသော ပဒ ၄-မျိုး။ ။ပဒသော-အရ ပဒသည် ပဒ, အနုပဒ, အနက္ခရ, အနုဗျဉ်နဟု လေးမျိုးပြား၏။ထိုတွင် ဂါထာ၌ ရှေးပါဒကိုပဒ၊နောက်ပါဒကို အနုပဒ၊ တလုံးသော အက္ခရာကို အနက္ခရ၊ ရှေးပုဒ်နှင့်ဟူသော နောက်ပုဒ်ကို အနုဗျဉ်နဟု ဆိုသည်။ တနည်း-တလုံးသောအက္ခရာကို အနက္ခရ၊ ဝိဘာတ်မရှိသော အက္ခရာအပေါင်းကို အနုဗျဉ်န၊ ဝိဘတ်အဆုံးရှိသော ရှေပုဒ်ကို ပဒ၊ ဝိဘတ် အဆုံးရှိသော နောက်ပုဒ်ကို အနုပဒဟု ဆိုသည်။ ဤသို့အထူးကိုသိ။

သောင်—ဂါထာ၌မှာ၊ ပထမာ၊ ပါဒါ ပဒ ဆို။
ဒုတိယဟု၊ နောက်ပုဒ်စု၊ အနုပဒ ဆို။
တလုံးသောအက်၊ ယင်းကိုလျက်၊ အက္ခရ ဆို။
ရှေပုဒ်တူပြု၊ နောက်ပုစ်စု၊ အနုဗျဉ်န ဆို။
တနည်းမှာစွက်၊ တလုံးအက်၊ အက္ခရ ဆို။
ဝိ ကင်း အက်စု၊ အပေါင်းပြု၊ အနုဗျဉ်န ဆို။
ဝိဘတ်ဆုံးနေ၊ ရှေပုဒ်ပေ၊ မှတ်လေ ပဒ ဆို။
ဝိဘတ်ဆုံးပြု၊ နောက်ပုဒ်စု၊ အနုပဒ ဆို။

ပြိုင်ပုံ။ ။"မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောဇေဋ္ဌာ မနောမယာ"ဟူသော ဂါထာ-ဗန္ဓကို လူသာမကောအား ပို့ချသော ရဟန်းသည် "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟူသော ပထမပါဒကို လူသာမကောနှင့် တပြိုင်နက် ရွတ်၍ တပြိုင်နက် ပြီးဆုံးအံ့ ပဒပြိုင်သည်မည်၏။ အချို့အားလျှင် ပြိုင်တူကျ၍ ပဒအရေအတွက် ပါစိတ်။ ဆရာက "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟု ရွတ်သည်ရှိသော် တပည့် လူသာမကောက ထိုပုဒ်ကို ဆက်၍ "မနောဇေဋ္ဌာ မနောမယာ"ဟု ဒုတိယ ပဒကျမှ တပြိုင်နက် ရွတ်အံ့။ အနုပဒပြိုင်သည် မည်၏။ အဘယ်ကြောင့် ပြိုင်သော် လည်း အဆုံးအရာ ပြိုင်တူကျ၍ အနုပဒအရေအတွက် ပါစိတ်၊ "ရှေ့ အနှိစ်"ဟူသော ပုဒ်၌ အက္ခရာသုံးလုံးရှိသော ရှေ့ကို ဆုံးစေ၍ ရွတ်အံ့၊ အက္ခရာ ပြိုင်သည် မည်၏။ ကိုယ့်ပါဒမှ အနက္ခရာအရေအတွက်ကိုင်း ပါစိတ်။

[ဆရာက ရှုဟု ဒီဃနှင့် ရွတ်သော် တပည့် ဖြစ်သော လူသာမဏေက ရှ-ဟူ ရဿနှင့် ရွတ်ဒဲ့၊ ဆရာ ဆိုတိုင်း မရွတ်ဘဲ တပါးကို ရွတ်သည် မည်ခြင်းကြောင့် အနာပတ္တိ၊ "ရှုပံ အနိစ်စံ"ဟု စုဏ္ဏိယဝါကျကို အဋ္ဌကထာ၌ ပြဆိုသော်လည်း ဂါထာနှင့်လည်း ရသင့်၏ဟု သိ။]

"ရှုပံ ဘိက္ခဝေ အနိစ္စံ ဝေဒနာ အနိစ္စာ"ဟူသော ပါဠိကို ပို့ချသော ဆရာသည် ဆရာက "ရှုပံ အနိစ်စံ"ဟု ဆိုစဉ် သာမဏေက လျင်မြန်သော ပညာရှိသောကြောင့် "ရှုပံ အနိစ်စံ ဝေဒနာ ဒနိစ္စာ"ဟု နှစ်ဝါကျပြီးအောင် ရွတ်လိုက်၏။ ဤသို့ အနိစ္စပုဒ်ချင်း ပြိုင်အံ့ အနုဗျဉ္ဇန ပြိုင်သည် မည်၏။ ဤသို့ ပို့ချသော် အနုဗျဉ္ဇန အရေအတွက်တိုင်း ပါစိတ်။ ဤနည်းမျှးအတိုင်း လူသာမဏေကို သံပြိုင်ပို့ချရာ၌ ပါဠိတော် အဋ္ဌကထာမျှး ဖြစ်လျှင် အာပတ်မှ လွတ်ရန် ခဲယဉ်းသောကြောင့် သံပြိုင် မဖြစ်မိအောင် သတိပြုသင့်၏။

ဆောင်—အချိအချ. ပြိုင်တူကျ၊ မှတ်ကြ ပဒပြိုင်။
အချိမမျှ၊ ပြိုင်တူချ၊ အနုံပဒပြိုင်။
အစတခု၊ ပြိုင်တူပြု၊ အနုခရပြိုင်။
အန်စ်စန္ဒ်ခု၊ ပြိုင်တူပြု၊ အနုဗျဉ္ဇနပြိုင်။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပုဒ်ပြိုင်ဓမ္မကို ပို့ချသော ဝတ္ထု။ သာ၊ အနာ၊ အနုပသမ္မန္နဒ်၌ တိကပါစိတ်၊ ဒုက္ကဋ်။ လူသာမဏေနှင့် တကွနက် ပါဠိသင်ရာ၌ တပြိုင်နက် ရွတ်သောရဟန်း, မျှးသောအားဖြင့် လေ့လာအပ်ပြီး၍ အနည်းငယ် မေ့နေသော ကျမ်းဂန်ကို ရွတ်သော လူသာမဏေအား အဆိုချတ်ရာ၌ ဤသို့ ရွတ်လောဟု တပြိုင်နက်ဆိုသော ရဟန်း, ပရိသတ်အလယ်၌ ကြောက်ရွံ့သော သာမဏေအား အဆိုချတ်ရာ၌ ဤသို့ ရွတ်လောဟု တပြိုင်နက် ရွတ်ဆိုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။လူသာမဏေ ဖြစ်ခြင်း, ဆိုအပ်ပြီးသော လက္ခဏာ ရှိသော ဓမ္မကို အစုအားဖြင့် ပို့ချခြင်း, တပြိုင်နက် ပြီးဆုံးခြင်း အင်္ဂါသုံးပါး။ [ဝိမတိ တေရသကဏ်၌ "ကေတော ဘဏနံ" တပြိုင်နက်ရွတ်ခြင်းဟု ဆို၏။] ပဒသော ဓမ္မသမုဋ္ဌာန်၊ ကိရိယ၊ နောသညာ ဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ဝစီကမ္မ၊ တိစိတ္တ၊ တိဝေဒနာတို့ဘည်း။

ဆောင်— လူသာမဏေ၊ ဓမ္မစုအား၊ ပို့ချခြားလျက်၊ တပြိုင်နက်ဆုံး၊
အင်္ဂါသုံး၊ မှတ်အုံး ပဒသောဓမ္မ။

ပဒသောဓမ္မ သိက္ခာပုဒ် ပြီး၏။

၅-ပထမ သဟဓေယျ

၅။ ယော ပန ဘိက္ခု၊-သည်။ အနုပသမ္မန္နေန၊-နှင့်။ ဥတ္တရိ ဒိရတ္တ တိရတ္တံ၊ နှစ်ညဉ့် သုံးညဉ့်တို့ထက် အလွန်။ သဟဓေယ္ယံ၊ (အမိုးအကာ ရှိသော) ကျောင်း၌ အတူတကွ အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့၊ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၅-ပထမ သဟဓေယျ

အနုပသမ္မန္နေန။ ။အနုပသမ္မန္န အရ ရဟန်းယောကျ်ားကို ဖယ်ထား၍ အယုတ်ဆုံး ပါရာဇိက လောက်သော တိရစ္ဆာန်ထီး ကိုသာယူ၊ အချို့ကား မာတုဂါမကိုလည်းယူ၍ လေးရက်မြောက်သော ညဉ့်၌ အိပ်အံ့၊ ဤသို့ဘဝပုဒ်ဖြင့် ပါစိတ်တချက်, အထက် သို့ဘဝပုဒ်ဖြင့် ပါစိတ် တချက် ပေါင်းပါစိတ်နှစ်ချက် သင့်ခြင်းကို ဆိုကြသေး၏၊ ဋီကာကြီးတို့နှင့်မညီ။

ဆောင်—အနုပ သမ္မန္န၊ ယင်းအရှမှာ၊ ပါရာလောက် စ္ဆာန်၊ ထီးကိုမှန်၊ ကေန်သင်းယူတည်း။

ဒိရတ္တ တိရတ္တံ။ ။ဒ္ဝေ ရတ္တိယော ဒိရတ္တံ။ သမာဟာရဒိဂု။ နှစ်ညဉ့်ကို ရစေ။ တိသော ရတ္တိယော တိရတ္တံ။ သုံးညဉ့်ကိုရစေ။ ။ ဒိရတ္တဉ္စ တိရတ္တဉ္စာတိ ဒိရတ္တတိရတ္တံ၊ နှစ်ညဉ့် သုံးညဉ့်ကို ရစေ။ ။ဒိရတ္တတိရတ္တံ ဥတ္တရိ ဥတ္တရိဒိရတ္တတိရတ္တံ။ အဗျယီဘော။ နှစ်ညဉ့် သုံးညဉ့်တို့ထက် အလွန် ဖြစ်သော လေးခုမြောက်သော ညဉ့်ကိုရစေ။

ဤ ဥတ္တရိဒိရတ္တ တိရတ္တံ ပုဒ်၌ ဒိရတ္တ သဒ္ဒါဖြင့် တစုံတခု အနက်ထူးကို မရအပ်။ သက်သက် လောကဝေါဟာရ၏ အစုမ်းဖြင့်ငင်း, စကားပြေပြစ်ခြင်း အကျိုးငှါငင်း, မုခါရုဠ္ဟနှုတ်တက်ခြင်း အကျိုးငှါငင်း, ဒိရတ္တ သဒ္ဒါကို ဆိုသည်။

တနည်း သုံးညဉ့် မပြတ်အိပ်ခြင်း အကျိုးငှါ ဒိရတ္တသဒ္ဒါကို ဆိုသည်။ တရက်ခြား, နှစ်ရက်ခြား အိပ်ရာ၌ အာပတ်မသင့်ဟု သိ။ လူလဲ၍အိပ်ခြင်း, ကျောင်းလဲ၍ အိပ်ခြင်းသည် ပမာဏမဟုတ်။

သဟဓေယျံ ကပ္ပေယျ။ ။သယန္တိ ဧတ္ထာတိ သေယျာ။ အုတ်, ကျောက်, အင်္ဂတေ, မြက်, သစ်ရွက် အမိုးငါးပါး အလုံးစုံရှိ, များသော အမိုးရှိ၍ အယုတ်ဆုံး အဝတ်ဖြင့်မိုးသော အလုံးစုံ အမိုးရှိ, များသော အမိုးရှိ၍ အဝတ်စသော အကာဖြင့် အလုံးစုံအကာရှိ, များသောအား ဖြင့် အကာရှိသော ကျောင်းကို ရစေ။

ဆောင်——အုတ်-ကျောက်-အင်္ဂတေ၊ မြက်-ပဇ္ဇော၊ ငါးထွေ အမိုးတည်း။

သယနံ သေယျော။ ကိုယ်ကိုဆန့်တန်းပြီး ခေါင်းချ၍ အိပ်ခြင်းကြီယာကို ရစေ။ ။သေယျာယ သေယျော သေယျော။ အတူပေါင်း၍ ပြသော သာမည နိဒ္ဒေသ နည်းတည်း။ အလုံးစုံ အမိုးအကာ ရှိသောကျောင်း, များသော အမိုး အကာရှိသော ကျောင်း၌ အိပ်ခြင်းကိုရစေ။ အကာသည် အမိုးကို မထိသော်လည်း လက်သွားတောင် ဝဟုကိဟတ္ထဖြင့် တတောင့်ထွာရှိမူ အကာမြောက်၏ ဟုသိ။

သဟ သေယျာတိ သဟသေယျော။ ဆိုအပ်ပြီးသောကျောင်း၌ အနုပသမ္ပန္နနှင့်တကွ အိပ်ခြင်းကို ရစေ။ ထို့ကြောင့် "သဟသေယ်ျ၊ အမိုးအကာ ရှိသော ကျောင်း၌ တကွအိပ်ခြင်းကို" ဟု အနက်ပေးလိုက်သည်။ အဋ္ဌကထာကြီး၌ကား "သဟ၊ တကွ။ သေယ်ျ၊ အမိုးအကာ ရှိသောကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ သေယ်ျ၊ အိပ်ခြင်းကို" ဟု အနက်ပေး၏။

ကပ္ပေယျ-ကား ပြုခြင်းအနက်ကို ဟောသည် ဟုသိ။

အဓိပ္ပါယ် – ဆိုအပ်ပြီးသော လက္ခဏာရှိသော ကျောင်း၌ အနုပသမ္ပန္နနှင့် တကွ သုံးညဉ့်ပတ်လုံး အိပ်ပြီး၍ လေးခုမြောက်သော ညဉ့်၌ နေဝင်သည်မှစ၍ အနုပသမ္ပန္နနှင့်တကွ အိပ်သောရဟန်းအား အနုပသမ္ပန္န အရေအတွက် အားဖြင့် ၎င်း, ထမြိုး ပြန်အိပ်ခြင်း အရေအတွက်အားဖြင့်၎င်း ပါစိတ်အာပတ်သင့်၏။

နှစ်ထပ်, သုံးထပ် စသည်ရှိသော အိမ်, ကျောင်းများ၌လည်း အတွင်း လှေကား တပ်ထားလျှင် အထပ်အားလုံးပင် သဟသေယျ ဖြစ်နိုင်၏။ အပြင် လှေကား တပ်ထားသဖြင့် အထက်ထပ် အောက်ထပ် အဆက်အသွယ် မရလျှင် ကား သဟသေယျ မဖြစ်နိုင်။ အိမ် အတွင်းခန်းတို့၌ အသီးအခြားကာထားပြီး တံခါးပိတ်ပင် ရှိစေကာမူ သဟသေယျ ဖြစ်ကောင်းသည်။ မီးသင်္ဘော၌ ရွက်ထည် ချထားလျှင်လည်း သဟသေယျ ဖြစ်ကောင်းသည်။ မီးရထားတွဲတည်း၌ကား ဆိုဘွယ်မရှိ၊ တိုနေရာများ၌ သဟသေယျ လွှတ်လိုက ပက်လက် ကုလား ထိုင်ပေါ်၌ ချေနှစ်ဘက်မတင်ဘဲ အောက်ကြမ်းပြင်ပေါ်မှာ ထိလျက် အိပ်လျှင်ကား သဟသေယျလွှတ်၏။

အနုပသမ္ပန္နနှင့် သုံးညဉ့်အိပ်ပြီးက နောက်နောက် ညဉ့်များ၌ အနုပသမ္ပန္န နှင့်တကွ အိပ်တိုင်း အာပတ်သင့်၏။ ထိုအာပတ် ပြတ်စေလိုလျှင် နေဝင်ပြီး သည့်နောက် အနုပသမ္ပန္နရှိရာ ကျောင်း၌ ဦးခေါင်းမချဘဲ နေအံ့, အနုပသမ္ပန္န မရှိသော ကျောင်းတို့သို့ သွား၍အိပ်အံ့, သဟသေယျ အဆက်ပြတ်၏။ ထက်ဝက် အမိုး, ထက်ဝက်အကာရှိသော ကျောင်းမျိုး၌ကား ဒုက္ကဋ်ဟုသိ။

၆-ဒုတိယ သဟသေယ္ယ

၆။ ယော ပန ဘိက္ခု၊–သည်။ မာတုဂါမေန၊–နှင့်။ သဟသေယ္ယံ၊ –ကို။ ကပ္ပေယ္ယ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

နိဒါန်းစသည်။ ။အာဠဝီ၊ ရဟန်းများ။ အနုပသမ္ပန္နနှင့်တက္ခ အိပ်သောဝတ္ထု။ ဥတ္တရိဒိရတ္တတိရတ္တကား အနုပညတ်။ သာ၊ အနာ။ အနုပသမ္ပန္နဠ် တိကပါစိတ်၊ ဒုက္ကဋ်။ 'နှစ်ညဉ့် သုံးညဉ့်အောက် အိပ်သောရဟန်း, သုံးရက်မြောက်သော ညဉ့်၏ အရုဏ်မတက်မီ ထ၍ တဘန်အိပ်သောရဟန်း, အမိုးသာ ရှိ၍ အကာ မရှိသော ကျောင်း စသည်ဠဲ အိပ်သော ရဟန်း, အနုပသမ္ပန္နက ထိုင်သော် မိမိက အိပ်, အနုပသမ္ပန္နက အိပ်သော် မိမိက ထိုင်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ပါစိတ်ဝတ္ထု လောက်သော ကျောင်းဖြစ်ခြင်း, ထိုကျောင်းဠဲ အနုပသမ္ပန္နနှင့် တကွအိပ်ခြင်း, လေးရက်မြောက်သောနေ့ဠဲ နေဝင်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် ဧဋ္ဌကလောမနှင့် တူပြီ။

ဆောင်—ပါစိတ်ဝတ္ထု၊ လောက်မှုကျောင်းမျှ၊ နုပသမ္ပန္နနှင့်၊ တကွအိပ်စက်၊
လေးရက်နေဝင်၊ သုံးအင်စုံက၊ သိသင့်ကုန်ကြ၊ သဟသေယ္ယတည်း။

ပထမ သဟသေယ္ယ သိက္ခာပုဒ် ပြီး၏။

၆-ဒုတိယ သဟသေယ္ယ

မာတုဂါမအရ။ ။အယုတ်ဆုံး ထိုနေ့မွေးဖွားသော အသက်ရှင်သော လူမိန်းမကို ယူ။ ကိုယ်ထင်ရှားရှိသော ဘီလူးမ, ပြိတ္တာမ, မေထုန်လွှဲလျှက်သော ဥပုဇ္ဈာယ်ဖြစ်သော တိရစ္ဆာန်မ, ပဏ္ဍုက်ယောကျ်ား, ဥဘတောဗျည်းတို့ကား မ ဒုက္ကဋ်ဝတ္ထုတို့တည်း။ ကိုယ်ထင်ရှားမရှိသော ဘီလူးမ, ပြိတ္တာမ, မေထုန်မလောက်သော တိရစ္ဆာန်မတို့ဠဲ အနာပတ္တိ။ သေသော မိန်းမသည် ယဉ်ကျေးကဝတ္ထုပင်ဖြစ်သော်လည်း အနုယဉ်ဒိန္နက အဘိဉ်တည်သောကြောင့် သဟသေယ္ယာ အာပတ္တိသင့်ဟု ဆိုကြ၏။ မေထုန်လောက်သော တိရစ္ဆာန်ထီးနှင့် လေးညဉ့်မျှအပင်းသော ရှေးသိက္ခာပုဒ်ဖြင့် ပါစိတ်၊ တိရစ္ဆာန်မနှင့် တညဉ့်မျှ အိပ်သော် ဤသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

ဆောင်—တိရစ္ဆာန်အိပ်၊ ထီး ပါစိတ်၊ မ-အိပ် ဒုက္ကဋ်တည်း။
ရှေးဇီး သိက္ခာ၊ မ နောက်သာ၊ ယူပါ သေယ္ယတည်း။

ဒိဝါ သေယျ။ ။တံခါးဖွင့်၍ အိပ်သော အပြစ်ကြောင့် ဝတ္ထု ဖြစ်ပေါ်လာလတ်သော် "အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လိယန္တေန ဒ္ဝါရံ သံဝရိတ္ဝာ ပဋိသလ္လိယိတုံ။ ရဟန်းတို့-နေ့အခါ အိပ်သော ရဟန်းသည် တံခါးကိုပိတ်၍ အိပ်ခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူသည်"ဟု ပထမပါရာဇိက ဝိနီတဝတ္ထု ပါဠိတော် အရ နေ့အခါ အိပ်သော ရဟန်းအား တံခါး မပိတ်ဘဲ အိပ်မူ ဒုက္ကဋ်ဟု သိ။

နေ့အခါ ပိတ်၍ရသော တံခါးရှိသော ကျောင်းတွင်း၌ အိပ်အံ့၊ အိပ်သော ရဟန်းသည် ကျောင်းတံခါးကို ပိတ်၍ အိပ်ရမည်။ တံခါးရှိသော အခန်းတွင်း၌ အိပ်အံ့၊ အခန်းတံခါးပိတ်၍ အိပ်ရမည်။ တံခါးမရှိသော အခန်းဖြစ်အံ့၊ ကျောင်းတံခါးကိုပိတ်၍ အိပ်ရမည်။ ရဟန်း အများရှိသော ကျောင်းဖြစ်အံ့၊ နောက်မှ ဝင်လာသော ပုဂ္ဂိုလ် ပိတ်လိမ့်မည်ဟု အာဘောဂထား၍ နှလုံးသွင်း၍ အိပ်ရမည်။ သက်နှံးချုပ်ခြင်းစသော တစုံတခု အမှုကိစ္စ ပြုလုပ်နေသော ရဟန်းများ ရှိအံ့၊ ထိုရဟန်းများ ပိတ်လိမ့်မည်ဟု အာဘောဂထား၍ လည်း အိပ်ရမည်။ တံခါးစောင့် ရှိအံ့၊ တံခါးစောင့်ကို တံခါးစောင့်လိုက်ဟု မှာထား၍ဖြစ်စေ, တံခါးစောင့်ခြင်းသည် တံခါးစောင့်၏တာဝန်ဟု အာဘောဂထား၍ နှလုံးသွင်း၍ဖြစ်စေ အိပ်ရမည်။ မှာထားခြင်းလည်း မရှိ, နှလုံးသွင်းခြင်း အာဘောဂလည်း မရှိဘဲ အိပ်သောရဟန်း ဒုက္ကဋ်အာပတ်သင့်၏။

တံခါးအရ ရွေက ဆုံငယ်လက်မကွင်း တပ်ထားသော ယခုကာလ ပတ္တာတပ်ထားသော လှည့်၍ရစကောင်းသော သစ်သားတံခါး, ဝါးတံခါး, ဖျာတံခါး, သစ်ရွက်တံခါးမျိုးကို ယူရမည်။ ပိတ်ဟူသည် ကျည်ငယ်, ကျည်မ မင်းတုံးထိုး၍ ပိတ်ခြင်း အယုတ်ဆုံး ဦးခေါင်းမဝင်နိုင်အောင် စေ့ထားခြင်းလည်း ပိတ်သည် မည်၏။ ။[အကျယ်အဋ္ဌကထာမှာရှု]။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ အနုရုဒ္ဓ!၊ မာတုဂါမနှင့်တကွ အိပ်သော ဝတ္ထု။။.... အကြွင်း ပထမ သဟသေယျ သိက္ခာပုဒ်နှင့် တူပြီ။ ပါစိတ် ဝတ္ထုလောက်သော ကျောင်းဖြစ်ခြင်း, ထိုကျောင်းမျိုး၌ မာတုဂါမနှင့်တကွ အိပ်ခြင်း, နေဝင်ခြင်း အင်္ဂါသုံးပါး။

ဆောင်—ပါစိတ်ဝတ္ထု၊ လောက်မှုကျောင်းဟု၊ မာတုဂါမ၊ တကွအိပ်ခြင်း၊ နေဝင်ခြင်းရှိ၊ အင်္ဂသုံးသိ၊ ဒုတိ သဟသေယျာတည်း။

ဒုတိယ သဟသေယျ သိက္ခာပုဒ် ပြီး၏။

၇-ဓမ္မဒေသနာ

၇။ ယော ပန ဘိက္ခု၊-သည်။ ဝိညုနာ၊ သိကြားလိမ်မာသော။ ပုရိသ ဝိဂ္ဂဟေန၊ လူယောကျ်ားကို။ အညတြဲ၊-၍။ မာတုဂါမဿ၊-အား။ ဥတ္တရိ ဆပ္ပဉ္စ ဝါစာဟိ၊ ခြောက်ပုဒ်, ငါးပုဒ်တို့ထက်အလွန်။ ဓမ္မံ၊-ကို။ ဒေသေယျ၊ ဟောပြားအံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၇-ဓမ္မဒေသနာ

မာတုဂါမ။ ။မာတုဂါမ အရ ကောင်းကောင်း ပြောသော စကား,မကောင်း တရောင်း ပြောသောစကားကို နားလည်သော မိန်းမမျိုးကိုယူ။

ဥတ္တရိဆပ္ပဉ္စဝါစာဟိ။ ။ဆ ဝါ ပဉ္စ ဝါ ဝါစာ ဆပ္ပဉ္စဝါစာ။ သခ်္ခ်ျာဘယ ပဒဗဟုဗ္ဗီဟိ။ ဝါ သဒ္ဒါကား အညပုဒ်တည်း၊ ခြောက် ပုဒ်, ငါးပုဒ်သော စကားကို ရစေ။ ဤဥ် ပဉ္စကို ဝါစာသိလိဋ္ဌအကျိုးငှာ ဟောသည်။ ။ဆပ္ပဉ္စဝါစာနံ ဥတ္တရိ ဥတ္တရိဆပ္ပဉ္စဝါစာ။ ခြောက်ပုဒ် ငါးပုဒ် တို့ထက် အလွန်ဖြစ်သော စကားကို ရစေ။ဝါကျလည်းသင့်၏။....ဤဥ် ဂါထာ ဖြစ်မူ ဂါထာ၏ တခုသော ပါဒကို တပုဒ်ဟုယူ။ စုဏ္ဏိယဖြစ်မူ ဝိဘတ်တခု ဆုံးသော ပုဒ်ကို တပုဒ်ဟုယူ။

ဓမ္မံ ဒေသေယျ။ ။ဓမ္မ-အရ ပဒသောဓမ္မသိက္ခာပုဒ်၌ ဆိုအပ် ပြီးသော လက္ခဏာရှိသော ပါဠိတော်ဓမ္မ, အဋ္ဌကထာဓမ္မတို့ကိုယူ။ မာဂဓဘာသာမှ တပါးသော မြန်မာဘာသာစသည်ဖြင့် ဟောရာ၌ အာပတ် မသင့်ဟု သိ။

ဝိညုနာ ပုရိသ ဝိဂ္ဂဟေန။ ။ဝိဇာနိတုံ သီလံ ယဿာတိ ဝိညူ။ ကောင်း သော စကား မကောင်းသော စကားများကို သိလေ့ရှိသောယောကျ်ားကို ရစေ။ပုရိသဝိဂ္ဂဟာ၌ ဝိဂ္ဂဟာသဒ္ဒါ အနက်ထူး မရှိ တဗ္ဘောဟု ကြံကြ၏၊ ဝိဂ္ဂဟနှင့်လာသော အရာမျိုး၌ အစစ်ကိုသာယူ၊ အယောင်ဆောင်သူမျိုးကို မယူရ၊ ထို့ကြောင့် လူယောကျ်ားယောင်ဆောင် သော ဘီလူး, ပြိတ္တာ, တိရစ္ဆာန် တို့နှင့် အတူတကွ တည်ရှိသော မိန်းမအား တရားဟောသော်လည်း အာပတ်မှု မလွတ်၊ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မ, ပဏ္ဍုက်တို့အား တရားဟောသောရဟန်းအား ဒုက္ကဋ်။

ဆောင်—ဘီလူး,ပြိတ္တံ၊ တိရစ္ဆာန်မ၊ ပဏ္ဍက၊ ဟောပြ ဒုက္ကဋဿ။

များစွာထိုင်နေသော မိန်းမတို့တွင် တယောက် တယောက်အား တဂါထာ စီဟောမည် နားထောင်ကြကုန်ဟု ဟောအံ့ အာပတ်မသင့်။

ပါစိတ္တိယံ။ ။ဒုတိယ အနိယတသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော လက္ခဏာရှိသော ယောကျ်ားနှင့် ကင်း၍ သိကြားလိမ္မာသော မိန်းမအား ခြောက်ပုဒ်ထက်အလွန် ဟောသော ရဟန်းအား ပုဒ်အရေအတွက်အားဖြင့် ပါစိတ်၊ မျှားစ့ဉ်သော မိန်းမတို့အား ဟောသောရဟန်း မိန်းမအရေအတွက် ပါစိတ်၊ ခြောက်ပုဒ်ထက် အက္ခရာတလုံး လွန်သော်လည်း အာပတ်သင့်သည်ဟု ဝိနယသာရဂဏ္ဌိ ဆို၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥဒါယိ၊ မာတုဂါမအား တရားဟောသော ဝတ္ထု။ အညတြ ဝိညုနာ အနုပညတ်။ သာ၊ အနာ။ မာတုဂါမ၌ တိကပါစိတ်၊ ဒုက္ကဋ်။ ခြောက်ပုဒ်ထက် မလွန်မူ၍ ဟောသော ရဟန်း, ဆိုအပ်ပြီးသော လက္ခဏာရှိသော ယောကျ်ားရှိသော မိန်းမပရိသတ်အား ဟောသောရဟန်း, ကိုယ်တိုင်ထပြီး ပြန်ထိုင်၍ ခြောက်ပုဒ်ဟောသောရဟန်း, ထပြီး တဖန်ပြန်ထိုင်သော မာတုဂါမအား ခြောက်ပုဒ်ဟောသောရဟန်း, အသစ်ရောက်လာသော မာတုဂါမအား ခြောက်ပုဒ်ဟောသောရဟန်း, မေး၍ ခြောက်ပုဒ်ထက်အလွန် ဖြေသောရဟန်း, သူတပါး အကျိုးငှါ ဟောသည်ကို မာတုဂါမ လာ၍ နာသော်, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ်တို၊ ဆိုအပ်ပြီးသော လက္ခဏာရှိသော တရားကို ခြောက်ပုဒ်ထက်အလွန်ဟောခြင်း, ဆိုအပ်ပြီးသော လက္ခဏာရှိသော မာတုဂါမဖြစ်ခြင်း, ဣရိယာပုထ် ပြောင်းခြင်း၏မရှိခြင်း, သိကြားလိမ္မာသော လူယောကျ်ား မရှိခြင်း, မမေးဘဲ သက်သက်ဟောခြင်း အင်္ဂါငါးပါး။....သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူပြီ။

ဆောင်—ခြောက်ပုဒ်ထက်လွန်၊ ဟောသ့ဉ်နှင်းပြု၊ မာတုဂါမ၊ နားလည်ကြဘိ၊ ဣရိယပထ၊ မပြောင်းကြငြား၊ ယောကျ်း မဖက်၊ သက်သက် ဟောက၊ အင်္ဂါး၀၊ မေ့မဒေသနာ။

ဓမ္မဒေသနာ သိက္ခာပုဒ် ပြီး၏။

၈-ဘူတာရောစနာ

၈။ ယော ပန ဘိက္ခု၊-သည်။ အနုပသမ္မန္နဿ၊-အား။ ဥတ္တရိမနုဿ ဓမ္မံ၊-ကို။ အာရောစေယျ၊ ပြောကြားငြားအံ့။ ဘူတသ္မိံ၊ ဟုတ်မှန်သည် ရှိသော်။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၈-ဘူတာရောစနာ

ဥတ္တရိမနုဿဓမ္မံ။ ။ဥတ္တရိမနုဿဓမ္မဟူသည် စတုတ္ထပါရာဇိကဋ္ဌ ဆိုအပ်ပြီးသော လက္ခဏာရှိသော မြတ်ကုန်သော စျာနလာဘီ အရိယာပုဂ္ဂိုလ်တို့၏ စျာန် မဂ် ဖိုလ်တရားတို့တည်း။

ဘူတသ္မိံ ပါစိတ္တိယံ။ ။ဘူတသို့ဖြင့် ပါရာဇိကကို နှစ်စေသည်။ ပါစိတ္တိယံဟူသည် မိမိ၌ ထင်ရှားရှိသော စျာန် မဂ်ဖိုလ်တရားကို ဘိက္ခု-ဘိက္ခုနီတို့ကို ဖယ်ထား၍ တပါးသော လူသာမဏေတို့အား ပရိယာယ်အားဖြင့် ပြောကြားခြင်းမဟုတ်ဘဲ တိုက်ရိုက်အားဖြင့် ပြောကြားအံ့၊ ထို ပြောကြားအပ်သောသူသည် ပြောကြားဆဲခဏ၌ သိအံ့၊ ထိုပြောကြားသော ရဟန်း ပါစိတ်အာပတ်သင့်ခြင်းကို ဆို၏။ ချက်ခြင်းမသိမူ ဒုက္ကဋ်၊ ပရိယာယ်အားဖြင့် ပြောကြားရာ၌ သိသို့, မသိသို့ ဒုက္ကဋ်သာ။

ဆောင်—ပရိယာယ်ကြားဘိ၊ သိ-မသိ၊ ပတ္တိ ဒုက္ကဋံ။

နိဒါန်းစသည်။ ။ဝေသာလိ၊ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းများ။ ဟုတ်မှန်တိုင်း ပြောကြားသော ဝတ္ထု။ သာ၊ အနာ။ ပါစိတ်၊ ဒုက္ကဋ်။ ပြောသင့်သော အကြောင်းရှိ၍ ရဟန်းချင်းအား ပြောကြားသော ရဟန်း, အာဒိကမ္မိက ရဟန်းတို့အား အနာပတ္တိ။

[အရိယာပုဂ္ဂိုလ်တို့အား ဥမ္မတ္တက စသည် မရှိကောင်း၊ စျာနလာဘီပုဂ္ဂိုလ်တို့ ရှုးခြင်း စသည် ဖြစ်လတ်သော် စျာန်မှ လျှောကျကုန်၏၊ ထို့ကြောင့် စျာနလာဘီနှင့် အရိယာပုဂ္ဂိုလ်တို့ကို ဤ၌ မယူရ]။

ဥတ္တရိမနုဿဓမ္မ ရရှိသည်၏အဖြစ် ဟုတ်မှန်ခြင်း, လူသာမဏေအား ပြောကြားခြင်း, ပြောကြားဆဲခဏ၌ သိခြင်း, သူတပါးကို မရည်ညွှန်းခြင်း အင်္ဂါလေးပါး။ ဘူတာရောစန သမုဋ္ဌာန်၊ ကိရိယ၊ နော သညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ၊ ဝစီကံ၊ ကုသိုလ်စိတ်၊ အဗျာကတစိတ်၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့တည်း။

၉-ဒုဋ္ဌုလ္လာရောစန

၉။ ယော ပန ဘိက္ခု၊–သည်။ ဘိက္ခုသမ္မုတိယာ၊–ကို။ အညတြ၊–မျှ။ ဘိက္ခုဿ၊–၏။ဒုဋ္ဌုလ္လံ၊ရုန့်ရင်းသော။ဝါ၊စက်ဆုပ်အပ်သည်၏ အဖြစ် သို့ရောက်သော။ အာပတ္တိံ၊ သံဃာဒိသေသ် အာပတ်ကို။ အနုပသမ္မန္နဿ၊–အား။အာရောစေယျ၊–အံ့။တဿ ဘိက္ခု၊နော၊–အား။ ပါစိတ္တိယံ၊–၏။

အထူး။ ။ကျွန်သိကွာပုဒ်သည် ပညတ်တော်ကို မသိသော်လည်း အာပတ်သင့်ရကား အစိတ္တက၊ ကျွန်အရာ၌ အရိယာတို့သည် ပညတ်တော်ကို သိလျက် မလွန်ကျူးကုန်။ ပုထုဇဉ်တို့ကား ဘုရားအာဏာတော်ကို လွန်ကျူးသော ဗလဝအကုသိုလ်စေတနာကြောင့် စျာန်မှ လျှောကျကုန်၏။ ကျွန်ုပ် ဒိဋ္ဌိတ္ထဟူသော စကားကို ဥက္ကဋ္ဌပရိစ္ဆေဒနည်းဖြင့် အရိယာပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုသည်။ ထိုစကားမှန်၏။ ပညတ်တော်ကို မသိကုန်သော စျာနလာဘီပုထုဇဉ်တို့သည် ဝတ္ထုဒွေ့ လောဘစိတ်မြင့်ဖြင့် အကုသိုလ်စိတ်ဖြင့်လည်း ပြောကြားခြင်း ရှိနိုင်ကုန်သေး၏။ တနည်း–ဒုက္ခဝေဒနာ မရှိခြင်းကြောင့် ဒုက္ခဝေဒနံ ဟူသော စကားအားလျော်စွာ ဒိဋ္ဌိတ္ထံဟူသော စကားကို ဆိုတော်မူ၏ဟု သိ။

ဆောင်——ဥတ္တရိမနုဿ၊ ဓမ္မရရှိ၊ ဟုတ်မှန်ဘိုကြား၊ လူသားအားပြော၊ ကြားသောခဏ၊ သိကုန်ကြလျှင်း၊ ရည်ညွှန်းကင်းကွာ၊ အင်လေးဖြာ၊ ဘူတာ ရောစန။

ဘူတာရောစန သိက္ခာပုဒ် ပြီး၏။

၉-ဒုဋ္ဌုလ္လာရောစန

ဘိက္ခုဿ ဒုဋ္ဌုလ္လံ အာပတ္တိံ။ ။ဘိက္ခုဿ အရ ပါရာဇိက မကျသော ရဟန်းကို ယူ။ ။ဒုဋ္ဌုံ ကုစ္ဆိတဘာဝံ ဥလတိ ဂစ္ဆတီတိ ဒုဋ္ဌုလ္လံ။ စက်ဆုပ်အပ်သည့် အဖြစ်သို့ ရောက်သော သံဃာဒိသေသ် အာပတ်ကို ရစေ။ ဒုဋ္ဌုလ္လ အရ ပါရာဇိက, သံဃာဒိသေသ်အာပတ်ကို ရသင့်သော်လည်း နောင်ရှောင်ကြဉ်ရန် ပြောဆိုခွင့်ရသော သမ္မုတိပေးခြင်းကို ထောက်၍ သံဃာဒိသေသ်ကိုသာ ယူသင့်သည်ဟု သိ။

အနုပသမ္မန္နဿ။ ။သာမဏေထိီးနှင့် သာမဏေမတို့ကိုသာ ယူရမည်။

အညတြ ဘိက္ခုသမ္မုတိယာ။ ။ဘိက္ခု သမ္မုတိ ဟူသည် မပြတ်အာပတ် သင့်သော ရဟန်းအား နောင်အခါစောင့်ရှောက်

စိမ့်သောဌါ သုံးကြိမ်တိုင်တိုင် ပန်ကြား၍ သံဃာသည် ပြုအပ်သော ကတိကဝတ်ဟု ဆိုအပ်သော သမ္မုတိရသော ရဟန်းကို ဆိုသည်။

ပါစိတ္တိယံ။ ။ပါစိတ္တိယံ ဟူသည် ကတ်ကဝတ် မပြုထားရာ၌ ဤရဟန်းသည် သုက်ကို လွှတ်စေ၍ သံဃာဒိသေသ် အာပတ်သို့ ရောက်၏။ ဤသို့စသောနည်းဖြင့် ဝတ္ထုနှင့်တကွ အာပတ်ကိုစပ်၍ ပြောကြားသော ရဟန်းအား ပါစိတ်အာပတ်သင့်၏ဟု ဆိုလိုသည်။

[သုက်ကို လွှတ်စေသည် ဟူသော စကားသည် ဝတ္ထုမည်၏။ သံဃာဒိသေသ် ဟူသော စကားသည် အာပတ်မည်၏ဟု သိ။]

အဒုဋ္ဌုလ္လဉ် ဒုဋ္ဌုလ္လသည်ဖြစ် ဝေမတိကတို့အား ဒုက္ကဋ်၊ သံဃာဒိသေသ်မှ ကြွင်းသော အာပတ်ခြောက်မျိုးကို ပြောရာ၌လည်း ဒုက္ကဋ်၊ သာမဏေ၏ ရှေ့သိက္ခာပုဒ် ငါးခုကို လွန်ကျူးခြင်းဟုဆိုအပ်သော ဒုဋ္ဌုလ္လ, နောက် သိက္ခာပုဒ် ငါးခုဟုဆိုအပ်သော အဒုဋ္ဌုလ္လ အဇ္ဈာစာရတို့ကို ပြောကြားသော ရဟန်းအားလည်း ဒုက္ကဋ်ပင်။

ဆောင်—ဒုဋ္ဌုလ္လမှ၊ ကြွင်းအာ ဆ၊ ပြောက ဒုက္ကဋ်ဌာ။
သာမဏေ၏၊ သိ မရှိ၊ ပြောဘိ ဒုက္ကဋ်ဌာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဒုဋ္ဌုလ္လအာပတ်ကို ပြောကြားသော ဝတ္ထု။ သာ၊ အနာ။ ဒုဋ္ဌုလ္လဉ် တိကပါစိတ်၊ ဒုက္ကဋ်။ ဝတ္ထုမျှကိုဌင်း အာပတ်မျှကိုဌင်း ပြောကြားသောရဟန်း, ဘိက္ခုသမ္မုတိ အပိုင်းအခြားကို မလွန်မူ၍ ပြောကြားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ပါဏာဇိက မကျသောရဟန်း၏ ဝတ္ထုနှင့်တကွ သံဃာဒိသေသ်ဖြစ်ခြင်း, လူ သာမဏေစသည်အား ပြောကြားခြင်း, သမ္မုတိမရသော ရဟန်းဖြစ်ခြင်း၊ အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။ ဒုက္ကဝေဒနာသာ ထူး၏။

ဆောင်—ရဟန်းဖြစ်လတ်၊ ဝတ္ထုစပ်ပါ၊ သံဃာဒိသေ၊ သာမဏေစသား၊ ပြောကြားခြင်းပြု၊ သမ္မုမရ၊ အင်သုံးဝသာ၊ ဒုဋ္ဌုလ္လာ၊ ရောစနာဟ သိ။

ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် ပြီး၏။

ဃဒိန် ၁၀—ဖမ-လ-ဇ

၁၀-ပထဝီခဏန

၁၀။ ယော ပန ဘိက္ခု၊ – သည်။ပထဝိံ၊ ဇာတပထဝီကို။ ခဏေယျ ဝါ၊ (ကိုယ်တိုင်မူလည်း) တူးခြွေးအံ့။ ခဏာပေယျ ဝါ၊ (သူတပါးကိုမူလည်း) တူးစေခြွေးအံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

ပဿမော၊ – သော။ မုသာဝါဒဝဂ္ဂါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

၁၀-ပထဝီခဏန

ပထဝိံ။ ။ပုထု ဟုတ္တာ ဇာတာတိ ပထဝီ။ ကြီးသည်ဖြစ်၍ ဖြစ်သော အစိုင်အခဲနှင့် တကွသော မြေကို ရစေ။ ထိုမြေသည် ဇာတပထဝီ, အဇာတပထဝီဟု နှစ်မျိုး။ ထိုတွင် – ဇာတပထဝီသည် သုဒ္ဓ, မိဿက, ပဋ္ဋဟု သုံးမျိုး။ ထိုတွင် ကျောက်စသည်တို့နှင့် မရောသော သက်သက်သော မြေသည် သုဒ္ဓပထဝီ။ ကျောက်, ကျောက်စရစ်, အိုးခြမ်းကဲ့, ကျောက်ပြုတ်သဲတို့တွင် တခုခုနှင့် မြေကား နှစ်ဘို ကျောက်စသည်တို့ကား တဘို၊ ဤသို့ သုံးဘို တဘို ရောသောမြေသည် မိဿက ပထဝီ။

[ဤ၌ လက်ဆုပ်ပမာဏထက် လွန်သော ဆင်ပမာဏအောက် ယုတ်သော ကျောက်သည် ပါသာဏကျောက်မည်၏။ ပဲနောက်စေ့ပမာဏမှ စ၍ လက်ဆုပ်ပမာဏရှိသောကျောက်သည် သက္ခရကျောက်စရစ်မည်၏၊ ကျောက်စရစ်သဲတို့ စု၍ ကျောက်ဖြစ်နေသောကျောက်သည် မရုမ္ဗကျောက်ပြုတ်မည်၏။]

မိုဃ်းလေးလထက်အလွန် မိုဃ်းစွပ်ပြီးသော မြေမှုန့်, မြှုမှုန့်, မြေစိုင်သည် ပဋ္ဋပထဝီ မည်၏။

ဆိုအပ်ပြီးသော ကျောက်စသည်တို့နှင့် သုံးဘို တဘို့ထောသော မိဿက ပထဝီအစုအပုံသည်ရင်း, ကျောက်ဖျာပေါ်၌နေသော သိမ်မွေ့သော မြှုသည်ရင်း, တကြိမ် မိုဃ်းစွပ်ပြီး၍ လေးလလွန်သော် ပဋ္ဋပထဝီခေါ်သေး၏။ ဤသုံးမျိုးသော မြေနှင့် မီးမလောင်သေးသော မြေ နှစ်မျိုးကို ဇာတပထဝီ ခေါ်ဆည်၊ မအပ်သော အကပ်ပိယမြေ ဟူ၏။

မီးလောင်ထားသော မြေ, သုံးဘို တဘို့ထက်အလွန် ကျောက်စသည်ထောသောမြေ, လေးလအောက် ယုတ်သော မိုဃ်းစွတ်သောမြေ၊ ဤ မြေသုံးမျိုးကို အဇာတ ပထဝီခေါ်သည်၊ အပ်သော ကပ်ပိယမြေ ဟူ၏။ ဤအလို သုံးစု စုသော် မြေမှုန့်, မြေစိုင်တို့က နှစ်စုအောက် ယုတ်၍ ကျောက်စသည်တို့က တစုထက် လွန်အံ့၊ အဇာတပထဝီ ခေါ်ရမည် ဟူ၏။

ပဒဘာဇနီ၌ "ဇာတာ နာမ ပထဝီ အပ္ပပါသာဏာ အပ္ပသက္ခရာ၊ အဇာတာ နာမ ပထဝီ ယေဘုယ္ယေန ပါသာဏာ ယေဘုယ္ယေန သက္ခရာ"စသည်ဖြင့် လာရကား ပကတိမြေများ၌ ကျောက်စသည် နည်းသော မြေသည် ဇာတ ပထဝီ, ပကတိမြေ နည်း၍ ကျောက်စသည် များသော မြေသည် အဇာတ ပထဝီဟု ဟောတော်မူသည်။....ထက်ဝက်စီ ဖြစ်မူ ကေစိအလို ဒုက္ကဋ်၊ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ သာဝသေသ ပညတ်လည်း ဖြစ်ကောင်းသောကြောင့် ပါစိတ်ဟု သာရတ္ထ ဆို၏။

ဆောင်——ဇာတ-အဇာတ၊ နှစ်ခုမျှ၊ပြားထ ပထဝီ။
သုဒ္ဓ-မိဿ၊ ပုဉ္ဇ သုံးဝ၊ ပြားကုန်ကြ၊ ဇာတ ပထဝီ။
သက်သက်မြေကို၊ သုဒ္ဓဆိုရ၊ သံကျောက် စရော၊ မိဿကော၊
မှတ်လော သုံးဘို့ တဘို့တည်း။
ကျောက်နည်း မြေများ၊ ရောမူကား၊ ဟောကြား ဇာတတည်း။
မိုဃ်းလေးလခံ၊ မြေပုံမှန်၊ ခေါ် ရန် ပုဉ္ဇတည်း။
ဆိုပြီး ပမာဏ၊ လွန်ရောထမြေ၊ မီးလောင်မြေပ၊ အဇာတ၊
ခေါ် ရလေသတည်း။
ဇာတ ပထဝီ၊ အကပ္ပီ၊ ကပ္ပိအဇာတတည်း။

ခဏေယျ ဝါ-ပါစိတ္တိယံ။ ။ဇာတပထဝီသုံးမျိုးကို ကိုယ်တိုင်တူးခြင်း, ဖောက်ခဲ့ခြင်း, လက် ဒုတ်တို့ဖြင့် ရေးခြစ်ခြင်း, အယုတ်ဆုံး မြေပျက်အောင် ကျင်ငယ်ပြင်းပြင်း စွန့်ခြင်းတို့ဖြင့် ဖျက်ဆီးအံ့၊ ပယောဂတိုင်း ပါစိတ်၊ ဇာတပထဝီပင်ဖြစ်သော်လည်း သစ်တုံးလှိမ့်ခြင်း, တောင်ဝှေးထောက်ခြင်း, တံမြက်လှည်းခြင်းတို့ဖြင့် ပျက်စီးအံ့၊ပျက်စေလိုသော စိတ်မရှိခြင်းကြောင့် အနာပတ္တိ။

ခဏာပေယျ ဝါ-ပါစိတ္တိယံ။ ။ဇာတပထဝီကို တူးခိုင်းရာ၌ ဤမြေကို ဤနေရာ တူးလိုက် ခဲ့လိုက် ဖောက်လိုက် ဖြိုလိုက် မီးတိုက်လိုက် ဤနေရာ၌ မီးထည့်လိုက် ဤ၌ တွင်းတူးလိုက် ဤသို့ စသည်ဖြင့် မြေကို မှတ်၍ခိုင်းအံ့၊ ခိုင်းခြင်းကြောင့် ဒုက္ကဋ်၊ တကြိမ်ခိုင်းရာ၌ တနေ့ပတ်လုံး တူးသော်လည်း ခိုင်းသော ရဟန်း ပါစိတ်တခုက်၊ အကြိမ်ကြိမ် ခိုင်းရာ၌ ခိုင်းတိုင်း ခိုင်းတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။အာဠဝီ၊ အာဠဝိရဟန်း၊ မြေတူးသော ဝတ္ထု၊ သာ၊ သာ၊ ပါစိတ်၊ ဒုက္ကဋ်။ အရပ်ကို မမှတ်မူ၍ ကန်, တွင်း, အမြစ်, အဖု စသည်ကို တူးခိုင်းသော ရဟန်း, [ဤကား ကပ္ပိယဝေါဟာရကြောင့် အာပတ်မသင့်ခြင်းကိုပြသည်။]နေပူကြောင့် ခြောက်သွေ့၍ကဲ့ကွာနေသော ညွှန့်,

ဘူတဂါမဝဂ္ဂ၊ ၁-ဘူတဂါမ

ဘူတ ဂါမ ပါတဗျတာယ၊ ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော မြက်သစ်ပင် ချုံနွယ်အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ ဝါ၊ မြေစသည်၌ တည်သော စိမ်းစိုသော မြက် သစ်ပင် ချုံနွယ် အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ၊ – ၏။

အောက်မြေနှင့် မစပ်သော နွားခွါကြောင့် ပြတ်သော မြေ စသည်ကို ဖျက်ဆီးသော ရဟန်း[ကျိကား အဇာတပထဝီကို ပြသည်။]တိုင်စိုက်ရန် တွင်းတူးလော့ မြေကို ပေးလော့ ဆောင်ယူခဲ့လော့ မြေဖြင့် အလိုရှိသည် မြေကို အပ်အောင် ပြုလော့ဟု ဆိုသော ရဟန်း, စေတနာမရှိဘဲ သစ်တုံး တောင်ဝှေး တံမြက်စီးဖြင့် မြေကို ပျက်စီးစေသော ရဟန်း, သတိကင်းမဲ့၍ ခြေဖျား ဒုတ်ချောင်း စသည်တို့ဖြင့် ရေးခြစ်သော ရဟန်း, ဇာတပထဝီကို ငါတူး၏ဟု မသိသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ်တို့။ ဇာတပထဝီဖြစ်ခြင်း, ဇာတပထဝီဟု မှတ်ထင်ခြင်း, တူးခြင်း, တူးစေခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။

ဆောင်—ဇာတပထဝီ၊ ဖြစ်သည်အမှန်၊ ထင်ပြန်သိရှိ၊ မိမိတူးခြင်း၊ တူးစေခြင်းဟု၊ အင်သုံးခု၊ မှတ်ရှုပထဝီ။

ပထဝီခဏသိက္ခာပုဒ် ပြီး၏။

ဘူတဂါမဝဂ္ဂ၊ ၁ – ဘူတဂါမ

ဘူတဂါမ။ ။ဘဝန္တိတိ ဘူတာ။ ဖြစ်ဆဲ ကြီးပွါးဆဲဖြစ်သော မြက် သစ်ပင် ချုံနွယ်တို့ကို ရစေ။ ။ဘဝိ သူတိ ဘူတာ။ ဖြစ်ပြီး ကြီးပွါးပြီးသော မြက်သစ်ပင် ချုံနွယ်တို့ကိုပင် ရစေ။ ။ဘူတာ စ ဘူတာ စ ဘူတာ။ ကေသိသ်။ ဖြစ်ဆဲ ကြီးပွါးဆဲ ဖြစ်ပြီးကြီးပွါးပြီး ဖြစ်သော မြက် သစ်ပင် ချုံနွယ်တို့ကိုရစေ။ ။ဂါမသဒ္ဒါ အစုဟူသော အနက်ကိုဟောသော ရုဋ္ဌိပုဒ်။ ။ဘူတာနံ ဂါမော ဘူတဂါမော။ ဖြစ်ဆဲ ကြီးပွါးဆဲ ဖြစ်ပြီး ကြီးပွါးပြီးဖြစ်သော မြက် သစ်ပင် ချုံ နွယ်တို့၏ အပေါင်းကို ရစေ။

တနည်း–ဘူတာဧဝ ဂါမော ဘူတဂါမော။ ဤဝိဂြိုဟ်ဖြင့် အစိတ်အစိတ်မှ လွတ်သော အပေါင်းမည်သည် မရှိ၊ အစိတ် အစိတ်ဖြစ်သော မြက် သစ်ပင်စသည်

ကိုပင် ဘူတဂါမ ခေါ်သည်ဟု ပြသည်၊ စိမ်းစိုသော မြက်သစ်ပင် ချုံနွယ်တို့ကို ရစေ။ ။ဘူတာနံ ဒေဝါနံ ဂါမော နိဝါသောတိ ဘူတဂါမော-ဟု တနည်း ဆို ကြသေး၏။ သစ်ပင်စောင့် နတ်တို့၏နေရာ စိမ်းစိုသော မြက် သစ်ပင် ချုံနွယ် စသည်ကို ရစေ။

ပါတဗျတာယ။ ။ပါနံ ပရိဘုဉ္ဇနံ ပါတဗ္ဗံ။ပါ-ဓာတ် တဗျပစ္စည်း။ဖျက်ဆီးခြင်း ဖြတ်ခြင်း စသော ကြိယာကို ရစေ။ ။ပါတဗ္ဗံ ဧဝ ပါတဗျတာ၊ တာပစ္စည်း အနက်မရှိ သောတ္ထ။ တနည်း-ပါတိ ပရိဘုဉ္ဇတီတိ ပါတဗျော။ ဖျက်ဆီးခြင်း စသည်ကိုပြုသော ရဟန်းကို ရစေ။ ။ပါတဗျသာဘာဝေါ ပါတဗျတာ။ ဖျက်ဆီးခြင်းစသည်ကို ပြုတတ်သော ရဟန်း၏ ဖျက်ဆီးခြင်း စသော ကြိယာကို ရစေ။

ဘူတဂါမ ပါတဗျတာယ။ ။ဘူတဂါမဿ ပါတဗျတာ ဘူတဂါမပါတဗျတာ။ မြေ စသည်၌တည်သော စိမ်းစိုသော မြက်သစ်ပင် ချုံနွယ်အပေါင်းကို ဖျက်ဆီးခြင်းစသော ကြိယာကို ရစေ။ကျေး၌ သို့ ဝိဘတ်သည် နိမိတ် အနက်၌ သက်၏။ ဘူတဂါမ်ကို ဖျက်ဆီးခြင်းစသော အကြောင်းကြောင့် ပါစိတ်အာပတ်သင့်သည်ဟု ဆိုလိုသည်။

ဗီဇဂါမ်။ ။မြေ၌တည်သော စိမ်းစိုသော မြက်သစ်ပင် ချုံနွယ်အပေါင်းကို ဘူတဂါမ် ခေါ်သည်။ မျိုးစေ့အပေါင်းကို ဗီဇဂါမ် ခေါ်သည်ဟု အထူး သိ။ ထိုနှစ်ပါးတို့တွင် ဗီဇဂါမ်သည် မူလ-အမြစ် ဗီဇဂါမ်, ခန္ဓ-ပင်စည် ဗီဇဂါမ်, ဖလု-အဆစ် ဗီဇဂါမ်, အဂ္ဂ-အညွှန့် ဗီဇဂါမ်, ဗီဇ-အစေ့ ဗီဇဂါမ်ဟု ငါးမျိုး ပြား၏။

ထိုဗီဇဂါမ်ကို ဖျက်ဆီးသောရဟန်း ဒုက္ကဋ်။ထိုမျိုးစေဗီဇဂါမ်ကို စိုက်ပျိုးရာ၌ အမြစ်သာ ထုတ်၍ အညွှန့်စိမ်း မထုတ်သေး, အညွှန့်စိမ်းသာ ထုတ်၍ အမြစ် မထုတ်သေးလျှင် ဗီဇဂါမ်ပင် မည်သေး၏။အညွှန့်စိမ်း အမြစ် နှစ်မျိုးစလုံးထုတ်မှ ဘူတဂါမ် ဖြစ်သည်ဟု သိ။

ဆောင်—မူလ-ခန္ဓ၊ ဖလုဂ္ဂ၊ ဗီဇ မျိုးငါးတန်။
စေ့-ညှွန့် အဆစ်၊ ပင်စည်-မြစ်၊ ငါးဖြစ် ဗီဇဂါမ်။
ဗီဇ ဂါမ၊ ဖျက်ဆီးက၊ သင့်ထ ဒုက္ကဋ်။

ကပ္ပိခြင်း ငါးပါး။ ။၁-အမှတ်မရှိ တစုံတခုသောမီးဖြင့် ကပ္ပိခြင်း၊ ၂-အမှတ်မရှိ ထက်သော ထားဖြင့် ကပ္ပိခြင်း၊ ၃-အမှတ်မရှိ ထက်သော မပုပ်သော လက်သည်းဖြင့် ကပ္ပိခြင်း၊ ၄-အစေ့နုခြင်းပင်လျှင် ကပ္ပိသည်

မည်သော ကပ္ပိခြင်း၊ ၅-သရက်သီးမှည့် ပိန္နဲသီးမှည့် စသည်တို့ကဲ့သို့ အစေ့ကို ထုတ်ပယ်၍ စားခြင်းသည်ပင် ကပ္ပိသည်မည်သော ကပ္ပိခြင်း။

[ဤ၌ အစေ့နုခြင်းနှင့် ထုတ်ပယ်၍ရသော အစေ့တို့ကား ကပ္ပိဘုယ် မရှိ။ ပင်ကိုယ်ကပင် အပ်ခြင်းကပ္ပဖြစ်နေပြီဟု သိ၊ ကပ္ပိပုံအကျယ် အဋ္ဌကထာကြီး၌ လာပြီ။]

ဆောင်။ ။လက်သည်း-မီး-ထား၊ နု-ထုတ်စား၊ ငါးပါး ကပ္ပိယံ။

သတိပြုဘွယ်။ ။ကြံစည်း၌ပါသော ထင်းခြောင်းကို ကပ္ပိလျှင် အားလုံး ကပ္ပိပြီးသားဖြစ်သည် အပ်၏၊ ကြံခြောင်းတို့ကို စည်းသော နွယ်ကို ကပ္ပိလျှင် ထိုနွယ်သည် ခွက်အဆာ၌ တည်သောကြောင့် မအပ်၊ ကွမ်း ရွက် စသည်၌ ထည့်ထားသော စမုံစပါး စသည်ကို ကပ္ပိဆာ၌လည်း အခံ ကွမ်းရွက်ကို ကပ္ပိအံ့ ခွက်အဆာ၌ တည်သောကြောင့် မအပ်၊ ငြုတ်သီးမှည့် တို့နှင့် ထောသောဆမ်းကို ကပ္ပိဆာ၌ ဆမ်းကိုဖြစ်စေ, ငြုတ်သီးမှည့်ကို ဖြစ်စေ ကပ္ပိအံ့ အပ်သည်၊ ယာဂု၌ ငြုတ်သီးမှည့်အစေ့တွေ့ ပါနေသောည်ဖြစ်၍ တစပ် ထည်း မတည်အံ့ တစေ့စီ ကပ္ပိရမည်၊ အဆံခြောင်နေသော အသီးမျိုးဖြစ်၍ တစပ်ထည်း မတည်အံ့ ခဲ့ခိုင်းပြီးမှ ကပ္ပိရမည်၊ တစပ်ထည်း တည်အံ့ အခံကိုလည်း ကပ္ပိကောင်းသည်ကို သတိပြု။

ကပ္ပိပုံ။ ။ဘူတဂါမ်ကို ကပ္ပိခြင်း ငါးမျိုးဖြင့် ကပ္ပိရမည်မဟုတ်၊ ဘူတဂါမ်မှလွတ်သော နောင် အပင် ပေါက်ဦးမည် ဖြစ်သော ဗီဇဂါမ်ကိုသာ ရဟန်းတော်များ သုံးဆောင်ကောင်းအောင် ကပ္ပိရသည်၊ ထို ဗီဇဂါမ်တို့ကို ကပ္ပိလိုသော ရဟန်းသည် "ကပ္ပိယံ ကရောဟိ" ဟု ဆိုရသည်၊ ထို့နောက် လူသာမဏေများက "ကပ္ပိယံ ဘန္တေ" ဟု ဆိုရသည်။ ဆိုဆဲ ခဏ၌ပင် လက်သည်း, မီး, ထားတို့တွင် တပါးပါးဖြင့် ဆိတ်, ထိုး, ဖောက်, ခုတ်ခြင်းစသည် ပြုရသည်။ ထိုသို့ ဆိတ်ထိုး ဖောက်ခုတ်ရာ၌ ထက်ပိုင်းမပြတ်စေဘဲ အနည်းငယ် ပေါက်သွားလျှင် ကပ္ပိခြင်းမြောက်၍ အပ်ပြီ၊ လက်သည်းနှင့် မဟုတ်ဘဲ ဆွဲဖြတ်၍ ပြတ်သည်ကား မအပ်။....ဤ၌ "ကပ္ပိယံ ကရောဟိ" ဟူသည် အပ်အောင် စားကောင်းအောင် ပြုလိုက်ဟု ဆိုခြင်းပင် ဖြစ်သည်။ "ကပ္ပိယံ ဘန္တေ" ဟူသည် အပ်ပါပြီ စားကောင်းပါပြီဘုရားဟု ဆိုခြင်းဖြစ်သည်၊ ထို့ကြောင့် အကပ်ခံပြီး၍ ဖြစ်စေ အကပ်မခံဘဲဖြစ်စေ ကပ္ပိကောင်းသည်ဟု သိ။

နိဒါန်းစသည်။ ။အာဠဝိ၊ အာဠဝိရဟန်းများ၊ သစ်ပင်ဖြတ်သောဝတ္ထု။ သာ၊ သာ။ ပါစိတ်၊ ဒုက္ကဋ်။ ဘူတဂါမ် ဗီဇဂမ်နှစ်ပါး စလုံး၌ ဘူတဂါမ် ဗီဇဂါမ် မဟုတ်ဟု အမှတ်ရှိသောရဟန်း, ဥမ္မတ္တက ရဟန်း

၂-အညဝါဒက

၂။ အညဝါဒကေ၊ ဝိနည်းမိုရ်က မေးအပ်သည်မှ တပါးသောစကားကို ဆိုခြင်းကြောင့်။ ဝါ၊ တပါးသော စကားကို ဆိုတတ်သော ရဟန်း၏ အဖြစ်ကြောင့်။ ပါစိတ္တိယံ၊ –၏။

ဝိဟေသကေ၊ ဆိတ်ဆိတ် နေသဖြင့် ညှဉ်းဆဲခြင်းကြောင့်။ဝါ၊ ဆိတ်ဆိတ်နေသဖြင့် ညှဉ်းဆဲတတ်သော ရဟန်း၏အဖြစ်ကြောင့်။ ပါစိတ္တိယံ၊ –၏။

စသည်တို့အား အနာပတ္တိ။ စေတနာမရှိ သတိမရှိ မသိသောရဟန်း, ကပ္ပိယဝေါဟာရဖြင့် ဆိုသော ရဟန်းတို့အားလည်း အနာပတ္တိ။ ဘူတဂါမ်ဖြစ်ခြင်း, ဘူတဂါမ်ဟု အမှတ်ရှိခြင်း, ဖျက်ဆီးခြင်း ဖျက်ဆီးစေခြင်း၊ အင်္ဂါသုံးပါး။.... သမုဋ္ဌာန်စသည် ပထဝီခဏနသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဘူတဂါမ်ဖြစ်လတ်၊ ထိုဟုမှတ်နိုင်၊ ကိုယ်တိုင် ဖျက်ခြင်း၊ ဖျက်စေခြင်းမျှ၊ အင်သုံးဝ၊ ဘူတဂါမတည်း။

ဘူတဂါမ သိက္ခာပုဒ် ပြီး၏။

၂–အညဝါဒက

အညဝါဒကေ။ ။အညံ ဝစနံ ဝဒတီတိ အညဝါဒကော။ ငိနည်းမိုရ်က **မေးအပ်သော** စကားမှ တပါးသော စကားကို ဆိုတတ်သော ရဟန်းကို ရစေဟု ဤဝိဂြိုဟ်ကတ္တုသာဓ်ဖြစ်၍ ရဟန်းကို ကောက်သင့်သော်လည်း ဘောပြခန်းသော ဘာဝပဓာနဖြစ်ရကား မေးသည်မှ တပါးသော စကားကိုဆိုခြင်း ကြိယာကို အရဖကောက်။ တနည်း–ရဟန်းကိုပင် ကောက်၍ ဘာဝတဒ္ဓိတ် ဆင့်ပြီးလျှင် ၎င်းကြိယာကိုပင် ကောက်။ တနည်း – အညဿ ဝဒနံ အညဝါဒကံ-ဟုဆို၍ ၎င်းကြိယာကိုပင် ကောက်လေ။

အဓိပ္ပါယ်–သိက္ခာပုဒ် အကြွင်း အကျန်ရှိသော ပါရာဇိကမှတပါးသော အာပတ်သို့ ရောက်သော ရဟန်းသည် ဝိနည်းမိုရ်က သံဃာ့အလယ်၌ ဝတ္ထုဖြင့် ဖြစ်စေ, အာပတ်ဖြင့်ဖြစ်စေ မေးအပ်သော် အဘယ်သူ့အာပတ်သင့်သလဲ စသည်ဖြင့်ပြန်မေး၏။ဤသို့ ပြန်မေးခြင်းကား ဝိနည်းမိုရ်မေးသည်ကို မဖြေလို၍ ဝိနည်းမိုရ်စကားကို ဖုံးလွှမ်းပစ်လိုက်ခြင်းပင်တည်း။ ၎င်းစကားမျိုးကို အညဝါဒက ခေါ်သည်။ [အဋ္ဌကထာကြီး၌ အကျယ်လာပြီ။]

ဝိဟေသကော။ ။ဝိဟေသတီတိ ဝိဟေသကော။ ဆိတဲ့ဆိတ် နေသဖြင့် သံဃာကို ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ကို ကောက်သင့်သော်လည်း ဘာဝပွဓာနဖြစ်၍ တုဏှီဘာဝကြိယာကိုကောက်။.... တနည်း ဆိတ်ဆိတ်နေသော ရဟန်းကိုပင် ကောက်၍ တဒ္ဓိတ်ဆင့်၊ တုဏှီဘာဝကြိယာကိုပင် ကောက်။ တနည်း–ဝိဟေသနံ ဝိဟေသကံဟု ဆို၍ တုဏှီဘာဝကြိယာကိုပင် ကောက်လေ။

အဓိပ္ပါယ်–သိက္ခာပုဒ် အကြွင်းအကျန်ရှိသော ပါထုဇ်ကမှ တပါးသော သံဃာဒိသေသ်စသော အာပတ်သို့ ရောက်သော ရဟန်းသည် ဝိနည်းဓိုရ်က သံဃာ့အလယ်၌ ဝတ္ထုဖြင့် ဖြစ်စေ, အာပတ်ဖြင့် ဖြစ်စေ ငါ့ရှင် ဤမည်သော ဝတ္ထု, ဤမည်သောအာပတ်သို့ ရောက်သည်မဟုတ်လော စသည်ဖြင့် မေးသော် မဖြေတော့ဘဲ ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာများ ကြာမြင့်စွာ ထိုင်နေရသည့်အတွက် ညောင်းညာခြင်း စသော ဒုက္ခအမျိုးမျိုးရောက်ရကား ဆိတ်ဆိတ်နေခြင်းသည် သံဃာအား ညှဉ်းဆဲခြင်း ဝိဟေသမည်သည် ဟူ၏။

ပါစိတ္တိယံ။ ။ထိုအညဝါဒက, ဝိဟေသက အမှုကိုပြုသော ရဟန်းကို မြတ်စွာဘုရားက အညဝါဒကကံ, ဝိဟေသကကံ တင်ရမည်ဟု ခွင့်ပြုထား၍ အရ သံဃာက ကမ္မဝါစာဖြင့် ထိုကံများ တင်ရမည်၊ ကံသို့ တင်ပြီးနောက်မှ အညဝါဒကအမှု, ဝိဟေသကအမှု ပြုသော ရဟန်း အညဝါဒကအမှုအတွက် ပါစိတ် တချက်, ဝိဟေသကအမှုအတွက် ပါစိတ် တချက်စီ သင့်၏၊ ကံ မတင်မီ ထိုအမှုမျိုးကို ပြုသော ရဟန်း ဒုက္ကဋ်ဟု သိ။

နိဒါန်း စသည်။ ။ကောသမ္မီ၊ ဆန္နထေရ်၊ တပါးသော စကားဖြင့် တပါးသော စကားကို ဖုံးလွှမ်းသော ဝတ္ထု။ သာ၊ အနာ၊ ဓမ္မကံ၌ တိကပါစိတ်၊ အဓမ္မကံ၌ တိကဒုက္ကဋ်။ အာပတ်ကိုဂုဏ်း အာပတ် သင့်ခြင်းကိုဂုဏ်း မသိ၍ သင်တို့ အဘယ်ကို ဆိုကြသနည်းဟု မေးသော ရဟန်း, နာနေခြင်းကြောင့် သံဃာအား ငြင်းခုံခြင်း စသည်တို့ ဖြစ်ကုန်လတ္တံ့ဟူသော အလိုကြောင့် အဓမ္မကံကြောင့် ဝဂ် ဖြစ်ခြင်းကြောင့် ကံ မထိုက်သော ရဟန်း အား ကံပြုလတ္တံ့ဟူသော အလိုကြောင့် မဆိုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဓမ္မကံအားဖြင့် တင်ခြင်း, အာပတ်အားဖြင့်ဂုဏ်း ဝတ္ထုအားဖြင့်ဂုဏ်း မေးစစ်ခြင်း, တပါးသောစကားဖြင့် တပါးသောစကားကို ဖုံးလွှမ်းခြင်း, သို့မဟုတ် ဆိတ်ဆိတ်နေခြင်း၊ အင်္ဂါ သုံးပါး။....သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ။ သိယာ ကိရိယ သိယာ အကိရိယ၊ ဒုက္ခဝေဒနာ သာ ထူး၏။

၃- ဥဋ္ဌာပနက

၃။ ဥဋ္ဌာပနကေ၊ မျက်မှောက် ကဲ့ရဲ့ခြင်းကြောင့်။ ဝါ၊ မျက်မှောက်ကဲ့ရဲ့ကြောင်း ဖြစ်သော စကားကြောင့်။ ပါစိတ္တိယံ၊–၏။ ။ခိယျနကေ၊ မျက်ကွယ် ကဲ့ရဲ့ခြင်းကြောင့်။ ဝါ၊ မျက်ကွယ် ကဲ့ရဲ့ကြောင်း ဖြစ်သော စကားကြောင့်။ ပါစိတ္တိယံ၊–၏။

ဆောင်—ဓမ္မကံတင်လတ်၊ အာပတ်ဝတ္ထု၊ တခုခုစစ်၊ ကိုယ့်အဖြစ်ကို၊
ဖုံးလွှမ်းလိုပေ၊ ဆိတ်ဆိတ်နေက၊ အင်သုံးဝ၊ အညဝါဒကာ။
အညဝါဒကသိက္ခာပုဒ် ပြီး၏။

၃-ဥဋ္ဌာပနက

ဥဋ္ဌာပနကေ။ ။ဥဋ္ဌာယတေ ဥဋ္ဌာပနကံ။ အဝရွေးရှိသော စေ့-ခာတ်၊ ကာပေ-ပစ္စည်း, ယုပစ္စည်း, က-ပစ္စည်း။ မျက်မှောက်ကဲ့ရဲ့ခြင်းကြိယာကို ရစေ။....တနည်း–ဥဋ္ဌာပေန္တိ ဧတေနာတိ ဥဋ္ဌာပနကံ။ မျက်မှောက်ကဲ့ရဲ့ကြောင်း ဖြစ်သော စကားကို ရစေ။ မိမိမုန်းသော ရဟန်းကပါး၏ အကြောင်းကို ရဟန်းတို့၏ အထံသွား၍ ဤရဟန်း ဆန္ဒာဂတိ လိုက်သည်။ ဘယ်လို ညာလို စသည်ဖြင့် ထိုရဟန်းအား အထင်အမြင်သေးအောင် မျက်မှောက် တိုက်ရိုက်ပြောဆိုသော ကျေးငှဲးမဲ့စကားမျိုးကို ဥဋ္ဌာပနက ခေါ်သည်။

ခိယျနကေ။ ။ခိယတေ ခိယျနကံ။ ခိ-ခာတ်, ယုပစ္စည်း, က-ပစ္စည်း။ မျက်ကွယ် ကဲ့ရဲ့ခြင်းကို ရစေ။ တနည်း–ခိယန္တိ အဝဏ္ဏံ ပကာသေန္တိ ဧတေနာတိ ခိယျနကံ။ မျက်ကွယ်ကဲ့ရဲ့ကြောင်း ဖြစ်သော စကားကို ရစေ။ မိမိမုန်းထားသော ရဟန်းတပါး၏ အပြစ်ကို သိစေလိုသော ထိုထို ရဟန်း အထံသို့ သွား၍ ဤရဟန်း ဆန္ဒာဂတိ လိုက်စားသည့် စသည်ဖြင့် မျက်မှောက် တိုက်ရိုက်မပြောဘဲ ထိုသိစေလိုသော ရဟန်းတို့၏ အနီးအနား ဟတ္ထပါသ်၌ မိမိတို့အချင်းချင်း မုန်းသော ရဟန်း၏ အပြစ်ကို ပြောဆိုခြင်းမျိုးကို ခိယျနက ခေါ်သည်။

ဆောင်—ကျေးငှဲးမဲ့အား၊ တိုက်ရိုက်ကား၊ ပြောကြား ဥဋ္ဌာပနက။
တိုက်ရိုက်မဆို၊ ချင်းချင်းကို၊ ပြောဆို ခိယျနက။
မျက်မှောက်မျက်ကွယ်၊ ထူးသည့်နှယ်၊ ကျဉ်းဝယ် မှတ်ကုန်ကြ။

ပါစိတ္တိယံ။ ။ဥဋ္ဌာပနက ဝတ္ထုကြောင့် ပါစိတ်ဘချက်၊ ခိယျနကဝတ္ထုကြောင့် ပါစိတ်တချက်၊ ဝတ္ထုနှစ်ခု အပေါင်းကြောင့် ပါစိတ်နှစ်ချက် သင့်၏။ ထိုသို့ ဖြစ်သော်လည်း အပြစ်ပြောခြင်း, ကဲ့ရဲ့ခြင်းခံရသော ရဟန်းသည် သေနာသန, ပညာပကစသော သမ္မုတိရသော ရဟန်းဖြစ်၍ ရဟန်း၏ အထံ၌ ပြောပါမှ ပါစိတ်သင့်သည်။ လူသာမကဏ်ထံ ပြောသောရဟန်း, သမ္မုတိမရသောရဟန်း၏ ကျေးငှဲးမဲ့ကို တစုံတယောက်ထံ ပြောသောရဟန်း, လူသာမကေ၏ မဟုတ်မှန်သော အပြစ်ကို ပြောသောရဟန်း ဒုက္ကဋ်ဟုသိ။

ဆောင်။ ။ရဟန်းထံမူ၊ပါစိတ်ဟူ၊သာ, လူ ဒုက္ကဋ်သိ။
သမ္မုတိမ ခ၊ရဟန်းမျှ၊ပြောက ဒုက္ကဋ်သိ။
လူ,သာမကော၊ပြစ်ပြောလေ၊တထွေ ဒုက္ကဋ်သိ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်။ မေတ္တိယ ဘူမဇကရဟန်းများ။ မျက်မှောက်, မျက်ကွယ် ကဲ့ရဲ့သောဝတ္ထု။ သာ၊ အနာ၊ ဓမ္မကံ၌ တိက ပါစိတ်။ အဓမ္မကံ၌ တိက ဒုက္ကဋ်။ ပြကတော့ဆန္ဒ စသည်ကို လိုက်စားသောရဟန်းကို ကဲ့ရဲ့သောရဟန်း, ဘမကဇကရဟန်း စသည်တို့အား အနာပတ္တိ။ ဓမ္မကံဖြင့် သမုတ်ခြင်း, ရဟန်းဖြစ်ခြင်း, ဂတိမလိုက်စားခြင်း, ထိုရဟန်း၏ ကျေးငှဲးမဲ့ကို အလိုရှိခြင်း, ပြောအပ်သူ ရဟန်းဖြစ်ခြင်း, မျက်မှောက်မျက်ကွယ် ကဲ့ရဲ့ခြင်း၊ အင်္ဂါခြောက်ပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်။ ။ဓမ္မကံနည်း၊ သမုတ်ပြီးလစ်၊ ရဟန်းဖြစ်ဘိ၊ ဂတိမငဲ့၊ ကျေးငှဲးမဲ့လို၊ ပြောဆိုအပ်သူ၊ ဘိက္ခု။ဖြစ်မြောက်၊ မျက်မှောက်, မျက်ကွယ်၊ ကဲ့ရဲ့ဆုယ်ပါ။ အင်္ဂခြောက်ဖြာ၊ ဥဋ္ဌာပနက။

ဥဋ္ဌာပနကသိက္ခာပုဒ်ပြီး၏။

၄-ပထမ သေနာသန်

၄။ ယော ပနဘိက္ခု၊ -သည်။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ မဉ္စံ ဝါ၊ ညောင်စောင်းကိုဂုင်း။ ပီဌံ ဝါ၊ အင်းပျဉ်ကိုဂုင်း။ ဘိသိံ ဝါ၊ ဘုံလျှို ကိုဂုင်း။ ကောစ္ဆံ ဝါ၊ တွန့်ထားသော အခင်းကိုဂုင်း။ ဝါ၊ ခတ်အခင်းကို ဂုင်း။ အတ္ထောကာသေ၊ လွှင်တီးခေါင်၌။ သန္ထရိတွာ ဝါ၊ (ကိုယ်တိုင်) ခင်းခြင်း။ သန္ထရာပေတွာ ဝါ၊ (သူတပါးကို) ခင်းစေခြင်း။ ပက္ကမန္တော၊ (အရပ်တပါးသို့) ဖဲသွားသည်ရှိသော်။ တံ၊ ထိုညောင်စောင်းစသည်ကို။ နေဝ ဥဒ္ဓရေယျ ဝါ၊ (ကိုယ်တိုင်လည်း) မသိုမ့်ဖြားအံ့။ နဉဒ္ဓရာပေယျ ဝါ၊ (သူတပါးကိုလည်း) မသိုမ့်စေဖြားအံ့။ အနာပုစ္ဆံ ဝါ၊မပန်ကြားမူ၍လည်း။ ဂစ္ဆေယျ၊ သွားဖြားအံ့။ တဿ ဘိက္ခုနော၊ -အား။ ပါစိတ္တိယံ၊ -၏။

၃—ပထမ သေနာသန

သံဃိကံ မဉ္စံ။ ။သံဃသ္သ သန္တကံ သံဃိကံ။ သံဃာ၏ ဥစ္စာဖြစ်သော ညောင်စောင်း, အင်းပျဉ် စသည်ကို ရစေ။ ။မဉ္စတိ ပုဂ္ဂလံ ဓာရေတိတိ မဉ္စော။ ပုဂ္ဂိုလ်ကို ဆောင်တတ်သော ညောင်စောင်းကို ရစေ။ ။ တနည်း-မဉ္စတိ သယနာဒိကြိယံ ကရောတိ ဇတ္ထာတိ မဉ္စော။ အိပ်ခြင်းစသော ကြိယာကိုပြုရာ ညောင်စောင်းကို ရစေ။ ထိုညောင်စောင်းသည် အခြေခိုင် အပေါင်စုတ်သော မသာရကညောင်စောင်း, အခြေနှင့် တစပ်တည်း အပေါင် ရှိသော ဗုန္ဒိကာဗဒ္ဓ ညောင်စောင်း, ပုဇွန်ခြေသဏ္ဌာန် ကောက်သော အခြေ ရှိသော ကုဋ္ဌရုပါဒ ညောင်စောင်း, အပေါင်၌ အခြေစပ်သော အာဟစ္ဆပါဒက ညောင်စောင်းအား ဖြင့် လေးမျိုးပြား၏။

ပီဌံ။ ။ပီဌတိ ဒုက္ခံ ဟိ သတိတိ ပီဌံ။ ဒုက္ခကို ညှဉ်းဆဲတတ်သော အင်းပျဉ် ကိုရစေ။ ထိုအင်းပျဉ်သည်လည်း ညောင်စောင်းနည်းတူ လေးမျိုး ပြား၏။

အတ္ထူးကား-လေးတောင် အလျားရှိသည်ကား ညောင်စောင်း။ လေး တောင်ခွအာက် တိုသော အလျားရှိသည်ကား အင်းပျဉ်မည်သည်ဟု ဆိုကြ၏။

ဆောင်။ ။မသာရက၊ ဗုန္ဒိကနှင့်၊ ကုဋ္ဌရုပါဒ၊ အာဟစ္ဆ၊ လေးဝ ညောင် စောင်းပြား။

အင်းပျဉ်၌လည်း၊ ထိုလေးတည်း၊ ပြားနည်း သိစေသား။

လေးတောင်ရှိသည်၊ ညောင်စောင်းမည်၊တိုသည် အင်းပျဉ်ကြား။

ဘိသိ။ ။ဘိသိဟူသည် အပြင်က အဝတ်ဖြစ်စေ, သမင်ရေစသော အပ်သော သားရေဖြင့်ဖြစ်စေ အခဲ့ပြု၍ လူမွေးနှင့် ပန်းညှိရွက်ကို ဖယ်ထားပြီး အမွေး သစ်ရွက် မြက်လျှော်အဝတ်တို့ကို အဆာသတ်၍အပ်သော မွေ့ထုဘုံလျှို ကို ဆိုသည်။

ထိုဘုံလျှိုသည် သားမွေးဘုံလျှို, သစ်ရွက်ဘုံလျှို, အဝတ်ဘုံလျှို, မြက်ဘုံလျှို, လျှော်ဘုံလျှိုဟု ငါးမျိုးပြား၏။ ထိုဘုံလျှို၌ ထိုင်ခြင်း အိပ်ခြင်း အလုံးစုံ အပ်သည်။ ပမာဏ မရှိဟု သိ။

ဆောင်—သားမွေး-သစ်ရွက်၊ အဝတ်-မြက်၊ လျှော်စက် ဘုံလျှိုငါး။

ကောဇ္ဆံ။ ။ကုစိယတိ သင်္ကော်စိယတိတိ ကောဇ္ဆော။ အလယ်၌ တွန့်ထားသော(ကျုံ့ထားသော)အခင်းကို ရစေ။ ထိုအခင်းကား လျှော်, ပန်းရင်းမြက်, ပြွန်ဆံမြက်, ပြိတ်မြက် တပါးပါးဖြင့် ပြုထားသည်၊ အတွင်း၌ ရစ်၍ဖွဲ့ထားသည်။ အထက်အောက် ကျယ်၍ အလယ်ကျဉ်းပြီး ထက်စည် သဏ္ဌာန်ရှိသည်။ အလယ်၌ ခြင်္သေ့ရေ စသည်တို့ဖြင့် ဝန်းရံထားသည်။ ဤ အခင်း၌ မအပ်သော သားရေမည်သည် မရှိဟု သိ။

အဇ္ဈောကာသေ။ ။အဇ္ဈောကာသ ဟူသည် မိုးယိုးလေးလသာ မိုးယိုးရှာသော အရပ်၌ မိုးယိုးလေးလအတွင်း ပကတိသော လှင်တီးခေါင် အရပ်, မိုးယိုးလ ဆောင်းလ နှစ်ပါး မိုးယိုးရှာသောအရပ်၌ ရှစ်လအတွင်း ပကတိသော လှင်တီးခေါင်အရပ်, မိုးယိုးစုတ်သော မဏ္ဍပ်, သစ်ပင်ရင်း, ကျီး စသည်တို့ အသိုက်ပြု၍ အမြဲနေသော သစ်ပင်အောက် အရပ်တို့ကို ဆိုသည်။

သန္ထရိတ္ထ။ ။သန္ထရိတ္ထ ဟူသည် အဇ္ဈောကာသ ဖြစ်သော မခင်းကောင်း သော အရပ်၌ မိမိအကျိုးငှါဖြစ်စေ, သူတပါးအကျိုးငှါဖြစ်စေ ကိုယ်တိုင် ခင်းခြင်းကို ဆိုသည်။ သူတပါးအကျိုးငှါ ခင်းရာ၌ သူတပါးမထိုင်မီ အတွင်း သွားတော့ဟု မဆိုမီအတွင်းသာ မိမိ၏ တာဝန်ဖြစ်သည်ဟု သိ။

သန္ထရပေတ္ထ။ ။သန္ထရပေတ္ထ ဟူသည် လူသာမဏေတို့ကို ခင်းခိုင်းခြင်းကို ဆိုသည်။ လူသာမဏေပင် ခင်းသော်လည်း ခင်းခိုင်းသော ရဟန်း၏ တာဝန်ဖြစ်သည်ဟု သိ။

အနာပုစ္ဆာ ဝါ ဂစ္ဆေယျ။ ။ပန်ကြားအပ်သော သူမျိုးကား ပရိက္ခရာပျက်စီးမှာ ကြောက်သော လင်္ဂီ သူတော်ကောင်း ဖြစ်သော သာမဏေ အရာမ်စောင့်မျိုး ဆိုသည်။အလင်္ဂီဖြစ်မူ မပန်ကြားကောင်း၊ပန်ကြား သော်လည်း အာပတ်မှ မလွတ်၊ လင်္ဂီသူတော်ကောင်းဖြစ်သော သာမဏေ

အရုမ်စောင့်တို့အား မပန်ကြားဘဲ လာသိမ်းလိမ့်မည်ဟူသော စိတ်မျိုးမရှိမူ၍ သွားအံ့။ ခဲတက္ကလုန်သော် ပထမခြေလှမ်း ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်။ ခဲတက္ကလုန်ရာအရပ်၌ ခင်းခိုင်းပြီး ထိုနေရာသို့မသွားဘဲ အရပ်တပါးသို့ ဖဲသွားအံ့။ ပထမခြေလှမ်း ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်၊ သွဲ့ဆိုကဖြစ်မူ ပါစိတ်၊ တပါးသောပုဂ္ဂိုလ်၏ ဥစ္စာဖြစ်မူ ဒုက္ကဋ်၊ အယုတ်ဆုံး သပိတ်ခြေသော်လည်း ဒုက္ကဋ်ဟု သိ။

ဆောင်—သံဃဉ္စစွာ၊ပါစိတ်လာငြား၊တပါးပုဂ္ဂလ၊ဥစ္စာမျှ၊မှတ်ကြ ဒုက္ကဋ်ဌာ။
အယုတ်ဆုံးပေ၊ သပိတ်ခြေ၊ ထားလေ ဒုက္ကဋ်ဌာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ အခင်းကို မသိုမှီး မပန်ကြားဘဲ သွားသောဝတ္ထု။ သာ၊ သာ။ သံဃိကဌ် တိကပါစိတ်၊ ပုဂ္ဂလိကဌ် တိကဒုက္ကဋ်။ ကိုယ်ပိုင်ဥစ္စာဌ်, အကျမ်းဝင်သူ ဥစ္စာဌ် သိုမှီးခြင်းစသည်ကိုပြု၍ သွားသောရဟန်း, နေလှမ်းပြီး ပြန်ရုပ်မည်ဟု သွားသောရဟန်း, အနှောင့်အယှက်ရှိ၍ မသိမ်းဆည်းဘဲ သွားသောရဟန်း, ဘေးရန်ရှိ၍ သွားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ သံဃိကညောင်စောင်း စသည်ဖြစ်ခြင်း, ဆိုအပ်ပြီးသော လက္ခဏာရှိသောအရပ်၌ ခင်းခြင်း ခင်းစေခြင်း, အနှောင့်အယှက် မရှိခြင်း, ဘေးရန် မရှိခြင်း, ငဲ့ကွက်ခြင်း ကင်းခြင်း, ခဲတက္ကလုန်ခြင်း၊ အင်္ဂါခြောက်ပါး။....သမုဋ္ဌာန်စသည် ပထမကထိန နှင့် တူပြီ၊ ကိရိယာ ကိရိယသာ ထူး၏။

[သာရတ္ထဌ် ငဲ့ကွက်ခြင်း ကင်းခြင်းဟူသော အင်္ဂါအထူး ပါဋ္ဌိတော်အဋ္ဌကထာကြီးတို့၌ မထင်ဟု ဆို၏၊ ဆရာကြီးတို့ကား ၎င်းအင်္ဂါရှိခြင်းသည် သင့်မြတ်၏ဟု ဆိုကြ၏။]

ဆောင်—မဥ္စ စရှိ၊ သံဃိကတည်း၊ ဆိုပြီးထက္ခဏာ၊ ရပ်ဒေသာကင်း၊ နှောင့်ယှက်ကင်းပ၊ ဘေးဘယရှင်း၊ ငဲ့ကွက်ကင်းပ၊ ခဲတက္ကလုန်က၊ အင်္ဂခြောက်ဝ၊ ပထမ သေနာသနတည်း။

ပထမသေနာသနသိက္ခာပုဒ် ပြီး၏။

၅-ဒုတိယသေနာသန

ယော ပန ဘိက္ခု၊-သည်။ သံဃိကေ၊ သံဃာအား လှူ။အပ်သော။ ဝိဟာရေ၊-၌။ သေယျံ၊ (ဆယ်ပါးသော) အိပ်ရာကို။ သန္ထရိတွာ ဝါ၊-၍ဂင်း။ သန္ထရာပေတွာ ဝါ၊-၍ဂင်း။ ပက္ကမန္တော၊-သော်။ တံ၊ ထိုအိပ်ရာကို။ နေဝ ဥဒ္ဓရေယျ ဝါ၊-အံ့။ န ဥဒ္ဓရာပေယျ ဝါ၊-အံ့။ အနာပုစ္ဆံ ဝါ၊-၍လည်း။ ဂစ္ဆေယျ၊-အံ့။တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၅-ဒုတိယဧသနာသန

သံဃိကေ ဝိဟာရေ။ ။သံဃာဿ ဒိန္နော သံဃိကော။ သံဃာအား လှူ။အပ်ပြီးသော ကျောင်းကို ရစေ။ ။ဝိဟာရ ဟူသည် အလုံးစုံ အမိုးအကာရှိ၍ လုံခြုံသော ကျောင်းတိုက်ခန်းကို ဆိုသည်။

သေယျံ။ ။သယန္တိ ဧတ္ထာတိ သေယျာ။ အိပ်စရာ နေရာကို ရစေ။ ထို သေယျာသည် ဘုံလျှိုအခင်း ဟူသော ဘိသိ,။

အင်္ဂတေစသည်ဖြင့် အပြေအပြစ် ပြုထားသော မြေပေါ်၌ မြေအဆင်း မပျက်စေခြင်းငှါ ခင်းအပ်သော ပုဆိုးကြမ်း အခင်းဟူသော စိမိလိက,။

ညောင်စောင်းစသည်တို့၏ အထက်၌ ခင်းအပ်သော အခင်းဟူသော ဥတ္တရတ္ထရဏ,။

စိမိလိကရှိလျှင် စိမိလိကအပေါ်၌၊ မရှိလျှင် သက်သက်မြေပေါ်၌ ခင်းအပ်သော သင်ဖြူးစသော အခင်းထူးဟူသော် ဘူမတ္ထရဏ,။

ထန်းရွက် စသည်တို့ဖြင့် ပြုအပ်သော ဖျာကြမ်းစသော အခင်းဟူသော တဋ္ဋိက,။

ဘေးပတ်လည် ကောင်းစွာ ဖြတ်ထားအပ်သော ခြသေ့ရေ, ကျားရေစသော အလုံးစုံသော သားရေအခင်းဟူသော စမ္မခတ္ထ,။

နိသီဒိုင်အခင်း ဟူသော နိသီဒန,။

အမွေးရှိသော စုလျားကော်ဇော အခင်းထူးဟူသော ပစ္စတ္ထရဏ,။

အမှတ်မရှိ ပြိတ်မြက်စသော မြက်အခင်းဟူသော တိဏသန္ထာရ,။

သစ်ရွက် အခင်းဟူသော ပဏ္ဏသန္ထာရအားဖြင့် ဆယ်မျိုးပြား၏။

ခြသေ့ရေစသည်ကိုကား သွားလေထရာ ဆောင်ယူသွားခြင်းကိုသာ ပယ်သည်။ သေနာသန အသုံးအဆောင်၌ မအပ်သော သားရေမည်သည် မရှိဟု သိ။

ဆောင်—ဘိသိ-စိမိ၊ ဥတ်-ဘူမိ၊ တဋ္ဋိ-စမ္မခဏ်။
နိသိ-ပစ္စ၊ မြက်ပဏ္ဏ၊ သေယျ-ဆယ်ခုမှန်။

အနာပုစ္ဆံ။ ။အနာပုစ္ဆံ-ကား ဥပဝဿံ စသည်တို့ကဲ့သို့ နိဂ္ဂဟီတ်လာသည့် အစ္ဆမ်းဖြင့် ပြီးသည်။ အနာပုစ္ဆာဟူ၍လည်း အခွါပါဠ် ရှိ၏။ သုတ်ကြိုးဖြင့် တွာ-ပစ္စည်းကို အာ-ပြု၍ ပြီးသည်။

ပါစိတ္တိယံ။ ။ပါစိတ္တိယံ ဟူသည် ဆိုအပ်ပြီးသော သေယျ ဆယ်မျိုးတို့တွင် တခုခုသော အိပ်ရာအခင်းကို သံဃိကကျောင်း၌ ကိုယ်တိုင် ခင်း၍ သူတပါးကို ခင်းစေ၍ အရပ်တပါးသို့ ညှဉ်အိပ် ညှဉ်နေ ဖဲသွားလို သော ရဟန်းသည် ခြမစားနိုင်အောင် ကိုယ်တိုင်မူလည်း သိမ်းဆည်း သူတပါး ကိုလည်း သိမ်းဆည်းရန် ခိုင်းရမည်။ သို့မဟုတ် ပန်ကြား၍ သော်လည်း သွားရမည်။ ထိုသုံးချက်ကို မပြုလုပ်ဘဲ ဖဲသွားသောရဟန်း, အရံရှိသော် အရံကို၊ အရံမရှိသော် ဥပစာကို ခြေလှမ်းလွန်အံ့ ဒုက္ကဋ်၊ ဒုတိယ ခြေလှမ်း လွန်အံ့၊ ပါစိတ်သင့်၏။

သံဃိကကျောင်း သံဃိကအခင်း နှစ်ပါးစုံမှသာ ပါစိတ်၊ တပါးပါးဖြစ်မူ ဒုက္ကဋ်။ ပန်ကြားဟူရာ၌ ရဟန်းရှိလျှင် ရဟန်းကို ပန်ကြားရသည်၊ မရှိလျှင် သာမဏေကို ပန်ကြားရသည်၊ မရှိလျှင် အရံစောင့်ကို ပန်ကြားရသည်၊ မရှိလျှင် ကျောင်းဒကာကို ပန်ကြားရသည်။ ကျောင်းဒကာက လက်မခံအံ့၊ ကိုယ်တိုင် သိမ်းဆည်း သွားရမည်။ ခြ မစားဟု ဆုံးဖြတ်နိုင်အံ့၊ မပန်ကြား ဘဲလည်း သွားကောင်း၏ အာပတ်မသင့်။ သို့သော် ပန်ကြား၍ သွားခြင်း ကား ဂမိကရဟန်းတို့၏ ဝတ်အကျင့်ဖြစ်သည် ဟူ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ သတ္တရသဝဂ္ဂိ၊ သံဃိကကျောင်း၌ အခင်း ခင်း၍ မသိမ်းဆည်း မပန်ကြားဘဲ ဖဲသွားသောဝတ္ထု။ သာ၊ အနာ၊ သံဃိက၌ တိကပါစိတ်၊ သူတပါး ပုဂ္ဂလိက၌ တိကဒုက္ကဋ်။ ကိုယ်ပိုင်ဥစ္စာ၌ အကျမ်းဝင်သူ ဥစ္စာ၌ သိမ်းဆည်းခြင်း စသည်ကို ပြု၍သွား ရာ၌ အနှောက်အယှက်ရှိ၍ မသိမ်းဆည်းဘဲ သွားရာ၌ ယနေ့လာပြီး သိမ်း ဆည်းအံ့ဟု ငဲ့ကွက်ခြင်းရှိ၍ သွား၍ ထိုရောက်ရာအရပ်မှ တဖန် ခရီးသွား လိုသော စိတ်ဖြစ်လတ်ခဲသော် တစုံတယောက်ကိုစေ၍ ပန်ကြားသော ရဟန်း, အနှောင့်အယှက်ရှိ၍ ပြန်မလာနိုင်သောရဟန်း, ဘေးရန်ရှိ၍ မသိမ်းဆည်းဘဲ သွားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။

ဆိုအပ်ပြီးသောလက္ခဏာရှိသော အိပ်ရာဖြစ်ခြင်း, ထိုအိပ်ရာ သံဃိကဖြစ်ခြင်း, ဆိုအပ်ပြီးသော လက္ခဏာရှိသော ကျောင်း၌ ခင်းခြင်း, ခင်းစေခြင်း, အခြားနှင့်

၆–အနုပခဇ္ဇ

၆။ ယော ပန ဘိက္ခု၊–သည်။ သံဃိကော၊–သော။ဝိဟာရေ၊–၌။ပုဗ္ဗ။ ပဂတံ၊ ရွေးဦးစွာ ကပ်ရောက်သော။ ဝါ၊ ရွေး၌နေသော။ ဘိက္ခု၊(သီတင်းကြီးသော) ရဟန်းကို။ ဇာနံ၊ သိလျက်။ ယဿ၊ အကြင် ရဟန်းအား။ သမ္မာဓေ၊ ကျဉ်းမြောင်းခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထို ရဟန်းသည်။ ပက္ကမိဿတိ၊ ဖဲသွားလတ္တံ့။ ဣတိ၊ ဤသို့နှလုံးပြု၍။ (တဿ၊ ထိုသီတင်းကြီး စသော ရဟန်း၏။ ဥပစာရံ၊ ဥပစာရသို့။) အနုပခဇ္ဇ၊ (တတောင့်ထွာဟတ္ထပါသ်အတွင်း) ဝင်၍။ သေယျံ၊ ဆိုင်ခြင်း, အိပ်ခြင်းကို။ ကပ္ပေယျ၊ပြုငြားအံ့။ တဿ ဘိက္ခုနော၊ –အား။တေဒေဝ၊ထိုကျဉ်းမြောင်းခြင်းကိုသာလျှင်။ ပစ္စယံ၊ အကြောင်းကို။ ကရိတ္ဝာ၊–၍။ ဝါ၊–ကြောင့်။ အနညံ၊ (ကျဉ်းမြောင်းခြင်းအကြောင်းမှ) တပါးသော အကြောင်း မရှိသော။ ပါစိတ္တိယံ၊–သည်။ ဟောတိ၊–၏။

အယုက်မရှိခြင်း, ဘေးရန်မရှိခြင်း, ဝဲကွက်ခြင်းမရှိဘဲ ဖဲသွားခြင်း, ဥပစာကို လွန်ခြင်း၊ အင်္ဂါခုနစ်ပါး။ သမုဋ္ဌာန်စသည် ပထမ သေနာသန သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်——သေယျ ဆယ်ခု၊ တခုဖြစ်ဘိ၊ သံဃိကတည်း၊ ဆိုပြီး လက္ခဏာ၊ ကျောင်းမှာခင်းခြင်း၊ ခင်းစေခြင်းဖက်၊ နှောင့်ယှက်မရှိ၊ ဘေးကင်းဘိလျက်၊ ဝဲကွက်မထား၊ ဖဲသွားတုံပါ၊ ဥပစာလွန်က၊ အင်္ဂသတ္တ၊ မှတ်ကြ ဒုတိယသေနာသနတည်း။

ဒုတိယသေနာသနသိက္ခာပုဒ်ပြီး၏။

၆–အနုပခဇ္ဇ

ဇာနံ။ ။ဇာနံဟူသည် မထစေအပ်သည့် အဖြစ်ကို သိခြင်းကို ဆိုသည်။ ခဲ့ညဉ်း အံ့–မိမိထက် သိက္ခာဝါကြီးသော သီတင်းကြီးရဟန်းကို မိမိထက် သိက္ခာ ဝါကြီးသောကြောင့် ဝါငယ်ရဟန်းက ထသွားအောင် မပြုလုပ်ကောင်း။ ရောဂါသည်ဖြစ်သောကြောင့် ဂိလာနကို ထသွားအောင် မပြုကောင်း။ သံဃာအား ကျေးဇူးမျှားသော ဗဟုပကာရဂုဏ်, ဂုဏ်ထူးဖြစ်သော ဂုဏဝိသိဋ္ဌဂုဏ် နှစ်ပါးရှိ၍ သံဃာသည် သီးခြားကျောင်း ပေးထားအပ်သော ဘဏ္ဍာဂါရိက စမ္မကထိက ဝိနယဓရ ဂဏဝါစက ဆရာဖြစ်သော ရဟန်းတို့ကို ထိုဂုဏ်တို့ ရှိသော

ကြောင့် ထသွားအောင် မပြုကောင်း၊ ဤထသွားအောင် မပြုကောင်းသော ပုဂ္ဂိုလ်သုံးမျိုးကို ထသွားအောင် မပြုကောင်းမှန်သိခြင်းကို ဆိုသည်။ အဋ္ဌကထာကြီး စီဝရက္ခန္ဓက ၌ ဘဏ္ဍာဂါဂိုကကို သီးခြားထုတ်၍ လေးမျိုးဟုဆို၏။

ဆောင်— သီတင်းကြီး-သူနာ၊သံဃာပေးသူ၊ သုံးယောက်ဟူ၊ ထမှု မထစေ။

ပုဗ္ဗုပဂတံ ဘိက္ခုံ။ ။ဝါစဉ်အားဖြင့် ရောက်၍ဖြစ်စေ, အပလောကနကံဖြင့် သမုတ်၍ဖြစ်စေ သံဃာသည် ပေးအပ်သောကျောင်းကို ရှေးဦးစွာနေသော ရဟန်းကို ဆိုသည်။ ရဟန်းအရကို ဆိုအပ်ပြီးသော ရဟန်းသုံးမျိုးကို ယူ။

အနုပခဇ္ဇ။ ။အနု-ရှေး, ဥပ-ရှေးရှိသော ခီ-ဓာတ်, တ္တ-ပစ္စည်း။ ခီ-ဓာတ် ဟိ သန အနက်ဟော၊ အနီးသို့ကပ်ရောက်ခြင်းဖြင့် ညှဉ်းဆဲခြင်း ဥပစာအတွင်းဝင်နေခြင်း ဟူ၏။ ဆိုအပ်ပြီးသော ရဟန်းသုံးမျိုးတို့၏ ညောင်စောင်း အင်းပျဉ်တို့၏ ဥပစာ, ထိုရဟန်းတို့၏ ထွက်ရာ ဝင်ရာ ဥပစာသို့ ဝင်ခြင်း, နေထိုင်ခြင်း, ဝင်အိပ်ခြင်းကို အနုပခဇ္ဇ ခေါ်သည်။

ဥပစာ-အရ ကြီးသောကျောင်းဖြစ်အံ့ ညောင်စောင်းအင်းပျဉ်၏ အရပ်လေးမျက်နှာမှ တတောင့်ထွာ, ငယ်သောကျောင်းဖြစ်အံ့ တခုခုသောအရပ်မှ တတောင့်ထွာယူ။

ဝင်ရာအရပ်ဥပစာကား ခြေဆေးရာ နေရာမှစ၍ ညောင်စောင်း အင်းပျဉ်တိုင်အောင် တတောင့်ထွာ ခရီးလမ်းကိုယူ၊ ထွက်ရာအရပ် ဥပစာကား ညောင်စောင်းအင်းပျဉ်မှ ကျင်ငယ်စွန့်ရာ အရပ်တိုင်အောင် တတောင့်ထွာ လမ်းခရီးကို ယူ။

သေယျံ ကပ္ပေယျ။ ။သေယျံ-ကား ကောသေသ်ဖြစ်၍ ထိုင်ခြင်း, အိပ်ခြင်း နှစ်ပါးကိုယူ၊ အဓိပ္ပါယ်–ထိုရဟန်း၏ ကျဉ်းမြောင်းခြင်းကို အလိုရှိ၍ ဥပစာ၌ ဆယ်ပါးသော အိပ်ရာတို့တွင် တခုခုသော အိပ်ရာကို ခင်းအံ့–ခင်းစေအံ့ ဒုက္ကဋ်၊ ခင်းပြီးနောက် ထိုင်ရုံသာထိုင်အံ့ ပါစိတ်တခုက်၊ အိပ်ရုံသာအိပ်အံ့ ပါစိတ်တခုက်၊ ထိုင်ခြင်း, အိပ်ခြင်း နှစ်ပါးစုံပြုအံ့ ပါစိတ်နှစ်ခုက်၊ ထ၍ ထ၍ ထိုင်ခြင်း, အိပ်ခြင်း အကြိမ်ကြိမ်ပြုအံ့ အကြိမ်တိုင်း ပါစိတ်သင့်၏။

ယဿ–အနည်— ဤဝါကျဖြင့် ဖဲစေလိုခြင်း စသော အကြောင်းရှိပါမှ ပါစိတ်သင့်သည်။ မကျန်းမာခြင်း စသော အကြောင်းကြောင့် ထိုင်ခြင်း, အိပ်ခြင်းပြုသောရဟန်းအား အာပတ်မသင့်ဟုပြသည်။

၇-နိဂ္ဂဗုန်

၇။ ယော ပန ဘိက္ခု၊-သည်။ ဘိက္ခုံ၊ (ငြင်းခုံခြင်းကိုပြုတတ်သည်၏ အဖြစ်စသည်မှ လွတ်သော) ရဟန်းကို။ ကုပိတော၊ အမျက်ထွက်သည်။ အနတ္တမနော၊ မိမိစိတ် မရှိသည်။ ဝါ၊ မနှစ်သက်သော စိတ်ရှိသည်။ ဟုတ္တာ၊-၍။ သံဃိကာ၊ -သော။ ဝိဟာရာ၊-မှ။ နိဂ္ဂဏှေယျ ဝါ၊ (ကိုယ်တိုင်လည်း) ငင်ထုတ်ငြားအံ့။ နိဂ္ဂဏှာပေယျဝါ၊ (သူတပါးကိုလည်း) ငင်ထုတ်စေငြားအံ့။ တဿ ဘိက္ခုနော၊-အား။ပါစိတ္တိယံ၊-၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆင်ဖွဂို၊ ဥပစာရသို့ ဝင်၍ အိပ်သော ဝတ္ထု။ သာ၊ အနာ။ သံဃိကဌ် တိက ပါစိတ်, ပုဂ္ဂလိကဌ် တိကဒုက္ကဋ်။ ကိုယ်ပိုင်ကျောင်းဌ် ခင်းသောရဟန်း, အာကျမ်းဝင်သော သူ၏ကျောင်းဌ် ခင်းသောရဟန်း, နာ၍ အချမ်းအပူ နှိပ်စက်၍ ဝင်နေသောရဟန်း, ဘေးရန်တို့ကြောင့် ဝင်ခဲနေသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ်တို၊ သံဃိကကျောင်းဖြစ်ခြင်း, မထစေအပ်သည့်အဖြစ်ကိုသိခြင်း, ကျဉ်းမြောင်းခြင်းငှါ အလိုရှိခြင်း, ဥပစာဌ် ထိုင်ခြင်းအိပ်ခြင်း အင်္ဂါလေးပါး။.... သမုဋ္ဌာန် စသည် ပထမ ပါရာဇိကနှင့် တူပြီ၊ ဒုက္ခ ဝေဒနာသာ ထူး၏။

ဆောင်——ကျောင်းသံဃိက၊ မထစေအပ်၊ သိမှတ်နိုင်ခြင်း၊ ကျဉ်းမြောင်းခြင်းငှါ၊ လိုရှိပါ၍၊ ဥပစာတွင်း၊ ထိုင်အိပ်ခြင်းဟု၊ အင်္ဂလေးခု၊ အနုပခဇ္ဇတည်း။

အနုပခဇ္ဇသိက္ခာပုဒ်ပြီး၏။

၈-နိဂ္ဂဗုန

ဘိက္ခုံ-မနော။ ။ဘိက္ခုအရ ငြင်းခုံခြင်းကို ပြုတတ်သည့်အဖြစ်စသည်မှ လွတ်ကင်းသော ရဟန်းကောင်းကိုယူ။ ။ကုပ္ပတိတိ ကုပိတော။ အမျက်ထွက်ဘတ်သော ရဟန်းကို ရစေ။ ။အတ္တနော မနော အတ္တမနော။ မိမိ၏စိတ်ကို ရစေ။ ။နတ္ထိ အတ္တမနော ဇေသောတိ အနတ္တ မနော။ မိမိစိတ် မရှိသော ဒေါမနဿနှင့် ပြည့်စုံသော ရဟန်းကိုရစေ။ [အကျယ်ရှေးကဆိုခဲ့ပြီ]။ ပါစိတ္တိယံ။ ။တရားနှင့်အညီနေသော ရဟန်းကို ကိုင်၍ တံခါးအများရှိသော ကျောင်းဌ် အကြားမှာ မတန့်ရပ်စေမူ၍ တကြိမ်တည်းသော လုံ့လဖြင့် ငင်ထုတ်သော ရဟန်း ပါစိတ်တခုက်သာ၊ တန့်ရပ်စေ၍ အထူးထူး

သော လုံ့လဖြင့် ငင်ထုတ်သောရဟန်း တံခါးအရေအတွက်တိုင်း ပါစိတ်၊ လက်ဖြင့်မကိုင်ဘဲ နှုတ်ဖြင့်သာ ထုက်လေ့ဟု ငင်ထုတ်သော ရဟန်းအား လည်း ပါစိတ်၊ ဆွဲထုတ်လိုက်ဟု ခိုင်းသောရဟန်း ဒုက္ကဋ်၊ ရဟန်း၏ ပရိက္ခရာကို, ကျောင်း၏ ဥပစာမှ ရဟန်းကို, ရဟန်း၏ ပရိက္ခရာကို, လူသာမဏေကို, လူသာမဏေတို့၏ပရိက္ခရာကို ကျောင်းမှ ကျောင်း၏ ဥပစာမှ ငင်ထုတ်သော ရဟန်း, ငင်ထုတ်စေသောရဟန်း ဒုက္ကဋ်၊ ပရိက္ခရာများ တထုပ်ထည်းဖြစ်ရာ၌ အာပတ်တချက်၊ တခုစီဖြစ်ရာ၌ ပရိက္ခရာ အရေအတွက် အာပတ်သင့်သည်၊ ထုက်သွားဟူသောစကားကိုကြား၍ မိမိအလိုလိုထုက်သွားမူ အနာပတ်တိုဟုဆိုကြ၏။ ဋီကာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ သံဃိကကျောင်းမှ ငင်ထုတ်သောဝတ္ထု။ သာ၊ သာ။ ဃံဃိက၌ တိကပါစိတ်၊ သူတပါး ပဂ္ဂလိက၌ တိကဒုက္ကဋ်၊ မိမိပိုင်ကျောင်းမှ, အကျွမ်းဝင်သူ၏ကျောင်းမှ ငင်ထုတ်သောရဟန်း၊ အလုံးစုံသော သံဃာ့အရာမ်မှ ခိုက်ရန်ငြင်းခုံခြင်းကို ပြုသောရဟန်းကို, ထို ရဟန်း၏ ပရိက္ခရာကို ငင်ထုတ်ခြင်း ငင်ထုတ်စေခြင်းကို ပြုသောရဟန်း၊ မိမိ နေရာကျောင်းမှသာ အလင်္ကာ ဥမ္မတ္တက ကောင်းစွာ မကျင့်သော အန္တေဝါသိက သဒ္ဒိဝိဟာရိကတို့ကို, ထိုရဟန်းတို့၏ ပရိက္ခရာတို့ကို ငင်ထုတ်သောရဟန်း၊ [တတိုက်လုံးမှ မငင်ထုတ်ရ] ဥမ္မတ္တက စသော ရဟန်းတို့အား အနာပတ်တို့။ သံဃိကကျောင်းဖြစ်ခြင်း, ခိုက်ရန် ငြင်းခုံခြင်း စသည် မပြုတတ်သော ရဟန်းဖြစ်ခြင်း, အမျက်ထုက်သဖြင့် ငင်ထုတ်ခြင်း, ငင်ထုတ်စေခြင်း အင်္ဂါသုံးပါး။.... သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—သံဃာ့ကျောင်းမှန်၊ ခိုက်ရန်မသန်း၊ ရဟန်းဖြစ်လျက်၊ အမျက်ထုက်လျှင်း၊ ငင်ခြင်း စေလတ်၊ အင်သုံးရပ်၊ နိက္ကဗုန်တည်း။

နိက္ကဗုန် သိက္ခာပုဒ် ပြီး၏။

ဂ-ဝေဟာသကုဋ္ဌိ

ဂ။ ယော ပန ဘိက္ခု၊-သည်။ သံဃိကေ၊-သော။ ဝိဟာရေ၊-၌။ ဥပရိဝေဟာသ ကုဋ္ဌိယာ၊ အထက်ဆင့်၌ ပျဉ်မခင်းသော ဟင်းလင်း အပြင် ရှိသော ကုဋီ၌။ အာဟစ္စ ပါဒကံ၊ အပေါင်၌ ထုင်း၍ သွင်းအပ်သော အခြေရှိသော။ မဉ္ဆံဝါ၊-ကိုဂုင်း။ ပိဒ္ဓံဝါ၊-ကိုဂုင်း။ အဘိနိသီဒေယျဝါ၊ ဖိ၍လည်း ထိုင်ငြားအံ့။ အဘိ နိပဇ္ဇေယျဝါ၊ ဖိ၍လည်း အိပ်ငြားအံ့။.... [တနည်း-မဉ္ဆံဝါ၊-၌ဂုင်း။ ပိဒ္ဓံဝါ၊-၌ဂုင်း။ အဘိ နိသီဒေယျဝါ၊ ထိုင်မူလည်း ထိုင်ငြားအံ့။ အဘိ နိပဇ္ဇေယျ၁!၊ အိပ်မူလည်း အိပ်ငြားအံ့]။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

ဂ-ဝေဟာသကုဋ္ဌိ

ဥပရိဝေဟာသကုဋ္ဌိယာ။ ။ဝိဂတော ဟာသော ဇ္ဈာတိ ဝေဟာသော။ အာရုံ အမျိုးမျိုးကို မရခြင်းကြောင့် စိတ်၏ ကင်းသော ရွှင်ခြင်းရှိရာ ကောင်းကင်ကို ရစေ။ ဤ၌ နှစ်ထပ်သုံးထပ်ရှိရာ၌ အထက်ထပ်ဝယ် ပျဉ်မခင်းရသေး၍ ဟင်းလင်းအပြင်ဖြစ်သော ကောင်းကင်ကို ဝေဟာသ ဆိုသည်။ ။ဥပရိ ဝေဟာသော တေသာတိ ဥပရိဝေဟာသာ။ အထက်ထပ်၌ ပျဉ်မခင်းရသေး၍ ဟင်းလင်းအပြင် ရှိသော ကုဋ္ဌိကို ရစေ။ ။ဥပရိဝေဟာသာ စ သာ ကုဋ္ဌိ စာတိ ဥပရိဝေဟာသကုဋ္ဌိ၊ ယခင် ကုဋ္ဌိကိုပင် ရစေ။ ဥပရိဝေဟာသကုဋ္ဌိဟု ဆိုသော်လည်း သက်သက် ဘာမျှ မရှိသော ဟင်းလင်းအပြင် မဟုတ်၊ ရက်မ,ဆင့်များကား ခင်းထား၍ ပျဉ်မခင်း ရသေးသည့်အတွက်ကြောင့်သာ ဥပရိဝေဟာသကုဋ္ဌိဟု ဆိုသည်။ ထိုကုဋ္ဌိကား ဘုံနှစ်ဆင့် သုံးဆင့် ရှိ၏။ ပမာဏ အလတ်ရှိသော မဇ္ဈိမပုရိသ ဦးခေါင်းလွတ်သော ကုဋ္ဌိမျိုးဟု သိ။

ဆောင်—မဇ္ဈိမ ပုရိ၊ ခေါင်းမထိ၊ ကုဋ္ဌိ ကိုသာယူ။

အာဟစ္စပါဒကံ။ ။အာဟစ္စ ပဝေသိတော ပါဒေါ တေသာတိ အာဟစ္စ ပါဒေါ။ အာဟစ္စပါဒေါဝေ အာဟစ္စပါဒကော။ အပေါင်၌ ထုင်း၍ ခြေ၏ ထိပ်ဖျားကို သွင်းထားအပ်သော ညောင်စောင်း အင်းပျဉ်ကို ရစေ။

ဤသိက္ခာပုဒ်ကား အခါတပါး ရဟန်းနှစ်ပါးသည် သံဃိကကျောင်း အထက်ထပ် ပျဉ်မခင်းရသေးသော ကုဋ္ဌိ၌ ရဟန်းတပါးကား အောက်၌နေ၍

ရဟန်းတပါးက အထက်ထပ်၌နေစဉ် အပေါင်၌ အခြေစုပ်သော ညောင်စောင်းပေါ်သို့ အမှတ်တမဲ့ ထိုင်လိုက်ရာ ညောင်စောင်းခြေ ကျတ်ပြီး အောက်၌နေသော ရဟန်း၏ ခေါင်းပေါ်သို့ ပြုတ်ကျခြင်းကြောင့် ပညတ်သော သိက္ခာပုဒ် ဖြစ်ရကား ပြုတ်ကျ တတ်သော အပေါင်၌ အခြေစုပ်သော အာဟစ္စပါဒက ညောင်စောင်းအင်းပျဉ်မျိုးကိုသာ ယူရန်သင့်၏။ မပြုတ်ကျနိုင်သော ညောင်စောင်း အင်းပျဉ်များကို ယူရန်မလိုဟု သိ။

အဘိနိသီဒေယျ ဝါ အဘိနိပ္ပဋ္ဌေယျ ဝါ။ ။ကျိပုဒ်တို့၌ အဘိ-တို့ကို အဘိဘာဝနအနက်, အဇ္ဈောတ္ထရဏ အနက် ရှိ၏ဟု ယူသော် မဉ္စံ ဝါ ပီဌံ ဝါ ပုဒ်တို့ကို ကံအနက်ပေး၍ အဘိတို့၌ စပ်။ မဉ္စံ ဝါ ပီဌံ ဝါ ပုဒ်တို့၌ အံ-ဝိဘတ် သတ္တမီ-အနက်၌ သက်၏ဟု ကြံသော် အဘိ-တို့ကား အနက်ထူးမရှိ။ ပုဒ်တို့ကို တင့်တယ်လာအောင် တန်းဆာဆင်ပေးသော ပဒသောဘနတ္ထ ဥပသာရဟု သိ။

ကျိသိက္ခာပုဒ်၌ ပီဌံ၏ နောက်၌ "သဟသာ"ဟူသော ပုဒ်ရှိသင့်ကြောင်းကို ဝတ္ထုကြောင်း ထောက်၍ သိသင့်၏ဟု ဆိုကြ၏။ သို့သော် ယခုကာလ စာအုပ်တို့၌ မရှိခြင်းကား သမ္ဘဝဗျဘိစာရ မရှိသောကြောင့် မထည့်ဘဲ ထားသည်ဟု ဆိုကြ၏။ ဝတ္ထု၌ "သဟသာ" ပါခြင်းကြောင့် ထည့်သော်လည်း သင့်ရာ၏။ ၎င်း "သဟသာ"ပုဒ်ဖြင့် နှလုံးမသွင်းခြင်းကို ပြသောကြောင့် ကျိသိက္ခာပုဒ်၏ အစိတ္တကအဖြစ် ဟူသော အနက်ကို ယူနိုင်ရကား ပါသော်လည်း အပြစ်မရှိဟူ၏။

ပါစိတ္တိယံ။ ။အာယုတ်ဆုံး ပမာဏ မဇ္ဈိမပုရိသခေါင်း မထိသော အထက် ဆင့်တွင် ပျဉ်မခင်းရသေးသော ဝေဟာသကုဋိ၌ အပေါင်၌ အခြေစုပ်သော ညောင်စောင်းအင်းပျဉ်ကို ခင်း၍ထိုင်အံ့ ပါစိတ်တချက်၊ အိပ်အံ့ ပါစိတ်တချက်၊ ထိုင်လည်းထိုင် အိပ်လည်းအိပ်အံ့ ပါစိတ်နှစ်ချက်၊ အကြိမ်ကြိမ်ပြုအံ့ ပယောဂတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ အပေါင်၌ ထွင်းသွင်းအပ်သော အခြေ ရှိသော ညောင်စောင်း အင်းပျဉ်ကို အဆောတလျင် ဖိ၍ ထိုင်ခြင်း ဖိ၍အိပ်ခြင်းဝတ္ထု။ [ဝတ္ထု၌ ထိုင်တမျိုးသာ လာသည်]။ သာ၊ အနာ၊ သံဃိက၌ တိကပါစိတ်၊ ပုဂ္ဂလိက၌ တိကဒုက္ကဋ်။

ကိုယ်ပိုင်ကျောင်း၌ အကျမ်းဝင်သူကျောင်း၌ ဝေဟာသကုဋီ မဟုတ်ဆာ၌ ခေါင်းထိသောကျောင်း၌ အောက်၌အဆောက်အဦရှိ၍ မသုံးဆောင်အပ်သော

၉-မဟလ္လကဝိဟာရ

၉။ မဟလ္လကံ၊ – သော။ဝိဟာရံ၊ – ကို။ကာရယမာနေန၊ – သော။ဘိက္ခု နာ ပန၊ – သည်။ ယာဝ ဒွါရကောသာ၊ တံခါးပေါင်၏ ထက်ဝန်းကျင် တံခါးရွက် ပမာဏရှိသော အရပ်တိုင်အောင်။ အဂ္ဂဠဥပနာ့ယ စ၊ တံခါး ပေါင်နှင့်တကွ တံခါးရွက်ကို မတုန်လှုပ်စေခြင်းအကျိုးငှါငင်း။ အာလောက သန္ဓိပရိကမ္မာယစ၊ လေသာတံခါးရွက်ကို ခိုင်မြဲအောင်ပြုခြင်း အကျိုး ငှါငင်း။ [ပုနပ္ပုနံ၊ အဖန်တလဲလဲ။ လိမ္မိတဗ္ဗော၊ လိမ်းကျံအပ်၏။ လေပါ

ကုဋီဌ်ဥ ပျဉ်ခင်းထားသော ကုဋီဌ်ဥ အင်္ဂတေစသည်ဖြင့် အပြေအပြစ်ပြုထားသော ကုဋီဌ်ဥ အာဟစ္စပါဒက ညောင်စောင်းအင်းပျဉ်ဥ ထိုင်သော ရဟန်း,

ဝေဟာသဋ္ဌ အာဟစ္စပါဒကညောင်စောင်း အင်းပျဉ်ဥရပ်လျက် တစုံတခုကို ဆဲယူသောရဟန်း,

ခြေထိပ်ဥ မယ်နှ စွန့်ကထားသော ညောင်စောင်းအင်းပျဉ်ဥ ထိုင်သော ရဟန်း,

ဥမ္မဇ္ဇကရဟန်း စသည်တို့အား အနာပတ်တိ။ သံဃိကကျောင်း ဖြစ်ခြင်း, ဦးခေါင်းမထိသော ဝေဟာသကုဋီဖြစ်ခြင်း, အောက်ထပ်ဥ သွားလာသုံးဆောင် လေ့ရှိခြင်း, စွန့်မယ်နှ မနှက်သော ခြေရှိသော ညောင်စောင်းအင်းပျဉ်ဥ ထိုင် ခြင်း အိပ်ခြင်း အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ဌေကလောမနှင့် တူပြီ။

ဆောင်——သံဃိက ကျောင်း၊ ဦးခေါင်းမထိ၊ ကုဋီဝေဟာ၊ အောက်မှာ သုံး ဆောင်၊ စွန့်ပေါင်မနှက်၊ ခြေရှိလျက်လျှင်၊ ညောင်အင်ဥ် သာ၊ ထိုင်အိပ်ပါ၊ ဝေဟာအင်္ဂါလေး။

ဝေဟာသကုဋီ သိက္ခာပုဒ် ပြီး၏။

၉-မဟလ္လကဝိဟာရ

မဟလ္လကံ-ဝိဟာရံ။ ။မဟလ္လက် ဖြင့် ဆောက်လုပ်သူ ကျောင်း ဒကာရှိသည့် အဖြစ်ကို ပြသည်။ ။ဘိက္ခုနာ ကို "လိမ္မိတဗ္ဗော လေပါပေတဗ္ဗော" ဟူသော ပါဠိသေသကြိယာဥ်စပ်။ ။ဝိဟာရအရ ဥလ္လိတ္တာ-ဝလိတ္တာကုဋီကို ယူ။

ဆောင်——ဥလ္လိတ္တာဝလိတ္တာ၊ ကျောင်းမျိုးသာ၊ ဤမှာ ဝိဟာ ယူ။

ပေတဗ္ဗော။ လိမ်းကျံစေအပ်၏။] ဒုတိယဒုနဿ ပရိယာယံ၊ အမိုး၏ နှစ်ထပ်, သုံးထပ် မိုးခြင်းကို။ အပဟာရိတော၊ စိမ်းသော ကောက်ပဲ မရှိသော အရပ်၌။ ဋ္ဌိတေန၊ ရပ်သဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ စီရင်အပ်၏။ယော ပန ဘိက္ခု၊ –သည်။တတော၊ ထိုနှစ်ထပ်, သုံးထပ်ထက်။ ဥတ္တရိ၊ –လွန်၊ အပဟာရိတော၊ –၌။ ဋ္ဌိတော၊ –လျက်။ စေ အဓိဋ္ဌဟေယျ၊ အကယ်၍ စီရင်ငြားအံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊ –၏။

ယာဝ ဒုါရ–ဋ္ဌပနာယ။ ။ယာဝဒုါရ ကောသာဒ်၌ ဒုါရကောသဟူသည် အလွန် အားဖြင့် တံခါးပေါင်၏ ဆက်ဝန်းကျင် နှစ်တောင့်ထွာ အရပ်ကိုဆိုသည်။ ပဟာပစ္စရိ-၌ တံခါးပေါင်မှစ၍ တထောင့်ထွာ အရပ်ဟု ဆို၏။ ကုရုန္ဒီ၌ တံခါး၏ နံဘေးနှစ်ဘက် တံခါးရွက် ပမာဏဟု ဆို၏။ မဟာ အဋ္ဌကထာ၌ တံခါးရွက်သည် တတောင့်ထွာ နှစ်တောင် နှစ်တောင့်ထွာရှိ၏။ထိုတံခါးရွက်ပမာဏဟု ဆို၏။

အဂ္ဂဋ္ဌ-သဒ္ဒါတံခါးရွက်ကိုသာ ဟောသော်လည်း အဝိနာဘာဝနည်းအားဖြင့် တံခါးရွက်နှင့်တကွ တံခါးပေါင်ကိုပါ ယူ။ ဋ္ဌပန-သဒ္ဒါ ထားခြင်း အနက်ဟော၊ တံခါးရွက် တံခါးပေါင် မတုန်မလှုပ် တည်တံ့ခိုင်မြဲစွာ နေစေခြင်းအကျိုးငှါ ထားခြင်းမျိုးကို ဆိုသည်ဟု သိ။ ။အတ္ထုပ္ပတ်၌ "ပုနပ္ပုနံ ဆာဒါပေသိ ပုနပ္ပုနံ လေပါပေသိ" ဟူသောပုဒ် လိုက်ခြင်းကြောင့် "ပုနပ္ပုနံ လိမ္မိတဗ္ဗော လေပါပေတဗ္ဗော"ပုဒ်များ ထည့်၍ အနက်ပေးလိုက်သည်။

အဓိပ္ပါယ်–တံခါးမကြီး၏ တံခါးရွက်ကို ဖွင့်လိုက်သည့်အခါ နံရံကို ခိုက်မိတတ်၏။ ပိတ်သည့်အခါ တံခါးပေါင်ကို ထိခိုက်၏။ ထို့ သို့ ထိခိုက်မိဖန်များသော် အက်တေ မြေညက်များ တုန်လှုပ် ပြိုကျတတ်၏။ ရိုက်မိဖန်များသော် စီထားသော အုတ်များလည်း တုန်လှုပ်ပြိုကျတတ်၏။ တံခါးပေါင် တံခါးရွက်များလည်း မခိုင်မြဲဘဲ ဖြစ်တတ်သည်၊ ထို့ကြောင့် တံခါးပေါင် တံခါးရွက်များကို ခိုင်မြဲစွာ နေစေခြင်း အကျိုးငှါ တံခါးရွက် ရိုက်မိရာအရပ်ကို အက်တေမြေညက်တို့ဖြင့် အထပ်ထပ် ကိုယ်တိုင်လိမ်းသုတ်ခြင်း ပြုနိုင်သည်။ သူတပါးကိုလည်း လိမ်းသုတ်ခိုင်းနိုင်သည်ဟူ၏။

အာလောကသန္ဓိ ပရိကမ္မာယ။ ။အာလောကံ သန္ဓေတိ ပိဓေတီတိ အာလောကသန္ဓိ။ အပြင်ဘက်က ဝင်လာမည့် အရောင်အလင်းများကို ပိတ်၍ တားဆီးတတ်သော လေသာတံခါးရွက်ကို ရစေ။ ။ပရိကမ္မဟူသည် ခိုင်မြဲအောင် ပြုခြင်းကိုဆိုသည်၊ လေသာတံခါးရွက်များကို ခိုင်မြဲအောင် ပြုဘို့ရာ အထပ်ထပ် လိမ်းသုတ်နိုင်သည် ဟူ၏။

ဒုတိယဒုနဿ--အဓိဋ္ဌာတပဒံ——ဤဝါကျဖြင့် အမိုးဌ် ပြုဘုယ်ကိစ္စကို ပြသည်။ ဒုတိယနှင့် ပရိယာယသည် ဆဒုနဿပုဒ်ခြားလျက် သမာသ်စပ်ထားသည်ဖြစ်၍ ဒုတိယပရိယာယံဟု တဲ့၍အနက်ပေးလိုက်သည်၊ နဝံ ပန ဘိက္ခဝေ နာ စီဝရလာဘေန ကဲ့သို့မှတ်။ ပရိယာယ သဒ္ဒါ ထက်ဝန်းကျင်လှည့်ပတ်ခြင်း ပရိက္ခေပအနက်ကိုသာဟောသော်လည်း ဤဌ် ထက်ဝန်းကျင် လှည့်ပတ်၍ မိုးခြင်းတိုင်အောင်ယူရမည်၊ တို့ကြောင့် "ဒုတိယံ ပရိယာယံ၊ နှစ်စဉ်သုံးစဉ်လည်၍ မိုးခြင်းကို" ဟု အနက်ပေးလိုက်သည်။ ထက်ဝန်းကျင် လှည့်ပတ်၍ မိုးခြင်းဟူသည် မိုးသင့်သောအရပ် အားလုံးကို လည်၍ မိုးခြင်းကို ဆိုသည်။

အပ္ပ-သဒ္ဒါ အပ္ပိစ္ဆော စသည်တို့ဌ်ကဲ့သို့ မရှိခြင်း အဘာဝအနက်ကို ဟောသည်။ ဟရိတ-သဒ္ဒါ စိမ်းစိုသော အဖျားဌ်သီးသော ကောက်မျိုး, အဆစ်ဌ် သီးသော ဗူးဖရုံ စသော ပဲမျိုးကိုယူ၊ အကြင်မျိုးစေ့သည် လယ်ယာတို့ဌ် ကြဲထားကာမျှ ဖြစ်၍ အပင်မပေါက်သေးသော်လည်း မိုဃ်းရွာသော် ပေါက်လတ္တံ့၊ ထိုမျိုးစေ့မျိုးကိုလည်း စိမ်းစိုသော ကောက်ပဲ ဟရိတ ဟူ၍ပင်ဆိုရမည်။

နတ္ထိ ဟရိတံ တေ္ထာတိ အပ္ပဟရိတံ။ စိမ်းစိုသော ကောက်ပဲမရှိသော အရပ်ကိုရစေ။ စိမ်းစိုသော ကောက်ပဲရှိရာ အရပ်မျိုးဌ် ရပ်၍ စီရင်သောရဟန်းအား ဒုက္ကဋ်၊ ကောက်ပဲပင်မရှိသော်လည်း စုလစ်မှန်းချန်မတင်သော ကျောင်းဖြစ်အံ့၊ ခေါင်လျှောက်၏ နံပါး, စုလစ်မှန်းချန်တင်သော ကျောင်းဖြစ်အံ့၊ ထုပိကာ၏ နံပါးဌ်ရပ်သော ယောကျွဲသည် အမိုးစွန်း ခြင်မြီတ်စွန်းဖြင့် အောက်သို့ငုံကြည့်သော် မြဌ်ရပ်၍ စီရင်သောရဟန်းကို မြင်အံ့၊ ရဟန်းကလည်း မော်၍ကြည့်သော် ထိုအရပ်ဌ် နေသောယောကျွဲးကိုမြင်အံ့၊ ထိုမြင်ရာအရပ်ဌ်သာ ရပ်ရမည်။မြင်ရာအရပ်၏အတွင်းဌ် ကောက်ပဲပင်မရှိသော်လည်း ပြိုကျသည်ရှိသော် ထိုရဟန်းကို ပိမည် ဖြစ်သောကြောင့် မရပ်အပ်ဟု သိ။

တတော စေ အဓိဋ္ဌဟေယျ ပါစိတ္တိယံ——ဤဝါကျဖြင့်မပြုအပ်သည်ကိုပြသည်။ အဖြောင့် အားဖြင့် မိုးသော် သုံးထပ်အဖြောင့်မိုးခြင်းထက်အလွန်, လည်၍ မိုးသော် သုံးထပ်လည်၍ မိုးခြင်းထက်အလွန် အုတ်ကျောက် အင်္ကတေတို့ဖြင့်မိုးအံ့၊ ၎င်း အုတ် စသည် အရေအတွက် ပါစိတ်၊မြက် သစ်ရွက်တို့ဖြင့်မိုးအံ့၊မြက်ဆုပ် သစ်ရွက်ဆုပ် အရေအတွက် ပါစိတ် အာပတ်သင့်သည် ဟူ၏။ ဤဌ် တကြိမ်မိုးပြီးမှ အပေါ်ဌ် ထပ်ကာ ထပ်ကာ မိုးသည်ကို နှစ်ကြိမ် သုံးကြိမ် မိုးသည်ဟုယူ၊တစဉ် နှစ်စဉ်မိုးခြင်း, တပတ်နှစ်ပတ်လည်၍ မိုးခြင်းကို မယူရ။

[နှစ်ထပ် သုံးထပ် မိုးခြင်းကား ကြာကြာခံသောကြောင့် အထပ်တပ် မိုးဟန်ရှိသည်။]

၁၀-သပ္ပါဏက

၁၀။ ယော ပန ဘိက္ခု၊-သည်။ သပ္ပါဏကံ၊ ပိုးရှိသော။ဉဒကံ၊ရေကို။ ဇာနံ၊-လျက်။ (တေန ဉဒကေန၊-ဖြင့်။) တိဏံ ဝါ၊မြက်ကိုဌင်း။မတ္တိကံ ဝါ၊ မြေကိုဌင်း။ သိဉ္စေယျ ဝါ၊(ကိုယ်တိုင်လည်း) သွန်းလောင်းငြားအုံ့။ သိဉ္စာ-ပေယျ ဝါ၊ (သူတပါးကိုလည်း) သွန်းလောင်းစေငြားအုံ့။....[တနည်း-ယော ပန ဘိက္ခု၊-သည်။ ဇာနံ၊-လျက်။ သပ္ပါဏကံ၊-သော။ ဉဒကံ၊-ဖြင့်။.... တနည်း-ယော ပန ဘိက္ခု၊-သည်။ ဇာနံ၊-လျက်။ သပ္ပါဏကံ၊-သော။ ဉဒကံ၊-ကို။ တိဏံ ဝါ၊-၌ဌင်း။ မတ္တိကံ ဝါ၊-၌ဌင်း။....တနည်း-ယော ပန

နိဒါန်းစသည်။ ။ကောသမ္မီ၊ ဆန္နထေရ်၊အကြိမ်ကြိမ်မိုးစေ လိမ်းကျံစေသော ဝတ္ထု၊။ သာ၊ အနာ။ တိကပါစိတ်၊ ဒုက္ကဋ်။ ဖြူသော အဆင်း စသည်ကို ပြုခြင်း၌, နှစ်ထပ်သုံးထပ်မိုးခြင်း၌, နှစ်ထပ် သုံးထပ်အောက် ယုတ်၍ မိုးခြင်း၌, လိုဏ်ဂူ မြက်မိုးကျောင်း စသည်တို့၌, သူတပါးအကျိုးငှါ ပြုသော ရဟန်း, နေစရာကျောင်းကိုဖယ်ထား၍ ကြွင်းသောဥပုသ်အိမ် စသည်တို့ကို စီရင် သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ဒကာရှိသောကျောင်း ဖြစ်ခြင်း, မိမိနေစရာ ကျောင်းဖြစ်ခြင်း, အလွန်စီရင်ခြင်း၊အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် သဉ္စရိတ္တနှင့်တူပြီ။

ဆောင်—ဒါယကာရှိ၊ မိမိနေရာ၊ ကျောင်းဖြစ်ပါလျှင်၊ လွန်စီရင်က၊ အင် သုံး၀၊ မဟလ္လကတည်း။

မဟလ္လကဝိဟာရ သိက္ခာပုဒ်ပြီး၏။

၁၀-သပ္ပါဏက

ဇာနံ သပ္ပါဏကံ ဉဒကံ။ ။ဇာနံ·ဟူသည် ဤရေသည် ပိုးရှိ၏ဟု အမှတ် မရှိ တစုံတခုသော အခြင်းအရာဖြင့် သိခြင်းကို ဆိုသည်။ ပထမ ယောဇနာနည်း၌ သပ္ပါဏက် ဉဒကံ-၌ အံဝိဘတ်ကို အဖြောင့် အတိုင်း ကံအနက်ကြံ၍ တေန ဉဒကေန ထည့်၍ အနက်ပေးလိုက်သည်။ ဒုတိယ ယောဇနာနည်း၌ အံဝိဘတ်ကို ကရိဏ်းအနက်ကြံ၍ ဖြင့်-ဟု အနက်ပေး လိုက်သည်။ တတိယ ယောဇနာနည်း၌ တိဏံ ဝါ မတ္တိကံ ဝါ၌ အံဝိဘတ်ကို သတ္တမီ အနက်ကြံ၍ ၌-ဟု အနက် ပေးလိုက်သည်။ စတုတ္ထ ယောဇနာနည်း၌ သပ္ပါဏက် ဉဒကံ၌ အံဝိဘတ်ကို သတ္တမီ အနက်ကြံ၍ ၌-ဟု အနက် ပေးလိုက်သည်။

ဘိက္ခု၊ – သည်။ ဇာနံ၊ – (ပိုးရှိမှုန်း) သိလျက်။ သပ္ပါဏကံ၊ – သော။ ဥဒကံ၊ – ၌။ (အာဟရိတ္ဝာ၊ ဆောင်၍)။ တိဏံ ဝါ၊ – ကိုဎင်း။ မတ္တိကံ ဝါ၊ – ကိုဎင်း။ သိဉ္စေယျ ဝါ၊ – အံ့။ သိဉ္စာပေယျ ဝါ၊ အံ့ –]။ တသာ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

ဒုတိယော၊ – သော။ ဘူတဂါမဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

[ပိုးရှိသောရေ၌ မြက်မြေတို့ကို ဆောင်ယူ၍ ချထား၌ ရေခန်းခြောက်သည် ဖြစ်စေ နောက်၍ ဖြစ်စေ ပိုးသေအံ့သော ရေမျိုးကို ရည်၍ဆိုသည်၊ ရေများ၌ ပိုးမသေအံ့-အနာပတ္တိဟု သိ။]

နိဒါန်းစသည်။ ။အာဋဝီ၊ အာဋဝီရဟန်းများ၊ ပိုးရှိသော ရေကို သွန်းလောင်းသော ဝတ္ထု။ သာ၊ သာ။ ပါစိတ်၊ ဒုက္ကဋ်။ ပိုးမရှိဟု မှတ်ထင်သောရဟန်း, သေစေလိုသော စေတနာမရှိမူ၍ သွန်းလောင်းသောရဟန်း, သတိမေ့၍ ပိုးရှိမှန်းမသိ၍ သွန်းလောင်းသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့ အား အနာပတ္တိ။ ပိုးရှိသော ရေဖြစ်ခြင်း, သွန်းလောင်းသဖြင့် ပိုးသေအံ့ဟု သိခြင်း, ပိုးသေလောက်အောင် ရေကုန်ခန်းခြင်း စသည်သို့ ရောက်စေခြင်း, သေစေလိုသော စေတနာမရှိဘဲ မြက်စသည်သို့ သွန်းလောင်းခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာထူး၏။

အထူး။ ။သောက်ခြင်း, ချိုးခြင်းဟု ဆိုအပ်သော အတွင်းသုံးဆောင်ခြင်းကို အထက် သပ္ပါဏက သိက္ခာပုဒ် ရှိပြီးဖြစ်သောကြောင့် ဤသိက္ခာပုဒ်ကို အပ သုံးဆောင်ခြင်းကို ရည်၍ ဝတ္ထုအလျောက် ဟောတော်မူသည်၊ ဤသိက္ခာပုဒ်နှစ်ခုအပေါင်းကို အတူပြု၍ (၀၊) သပ္ပါဏက ချည်းပြု၍ သေစေလိုသော စေတနာမရှိဘဲ သွန်းလောင်းခြင်း၌ ပညတ်တော်မူခြင်းကြောင့် ပဏ္ဏတ္တိဝဇ္ဇဖြစ်သည်၊ သေစေလိုသော စေတနာရှိလတ်သော် သဉ္စိစ္စပါဏ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏၊ ဤသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်မသင့်ဟု **ဝိမတိ** ဆို၏။ ဆီးမီး၌ကျ၍ ပိုးဖလံစသည်တို့ သေကုန်အံ့ဟု သိလျက် ဆီမီးထွန်းသော ရဟန်းအား ဝဓက စေတနာနှင့် ကင်းရှင်းလည်း ပါစိတ်အာပတ် သင့်သကဲ့သို့ ဤရေကို သုံးဆောင်ခြင်းဖြင့် ပိုးတို့ သေကုန်အံ့ဟု ရှေးအဘို့၌ သိသော ရဟန်း၏ သွန်းလောင်းခြင်း, သွန်းလောင်းစေခြင်းသည် ဝဓက စေတနာနှင့် ကင်းရှင်းလည်း ပါစိတ်အာပတ် သင့်ကောင်းသောကြောင့် ပဏ္ဏတ္တိဝဇ္ဇဟု သာရတ္ထ ဆို၏။

ဘိက္ခုနောဝါဒဝဂ္ဂ၊ ၁-သြဝါဒ

၁။ ယော ပန ဘိက္ခု၊-သည်။ အာသမ္မတော၁၊ မ သမ္ဠုတ်အပ်သည်။ ဟုတ္ဝာ၊-၍။ ဘိက္ခုနိယော၁၊-တို့ကို။ သြဝဒေယျ၊ ဆုံးမပြော်းအံ့။ တာဃ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

ဆောင်—ပိုးရှိသော၁ရေ၊ သွန်းလောင်းလေက၊ပိုးသေမည်သိ၊ ရေ၏ဖြစ်ထွေ၊ ခန်းကုန် လေလျက်၊ မြေ မြက်သွန်းထည့်၊ အင်လေးရှိ၊ မှတ်ဘိ သပ္ပါဏာ။

သပ္ပါဏကသိက္ခာပုဒ်ပြီး၏။
သိဉ္စနသိက္ခာပုဒ်လည်းဟူ၏။
ဘူတဂါမဝဂ်ပြီး၏။

ဘိက္ခုနောဝါဒဝဂ္ဂ၊ ၁-သြဝါဒ

အာသမ္မတော၁။ ။အာသမ္မတဟူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အကြင် ရဟန်းအား မြတ်စွာဘုရားသည် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ဘိက္ခုနောဝါဒကာသမ္မုတိ ပေးရန် ခွင့်ပြုအပ်၏။ ထို ဘိက္ခုနောဝါဒက သမ္မုတိ မရသော ရဟန်းကို ဆိုသည်။

ဘိက္ခုနိယော—ဤပုဒ်ဖြင့် သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ် အားလုံးကို ယူရမည်။

သြဝဒေယျ—သြဝဒေယျ ဟူသည် ဂရုဓမ်တရား ရှစ်ပါးကို ပြီးဆုံးအောင် ရွတ်ခြင်းကို ဆိုသည်။

ဂရုဓမ်တရား ဂ-ပါး၊။ ။ဝါကြီး ဝါငယ်မရွေး ရဟန်းမြင်လျှင် ရှိခိုးရခြင်း, ရဟန်း ယောကျ်ားရှိသော ကျောင်းအနီး၌သာ ဝါကပ်ရခြင်း, သြဝါဒအလို့ငှါ လခွဲတိုင်း ရဟန်းယောကျ်ားထံ ချဉ်းကပ်ရခြင်း, ဘိက္ခု-ဘိက္ခုနီ နှစ်ဦးတို့ထံ ပဝါရဏာပြုရခြင်း, သိက္ခမာန် နှစ်နှစ် ကျင့်ရခြင်း, သံဃာဒိသေသ် အာပတ်သို့ရောက်သော် ပက္ခမာနတ်သာ ကျင့်ရခြင်း, ရဟန်းယောကျ်း မျဉ်းကို မဆဲရခြင်း, ရဟန်းယောကျ်းများ ပြောဆိုသမျှ ငုံ့ခံနေရခြင်း၊ ဤ ရှစ်ပါးတို့တည်း။

ဆောင်—ရှိခိုး-ဝါကပ်၊ လခွဲကပ်၊ နှစ်ရပ် ပဝါရဏံ။
နှစ်နှစ်သိက္ခ၊ ပက်မာန၊ ပြန်ဟ မဆဲရန်။
ရဟန်းဆိုသမျှ၊ ငုံ့ခံရ၊ အဋ္ဌ ဂရုဓမ်။

ပါစိတ္တိယံ။ ။ပါစိတ္တိယံဟူသည် သမ္မုတိမရဘဲ ဘိက္ခုနီမတို့ကို ဂရုဓမ်တရားဖြင့် ဆုံးမသော ရဟန်းအား ဆုံးမပြီးသည့် အဆုံး၌ ပါစိတ်အာပတ်သင့်သည်ကို ဆိုသည်။

ဗဟုဿုတပုဂ္ဂိုလ် ၃-မျိုး။ ။ယင်း သုံးမျိုးကား-နိဿယ မုစ္စကပုဂ္ဂိုလ်, ပရိဿုပဋ္ဌာကပုဂ္ဂိုလ်, ဘိက္ခုနောဝါဒက ပုဂ္ဂိုလ်တို့တည်း။ ထိုတွင် မှီရာနိဿယည်း လွတ်ကောင်းသော နိဿယမုစ္စကအင်္ဂါ-ကား-

ရဟန်းခံပြီး၍ ငါးဝါရခြင်း၊

ဒွေမာတိကာကို နှုတ်၍ ဆောင်ထားနိုင်ခြင်း၊

လပြည့် လကွယ်တို့၌ တရားနာခြင်းအကျိုးငှါ သုတ်မှ လေးဘာဏဝါရကို သင်ထားရခြင်း၊

ရောက်လာသော ပရိသတ်တို့အား တရားဟောပြောခြင်းငှါ အန္ဓကဝိန္ဒ သုတ်, မဟာရာဟုလောဝါဒသုတ်, အမ္ဗဋ္ဌသုတ်နှင့် တူသော တခုသော ဝတ္ထုစကား အစဉ်ကို သင်ထားရခြင်း၊

သံဃာအား ဆွမ်းလှူသောအခါ ဒါနအကျိုး ဟောရန် တရားတပုဒ်, ကျောင်း စသည် လှူသော မင်္ဂလာအခါ ဟောရန် မင်္ဂလသုတ် စသော တရားတပုဒ်, သေသူကို ရည်စူး၍ ဆွမ်းကျွေးခြင်း စသော အမင်္ဂလာအခါ ဟောပြောရန် တိရောကုဋ္ဋ စသော တရားတပုဒ်၊ ဤတရား သုံးပုဒ်ကို သင်ထားရခြင်း၊

ဥပုသ်ပဝါရဏာ စသည်ကို သိခြင်းအကျိုးငှါ ပရိဝါအဆုံး ကမ္မဝဂ်၌ လာသော ကံကြိုး ကံငယ် အဆုံးအဖြတ်ကို သင်ထားရခြင်း၊

ရဟန်းတရားကို အားထုတ်ခြင်း အကျိုးငှါ သမထဖြစ်စေ ဝိပဿနာဖြစ်စေ အရဟတ္တဖိုလ် အဆုံးရှိသော ကမ္မဋ္ဌာန်းတရား တခု သင်ထားရခြင်း-ဤ ခုနစ်ပါးတည်း။

ဤ ခုနစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ဗဟုဿုတရှိသော ရဟန်းဖြစ်ပြီး နိဿယည်း ကောင်းကောင်းချည်း လွတ်ပြီ၊ အရပ် လေးမျက်နှာမှ အပိတ်အပင် အဆီး အတားမရှိ အလိုရှိတိုင်း သွားလာနိုင်ပြီဟု သိ။ ငါးဝါရခြင်း, ဒွေမာတိကာ ရခြင်း, ကံကြိုး ကံငယ် ဆုံးဖြတ်နိုင်ခြင်း၊ ဤ အင်္ဂါသုံးပါးသာ လိုရင်းဖြစ်သည်။ ထိုအင်္ဂါ သုံးပါးလောက်ဖြင့်လည်း နိဿယည်း လွတ်နိုင်ပြီဟု ဆိုကြ၏။

ဆောင်——ဒွေမာတိကာ၊ ကမ္မာကမ္မ၊ ငါးဝါရဟု၊ လိုရင်းစုနှင့်၊ အမွေဌ-တု၊ ဝတ္ထုစကား၊ တရားသုံးပုဒ်၊ သုတ်နှစ်အင်္ဂါ၊ ဘာဝနာ၊ မှီရာလွတ်ကြောင်း ခုနစ်တည်း။

အလုပ်အကျေး ခံထိုက်သော ကျောင်းထိုင်အင်္ဂါကား။ ။ရဟန်းခံ၍ ဆယ်ဝါရခြင်း, ဝိနည်း သင်ပေးခြင်းငှါ ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းနှစ်ပါး ရရခြင်း,[တပါးတည်းမစုမ်းနိုင်က ရဟန်းသုံးပါး ပေါင်း၍ ဟောပြော ဆွေးနွေးခြင်းငှာ စုမ်းနိုင်အောင် လေ့လာထားရသည်။] ကံကြိုး, ကံငယ်နှင့် မဟာဝါ, စူဠဝါဒ်ခံ လာသော ခန္ဓကဝတ်ကို သင်ရခြင်း, နာမ် ရုပ် အပိုင်းအခြားကို သိစေခြင်းငှါ မူလပဏ္ဏာသကို ဖြစ်စေ, သုတ်မဟာဝါကို ဖြစ်စေ, သဂါထာဝင် နိဒါနဝဂ်ကို ဖြစ်စေ, အဂုတ္တိရ ဖြစ်အံ့ထက်ဝက်ဖြစ်စေ သင်ရမည်။ အာကယ်၍ မတတ်နိုင်က စတုကနိပါတ်ကို ဖြစ်စေ, ပဥ္စကနိပါတ်ကို ဖြစ်စေ သင်ရမည်။ အဋ္ဌကထာနှင့်တကွ ဇာတ်ကိုလည်း သင်နိုင်သည်။ ထို့အောက်ယုတ်မူ မအပ်၊ ဝတ္ထုနှင့်တကွ ဓမ္မပဒကိုလည်း သင်နိုင်သည်။ အားလုံးပေါင်းမူ မူလပဏ္ဏာသထက် လွန်မှ အပ်သည်၊ မူလပဏ္ဏာသ မျှကား မအပ်ဟု ကုရုန္ဒီ ဆို၏။အခြား အဋ္ဌကထာများ၌ စိစစ်ခြင်း မရှိ၊ အဘိဓမ္မာ၌ တစုံတခု သင်ယူဘွယ် မရှိဟု ဆို၏။သုတ္တန်၌ဆိုအပ်ပြီးသော ကျမ်းဂန်များကို သင်ယူခြင်းမရှိက ပရိသတ်အလုပ်အကျေး မခံထိုက်၊ ကျောင်း မထိုင်အပ်၊ သုတ္တန်ဝိနည်းမှ ဆိုအပ်ပြီးသော ပမာဏရှိသော ကျမ်းဂန်များကို သင်ယူပြီးမှသာ ပရိသတ် အလုပ်အကျေး ခံထိုက်သည်။ ဗဟုဿုတ ပုဂ္ဂိုလ် ခေါ်ဆိုထိုက်သည်။ ဒီသာပါမောက္ခ ဆရာတဆူဖြစ်သည်၊ ကျောင်းထိုင်ကောင်းပြီ၊ အလိုရှိတိုင်း ပရိသတ် အလုပ်အကျေးခံထိုက်ပြီဟု သိ။

ဆောင်—— ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်မှု၊ သုတ္တန်စု၊သင်ပြု ကျောင်းထိုင်ငါး။

ဘိက္ခုနောဝါဒကဖြစ်ထိုက်ကြောင်းကား။ ။အဋ္ဌကထာနှင့်တကွပိဋကတ်သုံးပုံကို သင်ယူဘူးခြင်း ဖြစ်ရမည်၊ အာကယ်၍မစုမ်းနိုင်သော် ခုဒ္ဒကနိကာယ်မှတပါး နိကာယ်လေးကျမ်းတို့တွင် တခုခုသော နိကာယ်ကို အဋ္ဌကထာနှင့်တကွ သင်ယူဘူးခြင်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့တွင် အဋ္ဌသာလိနီ, မာတုကထာ, ယမိုက်, ပဋ္ဌာန်း၊ တနည်း--အဋ္ဌသာလိနီ, ဝိဘင်း, ယမိုက်, ပဋ္ဌာန်း ဤလေးကျမ်းတို့ကို သင်ယူဘူးခြင်း, ဝိနည်းပိဋကတ်ကို အဋ္ဌကထာနှင့်တကွ သင်ယူဘူးခြင်း ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံရမည်။ ဤမျှပြည့်စုံလျှင် ဘိက္ခုနောဝါဒက ဗဟုဿုတ ပုဂ္ဂိုလ်တယောက်ဖြစ်နိုင်ပြီဟု သိ။

ဆောင်— သာဌကထာ၊ပိဋကာတည့်၊သင်ယူဘိ၊ မှတ်သိ ဘိက္ခုနော။
ဝိနယ်နှင့်၊ ဧက နိကာယ်၊ လေးသွယ်စမှ၊ သင်ယူက၊ ဤမျှ
ဘိက္ခုနော။

ပါဠိတော်လာ

ဘိက္ခုနောဝါဒက အင်္ဂါဂ-ပါး။ ။သီလဝန္တပုဂ္ဂိုလ် ဖြစ်ခြင်း၊

ဗဟုဿုတပုဂ္ဂိုလ်ဖြစ်ခြင်း၊

ပါတိမောက်နှစ်စောင် အကျယ်ရ၍ ခန္ဓကပရိဝါတို့မှ ဆောင်၍ ပါဠိဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း၊

စကားကောင်းအသံကောင်းခြင်း၊

များသော အားဖြင့် ဘိက္ခုနီမတို့ ချစ်ခင်ခြင်းရှိခြင်း၊

ပါဠိကိုအကြောင်းပြ၍ ဝဋ်ဘေးမှခြိမ်းချောက်၍ ဘိက္ခုနီမတို့ကို သွန်သင် ဆုံးမခြင်းငှါ စွမ်းနိုင်ခြင်း၊

မိမိလူဖြစ်စဉ်က ဘိက္ခုနီမ၌ ကာယသံသဂ္ဂမှု သိက္ခမာန် သာမဏေမတို့၌ မေထုနမှု မပြုဘူးခြင်း၊

ဝါနှစ်ဆယ် နှစ်ဆယ်ထက် လွန်ခြင်း ဤသည်တို့တည်း။

ဆောင်— သီလ သုတ၊ ဒွေးကိုရ၍၊ ကောင်းလှ စကားသံ၊ တတန်ချစ်များ၊
စွမ်းငြားဆုံးမ၊ နီမ သဂ္ဂါ သိက်သာ မေထုန်၊ ပြုကြုံမရှိ၊ ဝါပြည့်
နှစ်ဆယ်၊ ဤရှစ်သွယ်၊မှတ်ဘွယ် သြဝါဒါ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဆုံးမသော ဝတ္ထု။ အာ၊ အာ။ ပါစိတ်-၁၇၊ ဒုက္ကဋ်-၁၇။ ဓမ္မကံ၌ ဓမ္မကံဟု မှတ်၍ ဆုံးမသောရဟန်း၊ သမဂ္ဂသံဃာကို သမဂ္ဂသံဃာမှတ်၍ ဆုံးမသောရဟန်း, ဂရုမမှ ပါဠိသင်ပေးသော ရဟန်း, ဂရုဓမ္မပါဠိ အနက်ကို သင်ပေးသော ရဟန်း, ရွတ်ဆိုပါဟူ တောင်းပန်၍ ရွတ်ဆိုသော ရဟန်း, မေး၍ ဖြေသောရဟန်း, ဘိက္ခုနီမတို့ နားထောင်စဉ် သူတပါးအား ဟောသောရဟန်း, သိက္ခမာန် သာမဏေမ၏ အကျိုးငှါ ဟောသောရဟန်း ဥမ္မတ္တကစသော ရဟန်းတို့အား အနာပတ္တိ။ သမ္မုတိမရသော ရဟန်းဖြစ်ခြင်း, ဉာတသံဃာ ဘိက္ခုသံဃာ၌ ရဟန်းခံသော ဘိက္ခုနီမဖြစ်ခြင်း,ဆုံးမသည့် အစွမ်းဖြင့် ဂရုဓမ်တရားဟောခြင်း အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူပြီ။

ဆောင်— မရသမ္မုတိ၊ ပြီးပြည့်စုံစွ၊ နီမ ဖြစ်ခြင်း၊ ဆုံးမခြင်းဟု၊ အင်သုံးခု၊
မှတ်ရှု သြဝါဒါ။

သြဝါဒသိက္ခာပုဒ်ပြီး၏။

၂-အတ္ထဂ်ိတ

၂။ သမ္မတောဝ၊ သမုတ်အပ်သော။ ယော ဘိက္ခုပိ၊–သည်လည်း။ သူရိယော၊ နေသည်။ အတ္ထဂ်တေ၊ ဝင်သည်ရှိသော်။ ဘိက္ခုနိယော၊–တို့ကို။ စေ သြဝဒေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

၃-ဘိက္ခုနုပဿယ

၃။ ယော ပန ဘိက္ခု၊–သည်။သမယာ၊ အခါကို။အညတြ၊–၍။ဘိက္ခုနုပဿယံ၊ ဘိက္ခုနီမ၏ ကျောင်းသို့။ ဥပသင်္ကမိတ္ဝာ၊ သွားလျှင်။ ဘိက္ခု

၂-အတ္ထဂ်ိတ

သမ္မတောပိ-သူရိယေ။ ။သမ္မတောပိဒ္ဒါ ပိ-ကား သမ္ဘာဝနာတည်း။ သမ္မုတိ မရမူ ဆိုဘွယ်မရှိဟု ဂရဟာကို ဆည်းသည်။ ထို့ကြောင့် အတ္ထဂ်တေ သူရိယေ အရ သမ္မုတိရသော ရဟန်းပင် ဖြစ်စေကာမူ နေဝင်အောင် သြဝါဒပေးလျှင် ပါစိတ်တချက်၊ မရသောရဟန်းဖြစ်မူ နှစ်ချက် သင့်သည်ဟူ၏။

သြဝဒေယျ— ဤပုဒ်ဖြင့် ဂရုဓမ် တရားဖြင့်ဖြစ်စေ, တပါးသော တရားဖြင့် ဖြစ်စေ ဆုံးမခြင်းကို ပြသည်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရှင်စူဠပန်၊ နေဝင်သည်တိုင်အောင် ဟောသော ဝတ္ထု။ **အာ၊အာ**။ နေဝင်ရာ၌ တိကပါစိတ်၊ ဒုက္ကဋ်။ **အနာပတ္တိ** ကား ရှေးသိက္ခာပုဒ်အတိုင်း။ နေဝင်ခြင်း, ဥဘတောသံဃာ ဘိက္ခုသံဃာ၌ ရဟန်းခံသော ဘိက္ခုနီမဖြစ်ခြင်း, ဆုံးမခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူပြီ။

ဆောင်— နေဝင်တိုင်ဘိ၊ ပြီးပြည့်စုံစွ၊ နီမဖြစ်ခြင်း၊ ဆုံးမခြင်းလျှင်၊ သုံးပါး အင်၊ အတ္ထဂ်တတည်း။

အတ္ထဂ်တသိက္ခာပုဒ်ပြီး၏။

၃-ဘိက္ခုနုပဿယ

ယော ပန ဘိက္ခု။ ။ဤ၌ ဘိက္ခုအရ သမ္မုတိရ မရသော ရဟန်းနှစ်မျိုးကို ယူ။ နေဝင်အောင် ဆုံးမအံ့-သမ္မုတိ မရသော ရဟန်းအား ပါစိတ် နှစ်ချက်၊ ရသောရဟန်းအား ပါစိတ်သုံးချက်သင့်၏။

[ပါစိတ်နှစ်ချက်,သုံးချက်ကို သိက္ခာပုဒ်နှင့်တဲ့၍ စဉ်းစားလေ]။

နိယော၊ – တို့ကို။ သြဝဒေယျ၊ – အံ့။ တသ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။ တတ္ထ၊ ထိုဘိက္ခုနီမ၏ ကျောင်းသို့သွား၍ ဆုံးမရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်။ သမယော၊ – တည်း။ ဘိက္ခုနီ၊ – သည်။ ဂိလာနာ၊ နာသည်။ ဟောတိ၊ – ၏။ အယံ၊ ဤသည်ကား။ တတ္ထ၊ – ၌။ သမယော၊ – တည်း။

ဘိက္ခုနုပဿယံ။ ။ဥပဂန္တွာ သယန္တီ ဇတ္ထာတိ ဥပဿယော။ဘိက္ခုနိယာ ဥပဿယော ဘိက္ခုနုပဿယော။ ဘိက္ခုနီမ၏ ကပ်ရောက်၍ နေရာ ကျောင်းကို ရစေ။ဘိက္ခုနီမ စာညဉ်မျှနေရာ အာရပ်ကိုလည်း ဘိက္ခုနုပဿယခေါ်နိုင်သည်။

သြဝဒေယျ။ ။သြဝဒေယျဟူသည် ဂရုဓမ်တရားဖြင့်သာ ဆုံးမခြင်းတည်း။ ဥဘတော သံဃာ၌ ရဟန်းပြုသော ဘိက္ခုနီမအား ဂရုဓမ်တရားမှ တပါးသော တရားဖြင့် ဆုံးမအံ့-ဒုက္ကဋ်၊ ဘိက္ခုသံဃာ၌သာ ရဟန်းပြုသော ဘိက္ခုနီမအား မည်သည့် တရားဖြင့်မဆို ဆုံးမအံ့-ဒုက္ကဋ်ပင်ဟူသိ။

ဆောင်—ဂရုဓမ်မှ၊ ကြွင်းဓမ္မ၊ ဟောပြ ဒုက္ကဋ္ဌာ။
ကေတောအား၊ ဘယ်တရား၊ ဟောကြား ဒုက္ကဋ္ဌာ။

ဂိလာနာ။ ။ဂိလာနဘိက္ခုနီမဟူသည် သြဝါဒခံယူခြင်း အာကျိုးငှါငင်း, ကံကြီး ကံငယ်ပြုခြင်း အာကျိုးငှါငင်း သွားခြင်းငှါ မစွမ်းနိုင်သော ဘိက္ခုနီမကို ဆိုသည်။

နိဒါန်းစသည်။ ။သက္ကတိုင်း၊ ဆဗ္ဗင်္ဂို၊ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမသော ဝတ္ထု။ အညတြ သမယာကား အနုပညတ်၊ အ၊ အ။ ဥပသမ္ပန္နဉ် တိကပါစိတ်၊ ဒုက္ကဋ်။ ရှေးသိက္ခာပုဒ်ကဲ့သို့ ပါဠိသင်ခြင်း စသည်ဖြင့် ရှုတ်ဆိုသော ရဟန်းအား အနာပတ္တိ။ ဘိက္ခုနီမကျောင်းသို့ ကပ်ခြင်း, ဥဘတော သံဃာ ဘိက္ခုသံဃာဌ ရဟန်းခံသော ဘိက္ခုနီမဖြစ်ခြင်း, အခါမဟုတ်ခြင်း, ဂရုဓမ်ဖြင့် ဆုံးမခြင်း အင်္ဂါလေးပါး။

သမုဋ္ဌာန် စသည် ပထမကထိနသိက္ခာပုဒ်နှင့်တူပြီ။ ကိရိယသာထူး၏။

ဆောင်—နိမ ကျောင်းကပ်၊ ပြည့်လတ် နိမ၊သမယမှန်၊ဂရုဓမ်ဆုံးမ၊အင်္ဂ လေးဝ၊ ဥပသယတည်း။

ဘိက္ခုနုပဿယ သိက္ခာပုဒ်ပြီး၏။

၄—အာမိသဟေတု

၄။ ယော ပန ဘိက္ခု၊—သည်။ အာမိသဟေတု၊ (သက်နိုးစေးသော) အာသမိဟူသော အကြောင်းကြောင့်။ ထေရာ။ မထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊—တို့သည်။ ဘိက္ခုနိယော၊—တို့ကို။ သြဝဒန္တိ၊—ကုန်၏။ ဣတိ၊—သို့။ ဝဒေယျ၊—အံ့။ တသ္သ ဘိက္ခုနော၊—အား။ ပါစိတ္တိယံ၊—၏။

၄—အာမိသဟေတု

အာမိသဟေတု။ ။ကိလေသေဟိ အာမသိတဗ္ဗန္တိ အာမိသံ။ ကိလေသာ တို့သည် ငါ့ဟာ ငါ့ဟာဟု စွဲကပ် သုံးသပ်အပ်သော သက်နိုးစသော ပစ္စည်းကို ရစေ။ ။ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။ အကျိုးတရား ဖြစ်ခြင်း၏ အကြောင်းကို ရစေ။ ။အာမိသံ ဧဝ ဟေတု, အာမိသဟေတု။ သက်နိုးစသော အာမိသဟူသော အကြောင်းကို ရစေ။ သက်နိုးစသော အာမိသကို အလိုရှိခြင်းဟူသော အကြောင်းကြောင့်ဟု ဆိုလိုသည်။

ထေရာ ဘိက္ခူ။ ။ထိရန္တိ ဒဠှီ ဘဝန္တီတိ ထိရာ။ မြဲမြံစွာ ဖြစ်ကုန်သော သီလစသော ဂုဏ်တို့ကို ရစေ။ ။ထိရာ ဧတေသံ အတ္ထီတိ ထေရာ။ သီလစသော ဂုဏ်ရှိသော ရဟန်းတို့ကို ရစေ။....ဘိက္ခူ။ အရ သမ္မုတိရ၍ ဝါနှစ်ဆယ်ရပြီးသော ရဟန်းတို့ကို ရစေ။

ပါစိတ္တိယံ။ ။ပါစိတ္တိယံဟူသည် မထေရ်ကြီးမျှားသည် ယဉ်ကျေး လိမ္မာစေလို သောကြောင့် ဆုံးမကြသည် မဟုတ်၊ သက်နိုးစသော အာမိသကိုသာ အလိုရှိခြင်းကြောင့် ဆုံးမကြသည်ဟု ကျေးဇူးမဲ့ ကဲ့ရဲ့လျှင် ပါစိတ် အာပတ်သင့်၏၊ သမ္မုတိ မရသော ရဟန်းနှင့် ရဟန်းဘဝတုန်းက သမ္မုတိ ရဘူးသော သာမဏေ, မရဘူးသော သာမဏေမျှားကို ကဲ့ရဲ့လျှင် ဒုက္ကဋ်ဟု သိ။

ဆောင်—ဘိက္ခုအရ၊ သမ္မတ၊ ယူရ ဤသိက္ခာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ အာမိသဟူသော အကြောင်းကြောင့် ဆုံးမကုန်၏ဟု ဆိုသောဝတ္ထု။ အ၊ အ။ ဓမ္မကံ၌ တိက ပါစိတ်၊ အဓမ္မကံ၌ တိကဒုက္ကဋ်။ ပကတ္တေအားဖြင့် သက်နိုးစသော အကြောင်း ကြောင့် ဆုံးမသော ရဟန်းတို့ကို ဆိုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည် တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, တရားသဖြင့် သမ္မုတိရခြင်း, အာမိသ ဟူသော အကြောင်းမရှိခြင်း, ကျေးဇူးမဲ့ကို အလိုရှိ၍ ဆိုခြင်း၊ အင်္ဂါလေးပါး၊.... သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

၅-စီဝရဒါန

၅။ စယော ပန ဘိက္ခု၊ – သည်။ အညာတိကာဃယ၊ – သော။ ဘိက္ခုနိယာ၊ – အား။ ပါရိဝတ္တကာ၊ လဲလှယ်ခြင်းကို။ အညတြ၊ – ၍။ စီဝရံ၊ – ကို။ ဒဒေယျ၊ – အံ့။ တသာ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

၆.စီဝရ သိဗ္ဗန

၆။ ယော ပန ဘိက္ခု၊ – သည်။ အညာတိကာဃယ၊ – သော။ ဘိက္ခုနိယာ၊ – ၏။ စီဝရံ၊ – ကို။ သိဗ္ဗေယျ ဝါ၊ (ကိုယ်တိုင်လည်း) ချုပ်ငြားအံ့။ သိဗ္ဗာ ပေယျ ဝါ၊ (သူတပါးကိုလည်း) ချုပ်စေငြားအံ့။ တသာ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

ဆောင်—ရဟန်းဖြစ်ငြား၊ တရားသမျှတို၊ အာမိသမငဲ့၊ ကျေးဇူးမဲ့ဆိုက၊ အင်လေးဝ၊ မိသ အင်္ဂါတည်း။

အာမိသ သိက္ခာပုဒ် ပြီး၏။

၅-စီဝရဒါန

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ သင်္ကန်းပေးသောဝတ္ထု။ ကြွင်းသော စကားအစဉ်ကို စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်အတိုင်း သိ။ ထို့စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၌ သင်္ကန်းကို ခံယူသူကား ရဟန်းတည်း၊ ဤသိက္ခာပုဒ်၌ သင်္ကန်းကို ခံယူသူကား ဘိက္ခုနီမတည်း၊ ဤမျှသာ ထူး၏။ အကြွင်း တူပြီ။

စီဝရဒါန သိက္ခာပုဒ် ပြီး၏။

၆-စီဝရ သိဗ္ဗန

စီဝရံ။ ။စီဝရံ အရ ဝတ်လောက်ရုံသော သင်္ကန်းကို ယူ။ အမျိုးမတော်သူ ဘိက္ခုနီမ၏ ဝတ်လောက်ရုံသော သင်္ကန်းကို ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ ဖြစ်စေ ချုပ်ငပေးလျှင် ပါစိတ်။ ကိုယ်တိုင်ချုပ်အံ့ – အပ်နုတ်တိုင်း ပါစိတ်၊ အကြိမ်တိုင်းရာ ဆွဲငင်၍ ထကြိမ်သာ နုတ်အံ့ – ပါစိတ်တခုကျက်၊ ချုပ်လိုက်မှုကို မှီ၍ ခိုင်းရာ၌ အလုံးစုံ အပ်အမှုပြီးကောင် ချုပ်အံ့ – ပါစိတ်တခုကျက်။ ဤသွက်နှံ့၌ ပြုစရာကိစ္စ သင့်တာဝဒန်ဟု ခိုင်းအံ့ – အပ်နုတ်တိုင်း ပါစိတ်၊ အကြိမ်ကြိမ် ခိုင်းရာ၌ အကြိမ်ကြိမ် ပါစိတ်၊ ဆရာသမားမျှားကန့် ခိုင်း၍ ချုပ်ငပေးသော ရဟန်း

၇-သံဝိဓာန

၇။ ယော ပန ဘိက္ခု၊–သည်။ သမယာ၊–ကို။ အညတြ၊–၍။ ဘိက္ခု နိယာ၊–နှင့်။ သဒ္ဓိံ၊–ကွ။ သံဝိဓာယ၊ တိုင်ပင်၍။ ဧကဒ္ဓါနမဂ္ဂံ၊တကြောင်း တည်းသော် (ယူဇနာခွဲဟူ ဆိုအပ်သော) အဓွန်ရှည်သော ခရီးသို့။ ဝါ၊ တပေါင်းတည်း အဓွန်ရှည်သော ခရီးသို့။ ပဋိပဇ္ဇေယျ၊ သွားငြားအံ့။ အန္တမသော၊–ဖြင့်။ ဂါမန္တရံပိ၊ ရွာတပါးသို့လည်း။ ပဋိပဇ္ဇေယျ၊–အံ့။ တာသ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။ တတ္ထ၊ ထို တိုင်ပင်၍သွားရာ၌။

အားလည်း အာပတ်မှ မလွတ်။ ဖြတ်ခြင်း ၁သည်၌ ဒုက္ကဋ်၊ သင်္ကန်းမှတပါး အိတ်စသည်ကို ချုပ်ပေးအံ့–ဒုက္ကဋ်–။

ဆောင်––ဝတ်လောက်ရုံမျှ၊ စီဝရ၊ ယူရ ဤသို့ကွာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥဒါယိ၊ သင်္ကန်းချုပ်ပေးသောဝတ္ထု။ အ၊ သာ။ အညာတိကဋ္ဌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ ဉာတိကဘိက္ခုနီမ သိက္ခမာန် သာမဏေမတို့၏ သင်္ကန်းချုပ်ပေးသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ဆွေမျိုးမဂတော်သော ဘိက္ခုနီမ၏ ဥစ္စာဖြစ်ခြင်း, ဝတ်ရုံလောက်သော သင်္ကန်းဖြစ်ခြင်း, ဆိုအပ်ပြီးသော လက္ခဏာရှိသော် ချုပ်ခြင်း ချုပ်စေခြင်း၊ အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် သဉ္ဇရိတ္တာနှင့် တူပြီ။

ဆောင်––အညာတိက၊ နိမ သင်္ကန်း၊ ဝတ်စွမ်းနိုင်ငြား၊ ကိုယ်တိုင်ကား ချုပ်၊ စေ၍ချုပ်က၊ အင်သုံး၀၊ စီဝရ သိဗ္ဗနာ။

စီဝရသိဗ္ဗန သိက္ခာပုဒ်ပြီး၏။

၇-သံဝိဓာန

သံဝိဓာယ။ ။သံဝိဓာယကား သံ–ဝိ ရှေးရှိသော ဓာ–ဓာတ်တည်း။ ကောင်းစွာ စီရင်၍ဟု အနက်ပေး။ စီရင်သည် စီစဉ်သည် ချိန်းချက်သည်တို့ကား ပရိယာယ်တို့သာတည်း။အဓိပ္ပါယ်ကား တူ၏၊သွားသော အခါ တိုင်ပင်၍ သွားသည်ဟူ၏။ တိုင်ပင်ပုံ–ဤမည်သော ရွာသို့ ငါသွားမည် သင်ရောက်ဘူးသလော လိုက်ခဲ့ပါ နက်ဖြန် ငါသွားမည် သင်လဲ လာခဲ့၊ ဤသို့ စသည်ဖြင့် ပြောဆိုခြင်းပင်တည်း။

ဆောင်––သွားသောကာလ၊ တိုင်ပင်က၊ သံဝိဓာယ ဆို။

အယံ၊ – သည်။ သမယော၊ တည်း။ မင္ဂါ – သည်။ သတ္ထ ဂမနိယော၊ (အဖော်) ကုန်သည်နှင့် တကွ သွားအပ်သည်။ သာသက်သမ္မတော၊ တွေးတောဘွယ်ရှိ၏ဟု သိအပ်သည်။ သပ္ပဋိဘယော၊ ဘေးဘျမ်းနှင့် တကွ ဖြစ်သည်။ ဟောတိ၊ – ၏။ အယံ၊ သည်ကား။ တတ္ထ၊ – ၌။ သမယော၊ – တည်း။

ကေဒ္ဓါနမဂ္ဂံ။ ။အရုဏ်တို့ ဂစ္ဆန်တို့ ထွေ တေနာတိ ဝါ အဒ္ဓါနော။ သွားရာ သွားကြောင်း ခရီးကို ရစေ။ ။မဂ္ဂန်တို့ ထွေ တေနာတိ ဝါ မင္ဂါ။ သွားရာ သွားကြောင်း ခရီးကိုပင် ရစေ။ ။တနည်း—မဂ္ဂမူဠ္ဍေဟိ မဂ္ဂိယတိတိ မင္ဂါ၊ ခရီးမှားသောသူတို့ ရှာမှီးအပ်သော ခရီးကို ရစေ။ ။ အဒ္ဓါနော ဇဝ မင္ဂါ အဒ္ဓါနမင္ဂါ။ ယူဇနာခဲ့မှ စ၍ ရှည်လျားသော ခရီးကို ရစေ။ ။ကော အဒ္ဓါနမင္ဂါ ကေဒ္ဓါနမင္ဂါ။ တကြောင်းတည်းသော ယူဇနာခဲ့ စသော ခရီးကို ရစေ။ ။တနည်း – ကေတော အဒ္ဓါနမင္ဂါ ကေဒ္ဓါန-မင္ဂါ။ အတူတကွ အဓွန့်ရှည်သော ခရီးကို ရစေ။

ပဋိပဇ္ဇယျ။ ။မချတ်မယှင်း သွားခြင်းကို ပဋိပဇ္ဇယျ ဆိုသည်။

ဂါမန္တရံပိ။ ။ကြက်တပျံကျရာ တပါးသောရွာကို ဂါမန္တရဟု ယူ၊ ရွာတခု၏ အိမ်ခေါင်မိုးမှ ကြက်ပျံ၍ ရွာတခု၏ အိမ်ခေါင်မိုးသို့ ကျနိုင်လောက်သော ရွာဘပါးကို ဆိုသည်။

သတ္ထ-သပ္ပဋိဘယော။ ။သဟ အတ္ထေန ဝတ္တတီတိ သတ္ထော။ဥစ္စာနှင့်တကွဖြစ်သော ကုန်သည်ကို ရစေ။ဥစ္စာအရင်းအနှီးယူ၍အရပ်တပါးသို့ ကုန်သွယ်ခြင်းငှါ သွားသော လူအပေါင်းကို ရစေ။ ။ဂန္တုံ ပဿတီတိ ဂမနိယော။ သွားအပ်သော ခရီးကိုရစေ။ ။သတ္ထေန သဒ္ဓိံ ဂမနိယော သတ္ထ-ဂမနိယော။ ကုန်သည်နှင့်တကွ သွားအပ်သော ခရီးကို ရစေ။

သဟ အာသက်ယ ဝတ္တတီတိ သာသင်္ကော။တောပုန်းသူခိုး ဓားပြ ထကြွနေသဖြင့် ငါတို့လည်း အတိုက်ခံရဦးမည်လော စသည်ဖြင့် ယုံမှားဘွယ်ရှိသော ခရီးကိုရစေ။သမ္မတောနှင့် ကမ္မဓာရယ်တဲ့၊ ရှေးအတိုင်းကောက်။

သဟ ပဋိဘယေန ဝတ္တတီတိ သပ္ပဋိဘယော။ တိုက်ခိုက် လုယက်ခြင်းကိုကြား၍ ထွက်၍ ဘေးအန္တရာယ်ပေါများသော ခရီးကို ရစေ။

[ဤဒသဓါမျိုးတို့၌ ဘိက္ခုံ့မတို့နှင့်တိုင်ပင်၍ သွားကောင်းသေး၏။]

အဆုံးအဖြတ်။ ။ဘိက္ခုနီမကျောင်းအရာမ်တွင်း ဆွမ်းစားကျောင်း တိတ္ထိကျောင်းတို့ကား ကပ္ပိယမြေဖြစ်၏၊ ထိုမြေမျိုး၌ နေ၍ တိုင်ပင်ခြင်းကြောင့် အာပတ်မသင့်သေး၊ ကပ္ပိယမြေမှတပါးသော အကပ္ပိယမြေ၌နေ၍ တိုင်ပင်သောရဟန်း တိုင်ပင်ခြင်းကြောင့် ဒုက္ကဋ်၊ ယနေ့သွားမည် နက်ဖြန်သွားမည်ဟု တိုင်ပင်ပြောကြားထားသော ကာလအတိုင်း မချုတ်ယွင်းစေဘဲ တံခါးဖြစ်စေ ခရီးဖြစ်စေ ချုတ်ယွင်း၍သွားသောရဟန်းအား အလွန်နီးသောရွာပင် ဖြစ်စေကာမူ ရွာတပါး၏ ဥပစာသို့ဝင်သော် ပထမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်။

[ဤအတူ ရွာ၏ဥပစာသို့ ဝင်တိုင်း ပါစိတ်၊ ရွာမရှိသော တောလမ်းခရီးမျိုးဖြစ်အံ့၊ ယူဇနာခွဲတိုင်း ပါစိတ်။]

နီဒါန်းစသည်။ ။သာဝတ္ထိ၊ဆဗ္ဗဂ္ဂိ၊ တကြွေဝင်းတည်းသော အဓွန့်ရှည်သောခရီးသို့ သွားသော ဝတ္ထု၊ အညတြ သမယာ-ကား အနုပညတ်။ သာ၊ အနာ။ သံဝိဟိတ၌ တိကပါစိတ်၊ ဒုက္ကဋ်၊ အခါကာလ၌ တိုင်ပင်၍ သွားသော ရဟန်း, မိမိက မတိုင်ပင်ဘဲသာရဟန်း, ကာလ ချုတ်ယွင်း၍ သွားသော ရဟန်း, ဘေးရန်တို့ကြောင့် သွားသောရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား အနာပတ္တိ။ နှစ်ဦးစသုံးတိုင်ပင်၍ ခရီးသွားခြင်း, ကာလမချုတ်ယွင်းခြင်း, အခါမဟုတ်ခြင်း, ဘေးရန်မရှိခြင်း, ရွာတပါး၏ ဥပစာသို့ဝင်ခြင်း, သို့မဟုတ် ယူဇနာခွဲခရီးကို လွန်ခြင်း၊ အင်္ဂါငါးပါး။ ကေတောဥပသမ္ပန္န စသည်တို့နှင့်တကွ တိုင်ပင်၍ သွားသော ရဟန်းအား အထက် မာတုဂါမ သိက္ခာပုဒ်ဖြင့် ပါစိတ်၊ အဒ္ဓါနသမုဋ္ဌာန်၊ ကိရိယ၊ နောသညာ ဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ တိစိတ္တ၊ တိဝေဒနာတို့တည်း။

ဆောင်——နှစ်ဦးတိုင်ပင်၊ ခါလျှင်မချုတ်ယွင်း၊ ခါမဟုတ်ခြင်းနှင့်၊ ရန်ကင်းလေပါ၊ ခြားတရွာနှင့်၊ယူဇနာဝက်၊ ဝင်သက်လွန်ဘိ၊ ငါးအင်္ဂါ၊ သံဝဓာနတည်း။

သံဝိဓာနသိက္ခာပုဒ် ပြီး၏။

ဂ-နဝဝါဘိရူဟန

ဂ။ ယော ပန ဘိက္ခု၊-သည်။ ဟိရိယံ တရဏာယ၊ ဖီလာကန့်လန့်ကူး သောလှေကို။ အညတြ၊-၍။ ဘိက္ခုနိယာ၊-နှင့်။ သဒ္ဓိ ံ၊-ကွ။ သံဝိဓာယ၊-၍။ ဥဒ္ဒံဂါမိနိ ံဝါ၊ အထက်သို့ ဆန်တက်သည့်လည်းဖြစ်သော။ အဓော ဂါမိနိ ံဝါ၊ အောက်သို့ စုံဆင်းသည့်လည်း ဖြစ်သော။ ဂေါ၊ တခုသော။ နဝ၁၀၊ လှေကို။ အဘိရူဟေယျ၊ တက်စီးငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ပါစိတ္တိယံ၊-၏။

ဂ-နဝဝါဘိရူဟန

သံဝိဓာယ။ ။သံဝိဓာယ-ဟူသည် မြူးထူး ပျော်ပါး ကစားခြင်းကို ရှေးရှု၍ တိုင်ပင်ခြင်းကို ဆိုသည်။ တက်စီးသောကာလ ချိန်းချက်သော အမှုဟူသော သံကေတကမ္မပင်တည်း။

ဆောင်— တက်စီးကာလ၊ ချိန်းချက်က၊ သံဝိဓာယဆို။

ဥဒ္ဒံဂါမိနိ ံဝါ-ဘရဏာယ။ ။ဥဒ္ဒံ ဂစ္ဆတီတိ ဥဒ္ဒံဂါမိနီ။ ရေညာသို့ ဆန်တက်သော လှေကို ရစေ။ ။အဓော ဂစ္ဆတီတိ အဓောဂါမိနီ။ အောက်သို့စုံဆင်းသော လှေကို ရစေ။ ဤနှစ်ပုဒ်ဖြင့် မြူးထူးလို၍ သမုဒ္ဒရာဇ်သွားသော ရဟန်း အနာပတ္တိကို ပြသည်၊ ဌီကာကြီးမျှားကား ဒုက္ကဋ်သင့်သည်ဟု ဆိုကြ၏။ ကမ်းတဖက်ဆိပ်သို့ ဆိုက်စေခြင်းငှါ အောက် **အထက်သို့** စီးရာဌာလည်း အနာပတ္တိ။ ။တိရိယံ တရတီတိ တိရိယံတရဏာ။ ဖီလာကန့်လန့်ကူးသော လှေကို ရစေ။

ပါစိတ္တိယံ။ ။ပါစိတ္တိယံဟူသည် ရွာရှိသောကမ်းပါးဖြင့် သွားသော် ရွာအရေအတွက် ပါစိတ်၊ ရွာမရှိသော ကမ်းပါးဖြင့်ဖြစ်စေ တယူဇနာကျယ်သော မြစ်၏ အလယ်ဖြင့်ဖြစ်စေ သွားသော် ယူဇနာခွဲတိုင်း၌ ပါစိတ်။ **နိဒါန်းစသည်။** ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ လှေစီးသောဝတ္ထု။ အညတြ တိရိယံတရဏာယ-ကား အနုပညတ်။

အကြွင်း သံဝိဓာန သိက္ခာပုဒ်အတိုင်း သိ။ ။အင်္ဂါတုတ်ရာ၌ ရှေး သိက္ခာပုဒ်၌ အခါမဟုတ်ခြင်းဟူမသာ တတိယအင်္ဂါအရာ၌ ဖီလာကန့်လန့်ကူးခြင်း မဟုတ်ခြင်းဟု ထုတ်ရမည်သာ ထူး၏။

အထူး။ ။ဘိက္ခုနိယာပုဒ်ဖြင့် မာတုဂါမကိုလည်း ယူရမည်ဟု ဝဇိရဗုဒ္ဓိ ဌီကာဆို၏။

နဝဝါဘိရူဟနသိက္ခာပုဒ်ပြီး၏။

၉-ပရိပါစိတ

၉။ ယော ပန ဘိက္ခု၊ – သည်။ ပုဗ္ဗေ၊ (ဘိက္ခုနိမ စီရင်သည်မှ) ရှေး၌။ ဂိဟိသမာရမ္ဘာ၊ လူတို့စီရင်အပ်သည်ကို။ အညာတြ၊ – မှ။ ဘိက္ခုနိပရိပါဋိတံ၊ ဘိက္ခုနိမသည် တိုက်တွန်းစီရင်အပ်သော။ ပဉ္စ ပါတံ၊ ဆုပ်းဖသော ဘော ဇဉ်ငါးပါးကို။ ဇာနံ၊ သိလျက်။ ဘုဥ္ဇေယျ၊ – အံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

၉-ပရိပါစိတ

ဘိက္ခုနိပရိပါစိတံ။ ။ဘိက္ခုနိပါစိတံ ပရိပါစိတံ ဘိက္ခုနိပရိပါစိတံ။ဘိက္ခုနိမသည် စီရင်အပ်သော ဘုမ်းလှူ ဂုဏ်စ။ စီရင်ဟူသည်ဖြင့် ပုံပြော ထည့်လိုက်အုံး သည်ဟာ ခပ်ဝိုးဝိုးအုံးစေ ဥပဒေြင့် ဂဏာင်းဂအောင် စီရင်ခြင်းမျိုး မဟုတ်၊ မိမိ၏ဂုဏ်း, ရှေ့နှုံး၏ဂုဏ်း အပျိုးမဂေတ်ဂသော မဖိတ်ကားဂသော လူတို့ ၏ အထံ၌ ဤရဟန်းသည် ဇဟုသုကမျိသည် စသည်ဖြင့် ဂုဟန်း၏ဂုဏ်ကို ပြော ကြားရ၍ ထိုအရှင်အာ လှူကြဟု စီရင်ခြင်းမျိုးကိုဆိုသည်၊ထိုသို့စီရင်ရ၍ရသော ဘောဇဉ်ငါးပါးတို့တွင် တပါးပါးကို ဘိက္ခုနိပရိပါဋိတ ဓေါ်သည်ဟု သိ။

ပိဏ္ဍပါတံ။ ။ပိဏ္ဍော ပိဖွဲ့ ဟုတ္ဒ ပတဝိဘဲ ပိဏ္ဍပါဓေတ။ အဓေပါင်း အပေါင်း ဖြစ်၍ ကျတတ်သောဆွမ် ကို ရဓေ။ဤ၌ ပိဏ္ဍပါတအရ ဘော ဇဉ် ငါးပါးတို့ကွင် တပါ။ပါးကို ယူ။

တနည်း— "ပိဏ္ဍ အာဇီဝဓေန"ဟု အဆိုရှိခြင်းဓကြောင့် အသက်ရှူပြဓကြောင်း အစာကို ပိဏ္ဍဟု ဆိုသည်၊ ဂိဏ္ဍသော ပါဒကာ ပိဏ္ဍပါဓေတာ။ အစာ၏ သပိတ်၌ ကျခြင်းသည် ပိဏ္ဍပါတ မည်၏၊ အစာ၏သပိတ်၌ ကျခြင်းဟု ဘုံဓသော်လည်း သပိတ်၌ ကျသော အစာကိုပင် ပိဏ္ဍပါတဓေါ်ရမည်၊ ဤသိက္ခာပုဒ်၌ ပိဏ္ဍပါတ အရ ဘောဇဉ်ငါးပါးကိုသာ ယူ။

ပုဗ္ဗေ ဂိဟိ သမာရမ္ဘာ။ ။ဂိဟိသမာရမ္ဘာ ဂိဟိသမ်ာရမ္ဘာ။ လူတို့သည် စီရင်အပ်သောဆွမ်း, ဘိက္ခုနိမတို့ မတိုက်တွန်း မစီရင်မိ ရဟန်းတို့၏ အကျိုးငှါ လူတို့စီရင်အပ်သော ဆွမ်း, ဥာတကပဝါရိတ တို့၏ ဆွမ်းကို ဂိဟိသမာရမ္ဘဆိုသည်။ ထိုကဲ့သို့ဓသော ဆွမ်းမျိုးကို ဘိက္ခုနိမက ထပ်၍ စီမံသော်လည်း စားဂကောင်းဘည်ဟု သိ။

ပါစိတ္တိယံ။ ။ပုဗ္ဗေ ဂိဟိသမာရမ္ဘာ ဆွမ်းကို ဖယ်ထား၍ တပါးသော ဆွမ်းကို သိလျက် စားသော ရဟန်းအား မျိုတိုင်း မျိုတိုင်း ပါစိတ်။

၁၀-ရဟောနိသဇ္ဇ

၁၀။ ဧကော၊ တယောက်သော။ ယော ပန ဘိက္ခု၊ – သည်။ကောယ၊ – သော။ ဘိက္ခုနိယာ၊ – နှင့်။ သဒ္ဓိံ၊ – ကွ။ ရဟော၊ (မျက်စိ,နား နှစ်ပါး၏) ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ – ကို။ ကပ္ပေယျ၊ – အံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

တတိယော၊ – သော။ ဘိက္ခုနော ဝါဒဝဂ္ဂေါ၊ – သည်။
နိဋ္ဌိတော၊ – ပြီ။

နိဒါန်း စသည်။ ။ရာဇဂြိုဟ်၊ ဒေဝဒတ်။ ဘိက္ခုနိမ စီရင်သော ဆုမ်းကို စား သော ဝတ္ထု။ အာ၊ အာ၊ ပါဖိတ်၊ ဒုက္ကဋ်။ အပရိပါစိတဟု အမှတ်ရှိသော ရဟန်း, သိက္ခမာန် သာမဏေ၊တို့ စီရင်သော ဆုမ်းကို စား သော ရဟန်း, ဘောဇဉ် ငါးပါးမှ တပါး စီရင်သည်ကို စား၍သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဘိက္ခုနိမ စီရင်ခြင်း, စီရင်သည့် အဖြစ်ကို သိခြင်း, လူတို့ စီရင်ခြင်း မရှိခြင်း, ဘောဇဉ် ငါးပါးတို့တွင် တပါးပါး ဖြစ်ခြင်း, စား၍ခြင်း၊ အင်္ဂါ ငါးပါး။....သမုဋ္ဌာန်စသည် ပဌမ ပါရာဇိကနှင့် တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။

ဆောင်—နိမ စီရင်၊ စီရင်မှန်းသိ၊ သူ၏ အရင်၊ လူစီရင် မထား၊ ဘောဇဉ် ငါးတွင်၊ သုံးဆောင်လျှင်ဘိ၊ အင်ငါးရှိ၊ ပရိပါစိတာ။

ပရိပါစိတသိက္ခာပုဒ် ပြီး၏။

၁၀-ရဟောနိသဇ္ဇ

ဤ ရဟောနိသဇ္ဇ သိက္ခာပုဒ်သည် ဒုဗ္ဘိက္ခ အနိယတနှင့်ရင်း, အစေလက ပဋ္ဌမသိက္ခာပုဒ်နှင့်ရင်း အဆုံးအဖြတ် တူပြီ၊ အတ္ထုပ္ပတ်၏ အစွမ်းဖြင့်သာ အသီးအခြား ဟောတော်မူသည်ဟု သိ။

ရဟောနိသဇ္ဇသိက္ခာပုဒ် ပြီး၏။
ဘိက္ခုနောဝါဒဝဂ် ပြီး၏။

ဘောဇနဝဂ္ဂ၊ ၁-အာဝသထပိဏ္ဍ

၁။ အဂိလာနေန၊ မနာသေ။ ဘိက္ခုနာ၊ (တန္နေ နေသော) ရဟန်းသည်။ ဟုတ္ဝာ၊–၍။ ကေဝ၊ တကြိမ်။ အာဝသထ ပိဏ္ဍော၊ ညွှေ့သည်တို့ တည်းခိုရာဇရပ် စသည်၌ ဝတ်တည်အပ်သော ဆွမ်းကို။ ဘုဥ်္ဇိတဗ္ဗော၊ စား အပ်၏။ ယော ပန ဘိက္ခု၊ –သည်။ တတော၊ ထိုတနေ့ထက်။ ဥတ္တရိ၊–လွန်။ စေ ဘုဥ်္ဇေယျ၊–အံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊–၏။

ဘောဇနဝဂ္ဂ၊ ၁-အာဝသထပိဏ္ဍ

အဂိလာနေန။ ။အဂိလာန ဟူသည် ယူဇနာခွဲခရီးသို့ ဆက်လက်သွားခြင်းငှါ စွမ်းနိုင်သော ရဟန်းကို ဆိုသည်။

ကေဝ အာဝသထပိဏ္ဍော။ ။ကေသို့ဒိဝသေ ဝသတိတိ ကေဝ။ တခုသော နေ့၌ နေတတ်သော ရဟန်းကို ရစေ။ ဟုတ္ဝာ ဟူသော ပါဌသေသ၌ စပ်။ ။အာဂန္ဆာ ဝသန္တိ ဇေတ္ထာတိ အာဝသထော။ ခရီးသွားသူ ဂိလာနဖြစ်သူ စသည်တို့ လာရောက် တည်းခိုနေထိုင်စရာ ဇရပ် စသည်ကို ရစေ။ ။အာဝသထေ ပညတ္တော ပိဏ္ဍော အာဝသထပိဏ္ဍော။ ဤမည်သော ဤမျှသော ပုဂ္ဂိုလ် ဟူ၍ဌင်း, ဤမျှသော ဘောဇဉ်ဟူ၍ဌင်း– ပုဂ္ဂိုလ်ဘောဇဉ် နှစ်ပါးကို မရည်စူး မပိုင်းခြားဘဲ ဇရပ်, မဏ္ဍပ်, သင်္ကန်းရင်း စသည်တို့တွင် အမှတ် မရှိ တခုခုသော အရပ်၌ ကောင်းမှုကို အလိုရှိကုန်သော သူတို့သည် ခရီးသွား ဂိလာန, ကိုယ်ဝန်ဆောင်မိန်းမ, ရဟန်းတို့၏ အကျိုးငှါ ဝတ်တည်ထားအပ်သော ဘောဇဉ်ကို ရစေ။

ဘုဥ်္ဇိတဗ္ဗော––ဤပုဒ်ဖြင့် ဒကာ တဦးတည်း ဖြစ်၍ဌင်း, ဒကာ အများ တပေါင်းတည်း ဖြစ်၍ဌင်း, တနေရာ ဖြစ်စေ, နေရာအသီးအသီး ဖြစ်စေ, ယနေ့ တနေရာ နက်ဖြန် တနေရာဟု မမှတ်အပ်သော အရပ်၌ ဖြစ်စေ ဝတ်တည်ထားအပ်သော ဆွမ်းကို တနေရာ၌ တနေ့သာ စား ကောင်းသည်ကို ပြ၏။

တဒဟေ စေ-ပါစိတ္တိယံ––ဤပါဒ်ဖြင့် မပြုကောင်းသည်ကို ပြသည်။ ဒကာ အများ တပေါင်းတည်း ပြု၍ နေရာအသီးအသီး လှူသည်ကို ယနေ့ တနေရာ၌ စားပြီး၍ နက်ဖြန် ထိုထိုနေရာ၌ မစားကောင်း၊ စားအံ့–ပါစိတ်၊ ဘောဇဉ်မှတပါး စားမူ အနာပတ္တိ။

[ဒကာ အသီးအသီးဖြစ်မူ ယနေ့ ဤနေရာ နက်ဖြန် ထိုနေရာသို့သွား၍ စားကောင်းသည်၊ နေရာချွေ၍ကား အစမှ ပြန်ပြီး မစားကောင်းတော့ပြီ။]

၂-ဂဏဘောဇနာ

၂။ သမယာ၊ အခါခုနစ်ပါးကို။ အညတြ၊ –၍။ ဂဏ ဘောဇနေ၊ ဂဏ ဘောဇဉ်ကို စားခြင်းကြောင့်၊ ပါစိတ္တိယံ၊ –၏။ တတ္ထ၊ ထိုဂဏဘောဇဉ်ကို စားခြင်း၌။ အယံ၊ –သည်။ သမယော၊ အပ်သောကာလတည်း။ ဂိလာန-သမယော၊ နာသောကာလ။ ဝါ၊ နာခြင်းဖြင့် မှတ်အပ်သော ကာလ။ စီဝရ-ဒါနသမယော၊ ကထိန်သင်္ကန်း လှူရာကာလ။ စီဝရ ကာရ သမယော၊

ဆောင်—ဘောဇဉ်ဖြစ်မှု၊ ပါစိတ်ဟူ၊ ကြွင်းမှု နာပတ္တိ။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ နေ့စဉ်နေ၍ အာဝသထပိဏ္ဍ ကို စား သော ဝတ္ထု။ သာ၊ အနာ။ အဂိလာန၌ တိကပါစိတ်၊ ဒုက ဒုက္ကဋ်။ ဂိလာနအား ဂိလာနဟု မှတ်၍ နေ့စဉ် စားသော ရဟန်း, ခရီး, တယူဇနာ သွားသော ရဟန်း, ခရီးအကြား တကြိမ်စား ရောက်ရာအရပ်၌ တကြိမ်စား ပြန်လာပြီး ခရီးအကြား၌ တကြိမ်စားသော ရဟန်း, သွားအံ့ဟု စားပြီး၍ ထွက်သွားသော် ဘေးရန်ကြောင့် ပြန်လာ၍ ဘေးမရှိဟု သိ၍ သွားအံ့ဟု စားပြန်သော ရဟန်း, ဥစ္စာရှင်တို့က ပင့်ထား၍ အကြိမ်ကြိမ် စားသော ရဟန်း, ရဟန်းကိုအားသာ ရည်စူး၍ လှူသော ဆွမ်းကို အကြိမ် ကြိမ်စားသော ရဟန်း, ဆွမ်းမဝ၍ အကြိမ်ကြိမ်စားသော ရဟန်း, ဘောဇဉ်မှ တပါး စားသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ အာဝ-သထပိဏ္ဍ မြင်ခြင်း, ကျန်းမာခြင်း, နေ့စဉ်နေ၍ စားခြင်း၊ အင်္ဂါသုံးပါး။.... သမုဋ္ဌာန် စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်— အာဝသထ၊ ပိဏ္ဍ ဖြစ်ခြင်း၊ ကျန်းမာခြင်းပင်၊ နေ့စဉ်စားက၊ အင်္ဂသုံး၀၊ အာဝသထ ဣတည်း။

အာဝသထပိဏ္ဍ သိက္ခာပုဒ် ပြီး၏။

၂-ဂဏဘောဇနာ

ဂဏဘောဇနေ။ ။ဂဏိတမ္ဘော သခ်္ဃတမ္ဘာတိ ဂဏော။ တစ် နှစ် စသည်ဖြင့် ရေတွက်အပ်သော လေးပါး လေးပါထက်အလွန် ဖြစ်သော ရဟန်းအပေါင်းကို ဂဏ။ ။ဘုဉ္ဇတေ ဘောဇနံ။ စားခြင်း ကြိယာကို ရစေ။ ။ဂဏာသ ဘောဇနသ ဓဘောဇနံ ဂဏဓဘောဇနံ။ ရဟန်းအပေါင်း၏ ဥစ္စာ ဖြစ်သော် ဘောဇဉ်ငါးပါးကို စားခြင်းကြိယာကို ရစေ။ မဇ္ဈိမလောပိ-တပ္ပုရိသ်။

သက်နှံးသစ်၌ပြုဘွယ်ကိစ္စကို ပြုရာကာလ။ အဒ္ဓါနဂမန သမယော၊(ယူဇနာခဲ့စသော) အလွန်ရှည်သော ကုန်းကြောင်းခရီးသို့ သွားဆဲ သွားပြီးကာလ။ နာဝါ ဘိရူဟန သမယော၊ (ယူဇနာခဲ့စသည်ဖြင့်) လှေစီးရာကာလ။ မဟာသမယော၊ (လေးပါး စသော) ရဟန်းတို့၏ ဆွမ်းမမျှသောကာလ။ သမဏ ဆွတ္တ သမယော၊ သီတင်း သုံးဘော် တိတ္ထိတို့ ပင့်ဖိတ်အပ်သော ဆွမ်းရှိသောကာလ။ အယံ၊ ဤ....၊ကာလသည်။ တတ္ထ၊ ထိုဂဏဘောဇဉ်ကို စားရာ၌။ သမယော၊—တည်း။

တနည်း – ဘုဥ္ဇိတဗ္ဗန္တိ ဘောဇနံ။ စားအပ်သော ကြိယာကိုရစေ။ ။ဂဏဿ သန္တကံ ဘောဇနံ ဂဏဘောဇနံ။ ရဟန်းအပေါင်းသည် ရအပ်သောကြောင့် ရဟန်းအပေါင်း၏ဥစ္စာဖြစ်သော ဘောဇဉ်ငါးပါးကို ရစေ။ ။ဂဏဘောဇနဿ ဘောဇနံ ဂဏဘောဇနံ။ ရဟန်းအပေါင်း၏ဥစ္စာ ဖြစ်သော ဘောဇဉ် ငါးပါးကို စားခြင်းကြိယာကို ရစေ။ ဥတ္တရပဒလောပေါ်တပ္ပုရိသ်။ ဝိကာလဘောဇနပုဒ်ကဲ့သို့ မှတ်။

ဆောင်— ဂဏအရ၊ လေးပါးမှ၊ အစထက်ကို ယူ။

ဂဏဘောဇဉ် ၂-မျိုး။ ။ဂဏဘောဇဉ်သည် မအပ်သော ပင့်ဖိတ်ခြင်း, မအပ်သော တောင်းခြင်းဟု အခြင်းအရာအားဖြင့် နှစ်မျိုးပြား၏။

မအပ်သော ပင့်ဖိတ်နည်း။ ။ဒကာမိုက် တယောက်သည် စာကွဲစုဝေး၍ ဖြစ်စေ, တပါးစီ ဖြစ်စေ နေသော ရဟန်းလေးပါး ငါးပါးထံ ချဉ်းကပ်၍ ဘောဇဉ် ငါးပါးတို့၏ အမည်ကို ယူ၍ "ဩဒနေန နိမန္တေမိ, ဘတ္တေန နိမန္တေမိ" ဤသို့ စသော ဩဒနသဒ္ဒါ ဘတ္တသဒ္ဒါဖြင့် ဖြစ်စေ, ထိုဩဒနသဒ္ဒါ ဘတ္တသဒ္ဒါတို့၏ အနက်ဖြစ်သော ထမင်းကို အလှူခံပါကုန်ဟု ထမင်းအမည်ဖြင့် ဖြစ်စေ ဖိတ်ခြင်းမျိုးကို မအပ်သော ဖိတ်ခြင်းဟု ဆိုသည်။ ဤနည်းအတိုင်း သတ္တု ကုမ္မာသ မစ္ဆ မံသဟု ဆိုအပ်သော ပါဠိဘာသာဖြင့် ဖြစ်စေ, မုံလုံး မုယော, ငါးဟင်း အမဲသားဟင်း ဘုဉ်းပေးကြွေးကြော်ဟု မြန်မာသုံးဖြင့် ဖြစ်စေ ပင့်ဖိတ်ခြင်းမျိုးကို မအပ်သော ပင့်ဖိတ်ခြင်းဟု သိ။

မအပ်သော တောင်းနည်း။ ။ရဟန်း လေးပါး ငါးပါး စသည်တို့သည် အတူတကွဖြစ်စေ, အသီးအသီး ဖြစ်စေ နေ၍ ဒကာဒကာမကို မြင်သော် "အမှောက် ဘတ္တံ ဒေဟိ-ငါတို့အား ထမင်းလှူကြပါ" ဤသို့

စသည်ဖြင့် တောင်းခြင်းကို မအာပ်သော တောင်းခြင်းဟု ဆိုသည်။ ဤနည်း အတိုင်း သတ္တု ကုမ္မာသ မစ္ဆ မံသဟု ဆိုအပ်သော ပါဠိဘာသာဖြင့် ဖြစ်စေ, မုံလုံးလှူပါ မုယောမုံလှူပါ ငါးဟင်းလှူပါ အမဲသားဟင်းလှူပါဟု မြန်မာသုံးဖြင့်ဖြစ်စေ တောင်းခြင်းမျိုးကို မအာပ်သော တောင်းခြင်းမျိုးဟု သိ။

[အညာတက အာပ္ပာရိတတို့ထံ ဆွမ်းလှူပါဟု တောင်းလျှင် သူပေါ ဒန ဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။]

အာပတ် သင့်-မသင့် နည်း။ ။ဂဏဘောဇဉ်ဖြင့် ပင့်ဖိတ်ရာ တောင်းရာသို့ ရဟန်းလေးပါး ငါးပါး စသည် တပေါင်းတည်း ဖြစ်စေ, အသီးအသီး တပါးစီ နှစ်ပါးစီ သုံးပါးစီဖြစ်စေ သွားရှိစားသောအခါ လည်း တပေါင်းတည်းဖြစ်စေ, အသီးအသီးဖြစ်စေ စားခြင်းသည် ပမာဏမဟုတ်, အာပတ်မသင့်သေး၊ တဆယ့်နှစ်တောင် ဥပစာအတွင်း၌ တည်ရှိ အတူတကွ ခံယူခြင်းသည်သာ ပမာဏ လိုရင်းဖြစ်သည်၊ ဂဏဘောဇဉ်ဖြစ်၍ အာပတ်သင့်သည်ဟု သိ။

[“ပဥ္စန္နံ ဘောဇနာနံ နာမံ ဂဟေတ္ဝာ-ငါးပါးသော ဘောဇဉ်တို့၏ အမည်ကိုယူ၍” ဟု ဆိုခြင်းကြောင့် “ဘောဇနံ ဂဏှထ” ဘောဇဉ်ကို အလှူခံပါဟု ဆိုသော်လည်း ဂဏဘောဇဉ်ဖြစ်သည်ဟု ဆိုကြ၏။]

ဆောင်—သွား စားမလို၊ ခံသည်ကို၊ ဆိုလို ပမာဏ။

အပ်သော ပင့်ဖိတ်နည်း။ ။“ဘိက္ခံ ဘုဥ္ဇထ ပိဏ္ဍပါတံ ဘုဥ္ဇထ”ဟု ပါဠိဘာသာဖြင့် ဖြစ်စေ, ဆွမ်းစားကြွပါ, ဆွမ်းဘုဉ်းပေးပါဟု မြန်မာသုံးဖြင့်ဖြစ်စေ ပင့်ဖိတ်ခြင်းမျိုးကား အပ်သောပင့်ဖိတ်ခြင်းမျိုးဖြစ်သည်၊ ဂဏဘောဇဉ် မဖြစ်။ မုံဟင်းခါးဆွမ်း, မုံတိဆွမ်း, ကြာဆံကြိုးဆွမ်း, ခေါက်ဆွဲဆွမ်း စသည်ဖြင့် ဆွမ်းဟူသောအမည် နောက်ကတပ်၍ ဖိတ်လျှင်လည်း အပ်သော ဖိတ်ခြင်းမျိုးဖြစ်သည်၊ ငါးဆွမ်း, အမဲဆွမ်း စသည်၌လည်း နည်းတူ အပ်သည်ဟု သိ။

[အရှင်ဘုရားမျှား ငါးကြော်ဘုဉ်းပေး ကြွပါ, ငါတို့အား ငါးကြော်လှူပါ, ငါးခြောက် လှူပါ, မုံဟင်းခါးစဲး ကြွပါ, မုံတိစားကြွပါ, မုံဘုဉ်းပေး ကြွပါ, ခေါက်ဆွဲစား ကြွပါ စသည်ဖြင့် ဖိတ်ခြင်းမျိုးကို မအာပ်ဟု ယူကြသည်။]

သမယ ၇-ပါး။ ။ခြေကွဲခြင်း စသော အကြောင်းကြောင့် ဆွမ်းခံ မသွားနိုင်သော ရဟန်းကို ဂိလာနဆိုသည်၊ ဂိလာနေန ဥပလဂ္ဂိတော သမယော ဂိလာနသမယောဟု ပြု။

ကထိန် မခင်းသော် သင်္ကန်းကာလ တလ ကထိန်ခင်းသော် ငါးလကို စီဝ ရဒါနသမယ ဆိုသည်၊ စီဝရံ ဒဒန္တိ ဇတ္ထာတိ စီဝရဒါနံ။ စီဝရဒါနဥ္စ တံ သမ-ယော စာတိ စီဝရဒါနသမယော။ ကထိန်သင်္ကန်းလှူသော ကာလကို အရ ကောက်။ ။စီဝရေ ကတ္တဗ္ဗံ ကရောန္တိ ဇတ္ထာတိ စီဝရကာရော။ စီဝရကာရော ဇေ သမယော စီဝရကာရသမယော။ အသစ်ဖြစ်သော သင်္ကန်းဥ် ဖြတ် ချုပ် ဆိုးခြင်း စသော အမှုကိစ္စကို ပြုရာကာလကို ရစေ။

အဒ္ဓါနံ ဂစ္ဆတိ ဂတော ဝါ ဇတ္ထာတိ အဒ္ဓါနဂမနံ။ အဒ္ဓါနဂမနဥ္စ တံ သမ-ယော စာတိ အဒ္ဓါနဂမနသမယော။ ကုန်းကြောင်း ခရီးဖြင့် ယူဇနာခွဲစသော အဝွန်ရှည်သော ခရီးကို သွားဆဲ သွားပြီးဖြစ်သော ကာလကို ရစေ။

လှေစီးသဖြင့် ယူဇနာခွဲစသောခရီးသို့ သွားသောကာလကို နာဝါဘိရုဟန-သမယဆိုသည်၊ နာဝံ အာဘိရုဟတိ ဇတ္ထာတိ နာဝါဘိရုဟနသမယော ဟု ပြု။

ရဟန်းလေးပါးမှစ၍ ဆွမ်းခံ၍ မျှတအောင် မရသောကာလကို မဟာ သမယ ဆိုသည်။

ကိလေသေ သမေတီတိ သမဏော။ ကိလေသာတို့ကို ငြိမ်းစေတတ်သော သီတင်းသုံးဖော် ငါးယောက်နှင့်တကွ ရသေ့ ပရိဗိုဇ် တိတ္ထိတို့ကို ရစေ။ ။ သမဏေန နိမန္တိတံ ဘတ္တံ သမဏဘတ္တံ။ ဆိုအပ်ပြီးသော သမဏသည် ပင့် ဖိတ် လှူဒါန်း အပ်သော ထမင်းကို ရစေ။ ။သမဏဘတ္တံ အဿာတိ သမဏဘတ္တော။ သမဏသည် ပင့်ဖိတ် လှူဒါန်းအပ်သော ထမင်းရှိသောကာလ ကို ရစေ။

တနည်း- သမဏသည် ထမင်းဖြင့် ပင့်ဖိတ် လှူဒါန်းခြင်းရှိသော ကာလ ကို သမဏဘတ္တဟု ဆိုသည်၊ သမဏော ဘတ္တေန နိမန္တေတိ ဇတ္ထာတိ သမဏဘတ္တောဟု ပြု။ ။သမဏ ဘတ္တော စ သော သမယော စာတိ သမဏ ဘတ္တသမယော။ သီတင်းသုံးဘော် ငါးယောက်နှင့်တကွ ရသေ့ ပရိဗိုဇ် တိတ္ထိတို့ သည် ထမင်းဖြင့် ပင့်ဖိတ်လှူဒါန်းခြင်းရှိသော ကာလကို ရစေ။

[ဤသမယ ခုနစ်ပါးတို့၌ ထမင်း အမည်ဖြင့် ပင့်ဖိတ် လှူဒါန်း သော်လည်း ရဟန်းလေးပါး ငါးပါး လိုက်စားကောင်းသည် ဟူ၏။]

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဒေဝဒတ်၊ တောင်းစားသော ဝတ္ထု။ အညတြ သမယာ စသော ခုနစ်ပါးကား အနုပညတ်။ သာ၊ အနာ။ ဂဏဘောဇဉ်၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ဂဏဘောဇဉ် မဟုတ်သည်၌ ဂဏဘော ဇဉ် မဟုတ်ဟု အမှတ်ရှိသော ရဟန်း,နှစ်ပါး သုံးပါး အတူတကွ ခံယူသော

၃-ပရမ္မရဘောဇန

၃။ သမယာ၊ အခါသုံးပါးကို။ အညတြ၊ –၍။ ပရမ္မရ ဘောဇနေ၊ နောက် နောက်၌ ပင့်ဖိတ်အပ်သော ဘောဇဉ်ကို စားခြင်းကြောင့်။ ပါစိတ္တိယံ၊ –၏။ တတ္ထ၊ ထို ပရမ္မရဘောဇဉ်ကို စားခြင်း၌။ အယံ၊ –သည်။ သမယော၊ –တည်း။ ဂိလာနသမယော၊ –ကာလ။ စီဝရဒါနသမယော၊ –ကာလ။ စီဝရကာလ သမယော၊ –ကာလ။ အယံ၊ –ကား။ တတ္ထ၊ ထို ပရမ္မရဘောဇဉ်ကို စားရာ၌။ သမယော၊ –တည်း။

ရဟန်း, ဆွမ်းခံသွား၍ အတူတကွစားသောရဟန်း, နိစ္စဘတ်စသည်တို့၌ရင်း ဘောဇဉ်ငါးပါးကို ဖယ်ဖျားမျှ ခဲဘွယ်စသည်၌ရင်း စားသောရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အားရင်း အနာပတ္တိ။ ဂဏဘောဇဉ်ဖြစ်ခြင်း, အခါမဟုတ်ခြင်း. စားခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် ဧဋ္ဌကလောမနှင့် တူပြီ။

ဆောင်— ဂဏ ဘောဇန်၊ ခါးတန်စားက၊ အင်သုံး၀၊ ဂဏ ဘောဇဉ်တည်း။

ဂဏဘောဇန သိက္ခာပုဒ်ပြီး၏။

၃·ပရမ္မရဘောဇန

ပရမ္မရဘောဇနေ။ ။ ရေ နိမန္တိတံ ဘောဇနံ ပရုံ။ နောက်၌ ပင့်ဖိတ်အပ်သော ဘောဇဉ်ကိုရစေ။ ။ပရဉ္ဉ ပရဉ္ဉ ပရမ္မရုံ၊ သဟမွတိ စသည်တို့၌ကဲ့သို့ ဝါစာသိလိဋ္ဌ အက္ခိုးဌါ ရှေ့ပုဒ်၌ နိဂ္ဂဟီတ်လာထားသည်။ နောက် နောက်၌ ပင့်ဖိတ်အပ်သော ဘောဇဉ်ကို ရစေ။ ။ဘုဉ္ဇတေ ဘောဇနံ။ စားခြင်းကြိယာကို ရစေ။ ။ပရံ ပရဿ ဘောဇနံ ပရမ္မရ ဘောဇနံ။ နောက် နောက်၌ ပင့်ဖိတ်အပ်သော ဘောဇဉ်ကိုစားခြင်း ကြိယာကို ရစေ။ တနည်း- ပရော စ ပရော စ ပရမ္မရော။ နောက်နောက် ပင့်ဖိတ်သောသူကို ရစေ။ ။ ပရမ္မရဿ ဘောဇနံ ပရမ္မရဘောဇနံ။ နောက်နောက် ပင့်ဖိတ်သောသူ၏ ဘောဇဉ်ကိုရစေ။ ။ပရမ္မရဘောဇနဿ ဘောဇနံ ပရမ္မရ ဘောဇနံ။ ဘောဇနဟူသော နောက်ပုဒ်တပုဒ် အကျေကြံသည်။ နောက်နောက် ပင့်ဖိတ်သောသူ၏ ဘောဇဉ်ကို စားခြင်းကိုရစေ။ အဒိပ္ပါယ်-ဂဏဘောဇန သိက္ခာပုဒ်၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း ဒကာမိုက်တယောက်သည် ရဟန်းတပါးထံ ချဉ်းကပ်၍ အရှင်ဘုရား– အရှင်ဘုရားတို့ကို သြဒနဖြင့် ဘတ္တာဖြင့် ပင့်ဖိတ်ပါ၏။ တပည့်တော်၏ သြဒနဘတ္တာကို အလှူခံတော်မူပါ။ ဤသို့ စသည်ဖြင့် သြဒနသဒ္ဒါ ဟတ္တာသဒ္ဒါဖြင့် ဖြစ်စေ, ထမင်းဖြင့် ပင့်ဖိတ်ပါ၏၊ ထမင်းစား ကြွတော်မူပါ ထမင်းအလှူခံ

ကြွတော်မူပါဟု ထမင်းဟူသော မြန်မာသုံးဖြင့် ဖြစ်စေ ဒကာနှစ်ဦး, သုံးဦး မအပ်သောနည်းဖြင့် လာပင့်ဆောင် ရွေဦးစွာ ပင့်ဖိတ်သောဒကာ၏ ထမင်းကို ဝိကပ္ပနာပြုပြီး မစားဘဲ နောက် ပင့်ဖိတ်သောဒကာ၏ ထမင်းကို စားခြင်းကို ပရမ္မရဘောဇဉ်ဟု ဆိုသည် ဟူ၏။

ဝိကပ္ပနာပြုပုံ။ ။ဒကာ နှစ်ဦး သုံးဦးတို့က မအပ်သောနည်းဖြင့် ပင့်ဖိတ်ရာ၌ ရွေဖိတ်သော ဒကာ့၏ ဘောဇဉ်ကို မစားလို နောက်ဖိတ်သော ဒကာ၏ ဘောဇဉ်ကို စားလိုလတ်သော် သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်အား "မယ္ဘံ ဘက္ခာပစ္စာသံ တုယ္ဘံ ဒမ္မိ၊" ဤမည်သော ဒကာထံ ငါမြော်လင့် ဖောင့်တရံအံ့သော ဘောဇဉ်ကို သင့်အား ပေးပါ၏ဟူ၍ ၎င်း, "မယ္ဘံ ဘက္ခာပစ္စာသံ တုယ္ဘံ ဝိကပ္ပေမိ" ဤမည်သော ဒကာထံ ငါမြော်လင့် တောင့်တရအံ့သော ဘောဇဉ်ကို သင့်အား ဝိကပ္ပနာပြုပါ၏။ ဝါ၊ စွန့်ပါ၏ဟူ၍ ၎င်း မျက်မှောက် ဝိကပ္ပနာ ပြုပုံတမျိုး။

"မယ္ဘံ ဘက္ခာပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိ" ဤမည်သော ဒကာထံ၌ ငါ မြော်လင့် တောင့်တရအံ့သော ဘောဇဉ်ကို ဤမည်သောသူအား ပေးပါ၏ဟူ၍၎င်း, "မယ္ဘံ ဘက္ခာပစ္စာသံ ဣတ္ထန္နာမဿ ဝိကပ္ပေမိ" ဤမည်သော ဒကာထံ၌ ငါမြော်လင့်၊ တောင့်ထရလတ္တံ့သော ဘောဇဉ်ကို သင့်အား ဝိကပ္ပနာပြုပါ၏။ ဝါ-စွန့်ပါ၏ဟူ၍၎င်း မျက်ကွယ် ဝိကပ္ပနာပြုပုံတမျိုးအားဖြင့် ဝိကပ္ပနာပြုပုံ နှစ်မျိုး ပြား၏။ ထိုနှစ်မျိုးတို့တွင် ဟမျိုးမျိုးဖြင့် ရွေဦးစွာ ပင့်ဖိတ်သော ဒကာ၏ ဘောဇဉ်ကို ဝိကပ္ပနာမပြုဘဲ နောက်ပင့်သော ဒကာ၏ ဘောဇဉ်ကို စားမိအံ့၊ ပါစိတ်အာပတ်သင့်၏။ ဝိကပ္ပနာပြု၍စားသော် အာပတ်မသင့်ဟူ၏။

ဆောင်—ဝိကပ္ပနာ၊ ပြုစားပါ၊ ကျမ်းလာ အပ်သတည်း။

နိဒါန်းစသည်။ ။ဝေသာလီ၊ ရဟန်းများ။ ဖိတ်သည်မှ တပါးသော ဆွမ်းကို စားသောဝတ္ထု။ အညတြ သမယာ စသော သုံးပါးကား အနုပညတ်၊ [ပရိဝါပါဠိတော် ၌ "အနုဇာနာမိ ဘိက္ခဝေ ဝိကပ္ပေတွာ ပရမ္မရ ဘောဇနံ ဘုဥ္ဇိတုံ" ဟု လာသော ဝိကပ္ပနာပါတည်း၍ အနုပညတ် လေးပါးဟု ဟောတော်မူသော်လည်း ဝိကပ္ပနာ၏ အစွမ်းအားဖြင့် ထိုဘောဇဉ်သည် ထင်ရှား မရှိသောကြောင့် အနုပညတ်၏အစွမ်းအားဖြင့် ဝိကပ္ပနာကို အနုပညတ် တပါး သီးခြားမထားမူ၍ ပညတ်တိုင်းသော သိက္ခာပုဒ်ကိုသာ ထားရကား သုံးပါးဟု ကခ်ီ၍ ဆိုတော်မူ၏။]

ဆောင်။ ။ပရိပါရေ၊ ဝိကပ္ပေ၊ ထည့်လေ့ နှုပညတ်။

၄-ဒုတိယပဋိပတ္တိ

၄။ ဒါယကော၊ (အမျိုးမတော် မဖိတ်ကြားထားသော) ဒါယကာ သည်။ [ထည့်] ကုလံ၊ အိမ်သို့။ ဥပဂတံ၊ ကပ်ရောက်သော။ ဘိက္ခုံ ပနေဝ၊ ကိုသာလျှင်။ ပုဏ္ဏေဟိ ဝါ၊ (လက်ဆောင်အလို့ငှါ စီရင်အပ်သော အရသာရှိသော) ကတ္တတ်မုံစသော ခဲဘွယ်တို့ဖြင့်ဝင်း။ မန္ထေဟိ ဝါ၊ (ခရီး အကြာင်း၌ သုံးစားရခြင်းအကျိုးငှါ စီရင်အပ်သော) မုံဆုပ် နှမ်းဆန်စသည် တို့ဖြင့်ဝင်း။ အဘိဟဋ္ဌုံ၊-၍။ ပဝါရေယျ၊ ပင့်ဖိတ်ငြားအံ့။ အာကခ်မာ-နေန၊-သော။ ဘိက္ခုနော၊-သည်။ ဒုတိယပဋိပတ္တိပူရာ၊အနုးရေးနှင့်အညီ ပြည့်

သော၊ အနော။ ပရမ္မုခဘောဇဉ်၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ ပရမ္မုခဘောဇဉ် မဟုတ်သည်၌ မဟုတ်ဟု အမှတ်ရှိသောရဟန်း, သမယ၌ဝင်း ဝိကပ္ပနာပြု၍ဝင်း တပေါင်းတည်းပြု၍ဝင်း စားသောရဟန်း, ဖိတ်သောအစဉ်အတိုင်း စားသော ရဟန်း, ထမင်းကို အလှူခံတော်မူပါဟုဆိုသော် သင့်ထမင်းကို ငါအလိုမရှိ ဆွမ်းကိုသာ ခံယူသောရဟန်း, နိစ္စဘတ် စသည်တို့၌ဝင်း, ဘောဇဉ်ငါးပါးကို ဖယ်ထား၍ ခဲဘွယ်၌ဝင်း, ဥမ္မတ္တကရဟန်း စသည်တို့အားဝင်း အနာပတ္တိ။ ပရမ္မုခဘောဇဉ်ဖြစ်ခြင်း, အခါမဟုတ်ခြင်း, စားခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် ပထမကထိနနှင့်တူပြီ၊ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်——ပရမ္မုခ၊ ဘောဇနကို၊ခါပျမဟုတ်၊ ပရိဘုတ်စားပြန်၊အင်္ဂသုံးတန်၊
ပရမ္မုခဘောဇဉ်တည်း။

ပရမ္မုခဘောဇနသိက္ခာပုဒ် ပြီး၏။

၄-ဒုတိယပဋိပတ္တိပူရ

ကုလံ-မန္ထေဟိ ဝါ။ ။ဤ၌ ကုလ-သဒ္ဒါ အိမ်ဟော။ ။အတိရသက ဘာဝေန ပဝတိ ပဝတ္တတီတိ ပူဝံ။ လက်ဆောင်အလို့ငှါ စီရင်အပ်သော အလွန်အရသာရှိသည့် အဖြစ်ဖြင့် ဖြစ်သော ကတ္တတ်မုံ, ကြွက်ကျစ်မုံစသော ခဲဘွယ်ကိုရစေ။

[သက္ကဋအဘိဓာန်, မာဂဓအဘိဓာန်တို့၌ ပူပဟု ပါဠိ၌ရှိ၏၊ ပိဋကတ်တော်၌ ပူဝဟု ပါဠိ၌ရှိသည်။]

သော နှစ်သပိတ်, သုံးသပိတ်သော မုံတို့ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊-ကုန်၏။ ယော ဘိက္ခု၊-သည်။ တတော၊ ထိုသုံးသပိတ်ထက်။ ဥတ္တရိ၊-လွန်။ စေ ပဋိဂ္ဂဏှေယျ။-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။ (ဘိက္ခုနာ၊ -သည်)။ ဒုတိယပဋိဂ္ဂဟဏရေ၊-တို့ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊-သော်။ တတော၊ ထိုခံယူသော အရပ်မှ။ နီဟရိတဗ္ဗာ၊ (အနီးကျောင်းသို့) ဆောင်၍။ ဘိက္ခူဟိ၊ တပါးသော ရဟန်းတို့နှင့်။ (သဒ္ဒိ ၊-တကွ။) သံဝိဘဇိတဗ္ဗံ၊ ဝေဖန်အပ်၏။ အယံ၊ဤဝေဖန်ခြင်းသည်။ တတ္ထ၊ ထိုမုံကို ခံယူရာ၌။ သာမိစိ၊-တည်း။

ခရီးအကြား၌ သုံးဆောင်ခြင်း ရိက္ခာအလို့ငှါ စီရင်အပ်သော မုံဆုပ် နှုမ်းဆန် စသည်တို့ကို မန္ထဟု ဆိုသည်။

ဒုတိယပဋိဂ္ဂဟဏရေ-တို့ကို။ ။ဒွေဝါ တယောဝါ ပတ္တာ ယေသန္တိ ဒုတိယပဋိဂ္ဂဟဏရေ။နှစ်သပိတ် သုံးသပိတ်ရှိသော မုံတို့ကို ရစေ။ ။ဒုတိယပဋိဂ္ဂဟဏရေ စ တေ ပူရာ စာတိ ဒုတိယပဋိဂ္ဂဟဏပူရာ။ အောက်အနားရေးနှင့် အညီ ပြည့်ကုန်သော နှစ်သပိတ် သုံးသပိတ်သော မုံတို့ကိုပင် ရစေ။ ဤဥဒ္ဒေ-ကား ဝစနာလင်္ကာရ ဝါစာသိလိဋ္ဌတို့သာ ဖြစ်၏၊ သုံးသပိတ်သာ လိုရင်းဟု သိ။

တတော စေ-ပါစိတ္တိယံ။ ။ဆိုအပ်ပြီးသော ပူဝ မန္ထမျိုးတို့ဖြင့် အလှူခံဘို့ရန် ဖိတ်မန္တက ပြုလျှင် နှစ်သပိတ် ဖြစ်စေ, သုံးသပိတ်ဖြစ်စေ သပိတ်အတွင်း နားခမ်းရေးနှင့် အညီသာ ခံယူနိုင်သည်၊ အကယ်၍ သုံးခုမြောက် သပိတ် စုန့်စုန့်တက်အောင် ခံယူအံ့၊ အောက်နားခမ်းရေးမှ လွန်သော မုံအရေအတွက် ပါစိတ်သင့်၏။

ဒုတိယပဋိဂ္ဂဟဏပူရေ ပဋိဂ္ဂဟေတဗ္ဗာ။ ။နှစ်သပိတ် ခံယူပြီးသော ရဟန်းသည် အပြင်ပ၌ ရဟန်းတပါးကို တွေ့သော် ဤအိမ်၌ တပည့်တော် မုံနှစ်သပိတ် ခံယူခဲ့ပြီ။ အရှင်ဘုရား တသပိတ်သာ ခံယူပါလော့ဟု ပြောရမည်၊ တသပိတ် ခံယူခဲ့ပြီးသော ဒုတိယ ရဟန်းကလည်း အပြင်ပ၌ ရဟန်းတပါးတွေ့သော် ပထမရဟန်းက နှစ်သပိတ် တပည့်တော်က တသပိတ် ခံယူပြီးပြီ အရှင်ဘုရား မခံယူပါနဲ့တော့ဟု ပြောရမည်။ ပထမရဟန်းက တသပိတ် ဒုတိယရဟန်းက နှစ်သပိတ် ခံယူပြီးရာ၌ငင်း, ပထမရဟန်းက တသပိတ် ဒုတိယရဟန်းက တသပိတ် တတိယရဟန်းက တသပိတ် ခံယူရာ၌ငင်း, နည်းတူ ပြောရမည်။ ပထမရဟန်းက သုံးသပိတ် ခံယူပြီးရာ၌ ဒုတိယရဟန်း မခံယူရန် ပြောရမည်။

မည်သည့်နည်းနဲ့မဆို တအိမ်တည်း၌ သုံးသပိတ်ထက်ပိုအောင် မခံယူရ၊ အလွန်ဆုံး သုံးသပိတ်သာ ခံယူရမည်၊ သုံးသပိတ်စေ့အောင် ခံယူပြီး၍ ပြောပါလျက် နောက်ထပ် ခံယူသောရဟန်း ဒုက္ကဋ်၊ မပြောသော ရဟန်းလည်း ဒုက္ကဋ်ဟု သိ။ ဘိက္ခုဟိ သဒ္ဒိ သံဝိဘဇိတဗ္ဗံ။ ။ဆိုခဲ့ပြီးသော နည်းအတိုင်း ပုဂ္ဂိုလ်တို့ကို ခံယူကြရာ၌ သုံးသပိတ် ခံယူခဲ့ပြီးသော ရဟန်းသည် မိမိအတွက် တသပိတ် ဖယ်ထားပြီး ကျန်နှစ်သပိတ်ကို ရဟန်းသံဃာများ သုံးဆောင်ရန် လှူဒါန်းရမည်၊ နှစ်သပိတ် ခံယူခဲ့သော ရဟန်းကလည်း မိမိအတွက် တသပိတ် ဖယ်ထား၍ ကျန်တသပိတ်ကို ထို့အတူ သုံးဆောင်ရန် လှူဒါန်းရမည်၊ တသပိတ် ခံယူခဲ့သော ရဟန်းကား မိမိအလိုရှိသလို သုံးနိုင်သည်၊ ဝေဖန်ရာ၌လည်း ရရာအိမ်မှ အနီးဆုံးဖြစ်သော ဆွမ်းစားဇရပ် ကျောင်း အမြဲတမ်း ဖဲရာအရပ်သို့သွား၍ ဝေဘန်ရမည်၊ အဆွေခင်ပွန်းများ ရှိရာအရပ်သို့ သွား၍ကား မလှူရဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ။ အတိုင်းအရှည် ပမာဏ မသိ ခံယူသောဝတ္ထု။ သာ၊ အနာ။ ဒွတ္တိပတ္တပူရ၌ တိကပါစိတ်၊ ဒုက္ကဋ်။ သုံးသပိတ်အောက် ယုတ်သည်၌ ယုတ်၏ဟု အမှတ်ရှိသော ရဟန်း, လက်ဆောင်ရိက္ခာအလို့ငှါ မဟုတ်သောမုံကို ခံယူသော ရဟန်း, လက်ဆောင်ရိက္ခာအလို့ငှါ စီရင်အပ်သောမုံမှ ကြွင်းသောမုံကို ခံယူသောရဟန်း, ခရီးသွားခြင်းကိစ္စပြီးသော မုံကို ခံယူသောရဟန်း, ညတက ပဝါရိတတို့၏ မုံကို ခံယူသော ရဟန်း, မိမိဥစ္စာဖြင့် ယူသောရဟန်း, ဥမ္မတ္တက ရဟန်းတို့အား အနာပတ္တိ။ ဆိုအပ်ပြီးသော လက္ခဏာရှိသော မုံစသည်ဖြစ်ခြင်း, အကြွင်းမဟုတ်ခြင်း, ခရီးသွားခြင်းကိစ္စ မပြီးငြိမ်းသေးခြင်း, အညာတက စသည်ဖြစ်ခြင်း, သုံးသပိတ်ထက် အလွန် ခံယူခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် သဉ္ဇရိတ္တနှင့် တူပြီ။

ဆောင်——ဆိုပြီး လက္ခဏာ၊ မုံမှာဖြစ်ခြင်း၊ အကြွင်းမဟုတ်၊ ခရီးသုတ်ရန်၊ ကိစ္စမငြိမ်း၊ တစိမ်းမဖိတ်၊ သုံးသပိတ်လွန်ဘိ၊ အင်္ဂါးရှိ၊ ဒွတ္တိပတ္တပူရတည်း။

ဒွတ္တိပတ္တပူရသိက္ခာပုဒ်ပြီး၏။

ကာဏမာတာသိက္ခာပုဒ်ဟူ၍လည်း ဆို၏။

၅-ပထမ ပဝါရဏာ

၅။ ဘုတ္တာဝီ၊ အနည်းငယ် စားပြီးသော။ ပဝါရိတော၊ (တော်ပြီဟု) ပယ်မြစ်မိသော။ ယော ပန ဘိက္ခု၊-သည်။ အန တိရိတ္တံ၊ အတိရိတ်ဝိနည်း ကံမပြုအပ် (ဂိလာနစားကြွင်းမဟုတ်) သော။ ဝါ၊ မပြုအပ်သော အတိရိတ် ဝိနည်းကံရှိသော။ ခါဒနီယံ ဝါ၊ ခဲဘွယ်ကိုငင်း။ ဘောဇနီယံ ဝါ၊ ဘောဇဉ် ကိုငင်း။ခါဒေယျ ဝါ၊ခဲမှုလည်း ခဲငြားအံ့။ ဘုဉ္ဇေယျ ဝါ၊စားမှုလည်း စားငြား အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၅-ပထမ ပဝါရဏာ

ဘုတ္တာဝီ။ ။ဘုဇ-ဓာတ်, တာဝိ-ပစ္စည်း စားပြီးခြင်း ဟူသော အတိတ်အနက်ကို ဟော၏။ သို့ပင် ဟောသော်လည်း လုံးလုံးစားခြင်း ကိစ္စပြီးပြီးသော ရဟန်းအား ပဝါရိတ် မသင့်နိုင်၊ စားဆဲ စားတုန်း ရဟန်းသာ ပဝါရိတ်သင့်ကောင်းသောကြောင့် ဘောဇဉ် ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို မှန်ညင်းစေ့ခန့်မျှ စားခြင်းကိစ္စပြီးသော ရဟန်းကို ရည်စူး၍ ဘုတ္တာဝီခေါ်သည်ဟု သိ။

ပဝါရိတော ။ ။ ပဝါရိယတေ ပဋိက္ခိပိယတေတိ ပဝါရိတော။ ပ-ရှေးရှိသော ဝရ-ဓာတ် ကာရိတ်ဏော-ပစ္စည်း၊ ကမ္မတ္ထ တ-ပစ္စည်းတည်း၊ ပယ်မြစ်စေအပ်သော ရဟန်းကို ရစေ။ ပယ်မြစ်စေအပ်ဟူသည် ဆွမ်းစသည်ကို လှူသောသူ, ထည့်ပေးသောသူက ဘောဇဉ်ကို ထည့်ပေးသည်ရှိသော် ရဟန်းက အလိုမရှိတော့၍ ပယ်မြစ်လိုက်လျှင် ထည့်ပေးသူကို ပယ်မြစ်စေသည်ဟု ဆိုရမည်။ စားနေသော ရဟန်းကား အလိုမရှိလျှင် ပယ်မြစ်တော်မူပါဟု မဆို အပ်သော်လည်း ဆိုအပ်သကဲ့သို့ မစေခိုင်းအပ်သော်လည်း စေခိုင်းအပ်သကဲ့သို့ ဖြစ်ရကား ပယ်မြစ်စေအပ်သည် မည်၏ဟု သဒ္ဒါရေးသို့လိုက်၍ သာရတ္ထဋီကာ ဆို၏။....အဓိပ္ပါယ်ကား-ပယ်မြစ်တတ်သော ရဟန်းပင်ဟု သိ။

တနည်း—ပဝါရေတိ ပဋိက္ခိပတီတိ ပဝါရိတော။ ကတ္တုသာဓ်၊ လုပ်ကျွေးသော သူက ကိုယ်ဖြင့် ရှေးရှုဆောင်အပ်သော ဘောဇဉ်ကို အလိုမရှိ တန်ပြီဟု ကိုယ်နှုတ်ဖြင့် ပယ်မြစ်တတ်သော ရဟန်းကို ရစေ။

တနည်း-ပဝါရဏံ ပဋိက္ခိပနံ ပဝါရိတံ။ ပဝါရိတံ အာဿာတိ ပဝါရိတော။ တော်ပြီဟု ပယ်မြစ်ခြင်း ကြိယာရှိသော ရဟန်းကို ရစေ။ ဤနည်း နှစ်ပါးကို "ပဝါရိတောတိ ကတပဝါရဏော ကတပဋိက္ခေပေါ" ဟူသော အဋ္ဌကထာကို ထောက်၍ ဆိုသည်။ ဤ ပဝါရိတောပုဒ်ဖြင့် ပဝါရိတ်သင့်ကြောင်း အင်္ဂါ

လေးပါးကို ပြသည်ဟု ယူသော် ဘုတ္တာဝိသဒ္ဒါဖြင့် စားဆဲဟူသော အင်္ဂါကို ယူသင့်သည်ဟု ဆိုကြ၏။

စားဆဲဖြစ်ခြင်း, ပဝါရိတ်လောက်သော ဘောဇဉ်ဖြစ်ခြင်း, နှစ်တောင့်ထွာ ဟတ္ထပါသ်၌ တည်ခြင်း, ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်း, ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပယ်မြစ်ခြင်း၊ အင်္ဂါငါးပါးကို ပြသည်ဟု ယူသော် အဋ္ဌကထာများ လာသော အတိုင်း ဘုတ္တာဝိ-သဒ္ဒါသည် ဒိရတ္တ တိရတ္တ စသည်တို့၌ ဒိရတ္တစသော သဒ္ဒါကဲ့သို့ အနက်ထူး မရှိ၊ ပဝါရိတသဒ္ဒါ၏ အခြံအရံ အဖြစ်ဖြင့်ရင်း, သဒ္ဒါပြေပြစ်သည့် အဖြစ်ဖြင့်ရင်း ဟောတော်မူသည်ဟု ယူ။

ဆောင်---စားဆဲ ဘောဇဉ်၊ ဆောင်ငင် ဟတ္ထပါသ်၊ ပယ်မြစ်လတ်၊ ငါးရပ် ပဝါရိတ် သင့်ကြောင်းတည်း။

ဘောဇဉ်ငါးပါး---ဩဒန-ထမင်း၊ သတ္တု-မုံမှုန့် မုံလုံး၊ ကုမ္မာသ-မယော မုံ၊ မစ္ဆ-ငါး၊ မံသ-အသား၊ ဤကား ဘောဇဉ် ငါးပါးတည်း။

ဆောင်---ထမင်း, ငါး, သား၊ မုံနှစ်ပါး၊ ငါးပါး ဘောဇဉ်တည်း။

ဩဒန။ ။အလျော်နှင့် တကွသော စပါးမျိုး ခုနစ်ပါးကို ချက်သော ထမင်းနှင့် လက်ကော် ရစကောင်းသော ယာဂု တာလပေါ့ အပြစ်ကို "ဩဒန" ခေါ်သည်၊ ပဝါရိတ်ကို ဖြစ်စေသည်၊ အကြွင်း ပဝါရိတ်ကို မဖြစ်စေဟု သိ။

သတ္တု။ ။စပါးမျိုး ခုနစ်ပါးကို ကျက်ကျက်လှော်၍ ပြုအပ်သော မုံဆုပ် မုံလုံး, အခဲ, အပြားနှင့် အယုတ်ဆုံး ကျက်ကျက်လှော်အပ်သော ကောက်စပါးတို့၏ ဆန်တို့ကို ထောင်းထားအပ်သော အမှုန့်, ဆန်ကဲ့, ကျတ်ကျတ် ရှိရန် လှော်အပ်သော ဆန် စသည်တို့၏ အမှုန့်တို့ကို "သတ္တု" ခေါ်သည်၊ ပဝါရိတ်ကို ဖြစ်စေသည်။

["သတ္တုနာမ သတ္တမညာနိ ဘဇ္ဇိတ္ဝာ ကတော" ဟူသော အဋ္ဌကထာ စကားဖြင့် မုံဆုပ်မုံလုံး သေသေချာချာ မထင်ရှားသေးသော်လည်း "အန္တ-မသော ခရပါကဘဇ္ဇိတာနံ ဝိဟီနံ တဏ္ဍုလေ ကောဋ္ဋေတ္ဝာ ကတာစုဏ္ဏံပိ ကုဏ္ဍကံပိ သတ္တုသင်္ဘဟမေဝ ဂစ္ဆတိ" ဟူသော နောက်ဝါကျစကားကို ထောက်၍ ရှေဝါကျ စကားအရ မုံဆုပ် မုံလုံး အခဲ အပြားဟု ထင်ရှား၏။]

"သစတိ သမဝေတိတိ သတ္တု၊ယဝါဒိစုဏ္ဏံ" ဟူသော ဓာတ္ဝတ္ထသင်္ဂြိဟ်နိဿယ ဋ္ဌီကား သတ္တု အရ မယော စသော အမှုန့်ကို ပြဆို၏။

သစတိ သမေတိတိ သတ္တာ၊ ခဇ္ဇန္တရေ သူကရဝစ္ဆသဒ္ဒာနေ ဓညဝိကာရေ” ဟူသော **အဘိဓာနပ္ပဒီကာသူစီ** ၌ လာသော သူကရဝစ္ဆသဒ္ဒါနေကို ထောက်၍ အလုံး အဆုပ်, အခဲ, အပြားကို သတ္တာခေါ်ကြောင်း ထင်ရှားသည်။ကျွတ်ကျွတ်ရှိရုံ လျော်အပ်သော ဆန်ကွဲဆန်, နေပူဖြင့် ခြောက်သော ဆန်ကွဲဆန်တို့၏ ဆန်ကွဲဆန်, မုံဆန်းမရှေးပေါက်ပေါက်၊ ထို ပေါက်ပေါက်တို့ဖြင့် ပြုအပ်သော မုံလုံး မုံဆုပ် စသည်သည် သတ္တာဟူသောအရေအတွက်သို့ မရောက်၊ ပဝါရိတ်ကို မဖြစ်စေဟု သိ။

ကုမ္မာသ။ ။မယောဆန်၊ ဝါ၊ ဂျုံဖြူတို့ဖြင့် ပြုအပ်သော ပေါင်မုံစသော မုံမျိုးကို “ကုမ္မာသ” ခေါ်သည်။ တပါးသော ပဲ စသည်တို့ဖြင့် ပြုအပ်သော မုံကား ပဝါရိတ်ကို မဖြစ်စေနိုင်ဟု သိ။ ။မစ္ဆ–မံသ–ငါး–အမဲတို့ကား ထင်ရှားပြီ၊ ယာဂုနှင့် ဟင်းချိုများ၌ ငါး, ပုဇွန်, အမဲ မုန်ညင်းစေ့မျှ ထည့်၍ ကျက်ပင် ချက်သော်လည်း ပဝါရိတ် ဖြစ်နိုင်သည်။

အထူး။ ။ဆန်တို့ကို လျော်ပြီး အမှုန့်ပြု၍ မုံအမျိုးမျိုးလုပ်လျှင် ထိုမုံမျိုးကား သတ္တာအရ တွင်ပါဝင်သည်၊ သတ္တာအရ ပဝါရိတ် သင့်နိုင်သည်ကို ပြသော အဋ္ဌကထာတို့၌ လျော်၍ ပြုထားသော အမှုန့် ဆန်ကွဲ မုံလုံး စသည်ကို အထူးပြု၍ ဆိုသည်ကိုထောက်။ မလျော်ဘဲ အုမှုန့်ပြု၍ ချက်၍ ပြုတ်၍ ပေါင်း၍ အမျိုးမျိုး လုပ်လျှင် သြဒန အရတွင် ပါဝင်သည်။ ထို့ကြောင့် ဆန်ခါက်ဆွဲ မုံတီ မုံဟင်းခါးဆန်ကြာဆန်များ ပဝါရိတ် သင့်နိုင်သည်ဟု ယူကြသည်။

မအပ်သော ဘောဇဉ်ကိုဎင်း, အပ်သော ဘောဇဉ်ကိုဎင်း စားဆဲသော ရဟန်းတို့သည် မအပ်သော အသားကြီး ဆယ်ပါးကိုဎင်း, ကုသလဒူသနမှု ဝေဇ္ဇကမ္မမှု ဥတ္တရိမနုဿဓမ္မရောစနမှု ရှေ ငွေ ခံမှုကြောင့် ရသော ဖြစ်သော အကပ္ပိယ ဘောဇဉ်ကိုဎင်း ပယ်မြစ်သော် ပယ်အပ်သော ဝတ္ထုကို ပယ်ရာရောက်သောကြောင့် ပဝါရိတ် မသင့်။ ကပ္ပိယဘောဇဉ်ကို ပယ်မြစ်မိသော် ပဝါရိတ် သင့်၏။

ထို့ကြောင့် ပဝါရိတ် သင့်ကြောင်း အင်္ဂါကို သတိပြု၍ မမြစ်မိအောင် ဂရုပြုရမည်။ ပေးသော ရဟန်းကလည်း ဆွမ်းပန်းကန်ကို လက်ဖြင့် ကိုင်မပေးသေးပဲ အရှင်ဘုရား ဆွမ်းများ အလိုရှိပါသေးသလော ဟု မေးပြီးမှ အလိုရှိသည်ဟု ပြောသော်ဎင်း, လက်ပြသော်ဎင်း, ခေါင်းငြိမ့်သော်ဎင်း, ပြုလုပ် ပြောဆိုမှု ပေးလျှင် ပဝါရိတ် မသင့်နိုင်။ အကယ်၍ မမေးဘဲ ဆွမ်းပန်းကန်ကို အနီး၌ ချထားပေးလျှင်လည်း သာ၍ပင် ကောင်းသည်။

အနတိရိတ္တံ။ ။အတိရိတ္တသဒ္ဒါ အပို အလျှံ အကြွင်း အကျန်ဟူသော အဓိက အနက်ကို ဟော၏။ အတိရိတ် ဝိနည်းကံ ပြုအပ်သော ခဲဘွယ်ဘောဇဉ်နှင့် သူနာရဟန်း၏ အကြွင်းအကျန် ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ကို ဆိုသည်၊ နှ အတိရိတ္တံ အနတိရိတ္တံ။ အတိရိတ် ဝိနည်းကံ မပြုအပ်သော ခဲဘွယ်ဘောဇဉ်, သူနာ၏ အကြွင်း မဟုတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ရစေ။ အတိရိတ်အင်္ဂါ ၃-ပါး။ ။၁-ကပ်ပို်ခြင်း ငါးမျိုးဖြင့် ကပ်ပြီးသော ခဲဘွယ် အပ်သောအသား ကုလ ဒုဿနစသည်မှ လွတ်သော အပ်သော ဘောဇဉ်ဟု ဆိုအပ်သော ခဲဘွယ်ဘောဇဉ်ဖြစ်ခြင်း, ၂-ဤအပ်သော ခဲဘွယ်ဘောဇဉ်သည် အကပ်ခံပြီးသား ဖြစ်ခြင်း, ၃-ဤအပ်သော ခဲဘွယ် ဘောဇဉ်ကို မြောက်ချီ ညွတ်ကိုင်းခြင်းကို ပြုခြင်း, ၄-အနီး ဟတ္ထပါသ်၌ နေ၍ (အတိရိတ္တံ ကရောထ ဘန္တေ) အရှင်ဘုရား အပိုအလွန် အကြွင်းအကျန်ကို ပြုပါကုန်ဟု နှုတ်မြွက်ဟ၍ ဆိုခြင်း၊ ဤအင်္ဂါ ၄-ပါးကား ပဝါရိတ်သင့်သော ရဟန်းက ပြုရမည့် အင်္ဂါတည်း။

အတိရိတ်ဝိနည်းကံ ပြုပေးသော ဝိနည်းဓိုရ်သည် ပဝါရိတ်လောက်သော ဘောဇဉ်ကို အယုတ်ဆုံး ၁-ထမင်းတလုံးကိုသော်မှလည်း စားပြီးမှ ပြုရခြင်း, ၂-ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ဝိနည်းဓိုရ်သည် ဝိနည်းကံ ပြုပေးလိုသော် နေရာမှ မတမီသာ ပြုရခြင်း, ၃-အလမေတံသပ္ပံ ဟု မြွက်ဆိုရခြင်း၊ ဤအင်္ဂါ သုံးပါးကား ဝိနည်းဓိုရ်က ပြုရမည့်အင်္ဂါတည်း။

ပဝါရိတ်သင့်သော ရဟန်းက ပြုရမည့်အင်္ဂါလေးပါးနှင့် ဝိနည်းဓိုရ်က ပြုရမည့်အင်္ဂါသုံးပါး ပေါင်းသော် အတိရိတ်အင်္ဂါ ခုနစ်ပါးဖြစ်၏။

ဆောင်—အပ်ပြီး ကပ်ခံ၊ မြောက်ပြန် နီးဟ။၊ ဤ လေး၀၊ သင့်ထ ဘိက္ခု၊ အင်္ဂါတည်း။

စားပြီး မှသာ၊ သင့်ကာ မထ၊ အလမေတံ၊ ဤသုံးတန်၊ မှတ်ရန် ဝိနယဇရအင်္ဂါတည်း။

အပ်ပြီး ကပ်ခံ၊ မြောက်ပြန် နီးဟ၊ စားပြီး မှသာ၊ သင့်ကာ မထ၊ အလမေတံ၊ ခုနစ်တန်၊ ပေါင်းပြန် အတိရိတ်အင်္ဂါတည်း။

အဓိပ္ပါယ်။ ။ဆွမ်းစားစဉ် တော်ပြီဟု ကိုယ်နှုတ်ဖြင့် မြစ်မိ၍ ပဝါရိတ် သင့်သော ရဟန်းသည် နေရာမှ မထမီ အလိုရှိတိုင်း ဝအောင်စားနိုင်သည်၊ နေရာမှထပြီး၍ တဖန်စားပြန်လိုသော် ကပ်ပြီးဖြစ်သော ခဲဘွယ်ဘောဇဉ်ကို ၁-အကပ်ခံပြီး၍, ၂-ချိုးမြောက် ငဲ့စောင်း၍, ၃-ဟတ္ထပါသ်၌ နေလျက် အတိရိတ္တံ ကရောထ ဘန္တေ ဟု နှုတ်မြွက်၍ ဆိုရသည်။ ၄-ဝိနည်းဓိုရ်ရဟန်းသည် ပဝါရိတ်လောက်သော ဘောဇဉ်ထည်းက အယုတ်ဆုံး ဆွမ်းတလုံးမျှ ယူစား၍

၁-ပဝါရိတ် သင့်သော် စားရာမှ မထသေးမူ၍ ပဝါရိတ်မသင့်သော် နေရာမှ ထ့ျပီးသော်လည်း အာဂ်ါမပျက်။ ၂-အလမေတံ သဗ္ဗံ ဟု နှုတ်မြွက်၍ ဆိုရသည်။ ၃-ဆိုပြီး၍ ပြန်ပေးရသည်။ ဤကား ကပ္ပိယ ဝိနည်းကံ ခုနစ်ပါးတည်း။ အကပ္ပိယ ဝိနည်းကံ ခုနစ်ပါးကို ဤမှပြန်၍ သိ။

မှတ်ချက်။ ။သူနာရဟန်း၏ စားကြွင်းဟူသည် သူနာရဟန်း စားပြီးသော အကြွင်း အကျန်ကိုသာ စားကြွင်းဟု ဆိုသည် မဟုတ်သေး၊ သူနာရဟန်းကို ရည်စူး၍ ယနေ့ နက်ဖြန် စသည်၌ စားဘို့ရန် လှူထားသော မစား ရသေးသော ခဘွယ်ဘောဇဉ်ကိုလည်း အကြွင်းဟူ၍ပင် ဆိုရသည်ဟု သိ။

အလမေတံ သဗ္ဗံ အဓိပ္ပါယ်။ ။"ဧတံ သဗ္ဗံ၊ ဤ စားသောက်ဖွယ် အလုံးစုံကို။ အလံ၊ငါတော်ပြီ။" ဤကား အလံ သဒ္ဒါ ပဋိက္ခေပ ပယ်ခြင်းအနက်၌ အနက်ပေးပုံ။ ဤခွက်ထဲ၌ ရှိသော အလုံးစုံကို ငါတော်ပြီဟု ဆိုလိုသည်။ တနည်း- "ဧတံ သဗ္ဗံ၊ဤစားသောက်ဘွယ် အလုံးစုံသည်။ အလံ၊ သင် စားစွမ်းနိုင်ပြီ။" သင် စားထိုက်ပြီ၊ စားဖလစားတော့။ ဤကား "အလမေတံ သဗ္ဗန္တိ ဧတံ သဗ္ဗံ အလံ ပရိယတ္တံ" ဟု ဖွင့်သော ကခ်ီ ဋီကာသစ် နှင့် အညီ ပေးလိုက်သည်။ ဤခွက်ထဲ၌ရှိသော ခဲဘွယ် ဘောဇဉ် အားလုံးသည် သင့်အား အပိုဖြစ်ပြီ၊ သည်မှတပါး အပိုမရတော့ပြီဟု ဆိုလိုသည်။

[ဤအတိရိတ်ဝိနည်းကံ ပြုရာ၌ ခွက်အများမအပ်ဟု အခ့ျိုတို့က ဆို ကြ၏။ ဘတ်ပိုဏ် ဓုတင်ကို နည်းယူ၍ ယောင်ဟန် ဂ့ိုသည်။ကျမ်းဂန်၌ မရှိ။

ဘောဇဉ်မဟုတ်သော ဆေး, ကွမ်း စသည်တို့ကို ဝိနည်းကံ မပြုအပ် ဟူ၍လည်း အခ့ျိုဆိုကြသေး၏၊ ပဝါရိတ် အာဆဉ်၌ ဘောဇဉ်ကို အတွေ့ အမြင်များ၍သာ ယုံမှားဟန် ရှိချေသည်၊ ကျမ်းဂန်စကား မဟုတ်ဟု ဆရာတော်ကြီးများ အဆိုရှိ၏]။

ခါဒနီယံဝါ–ပါစိတ္တိယံ။ ။ခါဒနီယံဝါ-အရ ဘောဇဉ်ငါးပါးနှင့် ယာမ-သတ္တာဟး ယာဝဇီဝိက-ဘို့ကို ဖယ်ထား၍ ကြွင်းသော ယာဝကာလိကတို့ကို ယူ။ ။ဘောဇနီယံ-အရ ဘောဇဉ်ငါးပါးကို ယူ။ ။ခါဒေယျဝါ ဘုဉ္ဇေယျဝါ-ဟူသည် ပဝါရိတ် သင့်သော ဤရိယာပုထ်မှ တပါးသော ဤရိယ ပုထ်ဖြင့် ခဲခြင်း စားခြင်းကို ဆိုသည်။

ပါစိတ္တိယံ-ဟူသည် ပဝါရိတ်သင့်သော ရဟန်း အာတိရိတ်ဝိနည်းကံ မပြုသော ခဲဘွယ်ဘောဇဉ် သူနာအကြွင်း မဟုတ်သော ခဲဘွယ်ဘောဇဉ်တို့ကို မျိုတိုင်း မျိုတိုင်း ပါစိတ်-ဟူ၏။ ယာမ သတ္တာဟ ယာဝဇီဝိက-ဟို့ကို အာဟာရအကျိုးငှါ

၆-ဒုတိယ ပဝါရဏာ

၆။ ယော ပန ဘိက္ခု၊-သည်။ ဘုတ္တာဝီ၊ ဆုမ်းစား ပြီးသော။ ပဝါ-ရိတံ၊ =သော။ ဘိက္ခုံ၊-ကို။ ဇာနံ၊ -လျက်။အာသာဒနာပေက္ခော၊ အရှိန် အစော်မဲ့ကို အလိုရှိသည်။ (ဟုတ္ဝာ၊-၍။) ဘိက္ခု၊ရဟန်း။ ဟန္ဒ၊ယူလော့။ ခါဒဝါ၊ ခဲမှုလည်း ခဲလော့။ ဘုဉ္ဇဝါ၊ စား မှုလည်း စားလော့။ ဣတိ၊-သို့။ အနုတိရိတ္တောန၊ -သော။ ခါဒနီယေနဝါ၊-ဖြင့်၎င်း။ ဘောဇနီယေနဝါ၊-ဖြင့်၎င်း။ အဘိဟဋ္ဌုံ၊-၍။ ပဝါရေယျ၊ ဖိတ်ခြားအံ့။ ဘုတ္တာဝီ၊ ဖိတ် အပ်သော ရဟန်း စားအပ်ပြီးသည်။ သတိ၊-သော်။ တဿ ဘိက္ခုနော၊ ထိုဖိတ်သော ရဟန်းအား။ ပါစိတ္တိယံ၊ -၏။

ခံယူသော ရဟန်း, ထိုကာလိက-တို့ကို အာမိသ-ကင်း၍ စားသောရဟန်း ဒုက္ကဋ်၊ အာမိသနှင့်တကွဖြစ်မူ ပါစိတ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ ပယ်မြစ်ပြီး၍ တပါးသောအရပ်၌ စားသော ဝတ္ထု။ အနုတိရိတ္တ-ကား အနုပညတ်။ အ၊အနာ။ အနုတိရိတ္တ-၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ အတိရိတ်-ပြုပြီးဟု မှတ်သောရဟန်း, အတိရိတ်ဝိနည်းကံ-ပြုစေ၍ စားအံ့ဟု ယူသောရဟန်း, သူတပါး အကျိုးငှါ ခံယူသောရဟန်း, ယာမကာလိက-စသည်တို့၏ ခွင့်ပြုအပ်သော သုံးဆောင်ခြင်း၏ အစွမ်းဖြင့် အာမိသ ကင်းသည်ကိုပြု၍ စားသောရဟန်း, ဥမ္မတ္တက ရဟန်း စသည် တို့အား အနာပတ္တိ။ ပဝါရိတ်-သင့်ခြင်း, အာမိသ-ကို အတိရိတ်ဝိနည်းကံ-မပြုခြင်း, ကာလဒ္ဓါစားခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်-စသည် ပထမကထိနနှင့်တူပြီ၊ ကိရိယာကိရိယသာ ထူး၏။

ဆောင်—ပဝါရိတ်သင့်ပါ၊ မိသာရိတ္တာ၊ မဟုတ်ကြနှင့်၊ ကာလစားက၊ အင်သုံးဝ၊ ပထမ ပဝါရဏာဝတည်း။

ပထမ ပဝါရဏာ သိက္ခာပုဒ်ပြီး၏။

၆—ဒုတိယ ပဝါရဏာ

ဟန္ဒ။ ။ဤဟန္ဒ-ကား စောဒနာခြင်း အနက်ရှိသော နိပါတ်ပုဒ်၊ ဣယ်သဒ္ဒါ နှင့် အနက်တူ၏။ ဘိက္ခုနိပါတိမောက်၌ ဟန္ဒ-ကား ယူခြင်း ဂဟဏ-အနက် ဟော၏။ ဟန္ဒ ဒါနိ ဘိက္ခဝေ စသည်တို့၌ ဟန္ဒ-ကား ဣဒါနိ အနက် ဟော၏ဟု သိ။

ဇာနံ။ ။ဇာနံဟူသည် ပဝါရိတ်သင့်သော ရဟန်းတပါးကို မြင်၍ ဖြစ်စေ, ကြား၍ဖြစ်စေ ထိုရဟန်း ပဝါရိတ်သင့်မှန်း သိသည်ကို ဆိုသည်။

အဿာဒနာပေက္ခော။ ။အဿာဒိယတေ စောဒိယတေ မင်္ကုံ ကရိယတေ ဝါ အဿာဒနံ။ အာပတ်ဖြင့် စောဒနာ-ခြင်း အရှိန်အစော်မဲ့ကို ပြုခြင်းကြိယာကို ရစေ။ ။အဿာဒနံ အပေက္ခတီတိ အဿာဒနာ-ပေက္ခော။ အာပတ်ဖြင့် စောဒနာခြင်း အရှိန်အစော်မဲ့ပြုခြင်းကို အလိုရှိသော ရဟန်းကို ရစေ။

ဘုတ္တာသိံ ပါစိတ္တိယံ။ ။အာပတ်ဖြင့် စောဒနာလို၍ ဖြစ်စေ, အရှိန် အစော်မဲ့ကို အလိုရှိ၍ဖြစ်စေ အတိရိတ် ဝိနည်းကံ မပြုရသေးသော ဂိလာန-အကျန်မဟုတ်သော ခဲဘွယ်ဘောဇဉ်ကို ထိုပဝါရိတ်သင့်သော ရဟန်း ထံသို့ ရှေးရှုဆောင်ယူသည့်အတွက် ဒုက္ကဋ်၊ အကယ်၍ ထိုရဟန်း ထိုခဲဘွယ် ဘောဇဉ်ကို ယူ၍ တဖန် ဆောင်အံ့၊ ဒုက္ကဋ်၊ ထိုပဝါရိတ်သင့်သော ရဟန်း စား၀တ်ိုင်း ဒုက္ကဋ်၊ စားပြီးသော် ပါစိတ်အာပတ်သင့်၏ဟု ဆိုလိုသည်။ ယာမကာ-လိက စသည် သုံးပါးကို အာဟာရအကျိုးငှါ ဆောင်ယူအံ့၊ ဒုက္ကဋ်။ ထိုကာလိက တို့ကို ခံယူခြင်း, စားခြင်းတို့၌လည်း ဒုက္ကဋ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ အနတိရိတ္တဘောဇဉ်ဖြင့် ရှေးရှုဆောင်၍ ဖိတ်သောဝတ္ထု။ အ၊ အနာ။ ပါစိတ်၊ ဒုက္ကဋ်။ ပဝါရိတ်သင့် မသင့် နှစ်ပါး၌ ပဝါရိတ် မသင့်ဟု မှတ်သော ရဟန်း, အတိရိတ်ဝိနည်း ကံ ပြု၍ ပြုစေ၍ပေးသော ရဟန်း, သူတပါးအကျိုးငှါ ဆောင်ယူသွားပါဟု ပေး သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ပဝါရိတ်-သင့်ခြင်း, ပဝါရိတ် သင့်၏ဟု အမှတ်ရှိခြင်း, စောဒနာခြင်းကို ငဲ့ခြင်း, အတိရိတ်ဝိနည်းကံ မပြုသော ဘောဇဉ်ဖြင့် ရှေးရှုဆောင်၍ဖိတ်ခြင်း, စားပြီးခြင်း၊အင်္ဂါငါးပါး။.... သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်— ပဝါရိတ်သင့်ခြင်း၊ မှတ်ခြင်းရှိပါ၊ စောဒနာငဲ့စိတ်၊ န တိရိတ္တာ၊ ဘောဇနဖြင့်၊ ဖိတ်ကြတဆဲ့၊ စားပြီးပေသည်၊ အင်္ဂါးလီ၊ ဒုတိယပဝါရဏာတည်း။

ဒုတိယ ပဝါရဏာ သိက္ခာပုဒ် ပြီး၏။

၇-ဝိကာလ ဘောဇန

၇။ ယော ပန ဘိက္ခု၊ –သည်။ ဝိကာလေ၊(စားကောင်းသော ကာလမှ) ကင်းသောကာလ၌။ ဝါ၊ နေလွဲသော ကာလ၌။ ခါဒနီယံ ဝါ၊ –ကိုဂင်း။ ဘောဇနီယံ ဝါ၊–ကိုဂင်း။ ခါဒေယျ ဝါ၊ –အံ့။ ဘုဉ္ဇေယျ ဝါ၊–အံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊ –၏။

၇-ဝိကာလ ဘောဇန

ဝိကာလေ။ ။ဝိဂတော ကာလော‌တိ ဝိကာလော။ ဘုရားစသော အရိယာသူတော်ကောင်းတို့၏ အလေ့အကျင့် ဖြစ်သော ဘောဇဉ်ကို စားကောင်းသော ကာလမှ ကင်းသောကာလကို ရစေ။ အရုဏ်တက်သည်မှစ၍ မွန်းတည့်ရုံသော ကာလသည် ဘောဇဉ်ကို စားသော ကာလ မည်၏။။မွန်းတည့်ပြီးသည်မှစ၍ အရုဏ်တက်သည် တိုင်အောင်သော ကာလသည် ဝိကာလ မည်၏။ ထို့ပဝ်ကာလ၌ အာမိသ-ဟု ဆိုအပ်သော ခဲဘွယ်ဘောဇဉ်ကို စားခြင်း အကျိုးငှါ အကပ်ခံအံ့၊ ဒုက္ကဋ်၊မျိုတိုင်း မျိုတိုင်း ပါစိတ်၊ ယာမကာလိက စသော ကာလိက သုံးမျိုးကို အာဟာရအကျိုးငှါ ခံခြင်း, မျိုခြင်းတို့၌ ဒုက္ကဋ်၊ ထို ကာလိက သုံးပါးကို အကြောင်းရှိ၍ သုံးဆောင်သော် အနာပတ္တိ။

ဆောင်— ယာဝကာလိကာ၊ ခံ- မျိုပါ၊ ဒုက် ပါ စဉ်တိုင်း မှတ်။
ဟာရကျိုးငှါ၊ ကြင်းကာလိက၊ ခံမျိုက၊ ကေ ဒုက္ကဋ်တ်။
အကြောင်းရှိမူ၊ သုံးဆောင်သူ၊ မှတ်ယူ အနာပတ်။

ခါဒနီယံ ဝါ။ ။ခါဒနီယ အရ အမြစ်ခဲဘွယ်, အဥ, အစွယ်, အညှောက်, ပင်စည်, အခေါက်, အရွက်, အပွင့်, အသီး, အစေ့, အမှုန့်, အစေးခဲဘွယ်အားဖြင့် တဆယ့်နှစ်ပါးတည်း။

ဤ၌ ပကတိ အာဟာရ၏ အစွမ်းဖြင့် လူတို့၏ ခဲဘွယ်ဘောဇဉ် ကိစ္စကို ပြီးစေသော အမြစ်စသည်သည် ယာဝကာလိက, ပကတိအာဟာရ ကိစ္စကို မပြီးစေနိုင်သော အမြစ်စသည်သည် ယာဝဇီဝိကဟုမှတ်။

ပကတိ အာဟာရကိစ္စဟူသည် မြေဩဇာရှိသော အရပ်၌ ကောက်ပဲစသော ယာဝကာလိက မရောဘဲ ထမင်းကဲ့သို့ သုံးဆောင်နိုင်ခြင်းသည် ပကတိ အာဟာရ ကိစ္စကို ပြီးစေနိုင်သည် မည်၏။ ထို အာဟာရ ကိစ္စကို ပြီးစေနိုင်သော အမြစ်စသည်သည် ယာဝကာလိကတည်း။

၈-သန္ဒိဓိကာရက

၈။ ယော ပန ဘိက္ခု၊-သည်။ သန္ဒိဓိကာရကံ၊ (အကပ်ခံပြီး၍) ကောင်းစွာထားခြင်းကို ပြုခြင်းရှိသော။ ဝါ၊ သိုမှီးခြင်းကို ပြုခြင်းရှိသော။ ခါဒနီယံ ဝါ၊-ကိုဎင်း။ ဘောဇနီယံ ဝါ၊-ကိုဎင်း။ ခါဒေယျဝါ၊-အံ့။ ဘုဉ္ဇေယျဝါ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

မြေသြဇာ မရှိသောအရပ်၌ ကောက်ပဲစသော ဝတ္ထုနှင့် မထောဘဲ ထမင်းကဲ့သို့ မသုံးဆောင်နိုင်ခြင်းသည် ပကတိ အာဟာရကိစ္စကို မပြီးစေနိုင်သည် မည်၏။ ထို အာဟာရကိစ္စကို ၄ ပြီးစေနိုင်သော အမြစ်စသည်သည် ယာဝဇီဝိက မည်၏။

အခ္ခိုသောအမြစ်သည် နုစဉ်ကသာ အာဟာရကိစ္စကို ပြီးစေ၍ ရင့်သော ကာလမပြီးစေသည်လည်း ရှိ၏။ အခ္ခို ပြုတ်ဖြောခြင်း စသည်ပြုပါမှ အာဟာရကိစ္စကိုပြီးစေ၍ မပြုတ်မဖြောလျှင် မပြီးစေသည်လည်း ရှိ၏ဟု သိ။ ကာလိက ခဲ့ရာ၌ အာဟာရကိစ္စ ပြီးစေ မပြီးစေသော လိုရင်းထား၍ ခဲ့ရသည်ဟု မှတ်။

ဆောင်—မြစ်-ဥ-စွယ်-ညောက်၊ ပင်-ခေါက်-ရွက်-ပွင့်၊ သီး-စေ့ ဆင့်၊မှုန့်-နှင့် စေး ဆယ့်နှစ်၊
အာဟာရကိစ္စ၊ ပြီးစေက၊ ယာဝ ကာလိကာ။
မပြီးစေက၊ အပြစ်၊ ယာဝဇီဝိကာ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ သတ္တရသဝဂ္ဂီ၊ နေလွဲသောအခါ ဘောဇဉ်ကို စားသော ဝတ္ထု။ သာ၊ အနာ။ ဝိကာလ၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ ကာလ၌ ကာလဟု မှတ်သောရဟန်း, ယာမကာလိက စသည်ကို အကြောင်းရှိ၍ သုံးဆောင်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ စမ္မုံပြန်သော ရဟန်းလည်း အနာပတ္တိ။ နေလွဲခြင်း, ယာဝကာလိက ဖြစ်ခြင်း, မျိုခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်—နေလွဲ ယာဝါ၊ စားမျိုပါ၊ အင်္ဂါသုံးဝ ဝိကာလ။

ဝိကာလဘောဇနသိက္ခာပုဒ် ပြီး၏။

၈-သန္ဒိဓိကာရက

သန္ဒိဓိကာရကံ။ ။သန္ဒိဓာနံ သမ္မာဒပနံ သန္ဒိဓိ။ ကောင်းစွာ သိုမှီးသိမ်းဆည်းထားခြင်း ကြိယာကို ရစေ။ ကရဏံ ကာရော။ ပြုခြင်းကြိယာကို ရစေ။ သန္ဒိဓိ ကာရော အဿာတိ သန္ဒိဓိကာရော။ အကပ်

ခံပြီး၍ တည်ဥ်မျှ သိမ်းဆည်းသိုမှီးထားခြင်းကို ပြုခြင်းရှိသော ယာဝကာလိကနှင့် ယာမကာလိက နှစ်ပါးကို ရစေ။ သန္ဓိဓိကာရမေဝ သန္ဓိဓိကာရက်။ အရတူပြီ၊ က-ပစ္စည်း အနက်ထူးမရှိ သောတ္ထ။ အကပ်ခံပြီး၍ တည်ဥ်မျှလွန်အောင် လူသာမဏေအား မစွန့်ဘဲ သိမ်းဆည်း သိုမှီးထားသော ကာလိကနှစ်ပါးကို သန္ဓိဓိကာရက ခေါ်သည်။ ကြွင်းသော သတ္တာဟ ကာလိကနှင့် ယာဝဇီဝိက နှစ်ပါးကား သန္ဓိဓိ မဖြစ်စကောင်း။

ဆောင်—ကပ်ခံပြီးက၊ တည်ဥ်မျှ၊ သိုထ သန္ဓိဓိ။
ယာဝ-ယာမ၊ ကာလိက၊ သိုမှ သန္ဓိဓိ။

စကားဆက်။ ။သပိတ်ကို ပြောင်အောင်မဆေးလျှင် ဆီစသော အာမိသ ကလေးများ ကပ်ငြိနေတတ်သည်။ လက်ချောင်းဖြင့် ပွတ်သည်ရှိသော် ထိုသပိတ်၌ အရေးအကြောင်း ထင်အုံ့၊ ထိုဆီစသော အာမိသသည် နက်ဖြန် နံနက် ကာလ၌ သန္ဓိဓိ ဖြစ်၏။ ကဲ့အက်နေသော သပိတ် အဖဲ့ရှိသော သပိတ်၏ အကဲ့ကြား အဖဲ့ကြားတို့၌ အဆီ အစေး ဝင်နေတတ်သည်၊ ထိုသပိတ်ကို နေပူလှမ်းသော်၎င်း, ယာဂုပူပူ ထည့်သော်၎င်း အဆီ အစေး ထွက်ကျ ထင်ရှားလာအုံ့၊ ထိုအဆီ အစေး စသောအာမိသသည် နက်ဖြန်နံနက် ကာလ၌ သန္ဓိဓိဖြစ်၏။ ထိုဆိုအပ်ပြီးသော သပိတ်မျိုး၌ ထည့်စားအုံ့၊ ဆီစသော အာမိသ ခံတွင်းသို့ဝင်သော် သန္ဓိဓိ ပါစိတ် အာပတ်သင့်၏။ ပန်းကန် ခွက် စသည်တို့၌ လည်း နည်းတူသိ။ ထို့ကြောင့် သပိတ် ပန်းကန် ခွက် စသည်တို့၌ ဆီ စသော အာမိသမရှိရအောင် စင်ကြယ်စွာ ဆေးရမည်။ အဖာ အထေး အကဲ့ အအာက် ရှိသော သပိတ် ပန်းကန်ခွက်များကို အညစ်အကြေး မကပ်ငြိအောင် ဖာထေး၍ မဖြစ်နိုင်က ထည့်မစားသင့်ပြီ။

သန္ဓိဓိမဖြစ်နည်း။ ။အာမိသအပေါ်၌ ငဲ့ကွက်ခြင်း မရှိဘဲ လူသာမဏေအား စွန့်ပေးအပ်သော သပိတ်ဖြစ်မူ သန္ဓိဓိပါစိတ် အာပတ် မသင့်။ ထိုသန္ဓိဓိအာပတ် မသင့်ပုံကိုထောက်၍ အမြဲလဘက်ရည်ကရား၌ နေ့စဉ် အာမိသကင်းအောင် ဆေးခြင်းငှါ ခဲယဉ်းသည် ဖြစ်၍ လဘက်ရည်ကရားဖြင့် လဘက်ရည်ထည့်သောက်ခြင်းကို ဝိနယဂရုက ဆရာတော်ကြီးများ သံသယရှိတော်မူကြသည်။ ရှိလည်း ရှိသင့်၏။ ဒကာ ဒကာမများ ပစ္စည်း ဖြစ်သော လဘက်ရည်ကရား စသည်၌ သံသယမရှိသင့်။

လူ သာမဏေအား ငဲ့ကွက်ခြင်း မရှိ၊စွန့်ပေးပြီးသား ခဲဘွယ် ဘောဇဉ်များကို နောက်တနေ့ လူသာမဏေများက ပြန်ကပ်ရှိစားအုံ့ အပ်သည်။ တောင်း၍ အကျွမ်းတဝင်ယူ၍ အကပ်ခံစားသော်လည်း အပြစ်မရှိ၊စားကောင်းသည်ဟူသိ။

သပိတ်စသည်၌ရှိသော အာမိသကို လူသာမဏေအား ပေးလိုက်သော် လူသာမဏေတို့က ထိုသပိတ်စသည်ကို ဆေးရာ၌ မစင်ကြယ်သော်လည်း ထိုအဆီအစေးတို့သည် သန့်ဓိ မဖြစ်နိုင်၊ သို့သော် ထိုအဆီအစေး အကြွင်းအကျန်ရှိနေသေးသော သပိတ် ပန်းကန် လဘက်ရည်ကရား စသည်ကို နက်ဖြန်နံနက် ထည့်စားလိုလျှင် ရဟန်းကိုယ်တိုင်မကိုင်ကောင်း အာပတ်ခံပြီးမှ ကိုင်ရမည်။ အာပတ်မခံဘဲ ကိုင်လျှင် ကိုင်သည့်အတွက် ဒုက္ကဋ်တာ ဒုက္ကဋ်၌။ ထိုအဆီအစေးကို အာမိသနှင့် ရောရှိစားသော် အာပတ်မခံဘဲ စားရာရောက်သောကြောင့် ဒန္တပေါဏသိက္ခာပုဒ်ဖြင့် ပါစိတ် သင့်နိုင်သည်ကို သတိပြု။

သာရတ္ထအဆို။ ။"သယံ ပဋိဂ္ဂဟေတ္တာ အပရိစ္စတ္တမေဝ ဟိ ဒုတိယ ဒိဝသေ နာ ဝန္ဓတိ" ကိုယ်တိုင် အာပတ်ခံပြီး၍ မစွန့်ဘဲ ထားသော ခဲဘွယ်ဘောဇဉ်ကိုသာ နှစ်ရက်မြောက်သောနေ့၌ မအပ်ဟူသော အဋ္ဌကထာဖွင့်သည်ကား အာပတ်ခံပြီးသား ခဲဘွယ်ဘောဇဉ်တို့ကို ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်ထားခြင်းမျိုးဖြင့်ရင်း, လူ သာမဏေအား ငဲ့ကွက်ခြင်းမရှိ ပေးလိုက်ခြင်းမျိုးဖြင့်ရင်း, အာပတ်ခံပြီးသား ဝတ္ထုကို စွန့်ခြင်းသည် စွန့်ခြင်းမည်သည် ဖြစ်သည်သာ။

ထို့ကြောင့် အာပရိစ္စတ္တ မစွန့်ဟူသောပုဒ်ဖြင့် အာပတ်ခံပြီးသား ဝတ္ထုကို စွန့်နည်းနှစ်ပါးစုံဖြင့် မစွန့်ခြင်းကိုသာ ဆိုသည်၊ စွန့်နည်း နှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် စွန့်မူ စွန့်ရာရောက်၏ဟု ဆိုလိုသည်၊ ထို့ကြောင့် အကြင်ခဲဘွယ်ဘောဇဉ်ကို လူသာမဏေအား ယူတော့ဟု မစွန့်သော်လည်း အာပတ်ခံပြီးသား ဝတ္ထုတို့ကို ငဲ့ကွက်ခြင်းမရှိသော စွန့်ခြင်းမျိုးဖြင့် စွန့်သော် အာပတ်ခံပြီးသား ဝတ္ထုစွန့်ရာ ရောက်နိုင်သည်၊ ထိုခဲဘွယ်ဘောဇဉ်ကား နှစ်ရက်မြောက်သော နေ့၌ အပ်သည်၊ စားကောင်းသည် ဟူ၍သိရမည်ဟုဖွင့်၏။

"ဒုဒ္ဒါတပတ္တ" မကောင်းတယောင်း ဆေးအပ်သော သပိုတ်ဖြင့် လျှဉ်ပါးရန်ရှိမူ ဖြေပုံကား—အာပတ်ခံပြီးသား ဝတ္ထုကို မစွန့်ဘဲသာလျှင် ကိုယ်တိုင်ဖြစ်စေ, သူတပါးဖြစ်စေ ဘာမျှမရှိအောင်ပြု၍ ကောင်းစွာ မဆေးမူ၍ ထားအပ်သော သပိတ်၌ ကပ်ငြိသော အဆီအစေးကား အာပတ်ခံပြီးသည်ကို မစွန့်သည်သာ။

[ထို့ကြောင့် ထိုမကောင်းသဖြင့် ဆေးထားသော သပိတ်မျိုး၌ အာပတ်သင့်ကြောင်းကို ဆိုသည်ဟု ဂဏ္ဌိဆရာများ ဖြေကြ၏။]

ဝိမတိအဆို။ ။အပရိစ္စတ္တမေဝ ဟူသော အဋ္ဌကထာစကားအရ ငဲ့ကွက်ခြင်းမရှိဘဲ လူသာမဏေအား မပေး မစွန့် အပ်သော ယာဝကာလိက စသော ဝတ္ထုကိုသာရည်၍ ဆိုသည်၊ လူသာမဏေအား စွန့်သည်မဟုတ်

သော အာလယပြတ် စွန့်ပစ်ထားခြင်းမျိုးကို ရည်၍ဆိုသည် မဟုတ် ဟူသော အဓိပ္ပါယ်မျိုးဖြင့် မျှားစ့ဘဆိုး၏။ [အကျယ် ၎င်းဋ္ဌီကာမှာရှု။]

စကားဆက်။ ။အခ္ခါကား သာရတ္ထ ဋီကာ ၏ အကပ်စွန့်ဝါဒကို ဆထုတို့ မနှစ်သက်ကြ၊ အဋ္ဌကထာတို့၌ ဖာနပေက္ခဝိဿဇ္ဇနသာလာ၍ သာရတ္ထဝါဒအပိုင်း အကပ်စွန့်လျှင် ဝတ္ထုအာမိသကိုငဲ့၍ ထားရာ ရောက်သဖြင့် အာနပေက္ခဟူသော စကားနှင့် ဆန့်ကျင်သောကြောင့်ဟု အကြောင်းပြ၏။

ဆရာအခ္ခါတို့ကား ဂဏ္ဌိရှင်-သာရတ္ထဋီကာရှင်တို့ စကားသည် ဣသန္နိမိ-သိက္ခာပုဒ်နှင့်လည်း မဆန့်ကျင်, ဒန္ဓပေါက သိက္ခာပုဒ်နှင့်လည်း မဆန့်ကျင်သောကြောင့် သင့်သကဲ့သို့ ထင်ကြောင်း ဆိုကြ၏။

အာပတ်အပြား။ ။သန္နိမိဖြစ်သော အကပ်ပိယ အသားတို့တွင် လူသားကို စားအံ့-ထုလ္လစ္စည်းနှင့် ပါစိတ်၊ ကြွင်းသော အသားကြီး ကိုးပါးကို စားအံ့-ဒုက္ကဋ်နှင့် ပါစိတ်၊ သန္နိမိဖြစ်သော ယာမကာလိကကို အ ကြောင်းရှိ၍ စားအံ့ ပါစိတ်၊ အာဟာရ အကျိုးငှါ စားအံ့ ဒုက္ကဋ်နှင့် ပါစိတ်၊ ပဝါရိတ်သင့်၍ အတိရိတ် ဝိနည်းကံမပြုဘဲ သန္နိမိဖြစ်သော အပ်သော ဘောဇဉ် ကိုစားအံ့ ပါစိတ်နှစ်ချက်၊ လူသားဖြစ်အံ့ ထုလ္လစ္စည်းနှင့် ပါစိတ်နှစ်ချက်၊ကြွင်း သော အသားကြီးကိုးပါးကိုစားအံ့ ဒုက္ကဋ်နှင့် ပါစိတ်နှစ်ချက်၊ ယာမကာလိ ကကို အကြောင်းရှိ၍ အာမိသနှင့်တကွ စားအံ့ ပါစိတ်နှစ်ချက်၊ အာမိသ ကင်း၍ စားအံ့ ပါစိတ်တချက်၊ အာဟာရအကျိုးငှါ စားအံ့ ဝိကပ်နှစ်ခုအပေါင်း ၌ ဒုက္ကဋ် တချက်စီတိုး၏။ နေလွဲသောအခါ အပ်သော သန္နိဓိဘောဇဉ်ကို စား အံ့ ပါစိတ်နှစ်ချက်၊ အကပ်ပိယဘောဇဉ်ဖြစ်အံ့ ဒုက္ကဋ်နှင့် ထုလ္လစ္စည်း တိုး၏။ ဘိက္ခုနီတို့၏ သန္နိဓိဘောဇဉ်ကို ဘိက္ခု စားကောင်းသည်။ ဘိက္ခု၏ သန္နိဓိ-ဘောဇဉ်ကို ဘိက္ခုနီ စားကောင်းသည်ဟု သိ။

ကာလိက ၄-ပါး။ ။ကာလိကသည် ယာဝကာလိက, ယာမကာလိက,သတ္တာဟ ကာလိက, ယာဝဇီဝိကဟု လေးမျိုးပြား၏။ ထိုတွင် အရုဏ်တက်သည်မှစ၍ မွန်းတည့်ခုံမျှ စားကောင်းသော ခဲဘုယ်ဘောဇဉ်သည် ယာဝကာလိက မည်၏။ အရုဏ်တက်သည်မှစ၍ နောက်နေ့ အရုဏ်မတက်မီ ပစ္ဆိမယာမ်တိုင်အောင်(တနေ့အတွင်း)စားကောင်းဖသော အနုလောမ အဖျော် နှင့်တကွ အဖျော်ရှစ်ပါးသည် ယာမကာလိက မည်၏။ ခုနစ်ရက်အတွင်း စား ကောင်းသော ဆေးငါးပါးသည် သတ္တာဟကာလိက မည်၏။တသက်ပတ်လုံး စားကောင်းသောရေကို ဖယ်ထား၍ ကာလိကသုံးပါးမှ ကြွင်းသောဆေးသည် ယာဝဇီဝိကမည်၏ဟု သိ။

ကာလိကရောနှောပုံ။ ။ယနေ့ အာကပ်ခံအပ်သော ယာဝကာလိကနှင့် ယနေ့ အာကပ်ခံအပ်သော ကြွင်းကာလိကသုံးပါး ရောစားလျှင် နံနက်ခင်းသာ အပ်သည်။ မွန်းလွဲသည်မှစ၍ ရောစားက မအပ်။ရှေးနေ့က အာကပ်ခံထားသော သတ္တာဟကာလိက,ယာဝဇီဝိကတို့နှင့် ယနေ့ အာကပ်ခံအပ်သော ယာဝကာလိက, ယာမကာလိကတို့ကို ရောစားက မအပ်။[ရှေးနေ့များက အာကပ်ခံထားသော ထောပတ်, ဆီ, ဆားများနှင့် ယနေ့ အာကပ်ခံအပ်သော ခဲဘူယ် ဘောဇဉ် အဖျော်ရည်တို့ ရော၍ မစားမသောက်ကောင်းဟူ၏။] သတ္တာဟကာလိကနှင့် ယာဝဇီဝိက ဝတ္ထုတို့ ရောစားမူ စားကောင်းသည်။ သို့သော် ယနေ့အာကပ်ခံအပ်သော ထောပတ်စသည်နှင့် ရှေးရှေးနေ့က ဖြစ်စေ ယနေ့ဖြစ်စေ အာကပ်ခံအပ်သော ဆားစသည်နှင့် ရောမူ ခုနစ်ရက်သာ အပ်သည်။ နှစ်ရက်လွန်မှရောလျှင် ခြောက်ရက်,သုံးရက်လွန်မှ ရောလျှင် ငါးရက်သာ အပ်သည်။ကျွှဲသို့စသည်ဖြင့် သတ္တာဟကာလိက ရက်အပိုင်းအခြားရှိသလောက်သာ အပ်သည်။

[ကျွှဲသို့ ကာလိကချင်းရောရာ၌ ရက်တိုသော ကာလိက အသက်အတိုင်း ကြွင်းကာလိကများ လိုက်ရသည်ဟု သိ။]

အန္တောဝုတ္ထ။ ။အာကပ်ပြီယကုဋ္ဌိ၌ သဟဧသယျလောက်သော အရပ်၌ မိမိ၏ ကာလ လွန်အောင် သိုမှီးအပ်သော သံဃိက, ပုဂ္ဂလိကဖြစ်သော ယာဝကာလိကနှင့် ယာမကာလိကနှစ်ပါးကို အန္တောဝုတ္ထ ခေါ်သည်။ အာကပ်ပြီယကုဋ္ဌိ၌ သိုမှီးအပ်သော သတ္တာဟကာလိက,ယာဝဇီဝိကနှစ်ပါးနှင့် ယနေ့ အာကပ်ခံအပ်သော ကြွင်းကာလိကနှစ်ပါး ရောစားသော် မအပ်။မုခသန္နိဓိဖြစ်သည်။ ၎င်းမုခသန္နိဓိကိုပင် မဟာပစ္စရီ ၌ အန္တောဝုတ္ထဟုဆို၏။ မုခနှင့် အန္တောကား ပရိယာယ်ဖြစ်၍ အမည်မျှသာထူးသည်။ ။ကြွင်းအာပတ်ချင်းကား တူ၏။ ကြွင်း ကာလိက နှစ်ပါးကား အာကပ်ပြီယကုဋ္ဌိ၌ သိုမှီးထားသော်လည်း အပြစ်မရှိ၊ သန္နိဓိမဖြစ်ကောင်းဟု သိ။

ဆောင်— အာကပ်ပြီကု၊ သိုမှီးပြု၊ ထားမူ အန္တောဝုတ္ထတည်း။
ယာဝ ယာမ၊ ကာလိက၊နှစ်ဝ ယူလေတည်း။
ကြွင်းကာလိက၊ ရောစားက၊မုခသန္နိတည်း။
ကြွင်းကာလိက၊ သိုမှီးကြ၊ ထားက အပ်သတည်း။

အန္တောပက္ကာ။ ။အာကပ်ပြီယကုဋ္ဌိ၌ သဟဧသယျ လောက်သော အရပ်၌ ချက်အပ်သော ယာဝကာလိက,ယာမကာလိက နှစ်ပါးကို အန္တောပက္ကခေါ်သည်။ ထိုအန္တောပက္ကဖြစ်နေသော ကာလိကနှစ်ပါးနှင့် ကြွင်း ကာ-

လိကန္နစ်ပါး ရောစားသော် မဒေါ်။ မုခသန္နိဓိ ဖြစ်သည်။ ကြွင်းကာလိကန္နစ်ပါး ချက်သော်လည်း အန္တောပက္ကမဖြစ်၊ ချက်ကောင်း စားကောင်းသည်ဟု သိ။

ဆောင်—အကပ်ိယာ၊ ကုဋိမှာ၊ ချက်ပါ အန္တောပက္ကတည်း။
ယာဝ, ယာမ၊ ကာလိက၊ နှစ်ဝ ယူလေတည်း။
ကြွင်းကာလိက၊ ချက်တုံက၊ အန္တောပက္က မဖြစ်တည်း။

သာမံပက္က။ ။အမှတ်မရှိ တစုံဟာခုသောအရပ်၌ ကိုယ်တိုင်ချက်အပ်သော ကာလိကလေးပါးစလုံးကို သာမံပက္က ခေါ်သည်၊ ထိုသာမံပက္က ဖြစ်နေသော ကာလိကမျှားနှင့် သာမံပက္က မဟုတ်သော ကာလိကမျှား ရောမစားကောင်း၊ မုခသန္နိဓိ ဖြစ်သည်၊ ဒုက္ကဋ်အာပတ်မှ မလွတ်ဟု သိ။

ဆောင်—မည်သည့်နေရာ၊ ပဆိုသာပေ၊ ကိုယ်တိုင်လေ၊ ချက်ပေ သာမံပက္ကတည်း။
လေးကာလိက၊ ကောက်ယူရ၊ မှတ်ကြလေကုန်တည်း။

စကားဆက်။ ။ယာဂု ပူပူ၌ ကြက်သွန်မိတ်, ကြက်သွန်စိမ်း, နှံစိမ်း, ဆားစိမ်း မျှားကို ကိုယ်တိုင် အမှတ်တမဲ့ ထည့်ခတ်၍ သောက်တတ်ကြ၏။ မထည့်ခတ်ကောင်း သာမံပက္က ဖြစ်သည်။ လဘက်ရည် ပူပူ စသည်၌ လည်း နှံ့စိမ်း, ဆားစိမ်းမျှားကို ထည့်၍ သောက်တတ်ကြ၏၊ မထည့်ကောင်း။ သာမံပက္က ဖြစ်၍ မဒေါ်၊ အကယ်၍ နှံ့စိမ်း, ဆားစိမ်း စသည်မျှားကို ထည့်လိုက သာမဏေ, ကပ်ိယကျောင်းသားမျှားကို ထည့်ခိုင်း၍ မွေ့ခိုင်းပြီးမှ မိမိ အကပ်ခံ၍ မွေ့သောက်မူ သာမံပက္က မဖြစ်တော့ပြီ၊ အဆုရာ သာမံပက္က မဖြစ်အောင် သတိပြုသင့်၏။ သတိပြုလေ။

ကပ်ိယကုဋိ ၄-လုံး။ ။ကပ်ိယကုဋိသည် ဥဿာဝနန္တိကကုဋိ, ဂေါနိသာဒိက-ကုဋိ, ဂဟပတိကုဋိ, သမ္မုတိကုဋိဟု လေးမျိုး။ ထိုတွင်–

သံဃဲ၏ဂုဏ်း, ပုဂ္ဂိုလ်၏ဂုဏ်း နေစရာအကျိုးငှါ ရဟန်းသက်သက် ဖြစ်စေ, လူသာမဏေတို့နှင့် ရော၍ ဖြစ်စေ ပထမ ထူသောတိုင် ပထမ နံရံခြေ ဖြစ်သော အုတ်ကျောက်ကို ချီမြှောက်၍ "ကပ်ိယကုဋိ ံ ကရောမ"ဟု ဆို၍ ဖြစ်စေ "ကပ်ိယကုဋိ ံ"ဟု ဆို၍ ဖြစ်စေ မြေနှင့် တိုင် မြေနှင့်အုတ်ကျောက် ထိသည်နှင့် ဆိုခြင်းအဆုံး တပြိုင်နက် ဖြစ်အောင် ဆို၍ ပြုလုပ်သော ကျောင်းကို ဥဿာဝ-နန္တိကကုဋိ ခေါ်သည်။

အာရာမ=အရာမ် မရှိသော ကျောင်းကို ဂေါနိသာဒိက ကုဋိ ခေါ်သည်။ ထို ဂေါနိသာဒိကကုဋိသည် အာရာမလည်း အ့ရာမ် မရှိ၊ ကျောင်း

လည်း အရာမ် မရှိအံ့၊ ဤကျောင်းမျိုးကို အာရာမဂေါနိသာဒိက ကုဋီ ခေါ်သည်၊ ကျောင်းသည် အလုံးစုံဖြစ်စေ, တချို့ ဖြစ်စေ အရာမ်ရှိ၍ အာရာမသည် အရာမ် မရှိအံ့၊ ဤကျောင်းမျိုးကို ဝိဟာရဂေါနိသာဒိက ကုဋီ ခေါ်သည်၊ ဤသို့ ဂေါနိသာဒိကကုဋီသည် နှစ်မျိုးပြား၏။ ဤနှစ်ပါးစလုံး၌ အရာမ် မရှိသာ လိုရင်းဖြင့်သည်၊ အာရာမသည် ထက်ဝက် အရာမ်ရှိသော်ငင်း, များသော အရာမ် ရှိသော်ငင်း အရာမ်ရှိသည်မည်၏ဟု ကုရုန္ဒီ မဟာပစ္စရီ စသည်တို့၌ ဆိုကြ၏။

လူတို့ ကျောင်းဆောက်၍ "ကပ္ပိယကုဋီ· ဒေမ ပရိဘုဉ္ဇထ" ဟူ၍ငင်း, "ကပ္ပိယကုဋီ· ကာတုံ ဒေမ" ဟူ၍ငင်း ဆို၍ ဆို၍ လှူအပ်သော ကျောင်းမျိုးကို ဂဟာပတိကုဋီ ခေါ်သည်၊ သီတင်းသုံးဖော် ငါးယောက်တို့တွင် ရဟန်းကို ဖယ်ထား၍ ကြွင်းသော ၄သီတင်းသုံးဖော် လေးယောက်နှင့် လူ,နတ်တို့ လှူသော ကျောင်းကိုလည်း ဂဟာပတိကုဋီ ခေါ်သေးသည်။ တဖန် ရဟန်းသံဃာ၏ ကျောင်းကို ဖယ်ထား၍ ဘိက္ခုနီမကျောင်း, အရာမ်စောင့် တိတ္ထိနတ်, နဂါး, ဖြဟ္မာတို့၏ ဗိမာန်ကိုလည်း ဂဟာပတိကုဋီ ခေါ်သေးသည်ဟု အနွှကအဋ္ဌကထာ ဆို၏။ ကောင်းစွာဆိုခြင်း ဖြစ်သည်ဟု အဋ္ဌကထာသစ်ဆုံးဖြတ်သည်။

ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဖြစ်စေ, အပလောကနကံဖြင့် ဖြစ်စေ သမုတ်အပ်သော ကျောင်းမျိုးကို သမ္မုတိကုဋီ ခေါ်သည်ဟု သိ။

အကပ္ပိယကုဋီ ဖြစ်ပုံ။ ။အလုံးစုံသော တိုင်နံရံခြေတို့ကို ပယ်ဖျက်အပ်ကုန်သော်သာ ဥဿာဝနန္တိက ကုဋီပျက်၍ အကပ္ပိယကုဋီ ဖြစ်သည်၊ တိုင် တလုံး ဖြစ်စေ နံရံခြေမျှ ဖြစ်စေ မပျက်သေးလျှင် ကပ္ပိယကုဋီ မပျက်သေးဟု သိ။....တံတိုင်း စသည်တို့ဖြင့် ထက်ဝက် ထက်ဝက်ထက် အလွန် ကာရံမိသော် ဂေါနိသာဒိကကုဋီ ပျက်၍ အကပ္ပိယကုဋီ ဖြစ်သည်၊ တဖန် တံတိုင်း စသည် ပျက်စီးပြန်သော် ကပ္ပိယကုဋီ ဖြစ်ပြန်သေး၏ဟု သိ။ ဂဟာပတိကုဋီ, သမ္မုတိကုဋီတို့အား အမိုးအားလုံး ပျက်သော်သာ ကပ္ပိယကုဋီ ပျက်၍ အကပ္ပိယကုဋီ ဖြစ်သည်။ ဂေါနိသာဒိကကုဋီ စသည် ပျက်၍ သမ္မုတိကုဋီ ပြုလုပ်ပြန်သော် အပ်သည် ပြုကောင်းသည်ဟု သိ။....ဝါသဂါရ နေစရာကျောင်း မဟုတ်သော ဆွမ်းစားကျောင်း, ဥပုသ်, အိမ် စသည်တို့ကား ဘယ်အခါမှ မပျက်ကောင်းသော ကုဋီမည်၏ဟု သိ။ [အဋ္ဌကထာကြီး ဘေ-သင်္ခန္ဓကဋ္ဌ အကျယ်လာပြီ။]

၉–ပဏီတဘောဇန

၉။ ယာနိ ခေါ ပန တာနိ ပဏီတ ဘောဇနာနိ၊ အကြင် မွန်မြတ်ကုန်သော ထောပတ် စသည်တို့နှင့် ရောနှောကုန်သော ဘောဇဉ်တို့သည်။ (သန္တိ၊ ရှိကုန်၏။) ဣဒံ ဣမာနိ၊ ဤ မွန်မြတ်သော ထောပတ် စသည်တို့နှင့် ရောနှောကုန်သော ဘောဇဉ်တို့သည်။ သေယျထာ၊ အဘယ်သည်တို့နည်း။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျားရည်။ ဖာဏိတံ၊

ဆောင်—ဂဟပတိ၊ သမ္မုတိ၊ ဂေါနိ—ဉဿဝနန်။
ဉဿဝနန်၊ တိုင်ခြေရုံ၊ မကျန် အားလုံးပျက်။
ဂေါနိသဒိ၊ ကာရုံမိ၊ ပျက်၏ ရာမ်ထက်ဝက်။
ဂဟပတိ၊ သမ္မုတိ၊ မရှိ အမိုးပျက်။
ဝါသဂါရ၊ မဟုတ်က၊ ပဥ္ဇမိ မပျက်။

နိဒါန်း စသည်။ ။သဝဝတ္ထိ၊ ဗေလဋ္ဌသီသ၊ သိုမှိုးခြင်းကို ပြု၍ စားသော ဝတ္ထု။ သာ၊ အနာ။ သန္နိဓိကာရကဋ္ဌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ မသိုမှိုးသည်ဋ္ဌ မသိုမှိုးဟု အမှတ်ရှိသော ရဟန်း, ယာဝကာလိက စသည်တို့ကို သိုမှိုး၍ မိမိ၏ ကာလကို မဟုန်စေဘဲ စားသော ရဟန်း, ယာဝဇီဝိကကို အကြောင်းရှိ၍ စားသောရဟန်း, ဉမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ အာမိသ ဖြာခြင်း, သိုမှိုခြင်း, ထို အာမိသကိုစားခြင်း၊ အင်္ဂါသုံးပါး။ ...သမုဋ္ဌာန် စသည်ဒုဋ္ဌကာလောမနှင့် တူပြီ။

ဆောင်— အာမိသဖြစ်ခြင်း၊ သိုမှိုးခြင်းနှင့်၊ စားခြင်းသုံးရှိ၊ အင်္ဂါသိ၊ သန္နိဓိကာရကတည်း။

သန္နိဓိကာရကသိက္ခာပုဒ် ပြီး၏။

၉–ပဏီတဘောဇန

ပဏီတဘောဇနာနိ။ ။ပဏီတေဟိ သံသဋ္ဌာနိ ဘောဇနာနိ ပဏီတဘောဇနာနိ။ မွန်မြတ်ကုန်သော ထောပတ် စသော ကိုးပါးတို့နှင့် ရောနှောသော စပါးမျိုး ခုနစ်ပါးမှ ဖြစ်ကုန်သော ဘောဇဉ်တို့ကို ရစေ။ ။"အာဇညေန ယုတ္တော ရထော အာဇညရထော" ကဲ့သို့ မဇ္ဈေလောပီတပ္ပုရိသ်၊ ထောပတ် စသည်နှင့် ရောအပ်သော ထောပတ်ထမင်း, ဆီဦးထမင်း, နို့ ထမင်း စသည်များကို ပဏီတဘောဇဉ် ခေါ်သည်။

တင်လဲ။ မစ္ဆော၊ ငါး။ မံသံ၊ အသား။ ခီရံ၊ နို့ရည်။ ဒဓိ၊ နို့ခမ်း။ ဣမာနိ၊ ဤကိုးပါးတို့တည်း။ ယော ပန ဘိက္ခု၊-သည်။ ဧဝံ ရူပါနိ၊ ဤဆိုအပ်ပြီးသော သဘော ရှိကုန်သော။ ပဏီတ ဘောဇနာနိ—တို့ကို။ အတ္တနော၊-၏။ အတ္ထာယ၊ အကျိုးငှါ။ အဂိလာနော၊ မနာသည်။ (ဟုတ္ဝာ၊ ဖြစ်လျက်။) ဝိညာပေတ္ဝာ၊-၍။ ဘုဥ္ဇေယျ၊—အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

ဆောင်— ထောပတ် စရော၊ ငါးပါးဘော၊ မှတ်လော ပဏီတ ဘောဇဉ် တည်း။

သပ္ပိ-ဒဓိ။ ။ဤသပ္ပိ စသည်ဖြင့် ပဏီတဘောဇဉ်နှင့် ရောနှောအပ်သော ထောပတ်စသည်တို့၏ သရုပ်ကို ပြသည်။ ထောပတ် စသော ကိုးပါးကို ပဏီတဘောဇဉ် ခေါ်ရမည်ကို မပြဟု သိ။ ဤ၌ ထောပတ် စသော ငါးပါးကို ဘေသဇ္ဇသိက္ခာပုဒ်အတိုင်း သိ။

မရတိတိ မစ္ဆော၊ ကုန်းပေါ်၌ ထားကာမျှ သေတတ်သောကြောင့် ငါးကို မစ္ဆ ခေါ်သည်။ တနည်း-မရိယတိတိ မစ္ဆော၊ တံငါ စသည်တို့သည် သတ်အပ်သောကြောင့်လည်း ငါးကို မစ္ဆ ခေါ်သည်။ အလုံးစုံသော ရေ၌ ပေါက်ဖွားသော သတ္တဝါတို့ကိုယူ။

မသိယတေ အာမသိယတေတိ မံသံ၊ သုံးသပ်အပ်သောကြောင့် အသားကို မံသ ခေါ်သည်။ ဤမံသ သဒ္ဒါဖြင့် အပ်သော ကုန်းသတ္တဝါတို့၏ အသား အားလုံးကို ယူ။....ခီရဖြင့် ဘေသဇ္ဇသိက္ခာပုဒ်၌ အပ်, မအပ်သော နို့ရည်အားလုံးကို ယူရသကဲ့သို့ မဟုတ်မူ၍ အပ်သောအသားရှိသော သတ္တဝါတို့၏ နို့ရည်ကိုသာ ယူ။

ဒဓိဖြင့်လည်း အပ်သော နို့ခမ်းကိုသာ ယူရမည်။ အသား မအပ်သော သတ္တဝါတို့၏ နို့ရည်, နို့ခမ်းကား ဒုက္ကဋ်ဝတ္ထု တည်း။

အထူး။ ။မြေးဖြင့် ပူအောင် ချက်၍ ဖြစ်လာသော မချဉ်သေးသော နို့ကို ၎င်း, တည်ဉှ်, နှစ်ညှဉ်မျှ သိပ်သားလျင် ချဉ်လာသော နို့ကိုဂင်း ဒဓိ ခေါ်သည်။ ၎င်း နို့ပြစ်, နို့ချဉ်ကို မွှေတန်ဖြင့် မွှေသည့်အခါ နဝနီတခေါ်သော ဆီဦး ဖြစ်သာသည်။ ၎င်း ဆီဦးကိုပင် မသကာ ဟူ၍ဂင်း, ထောပေး ဟူ၍ဂင်း ခေါ်ကြသေး၏။

ဧဝရူပါနိ-ဘောဇနာနိ—ဤပါဠိဖြင့် သက်သက်သော ထောပတ် စသည် သက်သက်သော ဘောဇဉ် စသည်တို့ကို ပဏီတ-ဘောဇဉ် မခေါ်ရဟု ပြသည်။

အဂိလာနော-ပါစိတ္တိယံ။ ။အဂိလာန ဟူသည် ထိုပဏီတ ဘောဇဉ်နှင့် ကင်းရှင် ချမ်းသာခြင်း ရှိသော ရဟန်းမျိုးကို ဆိုသည်။ ထိုပဏီတ ဘောဇဉ်ကို ဂိလာန မဟုတ်သော ရဟန်းသည် ဉာတိပဝါရိတ မဟုတ်သော ဒကာ ဒကာမတို့ထံ၌ ထောပတ်နှင့် ဆွမ်းလျှင်လော့, ထောပတ် လောင်းထားသောဆွမ်း လျှင်လော့, ထောပတ်ရောထားသောဆွမ်း လျှင်လော့, ထောပတ်နှင့်တကွ ဆွမ်းလျှင်လော့, ထောပတ်ရော ဆွမ်းရော လျှင်လော့ စသည်ဖြင့် မိမိအာကျိုးငှါ တောင်းစားအံ့-ပါစိတ်။

[ဂိလာနဖြစ်လျှင် ထိုပဏီတဘောဇဉ်မျိုးကို ရောဂါနှင့် သင့်တော်၍ ဓာတ်စာကျလတ်သော် ဉာတိပဝါရိတ မဟုတ်သူထံမှပင် တောင်းစားကောင်းသည်၊ အာပတ်မသင့်ဟု သိ။]

သက်သက်သော ထောပတ် စသော ငါးပါးတို့ကို ဆေးအကျိုးငှါ တောင်းစားအံ့၊ အထက် မဟာနာမ်သိက္ခာပုဒ်ဖြင့် ပါစိတ်၊ ငါးစသည် လေးပါးတို့ကို တောင်းစားအံ့၊ သေခိယ သူပေါဒန ဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊ ထောပတ် စသည်တို့နှင့်ရောသော ပဏီတဘောဇဉ်ကို တောင်းစားအံ့၊ ဤသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ (တောင်းပုံအကျယ် အဋ္ဌကထာတို့၌ လာပြီ။)

ဆောင်—ထောပတ်စငါး၊ ဆေးကျိုးအား၊ တောင်းစား မဟာနာမ်။
မစ္ဆာဒီနိ၊ စတ္တာရိ၊ တောင်းဘိ သူပေါဒန်။
ပဏီတဘောဇန်၊ တောင်းစားပြန်၊ သင့်ရန် ဤသိက္ခံ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပဏီတဘောဇဉ်ကို တောင်းစားသော ဝတ္ထု။ အဂိလာနောကား အနုပညတ်။ အ၊ အနာ။ အဂိလာန၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ ဂိလာန၌ ဂိလာနဟု မှတ်သောရဟန်း, နာသောအခါ တောင်း၍ မနာသောအခါ စားသောရဟန်း, ဂိလာန၏ အကြွင်းကို စားသောရဟန်း,ဉာတကပဝါရိတတို့ထံမှ တောင်းစားသောရဟန်း, သူတပါးအကျိုးငှါ တောင်းသောရဟန်း, မိမိဥစ္စာဖြင့် ဝယ်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ပဏီတဘောဇဉ်ဖြစ်ခြင်း,မနာခြင်း, ဝိညတ်ပြု၍ရခြင်း, စားမျိုခြင်း၊ အင်္ဂါလေးပါး။ အဒ္ဓါနသမုဋ္ဌာန်၊ ကိရိယ၊ နော၊ အ၊ ပဏ်၊ ကာ၊ ဝ၊ တိ၊ တိဝေဒနာတို့တည်း။

၁၀-ဒန္တပေါဏ

၁၀။ ယော ပန ဘိက္ခု၊-သည်။ ဥဒက ဒန္တ ပေါဏံ၊ ရေ ဒန်ပူကို။ အညတြ၊-၍။ အ-ဒိန္နံ၊ (ဝိနည်းပရိယာယ်အားဖြင့်)မပေးအပ်သော။ ဝါ၊ -အကပ်မခံရသေးသော။ အာဟာရံ၊(ကာလိကလေးပါးဟု ဆိုအပ်သော) အာဟာရကို။မုခဒ္ဒါရံ၊ခံတွင်း(နှာခေါင်း)၏ အတွင်း၌ဖြစ်သော ရေမျိုသို့။ အာဟရေယျ၊ ဆောင်ငြားအံ့။ တဿ ဘိက္ခုနော၊-အား။ပါစိတ္တိယံ၊-၏။ စတုတ္ထော၊-သော။ ဘောဇနဝဂ္ဂေါ၊-သည်။ နိဋ္ဌိတော၊-ပြီ။

ဆောင်—ပဏီတဘောဇဉ်၊ ဂိလာနမဟူ၊ တောင်းယူရခြင်း၊ စားမျိုခြင်းမျှ၊ အင်္ဂလေး၀၊ ပဏီတဘောဇဉ်တည်း။

ပဏီတဘောဇနသိက္ခာပုဒ် ပြီး၏။

၁၀-ဒန္တပေါဏ

အဒိန္နံ။ ။နု ဒိန္နန္တိ အဒိန္နံ။ ဝိနည်းပရိယာယ်အားဖြင့် ရဟန်းမှ တပါးသော သူတို့သည် မပေး မကပ်အပ်သော ကာလိက လေးပါးဟု ဆိုအပ်သော အာဟာရကို အရကောက်။

အဒိန္နံအထူး။ ။အဒိန္နာဒါန်သိက္ခာပုဒ်၌ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော ဥစ္စာကို အဒိန္န ဆိုသည်။ ဤသိက္ခာပုဒ်၌ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော ဥစ္စာကို ဆိုသည်မဟုတ်။ ရဟန်းသည် မိမိပိုင် ဥစ္စာပင် ဖြစ်ခဲ့စေကာမူ အကပ်မခံရသေးသော ဥစ္စာကို ဆိုသည်။ အကပ်မခံရသေးသော ဝတ္ထုဖြစ်အံ့ မစားကောင်း၊ အကပ်ခံပြီးသော ဝတ္ထုဖြစ်သော်ကား သူတပါးဥစ္စာပင် ဖြစ်စေကာမူ စားကောင်းသည်ဟု သိ။

ဆောင်—အကပ်မခံ၊ ကာလိကံ၊ ယူရန် အဒိန္နံ။
အကပ်ခံပြု၊ ယင်း၀တ္ထု၊ ယူမှု ဤသိက္ခံ။

အကပ်မြောက် အင်္ဂါငါးပါး။ ။၁-ကပ်မည့်သူက ရှေးရှု ဆောင်ယူလာခြင်း၊ ၂-အကပ်ခံသော ရဟန်း၏ နှစ်တောင့်ထဲ၁ ဟတ္ထပါသ်သို့ရောက်ခြင်း၊ ၃-အား အလတ်စားရှိသောသူ မြှောက်နိုင်သော ဝတ္ထုဖြစ်ခြင်း၊ ၄-ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော ယောက်ချို ယောက်မ ဇနန်းပန်းကန် စသည်ဖြင့်ဖြစ်စေ,ကိုယ့်ကိုယ်နှင့်စပ်သော ခွက်စသည်မှ စွန့်လွှတ်၍ ဖြစ်စေ ပေးခြင်းသုံးမျိုးတို့တွင် တမျိုးမျိုးဖြင့် ပေးခြင်း၊ ၅-ကိုယ်ဖြင့် ဖြစ်စေ,

ကိုယ်နှင့်စပ်သော သပိတ်စသည်ဖြင့်ဖြစ်စေ ခံယူခြင်း နှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ခံယူတို့ထိခြင်း၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင် အကပ်ခံမှ အကပ်မြောက်သည်၊ မပြည့်စုံက အကပ်မမြောက်ဟု သိ။

ဆောင်—ရွှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်း နှစ်လှောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါငါး။

မှတ်ချက်။ ။ရွှေးရှုဆောင်ဟူသည် မျှားစွာသော ဟင်းခွက်တို့ကို ဦးခေါင်းဖြင့် ဆောင်ယူ၍ ရဟန်းထံကပ်၍ ဤဟင်းခွက်တို့ကို ခံယူတော်မူပါဟု ဆိုရုံမျှဖြင့် ရွှေးရှုဆောင်ခြင်း မမည်သေး၊ ဦးခေါင်းပေါ်၌ ရှိသော ဟင်းခွက်တို့ကို လှုံလို၍ ဦးခေါင်းကို အနည်းငယ် ညွတ်ပေးမှသာ ရွှေးရှုဆောင်ထာထောက်သည်၊ ညွတ်ရုံမျှကို လက်လှမ်း၍ မယူကောင်း၊ တို့ကြောင့် လှမ်းယူခြင်းကို သတိပြုသင့်၏။

နှစ်တောင့်ထွာ ဟတ္ထပါသ်ဟူသည် ရဟန်းသည် ထိုင်နေအံ့၊ နေရာ၏ နောက်အစွန်းမှစ၍, ရပ်နေအံ့၊ ဖနောင့်စွန်းမှစ၍, အိပ်နေအံ့၊ အိပ်သောနံပါး၏ ထိုမှာဘက်စွန်းမှစ၍ ယူရမည်၊ ပေးသောသူကား ထိုင်၍ဖြစ်စေ ရပ်၍ဖြစ်စေ အိပ်၍ဖြစ်စေ ဆန့်တန်း၍ ပေးသောလက်ကို ဖယ်ထား၍ အနီးဆုံးဖြစ်သော ကိုယ်အင်္ဂါကို ယူရမည်။

မြောက်နိုင်ဝတ္ထုအရ အားအလတ်စားရှိသော သူ မြောက်နိုင်သော ဝတ္ထုဟု ဆိုခြင်းကြောင့် **အားသေး**သူ ဖြစ်အံ့၊ နှစ်ယောက် သုံးယောက် ချီမြှောက်၍ **ကပ်သော်လည်း** အပ်သည်။ အားအလတ်ရှိသူ မြောက်နိုင်မသော ဝတ္ထု ဖြစ်ခြင်းသာ လိုရင်းဖြစ်သည်။ လှိမ့်၍ ကပ်ကောင်းသည်ကို ထောက်သော် ခုံခင်း စင်းပွဲခင်း အစမျှား ကြမ်းပေါ်မှာ ထိုနေသော်လည်း အပြစ်မရှိ။

သုံးခုပေးခြင်း၌ ပေးသူအရ လူ သာမဏေ နတ် တိရစ္ဆာန်တို့ကို ယူနိုင်သည်။

အကပ်ခံသူ ရဟန်းယောကျ်ားဖြစ်အံ့၊ ရဟန်းမိန်းမကို, ရဟန်းမိန်းမဖြစ်အံ့၊ ရဟန်းယောကျ်ားကိုလည်း ယူနိုင်သည်၊ အကပ်ခံသော ရဟန်း၏ ကာယအရ သက် ခြေ ဦးခေါင်း နှာခေါင်း ပါးစပ် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ယူ။ ကာယပဋိဗဒ္ဓအရ အားအလတ်ရှိသူ မြောက်နိုင်သော အယုတ်ဆုံးညောင်စောင်း သစ်ပင်မှ လွတ်သော သစ်ရွက် ကြာရွက် သပိတ်ခြေ စသည်ကို ယူရမည်။ အဆင့်ဆင့် ဆက်စပ်သော ပဋိဗဒ္ဓပဋိဗဒ္ဓကား မအပ်ဟု သိ။

အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါး။ ။၁ အကပ်ခံပြီးသော အာဟာရကို မစား တော့အံ့ဟု ငဲ့ကွက်ခြင်းမရှိ အာလယ ပြတ် စွန့်လိုက်ခြင်း၊ ၂-သိက္ခာချခြင်း၊ ၃ ရဟန်းမှတပါး လူသာမဏေစသည်အား ပေးလိုက်ခြင်း၊ ၄-ခိုးသူ စသည်တို့က အတင်းလုယူသွားခြင်း၊ ၅-သေခြင်း၊ ရဟန်းယောကျ်ားအဖြစ်မှ ရဟန်းမိန်းမအဖြစ်သို့ ရောက်ခြင်းဟူသော လိင်ပြန် ခြင်း၊ ဤ၆ခြောက်ပါးတို့တည်း။

ဆောင်—စွန့်-ချ ပေး-လု၊ မစ္စု-လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက် ကြောင်းတည်း။

မှတ်ချက်။ ။ဤအကပ်ပျက်ရာ၌ တဦးတည်းပိုင် အာဟာရကို ယူရ၊ည်။ နှစ်ပါး သုံးပါး စသည် ပိုင်ဆိုင်သော အာဟာရဖြစ်မူ တပါးက စွန့်ခွဲမျှနှင့် အကပ်မပျက်နိုင်။ စွန့်ပါ၌ အကပ်ပျက်သည်ဟုဆိုရကား လူသာမဏေတို့ လာကိုင်ရာ၌ ရဟန်းက လက်ဖြင့် ဆိမထား၊စကာမူ အကပ်မပျက်၊ မိမိ လက်၌ရှိသော အာဟာရကို ယူတော့ဟု လူသာမဏေအား ပေးသော်လည်း လက်မှ မလွတ်သေးက အကပ်မပျက်၊ သပိတ်ခြေ၌ သပိတ်ကိုထား၍ ထို သပိတ်၌ ရှိသော ဝတ္ထုကို ငဲ့ကွက်ခြင်းကင်း၍ ယူလော့ဟု ဆိုအံ့။ အကြွင်းဝတ္ထုပါ အကပ်ပျက်သည်၊ စားလိုပြန်လျှင် တဖန် အကပ်ခံရမည်။ ငဲ့ကွက်ခြင်း မကင်း အာမိသ မရောမူ တဖန် အကပ်ခံဘွယ်မရှိ အာမိသ ရောမူ တဖန် အကပ်ခံရ မည်။ အကပ်ခံထားသော ဝတ္ထုသည် လူသာမဏေတို့ ထိကာ ကိုင်ကာ ရှေ့ကာ မျှဖြင့် အကပ်မပျက်၊ လူသာမဏေတို့က မိမိဥစ္စာအဖြစ်မျိုးဖြင့် ယူသော်သာ အကပ်ပျက်သည်။ ဆွမ်းစားစဉ် လက်ဆေးခွက်၌ မကြာမကြာ လက်နှိုက် ဆေးခြင်း, လက်သုတ်ပုဝါကို ခဏ ခဏသုတ်ခြင်းမျိုးကို သတိပြုသင့်၏။ အကပ် ပျက်ပြီးသား အဆီအညစ်အကြေးများ ကပ်ငြိလာတတ်၍ အကပ်ပျက် တတ်သည်။

ဒုက္ကဋ် ဂ မျိုး။ ။ဒုက္ကဋ်သည် ပဋ္ဌပဓေယျဂဒုက္ကဋ်, သဟသေယျဂ, အနာပတ္တိ, ဒုရုပစိဏ္ဏ, ဝိနယ, ဥတ္တိ, ဉတ္တိ, ပဋိဿဝ ဒုက္ကဋ်ဟု ရှစ်မျိုး ပြား၏။ ထိုတွင်—

ပါရာဇိက၏ ရှေးအဘို့၌ဖြစ်သော စိတ်ရှိ၍ အဖော်ရှာခြင်း စသော ပဓေျဂကြောင့် ဖြစ်သော ဒုက္ကဋ်မျိုးကို ပဋ္ဌပဓေျဂ ဒုက္ကဋ်ဟု ခေါ်သည်။

ရွှေအိုး, ငွေအိုးပေါ်၌ ပေါက်ရောက်နေသော သစ်ပင်ကို ဖြတ်ခြင်းစသော ပဓေျဂနှင့် တကွဖြစ်သော ဒုက္ကဋ်မျိုးကို သဟပဓေျဂ ဒုက္ကဋ် ခေါ်သည်။

ရတနာ ၁၀-ပါး စပါးမျိုး ၇-ပါး အလုံးစုံသော လက်နက် ဘဏ္ဍာ တူရိယာ ဘဏ္ဍာ မိန်းမရုပ် မိန်းမ၏ အဝတ်အစား စသည်ကို သုံးသပ်သော ဒုက္ကဋ်မျိုးကို **အနာမာသ** ဒုက္ကဋ် ခေါ်သည်။

အပင်၌ရှိသော ငှက်ပျောသီး စသည်ကို ကိုင်သော မကောင်းသော အကျင့် ကြောင့်ဖြစ်သော ဒုက္ကဋ်မျိုးကို **ဒုရုပစိဏ္ဏ** ဒုက္ကဋ် ခေါ်သည်။

ဆုမ်းခံသွားစဉ် သပိတ်၌မြူကျသော် အကပ်ခံခြင်း ဆေးခြင်းမပြုမူ၍ ထို သပိတ်ဖြင့် ဆုမ်းခံသော ရဟန်းအား ဒုက္ကဋ်ဟု ဝိနည်းပညတ်ကြောင့် ဖြစ်သော ဒုက္ကဋ်မျိုးကို **ဝိနယ** ဒုက္ကဋ် ခေါ်သည်။

တဆယ့်တပါးသော သမနုဘာသနကံတို့၌ ဥတ်ခဏ်၌ သင့်သော ဒုက္ကဋ်မျိုး ကို **ဥတ္တိ** ဒုက္ကဋ် ခေါ်သည်။

အသင်းခွဲအုံ့ဟု သိလျက် မဆုံးမသောကြောင့် သင့်သော ဒုက္ကဋ်မျိုးကို **ဉာတ** ဒုက္ကဋ် ခေါ်သည်။

ဤကျောင်း၌ ဝါဆိုအုံ့ဟု ဝန်ခံပြီးမှ ဝါမဆိုဘဲ ချုတ်လွဲသော ဒုက္ကဋ်မျိုးကို **ပဋိဿဝ** ဒုက္ကဋ် ခေါ်သည်ဟု သိ။

ဆောင် —ပဋ္ဌ, သဟ၊ နာမာသ၊ စိဏ္ဏ, ဝိနယာ။
ဥတ္တိ, ဉာတ၊ ဋိဿဝ၊ အဋ္ဌ ဒုက္ကဋာ။

မှတ်ချက်။ ။ဆုမ်းခံသွားစဉ် သပိတ်၌ မြူပါသော ရေကျအုံ့၊ သပိတ်ကို တဖန် အကပ်ခံ၍ ဆုမ်းခံရမည်။ အကပ်မခံဘဲ နောက်ထပ် ဆုမ်းခံအုံ့၊ ဝိနယဒုက္ကဋ်။ သပိတ်ကိုလက်ဖြင့် ကိုင်ထားစဉ် ကျသော မြူကို လက်မှမလွှတ်စေ မူ၍ ကိုင်ထားဆဲ၌ အကပ်မပျက်သေးသောကြောင့် ထိုဆုမ်းကိုတဖန် အကပ်ခံ ၍ စားကောင်း၏။ ထို့ကြောင့် ဆုမ်းစားသောအခါ ကိုယ်အင်္ဂါဖြင့် ထိထားစဉ် မြူကျသော် လက်မှမလွှတ်စေမူ၍ ထိုထိုအရပ်သို့ ဆောင်ယူသွားကောင်းသည်။ လက်ကလွှတ်ပြီးမှ တဖန်ကိုင်မူ ဒုဂ္ဂဟိတဖြစ်၍ တဖန်ပြန်ကပ်သော်လည်း မအပ်၊ သပိတ်၌မြူစသည်ကျ၍ တဖန်ပြန်ကပ်ခိုင်းသော် မကြာ၍ဖြစ်စေ, နားမထောင် ဘဲဖြစ်စေ, ဆုမ်းလောင်းထည့်အုံ့၊ ဝိနယဒုက္ကဋ် မသင့်၊ တဖန်အကပ်ခံ၍ တပါး သူ့ဆုမ်းကို ခံအပ်၏။ လေကြီးတိုက်၍ မြူကျသောအခါ ဆုမ်းခံ၍ မဖြစ်အုံ့၊ သာမဏေတို့အား ပေးအံ့ဟု နှလုံးပြု၍ သုဒ္ဓစိတ်ဖြင့် ခံခြင်းငှါကား အပ်၏။ ထို ဆုမ်းမျိုးကို သာမဏေအားပေး၍ သာမဏေကတဖန် ပြန်ပေးသော်ငင်း, ထို သာမဏေနှင့် အကျမ်းဝင်၍ အကပ်ခံစားသော်ငင်း အပ်၏။ သူတပါး ပေးအုံ့ဟု စိတ်ဖြစ်ကာမျှဖြင့် ထိုဆုမ်းသည် သူတပါးဥစ္စာ မဖြစ်ခြင်းကြောင့်ငင်း အနုပ-

---

သမ္မန္နဿ စသော အဋ္ဌကထာစကားသည် ဝိနယဒုက္ကဋ်မှ လွတ်စေခြင်းငှါငင်းကိုဆွမ်းကို လူသာမားဏအား မပေးဘဲ အာကပ်ခံ၍ စားသော် အပ်၏။ အသီးရှိသော သစ်ပင်ကို အခက်၌ငင်း နွယ်၌ငင်း ကိုင်၍လှုပ်အံ့၊ ထိုသစ်ပင်မှ ဖြစ်သော အသီးကို ထိုရဟန်း မစားကောင်း၊ ဒုရုပစိဏ္ဏ ဒုက္ကဋ် အာပတ်သင့်၏။ တပါးသော ရဟန်းကား စားကောင်းသည်။

[အသီးရှိသော သစ်ပင်ကိုကား မှီကောင်း ကိုင်ကောင်းသည်။အကပ်ခံပြီးသော ဂျင်းစသော ဝတ္ထု၌ အညွှန့်ထွက်အံ့၊ အကပ်ခံပြီးသားပင် ဖြစ်သည်ဟု သိ။ အကျယ်အဋ္ဌကထာကြီး၌ လာပြီ။]

မှတ်သားဘွယ်အမျိုးမျိုး။ ။တည်ရာမှ ရွေ့လျောချ၍ လက်၌ငင်း သပိတ်၌ငင်း ကျသောမျက်ရည် ချွေးစသည်ကို စားလိုသော် အကပ်ခံအပ်၏။ အင်္ဂါကြီးငယ်၌ ကပ်ငြိနေသော မျက်ရည် ချွေး စသည်ကား အကပ်ခံဘွယ်ကိစ္စမရှိ၊ စားလိုက စားသောက်ကောင်းသည်။ ပြတ်ကျသော မျက်ရည်စသည်တို့ကို အကြားခံ၌ မယူအပ်၊ ယူသော် ဥဂ္ဂဟိတဖြစ်၍ အကပ်ပျက်သည်။ အကပ်မခံရသေးသော သစ်မြစ် သစ်သီး စသည်ကို မိခင်စသည်တို့၏ အလို့ငှါ ယူ၍သွားစဉ်ငင်း, အသီးရှိသော သစ်ခက်ကို အရိပ်အလို့ငှါ ယူ၍သွားစဉ်ငင်း အလိုရှိသောအခါ အလိုရှိရာကို အကပ်ခံ၍ စားကောင်းသည်။ တစုံတခုကို ဒကာက ပေးကပ်သော် ဒကာမှလွတ်ကျ၍ စင်ကြယ်သော မြေ၌ကျအံ့၊ ကိုယ်တိုင်ကောက်ယူ၍ စားကောင်းသည်။ မြူစသည် ငြိကပ်အံ့၊ မြူစသည်ကို သုတ်သင်၍ငင်း, တဖန် အကပ်ခံ၍ငင်း စားကောင်းသည်။

ရဟန်းတပါးအား ကပ်စဉ် လိမ့်၍ ရဟန်းတပါးထံ ကျသွားအံ့၊ ထိုရဟန်းက ကောက်ယူ၍ မူလ ရဟန်းအား ပေးကောင်းသည်။ မူလရဟန်းက စားတော့ဟု ဆိုလျှင် ထိုရဟန်းစားကောင်းသည်။ မူလရဟန်းက စားတော့ဟု မဆိုလျှင် မစားကောင်း၊ ကပ်ခြင်းအကျိုးငှါ လာသောသူ၏လက်မှ လျှောကျသော ဝတ္ထု၊ ကိုကောက်ယူ၍ မစားလိုသေးသော် တခုခုဖြင့် ဖုံးအုပ်ထားပြီး နောက်တနေ့၌ အကပ်ခံ၍ သုံးဆောင်သော် အပ်၏။ အကပ်ခံရာ မရောက်သေးသောကြောင့် သန္နိဓိမဖြစ်။ အကပ်ခံထားသော ခေါင်းဖြင့် ကြံ သရက်သီးစသည်ကို နှာစိတ်သော် သံချေးထင်အံ့၊ အသစ်သံချေးဖြစ်ရကား အကပ်ခံ၍ စားအပ်၏။ ခေါင်းကို ဆေး၍ခဲ့သော် သံချေးကား မထင် သံချေးနှံသာ ထင်အံ့၊ အဗ္ဘောဟာရိကဖြစ်သည်ဟု သိ။

မုခဒ္ဓါရုံ။ ။မုခဉ္စ နာသိကဉ္စ မုခံ(ဝိရူပေကသေသ)။ခံတွင်း နှာခေါင်း နှစ်ပါးကို ရစေ။ မုခဿ အန္တော ပဝတ္တံ ဒ္ဝါရံ မုခဒ္ဝါရုံ။ ခံတွင်း နှာခေါင်း၏ အတွင်း၌ဖြစ်သော လည်ချောင်းဝကို ရစေ။ ခံတွင်းဝဟူသည် ပါးစပ်ပေါက်ကို

မယူရ၊ ပါးစပ်ပေါက်မဟုတ်၊ အတွင်းပိုင်းဖြစ်သော လည်ခေါင်းရေမျိုကို ယူရမည်။ ထို့ကြောင့် မဇ္ဈလောဒိတပ္ပုရိသ် ဆိုလိုသည်။ ခံတွင်းပေါက်ဖြင့် ဝင်သည်ဖြစ်စေ, နှာခေါင်းပေါက်ဖြင့် ဝင်သည်ဖြစ်စေ ရေမျိုသို့ရောက်ပြီး မျိုချအပ်သောကြောင့် အလုံးစုံသော အာဟာရသည် ခံတွင်းရေမျိုသို့ မရောက် ငုံရုံငုံပြီး ထွေးပစ်နိုင်လျှင် အကပ်မခံသော်လည်း အပြစ်မရှိ၊ ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့်လည်း အာပတ်မသင့်ဟု သိ။

အာဟာရံ။ ။အာဟရိယတီတိ အာဟာရော။ မျိုအပ်သော အလုံးစုံသော ကာလိကကို ရစေ။ ထိုအာဟာရကို အကပ်ခံရာ၌ ရထရေဏုမြူ ပမာဏရှိသော အာဟာရကို အစပြု၍ ယူရမည်။ ရထရေဏုမြူအောက် ငယ်သော တဇ္ဇာရီမြူ အဏုမြူ ပရမာမြူ ပမာဏရှိသော အာဟာရကို အကပ်မခံရ၊ အကပ်မခံသော်လည်း အပ်၏။

ရထားလမ်း လှည်းလမ်းမျှားဌ ရှိသော လှည်း ရထားသွားသောအခါ ထသောမြူမျှားကို ရထရေဏုမြူခေါ်သည်။ တံမြက်လှည်း၍ လေတိုက်၍ ထလာသော မြူမျှားကိုလည်း ရထရေဏုမြူဟူ၍ပင် ခေါ်ရသည်။ ထိုရထရေဏုမြူ ကျလျှင် အကပ်ပျက်တတ်သည်။ ထို့ကြောင့် ဆွမ်းစားရာအနှံ့၌ တံမြက်လှည်းခြင်းကို သတိပြုရမည်။

ကာလိက ၄-ပါး။ ။ယာဝ ကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက အားဖြင့် ကာလိကသည် လေးမျိုးရှိ၏။

ယာဝကာလိက။ ။ထိုတွင် စပါးမျိုး ခုနစ်ပါး, အလျော်ဖြစ်သော သီးကြီးကိုးလုံး, ပဲမျိုး, တပါးသောသစ်မြစ်, သစ်သီး, သစ်ရွက်, သစ်ပွင့်စသော ခဲဘွယ်ဘောဇဉ်သည် အရုဏ် တက်သည်မှစ၍ မွန်းတည့်ရုံမျှ အပ်သော အကြင်မျှလောက် သုံးဆေ ဉ်အပ်သော ကာလရှိသောကြောင့် "ယာဝကာလော အဿာတိ ယာဝကာလိကံ" ဟူသည်နှင့်အညီ ယာဝ ကာလိကမည်၏။

စပါးမျိုး ခုနစ်ပါးကား သာလီ-သဧလေး, ကောက်ကြီး၊ ဝီဟိ–ကောက်လတ်ကောက်ကြမ်း၊ ယဝ–မယော၊ (ဂျုံဖြူဟူ၍လည်း ဆိုကြ၏)။ ကင်္ကုံ–ဆပ်၊ ကုဒ္ဒြူသ–လူး၊ ဝရက–ပြောင်းဆံ၊ ဂေါဓုမ–နှစ်ကောက်၊ (ဂျုံတမျိုးဟုလည်း ဆိုကြ၏)။

သီးလုံးကြီးကိုးလုံးကား ထန်းသီး, အုန်းသီး, အိမ်ပိန္နဲသီး, တောင်ပိန္နဲသီး, ဗူးသီး, ဖရုံသီး, သခွါးငဆစ်သီး, သခွါးငပြုတ်သီး, သခွါးငကြောင်သီး။

ဆောင်—ယာဝဝ, ယာမ၊ သတ္တာဟာ၊ ယာဝဇီဝိကာ။
မွန်းတည့်ရုံမျှ၊ အပ်တုံက၊ ယာဝကာလိကာ။
ကောက်ကြီး ကောက်လတ်၊ လူး ပြောင်း ဆပ်၊ တရပ် ကျုံမယော။
စပါးမျိုးဖြစ်၊ ဤခုနစ်၊ မှတ်လစ် ကျမ်းလာသော။
ထန်း, အုန်းနှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဗူးဖရုံ၊ မှတ်တုံ သုံးသဒ္ဓါး။
ယာမကာလိက။ ။အဖျော် ရှစ်ပါးနှင့်တကွ အနုလောမ အဖျော်အားလုံး သည် အရုဏ်တက်သည်မှ စ၍ ညဉ့်၏အဆုံး ပစ္ဆိမယာမ် တိုင်အောင် သုံးဆောင်အပ်သော ကာလရှိသောကြောင့် "ယာမကာလော အဿာတိ ယာမကာလိက" ဟူသည်နှင့် အညီ ယာမကာလိက မည်၏။

အဖျော် ရှစ်ပါးကား သင်္ဘေသီးအဖျော်, သရက်သီးအဖျော်, မုဒရက်သီး အဖျော်, ဖက်သက်သီးအဖျော်, သစ်မည်ဇည်သီး အဖျော်, တောငှက်ပျော်သီး အဖျော်, အိမ်ငှက်ပျောသီး အဖျော်, ကြာစွယ်အဖျော်။

အနုလောမ အဖျော်ကား ကြိမ်သီး, မန်ကျည်းသီး, ရွှာက်သီး, သီးသီး, ကြိုသီး, ခံသီးစသော ငယ်သော အသီးဖျော်တို့ဘည်း။ ကြင်းသော ခွင့်ပြုအပ်သော အသီးအရွက် အပွင့်တို့ကိုလည်း နည်းတူသိ။

ထိုအလုံးစုံသော အဖျော်တို့ကို လူသာမကတိုသည် ရေအေးဖြင့်နယ်၍ နေပူလှမ်း၍ ပြုလုပ်မူ အပ်၏။ မီးဖြင့်ချက်သော် မအပ်ဟု သိ။

ဆောင်—ပစ္ဆိမယာမ်မျှ၊ အပ်တုံက၊ ယာမကာလိကာ။
သင်္ဘေ,သရက်,၊မုဒရက်၊ဖက်သက်,သစ်မည်ဇည်။
တော အိမ် ငှက်ပျော၊ကြာစွယ်နှော၊ မှတ်လော ရှစ်ဖျော်ရည်။
ရွှာက်မန်ကျည်းစ၊ နုလောမ၊ လျော်လှအဖျော်ရည်။
ရေအေး နေကျက်၊ သောက်အပ်လျက်၊ မီးချက် မအပ်ပြီ။

မှတ်သားဘွယ်။ ။အဖျော်ရည် ပြုလုပ်ရာ၌ ရေအေးဖြင့်သာ ပြုလုပ်ရသည် မီးဖြင့်ချက်၍ မလုပ်ကောင်း လုပ်လျှင် အမှုန့်မပါသော်လည်း ယာမကာလိကကား မဖြစ်နိုင်။ ယာဝကာလိကသာ ဖြစ်သည်။ ထို့ကြောင့် မီးဖြင့်ချက်၍ လုပ်ထားသော သစ်ခွရည် လိမ္မော်ရည်စသည်တို့ကို သံသယရှိကြသည်။ နေဖြင့် ချက်သော်သာ အပ်သည်။ မီးချက်ကား မအပ်။ ထို့ကြောင့် မီးဖြင့်ချက်ထားသော ရွှာက်ရည်ကို ညနေပိုင်း အကပ်ခံပြီး အဖျော်ရည် လုပ်သောက်ခြင်းစသည်ကိုလည်း သံသယရှိသင့်သည်။ နေဖြင့် ချက်ထားမူ အပြစ်မရှိ။

အဖျော်ရည်၌ သတိပြုရန်။ ။သရက်သီး မန်ကျည်းသီး စသည်ကို အဖျော်ရည်လုပ်လိုသော် မုန်းမတည့်မီဖြစ်စေ, မုန်းလွဲမှုဖြစ်စေ ထိုအသီးမျိုးကို ကိုယ်တိုင်အကပ်ခံပြီး မလုပ်ကောင်း၊ လူသာမကောမျိုး လုပ်ပြီးသား အဖတ်ပါ၍ ကိုယ်တိုင်လည်း မစစ်ကောင်း၊ အဖတ်နှင့်တကွ အကပ်ခံပြီးသား အဖျော်ရည်ကို ပြန်စစ်ကပ်ငြားသော်လည်း မသောက်ကောင်း။လူသာမကောမျိုးလုပ်ပြီးသား စစ်ပြီးသား အဖတ် မပါသော အဖျော်ရည်သာ ယာမကာလိက ဖြစ်သည်။ နာခြင်းဟူသော ဂိလာန, ဆာခြင်းဟူသော ပိပါသအကြောင်းရှိသော်သာ သောက်ကောင်းသည်။ လူ ဒကာစသည် စသည်တို့က အဖျော်ရည်လာကပ်သော် ရှေးဦးစွာ အကပ်မခံသေးဘဲ လာကပ်သူကို အဖျော်ခည်ကို ခွက်ဖြင့် မေ့ခိုင်းပြီး၍ အနယ်အဖတ် မပါပါမှ အကပ်ခံပြီး သောက်သင့်သည်ဟု သိ။

သတ္တာဟကာလိက။ ။ထောင်တစ်သော ငါးမျိုးသည် ခုနစ်ရက်ကာလပတ်လုံး သိုမှီး၍ သုံးဆောင်အပ်သော ကာလရှိသောကြောင့် "သတ္တာဟကာလော အဿာတိ သတ္တာဟကာလံ" ဟူသည်နှင့်အညီ သတ္တာဟ ကာလိက မည်၏။

[ထိုသတ္တာဟ ကာလိကအကျယ်ကို ဘေသဇ္ဇသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။]

ဆောင်—ခုနစ်ရက်မျှ၊ အပ်တုံက၊ သတ္တာဟ ကာလိကာ။

ယာဝဇီဝိက။ ။ဆိုအပ် ပြီးသော ကာလိက သုံးပါးနှင့် ကာလိက ဝိမုတ်ဖြစ်သော ရေကို ဖယ်ထား၍ ကြွင်းသောသစ်သီး ကြီးငယ် ရွက်ခေါက် မြစ်ဥ စသော ခဲဘွယ်ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သော ဝတ္ထုမျိုးသည် အာသက်ထက်ဆုံး သုံမှီး၍ ဂိလာန အကြောင်းရှိသော် အပ်သော ကာလရှိသောကြောင့် "ယာဝဇီဝံ ဘဥ္ဇိတဗ္ဗံ အဿာတိ ယာဝဇီဝိကံ" ဟူသည်နှင့် အညီ ယာဝဇီဝိက မည်၏။

ဆောင်—တသက်လုံးမျှ၊ အပ်တုံက၊ ယာဝ ဇီဝိကာ လေးကာလိကာ၊ မျိုအပ်ပါ၊ အာဟာရဟုခေါ်။

မှတ်ချက်။ ။ဆီးဖြူ ဖန်ခါး ငရုတ်စသော သစ်သီး, ကင်ပွန်းရွက်ကြမ်းစသော အရွက်, ကဘက်ခေါက်စသော အခေါက်, ဂျင်းစသော အမြစ်, ကြက်သွန်ဥစသော အဥ, ဆား စသည်မျိုးကို ယာဝဇီဝိကခေါ်သည်။ ထိုယာဝဇီဝိကကို ဂိလာနစသော အကြောင်းရှိ၍ ဆေးအဖြစ်ဖြင့်သာ စားကောင်းသည်။ ဆာရုံမျှသော အကြောင်းဖြင့် မစားကောင်း။ ယခုကာလ ညဉ့်အခါ ဘုန်းကြီးဂျင်းသုတ်ဆိုးပြီး ဂျင်းသုတ်မျိုးကို စားကြ၏။ ထိုဂျင်းသုတ်

များကို ကာလိကအားဖြင့် ကြည့်သော် ဂျင်း, ကြက်သွန်, ဆားတို့ကား ယာဝဇီဝိက, ဆီကား သတ္တာဟကာလိကဖြစ်၍ အပ်လောက်စရာ အကြောင်းရှိသော်လည်း ၎င်းလေးပါးကို ပေါင်းစု၍ လက်သုတ်တမျိုးဖြစ်အောင် စီမံပြီးလုပ်ထားသဖြင့် ယာဝကာလိက သဘောမျိုး သက်ဝင်သည်ဟု ယူဆကြ၏။ ရှောက်ရည်ဆမ်းသော် ရှောက်ရည်သက်သက်လည်း ယာဝဇီဝိကဖြစ်၍ အပ်၏။ အဖတ်ပါသော် အဖတ်ကား ယာဝကာလိကဖြစ်၍ မအပ်နိုင်။ အကယ်၍ ယာဝကာလိကသဘောမျိုး မဖြစ်နိုင်စေကာမူ ထိုဂျင်းသုတ်မျိုးဖြင့် ပျောက်ကင်းသောရောဂါတစုံတရာ ဆရာများ ပေးဘူးသည်လည်း မရှိ၊ အကြောင်းမရှိဘဲ ဖြစ်စေ, ဆာလောင်၍ဖြစ်စေ စားခြင်းဖြစ်သောကြောင့် ကေန်မအပ်၊ အကပ်ခံလျှင် ဒုက္ကဋ်၊ စားတိုင်းလည်း ဒုက္ကဋ်ပင်ဖြစ်သည်ကို သတိပြုသင့်၏။

အညတြဥဒကဒန္တပေါဏာ—ဤပါဠိဖြင့် အာဟာရ မဟုတ်သော ရေ၌ အာဟာရဟူသော အမှုတ်, ဒန်ပူဋ္ဌလည်း ဤဒန်ပူကို ခံတွင်းဝသို့ ဆောင်အပ်၏ ဟူသောအမှုတ်ဖြင့် ကုက္ကုစ္စသံသယရှိကုန်သော ရဟန်းတို့အား ထိုကုက္ကုစ္စသံသယကို ပျောက်စေခြင်း အကျိုးငှါ ရေဒန်ပူတို့၌ အကပ်မခံသော်လည်း အပြစ်မရှိဟု ချွင်းချက်ထားတော်မူသည်။ ဥဒကအရ မြူမှုန်မပါသော ရေကိုယူ။ ထိုရေမျိုးသည် ကာလိကလေးပါးမှ အလွတ်ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်းသည်။ မြူပါသော် အကပ်မခံဘဲ မသောက်ကောင်း၊ အကပ်မခံသေးဘဲ ထားသောရေကို အမြဲရေစစ်ဖြင့်စစ်၍ ဝိနယဂရုက ပုဂ္ဂိုလ်များ သောက်ကြသည်။ ဒန်ပူလည်း အကပ်မခံဘဲ သုံးဆောင်ကောင်းသည်။ သို့သော် ဒန်ပူရေ လည်ချောင်းဝသို့ မဝင်မှသာ အပ်၏။ဝင်လျှင် ပါစိတ်အာပတ်မှ မလွတ်၊ အကပ်ခံစားလျှင် သာ၍ကောင်းသည်။ ဝိနယဂရုက ပုဂ္ဂိုလ်ကြီးများကား မွန်းလွဲမှ ဒန်ပူစားခြင်းကို မနှစ်မြို့ကြကုန်။

ဆောင်—မကပ်ဒန်ပူ၊ ရေဝင်မူ၊ ထို့သူ ပါစိတ်သင့်။
ထို့ကြောင့်သာပ၊ ကပ်ခံကြ၊ စားမှ တော်လေသင့်။

နိဒါန်းစသည်။ ။ဝေသာလီ၊ ရဟန်းတပါး၊ အကပ်မခံသော အာဟာရကို စားသောဝတ္ထု။ အညတြ ဥဒကဒန္တပေါဏာကား အနုပညတ်။ သာ၊ အနာ။ အကပ်မခံသောဝတ္ထု၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ အကပ်ခံပြီးသည်၌ အကင်ခံပြီးဟု မှတ်သောရဟန်း, ရေဒန်ပူကို အကပ်မခံဘဲ သောက်စားသောရဟန်း, ကာလောဒီဿမည်သော ဆေးကြီးလေးပါးကို မြွေကိုက်သောအခါ ကပ်သူမရှိသော် ကိုယ်တိုင် ယူစားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ အကပ်ခံသောဝတ္ထုဖြစ်ခြင်း, ခွင့်မပြု

အစေလကဝဂ္ဂ၊ ၁-အစေလက

၁။ ယော ပန ဘိက္ခု၊-သည်။ အစေလကဿ ဝါ၊ အဝတ်မရှိသော တိတ္ထိတက္ကတွန်းအား၎င်း။ ပရိဗ္ဗာဇကဿ ဝါ၊ ပရိဗိုဇ် ရဟန်းအား၎င်း။ ပရိဗ္ဗာဇိကာယ ဝါ၊ ပရိဗိုဇ်ရဟန်းမအား၎င်း။ သဟတ္ထာ၊ မိမိ၏လက်ဖြင့်။ ခါဒနီယံ ဝါ၊-ကိုဎင်း။ ဘောဇနီယံ ဝါ၊-ကိုဎင်း။ ဒဒေယျ၊ ပေးငြားအံ့။ တဿ ဘိက္ခုနော၊-အား။ပါစိတ္တိယံ၊-၏။

အပ်သော၀တ္ထုဖြစ်ခြင်း, အခိုးစသော အဗ္ဗောဟာရိကမဟုတ်ခြင်း, မျိုစားခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ဥဋ္ဌကလောမနှင့် တူပြီ။

ဆောင်--ကပ်ခံ၀တ္ထု၊ ခွင့်မပြုနှော၊ အဗ္ဗောဟာရိ၊ မဟုတ်ဘိခြင်း၊ မျိုစားခြင်းမျှ၊ အင်းလေး၀၊ ဒန္ဆပေါက္ခတည်း။

ဒန္ဆပေါက္ခသိက္ခာပုဒ်ပြီး၏။

ဘောဇနဝဂ်ပြီး၏။

အစေလကဝဂ္ဂ၊ ၁-အစေလက

အစေလကဿ။ ။စိလျတေ အစ္ဆာဒီယတေ အနေနာတိ စေလံ။ ဖုံးလွှမ်းကြောင်းဖြစ်သော အ၀တ်ကို ရစေ။ နတ္ထိ စေလံ ဧတဿာတိ အစေလကော။ အ၀တ်မရှိ ကိုယ်လုံးချော ကျင့်သော တိတ္ထိမျိုးကို ရစေ။ မြန်မာလို တက္ကတွန်းခေါ်သော အ၀တ်မပါ ဗလာကိုယ်တည်း ကျင့်သော တိတ္ထိမျိုးကို အစေလကခေါ်သည်ဟူ၏။

ပရိဗ္ဗာဇကဿ။ ။ကိဟိဘာ၀ံ ပရိ၀ဇ်တွာ ပဗ္ဗဇ္ဇ ၀ဇတီတိ ပရိဗ္ဗာဇကော။ လူ့အဖြစ်ကိုကြဉ်၍ ရသေ့ရဟန်းအဖြစ်သို့ ကပ်ရောက်တတ်သော သူမျိုးကို ရစေ။ အယူမှားသော ဘိုးသူတော် ရသေ့ ဘုန်းကြီး အမျိုးမျိုးကို ပရိဗိုဇ်ထီး၊ သိလျှင် ရသေ့မမှားကား ပရိဗိုဇ်မဟု ဆိုသင့်၏။

သဟတ္ထာ--ပါစိတ္တိယံ။ ။သဿ အတ္ထနော ဟတ္ထော သဟတ္ထော။မိမိ၏လက်ကို ရစေ၊ ဤအစေလက စသော သူတို့အား အမှတ်မရှိ တစုံတခုသော အာမိသကို မိမိလက်ဖြင့်ပေးအံ့ ပယောဂတိုင်း ပါစိတ်၊ တိတ္ထိတို့ ထံ၌ ရသေ့ရဟန်းပြုသော မိဘတို့အားသော်လည်း ပေးအံ့ အာပတ်မှ မလွတ်၊ **ရေဒန်ပွက်ကိုပေးအံ့ ဒုက္ကဋ်။**

၂-ဥယျောဇန

၂။ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုံ၊ ကို။အာဝုသော၊ ငါ့ရှင်။ ဟိ၊ လာလော့။ ဂါမံ ဝါ၊–သို့ဌင်း။ နိဂမံ ဝါ၊ နိဂုံးသို့ဌင်း။ ပိဏ္ဍာယ၊ ဆွမ်း အကျိုးငှါ။ ပဝိသိဿမေ ဝင်ကုန်အံ့။ ဣတိ၊ ဤသို့ဆို၍။ (ဂဟေတွာ၊ ခေါ်၍။ ဂန္ဆာ၊။ သွား၍။) တဿ၊ ထိုရဟန်းအား။ ဘိက္ခူ အာမိသံ၊ တစုံ တခုသော အာမိသကို။ ဒါပေတွာ ဝါ၊ ပေးစေ၍ဌင်း။ အဒါပေတွာ ဝါ၊ မပေးစေမူ၍ဌင်း။ အာဝုသော၊ ငါ့ရှင်။ ဂစ္ဆ၊ သွားလော့။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ ကထာ ဝါ၊ စကားဆိုရခြင်းသည်ဌင်း။

ဆောင်—တိတ္ထိကိုမူ၊ ဓရဒန်ပူ၊ ပေးသူဒုက္ကဋ်သင့်။
နိဿိန်းစသည်။ ။ဝေသာလီ၊ အရှင်အာနန္ဒာ၊ ပရိဗိုဇ်မအား မုံ့နှစ်ယုက် ပေးသော ဝတ္ထု။ အ၊ အနာ။ တိတ္ထိဋ္ဌ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ တိတ္ထိမဟုတ်သည်ဋ္ဌ တိတ္ထိမဟုတ်ဟု မှတ်သောရဟန်း, လူသာ မဏ္ဍကို ပေးခိုင်းသောရဟန်း, တိတ္ထိတို့၏အထံဋ္ဌ ခွက်ကို ချထားပြီးမှ ဤ ဝတ္ထုတို့ကို ယူလော့ဟု ဆိုသောရဟန်း, တိတ္ထိတို့ ချထားသော ခွက်ဋ္ဌ ထည့် ပေးသောရဟန်း, ကိုယ်လိမ်းကျံစရာ ဆီစသည်ကိုပေးသော ရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ တိတ္ထိဖြစ်ခြင်း, ခွင့်မပြုခြင်း, စားစရာကို စားခြင်းအကျိုးငှါ မိမိလက်ဖြင့် မချသောခွက်ဋ္ဌထည့်ပေးခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့်တူပြီ။

ဆောင်—တိတ္ထိဖြစ်မှု၊ ခွင့်မပြုပြန်၊ စားရန်အတွက်၊ မိမိလက်ဖြင့်၊ ခွက်ဋ္ဌထည့်ပေ၊ အင်သုံးဟူ၊ အစေလကတည်း။

[အင်္ဂါဆုတ်ပုံ ဋီကာတို့မှာ ကြည့်လေဦး]

အစေလကသိက္ခာပုဒ် ပြီး၏။

၂-ဥယျောဇန

ဘိက္ခုံပုဒ်ကို ဣတိခံ၍ ဥယျောဇေယျဋ္ဌစပ်၊ ရဟန်းတပါးကို ခေါ်သွားပြီး ဤသို့ပြောဆို၍ ပြတ်လွှတ်လိုက်သည်ဟု ဆိုလိုသည်။

ဟောဝုသော–ပဝိသိဿာမာတိ။ ။ဤဝါကျဖြင့် ခေါ်သွား ပြောဆိုပုံကို ပြသော အာကာရဝါကျတည်း။ ငါ့ရှင် လိုက်ခဲ့ ရွာသို့ဆွမ်းခံဝင်ကြစို့ဟူ၍ဌင်း, ငါ့ရှင် လိုက်ခဲ့ နိဂုံးသို့ ဆွမ်းခံဝင်ကြ

နိသဇ္ဇာ ဝါ။ ထိုင်နေရခြင်းသည်၎င်း။ ဖာသု၊ ချမ်းသာသည်။ နု ဟောတိ၊ မဖြစ်။ ဧကကဿ၊ (မာတုဂါမနှင့်) တယောက်ချင်းချင်း။ မေ၊–၏။ ကထာ ဝါ။ –သည်၎င်း။ နိသဇ္ဇာ ဝါ။ –၎င်း။ ဖာသု၊ –သည်။ ဟောတိ၊ –၏။ ဣတိ၊ ဤသို့ဆို၍။ ဥယျောဇေယျ၊ စေလွှတ်ငြားအံ့။ တဿ ဘိက္ခု နော၊ –အား။ ဧတေ ဒေဝ၊ ဤရှင်မြတ်ပျော်ပါး ကစားနေခြင်း စသော မကောင်းသော အကျင့်ကိုသာလျှင်။ ပစ္စယံ ကရိတ္ဝာ၊ အကြောင်းပြုခြင်းကြောင့်။ ပါစိတ္တိယံ၊ –၏။ အည်၊ တပါးသော အကြောင်းကို။ ပစ္စယံ ကရိတ္ဝာ၊ –ကြောင့်။ ပါစိတ္တိယံ၊ –သည်။ နု ဟောတိ၊ မဖြစ်။....[တနည်း– အနည်၊ တပါးသောအကြောင်း မရှိလတ်သော်။ ပါစိတ္တိယံ၊ –၏။]

စို့ဟူ၍၎င်း ခေါ်သွားပြောဆို သည်၊ "ဟောဝုသော ဂါမံ ဝါ ပဝိသိဿာမ" ဟူ၍၎င်း, "ဟောဝုသော နိဂမံ ဝါ ပဝိသိဿာမ" ဟူ၍၎င်း ဖြစ်သင့်သော နှစ်ဝါကျကို တပါကျထည်း ချုံးထားသည်။ အရာရာတိုင်း ဤနည်းကို သတိပြု။ ဤဥ္စ ဂါမဖြင့် နဂရကိုလည်း ယူရမည်ဟု သိ။

တဿ-ဥယျောဇေယျ။ ။ဤဝါကျဖြင့် တအိမ်အိမ်သို့ ရောက်သောအခါ ထိုခေါ်သွားသော ရဟန်းအား လှူ။ခိုင်း မလှူ။ ခိုင်းကား လိုရင်းမဟုတ်။ ပြန်ခိုင်းခြင်းသာ လိုရင်းဟု သိ။

ဂစ္ဆာဝုသော-ဟောတီတိ။ ။ဤအန္ဒယဝါကျတို့ဖြင့် ရှင်မြတ်ပျော်ပါးကစား နေထိုင်ခြင်း ပြောဆိုလိုခြင်းစသော **အနာ** စာရတို့ကို ပြုလိုခြင်းပြသော အာကာရ ဝါကျတည်း။ ငါ့ရှင် ငါကား သင်နှင့် အတူတကွ စကားပြောရတာ နေထိုင်ရတာ စိတ်မချမ်းသာ၊ တယောက် ထည်းထည်း ပြောဆို နေထိုင်ရတာက စိတ်ချမ်းသာသည်၊ သင်ပြန်သွားပါဟု ပြန်လွှတ်ပုံကို ပြသည်ဟူ၏။

တာဝဒေဝ။ ။ဤပုဒ်ဖြင့် ရှေးအာကာရ ဝါကျတို့၌ အတွင်းဝင်သော အနာ စာရကို ခွဲရမည်ကို ပြသည်၊ နှစ်ပါး အတူတကွ ဆွမ်းခံသွား သော် မမျှတခြင်းစသော တပါးသော လျော်ကန်သော အကြောင်းကို မပြဟု သိ။

ပါစိတ္တိယံ။ ။ပါစိတ္တိယံ ဟူသည် ပြန်ခိုင်းကာမျှ၌ ပါစိတ် မသင့်သေး, ဒုက္ကဋ်သာ သင့်သေး၏။ နှင်အပ် ပြန်ခိုင်းအပ်သော ရဟန်း သည် လှုင်တီးခေါင်ဖြစ်အံ့၊ ဆယ့်နှစ်ဇတောင် ဒဿနူပစာရ, သဝနူပစာရကို ခြေတလှမ်းလှန်ချုံမျှ၌လည်း ဒုက္ကဋ်သာ၊ ခြေနှစ်လှမ်းလှန်ပါမှ ပါစိတ်သင့်သည်၊

၃-သဘောဇနေ

၃။ ယော ပန ဘိက္ခု၊-သည်။ သဘောဇနေ၊ လင်မယားနှစ်ယောက် ရှိသော။ ဝါ၊ စည်းစိမ်ခံဖော်ရှိသော။ ကုလေ၊ အိမ်၌။ အနုပခဇ္ဇ၊ နေရာ အိမ်တွင်းသို့ဝင်၍။ နိသဇ္ဇံ၊ ထိုင်နေခြင်းကို။ ကပ္ပေယျ၊-အံ့။ တာဿ ဘိက္ခု-နော၊ -အား။ စ၊ပါစိတ္တိယံ၊ -၏။

နံရံစသည် ခြားသည်ဖြစ်အံ့။ နံရံစသည်ဖြင့် ပိုင်းခြားရမည်။ ရဟန်းကို ဖြစ်စေ, သာမဏေကို ဖြစ်စေ စိတ်ဆိုး၍ နှင်လွှတ်အံ့၊ ဒုက္ကဋ်သာ သင့်၏။

ဆောင်—ရဟန်း သာမဏေ၊ စိတ်ဆိုးခြေ၊ နှင်လေ ဒုက္ကဋ် သင့်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ နှင်လွှတ်သော ဝတ္ထု။ သာ၊ သာ။ ဥပ-မုန္နန်၌ ဒုက ပါစိတ်၊ အနုပသမုန္နန်၌ ဒုက ဒုက္ကဋ်၊ နှစ်ပါးအတူ သွားသော် မျှတအောင် မရခြင်းစသော အကြောင်းကြောင့် နှင်လွှတ်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ မလျော်ပတ်သောအကျင့်ကို ကျင့်လိုခြင်း, မလျော်ပတ်သောအကျင့်ကိုသာ ကျင့်လို၍ နှင်လွှတ်ခြင်း, နှင်အပ်သောရဟန်း ဥပစာကို လွန်ခြင်း အင်္ဂါသုံးပါး။ ....သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်—အနာစာရ၊ ကျင့်လိုကြခြင်း၊ ထိုကျင့်မျှကို၊ ကျင့်လိုနှင်ခြင်း၊ ပစာတွင်းလွန်၊ သုံးအင်္ဂါ၊ မှတ်ရန် ဥယျောဇနတည်း။

ဥယျောဇန သိက္ခာပုဒ်ပြီး၏။

၃-သဘောဇန

သဘောဇနေ ကုလေ။ ။သဟ ဥဘောဟိ ဇနေဟိ ယံ ဝတ္ထုတိတိ သဘောဇနံ (တိပဒ ပထမာ ဗဟုဗ္ဗိဟိ)။ သုတ်ကြိုးဖြင့် သဟ-သဒ္ဒါကို သ-ပြု ဥ-ကို ချေ၍ ရုပ်ပြီးသည်။ လင်မယား နှစ်ယောက် အတူတကွ ရှိသော အိမ်ကို ရစေ။ ... တနည်း-ဘုဥ္ဇိတဗ္ဗာတိ ဘောဇနာ။ ကာမဂုဏ် ခံစား တတ်သော ယောကျ်ားသည် ခံစားအပ်သော မိန်းမကို ရစေ။ ဘုဥ္ဇိတဗ္ဗောတိ ဘောဇနေ၊ ကာမဂုဏ် ခံစားသော မိန်းမသည် ခံစားအပ်သော ယောကျ်း ကို ရစေ။ ။သောဘနာ ဗ သောဘနေ ဗ ဘောဇနာ။ ကာမဂုဏ် ခံစား အပ်သော မိန်းမ, ယောကျ်း နှစ်မယောက်ကို ရစေ။ ။ဃဟ ဘောဇနေဟိ

ယံ ဝတ္တတီတိ သဘောဇနံ။ စည်းစိမ်ခံစားဖေ့ လင်မယားနှစ်ယောက်ရှိသော အိမ်ကို ရစေ။ ။ကုလသဒ္ဒါ-အိမ်ဟောဟု သိ။

အနုပခဇ္ဇ— ပါစိတ္တိယံ။ ။နေရာ အိမ်တွင်းသို့ဝင်၍ နေသောရဟန်း ပါစိတ် အာပတ်သင့်သည် ဟူ၏။ ကျယ်သော အိပ်ရာရှိသော အိမ်ကြီး၌ အခန်းတံခါးပေါင်မှ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို လွန်၍ အိပ်ရာ၏အနီး၌ မနေကောင်း၊ ငယ်သော အကျယ်ငါးတောင်မျှရှိသော အိမ်ဖြစ်အံ့။ အိမ်၏ အလယ်ကိုလွန်၍ မနေကောင်းဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ အနီးသို့ဝင်သော ဝတ္ထု။ သာ၊ အနာ။ အိပ်ရာအိပ်ခန်း၌ တိက ပါစိတ်၊ ဒုကဒုက္ကဋ်၊ နေရာအိပ်ရာ မဟုတ်ဟု မှတ်သော ရဟန်း, ဆိုအပ်ပြီးသော လက္ခဏာရှိသော အရပ်ကို မလွန်မူ၍ နေသော ရဟန်း, လင်မယားနှစ်ယောက်စလုံး ထွက်သောအခါ ရဟန္တာဖြစ်သောအခါတို့၌ နေသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရာဂ မကင်းသေးသော လင်မယားနှစ်ယောက် အနာဂါမ် ရဟန္တာ မဖြစ်သေးသော လင်မယားနှစ်ယောက် စုဝေးနေထိုင်ခြင်း, အိပ်ရာ အိပ်ခန်းရှိသော အိမ်ဖြစ်ခြင်း, အဖော်ရဟန်း မရှိခြင်း, အနီးကပ်၍နေခြင်း အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် ပထမ ပါရာဇိကနှင့် တူပြီ။

ဆောင်— မကင်း ရာဂ၊ မိန်းမ ယောကျ်ား၊ နှစ်ယောက်သားနေ၊ အိပ်ခန်း ဘွဲ့ရှိ၊ ဖော်မရှိလတ်၊ နီးကပ်နေသော၊ လေးအင်္ဂါ၊ သဘောဇနတည်း။

သဘောဇနသိက္ခာပုဒ် ပြီး၏။

၄-ပထမ ရဟောနိသဇ္ဇ

၄။ ယော ပန အိကၡု၊ -သည်။မာတု ဂါမေန၊ -နှင့်။သဒ္ဓိ ံ၊ -ကွ၊ရဟော၊ -သော၊ ပဋိစ္ဆန္နေ၊ -သော။ အာသနေ -၌။ နိသဇ္ဇံ၊ -ကို။ ကပ္ပေယျ၊ -အံ့။ တဿ ဘိက္ခုနော၊ -အား။ ပါစိတ္တိယံ၊ -၏။

၅-ဒုတိယ ရဟောနိသဇ္ဇ

၅။ ယော၊ -သော။ယော ပန ဘိက္ခု၊ -သည်။ကေန၊ -သော။မာတု ဂါမေန၊ -နှင့်။ သဒ္ဓိ ံ၊ -ကွ။ ရဟော၊ဆိတ်ကွယ်ရာအရပ်၌။ နိသဇ္ဇံ၊ -ကို။ ကပ္ပေယျ၊ -အံ့။ တဿ ဘိက္ခုနော၊ -အား။ ပါစိတ္တိယံ၊ -၏။

၆-စာရိတ္တ

၆။ ယော ပန ဘိက္ခု၊ -သည်။ သမယာ၊ -ကို။ အညတြ၊ -၍။ နိမန္တိ-တော၊ (ဘောဇဉ်ဖြင့်) ပင့်ဖိတ်အပ်သော။ သဘတ္တော၊ ဆွမ်းရှိသည်။ သမာနော၊ ဖြစ်လျက်။ သန္တံ၊ ထင်ရှားရှိသော။ ဘိက္ခုံ၊ -ကို။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ပုရေဘတ္တံ ဝါ၊ ဆွမ်းစားရာကာလမှ ရှေး၌ဌင်း။ ပစ္ဆာ-

---

၄, ၅-ပထမ, ဒုတိမ, ရဟောနိသဇ္ဇ

ပထမ ဒုတိယ ရဟောနိသဇ္ဇ။ ။သိက္ခာပုဒ်နှစ်ခု နိဒါန်းစသည်- သာဝတ္ထိ၊ ဥပနန္ဒ၊နံရံစသည်ဖြင့် ဖုံးလွှမ်းသောနေရာ၌ နေသော ဝတ္ထု။ မျက်စိနားကွယ်သောနေရာ၌ နေသော ဝတ္ထု။ သမုဋ္ဌာန်စသည် ပထမ ပါရာဇိကနှင့် တူပြီ။ ကြွင်းသော စကားရပ်ကို အာနိယတ သိက္ခာပုဒ် အတိုင်း သိ။

ပထမ·ဒုတိယ, ရဟောနိသဇ္ဇ သိက္ခာပုဒ် ပြီး၏။

၆-စာရိတ္တ

နိမန္တိတော သဘတ္တော။ ။နိမန္တိတမ္ပေတိ နိမန္တိတော။ ဘောဇဉ်ငါးပါး တို့တွင် တပါးပါးဖြင့် ပင့်ဖိတ်အပ်သော ရဟန်း ကို ရစေ။ ။ဘုဥ္ဇကမ္ပေတိ ဘတ္တော၊ စားအပ်သော ထမင်းကို ရစေ။ ။ သဟ ဘတ္တေန ဝတ္တတိတိ သဘတ္တော။ တနည်း- သံဝိဇ္ဇတိ ဘတ္တံ အဿာတိ

ဘတ္တံ ဝါ၊ ဆဋ္ဌမ်းစားရာကာလမှ နောက်၌ဌင်း။ ကုလေသု၊ (တပါးသော) အိမ်တို့၌။ စာရိတ္တံ၊ သဒ္ဓါလေ့ရှိသော ရဟန်း၏အဖြစ်သို့။ဝါ၊ မုန်းမတည့်မိ သဉးခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊ –၏။ တတ္ထ၊ ထိုတပါးသော အိမ်သို့ သဉးရာ၌။ အယံ၊ –သည်။ သမယော၊ –တည်း။ စီဝရဒါနသမယော၊ –ကာလ။ စီဝရကာရ သမယော၊ –ကာလ။ အယံ၊ –သည်။ တတ္ထ၊ –၌။ သမယော၊ –တည်း။

သဘတ္ထော။ နိမန္တနဘတ်ရှိသော ရဟန်းကို ရစေ။ နက်ဖြန်တပည့်တော်၏အိမ်သို့ ထမင်းအလှူခံကြွတော်မူပါ စသည်ဖြင့် ပင့်ဖိတ်အပ်သော ရဟန်းကို နိမန္တိတော သဘတ္ထောဟု ဆိုသည်။

သန္တံ ဘိက္ခုံ။ ။ဒကာအိမ်သို့ သဉးလိုသောစိတ် ဖြစ်သည်မှစ၍ သဉးသော ရဟန်းသည်ဒဿနူပစာရ-၌ ရဟန်းကိုမြင်၍ ဆယ့်နှစ်တောင် အတွင်း၌ ရှိသဖြင့် ပကတိသော စကားဖြင့် ပန်ကြားခြင်းငှါ စဉ်းနှိုင်သော ကြောင့် ပန်ကြားထိုက်သော ရဟန်းကို သန္တ ဘိက္ခု-ဟု ခေါ်သည်။ ထို ဆိုအပ်ပြီးသော အရပ်မျိုး၌ ရဟန်းကို မတွေ့လျှင် အသန္တဘိက္ခု-ဖြစ်၍ ပန်ကြားရန် လိုက်ရှာဘဉယ် မလိုတော့ပြီ၊ ပိမိအလိုရှိရာအိမ်သို့ သဉးနိုင်ပြီ ဟူ၏။

အနာပုစ္ဆာ။ ။ကျွန်ုပ်သည် ဤမည်သော ဒကာအိမ်သို့ သဉးဦးမည် စသည်ဖြင့် မပန်ကြားခြင်းကို အနာပုစ္ဆာခေါ်သည်။

ပုရေ ဘတ္တံ ဝါ ပစ္ဆာ ဘတ္တံ ဝါ။ ။ဘုဉ်တို ဇတ္ထာတိ ဘတ္တော။ ဆဋ္ဌမ်းစားရာ ကာလကို ရစေ။ ။ဘတ္တတော ပုရေ ပုရေ ဘတ္တံ၊ ဆဋ္ဌမ်းစားရာကာလမှ ရှေးဖြစ်သော ဆဋ္ဌမ်းမစားမီကာလကို ရစေ။ ။ ဘတ္တတော ပစ္ဆာ ပစ္ဆာဘတ္တံ၊ ဆဋ္ဌမ်းစားရာ ကာလမှ နောက်ဖြစ်သော ဆဋ္ဌမ်းစားပြီးသည်မှ နောက်ကာလကို ရစေ။

ကုလေသု– အာပဇ္ဇေယျ။ ။စရဏသီလော စာရီ။ ကျင့်လေ့ရှိသော ရဟန်းကို ရစေ။ ။စာရိသဒ္ဒ ဘာဝေါ စာရိတ္တံ။ ကျင့်လေ့ရှိသော ရဟန်း၏ဖြစ်ကြောင်း သဉးခြင်းကြိယာကို ရစေ။ ပင့်ဖိတ်ထားသောအိမ်မှ တပါးသောအိမ်သို့ ဝင်ခြင်း သဉးရောက်ခြင်းကို ဆိုသည်။

ပါစိတ္တိယံ။ ။သမယန္နစ်ပါးကိုကြဉ်၍ မုန်းမတည့်မိ ဖိတ်သော အိမ်မှ တပါးသော အိမ်သို့ဝင်အံ့၊အိမ်၏ ဥပစာသို့ သက်ရောက်မိသော် ဒုက္ကဋ်။ တံခါးခုံကို ပထမခြေလှမ်းလွန်အံ့ ဒုက္ကဋ်၊ ဒုတိယခြေလှမ်းလွန်အံ့ ပါစိတ်။

၇-မဟာနာမ

၇။ အာဂိလာနေန၊ မနာသေဿ။ ဘိက္ခုနာ၊-သည်။ ပုန ပဝါရဏာယ၊ တဖန် ဖိတ်ကြားခြင်းကို။ အညတြ၊-၍။ နိစ္စ ပဝါရဏာယ၊ အမြဲဖိတ်ကြားခြင်းကို။ အညတြ၊-၍။ စာတုမာသပစ္စယပဝါရဏာ၊ (သံဃာအား) လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို။ သာဒိတမ္မာ၊ သာယာ

နိဒါန်းစသည်။ ။ဆာဇဉ်ဖို၊ ဥပနန္ဒ၊ ပင့်ဖိတ်ထားသော ဒကာအိမ်မှ တပါးသော အိမ်သို့ သွားသော ဝတ်ထု။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ ၁။ ပစ္ဆာ ဘတ္တံ ၁။ အညတြသမယာ ၂-ဟူသော လေးပါးကား အနုပညတ်။ သာ၊ အနာ။ ပင့်ဖိတ်သည်၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ မပင့်ဖိတ်သည်၌ မပင့်ဖိတ်ဟု အမှတ်ရှိသောရဟန်း, အခါကာလ၌ သွားသောရဟန်း, ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍သွားသော ရဟန်း, ရဟန်းမရှိ၍ မပန်ကြားဘဲ သွားသော ရဟန်း, သူတပါးအိမ်၏ ဥပစာခရိုးဖြင့် သွားသော ရဟန်း, ရွာတွင်းကျောင်း ဘိက္ခုနီမကျောင်း တိတ္ထိကျောင်း ဆွမ်းစားကျောင်း ဆွမ်းဖိတ်ထုအိမ်တို့သို့ သွားသောရဟန်း, ဘေးရန်တို့ကြောင့် သွားသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဘောဇဉ်ဖြင့် ဖိတ်ခြင်းကို သာယာခြင်း, ထင်ရှားရှိသောရဟန်းကို မပန်ကြားခြင်း, ဘတ်ဖြင့် ဖိတ်ထုအိမ်မှ တပါးသောအိမ်သို့ ဝင်ခြင်း, မုန်းတည့်သည်ကို မလွှန်ခြင်း, သမယ၏ဂုဏ်း ဘေးရန်၏ဂုဏ်း မရှိခြင်း အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် ပထမ ပါရာဇိကနှင့် တူပြီ၊ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—ဘောဇဉ်ဖြင့်ဖိတ်၊ သာယာစိတ်ထား၊ ထင်ရှားရဟန်းထံ၊ မပန်ကြား၊ အိမ်တပါးဝင်ဘိ၊ မုန်းတည့်မလွှန်၊ ဘေးရန်သမယ၊ မရှိကြငြား၊ အင်္ဂါငါးပါး၊ မှတ်သား စာရိတ္တ။

စာရိတ္တသိက္ခာပုဒ်ပြီး၏။

၇-မဟာနာမ

စာတုမာသ-သာဒိတမ္မာ။ ။စတ္တာရော မာသာ စာတုမာသံ။ လေးလကို ရစေ။ ဤစာတုမာသဖြင့် ဖိတ်အပ်သော လေးလဟူသော ကာလအပိုင်းအခြားကို ပြသည်။ ပစ္ဆာယေဟိ ပဝါရဏာ ပစ္ဆာယ ပဝါရဏာ။ ထောပတ်စသော ဆေးပစ္စည်းတို့ဖြင့် ဖိတ်ခြင်းကြိယာကို ရစေ။ ဤပုဒ်ဖြင့် ဆေးအပိုင်းအခြားကို ပြသည်။ ဆေးပစ္စည်းတို့ဖြင့် ဖိတ်ခြင်းကား

အပ်၏။ (အဂိလာနေဝ၊ –သေဝ။ ယော ဘိက္ခု၊ –သည်)။ တတော၊ ထိုဆေး အပိုင်းအခြား ညဉ့်အပိုင်းအခြားထက်။ ဥတ္တရိ၊ –လွန်။ စေ သာဒိယေယျ၊ –စား။ တဿ ဘိက္ခုနေဝ၊ –အား။ ပါစိတ္တိယံ၊ –၏။

လေးလသာ ဟူ၏။ တနည်း–ပဝါရိတဗ္ဗာတိ ပဝါရဏာ။ ဖိတ်အပ်သော ပစ္စည်းကို ရစေ။ ပစ္စယာ စ ၊တေ ပဝါရဏာ စာတိ ပစ္စယပဝါရဏာ။ ဝိသေသန ပရပဒကမ္မဓာရယ်၊ ဖိတ်အပ်သော ဆေးပစ္စည်းကို ရစေ။ ဖိတ်အပ်သော ဆေးပစ္စည်းကား လေးလသာ ဟူ၏။ သံဃဲအတုက် ဆေးပစ္စည်းတို့ဖြင့် ဖိတ်ရာ ဇစေ့ချ် ထပ်ဖိတ်ခြင်း မဟုတ်လျှင် အမြဲဖိတ်ခြင်း မဟုတ်လျှင် လေးလပတ်လုံး ဖိတ်ခြင်းကို သာယာနိုင်သည်၊ တောင်းလိုက တောင်းနိုင်သည်ဟု ဆိုလိုသည်။

ပုန ပဝါရဏာယ။ ။ပထမဒုကြိမ် ဖိတ်ထားရာ လစေ့၍ နောက်ထပ်တဖန် ဖိတ်ပြန်လျှင်လည်း သာယာနိုင်သည်။

နိစ္စပဝါရဏာယ။ ။အမြဲ တသက်ပတ်လုံး ဖိတ်လျှင်လည်း သာယာနိုင်သည်၊ တောင်းလိုက တောင်းကောင်းသည်သာ။

အဂိလာနေန–နိစ္စပဝါရဏာယ။ ။ဤစကားဌ် လေးလဖိတ်ခြင်း, ထပ်၍ ဖိတ်ခြင်း, အမြဲ တသက်လုံး ဖိတ်ခြင်းဟု သုံးမျိုးခဲ့၍ ဟောခြင်းသည် သိက္ခာပုဒ် ဖြစ်ပေါ်လာသော ဝတ္ထုနိဒါန်း အားလျော်စွာ ဟောခြင်း ဖြစ်သည်ဟုသိ။ ဒကာက တလဖိတ်လျှင် တလ, နှစ်လဖိတ်လျှင် နှစ်လ စသည် သာယာကောင်းသည်၊ ယခု ငါ့အား အနာရောဂါ မရှိဟု မပယ်အပ်၊မပယ်လိုက်ဘဲ ရောဂါရှိသော် တောင်းအံ့ဟု ကြံ၍ တိတ်တိတ်သာ နေရမည်၊ လက်ခံထားရမည်ဟူ၏။

တတော စေ–သာဒိယေယျ။ ။ဒကာက လခဲ့, တလ, နှစ်လ စသည်ဖြင့် ညဉ့်ပိုင်းခြား၍ ဖိတ်ခြင်းထက် အလွန်ၾင်း, ထောပတ်စသော အမည်အားဖြင့် ဖိတ်အပ်သော ဆေးအပိုင်းအခြားထက် အလွန်ၾင်း တောင်းခြင်းကို ဆိုသည်။

ပါစိတ္တိယံ။ ။ညဉ့် အပိုင်းအခြား ဆေး အပိုင်းအခြားထက် အလွန်တောင်းခြင်းနှင့် ထောပတ်စသည်နှင့်ရောသော မိဿကဘတ်ဖြင့် ချမ်းသာလျက် ထောပတ်သက်သက်ကို တောင်းခြင်း,ထောပတ်ဖြင့် ဖိတ်ထားသည် ဖြစ်လျက် တပါးသောဆီဦးစသည်ကို တောင်းခြင်းတို့ကြောင့် ပါစိတ်အာပတ် သင့်၏။

၈-ဥယျုတ္တ

၈။ ယော ပန ဘိက္ခု၊ -သည်။တထာရူပပစ္စယာ၊ထိုသို့သဘောရှိသော သွားခြင်းအား လျောက်ပတ်သောအကြောင်းကို။အညတြ၊ -၍။ဥယျုတ္တံ၊ (ရှာမှ) ထွက်သော။ သေနံ၊ (အင်္ဂါလေးပါးရှိသော) စစ်သည်ကို။ ဒဿနာယ၊ ကြည့်ရှုခြင်းအကျိုးငှာ။ ဂစ္ဆေယျ၊ သွားငြားအံ့။ တာဿ ဘိက္ခု နော၊ -အား။ ပါစိတ္တိယံ၊ -၏။

နိဒါန်းစသည်။ ။သက္ကတိုင်း၊ ဆဗ္ဗဂ္ဂိ၊ ဆေးတောင်းသောဝတ္ထု။ သာ၊ အနာ။ ဆေးအပိုင်းအခြား ရက်အပိုင်းအခြားထက်လွန်သည်၌ တိက ပါစိတ်၊ ဒုက ဒုက္ကဋ်။ မလွန်သည်၌ မလွန်ဟု အမှတ်ရှိသော ရဟန်း, ဖိတ်သော ဆေးမှ တပါးသောဆေးကို ရက်လွန်သော ဆေးကို လွန်သောရက်တို့ကို ဟုတ် မှန်တိုင်းပြောကြား၍ တောင်းသောရဟန်း, ဆွမျိုး ပုဂ္ဂလိက ဖိတ်ထားသူ အပိုင်းအခြားမရှိ ဖိတ်ထားသူတို့ကို တောင်းသောရဟန်း, သူတပါးအကျိုးငှါ တောင်းသောရဟန်း, မိမိဥစ္စာဖြင့်တောင်းသောရဟန်း,ဥမ္မတ္တကရဟန်း စသည်တို့ အား အနာပတ္တိ။ သံဃာကိုဖိတ်ခြင်း, ဖိတ်ထားရာ၌ ဆေးတောင်းခြင်း, မနာ ခြင်း, ရက်-ဆေး အပိုင်းအခြားကိုလွန်ခြင်း အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် သဉ္ဆရိတ္တနှင့်တူပြီ။

ဆောင်——သံဃာဖိတ်မူ၊ ဆေးတောင်းယူခြင်း၊ မနာခြင်းဟု၊ နှစ်ခုဆေးရက်၊
လွန်တောင်းချက်ပါ၊အင်္ဂလေးဖြာ၊မဟာနာမတည်း။
မဟာနာမသိက္ခာပုဒ် ပြီး၏။

* ဘေသဇ္ဇပဝါရဏာသိက္ခာပုဒ် ဟူ၍လည်း ခေါ်သည်။

၈-ဥယျုတ္တ

ဥယျုတ္တံ သေနံ။ ။ဥယျုဇ္ဇတီတိ ဥယျုတ္တော။မြို့ရှာမှုထွက်သော စစ်သည်ကိုရစေ။ သေတိ ဗန္ဓတီတိ သေနော။ ဖွဲ့ထားသော အင်္ဂါလေးပါးရှိသော စစ်သည်ကိုပင် ရစေ။ ဤ၌ ယောကျ်းတကျိပ် နှစ်ယောက်ရှိသော ဆင်တစီး, ယောကျ်းသုံးယောက်ရှိသော မြင်းတစီး, ယောကျ်းလေးယောက်ရှိ သော ရထားတစီး, လက်နက်ကိုင် ယောကျ်းလေးယောက်ဟူသော ခြေသည် သူရဲ, အယုတ်ဆုံး လေးခု အပေါင်းကို အင်္ဂါလေးပါးရှိသော စစ်သည်ဟုခေါ် သည်။

ဒဿနာယ ဂစ္ဆယျ။ ။ကြည့်ရှုခြင်းအကျိုးငှါ မိမိနေရာမှ ထသွားခြင်းကိုဆို သည်။

အညတြ-ပစ္စယာ။ ။သွားခြင်းအား လျောက်ပတ်သော သွားထိုက်သော ဦးကြီး ဦးလေး နာခြင်းစသော အကြောင်းမရှိသည်ကို ဆိုသည်။

ပါစိတ္တိယံ။ ။သွားထိုက်သော အကြောင်းမရှိဘဲ သွားသော ရဟန်းအား ဒုက္ကဋ်၊ မြင်လောက်ရာ ဒဿနူပစာရ၌ ရပ်၍ကြည့်သောရဟန်းအား ပါစိတ်၊ လွန်သွား၍ အကြိမ်ကြိမ်လိုက်ကြည့်သော ရဟန်းအားလည်း ပါစိတ်၊ ဆင်စသော စစ်အင်္ဂါတပါးပါးကိုဖြစ်စေ, ဆင်တစီးကိုဖြစ်စေ သွား ကြည့်ရာ၌ ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ စစ်သည်ကို သွားကြည့်သော ဝတ္ထု။ အညတြပစ္စယာ--ကား အနုပညတ်။ သာ၊ အနာ။ ဥယျာဉ်တွင်၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ စစ်မထွက်ဟု အမှတ်ရှိသော ရဟန်း, အရာမ်တွင်းဥ်ရပ်၍ ကြည့်သောရဟန်း မိမိနေရာ အရပ်သို့ လာသည်ကို ကြည့်သော ရဟန်း, ခရီးရင်ဆိုင်တွေ့၍ ကြည့်သော ရဟန်း, အကြောင်းရှိ၍ငင်း ဘေးရန် ကြောင့်ငင်း ကြည့်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရှာမှထွက်သော စစ်အင်္ဂါလေးပါး ဖြစ်ခြင်း, ကြည့်ရှုခြင်းငှါ သွားခြင်း, ခွင့်ပြုအပ်သော အရပ်မှ တပါးသောအရပ်၌ ကြည့်ခြင်း, သွားထိုက်သော အကြောင်း၏ငင်း ဘေးရန်၏ငင်း မရှိခြင်း အင်္ဂါလေးပါး။ ...သမုဒ္ဒရာန်စသည် ဥဒ္ဒကလောမနှင့် တူပြီ။ လောကဝဇ္ဇ၊ အကုသလ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။

အထူး။ ။ဤသိက္ခာပုဒ် အင်္ဂါရေတွက်ရာ၌ မြို့ရွာမှ ထွက်သော စစ်အင်္ဂါ လေးပါးကို ကြည့်ရှုခြင်းငှါ သွားခြင်း, ခွင့်ပြုအပ်သော အရပ်မှ တပါးသောအရပ်၌ ကြည့်ခြင်း, သွားထိုက်သော အကြောင်းမရှိခြင်း, ဘေး ရန်မရှိခြင်း, အင်္ဂါလေးပါးဟု တမျိုးဆိုကြသေး၏။ စာရိတ္တ သိက္ခာပုဒ် ပဥ္စမ အင်္ဂါကို ထောက်၍ ဆင်ခြင်သင့်၏။

ဝိမတိဋ္ဌကား မြို့ရွာမှ ထွက်သော အင်္ဂါလေးပါးရှိသော စစ်သည်ကို ကြည့် ရှုခြင်းငှါ အကြောင်းမရှိဘဲ သွားခြင်း, ခွင့်မပြုအပ်သောအရပ်၌ ကြည့်ခြင်း အင်္ဂါနှစ်ပါးဟု ဆို၏။

[ပထမ ဒုတိယ စတုတ္ထ အင်္ဂါသုံးပါးကို တပေါင်းတည်းပြု၍ တတိယအင်္ဂါကို သီးခြားပြု၍ ဆိုခြင်းမျှသာ ဖြစ်သည်]။

၉-သေနာဝါသ

၉။ တဿ ဘိက္ခုနော၊ ထို (စစ်သည်ထံသို့သွားသော) ရဟန်းအား။ သေနံ၊ (အင်္ဂါလေးပါးရှိသော) စစ်သည်ထံ၌။ ဂမနာယ၊ နေခြင်း၏။ ကောစိဒေဝ၊ တစုံတခုသာလျှင်ဖြစ်သော။ ပစ္စယော၊ (ဂိလာနစသော) အကြောင်းသည်။ သိယာစ၊အကယ်၍လည်းဖြစ်ငြားအံ့။တေန ဘိက္ခုနာ၊–သည်။ သေနာယ၊ စစ်သည်ထံ၌။ ဒိရတ္တ တိ်ရတ္တံ၊–လုံး။ ဝသိတဗ္ဗံ၊–၏။ ယော ဘိက္ခု၊–သည်။ တတော၊ ထိုသုံးညဉ့်ထက်။ဥတ္တရိ၊–လွန်။ စေ ဝသေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

ဆောင်——အင်္ဂါလေးပါး၊ စစ်ထွက်ငြားမူ၊ကြည့်ရှုလိုသွား၊ ရပ်တပါးကြည့်လင့်၊ သွားသင့်ကြောင်းမဲ့၊ ဟောကင်းခဲ့ပါ၊ အင်လေးဖြာ၊ ထုတ်ပါ ဥယျုတ္တ။

ဥယျုက္တသိက္ခာပုဒ်ပြီး၏။

၉-သေနာဝါသ

သေနံ ဂမနာယ။ ။သေနာသဒ္ဒါ ဌာနိဖြစ်သော စစ်သည်တို့၏ သေန ဟူသော မုချအမည်ကို ဌာနဖြစ်သော စစ်သည်တို့၏ နေရာ၌ တင်စား၍ ဌာနဖြစ်သော စစ်သည်တို့၏ နေရာကို သေနခေါ် သည်။ “ကုန္တော ပစရန္တိ” စသည်ကဲ့သို့ ဌာန၌။ပစာရတည်း။

ဂမနာယ၌ ဂမန-သဒ္ဒါ တဿ-ဟူသောပုဒ်, ဝသိတဗ္ဗံ-ဟူသော ပုဒ်တို့ကို ထောက်၍ နေခြင်း အနက်ဟောဟုသိ။ ထို့ကြောင့် သေနံ-၌ အံဝိဘတ်ကား သတ္တမီအနက်၌ သက်ထားသည်၊ ၌–အနက်ပေး။

ထိုရဟန်းအား စစ်သည်ဘောင်၌ နေခြင်းအကျိုးငှါ အကြောင်းရှိငြားအံ့၊ သုံးညဉ့် နေကောင်းသည်ဟု ဆိုလိုသည်။

တဒဟေ ဝသေယျ။ ။သုံးညဉ့်ထက်အလွန် လေးရက်မြောက် နေဝင်သည်ကို ဆိုသည်။ နေဟူသည် မြေ၌ဖြစ်စေ ကောင်းကင်၌ ဖြစ်စေ ဣရိယာပုထ်လေးပါးတို့တွင် တပါးပါးဖြင့် နေခြင်းကိုဆိုသည်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ သုံးညဉ့်ကက်အလွန် စစ်သည်ဘောင်၌ နေသော ဝတ္ထု။ သာ၊ အနာ။ သုံးညဉ့်ထက်အလွန်နေရာ၌

၁၀-ဥယျောဓိက

၁၀။ ဒိရတ္တ တိရတ္တံ၊ –လုံး။ သေနာယ၊ စစ်သည်ထံ၌။ ဝသမာနော၊ နေသော။ ယော ဘိက္ခု၊ –သည်။ ဥယျောဓိကံဝါ၊ တက်၍တက်၍ထိုးပစ်ရာ အရပ်သို့ဌင်း။ ဗလဂ္ဂံဝါ၊ စစ်သည် ဗိုလ်ပါ၏ အစုကို သိရာ နေရာသို့ဌင်း။ ဝါ၊ စစ်သည်ဗိုလ်ပါ ရေတွက်ရာ အရပ်သို့ဌင်း။ သေနာဗျူဟံဝါ၊ စစ်သည် ဗိုလ်ပါ ပေါင်းစုရာ အရပ်သို့ဌင်း။ ဝါ၊ စစ်ဆင်ရာ အရပ်သို့ဌင်း။ အနီကံ ဒဿနံဝါ၊ အနီကကို ကြည့်ရှုခြင်းသို့ဌင်း။ ဝါ၊ –ငှါရင်း။ စေ ဂစ္ဆေယျ၊ –အံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊ –၏။

ပဉ္စမော၊ –သော။ အစေလကဝဂ္ဂေါ၊ –သည်။ နိဋ္ဌိတော၊ –ပြီ။

တိကပါစိတ်၊ ဒုကဒုက္ကဋ်။ သုံးညဉ့်အောက် ယုတ်၏ဟု မှတ်ထင်သော ရဟန်း, သုံးရက်မြောက်သောနေ့ အရုဏ်မတက်မီထွက်၍ တဖန်နေသောရဟန်း, ဂိလာန ရဟန်း, ဂိလာနကိစ္စရှိ၍နေသော ရဟန်း, တပါးသော စစ်သည် ဝိုင်းထား၍ နေသော ရဟန်း, အနှောင့် အယှက်ရှိ၍ ဘေးရန်ရှိ၍ နေသောရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ သုံးညဉ့်ထက် လွန်ခြင်း, စစ်သည်ဘောင်၌ နေဝင်ခြင်း, ဂိလာနအဖြစ် စသည် မရှိခြင်း အင်္ဂါသုံးပါး။....သမုဋ္ဌာန် စသည် ဌေကလောမနှင့် တူပြီ။

ဆောင်—သုံးညဉ့် လွန်ပေ၊ နေဝင်စေကာ၊ ဂိလာနာဒိ၊ ဖြစ်မရှိပါ၊
အင်သုံးဖြာ၊ သေနာဝါသတည်း။

သေနာဝါသသိက္ခာပုဒ် ပြီး၏။

၁၀-ဥယျောဓိက

ဥယျောဓိကံ။ ။ဥဂ္ဃန္တွာ ဥဂ္ဃန္တွာ ယုဇ္ဈန္တီ ဇေတ္ထောတိ ဥယျောဓိကံ။ နိုင်သည့် ဘက်က တက်၍ တက်၍ ထိုးပစ်တိုက်ခိုက်ရာ အရပ်ကို ရစေ။ စစ်တိုက်ရာအရပ်ကို ဥယျောဓိက ခေါ်သည် ဟူ၏။

ဗလဂ္ဂံ။ ။ဗလဿ အဂ္ဂေါ ဗလဂ္ဂေါ။ ဗိုလ်ပါ၏ အစုကို သိရာ ဖြစ်သော စစ်သည် ရေတွက်ရာနေရာကို ရစေ။ ဆင်ကား ဤမျှ မြင်းကား ဤမျှ စသည်ဖြင့် ဗိုလ်ပါရေတွက်ရာ အရပ် ဟူ၏။

သေနာဗျူဟံ။ ။ဝိယူဟန္တိ သပိဏ္ဍန္တိ တ္ထောတိ ဗျူဟံ။ ပေါင်းစုရာအရပ်ကို ရစေ။ ။သေနာယ ဗျူဟံ သေနာဗျူဟံ။ စစ်သည်ဗိုလ်ပါ၏ ပေါင်းစုရာ အရာပ်ကို ရစေ။ ။ဤနေရာ၌ ဆင်, ဤနေရာ၌ မြင်း, ဤနေရာ၌ ရထား, ဤနေရာ၌ ခြေသည်သူရဲ နေရမည်ဟု စစ်သည် စုဆောင်းရာ အရပ်ကို ဆိုသည်။

အနီက ဒဿနံ။ ။အနတိ ဘေရဝဿဒ္ဒံ ကရောတီတိ အနီကံ။ ကြောက်မက်ဘွယ်သော အသံကို ပြုတတ်သော ဟတ္ထာနီက စသော စစ်သည်အပေါင်းကို ရစေ။ ။အနီကဿ ဒဿနံ အနီကဒဿနံ။ စစ်သည်အပေါင်းကို ကြည့်ရှုခြင်း ကြိယာကို ရစေ။ ။ဤ၌ အံဝိဘတ် တဒတ္ထသမ္ဗန်ဓ အနက်၌ သက်သည်ဟု တနည်းကြံပြီး 'ဌါ' ဟု အနက်ပေး။ အံဝိဘတ် ကံအနက်၌ သက်သည်ဟု ကြံမူ မြင်ခြင်း ကြိယာကို မကောက်ရ၊ ဌာနကို ကောက်လေ။ အနီက ဟူသည် ဟတ္ထာနီက, အဿာနီက, ရထာနီက, ပတ္တာနီက ဟု လေးမျိုး ရှိ၏။ ထိုတွင်–

လူ သုံးဆယ့်ခြောက်ယောက်နှင့် ဆင် သုံးစီးသည် အယုတ်ဆုံး ဟတ္ထာနီက ဆင်တပ် မည်၏။

ယောကျ်ား သုံး**ယောက်**နှင့် မြင်းသုံးစီးသည် အဿာနီက မြင်းတပ်မည်၏။

ယောကျ်ား ဆယ့်နှစ်ယောက်နှင့် ရထား သုံးစီးသည် ရထာနီက ရထားတပ် မည်၏။

လက်နက်ကိုင် စစ်**သား** လေးယောက်သည် ပတ္တာနီက ခြေလျင်တပ် မည်၏။

ဤ အနီက လေးခုတို့တွင် တခုခုကို ကြည့်ရှုခြင်းငှါ သွားသော် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မြင်လောက်ရာ အရပ်၌ ရပ်၍ ကြည့်အံ့ ပါစိတ်၊ မြင်ရာအရပ်ကို လွန်သွား၍ အဖန်ဖန် လိုက်ကြည့်အံ့ ပယောဂတိုင်း ပါစိတ်။ အကြွင်း ဥယျာဉ်တို့ သိက္ခာပုဒ်နှင့် တူပြီ။ ဤ သိက္ခာပုဒ်၌ အာပတ် အထူးမရှိ။

ဥယျောဓိက သိက္ခာပုဒ် ပြီး၏။

အစေလကဝဂ္ဂ ပြီး၏။

သုရာပါနဝဂ္ဂ၊ ၁-သုရာပါန

၁။ သုရာမေရယပါနေ၊ (သုရာ ငါးပါး-မေရယ ငါးပါး) သေဘာရက် တို့ကို သောက်စားခြင်းကြောင့်။ ပါစိတ္တိယံ၊ – ၏။

သုရာပါနဝဂ္ဂ၊ ၁-သုရာပါန

သုရာမေရယပါနေ။ ။သုရံ ဇနေတီတိ သုရာ။ ရဲရင့်ခြင်းကို ဖြစ်စေတတ်သော မှိန်ညက် စသည်တို့ဖြင့် ပြုအပ်သော သေကို ရစေ။ ထို သေသည် ပိဋ္ဌသုရာ, ပူဝသုရာ, သြဒနသုရာ, ကိဏ္ဏပက္ခိတ္တသုရာ, သမ္ဘာရသံယုတ္တ သုရာ ဟု ငါးမျိုး ပြား၏။

မှိန်ညက်ကို အိုးဌ်ထည့်၍ ထိုမှိန်ညက်အား လျော်ကပ်တ်အောင် ရေထည့်ပြီး နယ်၍ ပြုအပ်သော သေသည် **ပိဋ္ဌသုရာ** မည်၏။

ဤအတူ မှိုလုံးကို နယ်၍ ပြုအပ်သော သေသည် **ပူဝသုရာ** မည်၏။

ထမင်းကို နယ်၍ ပြုအပ်သော သေသည် **သြဒနသုရာ** မည်၏။

မှိန်ညက်စသည် မထည့်ဘဲ ကိဏ္ဏမည်သော စပါးညှန့်စသော မျိုးစေ့ကို ထည့်ပြီး နယ်၍ ပြုအပ်သော သေသည် **ကိဏ္ဏပက္ခိတ္တသုရာ** မည်၏။

သဖန်းခါးသီး, မုန်ညင်းသီး စသော အထူးထူးသော အဆောက်အဦးတို့ဖြင့် ဖော်စပ်ပြီး နယ်၍ ပြုအပ်သော သေသည် **သမ္ဘာရသံယုတ္တသုရာ** မည်၏။

ဆောင်—ပိဋ္ဌ–ပူဝ၊ သြဒန၊ ကိဏ္ဏ, သမ္ဘာရာ။
မှိန်ညက်–မှိန်–ထမင်း၊ မျိုးစေ့ သင်းပြု၊ ဆောက်ဦပြု၊ မှတ်ရှ သေ ငါးဖြာ။

မဒံ ဇနေတီတိ မေရယံ။ ယစ်ခြင်းကို ဖြစ်စေတတ်သော အပင့်စသည် တို့ဖြင့် ပြုအပ်သော အရက်ကို ရစေ၊ ထို အရက်သည် ပုပ္ပဝါသဝ, ဖလာသဝ, မဓွာသဝ, ဂုဠာသဝ, သမ္ဘာရသံယုတ္တ ဟု ငါးမျိုး ပြား၏။

ကြာမြင့်စွာ ထုံ၍ ပြုအပ်သော သစ်မည်စည်ပင့်, ထန်းပင့်, အုန်းပင့် စသည် တို့၏ အရည် ဟူသော အရက်သည် **ပုပ္ပဝါသဝ** အပင့်စိမ်ရည် မည်၏။

ထို့အတူ ပိန္နဲသီး စသော အရည်ဟူသော အရက်သည် **ဖလာသဝ** အသီး စိမ်ရည်မည်၏။

ထို့အတူ သစ်မည်စည်ရည်ဟူသော အရက်သည် **မဓွာသဝ** မည်၏။

[သဗျက်သီးစိမ်ရည်လည်း ဟူ၏၊ ပျားရည်ဖြင့် ပြုအပ်သော အရက်ကိုလည်း **မာဓ္ဝသဝ** ခေါ်သေး၏။]

ထို့အတူ ကြံရည်, ထန်းရည် ဟူသော အရက်သည် ဂုဠဝသဝ မည်၏။

ထို့အတူ သဖန်းခါးသီး, ရှစ်ရှားသီး, တြိကဋုက် စသော အရည်ဟူသော **အရက်သည် သမ္ဘာရသံယုတ္တ** မည်၏။

နယ်၍ ပြုလုပ်သည်ကား သုရာ, ကြာမြင့်စွာ ထုံ၍ စိမ်၍ ပြုလုပ်အပ်သည် **ကား မေရယ** မည်၏။ ဤကား သုရာ နှင့် **မေရယ** အထူးတည်း။

ဆောင်——ပုပ္ဖ–ဖလာ၊ မဓွာ–ဂုဠ၊ သမ္ဘာရ၊ ပဋ္ဌ မေရယာ။
ပဒ်–သီး–စည်–ကြံ၊ တိဖလံ၊ စိမ်ပြန် ရက်ငါးဖြာ။
နယ်ပြုသုရာ၊ ထုံစိမ်ပါ၊ မေရာ အထူးလာ။

ပါစိတ္တိယံ။ ။ဆိုအပ်ပြီးသော သေအရက် နှစ်မျိုးကို မျိုးစေ့မှစ၍ (ယစ်မျိုး အလိုငှါ စီရင်သည်မှ စ၍) သမန်းမြက်ဖျားဖြင့်လည်း သောက်သော ရဟန်းအား ပယောဂတိုင်း ပါစိတ်အာပတ် သင့်၏။

နိဒါန်းစသည်။ ။ကောသမ္ဗီ၊ သာဂတထေရ်၊ သေသောက်သော ဝတ္ထု။ သာ၊ အနာ။ မင္ဇ္ဈ် တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ အမင္ဇ္ဈ် အမင္ဇဟု မှတ်ထင်သော ရဟန်း, သေနှင့်တူသော အဆင်း အနံ့ အရသာ ရှိသော လောကသောဝိရကဆေး များစွာသော ဆေးတို့ဖြင့် စီရင်အပ်သော သေအရက် မဟုတ်သော အာသဝ အထူးဖြစ်သော ဆေးကို သောက်သော ရဟန်း, အနံ့ကို ယူခြင်းအကျိုးငှါ အနည်းငယ်သော အရက်ကိုထည့်၍ ချက်သော ဟင်းတို့ကို စားသော ရဟန်း, အရိဋ္ဌဆေးကို သောက်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ သေအရက် ဖြစ်ခြင်း, သေအရက်ကို သောက်ခြင်း အင်္ဂါနှစ်ပါး။ သမုဋ္ဌာန် စသည် ဋ္ဌေကသောမနှင့် တူပြီ၊ လောကဝဇ္ဇ၊ အကုသလ၊ တိဝေဒနာသာ ထူး၏။

ဆောင်—မဇ္ဇဖြစ်ပေ၊ သောက်မျိုလေပါ ၊နှစ်အင်္ဂါ၊ သုရာပါနတည်း။

သုရာပါန သိက္ခာပုဒ် ပြီး၏။

၂-အင်္ဂုလိပတောဒက

၂။ အင်္ဂုလိ ပတောဒကော၊ လက်ချောင်းတို့ဖြင့် လက်ကတီးကြားကို ထိုးကစားခြင်းကြောင့်။ ပါစိတ္တိယံ၊ – ၏။။

၂-အင်္ဂုလိပတောဒက

အင်္ဂုလိပတောဒကော။ ။အင်္ဂုတိ ဥပဂစ္ဆတီတိ အင်္ဂုလိ။ ကိုယ်အင်္ဂါ ၁၌ ကပ်ရောက်တတ်သော လက်ချောင်းကို ရစေ။ ပတူဒနံ ဃဋ္ဋနံ ပတောဒေါ။ ထိခြင်းကို ရစေ။ ပတောဒေါစေါ ပတောဒကော။ ထိခြင်းကိုပင် ရစေ။ အင်္ဂုလိဟိ ပတောဒကော။အင်္ဂုလိ ပတောဒကော။ လက်ချောင်းတို့ဖြင့် လက်ကတီးကြား စသည်တို့၌ ထိခြင်း, ထိုးခြင်းကို ရစေ။ ဤ၌ အင်္ဂုလိသဒ္ဒါ နိဒဿန နည်းတည်း၊ အမှတ်မရှိ တစုံတခုသော ကိုယ်၏ အစိတ်ဖြင့် ရယ်မြူးလို၍ ရဟန်းအချင်းချင်း ထိပါးခြင်းကို ပြုသော်လည်း ပါစိတ်ဟု သိ။ ရဟန်းမှကြင်းသော လူသာမဏော ဘိက္ခုနီမတို့၌ ရယ်မြူးလို၍ တို့ထိ ထိုးကြိတ်အံ့ ဒုက္ကဋ်၊ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို, ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်ကို, ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို, နိဿဂ်ိယဖြင့် ကိုယ်ကို, နိဿဂ်ိယဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို, နိဿဂ်ိယဖြင့် နိဿဂ်ိယကို တို့ထိအံ့ ဒုက္ကဋ်။

ဆောင်—ရယ်မြူးလိုဖိတ်၊ ကိုယ်တစိတ်၊ ထိုးကြိတ် ပါစိတ်ယူ။
သာမဏေ နီ-လူ၊ ထိုးကြိတ်မူ၊ မှတ်ယူ ဒုက္ကဋ်ဟူ။
ကာယဗဒ္ဓ၊ နိဿဂ်၊ ထိုက ထိုနည်းတူ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ်ိ၊ လက်ချောင်းဖြင့် လက်ကတီးကြား စသည်ကို ထိုးသောဝတ္ထု။ သာ၊ အနာ။ ဥပသမ္ပန္နဋ္ဌ တိကပါစိတ်၊ တိကဒုက္ကဋ်၊ မမြူးထူးလိုသော ရဟန်း, ကိစ္စရှိ၍ သုံးသပ်သော ရဟန်း, (မိန်းမကား မအပ်) ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ၊ မြူးထူးလိုခြင်း, ရဟန်း၏ကိုယ်ဖြင့် ရဟန်း၏ကိုယ်ကို သုံးသပ်ခြင်း အင်္ဂါ ၃ ပါး။ သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့် တူပြီ။

ဆောင်—ရယ်မြူးလိုခြင်း၊ ရဟန်းချင်း၏၊ ကိုယ်ချင်းထိမှု၊ အင်္ဂ၃စ်ခု၊ အင်္ဂုလိပတောဒကတည်း။

အင်္ဂုလိပတောဒက သိက္ခာပုဒ်ပြီး၏။

၃-ဟသမမ္မ

၃။ ဥဒကေ၊ ရေ၌။ ဟသမမ္မေ၊ ကစားခြင်းဟူသော အကြောင်း ကြောင့်။ ပါစိတ္တိယံ၊=၏။

၃-ဟသမမ္မ

ဥဒကေ။ ။ဥဒံ သောမနဿံ ကရောတိတိ ဥဒကံ။ ရေမွှတ်သိပ်သောသူတို့အား ဝမ်းမြောက်ခြင်းကို ပြုတတ်သော ရေကိုရစေ။ တနည်း ဥဒံ ဝိနာ-သံ ကရောတိတိ ဥဒကံ။ မိမိအပေါ်သို့ ကျရောက်ကုန်သော သတ္တဝါ သင်္ခါရတို့ အား ပျက်စီးခြင်းကို ပြုတတ်သော ရေကို ရစေ။

ဟသမမ္မေ။ ။ဟသ-သဒ္ဒါ ကစားခြင်း အနက်ကို ဟော၏။ ။မမ္မ-သဒ္ဒါ အကြောင်း အနက်ကို ဟော၏။ ဖမျက်မြုပ်သော ရေဋ္ဌသွားစဉ် ကစားလို၍ ငုပ်ခြင်း, ပေါ်ခြင်း, ကူးခြင်းပြုအံ့ လက်ခြေလှုပ်တိုင်း ဒုက္ကဋ်၊ ငုပ်တိုင်းပေါ်တိုင်း ပါစိတ်၊ ရေအတွင်းငုပ်သွားအံ့ လက်ခြေလှုပ်တိုင်း ပါစိတ်၊ ကူးသော အင်္ဂါတိုင်း ပါစိတ်၊ လှေဖြင့်ကစားအံ့ တက် ထိုးဝါး လက်ခြေ သစ်သားစသည် အကြိမ်တိုင်း ဒုက္ကဋ်။ အိုးခွက်စသည်၌ တည်သော ရေ ပအုံးရေ ညွှန်တို့ကို လက်ဖြင့် ကစားအံ့ ဒုက္ကဋ်။ ရေခွက်၌ အနက်ကို ပြတတ်သော အက္ခရာကို ရေးအံ့ အနာပတ္တိ။

ဆောင်— ရေကိုလက်ဖြင့်၊ ကစားလင့်၊ မှတ်သင့် ဒုက္ကဋ်။

နိဓါန်းစသည်။ ။သာဝတ္ထိ၊ သတ္တရသဝဂ္ဂီ၊ ရေ၌ ကစားသော ဝတ္ထု။ သာ၊ အနာ။ ရေကစားဆု၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ မမြှုးထူးလို သောရဟန်း, အကြောင်းရှိ၍ ငုပ်ပေါ်ခြင်းစသည်ကို ပြုသောရဟန်း, ကမ်းတ ဖက်သို့ကူးသော ရဟန်း, ဘေးရန်ကြောင့် ကစားသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဖမျက်မြုပ်လောက်သော ရေဖြစ်ခြင်း, မြှုးထူးလိုသ ဖြင့် ကစားခြင်း အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ပထမ ပါရာဇိကနှင့် တူပြီ။

ဆောင်—ဖမျက်မြုပ်ရေ၊ ကစားလေက၊ အင်္ဂနှစ်ဝ၊ ဟသ ဓမ္မတည်း။

ဟသမမ္မသိက္ခာပုဒ်ပြီး၏။

၄-အနာဒရိယ

၄။ အနာဒရိယော၊ ပုဂ္ဂလဓမ္မဒ္ဒ ရှိသေခြင်းမရှိသော အမှုအရာကြောင့်။ ပါစိတ္တိယံ၊ –၏။။

၄-အနာဒရိယ

အနာဒရိယေ။ ။အာဒရနံ အာဒရော၊ ရှိသေခြင်းကြိယာကို ရစေ။ နတ္ထိ အာဒရော ဧတဿာတိ အနာဒရော။ ရှိသေခြင်းမရှိသောရဟန်းကို ရစေ။ အနာဒရဿ ဘာဝေါ အနာဒရိယံ။ ရှိသေခြင်းမရှိသော ရဟန်း၏ ဖြစ်ကြောင်း မရှိသေခြင်း အနာဒရကြိယာကို ရစေ။ မရှိသေခြင်း အနာဒရကြိယာကို အနာဒရိယ ခေါ်သည်။

မရှိသေခြင်း ၂-ပါး။ ။ရဟန်းတပါးက ဝိနည်းပညတ်တော်ဖြင့် ဆိုဆုံးမသည်ရှိသော် ဤရဟန်းကား ဥက္ခိတ္တက ရဟန်းဖြစ်သည်, ရှုံ့ချအပ်သော ရဟန်းဖြစ်သည်, ကဲ့ရဲ့အပ်သော ရဟန်းဖြစ်သည်၊ ထိုရဟန်း၏ စကားကို မည်သူနားထောင်အံ့နည်း စသည်ဖြင့် ပြောဆိုသော ရဟန်းသည် ပုဂ္ဂိုလ်၌ မရှိသေခြင်းကို ပြုသည်မည်၏။

ထို့အတူ ဝိနည်းပညတ်ဖြင့် ဆုံးမအပ်သည်ရှိသော် ဤဝိနယဓမ္မစကား ပျက်စီးပျောက်ကွယ်သွားပါမူကား ကောင်းလေစွဟု တရားကို မကျင့်လိုဘဲ ပြောဆိုသော ရဟန်းသည် ဝိနယဓမ္မ၌ မရှိသေခြင်းကို ပြုသည် မည်၏။

ဤပုဂ္ဂလ-ခမ္မနှစ်ပါး၌ မရှိသေသော ရဟန်းအား ပါစိတ်၊ ရဟန်းကဖြစ်စေ, လူသာမဏေကဖြစ်စေ ဤအမှုသည် မကောင်း၊ ခေါင်းပါးခြင်းအကျိုးမရှိ စသည်ဖြင့် ပညတ်တော် မဟုတ်သော စကားဖြင့် ဆုံးမသည်ကို မရှိသေသော ရဟန်းအား ဒုက္ကဋ်။

ဆောင်— ပညတ်မဟုတ်၊ ဆုံးမလုပ်ပေ၊ မရှိသေ၊ မှတ်လေ ဒုက္ကဋ်ဌာ။

နိဒါန်းစသည်။ ။ကောသမ္မီ၊ ဆန္နေ၊ မရှိသေခြင်းကို ပြုသောဝတ္ထု။ သာ၊အနာ။ ဥပသမ္ပန္နဒ္ဒ တိကပါစိတ်၊ တိက ဒုက္ကဋ်။ ဆရာ အဆက်ဆက်မှ လာသော ငါတို့၏ ဆရာ၏ အယူဟုဆိုသော ရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ ရဟန်းက ဝိနည်းပညတ်ဖြင့် ပြောဆိုဆုံးမခြင်း, မရှိမသေပြုခြင်း အာဒါနှစ်ပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

၅-ဘီသာပန

၅။ ယော ပန ဘိက္ခု၊ – သည်။ ဘိက္ခုံ၊ – ကို။ ဘီသာပေယျ၊ ကြောက် စေငြားအံ့။ ဝါ၊ ချောက်ငြားအံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

ဆောင်— - ရဟန်းချင်းက၊ ဝိနယဖြင့်၊ ဆုံးမသည်ကို၊ မရှိသေပါ၊ နှစ်အင်္ဂါ၊ အနာဒရိယတည်း။

အထူး။ ။ကြံရည်သည် သတ္တာဟကာလိက, ကြံဖတ်သည် ယာဝဇီဝိက, ထို ကြံရည်နှင့် ကြံဖတ် နှစ်ခုတွဲနေသော် ကြံချောင်းဖြစ်၏။ ဤကြံ ချောင်းကား တင်းလဲခဲ ရှစ်ရှားသီးတို့ ကဲ့သို့ မုန်းလွဲ စားကောင်းသည်။ ဤသို့ စသော ကဲ့ရဲ့အပ်သော ဂါရယ္ဟာစရိယ ဝါဒမျိုးဖြင့် ပြောဆိုသော ရဟန်းကား အာပတ်မှ မလွတ်ဟု သိ။

အနာဒရိယသိက္ခာပုဒ်ပြီး၏။

၅—ဘီသာပန

ဘီသာပေယျ။ ။ဘီသိဓာတ်, ဏာပေပစ္စည်း, ဧယျဝိဘတ်။ သဒ္ဒနီတိဋ္ဌ နိဂ္ဂ-ဟိတ်လာ၍ ဘိ သာပေယျဟု ရုပ်ရှိ၏။ ကြောက်စေခြင်းငှါ ကြောက်မက်ဖွယ်ကောင်းသော ရူပါရုံ စသည်တို့ကို အနီး၌ ဆောင်ထားခြင်း, ကြောက်မက်ဖွယ်ကောင်းသော စကားတို့ကို ဆိုခြင်းတို့ကို ဆိုသည်။ ရဟန်း အချင်းချင်း အဆင်းအသံကိုပြ၍ ပြုလုပ်၍ ကြောက်အောင် ချောက်ခြင်း ဟူ၏။ အချောက်ခံရသော ရဟန်း ကြောက် မကြောက်ကား လိုရင်းမဟုတ်၊ ကြောက်စေလို၍ ချောက်လျှင် ပါစိတ် အာပတ်သင့်၏။

ဆောင်— ကိုယ်နှုတ်နှစ်ပါး၊ ချောက်တုံငြား၊ သူကား ပါစိတ်သင့်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ချောက်သောဝတ္ထု။ သာ၊ အနာ။ ဥပသမ္ပန္နဒ္ဒ တိကပါစိတ်၊ တိကဒုက္ကဋ်။ မချောက်လိုဘဲ ပြောဆို ပြုလုပ်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, ထိုရဟန်း၏ မြင်လောက် ကြားလောက်ရာအရပ်၌ ချောက်လို၍ လုံ့လပြုခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် အနာဒရိယ သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်— ရဟန်းဖြစ်ခြင်း၊ချောက်လှန့်ခြင်းပါ၊ နှစ်အင်္ဂါ၊ ဘီသာပနတည်း။

ဘီသာပနသိက္ခာပုဒ်ပြီး၏။

၆-ဇောတိ

၆။ အဂိလာနေဝ၊-သော။ ယော ပန ဘိက္ခု၊-သည်။ တထာရူပပစ္စယာ၊ ထိုသို့သဘောရှိသော (ဆီမီးညှိထွန်းခြင်း စသော) အကြောင်းကို။ အညတြ၊-၍။ ဝိသိဗ္ဗနာပေက္ခော၊ လှုံခြင်းကို အလိုရှိသည်။ ဟုတ္ဝာ၊-၍။ ဇောတိ˙၊မီးကို။ သမာဒဟေယျ ဝါ၊ (ကိုယ်တိုင်လည်း) ထည့်ငြားအံ့။ သမာဒဟာပေယျ ဝါ၊ (သူတပါးကိုလည်း) ထည့်စေငြားအံ့။ တဿ ဘိက္ခုနော၊-အာဝး။ ပါစိတ္တိယံ၊-၏။

၆—ဇောတိ

ဝိသိဗ္ဗနာပေက္ခော။ ။ဝိသိဗ္ဗတေ ဝိသိဗ္ဗနံ။ မီးလှုံခြင်း ကြိယာကိုရစေ။ ဝိသိဗ္ဗနံ အပေက္ခတိတိ ဝိသိဗ္ဗနာပေက္ခော။ မီးလှုံခြင်းကို အလိုရှိသော ရဟန်းကိုရစေ။ မီးမလှုံရလျှင် မကျန်းမာသူ ဂိလာနမဟုတ်ဘဲ မီးလှုံခြင်းကို အလိုရှိသော ရဟန်းဟူ၏။

ဇောတိ˙။ ။ဇောဘေတိ အာလောကံ ပဝတ္တေတီတိ ဇောတိ။ အလင်းကို ဖြစ်စေတတ်သော မီးကိုရစေ။

အညတြ-ပစ္စယာ။ ။ဆီမီး ညှိထွန်းခြင်း သပိတ် ဖုတ်လိုခြင်း ရေနွေး တည်လိုခြင်း ထမင်း ချက်လိုခြင်း စသည်တို့ကြောင့် မီးထည့်ခြင်းစသော အကြောင်းမျိုးကို ဆိုသည်။

ပါစိတ္တိယံ။ ။ဆိုအပ်ပြီးသော အကြောင်းမျိုး မရှိ။ ဂိလာနလည်း မဟုတ်ဘဲ သက်သက် မီးလှုံလို၍ ကိုယ်တိုင်မီးထည့်သော ရဟန်းအား မီးမတောက်မီ ရှေးအဘို့၌ ဒုက္ကဋ်၊ မီးတောက်သော် ပါစိတ်။ လူသာမဏေတို့ကို မီးထည့်ခိုင်းသော ရဟန်း ခိုင်းခြင်းကြောင့် ဒုက္ကဋ်၊ တကြိမ်ခိုင်းရာ၌ များစွာ ထည့်သော်လည်း ပါစိတ်တခုက်၊ လူသာမဏေတို့ မွှေးပြီးသား မီးကို တောက်အောင်မှုတ်သော ရဟန်း, ထင်းထည့်ပေးသော ရဟန်းအားလည်း ပါစိတ်၊ မီးမထည့်ကောင်းသော နေရာ၌ မီးလောင်နေသော မီးစကို မြှောက်ပြီး၍ ထားမြဲတိုင်း နေရာ၌ ထားသောရဟန်း ဒုက္ကဋ်၊ မီးငြိမ်းပြီး မီးစကို မီးထည့်သော ရဟန်း ပါစိတ်။

ဆောင်—မီးလောင်မီးစ၊ မြှောက်ချီကြ၊ ထားက ဒုက္ကဋ္ဌာ။
ငြိမ်းပြီးမီးစ၊ ထည့်ပြန်က၊ ထူးထ ပါစိတ်လာ။

၇-နဟာန

၇။ ယော ပန ဘိက္ခု၊ – သည်။ သမယာ၊ – ကို။ အညတြ၊ – ၍။ သြရေ-နဒ္ဓ မာသံ၊ (ရေချိုးပြီးသည်မှ) လဒ္ဓဲအဝဿ်ဒ်း၌။ နှာယေယျ၊ ရေချိုးငြားအံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။ တတြ၊ ထိုရေချိုးရာ၌။ အယံ၊ – သည်။ သမယော၊ – တည်း။ ဂိမှာနံ၊ နွေလတို့၏။ ဒီယဓော မာသော၊ တလဒွဲသည်ရှင်း။ ဝဿာနသာ၊ မိုးယံးလ၏။ ပထမော မာသော၊ ရှေးဦး အစ တလသည်ရှင်း။ သေသော၊ ကြွင်းသေး၏။....[သြသနောင် အခွါ "ဣတို့" သဒ္ဒါရှိ၏။ နာမဝါစကဟု ဒီပနီ ဆို၏။ သေသောတိ သေသော နာမ၊ ကြွင်းသည် မည်၏ဟု အနက်ပေး။ အခွါဆရာတို့ကား – မရှိခြင်းသာ

နိဒါန်းစသည်။ ။ဘဂ္ဂတိုင်း၊ ရဟန်းများ၊ မီးထည့်လုံသော ဝတ္ထု။ အဂိလာနော, အညတြ တထာရူပပစ္စယာ နှစ်ခုတို့ကား, အနုပညတ်။ သာ၊ သာ။ အဂိလာနဒွ် တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ နာသည်ဒွ် နာ၏ဟု မှတ်သောရဟန်း, သူတပါးထည့်ထားသော မီးကျီးကို လုံသောရဟန်း, ဇရုံးအိမ်ဒွ် မီးထည့်လိုခြင်းစသော အကြောင်းရှိ၍ မီးထည့်သောရဟန်း, ဘေးရန်ကြောင့် မီးထည့်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ မနာခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, မီးလုံလိုခြင်း, မီးထည့်ခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် သဉ္စရိတ္တနှင့် တူပြီ။

ဆောင်—မနာခြင်းပင်၊ ကြောင်းလျှင်မရှိ၊ လုံလိုဘိခြင်း၊ မီးထည့်ခြင်းပေ၊
အင်္ဂလေးထွေ၊ မှတ်လေ ဇောတိတည်း။

ဇောတိသိက္ခာပုဒ်ပြီး၏။

၇-နဟာန

သြရေနဒ္ဓမာသံ။ ။မာသဿ အဇ္ဈော အဇ္ဈမာသံ။ တလ၏ ထက်ဝက် ဆယ့်ငါးရက်ကို ရစေ။ မဇ္ဈိမအရပ်၌ ရေချိုးသောနေ့မှစ၍ ဆယ့်ငါးရက်မပြည့်မီ (ဆယ့်ငါးရက်အတွင်း) အခါခြောက်ပါးကို ဖယ်ထား၍ ရေချိုးအံ့ဟု ကသယ်မှုန့် မြေညက်စသည်ကို စီရင်သည်မှစ၍ ပယောဂတိုင်း ဒုက္ကဋ်၊ ရေချိုးပြီးသည့်အဆုံး၌ ပါစိတ်။

ဤ၌ မဇ္ဈိမဒေသ ဟူသည် ဗောဓိမဏ္ဍိုင်မှ အရှေ့လားသော် ဂဇင်္ဂလနိုဂုံး အပြင်ဘက် အင်ကြင်းပင်ကြီး, အရှေ့တောင်လားသော် သလ္လာဝတီမြစ်,

ကောင်း၏ဟု ဆိုကြ၏။ ပါဋိတော်ကြီးဌ်ကား ရှိ၏။] ဣတိ၊–သို့။ ဧတေ အဗုတေယျ မာသာ၊ ဤနှစ်လခဲ့တ်ူသည်။ ဥဏ္ဏသမယော၊ ပူသောအခါ မည်၏။ ပရိဋ္ဌာဟသမယော၊ အိုက်သောအခါမည်၏။ ဣတိ၊ ဤအနက်ကို။ ယထာဣဓံ၊ အစဉ်အတိုင်း။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဂိလာန သမယော၊–ခါ။ ကမ္မ သမယော၊ (တံမြက်လှည်းခြင်းစသော) အမှုကို ပြုသောအခါ။ အဒ္ဓါန ဂမန သမယော၊ အခွန့်ရှည်သော ခရီးသို့ သွားသောအခါ။ ဝါတ ဝုဋ္ဌိသမယော၊ မြူနှင့်တကွ လေပြင်းထ၍ မိုးယိုးကျသောအခါ။ အယံ၊–ကား။ တတ္ထ၊ ထိုရေချိုးရာ၌။ သမယော၊–တည်း။

တောင်ဘက်လားသော် သေတနိုဂုံး, အနောက်ဘက်လားသော် ထူဏပုဏ္ဏားရွာ, မြောက်ဘက်လားသော် ဥသိရဒ္ဓဇတောင်၊ ဤအတွင်း ယူဇနာကိုးရာ အဝန်း ရှိသော အရပ်ကို ဆိုသည်။

[ဤသိက္ခာပုဒ်ကား ပဒေသပညတ်သိက္ခာပုဒ်တည်း၊ မဇ္ဈိမဒေသ အိန္ဒိယနယ်၌သာ ပညတ်သော သိက္ခာပုဒ်ဖြစ်သည်၊ မြန်မာနိုင်ငံစသော ပစ္စန္တရစ်များ၌ကား အလိုရှိသောအခါတိုင်း ရေချိုးနိုင်သည်ဟု သိ။]

ဆောင်—မဇ္ဈိမဒေသေ၊ ရေချိုးပေ၊ ယူလေ ဤသိက္ခာ။

အဗုတေယျမာသာ။ ။နယုန်လဆန်း တရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့အထိ နှစ်လခဲ့ကို အဗုတေယျမာသ ဆိုသည်။

သမယ ဖြ-ပါး။ ။နွေလေးလ၏ အဆုံး တလခဲ့သည် (နယုန်လဆန်း တရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိသည်)မိုးနှင့် ဝေးနေသေးသောကြောင့် ဥဏ္ဏသမယ ပူသောအခါ မည်၏။

မိုးယိုးလေးလ၏ အစတလသည် (ဝါဆိုလပြည့်ကျော် တရက်နေ့မှသည် ဝါခေါင်လပြည့်နေ့အထိ တလသည်) မိုးယိုးရွာခါနီးဖြစ်၍ ချွေးတစိုစိုနေသောအခါ ဖြစ်သောကြောင့် ပရိဋ္ဌာဟသမယ အိုက်သောအခါ မည်၏။

ရေချိုးရသော်သာ ရောဂါသက်သာသော အခါမျိုးသည် ဂိလာန သမယ မည်၏။

ပရိဝုဏ်ကျောင်းဝန်းအတွင်း တံမြက်လှည်းခြင်း စသော အခါများသည် ကမ္မသမယ မည်၏။

ယူဇနာခဲ့ ခရီးသွားသောအခါသည် အဒ္ဓါနဂမနသမယ မည်၏။

၈-ဒုဗ္ဗဏ္ဏကရဏ

၈။ နဝံ စီဝရ လာဘေန၊ ရအပ်ပြီးသော သင်္ကန်းသစ် ရှိသော။ ဘိက္ခုနာ ပန၊–သည်။ နီလံ ဝါ၊ အညိုရင်း။ ကဒ္ဒမံ ဝါ၊ ညွန့်ရင်း။ ကာဠသာမံ ဝါ၊ မဲသောအဆင်းရင်း။ ဝါ၊ အမဲ အရွှေရောသော အဆင်းရင်း။ ကတိ၊–သို့။ တိဏ္ဏံ၊–ကုန်သော။ ဒုဗ္ဗဏ္ဏကရဏာနံ၊ အဆင်း ပျက်ခြင်းကို ပြုကြောင်းတို့တွင်။ အညတရံ၊တပါးပါးသော။ ဒုဗ္ဗဏ္ဏကရဏံ၊–ကို။အာဒါတဗ္ဗံ၊ ယူအပ်၏။ ယော ပန ဘိက္ခု၊–သည်။ တိဏ္ဏံ၊–ကုန်သော။ ဒုဗ္ဗဏ္ဏကရဏာနံ၊–တို့တွင်။ အညတရံ၊–သော။ ဒုဗ္ဗဏ္ဏကရဏံ၊–ကို။ အနာဒါ၊ မယူမူ၍။ နဝံ၊–သော။ စီဝရံ၊–ကို။ ဧစ ပရိဘုဉ္ဇေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

(သွားတုန်း သွားဆဲအခါ ရောက်ပြီးသောအခါမျှား၌ ရေချိုးနိုင်သည်) မြူနှင့်တကွ လေလာ၍ မိုးသဲ့ပေါက်လည်း ကျသောအခါသည် ဝါတဝုဋ္ဌိသမယ မည်၏။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ရဟန်းများ။ အတိုင်းအရှည် မသိ ရေချိုးသော ဝတ္ထု။ အညတြ သမယာ စသော ခြောက်ပါးကား အနုပညတ်။ သာ၊ အနာ။ လခဲ့မလွန်ရာ၌ တိကပါစိတ်၊ ဒုက ဒုက္ကဋ်။ လခဲ့လွန်သည်၌ လွန်၏ဟု မှတ်သော ရဟန်း, အခါ၌ ရေချိုးသော ရဟန်း, မြစ်ကမ်းပါးသွားစဉ် သဲတွင်းပြု၍ ရေချိုးသောရဟန်း, ပစ္စန္တရစ်ရဟန်း, ဘေးရန်ကြောင့် ရေချိုးသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ မဇ္ဈိမအရပ်ဖြစ်ခြင်း, လခဲ့မပြည့်မီ ရေချိုးခြင်း, ခွင့်ပြုထားသောအခါ မြစ်တဘက်သို့ သွားသောအခါ ဘေးရန် မရှိသောအခါ မဟုတ်ခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူပြီ။

ဆောင်—မဇ္ဈိမရပ်ထဲ၊ လခဲ့မပြည့်၊ သုံးရှိအခါ၊ မဟုတ်ပါ၊ သုံးဖြာ နဟာန။

နဟာနသိက္ခာပုဒ် ပြီး၏။

၈-ဒုဗ္ဗဏ္ဏကရဏ

နဝံ ပန-လာဘေန။ ။အလင်္ဘိတိ လာလော။ ရအပ်ပြီးသော သင်္ကန်းကို ရစေ။ ။နဝ-သဒ္ဒါ အသစ်ဟူသော အနက်ကို ဟော၏။ စီဝရ-အရ ဝတ်ရုံလောက်သော သင်္ကန်းကို ယူ။ နဝဥ္စ တံ စီဝရဉ္စာတိ

နဝံစီဝရံ။ နဝစီဝရံဟု ဆိုအပ်လျက် နိဂ္ဂဟိတ်မချေဘဲ နဝံစီဝရံဟု ရှုပ်ပြီးသည်။ အသစ်ဖြစ်သော သင်္ကန်းကို ရစေ။ ကပ္ပဗိန္ဒု မထိုးရသေးမူ သာမဏေများ ဝတ်ရုံပြီးဖြစ်သော ဟောင်းနွမ်းနေသော သင်္ကန်းကိုသော်လည်း နဝစီဝရ သင်္ကန်းသစ်ဟူ၍ပင် ဆိုရမည်ဟု သိ။

နဝံ စီဝရလာဘော ဧတေနာတိ နဝံစီဝရလာဘော။ ရအပ်ပြီးသော သင်္ကန်းသစ်ရှိသော ရဟန်းကို ရဝစ။ ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်းကို ရသော့ ရဟန်း ဟူ၏။ နဝံ ဟူသော ပုဒ်သည် ပန နှင့် ဘိက္ခုနာ နှစ်ပုဒ်ခြားသော်လည်း သင်္ကန်းသစ်ကို ရရှိသော ရဟန်းဟု အနက်အားဖြင့် စပ်သောကြောင့် စီဝရလာဘေန ဟူသောပုဒ်နှင့် နဝံ စီဝရလာဘေနဟု အတ္ထသမာသ် ဖြစ်၏။ ပန-ကား အနက်ထူး မရှိ၊ နိပါတ်မျှသာ။ ဘိက္ခုနာ-ကား ကတ္တားပုဒ်တည်းဟု သိ။

တိဏ္ဏံ ဒုဗ္ဗဏ္ဏာ ကရဏာနံ။ ။ဒုဋ္ဌုံ ဝဏ္ဏံ ဒုဗ္ဗဏ္ဏံ။ မကောင်းသော အဆင်းကို ရစေ။ အဆင်းပျက်ခြင်းဟု ဆိုလိုသည်။ ။ဒုဗ္ဗဏ္ဏံ ကရောတိ ဧတေနာတိ ဒုဗ္ဗဏ္ဏကရဏံ။ အဆင်းပျက်အောင် ပြုကြောင်း ကပ္ပ-ဗိန္ဒုကို ရစေ။ သင်္ကန်းဥ် ကပ္ပဗိန္ဒု အပြောက်ကလေး ထိုးလိုက်သည်ရှိသော် သင်္ကန်းဥ် ၎င်းအပြောက်ကလေး ထင်သွားသဖြင့် သင်္ကန်း၏ အဆင်းမျှား အနည်းငယ် ပျက်သွားလေသည်။ ထို့ကြောင့် ကပ္ပဗိန္ဒုအပြောက်ကလေးကိုပင် အဆင်းပျက်အောင် ပြုကြောင်း(ဒုဗ္ဗဏ္ဏကရဏ)ဟု ဆိုသည်။ သင်္ကန်းတထည်လုံး အဆင်းပျက်စီးသွားသည် မဟုတ်ဟု သိ။ ထိုကပ္ပဗိန္ဒုပြောက်သည် နီလ, ကဒ္ဒမ, ကာဠသာမ အားဖြင့် သုံးမျိုးရှိ၏။ ကိုကြောင့် တိဏ္ဏံဟု ဟောတော်မူသည်။

ကပ္ပဗိန္ဒုထိုးရာအရပ်။ ။ကပ္ပဗိန္ဒု ထိုးလိုသော် ဆိုးပြီးသော သင်္ကန်း၏ လေးထောင့်တို့ဥ် ဖြစ်စေ၊ သုံးထောင့် နှစ်ထောင့် တထောင့်ဥ်ဖြစ်စေ ထိုးရသည်။ ကပတ်ကွင်း ကပတ်သိမ်းတပ်ရာအရပ်ဥ် မထိုးရဟု မဟာပစ္စရီ ဆို၏။ မဟာအဋ္ဌကထာ ဥ် အပ်သည်ဟု ဆိုသည်။ ကဓိ-ဥ် ကပ္ပဗိန္ဒုကို ဘယ်အရပ်ဥ်မဆို ထိုးကောင်းကြောင်း လာ၏။ ထိုသို့ သာမန် အားဖြင့် လာသော်လည်း အထောင့်ကိုသာ ရည်၍ ဆိုသည်ဟု ယူပါမှ အဋ္ဌ-ကထာကြီးနှင့် ညီမည်။

ကပ္ပဗိန္ဒု ပမာဏ။ ။ကပ္ပဗိန္ဒု၏ အရွယ်ပမာဏ ကား ဥဒေါင်းမျက်ကွင်း ပမာဏ ကြမ်းပိုး ကျောက်ကုန်းပမာဏ ရှိစေရမည်။ ထိုကပ္ပဗိန္ဒုအလယ်ဥ် သုညလုံးကဲ့သို့ ကွက်လပ် မရှိစေရ၊ တပြင်တည်းဖြင့်ပြီး ဝိုင်းဝိုင်းကလေး ဖြစ်စေရမည်။ တထောင့်ဥ် တလုံးသာ ထိုးရမည်။ နှစ်လုံး သုံးလုံး စသည်ဖြင့် စီတန်း၍ ထိုးသော ပါဠိကပ္ပဒေါ် ကပ္ပဗိန္ဒုမျိုး, ကြာနှာ

ဆောင်းကဲ့သို့ သုံးလုံးစသည် ဆိုင်၍ထိုးသော ကဏ္ဌိကကပ္ပခေါ် ကပ္ပဗိန္ဒုမျိုး စသည်တို့ကား မအပ်၊ ထိုကဲ့သို့ပြု၍ မထိုးကောင်း။ တပါးသော ဖောက် ဖောက်ပြန်ပြန် အဆန်းတကြယ်ပြု၍လည်း မထိုးကောင်းဟု သိ။

[သာမဏေတို့၏ သင်္ကန်းကို ရေသနုပ်စသည်ပြုလို၍ ခေတ္တယူဝတ် ရာ၌ နဝံ စီဝရဖြစ်၍ ကပ္ပဗိန္ဒုထိုးရမည်ဟု သိ။]

ဆောင်—ကြမ်းပိုးပိဋ္ဌိ၊ ဒေါင်းမျက်စိ၊ ထိုးဘိ ကပ္ပဗိန္ဒုတည်း။
အမျှားမအပ်၊ တစ်သာအပ်၊ ထိုးအပ် ဝိုင်းဝိုင်းတည်း။

နီလံ ဝါ–သာမံ ဝါ။ ။ဤပုဒ်တို့ဖြင့် တိဏ္ဏံဟူသော သခ်္ဂါ၏ သခ်ျေယျကို ပြသည်။ နီလံ–အရ သားရေနယ်သမားတို့ သားရေကို ဆိုးသော အညိုရောင် သံခြေး ကြေးညို ညိုသော သစ်ရွက်ရည်ရောင်တို့ကိုယူ။ ကဒ္ဒမ–အရ ရေနှင့်ရောနေသော ရွံညွန်ရောင်ကိုယူ။ ကာဠ သာမ–အရ အမှတ် မရှိ တစုံတခုသော မီးသွေးစသော မည်းသော အဆင်းကိုယူ။ ဤအလို သာမသဒ္ဒါ အနက်မရှိ။ တနည်း–အမည်းနှင့်အရှေ့ ရောသော အဆင်း၊ တနည်း–အမည်းနှင့်အညို ရောသော အဆင်းမျိုးကို ယူ။ ဤအလို သာမ သဒ္ဒါ အညို အရှေ့ဟူသော အနက်နှစ်ပါးကို ဟော၏။

[တိတ္ထိတို့၏ အဝတ်သင်္ကန်းများနှင့် ကဲ့ပြား ခြားနားစေရန် ရဟန်း တို့၏ သင်္ကန်းများကို ကပ္ပဗိန္ဒုထိုးရမည်ဟု ပညတ်တော်မူသည်။]

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ မိမိသင်္ကန်းကို မမှတ်မိသော ဝတ္ထု။ သာ၊ အနာ။ ကပ္ပဗိန္ဒု မထိုးသည်၌ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ ထိုးသည်၌ ထိုး၏ဟု မှတ်ထင်သော ရဟန်း, ကပ္ပဗိန္ဒုပျက်သွားသော သင်္ကန်း ကပ္ပဗိန္ဒုထိုးရာအရပ် ဆွေးမြေပျက်စီးသော သင်္ကန်း ကပ္ပဗိန္ဒုထိုးသော သင်္ကန်း နှင့် မထိုးသော သင်္ကန်းကို ထပ်၍ ချုပ်သောသင်္ကန်း နောက်မှ အနားပတ်တင် သော သင်္ကန်းကိုဝတ်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ်တို့။ ဆိုအပ်ပြီးသော လက္ခဏာရှိသော သင်္ကန်း၏ ကပ္ပဗိန္ဒုမထိုးခြင်း, သင်္ကန်း ပျောက်ခြင်း စသည် မရှိခြင်း, ဝတ်ရုံခြင်း၊ ဒသံသုံးပါး။ ....သမုဋ္ဌာန်စသည် ဧဋ္ဌကလောမနှင့်တူပြီ၊ ကိရိယာကိရိယသာ ထူး၏။

ဆောင်— ကပ္ပဗိန္ဒု၊ ထိုးပြုမရှိ၊ မပျောက်ဘိခြင်း၊ ဝတ်ရုံခြင်းဟု၊ အင်သုံးခု၊
မှတ်ရှု ဒုဗ္ဘဏ္ဏာ။

ဒုဗ္ဘဏ္ဏာကရဏသိက္ခာပုဒ် ပြီး၏။

၉-ဝိကပ္ပန

၉။ ယော ပန ဘိက္ခု၊-သည်။ ဘိက္ခုဿ ဝါ၊-အား၎င်း။ ဘိက္ခုနိ ယာ ဝါ၊-အား၎င်း။ သိက္ခမာနာယ ဝါ၊-အား၎င်း။ သာမဏေရဿ ဝါ၊ အား၎င်း။သာမဏေရိယာ ဝါ၊-အား၎င်း။ သာမံ၊ကိုယ်တိုင်သာလျှင်၊စီဝရံ၊ -ကို။ဝိကပ္ပေတွာ၊(ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ ဟု) ဝိကပ္ပနာပြု၍။အပစ္စုဒ္ဓါ-ရဏံ၊ (မယ္ဟံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟု)ပစ္စုဒ္ဓိရ်မပြုသည်။ဟုတွာ၊-၍။ပရိဘုဉ္ဇေယျ-အံ့။တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၉-ဝိကပ္ပန

စီဝရံ။ ။စီဝရအရ သင်္ကန်းကိုးထည်စလုံးကို ယူ။

ဝိကပ္ပေတွာ။ ။"ဝိကပ္ပိယတေ ဝိကပ္ပနာ၊ သင်္ကပ္ပနံ စိန္တနန္တိ အတ္ထော"။ ဝိနယာလင်္ကာရဋီကာ။ သုံးဆောင်ခြင်းစသော လေးမျိုးကို အပ်အောင်ကြံခြင်းဟု အဓိပ္ပါယ်ရသည်။....တနည်း-ဝိဂတာ ကပ္ပနာ ဝိကပ္ပနာ။ မိမိဥစ္စာအဖြစ်မှ ကင်းအောင် ပြုလုပ်ခြင်းကို ဆိုသည်။ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုလိုက်သဖြင့် သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက် အား ပေးရာ ရောက်သောကြောင့် မိမိဥစ္စာမဟုတ်ရာ ရောက်သွားသည် ဟူ၏။ ထို့ကြောင့် ဆယ်ရက်လွန်သော် မိမိအား နိဿဂ္ဂိ မဖြစ်တော့ပြီ။

ဝိကပ္ပနာ ၂-မျိုး။ ။ဝိကပ္ပနာသည် "သမ္မုခေ ပဝတ္တာ ဝိကပ္ပနာ သမ္မုခ-ဝိကပ္ပနာ" ဟူသည်နှင့် အညီ မျက်မှောက်၌ဖြစ်သော သမ္မုခဝိကပ္ပနာတမျိုး "ပရမ္မုခေ ပဝတ္တာ ဝိကပ္ပနာ ပရမ္မုခဝိကပ္ပနာ"ဟူ သည်နှင့်အညီ မျက်ကွယ်၌ဖြစ်သော ပရမ္မုခဝိကပ္ပနာတမျိုးဟု နှစ်မျိုးပြား၏။

တနည်း-"သမ္မုခေန ဝိကပ္ပနာ သမ္မုခဝိကပ္ပနာ" သင်္ကန်းပိုင်ရှင် ကိုယ်တိုင် မိမိ၏နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းတမျိုး,"ပရမ္မုခေန ဝိကပ္ပနာ ပရမ္မုခ ဝိကပ္ပနာ" ဝိနည်းဓိုရ်ဟူသော ရဟန်းတပါးထံ အပ်နှံ၍ ဝိနည်းဓိုရ်ဟူသော သူတပါး၏ နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းတမျိုးဟု နှစ်မျိုးပြား၏။

သမ္မုခဝိကပ္ပနာ ၂-မျိုး။ ။ရဟန်းတပါးနှင့် တိုက်ရိုက် ဝိကပ္ပနာ ပြုသော သမ္မုခဝိကပ္ပနာတမျိုး, ရဟန်းတပါး၏ အထံ၌ သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်၏ အမည်ကို ယူ၍ ဝိကပ္ပနာပြုသော သမ္မုခဝိကပ္ပနာတမျိုးဟု နှစ်မျိုးပြား၏။

[ပရမ္မုခဝိကပ္ပနာကား အပြားမရှိ တမျိုးတည်းသာဟု သိ။]

သမ္မုခ ဝိကပ္ပနာပြုပုံ။ ။ဝိကပ္ပနာပြုလိုသော ရဟန်းသည် ရဟန်းတပါးပါး ထံ ချဉ်းကပ်၍ သင်္ဃန်းတထည်ဖြစ်အံ့ ကိုင်၍ဖြစ်စေ, အနီးဌာနချထား၍ဖြစ်စေ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ" ဟု ဆိုရသည်။ ဤကား တထည်အနီးပြုပုံ။ အမျှားဖြစ်အံ့ "ဣမာနိ စီဝရာနိ တုယ္ဟံ ဝိကပ္ပေမိ" ဟု ဆိုရသည်။ ဤကား အမျှားအနီး ပြုပုံ။

သင်္ဃန်းကား အနီးမဟုတ်ဘဲ အဝေးဌာ ရှိသည်ဖြစ်အံ့၊ ဤမည်သောနေရာဌာ ဤမည်သော သင်္ဃန်းရှိပါသည်ဟု ပြောပြပြီးမှ "ဧတံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ" ဟု ဆိုရသည်။ ဤကား အဝေးတထည် ပြုပုံ။ အမျှားဖြစ်အံ့ ရှေးအတိုင်း ပြောပြပြီးမှ "ဧတာနိ စီဝရာနိ တုယ္ဟံ ဝိကပ္ပေမိ" ဟု ဆိုရသည်။ ဤကား အဝေးအမျှားပြုပုံ။ [ဣမံ စီဝရံ၊ –သင်္ဃန်းကို။ တုယ္ဟံ၊ သင့်အား။ (ဝိနည်းဓိုရ်က ကြိုးအံ့၊ တုယ္ဟံ၊ အရှင်ဘုရားအား။) ဝိကပ္ပေမိ၊ ဝိကပ္ပနာပြုပါ၏။ ဣမာနိ စီဝရာနိ၊–တို့ကို။ ဧတံ စီဝရံ၊ ဤနေရာဌာ ရှိသော ထိုသင်္ဃန်းကို။ ဧတာနိ စီဝရာနိ၊–တို့ကို။ တုယ္ဟံ အား။ ဝိကပ္ပေမိ၊–၏။]

ဝိကပ္ပနာပြုကျိုး။ ။ဤဆိုအပ်ပြီးသော ရဟန်းတပါးနှင့် တိုက်ရိုက် ဝိကပ္ပနာပြုရုံမျှဖြင့် မိမိနေရာဌာ ပြန်ယူ သိမ်းထားရုံကား အပ်၏။ ဆယ်ရက်လွန်သော်လည်း နိဿဂ္ဂိ မဖြစ်နိုင်။ သုံးဆောင်ခြင်း စွန့်ခြင်း အဓိဋ္ဌာန် တင်ခြင်းငှါကား မအပ်၊ ပစ္စုဒ္ဓိရ် မပြန်သေးသော သင်္ဃန်းကို သုံးဆောင်အံ့ ပါစိတ်၊ စွန့်ခြင်းကိုပြုအံ့ ဒုက္ကဋ်ဟု သိ။

ပစ္စုဒ္ဓိရ်ပြုပုံ။ ။"မယ္ဟံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဤကား တထည်ပြုပုံ။ မယ္ဟံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" အမျှားပြုပုံ။နိဿဂ္ဂ အထူး မရှိ။ [ဝိကပ္ပနာပြုသော ရဟန်းက မိမိထက် ကြီးအံ့၊ "ပရိဘုဉ္ဇထ ဝါ ဝိဿဇ္ဇထ ဝါ ယထာပစ္စယံ ကရောထ" ဟု ဗဟုဝုစ်ဖြင့် ဆို။] ဤပစ္စုဒ္ဓိရ်ပြုပြီးသည်မှ စ၍ သုံးဆောင်ခြင်းစသည် သုံးပါး အပ်၏။ [မယ္ဟံ၊ ငါ၏။ (ဝါ-ဇာပည်တော်၏) သန္တကံ၊ ဥစ္စာဖြစ်သော သင်္ဃန်းကို၊(သန္တကာနိ၊-တို့ကို)။ပရိဘုဉ္ဇ ဝါ၊ သုံးဆောင်မူလည်း သုံးဆောင်ပါလော့။ ဝိဿဇ္ဇေဟိ ဝါ၊ စွန့်မူလည်း စွန့်ပါလော့၊ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ကရောဟိ၊ ပြုပါလော့။]

သမ္မုခဝိကပ္ပနာတနည်း။ ။ဝိနည်းဓိုရ် ရဟန်း တပါးပါးထံ၌ အဝေးဌာနေသော မိမိက ပေးလိုသော သီတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်၏ အမည်ကို ယူ၍ တထည် အမျှား အနီး အဝေး မှတ်ပြီးလျှင် "ဣမံ စီဝရံ, ဣမာနိ စီဝရာနိ, ဧတံ စီဝရံ, ဧတာနိ စီဝရာနိ, ဟိဿသ ဘိက္ခုနော ဝိကပ္ပေမိ" ဟု ဆိုရမည်။ ဤကား ရဟန်း၏အမည်ကို ယူ၍ဆိုပုံ။

ဘိက္ခုနိမ စသည်တို့၏ အမည်ကို ယူ၍ ဆိုရာ၌ "တိဿာယ သိက္ခမာနာယ, တိဿဿ သာမဏေရဿ,တိဿာယ သာမဏေရိယာ"ဟု ဆို။ဤအမည်ကိုယူ၍ ပြုသော သမ္မုခဝိကပ္ပနာဖြင့် သို့မှီးရုံသာအပ်သည် သုံးဆောင်ခြင်းစသည် မအပ်သေး။ ထို့ကြောင့် ဝိနည်းဓိုရ်က "တိဿဿ ဘိက္ခုနော သန္တက်, တိဿာယ ဘိက္ခုနိယာ, တိဿာယ သိက္ခမာနာယ, တိဿဿ သာမဏေရဿ, တိဿာယ သာမဏေရိယာ သန္တက် ပရိဘုဉ္ဇ ဝါ။ပ။ ကရောဟိ"ဟု ပစ္စုဒ္ဒိုရ်ပြုပေးရမည်၊ ပစ္စုဒ္ဒိုရ် ပြုပေးသည်မှစ၍ သုံးဆောင်ခြင်း စသည့် အပ်ပြီဟု သိ။

ပရမ္မုခဝိကပ္ပနာပြုပုံ။ ။မိမိ ကိုယ်တိုင် ဝိကပ္ပနာ ပြုနည်းကို နားမလည်ခြင်းစသော အကြောင်းကြောင့် သင်္ဃန်းတို့၏ တထည် အများ အနိုးအဝေးကို သိပြီး၍ ဝိနည်းဓိုရ်ရဟန်းတပါး အထံ၌ "ဣမံ စီဝရံ, ဣမာနိ စီဝရာနိ, ဧတံ စီဝရံ, ဧတာနိ စီဝရာနိ, တုယ္ဟံ ဝိကပ္ပနတ္ထာယ ဒမ္မိ"ဟု ဆို၍ ဝိကပ္ပနာပြုပေးရန် ပေးရမည်။ ဤသင်္ဃန်းကို ဝိကပ္ပနာပြုပေးရန် အရှင်အား ပေးပါ၏ ဟူ၍လည်း မြန်မာလို ဆိုနိုင်သည်။ ထိုအခါ ဝိနည်းဓိုရ်က အရှင် ပေးလိုသော အဇ္ဈတ္တခင်ပွန်းကား–အသူနည်းဟု မေး။ ဤမည်သော ကျောင်း၌ နေသော ဦးတိဿမည်သော ရဟန်းပါဟု ဆိုသော် ဝိနည်းဓိုရ်က "အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ"ဟု ဆို၊ တိဿမည်သော ဘိက္ခုနိမဟု ဆိုသော် ဝိနည်းဓိုရ်ကလည်း ထိုရဟန်း ဆိုတိုင်း ဆို၍ ဝိကပ္ပနာ ပြုပေးရမည်၊ ဤမျှဖြင့် သို့မှီးရုံသာအပ်သည်၊ သုံးဆောင်ခြင်း စသည် မအပ်သေး။ ထို့ကြောင့် ဒုတိယ သမ္မုခဝိကပ္ပနာအတိုင်း "တိဿဿ ဘိက္ခုနော သန္တက် ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောတိ"ဟု ဝိနည်းဓိုရ်က ပစ္စုဒ္ဒိုရ် ပြုပေးရမည်။ ဘိက္ခုနိမ စသည်အား ပေးချ၌လည်း တိဿာယ ဘိက္ခုနိယာစသည်ဖြင့် ဆိုလေ။ထိုအခါ မှစ၍ သုံးဆောင်ခြင်းစသည် အပ်ပြီဟု သိ။

သပိတ်၌လည်း နည်းတူမှတ်။

ဝိကပ္ပနာ ၂-ခုအထူး။ ။ကိုယ်တိုင် ဝိကပ္ပနာပြု၍ ဂ်နည်းဓိုရ်က ပစ္စုဒ္ဒိုရ် ပြန်သည်ကား သမ္မုခ ဝိကပ္ပနာမည်၏။ ဝိနည်းဓိုရ်က ဝိကပ္ပနာပြု၍ ဝိနည်းဓိုရ်ကပင် ပစ္စုဒ္ဒိုရ်ပြန်သည်ကား ပရမ္မုခ ဝိကပ္ပနာမည်၏။ ဤကား–သမ္မုခနှင့် ပရမ္မုခဝိကပ္ပနာ အထူးတည်း။

ဝါဒအထူး။ ။အခြို့ တို့ကား – သီတင်းသုံးဖော် ငါးယောက်စလုံးထံ ဝိကပ္ပနာပြုကောင်းကြောင်း ဆို၏။ မသင့်။ သီတင်းသုံးဖော် ငါးယောက်၏ အမည်မျှကိုသာ ယူ၍ ရဟန်းချင်းချင်းထံ၌သာ ဝိကပ္ပနာပြုကောင်းသည်ဟု မှတ်။

၁၀-အပနိဓာန

၁၀။ ယော ပန ဘိက္ခု၊-သည်။ အန္တမသော၊-ဖြင့်။ဟသာပေက္ခော ပိ၊ ရယ်မြူးခြင်းကို အလိုရှိသည်ဖြစ်၍လည်း။ ဘိက္ခုဿ၊-၏။ပတ္တံ ဝါ၊-ကိုဂျင်း။ စီဝရံ ဝါ၊-ဂျင်း။ နိသီဒနံ ဝါ၊-ကိုဂျင်း။ သူစိဃရံ ဝါ၊ အပ်ကျည်ကိုဂျင်း။ ကာယဗန္ဓနံ ဝါ၊ ခါးပန်းကြိုးကိုဂျင်း။အပနိဓေယျ ဝါ၊ (ကိုယ်တိုင်လည်း) ဝှက်ထားငြားအံ့။ အပနိဓာပေယျ ဝါ၊ (သူတပါးကိုလည်း) ဝှက်ထားစေငြားအံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

ဆဋ္ဌော၊-သော။ သုရာပါနဝဂ္ဂေါ၊-သည်။ နိဋ္ဌိတော၊-ပြီ။

ဆောင်— ပရမ္မုခ၊ သမ္မုခ၊ နှစ်ဝ ဝိကပ္ပနာ။
တိုက်ရိုက်မည်ယူ၊ ပြုတုံမူ၊ နှစ်ဆူသမ္မုခါ။
ပရမ္မုခ၊ ပြေားမရ၊ ကေ တဒုသာ။
တထည် အများ၊ နီးဝေး ထားဟု၊ ပြေားသမ္မု၊ မှတ်ရှု ဝိကပ္ပနာ။
ကိုယ်တိုင်ဝိပြု၊ ဝိပစ်ပြု၊ မှတ်ရှု သမ္မုခါ။
ဝိတပါးက၊ နှစ်မျိုးမျှ၊ ပြုက ပရမ္မုခါ။
ဝိကပ်နှစ်ဝ၊ တူပုံပြု၊ မှတ်ကြသင့်နာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ။ ပစ္စုဒ္ဓိရ်မပြုသော သက်နှံးကို သုံးဆောင်သော ဝတ္ထု။သာ၊ အနာ။ပစ္စုဒ္ဓိရ်မပြုသည်၌ တိက ပါစိတ်၊ ဒုကဒုက္ကဋ်။ ပစ္စုဒ္ဓိရ်ပြု၏ဟု အမှတ်ရှိသောရဟန်း, အကျွမ်းဝင်သဖြင့် သုံးဆောင်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ်တိ။ ကိုယ်တိုင် ဝိကပ္ပနာ ပြုအပ်သောသက်နှံးကို ပစ္စုဒ္ဓိရ်မပြုန်ခြင်း, ဝိကပ္ပနာလောက်သော သက်နှံးဖြစ်ခြင်း, သုံးဆောင်ခြင်း၊အင်္ဂါသုံးပါး။

သမုဋ္ဌာန် စသည် ပထမကထိနနှင့် တူပြီ။ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—ကိုယ်တိုင်ဝိပြု၊ ပစ္စုပဖြန်၊ ဝိကပ်လောက်၊ သုံးဆောင်လျောက်မူ၊
အင်သုံးဆူ၊ မှတ်ယူ ငဲ့ကပ္ပနာတည်း။

ဝိကပ္ပနာသိက္ခာပုဒ် ပြီး၏။

၁၀-အပနိဓာန

ပတ္တံ-စီဝရံ-နိသီဒနံ။ ။ပတ္တ အရ-အဓိဋ္ဌာန်လောက်သော သပိတ်ကိုယူ။ စီဝရ, အရ-ဝိကပ္ပနာ လောက်သော သက်နှံးကိုယူ။ ။နိသီဒန အရ-နိသီဒန သိက္ခာပုဒ်၌ လာသော အဆာရှိသော နိသီဒိုင်ကိုယူ။

သူစိဃရံ။ ။သူစိ-အပ်၊ ဃရ-အိမ် အပ်ထည့်စရာအိမ်၊ (အပ်ဘူး)တည်း၊ ယင်း အပ်ဘူးကိုပင် ကျည်တောက်ကလေးနှင့်တူသောကြောင့် အပ်-ကျည်ဟု ခေါ်ကြသည်။

သူစိဃရ အရ အပ်ရှိ မရှိသော အပ်ကျည်ကိုယူ။

ကာယဗန္ဓနံ။ ။ဗန္ဓိယတိ အနေနာတိ ဗန္ဓနံ။ ဖွဲ့စည်းကြောင်းဖြစ်သော ခါး-ပန်းကြိုးကို ရစေ။ ။ကာယဿ ဗန္ဓနံ ကာယဗန္ဓနံ။ ခါးကို ဖွဲ့စည်းကြောင်းဖြစ်သော ခါးပန်းပြားနှင့် ဝက်အူကဲ့သို့ အခေါင်းပါသော ဝက်အူခါးပန်းကြိုးကို ရစေ။

ဟသာပေက္ခောပိ။ ။ဤပုဒ်၌ ပိ-သဒ္ဒါဖြင့် ထေယျစိတ္တာမရှိဘဲ အမျက်ထွက်၍ ဆင်းရဲဒုက္ခ ရောက်စေလိုခြင်း, ကျေးဇူးမဲ့ကို ပြောလို ခြင်းတို့ကို ပေါင်းယူသည်။ အောက်ထစ်ဆုံး ရယ်ရွှင်လို၍ သိုဝှက်ထားသော်လည်း ပါစိတ်ဟူ၏။

ပါစိတ္တိယံ။ ။ကိုယ်တိုင်ဝှက်မူ ပါစိတ်၊ စေခိုင်းမူ အာဏတ္တိ ဒုက္ကဋ်၊ စေခိုင်း အပ်သူက ဝှက်ထားမူ ပါစိတ်၊ သပိတ်စသည် ငါးပါးမှ တပါး သော ပရိက္ခရာကို သိုဝှက်မူ ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဝှက်ထားသော ဝတ္ထု။ သာ၊ သာ။ ဥပ-သမ္ပန္နဉ် တိကပါစိတ်၊ တိကဒုက္ကဋ်။ မကောင်းသဖြင့် ထား သည်ကို သိမှီးသော ရဟန်း, တရားဟောပြီးမှ ပြန်ပေးအံ့ဟု ယူသောရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား အနာပတ္တိ။ ရဟန်းဥစ္စာဖြစ်သော သပိတ်စသော ငါးပါးကို သိုဝှက်ခြင်း, ညှဉ်းဆဲ ရယ်မြူးလိုခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဓဆောင်—ဘိက္ခုသန္တက၊ သပိတ်စငါး၊ သိုဝှက်ထားခြင်း၊ ညှဉ်းဆဲခြင်းလျှင်၊ ရယ်ရွှင်လိုကြ၊ အင်္ဂနှစ်ဝ၊ အပနိဓာနာ။

အပနိဓာနသိက္ခာပုဒ် ပြီး၏။

သုရာပါနဝဂ် ပြီး၏။

သပ္ပါဏကဝဂ္ဂ၊ ၁-သဉ္စိစ္စပါဏ

၁။ ယော ပန ဘိက္ခု၊-သည်။သဉ္စိစ္စ၊ တက္ခဏ်းစေတနာဖြင့် စေ့ဆော်၍။ ပါဏံ၊ (တိရစ္ဆာန်) သတ္တဝါကို။ ဇီဝိတာ၊-မှ။ ဝေရောပေယျ၊ ခွဲငြားအံ့။ တဿ ဘိက္ခုနော-အား။ ပါစိတ္တိယံ၊-၏။

သပ္ပါဏကဝဂ္ဂ၊ ၁-သဉ္စိစ္စပါဏ

သဉ္စိစ္စ။ ။သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသော စေတနာဖြင့် စေ့ဆော်ခြင်းကို ဆိုသည်။

ပါဏံ။ ။ပါဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏံ။ သတ္တဝါတို့ အသက်ရှည်ကြောင်း ဇီဝိတိန္ဒြေကို ရစေ။ ။ပါဏံ အဿ အတ္ထီတိ ပါဏော။ အသက်ဇီဝိတိန္ဒြေကို ရစေ။ ။ပါဏံ အဿ အတ္ထီတိ ပါဏော။ အသက် ဇီဝိတိန္ဒြေရှိသော သတ္တဝါအားလုံးကို ကောက်သင့်သော်လည်း ဤသိက္ခာပုဒ်၌ တိရစ္ဆာန်ကိုသာ အရကောက်။ တိရစ္ဆာန်ဟူသည် လူမှတပါးသော သတ္တဝါကို ခေါ်သည်။ အယုတ်ဆုံး ကြမ်းပိုးဥသည်လည်း သတ္တဝါပင်ဟု သိ။

ဇီဝိတာ ဝေရောပေယျ။ ။ပယောဂခြောက်ပါးတို့တွင် တပါးပါးသော ပယောဂဖြင့် အသက်ဇီဝိတိန္ဒြေကို ဖျက်ဆီး သတ်ဖြတ်ခြင်းကိုဆိုသည်။ ထိုဖျက်ဆီးရာ၌ တိရစ္ဆာန်သတ္တဝါသည် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ သတ်သောရဟန်းအား ပါစိတ်ချည်းသာ၊ သို့သော် ကြီးသောသတ္တဝါ၌ လုံလပယောဂ များများ စိုက်ရသောကြောင့် အကုသိုလ်များသည်၊ ငယ်သော သတ္တဝါ၌ကား လုံလပယောဂ နည်းနည်းစိုက်ရသောကြောင့် အကုသိုလ် နည်းသည်သာ ထူး၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥဒါယိ၊ ကျိုးသတ်သောဝတ္ထု။ သာ၊သာ။ပါစိတ်၊ ဒုကဒုက္ကဋ်။ သတ္တဝါမဟုတ်သည်၌ မဟုတ်ဟု အမှတ်ရှိသော ရဟန်း, စေတနာမရှိမသိ မသေစေလိုသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ၊ အကြင်း မနုဿဝိဂ္ဂဟ သိက္ခာပုဒ်နှင့် တူပြီ။ ။အင်္ဂါ၌ လူဇာတ်ရှိခြင်းဟူသော ပဌမအင်္ဂါဝယ် တိရစ္ဆာန်ဖြစ်ခြင်းဟု လဲလှယ်ရုံသာ ထူး၏။

သဉ္စိစ္စပါဏ သိက္ခာပုဒ် ပြီး၏။

၂–သပ္ပါဏက

၂။ ယော ပန ဘိက္ခု၊–သည်။ ဇာနံ၊(ပိုးသေအံ့ဟု)သိလျက်။သပ္ပါ-ဏကံ၊ ပိုးရှိသော။ ဥဒကံ၊–ကို။ ပရိဘုဉ္ဇေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

၃–ဥက္ကောဋနာ

၃။ ယော ပန ဘိက္ခု၊ –သည်။ ဇာနံ၊သိလျက်။ ယထာ ဓမ္မံ၊ အကြင် အကြင်တရားဖြင့်။ ဝါ၊ တရားအား လျော်စွာ။ နိဟတာ ဓိကရဏံ၊ ငြိမ်းပြီး သော (လေးပါးသော)အဓိကရဏ်းကို။ ပုန ကမ္မာယ၊ တဖန် ကံပြုခြင်း ဌါ။ ဥက္ကောဋေယျ၊ လှုံ့ဆော်ပေးငြားအံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊–၏။

၂–သပ္ပါဏက

သပ္ပါဏကံ ဥဒကံ။ ။သုံးဆောင်လျှင် ပိုးသေအံ့သော ရေကိုဆိုသည်။ထိုရေမျိုးကို သိလျက် သုံးဆောင်အံ့။ ပယောဂတိုင်း ပါစိတ်။

[ပိုးရှိ၏ဟု သိသော်လည်း သေလတ္တံ့ဟု မစိစစ်မူ၍ သောက်သော ရဟန်းအား အနာပတ္တိဟု ဝဇိရဗုဒ္ဓိဋီကာ ဆို၏။]

ရှေးသိက္ခာပုဒ်၌ ပါဏအရ တိရစ္ဆာန် သတ္တဝါအားလုံးကို ယူ။ ဤ သိက္ခာပုဒ်၌ ပါဏအရ ရေပိုး သတ္တဝါငယ်ကလေးများကိုသာ ယူ။ ဤကား ပါဏနှစ်ခု အထူးတည်း။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ သိလျက် ပိုးရှိသောရေကို သုံးဆောင်သော ဝတ္ထု။ အကြွင်း သိဉ္စနသိက္ခာပုဒ်နှင့် တူပြီ။ သုံးဆောင်ခြင်းနှင့် သွန်းလောင်းခြင်းသာ ထူး၏။

သပ္ပါဏက သိက္ခာပုဒ် ပြီး၏။

၃–ဥက္ကောဋနာ

ယထာဓမ္မံ။ ။ယော ယော ဓမ္မော ယထာဓမ္မံ။ ယထာသဒ္ဒါ ဝိစ္ဆာအနက် ဟော။ ဓမ္မအရ သမထဓမ္မကို ယူ။ ဝါကျာဝတ္ထိ ကန္တ-အားဖြင့် နာဝိဘတ်ကို အံ-ပြု၍ ယထာဓမ္မံဟု ရှုပ်ပြီးသည်၊ ဖြင့်–ဟု အနက်ပေး။ နိဟတ-

---

ကြိယာဌ် စပ်။ တနည်း-ဓမ္မသာ အနုရူပံ ယထာဓမ္မံ-ဟု ပြု။ ယထာသဒ္ဒါ-**အနုရူပဝါစကတည်း။**

နိဟတဘာဝိကရဏံ။ ။ဇင်းအရ ငြိမ်,ပြီးသော လေးပါးသော အဓိကရဏ်းကို ယူ။ ဤနှစ်ပုဒ်ဖြင့် ဓမ္မကံ-ကို ပြ၏ဟု သိ။

ပုနကမ္မာယ ဥက္ကောဋနေယျ။ ။ထိုထို ရဟန်းတို့၏ အထံသို့သွား၍ ရဟန်းတို့ ပြုသော ကံကား မကောင်းသဖြင့် ပြုအပ်သော ကံဖြစ်သည်။ ဤသို့ စသော စကားကိုဆိုလျက် တဖန် ကံပြုခြင်းအကျိုးငှါ အဓိကရဏ်းနှင့် ဆိုင်ရာ ပုဂ္ဂိုလ်များ လှုပ်လှုပ်ရွရွ ဖြစ်လာအောင် လှုံ့ဆော်ပေးခြင်းကို ဆိုသည်။ သံဃာကံဖြင့် ငြိမ်းစေအပ်ပြီးသော အဓိကရဏ်းကို ထိုရဟန်း၏ မျက်မှောက်၌သာ လှုံ့ဆော်ပေးအံ့၊ ပါစိတ်၊ မျက်ကွယ် လှုံ့ဆော်အံ့၊ ဒုက္ကဋ်၊ ဓမ္မကံဖြင့် ငြိမ်းစေပြီးသား အဓိကရဏ်းကား ကောင်းစွာ ငြိမ်းခြင်းဖြစ်၏။ ကံမပြီးမီ တားမြစ်အံ့၊ ထိုတားမြစ်သော ရဟန်းကို ပြောကြား၍ ကံပြုရမည်။ မပြောကြားဘဲ ကံပြုအံ့၊ ကံလည်း ပျက်, ကာရက သံဃာအား အာပတ်လည်း သင့်သည်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ လှုံ့ဆော်ပေးသော ဝတ္ထု။ သာ၊ အနာ။ ပါစိတ်၊ ဒုက္ကဋ်။ ဓမ္မကံ,အဓမ္မကံ နှစ်ပါးဌ အဓမ္မကံဟု အမှတ် ရှိသောရဟန်း, အဓမ္မကံဖြင့်ငင်း, ဝဂ်-ဖြင့်ငင်း, ကံမထိုက်သော သူအားငင်း ကံပြု၏ဟု သိသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ တရားအားလျော်စွာ ငြိမ်းပြီးခြင်း, သိခြင်း, လှုံ့ဆော်ပေးခြင်း၊ အင်္ဂါသုံးပါး။ ....သမူဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်——တရားအားလျော်၊ ငြိမ်းပြီးသော်ကား၊ သိခြင်းမျှားပေ၊
လှုံ့ဆော်လေက၊ အင်သုံးဝ၊ မှတ်ကြ ဥက္ကောဋနတည်း။

ဥက္ကောဋနသိက္ခာပုဒ် ပြီး၏။

၄-ဒုဋ္ဌုလ္လ

၄။ ယော ပန ဘိက္ခု၊-သည်။ဇာနံ၊-လျက်။ ဘိက္ခုဿ၊-၏။ ဒုဋ္ဌုလ္လံ၊-သော။ အာပတ္တိ ံ၊ သံဃာဒိသေသ်အာပတ်ကို။ ပဋိဇာနေယျ၊ ဖုံးလွှမ်းခြားအံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၄-ဒုဋ္ဌုလ္လ

ဒုဋ္ဌုလ္လ။ ။ဒုဋ္ဌုလ္လ အရ သံဃာဒိသေသ်အာပတ်ကို ယူ။ ထို ဒုဋ္ဌုလ္လအာပတ်ကို တစုံတခုသော ဥပါယ်တမည်ဖြင့် သိလျက် အရှက်တကဲ့အကျိုးနဲ့ ဖြစ်မည်စိုး၍ မပြောကြားဘဲ ဖုံးလွှမ်းထားသော ရဟန်းအား ပါစိတ်၊ မပြောကြားတော့အံ့ဟု ဖုံးလွှမ်းထားပြီးမှ ပြောအံ့၊ အာပတ်မှ မလွတ်၊ ဖုံးလွှမ်းခြင်းအကျိုးငှါ ပထမဖုံးလွှမ်းထားခြင်းကြောင့် အာပတ်သင့်သော ရဟန်းက ဒုတိယရဟန်းအား ပြော၍ ဒုတိယသိသော ရဟန်းက ဖုံးလွှမ်းထားပြန်အံ့၊ ဒုတိယရဟန်းလည်း အာပတ်သင့်၏။ ဒုတိယသိသော ရဟန်းက တတိယရဟန်းအား, တတိယရဟန်းက စတုတ္ထရဟန်းအား ဖုံးလွှမ်းခြင်း အကျိုးငှါ ပြောအံ့၊ အဆက်ဆက် အာပတ်သင့်၏။ မိမိကို ပြောသောရဟန်းအား ပြန်ပြောသော်သာ အာပတ်မှ လွတ်နိုင်သည်။ သာမဏေ၏ ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လ အပြစ်ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းသော ဝတ္ထု။ သာ၊ အနာ။ ဒုဋ္ဌုလ္လဉ် ဒုဋ္ဌုလ္လဟု မှတ်၍ မပြောဘဲနေအံ့ ပါစိတ်။ ဒုဋ္ဌုလ္လဉ် ဝေမတိက-အဒုဋ္ဌုလ္လဟု မှတ်၍ မပြောဘဲနေအံ့၊ ဒုက္ကဋ်။ အဒုဋ္ဌုလ္လဉ် တိကဒုက္ကဋ်၊ သံဃာငြင်းခုံခြင်း စသည်ဖြစ်လတ္တံ့ ဟူ၍ငင်း, ဤရဟန်းကြွမ်းထမ်းသည် အသက်အန္တရာယ် သာသနာ့အန္တရာယ် ပြုအံ့ဟူ၍ငင်း မပြောကြားဘဲ နေသောရဟန်း, လျောက်ပတ်သောရဟန်းကို မရ၍ မပြောကြားဘဲ နေသောရဟန်း, မဖုံးလွှမ်းလိုသောရဟန်း, မိမိအမှုဖြင့် ထင်ရှားလတ္တံ့ ဟု မပြောကြားဘဲ နေသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရဟန်း၏ ဒုဋ္ဌုလ္လ အာပတ်ကိုသိခြင်း, ဖုံးလွှမ်းလို၍ မပြောကြားဘဲ နေတော့အံ့ဟု ဝန်ချခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူပြီ။

ဆောင်—ရဟန်းဒုဋ္ဌုလ္လ၊ အာပတ်မျှသိ၊ ဖုံးလိုဘိက၊ ဝန်ချခြင်းပြု၊ အင်္ဂနှစ်ခု၊ မှတ်ရှု ဒုဋ္ဌုလ္လ။

ဒုဋ္ဌုလ္လသိက္ခာပုဒ်ပြီး၏။

၅-ဥိနဝိသတိဝဿ

၅။ ယော ပန ဘိက္ခု၊-သည်။ ဇာနံ၊-လျက်။ ဥိနဝိသတိ ဝဿံ (ပဋိသန္ဓေမှစ၍) အသက်နှစ်ဆယ်မပြည့်သော။ ပုဂ္ဂလံ၊-ကို။ ဥပသမ္ပာဒေယျ၊ (ဥပဇ္ဈာယ်ပြု၍) ရဟန်းခံပေးငြားအံ့။ သော စ ပုဂ္ဂလော၊ ထိုရဟန်းလောင်း ပုဂ္ဂိုလ်သည်လည်း။ အနုပသမ္ပန္နော၊ ရဟန်းမဖြစ်။ တေ စ ဘိက္ခူ၊ ထို(ဥပဇ္ဈာယ်မှ ကြွင်းသော) ကာရက ရဟန်းတို့သည်လည်း။ ဂါရယှာ၊ ကဲ့ရဲ့ခြင်း ပြုအပ် ဒုက္ကဋ်နှင့် အာပတ်သင့်ကုန်၏။ တသ္မိံ၊ ထိုဥပဇ္ဈာယ်ဆရာ၌။ ဣဒံ ပါစိတ္တိယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ၊-၏။

၅-ဥိနဝိသတိဝဿ

ဥိနဝိသတိ ဝဿံ။ ။ဝသန္တိ ဧတ္ထာတိ ဝဿံ။ နေရုာန်စ်ကို ရစေ။ ဥိနာနိ ဝိသတိ ဝဿာနိ အဿာတိ ဥိနဝိသတိဝဿော။ မပြည့်သော အနှစ်နှစ်ဆယ်ရှိသော ပုဂ္ဂိုလ်ကို ရစေ။ ပဋိသန္ဓေနေသည်မှစ၍ အနှစ်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ဟူ၏။

ဥိနဝိသတိဝဿ အဋ္ဌကထာဝါဒ။ ။အကြင်သူ တယောက်သည် တဆယ့်နှစ်လ ပဋိသန္ဓေနေပြီး၍ သီတင်းကျတ် လပြည့် မဟာပဝါရကာနေ့၌ မွေးဖွား၏။ ထိုသူသည် မွေးဖွားပြီးသည်မှစ၍ တဆယ့်ကိုးနှစ်မြောက် သီတင်းကျတ် လပြည့်အထွက် တရက်နေ့၌ (ပဋိသန္ဓေကား-တန္နှစ်နှင့် တဆယ့်ကိုးနှစ်၊ ပေါင်းသော် အနှစ်နှစ်ဆယ် ပြည့်ပြီးဖြစ်သောကြောင့်) ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလိုလျှင် ရဟန်းခံပေးကောင်းသူ ဖြစ်ပြီ။ ဤကား "အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ" ပဋိသန္ဓေနှင့်တကွ အနှစ်နှစ်ဆယ် ရှိသောသူကို ရဟန်းခံပေးခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူ၏ ဟူသော ပါဠိတော်အဖွင့်တည်း။

ခဲ့ပြီးအံ့။ အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေ တည်နေသူတို့တွင် အခ္ခါကား ၇-လ၊ အခ္ခါကား ၈-လ၊ ၉-လ၊ ၁၀-လ၊ ၁၁-လ၊ ၁၂-လ အမျိုးမျိုးနေကြ၏။ သို့သော် ၈-လ မွေးဖွားသူကား-အသက်မရှင်ဟု အဆိုရှိ၏။ အမိဝမ်းတွင်း၌ ၇-လ ပဋိသန္ဓေနေသူကား မွေးဖွားပြီးနောက် ၁၉-နှစ်နှင့် ၅-လပြည့်မှ အသက်နှစ်ဆယ် ပြည့်သည်။ ၉-လ ပဋိသန္ဓေနေမူ မွေးဖွားပြီးနောက် ၃-လပြည့်မှ အသက် ၂၀-ပြည့်သည်။ ဤသို့စသည်ဖြင့် အတိုး အဆုတ်များကို သိရမည်။ သို့ရာတွင် အမိဝမ်း၌ သန္ဓေတည်နေသောလကို သေချာစွာသိရန် ခဲယဉ်းလှ၏။ သို့အတွက် အယုတ်ဆုံး ၇-လ ထားပြီး ယူပါမူ သာ၍ စိတ်ချရ၏။ ဤနည်းအတိုင်း အနှစ်

နှစ်ဆယ်မှ တရက်မျှယုတ်နေမူ ဥိနဝိသတိဝဿဟူ၍ ခေါ်သည်။ ဤဝါဒကား- ဝါထပ်ရက်ငင်ကို မသုံးသပ်ဘဲဆိုသော ဝါဒဟု သိ။

ပေါရာဏက ထေရဝါဒ။ ။၁၂၇၀-ပြည့်နှစ် သီတင်းကျွတ် လပြည့်နေ့ သန္ဓေတည်နေသူသည် ၁၂၇၁=ခုနှစ် ဝါခေါင် လပြည့်နေ့ မွေးဖွားပြီး ၁၃၀၀-ပြည့်နှစ် ဂါခေါင်လပြည့်နေ့ ရောက်လျှင် ၁၉-နှစ်နှင့် ၁၀-လဖြစ်၏။ ဤ ၁၉-နှစ်နှင့် ၁၀-လရှိသော သာမဏေကိုပင် အသက်နှစ်ဆယ် တင်းတင်း မပြည့်သေးရကား- "ဥိနဝိသတိဝဿ သာမဏေရ" ဆယ့်ကိုးနှစ် ရရှိပြီးသော သာမဏေဟု ဆိုရသည်။ ဤ ၁၉-နှစ် ၁၀-လ ရပြီးသော သာမဏေသည် ဝါထပ် လငင် ၂-လ ထည့်ယူသော် အနှစ် နှစ်ဆယ်ပြည့်ရကား ယုံမှားခြင်းမရှိဘဲ စိတ်ချ လက်ချ ၎င်း ၁၃၀၀ - ပြည့်နှစ် ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ရဟန်းခံကောင်းပြီဟု ဆိုကြ၏။

ဝါထပ်ရက်ငင် ၂-လ ယူပုံ-တနှစ်လျှင် ရက်မစုံ ၆-ရက်ဖြစ်ရကား အနှစ် ၂၀-အတွင်း၌ ရက်မစုံ ၄-လဖြစ်၏။များသောအားဖြင့် သုံးနှစ်တကြိမ် ဝါထပ်ရကား အနှစ် ၂၀-အတွင်း ဝါထပ်လပို ၆-လရ၏။ ဝါထပ်လပို ၆-လတည် ရက်မစုံ ၄-လနုတ်သော် ၂-လ ကြွင်းကျန်၏။ ယင်း ၂-လကို ဝါထပ် လငင် ၂-လဟု ဆိုသည်။

ဆက်ဦးအံ့—ခြောက်လသန္ဓေ တည်နေသူကား အသက် မရှင်ဟု ဝိနည်းအဋ္ဌကထာဆို၏။ ခုနစ်လ သန္ဓေတည်နေသူဖြစ်မူ ပဋိသန္ဓေ ခုနစ်လနှင့် မွေးဖွားပြီး တဆယ့်ကိုးနှစ် ပေါင်းသော် ဆယ့်ကိုးနှစ်နှင့် ခုနစ်လဖြစ်၏။ ဝါထပ် လငင် နှစ်လထည့်သော် ဆယ့်ကိုးနှစ်နှင့် ကိုးလဖြစ်၏။ နောက်ဆုံး သုံးလကြာသော် အနှစ် နှစ်ဆယ်ပြည့်ရကား ခုနစ်လ သန္ဓေတည်နေသူသည် မွေးဖွားပြီး ဆယ့်ကိုးနှစ်နှင့် သုံးလရှိက ရဟန်းခံကောင်းပြီ။ ရှစ်လ မွေးဖွားသူ အသက်မရှင်ဟု သုတ္တန်အဋ္ဌကထာများ ဆိုကြသည်။ ကိုးလသန္ဓေတည်နေသူကား မွေးဖွားပြီး ဆယ့်ကိုးနှစ်နှင့် တလရှိသော် ရဟန်းခံကောင်းပြီ။ ဆယ့်တလ-ဆယ့်နှစ်လ သန္ဓေတည်နေသူတို့လည်း ဤတွက်နည်းအတိုင်းတွက်ယူ။

အချို့ကား--ပေါရာဏကထေရဝါဒသည် အမိဝမ်း၌ သန္ဓေတည်နေသော လကို မယူဘဲ ဖွားသည်မှ စ၍ ရေတွက်ယူကြသည်ဟု ဆို၏။ "တသ္မာ ယော မာတု ကုစ္ဆိသ္မိံ ဒ္ဝါဒသမာသေ ဝသတိ၊ သော ကေဝိသတိဝဿော ဟောတိ" စသော ဝါကျကိုထောက်၍ ယောင်ဟန်ရှိသည်။ "အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝိသံ သမ္ပာဒေတုံ"ဟူသော ပဋိသန္ဓေမှစ၍ ယူသော ပါဠိတော်နှင့် ညီမည် မထင်၊ ဆင်ခြင်လေ။

[အခုကာလ တွက်ယူကြသော ဆရာတို့လည်း ဤဝါကျအတိုင်းပင် တွက်ကြသည်]။

သော စ-အနုပသမ္ပန္နော။ ။ဆိုအပ်ပြီးသော တွက်နည်းများ အတိုင်း အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းခံသော ပုဂ္ဂိုလ်သည် **အသက်နှစ်ဆယ်မပြည့်ဟု** သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ရဟန်းမဖြစ်နိုင်။ **ရဟန်းမဖြစ်သော်လည်း** အကျိုးရှိပုံ- ထိုသူ မိမိရဟန်းအစစ် မဖြစ်ဟု မသိဘဲ ဆယ်ဝါရသဖြင့် ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာ ပြုလုပ်၍ သူတပါးကို ရဟန်းခံပေးအံ့ ထိုသူကို ဖယ်ထား၍၊ အခြားရဟန်းများဖြင့် ရဟန်းခံခြင်းကိစ္စ ပြီးပြည့်စုံသော် ရဟန်းလောင်းမှာ ကောင်းစွာ ရဟန်းဖြစ်သည်။ ထိုဥပဇ္ဈာယ်ဆရာဖြစ်သူသည် မိမိ ရဟန်းမဖြစ်ဟု မသိသမျှကာလပတ်လုံး နတ်ရွာနိဗ္ဗာန် စျာန်မဂ် ဖိုလ်၏ အန္တရာယ်မဖြစ်၊ သို့သော် ရဟန်း မဖြစ်မှန်းသိအံ့ ရဟန်းတဖန် ထပ်ခံရမည်။

တေ စ ဘိက္ခူ ဂါရယှာ။ ။ဥပဇ္ဈာယ်မှ ကြင်းသော ရဟန်းများ ကဲ့ရဲ့အပ်သော ရဟန်းတို့ ဖြစ်ကုန်၏။ ဖလူပစာအားဖြင့် ဒုက္ကဋ် **အာပတ်သင့်ကြသည် ဟူ၏။**

ဣဒံ တသ္မိံ ပါစိတ္တိယံ။ ။ဤရဟန်းခံကိစ္စ၌ ဥပဇ္ဈာယ်ဆရာသည် ရဟန်းမခံမီ ရှေးအဘို့၌ သပိတ်သင်္ကန်း ရှာမှီးခြင်း စသော ပယောဂတိုင်း ဒုက္ကဋ်၊ **ကမ္မဝါစာအဆုံး၌ ပါစိတ်။**

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ရဟန်းများ၊ **အသက်နှစ်ဆယ် မပြည့်သောသူကို** ရဟန်းခံပေးသောဝတ္ထု။ အ၊ အနာ။ ပါစိတ်၊ ဒုကဒုက္ကဋ်၊ ဥနဝီသတိဝဿဋ္ဌေ ဝေမတိက ဒုက္ကဋ်။ ဥန ပရိပုဏ္ဏ နှစ်ပါးစုံ၌ အသက် နှစ်ဆယ် ပြည့်၏ဟု မှတ်ထင်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ **အသက်နှစ်ဆယ် မပြည့်ခြင်း, မပြည့်ဟု မှတ်ထင်ခြင်း, ရဟန်းခံပေးခြင်း၊အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။**

ဆောင်—နှစ်ဆယ်တိတိ၊ သက်မပြည့်ဘဲ၊ မပြည့်သိစွမ်း၊ ရဟန်းခံက၊ အင်္ဂသုံးဝ၊ ဥနဝီသတိဝဿတည်း။

ဥနဝီသတိဝဿသိက္ခာပုဒ်ပြီး၏။

၆-ထေယျသတ္ထ

၆။ ယော ပန ဘိက္ခု၊-သည်။ ဇာနံ၊-လျက်။ ထေယျ သတ္ထေန၊ ခိုး တတ်သော ကုန်သည်နှင့်။ သဒ္ဓိံ၊ တက္ခ။ သံဝိဓာယ၊ တိုင်ပင်၍။ ဧကဒ္ဓါန မဂ္ဂံ၊-သို့။ ပဋိပဇ္ဇေယျ၊-အံ့။ အန္တရမသော၊-ဖြင့်။ ဂါမန္တရံပိ၊ ရွာတပါး သို့လည်း။ ပဋိပဇ္ဇေယျ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၆-ထေယျသတ္ထ

ထေယျသတ္ထေန။ ။ထေနေတိ စောရေတီတိ ထေနော။ ခိုးပြီး, ခိုးဆဲ, ခိုးလတ္တံ့ ဖြစ်သော ခိုးတတ်သော သူကို ရစေ။ ။ ထေနော ဧဝ ထေယျော။ ဏျ-ပစ္စည်း သောတ္ထ၊ နှ-ချ, ယ-ဒ္ဒဘော်ဆောင် ထေယျဟု ရုပ်ပြီးသည်။ ခိုးတတ်သော သူကိုပင် ရစေ။ ။သဟ အတ္ထေန ယော ဝတ္တတီတိ သတ္ထော။ ဥစ္စာနှင့်တကွ ဖြစ်ခြင်းရှိသော ကုန်သည်ကို ရစေ။ ပစ္စည်း ဥစ္စာလက်ကိုင်ရှိသော ကူးသန်းရောင်းဝယ်ခြင်း ပြုလုပ်နေသော ကုန်သည်ဟူ၏။ ထေယျော စ သော သတ္ထော စာတိ ထေယျသတ္ထော။ ခိုးသူကုန်သည်ကို ရစေ။ မင်းအားပေးထိုက်သော ဘုရင့်အခွန် ဘဏ္ဍာတော်ကို မပေးရအောင် ခိုးလာပြီး, ခိုးလာဆဲ, ခိုးလတ္တံ့ ဖြစ်သောသူကို ထေယျသတ္ထခေါ် သည်ဟူ၏။ ထိုကဲ့သို့သော ခိုးသူကုန်သည်နှင့် ခိုးသူကုန်သည်မှန်း သိလျက် နေ့ရက် ချိန်းချက် တိုင်ပင်၍ အရပ်တပါးသို့ သွားသောရဟန်အား ဩဝါဒဝဂ် သတ္တမသိက္ခာပုဒ်အတိုင်း အာပတ်အပြားကို သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ ခိုးသူ ကုန်သည်နှင့် တိုင်ပင်၍ အဓွန့်ရှည်သော ခရီးသို့ သွားသော ဝတ္ထု။ သာ၊ အနာ။ ပါစိတ်။ လူက မတိုင်ပင်ဘဲ မိမိကသာ တိုင်ပင်သောရဟန်း, ခိုးသူ ကုန်သည်၌ ယုံမှားရှိသော ရဟန်းအား ဒုက္ကဋ်။ ခိုးသူကုန်သည် မဟုတ်သည်၌ ဒုကဒုက္ကဋ်, နှစ်ပါးစုံ၌ ခိုးသူကုန်သည် မဟုတ်ဟု အမှတ်ရှိသော ရဟန်း, မတိုင်ပင်ဘဲ သွားသော ကာလချုတ်ယှင်း၍ သွားသော ဘေးရန်ကြောင့် သွားသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ခိုးသူကုန်သည်ဖြစ်ခြင်း, သိခြင်း၊ တိုင်ပင်ခြင်း, မချုတ်မယှင်း သွားခြင်း၊ အင်္ဂါလေးပါး၊ ထေယျသတ္ထသမုဋ္ဌာန်၊ ကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ တိစိတ္တ၊ တိဝေဒနာတို့တည်း။

ဆောင်—ထေယျသတ္ထ၊ ဖြစ်ကုန်ကြငြား၊ သိရှိထားခြင်း၊ တိုင်ပင်ခြင်းနှင့်၊ မယှင်းသွားက၊ အင်္ဂလေး၀၊ ထေယျ သတ္ထတည်း။

ထေယျသတ္ထသိက္ခာပုဒ်ပြီး၏။

၇-သံဝိဓာန

၇။ ယော ပန ဘိက္ခု၊ – သည်။ မာတု ဂါမေန၊ – နှင့်။ သဒ္ဓိံ၊ – ကို။ သံဝိ-ဓာယ၊ – ၍။ ကေဒ္ဓါနမဂ္ဂံ၊ – သို့။ ပဋိပဇ္ဇေယျ၊ – အံ့။ အန္တမသော၊ – ဖြင့်။ ဂါမန္တရံပိ၊ – သို့လည်း။ ပဋိပဇ္ဇေယျ၊ – အံ့။ တဿ ဘိက္ခုနော၊ – အား။ ပါစိတ္တိယံ၊ – ၏။

၇-သံဝိဓာန

မာတုဂါမေန။ ။မာတုဂါမ-အရ လူမိန်းမ (ဘိက္ခုနောဝါဒကဝဂ် သတ္တမ သိက္ခာပုဒ်၌ ဘိက္ခုနီမ-အရ ဥဘတောသံဃာ၌ ရဟန်း ပြုသော ဥဘတော ဥပသမ္ပန္နဘိက္ခုနီမကိုသာ ယူခဲ့ခြင်းကြောင့်) ဘိက္ခု သံဃာထံ၌သာ ရဟန်းပြုသော ဧကတော ဥပသမ္ပန္နဘိက္ခုနီမနှင့် သိက္ခမာန် သာမဏေမတို့ကို ယူရမည်၊ သို့သော် ဘိက္ခုနီမ သိက္ခမာန် သာမဏေမများ နှင့် သာသင်္ကသမ္မတ သပ္ပဋိဘယ ခရီးကို သွားရာ၌ အတူ သွားကောင်းသည်၊ လူမိန်းမနှင့်ကား ဘယ်အခါမျှ တိုင်ပင်ချိန်းချက်၍ မသွားကောင်း။.... လူမိန်းမများနှင့် တိုင်ပင် ချိန်ချက်ပြီး ဘုရားဖူးသွားခြင်း စသည်ကို သတိပြုသင့်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ မာတုဂါမနှင့်တကွ တိုင်ပင်၍ အဓွန့်ရှည်သော ခရီးသို့သွားသော ဝတ္ထု။....အကြောင်း ဘိက္ခု နီမနှင့် တိုင်ပင်၍သွားသော သံဝိဓာယသိက္ခာပုဒ်နှင့် တူပြီ။ သို့ရာတွင် အခါ မဟုတ်ခြင်း အင်္ဂါကို ဖြုတ်၍ အင်္ဂါလေးပါးသာ ရှိသင့်၏။

သံဝိဓာနသိက္ခာပုဒ်ပြီး၏။

၈-အရိဋ္ဌ

၈။ ယော ပန ဘိက္ခု၊–သည်။ ဧဝံ၊–သို့။ ဝဒေယျ၊–၏။ ကိံ ဝဒေယျ၊–နည်း။ ယေ ဓမ္မေ၊ အကြင် (မေထုန ပဋိသေဝန) တရားတို့ကို။ အန္တရာယိကာ၊ (နတ်ရွာနိဗ္ဗာန် စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍။ ဘဂဝတာ၊–သည်။ ဝုတ္တာ၊–ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ ပဋိသေဝတော၊ မှီဝဲသောရဟန်းအား။ ယထာ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်။ အန္တရာယာယ၊ အန္တရာယ်ကို ပြုခြင်းငှါ။ အလံ၊ စွမ်းနိုင်သည်။ န ဟောန္တိ၊–ကုန်။ တထာ၊–ဖြင့်။ ဘဂဝတာ၊–သည်။ ဒေသိတံ၊–သော။ ဓမ္မံ၊ သိက္ခာပုဒ်ကို။ အဟံ၊–သည်။ အာဇာနာမိ၊ သိ၏။ ဣတိ၊–သို့။ ဝဒေယျ၊–အံ့။ သောဘိက္ခု၊–ကို။ ဘိက္ခုဟိ၊–တို့သည်။ ဧဝံ၊–သို့။ ဝစနီယော၊–သည်။ အဿ၊–၏။ ကိံ အဿ၊–နည်း။ အာယသ္မာ၊ အရှင်။ ဧဝံ၊ ဤစကားမျိုးကို။ မာ အဝစ၊ မဆိုပါလင့်။ ဘဂဝန္တံ၊–ကို။ မာ အဿာစိက္ခိ၊ မစွပ်စွဲပါလင့်။ ဘဂဝတော၊–အား။ အဿာစိက္ခဏံ၊ စွပ်စွဲခြင်းသည်။ န ဟိ သာဓု၊ မကောင်းသည်သာတည်း။ ဟိ ယသ္မာ၊–ကြောင့်။ ဘဂဝါ၊–သည်။

၈-အရိဋ္ဌ

ယော ပန ဘိက္ခု ဧဝံ ဝဒေယျ–ကား နိဒဿန ဝါကျ။ တထာဟံ–အန္တရာယာယာတိ–ကား နိဒဿနာကာရဝါကျတည်း။

ဤအရိဋ္ဌရဟန်းသည် ဗဟုဿုတ ဓမ္မကထိကဖြစ်၍ သုတ္တန် အဘိဓမ္မာတို့ဌ် တတ်သိလိမ္မာပြီး ဝိနည်းဌ်ကား–မတတ်သိ မလိမ္မာချေ။ ထို့ကြောင့် အန္တရာယ် ငါးပါးတို့တွင် ရှေလေးပါးကိုသာ သိ၍ အာဏာဝိတိက္က-မန္တရာယ်ကို မသိရကား ကာမဂုဏ် ခံစားသောသူပင် ဖြစ်လျက် သောတာပန်စသည် ဖြစ်သေး၏။ ရဟန်းတို့အား ချောမွေ့ နှစ်သက်ဘွယ်ကောင်းသော ကတ္တီပါ ကော်ဇော စသော အဝင်းအရံသည် အပ်လျက် မိန်းမ၏ ရူပါရုံစသည်သည် အဘယ်မှာ မအပ်ဘဲရှိအံ့နည်း၊ အပ်သည်သာဟု အနုပါဒိန္နကဖဿကို ဥပါဒိန္နကဖဿနှင့် အတူထား၍ ထန်းလျှော်နှင့် ချည်ချောကိုရော၍ ကျစ်ဘိသကဲ့သို့ဌင်း, မုန်ညင်းစေ့နှင့် မြင်းမိုရ်တောင်ကို အတူပြု၍ ဆောင်ဘိသကဲ့သို့ဌင်း, ယုတ်မာသော မိစ္ဆာအယူကို ယူ၍ မြတ်စွာဘုရားသည် ပထမ ပါရာဇိကကို အားထုတ် ပညတ်တော်မူသော်လည်း မေထုနဓမ္မ၌ အပြစ်မရှိဟု သဗ္ဗညုတ ဉာဏ်တော်နှင့် ဆန့်ကျင်လျက် မြတ်စွာဘုရား၏ အာဏာစက်ကို ပုတ်ခတ်၏။

ဇဝံ၊ ဤသို့သောစကားကို။ နု ဝဒေယျ၊–ရာ။ အာဝုသော၊ ငါ့ရှင်။ ဘဂဝတာ၊–သည်။ အနေက ပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ အန္တရာယိကာ၊–ကုန်သော။ ဓမ္မာ၊–တို့ကို။ ဝုတ္တာ၊–ကုန်၏။ တေ ဓမ္မေ၊ –တို့ကို။ ပဋိသေဝတော၊–အား။ အန္တရာယာယ၊–ဌာ။ အလဉ္စ ပန၊ စွမ်းနိုင်သည်သာလျှင်။ ဟောတိ၊–၏။ ဣတိတသ္မာ၊–ကြောင့်။ နု ဟိ သာဓု၊– တည်း။ ဣတိ၊–သို့။ ဝစနီယော၊–သည်။ အဿ၊–၏။ ဝေဠ္ဆ ပန၊–လျှင်။ ဘိက္ခူ ဟိ၊–တို့သည်။ ဝုစ္စမာနော၊–သော။ သော ဘိက္ခု၊–သည်။ တထေဝ၊ –လျှင်။ ပဂ္ဂဏှေယျ၊ မြဲမြံစွာယူငြားအံ့။ သော ဘိက္ခု၊–ကို။ ဘိက္ခူ ဟိ၊–တို့ သည်။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊–ဌာ။ ယာဝ တတိယံ၊–တိုင် တိုင်။ သမနုဘာသိတဗ္ဗော၊–၏။ ယာဝတတိယံ၊–တိုင်။ သမနုဘာသိယ-မာနော၊–သော်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျ၊–အံ့။ ဣစ္စေတံ၊– သည်။ ကုသလံ–၊၏။ နော စေ ပဋိနိဿဇ္ဇေယျ–အံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊–၏။

အန္တရာယ် ၅-ပါး။ ။သဂ္ဂမောက္ခဉာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ နတ်ရွာမင်္ဂုိလ်တို့၏ အန္တရာယ်ကို ပြုတတ်သော ပဉ္စာနန္တိရိယကံ စသော တရားများကို ရစေ။ ထိုအန္တရာယ်သည်—

ပဉ္စာနန္တရိယကံ ဟူသော ကမ္မန္တရာယ်တပါး၊ [ဘိက္ခုနီ ဒူသကကံကို လည်း ယူကြသည်၊ ဤ ဘိက္ခုနီဒူသက ကံကား မင်္ဂုိလ်၏ အန္တရာယ် ဖြစ်၏။ နတ်ရွာ၏အန္တရာယ် မဖြစ်၊ ပဉ္စာနန္တရိယ ကံကား နှစ်ပါးစုံ ဖြစ်သည်]။

နှတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ ဟူသော ကိလေသန္တရာယ် တပါး၊ [ဤ ကိလေသန္တရာယ်ကား နတ်ရွာ မင်္ဂုိလ် နှစ်ပါးစုံကို တားမြစ် သည်]။

ပဏ္ဍုက် တိရစ္ဆာန် ဥဘတောဗျည်း ဇစ္စန္ဓစသည်တို့၏ ပဋိသန္ဓေ ဟူသော ဝိပါကန္တရာယ်တပါး။ [ဤ ဝိပါကန္တရာယ်ကား မင်္ဂုိလ်သာ တားမြစ်သည်]။

အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကဲ့ရဲ့သောကံ ဟူသော အရိယူပဝါဒန္တရာယ် တပါး၊ [စွပ်စွဲကဲ့ရဲ့အပ်သော အရိယာပုဂ္ဂိုလ်ကို မကန်တော့သရွေ့ နတ်ရွာ မင်္ဂုိလ်ကို တားမြစ်သည်၊ ကန်တော့ပြီးသော် မတားမြစ်]။

စေတနာနှင့်တကွ သိက္ခာပုဒ်တော်ကို လွန်းကျူးခြင်း ဟူသော ပညတ္တိဝိတိက္ကမန္တရာယ် တပါး၊ [ပါရာဇိက အာပတ်သင့်သော် လူထွက်, သံဃာဒိသေသ်သင့်သော် ဝုဋ္ဌာနကံပြု, ဒေသနာကံ အာပတ်သင့်သော် ဒေသနာကြားပါမှ နတ်ရွာမင်္ဂိုလ်ကို မတားမြစ်၊ မပြုသော် နှစ်ပါးစုံကို တားမြစ်သည်။]

[ဤ၌ အာဏာဝိတိက္ကမန္တရာယ်ကိုယူ။]

ဆောင်——ကံ-ကိလေသ၊ဝိပါက၊ ဝါဒတိက္ကမာ။
နတ်ရွာချို့.သွား၊မင်္ဂိုလ် တား၊ငါးပါး အန္တရာ။

သော ဘိက္ခု-အန္တရာယာယ။ ။ဤဝါကျဖြင့် အာဏာတော်ကို လွန်ကျူးပြော ဆိုသော ရဟန်းအား မြင်ကုန် ကြားကုန်သော ရဟန်းတို့က သီးခြားဖြစ်စေ သံဃာ့အလယ်၌ဖြစ်စေ သုံးကြိမ်ဆိုရမည့်စကားကို ပြသည်၊ ဤဝါကျ၌ ဒေသနာတော်ကို စွပ်စွဲကဲ့ရဲ့သည်ရှိသော် ဒေသနာရှင်ကိုလည်း စွပ်စွဲကဲ့ရဲ့ရာ ရောက်ခြင်းကြောင့် "မာ ဘဂဝန္တံ အဗ္ဘာစိက္ခီ" ဟုဆိုသည်။

အနေကပရိယာယေန။ ။ကာမသည် အရိုးဆက် သားတစ် မြက်မီးရှူး မီးကျီးစု အိပ်မက် အငှါးဥစ္စာ သစ်သီး စဉ့်နီတုံး တံကျင်လုံမ မြေဦးခေါင်းတို့နှင့် တူသည်ကို အနေကပရိယာယဆိုသည်။

ပါစိတ္တိယ်။ ။ဆိုအပ်ပြီးသော နည်းအတိုင်း သုံးကြိမ်တိုင်တိုင် ဆိုအပ်သည် ဖြစ်လျက် အယူမစွန့်သော ရဟန်းအား ဒုက္ကဋ်၊ ကြားလျက်မဆိုသော ရဟန်းအားလည်း ဒုက္ကဋ်၊ သီးခြားဆိုလျက် မစွန့်အံ့၊ တဖန် သံဃာ့အလယ်သို့ ခေါ်ငင်၍ဆိုရမည်၊ မစွန့်အံ့ ဒုက္ကဋ်၊သံဃာ့အလယ်သို့ ခေါ်ငင်၍မဆိုသူအားလည်း ဒုက္ကဋ်၊ ဆိုလျက် မစွန့်သေးအံ့၊ဒုက္ကဋ်၊သံဃာ့အလယ်သို့ ခေါ်ငင်၍ ဆိုပါလျက် မစွန့်သေးမူ တဖန် ဥတ္တိစတုတ္ထကံပြုရမည်၊ ဥတ်အဆုံး ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ မစွန့်အံ့ ဒုက္ကဋ်၊ သုံးကြိမ်မြောက် ကမ္မဝါစာအဆုံး၌ မစွန့်အံ့ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ အရိဋ္ဌ၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်သော ဝတ္ထု။ သာ၊အနာ။ ဓမ္မကံ၌ တိက ပါစိတ်၊ တိကဒုက္ကဋ်၊မဆုံးမအပ်သော ရဟန်း, အယူစွန့်သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ဓမ္မကံ ဖြစ်ခြင်း, ကမ္မဝါစာ ဆုံးခြင်း, မ့စွန့်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် သမနုဘာသနနှင့်တူပြီ။

၉-ဥက္ခိတ္တသမ္ဘောဂ

၉။ ယော ပန ဘိက္ခု၊-သည်။ ဇာနံ၊-လျက်။ တထာဝါဒိနာ၊ ထိုသို့သဘောရှိသော စကားကို ဆိုတတ်သော။ အကဋ္ဌာနေ့ဓမ္မေန၊ မပြုအပ်သော သြသာရဏာ သဘောရှိသော။ ဝါ၊ သွင်းခြင်းကို မပြုရသေးသော။ [တနည်း-အကဋ္ဌာနံ့ဓမ္မေန၊သွင်းခြင်းကို မပြုအပ်သောသြသာရဏာကံအား လျော်ပတ်သော အကျင့်ရှိသော။] တံဒိဋ္ဌိံ၊ ထိုမှားသောအယူကို။အပ္ပဋိနိဿဇ္ဇန၊ မစွန့်သော။ ဘိက္ခုနာ၊ ဥက္ခိတ္တကရဟန်းနှင့်။ သဒ္ဓိံ၊-ကို။ သံဘုဥ္ဇေယျဝါ၊ (သမ္ဘောဂ နှစ်ပါးကို) တကွမူလည်း သုံးဆောင်ငြားအံ့။ သံဝသေယျဝါ၊ (ကံကြီး ကံငယ်၌)တကွမူလည်း ပြု၍နေငြားအံ့။ သဟဝါသေယျ၊ တကွမူလည်း အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

ဆောင်— ဓမ္မကံဖြစ်၊ ဆုံးလစ်ကမ္မဝါ၊ မစွန့်ပါငြား၊ အင်သုံးပါး၊ မှတ်သားအရိဋ္ဌ။

အရိဋ္ဌသိက္ခာပုဒ်ပြီး၏။

၉-ဥက္ခိတ္တသမ္ဘောဂ

တထာဝါဒိနာ ဘိက္ခုနာ။ ။တထာ တာဒိသံ ဝစနံ ဝဒတီတိ တထာဝါဒီ။ တထာ-သဒ္ဒါ တထူပမံ စသည်တို့၌ကဲ့သို့ တံ-သဒ္ဒါ၏ ပရိယာယ်ဖြစ်သော နိပါတ်ပုဒ်၊ ထိုသို့သဘောရှိသော ပညတ်တော်ကို လွန်ကျူးသော တထာဟံ ဘဂဝတာ စသော စကားကို ဆိုတတ်သော ရဟန်းကို ရစေ။ ဤပုဒ်ဖြင့် ဥက္ခေပနီယကံ ပြုထိုက်သည့်အဖြစ်ကို ပြသည်။ ဘိက္ခုနာအရ ဥက္ခိတ္တက ရဟန်းကိုယူ။

အကဋ္ဌာနေ့ဓမ္မေန။ ။အနုပစ္ဆာ ကာတဗ္ဗော ဓမ္မော အနုဓမ္မော။ နောက်၌ ပြုအပ်သော သဘောဟူသော သွင်းခြင်း သြသာရဏာကံ ဓမ္မကိုရစေ။ ဥက္ခေပနီယကံ အပြုခံရသဖြင့် မာန်ကျ၍ ဆိုင်ရာကျင့်ဝတ်မျှားကို ကျင့်ပြီးနောက် ကံငြိမ်းရန် တောင်းပန်လျှင် သံဃာ့ဘောင်သို့ ပြန်သွတ်သွင်းခြင်း ပြုသောကံကို သြသာရဏာကံ ခေါ်သည်ဟုသိ။

အကတော အနုဓမ္မော ယဿာတိ အကဋ္ဌာနုဓမ္မော။ မပြုအပ်သေးသော သြသာရဏကံသဘောရှိသော ရဟန်းကို ရစေ။ သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း သြသာရဏကံ မပြုရသေးသော ရဟန်းဟူ၏။

တနည်း-သြသာရဏဿ အနုရူပေါ ဓမ္မော အနုဓမ္မော။ သြသာရဏကံ အားလျော်ပတ်သော အကျင့်ကို ရစေ။ကံအားလျော်သော တဆယ့်ရှစ်ပါးသော ကျင့်ဝတ်ဟူ၏။

ကတော အနုဓမ္မော ကဋ္ဌာနုဓမ္မော။ သွင်းခြင်းကို ပြုသော သြသာရဏကံ အားလျော်သော ကျင့်ဝတ်ကိုပင် ရစေ။ ။နတ္ထိ ကဋ္ဌာနုဓမ္မော ဇေဿာတိ အကဋ္ဌာနုဓမ္မော။ သွင်းခြင်းကို ပြုသော သြသာရဏကံအား လျော်သော ကျင့်ဝတ်၏ မရှိသော ရဟန်းကို ရစေ။ သြသာရဏကံအား လျော်သော တဆယ့်ရှစ်ပါးသော ကျင့်ဝတ်ကို မကျင့်ရသေးသော ရဟန်းဟူ၏။

တံ ဒိဋ္ဌိ အပ္ပဋိနိဿဋ္ဌေန။ ။မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ မှားသော မြင်ခြင်းကို ရစေ။ တံ တာဒိသံ ပါပကံ ဒိဋ္ဌိ တံဒိဋ္ဌိ။ ထို ယုတ်မာသော မှားသောအယူကို ရစေ။

ပဋိနိဿဇ္ဇတီတိ ပဋိနိဿဋ္ဌော။စွန့်တတ်သော ရဟန်းကို ရစေ။ န ပဋိနိဿဋ္ဌော အပ္ပဋိနိဿဋ္ဌော။ မစွန့်သောရဟန်းကို ရစေ။ သြသာရဏကံ မပြုရသေးသော်လည်း မိစ္ဆာအယူကို စွန့်ပြီးပြီဟု သိသော် သမ္ဘောဂစသည် ပြုကောင်းပြီဖြစ်၍ ထိုရဟန်းကား ထိုမိစ္ဆာအယူကို မစွန့်သေးဟု ဝိသေသန ကူမသည်ဟုသိ။

သံဘုဥ္ဇေယျ။ ။အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ နှစ်ပါးကိုပြုခြင်းကို ဆိုသည်၊ ဆွမ်းစသော အာမိသကို မိမိအား၊ပေးသဖြင့် ခံယူသုံးစွဲခြင်း, မိမိက ထိုရဟန်းအား ဆွမ်းစသော အာမိသကို ပေးကမ်းစွန့်ကြဲခြင်း နှစ်မျိုးကို အာမိသသမ္ဘောဂ ခေါ်သည်။ ပါဋိတော်အဋ္ဌကထာဓမ္မတို့ကို ပို့ချပေးခြင်း သင်ယူခြင်း နှစ်မျိုးကို ဓမ္မသမ္ဘောဂခေါ်သည်ဟု သိ။

သံဝသေယျ။ ။ဥက္ခိတ္တက ရဟန်းနှင့် အတူတကွ ဥပုသ်ပဝါရဏာစသော ကံပြုခြင်းကို ဆိုသည်။

သဟဝါသေယံ့ ကပ္ပေယျ။ ။အကာအရံ ဥပစာပင် ခြားသော်လည်း တခုတည်းသော အမိုးရှိသော ကျောင်း၌ ဥက္ခိတ္တက ရဟန်းနှင့် အတူတကွ အိပ်ခြင်းကို ပြုခြင်းကို ဆိုသည်။

ပါစိတ္တိယံ။ ။အာမိသသမ္ဘောဂ၌ တကြိမ်သောပယောဂဖြင့် များစ့ာပေးခြင်း, ယူခြင်းပြုအံ့ ပါစိတ်တချက်။ ဖြတ်၍, ဖြတ်၍ပေးခြင်း ယူခြင်း

၁၀-ကဏ္ဍက

၁၀။ သမဏာဒ္ဒေသောပိ၊ သာမဏေသည်လည်း။ ဧဝံ–သို့။ စေဝဒေယျ၊ –အံ့။ ကိံဝဒေယျ၊–နည်း။ယေမေ ဓမ္မာ၊–တို့ကို။ အန္တရာယိကာ၊–၍။ ဘဂဝတာ၊–သည်။ ဝုတ္တာ၊–ကုန်၏။ တေ ဓမ္မေ၊–တို့ကို။ ပဋိသေဝတော၊ –အား။ ယထာ၊–ဖြင့်။ အန္တရာယိကာယ၊–၌။ အလံ၊–သည်။ နု ဟော်၏၊ –ကုန်။ တထာ၊–ဖြင့်။ ဘဂဝတာ၊–သည်။ ဒေသိတံ၊–သော။ ဓမ္မံ၊–ကို။ အဟံ၊–သည်။ အာဇာနာမိ၊–၏။ ဣတိ၊–သို့။ ဝဒေယျ၊–အံ့။ သော သမဏုဒ္ဒေသော၊–ကို။ဘိက္ခု၊ဟိ၊–တို့သည်။ဧဝံ၊–သို့။ဝစနီယော၊–သည်။ အာသ၊–၏။ကိံ အာသ၊–နည်း။အာဝုသော သမဏုဒ္ဒေသ၊ ငါ့ရှင်သံဃာတော်။ တုံ၊ သင်သည်။ဧဝံ၊–သို့။မာ အဝစ၊–လင့်။ဘဂဝန္တံ၊–ကို။ မာ အဿောစိတ္ထ၊

ပြုသော် ပယောဂတိုင်း ပါစိတ်။ ဓမ္မသမ္ဘောဂ၌ ပဒသောဓမ္မသိက္ခာပုဒ်အတိုင်း ပါစိတ်။ သံဝါသ၌ ကံအဆုံး ပါစိတ်။ သဟဝါသေယျ၌ အိပ်ခြင်းပယောဂတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ အရိဋ္ဌ ရဟန်းနှင့်တကွ သုံးဆောင်သော ဝတ္ထု။။ သာ၊ အနာ၊ ပါစိတ်၊ ဥက္ခိတ္တကဿ ဓေမတိက ဒုက္ကဋ်၊ အနုက္ခိတ္တကဿ ဒုကဒုက္ကဋ်။ နှစ်ယောက်စလုံး၌ အနုက္ခိတ္တကဟု မှတ်ထင်သော ရဟန်း, သွင်းအပ်ပြီးပြီဟူ၍ၜင်း အယူကို စွန့်ပြီးပြီဟူ၍ၜင်း သိသောရဟန်း, ဥမ္မတ္တကရဟန်း စသည်ကိုအား အနာပတ္တိ၊ မသွင်းအပ်သေးသော သြသာရဏာကံရှိသော ရဟန်းဖြစ်ခြင်း, မသွင်းရသေးဟု သိခြင်း, သမ္ဘောဂစသည်ကို ပြုခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊တိစိတ္တ၊ တိဝေဒနာသာ ထူး၏။။

ဆောင်——သြသာရဏာ၊မပြုရသေး၊သိရေးတတန်၊ သမ္ဘောဂမှု၊စသည်ပြုက၊ အင်သုံး၀၊ မှတ်ကြ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ပြီး၏။

၁၀-ကဏ္ဍက

သမဏုဒ္ဒေသော။ ။သမဏော ဣတိ ဥဒ္ဒိသိဘဗ္ဗောတိ သမဏုဒ္ဒေသော။ ရဟန်း အသွင် အကျင့်ရှိသောကြောင့် သမဏဟု ညွှန်ပြအပ်သော သာမဏေကို ရစေ။ သာမဏေရနှင့် သမဏုဒ္ဒေသကား အနက်တူ၏။

–လင့်။ ဘဂဝတော၊–အား။ အဗ္ဘာစိက္ခနံ၊–သည်။ နဟိ သာဓု၊–တည်း။ ဟိ ယသ္မာ၊–ကြောင့်။ ဘဂဝါ၊–သည်။ ဧဝံ၊–သို့။ နဝေဒယျ၊–ရာ။ အာဝုသော သမဏုဒ္ဒေသ၊–ဏော။ ဘဂဝတာ၊–သည်။ အနေက ပရိယာယေန၊ဖြင့်။ အန္တရာယိကာ၊–ကုန်သော။ ဓမ္မာ၊–တို့ကို။ ဝုတ္တာ၊–ကုန်၏။ တေ ဓမ္မေ၊–တို့ကို။ ပဋိသေဝတော၊–အား။ အန္တရာယာယ၊–ဌာ။ အလဉ္စ ပန၊–လျှင်။ဟောတိ၊–၏။ ဣတိ တသ္မာ၊–ကြောင့်။ နဟိ သာဓု၊–တည်း။ ဣတိ၊–သို့။ ဝစနီယော၊–သည်။ အဿ၊–၏။ ဧဝဉ္စ ပန၊–လျှင်။ဘိက္ခူဟိ၊ –တို့သည်။ ဝုစ္စမာနော၊–သော။ သော သမဏုဒ္ဒေသော၊–သည်။ တထေဝ၊–လျှင်။ ပဂ္ဂဏှေယျ၊–အံ့။ သော သမဏုဒ္ဒေသော၊–ကို။ ဘိက္ခူဟိ၊–သည်။ ဧဝံ၊–သို့။ ဝစနီယော၊–သည်။ အဿ၊–၏။ ကိံ အဿ၊–နည်း။ အာဝုသော သမဏုဒ္ဒေသ၊–ဏော။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ တေ၊ သင်သည်။ သော ဘဂဝါ၊–ကို။ သတ္ထာ၊ ဆရာဟူ၍။ န စေဝ အပဒိသိတဗ္ဗော၊ မည္သူန်ကြားအပ်သည်သာတည်း။ အညေ၊ သင်မှ တပါးကုန်သော။ သမဏုဒ္ဒေသာ၊–တို့သည်။ ဘိက္ခူဟိ၊–တို့နှင့်။ သဒ္ဓိ၊–ကို။ ဒိရတ္တ တိရတ္တံ၊နှစ်ညဉ့် သုံးညဉ့်ပတ်လုံး။ ယံပိ စ သဟသေယ္ယ၊

အဇ္ဇတဂ္ဂေ–ဝိနဿာတိ။ ။ဤဝါကျဖြင့် အာဏာတော်ကို လွန်ကျူး၍ ပြောဆိုသော သာမဏေအား ဒဏ်ပေးသော အမှုဖြင့် ဖျက်ဆီးရမည့် အဖြစ်ကို ပြသည်။ အဇ္ဇတဂ္ဂေ-၌ အဇ္ဇတံ အဂ္ဂေ-ဟု ပုဒ်ဖြတ်၊အဂ္ဂ-သဒ္ဒါ အာဒိအနက်ဟော။ အဇ္ဇဒဂ္ဂေ ဟူ၍လည်း အခွါ၌ ပါဠိရှိ၏။ ဒ-ကား အာဂမသန္ဓိဇတည်း၊ ယနေ့ကို အစပြု၍ဟု အနက်ပေး။ ပိရေ-ကား အနာဒရ အနက်၌ အာလုပ်ပုဒ်၊ ပရ-သဒ္ဒါနှင့် အနက်တူဟု သိ။ သာသနာတော်၏ အတွင်းသား မဟုတ်တော့ သာသနာတော်၏ သူစိမ်းပြင်ပဖြစ်၍ ငါတို့ သင့်ကို မနှစ်သက် မမြတ်နိုးအပ် ဟူ၏။

တနည်း–ပရတောပုဒ်နှင့် အနက်တူသော နိပါတ်ပုဒ်၊ အရပ်တပါး ဟူသော အနက်ကို မှတ်။ ။ဝိနဿ-ကား မမြင်ရာ အရပ်သွားပြီး ပျက်ပြားခြင်း အနက်ဟောဟု သိ။

ယော ပန ဘိက္ခု–ပါစိတ္တိယံ။ ။ဤဝါကျတို့ဖြင့် ဤကဲ့သို့သော သာမဏေကို ချီးမြှောက်ခြင်း စသည်ပြုရာ၌ အာပတ်သင့်သည်ကို ပြသည်။ တထာ နာသိတံ-၌ နာသနပျက်စီးခြင်းသည် သံဝါသနာသန, လိင်္ဂနာသန, ဒဏ္ဍကမ္မနာသနအား ဖြင့် သုံးမျိုးပြား၏။ ထိုတွင်—

အကြင် တမိုး တရံတည်းသောကျောင်း၌ တကွ အိပ်ခြင်းကိုလည်း။လဘန္တိ၊-ကုန်၏။ သာပိ၊ ထို တမိုး တရံတည်းသော ကျောင်း၌ တကွ အိပ်ခြင်း သည်လည်း။ တေ၊ သင်အား။ နတ္ထိ၊ မရှိ။ ပိရေ၊ ငါတို့ မမြတ်နိုးအပ်သော သာမဏေ။ စရ၊ သွားလော့။ [တနည်း–စရပိရေ၊ အရပ်တပါးသို့ ဖဲသွား လေလော့။] ဝိနဿ၊ ပျောက်ပျက်လေလော့။ ဣတိ၊–သို့။ ဝစနီယော၊–သည်။ အာဿ၊–၏။ ယော ပန ဘိက္ခု၊–သည်။ ဇာနံ၊–လျက်။ တထာ နာသိတံ၊ထိုသို့ သဘောရှိသော ဒဏ်အမှုဖြင့် ဖျက်ဆီးအပ်သော။သမဏုဒ္ဒေသံ၊–ကို။ ဥပလာပေယျ ဝါ၊ ဖြားယောင်း ချီးမြှောက်ငြားအံ့။ ဥပဋ္ဌာပေယျဝါ၊ မိမိအား လုပ်ကျွေးခြင်းကို ပြုစေငြားအံ့။ သံဘုဉ္ဇေယျဝါ၊–အံ့။ သဟဝါသေယံ့၊–ကိုလည်း။ ကပ္ပေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။

သတ္တမော၊ သော။ သပ္ပါဏက ဝဂ္ဂေါ၊–သည်။ နိဋ္ဌိတော၊–ပြီ။

အာပတ်ကို မရှုခြင်း စသော အကြောင်းတို့ကြောင့် ဥက္ခေပနကံ ပြုခြင်းသည် ပေါင်းဖော်ခြင်းကို ဖျက်ဆီးရာ ရောက်ရကား သံဝါသနာသန မည်၏။

[အရိဋ္ဌရဟန်းကို ဖျက်ဆီးသကဲ့သို့ အပေါင်းအသင်း မလုပ်ရအောင် ဖျက်ဆီးထားခြင်း ဟူ၏။]

ဖျက်ဆီးတတ်သော ရဟန်းကို ဖျက်ဆီးရမည်, မေတ္တိယဘိက္ခုနီမကို ဖျက်ဆီးကြ, လူထွက်ပစေ၊ ဤသို့ စသော ဖျက်ဆီးခြင်းမျိုးသည် လိင်္ဂနာသန မည်၏။

ငါ့ရှင် သာမဏေ ယနေ့မှစ၍ မြတ်စွာဘုရားကို သင့်ဆရာဟူ၍ မည်နှုန်ကြားနှင့်တော့၊ ဤသို့ စသည်ဖြင့် ဖျက်ဆီးခြင်းမျိုးသည် အပြစ် ဒဏ်ပေးသောအမှုဖြင့် ဖျက်ဆီးရကား ဒဏ္ဍကမ္မနာသန မည်၏။

ထိုသုံးပါးတို့တွင် ဤသိက္ခာပုဒ်၌ ဒဏ္ဍကမ္မနာသနကို ယူရမည်ဟု သိ။

ဆောင်—သံဝါ–လိင်္ဂ်၊ ဒဏ်-ကမ္မ၊ သုံးဝ နာသနာ။

ဒဏ္ဍ ကမ္မ၊ နာသန၊ ယူရ ဤသိက္ခာ။

ဥပလာပေယျ–ကပ္ပေယျ။ ။သပိတ်သင်္ကန်းပေးမည်, ပါဋိ အဋ္ဌကထာ သင်ပေးမည် စသည်ပြော၍ ချီးမြှောက်ခြင်းကို ဥပလာပေယျ ဆိုသည်။ ။ဥပဋ္ဌာပေယျ ဟူသည် ထိုသာမဏေ၏ ရေချိုးကသယ်မှုန့်

သဟဓမ္မိကဝဂ္ဂ၊ ၁-သဟဓမ္မိက

၁။ ယော ပန ဘိက္ခု၊-သည်။ဘိက္ခူဟိ၊-တို့သည်။ သဟ ဓမ္မိကံ၊သိက္ခာပုဒ်တော်ဖြင့်။ ဝုစ္စမာနေ၁၊ ဆိုဆုံးမအပ်သည်ရှိသော်။ဧဝံ၊-သို့။ဝဒေယျ၊-အံ့။ ကိံ ဝဒေယျ၊-နည်း။ အာဝုသော၁၊-ရှင်။ အဟံ၊-သည်။ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဗျတ္တံ၊ သိကြား လိမ္မာသော။ ဝ၊ အထူးထူး အပြားပြားသော သိက္ခာပုဒ်ကိုသိသော။ ဝိနယဓရံ၊ ဝိနည်းပိဋကကိုဆောင်သော။ အလံ၊-သော။ ဘိက္ခုံ၊-ကို။ န ပရိပုစ္ဆာမိ၊ မမေးရသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တေသံ သိက္ခာပဒေ၊

မြေမျှန့်စသည်ကို သာယာလျက် ထိုသာမဏေ၏ အလုပ်အကျွေးခံခြင်းကို ဆိုသည်။ ။သံဘုဉ္ဇေယျနှင့် သဟဝါသေယျ ကပ္ပေယျတို့ကား အရိဋ္ဌသိက္ခာပုဒ်နှင့် တူကြ၏။ အာပတ်အပြားကိုလည်း အရိဋ္ဌသိက္ခာပုဒ်အတိုင်း သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ကဏ္ဋကသာမဏေကို ဖြားယောင်းသော ဝတ္ထု၊ အကြောင်းအရိဋ္ဌသိက္ခာပုဒ်နှင့် တူပြီ။

ကဏ္ဋက သိက္ခာပုဒ် ပြီး၏။

သပ္ပါဏကဝဂ် ပြီး၏။

သဟဓမ္မိကဝဂ္ဂ၊ ၁-သဟဓမ္မိက

သဟဓမ္မိကံ-ဝဒေယျ။ ။သဟဓမ္မိက်-ကား ကရိဏ်း အနက်၌ ဒုတိယာဝိဘတ် သက်ထား၍သည်။ ဖြင့်-ဟု အနက်ပေး။ ။ဝဒေယျ ဟူသည် ဤကဲ့သို့ မလုပ်သင့်ကြောင်းကို ပြောဆိုဆုံးမသည်ရှိသော် ဤသိက္ခာပုဒ်ကို မကျင့်နိုင်ဟု တိုက်ရိုက်ပြောဆိုလျှင် အနာဒရိယ သိက္ခာပုဒ်အရ ပါစိတ် အာပတ် သင့်မည်ကို ကြောက်သောကြောင့် ဖြောင့်ဖြောင့်တန်းတန်း မဆိုဘဲ အမြွက်ထောင်၍ ဤသို့ ဆိုလိုက်သည်ဟု ဆိုလိုသည်။ ။ဆိုပုံကို "န တာဝဟံ" စသော ဝါကျဖြင့် သိ။

န တာဝဟံ-ပရိပုစ္ဆာမိ။ ။ဤဝါကျဖြင့် ဧဝံဟူသောပုဒ်ဖြင့် ညွှန်ပြအပ်သော ဆိုပုံအခြင်းအရာ အာကာရကို ပြသည်။ အဓိပ္ပါယ် ပါဠိလျောက်အတိုင်းသိ။ တာဝ-ကား ကာလကို ပိုင်းခြားပြသော နိပါတ်ပုဒ်၊ ဝိနည်းဓိုရ် မမေးမြန်း မစုံစမ်းရသေးသော ကာလအတွင်း ဟူ၏။

–၌။ (ယံ၊အကြင်စကားကို။ ဝုတ္တံ၊....၏။ တံ၊ ထိုစကားကို။)နာ သိက္ခိသာမီ၊ မကျင့်အံ့။ ဣတိ၊–သို့။ ဝဒေယျ၊–အံ့။ တဿ ဘိက္ခုနော၊–အား။ ပါစိတ္တိယံ၊–၏။ ဘိက္ခဝေ၊–တို့။ သိက္ခမာနေန၊ ကျင့်ခြင်းငှါ အလိုရှိသော။ (ဝါ၊ အဓိသီလသိက္ခာကို မြတ်နိုးသည်။ ဟုတ္ဝာ၊–၍)။ ဘိက္ခုနာ၊–သည်။ အညာတဗ္ဗံ၊ သိအောင်ပြုအပ်၏။ ပရိပုစ္ဆိတဗ္ဗံ၊ အဖန်တလဲလဲ မေးအပ်၏။ ပရိပဉ်ဟိတဗ္ဗံ၊ အဖန်တလဲလဲ စဉ်းစားနှိုင်းချိန်အပ်၏။ အယံ၊ ဤသို့ပြုခြင်းသည်။ တတ္ထ၊ ထိုသိက္ခာပုဒ်ဖြင့် ဆိုရာ၌။ သာမိစိ၊–တည်း။

ဝိဝိဓံ အယတိ ဇာနာတီတိ့ ဗျတ္တော။ အထူးထူးသော သိက္ခာပုဒ်ကို သိသော ရဟန်းကို ရစေ။ အင်္ဂကထာနှင့်တကွသော ဝိနည်းပိဋကဉ် လိမ္မာသော ရဟန်းဟူ၏။ ။ကာယဝါစံ ဝိနေတီတိ့ ဝိနံယော။ ကိုယ်နှုတ်နှစ်ပါးကို ဆုံးမတတ်သော ဝိနည်း ပိဋကကို ရစေ။ ။ဝိနယံ ဓာရေတီတိ့ ဝိနယဓရော။ ဝိနည်းပိဋကကို ဆောင်သော ရဟန်းကို ရစေ။

ဝိနည်းဓိုရ်အာနိသင် ၅-၁၁-ပါး။ ။ဝိနံညိးဓိုရ် ရဟန်းသည် ဝိနည်း ပရိယတ်ကို အကြောင်းပြု၍ အကျိုးအာနိသင် ၅-ပါးမှ စ၍ ၁၁-ပါးအထိ ရနိုင်သည်။ ရပုံ-သီလ လုံခြုံခြင်း, ကုက္ကုစ္စ နှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်အားထားရာ ဖြစ်ခြင်း, သံဃာ့အလယ်၌ ရဲရဲရင့်ရင့် ပြောဆိုဝံ့ခြင်း, မိမိ၏ရန်သူ သာသနာ့ရန်သူတို့ကို တရားသဖြင့် နှိပ်နင်းတားမြစ် နိုင်ခြင်း, သူတော်ကောင်းတရားကို ကျင့်နိုင်ခြင်း ဤ ၅-ပါးသော အကျိုးတရား များလည်း ရနိုင်၏။

ထို့ပြင် ဥပုသ်ကို အစိုးရခြင်းတပါး ထပ်ထည့်လျှင် ၆-ပါး, ၎င်းခြောက်ပါး၌ ပဝါရဏာကို အစိုးရခြင်း တပါးထပ်ထည့်လျှင် ၇-ပါး, ၎င်း ခုနစ်ပါး၌ အပလောကနကံ စသော သံဃာ့ကံလေးပါးကို အစိုးရခြင်းတပါး ထပ်ထည့်လျှင် ၈-ပါး, ၎င်းရှစ်ပါး၌ ဥပဇ္ဈာယ်ပြု၍ ရှင်ပြုပေးနိုင်ခြင်း တပါး ထပ်ထည့်လျှင် ၉-ပါး, ၎င်းကိုးပါးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ ပေးနိုင်ခြင်းတပါး ထပ်ထည့်လျှင် ၁၀-ပါး, ၎င်းဆယ်ပါး၌ နိဿည်းပေးနိုင်ခြင်းနှင့် သာမဏေတို့၏ အလုပ်အကျေး ခံနိုင်ခြင်းတပါး ထပ်ထည့်သော် ၁၁-ပါးအထိ ရနိုင်၏ဟု သိ။

ဆောင်—သီလလုံစ့ဝ၊ အားထားရာ၊ သံဃာလယ်၌ဆို။
ရန်သူနှိပ်ထား၊ ကျင့်တရား၊ ကျိုးငါး ဝိနည်းဓိုရ်။
ဥပုသ် ပဝါရဏ၊ ကံလေးဝ၊ စိုးရ သုံးခုလာ။
ရဟန်းပဋ္ဌာယ်၊ ရှင်ပဋ္ဌာယ်၊ နှစ်သွယ် ထည့်လေပါ။

နိသျည်းပေး၊ လုပ်ကျွေးရှင်မျှား၊ ပေါင်းတပါး၊ ခြောက်ပါး သရုပ်လာ။
ခြောက်မှဆယ့်တစ်၊ တစ်နှစ်လစ်၊ ဖြစ်၏ နိသံသာ။
သိက္ခမာနေန-သာမိစိ။ ။ဤဝါကျဖြင့် သိက္ခာပုဒ်၌ ပြုကျင့်အပ်သော ဝတ်ကို ပြသည်။ သိက္ခိတုံ မာနေတိတိ သိက္ခမာနော။ ကျင့်ခြင်းငှါ အလိုရှိသော ရဟန်းကို ရစေ။ တနည်း - သိက္ခံ မာနေတိတိ သိက္ခ-မာနော။ အဓိသီလသိက္ခာကို မြတ်နိုးသော ရဟန်းကို ရစေ။ ဤသိက္ခမာနေန ပုဒ်ကား-သာ ကာလီ ဘိန္နေန သီသေန ပုဒ်ကဲ့သို့ ဣတ္ထမ္ဘူတာဝျာန အနက်၌ ကရိဏ်းဝိဘတ် သက်ထားသည်ဟု ဆိုကြ၏။ "သိက္ခမာနေန၊ ကျင့်ခြင်းငှါအလို ရှိသည်။ ဝါ၊ အဓိသီလသိက္ခာကို မြတ်နိုးတတ်သည်။ ဟုတ္တာ၊-၍" ဟု အနက် ပေး။

တနည်း-ဟေတုမန္တာ ဝိသေသနဟုလည်း ဆိုကြ၏။ သော-ဟု အနက်ပေး။ ရဟန်းဟူသည် ကျင့်ကြံလိုသော စိတ်ရှိပြီး သိက္ခာပုဒ်များ၏ အနက်အဓိပ္ပါယ် သဘောသဘာဝတ္ထကို မသိလျှင် သိအောင်ပြုရမည်။ မသိလျှင် ဤသိက္ခာပုဒ်၏ အဓိပ္ပါယ်ကား ဘယ်လိုပါနည်း စသည်ဖြင့် မေးရမည်။ မေးပြီးနောက် သဘော ပေါက်အောင် ကြံရမည်။ ဤအတိုင်း ပြုလုပ်ပါလျှင် လောကုတ္တရာရကြောင်း ကောင်းသော အကျင့်ဖြစ်သည်။ ဤကား ယင်းဝါကျ၏ အဓိပ္ပါယ်။

နိဒါန်းစသည်။ ။ကောသမ္မိ၊ ဆန္နထေရ်၊ သိက္ခာပုဒ်လာတိုင်း ဆိုသောဝတ္ထု။ သာ၊ အနာ။ ဥပသမ္ပန္နဒ္ဒ် တိကပါစိတ်၊ တိကဒုက္ကဋ်၊ ပညတ်တော် မဟုတ်သောစကားဖြင့် ဆုံးမရာ၌ ဤအတိုင်းဆိုသော ရဟန်းအား ဒုက္ကဋ်၊ သိအောင်ပြုအံ့ ကျင့်ကြံအံ့ဟုဆိုသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ရဟန်းက ပညတ်တော်ဖြင့် ဆုံးမခြင်း, မကျင့်လိုသဖြင့် ဤသို့ ဆိုခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် **အဒိန္နာဒါန်**နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ရဟန်းတော်က၊ ပညတ်ပြု၍၊ ဆုံးမလေလင့်၊ မကျင့်ကြံလို၊ ဤသို့ ဆိုက၊ အင်္ဂါနှစ်ဝ၊ သဟဓမ္မိကာ။

သဟဓမ္မိကသိက္ခာပုဒ်ပြီး၏။

၂-ဝိလေခန

၂။ ယော ပန ဘိက္ခု၊-သည်။ ပါတိမောက္ခေ၊-ကို။ ဥဒ္ဒိဿမာနေ၊ ပြဆိုအပ်သည် ရှိသော်။ ဧဝံ၊-သို့။ ဝဒေယျ၊-၏။ ဥဒ္ဒိဋ္ဌေဟိ၊ ပြဆိုအပ်ကုန်သော။ ခုဒ္ဒါနုခုဒ္ဒကေဟိ၊ ငယ်ကုန် အလွန်ငယ်ကုန်သော။ ကွေမေဟိ သိက္ခာပဒေဟိ၊-တို့ဖြင့်။ ကိံ ပန၊ အဘယ်အကျိုး ရှိအံ့နည်း။ ကုက္ကုစ္စာယ၊ နှလုံး မသာယာခြင်းငှါ။ ဝိဟေသာယ၊ စိတ်ပင်ပန်းခြင်းငှါ။ ဝိလေခါယ၊ စိတ်အရေးအကြောင်း ဖြစ်ခြင်းငှါ။ ယာဝဒေဝ အာတိဝိယ၊ အလွန်လျှင် ဖြစ်ကုန်သည်သာလျှင်။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကွေတိ၊-သို့။ ဝဒေယျ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ သိက္ခာပဒ ဝိဝဏ္ဏကေ၊ သိက္ခာပုဒ်တို့ကို ကဲ့ရဲ့ခြင်းကြောင့်။ ပါစိတ္တိယံ၊-၏။

၂-ဝိလေခန

ဥဒ္ဒိဿမာနေ။ ။ဥဒ္ဒိသန ဟူသည် သင်ယူခြင်း သရဇ္ဈာယ်ခြင်းကို ဆိုသည်၊ ဆရာက တပည့်အား သင်ပေး ရွတ်ပြ ပို့ချသောအခါ, သရဇ္ဈာယ်သည့် အစွမ်းဖြင့် ပြန်ဆိုသောအခါတို့ကို ဆိုသည်။

ကိံ ပနမေဟိ-သံဝတ္တန္တိ။ ။ဤဝါကျဖြင့် ပြောဆိုပုံ အခြင်းအရာကို ပြသည်။ ဤဝါကျ၌ ခုဒ္ဒ အနုခုဒ္ဒက ဟူသည် ပါရာဇိကသိက္ခာပုဒ်ကို ဖယ်ထား၍ သံဃာဒိသေသ်မှ စ၍ အလုံးစုံသော သိက္ခာပုဒ်တို့ကို ပရိယာယ်အားဖြင့် ခုဒ္ဒ အနုခုဒ္ဒက ခေါ်ယူရမည်။ ယူပုံ-သံဃာဒိသေသ်ကို ခုဒ္ဒ, ထို့အောက် ငယ်သော ထုလ္လစ္စည်း စသော သိက္ခာပုဒ်များကား အနုခုဒ္ဒက၊ ထုလ္လစ္စည်းသည် ခုဒ္ဒ, ထို့အောက် ငယ်သော ပါစိတ်စသော သိက္ခာပုဒ်များကား အနုခုဒ္ဒက၊ ပါဋိဒေသနီသည် အနုခုဒ္ဒက၊ ပါဋိဒေသနီသည် ခုဒ္ဒ, ဒုက္ကဋ်သည် အနုခုဒ္ဒကး၊ ဒုက္ကဋ်သည် ခုဒ္ဒ, ဒုဗ္ဘာသိသည် အနုခုဒ္ဒက၊ ဤကား ပရိယာယ်အားဖြင့် ထောက်၍ ထောက်၍ ယူပုံတည်း။ ဤယူပုံ၌ သံဃာဒိသေသ်ကား ခုဒ္ဒသာ အနုခုဒ္ဒက မမည်၊ ဒုဗ္ဘာသိ-ကား အနုခုဒ္ဒကသာ, ခုဒ္ဒ မမည်၊ ပါရာဇိကကား နှစ်ပါးစုံ မမည်ဟု သိ။ **မိလိန္ဒပဉှာ**-၌ "ဒုက္ကဋ်မဟာရာဇ ခုဒ္ဒကံ ဒုဗ္ဘာသိတံ အနုခုဒ္ဒကံ"ဟု မိန့်သည်ကား ထိုမင်း၏ဝါဒကို ပြတ်စေခြင်းငှါ အဆုံးဖြစ်သော အစုကိုယူ၍ မိန့်သည်ဟု သိ။ ကခ်ါဠိကာ၌ ထေရဝါဒ အမျိုးမျိုး လာသေး၏၊ အလိုရှိက ကြည့်လေ။

ယာဝဒေဝ။ ။ဤပုဒ်ကို သံဝတ္တနမရိယာဒ ပရိစ္ဆေဒအနက်, အတိသယဝဝတ္ထာန အနက်အားဖြင့် နှစ်နက်ဖွင့်၏။ သံဝတ္တန မရိယာဒ ပရိစ္ဆေဒ ဟူသည် သံဝတ္တနကြိယာ၏ အပိုင်းအခြားကို ကန့်သတ်ပြသော အနက်တည်း။

၃—မောဟန

၃။ ယော ပန ဘိက္ခု၊—သည်။အန္ဓဗုမာသံ၊လခွဲတိုင်း လခွဲတိုင်း။ပါတိ မောက္ခေ၊—ကို။ ဥဒ္ဒိဿမာနေ၊—သော်။ ဧဝံ၊—သို့။ဝဒေယျ၊—၏။ ကိဉ္စဝဒေ-ယျ၊—နည်း။ ခေါ၊စင်စစ်။ ဣဒါနေဝ၊ယခုအခါ၌ သာလျှင်။ အဟံ၊—သည်။

ဆရာများက မိမိအလိုလို သင်ပေးသောအခါ, တပည့်များက တောင်းပန်၍ သင်ပေးသောအခါ, သရဇ္ဈာယ်သောအခါ သိက္ခာပုဒ်များသည် အပ်သလော–မအပ်သလောဟု ကုက္ကုစ္စ စသည် ဖြစ်ရုံသာ, အကျိုးထူး မရှိပြီ၊ ဤသိက္ခာပုဒ်များသည် ကုက္ကုစ္စ တိုင်ရုံ ဝိဟေသဝိလေခတို့ တိုင်ရုံသာ ဖြစ်နိုင်သည်၊ ထို့ထက် အလွန် အကျိုးထူး မရှိဟူ၏။ အတိသယဝဝတ္ထာနဟူသည် ဤသိက္ခာပုဒ်များသည် အလွန်အလွန် ကုက္ကုစ္စ စသည်အကျိုးငှါသာ ဖြစ်ကြသည်ဟု ဆိုလိုသည်။

ကုက္ကုစ္စစသည် ၃–ပါး အထူး။ ။ဤအမှုသည် အပ်လေသလော, မအပ်ဘဲ ရှိလေသလောဟု ကြံစည်၍ စိတ်နှလုံး မသာယာမှုကို ကုက္ကုစ္စ ခေါ်သည်၊ ထိုကဲ့သို့ ကြံစည်ခြင်းကြောင့် စိတ်နှလုံး ပင်ပန်းမှုကို ဝိဟေသ ခေါ်သည်၊ ယုံမှားသံသယ ဝိစိကိစ္ဆာဖြစ်နေမှုကို မနောဝိလေခ ခေါ်သည်။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဝိနည်းကို ကဲ့ရဲ့သော ဝတ္ထု။ သာ၊ အနာ။ ဥပသမ္ပန္နဒ္ဒ တိကပါစိတ်၊ တိကဒုက္ကဋ်။ တပါးသော တရားကို ကဲ့ရဲ့ရာဌ်လည်း ဒုက္ကဋ်၊ မကဲ့ရဲ့လိုသဖြင့် သုတ္တန်ကို ဖြစ်စေ, ဂါထာတို့ကို ဖြစ်စေ, အဘိဓမ္မာကို ဖြစ်စေ သင်ယူပြီးမှ ဝိနည်းကို သင်ရန် တိုက်တွန်းသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ကဲ့ရဲ့လိုခြင်း, ရဟန်းထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ကဲ့ရဲ့လိုပြန်၊ ရဟန်းထံမှာ၊ သိက္ခာပုဒ်ကို၊ ကဲ့ရဲ့ဆိုပေ၊ အင်နှစ်ထွေ့၊ ဝဝလေခနာတည်း။

ဝိလေခနသိက္ခာပုဒ် ပြီး၏။

၃—မောဟန

အန္ဓဗုမာသံ—ဝဒေယျ။ ။အနု အနု အဗုမာသံ အန္ဓဗုမာသံ။ အနု-ကား ဝိစ္ဆာဇောတက ဥပသာရပုဒ်၊ လခွဲကိုင်း လခွဲတိုင်း ဟူသော အနက် မှတ်။ ။ဥဒ္ဒိဿမာနေ အရ ရှေး သိက္ခာပုဒ်၌၊ ကဲ့သို့ သင်ယူ

ဇာနဲ့ဘမီ၊သိ၏။ အယံပိ ဓမ္မော၊ ဤတရားသည်လည်း။ သုတ္တာဂုတော ကိရ၊ ပါတိမောက်၌ လာသတတ်။ သုတ္တ ပရိယာပန္နော ကိရ၊ ပါတိမောက်၌ အကျုံးဝင်သတတ်။ အန္ဓစုမာသံ၊-တိုင်း။ ဥဒ္ဒေသံ၊-သို့။ အာဂစ္ဆတိ ကိရ၊ ရောက်သတတ်။ ဤတိ၊-သို့။ ဝဒေယျ၊-အုံ့။ အညေ၊ တပါးဂုဏ်သော။ ဘိက္ခူ၊-တို့သည်။ တံ ဘိက္ခုံ၊-ကို။ ဒုတိယဒုတိယံ၊နှစ်ကြိမ် သုံးကြိမ်။ ပါတိမောက္ခေ၊-ကို။ ဥဒ္ဒိဿမာနေ၊-သော်။ တသ္မိံ ဌာနေ၊-၌။[ထည့်] ဤမိနာဘိက္ခုနာ၊-သည်။နီသိန္နပုဗ္ဗံ၊ရှေး၌ နေဘူးပြီ။ ဤတိ၊-သို့။ စေ ဇာနေယျုံ၊-အုံ့။ ဧပံ သတိ၊-သော်။ တဿ ဘိက္ခုနော၊-အား။ အညာဏကေန၊ မသိချင်ယောင် ဆောင်သဖြင့်။ မုတ္တိ၊ (အာပတ်မှ) လွတ်ခြင်းသည်။ နစ အတ္ထိ၊ မရှိသည်သာတည်း။ ဘိယျော၊ ထို့ထက်အလွန် နေဘူးသည်ရှိသော်။ ကော ပန ဝါဒေါ၊ အဘယ် ဆိုဘွယ်ရာရှိအံ့နည်း။ တတ္ထ၊ ထိုမကျင့်

သရဇ္ဈာယ်ခြင်းအင်္ဂါကို မယူရ၊ ဥပုသ်ပြုသည့်အခါ ရဟန်းတို့ ပါတိမောက်ပြခြင်းကို ယူရမည်။ ။ဧဝံ ဝဒေယျ-ဖြင့် မကျင့်ကောင်းသောအမှုကို ပြုကျင့်ပြီး၍ မသိချင်ယောင် ဆောင်သော်လည်း ပြုကျင့်မိသည့်အတွက် အာပတ်မှ မလွတ်သည်ကို သိစေသည်။

ဤဒါနေဝ ခေါ-အာဂစ္ဆတိ။ ။ဤဝါကျဖြင့် မသိယောင်ဆောင်သော အခြင်းအရာကို ပြသည်။ ဆဗ္ဗဂ္ဂိ ရဟန်းတပါးသည် ဥပုသ်နေ့ ပါတိမောက်ပြသောအခါ(ဤရဟန်း သိက္ခာပုဒ်ကို လွန်ကျူးခြင်းသည် မသိလို့သာ ဖြစ်၏။ သိလျှင် လွန်ကျူးမှာ မဟုတ်ဟု မိမိအပေါ်၌ တပါးသော ရဟန်းများက အထင်အမြင်ကြီးလာအောင်) ရှေးတုန်းက မသိ၊ ယခုမှသာ တပည့်တော် သိရပါသည်, ဤသိက္ခာပုဒ်လည်း ပါတိမောက်၌ လာသကိုး, ပါတိမောက်၌ ပါဝင်သကိုးဟု ပြောဆိုသည် ဟူ၏။ ခမ္မ-အရ သုဏာတု မေ-မှစ၍ သိက္ခာပုဒ်ဖြစ်သော ပါဠိဓမ္မတို့ကို ယူ။

ယဉ္စ တတ္ထ-အာရောပေတဗ္ဗော။ ။ထို ဝါကျစုဖြင့် မသိချင်ယောင် ဆောင်သော ရဟန်းအား အာပတ်ဖြင့် ဆုံးဖြတ်အပ်သည့် အဖြစ်ကိုဎင်း, မောဟ-ကံသို့ တင်အပ်သည့် အဖြစ်ကိုဎင်း ပြသည်။ ပါတိမောက်ကို မကြားနာမီ ရှေးအာဘို့က မပြုကျင့်ကောင်းသည်ကို ပြုကျင့်မိခဲ့သော အပြစ်များအတွက် မသိ၍ ပြုမိယောင်ဆောင်မှာက်လည်း အာပတ်မှ မလွတ်၊ ဓမ္မဝိနယ အားလျော်စွာ ငိုနည်းဓိုရ် ပဂ္ဂိုလ်က ထိုရဟန်းကို ဆုံးဖြတ်ပေးရမည်၊ ဝုဋ္ဌာနကံ အာပတ်ဖြစ်လျှင် ဝုဋ္ဌာနကံ ပြုခိုင်းရမည်၊ ဒေသနာကံ အာပတ် ဖြစ်လျှင် ဒေသနာ ကြားခိုင်းရမည် ဟူ၏။

ယဉ္စ တတ္ထ-အာရောပေတဗ္ဗော။ ။ထို ဝါကျစုဖြင့် မသိချင်ယောင် ဆောင်သော ရဟန်းအား အာပတ်ဖြင့် ဆုံးဖြတ်အပ်သည့် အဖြစ်ကိုဎင်း, မောဟ-ကံသို့ တင်အပ်သည့် အဖြစ်ကိုဎင်း ပြသည်။ ပါတိမောက်ကို မကြားနာမီ ရှေးအာဘို့က မပြုကျင့်ကောင်းသည်ကို ပြုကျင့်မိခဲ့သော အပြစ်များအတွက် မသိ၍ ပြုမိယောင်ဆောင်မှာက်လည်း အာပတ်မှ မလွတ်၊ ဓမ္မဝိနယ အားလျော်စွာ ငိုနည်းဓိုရ် ပဂ္ဂိုလ်က ထိုရဟန်းကို ဆုံးဖြတ်ပေးရမည်၊ ဝုဋ္ဌာနကံ အာပတ်ဖြစ်လျှင် ဝုဋ္ဌာနကံ ပြုခိုင်းရမည်၊ ဒေသနာကံ အာပတ် ဖြစ်လျှင် ဒေသနာ ကြားခိုင်းရမည် ဟူ၏။

အပ်သည်ကို ကျင့်ခြင်းသည်။ သတိ၊–သော်။ ယဉ္စ အာပတ္တိ ၊ –သို့လည်း။ အာပန္နော၊ရောက်၏။ တဉ္စ အာပတ္တိ ၊–ကိုလည်း။ (သော ဘိက္ခု၊–ကို။) ယထာ ဓမ္မော၊ ဓမ္မကံ ဝိနည်းကံ အား‌လျော်စွာ။ ကာရေတဗ္ဗော၊ ပြုစေအပ်၏။ ဥတ္တာရိ စ၊ (ဓမ္မအား‌လျော်စွာ အာပတ်ဖြင့် ပြုပြီး‌သည်မှ)အထက်၌လည်း။ အာသ၊ ထို‌ရဟန်း‌အား။ မောဟော၊ မိုက်သည်၏ အဖြစ်ကို။ အာရောပေတဗ္ဗော၊(ဥ တ္တိဒုတိယကံဖြင့်) တင်အပ်၏။–အာဝုသော၊–ရှင်။ တုံ၊–သည်။ပါတိမောက္ခေ၊–ကို။ဥဒ္ဒိဿမာနေ၊–သော်။တံ၊ထိုပါတိမောက်ကို။ သာဓုကံ၊ ကောင်း‌စွာ။ အဋ္ဌ ကတ္ဝာ၊ အကျိုး‌ရှိသည်ကို ပြု၍။ ယံ၊ အကြောင်းအကြောင်း‌ကြောင့်။ န မနသိကရောတိ၊ စိတ်၌မပြု။ တ္ထတိ၊ကြောင့်။ တဿ တေ၊ ထို သင့်အား။ အလာဘာ၊ (အကျိုး‌အာနိသင်ကို) မရကုန်။ တဿ တေ၊–အား။ ဒုလ္လဒ္ဓံ၊(လူ၏ အဖြစ်ကိုလည်း)မကောင်း‌သဖြင့် ရအပ်၏။ တ္ထတိ၊ကျိသို့ကဲ့ရဲ့၍။ မောဟော၊-သို့။ အာရောပေတဗ္ဗော၊ -၏။ တသ္မိ မောဟနကေ၊ ထိုမိုက်ချင်ယောင်ဆောင်သော ရဟန်း၌။ တ္ထဒံ ပါစိတ္တိယံ၊ –သည်။ ဟောတိ၊ –၏။

ဥတ္တာရိ စသည်–အာရောပေတဗ္ဗော ဤစကား‌ရပ်ကား ဝိနယဓမ္မ အား‌လျော်စွာ ဆိုင်ရာအာပတ်ကို ဆုံး‌ဖြတ် ကုစား‌စေရုံမျှမက မသိချင်ယောင်ဆောင်သည့် အတွက် တဿ တေ အာဝုသော အလာဘာ စသော စကား‌တို့ဖြင့် ကဲ့ရဲ့၍ ထိုပုဂ္ဂိုလ်အား ဥ တ္တိ ဒုတိယ ကံဖြင့် မောဟက် ပြုရဦး‌မည်ဟု ဆိုလို‌သည်။

တဿ တေ–မနသိကရော‌သိ။ ။ဤ ဝါကျဖြင့် မသိချင်ယောင် ဆောင်သော ရဟန်း‌အား မောဟက် မတင်မီ ကဲ့ရဲ့ပုံ အခြင်း‌အရာကို ပြသည်။ ။အလာဘာ ဟူသည် ပါတိမောက်ကို နှလုံး‌သွင်း၍ နာခြင်း‌ကြောင့် ရထိုက်သော ဒိဋ္ဌဓမ္မအကျိုး, သမ္ပရာယိက တမလွန်ကျိုး နှစ်မျိုး‌ကို မရ‌ဟု ဆိုလို‌သည်။ ။ဒုလ္လဒ္ဓံ ဟူသည် ကောင်း‌မှုအထူး‌ကြောင့် လူ့အဖြစ်ကို ရ၍ သာသနာတော်နှင့် တွေ့ကြုံရပါလျက် တွေ့ကြုံရကျိုး မနပ်ဟု ဆိုလို‌သည်။ ။ နှ သာဓုကံ မနသိကရော‌သိဟူသည် ပါတိမောက်ကိုနှလုံး‌သွင်း၍ နာခြင်း‌ကြောင့် ရထိုက်သောအကျိုး နှစ်မျိုး‌ကို ရအောင် နား‌မထောင် မနာယူဟု ဆိုလို‌သည်။

ဤဒံ–ပါစိတ္တိယံ။ ။မောဟက်သို့ တင်ပြီး‌သည်ရှိသော် တဖန် မသိယောင်ဆောင်ငြား‌အံ့၊ ပါစိတ်၊ မောဟက် မတင်မီ မသိယောင်ဆောင်သော ရဟန်း‌အား ဒုက္ကဋ်။

၄-ပဟာရ

၄။ ယော ပန ဘိက္ခု၊-သည်။ ဘိက္ခုဿ-အား၊ ကုပိတော၊-သည်။ အနုတ္တ မနေဝ၊-သည်။ ဟုတ္ဝာ၊-၍။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒဒေယျ၊-အံ့။ တဿ ဘိက္ခုနော-၊အား။ ပါစိတ္တိယံ၊-၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ မသိချင်ယောင် ဆောင်သော ဝတ္ထု။ သာ၊အနာ။ ဓမ္မကံ၌ တိကပါစိတ်၊ တိကဒုက္ကဋ်၊ ပါတိမောက်အကျယ် မကြားဘူးသော ရဟန်း, သုံးကြိမ်အောက် အကျယ် ကြားဘူးသော ရဟန်း, မသိချင်ယောင် မဆောင်သော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။မောဟက် တင်ပြီးခြင်း, မသိယောင် ဆောင်လိုခြင်း, ဆိုအပ်ပြီးသော နည်းဖြင့် အကျယ်ကြားဘူးခြင်း, မသိဟန်ဆောင်ခြင်း၊ အင်္ဂါလေးပါး။

သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူပြီ။ ဒုက္ခဝေဒနာသာ ထူး၏။ [ဝိမတိ၌ အင်္ဂါသုံးပါးဟု လာ၏။]]

ဆောင်—မောဟက်တင်၊ မသိချင်ယောင်၊ ဟန်ဆောင် လိုပြန်၊ သုံးတန်ကျယ်ပြ၊ ကြားနာရဘိ၊ မသိဟန်ပြု၊ အင်္ဂလေးခု၊ မှတ်ရှု မောဟန။

မောဟနသိက္ခာပုဒ် ပြီး၏။

၄—ပဟာရ

ပဟာရံ-ပါစိတ္တိယံ။ ။စိတ်ဆိုး၍ အယုတ်ဆုံး ကြာရွက်မျှကို ယူ၍ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ်ိယ သုံးပါးတို့တွင် တပါးပါးဖြင့် ပုတ်ခတ်လို၍ ရဟန်းအား ပုတ်ခတ်အံ့ ပါစိတ်၊ ပုတ်ခတ်လိုကာမျှသော စိတ်ဖြင့်သာ ပုတ်ခတ်ရာ၌ လက် ခြေကျိုးခြင်း, ဦးခေါင်းကွဲခြင်း, သေခြင်း ဖြစ်စေကာမူ ပါစိတ်သာ၊ တပ်မက်သော စိတ်ရှိ၍ မိန်းမကို ပုတ်ခတ်အံ့ သံဃာဒိသေသ်။ အင်္ဂါကြီးငယ် ဖောက်ပြန် ပျက်စီးလို၍ ရဟန်း၏ နားစသည်ကို ဖြတ်အံ့ ဒုက္ကဋ်၊ လူသာမဏေများကို ရိုက်နှက်ရာ၌လည်း ဒုက္ကဋ်သာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပုတ်ခတ်သော ဝတ္ထု။ သာ၊ အနာ။ ရဟန်း၌ တိကပါစိတ်၊ တိကဒုက္ကဋ်။ တစုံတယောက်သော လူ-တိရစ္ဆာန်တို့က ညှဉ်းဆဲသဖြင့် လှုပ်လို၍ ပုတ်ခတ်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ အမျက်ထွက်ခြင်း, လှုပ်မြောက်အောင် ပြုလုပ်ခြင်း မဟုတ်ခြင်း, ရဟန်းအား ပုတ်ခတ်ခြင်း၊ အင်္ဂါသုံးပါး။

၅-တလသတ္တိက

၅။ ယော ပန ဘိက္ခု၊ –သည်။ ဘိက္ခုဿ၊ –အား။ ကုပိတော၁၊ –သည်။ အနုတ္တမနော၁၊ –သည်။ ဟုတ္ဝာ၊ –၍။ တလသတ္တိကံ၊ လက်ဝါးလက်နက်ကို။ ဥဂ္ဂိရေယျ၊ မြောက်မိုးငြားအံ့။ တဿ ဘိက္ခုနော၁၊ –အား။ ပါစိတ္တိယံ၊ –၏။

-သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့်တူပြီ။ ဒုက္ခဝေဒနာသာ ထူး၏။

[လွတ်စေလို၍ တောင်းဝှေးစွန်း စသည်ဖြင့် မြွေစသည်ကို နှိပ်၍ ဟားစသည်ကို လွတ်အောင်လုပ်သော ရဟန်းအား အနာပတ္တိဟု ဝိမတိဆို၏။]

ဆောင်—အမျက်ထွက်ခြင်း၊ လွတ်မြောက်ခြင်းငှါ၊ ကွယ်ကာမဟုတ်၊ ရိုက်ပုတ်ခတ်က၊ အင်ဆုံးဝ၊ မှတ်ကြ ပဟာရာ။

ပဟာရသိက္ခာပုဒ် ပြီး၏။

၅-တလသတ္တိက

တလသတ္တိကံ – ပါစိတ္တိယံ။ ။ကျပါဠိဠ္ဍ တလ-သဒ္ဒါ လက်ဝါးအပြင်ကို ဟော၏။ သတ္တိက-သဒ္ဒါ ပုတ်ခတ်ခြင်းငှါ စွမ်းနိုင်သော အနက်ကို ဟော၏။တလမေဝ သတ္တိကံ တလသတ္တိကံ-ဟု တဲ့စပ်၊ပုတ်ခတ်ခြင်းငှါ စွမ်းနိုင်သော လက်ဝါးပြင်ကို ရစေ။ ဤဠဿ တလ-သဒ္ဒါကား ဥပလက္ခဏနည်း တည်း။ ပုတ်ခတ်ရိုက်နှက်လိုသော အခြင်းအရာကိုပြ၍ ပုတ်ခတ်ရိုက်နှက်ခြင်းငှါ စွမ်းနိုင်သော လက်ဝါးပြင်နှင့် ကြွင်းသော ကိုယ်၏ အစိတ်အပိုင်းဖြစ်သော ကာယ ကာယပဋိဗဒ္ဓတို့ကိုလည်း ယူ။ ထိုကာယ ကာယပဋိဗဒ္ဓကို မြောက်ချီငြားအံ့ (ရွယ်ငြားအံ့) မြောက်ချီခြင်း ရွယ်ခြင်းဟူသော အကြောင်းကြောင့် ပါစိတ်၊ စိတ်ဆိုး၍ ပုတ်ခတ်မူ ရှေးသိက္ခာပုဒ်ဖြင့် ပါစိတ်၊ သက်သက် ရွယ်ရုံ ရွယ်အံ့ ဤသိက္ခာပုဒ်ဖြင့် ပါစိတ်၊ မြောက်ချီရာ၌ လက်လွှဲပြီး ပုတ်ခတ်မိအံ့၊ ချတ်ယှင်းသောကြောင့် ဒုက္ကဋ်။ သတ္တိကဟူ၍လည်း အချို့ပါဠိရှိ၏။ သတ္တသဒ္ဒါ လက်နက်အထူးကို ဟော။ သတ္တံဝေ သတ္တိကံဟု ပြု။ ။တလမေဝ သတ္တိကံ တလသတ္တိကံ၊ လက်ဝါးပြင်ဟု ဆိုအပ်သော လက်နက်ကို ရစေ။ အကြွင်းရှေး သိက္ခာပုဒ်နှင့် တူပြီ၊သို့သော်-အင်္ဂါသုံးပါးတို့တွင် ပုတ်ခတ်ခြင်းအင်္ဂါအစွဲ မြောက်ချီရွယ်မိုးခြင်းကို လဲ၍ယူ။

တလသတ္တိကသိက္ခာပုဒ် ပြီး၏။

၆-အမူလက

၆။ ယော ပန ဘိက္ခု၊-သည်။ ဘိက္ခုံ၊-ကို။ အမူလကေန၊-သော။ သံဃာဒိသေသေန၊-ဖြင့်။ အနုဒ္ဓံသေယျ၊-အံ့။တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၆-အမူလက

အမူလကေန။ ။ကျိုပုဒ်၌ အ-သဒ္ဒါ ဝိရဟ-အနက်ဟော၊ မူလသဒ္ဒါ ကာရဏ အနက်ဟော၊ မြင်ခြင်းစသော အကြောင်းမရှိသော ဟု အနက်ပေး။

အနုဒ္ဓံသေယျ။ ။ကိုယ်တိုင် စွပ်စွဲခြင်းနှင့် သူတပါးကို စွပ်စွဲစေခြင်း နှစ်မျိုးကို ဆိုလိုသည်။

ပါစိတ္တိယံ။ ။စောဒနာအပ်သော ရဟန်းသည် စောဒနာဆဲခဏ၌ ငါ့ကို ထို ရဟန်း စောဒနာ၏ဟု သိအံ့၊ စောဒနာသောရဟန်း ပါစိတ်၊ အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိတို့ဖြင့် စောဒနာအံ့၊ ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ။ အမူလက သံဃာဒိသေသ်ဖြင့် စွပ်စွဲသော ဝတ္ထု။ သာ၊ သာ၊ ရဟန်း၌ တိကပါစိတ်၊ တိကဒုက္ကဋ်။ သံဃာဒိသေသ် သင့်၏ဟု အမှတ်ရှိသောရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ၊ စွပ်စွဲခံရသူ ရဟန်းဖြစ်ခြင်း, သံဃာဒိသေသ်၏ အမူလက ဖြစ်ခြင်း, စွပ်စွဲခြင်း, စွပ်စွဲသော ခဏ၌ သိခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ရဟန်းဖြစ်ဘိ၊ သံဃာဒိ၏၊ ရင်းမရှိခြင်း၊ စွပ်စွဲခြင်းမျှ၊ ထိုခဏသိမူ၊ အင်္ဂလေးဆူ၊ အမူလကတည်း။

အမူလကသိက္ခာပုဒ် ပြီး၏။

၇–ကုက္ကုစ္စပ္ပါဒန

၇။ **ယော** ပန ဘိက္ခု၊–သည်။ ဘိက္ခုဿ၊–အား။ သဉ္ဇိစ္စ၊–၍။ ဣတိ ဣမိနာ၊ ဤသို့ ကုက္ကုစ္စဖြစ်ခြင်းကြောင့်။ အဿ၊ ထိုရဟန်းအား။ မုဟုတ္တံပိ၊ တခဏမျှလည်း။ အဖာသု၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ကြံ၍။ ကုက္ကုစ္စံ၊–ကို။ ဥပ္ပါဒေယျ၊ ဖြစ်စေငြားအံ့။ (တဿ ဘိက္ခုနော၊–အား။) ဧတဒေဝ၊ ဤမချမ်းသာခြင်းကိုသာလျှင်။ ပစ္စယံ ကရိတ္ဝာ၊ အကြောင်းပြုခြင်းကြောင့်။ ပါစိတ္တိယံ၊–၏။ အညံ၊ လျောက်ပတ်သော တပါးသောအကြောင်းကို။ ပစ္စယံ ကရိတ္ဝာ၊–သော်။ နပါစိတ္တိယံ၊ ပါစိတ်အာပတ် မသင့်။

၇–ကုက္ကုစ္စပ္ပါဒန

ကုက္ကုစ္စံ ဥပ္ပါဒေယျ။ ။ကိုယ်တော်ရဟန်းခံခဲ့တာ အသက်နှစ်ဆယ် မပြည့်ဘူး ထင်သည်, နေလဲနေမှ ဆွမ်းစားတုန်း ရှိသေးသည်ဟု ထင်သည်၊ ဤသို့စသည်ဖြင့် ပြောလိုက်လျှင် အပြောခံရသော ရဟန်းမှာ ငါ ရဟန်းမှ ဟုတ်ပါလေစ စသည်ဖြင့် ယုံမှားခြင်း သံသယဖြစ်၏။ ထိုကဲ့သို့သော ယုံမှားသံသယမျိုးကိုပင် ကုက္ကုစ္စဟု ခေါ်သည်။ ထိုယုံမှားခြင်း သံသယကုက္ကုစ္စကို ဖြစ်ပေါ်လာအောင် ပြောဆိုခြင်းကို ကုက္ကုစ္စံ ဥပ္ပါဒေယျဟု ဆိုသည်။

ဣတိဿ-ပါစိတ္တိယံ။ ။ယခုလိုပြောလိုက်လျှင် ထိုရဟန်း ကုက္ကုစ္စဖြစ်ပြီး တခဏမျှလည်း စိတ်နှလုံးမချမ်းသာခြင်းဖြစ်ပေလိမ့်မည်ဟုရည်ရွယ်ချက်ထားလျက် ရဲရဲရွယ်ချက်မှုတခြား အကြောင်းမရှိဘဲ ကုက္ကုစ္စသံသယဖြစ်စေသော ရဟန်းအား ပါစိတ်၊ ကုက္ကုစ္စဖြစ် မဖြစ်ကား လိုရင်းမဟုတ်ဟုသိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ကုက္ကုစ္စကို ဖြစ်စေသောဝတ္ထု။ သာ၊အနာ။ ရဟန်း၌ တိကပါစိတ်၊ တိကဒုက္ကဋ်။ ကုက္ကုစ္စမဖြစ်စေလိုဘဲ သက်သက်အကျိုးစီးပွါးကို အလိုရှိ၍ ထိုသို့ဆိုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, စိတ်မချမ်းသာစေလိုခြင်း, ကုက္ကုစ္စကို ဖြစ်စေခြင်း၊အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အမူလကသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ချင်းချင်းရဟန်း၊စိတ်မချမ်းသာ၊ စေလိုပါမှ၊ ကုက္ကုစ္စကို၊ ဖြစ်စေလိုက၊ အင်သုံးဝ၊ မှတ်ကြ ကုက္ကုစ္စပ္ပါဒနာ။

ကုက္ကုစ္စပ္ပါဒန သိက္ခာပုဒ် ပြီး၏။

* သဉ္ဇိစ္စသိက္ခာပုဒ်လည်း ခေါ်၏။

၈-ဥပဿုတိ

၈။ ယော ပန ဘိက္ခု၊ သည်။ ဣမေ၊-ဤရဟန်းတို့သည်။ယံ၊အကြင်စကားကို။ ဘဏိဿန္တိ၊ ဆိုကုန်လတ္တံ့။ တံ၊ ထိုစကားကို။ သောဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့ကြံ၍။ ဘဏ္ဍနဇာတာနံ၊ ဖြစ်သော တိုင်ပင်ခြင်းရှိကုန်သော။ကလဟဇာတာနံ၊ ဖြစ်သောခိုက်ရန်ရှိကုန်သော။ ဝိဝါဒါပန္နာနံ၊ ငြင်းခုံခြင်းသို့ရောက်ကုန်သော။ ဘိက္ခူနံ၊-တို့၏။ ဥပဿုတိံ၊အသံ၏ အနိုးဌ်။ [တနည်း-ဘိက္ခူနံ၊-တို့၏။ဝစနံ၊-ကို။ သောတုံ၊နားထောင်ခြင်းငှါ။ ဥပဿုတိံ၊ ကြားလောက်ရာ ဥပစာဌ်။] တိဋ္ဌေယျ၊ရပ်တည်ငြားအံ့။ ဇေတဒေဝ၊ ဤအသံ၏အနိုးဌ် ရပ်တည်ခြင်းကိုသာလျှင်။ ဝါ၊ စကားကိုနားထောင်ခြင်းငှါ ကြားလောက်ရာ ဥပစာဌ် ရပ်တည်ခြင်းကိုသာလျှင်။ ပစ္စယံ ကရိတ္ဝာ၊-ကြောင့်။ပါစိတ္တိယံ၊-၏။ အညံ၊-ကို။ ပစ္စယံကရိတ္ဝာ၊-သော်။ န ပါစိတ္တိယံ၊-မသင့်။

၈-ဥပဿုတိ

ဘဏ္ဍန-ဝိဝါဒါပန္နာနံ။ ။ဘဏ္ဍနံ ဇာတံ ဇေတသ္သိ ဘဏ္ဍနဇာတာ။ ဖြစ်သော တိုင်ပင်ခြင်းရှိသော ရဟန်းတို့ကို ရစေ။ မိမိတို့ဘက်သားချင်း အတွင်းကြိတ်တိုင်ပင် ကြသော ရဟန်းများဟူ၏။ ။ကလဟော ဇာတော ဇေတသ္သိ ကလဟဇာတာ။ဖြစ်သောခိုက်ရန်ပြုခြင်း ရှိသောရဟန်းတို့ကိုရစေ။ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ ထိခိုက်ပြီး ရန်ဖြစ်ကြသော ရဟန်းများ ဟူ၏။ ။ဝိဝါဒံ အာပန္နာ ဝိဝါဒါပန္နာ၊ ငြင်းခုံခြင်းသို့ ရောက်ကြသော ရဟန်းတို့ကိုရစေ။ ဝိဝါဒါဓိကရဏ်း ဖြစ်ကြ၍ ဇဒါထပြီး ငြင်းကြ ခုံကြသော ရဟန်းများ ဟူ၏။

အထူး။ ။ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးမီ ရှေးအဘို့၌ သူတပါးတို့က ဤသို့ ပြောဆိုလာသော် ငါတို့က ဤသို့ ပြောဆိုမည်ဟု အချင်းချင်း တိုင်ပင်ခြင်းကို ဘဏ္ဍနခေါ်သည်။ တိုင်ပင်ပြီး၍ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ လွန်ကျူးထိခိုက်၍ ပြောဆိုခြင်းကို ကလဟ ခေါ်သည်ဟု အထူး သိ။

ဥပဿုတိံ။ ။သုယျတီတို့ သုတိ။ ကြားအပ်သော သူတပါးတို့၏ စကားသံကို ရစေ။ သုတိယာ သမီပံ ဥပဿုတို့။ သူတပါးတို့၏ စကားသံ၏ အနိုးအရပ်ကို ရစေ။ တနည်း-ဥပစ္စ သုယျတိ ဇေတ္ထာတို့ ဥပဿုတို့။ **အနိုးကပ်၍ နားထောင်သော် စကားသံကို ကြားလောက်ရာ အရပ်ကို ရစေ။**

ဤ၌ ဥပဿုတိအရ ပမာဏကို မပြသော်လည်း ဥယျောဇနဲ့ သိက္ခာပုဒ်၌ သဝန္ဆုပစာရ အရကို ထောက်၍ တဆယ့်နှစ်တောင်ဟု ယူသင့်သည်။

ယံ ဣမေ-သောဿာမိ။ ။ဤဝါကျဖြင့် ချောင်း နားထောင်သူ၏ ရည်ရွယ်ချက်ကို ပြသည်။ ဤရဟန်းတို့ ဘာစကားမျှး ပြောမည်နည်းဟု သိလိုပြီး စောဒနဲ့ဝမည်ဟူသော ရည်ရွယ်ချက်ဖြင့် နားထောင်သည်ဟူ၏။

ဧတဒေဝ-ပါစိတ္တိယံ။ ။တပါးသော အကြောင်းကြောင့် မဟုတ်ဘဲ စောဒနာမည်ဟူသော ရည်ရွယ်ချက်ဖြင့် ချောင်း နားထောင်အံ့ဟု သွားသောရဟန်းအား ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မှီအောင်လိုက်၍ နားထောင်ရာ, ချန်ရစ်၍နားထောင်ရာတို့၌လည်း ဒုက္ကဋ်၊ ကြားလောက်ရာအရပ်၌ ရပ်၍နားထောင်အံ့ ပါစိတ်၊ မိမိရှိရာအရပ်သို့လာ၍ တိုင်ပင်ကြသော် ချောင်းဟန့်၍ဖြစ်စေ, ဤ၌ ငါရှိသည်ဟု ဆို၍ဖြစ်စေ သိသွားအောင် ပြုရမည်၊ မပြုဘဲ နံ့းထောင်နေအံ့၊ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ စကားသံကို ကြားလောက်ရာ အနီးသို့ သွား၍နေသောဝတ္ထု။ သဘ၊ အနာ။ ရဟန်း၌ တိုကပါစိတ်၊ တိုကဒုက္ကဋ်၊ ဤရဟန်းတို့၏ စကားကို ကြား၍ ရှောင်ကြဉ်အံ့ ငြိမ်းစေအံ့ မိမိကိုယ်ကို လွှတ်စေအံ့ဟု နှလုံးပြု၍ သွားသောရဟန်း, ဥမ္မတ္တက ရဟန်းစသည်တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, စောဒနာလိုခြင်း, နားထောင်ခြင်း၊ အင်္ဂါသုံးပါး၊ ထေယျသတ္ထသမုဋ္ဌာန်, ရုံခါ ကိရိယ ရုံခါ အကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယ ဝစီကမ္မ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒနာတို့တည်း။

ဆောင်—ရဟန်းချင်းသာ၊ စောဒနာလိုခြင်း၊ နားထောင်ခြင်းထပ်၊ အင်္ဂသုံးရပ်၊ ဥပဿုတိတည်း။

ဥပဿုတိ သိက္ခာပုဒ် ပြီး၏။

၉-ကမ္မခိယနက

၉။ ယော ပန ဘိက္ခု၊-သည်။ ဓမ္မိကာနံ၊ ဟုတ်မှန်သော သဘောရှိ်
ကုန်သော။ ကမ္မာနံ၊ (လေးပါးသော) ကံတို့အား။ ဆန္ဒံ၊ အလိုဆန္ဒကို။
ဒတ္ဝာ၊-၍။ ပစ္ဆာ၊-၌။ ခီယနဓမ္မံ၊ကဲ့ရဲ့ရွံ့ချခြင်းသဘောသို့။ အာပဇ္ဇေယျ၊
-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၉-ကမ္မခိယနက

ဓမ္မိကာနံ ကမ္မာနံ။ ။ဓမ္မော ဝေတသု အတ္ထိတိ ဓမ္မိကာနိ။ ဓမ္မဝိနယ သတ္ထု သာသန အားလျော်စွာ ပြုအပ်သောကြောင့် ဟုတ်မှန်တိုင်းသော သဘောရှိသော ကံကိုရစေ။ ဤ၌ ဓမ္မဟူသည် ဟုတ်မှန်တိုင်းသော ဝတ္ထုကို ဆိုသည်၊ ဝတ္ထုဟုတ်မှန်ရမည် ဟူ၏။ ဝိနယဟူသည် ဝတ္ထုကိုဂုဏ်းအာပတ်ကိုဂုဏ်း ပြ၍ စောဒနာခြင်းအပြစ်ကို အောက်မေ့စေခြင်း နှစ်ပါးကို ဆိုသည်။ သတ္ထု သာသနာဟူသည် မြတ်စွာဘုရား၏ အဆုံးမဖြစ်သော ဥတ်၏ ပြည့်စုံခြင်း ကမ္မဝါစာ၏ ပြည့်စုံခြင်း နှစ်ပါးကို ဆိုသည်။

ကရိယတိတိ ကမ္မံ၊ သံဃာ အညီအညွတ်ပြုအပ်သော အပလောကနကံ, ဉတ်တိကံ, ဉ,တ်တိဒုတိယကံ, ဉတ်တိစတုတ္ထကံ လေးပါးကို ရစေ၊ ထိုကံလေးပါးတို့တွင် သံဃာစည်းဝေးပြီးနောက် ညီညွတ်သော သံဃာ့အလိုအားဖြင့် ကဲ့ရဲ့ခြင်းစသော ဆိုင်ရာဝတ္ထု အကြောင်းကို ပြောပြ၍ သံဃာအား နှစ်သက်ပါ၏လော့ဟု မြန်မာလိုဖြစ်စေ "ရုစ္စတိ သံဃဿ" ဟု ပါဠိလိုဖြစ်စေ သုံးကြိမ်တိုင်တိုင် ပြောကြား၍ပြုအပ်သော ကံမျိုးကို အပလောကနကံ ခေါ်သည်။ ထိုညီညွတ်သောသံဃာ၏ အလိုအတိုင်း ဉတ်တကြိမ်ဖြင့် ပြုအပ်သောကံမျိုးကို ဉတ်တိကံ ခေါ်သည်။

ထိုညီညွတ်သောသံဃာ၏ အလိုအတိုင်း ဉတ်တကြိမ် ကမ္မဝါစာတကြိမ် ဤဉတ်လျှင် နှစ်ကြိမ်မြောက်သော ကမ္မဝါစာဖြင့် ပြုအပ်သောကံမျိုး ဉတ္တိဒုတိယကံခေါ်သည်။

ထိုညီညွတ်သော သံဃာ၏ အလိုအတိုင်း ဉတ်တကြိမ် ကမ္မဝါစာသုံးကြိမ် ဤဉတ်လျှင် လေးကြိမ်မြောက်သော ကမ္မဝါစာဖြင့် ပြုအပ်သောကံမျိုးကို ဉတ္တိစတုတ္ထကံ ခေါ်သည်။ ထိုလေးမျိုးတို့တွင် အပလောကနကံသည်-

၁။ ကဏ္ဍက သာမဏေကို ကောင်းစွာကျင့်သည်ကို မြင်၍ ပြန်သွင်းသော သြသာရဏကံတမျိုး။

၂။ ကဏ္ဍကသာမဏေကို ဖျက်ဆီးသကဲ့သို့သော နှင်ထုတ်သော နိဿာရဏကံ ထမျိုး။

၃။ ရှင်လောင်း, ရဟန်းလောင်း၏ ဆဲချဲ့ပြည်းခြင်းကို ပန်ကြားသော ဘဏ္ဍုကံ် တမျိုး။

၄။ နှုတ်ကြမ်းသော ရဟန်းအား ဆိုချင်ရာ ဆိုပစေ တစုံတယောက်သော ရဟန်းမျှ ဆိုဆုံးမခြင်းကို မပြုရဟု ပြောကြား၍ မြတ်သောဒဏ် ပေးထားသော ဗြဟ္မဒဏ် တမျိုး။

၅။ ဘိက္ခုနီမတို့၏ မကြည်ညိုဘွယ်ကို ပြုသောရဟန်းကို ဘိက္ခုနီမတို့က ရှိမခိုးရဟုပြုသော ကမ္မလက္ခဏကံ် တမျိုးအားဖြင့် ငါးမျိုး ပြား၏။

[ဤကံ်သည် ညြသာရဏစသော ကံ်အမည် မရမူ၍ ကံ်ဟု မှတ်ကြောင်းမျှ ဖြစ်ခြင်းကြောင့် ကမ္မလက္ခဏ ခေါ်သည်။ ခိုးသူစသည်တို့ လုယက်ခံရသော ရဟန်းအား သက််နှံးစသည်ကိုပေးရန် ပန်ကြားခြင်း စသည်တို့၌လည်း ရကောင်းသောကြောင့် ရဟန်းယောကျ်ားများနှင့်လည်း ဆိုင်၏ဟု သိ။]

ဆောင်—အပလောကန၊ ကမ္မဥတ္တိ၊ ဒုတိ စတုတ်၊ ကံ်သမုတ်၊ မယုတ် မျိုးလေးတန်။

သွင်းထုတ်, ဗြဟ္မဒဏ်၊ ဦးပြည်းကံ်၊ ကမ္မံ လက္ခဏံ်။

အပလောကန၊ ငါးဌာန၊ ရောက်ထ မြဲကေန်။

ဉတ္တိကံ် ၉-မျိုး။ ။ဉတ္တိကံ်သည် ရဟန်းလောင်းကို ခေါ်သွင်းသော ညြသာရဏ ဉတ္တိကံ်တမျိုး၊

ဉဇ္ဈာဟိက အဆုံးအဖြတ်၌ ဓမ္မကထိက ရဟန်းကို နှုတ်ထုတ်သော နိဿာရဏ ဉတ္တိကံ်တမျိုး၊

ဉပုသ်ဉတ်၏ အစွမ်းဖြင့် ထားအပ်သော ဉပေါသထဉတ္တိကံ် တမျိုး၊

ပဝါရဏာကံ်၏ အစွမ်းဖြင့် ထားအပ်သော ပဝါရဏာ ဉတ္တိကံ် တမျိုး၊

မိမိကိုဌင်း, သူတပါးကိုဌင်း သမုတ်ခြင်းငှါ ထားအပ်သော သမ္မုတိဉတ္တိကံ် တမျိုး၊

စွန့်အပ်သော သက််နှံးသပိတ် စသည်တို့ကို ပြန်ပေးသော ဒါနဉတ္တိကံ်တမျိုး၊

အာပတ်ကိုခံသော ပဋိဂ္ဂါဟက ဉတ္တိကံ်တမျိုး၊

ပြုအပ်သော ပဝါရဏာကိုငေ်သော ပစ္စုက္ကဍုန ဉတ္တိကံ်တမျိုး၊

တိဏဝတ္ထာရကသမထ၌ သဗ္ဗသဂ်ါဟိကဉတ် တခုခုသော အဘို့၌ တခုခု သောဉတ်ကျဉ်းပါးသော ဉတ်ဟု ဆိုအပ်သော ကမ္မလက္ခဏ တမျိုး အားဖြင့် ကိုးမျိုး ပြား၏။

ဆောင်—သြ-နီ-ဥ-ပ၊ သမ္မုတ၊ ဒါနပဒ္ဓိဂ္ဂံ။
ပစ္စုက္ကဗုံ၊ ကံလက္ခ၊ နဝ ဥတ္တိကံ။

ဥတ္တိဒုတိယကံ ၇-မျိုး။ ။ဥတ္တိဒုတိယကံသည်–သပိတ်လှန်သော သြသာရဏာ
ကံတမျိုး၊

သပိတ်မှောက်သော နိဿာရဏကံ တမျိုး၊

သိမ်သမုတ်ခြင်း စသော တဆယ့်ငါးပါးသော သမုတ်ခြင်းတို့၏ အစွမ်းဖြင့် ဖြစ်သော သမ္မုတိကံ၊

ကထိန်သင်္ကန်းပေးခြင်း, မတကသင်္ကန်း ပေးခြင်းတို့၏ အစွမ်းဖြင့်ဖြစ်သော ဒါနကံ၊

ကထိန်နုတ်သည့်အစွမ်းဖြင့် ဖြစ်သော ဥဒ္ဓါရကံ၊

ကုဋိရာ, ကျောင်းရာ ကြားသည့်အစွမ်းဖြင့် ဖြစ်သော ဒေသနာကံ၊

တိဏဝတ္ထာရက သမထဖြင့် တခုခုသော အဘိဉ်ဖြင့် ဥတ္တိဒုတိယကမ္မဝါစာတခု, တခုသောအဘိဉ်ဖြင့် ဥတ္တိဒုတိယ ကမ္မဝါစာတခု, မောဘာရောပန စသည်တို့ဖြင့် ဟောအပ်သော ဥတ္တိဒုတိယ ကမ္မဝါစာတို့၏ အစွမ်းဖြင့်ဖြစ်သော ကမ္မလက္ခဏ်တမျိုးအားဖြင့် ခုနစ်မျိုးပြား၏။

ဆောင်—သြ-နီ-သမ်-ဒါ၊ ဥဒ္ဓါ-ဒေသ၊ ကံလက္ခ၊ သတ္တ ဥတ်ဒုကံ။

ဥတ္တိစတုတ္ထကံ ၇-မျိုး။ ။ဥတ္တိစတုတ္ထကံသည်–တဇ္ဇနီယ စသော ခုနစ်ပါးသော ကံတို့၏အစွမ်းဖြင့် ဖြစ်သော သြသာရဏာကံတမျိုး၊

ထိုကံတို့၏ ငြိမ်းသည့်အစွမ်းဖြင့် ဖြစ်သော နိဿာရဏကံ၊

ဘိက္ခုနောဝါဒက သမုတ်သည့် အစွမ်းဖြင့် ဖြစ်သော သမ္မုတိကံ၊

ပရိဝါသ် မာနတ်ပေးသည့် အစွမ်းဖြင့်ဖြစ်သော ဒါနကံ၊

မူလာယ ပဋိကဿန အစွမ်းဖြင့် ဖြစ်သော နိဂ္ဂဟကံ၊

ဥက္ခိတ္တာနု ဝတ္တက ရဟန်းစသော ယာဝတတိယက တဆယ့်တယောက်သော သမနုဘာသနရဟန်းတို့၏ အစွမ်းဖြင့်ဖြစ်သော သမနုဘာသနကံ၊

ဥပသမ္ပဒ အဇ္ဈာနကံတို့၏အစွမ်းဖြင့် ဖြစ်သော ကမ္မလက္ခဏတမျိုးအားဖြင့် ခုနစ်မျိုး ပြား၏။

ဤလေးပါးသော ကံတို့တွင် အပလောကနကံကို ပန်ကြား၍သာ ပြုရသည်။ ဥတ္တိကံ စသည့်အစွမ်းဖြင့် မပြုရ။

ဥတ္တိကံကိုလည်း ဥတ်တကြိမ်ထား၍သာ ပြုရသည်။ အပလောကနကံ စသည်ဖြင့် မပြု၊ရ။

ဥတ္တိဒုတိယကံကိုကား– ပန်ကြား၍လည်း ပြုကောင်းသည်၊ဥတ္တိ ဒုတိယကံ ဖြင့်လည်း ပြုကောင်းသည်၊ သီမာသမ္မုတိကံ, သီမာသမ္မုဟနကံ, ကထိနစီဝရဒါနကံ, ကထိနုဒ္ဓါရကံ, ကုဋ္ဌိဝတ္ထု၊ဒေသနကံ, ဝိဟာရဝတ္ထု၊ ဒေသနကံ ဤကံခြောက်ပါးကား ဂရုကံဖြစ်၍ ပန်ကြား၍ မပြုကောင်း၊ ဥတ္တိဒုတိယကံဖြင့်သာ ပြုရသည်။

ကြွင်းသောသမ္မုတိကံ တဆယ့်သုံးပါးနှင့် သေနာသနဂ္ဂါဟကကံ, မတကစီဝရဒါန သမ္မုတိကံတို့ကား လဟုကံဖြစ်၍ ပန်ကြား၍လည်း ပြုကောင်းသည်။ ဥတ္တိကံစသည်ဖြင့် မပြု၊ရ။

ဥတ္တိစတုတ္ထကံကိုကား မိမိလက္ခဏာဖြင့်သာပြုရသည်။ ကြွင်းသောကံတို့ဖြင့် မပြု၊ရဟု သိ။

ဆောင်—သြ-နိ·သမ် ဒါ၊ နိဂ်-နု-ဘာ၊ ကမ္မာ လက္ခဏံ။
ဥတ္တိစတုတ္ထ၊ ခန်ဌာန၊ ရောက်ထ မြဲကေန်။
အပလောကန၊ ပန်ကြားရ၊ ပြုထ ကေန်သာ။
ဥတ္တိကမ္မာ၊ ဥတ်ဖြင့်သာ၊ ပြုပါ ကေန်သာ။
ဥတ္တိဒုတိယ၊ ပန်ကြားထ၊ ပြုက အပ်သည်သာ။
ပန်၍မရ၊ ဆကမ္မ၊ ဖေဝ်ထ သိလေပါ။
ဥတ္တိစတုတ္ထ၊ ယင်းကမ္မ၊ ပြုကြ ယင်းဖြင့်သာ။

တနည်း။ ။သမ္မုခကရဏီယကံ, အသမ္မုခ ကရဏီယကံအား ဖြင့် နှစ်မျိုးပြား သေး၏။ ထိုတွင် တမန်ဖြင့် ရဟန်းခံသောကံ, သပိတ်မှောက်ကံ, သပိတ်လှန်ကံ, ဥမ္မတ္တကသမ္မုတိကံ, သေက္ခသမ္မုတိကံ,ပြဟ္ဗဒ္ဏ္ဍကံ,ပကာသနီယကံ, အဝန္ဒိယကံ၊ ဤရှစ်ပါးကား မျက်ကွယ်ပြုရသော အသမ္မုခ ကရဏီယကံမည်၏။ ကြွင်းသော ကံများကား မျက်မှောက်သာပြုရသော သမ္မုခ ကရဏီယကံမည်၏။ ဤဓမ္မိကကံတို့အား ဆန္ဒပေးပြီး၍ နောက်မှကဲ့ရဲ့သော ရဟန်းပါစိတ်။

ဆောင်—အသမ္မုခ၊ သမ္မုခ၊ နှစ်ဝ တနည်းလှစ်။
တမန်-မှောက်-လှန်၊ ဥမ်-သောက်-ပြဿ်၊ ကာဝန်-မျက်ကွယ်ရှစ်။
အကြွင်းကံမှာ၊ မျက်မှောက်သာ၊ ပြုပါ သိဘို့ဖြစ်။

၁၀-ဆန္ဒံ အဒတ္ဝာ ဂမန

၁၀။ ယော ပန ဘိက္ခု၊-သည်။ သိ်ယော၊-၌။ ဝိနိစ္ဆယ ကထာယ၊ အဆုံးအဖြတ်စကားသည်။ ဝတ္တမာနာယ၊ ဖြစ်စဉ်။ ဆန္ဒံ၊-ကို။ အဒတ္ဝာ၊ -၍။ အာသနာ၊-မှ။ ဥဋ္ဌဟိတ္ဝာ၊ ထ၍။ပက္ကမေယျ၊ဖဲသွားငြားအံ့။တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ကဲ့ရဲ့သောဝတ္ထု။ သာ၊ အနာ။ အဓမ္မကံ၌ ဒုက္ကဋ်က္ကင့်။ ဓမ္မကံ၌လည်း ဝေမတိက ဒုက္ကင့်။ အဓမ္မကံဟု မှတ်ဆင်သောရဟန်း, အဓမ္မကံဖြင့်ဌင်း ဝဂ်ဖြင့်ဌင်း ကံမထိုက်သော ရဟန်းအား ဌင်း ကံပြုသည်ဟုသိ၍ ကဲ့ရဲ့သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ဓမ္မကံဖြစ်ခြင်း, ဓမ္မကံဟုမှတ်ထင်ခြင်း, ဆန္ဒပေးပြီးမှ ကဲ့ရဲ့ခြင်း၊ အင်္ဂါသုံးပါး။သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်—ဓမ္မကံဖြစ်မှု၊ ယင်းဟုမှတ်ကြ၊ ဆန္ဒပေးခဲ့၊ ကဲ့ရဲ့ရုတ်ချ၊အင်သုံးဝ၊ ကမ္မဒိယနကာ။

ကမ္မဒိယနက သိက္ခာပုဒ်ပြီး၏။

* ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ် ဟူ၍လည်း ဆို၏။

၁၀-ဆန္ဒံအဒတ္ဝာဂမန

သံဃေ-ဝတ္ထမာနာယ။ ။သံဃေ၌ မဇ္ဈေဟူသော နောက်ပုဒ်ကျေနေသည်၊ ရူပံဟူသော ပုဒ်၌ကဲ့သို့မှတ်၊ ထို့ကြောင့် သံဃဲ့ အလယ်၌ဟု အနက်ပေးလိုက်သည်။ ။ဆိန္ဒိယတေ ဇောယာတိ ဆေယျာ၊ နိဟရိတ္ဝာ ဆယော နိစ္ဆယော၊ ဝိသေသေန နိစ္ဆယော ဝိနိစ္ဆယော။ အထူး ထုတ်ဆောင်၍ ဆုံးဖြတ်ကြောင်းစကားကို ရစေ၊ ရူပသဒ္ဒိ၌ စိခေတ်ဟု ကြံ၏။ ကထိယတိ ဇောယာတိ ကထာ။ပြောဆိုကြောင်းစကားကို ရစေ။ ။ဝိနိစ္ဆယော ဣတိကထာ ဝိနိစ္ဆယကထာ။ အထူးထုတ်ဆောင်၍ ဆုံးဖြတ်ပြောဆိုကြောင်း စကားကိုပင် ရစေ။

အဓိပ္ပါယ်- အဓိကရဏ်းဆုံးဖြတ်ဘို့ရန် သံဃာစည်းဝေးပြီးနောက် စောဒက ဟူသော ဇာထူးလိုနှင့် စုဒိတကဟူသော ဘာဂုံးခံနှစ်ဦးတို့က မိမိတို့ဆိုလိုရာ စကားကိုပြောဆိုခြင်း, အနုဝိဇ္ဇကဟူသော မေးစစ်မည့် ဝိနည်းဓိုရ်ကို သမုတ်ခြင်း, ဝိနည်းဓိုရ်က စစ်ဆေးမေးမြန်းခြင်း, ၎င်းနှင့်စပ်သော ကမ္မဝါစာကို

ရွတ်ဖတ်ရာဝယ် မပြီးဆုံးသေးခြင်း ဤ အတွင်းကို "ဝိနိစ္ဆယကထာယ ဝတ္တမာနာယ" ဝိနိစ္ဆယစကား ဖြစ်တုန်းဟု ဆိုသည်။

ဆန္ဒံ - ပက္ကမေယျ။ ။ဤဝိနိစ္ဆယကထာ ဖြစ်တုန်းမှာပင် ကံပျက်စေလို၍ ဆန္ဒ မပေးဘဲ ထိုင်ခုံမှ ထသွားခြင်းကို ဆိုသည်။

ပါစိတ္တိယံ။ ။ကံပျက်စေလို၍ ဆန္ဒမပေးဘဲ နေရာမှ ထသွားသောရဟန်းအား ဟတ္ထပါသ်ကို လွန်သော် ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ ဆန္ဒမပေးဘဲ ဖဲသွားသော ဝတ္ထု။ သာ၊ အနာ။ ဓမ္မကံ၌ ယုံမှားသော ရဟန်း ဒုက္ကဋ်၊ အဓမ္မကံ၌ ဒုကဒုက္ကဋ်၊ အဓမ္မကံဟု မှတ်၍ ဖဲသွားသော ရဟန်း, သံဃာငြင်းခုံခြင်းစသည် ဖြစ်လတ္တံ့ဟု ဖဲသွားသော ရဟန်း, အဓမ္မကံဖြင့် ဝဂ္ဂကံဖြင့် ကံပြုလတ္တံ့ ကံမထိုက်သူအား ကံပြုလတ္တံ့ဟုသိ၍ ဖဲသွားသော ရဟန်း, ဂိလာနဖြစ်၍ ကျင်ကြီးစသည် နှိပ်စက်၍ ဖဲသွားသော- ရဟန်း, ကံမပျက်စေလိုဘဲ တဖန် ပြန်လာအံ့ဟု ဖဲသွားသော ရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား အနာပတ္တိ။ ဝိနိစ္ဆယကထာဖြစ်ဆဲဖြစ်ခြင်း, ဓမ္မကံဖြစ်ခြင်း, ဓမ္မကံဟု မှတ်ထင်ခြင်း, တသိမ်တည်း၌ တည်ခြင်း, သမာန သံဝါသကရဟန်းဖြစ်ခြင်း, ကံပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်း၊ အင်္ဂါခြောက်ပါး။ သမနုဘာသနသမ္ပဋ္ဌာန်၊ ကိရိယာ ကိရိယ၊ သညာ၊ သ၊ လောက၊ ကာ-စီ၊ အကု၊ ဒုက္ခတို့တည်း။

[ဟတ္ထပါသ်ကို စွန့်သွားခြင်းကား ကိရိယ, ဆန္ဒမပေးခြင်းကား အကိရိယဟု သိ။]

ဆောင်—နိစ္ဆယကထာ၊ ဖြစ်ဆဲသာတည်း၊ ကံမှာဓမ္မ၊ မှတ်ထင်ကြမူ၊ သိမ်တူ၌တည်၊ တူညီသံဝါသ၊ သပဏဖြစ်ပေ၊ ကံပျက်စေလတ်၊ ဟတ္ထပါသ်စွန့်ပြန်၊ ဤခြောက်တန်၊ ဆန္ဒံ အဒတ္ဝာတည်း။

ဆန္ဒံအဒတ္ဝာဂမနသိက္ခာပုဒ် ပြီး၏။

၁၁-ဒုဗ္ဗလ

၁၁။ ယော ပန ဘိက္ခု၊-သည်။ သမဂ္ဂေန၊-သော။ သံဃေန၊-နှင့်။ သဒ္ဓိံ၊-ကုံ။ သမ္မတ ဘိက္ခုနော၊ သမုတ်အပ်သော ရဟန်းအား။[ထည့်]။ စီဝရံ၊(ဝိကပ္ပနာ လောက်သော)သင်္ကန်းကို။ ဒတ္ဝာ၊ပေးပြီး၍။ ပစ္ဆာ၊-၌။ သံဃိကံ၊-သော။လာဘံ၊-ကို။ဘိက္ခူ၊-တို့သည်။ယထာ သန္ထုတံ၊ အကြင် အကြင် ချီးမှုမ်းအပ်သော ရဟန်းအား။ ပရိဏာမေန္တိ၊ (ပေးသဖြင့်) ညွတ်စေကုန်၏။ ဣတိ၊-သို့။ ခီယန ဓမ္မံ၊-သို့။ အာပဇ္ဇေယျ၊-အံ့။ တာဒိသ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၁၁-ဒုဗ္ဗလ

သမဂ္ဂေန သံဃေန။ ။သမဂ္ဂသံဃာ ဟူသည် တူသော ပေါင်းဖော်ခြင်း ရှိသော တသိမ်ထည်း၌တည်သော သံဃာကိုဆိုသည်။

ယထာသန္ထုတံ–ပရိဏာမေန္တိ—ဤဝါကျဖြင့် ကဲ့ရဲ့ချီးမွမ်းခြင်းကို ပြသည်။ သမ္မာထဝိယတိ ပသံသိယတိတိ သန္ထုတော။ ကောင်းစွာ ချီးမွမ်းအပ်သော မိတ်တ သန္ဒိဋ္ဌ သမ္ဘတ္တ အဆွေခင်ပွန်းကို ရစေ။ ယော ယော သန္ထုတော ယထာ သန္ထုတံ။ အကြင် အကြင် မိတ်ဆွေအမျိုးမျိုးကို ရစေ။

ပါစိတ္တိယံ။ ။သမဂ္ဂ သံဃာနှင့်အတူ ကိုယ်တိုင် နေထိုင်းခြင်း စသော သံဃာ့ကိစ္စကို ဆောင်ရွက်၍ ဝိဟာရပညာပန စသော သမ္မုတိရသော ရဟန်းအား ဝိကပ္ပနာလောက်သော သင်္ကန်းကို ပေးပြီးမှ နောက်၌ ကဲ့ရဲ့ပုံအတိုင်း ကဲ့ရဲ့သောရဟန်းအား ပါစိတ်။ သင်္ကန်းမှတပါး စွန့်ကောင်း ဝေဖန်ကောင်းသော ပရိက္ခရာကို ပေးပြီးမှ နောက်၌ ကဲ့ရဲ့သော ရဟန်းအား ဒုက္ကဋ်။

အထူးမှတ်ချက်။ ။သံဃိကဖြစ်သော အစုအားဖြင့် ဂရုဘက် ငါးမျိုးကို သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့အား အရင်းဖြတ်သောအားဖြင့် အံ့ပိုင် မစွန့်ကောင်း, မဝေဖန်ကောင်း။ စွန့်မိ ဝေဖန်မိသော်လည်း သံဃိကသာဖြစ်သည်။ လဲမူကား လဲကောင်း၏ဟု သိ။

ဂရုဘဏ် ၂၅-ပါး။ ။အရုမ်, အရုမ်ရာ, ကျောင်း, ကျောင်းရာ, ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ခေါင်းအုံး, ကြေးအိုးဒယ်, ကြေးအိုးကြီး, ကြေးအင်တဲ, ကြေးဖျဉ်း, ပဲခွပ်, ပုဆိန်, ဓားမ, ပေါက်တူး, တူးရွင်း,

နှဉ်, ဝါး, ဖြူဆံမြက်, ပြိတ်မြက်, သမန်းမြက်, မြေဖြူ, မြေနီ, သင်္ဃဘက္ကာ, မြေဘက္ကာ, ပေါင်း ၂၅-ပါးတည်း။

ဆောင် — ရာမ်, ကျောင်းနှစ်စုံ၊ ညောင်, အင်, ဘုံ၊ အုံးတုံကြေးလေးပါး။ ပဲခဲ့ပ်, ဆိန်, ဓား၊ ပေါက်, ဆောက်, ဝါး, နှဉ်၊ မြက်သုံးသွယ်၊ နှစ်ဝယ် မြေ သစ်သား။

နှစ်ဆယ့် ငါးတန်၊ ဂရုဘက်၊ မှတ်ရန် သောတုများ။

ဂရုဘက် အကျဉ်း ၅-ပါး။ ။အရုမ်, အရုမ်ရာ ၂-ခုကား ပထမဂရုဘက်၊ ကျောင်း, ကျောင်းရာ ၂-ခုကား ဒုတိယဂရုဘက်၊ ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ခေါင်းအုံး ၄-ခုကား တတိယဂရုဘက်၊ ကြေးအိုးငယ်, ကြေးအိုးကြီး, ကြေးအင်တဲ့, ကြေးဖျဉ်း, ပဲခဲ့ပ်, ပုဆိန်, ဓားမ, ပေါက်တူး, တူးရွင်း ၉-ခုကား စတုတ္ထဂရုဘက်၊ နှဉ်, ဝါး ဖြူဆံမြက်, ပြိတ်မြက်, သမန်းမြက်, မြေဖြူ, မြေနီ, သစ်သားဘက္ကာ, မြေဘက္ကာ ဂ-ခုကား ပဉ္စမဂရုဘက် တည်း။

ဆောင်— အရုမ် ရုမ်ရာ၊ ယင်းနှစ်ဖြာ၊ တစ်သာ ဂရုဘက်။
ကျောင်းနှင့် ကျောင်းရာ၊ ယင်းနှစ်ဖြာ၊ နှစ်သာ ဂရုဘက်။
ညောင် အင် အုံး ဘုံ၊ လေးမျိုးစုံ၊ မှတ်ကုန် တတိယံ။
ကြေးမျှ လေးပါး၊ ပဲခဲ့ပ် ဓားပေါက်၊ ပုဆိန် ဆောက်၊ လေး မြောက် ဂရုဘက်။
မြက်သုံး မြေနှစ်၊ ဝါးနှဉ်သစ်၊ ငါးဖြစ် ဂရုဘက်။

လဲလှယ်ပုံ။ ။ထာဝရဖြစ်သော ပထမ ဒုတိယ ဂရုဘက်မျိုးနှင့် ထာဝရဖြစ်သော ပထမ ဒုတိယ ဂရုဘက်ချင်း ကျေးဇူးများသော် အပ်သော လဲခြင်းမျိုးဖြင့် လဲကောင်းသည်။ အထာဝရ ဖြစ်သော တတိယ စတုတ္ထ ပဉ္စမ ဂရုဘက်မျိုးနှင့် အထာဝရ ဖြစ်သော ၎င်းဂရုဘက်ချင်းလည်း ကျေးဇူးများသော် အပ်သော လဲခြင်းမျိုးဖြင့် လဲကောင်းသည်။ ညောင်စောင်းနှင့် ညောင်စောင်းသာ လဲကောင်းသည်မဟုတ်၊ အရုမ်စသည်နှင့် ညောင်စောင်း စသည် တို့ကိုလည်း လဲကောင်းသည်ဟု ဋီကာဆိုခြင်းကြောင့် ထာဝရနှင့် အထာဝရ လည်း လဲကောင်းသည်ဟု ဆိုကြ၏။ ကောင်းသော ကျောင်းတို့ကို စောင့်ရှောက်ခြင်းအကျိုးငှါ မကောင်းသော ကျောင်းတို့ကို စွန့်ခြင်း, စွန့်၍ သုံးဆောင်ခြင်းတို့ကား အပ်ကုန်၏။ ငါးပါးသော ဂရုဘက်တို့တွင် ရွေသုံးပါးကား ဂရုဘက် မမည်သည် မရှိ။ နောက်နှစ်ပါးကား မမည်သည်လည်း ရှိ၏။

[အကျယ်အဋ္ဌကထာ၌ လာပြီ။]

၁၂-ပရိဏာမတ

၃၂။ ယော ပန ဘိက္ခု၊-သည်။ ဇာနံ—လျက်။ ပရိဏာမတံ၊—သော။ သံဃိကံ၊—သော။ လာဘံ၊-ကို။ ပုဂ္ဂလဿ၊-အား။ ပရိဏာမေယျ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

အဋ္ဌမေဝ၊-သော။ သဟဓမ္မိကဝဂ္ဂေါ။-သည်။ နိဋ္ဌိတော၊-ပြီ။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဆဗ္ဗဂ္ဂိ၊သက််နန်းပေးပြီးမှ နောက်၌ကဲ့ရဲ့သော ဝတ္ထု၊။ သာ၊ အနာ။ ဓမ္မကံ၌ တိကပါစိတ်၊ သက််နန်းမှတပါး စွန့်ကောင်း ဝေဖန်ကောင်းသော ပရိက္ခရာကို ပေ ပြီးမှ ကဲ့ရဲ့သောရဟန်း ဒုက္ကဋ်။ ဂရုဘဏ်ပစ္စည်းကိုကား မပေးကောင်း၊ အစိုးတရပေးအံ့ ထုလ္လစ္စည်း၊ ထေယျစိတ်ဖြင့်ပေးအံ့ ဘဏ္ဍာစား၊ သမ္ပုတိမရသော ရဟန်းအား သက််နန်းကိုဂင်း, တပါးသောပရိက္ခရာကိုဂင်း ပေ ပြီးမှ ကဲ့ရဲ့သောရဟန်းအား ဒုက္ကဋ်၊အနုပသမ္မန္နဋ္ဌ ဒုက္ကဋ်။ ဆန္ဒာဂတိလိုက်ခြင်း စသည်ကိုမြင်၍ ထိုရဟန်းအား ပေးသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ကဲ့ရဲ့သောရဟန်း, ရသော်လည်း ဖျက်ဆီးလတ္တံ့ ကောင်းစွာမသုံးဆောင်လတ္တံ့ ဟု ကဲ့ရဲ့သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, တရားသဖြင့် သမ္မုတိ ရခြင်း, သံဃာနှင့်အတူ ဝိကပ္ပနာလောက်သော သက််နန်းကိုခပေးခြင်း, ပေးပြီးနောက် ကဲ့ရဲ့လို၍ ကဲ့ရဲ့ခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ။ ဒုက္ခဝေဒနာသာ ထူး၏။

[ဝိမတိ၌ ပနှင့် ဒု, တ နှင့် စ ပေါင်း၍ အင်္ဂါနှစ်ပါး ဆို၏။]

ဆောင်— ရဟန်း ဖြစ်ခြား၊ တရားလျှော်ဘိ၊ သမ္မုတိရ၊ တက္ခဏ သံဃာ၊ ဝိကပ္ပနာ လောက်လျှမ်း၊ သက််နန်း ပေးခြင်း၊ ကဲ့ရဲ့ ခြင်းဟု၊ အင်္ဂလေးခု၊ မှတ်ရှု ဒုဗ္ဘာသ။

ဒုဗ္ဘာသိကဝဂ္ဂါပုဒ်ပြီး၏။

၁၂-ပရိဏာမတ

ဤ ပရိဏာမတ သိက္ခာပုဒ်ကား သုဒ္ဓပါစိတ်၊ ပရိဏာမန သိက္ခာပုဒ်၌ သံဃာ့လာဘ်ကို မိမိအား ညွတ်စေခြင်းကြောင့် နိဿဂ္ဂိပါစိတ်၊ ဤ သိက္ခာပုဒ်၌ သံဃာ့လာဘ်ကို တပါးသောပုဂ္ဂိုလ်အား ညွှတ်စေခြင်းကြောင့် သုဒ္ဓပါစိတ်သာ ထူး၏။

ပရိဏာမတသိက္ခာပုဒ် ပြီး၏။

သဟဓမ္မိကဝဂ် ပြီး၏။

ရတနဝဂ္ဂ၊ ၁-အန္တေပုရ

၁။ ယော ပန ဘိက္ခု၊ –သည်။ခတ္တိယဿ၊ မင်းမျိုးဖြစ်သော။ မုဒ္ဓါဘိသိတ္တဿ၊ ထိပ်၌ အဘိသိက်သွန်းအပ်သော။ ရညော၊ မင်း၏။ အနိက္ခန္တ-ရတနကေ၊ မထွက်သော မင်းရှိသော။ အနိဂ္ဃတ ရတနကေ၊ မထွက်သော မိဖုရားရတနာရှိသော။ (သယနီ ဃရေ၊ အိပ်ရာတိုက်ခန်း၌)။ ပုဗ္ဗေ၊ –၌။ အပ္ပဋိသံဝိဒိတော၊ မိမိလာသည်၏ အဖြစ်ကို မသိစေမူ၍။ ဣဒ္ဓဓိလံ၊ တံခါးခုံကို။ အတိက္ကာမေယျ၊ လွန်စေငြားအံ့။ တဿ ဘိက္ခုနော၊ –အား။ ပါစိတ္တိယံ၊ –၏။

ရတနဝဂ္ဂ၊ ၁-အန္တေပုရ

ရညော—မုဒ္ဓါဘိသိတ္တဿ။ ။ခိပန္တိ ဝပ္ပန္တိ ဗီဇာနိ ဇော်ထာတိ ခေတ္တံ။ မျိုးစေ့တို့ကို စိုက်ပျိုးရာ လယ်ယာမြေကို ရစေ။ ။ ခေတ္တာနံ အဓိပတိ ခတ္တိယော။ လယ်ယာမြေကို အစိုးရသော မင်းမျိုးဖြစ်သော မင်းကို ရစေ။ ။မုဒ္ဓနိ အဘိ သိဉ္စိယတိတိ မုဒ္ဓါဘိသိတ္တော။ ဦးထိပ်၌ အဘိသိက်သွန်းလောင်းအပ်သော မင်းကို ရစေ။ ဤ နှစ်ပုဒ်တို့ကား ရညော၏ ဝိသေသနတည်း။ ရညောကို သယနီဃရေ ဟူသော ပါဌသေသ၌ စပ်။

အနိက္ခန္တ–ရတနကေ။ ။အနိက္ခန္တော ထုဇော ဣတောတိ အနိက္ခန္တ ထုဇက်။ မထွက်သေးသော မင်းရှိသော အိပ်ရာတိုက်ခန်းကို ရစေ။ ။ရကိ ဇနေတိတိ ရတနာ။ လင်၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော မိဖုရားကို ရစေ။ အနိဂ္ဃတာ ရတနာ ဣတောတိ အနိဂ္ဃတရတနက်။ မထွက်သေးသော မိဖုရားရတနာရှိသော အိပ်ရာ စက်တော်ခေါ်ရာ တိုက်ခန်းကို ရစေ။ ဤနှစ်ပုဒ်ကိုလည်း သယနီဃရေ ဟူသော ပါဌသေသ၌ စပ်။

ပုဗ္ဗေ–ပါစိတ္တိယံ။ ။မိမိလာမည့်အဖြစ်ကို ကြိုတင်၍ မသိစေဘဲ အိပ်ရာတိုက်ခန်း၏ တံခါးခုံကို ပထမခြေလှမ်းကို လွန်စေအံ့၊ ဒုက္ကဋ်။ ဒုတိယ ခြေလှမ်း၌ ပါစိတ်။

နန်းတော်ဝင်အဖြစ် ၁၀-ပါး

၁။ မိဖုရားကဖြစ်စေ, ရဟန်းကဖြစ်စေ ပြုံးမိသော် အာထင်လွဲခံရခြင်း။
၂။ မိဖုရားငယ် ကိုယ်ဝန်တည်သော်။
၃။ ရတနာတပါးပါး ပျောက်သော်။
၄။ လျှို့ဝှက်အပ်သော သတင်းစကား အပြင်ဘက်ထွက်သွားသော်။

၅။ သားက အဘကို အဘက သားကို သတ်ရန် လုပ်ကြံသော်။

၆။ ဌာနန္တရဏထူး နိမ့်သူကို မြှင့်ပေးသော်။

၇။ ဏထူးမြှင့်တက်သူကို နှိမ့်ချသော်။

၈။ အခါမဟုတ်သည့်ဌ စစ်ထွက်ခိုင်းသော်။

၉။ ခရီးအကြားမှ ပြန်ခေါ်သော်။

၁၀။ ဆင်မြင်း စသည်တို့ဖြင့် ကျဉ်းမြောင်းခြင်း၊ ဤကား နန်းတော်ဝင် အပြစ် ၁၀-ပါးတည်း။

ဆောင်—ပြုံး-ကိုယ်ဝန်-ပျောက်၊ သတင်းရောက်-လုပ်ကြံ၊ ဌာနံနိမ့် တက်၊ စစ်ထွက်·ပြန်ခေါ်၊ ကိုးဘော်ထင်ခံ၊ ကျဉ်းမြောင်းပြန်၊ ဆယ်တန် နန်းတော်ပြစ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရွှင်အာနန္ဒာ၊ မင်း၏ နန်းတော်တွင်းသို့ ဝင်သော ဝတ္ထု။။သာ၊အနာ။ အပ္ပဋိသံဝိဒိတဌ် တိက ပါစိတ်၊ဒုကဒုက္ကဋ်၊ ပန်ကြား၏ဟု အမှတ်ရှိသော ရဟန်း, မင်းမျိုး မဟုတ်သူ အဘိသိက် မသွန်းသေးသော မင်းတို့၏ အိပ်ရာတိုက်ခန်းတွင်းသို့ ဝင်သော ရဟန်း, မင်း မိဖုရား နှစ်ယောက်စလုံး ထွက်ပြီးသော တယောက်ယောက် ထွက်ပြီးသော အိပ်ရာတိုက်ခန်းသို့ ဝင်သော ရဟန်း, အိပ်ရာတိုက်ခန်း မဟုတ်သည်သို့ ဝင်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ မင်းမျိုးဖြစ်ခြင်း, အဘိသိက် သွန်းပြီးခြင်း, မင်း မိဖုရား နှစ်ယောက်စလုံး အိပ်ရာတိုက်ခန်းမှ မထွက်သေးခြင်း, မပန်ကြားခြင်း, အိပ်ရာတိုက်ခန်း တံခါးခုံကို လွှန်ခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန် စတည် ပထမကထိနနှင့် တူပြီ၊ ကိရိယာ ကိရိယ သာ ထူး၏။

ဆောင်—မင်းမျိုးဇာတ်ရှိ၊ အဘိသိသွင်း၊ မင်း မိဖုရား၊ နှစ်ဦးသားမှာ၊ အိပ်ရာ မထွက်၊ မပန်လျက်တုံ၊ တံခါးခုံ လွှန်လေ၊ အင်္ဂါးထွေ၊ အန္တေပုရတည်း။

အန္တေပုရ သိက္ခာပုဒ် ပြီး၏။

၂-ရတန

၂။ ယော ပန ဘိက္ခု၊-သည်။ အဇ္ဈာရာမာဝါ၊ အရာမ်တွင်းကိုၚင်း။ အဇ္ဈာဝသထာဝါ၊ (တည်းခိုရာ) အိမ်တွင်းကိုၚင်း။ အညတြ၊-၍။ (ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသောအရပ်၌။ ဌိတံ၊ တည်သော။) ရတနံ ဝါ၊ ရတနာဆယ်ပါးကိုၚင်း။ ရတနသမ္မတံ ဝါ၊ ရတနာဟု သမုတ်အပ်သော (အဝတ်တန်းဆာစသော) အသုံးအဆောင်ကိုၚင်း။ ဥဂ္ဂဏှေယျဝါ၊ (ကိုယ်၊ တိုင်လည်း) ကောက်ယူငြားအံ့။ ဥဂ္ဂဏှာပေယျ ဝါ၊ (သူတပါးကိုလည်း) ကောက်ယူစေငြားအံ့။ တဿ ဘိက္ခုနော၊ အား၊ ပါစိတ္တိယံ၊-၏။ ။ ဘိက္ခုနာ၊-သည်။အဇ္ဈာရာမေဝါ၌ၚင်း။အဇ္ဈာဝသထေ ဝါ၊-၌ၚင်း။(ဌိတံ၊

၂-ရတန

ရတနံ ဝါ ရတနသမ္မတံ ဝါ။ ။ရတန အရ ပုလဲ, မြ, ကြောင်မျက်ရှဉ်, ခရုသင်း, ကျောက်စလင်း, သန္ဓာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက် ဤ ၁၀-ပါးကို ယူ။

ဆောင်—နီ, ပြောက်, မြ, လဲ၊လင်း, ဂုံ, ရှဉ်, ရွှေ၊ သန္ဓာ, ငွေ၊ ဆယ်ထွေ ရတနာ။

ရတန သမ္မတအရ-ရတနားဆယ်ပါးမှ ကြွင်းသော ရတနာအတုနှင့် လူတို့၏ အဝတ်တန်းဆာ အသုံးအဆောင် စောင် အိပ်ရာလိပ် ကော်ဇော ထန်းခါက်ဖာ သေတ္တာ စသည်ကို ယူရမည်။

အဇ္ဈာရာမာ။ ။အာရာမံ အဓိကိစ္စ ပဝတ္တတီတိ အဇ္ဈာရာမံ။ အရာမ်ကို စဲ့၍ ဖြစ်သော အရာမ်တွင်းကို ရစေ။ အရာမ်ရှိမူ အရာမ်တွင်း အထိ၊အရာမ် မရှိမူ အစွန်ဆုံးကျောင်းမှ ခဲနှစ်ကျအတွင်းကို အာရာမခေါ်သည်။ ထိုအရာမ်တွင်းရှိ ကျောင်းများနှင့် ကျောင်းပရိဝုဏ်များကို အဇ္ဈာရာမ ခေါ်သည်ဟု သိ။

အဇ္ဈာဝသထာ။ ။အာဝသထံ အဓိကိစ္စ ပဝတ္တတီတိ အဇ္ဈာဝသထံ၊ ရွာတွင်း ကျောင်းကို စဲ့၍ဖြစ်သော ရွာတွင်းကျောင်း အတွင်းကို ရစေ၊ မိမိနေထိုင် ရွာတွင်းကျောင်းကို အာဝသထခေါ်သည်။ ထို ရွာတွင်း ကျောင်းကား အကာအရံရှိမူ အကာအရံအတွင်း၊ မရှိမူ ကျည်ပွေတက္ကအတွင်းကို အဇ္ဈာဝသထ ခေါ်သည်။ အရံတွင်းဖြစ်စေ အခြားအရပ်၌ ဖြစ်စေ မိမိနေထိုင်အရပ် အိမ်ကျောင်းများကို အာဝသထခေါ်သည်။ ဤကား ဦးကာလသော ကေစိဝါဒ။

–သော။)ရတနံ ဝါ၊ –ကိုဂုင်း။ ရတနသမ္မတံ ဝါ၊ –ကိုဂုင်း။ယဿ၊ အကြင်သူ၏။ (သန္တကံ၊-သည်။)ဘဝိဿတိ၊ –တ္တံ့ ။ သော၊ ထိုသူသည်။ဟရိဿတိ၊ ဆောင်ယူလတ္တံ့ ။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ဥဂ္ဂဟေတ္ဝာ ဝါ၊(ကိုယ်တိုင်)ကောက်ယူ၍ဂုင်း။ ဥဂ္ဂဟာပေတ္ဝာ ဝါ၊ (သူတပါးကို)ကောက်ယူစေ၍ဂုင်း။ နိက္ခိပိတဗ္ဗံ၊(အမှတ်အသားပြု၍)ထားအပ်၏။ အယံ၊ ဤသို့ ထားခြင်းသည်။ တတ္ထ၊ ထိုကောက်ယူခြင်း ကောက်ယူစေခြင်း၌။ သာမိစိ၊ –တည်း။

ဥဂ္ဂဏှေယျ–ယျဝါ။ ။အဇ္ဈာရုမ အဇ္ဈာဝသထ နှစ်ပါးကို ဖယ်ထား၍ အမှတ်မရှိ တစုံတခုသောအရပ်၌ တည်ရှိသော သူတပါးဥစ္စာဖြစ်သော ရတနာကိုဖြစ်စေ,ရတနာဟု သမုတ်အပ်သော ဝတ္ထုပစ္စည်းကိုဖြစ်စေ ဝိဿာသဂ္ဂါဟိစိတ် ပံသုကူဒေမှတ် ထေယျစိတ်များကို မဖြစ်စေမူ၍ ဘဏ္ဍာစိုးသဘောမျိုးဖြင့် ကိုယ်တိုင်ကောက်ယူ၍ သူတပါးကို ကောက်ယူစေ၍ သိမ်းထားခြင်းကို ဆိုသည်။

ပါစိတ္တိယံ။ ။ဆိုအပ်ပြီးသော အရပ်၌ တည်ရှိသော ရတနနှင့် ရတန သမ္မတတို့ကို ကောက်ယူ၍ ကောက်ယူစေ၍ သိမ်းထားသော ရဟန်းပါစိတ်။

အဆုံးအဖြတ်။ ။ရွှေ ငွေ နှစ်ပါးကို မိမိအကျိုးငှါ သိမ်းထားအံ့၊နိဿဂ္ဂိပါစိတ်၊ သံဃာ ဂိဏီး ပုဂ္ဂိုလ် စေတီ နဝကမ္မ အကျိုးငှါ သိမ်းထားအံ့၊ ဒုက္ကဋ်၊ ကြွင်းရှစ်ပါးကို အလုံးစုံတို့၏ အကျိုးငှါ သိမ်းထားအံ့၊ ဒုက္ကဋ်၊ အကပ်ိယ ဝတ္ထုကိုဖြစ်စေ, ကပ်ိယ ဝတ္ထုကို(ဖြစ်ခစေ အယုတ်ဆုံး မိခင်၏ ဥစ္စ ကိုသော်လည်း ဘဏ္ဍာစိုးသဘောမျိုးဖြင့် သိမ်းထားသောရဟန်း ပါစိတ်၊ မိဘတို့၏ အပ်သော ဝတ္ထုကိုကား မိမိဥစ္စာပြု၍ သိမ်းထားကောင်းသည်။

[ဤဝတ္ထုကို သိမ်းထားပေးပါဟု ခိုင်းအံ့၊မသိမ်းထားကောင်းဟု ပယ်ရသည်။ စိတ်ဆိုးပြီး ချထားသွာအံ့ သိမ်းထားကောင်းသည်။ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြကောင်းသည်ဟု သိ။]

ဆောင်— ရွှေငွေနှစ်ပါး၊ သိမ်းဆီးထား၊ မှတ်သား နိဿဂ္ဂိ။
သံဃ-ဂဏ၊ ပုဂ္ဂ-နဝ၊ စေတိယ၊ သိမ်းက ဒုက္ကဋ်သိ။
အကြွင်းရှစ်ခု၊ သိမ် ထားမှု၊ မှတ်ရှု ဒုက္ကဋ်သိ။
ဘဏ္ဍာစိုးပြု၊ သိမ်းထားမှု၊ မှတ်ရှု ပါစိတ်သိ။

ရတနံ ဝါ ပန–သာမိစိ။ ။ဤဝါကျဖြင့် ကောက်ယူသိမ်းထားသော ရဟန်း၏ ရည်ရွယ်ချက်ထားပုံကို ပြသည်။ အဇ္ဈာရုမ အဇ္ဈာ-

ဝသထတို့၌ လူတို့ကျန်ရစ် မေ့နေရစ်သော ရဘနနှင့် ရတနသမ္မတများကို တွေ့ရှိအံ့၊ ရဟန်းငယ် သာမဏေငယ်တို့ ကောက်ယူလိမ့်မည်ဟု ယုံမှားရှိအံ့၊ ထိုဥစ္စာကို ကိုယ်ဘိုင် ကောက်ယူ၍ဖြစ်စေ, ကောက်ခိုင်းခြဲဖြစ်ခဲ့စေ ဥစ္စာထုပ်ကိုဖြေ၍ ရွှေကား ဤမျှ ငွေကား ဤမျှ စသည်ဖြင့် အမှတ်အသားပြုပြီး သိမ်းထားကောင်းသည်။ သိမ်းထားရန် ဝတ္တရားရှိသည်။ ဥစ္စာရှင် လာတောင်းအံ့၊ မေးစစ်၍ အမှတ်အသား အတိုင်း ကိုက်ညီအံ့၊ ပြန်ပေးရမည်။ မညီအံ့၊ရှာဦးဟု ပြောလိုက်ရမည်။ (အကျယ်အဋ္ဌကထာကြီး၌ လာပြီ။)

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းတပါး၊ ရတနာကို ကောက်ယူသော ဝတ္ထု။ အညတြ အဋ္ဌာ-ဝါနှစ်ခုတို့ကား အနုပညတ်။သာ၊သာ။ပါစိတ်။ ခွင့်ပြုအပ်သော အရပ်၌ မရှိသေသဖြင့် ကောက်ယူ မထားသော ရဟန်းအား ဒုက္ကဋ်။ ခွင့်ပြုအပ်သော အရပ်၌ ကောက်ယူသိမ်းထားသော ရဟန်း, သုံးသပ်ကောင်းသော ရတနသမ္မတကို အကျမ်းဝင်၍မှင်း တာဝကာလိကဖင်း ယူသော ရဟန်း, ပံသုကူအမှတ်ဖြင့် ယူသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ခွင့်မပြုအပ်သော အရပ်ဖြင်ခြင်း, သီတင်းသုံးဖော် ငါးယောက်မှ တပါးသောသူ၏ ဥစ္စာဖြစ်ခြင်း, ဝိဿာသဂ္ဂါဟ ပံသုကူအမှတ်ဖြင့် မယူခြင်း, ကိုယ်တိုင်ယူခြင်း ယူစေခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် သဉ္ဇရိတ္တနှင့် တူပြီ။

[ဝိမတိ၌ ပ-နှင့် စ-ပေါင်း၍ အင်္ဂါသုံးပါးဟု ဆို၏။]

ဆောင်—ခွင့်မပြုအပ်၊ အရပ်ဖြစ်ဘိ၊ လူ၏ဥစ္စာ၊ ဝိဿာသမူ၊ ပံသုကူလာ၊ သညာမရှိ၊ သိမ်းထားမိခြင်း၊ သိမ်းစေခြင်းဟု၊ အင်္ဂလေးခု၊မှတ်ရှု ရတနာ။

ရတနသိက္ခာပုဒ် ပြီး၏။

၃-ဝိကာလဂါမပ္ပဝေသန

၃။ ယော ပန ဘိက္ခု၊-သည်။ သန္တံ၊ (ဒဿနူပစာရ၌) ထင်ရှားရှိသော။ ဘိက္ခုံ၊-ကို။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ဝိကာလေ၊-၌။ ဂါမံ၊-သို့။ ပဝိသေယျ၊ ဝင်ငြားအံ့။ တထာ ရူပါ၊ ထိုသို့ သဘောရှိသော။ အစ္ဆာယိကာ၊ အဆောတလျင် ဖြစ်စေအပ်သော။ ကရဏီယာ၊ ပြုဘွယ်ကိစ္စကို။ အညတြ၊-၍။ ပဝိသေယျ၊-အံ့။ တဿ ဘိက္ခုနော၊-အား။ ပါစိတ္တိယံ၊-၏။

၃-ဝိကာလဂါမပ္ပဝေသန

သန္တံ ဘိက္ခုံ။ ။စာရိတ္တ သိက္ခာပုဒ်အတိုင်း ဒဿနူပစာရ၌ တင်ရှားရှိသော ရဟန်းကို ဆိုသည်။

အနာပုစ္ဆာ။ ။"ဝိကာလေ ဂါမပ္ပဝေသနံ် အာပုစ္ဆာမိ"ဟု ပါဠိလိုဖြစ်စေ, နေလွဲသောအခါ ရွာတွင်းသို့ ဝင်ခြင်းကို ပန်ကြားပါ၏ဟု မြန်မာသက်သက် ဖြစ်စေ ပါဠိမြန်မာတွဲဘက်၍ ဖြစ်စေ မပန်ကြားခြင်းကို ဆိုသည်။

[ဂါမံ ပဝိသိဿာမိ၊ ရွာသို့ ဝင်ပါအံ့ ဟူ၍လည်း ပန်ကြားနိုင်သည်။]

ဝိကာလေ။ ။ဌင်းအရ နေမွန်းတည့် ပြီးသည်မှနောက် အရုဏ်မတက်မီ အတွင်းကို ယူရမည်။

တထာရူပါ-ကရဏီယာ။ ။သော ရူပေါ သဘာဝေါ ဇေတဿာတိ တထာရူပံ။ ထိုသို့ သဘောရှိသော ပြုဘွယ်ကိစ္စကို ရစေ။ ။အတိ တုရိတံ ပဝတ္တေတဗ္ဗန္တိ အစ္ဆာယိကံ။ အဆောတလျင် ဖြစ်ပေါ်လာသောကိစ္စကို ရစေ။ ရုတ်တရက် လောလောဆယ် ဖြစ်ပေါ်လာသော သူခိုးဘေး မီးဘေး စသော ကိစ္စမျိုးကို အစ္ဆာယိက ကရဏီယခေါ်သည်။ ထို ရုတ်တရက်ဖြစ်ပေါ်လာသော ကိစ္စရှိလတ်သော် မပန်ကြားမူ၍လည်း သွားကောင်းသည်။ မရှိသော် အရာမ်ရှိသော ရွာဖြစ်အံ့၊ အရာမ်ကို လွန်သောရဟန်း, အရာမ်မရှိသောရွာဖြစ်အံ့၊ဥပစာဖြစ်သော ခဲနှစ်ကျဿို သက်ဝင်မိသောရဟန်း၏ ပထမခြေလှမ်း၌ ဒုက္ကဋ်။ ဒုတိယခြေလှမ်း၌ ပါစိတ်။

အထူးမှတ်ဘွယ်။ ။မျှားစွာသောရဟန်းတို့ ကိစ္စတခုကြောင့် နေလွဲသော အခါ ရွာတွင်းသို့ ဝင်ကုန်အံ့ဟု အချင်းချင်း ပန်ကြားရမည်၊ ထိုရွာ၌ ကိစ္စမပြီးမူ၍ ရွာတပါးသို့ သွားအံ့ဟူသော လုံလဖြင့် သွားသော်

တဖန် ပန်ကြားဘွယ် ကိစ္စမရှိ၊ လုံ့လငြိမ်းပြီးမှ သွားမူ ပန်ကြားအပ်၏။ ရှာသို့ ဝင်ခြင်းလုံ့လ ဥဿာဟငြိမ်းပြီး၍ ကျောင်းသို့ သွားကုန်သော ရဟန်းတို့သည် လမ်းခရီးအကြာင်း၌ ရှာတခုသို့ ဝင်လိုကုန်အံ့၊ ပန်ကြားရဦးမည်။ အိမ်၌ဖြစ်စေ, ဆွမ်းစားဇရပ်၌ဖြစ်စေ, ဆွမ်းစားပြီး၍ ဆီအလိုဌါဖြစ်စေ, ထောပတ်အလိုဌါဖြစ်စေ ရှာတွင်းသို့ ဝင်လိုသောရဟန်းသည် အနှီး၌ ရဟန်းရှိအံ့၊ ပန်ကြားရမည်။ မရှိအံ့ မရှိဟု အာဘောဂထား၍ သွားကောင်းသည်။ လမ်းမသို့ ရောက်မှ ရဟန်းကို မြင်သော်လည်း ပန်ကြားရန် မလို။ ရှာလမ်းခရီးဖြင့် သွားသောရဟန်းသည် ဆီ စသည်အလိုဌါ အိမ်တွင်းသို့ သွားလိုသောစိတ် ဖြစ်အံ့၊ အနီးရှိ ရဟန်းကို ပန်ကြားသွားရမည်။ လမ်းအတိုင်း သွားအံ့၊ ပန်ကြားရန် မလိုဟု မှတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ နေလဲ့သောအခါ ရှာတွင်းသို့ ဝင်သော ဝတ္ထု။ သန္တံ ဘိက္ခုံ-အနာပုစ္ဆာ-အစ္စာယိကာ ကရဏီယာ သုံးခုကား အနုပညတ်၊ အ၊ အ။ တိကပါစိတ်၊ ဒုက္ကဋ်။ ကာလ၌ ကာလဟု အမှတ်ရှိသောရဟန်း, အဆောတလျင်ကိစ္စကြောင့် သွားသောရဟန်း, ထင်ရှားရှိသောရဟန်းကို ပန်ကြား၍ ရဟန်းမရှိဟု မပန်ကြားဘဲ (ရှာတွင်းသို့ဝင်သော ရဟန်း) ရှာတွင်းကျောင်း ဘိက္ခုနီမကျောင်း တိတ္ထိကျောင်း ဆွမ်းစားဇရပ် တို့သို့ သွားသောရဟန်း, [ထိုရပ်နီးကား ခါးပန်းကြိုးမပါး သင်္ကန်းမရုံဘဲ သွားကောင်းသည်။] ရှာလယ်ခရီ ဖြင့် သွားသောရဟန်း, ဘေးရန်တို့ကြောင့် ဝင်သောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ။ ထင်ရှားရှိသော ရဟန်းကို မပန်ကြားခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, နေလဲ့သော အခါ ရှာတွင်းသို့ ဝင်ခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူပြီ။

[ဝိမတိကား ဒု-နှင့် တ-ကို တပေါင်းတည်းပြု၍ အင်္ဂါနှစ်ပါးဟု ဆို၏။]

ဆောင်— ရဟန်းထင်ရှား၊ မပန်ကြားမှု၊ ခွင့်ပြုမရှိ၊ နေလဲ့ဘိုးခြား၊ ရှာတွင်း သွားက၊ အင်သုံးဝ၊ ဂါမပွဝေသနတည်.။

ဝိကာလဂါမပွဝေသနသိက္ခာပုဒ် ပြီး၏။

၄-သူစိဃရ

၄။ ယော ပန ဘိက္ခု၊ – သည်။အဒ္ဒိမယံ ဝါ၊ (အမှတ်မရှိသော) အရိုးဖြင့် ပြီးသည်လည်းဖြစ်သော။ ဒန္တမယံ ဝါ၊ဆင်စွယ်ဖြင့် ပြီးသည်လည်းဖြစ်သော။ ဝိသာဏမယံ ဝါ၊ သားချိုဖြင့် ပြီးသည်လည်းဖြစ်သော။ သူစိဃရုံ၊ အပ်ကျည်ကို။ ကာရာပေယျ၊ – အံ့။ တဿ ဘိက္ခုနော၊ – အား။ ဘေဒနကံ၊ ခဲ့ခြင်း ရှေးရှိသော။ ပါစိတ္တိယံ၊ – ၏။

၄-သူစိဃရ

ဘေဒနကံ။ ။ဘေဒနမေဝ ဘေဒနကံ။ ခဲ့ခြင်းကို ရစေ၊ က-ပစ္စည်း အနက် သီးခြားမရှိ သောတ္ထာ၊ ဘေဒနကံ အဿ အတ္ထီတိ ဘေဒနကံ။ ခဲ့ခြင်းရှေးရှိသော ပါစိတ်အာပတ်ကို ရစေ၊ ယင်းပါစိတ် အာပတ်ကို ဒေသနာမကြားမီ အပ်ဘူးကို ခဲ့ပစ်ရမည် ဖြစ်သောကြောင့် ခဲ့ခြင်းရှေးရှိသော ပါစိတ် အာပတ်ဟု ဆိုသည်။

ပါစိတ္ထိယံ။ ။နှားရိုး, ကဲ့ရိုး စသော အရိုး အမျိုးမျိုးတို့ဖြင့် ဖြစ်စေ, ဆင်စွယ် ဖြင့် ဖြစ်စေ, သားချိုဖြင့်ဖြစ်စေ အပ်ကျည်ဘူး ပြုလုပ်အံ့ ပြုလုပ်ခိုင်းအံ့ ဒုက္ကဋ်၊ ပြီးသော် ပြီး၍ရသော် ပါစိတ်ဟူ၏။

နိဒါန်း စသည်။ ။သက္ကတိုင်း၊ ရဟန်းများ၊ များစွာသော အပ်ကျည်ကို တောင်းသော ဝတ္ထု။ သာ၊ သာ။ မိမိပြု၍ မပြီးသေးသော အပ်ကျည်ကို ကိုယ်တိုင်ပြီးစေ၍ ရသောရဟန်း ပါစိတ်။ သူတပါးကို ပြီးစေ၍ ရသောရဟန်းလည်း ပါစိတ်။ သူတပါးပြု၍ မပြီးသေးသော အပ်ကျည်ကို ကိုယ်တိုင်ပြီးစေ၍ ရသောရဟန်းလည်း ပါစိတ်။ သူတပါးကို ပြီးစေ၍ ရသော ရဟန်းလည်း ပါစိတ်။ စတုက္ကပါစိတ်။ သူဘပါးအကျိုးငှါ ကိုယ်တိုင်ပြုခြင်း ပြုစေခြင်းတို့ကြောင့် ဒုက္ကဋ်၊ အနာပတ်သီး ပုတဲနှိပ်လေး ခါးပန်းသီး မျက်စဉ်းကျည် မျက်စဉ်းတန် ပဲခွပ်ရိုး ရေသုတ်တို့ကို ပြုသောရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ အပ်ကျည်ဖြစ်ခြင်း, အရိုးစသည်ဖြင့်ပြီးခြင်း, မိမိအကျိုးငှါ ပြု၍ ပြုစေ၍ ပြီးခြင်း အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် သဉ္ဆရိတ္တနှင့် တူပြီ။

[ဝိမတိကား–ပနှင့် ဒု ပေါင်း၍ အင်္ဂါနှစ်ပါးဟု ဆို၏]။

ဆောင်——အပ်ကျည်ဖြစ်ဘိ၊ အဒ္ဒိမယ၊ အစပြီးပေ၊ ရရှိလေဘိ၊ အင်္ဂသုံးရှိ၊ သူစိဃရတည်း။

သူစိဃရသိက္ခာပုဒ် ပြီး၏။

၅-မဥ္ဇုပိဋ္ဌ

၅။ နဝံ၊ အသစ်ဖြစ်သော။ မဥ္ဆံဝါ၊ – ကိုဂုဏ်း။ ပိဋ္ဌံဝါ၊ – ကိုဂုဏ်း။ကာရယမာနေန၊ – သော။ ဘိက္ခုနာ ပန၊ – သည်။ ဟေဋ္ဌိမာယ၊ အောက်၌ဖြစ်သော။ အဋ္ဌနိယာ၊ အပေါင်စုန်းကို။ အညတြ၊ – ၍။ သုဂတဂုံလေန၊ မြတ်စွာဘုရား၏ လက်သစ်အား ဖြင့်။ အဋ္ဌဂုံလ ပါဒကံ၊ လက်ရှစ်သစ် အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို။ ကာရေတဗ္ဗံ၊ – ၏။ တံ၊ ထို လက်ရှစ်သစ် ပမာဏကို။အတိက္ကာမယတော၊ – အား။ ဆေဒနကံ၊ ဖြတ်ခြင်း ရှေးရှိသော။ ပါစိတ္တိယံ၊ – ၏။

၅·မဥ္ဇုပိဋ္ဌ

မဥ္ဆံဝါ ပိဋ္ဌံဝါ။ ။မဥ္ဆအရ ဆိုအပ်ပြီးသော ညောင်စောင်း လေးမျိုးတို့တွင် တမျိုးမျိုးကိုယူ။

ပိဋ္ဌ အရလည်း ဆိုအပ်ပြီးသော အင်းပျဉ် လေးမျိုးတို့တွင် တမျိုးမျိုးကိုပင် ယူ။ အင်းပျဉ်ဟူသည် ညောင်စောင်းလောက်လည်း မရှည်, အာသန္ဒီကဲ့သို့ လေးထောင့်လည်း မဟုတ်ဟု သိ။ အာသန္ဒီကား ပမာဏထက် အခြေရှည်သော်လည်း အပ်၏။

အဋ္ဌဂုံလပါဒကံ။ ။အဋ္ဌဂုံလော ပါဒေါ ယဿာတိ အဋ္ဌဂုံလပါဒကော။ လက်ရှစ်သစ် အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို ရစေ။ ၎င်း ညောင်စောင်းအင်းပျဉ်ကား မငြိမပုရိသတတောင့် ပကတိပုရိသတတောင့်ထွာ အခြေရှိ၏ဟု သိ။

[ဆေဒနကံကို ဘေဒနကံအတူ အဓိပ္ပါယ်ယူ၊ ဆိုအပ်ပြီးသော ပမာဏကို လွန်မူ ဖြတ်ခြင်းရှေးရှိသော ဆေဒနကပါစိတ် ဟူ၏]။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဥပနန္ဒ၊ မြင့်သော ညောင်စောင်း၌ အိပ်သော ဝတ္ထု။ ပမာဏနှင့် ယှဉ်သော ညောင်စောင်းကို ပြုသော ရဟန်း, ပမာဏထက် လွန်သော အခြေရှည်သော ညောင်စောင်းကို ရသော် အလွန်ကိုဖြတ်၍ သုံးဆောင်သော ရဟန်း, ပမာဏမျှ အထက်၌ ထင်အောင် မြေ၌တူးမြှုပ်၍ သုံးဆောင်သော ရဟန်း, ပက်လက်လှန်၍ သုံးဆောင်သော ရဟန်း, ငြမ်းဖွဲ့၍ သုံးဆောင်သော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ပမာဏထက် လွန်သော ညောင်စောင်း အင်းပျဉ် ဖြစ်ခြင်း, မိမိအကျိုးငှါ ပြု၍ ပြုစေ၍ ရခြင်း အင်္ဂါနှစ်ပါး။ အကြွင်း သူစိမ်းရ သိက္ခာပုဒ်နှင့် တူပြီ။

၆-တူလောနဒ္ဓ

၆။ ယော ပန ဘိက္ခု၊-သည်၊တူလောနဒ္ဓံ၊(ထက်အောက်ပုဆိုးကြမ်းကြက်၍) ဖွဲ့ယှက်အပ်သော လဲရှိသော။ ဝါ၊ လဲကို ဖွဲ့ယှက်ခြင်း ရှိသော။ မဥ္ဆံဝါ၊-ကိုဇင်း။ပီဋ္ဌံ ဝါ၊-ကိုဇင်း။ ကာရာပေယျ၊-အံ့။ တသ္သ ဘိက္ခုနော၊-အား။ ဥဒ္ဓါလနကံ၊ လဲကိုထုတ်ခြင်းရှိသော။ ပါစိတ္တိယံ၊-၏။

ဆောင်—ပမာဏလွန်တောင်း၊ ညောင်စောင်း အင်းပျဉ်၊ ကိုယ်ပင်ပြုပြီး၊
တနည်းပြုစေ၊ ရရှိလေက၊ အင်္ဂနှစ်ဝ၊ မဥ္ဇူပီဌတည်း။
မဥ္ဇူပီဌသိက္ခာပုဒ် ပြီး၏။
*ဆေဒနကသိက္ခာပုဒ်ဟူ၍လည်း ခေါ်သည်။

၆-တူလောနဒ္ဓ

တူလောနဒ္ဓံ။ ■တူလံ သြနဒ္ဓံ ဇေတ္ထာတိ တူလောနဒ္ဓံ။ လဲအဖွဲ့ရှိသော ညောင်စောင်း အင်းပျဉ်ကို ရစေ။ အောက်၌ ပုဆိုးကြမ်းကို ခင်း၍ လဲထည့်ပြီးလျှင် အထက်၌လည်း ပုဆိုးကြမ်းဖြင့် ဖုံးလွှမ်း မှေးယှက်၍ ပြုအပ်သော ညောင်စောင်းအင်းပျဉ်ကို တူလောနဒ္ဓဆိုသည်။ လဲအဆာသွတ်ထားသော မွေ့ရာများကို ညောင်စောင်းအင်းပျဉ် ပေါ်၌ မခင်းရ၊ ဤသည်သာ မဟုတ်သေး၊ သားမွေးကော်ဇော များကိုလည်း မခင်းရဟု သိ။

လဲသုံးမျိုး။ ။လဲသည် လက်ပံပင်စသော သစ်ပင်မှဖြစ်သော ရုက္ခတူလ လဲတမျိုး၊ အမှတ်မရှိ နွယ်ပင်မှဖြစ်သော လတာတူလ လဲတမျိုး၊ အမှတ်မရှိ မြက်မျိုးမှဖြစ်သော ပေါဋ္ဌကီတူလ လဲတမျိုး အားဖြင့် သုံးမျိုးရှိ၏။ ဝါကိုလည်း ရုက္ခတူလ=သစ်ပင်လဲ၌ သွင်းယူလေ။

ဆောင်—-ရုက္ခ-လတာ၊ပေါဋ္ဌကာ၊ တူလာ သုံးမျိုးရှိ။
သစ်ပင်,မြက်,နွယ်၊လဲသုံးသွယ်၊မှတ်ဖွယ် ကျမ်းဂန်ရှိ။

ခေါင်းအုံးပမာဏ။ ။ခေါင်းအုံးကား ဦးခေါင်းပမာဏရှိသော်သာ အပ်၏၊ ဦးခေါင်းပမာဏ ခေါင်းအုံး ဟူသည် သုံးထောင့်တို့တွင် နှစ်ထောင့်၏ အကြား အနံအားဖြင့် တထွာလေးသစ်, အလယ် တောင်ဆုပ်, အလျား တထောင့်ထွာ နှစ်တောင်သာ အပ်သည်၊ အနံ တောင်ဆုပ် အလျား နှစ်တောင် ဟူ၏။ ထို့ထက်ကြီးမူ မအပ်၊ အငယ်ပမာဏကို ကျမ်းဂန်မပြ။

၇-နိသီဒန

၇။ နိသီဒနံ၊ ထိုင်ရာ အခင်းကို။ ဝါ၊ နိသီဒိုင် အခင်းကို။ ကာရယ-မာနေန၊-သော။ ဘိက္ခုနာ ပန၊-သည်။ ပမာဏိကံ၊ ပမာဏနှင့် ယှဉ်သော နိသီဒိုင်အခင်းကို။ ကာရေတဗ္ဗံ၊-၏။ တတြ၊ ထိုနိသီဒိုင်၏။ ဣဒံ၊-သည်။ ပမာဏံ၊-တည်း။ သုဂတ ဝိဒတ္ထိယာ၊-အား၎င်း။ ဒီဃသော-မှ။

ဆက်ဦးအံ့။ ။ကျမ်းဂန်၌ ဂိလာန မဟုတ်လျှင် ခေါင်းအုံးနှင့် ခြေအုံး နှစ်မျိုးသာ အပ်ကြောင်းလာ၏။ ထို့ကြောင့် ဝိနည်းဓိုရ် ပုဂ္ဂိုလ်များကား ခေါင်းအုံးကို တတောင်ဖြင့်ထောက်ခြင်း ရင်အောက်ထားခြင်း များကို အသုံးမပြုဘဲ ရှောင်ကြဉ်ကြ၏။ အခြို့ကား မှီအုံးကိုပင် အသုံးပြုလျက်နှင့်ကြ၏။ မှီအုံးကား မအပ်သည်သာဟူမှတ်။ အခြို့ကား တတောင်ဖြင့် ထောက်ခြင်း၊ လက်ထောက်ခြင်းများကို သံသယ မရှိကြ၊အဘယ်ကြောင့် ဆိုသော် အိပ်သောအခါများ၌ ခေါင်းအုံးပေါ် လက်တင်၍ လက်ပေါ် ခေါင်းချ၍ အိပ်ခြင်းကို ဝိနည်းအရာ သံသယကုက္ကုစ္စကြီးကြသော မထေရ်ကြီးတို့သော်မှလည်း ပြုရသည်ကို မြင်ရသောကြောင့်ဟု အကြောင်းပြကြ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ လဲအဖွဲရှိသော ညောင်စောင်းကို ပြုစေသော ဝတ္ထု။ အာယောဂပတ် ခါးပန်း အံသဂုံ၌ သပိတ်အိတ် ရေစစ် ခေါင်းအုံးတို့၌ဌင်း, သူတပါးပြုထားသော လဲဖွဲယှက်သော ညောင်-စောင်းအင်းပျဉ်ကိုရသော် လဲကိုထုတ်၍သုံးဆောင်သော ရဟန်း,ဥမ္မတ္တကရဟန်း စသည်တို့အားဌင်း အနာပတ္တိ။ လဲအဖွဲရှိသော ညောင်စောင်း အင်းပျဉ်ဖြစ်ခြင်း, မိမိအကျိုးငှါပြု၍ ပြုစေ၍ ရခြင်း အင်္ဂါနှစ်ပါး။ အကြွင်းသူစ်ဃရသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—တူလောနဒ္ဓ၊ မဥ္စပီဌ၊ ပြုပြီးရလေ၊ ပြုစေ ထပ်လောနှစ်အင်္ဂါ၊ တူလောနဒ္ဓတည်း။

တူလောနဒ္ဓ သိက္ခာပုဒ် ပြီး၏။

၇-နိဒီဒန

နိသီဒနံ။ ။နိသီဒန္တို့ ငတ္ထာတိ နိသီဒနံ။ ရဟန်းတို့၏ ထိုင်ရာ နေရာပရိက္ခရာကို ရစေ။ သန္ထတနှင့် တူစွာခင်း၍ မိမိအလိုရှိရာဘက် အစွန်းတခု၌ မြတ်စွာဘုရား၏ တထာ ပမာဏသော အဆာကိုတပ်၍ နှစ်နေရာ၌ ကား ခဲ့ထားရသည်၊ ဤကဲ့သို့ ပြုလုပ်ထားသော် အမြိတ်အဆာ သုံးခုကဲ့လျက်

ဒွေဝိဒတ္ထိယော၊နှစ်ထ္ဝာတို့တည်း။ တိရိယံ၊–မှ။ ဒီယစ္ဆံ၊ တထ္ဝာခဲ့တည်း။ ဒသာ၊ အဆာသည်။ပိဒ့တ္ထိ၊ တထ္ဝာတည်း။ တံ၊ ထိုပမာဏကို။ အတိက္ကာမယတော၊–အား။ ဆေဒနကံ၊–သော။ ပါစိတ္တိယံ၊–၏။

ရှိ၏။ ပမာဏနှင့် ယှဉ်သော အမြိတ်အဆာ သုံးခုရှိသော ပရိက္ခရာမျိုးကို နိသီဒိုင်ခေါ် သည်ဟု သိ။

နိသီဒိုင်ပညတ်တော်မူခြင်း။ ။စီဝရက္ခန္ဓက ပဏီတဘောဇနဝတ္ထု၌ ရဟန်းများ မွန်မြတ်သော အစာအာဟာရတို့ကို စားကြပြီးနောက် တရားလက်လွှတ်လျက် အိပ်ပျော်ကြသည့်အခါ အိပ်မက်မက်၍ သုက်လွှတ်ကြသဖြင့် သင်္ကန်း, ကျောင်း, အိပ်ရာနေရာ, ခန္ဓာကိုယ်များ ပေရေနေခြင်းကြောင့် သင်္ကန်းကို စောင့်ရှောက်ခြင်း စီဝရဂုတို့, ကျောင်း အိပ်ရာနေရာများကို စောင့်ရှောက်ခြင်း သေနာသနဂုတို့, ခန္ဓာကိုယ်ကို စောင့်ရှောက်ခြင်း ကာယဂုတို့ အကျိုးငှါ ပညတ်တော်မူသည်။ ထို့ကြောင့် နိသီဒိုင်ကို သုက်နှိုးသင်္ကန်းဟု ခေါ်ကြသည်။

အသုံးပြုပုံ။ ။ဤနိသီဒိုင်ကို ယခုကာလ နေရာထိုင်ခင်းများကဲ့သို့ ခင်း၍လည်း အသုံးပြုကြသည်။ ဆွမ်းစားသည့်အခါ တပိုင်းကို ခင်း၍ အမြိတ်အဆာကို တင်ပြင်ပေါ်၌ တင်ကာ ဆွမ်းဟင်းစက်များကို ကာကွယ်ခြင်း အကျိုးငှါလည်း အသုံးပြုကြသည်။

လိုရင်းကား။ ။သင်းပိုင်အတွင်းက ခံ၍ ဝတ်ဘို့ရန် ဖြစ်သည်၊ ရွှေဘက်က ခံဝတ်လျှင် အလယ်က အစကို နောက်သို့ ခါးတောင်းကျိုက်သလို နောက်ဘက်က ခံဝတ်လျှင် ၎င်းအလယ်စကို ပေါင်ကြားမှ ရွှေသို့ ယူ၍ ကြိုးငယ်ဖြင့် ချည်ထားရသည်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပမာဏမရှိသော နိသီဒိုင်တို့ကို ဆောင်သော ဝတ္ထု။ ဒသာ ဝိဒတ္ထိ-ကား အနုပညတ်၊ အ။ ပမာဏနှင့်ယှဉ်သော နိသီဒိုင်ပမာဏအောက်ယုတ်သော နိသီဒိုင်ကို ပြုသော ရဟန်း, သူတပါး ပမာဏထက် လွန်အောင် ပြုထားသည်ကိုရသော် ဖြတ်၍ သုံးဆောင်သော ရဟန်း, မျက်နှာကြက် စသည်တို့တွင် အမှတ်မရှိ တခုခုပြုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့အား အနာပတ္တိ၊ ပမာဏထက်လွန်သော နိသီဒိုင် ဖြစ်ခြင်း, မိမိအကျိုးငှါ ပြု၍ ပြုစေ၍ ရခြင်း၊ အင်္ဂါနှစ်ပါး။ ....အကြွင်း သူစိမ်းရသိက္ခာပုဒ်နှင့် တူပြီ။

ဂ-ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ

ဂ။ ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ၊အနာကိုဖုံးလွှမ်းကြောင်း သက်နှိုးကို။ဝါ၊အမာလွှမ်း သက်နှိုးကို။ကာရဃမာနေန၊ –သော။ ဘိက္ခုနာ ပန၊ –သည်။ပမာဏိကာ၊ ပမာဏနှင့် ယှဉ်သော အမာလွှမ်းသက်နှိုးကို။ ကာရေတဗ္ဗာ၊ –၏။ တတြ၊ ထိုအမာလွှမ်းသက်နှိုး၏။ကွဒံ၊ –သည်။ပမာဏံ၊ –တည်း။ သုဂတ ဝိဒတ္ထိယာ၊ –အားဖြင့်။ ဒီဃသော၊ –မှ။ စတသော ဝိဒတ္ထိယော၊ လေးထွာတို့တည်း။ တိရိယံ၊ –မှ။ဒွေဝိဒတ္ထိယော၊နှစ်ထွာတို့တည်း။ တံ၊ထိုပမာဏကို။ အဂိဂ္ဂာ-မယတော၊ –အား။ ဆေဒနကံ၊ –သော။ ပါစိတ္တိယံ၊ –၏။

ဆောင်—နိသီဒန၊ ပမာဏလွန်ဘိ၊ မိမိကျိုးငှါ၊ ပြုပါပြုစေ၊ ရရှိလေက၊
အင်နှစ်ဝ၊ နိသီဒနတည်း။

နိသီဒနသိက္ခာပုဒ်ပြီး၏။

ဂ-ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ

ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ။ ။ကဏ္ဍုံ ပဋိစ္ဆာဒေန္တိ ဧတေနာတိ ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ။ ချက်အောက် ပုဆစ်ဒူးနှစ်ဘက် အထက်၌ ပေါက်သော အနာအမျိုးမျိုးကို ဖုံးလွှမ်းကြောင်းဖြစ်သော သက်နှိုးကို ဆိုလို၏။ ဤ၌ ကဏ္ဍုသဒ္ဒါယားနာကို ဟောသော်လည်း ယားနာမှ တပါးသော ဝဲနာ, သွေးစုနာ, အဖျားနှိသော ဖုနာ, ပြည်ထွက်သောအနာ, အိုင်းအနာ, ဒူလာမြင်းသရိုက်နာစသော အနာမျိုးကို ယူ။ ယားနာကိုသာ ဟောခြင်းကား ဥပလက္ခဏနည်းဟုမှတ်။ထင်းအနာမျှားသည် ချက်အောက်ပုဆစ်ဒူး နှစ်ဘက်အထက်၌ ပေါက်သော် သင်းပိုင်းကို ပေမည်စိုး၍ ထိုအနာမျှားကို ဖုံးလွှမ်းကာကွယ်ရန် အမာလွှမ်းသက်နှိုးကို ခွင့်ပြုတော်မူသည်။ ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ ဟူ၍လည်း ပါဠိရှိ၏။ ကာရဃမာနေန၌ စပ်။

[ဒီဃသော စသည်ကား အကြီး ပမာဏဟု သိ။]

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ အဟိုင်းအရှည် မရှိသော အမာလွှမ်းသက်နှိုးကို ဆောင်သော ဝတ္ထု။ အကြွင်း နိသီဒနသိက္ခာပုဒ်နှင့် တူပြီ။

ကဏ္ဍုပ္ပဒိုဏ္ဍဘဒိ သိက္ခာပုဒ်ပြီး၏။

၉-ဝဿိကသာဋိက

၉။ ဝဿိက သာဋိကာ၊ မိုးဝင်းအား လျော်ပတ်သော သင်္ကန်းကို။ ဝါ၊ မိုးရေခံသင်္ကန်းကို။ ကာရယမာနေန၊-သော။ ဘိက္ခုနာ ပန၊-သည်။ ပမာဏိကာ၊ပမာဏနှင့်ယှဉ်သော မိုးရေခံ သင်္ကန်းကို။ကာရေ-တဗ္ဗာ၊-၏။ တတြ၊ ထိုမိုးရေခံ သင်္ကန်း၏။ ဣဒံ၊-သည်။ ပမာဏံ၊-တည်း။ သုဂတ ဝိဒတ္ထိယာ၊-အားဖြင့်။ ဒီဃသော၊-မှ။ ဆ ဝိဒတ္ထိယော၊ ခြောက်ထွာတို့တည်း။ တိရိယံ၊-မှ။ အစ္ဆုတေယျာ၊ နှစ်ထွာခွဲတို့တည်း။ တံ၊-ကို။ အတိက္ကာမယတော၊-အား။ ဆေဒနကံ၊-သော်။ ပါစိတ္တိယံ၊-၏။

၁၀-နဒ္ဒ

၁၀။ ယော ပန ဘိက္ခု၊-သည်။ သုဂတ စီဝရပ္ပမာဏံ၊ မြတ်စွာဘုရား၏ သင်္ကန်းတော်၏ ပမာဏရှိသော။ စီဝရံ ဝါ၊-ကိုဌင်း။ အတိ

၉-ဝဿိကသာဋိက

ဝဿိကသာဋိကာ။ ။ဝဿာသု ယောဂ္ဂါ ဝဿိကာ။ မိုးလအား လျော်ပတ်သော မိုးရေခံ သင်္ကန်းကို ရစေ။ သာဋိက-သဒ္ဒါ ဝတ္ထ-သဒ္ဒါ၏ ပရိယာယ်၊ အဝတ် သာမည်ကို ဟော၏။ ဝဿိကာ စ သာ သာဋိကာ စာတိ ဝဿိကသာဋိကာ။ မိုးအား လျော်ပတ်သော မိုးရေခံ သင်္ကန်းကိုပင် ဖရဂေါက်၊ မိုးအခါဥသာ အဓိဋ္ဌာန်တင်၍ ရေသနုပ်ကဲ့သို့ အသုံးပြုအပ်သော သင်္ကန်းမျိုး ဟူ၏။

နိဒါန်း စသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပမာဏ မရှိသော မိုးရေခံ သင်္ကန်းတို့ကို ဆောင်သော ဝတ္ထု။ အကြောင်း နိသီဒနသိက္ခာပုဒ်နှင့် တူပြီ။

ဝဿိကသာဋိကသိက္ခာပုဒ် ပြီး၏။

၁၀-နဒ္ဒ

သုဂတ စီဝရ ပမာဏံ။ ။သုဂတသ စီဝရံ သုဂတစီဝရံ။ မြတ်စွာဘုရား၏ သင်္ကန်းကို ရစေ၊ သုဂတ စီဝရဿ ပမာဏံ ယဿာတိ သုဂတစီဝရပ္ပမာဏံ။ မြတ်စွာဘုရား၏ သင်္ကန်းပမာဏရှိသော တစုံတယောက် သောသူ၏ သင်္ကန်းကို ရစေ၊ ဤသင်္ကန်းကား ကေစီနှင့် နှစ်ထပ်သင်္ကန်းဟု သိ။

ရေကံ ဝါ၊ မြတ်စွာဘုရား၏ သင်္ဃန်းတော်ထက် လွန်သော သင်္ဃန်းကိုဂုဏ်း။ ကာဏုပေယျ၊ – အံ့။ တဿ ဘိက္ခုနော၊ – အား။ဆေဒနကံ၊ – သော။ပါစိတ္တိ-ယံ၊ – ၏။

တတြ၊ ထိုသိက္ခာပုဒ်၌။ ဣဒံ၊ – သည်။ သုဂတဿ၊ – ၏။ သုဂတ စီဝရ ပမာဏံ၊ မြတ်စွာဘုရား၏ သင်္ဃန်းတော်၏ ပမာဏတည်း။ သုဂတ ဝိဒတ္ထိ-ယာ၊ – အားဖြင့်။ ဒီဃသော – မှ။ နဝ ဝိဒတ္ထိယော။ ကိုးထွာ တို့တည်း။ တိရိယံ၊ – မှ။ ဆဝိဒတ္ထိယော၊ – တို့တည်း။ ဣဒံ၊ ဤ ဆိုအပ်ပြီး သည်ကား။ သုဂတဿ၊ – ၏။ သုဂတ စီဝရပမာဏံ၊ – တည်း။ ဣတိ၊ ဤကား ပါစိတ် အပြီးတည်း။

နဝမော၊ – သော။ ရတနဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

[ဥဒ္ဒိဋ္ဌာဒေါ စသည်ကို ရှေးနည်းမှီး၍ သိ။]

ပါစိတ္တိယော၊ – တို့သည်။ နိဋ္ဌိတော၊ – ကုန်ပြီ။

သုဂတဿ သုဂတ စီဝရပမာဏံ။ ။ဤပုဒ်၌ သုဂတစီဝရ ဟူသော သမာသ်သည် မြတ်စွာဘုရား သင်္ဃန်းတော်ကို ရသော်လည်း တာဃဝတ္ထုံ ဒေလံ စသည်တို့ကဲ့သို့ သင်္ဃန်း သာမညကို ဟော သောကြောင့် သုဂတဿ ဟူသော ဝိသေသနသာမိပုဒ်ကို ထည့်တော်မူသည်။ နိဒါန်း စသည်။ ။သာဝတ္ထိ၊ အရှင်နန္ဒ။ မြတ်စွာဘုရား၏ သင်္ဃန်းပမာဏ ရှိသော သင်္ဃန်းကို ဆောင်သော ဝတ္ထု။ အကြွင်း နိသိဒန သိက္ခာပုဒ်နှင့် တူပြီ။

နန္ဒထေရ သိက္ခာပုဒ် ပြီး၏။

* သုဂတစီဝရပမာဏ သိက္ခာပုဒ်ဟူ၍လည်း ဆိုကြ၏။

ရတနဝဂ် ပြီး၏။

သုဒ္ဓပါစိတ် ပြီး၏။

၅-ဒီဃနိကာယ

ပန၊ အာဘို့....။အာယသ္မာန္တေဘာ၊–တို့။ခေါ၊ စင်စစ်။ တတြ၊–၌။ပရိယာ-
ပန္နာ၊–ကုန်သော။ စတ္တာရော၊–ကုန်သော။ ပါဋိဒေသနီယာ၊ ပါဋိဒေသနီ
အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊–တို့သည်။ ဥဒ္ဒေသံ၊–သို့။ အာ-
ဂစ္ဆန္တိ၊–ကုန်၏။

၁-ပထမပါဋိဒေသနီယ

၁။ ယော ပန ဘိက္ခု၊–သည်။ အန္တရဃရံ၊ ရွာတွင်းသို့။ ပဝိဋ္ဌာယ၊
ဝင်သော။အညာတိကာယ၊–သော။ဘိက္ခုနီယာ၊–၏။ ဟတ္ထတော၊လက်မှ။
ခါဒနီယံ ဝါ၊–ကိုဌင်း။ဘောဇနီယံ ဝါ၊–ကိုဌင်း။ သဟတ္ထာ၊ မိမိ၏လက်ဖြင့်။
ပဋိဂ္ဂဟေတ္ဝာ၊ခံယူ၍။ခါဒေယျ ဝါ၊–အံ့။ဘုဥ္ဇေယျ ဝါ၊–အံ့။ တေန ဘိက္ခုနာ၊
–သည်။ အာဝုသော၊–တို့။ (အဟံ၊–သည်။) ဂါရယှံ၊ ကဲ့ရဲ့အပ်သော။
အာသပ္ပါယံ၊ မလျောက်ပတ်သော။ ပါဋိဒေသနီယံ၊ ပါဋိဒေသနီ အမည်ရှိ
သော။ ဓမ္မံ၊ အာပတ်သို့။ အာပဇ္ဇာမိ၊ ရောက်ပြီ။ တံ၊ ထိုပါဋိဒေသနီ အာပတ်
ကို။ ပဋိဒေသေမိ၊ ပြောကြားပါ၏။ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ၊
ပြောကြားအပ်၏။

၁–ပထမပါဋိဒေသနီယ

အန္တရဃရံ ပဝိဋ္ဌာယ။ ။အန္တရဃရအရ ထုတ်ချင်းထွင်းသော ခရီးလမ်းမ
ထုတ်ချင်း မထွင်းသော လမ်းခရီး ခရီးဆုံနှင့်
အိမ်တွင်းတို့ကို ယူ။ ။ပဝိဋ္ဌာယဟူသည် ဆိုအပ်ပြီးသောခရီး အိမ်တွင်းသို့
ဝင်သော ဘိက္ခုနီမကိုဆိုသည်။ ဤပုဒ်ဖြင့် ရဟန်း၏တည်ရာ အရပ်ကား
အပိုင်းအခြားမရှိဟု သိသင့်၏။ ထို့ကြောင့် ရွာတွင်းကျောင်း ဘိက္ခုနီမ
ကျောင်း တိတ္ထိကျောင်း ဆွမ်းစားဇရပ်တို့၌ ရပ်တည်၍ပေးသော ဘိက္ခုနီမ၏
လက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိသည် လမ်းမစသည် လေးခုတို့တွင် တခုခု၌နေ၍
ခံယူအံ့ အာပတ်မသင့်။ ဘိက္ခုနီမသည် လမ်းမစသည်တို့၌ နေ၍ပေးသော်
လမ်းမစသည်တို့၌ဌင်း, ရွာတွင်းကျောင်းစသည်တို့၌ဌင်း, ဆင်တင်းကုပ်စသည်
တို့၌ဌင်း, ရပ်တည်၍ တခုခုသော အာမိသကို စားခြင်းအကျိုးငှါ ခံယူသော
ရဟန်း ဒုက္ကဋ်၊ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီဟု သိ။

ဂါရယှံ-ပဋိဒေသေမိ။ ။ဤစကားရပ်ဖြင့် ဒေသနာကြားပုံ အခြင်းအရာကို ပြသည်။ ဤပါဋိဒေသနီ အာပတ်သင့်သော် အခြားဒေသနာကံ အာပတ်မျှားကဲ့သို့ ဒေသနာ မကြားရဘဲ ဤသိက္ခာပုဒ်၌ တိုက်ရိုက်ပြသည့်အတိုင်းသာ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ တံ ပဋိဒေသေမိ"ဟု ဆို၍ ဒေသနာကြားရသည်။ ထို့ကြောင့် "ပဋိဝိသုံ ဒေသေတဗ္ဗောတိ ပါဋိဒေသနီယာ"ဟု ဝစနတ္ထ ပြုကြသည်။ သို့သော် အခြားဒေသနာကံ အာပတ်မျှားကဲ့သို့ ဒေသနာကြားလျှင်လည်း အာပတ်မှ မထဟု မဆိုနိုင်။

အသပ္ပါယံ။ ။အသပ္ပါယဟူသည် နတ်ရွာနိဗ္ဗာန် စျာန် မဂ် ဖိုလ်တို့အား မလျောက်ပတ်သည်ကို ဆိုသည်။ နတ်ရွာ နိဗ္ဗာန် စျာန် မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သည်ဟူ၏။

နီဒါန်းစသည်။ ။သာဝတ္ထိ၊ရဟန်းတပါး၊ ရွာတွင်းသို့ဝင်သော အမျိုးမတော်သော ဘိက္ခုနီမ၏ လက်မှ အာမိသကိုခံယူသော ဝတ္ထု။အ၊ အ။ တိကပါဋိဒေသနီ၊ ယာမကာလိက စသည်တို့ကို ခံယူခြင်းမျိုးခြင်းတို့၌ ဒုက္ကဋ်၊ ဧကတော ဥပသမ္ပန္နဿ လက်မှ ယာဝကာလိကကို ခံယူရာ၌လည်း ဒုက္ကဋ်၊ဒုက္ကဋ်။ အမျိုးတော်၏ဟု မှတ်သောရဟန်း, အမျိုးတော်သော ဘိက္ခုနီမကို ပေးခိုင်း၍ ခံယူသုံးဆောင်သော ရဟန်း, ရွာတွင်းကျောင်းစသည်တို့၌ တည်၍ ဘိက္ခုနီမကပေးသော် ရွာမှအပသို့ ထုတ် ယူ၍ သုံးဆောင်သောရဟန်း, အနီး၌ ချထား၍လှူသည်ကို ခံယူသုံးဆောင်သောရဟန်း, အကြောင်းရှိ၍ ယာမကာလိ စသည်ကိုပေး၍ ခံယူသုံးဆောင်သော ရဟန်း, သိက္ခမာန် သာမဏေမတို့၏ လက်မှ ယူ၍ သုံးဆောင်သောရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား အနာပတ္တိ။ ဥဘတောသံဃာ၌ ရဟန်းပြုသော ဘိက္ခုနီမဖြစ်ခြင်း, အမျိုးမတော်ခြင်း, ရွာတွင်း၌တည်သော ဘိက္ခုနီမ၏ လက်မှ မိမိ၏လက်ဖြင့် ခံယူခြင်း, ယာဝကာလိက ဖြစ်ခြင်း, သုံးဆောင်ခြင်း၊ အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့်တူပြီ။

ဆောင်——ဥဘတော သံဃ၊ နီမ ဖြစ်ဘိ၊ ဉာတိမတော်၊ ရွာတွင်းသော်တည်၊ ဘိက္ခုနီမ၊ လက်မှခံယူ၊ အစာဟူက၊ ယာဝ ကာလိ၊ သုံးဆောင်ဘိက၊ အင်္ဂါး၀၊ ပထမ ပါဋိဒေသနီ။

ပထမ ပါဋိဒေသနီ သိက္ခာပုဒ်ပြီး၏။

၂-ဒုတိယ ပါဠိဒေသနာယ

၂။ ကုလေသု၊ ဒါယကာ အိမ်တို့၌။ နိမန္တိတာ၊ (ဘောဇဉ်ငါးပါးတို့တွင် တပါးပါးဖြင့်) ပင့်ဖိတ်အပ်ကုန်သော။ ယေ ဘိက္ခူ။ ပနေဝ၊ အကြင်ရဟန်းတို့သည်သာလျှင်။ (ယသ္မိံ ဌာနေ၊-၌။) ဘုဥ္ဇန္တိ၊ စားကုန်၏။ တတြ၊ ထိုဆွမ်းစားရာ အရပ်၌။ သော ဘိက္ခုနိ၊ ဤ ဘိက္ခုနီမသည်။ ဣဓ၊ ဤဆွမ်းစားရာ အရပ်၌။ ဝါ၊ ဤရဟန်းအား။ ဝါ၊ ဤသပိတ်၌။ သူပံ ဝါ၊ ဟင်းကိုလည်း။ ဒေထ၊ လှူကြကုန်လော့။ ဣဓ၊-၌။ ဩဒနံ ဝါ၊ ဆွမ်းကိုလည်း။ ဒေထ၊-ကုန်လော့။ ဣတိ၊-သို့။ ဝေါသာသမာနရူပါ၊ စီရင်သော သဘောရှိသည်။ ဟုတ္ဝာ၊-၍။ ဌိတာ၊ တည်သည်။ စေ ဟောတိ၊-အံ့။ (ဇေဝံသတိ၊-သော်။) တေဟိ ဘိက္ခူဟိ၊-တို့သည်။ သာ ဘိက္ခုနိ၊-ကို။ ဘဂိနိ၊ နှစ်မ။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊-တို့သည်။ ဘုဥ္ဇန္တိ၊-ကုန်၏။ တာဝ၊ လုံး။ (တုံ၊-သည်။) အပသက္က၊ ဖဲသွားဦးလော့။ ဣတိ၊-သို့။ အပသာဒေတဗ္ဗာ၊ တားမြစ်မောင်းမဲအပ်၏။

၂-ဒုတိယ ပါဠိဒေသနာယ

ဣဓ သူပံ ဒေထ။ ။ဤဝါကျဖြင့် ဘိက္ခုနီမ စီရင်ပုံ အခြင်းအရာကို ပြသည်။ ဆွမ်းကျေးရာအိမ်၌ ရဟန်းများ ဆွမ်းဘုဉ်းပေးနေစဉ် ဘိက္ခုနီမက ဤ၌ ဟင်းလိုက်ပါလော, ဤ၌ ဆွမ်းလိုက်ပါလော ဟု စီမံနေပုံကို ပြသည်ဟူ၏။

တေဟိ ဘိက္ခူဟိ-ဘုဥ္ဇန္တိ။ ။ဤဝါကျဖြင့် မောင်းမဲကားမြစ်ရမည့် အခြင်းအရာကို ပြသည်။ ရဟန်းများက ထို စီမံနေသော ဘိက္ခုနီမကို နှစ်မ ရဟန်းများ ဆွမ်းဘုဉ်းပေးနေခိုက် သင့်တော်ရာ သွားနေပါဟု မောင်းမဲ တားမြစ်ရမည် ဟူ၏။

ကေဿ စေပိ-ဘုဥ္ဇန္တိ။ ။ဤဝါကျဖြင့် မဒမောင်းမဲ မတားမြစ်သော ရဟန်းတို့အား အာပတ်သင့်ခြင်းကို ပြသည်။ ထို့ရဟန်းတို့တွင် တပါးပါးက ထိုစီမံနေသော ဘိက္ခုနီမကို မတားမြစ်လျှင် ရဟန်းအားလုံးပင် အာမိသကိုစားခြင်းအကျိုးငှါ ခံယူအံ့ ဒုက္ကဋ်၊ မျိုတိုင်း မျိုတိုင်း ပါဠိဒေသနာ ဟူ၏။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဆဗ္ဘဂို၊ ဘိက္ခုနီမ စီမံသည်ကို မတားမြစ်သော ဝတ္ထု။ တိကပါဠိဒေသနာ၊ ဒုကဒုက္ကဋ်၊ ကေတော ဥပသမ္ပန္နေ ဘိက္ခုနီမ စီရင်သည်ကို မဟားမြစ်အံ့ ဒုက္ကဋ်။ အနုပသမ္ပန္နေ ဟု အမှတ်ရှိသော

(တေသု ဘိက္ခ၊၊သု၊ – တို့တွင်။) ဧကဿပိ ဘိက္ခုနော၊ တယောက်သော ရဟန်းသည်လည်း။တံ ဘိက္ခုနိံ၊ – ကို။ ဘဂိနိ၊ – မ။ တုံ၊ – သည်။ ယာဝ၊ – လုံး။ ဘိက္ခ၊၊၊ – တို့သည်။ ဘုဥ္ဇန္တိ၊ – ကုန်၏။တာဝ၊ – လုံး။အပသက္ကာ၊ – လော့။ ဣတိ၊ – သို့။ အပသာဒေတုံ၊ တားမြစ် မောင်းမဲ၍။ ဝါ၊ တားမြစ် မောင်းမဲသည်၏ အဖြစ်ဖြင့်။ စေ နပ္ပဋိဘာသေယျ၊ အကယ်၍ မဆိုငြားအံ့။ တေဟိ ဘိက္ခ၊၊ဟိ၊ – တို့သည်။ အာဝုသော၊ – တို့။ (မယံ၊ ငါတို့သည်။) ဂါရယှံ၊ – သော။ အသပ္ပါယံ၊ – သော။ ပါဋိဒေသနိယံ၊ – သော။ဓမ္မံ၊ – သို့။ အာပဇ္ဇိမှ၊ – ကုန်ပြီ။တံ၊ – ကို။ ပဋိဒေသေမ၊ – ကုန်၏။ဣတိ၊ – သို့။ ပဋိဒေသေတဗ္ဗံ၊ – ၏။

ရဟန်း, ဘိက္ခုနီမဆွမ်းကို အလှူခံ၍ စားသော ရဟန်း, [ဤရဟန်းကား ဤသိက္ခာပုဒ်ဖြင့်သာ အာပတ် မသင့်၊ ရှေးသိက္ခာပုဒ်ဖြင့်ကား အာပတ်သင့်ကောင်းသည်။]ဒကာ ဒကာမတို့၏ ဆွမ်းကို ယူပေးသည်ကို ခံယူသော ရဟန်း, မပေးလှူသေးသော ဆွမ်းကို ပေးလှူခိုင်းသည်ကို ခံယူစားသော ရဟန်း, မလှူရသေးသော ရဟ့န်းကို လှူခိုင်းသည်ကို ခံယူစားသော ရဟန်း, ရဟန်း အားလုံး အညီအမျှ လှူခိုင်းသည်ကို ခံယူစားသော ရဟန်း, သိက္ခာမာန် သာမဏေမတို့စီရင်သည်ကို ခံယူစားသောရဟန်း, ဘောဇဉ်ငါးပါးကို ဖယ်ထား၍ ယာမကာလိက စသည်ကို ခံယူစားသော ရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား အနာပတ္တိ။ ဥဘတောသံဃာ၌ ရဟန်းခံသော ဘိက္ခုနီမဖြစ်ခြင်း, ဘောဇဉ်ငါးပါး ဖြစ်ခြင်း, ရှာတွင်း၌ ခွင့်ပြုအပ်သော စီရင်နည်းမှ တပါးသောနည်းဖြင့် စီရင်ခြင်း, မတားမြစ်ခြင်း, စားခြင်း၊ အင်္ဂါငါးပါး။.... သမုဋ္ဌာန်စသည် ကထိနနှင့် တူပြီ။

ဆောင်—ဥဘတောသံဃ၊ နီမဖြစ်ငြား၊ ငါးပါးဘောဇဉ်၊ ရှာတွင်ခွင့်ပြု၊ စီမံမှုမှ၊ အညစီမံ၊ မတားပြန်ခြင်း၊စားမျှိခြင်းပ၊ အင်္ဂငါး၀၊ဒုတိယ ပါဋိဒေသနီ။

ဒုတိယပါဋိဒေသနီ သိက္ခာပုဒ် ပြီး၏။

၃-တတိယပါဠိဒေသနီယ

၃။ ပုဗ္ဗေ၊ (ဃရဏိပစာရသ္မိံ သက်သည်မှ) ရှေးအာဘို့၌။ အနိမန္တိတော၊ မပင့်ဖိတ်အပ်သော။ အဂိလာနော၊–သော။ ယော ပန ဘိက္ခု၊–သည်။ သေက္ခသမ္မတာနိ၊ သေက္ခဟု သမုတ်အပ်ကုန်သော။ ဝါ၊ သေက္ခဟု သိအပ်ကုန်သော။ ယာနိ ခေါ ပန တာနိ ကုလာနိ၊ အကြင်အမျိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပေသု၊–ကဲ့နှ်သော။ သေက္ခသမ္မတေသု၊–ကုန်သော။ ကုလေသု၊–တို့၌။ ဝါ၊–တို့၏။ ခါဒနိယံ ဝါ၊–ကိုဂင်း။ ဘောဇနိယံ ဝါ၊–ကိုဂင်း။သဟတ္ထာ၊–ဖြင့်။ပဋိဂ္ဂဟေတ္ဝာ၊–၍။ခါဒေယျ ဝါ၊–အံ့။ဘုဉ္ဇေယျ ဝါ၊–အံ့။ တေန ဘိက္ခုနာ၊–သည်။ အာဝုသော၊–တို့။(အဟံ၊–သည်။) ဂါရယှံ၊–သော။ အသပ္ပါယံ၊–သော။ ပါဠိဒေသနီယံ၊–သော။ ဓမ္မံ၊–သို့။ အာပဇ္ဇိ၊–ပြီ။တံ၊–ကို။ပဋိဒေသေမိ၊–၏။ဣတိ၊–၍။ပဋိဒေသေတဗ္ဗံ၊–၏။

၃-တတိယပါဠိဒေသနီယ

သေက္ခသမ္မတာနိ။ ။သေက္ခသမ္မတ ဟူသည် ဥ တို့ဒုတိယကံဖြင့် ရအပ်သော သေက္ခသမ္မုတိရှိသော အမျိုးတို့ကို ဆိုသည်။ သဒ္ဒါတရားကား အလွန်ကောင်း၏။ ရဟန်းသံဃာကို မြင်လျှင် မိမိမစားရလျှင် နေပေစေ လှူဘို့သော အာရုံပြုကြ၏၊ သို့သော် ပစ္စည်းဥစ္စာကား မရှိကြ၊ ထိုကဲ့သို့ ပစ္စည်းဥစ္စာကား မရှိ သဒ္ဒါတရားလွန်ကဲသော ဒကာ ဒကာမမျိုးအား ဥ တို့ဒုတိယကမ္မဝါစာဖြင့် သေက္ခမျိုးဟု သေက္ခသမ္မုတိကို ပေးထားရမည်။ ထိုသေက္ခသမ္မုတိရသော သူမျိုးကို သေက္ခသမ္မတဟု ဆိုသည် ဟူ၏။

ပုဗ္ဗေ အနိမန္တိတော။ ။ပုဗ္ဗေ အနိမန္တိတ ဟူသည် ဃရဏိပစာရသ္မိံ မရောက်မီ ရှေးအာဘို့၌ မဖိတ်ထားခြင်းကို ဆိုသည်။

အဂိလာနော။ ။အဂိလာန ဟူသည် ဆွမ်းခံသွားခြင်းငှါ စွမ်းနိုင်သော ရဟန်းမျိုးကို ဆိုသည်။

ပါဠိဒေသနီယံ။ ။ထိုကဲ့သို့ သေက္ခသမ္မုတိ ရသော အိမ်မျိုးမှ ခဲဘွယ်ဘောဇဉ်ကို ဖိတ်ထားအပ်သူလည်း မဟုတ်, ဂိလာနလည်း မဟုတ်ဘဲ ဃရဏိပစာရသို့ ဝင်၍ခံယူရာ၌ ဒုက္ကဋ်၊ ခံယူပြီး၍ တစုံတခုသောအရပ်၌စား သော ရဟန်း စားတိုင်း စားတိုင်း ပါဠိဒေသနီ အာပတ်သင့်သည် ဟူ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ရဟန်းများ၊ အတိုင်းအရှည်မသိဘဲ ခံယူသော ဝတ္ထု။ ပုဗ္ဗေ အနိမန္တိတော အဂိလာနော နှစ်ပုဒ်ကား–

၄-စတုတ္ထပါဠိဒေသနီယ

၄။ သာသက်ံ သမ္မတာနီ၊-ကုန်သော။ ဝါ၊-သိအပ်ကုန်သော။သပ္ပဋိ ဘယာနီ၊-ကုန်သော။ အာဝရညကာနီ၊ -ကုန်သော။ ယာနိ ဧခါ ပန တာနီ၊-ကုန်သော။ သေနာသနာနီ၊-တို့သည်။ (သန္ထိ၊-ရှိကုန်၏။) ယော ပန ဘိက္ခု၊-သည်။ တထာ ရူပေသု၊-ကုန်သော။ သေနာသနေသု၊ တော

ဓာနုပညတ်၊ တိကပါဠိဒေသနီ၊ ဒုကဒုက္ကဋ်၊ ယာမကာလိက စသည်ကို ခံယူခြင်း, စားခြင်းတို့၌လည်း ဒုက္ကဋ်။ သေက္ခမဟုတ်ဟု အမှတ်ရှိသော ရဟန်း, ဥပစာသို့မဝင်မီ ပင်ဖိတ်အပ်သော, နာသော, တပါးသောသူ သေက္ခဟု သမှတ်အပ်သူတို့၏ အိမ်တို့၌ ထားအပ်သောဆွမ်းကို ခံယူသော, အိမ်မှ ထုတ်၍ ဆွမ်းစားဇရပ် စသည်တို့၌လည်း ရဟန်းကိုမမြင်၍ ထားအပ်သောဆွမ်း, ရဟန်း မမြင်မီ ရှေးဦးစွာထုတ်၍ တံခါးရင်း၌ ထားအပ်သော ဆွမ်းကို ခံယူစားသော ရဟန်း, နိစ္စ သလာက ပက္ခိက ဥပေါသထိက ပါဠိပဒိကဘတ် အကြောင်းရှိသော် ယာမကာလိကစသည်ကို ခံယူစားသောက်သောရဟန်း, ဥမ္မတ္တကရဟန်း စသည် တို့အား အနာပတ္တိ။

သေက္ခဟု သမှတ်အပ်ခြင်း, ရှေးအဘို့၌ မဖိတ်ခြင်း, သူနာ မဟုတ်ခြင်း, ဃရူပစာရသို့ သက်ဝင်ခြင်း, နိစ္စဘတ် စသည်တို့ကို ဖယ်ထား၍ တပါးသော အာမိသကို ခံယူစားသောက်ခြင်း၊ အင်္ဂါငါးပါး၊....သမုဋ္ဌာန်စသည် ဌဋ္ဌကလောမ နှင့် တူပြီ။

ဆောင်—သေက္ခ သမ္မုတိ၊ ရရှိသောခိုက်၊ ရှေး၌ ဖိတ်ခြင်း၊ မရှိလျှင်းပါ၊ သူနာ မဟု၊ ဃရူပစာ၊ သက်ဝင်ပါလတ်၊ နိစ္စဘတ်စသ ား၊ ဖယ်ကြဉ်ထားလျက်၊ တပါး အာမိသ၊ ခံပြီးမှစား၊ အင်္ဂါးပါး၊ မှတ်သား တတိယ။

တတိယပါဠိဒေသနိသိက္ခာပုဒ် ပြီး၏။

၄—စတုတ္ထပါဠိဒေသနီယ

အာဝရညကာနီ - သပ္ပဋိဘယာနီ။ ။ဤအာဝရညကာနီ စသည်တို့ကို စီဝရဝိပ္ပဝါ-သ သိက္ခာပုဒ်အတိုင်းသိ။

ပုဋ္ဌေ အပ္ပဋိသံဝိဒိတံ။ ။ပုဗ္ဗေဟူသည် အရာမ်၏ ဥပစာသို့ မရောက်မီ ရှေးအဘို့ ဖြစ်သော အခါကိုဆိုသည်။ ။ပဋိသံဝိဒိတဟူသည်

ကျောင်းတို့၌။ ပုဗ္ဗေ၊ (အရာမ်တ္ဝင်းသို့ဝင်သည်မှ) ရှေးအဘို့၌။ အပ္ပဋိသံ-ဝိဒိတံ၊ (ဘေးရှိသည်၏ အဖြစ်ကို) မသိစေသည်။ ဟုတ္ဝာ၊–၍။ (အာဟဋ္ဌံ၊ ဆောင်လာသော။) ခါဒနီယံ ဝါ၊–ငံ့ငင်း။ ဘောဇနီယံ ဝါ၊–ဎင်း။ အဇ္ဈာ-ရာမေ၊–၌။ သဟတ္ထာ၊–ဖြင့်။ ပဋိဂ္ဂဟေတ္ဝာ၊–၍။ အဂိလာနေ၊–၍။ ခါဒေယျ ဝါ၊–အံ့။ ဘုဉ္ဇေယျ ဝါ၊–ဒုံ့။ တေန ဘိက္ခုနာ၊–သည်။ အာဝုသော၊–တို့။။ (အဟံ၊–သည်။) ဂါရယှံ၊–သော။ အသပ္ပါယံ၊ သော။ ပါဋိ-ဒေသနိယံ၊–သော။ ဓမ္မံ၊–သို့။ အာပဇ္ဇိံ၊–ပြီ။တံ၊–ကို။ ပဋိဒေသေမိ၊–၏။ ဣတိ၊–၍။ ပဋိဒေသေတဗ္ဗံ၊–၏။

[ဥဒ္ဒိဋ္ဌာခေါ စသည်ကို ရှေးနည်းမှီး၍သိ။]

ပါဋိဒေသနီယာ!–တို့သည်။ နိဋ္ဌိတာ၊–ပြီ။

မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ, အရာမ်တ္ဝင်း အရာမ်ဥပစာတ္ဝင်းသို့ လာရောက်ပြီး အရှင်ဘုရား ဤမည်သော အမျိုးသည် ဤမည်သော ဒကာ ဒကာမသည် ဤမည်သော သူသည် အရှင်ဘုရားမျှားအား ခဲဘွယ် ဘောဇဉ်ကို လာလှူပါလိမ့်မည်ဟု ရှေးဦးစွာ ကြိုတင်၍ လျှောက်ထားအပ်သော ဘောဇဉ်ကို ဆိုသည်။

[ယခုကာလ အသုံးကား-နက်ဖြန် ဤမည်သောသူက ဆွမ်းလာလှူ။ ပါလိမ့်မည် စသော လျှောက်ထားခြင်းမျိုး ဟူ၏။]

ဤမျှသာ မဟုတ်သေး လျှောက်ထားပြီးနောက် ရှေးဦးစွာ ကြိုတင်၍ လျှောက်ထား တိုင်းသော ခဲဘွယ်ဘောဇဉ်ကို ဆောင်ယူလာသည်ဖြစ်စေ, ထို လျှောက်ထားသော ခဲဘွယ်ဘောဇဉ်၏ အခြံအရံဖြစ်သော တပါးသော ခဲဘွယ် ဘောဇဉ်ကိုဂုဏ်း လျှောက်ထား၍ ဆောင်ယူလာသော ခဲဘွယ် ဘောဇဉ်နှင့်အတူ ဆောင်ယူလာသော မျှားစွာသော ခဲဘွယ် ဘောဇဉ်ကိုဂုဏ်း ဆောင်ယူလာခဲ့သည် ဖြစ်စေ, ဤမည်သော ဒကာသည် ပန်ကြား လျှောက်ထား၍ ခဲဘွယ် ဘောဇဉ် ကို ယူ၍သွား၏ဟု ကြားသော် တပါးသော ဒကာတို့သည်လည်း ထိုသူတို့နှင့် အတူ ခဲဘွယ်ဘောဇဉ်ကို ဆောင်ယူလာခဲ့သည် ဖြစ်စေ, ထိုဆောင်ယူလာသော ခဲဘွယ်ဘောဇဉ် သုံးမျိုးကိုလည်း ပဋိသံဝိဒိတပင် ဆိုသည်။ ဆိုအပ်ပြီးသော နည်းအတိုင်း မလျှောက်ကြားအပ်သော ဘောဇဉ်နှင့် မဆောင်ယူလာသော ဘောဇဉ်ကို အပ္ပဋိ သံဝိဒိတ ခေါ်သည်ဟု သိ။

အဂိလာနေန။ ။ဆွမ်းခံသွားနိုင်သော ကျန်းမာသော ရဟန်းကို အဂိလာန ခေါ်သည်။

ပါဠိဒေသနီယံ။ ။ရွေးအဘို့က ကြိုတင်၍ အကြောင်းမကြားသော ယာဝကာလိက ခဲဘွယ် ဘောဇဉ်ကို အယုတ်ဆုံး အရုဏ်၏ အလယ်ဖြင့် သွားကုန်သော ခရီးသွားတို့သည် လှူအပ်သော ခဲဘွယ် ဘောဇဉ်ကို အရုဏ်တွင်း အရုဏ်၏ ဥပစာတွင်း၌နေ၍ မဖျားမနာဘဲ ခံယူစားသော ရဟန်းအား ခံယူခြင်းကြောင့် ဒုက္ကဋ်၊ စားတိုင်း စားတိုင်း ပါဠိဒေသနီ အာပတ်သင့်၏။ **နိဒါန်းစသည်။** ။သက္ကတိုင်း၊ ရဟန်းများ၊ အရုဏ်အတွင်း၌ ခိုးနေသူမှန်း သိလျက် မပြောကြားသော ဝတ္ထု။ **အဂိလာနောကား** အနုပညတ်၊ တိကပါဠိဒေသနီ၊ ဒုကဒုက္ကဋ်၊ ယာမ ကာလိက စသည်တို့၌ အာဟာရအကျိုးငှါ ခံယူခြင်း, မျိုခြင်းတို့ကြောင့်လည်း ဒုက္ကဋ်၊ ပြောကြားအပ်၏ဟု အမှတ်ရှိသော ရဟန်း, ဂိလာန ရဟန်း, ပဋိသံဝေဒိတ၏ အကြွင်း ဂိလာန၏ အကြွင်းကိုစားသော ရဟန်း, အရုဏ်ပြဋ္ဌ ခံယူခဲ့ပြီးသော ခဲဘွယ် ဘောဇဉ်ကို ထိုအရုဏ်၌ဖြစ်သော သစ်မြစ်, သစ်သီး စသည်ကို အကြောင်းရှိသော် ယာမ ကာလိက စသည်တို့တွင် တပါးပါးကို စားသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့အား အနာပတ္တိ။ ဆိုအပ်ပြီးသော တောကျောင်းဖြစ်ခြင်း, ထိုကျောင်း၌ ဖြစ်သော ယာဝကာလိက မဟုတ်ခြင်း, မနာခြင်း, လူနာ၏ အကြွင်း မဟုတ်ခြင်း, ရွေးဦးစွာ မကြားခြင်း, အရုဏ်တွင်း၌ ခံယူခြင်း, စားခြင်း၊ အင်္ဂါခုနစ်ပါး။

သမုဋ္ဌာန် စသည် ကထိနနှင့် တူပြီ၊ ကိရိယာကိရိယသာ ထူး၏။

ဆောင်——ဆိုအပ်ပြီးတောင်း၊ ဘောကျောင်းဖြစ်ခိုက်၊ ကျောင်း၌ ဖြစ်ဘိ၊ ကာလိယာဝါ၊ မဟုတ်ပါဘဲ၊ သူနာလဲ မဟုတ်၊ ကျန်မဟုတ်ပင်၊ ကြိုတင်မကြား၊ ရာမ်တွင်းအားခံ၊ စားမျိုပြန်က၊ ခုနစ်ဝ၊ အင်္ဂါ မတုတ္ထာ။

စတုတ္ထပါဠိဒေသနီ သိက္ခာပုဒ် ပြီး၏။

ပါဠိဒေသနီ ပြီး၏။

၅-ဝိတ္ထာရဒ္ဒေသ-သေခ်ိယ

ပန္၊ အာဘို့....။ အာယသ္မန္တေဘာ၊ –တို့။ ခေါ၊ –စစ်။ တတြာ၊ –ဌ်။ ပရိယာပန္နာ၊ –ကုန်သော။ သေခ်ိယာ၊ ကျင့်အပ်ကုန်သော။ ဝါ၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ ဝါ၊ သေခ်ိယအမည် ရှိကုန်သော။ ဣမေ ဓမ္မာ၊ –တို့သည်။ ဥဒ္ဒေသံ၊ –သို့။ အာဂစ္ဆန္တိ၊ –ကုန်၏။

၅-ဝိတ္ထာရဒ္ဒေသ–သေခိယ

ယခုအခါ လျှောက်ပတ်သော ၂၆-ပါးသော သာရုပ္ပ သိက္ခာပုဒ်, ဘောဇဉ်နှင့် စပ်သော ၃၀-သော ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်, တရားဟောခြင်းနှင့် စပ်သော ၁၆-ပါးသော ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်, ကျင်ကြီးနှင့် စပ်သော ၃-ပါးသော သိက္ခာပုဒ်တို့၏ အပြားအားဖြင့် ၇၅-ပါး အပြား ရှိသော သိက္ခာပုဒ်တို့ကို ပြခြင်းအကျိုးငှါ "ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ" စသည်ကို ဟောတော်မူအပ်သတည်း။

သေခိယာ ဓမ္မာ။ ။သိက္ခတီတိ သေခေါ။ သင်တတ် ကျင့်တတ်သော အရိယာပုဂ္ဂိုလ်ကို ခေါ၏။

တနည်း–တီသု သိက္ခာသု ဇာတောတိ သေခေါ။ သိက္ခာ သုံးပါးတို့၌ ဖြစ်တတ်သော မဂ်, ဖိုလ်, သမာဓိကို ခေါ၏၊

တနည်း–ဣက္ခတိ တောယာတိ ဣက္ခာ။ ရှုကြောင်း ဖြစ်သော မဂ်ဖိုလ်, သမာဓိကိုပင် ခေါ၏။ သဟ ဣက္ခာယ ဝတ္တတီတိ သေခေါ။ မဂ်, ဖိုလ်, သမာဓိနှင့် တကွ ဖြစ်သော အရိယာပုဂ္ဂိုလ်ကို ခေါ၏၊ သေခဿ ဣဒံ သေခိယံ။ **အရိယာ** ပုဂ္ဂိုလ်၏ ဥစ္စာ ဖြစ်သော သေခိယ သိက္ခာပုဒ်ကို ခေါ၏။ တနည်း–သိက္ခိတဗ္ဗာတိ သေခိယာ။ သင်အပ်, ကျင့်အပ်, အားထုတ်အပ်သော သိက္ခာပုဒ် တရားတို့ကို ခေါ၏။ ။ဓမ္မ အရ ၎င်းသိက္ခာပုဒ်တို့ကိုပင် ကောက်လေ။

အမေး။ ။ပါဠိတော်က, သံဃာဒိသေသ် စသည်တို့၌ လေးပါး, ဆယ့်သုံးပါး စသည်ဖြင့် သခ်္ခါသရုပ် ဖော်ထုတ်ပိုင်းခြား ပြသသကဲ့သို့ ဤသေခိယ သိက္ခာပုဒ်တို့၌ ၇၅-ပါးဟု သခ်္ခါ သရုပ် ဖော်ထုတ် ပိုင်းခြား၍ အဘယ့်ကြောင့် မပြသနည်းဟု မေး။

အဖြေ။ ။စူဠဝါဝတ္တက္ခန္ဓကဋ္ဌကထာ ဟောတော်မူအပ်သော အာဂန္တုကဝတ် စသော ဝတ်ကြီး ဝတ်ငယ်တို့သည်လည်း ကျင့်အပ်သော တရားမျိုး ဖြစ်

ပရိမဏ္ဍလဝဂ္ဂ

၁–၂။ ပရိမဏ္ဍလံ၊ အဝန်းသုံးပါး ညီညွတ်စွာ။ နိဝါသေသာမိ၊ သင်းပိုင်ကို ငါဝတ်အံ့။ ။ပါရုပိသာမိ၊ ကိုယ်ဝတ်ကို ငါရုံအံ့။ ဣတိ၊–သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ရကား သေခိယဟု ဆိုထိုက်သောကြောင့် ၎င်းဝတ်ကြီး ဝတ်ငယ်တို့ကိုလည်း သေခိယ၌ သင်းခြင်း အကျိုးငှါ ၇၅-ပါးဟု သရုပ်အားဖြင့် ပိုင်းခြား၍ မပြဟု ဖြေ။

၎င်း–စာရိတ္တဝိနည်းကို ပြခြင်းအကျိုးငှါ သရုပ်အားဖြင့် ပိုင်းခြား၍ မပြဟုလည်း ဖြေကြ၏။

ပရိမဏ္ဍလဝဂ္ဂ

၁–၂။ ပရိမဏ္ဍလံ နိဝါသေသာမိ။ ။ပရိသမန္တာတော မဏ္ဍလံ ပရိမဏ္ဍလံ။ ထက်ဝန်းကျင် အဝန်း ညီခြင်းကို ရစေ။ ဤ၌ အဝန်းသုံးပါးကား–ချက်ဝန်း တခု, ပုဆစ်ဒူးဝန်း နှစ်ခု၊ ပေါင်းသုံးခုတည်း။ သင်းပိုင်ကို ဝတ်သောအခါ အထက်ပိုင်းမှ ချက်၏ ပတ်ဝန်းကျင် ဖုံးလွှမ်း၍ အောက်ပိုင်း၌ ပုဆစ်ဒူးနှစ်ဘက်အောက် မြင်းခေါင်းမှ စ၍ ပကတိ လက်ရှစ်သစ်မျှ သင်းပိုင်ကို ချပြီးလျှင် ပတ်ဝန်းကျင် ဝိုင်းစွာဝတ်ခြင်းကို ပရိမဏ္ဍလနိဝါသန ခေါ်သည်။ ဘယ်နေရာကမဆို ကြည့်လျှင် အနိမ့်အမြင့် မရှိစေဘဲ ညီညီညွတ်ညွတ် ဝိုင်းဝိုင်းစက်စက် ဝတ်ထားခြင်းမျိုးဟူ၏။

လက်ရှစ်သစ်ဟု ဆိုသော်လည်း အနည်းငယ် ရှည်ခြင်း, တိုခြင်းမျှားလည်း အပ်၏။ အဘယ့်ကြောင့်ဆိုသော် လက်ရှစ်သစ်တိတိကျကျဝတ်နိုင်ဘို့ရာ ခဲယဉ်းခြင်းကြောင့်တည်း။ထို့ကြောင့် အင္ဂဇုံလမတ္တံဟု မတ္တာသဒ္ဒါထည့်၍ အင္ဂကထာမျှား ဆိုတော်မူကြသည်။

သိက္ခာ ကရဏီယာ။ ။သိက္ခာနံ သိက္ခာ။ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကြိယာကိုရစေ။ ဤသိက္ခာပုဒ်လာသော ဝတ်ပုံအတိုင်းဖြစ်သော ကျင့်ဝတ်ကို ဖြည့်ကျင့်ရမည်ဟု ဆိုလိုသည်။ သေခိယ သိက္ခာပုဒ်မျှားသည် သင်လည်းသင်အပ် ကျင့်လည်းကျင့်အပ်သော သိက္ခာပုဒ်မျှားဖြစ်ကြ၏။ ထို့ကြောင့် သင်မိ ကျင့်မိအောင် အားထုတ်ရမည်ဟူ၏။ သိက္ခာပုဒ်လာတိုင်း မဝတ်မူ၍ အဆာမ်တွင်း, ရွာတွင်း အလုံးစုံ၌ မရှိမသေ ရွှေမှဖြစ်စေ,နောက်မှဖြစ်စေ, ခဘားမှဖြစ်စေ တွဲလျားချ၍ ဝတ်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

ဤသေခိယ သိက္ခာပုဒ်တို့ကို လွန်ကျူးရာ၌ မည်သည့်အာပတ်သင့်စေဟူသိက္ခာပုဒ်လော ပါဠိတော်ဖြင့် မသိအပ်သော်လည်း ထိုသိက္ခာပုဒ်တို့ကို အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ အာပတ္တိ ဒုက္ကဋ်ဆိုသဟု ဟောတော်မူခြင်းကြောင့် အလုံးစုံသော သေခိယသိက္ခာပုဒ်တို့၌ မရှိမသေပြုကျင့်သော် ဒုက္ကဋ်အာပတ်သင့်ကြောင်း သိနိုင်၏။

အမေး။ ။ဤသေခိယ သိက္ခာပုဒ်များကို လွန်ကျူးရာ၌ အာပတ်သင့်လျှင် အဘယ့်ကြောင့် "ယော ပန ဘိက္ခု ဩလမေ့ဇ္ဈော နိဝါသေယျ ဒုက္ကဋ်" ဟု အာပတ်အမည်တပ်၍ မဟောအပ်ပါသနည်းဟုမေး။

အဖြေ။ ။ဤသေခိယ သိက္ခာပုဒ်များ၏ စာရိတ္တ ဝိနည်းဖြစ်ခြင်းကို ပြတော်မူလိုသောကြောင့် အာပတ်အမည်တပ်၍ ပညတ်တော်မမူဟု ဖြေ။ စာရိတ္တ ဝိနည်းဟူသည် ကျင့်ရမည့် ကျင့်ဝတ်ကိုခေါ်သည်။ထိုကျင့်ဝတ်ကို မသိ၍ ဖြစ်စေ, သတိမေ့၍ဖြစ်စေ, လွန်ကျူးလိုသော စေတနာမရှိ၍ဖြစ်စေ မကျင့်မိလျှင် အပြစ်မရှိ၊ သိလျက်နှင့် မရှိမသေပြုပြီး မကျင့်သော်ကား ဒုက္ကဋ်အာပတ်သင့်သည်။သို၍ကျင့်လျှင်ကား အကျိုးရသည်ဟု သိ။

ဝတ်ပုံအမျိုးမျိုး။ ။လူတို့ပုဆိုးဝတ်သလို ဝတ်ခြင်း, ဆင်နှာမောင်းကဲ့သို့ရှေ့ကအစချ၍ ဝတ်ခြင်း, ငါးကြင်းမြီးကဲ့သို့ အစခဲ့ချ၍ဝတ်ခြင်း ရပ်ဝန်းကဲ့သို့ အစဝိုင်းချ၍ ဝတ်ခြင်း, မျှားစွာအတွန့်ပြု၍ ဝတ်ခြင်း, ခါးတောင်းကျိုက်၍ ဝတ်ခြင်း။

[ဤဝတ်ခြင်းကား ခရီသွားသောရဟန်း, နာသောရဟန်းတို့အား သော်လည်းမအပ်၊ ခရီးသွားရဟန်းအား အစွန်းတခုကိုဖြစ်စေ, နှစ်ခုကိုဖြစ်စေ ချိမြောက်၍ သင်းပိုင်၏အထက်၌ ဆဲချိတ်ထားအံ့ မအပ်၊ အတွင်း၌သင်းပိုင်တထည်ကို ဆိုခဲ့ပြီးသော အတိုင်းဝတ်၍ အပေါ်၌ သင်းပိုင်တထည် ထပ်ဝတ်သော်လည်း မအပ်၊ မနာသောရဟန်း သင်းပိုင်နှစ်ထပ် ဝတ်လိုသော် ရိုးရိုးထပ်၍ ဝတ်အပ်၏ဟု သိ။]

[နိဒါန်းစသည်ကို သိက္ခာပုဒ်အားလုံးဆုံးမှ ပြမည်။]

အနာပတ္တိဝါရ။ ။ဝတ္ထုကို လွန်ကျူးလိုသော စေတနာ မရှိသော ရဟန်း, သတိမေ့၍ ဝတ်သောရဟန်း, ဝတ်ပုံကိုမသိသေးသောရဟန်း [ဝတ်ပုံမသိသေးသောရဟန်း အာပတ်မသင့်သော်လည်း ဝတ်ပုံကိုသိအောင်ပြုရမည်။] နာသောရဟန်း, ဘေးရန်ရှိသောရဟန်း, ဥမ္မတ္တကရဟန်းစသည်တို့အား **အနာပတ္တိ**။

[သလုံး မြင်းခေါင်း ခြောက်ကပ်သောရဟန်း, ခြေသလုံးကြီးသော ရဟန်းတို့အား သာရပုတ္တရာကျိုးငှါ လက်ရှစ်သစ်ထက် အလွန် တွဲလျားချ၍ ဝတ်ကောင်းသည်။]

အင်္ဂါ။ ။မရှိသေခြင်း, အာပတ်မသင့်ခြင်း၏ အကြောင်းမရှိခြင်း, အဝန်းသုံးပါး ညီစွာ မဝတ်ခြင်း၊ အင်္ဂါသုံးပါး။

[နောက်နောက် သိက္ခာပုဒ်များဌ ဤသိက္ခာပုဒ် ရှေးအင်္ဂါ နှစ်ပါးနှင့်တကွ ထိုထိုသိက္ခာပုဒ်ဌ ဟောဟော်မူအပ်သော ဆန့်ကျင်ဘက် အကြောင်း တခုစီထည့်၍ အင်္ဂါသုံးပါးစီ ဖြစ်သည်ဟု သိ၊ ထို့ကြောင့် နောက်နောက်သော သိက္ခာပုဒ်တို့ဌ အင်္ဂါကို မပြတော့အံ့။]

ဆောင်—မရှိသေဘိ၊ အာပတ္တိ၏၊ ကြောင်းမရှိခြင်း၊ အဝန်းညီစွာ၊ မဝတ်ပါဘိ၊ သုံးအင်ပြည့်က၊ ဒုက္ကဋ်၊ မှတ်ကြ နောက်လည်း၊ ထို့တူတည်း။

ပရိမဏ္ဍလံ ပါရုပီဿာမိ။ ။အဝန်းညီစွာ ကိုယ်ဝတ်ကို ရုံခြင်းဟူသည်-ခန္ဓကဌ် လာသော ဂိဟိပါရုတစသော ဖောက်ပြန်သော ရုံခြင်းမျိုးကိုလည်း မဆိုလို၊ ယခုကာလ သင်္ကန်းရုံခြင်းမျိုးကိုလည်း မဆိုလို၊ သေခိယဌ် လာသောနည်းဖြင့် သင်္ကန်းအစွန်း နှစ်ဖက်ကို အညီထား၍ သင်္ကန်းရမ်းခြင်းဟူသော ရုံခြင်းမျိုးကို ဆိုလိုသည်။ ဤဌ် အစွန်းနှစ်ဖက်ကို အညီထား၍ ရမ်းခြင်းကား ယခုကာလ သင်္ကန်းရမ်းနည်း အတိုင်း လက်ဝဲတဖက် ပခုံးထက်သို့တင်သော ကိုယ်ဝတ်၏ကျောဖက်ဌ ကျသောအစွန်း တခုနှင့် ဝမ်းဖက်ဌကျသော အစွန်းတခု ဤအနားအစွန်း နှစ်ခုတို့ကို ညီညီထား၍ ရမ်းရမည်ဟု ဆိုကြ၏။

အချို့ကား။ ။ယခုကာလ သင်္ကန်းရမ်းနည်းသည် ကျမ်းဂန်နှင့် မညီ၊ သင်္ကန်းရုံသည့်အခါများဌ လက်လပ်မလိပ်မီ အနားစွန်း နှစ်ခုကို ညီစွာထားသကဲ့သို့, အနားစွန်းနှစ်ဖက်ကို ညီစွာပြုပြီး ကျောဖက်ထား၍ ရမ်းမူသာ—"ဥဘောကဏ္ဏေ သမံ ကတ္ဝာ" ဟူသော ကျမ်းဂန်စကားနှင့် ညီမည်ဟု ဆိုကြ၏။

ဤဝါဒလည်း ရှေ့အစွန်း နောက်အစွန်း အစွန်းနှစ်ဘက်ကို ညီအောင်ပြု၍ရစေကောင်းသောကြောင့် "ဥဘော ကဏ္ဏေ သမံ ကတ္ဝာ" ဟူသော ကျမ်းလာစကားနှင့် ညီသည်ဟု ဆိုနိုင်ရကား သင့်သည်ဟု ယူဆကြသည်၊ နောက်ဝါဒကား လက်ျာပခုံးကို ဖုံး၍ ရမ်းနည်းတမျိုး, မဖုံးမူ၍ ရမ်းနည်းတမျိုးဟု နှစ်မျိုးဖြစ်ကောင်းထု၏။ လက်ျာပခုံးမဖော်ဘဲ ဖုံး၍ရမ်းနည်းကား

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်လာ ရုံနည်းနှင့် သိပ်ထူးမည်မဟုတ်။ ဘုရားရှေ့ ဆရာသမားများ ရှေမှောက်၌ နေသောအခါ ပခုံးနှစ်ဖက်ခြုံပြီး **မနေ**ကောင်းရကား အခါခပ်သိမ်းနှင့် မဆက်ဆံဖြစ်သည်။

ပါရုတအမျိုးမျိုး။ ။အဝတ်ဖြူ ဝတ်သော တက္ကတွန်းတို့ကဲ့သို့ အထက်ပိုင်း ကိုယ်မျှကိုသာ ဝတ်ခြင်းဟူသော **သေတပါရုတ** တမျိုး, ပရိဗိုဇ်တို့ကဲ့သို့ ပခုံးစွန်း နှစ်ဖက်သို့ တင်၍ ရင်ဘတ်ကိုဖော်ပြီး ဝတ်ရုံခြင်း ဟူသော **ပရိဗ္ဗာဇကပါရုတ**, ပုဆိုးတဏည်သာရှိသော သူတို့သည် ဝတ်သောပုဆိုး၏ အစွန်းတခုဖြင့် ကျောက်ကုန်းကိုခြုံ၍ အစွန်းနှစ်ဖက်ကို ပခုံးစွန်း နှစ်ဖက်သို့ တင်၍ ဝတ်ရုံသကဲ့သို့ ဝတ်ရုံခြင်းဟူသော **ဧကသာဋကပါရုတ**, သေသောက်ကျူးတို့သည် ပုဆိုးဖြင့် လည်ပင်းကိုရစ်ပတ်၍ အစွန်းနှစ်ဖက်ကိုရင်၌ငင်း, ကျောက်ကုန်း၌ငင်း ချ၍ဝတ်သကဲ့သို့ ဝတ်ရုံခြင်း ဟူသော **သုရာသောဏ္ဍပါရုတ**, နန်းတွင်းသူတို့သည် မျက်စိမျှကိုပြ၍ ဦးခေါင်းခြုံထားသကဲ့သို့ ဝတ်ရုံခြင်းဟူသော **အန္ဆပုရိကပါရုတ**, လက်သမားကြီးတို့သည် ပုဆိုးရှည်ကိုဝတ်၍ ထိုပုဆိုးရှည်၏ အစွန်းတခုဖြင့် တကိုယ်လုံး ရစ်ပတ်၍ ရုံသကဲ့သို့ ဝတ်ရုံသော **မဟာဇဋ္ဌက**-**ပါရုတ**, လယ်သမားတို့သည် လယ်တဲသို့ ဝင်သည်ရှိသော် ပုဆိုးကို ရစ်ပတ်၍ လက်ကတီးကြားခွ ထားပြီးတခုသောအစွန်းဖြင့် ကိုယ်ကိုခြုံသကဲ့သို့ ဝတ်ရုံသော **ကုဋိပဝေသကပါရုတ**, ပုဏ္ဏားတို့သည် လက်ကတီးကြား နှစ်ဖက်သို့သွင်း၍ ပခုံးစွန်းနှစ်ဖက်သို့ တင်ထားသကဲ့သို့ ဝတ်ရုံသော **ဗြာဟ္မဏပါရုတ**, စီတန်းခြင်းပြုသော ရဟန်းသည် ပုခုံးစွန်း တဖက်သို့ လုံးတင်လျက် လက်မောင်းကို ဖော်၍ ရုံသကဲ့သို့ ဝတ်ရုံသော **ပါဠိကာရကပါရုတ**, ဤသို့စသော ပါရုတအလုံးစုံကို ဂိဟီ ပါရုတခေါ် သည်။ ဤ ဂိဟီပါရုတဝတ်ရုံနည်းအတိုင်း အရာမ်တွင်း၌ဖြစ်စေ ရွာတွင်း၌ဖြစ်စေ မရှိမသေ ဝတ်ရုံက ဒုက္ကဋ်ဟု သိ။

ဆက်ဦးအုံ။ ။ဤပရိမဏ္ဍလ သိက္ခာပုဒ်နှစ်ခုကား နေရာအထူး မပြုမူ၍ဟော ခြင်းကြောင့် အရာမ်တွင်း ကျောင်းတွင်းမှာဖြစ်စေ ရွာတွင်းမှာဖြစ်စေ အဝန်းညီစွာ ဝတ်ရုံအပ်၏။ အရာမ်တွင်း ကျောင်းတွင်းအရ သံဃာစည်းဝေးသောအခါ ဘုရားဆင်းတုတော်ထံ ခစားသောအခါ ဆရာဥပဇ္ဈာယ်စသော မထေရ်ကြီးများထံ ဆည်းကပ်ခစားသော အခါ စသည်များကို ယူရမည်။ မိမိအလိုအလျောက် နေသောအခါ အဝန်းမညီသော်လည်း အာပတ်မသင့်ဟုသိ။

ရွာတွင်းဟူရာ၌ ရွာတွင်း၌ နေခြင်း အကျိုးငှါ ကပ်ရောက်ပြီး ခေတ္တခဏ တည်းခိုနေထိုင်သော ရဟန်းအား ဝါသူပဂတ ရ-ကောင်းသော သုပ္ပဋိစ္ဆန္န-စသော သိက္ခာပုဒ် ရှစ်ခုတို့နှင့်အညီမနေဘဲ ပရိမဏ္ဍလ သိက္ခာပုဒ်နှင့်အညီကား

၃-၄။ သုပ္ပဋိစ္ဆန္နေ၊ လည်-လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ ငါ သွားအံ့။ ။ နိဿီဒိဿာမိ၊ ငါ နေထိုင်အံ့။ ဣတိ၊-သို့။ သိက္ခာ။-ကို။ ကရဏီယာ၊-၏။

နေရမည်ဟု သိ။ [ဝါသူပဂတ အဓိပ္ပါယ်-သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၌ထင်ရှားလတ္တံ့]။ အနာပတ္တိဝါရတူပြီ။

၃-၄။ **သုပ္ပဋိစ္ဆန္နေ**။ ။သုဋ္ဌု ပဋိစ္ဆန္နောတိ သုပ္ပဋိစ္ဆန္နော။ ကိုယ်ကို ကောင်းစွာ သက်နှံးဖြင့် ဖုံးလွှမ်းထားခြင်းကို ရစေ။ ရွာတွင်းသို့ သွားမည့်အခါ အနားပတ်သီးကိုတပ်ပြီးမှ အလျားနားပတ်ဖြင့် လည်ပင်းကို ဖုံး၍ အစွန်းနှစ်ဘက်တို့ကို ညီညီညာညာပြု၍ လိမ်ပြီးလျှင် လက်ကောက်ဝတ်ကို ဖုံးမိအောင် သက်နှံးရုံခြင်းကို သုပ္ပဋိစ္ဆန္နခေါ်သည်၊ ဦးခေါင်းကိုကား လုံးလုံးမဖုံးမိအောင် သတိပြုရမည်၊ ဖုံးမိက ဩဂုဏ်တိတ သိက္ခာပုဒ်ဖြင့် အပြစ်ရှိလိမ့်မည်၊ လက်ဖျားနှင့် ခြေဖျားတို့ကို ဖုံးမိရာ၌ အပြစ်ဆိုရန် သိက္ခာပုဒ် သီးခြားမရှိ။

အန္တရဃရေ။ ။အန္တရေ အန္တရေ ဃရာနိ ဧတ္ထာတိ အန္တရဃရော၊ အကြား အကြား၌ အိမ်ရှိသောရွာကို ရစေ၊ ရွာတွင်းသို့ သွားသော ရဟန်း ဆိုအပ်ပြီးသော နည်းအတိုင်း သက်နှံးရုံ၍ သွားရမည်၊ ဤသိက္ခာပုဒ်သည် ပရိမဏ္ဍလ သိက္ခာပုဒ်နှင့် ဆက်ဆံသောကြောင့် ပုဆစ်ဒူးဝန်းမှအောက် လက်လေးသစ်ချ၍ တွဲလျားမကျစေဘဲ အဝန်းညီစွာရုံရမည်၊ ဆိုအပ်ပြီးသော နည်းအတိုင်း မရုံဘဲ ဒူးကိုဂုင်း, ရင်ဘတ်ကိုဂုင်း, လည်ဂုတ် ပခုံးကိုဂုင်း ဖွင့်၍သွားသော ရဟန်း ဒုက္ကဋ်၊ စေတနာနှင့်တကွ အနားပတ်သီးကို မတပ်သော ရဟန်း အားလည်း အာပတ်မှ မလွတ်ဟု ဆိုကြ၏။ အန္တရဃရေ အရ ရွာ၌ဖြစ်စေ ကျောင်း၌ဖြစ်စေ လူတို့ ချက်ပြုတ် စားသောက်ရာ အရပ်ကိုယူ၊ ထို့ကြောင့် ကျောင်းတွင်း၌ပင် ဖြစ်စေကာမူ လူတို့ ချက်ပြုတ်စားသောက်ရာ အရပ်သို့ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့်အညီ သက်နှံးမရုံဘဲ ဝင်သွားသော် အာပတ်သင့်ကြောင်းကို ဝိနယဝိနိစ္ဆယ ဋီကာကိုထောက်၍ ပြောဆိုကြ၏။

အထူးမှတ်ချက်။ ။ဤသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဝါသူပဂတသာ ပိ၏။ မြို့တွင်း ရွာတွင်း၌ နေခြင်းအကျိုးငှါ ကပ်ရောက်ပြီး ခေတ္တခဏဲ တည်းခိုနေထိုင်သော ရဟန်းအား သက်နှံးမရုံသော်လည်း အာပတ်မသင့် ဟူ၏၊ သို့သော် တည်းခိုနေထိုင်ရန် သွားသောအခါ သက်နှံးရုံ၍ သွားရမည်၊ နေထိုင်သည့် အခါလည်း ပရိမဏ္ဍလ သိက္ခာပုဒ်အတိုင်း နေထိုင်ရမည်ဟု သိ။

ဆက်ဦးအံ့။ ။ဝါသူပဂတကို "**ဝါ**သူပဂမော နာမ ရတ္တိ• ဝါသတ္ထာယ ဥပဂတော" ညဉ်အိပ်နေခြင်းအကျိုးငှါ ကပ်ရောက်သော ရဟန်းဟု **ဝိနယဝိနိစ္ဆယဋီကာ** ဖွင့်၏။ "ဝါသူပဂတဿာတိ ရတ္တိ• ဝါသတ္ထာဝဲယ ဥပဂတဿ" ညဉ်အိပ်နေခြင်း အကျိုးငှါ ကပ်ရောက်သော ရဟန်းဟူ၍ပင် ကခ်ီဋီကာသစ် ဖွင့်၏။

အဋ္ဌကထာကြီးဋ္ဌကား "ဝါသူပဂတဿာတိ ဝါသတ္ထာယ ဥပဂတဿ ရတ္တိ-ဘာဂေဝါ ဒိဝသဘာဂေဝါ ကာယံ ဝိဝရိတ္ဝာ နိသီဒတော အနာပတ္တိ" နေခြင်း အကျိုးငှါ ကပ်ရောက်သော ရဟန်းအား ညဉ်အဘို့ဖြစ်စေ နေ့အဘို့ဖြစ်စေ ကိုယ်တခြမ်းကို ဖွင့်လှစ်၍ နေသော်လည်း အာပတ်မသင့်ဟု ရတ္တိ• သဒ္ဒါ မပါဘဲ သဘာမညအားဖြင့် ဖွင့်၏။

ဝိနည်းဋီကာကြီး သုံးစောင်တို့ဋ္ဌလည်း ရတ္တိ•ဟု အထူးဖွင့်ပြခြင်း မရှိကြ။

"ဝါသာဓိပ္ပါယံ ဝိနာ ဓမ္မဒေသနပရိတ္တာဘဏနာဒိအတ္ထာယ သုစိရံပိ နိသီဒန္တေန သဗ္ဗံ အန္တရဃရဝတ္တံ ပူရေန္တေနေဝ နိသီဒိတဗ္ဗံ" ခေတ္တာခဏ နေထိုင်လို ခြင်းမျိုး မဟုတ်ဘဲ တရားဟောခြင်း ပရိတ်ရွတ်ခြင်း စသည်အကျိုးငှါ နေထိုင်သော ရဟန်းသည် မြို့တွင်း ရွာတွင်းဝတ်ကို ပြုကျင့်သဖြင့်သာ နေထိုင်ရမည်ဟု ဆိုသော ဝိမတိဝိနောဒနီကာ စကားရပ်၌ ဝါသာဓိပ္ပါယဖြစ်အံ့၊ အန္တရဃရဝတ်ကို မပြုကျင့်ဘဲလည်း နေကောင်းသည်ဟု အဓိပ္ပါယ်ရောက်သည်။ ထိုသို့ရတ္တိ•ဟု အဋ္ဌကထာဋီကာကြီးဋ္ဌ ဖွင့်ဆိုခြင်း မရှိသောကြောင့် ဋီကာကလေးများ ဖွင့်သော် စကားကို ဆင်ခြင်၍ ယူသင့်၏ဟု ဆိုကြ၏။

အချို့ဝါဒ။ ။အဋ္ဌကထာဋ္ဌမူ "ရတ္တိဘာဂေဝါ ဒိဝသဘာဂေဝါ ကာယံ ဝိဝရိတ္ဝာ နိသီဒတော အနာပတ္တိ" ဟု ရှိ၏။ ထိုဋ္ဌ ဒိဝသဘာဂေဝါ ဟူသော အမြွက်ကို ထောက်၍ နေ့အဘို့ အတွက် တည်းခိုခြင်းလည်း အနေပင်ဟု ယူသင့်မည်ထင်၏။ ထိုကဲ့သို့ တည်းခို နေထိုင်ခြင်းများ မဟုတ်ဘဲ ပရိတ်ရွတ် တရားဟောကိစ္စအတွက် နေထိုင်ရာဋ္ဌကား အချိန်ကြာသော်လည်း သက်နှံးရုံနေရမည်သာတည်းဟု ဆို၏။

ကေစိဝါဒ။ ။ရဟန်းတပါး ရှေးဦးစွာ ရွာထည်းသို့သွား၍ နေပြီးသော် နောက်မှ သွားသော ရဟန်းတို့သည် အလိုရှိတိုင်း သက်နှံးမရုံဘဲ ထိုရဟန်းရှိရာ နေရာသို့ သွားကောင်းသည်ဟု ဆိုကြ၏။

အပရေဝါဒ။ ။အိမ်ရှင်တို့က အရှင်ဘုရားတို့ နေသမျှ ကာလပတ်လုံး အရှင်ဘုရားတို့အား ဤအိမ်ကို လှူပါ၏ဟု ဆို၍လှူသော် ဝါသာ-

၅-၆။ သုသံဝုတော၊ လက်ခြေ တို့ကို မကစားဘဲ ကောင်းစွာကျွန်ုပ်ကို စောင့်ရှောက်လျက်။ အန္တရ ဃရေ၊–၌။ ဂမိဿာမိ၊–အံ့။ နိသီဒိဿာမိ၊ –အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ဓိပ္ပါယပင် မရှိသော်လည်း အရာမ်တွင်း၌ကဲ့သို့ အလိုရှိတိုင်း သွားလာနေထိုင်ခြင်းငှါ အပ်၏ဟု ဆိုကြ၏။

ဝိမတိအဆို။ ။ထိုကစိ အပရေ ဆရာတို့ ဆိုသော အတိုင်း ပါဠို အဋ္ဌကထာတို့၌ မလာသောကြောင့်ရင်း, လှူခြင်းလက္ခဏာ မရှိခြင်းကြောင့်ရင်း, အခိုက်အတန့် လှူကာမျှဖြင့် ကျောင်းဟူသော ခေါ်ဝေါ်ခြင်းသို့ မရောက်သောကြောင့်ရင်း, ဤအကြောင်း သုံးပါးကြောင့် ဝါဒနှစ်ပါးစလုံး မသင့်၊ ဒါနဟူသည် ဝတ္ထုကို အပြီးအပိုင်စွန့်ခြင်း လက္ခဏာရှိသည်ကို ထောက်ရမည်ဟု ဆို၏။

ယခုကာလ လျှောက်ထားပုံ။ ။အရှင်ဘုရားတို့ ဤအိမ်ကို ကျောင်းအမှတ်ပြု၍ နေတော်မူကြပါဟု အချို့ဒကာ ဒကာမများ လျှောက်ထားကြ၏။ လျှောက်ထားသူကား စိတ်ကောင်း စေတနာကောင်းဖြင့် လျှောက်ထားခြင်းကြောင့် ကုသိုလ်ဖြစ်ဘွယ် ရှိ၏။ ရဟန်းတော်များကား ဝါသာဓိပ္ပါယမရှိလျှင် လျှောက်ထားတိုင်း သက်န်းရုံဖျက်ခြင်းစသည် မပြုအပ်သည်သာဟု မှတ်။

သုပ္ပဋိစ္ဆန္နနိသီဒန။ ။ရေမျိုမှစ၍ ဦးခေါင်းကို, လက်ကောက်ဝတ်မှ စ၍လက်တို့ကို, သလုံးမြင်းခေါင်းသား မှစ၍ ခြေတို့ကို ဖုံ၍ ဖောင်း၍ ကြွင်းသော ကိုယ်ကို ဖုံးလွှမ်း၍ ထိုင်နေခြင်းကို ဆိုသည်။ ဤသိက္ခာပုဒ်အနာပတ္တိဝါရ၌လည်း ဝါသူပဂတပို၏။ ထို့ကြောင့် မြို့တွင်း ရွာတွင်း နေခြင်းအကျိုးငှါ ကပ်ရောက်ပြီး ခေတ္တခဏ တည်းခိုနေထိုင်သော ရဟန်းအား ညဉ့်နေ့မရွေး ကိုယ်ကိုဖုံး၍ ပရိမဏ္ဍလသိက္ခာပုဒ်အတိုင်း နေသော် အနာပတ္တိဟု သိ။

၅-၆။သုသံဝုတော။ ။သံဝရိယတေတိ သံဝုတော။ စောင့်စည်း အပ်သော် လက်ခြေတို့ကို ရစေ၊ သုဋ္ဌု သံဝုတော ယဿာတိ သုသံဝုတော။ ကောင်းစွာ စောင့်စည်းအပ်သော လက်ခြေရှိသော ရဟန်းကို ရစေ။ လက်ခြေတို့ကို မလှုပ်မရှား မဆော့မကစားမိအောင် ကောင်းစွာ စောင့်ရှောက်ပြီး မြို့တွင်းရွာတွင်း၌ သွားလာနေထိုင်ရမည်ဟူ၏။

[အနာပတ္တိဝါရကား ပထမသိက္ခာပုဒ်နှင့် တူပြီ၊ အာပဒါသု မပါသည် သာထူး၏]။

၂-ဂ။ ဩကိွတ္တစက္ခု၊ လေးတောင် ခန့်မျှ မြေအဘိုကို ကြည့်သဖြင့် ချအပ်သော မျက်လှာရှိသည် ဖြစ်၍။ အန္တရဃရေ-၌။ ဂမိဿာမိ၊-အံ့။ နိသီဒိဿာမိ၊-အံ့။ ဣတိ၊-ဘို့။ သိက္ခာ၊-ကို။ ကရဏီယာ၊-၏။

၉-၁၀။ ဥက္ခိတ္တကာယ၊ သင်္ကန်းကိုပင့်လျက်။ အန္တရ ဃရေ၊-၌။ နဂမိဿာမိ။ ငါ မသွားအံ့။ ။နနိသီဒိဿာမိ၊ ငါ မနေထိုင်အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို။ ကရဏီယာ၊-၏။

၂-ဂ။ **ဩကိွတ္တစက္ခု**။ ။အဝကိွတ္တံ စက္ခု၊ ယဿာတိ ဩကိွတ္တစက္ခု။ ဤ၌ ဩ-သည် အဝ-၏ ကာရိယတည်း၊ အောက်သို့ဟူသော အနက်ကိုမှတ်။ ခိတ္တ-ချထားအပ်သော။ စက္ခု-မျက်စိ၊ ယဿ အညပုဒ်ကား ရဟန်းကိုစဲ့၊ အောက်သို့ ချထားအပ်သော မျက်စိ မျက်လှာရှိသော ရဟန်း၊ ဆုံးမ၍ ယဉ်ကျေးပြီးသော ထမ်းပိုးခြင် တပ်ထားသော အာဇာနည် မြင်းလိမ်မာသည် ထမ်းပိုးတပြန်ခန့် လေးတောင်မျှလောက်သော မြေအဘို့ အရပ်ကို ကြည့်၍ သွားသကဲ့သို့ အယဉ်ကျေးဆုံးဟု အခေါ်ခံရသော ဘုရားရှင်၏ သားတော်ဖြစ်ကြသော ရဟန်းဘာမဏေများသည်လည်း မြို့တွင်း ရွာတွင်းတို့၌ သွားလာနေထိုင်သောအခါ ယဉ်ကျေးသူပီပီ ဝတ္ထုကို ဟင်္ဍ လေးတောင်မျှ လောက်သာ ကြည့်၍ မျက်စိမျက်လှာကို ငအောက်သို့ ချပြီး သွားလာနေထိုင် ရမည်ဟူ၏။ မရှိသေခြင်းကိုစဲ့၍ ထိုထို ဤဤ အလိလိသော အရပ်ကို ကြည့်လျက် သွားလာ နေထိုင်သော ရဟန်း ဒုက္ကဋ်၊ တနေရာရာ၌ ရပ်၍ဖြစ်စေ, သွား၍ဖြစ်စေ, ဆင်မြင်းစသော ဘေးရန် ရှိမရှိ သိရန်အတွက် ကြည့်လိုက လှမ်းကြည့်ကောင်းသည် အာပတ်မသင့်။ အနာပတ္တိဝါရ ပဌမ သိက္ခာပုဒ်နှင့် တူပြီ။

[နောက်နောက် သိက္ခာပုဒ်များ၌ အနာပတ္တိဝါရ ထူးသည် ကိုသာ ဆို တော့အံ့]။

၉-၁၀။ **ဥက္ခိတ္တကာယ**။ ။ဥက္ခိတ္တ-ပင့်မြှောက် အပ်သော သင်္ကန်း၊ က-ပစ္စည်း အနက်ထူးမရှိ သောတ္ထ၊ နာ-ဝိဘတ် ဣတ္ထမ္ဘူတ လက္ခဏာ အနက်၌ သက်ကားသည်။ ဆွမ်းခံသွားသော ရဟန်းအား သပိတ် ထုတ်ယူခွင့်မျှကို ခွင့်ပြုခြင်းကြောင့် တဘက်မှုဖြစ်စေ နှစ်ဘက်စလုံးဖြစ်စေ ခါးမှအထက် ခါးပန်း စသည်ကို မြင်ရအောင် ပင့်မြှောက်ခြင်းကို ဥက္ခိတ္တ-ကာယ ခေါ်သည်။ အရာမ်ရှိသော ရွာဖြစ်အံ့-အရာမ် တံခါးခုံအတွင်း, အရာမ် မရှိသော ရွာဖြစ်အံ့- ခဲနှစ်ကျအတွင်းမှ စ၍ သင်္ကန်းများကို ပင့်မြှောက်ပြီး မသွားကောင်း၊ ထိုင်သောအခါ၌လည်း ပခုံး၌လွယ်ထားသော သပိတ်စသည်မှ

ဥဇ္ဇဋ္ဌိက ဝဂ္ဂ

၁–၂။ ဥဇ္ဇဋ္ဌိ ကာယ၊ ပြင်းစ္စာ ရယ်လျက်။ အန္တရ ဃရေ၊ –၌။ နှ ဂမိဿာမိ၊ –အံ့။ ။နှ နိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။သိက္ခာ၊–ကို့။ ကရဏီယာ၊ –၏။

၃–၄။ အပ္ပဿဒ္ဓေါ၊ တိုးတိုးအသံ ရှိသည်ဖြစ်၍။ အန္တရဃရေ၊ ၌။ ဂမိဿာမိ၊–အံ့။ ။နိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို့။ ကရ-ဏီယာ၊ ၏။

ဓမ္မကရိုဏ်းရေစစ်ကို ထုတ်ယူသောရဟန်းအား သင်္ဃာန်းကိုပင့်မြှောက်၍ ထုတ်ယူသော် ခါးမှအထက် ပေါ်တတ်သည်။ ပေါ်အောင် မထုတ်ယူကောင်း။ သင်္ဃာန်းကို ပင့်မြှောက်၍ ခါးပေါ်အောင် ထုတ်ယူသောရဟန်း ဒုက္ကဋ်။ ဤသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဝါသူပဂတပို့၏။ ထို့ကြောင့် ဝါသူပဂတာ ပုဂ္ဂိုလ်အား ဥက္ခိတ္တ-ကာယကြောင့် အာပတ်မသင့်၊ ဝါသူပဂတ မရသောသိက္ခာပုဒ်မျှးဦးကား– သိက္ခာပုဒ်အား လျော်စွာ ကျင့်ရသည်ကို သတိပြုသင့်၏။

ပရိမဏ္ဍလ ဝဂ်ပြီး၏။

ဥဇ္ဇဋ္ဌိက ဝဂ္ဂ

၁–၂။ ဥဇ္ဇဋ္ဌိကာယ။ ။မြင့်ကျယ်ခြင်း မဟန္တအနက်ဟော၊ ဇင္ဃ-ဓာတ် ရယ်ရှင်ခြင်းဟာသအနက်ဟော၊က-ပစ္စည်းအနက်ထူး မရှိ သောတ္ထာ၊ နာ-ဝိဘတ် ဣတ္ထမ္ဘူတလက္ခဏာ အနက်၌ သက်ထားသည်။ အသံ မြင့်မြင့်ကျယ်ကျယ် ရယ်ခြင်းကို ဥဇ္ဇဋ္ဌိကခေါ်သည်။ ဤသိက္ခာပုဒ် အနာပတ္တိ-ဝါရ၌ "ဟသနီယသ္မိံ ဝတ္ထုသ္မိံ မိဟိတမတ္တံ ကရောတိ" ပို့၏။ ရယ်စရာအကြောင်း တစုံတခု ဖြစ်ပေါ်လာသော် မြို့တွင်း ရွာတွင်းဖြစ်မူ ဟား-ဟား-ဟား-ဟား စသည်ဖြင့် ကျယ်လောင်စွာ မရယ်ရ၊ ပြုံးရုံမျှလောက်သာ ပြုံးရမည်။ အနာ-ဒရိယစိတ်မရှိဘဲ အသံညှင်းညှင်းထွက်သွားသော် အပြစ်မရှိတန်ရာ။

၃–၄။ အပ္ပဿဒ္ဓေါ။ ။အပ္ပဿဒ္ဓါ အနည်းငယ်သော အနက်ကိုဟော၊ သဒ္ဓ-သဒ္ဓါ အသံဟူသော အနက်ကိုဟော၏။ အသံတိုးတိုးဟု ဆိုလိုသည်။ အဓိပ္ပါယ်–ဆယ့်နှစ်တောင်ရှိသောအိမ်၌ ရဟန်းနှင့် ခြောက်တောင်ကွာ ဝေးသောအရပ်မှာ နေသောသူသည် အသံလည်းကြား စကားလုံးလည်း ကွဲပြားစွာ နားလည်၏။ တဆယ့်နှစ်တောင်ဝေးကွာသော အရပ်မှာ

၅-၆။ ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍လှုပ်၍။ အန္တရဃရေ၊-၌။ နဂမိဿာမိ၊-အံ့။နဂ နိဿိဒိဿာမိ၊-အံ့။ ဣတိ၊ -သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊ -၏။

၇-၈။ ဗာဟုပ္ပစာလကံ၊ လက်မောင်းကို လှုပ်၍လှုပ်၍။ အန္တရဃရေ၊ -၌။ နဂမိဿာမိ၊-အံ့။ ။နဂ နိဿိဒိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို။ ကရဏီယာ၊-၏။

နေသူကား အသံသာကြား၍ စကားလုံး ကဲ့ပြားအောင် နားမလည်၊ ဤအသံမျိုးကို အပ္ပသဒ္ဒခေါ်သည်။

ဆယ်နှစ်တောင် ဝေးကွာသော အရပ်မှာ နေသောသူ စကားလုံး ကဲ့ပြားအောင် ကြားအံ့ ထိုအသံမျိုးကို မဟာသဒ္ဒ ခေါ်သည်။ မဟာသဒ္ဒ ဖြစ်အံ့ အာပတ်သင့်သည်ဟုသိ။ ရှာတွင်း၌ တရားဟောသော ရဟန်း, ပါတိမောက်ပြသောရဟန်း, ပရိတ်တရားရွတ်ဖတ်သော ရဟန်းတို့အား ပရိသတ်အားလုံးကြားလောက်အောင် အသံကျယ်ကျယ် ရွတ်ဆိုသော်လည်း အနာပတ္တိ။

၅-၆။ ကာယပ္ပစာလကံ။ ။ကုစ္ဆိတာနံ အာယောတိ ကာယော။ စက် ဆုပ်ရွံရှာစရာကောင်းသော ဆဲပင်စသည် တို့၏ တည်ရာ ခန္ဓာကိုယ်ကို ရစေ၊ ပ-ကား-လှုန်ကဲသော အတိသယအနက်ဟော၊ စလ-ဓာတ်ကား လှုပ်ခြင်းအနက်ဟော၏။ သဒ္ဒါရေးမလိုက်ဘဲ အနက်လောက်ကိုသာ ပဓာနထား၍ ကာယံစာလေတွာ စာလေတွာဟု အဋ္ဌကထာဖွင့်သည်။ က-ပစ္စည်း သောတ္ထ၊ အံ့-ဝိဘတ်ကား ကြိယာဝိသေသနတည်း။ ထို့ကြောင့် ၍ဟု အနက်ပေးသည်။ ခန္ဓာကိုယ်ကို ငြိမ်သက်တည်တံ့စွာ မထားဘဲ လှုန်စွာလှုပ်ရှား သွားလာ နေထိုင်ခြင်းကို ကာယပ္ပစာလက- ဆိုသည်။ မတုန်မလှုပ် ဖြောင့်ဖြောင့် မတ်မတ်ထား၍ သွားလာနေထိုင်ရမည် ဟူ၏။ ဤ သောဋ္ဌသမ သိက္ခာပုဒ် အနာပတ္တိဝါရ-၌ ဝါသူပဂတ ပို၏။

၇-၈။ ဗာဟုပ္ပစာလကံ။ ။ဗာဟာတိ ဥပဒ္ဓဝေ နိဝါရေတီတိ ဗာဟု။ ဘေး ရန်တို့ကို တားမြစ်တတ်သော လက်ရုံးကို ရစေ၊ ဤဗာဟုအရ လက်ကောက်ဝတ်မှစ၍ ပခုံးစွန်းတိုင်အောင်ယူ။ လက်ကောက်ဝတ်မှစ၍ လက်ဖျားတိုင်အောင် ဟတ္ထ၊ အကြွင်း ကာယဟု ခေါ်သည်။ လက်ရုံးကို ငြိမ်ငြိမ်မထားဘဲ လှုပ်ရှားခြင်း ခါခြင်း ရမ်းခြင်းစသည်မျှားကို ဗာဟုပ္ပစာလကံဟု ဆိုသည်။....ဤအဋ္ဌာရသမ သိက္ခာပုဒ် အနာပတ္တိဝါရ၌ ဝါသူပဂတပို၏။

၉–၁၀။ သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍လှုပ်၍။ အန္တရဃရေ၊–၌။ နဂမိဿာမိ၊–အံ့။ ။နနိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ခမ္ဘကတဝဂ္ဂ

၁–၂။ ခမ္ဘကတော၊ ခါးကို ထောက်လျက်။ အန္တရဃရေ၊–၌။ နဂမိဿာမိ၊–အံ့။ ။နနိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၃–၄။ သြဂုဏ္ဌိတော၊ ဦးခေါင်းခြုံလျက်။ အန္တရဃာရေ၊–၌။ နဂမိဿာမိ၊–အံ့။ နနိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၉–၁၀။ သီသပ္ပစာလကံ။ ။သိယတိ ဗန္ဓတိ ဇိဝိတံ ဧတေနာတိ သီသံ။ အသက်ကို ဖွဲ့ချည်ထားကြောင်း ဖြစ်သော ဦးခေါင်းကို ရစေ။ ဦးခေါင်းကို ငြိမ်ငြိမ်မထား ဘဲ စောင်းငဲ့ခြင်း ခါခြင်း ရမ်းခြင်း စသည်မျှားကို သီသပ္ပစာလက ဆိုသည်။ ဦးခေါင်းကို ငြိမ်သက်တည်ကြည် စွာ ထားပြီး မလှုပ်မရှား သွားလာနေထိုင်ရမည် ဟူ၏။....ဤသိက္ခာပုဒ် နှစ်ခုတို့ တွင် ထိုင်ခြင်းနှင့် စပ်သော သိက္ခာပုဒ်၌ ဝါသူပဂတ ပို၏။

ဥဇ္ဇဂ္ဃိကဝဂ်ပြီး၏။

ခမ္ဘကတဝဂ္ဂ

၁–၂။ ခမ္ဘကတော။ ။ခမ္ဘတိ ပဋိဗန္ဓတိ စတ္တံ တ္ထောတိ ခမ္ဘော။ အဝတ် ပုဆိုး ဖွဲ့စည်းရာ ဖြစ်သော ခါးကို ရစေ။ ခမ္ဘကတော ဟတ္ထော အနေနာတိ ခမ္ဘကတော။ ခါး၌ပြုအပ်သော လက်ရှိသော ရဟန်းကို ရစေ။ ခါးထောက်သော ရဟန်းဟူ၏။ မြို့တွင်း ရွာတွင်း၌ ခါးထောက်၍ မသွားရ မထိုင်ရ၊ ထိုင်ခြင်း သိက္ခာပုဒ်၌ ဝါသူပဂတ ပို၏။ ထို့ကြောင့် ဝါသူပဂတ ပုဂ္ဂိုလ်ဖြစ်မူ ခါးထောက်၍ ထိုင်ရုံကား ထိုင်ကောင်းသည်ဟု သိ။

၃–၄။ သြဂုဏ္ဌိတော။ ။သသီသံ သြဂုဏ္ဌတိ ပါရုပတီတိ သြဂုဏ္ဌိတော။ အဝပုဗ္ဗ-ဂုဠဓာတ်၊ ဦးခေါင်းနှင့်တကွသော ရုံသော ရဟန်းကို ရစေ။ သိ-ဝိဘတ် ကြိယာဝိသေသန အနက်၌ သက်ထားသည်။

၅။ ဥက္ကုဋ္ဌိကာယ၊ ဘဝါးစုန်းနင်းလျက်။ အန္တရ ဃရေ၊–၌။ နာ ဂမိ-ဿမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၆။ ပလ္လတ္ထိကာယ၊ လက် အာယောဂပတ်, ပုဆိုး အာယောဂပတ် ဖဲ့လျက်။ အန္တရဃရေ၊–၌။ နာ နိသီဒိဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ထို့ကြောင့် ၍ ဟူ၍၎င်း, လျက် ဟူ၍၎င်း သင့်သလို အနက်ပေး၊ ဦးခေါင်းခြုံသော, ခေါင်းမြီးခြုံသော ရဟန်းဟူ၏။....မြို့တွင်း ရွာတွင်း၌ ဦးခေါင်းခြုံ၍ မသွား ကောင်း-မထိုင်နေကောင်း၊ သွားလာနေထိုင်အံ့-ဒုက္ကဋ်။ ထိုင်ခြင်း သိက္ခာပုဒ်၌ ဝါသူပဂတ ပို၏။ ထို့ကြောင့် ဝါသူပဂတ ပုဂ္ဂိုလ်ဖြစ်မူ ဦးခေါင်းခြုံ၍ ထိုင်ရုံကား ထိုင်နေကောင်းသည်ဟု သိ။

၅။ ဥက္ကုဋ္ဌိကာယ။ ။ဥဒ္ဓံ ပါဒံ ကုဋ္ဌတိတိ ဥက္ကုဋ္ဌိကော။ ဥ-ကား အထက် ဟူသော အနက်၊ ကုဋ္ဌ ဓာတ်ကား ကောက်ခြင်းဟူသော ကောဋ္ဌိလ္လအနက်၊ က-ပစ္စည်းကား သောဘွဲ့ဖြစ်၏။ ခြေဖျားကို ဖြစ်စေ, ဖနောင့်ကို ဖြစ်စေ အထက်သို့ ကောက်ထား ထောင်ထားသော ရဟန်းကို ရစေ။

တနည်း–ဥက္ခိပနံ ကုဋ္ဌတိ ဂစ္ဆတီတိ ဥက္ကုဋ္ဌိကော။ ဥ-ကား ချီးမြှောက်ခြင်း အနက်၊ ကုဋ္ဌ-ဓာတ်ကား သွားခြင်း အနက်၌ ဖြစ်၏။ ခြေဖျားကိုၔင်း, ဖနောင့်ကိုၔင်း ချီးမြှောက်၍ ထောင်၍သွားသော ရဟန်းကို ရစေ။ နာ-ဝိဘတ်ကား ဣတ္ထမ္ဘူတ လက္ခဏ အနက်၌ ဖြစ်သည်။ ခြေဖျားကို ဖြစ်စေ, ဖနောင့်ကို ဖြစ်စေ ထောက်၍ မသွားကောင်း၊ သွားမူ ဒုက္ကဋ်၊ ခြေဘဝါးကို ညီညီညာညာ နင်း၍ သွားရမည်ဟု သိ။

၆။ ပလ္လတ္ထိကာယ။ ။ပရိ သမန္တတော အာသန် ဒိပန် ပလ္လတ္ထိ။ အာသ-ဓာတ်တိ-ပစ္စည်း၊ အတ္တိဟု ရုပ်ပြီး၍ ရိ-၌ ဣ-ကို ယ-ပြု, ရ-ကို လ-ပြု, ဒ္ဝဒ်ဘော်လာ ပလ္လတ္တိဟူ၍ ပြီးသည်ဟု ဆိုကြ၏။ ဤအလို ပလ္လတ္တိဟု ပထမက္ခရာနှင့် ရှိစေ၊ ထက်ဝန်းကျင် ပစ်ချရစ်ပတ်ခြင်းကို ရစေ။

တနည်း–ပလ္လတ္ထာသဒ္ဒါ အာယောဂကရဏ အာယောဂပတ် ပြုခြင်း အနက်၌ ဖြစ်၏။ က-ပစ္စည်း-ကား သောတ္ထာ၊ အ-ကို ဣ-ပြု၍ ပလ္လတ္ထိက ရုပ်ပြီးသည်၊ နာ-ဝိဘတ် ဣတ္ထမ္ဘူတ အနက်၌ သက်ထားသည်။

၇။ သက္ကစ္ခံ၊ ရိုသေစ့ဝ။ ပိဏ္ဍပါတ်၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၈။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည် ဖြစ်၍။ ပိဏ္ဍပါတ်၊–ကို။ ပဋိဂ္ဂဟေဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ထိုပလ္လင်္ကထိုကသည် ထိုင်သောအခါ ဒူးနှစ်ဖက်ကို ထောင်၍ ယင်း ဒူးနှစ်ဖက်ကို လက်ဖြင့် ပိုက်လျက် ထိုင်သော ဟတ္ထပလ္လင်္ကထိုက တမျိုး၊ အဝတ်သင်္ကန်းဖြင့် ပိုက်ဖွဲ့လျက် ထိုင်သော ဒုဿပလ္လင်္ကထိုက တမျိုးဟု နှစ်မျိုးပြား၏။ ဤ၌ ထိုနှစ်မျိုးစလုံးကိုပင် ယူ၊အာယောဂပတ်ဖွဲ့၍ ထိုင်ခြင်းကိုလည်း ဒုဿပလ္လင်္ကထိုက်၌ သွင်းယူ၊ မြို့တွင်း, ရွာတွင်း၌ ထိုကဲ့သို့ အာယောဂပတ်ဖွဲ့၍ မထိုင်ကောင်း၊ ထိုင်လျှင် ဒုက္ကဋ်။ ဤသိက္ခာပုဒ်၌ ဝါသူပဂတ ပို၏။

[ဤ ၂၆-ပါးသော သိက္ခာပုဒ်တို့ကား သင့်တင့် လျောက်ပတ်စွာ နေထိုင်ဘို့ရန် ပညတ်တော်မူသော သာရုပ္ပသိက္ခာပုဒ်တို့တည်း။ ၄၊ ၁၀၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ဤသိက္ခာပုဒ် ၈–ခုတို့ကား ဝါသူပဂတ ရကုန်၏ဟု သိ။]

၇။ သက္ကစ္ခံ။ ။သက္ကစ္စသဒ္ဒါ အာဒရဏ အနုက်ဟောသော နိပါတ်ပုဒ်၊ ကောင်းကောင်း ဆွမ်းခံရမည် ဟူ၏။ ကောင်းကောင်း ဆွမ်းခံခြင်း ဟူသည် ဆွမ်းကို မလိုချင်သလို စွန့်ပစ်, သွန်ပစ်တော့မလို မရှိမသေ မလေးမစား မလုပ်ဘဲ ဆွမ်းကို လေးလေးစားစား သတိထား၍ ခံယူရမည်ဟု ဆိုလိုသည်။ မရှိသေခြင်းကို စဲ၍ စွန့်ပစ်, သွန်ပစ်စေတော့မလို မရှိမသေ မလေးမစား ဆွမ်း၌ သတိ မထားဘဲ ခံယူအံ့ အာပတ်မှ မလွတ်ဟု သိ။

၈။ ပတ္တသညီ။ ။သလ္လက္ခဏတ္တာ ဇာနနာတိတိ သညာ။ အမှတ်အသားထား၍ သိတတ်သော သညာစေတသိက်ကို ရစေ။ ပတ္တေ သညာ ပတ္တသညာ။ သပိတ်၌ အမှတ်အသားထားသော သညာကို ရစေ။ ပတ္တသညာ အဿ အတ္ထီတိ ပတ္တသညီ။ သပိတ်၌ အမှတ်သညာရှိသော ရဟန်းကို ရစေ။ ဆွမ်းခံယူနေခိုက် တောင်မြောက်လေးပါး မကြည့်ဘဲ မိမိ၏ သပိတ်၌သာ သညာထား၍ ဆွမ်းခံရမည်။ ဤ၌ သညာကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ ဆိုသည်။ မျက်စိရော စိတ်ရော သပိတ်၌ ထားမှ သင့်မည်။ မရှိမသေ ထိုထို အရပ်ကို ကြည့်၍ ဆွမ်းခံအံ့ အပြစ် မလွတ်ဟု သိ။

၉။ သမ သူပကံ၊ ဆဒ္မ်း၏ လေးဘို့ တဘို့နှင့် မျှသော ပဲနောက်ဟင်း စသော ဟင်းရှိသော။ ပိဏ္ဍပါတံ၊–ကို။ ပဋိဂ္ဂဟေဿာမိ၊ –အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၁၀။ သမ တိတ္ထိကံ၊ သပိတ်အတွင်း အနားရေးနှင့်အမျှ ပြည့်သည်ကိုပြု၍။ ပိဏ္ဍပါတံ၊–ကို။ ပဋိဂ္ဂဟေဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

တတိယော၊–သော။ ခမ္ဘကတဝဂ္ဂေါ၊သည်။ နိဋ္ဌိတော၊–ပြီ။

၉။ သမသူပကံ။ ။သမော သူပေါ တေသံ္မတ္တိ သမသူပကော။ သမသူပကံ၌ အံ–ဝိဘတ်ကား ကြိယာဝိသေသန၊ တနည်း–ဘာဝနပုံတည်း။ ဆဒ္မ်း၏ လေးဘို့ တဘို့နှင့် ညီမျှသော လက်ကော်ရသော ပဲဟင်းရှိသော ဆဒ္မ်းကို ရစေ။ ဤ၌ ဆဒ္မ်း၏ လေးဘို့ တဘို့ ပမာဏမျှကို သမခေါ်သည်။ သူပ-ကား ပဲနောက်, ပဲကြီး စသော ပဲဟင်း အမျိုးမျိုးကို ဆိုသည်။ ၎င်းပဲဟင်းသည် ဆဒ္မ်း၏ လေးပုံ တပုံခန့် ရှိလျှင် စားသင့်ပြီ ဖြစ်ရကား သမသူပဟူ၏။ ပဲဟင်းကို ဆဒ္မ်း၏ လေးပုံတပုံထက် ပို၍ခံယူသော ရဟန်းအား ဒုက္ကဋ်၊ ပဲဟင်းကို ဆဒ္မ်း၏ လေးပုံတပုံခန့်သာ ခံယူရမည်။

အနာပတ္တိဝါရ၌ ပဲဟင်းမှတပါး ငါးဟင်း အမဲဟင်း လက်သုတ် အကြော် စသော အရသာရှိသော ရသရသ ဟင်းမျိုးဖြစ်မူ လေးဘို့တဘို့ထက် လွန်သော်လည်း အာပတ်မသင့်၊ ဉာတကပဝါရိတတို့ထံမှ ရမူ, သူတပါးအကျိုးငှါ ရမူ, မိမိဥစ္စာဖြင့် ရမူ လေးဘို့တဘို့ထက် လွန်သော်လည်း အနာပတ္တိ ပို၏။

၁၀။ သမတိတ္ထိကံ။ ။ဘိတ္ထသဒ္ဒါ ဆိပ်ကမ်းကို ဟော၏။ တိတ္ထံ ဝိယ တိတ္ထံ။ ဆိပ်ကမ်းနှင့် တူသော သပိတ်အတွင်းနှခမ်းကို ရစေ။ တိတ္ထေန သမံ ယဿာတိ သမတိတ္ထိကံ။ ဆိပ်ကမ်းနှင့်တူသော သပိတ်၏ အတွင်းနှခမ်းနှင့် အညီအမျှရှိသော ဆဒ္မ်းကိုရစေ။ သပိတ်၏ အဘွင်းနှခမ်းရေးနှင့် အညီမျှသော ဆဒ္မ်းခံရမည် ဟူ၏။

တနည်း။ ။တပ္ပနံ ပူရဏံ တိတ္တိ။ ပြည့်ခြင်းကြိယာကို ရစေ။ သမော စ သော တိတ္တိ စာတိ သမတိတ္တိကံ။ အညီအမျှ ပြည့်ခြင်းကို ပဉ်ရစေ။ က-ပစ္စည်း သောတ္ထာ၊ ဤအလို သမတိတ္တိကံဟု ပထမက္ခရာနှင့် ရှိစေ။ အဓိဋ္ဌာန်လောက်သော သပိတ်၏အတွင်း မျက်နှာရေးကို မလွန်စေမူ၍ အတွင်း မျက်နှာရေးဖြင့် အညီအမျှ ပြည့်ခြင်းကို သမတိတ္တိက ခေါ်သည်ဟူ၏။

သက္ကစ္စဝဂ္ဂ

၁။ သက္ကစ္စံ၊ – စ္စာ။ ပိဏ္ဍပါတံ၊ – ကို။ ဘုဥ္ဇီဿာမိ၊ ငါ စားအံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

၂။ ပတ္တာသဉ္ဇိ၊ – ၍။ ပိဏ္ဍပါတံ၊ – ကို။ ဘုဥ္ဇီဿာမိ၊ – အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

ပိဏ္ဍပါတအရ ယာဝကာလိက ဝတ္ထုအားလုံးကို ယူ။ အဓိဋ္ဌာန် မလောက်သော သပိတ်ဖြစ်မူ ယာဝကာလိကဝတ္ထု အထက်သို့ စုန့်စုန့်တက်သော်လည်း, မောက်နေသော်လည်း အပြစ် မရှိ။ ယာမကာလိက စသော ဝတ္ထုတို့ကား အဓိဋ္ဌာန်လောက်, မလောက်သောသပိတ်၌ မောက်ကုန်သော်လည်း အပြစ်မရှိ။ သပိတ်ကိုယူပြီး မောက်မောက်ထည့်၍ ပေးသည်ကို ခံယူသော ရဟန်းအား သာ အာပတ်သင့်သည်။ မိမိလက်၌တည်ရှိသော သပိတ်၌ မောက်အောင် ပြုပေးသည် ကိုခံယူသော် အပ်၏ဟူသော ဓမ္မဒိဋ္ဌိကာစကားကို ဝိမတိက ကေစိဝါဒဟုဆို၏။ ဆိုပုံ။ ။ဤသမတိတ္ထိကံဟူသော ပုဒ်သည် ကြိယာ ဝိသေသန စ္ဆန်းဖြင့် သာမည ဟောတော်မူအပ်သောကြောင့် ဤပုံခံသော် အာပတ်သင့်၏။ ဤပုံခံသော် အာပတ်မသင့်ဟု ခွဲခြား၍ မယူသင့်ရကား ဝဇိရဋ္ဌိကာ ဆိုသော စကား မသင့်ဟုဆို၏။ ဤသိက္ခာပုဒ်အနာပတ္တိဝါရ၌ ဂိလာနဿဟု မဟောခြင်းကြောင့် စုန့်စုန့်တက်အောင် မောက်နေအောင် ခံယူက ဂိလာန သော်လည်း အာပတ်မှ မလွတ်ဟု သိ။ ဤသိက္ခာပုဒ် လေးခုတို့၌ ခံယူခြင်းငှါသာ မအပ်သည်။ ခံပြီးကာလိကကား ကောင်းစွာ ခံခြင်းဖြစ်သည်၊ စားအပ်သည်၊ အပြစ်မရှိဟု မှတ်။

ခမ္ဘကတဝဂ် ပြီး၏။

သက္ကစ္စဝဂ္ဂ

၁။ ဆွမ်းစားသောအခါ မစား၍ချင် စား၍ချင်သော အမူအရာမျိုးကို မပြဘဲ ဆွမ်း၌ လေးလေးစားစား သတိထား၍ စားရမည်။ သို့မှ သက္ကစ္စဖြစ်မည်။ မစား လိုသကဲ့သို့ မလေးမစား သတိမထားဘဲ စားအံ့၊ အပြစ်ရောက်တတ်သည်။

၂။ ဆွမ်းစားသည့်အခါ တောင်မြောက်လေးပါး မကြည့်ရ၊ မိမိ၏ စားခွက်၌သာ စိတ်ရော မျက်စိပါ သညာထား၍ ဣန္ဒြေရရ စားရမည်၊ သို့မှ ပတ္တာသညီ ဖြစ်မည်ဟူ၏။

၃။ သပဒါနုံ၊ ပိုင်းဖြတ်ခြင်းမှ ကင်းခြင်းနှင့်တကွ။ ဝါ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ –ကို။ ဒုဘဉ္ဇိဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၄။ သမသူပကံ၊ –သော။ ပိဏ္ဍပါတံ၊ –ကို။ ဘုဉ္ဇိဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၅။ ထူပကတော၊ဆွမ်းဦး ဆွမ်းလယ်မှ။ ဩမဒ္ဒိတ္ဝာ၊ နှိပ်၍။ ပိဏ္ဍပါတံ၊ –ကို။ န ဘုဉ္ဇိဿာမိ၊ ငါမစားအံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၆။ သူပံဝါ၊ ဟင်းကိုဂင်း။ ဝါ၊ ပဲနောက်ဟင်း, ပဲကြီးဟင်းကိုဂင်း။ ဗျဉ္ဇနံဝါ၊ ငါးအမဲ လက်သုတ်ဟင်းလျာကိုဂင်း။ ဘိယျောကမျတံ၊များများ

၃။ သပဒါနုံ။ ။ဒါ-ဓာတ် ပိုင်းဖြတ်ခြင်း အဝဓဏ္ဍန အနက်ဟော၊ ဒါန-တော အပေတံ အပဒါနုံ။ ပိုင်းဖြတ်ခြင်းမှ ကင်းခြင်းကို ရစေ။ သဟ အပဒါနေန ယံ ဝတ္တတိတိ သပဒါနုံ။ ပိုင်းဖြတ်ခြင်းမှ ကင်းသော အမူအရာနှင့်တကွဖြစ်သော စားခြင်းကြိယာကို ရစေ။ ဆွမ်းစားသောအခါ တခုက်ထည်းဌ ဟိုတစ သည်တစ ဟိုအနားနှိုက်, သည်အနားနှိုက် လုပ်သော အမူအရာမျိုး မရှိစေဘဲ မိမိဘက်ရှိ နီးရာမှစ၍ အစဉ်အတိုင်း ယူ၍စားခြင်းကို သပဒါန ခေါ်သည် ဟူ၏။ သူတပါးအား ပေးလို၍ ထိုထိုနေရာမှ ယူသော ရဟန်း, တခြားသောခွက်သို့ လောင်းထည့်လို၍ ထိုထိုအရပ်မှ ယူသော ရဟန်း, လက်သုတ်ဟင်းလျာကို အစဉ်အတိုင်း မဟုတ်ဘဲ ယူသောရဟန်း အနာပတ္တိ။

၄။ ဉာတိ ပဝါရိတ မဟုတ်သူတို့၏ ဆွမ်းကို စားသောအခါ ပဲဟင်းကို များများ မစား။ အကြောင်း သမသူပကကို ခံယူသောသိက္ခာပုဒ်နှင့် တူပြီ။

၅။ ထူပကတော။ ။ထူပမေဝ ထူပကံ။ ထူပသဒ္ဒါ စေတိပုထိုးများဌ်ကဲ့သို့ အထက်သို့ မြင့်မောက်သော ဆွမ်းဦး ဆွမ်းလယ်ကို ဟော၏။ က-ပစ္စည်းကား သောတ္ထ၊ ဆွမ်းစားသောအခါ ဆွမ်းဦး ဆွမ်းထိပ် ဖြစ်သော အလယ်တည့်တည့်မှ ယူ၍မစား၊ ဟူ၏။ သို့သော် အနည်းငယ်သော အကြောင်းကို တပေါင်းတည်း စုရုံး၍ နှိပ်နယ်စားသော ရဟန်းအား အနာပတ္တိပို၏။

၆။ သူပံ ဝါ ဗျဉ္ဇနံ ဝါ။ ။သုဓေန ပါတဗ္ဗန္တိ သူပံ။ သုဓတ္ထာယ ပါတဗ္ဗတော သူပေါ၊ ဟူသော အဘိဓာနပ္ပဒီပိကာသူစိ ကို

အလိုရှိသည်၏ အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ သြဒ-နေန၊ ဆွမ်းဖြင့်။ နံ ပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၇။ သူပဲဝါ၊ ဟင်းကိုဌင်း။ ဝါ၊ ပဏီတ ဘောဇဉ်မှ တပါးသော ဘောဇဉ်ကိုဌင်း။ သြဒနံဝါ၊ ဆွမ်းကိုဌင်း။ အဂိလာနော၊–ဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိညာပေတွာ၊ နှုတ်ဖြင့် တောင်း၍။ နံ ဘုဉ်ဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ထောက်သည်။ ချမ်းချမ်းသာသာ သောက်စားအပ်သော ဟင်းမျိုးကို ရစေ။.... နောက် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်၌ သူပေါနာမ ဒွေ သူပါ ဟု မဟောခြင်း ကြောင့် ပဏီတဘောဇဉ်မှတပါး အလုံးစုံသော ဘောဇဉ်ကို ယူရမည်ဟု ဝဇီရဗုဒ္ဓိဋီကာ ဆို၏။ ၎င်း သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်ကို ထောက်၍ ဤ သိက္ခာပုဒ်၌လည်း ၎င်းအတိုင်းပင် ယူသင့်သည်ဟု ထင်သည်။ အချို့ကား ပဲနောက်ဟင်း စသော ပဲဟင်းမျိုးကို ယူကြသည်။ ။ဗျဉ္ဇနအရ ငါးသား စသော ဟင်းလျာ လက်သုတ်မျှားကို ယူ။

ဘိယျောကမျှတံ။ ။ဘိယျော ကာမေတိတိ ဘိယျောကာမော။ မျှားမျှား အလိုရှိသော ရဟန်းကို ရစေ။ ဘိယျောကာမဿ ဘာဝေါ ဘိယျောကမံ့၊ မျှားမျှားအလိုရှိသော ရဟန်း၏ ဖြစ်ကြောင်း လောဘကို ရစေ။ ဘိယျောကမံ့ ဇဝ ဘိယျောကမျှတာ။ ၎င်းကိုပင် ရစေ။ တာ-ပစ္စည်း အနက်ထူးမရှိ သောတ္ထာ၊ မျှားမျှားကြိုးအလိုရှိ၍ ပဏီတဘောဇဉ်မှ တပါးသော ဘောဇဉ်ကို ဖြစ်စေ, ငါးအမဲ လက်သုတ် ဟင်းလျာကို ဖြစ်စေ ဆွမ်းဖြင့် ဖုံးမထားရ၊ ဖုံးလွှမ်းထားသော် အပြစ်ရှိသည်။

အနာပတ္တိဝါရဋ္ဌ ဂိလာနဿ-ဟု မလာသောကြောင့် ဂိလာနသော်လည်း အပြစ်မလွတ်ဟု သိ။ ငါးသားမျှား မသတ်ရဟု စည်းလည်ထားသော အစာတ အခါမျိုး၌ ဆွမ်းဒါယကာမျှားက ငါးအမဲ စသော ဟင်းလျာမျှားကို ဆွမ်းဖြင့် ဖုံးလွှမ်း၍ လှူ။ဒါန်းသည်ကိုခံယူသော ရဟန်း,မျှားမျှားအလိုမရှိဘဲ ဖုံးထားသော ရဟန်းမျှား အနာပတ္တိ ပိုဒ်။

၇။ သူပံ။ ။သူပ-အရ ပဏီတဘောဇဉ်နှင့် သြဒနမှတပါး စားစရာအားလုံး ကိုပင် ယူသင့်၏။ ပဏီတဘောဇဉ်ကို တောင်းစားလျှင် ပဏီတ-ဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်၏။ ဤသိက္ခာပုဒ်နှင့်မဆိုင်၊ ထို့ကြောင့် ပဏီတဘောဇဉ်ကို ကြဉ်ထားသည်။

၈။ ဥဋ္ဌာန သည်၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊–ကို။ နု သြလောကေဿာမိ၊ ငါမကြည့်အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

သူတပါးအတွက်တောင်းရာ၌ အပြစ်။ ။အတ္တာနေနာ အတ္ထာယဟု ဆိုခြင်းကြောင့် တပါးသော သီတင်းသုံးဖော် ငါးယောက်တို့၏ အကျိုးငှါ အမျိုးမတော်သူ မဖိတ်ထားသူတို့ထံ၌ တောင်းသော ရဟန်း ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သကဲ့သို့ ဖြစ်သော်လည်း အကတဝိညတ္တိ ဒုက္ကဋ်မှ မလွတ်။ စေတနာနှင့်တကွ မိမိသော်၎င်း, သူတပါးသော်၎င်း, မိစ္ဆာဇီဝမှ မလွတ်ဟု **ဝိမတိဋီကာ** ဆို၏။ ထို့ကြောင့် အမျိုးမတော်သူ, မဖိတ်ထားသူတို့ထံ၌ မိမိအတွက်တောင်းခြင်းသာ မအပ်သည်မဟုတ်၊ သူတပါးအတွက် တောင်းပေးခြင်း, ဆွမ်းဖိတ်ပေးခြင်းမျှား မအပ်ဟုသိ။

ပစ္စည်းလေးပါး အဖိတ်ခိုင်းခြင်း, ရဟန်းဒါယကာ ရှင်ဒါယကာလုပ်ရန် တိုက်တွန်းခြင်းမျှားသည် ဖိတ်ခိုင်းသူ, တိုက်တွန်းသူတို့မှာလည်း အပ်မည်မဟုတ်၊ ရသောပစ္စည်းမျှားလည်း တသာသနာလုံး အပ်မည်မဟုတ်။

အနာပတ္တိဝါရ၌ ဉာတက ပဝါရိတတို့ထံ၌ တောင်းသောရဟန်း, သူတပါးအကျိုးငှါ တောင်းသော ရဟန်း, မိမိဥစ္စာဖြင့် ဝယ်သော ရဟန်း အနာပတ္တိပို၏။

သူတပါးအကျိုးငှါ တောင်းသော ရဟန်း အနာပတ္တိဟူ၍၌ အခြားရဟန်းအတွက် မိမို၏ ဉာတက ပဝါရိတတို့အထံ တောင်းပေးခြင်း, အခြား ရဟန်း၏ ဉာတက ပဝါရိတတို့ထံ ထို ရဟန်းအတွက် တောင်းပေးခြင်းမျိုးကို ယူရမည်ဟု ဖွင့်သော ဉာတက ဝိညတ္တိသိက္ခာပုဒ် အဋ္ဌကထာကြီးကို သတိပြု။

၈။ ဥဋ္ဌာနသညီ။ ။ဥဋ္ဌာယတိ ဧတေနာတိ ဥဋ္ဌာနံ။ ကဲ့ရဲ့ကြောင်းဖြစ်သော စိတ်ကို ရစေ၊ ဥဋ္ဌာနေ ယုတ္တာ သညာ ဥဋ္ဌာနသညာ။ ကဲ့ရဲ့ကြောင်း စိတ်နှင့် ယှဉ်သော သညာကို ရစေ၊ ဥဋ္ဌာနသညာ အာဿ အတ္ထီတိ ဥဋ္ဌာနသညီ။ ကဲ့ရဲ့ကြောင်း စိတ်နှင့် ယှဉ်သော သညာရှိသော ရဟန်းကို ရစေ၊ နောက်တောက်တောက် ပြောင်တောင်တောင် လှောင်လိုသောစိတ် ကဲ့ရဲ့ရွတ်ချလိုသောစိတ်မျိုး သညာမျိုးရှိပြီး သူတပါး သပိတ်ကို မကြည့်ကောင်းဟူ၏။

အနာပတ္တိဝါရ၌ နည်းလျှင် ပေးလှူအံ့၊ များလျှင် ပေးလှူစေအံ့ဟု ကြည့်သော ရဟန်း, မကဲ့ရဲ့ မရွတ်ချ မပြောင်လှောင်လိုသော ရဟန်း အနာပတ္တိပို၏။

၉။ အတိမဟန္တံ၊ အလုန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ နှ ကရိဿာမိ၊ ငါမပြုအံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၁၀။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ငါပြုအံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

စတုတ္ထော၊–သော။ သက္ကစ္စဝဂ္ဂေါ၊–သည်။ နိဋ္ဌိတော၊–ပြီ။

၉။ **အတိမဟန္တံ ကဗဠံ။** ။ကြီးလွန်းသော ဆွမ်းလုပ်ဟူသည် ဒေါင်းဥ ပမာဏရှိသော် ဆွမ်းလုပ်ကို ဆိုသည်။ ကြွက်ဥ ပမာဏရှိသော ဆွမ်းလုပ်ကား ငယ်လွန်းသည်။ ဒေါင်းဥလောက်လည်း မကြီးရ၊ ကြွက်ဥလောက်လည်း မငယ်ရ၊ အလယ်အလတ် ဆွမ်းလုပ်ကိုပြုလုပ်၍ စားရမည် ဟူ၏။ အလွန်းကြီးသော အတိမဟန္တ ဆွမ်းလုပ်သာ "နာတိမဟန္တံ" ဟု နှ–အက္ခရာ မြစ်ခြင်းကြောင့် ငယ်သော ဆွမ်းလုပ်၌ အသာရုပ ဖြစ်ရုံသာ အာပတ်မသင့်၊ ကြီးသော ဆွမ်းလုပ်၌ကား အာပတ် သင့်၏ဟု သိ။

အနာပတ္တိဝါရ၌ ခဲဘွယ် သစ်သီးကြီးငယ် လက်သုတ်ဟင်းတို့၌ အနာပတ္တိပို၏။

၁၀။ **ပရိမဏ္ဍလံ အာလောပံ။** ။ထက်ဝန်းကျင် ဝိုင်းသော ဆွမ်းလုပ်ဟူသည် လောက်စားလုံး ကျောက်လုံးကဲ့သို့ ဝိုင်းဝိုင်း စက်စက်ကလေး ဖြစ်ရမည်ဟု မဆိုလို၊ ရှည်ရှည်လျားလျား မဖြစ်ခြင်းကို ဆိုသည်၊ ရှည်ရှည်လျားလျား မဖြစ်စေဘဲ ထိုက်သည့်အလျောက် ဝိုင်းအောင် သတိထား၍ စားရမည် ဟူ၏။....အနာပတ္တိဝါရလည်း ရှေးသိက္ခာပုဒ်အတိုင်းပင် ပို၏။

သက္ကစ္စဝဂ် ပြီး၏။

ကဗ္ဗဝဂ္ဂ

၁။ ကဗ္ဗဋ္ဌေ၊ ဆွမ်းလုပ်သည်။ အနာဟာဇတ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒ္ဒါရုံ၊ခံတွင်းဝကို။ နှ ဝိဝရိဿာမိ၊ငါ မဖွင့်အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊ –၏။

၂။ ဘဥ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗဟာတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ နှ ပက္ခိပိဿာမိ၊ ငါမထည့်သွင်းအံ့။ဣတိ၊–သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊–၏။

၃။ သကဗ္ဗဋ္ဌေန၊ ဆွမ်းလုပ်နှင့် တကွသော။ မုခေန၊ ခံတွင်းဖြင့်။ နှ ဗျာဟရိဿာမိ၊ ငါစကား မဆိုအံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီ-ယာ၊ ၏။

၄။ ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။နှ ဘုဥ္ဇိဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

ကဗ္ဗဝဂ္ဂ

၁။ ဤသိက္ခာပုဒ်၌ ခက်ဆစ်အဝိပ္ပါယ် မရှိ၊ဆွမ်းစားသည့်အခါ ခံတွင်းဝခေါ် ပါးစပ်ပေါက်သို့ ဆွမ်းလုပ်မရောက်မီ, မတော့မီမီ ပါးစပ်ကို ဟ မထား၊ကောင်း၊ ဂိလာနသော်လည်း ဟ-မထား၊ရ-ဟု သိ။

၂။ **သဗ္ဗဟာတ္ထံ။** ။သဗ္ဗဟာတ္ထန္တိ သကလဟတ္ထံ-ဟု - အဋ္ဌကထာ ဖွင့်ဆိုသော် လည်း လက်ငါး၊ချောင်းစလုံးကို မယူရ၊ ဧကဒေသူပစာ နည်းအား၊ဖြင့် လက်တချောင်း၊ချောင်းကိုသာယူရမည်၊ တိစီဝရေန ဝိပ္ပဝသေယျ တို့၌ အဓိဋ္ဌာန် တင်ထား၊သော သင်္ကန်း သုံးထည်တို့တွင် တထည်ထည်နှင့် ကင်း သော်လည်း ကင်းသည် မည်သကဲ့သို့ မှတ်။ ထို့ကြောင့် လက်ငါး၊ချောင်းတို့တွင် တချောင်းတလေကိုမျှ ခံတွင်းသို့ မသွင်း၊ရဟု သိ။ အနာဒရိယစိတ်မရှိက အပြစ် မရောက်။

၃။ ပါးစပ်ထည်း ဆွမ်းလုပ်ရှိနေလျှင် စကား၊မပြော၊ရ ဟူ၍၌ စကား၊မပြီသ အောင် ပါးစပ်ထည်း၌ ဆွမ်းများ၊မှ အာပတ်သင့်သည်၊ ဆွမ်းအနည်း၊ငယ်ရှိ၍ စကား၊လုံး၊ပြီသအောင် ပြောနိုင်မူ အနာပတ္တိဟု သိ။ ခဲဘွယ် သစ်သီး ကြီး၊ငယ် တို့၌လည်း နည်း၊တူ မှတ်။

၄။ **ပိဏ္ဍုက္ခေပကံ။** ။ပိဏ္ဍ-ကား ဆွမ်းခဲ ဆွမ်းလုပ်ကို ဟော၊ ဥက္ခေပန-ကား မြှောက်ပစ်ခြင်း၊အနက်ဟော၊ အံဝိဘတ်-ကား ကြိယာ

၅။ ကဗဠဝင်္ကဒကံ၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ နဘုဥ်ဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၆။ အဝဂ္ဂကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထားသည်ကို ပြု၍ ပြု၍။ နဘုဥ်ဿာမိ၊ –အံ့။ ဣတိ၊သို့။သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၇။ ဟတ္ထနိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။နဘုဥ်ဿာမိ၊–အံ့။ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

ဝိသေသနတည်း။ ဆွမ်းခံကို ဖြစ်စေ, ဆွမ်းလုပ်ကိုဖြစ်စေ ပါးစပ်ထည်းသို့ သွင်းသည့်အခါ ကပ်၍သွင်းရမည်၊ မြောက်၍, ပစ်ထည့်၍ မသွင်းရဟူ၏။ ....အနာပတ္တိဝါရ-၌ ခဲဘွယ် သစ်သီးကြီးငယ်တို့ကို မြောက်ပစ်သွင်းသော်လည်း အနာပတ္တိတခု ပို၏။

၅။ ကဗဠဝင်္ကဒကံ။ ။ကဗဠ-ဆွမ်းလုပ်၊ အဝင်္ကဒက- ကိုက်ဖြတ်ခြင်း၊ဆွမ်းလုပ်ကို အတောင့်ကလေးဖြစ်အောင် ဆုပ်ပြီး သွားဖြင့် ကိုက်ဖြတ်၍ မစား**ရ** ဟူ၏။ ဆွမ်းလုပ်သာ ကိုက်ဖြတ် မစားရသည်မဟုတ်, ဘောဇဉ်ငါးပါးစလုံး ကိုက်ဖြတ် မစားရသည်ကိုလည်း သတိပြုသင့်၏။အနာပတ္တိ-ဝါရ-၌ မုံ ပဲ သရေစာစသော ခဲဘွယ် သစ်သီး ကြီးငယ် လက်သုတ်တို့၌ အနာပတ္တိပို၏။ ငှက်ပျောသီး သရက်သီး ပြောင်းဖူး စသည်ကို ကိုက်ဖြတ် စားကောင်းသည်၊ သို့သော် လက်ဖြင့် အတုံး အတုံး ဖြတ်ပြီးမှ တတုံးစီ စားခြင်းကား သာ၍ လျော်၏။

၆။ အဝဂ္ဂကာရကံ။ ။အဝ-သဒ္ဒါကား မကောင်းသော ဟီန-အနက်ဟော၊ ဂဏ္ဍ-ကား ပါးစောင် အနက်ဟော၊ ကာရက-ကား ပြုခြင်း အနက်ဟော၊ အံဝိဘတ်-ကား ကြိယာဝိသေသန အနက်၌ ဖြစ်သည်၊ မျောက်များသည် တခုခုကို စားသောအခါ ပါးကြီး ဖောင်းလာအောင် စားသလို ဆွမ်းကို အမြင်မကောင်း ပါးစောင် ဖောင်းနေအောင် မစား**ရ** ဟူ၏။ ခဲဘွယ် သစ်သီးကြီးငယ်တို့၌ အနာပတ္တိ။

၇။ ဟတ္ထနိဒ္ဓုနကံ။ ။ဟတ္ထ-လက်၊ နိဒ္ဓုနက-ခါခြင်း၊ အခ့ါ ထမင်းစားထ၌ လက်ကို မကြာမကြာ ခါတတ်၏။ ထိုကဲ့သို့ လက်ကို ခါ ခါ ပြီး မစား**ရ**၊ စပါးလုံး အမှိုက်တို့ကို စွန့်သောအခါ ခါထု၌ အနာပတ္တိ။

၈။ သိတ္ထာဝကာရကံ၊ ဆွမ်လုံးကို ကြဲ၍ ကြဲ၍။ နာ ဘုဥ္ဇိဿာမိ၊-အံ့။ ဣတိ၊ သို့။ သိက္ခာ၊-ကို့။ ကရဏီယာ၊-၏။

၉။ ဇိဝှါ နိစ္ဆာရကံ၊ လျှာကို ထုတ်၍ ထုတ်၍။ နာ ဘုဥ္ဇိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို့။ ကရဏီယာ၊-၏။

၁၀။ စပု စပု ကာရကံ၊ စပ်စပ်ဟု အသံပြု၍။ နာ ဘုဥ္ဇိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို့။ ကရဏီယာ၊-၏။

ပဉ္စမော၊-ဿော။ ကဗဠဝင်္ကော၊-သည်။ နိဋ္ဌိတော၊-ပြီ။

သုရုသုရုဝဂ္ဂ

၁။ သုရုသုရုကာရကံ၊ရှုပ်ရှုပ်ဟု အသံပြု၍။ နာ ဘုဥ္ဇိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို့။ ကရဏီယာ၊-၏။

၂။ ဟတ္ထ နိလ္လေဟကံ၊ လျှာဖြင့် လက်ကို လျက်၍ လျက်၍။ နာ ဘုဥ္ဇိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို့။ ကရဏီယာ၊-၏။

၈။ သိတ္ထာဝကာရကံ။ ။သိတ္ထ-ဆွမ်းလုံး၊ အဝကာရက-မကောင်းတရောင်းပြုခြင်း၊ ဆွမ်းလုံးမျှားကို ဖရို ဖရဲ ကြဲနေအောင် ဟိုပစ် သည်ပစ် မဖိတ်မစင်စေဘဲ ကောင်းစွာ စားရမည် ဟူ၏။ အရိုး အမှိုက် မျှားကို စွန့်ပစ်သော ရဟန်း ဆွမ်းလုံးကို ကြဲမိသော်လည်း အနာပတ္တိ။

၉။ လျှာထုတ်၍ ဆွမ်းဟင်းမျှားကို ကော်ယူမစား ရ ဟူ၏။

၁၀။ ဆွမ်းစားသည့်အခါ ပြတ်ပြတ်ဟူ၍၎င်း, စပ်စပ်ဟူ၍၎င်း အသံမြည်အောင်ပြု၍ မစား ရ ဟူ၏။

ကဗဠဝင်္ကပြီး၏။

သုရုသုရုဝဂ္ဂ

၁။ ဆွမ်းစားသည့်အခါ ရှုရှု ရှုပ်ရှုပ် အသံမြည်အောင် မစားမသောက်ရ ဟူ၏။

၂။ ဟတ္ထနိလ္လေဟကံ။ ။ဟတ္ထ-လက်၊ နိလ္လေဟက-လျက်ခြင်း၊ ဟတ္ထ သဒ္ဒါ ကောဇဿပစ္စာအားဖြင့် အစိတ်ဖြစ်သော လက်

၃။ ပတ္တာ နိလ္လေဟကံ၊ လက်ဖြင့် သပိတ်ကို ခြစ်၍ ခြစ်၍။ နု ဘုဥ္ဇိဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၄။ သြဒ္ဓ နိလ္လေဟကံ၊ လျှာဖြင့် နှုပ်ခမ်းကို လျက်၍ လျက်၍။ နု ဘုဥ္ဇိဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၅။ သာမိသေန၊ ဆွမ်းစသော အာမိသနှင့် တကွသော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယထာလကံ၊ သောက်ရေခွက်ကို။ နု ပဋိဂ္ဂဟေဿာမိ။ ဧါ မကိုင်အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

ချောင်းကို ဟောခြင်းကြောင့် ဆွမ်းစားသော ရဟန်း လက်တချောင်းကိုမျှ လည်း လျက်ခြင်းငှါ မအပ်၊ လက်ဝါးပြင်ကို လျက်ရာ၌ ဆိုဖွယ်မရှိ၊ သို့သော် ပြစ်သော တခဲနက်သော ယာဂု ပျားရည် တင်လဲ နို့ဏာ စသည်တို့ကို လက်ချောင်းဖြင့် ကော်၍ ခံတွင်းသို့ သွင်းပြီး စားကောင်းသည်ဟု အဋ္ဌကထာတို့၌ ဆိုကြ၏။ ဤစကားဖြင့် ခံတွင်းသို့ဝင်သော လက်ချောင်းကို လျက်သော် ဤသိက္ခာပုဒ်ဖြင့်ငင်း, သဗ္ဗဟတ္ထံ မုခေ ပက္ခိပန သိက္ခာပုဒ်ဖြင့်ငင်း အာပတ်မသင့်ဟု သိ။

၃။ ဆွမ်းစားသော ရဟန်း လက်ချောင်းဖြင့် သပိတ်ကို ခြစ်တတ်သည်။ လက်ချောင်း တချောင်းဖြင့်သော်လည်း သပိတ်ကို မခြစ်ကောင်း၊ ပြစ်သော တခဲနက်သော ယာဂုစသည် ကပ်နေသော် လက်ချောင်းဖြင့် ခြစ်ကောင်းသည်ဟု သိ။

၄။ ဆွမ်းစားသော ရဟန်း နှုတ်ခမ်း၌ ကပ်နေသော ဆွမ်းလုံးစသည်ကို လျှာဖြင့် မလျက်ကောင်း၊ နှုတ်ခမ်းချင်းဖြင့်သာ ယူ၍ ခံတွင်းသို့ သွင်းကောင်းသည်။ တခဲနက်သော ပြစ်သော ယာဂု စသည် ကပ်သော် လျှာဖြင့် လျက်ကောင်းသည်ဟု သိ။

၅။ ပါနီယထာလကံ။ ။ပါနီယ–သောက်ရေ။ ထာလက–ခွက်ငယ်။ ဤ နု သာမိသေန ဟတ္ထေန ပါနီယထာလကံ ဟူသော စကားဖြင့် ရွံရှာဘွယ်ကောင်းသဖြင့် ပယ်ခြင်းကြောင့် သံဃာ့ခွက် တပါး ပုဂ္ဂိုလ်၏ခွက် လူ၏ခွက် ကိုယ်ပိုင်ခွက် အားလုံးကို အာမိသ ပေနေသော လက်ဖြင့် မကိုင်ကောင်းဟု သိရမည်။ ပါနီယထာလကံကား ဥပလက္ခဏနည်း ဖြစ်၍ သောက်ရေ ခရုသင်း စသည်ကိုလည်း ယူနိုင်သည်။ အာမိသ မပေသော လက်ဖြင့်ကား ကိုင်ကောင်းသည်။

ခွက်ကို ဆေးအံ့ ဆေးခိုင်းအံ့ဟု ကိုင်သော် အနာပတ္တိ။

၆။ သသိတ္ထက၊ ဆုမ်ိးသုံးနှင့်တကွသော။ ပတ္တမောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ – ၌။ ဝါ – အိမ်အတွင်း၌။ နု ဆဋ္ဌေဿာမိ၊ ငါ မစ္ဆန်အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

၇။ ဆတ္တပါဏိယ၊လက်၌ထီးရှိသော။အဂိလာနဿ၊ – အား။ဓမ္မံ၊ – ကို။ နု ဒေသေဿာမိ၊ ငါ မဟောအံ့။ဣတိ၊ – သို့။သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

၈။ ဒဏ္ဍ ပါဏိယ၊ လက်၌ တောင်ဝှေးရှိသော။ အဂိလာနဿ၊ – အား။ ဓမ္မံ၊ – ကို။ နု ဒေသေဿာမိ၊ – အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ကရဏီယာ၊ – ၏။

၆။ သသိတ္ထကံ။ ။သဟ သိတ္ထေန ယံ ဝတ္တတီတိ သသိတ္ထကံ။ ဆုမ်ိးလုံးနှင့် တကွသော သပိတ်ဆေးရေကို ရစေ။ ဆုမ်ိးလုံးပါသော သပိတ်ဆေးရေကို မြို့တွင်း ရွာတွင်း၌ မသွန်းလောင်းကောင်း။

အနာပတ္တိဝါရ၌ ထမင်းလုံးတို့ကို ရေမှထုတ်ယူ၍ တခုသောအရပ်၌ စုပုံထားပြီး ရေသက်သက်ကို စွန့်အံ့ အနာပတ္တိတချက်, ထမင်းလုံးတို့ကို ချေ၍ ရေနှင့် အလားတူအောင် ပြုပြီး သွန်းလောင်းအံ့ အနာပတ္တိတချက်, ထွေးခံ၌ ထည့်အံ့ အနာပတ္တိတချက်, မြို့ရွာအပြင်ဘက် ရောက်မှ စွန့်အံ့ အနာပတ္တိတချက်, ဤလေးချက် ပိုး၏။ [ဤ သုံးဆယ်သော သိက္ခာပုဒ်တို့ကား ဘောဇန ပဋိသံယုတ္တသိက္ခာပုဒ်တို့တည်းဟု သိ။]

၇။ ဆတ္တပါဏိယ။ ။အာတပံ ဆာဒေတီတိ ဆတ္တံ။ နေပူကို ဖုံးကွယ်တတ်သော ထီးကို ရစေ။ ထိုထီးသည် သေတစ္ဆတ္တ–ထီးဖြူ, ကိလဉ္ဇစ္ဆတ္တ–ဖျာဖြင့် ပြုအပ်သော ထီး, ပဏ္ဏစ္ဆတ္တ–သစ်ရွက်ဖြင့် ပြုအပ်သော ထီးဟု သုံးမျိုးပြား၏။ အယုတ်ဆုံး အပင်၌ ဖြစ်သော အရိုးဖြင့် ထမ်းရွက်စသည်တို့ကို ထီးအလို့ငှါ ဆောင်းသည်ကိုလည်း ထီးဟူ၍ပင် ခေါ်သည်ဟုသိ။ ဆတ္တံ ပါဏိမ်ဿ ဧဝ အဿာတိ ဆတ္တပါဏိ။ ထီးလက်၌သာ ရှိသောသူကို ရစေ၊ ထီးကို အမှတ်မရှိ ကိုယ်၏ တစိတ်တဒေသ၌ ထား၍ လက်ဖြင့် ကိုင်ထားသော်သာ ဆတ္တပါဏိ ခေါ်သည်။ လက်ဖြင့် ကိုင်မထားမူ ဆတ္တပါဏိ မခေါ်။ ထို့ကြောင့် တရားဟောလိုလျှင် ထီးကို လက်မှလွှတ်စေပြီးမှသာ ဟောကောင်းသည်။ သူတပါး ထီးဆောင်းပေးထားသော်သူ, ဘေး၌ ထီးချထားသော သူများကိုလည်း ဟောကောင်းသည်ဟု သိ။ (ဓမ္မ အပိုင်းအခြားကို ပဒသော-ဓမ္မ သိက္ခာပုဒ်အတိုင်း မှတ်။)

၈။ ဒဏ္ဍအရ။ ။လေးတောင်ရှိသော တုတ်, တောင်ဝှေးတို့ကို ယူရမည်၊ ထို့အောက် တိုမူ ဒဏ္ဍဟု မဆိုရ။

၉။ သတ္ထ ပါဏိဿ၊ လက်၌ ထားလက်နက်ရှိသော။ အဂိလာနဿ၊ –အား။ ဓမ္မံ၊ –ကို။ နဒေသေဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ကရဏီယာ၊ –၏။

၁၀။ အာဝုဓ ပါဏိဿ၊ လက်၌ လေးလက်နက်ရှိသော။ အဂိလာနဿ၊ –အား။ဓမ္မံ၊ –ကို။ နဒေသေဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

ဆဋ္ဌေ၊ –သော။ သုဂ္ဂသုဂ္ဂဝဂ္ဂေါ၊ –သည်။ နိဋ္ဌိတော၊ –ပြီ။

ပါဒုကဝဂ္ဂ

၁။ ပါဒုကာရူဠ္ဆဿ၊ ခြေနင်းစီးသော။ အဂိလာနဿ၊ –အား။ ဓမ္မံ၊ –ကို။ နဒေသေဿာမိ၊ –အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

၉။ သတ္ထအရ။ ။ထား, သံလျက် စသော လက်နက် အမျိုးမျိုးကို ယူရမည်၊ ထား, သံလျက် စသည်ကို အာဘိမ်သို့ သွင်း၍ လွယ်ထားသူကို သတ္ထပါဏိ မဆိုရဟု သိ။

၁၀။ အာဝုဓအရ။ ။မြားအထူးနှင့် တကွသော အလုံးစုံသော လေးကို ယူရမည်၊ ထို့ကြောင့် မြားနှင့် တကွသော လေးကို ဖြစ်စေ, သက်သက်သော လေးကိုဖြစ်စေ,မြားသက်သက်ကိုဖြစ်စေ, ညှို့ရှိသော လေးကိုဖြစ်စေ, မရှိသော လေးကိုဖြစ်စေ လက်ဖြင့်ကိုင်လျက် ရပ်ထိုင်သော သူအား တရားမဟောအပ်၊ လက်ဖြင့် မကိုင်မူ၍ ပခုံး၌ လေးကို လွယ်စွတ်ထား သူအား တရားဟောကောင်းသည်ဟု သိ။

သုဂ္ဂသုဂ္ဂဝဂ်ပြီး၏။

၁။ ပါဒုကာရူဠ္ဆဿ။ ။ပါဒေ ပဋိမုက္ကန္တော ပဇတိ ဂစ္ဆတိ ဌေနာတိ ပါဒုကော။ ခြေတို့ကို စွပ်၍သွားကြောင်း ဖြစ်သော ခြေနင်းကို ရစေ။ ထိုခြေနင်းသည် မြက်ခြေနင်း စသည်ဖြင့် များစွာပြား၏။ ထိုတွင် ဤပြောင်း၍ မရစကောင်းသော ဝစ္ဆပါဒုက ပဿာဝ ပါဒုက အာစမန ပါဒုက သုံးမျိုးသာ ရဟန်းတို့အား အပ်သည်ဟုသိ။

၂။ ဥပါဟနာရွင်ဒွဿ၊ ဘိနပ်စီးသော။ အဂိလာနဿ၊-အား။ ဓမ္မံ၊-ကို။ နု ဒေသေဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို။ ကရဏီယာ၊-၏။

၃။ ယာန ဂတဿ၊ ယာဉ်ထက်၌ နေသော။ အဂိလာနဿ၊-အား။ ဓမ္မံ၊-ကို။ နု ဒေသေဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊-ကို။ ကရဏီယာ၊-၏။

ဤ သိက္ခာပုဒ်၌ ပါဒုကအရ ဟိန္ဒူကုလားများ စီးလေ့ရှိဘော သဲကြိုးမပါသော အထုံး, သစ်သားဗု စသော ဗုတတ်၍ ထိုဗုကို ခြေမကြားဖြင့် ညှပ်လျက် စီးအပ်သော ဘိနပ်တမျိုးကို ယူရန်ဋ္ဌသည်။ ပါဒုကံ အာရူဠွေတိ ပါဒုကာ ချွေ။ ခြေနင်းကို စီးသောသူကို ရစေ။ ဤ၌ အာရူဠသဒ္ဒါ အက္ကမန ပဋိမုက္က သဒ္ဒါတို့နှင့် အနက်တူ။ ထို့ကြောင့် နင်းမြဲဖြစ်စေ, စုပ်မြဲဖြစ်စေ နေသော သူတို့ကိုလည်း ပါဒုကာရူဠဟု ဆိုနိုင်သည်။ ထိုခြေနင်း စီးနေသောသူအား တရားမဟောကောင်း ဟူ၏။

၂။ ဥပါဟနာရွင်ဿ။ ။ပါဒတလေ ဥဟန္ဒာ ဟနတိ ဂစ္ဆတိ ဧတေနာတိ ဥပါဟနံ။ ဓမြဘဝါး အပြင်တို့သို့ကပ်၍ သွားကြောင်း ဖြစ်သော ဘိနပ်ကိုရစေ။ သဲကြိုးတပ်သော ဘိနပ်အမျိုးမျိုးများနှင့် နောက်ပိတ်ရှူးဘိနပ် စသည်များကို ဥပါဟန ခေါ်သည်။ သဲကြိုး ဖမိုးဖုံး ဖနောင့်ပိတ်များကိုဆွတ်၍ သက်သက် စီးနင်းထားသော သူအား တရားမဟောကောင်း။

ဤ ဘိနပ်အရာ၌ သားရေမှတပါး ရဟန်းတို့အား မအပ်၊ သားရေဘိနပ်သာ အပ်သည်ဟု သိ။ [အချို့အရာ ပါဒုကနှင့် ဥပါဟန အတူတူပင် ဖြစ်သည် ။]

၃။ ယာနဂတဿ။ ။ယာတိ ဂစ္ဆတိ ဧတေနာတိ ယာနံ။ သွားကြောင်း ဖြစ်သော ယာဉ်ကို ရစေ။ ယာဉ်ဟူသည် ကာလအလျောက် လှည်း, ရထား, လံချား, ကား, ထမ်းစင်, သံလျင်စသည်ကို ဆိုသည်။ အယုတ်ဆုံး လူနှစ်ယောက်တို့သည် လက်ချင်းယှက်၍ ချီပွေယူအပ်သော လက်ယှက်ကိုလည်း ယာဉ်ဟု ခေါ်ရမည်။ ယာနေ ဂတော ယာန-ဂတော။ ယာဉ်ထက်၌ ရောက်နေသောသူကို ရစေ။ အဝတ်ပုဆိုး၌ ထား၍ ထမ်းပိုးဖြင့် ထမ်းဆောင်အပ်သူကိုဂင်း, နွားမ ကသောလှည်း စသော ယာဉ်၌ ဂင်း, ဖျက်ထားသော လှည်းဘီး၌ဂင်း, နေထိုင်သောသူကိုဂင်း ယာနဂတဟု ခေါ်သည်။

တရားဟောသူ, နာသူ နှစ်ယောက်စလုံးတို့သည် ယာဉ်တခုတည်း၌ နေ၍ ဟောအံ့ ဟောကောင်းသည်။ ယာဉ် တခြားစီနေသော်လည်း ဟောသူက မြင့်၍

၄။ သယန ဂတဿ၊ အိပ်ရာ၌ နေသော။ အဂိလာနဿ၊ – အား။ ဓမ္မံ၊ – ကို။ န ဒေသေဿာမိ၊ – အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

၅။ ပလ္လတ္ထိကာယ၊ – လျက်။ နိသိန္နဿ၊ – သော။ အဂိလာနဿ၊ – အား။ ဓမ္မံ၊ – ကို။ န ဒေသေဿာမိ၊ – အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

၆။ ဝေဠိတ သီသဿ၊ ဦးရစ်ပေါင်းဓသာ ဦးပေါင်းရှိသော။ အဂိလာနဿ၊ – အား။ ဓမ္မံ၊ – ကို။ န ဒေသေဿာမိ၊ – အံ့။ ဣတိ၊ – သို့။ သိက္ခာ၊ – ကို။ ကရဏီယာ၊ – ၏။

ဖြစ်စေ, ညီတူဖြစ်စေ, ရှေကဖြစ်စေ နေ၍ဟောအံ့ ဟောကောင်းသည်။ ဟောသူက နိမ့်မူ, နောက်ကဖြစ်မူ မဟောကောင်းဟု သိ။

၄။ သယနဂတဿ။ ။သီယတိ ဇတ္ထာတိ သယနံ။ အိပ်စရာ နေရာကို ရစေ။ အယုတ်ဆုံး မြေကြီးပေါ်မှာ အိပ်နေလျှင် မြေကြီးသည်ပင် ထိုသူ၏ အိပ်ရာဖြစ်သည်။ သယနေ ဂတော သယနဂတော။ အိပ်ရာ၌ ရောက်နေသော သူကို ရစေ။ အယုတ်ဆုံး ဖျာပေါ်၌ဖြစ်စေ, မြေကြီးပေါ်၌ ဖြစ်စေ အိပ်နေသောသူအား မြင့်သော ညောင်စောင်း အင်းပျဉ် မြေပေါ်၌ ရပ်လျက် ထိုင်လျက် တရား မဟောကောင်း၊ အိပ်ရာ၌အိပ်နေသော မမှကထိက က အိပ်ရာ၌ အိပ်နေသူအား မြင့်သော်ငင်း, တူမျှသော်ငင်း ဟောကောင်းသည်။ ရပ်နေ ထိုင်နေသော သူအားလည်း ဟောကောင်းသည်။ ထိုင်နေသော မမှကထိက က ထိုင်နေသူ ရပ်နေသူ နှစ်ဦးစလုံးအား ဟောကောင်းသည်။ ရပ်သော မမှကထိက က ရပ်သောသူအားသာ ဟောကောင်းသည်ဟုသိ။

၅။ ပလ္လတ္ထိကအရ။ ။ခမ္ဘကတဝဂ် ၌ ပြဆိုခဲ့ပြီးသော ပလ္လတ္ထိက သုံးမျိုး စလုံးကို ယူ။

၆။ ဝေဠိတသီသဿ။ ။ဝေဠိတံ သီသံ အနေနာတိ ဝေဠိတသီသော။ ရစ်ပတ်အပ်သော ဦးခေါင်းရှိသော သူကို ရစေ။ အဝတ် ခေါင်းပေါင်းဖြင့်ရင်း, မကိုင်ဥသျှောင်ဖြင့်ရင်း, ဦးထုပ်ဖြင့်ရင်း, ဆံပင် မပေါ်အောင် ရစ်ပတ်ဆောင်းထားသော သူမျိုးဟူ၏။....အနာပတ္တိဝါရ၌ ခေါင်းပေါင်းပေါင်း, ဦးထုပ်ဆောင်းသော်လည်း ဆံစပ်ပေါ်နေသူအား တရား ဟောသော်လည်း အနာပတ္တိ ပို၏။

၇။ ဩဂုဏ္ဌိတသီသဿ၊ -သော။ အဂိလာနဿ၊ -အား။ ဓမ္မံ၊ -ကို။ န ဒေသေဿာမိ၊ -အံ့။ ဣတိ၊ -သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊ -၏။

၈။ ဆမာယံ၊ မြေ၌။ နိသီဒိတ္ဝာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ -သော။ အဂိလာနဿ၊ -အား။ဓမ္မံ၊ -ကို။ န ဒေသေဿာမိ၊ -အံ့။ ဣတိ၊ -သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊ -၏။

၉။ နီစေ၊နိမ့်သော။အာသနေ၊ -၌။ နိသီဒိတ္ဝာ၊ -၍။ ဥစ္စေ၊မြင့်သော အာသနေ၊ -၌။ နိသိန္နဿ၊ -သော။ အဂိလာနဿ၊ -အား။ ဓမ္မံ၊ -ကို။ န ဒေသေဿာမိ၊ -အံ့။ ဣတိ၊ -သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊ -၏။

၁၀။ ဌိတော၊ ရပ်သောငါသည်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ -အား။ ဓမ္မံ၊ကို။ န ဒေသေဿာမိ၊ -အံ့။ ဣတိ၊ -သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊ -၏။

(မြန်မာများ ခေါင်းပေါင်းပုံကား ဆံစပ်ပေါ်နေသည်သာ များ၏။ အကယ်၍မပေါ်က ဆံစပ်ပေါ်အောင် ပြုလုပ်ခိုင်းပြီးမှ ဟောရမည်ကို သတိပြု။)

၇။ ဩဂုဏ္ဌိတသီသဿ။ ။ဩဂုဏ္ဌိတံ သီသံ အနေနာတိ ဩဂုဏ္ဌိတသီသော။ ခြုံအပ်သော ဦးခေါင်းရှိသောသူကို ရစေ။ အခြို့ ကုလားမများ ခေါင်းတခုလုံး ခြုံထားသလို ခြုံထားသူအား တရား မဟောကောင်း။....ခေါင်းမြီးခြုံကို ဖွင့်ခိုင်းပြီးမှ တရားဟောအံ့။ အနာ တို့။

၈။ ဆမာယံ။ ။အဒေဝေ ပတနံ ဆိန္နတိတိ ဆဗ္ဗေ။ သတ္တဝါတို့ အောက်သို့ ကျဆင်းခြင်းကို ဖြတ်တတ်သော မြေကြီးကို ရစေ။ ။ အာသဒနအရ အယုတ်ဆုံး မြက်အခင်း အဝတ်အခင်းကိုလည်း ယူရမည်၊ ထို့ကြောင့် မြက်အခင်းဖြစ်စေ၊ အဝတ်အခင်းဖြစ်စေ ခင်း ထိုင်နေသူအား မြေပေါ်၌ထိုင်လျက် တရားမဟောကောင်းဟု သိ။

၉။ ဥစ္စေ အာသနေ အရ။ ။အယုတ်ဆုံး မြင့်သော မြေကိုးသင့်လည်း ယူရမည်၊ မြေပြင်ချင်းတူသော်လည်း နိမ့်သော မြေ၌ ထိုင်လျက် မြင့်သောမြေ၌ ထိုင်သူအား တရားမဟောကောင်းဟု သိ။

၁၀။ မတ်တတ်ရပ်နေသူက ထိုင်နေသူအား တရား မဟောကောင်း၊ ဆရာမထေရ်ကြီးအား ခစားခြင်း အကျိုးငှါ လာ၍ရပ်သော ရဟန်းငယ်ကို နေရာ၌ ထိုင်နေသော ဆရာမထေရ်ကြီးက ပုစ္ဆာမေးအံ့ မဖြေကောင်း၊ ရှိသေထိုက်သူ ဖြစ်၍ ဆရာမထေရ်ကြီးကို ရပ်၍ မေးပါဟု မလျှောက်ကောင်း၊ ထိုသို့ အခက်

၁၁။ ပစ္ဆတော၊နောက်မှ။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ –အား။ ဓမ္မံ၊–ကို။ န ဒေ-သေဿာမိ၊–အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊–၏။

၁၂။ ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊....သည်။ ပထေန၊ ခရီး လမ်းဖြင့်။ ဂစ္ဆန္တဿ၊ –သော။ အဂိလာနဿ၊–အား။ ဓမ္မံ၊–ကို။ န ဒေ-သေဿာမိ၊ –အံ့။ ဣတိ၊–သို့။ သိက္ခာ၊–ကို။ ကရဏီယာ၊ –၏။

၁၃။ အဂိလာနေ၊ မနာမဖျားသော ငါသည်။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုဎင်း။ပဿာဝံ ဝါ၊ ကျင်ငယ်ကိုဎင်း။ န ကရိဿာမိ၊ ငါမစွန့်အံ့။ ဣတိ၊ –သို့။ သိက္ခာ၊ –ကို။ ကရဏီယာ၊ –၏။

ကြုံသည့်အခါ ဘန်းအပါး၌ ရပ်လျက်တည်ရှိသော ရဟန်းအား ဖြေအံ့ဟု နှလုံးသွင်း၍ ဖြေဆိုခြင်းဌာနကား အပ်၏။

[ဆရာက ကပည့် ဉာဏ်စမ်းလို၍ ထိုင်လျက်မေးရာ၌ ရပ်နေသော တပည့်က ဆရာအား သည်လို မဟုတ်ပါလားဟု ပြန်မေးသော အနေအားဖြင့် ဖြေမူ ဖြေကောင်းသည်။ ဝိမတိ။]

၁၀။ ခရီးသွားစဉ် နောက်ကလိုက်သော ရဟန်းက ရှေ့က သွားသောသူ အား တရားမဟောကောင်း၊ ပုစ္ဆာမေးအံ့၊ မဖြေကောင်း၊ မိမိနောက်က နေသော သူအား ဖြေမည်ဟု နှလုံးသွင်း၍ဖြေမူ ဖြေကောင်းသည်၊ အတူတူ သင်ထားသော တရားကိုကား သရဇ္ဈာယ်ကောင်းသည်။ ထမ်းပိုးတန်း ပြိုင်တူသွား သူအား ဟောခြင်း ဖြေခြင်းဌာနကား အပ်၏။ ဟောကောင်း ဖြေကောင်းသည် ဟု သိ။

၁၂။ လမ်းမဟုတ်သည်၌ နေသောရဟန်းက လမ်းပေါ်မှာနေသောသူအား တရားမဟောကောင်း၊ နှစ်ပါးသော ရဟန်းတို့သည် လှည်းလမ်း၌ လမ်းတခုစီ ထမ်းပိုးတန်း သွားသောသူအား တရားဟောကောင်းသည်။ နှစ်ယောက်စလုံး လမ်းမဟုတ်ဘဲ ထမ်းပိုးတန်း သွားသူအားလည်း ဟောကောင်းသည်ဟု သိ။

[ဤတဆယ့်ခြောက်ပါးသော သိက္ခာပုဒ်တို့ကား မမ္မဒေသနာ ပဋိ-သံယုတ္တ သိက္ခာပုဒ်တို့တည်းဟု သိ။]

၁၃။ ဂိလာန မဟုတ်ဘဲ မတ်တတ်ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့် ကောင်း၊ ကျင်ကြီး ကျင်ငယ်စွန့်လိုၗ၍ ဖုံးကွယ်ရာ အရပ်သို့ သွားနေစဉ် အဆော တလျင် ထွက်ကျအံ့၊ အာပတ်မသင့်ဟု သိ။

၁၄။ အဂိလာနော၊-သည်။ ဟရိတော၊စိမ်းရွှင်သော မြက်သစ်ပင်ပေါ်၌။ ဥစ္စာရံ ဝါ၊ ကိုဎင်း။ ပဿာဝံ ဝါ၊ -ကိုဎင်း။ ခေဠံ ဝါ၊ တံတွေးကိုဎင်း။ နကရိဿာမိ၊-အံ့။ ဣတိ၊-သို့။ သိက္ခာ၊ -ကို။ ကရဏီယာ၊-၏။

၁၅။ အဂိလာနော၊-သည်။ ဥဒကေ၊သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံ ဝါ၊-ကိုဎင်း။ပဿာဝံ ဝါ၊=ကိုဎင်း။ခေဠံ ဝါ၊-ကိုဎင်း။နကရိဿာမိ၊ -၏။ ဣတိ၊သို့။ သိက္ခာ၊-ကို။ကရဏီယာ၊ -၏။

သဘာမော၊-သော။ ပါဒုကဝဂ္ဂေါ၊-သည်။ နိဋ္ဌိတော၊-ပြီ။

သေခိယော၊-တို့သည်။ နိဋ္ဌိတော၊-ကုန်ပြီ။

၁၄။ ဟရိတဟူသည်---စိမ်းရွှင်သော မြက်သစ်ပင်ရှိရာ အရပ်ကို ဆိုသည်။ မြေ၌ ပေါ်နေသော သစ်မြစ်, ကိုင်းချို မြေ၌ ထိုးနေသော သစ်ခက်မျှားကိုလည်း ဟရိတဟူ၍ပင် ဆိုရသည်။ သစ်ကိုင်းပေါ်မှာ ထိုင်၍ စိမ်းသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်ချကောင်းသည်။ စိမ်းသော မြက်သစ်ပင် မရှိရာအရပ်ကို ရှာနေစဉ် မအောင့်နိုင်ဘဲ ထွက်ကျအံ့၊ ဂိလာန အရာ တည်ခြင်းကြောင့် အာပတ်မသင့်။

စိမ်းသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်ထားသော ကျင်ကြီး ကျင်ငယ်သည် စိမ်းသော မြက် သစ်ပင်ရှိရာ အရပ်သို့ စီးသွားအံ့၊ အနာပတ္တိ။ စိမ်းသော သစ်ပင် မြက် မရှိရာအရပ်ကို ရှာမရသော် မြက်ကရွတ်ခွေ, ကောက်ရိုးကရွတ်ခွေတို့ကို ထား၍ စွန့်ရမည်၊ စွန့်ပြီးနောက်မှ စိမ်းသောအရပ်သို့ စီးသွားအံ့၊ အပြစ်မရှိ။ တံတွေးဖြင့် နှပ်ကိုလည်း ယူနိုင်သည်။ ဤစကားရပ်ဖြင့် တံတွေးကို ရေနှင့် ရောထွေးမှုအပ်၏။ ကြံဖတ်ကိုလည်း ရေ၌ ထွေးအပ်၏ဟု ဝိမတိ ဆို၏။

၁၅။ ဥဒကအရ---သုံးဆောင် သောက်ချိုးကောင်းသော ရေကို ယူရမည်။ မသုံးဆောင်ကောင်းသော ဝစ္စကုဋိ တွင်း၌ ရှိသော ရေ သမုဒ္ဒရာရေ စသည်တို့၌ အပြစ်မရှိ။ မိုးယံးရွာ၍ ထက်ဝန်းကျင် ရေပြင်ကြီးဖြစ်နေလတ်သော် ရေမရှိရာအရပ်ကို ရှာမရသောရဟန်း စွန့်ကောင်းသည်။ကြီးသော မြစ် ထုံးအိုင် စသည်တို့၌ လှေဖြင့်သွားစဉ် ကမ်းမကပ်နိုင်၍ စွန့်မှု စွန့်ကောင်းသည်။

ကုန်းပေါ်မှာ စွန့်သည်ကို ရေထည်းသို့ လျှောကျအံ့၊ အနာပတ္တိ။ (ဤသုံးပါးသော သိက္ခာပုဒ်တို့ကား ကျင်ကြီးနှင့် စပ်သော သိက္ခာပုဒ်တို့တည်းဟု သိ)။

ပါဒုကတ် ပြီး၏။

သမုဋ္ဌာန် စသည် ဥဇ္ဇဂ်ိက-၂၊ အပ္ပသဒ္ဒ-၂၊ သကဗဇ္ဇ-၁၊ ဆမာ-၁၊ နီစာသန ၁၊ဌိတ-၁၊ ပစ္ဆတောဂမန-၁၊ ဥပ္ပထဂမန-၁၊ ပေါင်း-၁၀၊ ဤသိက္ခာပုဒ် ၁၀ ခုတို့ကား သမနုဘာသနသမုဋ္ဌာန်၊ ကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒနာတို့တည်း။

သူပေါဒနဝိဉတ္တိ သိက္ခာပုဒ် ၁-ခုကား-ထေယျသတ္ထသမုဋ္ဌာန်၊ အကြွင်းတူပြီ။

ဆတ္တပါဏိ-၁၊ ဒဏ္ဍပါဏိ-၁၊ သတ္ထပါဏိ-၁၊ အာဝုဓပါဏိ-၁၊ပါဒုက-၁၊ ဥပါဟန-၁၊ ယာန-၁၊ သယန-၁၊ ပလ္လတ္ထိက-၁၊ ဝေဋိတ-၁၊သြဂုဏ္ဌိတ-၁၊ ပေါင်း-၁၁၊ ဤသိက္ခာပုဒ် ၁၁-ခုတို့ကား ဓမ္မဒေသနာသမုဋ္ဌာန်၊ ကိရိယာ ကိရိယ၊ ဝစီကမ္မ၊ အကြွင်း တူပြီ။

ကြွင်းသော ၅၃-ပါးသော သိက္ခာပုဒ်တို့ကား ပထမပါရာဇိကသမုဋ္ဌာန်၊ ကာယကမ္မတို့တည်း။ အကြွင်း တူပြီ။

နှ သူပံ ဝါ နှစ်ပုဒ်သာ လောကဝဇ္ဇ, အကုသလစိတ္တ ဖြစ်ကောင်းသည်၊ အကြွင်း ပဏ္ဏတ္တိဝဇ္ဇ, တိစိတ္တ, တိဝေဒနာဖြစ်သည်တု ဝိမတိ ဆို၏၊ အကျယ်ကို ၎င်းမှာကြည့်။

အထူး။ ။ဤ သေခိယသိက္ခာပုဒ်များသည် အာဘိသမာစာရိက အာဒိ ဗြဟ္မစရိယက နှစ်မျိုးတို့တွင် အာဘိသမာစာရိကဌ် အကျုံးဝင်သည်၊ ဤသေခိယ ခန္ဓကဝတ် သုဂ္ဂဝိသဋ္ဌိစသော လောကဝဇ္ဇ သိက္ခာပုဒ်တို့ကိုလည်း ရှင်သာမဏေများ ကျင့်ရမည်၊ မကျင့်က အလဇ္ဇီဖြစ်သည်၊ ဒဏ် ထိုက်သည်။ ဝိမတိ။

သေခိယ ပြီး၏။

၅-ဝိတ္ထာရဒ္ဒေသ အဓိကရဏာသမထ

အာယသ္မန္တော၊ –တို့။ သတ္တာ၊ ခုနစ်ပါးကုန်သော။ အဓိကရဏာသမထာ၊ အဓိကရဏ်းလေးပါးကို ငြိမ်းစေတတ်ကုန်သော။ ဣမေ ခေါ် ပန ဓမ္မာ၊ ဤတရားတို့သည်။ ဥဒ္ဒေသံ၊ –သို့။ အာဂစ္ဆန္တိ၊ –ကုန်၏။

ဥပ္ပန္နုပ္ပန္နာနံ၊ ဖြစ်ကုန် ဖြစ်ကုန်ပြီးသော။ အဓိကရဏာနံ၊ (လေးပါးဖသော) အဓိကရဏ်းတို့ကို။ သမထာယ၊ ငြိမ်းစေခြင်းငှါ။ ဝူပသမာယ၊ အထူးသဖြင့် ငြိမ်းစေခြင်းငှါ။ သမ္မုခါဝိနယော၊ သမ္မုခါဝိနည်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သတိဝိနယော၊ –ကို။ ဒါတဗ္ဗော၊ –၏။ အမူဠှဝိနယော၊ –ကို။ ဒါတဗ္ဗော၊ –၏။ ပဋိညာယ၊ ဝန်ခံခြင်းဖြင့်။ကာရေတဗ္ဗံ၊

ဝိတ္ထာရုဒ္ဒေသ—အဓိကရဏသမထ

အနုသန္ဓိ။ ။ဤသို့ အာပတ်ဟု ဆိုအပ်သော အဓိကရဏကို ပြပြီး၍ ယခု အခါ ထိုအာပတ်ဟု ဆိုအပ်သော အဓိကရဏကို ငြိမ်းစေတတ်သော သမထတို့ကို ပြခြင်းငှါ "ဣမေ ခေါ် ပနာယသ္မန္တော" စသည်ကို ဟောတော်မူ၏။

အဓိကရဏသမထ။ ။အဓိကရိယန္တိ ဧတ္ထာတိ အဓိကရဏာနိ။ သမထတည်နေရာဖြစ်သော အဓိကရဏ်းလေးပါးတို့ကို ရစေ။ အဓိကရဏ်းဖြစ်ပေါ် လာသော် သမထဖြင့် ထိုအဓိကရဏ်းကို ငြိမ်းရသည်၊ ထိုသို့ အဓိကရဏ်း ဖြစ်ပေါ် လာသော် သမထဖြင့် ထိုအဓိကရဏ်းကို ငြိမ်းရသောကြောင့် အဓိကရဏ်း လေးပါးကို သမထတို့၏ တည်နေရာဟု ဆိုသည်ဟူ၏။

[အဓိကရဏသဒ္ဒါကို ကမ္မသာဓ် ဘာဝသာဓ်ဖျားလည်း ဆိုကြ သေး၏။]

အဓိကရဏာနိ သဒ္ဒေန္တိ ဝူပသမေန္တိတိ အဓိကရဏသမထာ။ အဓိကရဏ်းလေးပါးတို့ကို ငြိမ်းစေတတ်သော သမထတို့ကို ပြခြင်းငှါ "ဣမေ ခေါ် ပနာယသ္မန္တော" စသည်ကို ဟောတော်မူ၏။

အဓိကရဏ်း ၄-ပါး။ ။ထိုအဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း, အနုဝါဒါဓိကရဏ်း, အာပတ္တာဓိကရဏ်း, ကိစ္စာဓိကရဏ်းအားဖြင့် လေးပါးပြား၏။ထိုလေးပါးတို့တွင်—

တခုခုသော တရားကို တဘက်က ဓမ္မဖြစ်သည်, တဘက်က အဓမ္မဖြစ်သည်စသော တဆယ့်ရှစ်ပါးသောဝတ္ထု, ဒုက်အားဖြင့်ကိုးဒုက်တို့တွင် တပါးပါးသောဒုက်ဖြင့် တဖက်နှင့်တဖက် ငြင်းခုံခြင်းကို ဝိဝါဒါဓိကရဏ်းခေါ် သည်။

ပြုစေအပ်၏။ ယောဘုယျသိကာ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ မျှားရာသို့ လိုက်၍ပြုခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ တဿ ပါပိယသိကာ၊ တဿ ပါပိယသိကာကံကို။ ကာတဗ္ဗာ၊–၏။ တိဏဝတ္ထာရကော၊ တိဏဝတ္ထာရကကံကို။ ကာတဗ္ဗော၊–၏။ ဣတိ၊ ဤခုနစ်ပါးသော သမထတို့ကို။ ဒါတဗ္ဗာ၊ ပေးအပ်ကုန်၏။

သတ္တ၊–ကုန်သော။အဓိကရဏာ သမထာ၊–တို့သည်။ နိဋ္ဌိတာ၊–ကုန်ပြီ။

သီလဝိပတ္တိစသော လေးပါးသော ဝိပတ္တိတို့တွင် တပါးပါးသော ဝိပတ္တိဖြင့် စွပ်စွဲခြင်း စောဒနာခြင်းကို အနုဝါဒါဓိကရဏ်းခေါ်သည်။

ဒဋ္ဌမာတိကာပါဠိတော်၌လာသော အာပတ်ငါးပုံ, မာတိကာကို အကျယ်ဖွင့်ပြသော ပဒဘာဇနီခေါ် ဝိဘင်းပါဠိတော်၌လာသော ထုလ္လစ္စည်းနှင့် ဒုဗ္ဘာသိတာ နှစ်ပုံ၊ ပေါင်း ခုနစ်ပုံကို အာပတ္တာဓိကရဏ်းခေါ်သည်။

အပလောကနစသော ကံလေးပါးတို့တွင် တပါးပါးသော ကံကို ပြုခြင်းကို ကိစ္စာဓိကရဏ်းခေါ်သည်။

ဆောင်—ဝိဝါ–နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရဏ်း။
ဓမ္မာ–ဓမ္မ၊ ငြင်းခုံကြ၊ ဝိဝဓိကရဏ်း။
ဝိပတ်လေးဖြာ၊ စွပ်စွဲပါ၊ နုဝါဓိကရဏ်း။
ခုနစ်ပါးသာ၊ အာပတ်မှာ၊ ပတ္တာဓိကရဏ်း။
ပလောကနာ၊ ကံလေးဖြာ၊ ကိစ္စာဓိကရဏ်း။

သမထ ၇-ပါး

သမ္မုခါဝိနယ။ ။မျက်မှောက်၌ အဓိကရဏ်း ငြိမ်းကြောင်းတရားကို "သမ္မုခါဝိနယ" ခေါ်သည်။ ထိုသမ္မုခသည် သံဃ သမ္မုခ,ဓမ္မသမ္မုခ, ဝိနယသမ္မုခ, ပုဂ္ဂလသမ္မုခဟု လေးမျိုးရှိ၏။ ထိုတွင်—

အဓိကရဏ်းငြိမ်းရန် ကာရကသံဃာ၏ မျက်မှောက် ဖြစ်ခြင်းသည် သံဃသမ္မုခတာမည်၏။

ငြိမ်းစေ အပ်သော ဝတ္ထုအမှု၏ လမ်းမှန်အတိုင်း ကျခြင်းသည် ဓမ္မ သမ္မုခတာမည်၏။

အဓိကရဏ်း၏ ဝိနည်းလမ်းမှန်အတိုင်း ကျခြင်းသည် ဝိနယသမ္မုခတာမည်၏။

ငြင်းခုံကြသော ရဟန်းနှစ်ဦးတို့၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာ မည်၏။

ထိုလေးပါးတို့တွင် ဥဗ္ဘာဟိက ဝိနစ္ဆယဖြင့် ငြိမ်ဏာ သံဃသမ္မုခတာ တပါးမရကောင်း၊ ကြွင်းသုံးပါး ရကောင်းသည်ဟု သိ။

ဆောင်—သံဃ-စမ္မ၊ ဝိနယနှင့်၊ ပုဂ္ဂလရှေးရှု၊ ငြိမ်းစေမှု၊လေးခု သမ္မုခေါ်။

သတိဝိနယ။ ။သတိပြန့်ပြောသည့် အဖြစ်သို့ ရောက်သော ရဟန္တာ ပုဂ္ဂိုလ်အား ပေးအပ်သော ဝိနည်းကို "သတိဝိနယ" ခေါ်သည်၊ ရဟန္တာ ပုဂ္ဂိုလ်ကို တစုံတယောက်သောသူက သီလဝိပတ္တိဖြင့် စွပ်စွဲလာလျှင် စစ်ဆေးမေးမြန်းပြီးနောက် အပြစ်မရှိမှန်းသိလတ်သော် နောက်နောင် မစွပ်စွဲနိုင်ရန် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် သံဃာက ပေးအပ်သော ဝိနည်းမျိုး ဟူ၏။ သတိကို အမှီပြု၍ ငြိမ်းခြင်းပင်တည်း။ ထိုသတိဝိနည်း ပေးပြီးနောက် တယောက်ယောက်က စွပ်စွဲပြန်သော်လည်း အထမြောက်ခြင်း မရှိတော့ပြီ။

ဆောင်—သတိကြီးမား၊ ဖြဉ်ကားရောက်လာ၊ ရဟန္တာအား၊ ပေးရငြား၊ ထိုကား သတိခေါ်။

အမူဋ္ဌဝိနယ။ ။မတွေ့ဝေသော အခါသို့ ကပ်ရောက်သော ရဟန်းရူးအား ပေးရသော ဝိနည်းကို "အမူဋ္ဌဝိနယ" ခေါ်သည်။ ရဟန်းတပါးသည် တွေ့ဝေရူးသွပ်ခြင်း မူဋ္ဌဖြစ်နေ၏။ ထိုရူးသွပ်ခိုက် အပြစ်ကြီးငယ်ကို လွန်ကျူးမိ၏။ သတိရလာသောအခါ အခြားရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲသော် ထိုရဟန်းရူးက တပည့်တော် စိတ်ဖောက်ပြန်ခြင်းကြောင့် ဘာမှန်းမသိ၍သာ ပြုမိပါသည် လျှောက်ထားသော်လည်း စွပ်စွဲမြဲပင် စွပ်စွဲအံ့၊ ထိုရဟန်းအား စွပ်စွဲမှု ငြိမ်းစေရန် မတွေ့ဝေ မရှိသောအခါ သံဃာက ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ပေးရသော ဝိနည်းမျိုးဟူ၏။ ထိုအမူဋ္ဌဝိနည်း ပေးပြီးနောက် ထိုပုဂ္ဂိုလ်အား ဘယ်အကြောင်းကြောင့်မျှ မစွပ်စွဲရတော့ပြီ။

ဆောင်—မတွေ့ဝေခါ၊ ကပ်ရောက်လာငြား၊ ရဟန်းအား၌၊ ပေးအပ်ရ၊ မူဋ္ဌဝိနယခေါ်။

ပဋိညာတကရဏ။ ။ဝန်ခံသည် အားလျော်စွာ ဆုံးဖြတ်ခြင်းကို "ပဋိညာတကရဏ" ခေါ်သည်၊ ရဟန်းတပါးသည် အာပတ်သင့်၍ အာပတ္တာဓိကရဏ်း ရှိနေရာ ထိုအာပတ္တာဓိကရဏ်း ငြိမ်းရန် တပါးသော သံဃာထံဖြစ်စေ ဂိုဏ်းထံဖြစ်စေ ပုဂ္ဂိုလ်ထံဖြစ်စေ တပည့်တော် ဤမည်သော အာပတ်သို့ ရောက်နေပါသည်ဟု ဒေသနာပြောကြားရမည်၊ [အဓိပ္ပါယ် ပေါ်အောင်သာ

မြန်မာဘာသာဖြင့်ရေးသည်၊ ဆိုသောအခါပါဠိလိုဆို။]ဒေသနာခံသော ရဟန်းက ထိုအာပတ်ကို သင်ရွေးလာဟု ပြန်မေးရသည်၊ ထိုနောက် ဒေသနာပြောသူက မှန်ပါ ရှုပါတယ်ဟု ဝန်ခံလျှင် ဒေသနာခံသော ရဟန်းက နောင်အခါ စောင့်ရှောက်လောဟု ဆုံးဖြတ်ရသည်၊ ဤသို့ ဝန်ခံသောအတိုင်း ဆုံးဖြတ်လိုက်သော် မိမိမှာ ရှိနေသော အာပတ္တာဓိကရဏ်း ငြိမ်းသွားရကား စောင့်ရှောက်လောဟူသော "အာယတိ သံဝရေယျာသိ" စကားသည်ပင် ဝန်ခံတိုင်းပြုရသော ပဋိညာတကရဏ ဟူ၏။

သံဃာဒိသေသ်အာပတ်၌ ပရိဝါသ်စသည်ကို တောင်းခြင်းသည် သံဃာဒိသေသ် အာပတ်ရှိကြောင်း ဝန်ခံထုတ်ဆောက်သောကြောင့် ပဋိညာတ မည်၏။ သံဃာက ပရိဝါသ်စသည်ကို ပေးခြင်းသည် ဝန်ခံတိုင်း ပြုခြင်းကြောင့် ပဋိညာတကရဏ မည်၏ဟု သိ။

ဆောင်—ဝန်ခံတိုင်းအား၊ သင့်လျော်ငြားပေ၊ ဆုံးဖြတ်ထေပါ၊ ပဋိညာတကရဏ၊ သမထဟုခေါ်။

ယေဘုယျသိကာ။ ။စည်းဝေးသော ပရိသတ် ဓမ္မဝါဒီများထဲသို့ လိုက်၍ ပြုအပ်သော ကြိယာ(ကံ)ကို "ယေဘုယျသိက" ခေါ်သည်၊ တနည်း စည်းဝေးသော ပရိသတ် ဓမ္မဝါဒီများသည့် အဖြစ်ကိုမှီ၍ ငြိမ်းခြင်း ကြိယာ(ကံ)ကို "ယေဘုယျသိက" ခေါ်သည်။

ဝိဝါဒါဓိကရဏ်း ဖြစ်၍ သံဃာ ကွဲပြားနေသောအခါ သမ္မုခဝိနယ သမထချည်း သက်သက်ဖြင့် ငြိမ်းလို့မရလျှင် သံဃာစည်းဝေး၍ မဲဆန္ဒယူသော ရဟန်းတပါးကို သမုတ်ရသည်။ ထိုနောက် သမ္မုတိရသော ရဟန်းက စည်းဝေးသော ပရိသတ်၌ ဓမ္မဝါဒီမဲဆန္ဒ အဓမ္မဝါဒီမဲဆန္ဒကို ယူစေရမည်၊ ထိုအခါ ဓမ္မဝါဒီမဲဆန္ဒက များနေလျှင် ဓမ္မဝါဒီ များရာလိုက်ပြီး ဆုံးဖြတ်ရသည်၊ အကယ်၍ အဓမ္မဝါဒီ များနေပုံပေါ်လျှင် ရက်ရွှေ့ဆိုင်း၍ ဓမ္မဝါဒီများအောင် စုဆောင်းပြီးမှ ဓမ္မဝါဒီ အဆိုအတိုင်း ဆုံးဖြတ်ရသည်၊ ဤသို့ ဓမ္မဝါဒီ များရာလိုက်၍ ပြုအပ်သော ငြိမ်းခြင်းကြိယာကို ယေဘုယျသိက ခေါ်သည် ဟူ၏။

ဆောင်— ဓမ္မဝါဒီ၊ များသည်ကိုလိုက်၊ ပြုထိုက်ကြိယာ၊ ယင်းကိုသာ၊ ယေဘုယျာဟုခေါ်။

တဿ ပါပိယသိကာ။ ။ထို အထူး ယုတ်မာသော ရဟန်းအား ပြုအပ်သော ကြိယာ(ကံ)ကို "တဿ ပါပိယသိက" ခေါ်သည်။ရဟန်းတပါးကို ပါရာဇိကဖြင့် ဖြစ်စေ, ပါရာဇိက၏ အနီးဖြစ်သော ထုလ္လစ္စည်း ဒုက္ကဋ်ဖြင့် ဖြစ်စေ မေးစစ်လတ်သော် အဆုံးအဖြတ် မခံလို ထိုထို ဤဤ အလိမ်လိမ် ပြောဆို

နေသော ယုတ်မာသော အကျင့်ရှိသော ဥပဝါဠကဲ့သို့သော ရဟန်းအား အကယ်၍ ပါရာဇိက မကျဴးအံ့ ဆိုင်ရာကျင့်ဝတ်ကို ကျင့်၍ သံဃာ့ထံသို့ သွင်းခြင်းကို ရပေလတ္တံ့ ဟု မှတ်၍ ပါရာဇိက ကျသူဖြစ်အံ့ ကိုယ်တိုင် ဖျက်ဆီးလတ္တံ့ ဟု မှတ်၍ သံဃာသည် ဥတ္တိစတုတ္ထကံဖြင့် ပြုအပ်သော ကံမျိုးကို ခေါ်သည် ဟူ၏။

ဆောင်—ယုတ်မာ ရဟန်းဖျင်း၊ အာပတ်ကင်းရန်၊ ပြုသည့်ကံပင်၊မည်တွင် တဿ၊ ပါပိယ၊ သိက ဟူ၍ခေါ်။

တိဏဝတ္ထာရက။ ။ကျင်ကြီး ကျင်ငယ် ရွံရှာဘွယ်ကို မြက်ဖြင့် ဖုံးထားသကဲ့သို့ ရွံဘွယ်ကောင်းဘိ အာပတ္တိကို ဖုံးဖိထားအပ်သော ကံကို "တိဏဝတ္ထာရက" ခေါ်သည်။

ငြင်းခုံခြင်းကို ပြုတတ်ကုန်သော နှစ်ပက္ခ၌ဖြစ်ကုန်သော ရဟန်းတို့သည် မအပ်သောအကျင့်ကို များစွာကျင့်ပြီး၍ တဖန်လဲ့ဇ် သဘောသို့ သက်ဝင်လတ်သော် ငါတို့ ဤအာပတ်များကို အချင်းချင်း ကုစားကုန်အံ့၊ ထိုသို့ အချင်းချင်း ကုစားသည်ရှိသော် ထိုအဓိကရဏ်းသည် ရုန့်ရင်းကြမ်းတမ်းခြင်း ဖြစ်သော်လည်း ဖြစ်ပေလိမ့်မည်ဟု အာပတ်ကို ကုစားခြင်း၌ အပြစ်ကိုမြင်ကြ၍ မစင်ကို မြက်ဖြင့် ဖုံးသကဲ့သို့ ဥဟ်ဖြင့် အာပတ်ကို ဖုံးလွှမ်းထားသော ကံမျိုးဟူ၏။ ထို တိဏ-ဝတ္ထာရက ကံကိုပြုရာ၌ အာပတ်သင့်သော ရဟန်းတိုင်း ပါရာဇိက, သံဃာဒိသေသ်, လူတို့အား ဝန်ခံခြင်းစသော လူတို့နှင့် စပ်သော ဂိဟိ ပဋိသံယုတ္တ အာပတ်တို့ကို ဖယ်ထား၍ အလုံးစုံသော အာပတ်တို့ ထကုန်၏ဟု သိ။

ငြင်းခုံကြသော ရဟန်းတို့အား အဓိကရဏ်းကို ငြိမ်စေခြင်းငှါ မစွမ်းနိုင်က ယေဘုယျသိကာဖြင့် ငြိမ်းရသည်၊ ငြင်းခုံခြင်း များရုံ မဟုတ်ဘဲ ရဟန်းတို့အား မလျော်ကပ်တတ်သော အကျင့်ကို လွန်ကျူးကုန်အံ့၊တိဏဝတ္ထာရကဖြင့် ငြိမ်းရသည်၊ ဤကား-အထူး။

ဆောင်—ကျင်ကြီး ကျင်ငယ်၊ ရွံရှာဘွယ်အား၊ မြက်ဖုံးထားသို့ ရွံရှာကောင်းဘိ၊အာပတ္တိကို၊ ဖုံးသိုဖိထ၊ကံကိုမျှ၊ တိဏဝတ္ထာရကခေါ်။

အဓိကရဏ်းကိုငြိမ်းစေသော သမထများ။ ။ဝိဝါဒါဓိကရဏ်းကို သမ္မုခါ ဝိနယ, ယေဘုယျသိကာ ဟူသော သမထ နှစ်ပါးတို့ဖြင့် ငြိမ်းရသည်။

အနုဝါဒါဓိကရဏ်းကို သမ္မုခါ ဝိနယ, သတိဝိနယ,အမူဠှဝိနယ,တဿပါပိယ-သိကာ ဟူသော သမထလေးပါးတို့ဖြင့် ငြိမ်းရသည်။

အာပတ္တာဓိကရဏ်းကို သမ္မုခါဝိနယ, ပဋိညာတကရဏ, တိဏဝတ္ထာရက ဟူသော သမထသုံးပါးဖြင့် ငြိမ်းရသည်။

ကိစ္စာဓိကရဏ်းကို သမ္မုခါဝိနယ ဟူသော သမထတပါးဖြင့်သာ ငြိမ်းရ ဆည်ဟု သိ။

ဆောင်—မုခါယေဘု၊ဝိနည်းပြု၊ငြိမ်းမှု ဝိဝါဒါ။
မုခါ သတိ၊မူဋ္ဌိပါပိ၊ ငြိမ်းဘိ နုဝါဒါ။
မုခါ ဋီညာဉ်၊တိဏဃဉ်၊ ငြိမ်းစဉ် အာပတ္တာ။
မုခါဖြင့်ချည်း၊ကိစ္စပြီး၊ငြိမ်းနည်း ဤသို့လော။

[အထူး-တတ္ထာဃသမ္မုန္တေ စသော စကားဖြင့် အာပတ်အားလုံးမှ စင်ကြယ်သည့်အဖြစ်ကို မေးရာရောက်၏ဟုသိ။]

အဓိကရဏာ သမထပြီး၏။

မဟာနိုဂုံး

အာယသ္မာန္ဆြေ၊–တို့။ နိဒါန်၊–ကို။ ဥဒ္ဒိဋ္ဌံ ခေါ၊ သရုပ်အားဖြင့် ပြဆို အပ်ပြီးသည်သာတည်း။စတ္တာရော၊–ကုန်သော။ ပါရာဇိကာ၊–ကုန်သော။ ဓမ္မာ၊ အာပတ်တို့ကို။ ဥဒ္ဒိဋ္ဌာ၊ သရုပ်အားဖြင့် ပြဆိုအပ်ကုန်ပြီ။ တေရသ၊ –ကုန်သော။ သံဃာဒိသေသာ၊–ကုန်သော။ ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။ဒွေ၊–ကုန်သော။အနိယတာ၊–ကုန်သော။ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။တိ သ၊–ကုန်သော။ နိဿဂ္ဂိယာ၊–ကုန်သော။ ပါစိတ္တိယာ၊–ကုန်သော။ ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။ ဒွေ နဝုတိ၊–ကုန်သော။ ပါစိတ္တိယာ၊ကုန်သော။ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။ စတ္တာရော၊–ကုန်သော။ ပါဋိဒေသနိယာ၊–ကုန်သော။ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။ သေခိယာ၊ –ကုန်သော။ ဓမ္မာ၊သိက္ခာပုဒ်တို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။ သတ္တ၊–ကုန်သော။ အဓိကရဏ သမထာ၊–ကုန်သော။ ဓမ္မာ၊တရားတို့ကို။ ဥဒ္ဒိဋ္ဌာ၊–ကုန်ပြီ။

မဟာနိုဂုံး

အနုသန္ဓိ။ ။ဤသို့ မင္ဂလကလျာဏဟု ဆိုအပ်သော ပါရာဇိက စသော ဥဒ္ဒေသကို ပြပြီး၍ ယခုအခါ ပရိယောသာနကလျာဏဟု ဆိုအပ်သော နိဂုံးကို ပြခြင်းငှါ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မာန္တေ နိဒါန် စသည်ကိုဟော တော်မူအပ်သတည်း။

ဇောတကံ-အာဂန္ဆတိ။ ။ဤဝါကျဖြင့် ဟောတော်မူအပ်ပြီးသော အလုံးစုံသော သိက္ခာပုဒ်၏ ဘုရားတိုင်း ဟောအပ်သည့် အဖြစ်ကိုငင်း, ရွတ်ပြသောကာလကိုငင်း ပြသည်။

ဤ၌ ဇောတကံကို "တေ ပရိမာဏံ အဿ အတ္ထီတိ ဇောတကံ"ဟု တဒ္ဓိတ်ဝိဂြိုဟ် ပြု၊ ဤဇောတကံဖြင့် နိဂုံး၌ ဟောအပ်သောသိက္ခာပုဒ်တို့ကို ညွှန်ပြခြင်းဖြစ်ရကား သိက္ခာပုဒ်ကို အရကောက်။

တဿ ဘဂဝတော ဖြင့် အလုံးစုံသော ဘုရားရှင်တို့ ဟောအပ်သည့် အဖြစ်ကို ပြသည်။

သုတ္တာဂတံ သုတ္တပရိယာပန္နံ၌ သုတ္တသဒ္ဒါအရ သုဏာတု မေ အာဒိ သမထ အဆုံးရှိသော ပါတိမောက်ကို ယူ။ တနည်း——ဝိနည်း ပိဋကကိုယူ။

အန္ဓမုမာသံ ဥဒ္ဒေသံ အာဂစ္ဆတိဖြင့် ရွတ်ပြသော ကာလကိုပြသည်။

ဧတ္တကံ၊ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည်။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သုတ္တာ ဂတံ၊ ပါတိမောက်၌ လာ၏။ သုတ္တ ပရိယာပန္နံ၊ ပါတိမောက်၌ အကျုံးဝင်၏။ အန္ဓဗုမာသံ၊–တိုင်း။ ဥဒ္ဒေသံ၊–သို့။ အာဂစ္ဆတိ၊ ရောက်၏။ တတ္ထ၊ ထိုပါတိမောက် ပြရာ၌။ ဝါ၊ ထိုသိက္ခာပုဒ် အပေါင်း၌။ သဗ္ဗေဟေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ သမဂ္ဂေဟိ၊ ကိုယ်ဖြင့် ညီညွတ်ကြကုန်သည်။ သမ္မောဒမာနေဟိ၊ စိတ်ဖြင့် ဝမ်းမြောက်ကုန်ကြသည်။ အဝိဝဒမာနေဟိ၊ ငြင်းခုံခြင်း မရှိကြကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ သိက္ခိတဗ္ဗံ၊ ကျင့်အပ် ပြည့်စုံစေအပ်၏။ ဣတိ၊–ဤကား ဘိက္ခုပါတိမောက် အပြီးတည်း။

ပဠမော၊–သော။ ဝိတ္ထာရုဒ္ဒေသော၊–သည်။ နိဋ္ဌိတော၊–ပြီ။

ဘိက္ခုပါတိမောက္ခံ၊–သည်။ နိဋ္ဌိတံ၊–ပြီ။

တတ္ထ–သိက္ခိတဗ္ဗံ။ ။ဤဝါကျဖြင့် ပါတိမောက်ပြရာ၌ အညီအညွတ် ကျင့်အပ် သည့်အဖြစ်ကို ပြသည်။ သဗ္ဗကား–အနဝသေသ သဗ္ဗ-တည်း။ ရဟန်းတိုင်း ကျင့်ရမည် ဟူ၏။ ။သမဂ္ဂေဟိဖြင့် ကာယသာမဂ္ဂိ ပေးသဖြင့် အညီအညွတ် ကပ်ရောက်ခြင်းကို ပြသည်။

သမ္မောဒမာနေဟိဖြင့် စိတ္တသာမဂ္ဂိပေးသဖြင့် ကောင်းကောင်း ဝမ်းမြောက်ခြင်းကို ပြသည်။

အဝိဝဒမာနေဟိဖြင့် ဝိဝါဒဝတ္ထု တဓာယ်ရှစ်ပါးတို့တွင် တပါးပါးဖြင့်လည်း ငြင်းခုံခြင်း မရှိဟု ပြသည်။

သိက္ခိတဗ္ဗံဖြင့် ထိုထို သိက္ခာပုဒ်ကို မလွန်ကျူးဘဲ ကျင့်ရမည်ကို ပြသည်။

ဣတိကား ပြီးဆုံးခြင်း ပရိသမာပန အနက်၌ ဖြစ်၏။ ဘိက္ခုပါတိမောက် ပြီးပြီ ဟူ၏။

ဝိတ္ထာရုဒ္ဒေသော။ ။ဝိတ္ထာရံ ဥဒ္ဒိသီယတိ ဧတ္ထ ဧတေနာတိ ဝါ ဝိတ္ထာရုဒ္ဒေ-သော။ အကျယ်ဖြစ်သော အလုံးစုံသော ပါတိမောက်ကို သရုပ်အားဖြင့် ပြဆိုရာ ပြဆိုကြောင်းဖြစ်သော စကားရပ်ကို အရကောက်၊ ပါတိမောက်အကျယ်ကို ဝိတ္ထာရုဒ္ဒေသခေါ်သည် ဟူ၏။

ဘိက္ခုပါတိမောက်ပြီး၏။

ဘိက္ခုနိပါတိမောက္ခံ

၂-ပါရာဇိကဏ္ဍေသ

တတြ၊ ထိုပါတိမောက်၌။ ပရိယာပန္နော၊–ကုန်သော။ [ထည့်]။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပါရာဇိကာ၊–ကုန်သော။ ဤမေ ဓမ္မာ၊ ဤအာပတ်တို့သည်။ ဥဒ္ဒေသံ၊–သို့။ အာဂစ္ဆန္တိ၊–ကုန်၏။

၁-ပထမပါရာဇိက

၁။ ယာ ပန ဘိက္ခုနီ၊အကြင်သို့သဘောရှိသော ဘိက္ခုနီမသည်။ ဆန္ဒသော၊ (မေထုနရာဂနှင့် စပ်ယှဉ်သော) အလိုဆန္ဒဖြင့်။ အန္တမသော၊–အားဖြင့်။ တိရစ္ဆာနဂတေနပိ၊ တိရစ္ဆာန်ထီးနှင့်လည်း။ (သဒ္ဒိ၊–ကွ။) မေထုနံ ဓမ္မံ၊–ကို။ ပဋိသေဝေယျ၊–အံ့။ သာ ဘိက္ခုနီ၊–သည်။ပါရာဇိကာ၊ ရှုံးခြင်းသို့ ရောက်စေအပ်သည်။ ပါ၊ ပါရာဇိကကျသည်သာလျှင်။ အသံဝါသာ၊ (ဘိက္ခုနီမ ကောင်းတို့နှင့်ကကွ) ပေါင်းဖော်ခြင်း မရှိသည်။ ဟောတိ၊–၏။

အမှာစကား။ ။ဤဘိက္ခုနီပါတိမောက်၌ "သုဏာတု မေ" စသော ပုဒ်တို့၏ အနက်ကို ဘိက္ခုပါတိမောက်အဖွင့်၌ ဆိုအပ်ပြီးသောနည်းအတိုင်း သိ။....အထူးကား–ဘိက္ခုပါတိမောက်၌ ဘန္တေ, ဘိက္ခုနီပါတိမောက်၌ အယျေ စသော သဒ္ဒါမျှနှင့်, သင်္ဃဝ သင်္ဃာဝ စသော လိင်မျှလဲလှယ်ခြင်းသာ ထူး၏။ သဒ္ဒတ္ထ အဓိပ္ပါယတ္ထတို့ကား မထူးကြ အားလုံး တူပြီ။ ဘိက္ခုပါတိမောက်နှင့် အားလုံးတူသော သာဓာရဏသိက္ခာပုဒ်များ၏ အနက် အဓိပ္ပါယ်တို့ကိုလည်း ဤကျမ်း၌ မရေးသားတော့ပြီ။

၁-ပထမပါရာဇိက

ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့ကဲ့သို့ "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့် ဆို၍ သိက္ခာချခြင်းမည်သည် မရှိ၊ လူဝတ်လဲရုံမျှနှင့်ပင် ပါရာဇိကကျသော ကြောင့် ဘိက္ခုနီမတို့အား "သိက္ခာ သာဇီဝ သမာပန္နာ ကတ္ဘာ" ဟု မဟော

၅-ဥပ္ပဇ္ဈာဏုမဏ္ဍလိက

၅။ ယာ ပန ဘိက္ခုနီ၊-သည်။ အဝဿုတာ၊ကာသံသဂ္ဂရာဂဖြင့် စုတ်စို သည်ဖြစ်၍။ အဝဿုတဿာ၊-သော။ ပုရိသ ပုဂ္ဂလဿ၊ လူယောကျ်ား ပုဂ္ဂိုလ်၏။ အဓက္ခကံ၊ (မိမိ၏) ညှပ်ရိုးတို့၏အောက်ကို။ ဥပ္ပဇ္ဈာဏုမဏ္ဍလံ၊ ပုဆစ်ဒူးဝန်းတို့၏ အထက်ကို။ အာမသနံဝါ၊ (မရွှေဘဲ) ဆုတ်ကိုင်သုံးသပ် ခြင်းကိုဂင်း။ ပဏုမသနံဝါ၊ (ထိုမှဤမှ) ရွှေရှားဖြစ်ဆုပ်ကိုင် သုံးသပ်ခြင်း ကိုဂင်း။ ဂဟဏံဝါ၊ ကိုင်ခြင်းမျှကိုဂင်း။ ဆုပနံဝါ၊ တို့ခြင်းကိုဂင်း။ ပဋိပီဠနံဝါ၊ (အင်္ဂါကြီးငယ်တို့ကို) နှိပ်ကိုင်ခြင်းကိုဂင်း။ သာဒိယေယျ၊ သာယာ ငြားအံ့။ အယံပိ ဘိက္ခုနီ၊-သည်လည်း။ ဥပ္ပဇ္ဈာဏုမဏ္ဍလိကာ၊ ဥပ္ပဇ္ဈာဏု မဏ္ဍလိက အမည်ရှိသော။ ပါရာဇိကာ၊-သည်။ အသံဝါသာ၊-သည်။ ဟောတိ၊-၏။

မူ၍"ယာ ပန ဘိက္ခုနီ ဆန္နသော မေထုနံ ဓမ္မံ ပဋိသေဝေယျ"ဟု ဟောတော် မူသည်။....ဤပါဋိုရပ်၌ ဆန္နသော-အရ မေထုန်မှီဝဲလိုသော ရာဂနှင့်စပ်ယှဉ်သော ချစ်ခြင်းဆန္ဒနှင့် ကြိုက်ခြင်းပိတိဟူသော ရုစိနှစ်ပါးကို ယူ။....ဂျူကား-တတ္ထ ဆန္ဒသောတိ မေထုနရာဂပဋိသံယုတ္တောန ဆန္ဒေန စေဝ ရုစိယာ စ-ဟူသော ကခ်ါကို ထောက်သည်။ လိုရင်းကား-မေထုန်မှီဝဲလိုသော ရာဂစိတ်ပင်တည်း။ ထို့ကြောင့် မှီဝဲလိုသော ရာဂစိတ် မရှိဘဲ အနိုင်အထက် ဗလကြာယပြု၍ မှီဝဲခံရ သော ဘိက္ခုနီမအား အာပတ်မသင့်နိုင်။ အကြွင်းကို ဘိက္ခုပထမပါရာဇိက အတိုင်း သိ။

၅-ဥပ္ပဇ္ဈာဏုမဏ္ဍလိက

ကာယသံသဂ္ဂရာဂ ဟူသည်။ ။ကိုယ်အင်္ဂါ အချင်းချင်း သုံးသပ် ကိုင်တွယ် ဆုပ်နယ် တို့ထိလိုခြင်း ရာဂမျှားကို ခေါ်သည်။ ပုရိသပုဂ္ဂလ ဟူသည် ကိုယ်အင်္ဂါ အချင်းချင်း သုံးသပ် ကိုင်တွယ်ခြင်းစသည်သို့ ရောက်ခြင်းကို သိသော လူယောကျ်ားမျိုးကို ဆိုသည်။

ဥပ္ပဇ္ဈာဏုမဏ္ဍလိကာ။ ။ဥပ္ပဇ္ဈသဒ္ဒါ အထက်ဟူသော အနက်ကို ဟောသော နိပါတ်ပုဒ်၊ ဇာဏုသဒ္ဒါ ပုဆစ်ဒူးကို ဟောသောပုဒ်၊ မဏ္ဍလသဒ္ဒါ အဝန်းကို ဟောသောပုဒ်။ဇာဏုမဏ္ဍလဿ ဥပ္ပံ ဥပ္ပဇ္ဈာဏုမဏ္ဍလံ။ ပုဆစ်ဒူးဝန်း နှစ်ဘက်၏ အထက်ပိုင်းကိုယ်ကို ရစေ။ ဥပ္ပဇ္ဈာဏုမဏ္ဍလေ သာဒိ-ယတီတိ ဥပ္ပဇ္ဈာဏု မဏ္ဍလိကာ။ သာဒိယတီတဒ္ဓိတ်။ ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အထက်ပိုင်းကိုယ်၌ သုံးသပ်ခြင်းစသည်ကို သာယာတတ်သော ဘိက္ခုနီမကို

ရစေ။ ဤ ဥပ္ပဇ္ဈာဏုမဏ္ဍလဖြင့် တတောင်ဆစ်၏ အထက် လက်မောင်းကိုလည်း ယူရမည်ဟု သိ။ [အာမသနံ ဝါ စသော ငါးပုဒ်တို့၏ အဓိပ္ပါယ်ကား အနက် အတိုင်း သိလောက်စရာ ရှိပြီ]။

သာဒိယေယျ။ ။သာယာ၏ ဟူသည် ပိုင်းခြားအပ်ပြီး တိုင်းသော ဘိက္ခုနီမ၏ ကိုယ်၌ လူယောကျ်ား၏ သုံးသပ်ခြင်း စသည်ကို သာယာခြင်း, ဘိက္ခုနီမက ထိုပိုင်းခြားအပ်တိုင်းသော ကိုယ်ဖြင့် ယောကျ်း၏ အမှတ်မရှိ တစုံတခုသော ကိုယ်ကို သုံးသပ်တို့ထိခြင်း စသည်ကို သာယာခြင်းကို ဆိုသည်။ ဤဆိုအပ်ပြီးသောအတိုင်း သာယာသော ဘိက္ခုနီမသည် ဥပ္ပဇ္ဈာဏုမဏ္ဍလိက မည်သော ပါရာဇိကသို့ ရောက်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ သုန္ဒရီနန္ဒာ၊ ကာယသံသဂ္ဂသို့ ရောက်သော ဝတ္ထု၊ ဘိက္ခုနီမကသာ ကိလေသာဖြင့် စုတ်၍ မိမိ၏ ပိုင်းခြားတိုင်းသော ကိုယ်ဖြင့် ယောကျ်း၏ ကိုယ်ကိုသုံးသပ်အံ့ ထုလွှစ္စည်း၊ နှစ်ယောက်စလုံး ကိလေသာဖြင့် စုတ်သော်လည်း မိမိ၏ ပိုင်းခြား တိုင်းသောကိုယ်ဖြင့် ယောကျ်း၏ ကာယပဋိဗဒ္ဓကို သုံးသပ်အံ့၊ ပိုင်းခြား တိုင်းသောကိုယ်၌ တည်သော ကာယပဋိဗဒ္ဓဖြင့်ရင်း, ကြွင်းသော ကာယဖြင့်ရင်း ယောကျ်း၏ကိုယ်ကို သုံးသပ်အံ့၊ ထုလွှစ္စည်းပင်။ နှစ်ယောက်စလုံး ကာယသံသဂ္ဂရာဂဖြင့် စုတ်သော်လည်း ဘီလူး, ပြိတ္တာ, ပဏ္ဍုက်, လူယောင်ဆောင်နိုင်သော တိရစ္ဆာန်တို့၏ ကိုယ်ကို မိမိ၏ ပိုင်းခြား တိုင်းသောကိုယ်ဖြင့် သုံးသပ်အံ့၊ ယောကျ်းက ကာယသံသဂ္ဂရာဂ မရှိအံ့၊ ပါရာဇိကခေတ် ဖြစ်သော်လည်း ထုလွှစ္စည်းသာ။ ပါရာဇိကခေတ်မှ ကြွင်းသော ကာယစသည်၌ တည်သော မိမိ၏ ကာယပဋိဗဒ္ဓဖြင့် ယောကျ်း၏ ကာယပဋိဗဒ္ဓ စသည်တို့ကို မေထုနရာဂ ဂေဟသိတပေမရှိ၍ သုံးသပ်ရာ၌လည်း ဒုက္ကဋ်သာ။ အသဉ္ဆိစ္စ, အသတိ, အဇာနန္တီ, အသာဒယန္တီ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ အင်္ဂါ သမုဋ္ဌာန်စသည်ကို ဘိက္ခုပါတိမောက် ကာယသံသဂ္ဂ သိက္ခာပုဒ်အတိုင်း သိ။

ဥပ္ပဇ္ဈာဏုမဏ္ဍလိကသိက္ခာပုဒ် ပြီး၏။

၆-ဝဇ္ဇပဋိစ္ဆာဒိက

၆။ ယာ ပန ဘိက္ခုနီ၊–သည်။ ဇာနံ၊ သိလျက်။ ပါရာဇိက် ဓမ္မံ၊ ပါရာဇိကအာပတ်သို့။ အဇ္ဈာပန္နံ၊ ရောက်ပြီးသော။ ဘိက္ခုနိ ံ၊–ကို။ အတ္ထာနာ၊ မိမိကိုယ်တိုင်။ ဇနဝ ပဋိစောဒေယျ၊ မစောဒနာ ငြားအံ့။ ဂဏာသဝါ၊(တပါး သော) ဘိက္ခုနီမ အပေါင်းအား လည်း။ နအာရောစေယျ၊ မပြောကြား ငြားအံ့။ စ၊ ဆက်:...။ ယဒါ၊ အကြင်အခါ၌။ သာ၊ ထိုပါရာဇိကကျပြီး သော ဘိက္ခုနီမသည်။ ဒိဋ္ဌာဝါ၊(မိမိအသွင်၌) တည်နေသည်ရင်း။ စုတာ ဝါ၊ သေသည်ရင်း။ နာသိတာဝါ၊ (အသွင်ကို) ဖျက်ဆီးအပ်သည်ရင်း။ အဝဿဋ္ဌာဝါ၊ တိတ္ထိကျောင်းသို့ ပြောင်းသွားသည်ရင်း။ အဿ၊ ဖြစ်ရာ၏။ (တဒါ၊ ထိုအခါ၌။) သာ၊ ထိုသိသော ဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ ဧဝံ၊–သို့။ ဝဒေယျ၊–၏။ ကိ ံဝဒေယျ၊–နည်း။ အယ္ယေ၊ ရှင်မတို့။ အဟံ၊ ငါသည်။ ပုဗ္ဗေဝ၊ ရှေးမဆုက သာလျှင်။ ဧတံ ဘိက္ခုနိ ံ၊–ကို။ သာ ဘဂိနီ၊ ထိုညီမသည်။ ဧဝရူပါစ ဧဝရူပါစ၊ ဤသို့ သဘောလည်းရှိ၏။ ဤသို့ သဘော လည်းရှိ၏။ ဣတိ၊–သို့။ အညာသိ ံ၊ သိခဲ့ပြီ။ ခေါ၊ ထိုသို့ပင် သိသော်လည်း။ အတ္ထာနာ၊–တိုင်။ နော စ ပဋိစောဒေဿံ၊မစောဒနာမိပေ။ဂဏာသ၊–အား။ ဘိက္ခုနီ၊ –ရောစေဿံ၊ မပြောမိပေ။ ဣတိ၊–သို့။ ဝဒေယျ၊–အံ့။ အယံပိ န အာသည်လည်း။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝဇ္ဇပဋိစ္ဆာဒိက အမည်ရှိသော။ ပါရာဇိကာ၊–သည်။ အသံဝါသာ၊–သည်။ ဟောတိ၊–၏။

၆-ဝဇ္ဇပဋိစ္ဆာဒိက

ဂဏ-အရ။ ။တပါးသော ဘိက္ခုနီမတို့ကို ဆိုသည်။

နာသိတာ။ ။ဖျက်ဆီးအပ်၏ ဟူသည် အသွင်ကို ဖျက်ဆီးခြင်းဖြင့် ကိုယ်တိုင် ဖျက်ဆီးသော ဘိက္ခုနီမ, သူတပါးတို့က ဖျက်ဆီးအပ်သော ဘိက္ခုနီမကို ဆိုသည်။

ပုဗ္ဗေဝါဟံ–အာရောစေဿ။ ။ဤဝါကျကား နောက်၌ပြောဆိုပုံ အခြင်းအရာ အာကာရကိုပြသော ဝါကျတည်း။ ဘိက္ခုနီမ တယောက်၏ ပါရာဇိကအာပတ်ကို ဘိက္ခုနီမ တယောက် က ဖုံးတား၏။ ဖုံးထား ပြီးနောက်မှ ရှင်မတို့ သည်ဘိက္ခုနီမ သည်လိုဖြစ်နေတယ် ဆိုတာ ရှေးတုန်း ကတည်းက သိပါရဲ့, သို့ပေမဲ့လို့ ကိုယ်တိုင်လည်း မစောဒနာခဲ့ပါ။ တပါးသော ဂဟန်းမိန်းမတို့အား လည်း မပြောပြခဲ့ပါဟု မိမိဖုံးထားခြင်းကို ဝန်ခံစကား

၃-ဥက္ခိတ္တာနုဝတ္တိက

၃။ ယာ ပန ဘိက္ခုနီ၊–သည်။ သမဂ္ဂေန၊–သော။ သံဃေန၊–သည်။ ဓမ္မေန၊ ဟုတ်မှန်သော ဝတ္ထု၌ဖြင့်။ ဝိနယေန၊ စောဒနာ သာရဏာဝိနည်း ဖြင့်။ သတ္ထုသာသနေန၊ မြတ်စွာဘုရား၏ အာဏာတော် တည်းဟူသော ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့်။ ဥက္ခိတ္တာ၊ နှင်ထုတ်အပ်သော။ အနာဒရံ၊ ရှိသေခြင်း ကင်းသော။ အပ္ပဋိကာရံ၊ (ကုစားခြင်း ကင်း၍) မသွင်းအပ်သေးသော။ အကတ သဟာယံ၊ မပြုအပ်သော ပေါင်းဖော်ခြင်းရှိသော။ ဘိက္ခုံ၊–ကို။ (ပဿတီ၊မြင်၏)။ တံ ဘိက္ခုံ၊–သို့။ အနုဝတ္တေယျ။ (ထိုအယူကို ယူသဖြင့်) အတုလိုက်ငြားအံ့။ သာ ဘိက္ခုနီ၊–ကို။ ဝါ၊–သည်။ ဘိက္ခု

ပြောကြားပုံ ဟူ၏။ ပါရာဇိကကား မည်သူကိုမျှ မပြောကြားတော့အံ့ ဟု ဝန်ချဆဲခဏ၌ပင် ကျခဲ့ပြီဟု သိ။

ဝဇ္ဇပဋိစ္ဆာဒိကာ။ ။ဝဇ္ဇံ ပဋိစ္ဆာဒေတီတိ ဝဇ္ဇပဋိစ္ဆာဒိကာ။ တပါးသော ဘိက္ခုနီမ၏ ပါရာဇိက အပြစ်ကို ဖုံးလွှမ်းထားတတ်သော ဘိက္ခုနီမကို ရစေ။[ဝန်ချဆဲခဏ၌ဟု ဆိုခြင်းကြောင့် ပညတ်တော်ကို မသိသော ဘိက္ခုနီမအားလည်း ထိုဘိက္ခုနီမ၏ အပြစ်ကို မပြောတော့အံ့ ဟူသော ဆန္ဒဖြင့် ဝန်ချသော ခဏ၌ ဝဇ္ဇပဋိစ္ဆာဒိက ပါရာဇိက ကျသည်ဟု ယူ]။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ကိုယ်တိုင် မစောဒနာခြင်း, သူတပါး အား မပြောကြားခြင်းဝတ္ထု။ အကြွင်း သပ္ပါဏကဝဂ်ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒန သိက္ခာပုဒ်အတိုင်း သိ။ ထိုသိက္ခာပုဒ်၌ ပါစိတ်, ဤသိက္ခာပုဒ်၌ ပါရာဇိကသာ ထူး၏။

ဝဇ္ဇာပဋိစ္ဆာဒိက သိက္ခာပုဒ် ပြီး၏။

---

၀ ၀

၃-ဥက္ခိတ္တာနုဝတ္တိက

ဥက္ခိတ္တံ။ ။နှင်ထုတ်အပ်သော ရဟန်းဟူသည် ဥက္ခိတ္တကရဟန်း သုံးမျိုးကို ဆိုသည်။ အာပတ်ကို မရှုခြင်း, မကုစားခြင်း, မိစ္ဆာအယူကို မစွန့်ခြင်းတို့ကြောင့် သံဃာက ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားသော ရဟန်း သုံးမျိုးကို "ဥက္ခိတ္တ" ခေါ်သည်ဟူ၏။

ဓမ္မေန။ ။နှင်ထုတ်ထိုက်သော အာပတ်ရှိခြင်းစသော အကြောင်းဝတ္ထုက ဟုတ်မှန်သည်ကို "ဓမ္မ" ခေါ်သည်။

နိဟိ၊–တို့သည်။ ဧဝံ၊–သို့။ဝါ၊–ကို။ဝါ၊–ဖြင့်။ဝစနီယာ၊–သည်။အာဿ၊–၏။ကိ˙အာဿ၊–နည်း။ အဓေယျ၊ ရှင်မ။ ခေါ၊စင်စစ်။ ဧသော ဘိက္ခု၊–ကို။ သမဂ္ဂေန၊–သော။သံဃေန၊–သည်။ဓမ္မေန၊–ဖြင့်။ဝိနယေန၊–ဖြင့်။သတ္ထု သာသနေန၊–ဖြင့်။ ဥက္ခိတ္တော၊–၏။ အနာဒရော၊ ဝတ်ကို ရှိသေခြင်းကင်း၏။ အပ္ပဋိကာရော၊ မသွင်းအပ်သေး။ အကတ သဟာယော၊ မပြုအပ်သော ပေါင်းဖော်ခြင်း ရှိ၏။ အယျ၊–မ။ ဧတံ ဘိက္ခုံ၊–သို့။ မာ အနုဝတ္တိ၊ အတု မလိုက်ပါလင့်။ ဣတိ၊–သို့။ ဝစနီယာ၊–သည်။ အာဿ၊–၏။ ဝေဠု၊ ဤဆိုအပ်ပြီးသော စကားဖြင့်သာလျှင်။ ဘိက္ခုနီဟိ၊ –တို့သည်။ ဝုစ္စမာနာ၊–သော။ သာ ဘိက္ခုနီ၊–သည်။ တထေဝ၊ ထိုရှေး

ဝိနယေန။ ။အကြောင်းဝတ္ထုက ဟုတ်မှန်နေလျှင် အပြစ်တင်ခြင်း စောဒနာမှု ပြုရမည်။ အပြစ်ကို သတိရစေခြင်း သာရဏာမှု ပြုရမည်။ ဤ စောဒနာခြင်း သာရဏာခြင်း အမှုနှစ်ခုကို "ဝိနယ" ခေါ်သည်။

သတ္ထုသာသနေန။ ။စောဒနာ သာရဏာမှု ပြုပြီးမှ ဆုံးမသော မြတ်စွာဘုရား၏ အဆုံးအမတော် တည်းဟူသော ဥတ်ကမ္မဝါစာကို "သတ္ထုသာသန" ခေါ်သည်။ ဤဓမ္မ ဝိနယ သတ္ထုသာသနတို့ဖြင့် နှင်ထုတ်အပ်သူသာ ဥက္ခိတ္တကအစစ်ဟု မှတ်။

အနာဒရံ။ ။ဤဌ် အ-ကား ကင်းခြင်း ဝိရဟအနက်ဟော၊ အာဒရ-ကား ရှိသေခြင်း အနက်ဟော၊ ဥက္ခိတ္တကရဟန်းသည် ဥက္ခေပနီယကံ ပြုသော သံဃာကိုဖြစ်စေ, နှစ်ပါး သုံးပါးသော ဂိဏ်းကိုဖြစ်စေ, ပုဂ္ဂိုလ်တပါးကို ဖြစ်စေ, ပြုအပ်သော ဥက္ခေပနီယကံကိုဖြစ်စေ ရှိသေခြင်းကင်းသော ထိုကံမှ လွတ်အောင် ကောင်းစွာမကျင့်သော ရဟန်းဟူ၏။

အပ္ပဋိကာရံ။ ။ပဋိကာရ–ကား ကုစားခြင်း အနက်ဟော၊ ကုစားခြင်းဟူသည် သံဃာစသည်ကို ရှိသေ၍ ကောင်းစွာကျင့်သည့် အတွက် သံဃာတွင်းသို့ပြန်၍ ဥတ်ကမ္မဝါစာဖြင့် သွင်းခြင်းကို ဆိုသည်။ထိုကဲ့သို့ မသွင်းရသေးသော သူကို "အပ္ပဋိကာရ" ခေါ်သည်ဟု သိ။

အကတသဟာယံ။ ။သံဃာတွင်းသို့ မသွင်းရသေး၍ ဥပုသ်စသော ကံတို့၌ ထိုဥက္ခိတ္တက ရဟန်းနှင့် အတူမပြုရသေးသောရဟန်းကို "အကတသဟာယ" ခေါ်သည်၊ တူသော ပေါင်းဖော်ခြင်း မရှိသေး, အဖက် မလုပ်ရသေးသော ရဟန်းဟူ၏။

အတူသာလျှင်။ပဂ္ဂဏှေယျ၊ ချီးမြှောက်ငြားအံ့။ သာ ဘိက္ခုနီ၊=ကို။ဘိက္ခု-နီဟီ၊–တို့သည်။ တဿ၊ ထိုအတုလိုက်ခြင်းကို။ ပဋိနိဿဂ္ဂါယ၊ စွန့်စေခြင်းငှါ။ ယာဝ တတိယံ၊ သုံးကြိမ်တိုင်တိုင်။ သမနုဘာသိတဗ္ဗာ၊ (ဥတ်ကမ္မဝါစာတို့ဖြင့်)ကောင်းစွာ အဖန်တလဲလဲ ဆုံးမအပ်၏။ ယာဝတတိယံ၊ –တိုင်။ သမနုဘာသိယမာနာ၊–သော်။ တံ၊ ထိုအတုလိုက်ခြင်းကို။ စေ ပဋိနိဿဇ္ဇေယျ၊–အံ့။ဣစ္စေတံ၊–သည်။.... [တနည်း-ဣတိ၊ ဤသို့ သုံးကြိမ်တိုင်တိုင်ဆိုခြင်းဖြင့်။စေတံ၊ ဤစွန့်ခြင်းသည်။]ကုသလံ၊ အပြစ်မရှိ ကောင်း၏။နော စေ ပဋိနိဿဇ္ဇေယျ၊–အံ့။အယံပိ ဘိက္ခုနီ၊–သည်လည်း။ဥက္ခိတ္တာ-နုဝတ္တိကာ၊ ဥက္ခိတ္တာနုဝတ္တိက အမည်ရှိသော။ ပါရာဇိကာ၊–သည်။ အသံ-ဝါသာ၊–သည်။ ဟောတိ၊–၏။

တမနုဝတ္တေယျ။ ။ထိုဥက္ခိတ္တကရဟန်း၏ အယူဝါဒကို သဘောကျ၍ ထိုရဟန်း၏ အယူသို့ အစဉ်လိုက်ယူနေသော ဘိက္ခုနီမကို “တမနု-ဝတ္တေယျ”ဟု ဆိုသည်။ထိုဥက္ခိတ္တာနုဝတ္တိက ဘိက္ခုနီမကို မြင်သော ကြားသော ဘိက္ခုနီမတို့က သံဃဘေဒသိက္ခာပုဒ် စသည်တို့၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ထိုအယူကိုစွန့်ရန် သီးခြားတပါးတည်းဖြစ်စေ, သံဃာ့အလယ်၌ဖြစ်စေ ခေါ်ဆုံးမ ရမည်၊ ထိုဝတ္ထုကိုမစွန့်သော် ဥတ် ကမ္မဝါစာဖြင့် ဆုံးမရဦးမည်၊ မစွန့်မူ၍ ကမ္မဝါစာဆုံးသော်(သော ဘာသေယျ၌ ယျ-အက္ခရာသို့ ရောက်သော်)ဥက္ခိတ္တာ နုဝတ္တိက ပါရာဇိကကျ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဥက္ခိတ္တကရဟန်းသို့ အတုလိုက်သော ဝတ္ထု၊ ဥတ်အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ် အဆုံး၌ ထုလ္လစ္စည်း၊ တတိယ ကမ္မဝါစာအဆုံး ယျ-အက္ခရာသို့ ရောက်က ပါရာဇိက၊ အဓမ္မကံ၌ တိကဒုက္ကဋ်၊အကြွင်းသံဃဘေဒ သိက္ခာပုဒ်စသည်နှင့် တူပြီ။

ဥက္ခိတ္တာနုဝတ္တိကသိက္ခာပုဒ် ပြီး၏။

၈-အဒ္ဒဝတ္ထုက

၈။ယာ ပန ဘိက္ခုနီ၊ – သည်။ အဝဿုတာ၊ – ၍။ အဝဿုတာသ၊ - သော်။ ပုရိသပုဂ္ဂလဿ၊ – ၏။။ ဟတ္ထဂ္ဂဟဏံဝါ၊ လက်ကို ကိုင်ခြင်းကိုလည်း။ သာဒိယေယျ၊ သာယဘြားအံ့။ သံဃာဋိ ကဏ္ဏဂ္ဂဟဏံဝါ၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုလည်း။ သာဒိယေယျ၊ – အံ့။ တေသ အသဒ္ဓမ္မဿ၊ ဤ (ကာယသံသဂ္ဂတည်းဟူသော) မသူတော်တို့၏အကျင့်ကို။ ပဋိသေဝနတ္ထာယ၊ မှီဝဲစေခြင်းအကျိုးငှါ။ သန္ဓိဋ္ဌေယျဝါ၊ (ဟတ္ထပါသ်၌) လည်း ရပ်ဘြားအံ့။ သလ္လပေယျဝါ၊ (ဟတ္ထပါသ်၌ ရပ်၍) စကားလည်း ပြောဘြားအံ့။ သင်္ကေတံဝါ၊ ချိန်းချက်ရာအရပ်သို့လည်း။ ဂစ္ဆေယျ၊ သွားဘြားအံ့။ ပုရိသဿဝါ၊ – ၏ လည်း။ အဇ္ဈာဂမနံ၊ လာခြင်းကို။ သာဒိယေယျ၊ – အံ့။ ဆန္နံဝါ၊ ဖုံးကွယ်

၈-အဒ္ဒဝတ္ထုက

အဝဿုတာ၊။ ။လူ့အလျောက် သာယာသော မိတ်ဖွဲ့သည့်အစွမ်းဖြင့် ဖြစ်သော ကာယသံသဂ္ဂရာဂဖြင့် စုတ်သော ဘိက္ခုနီမကို "အဝဿုတာ" ဟုဆိုသည်။ ကာယသံသဂ္ဂရာဂရှိသော ဘိက္ခုနီမဟူ၏။ အဝဿုတာသလည်း နည်းတူပြီ။ ယောကျ်ားသာ ထူး၏။

ပုရိသ-ဟတ္ထဂ္ဂဟဏံ။ ။ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်က ဘိက္ခုနီမ၏ လက်ကို ကိုင်ခြင်းကိုဆိုသည်။ ဤ၌ ဟတ္ထာအရ တတောဝံင်ဆစ်မှစ၍ လက်ဖျားအထိယူ၊ လက်ကို ဥပလက္ခဏာနည်းအားဖြင့် မှတ်၍ ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဥဇ္ဇာဏုမဏ္ဍလိက ပါရာဇိကခေတ်မဟုတ်သော ပုဆစ်ဒူးဝန်းနှစ်ဖက်အောက် ခြေဖျားတိုင်အောင်နှင့် ညှပ်ရိုးနှစ်ဖက်အထက် လည်ပင်းမျက်နှာ ဦးခေါင်းများကိုပါ ယူရမည်ဟု သိ။

သံဃာဋိကဏ္ဏဂ္ဂဟဏံ။ ။ဤ၌လည်း ဥပလက္ခဏာ နည်းသာတည်း။ ထို့ကြောင့် သင်္ကန်း အနားစွန်းကိုသာ ကိုင်ခြင်းမဟုတ်, ခါးဝတ်ဇကဋိသင်္ကန်း၏ ထိုထိုနေရာကို ကိုင်ခြင်းကိုလည်း ယူရမည်ဟု သိ။

သန္ဓိဋ္ဌေယျာဒိ။ ။ကာယသံသဂ္ဂဟုဆိုအပ်သော မသူတော်တရား ပြုချင်လာအောင် ယောကျ်ား၏ အနီး၌ (ဟတ္ထပါသ်၌) ရပ်နေခြင်းစသည်ကို သန္ဓိဋ္ဌေယျ စသည် ဆို၏ဟု သိ။

မှတ်ချက်။ ။ဟတ္ထဂ္ဂဟဏ စသော ရှစ်ပါးသောဝတ္ထုတို့ အစဉ်အတိုင်း ဖြစ်စေ အစဉ်ချွတ်၍ဖြစ်စေ ဘယ်လိုနည်းနှင့် ပြည့်ပြည့် ဝတ္ထုရှစ်ပါးပြည့်သော် အဒ္ဒဝတ္ထုက ပါရာဇိကကျ၏ဟုမှတ်။

ရာအရပ်သို့လည်း။ အနု ပဝိသေယျ၊ ဝင်ငြားအံ့။ ကာယံဝါ၊-လည်း။ တဒတ္ထာယ၊ ထိုကာယသံသဂ္ဂ အကျိုးငှါ။ ဥပသံဟရေယျ၊(ယောကျ်ား၏) အနီးသို့ဆောင်ငြားအံ့။ အယံပိ ဘိက္ခုနီ၊-သည်လည်း။ အဋ္ဌဝတ္ထုကာ၊အဋ္ဌဝတ္ထုက အမည်ရှိသော။ ပါရာဇိကာ၊-သည်။ အသံဝါသာ၊-သည်။ ဟောတိ၊-၏။

(ဥဒ္ဒိဋ္ဌာခေါ စသည်ကို ဘိက္ခုပါတိမောက်ကို နည်းမှီး၍ပေး။)

ဒုတိယော၊-သော။ ပါရာဇိကုဒ္ဒေသော၊-သည်။ နိဋ္ဌိတော၊-ပြီ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဝတ္ထုရှစ်ခုပြည့်သော ဝတ္ထု၊ ချိန်းချက်ရာသို့ သွားရာ၌ ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ဟတ္ထပါသ်သို့ ရောက်ခါမျှ၌ တုလ္လစ္စည်း, မိမိထံသို့ ရှေးရှုလာခြင်းကို သာယာခြင်း၌ ဒုက္ကဋ်, ဟတ္ထပါသ်သို့ ရောက်သော် ထုလ္လစ္စည်း, ကြင်းသော ဝတ္ထုတို့တွင် တခုခုသော ဝတ္ထု၌ ထုလ္လစည်း၊ ဝတ္ထုရှစ်ခုပြည့်သော် ပါရာဇိက၊ ဝတ္ထု တခုခုကို အကြိမ်တရာပင် လွန်ကျူးသော်လည်း အာပတ်ကို ဒေသနာကြားက လွတ်မြောက်နိုင်၏။ စေတနာမရှိ, သတိမရှိ, မသိ, မသာယာသော ဘိက္ခုနီမ, ဥမ္မတ္တိကာ ဘိက္ခုနီမ စသည်တို့အား အနာပတ္တိ။ ကာယသံသဂ္ဂရာဂရှိခြင်း, အားထုတ်ခြင်းဌိခြင်း, ဝတ္ထုရှစ်ခုပြည့်ခြင်း အင်္ဂါသုံးပါး၊ သမုဋ္ဌာန်စသည် သမနုဘာသနသမုဋ္ဌာန်၊ ကိရိယာ ကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ အကုသလစိတ္တ၊ ဒွိဝေဒနာတို့တည်း။ [အကြင်း ဘိက္ခုပါတိမောက် အတိုင်းသိ။]

ဆောင်——ကာယသံသဂ္ဂ၊ ရာဂရှိခြင်း၊ အားထုတ်ခြင်းဟု၊ ရှစ်ဝတ္ထုပြည့်က၊ အင်သုံးဝ၊ အဋ္ဌဝတ္ထုကာ။

ဒေသနာကြားခြင်း အရေအတွက်-မရောက် ဤ၌ ဒေသနာ ကြားခြင်း အရေအတွက်သို့ ရောက်သော ဂဏန္ထပိကာအာပတ်, ဒေသနာပင် ကြားသော်လည်း ကြားခြင်း အရေအတွက်သို့ မရောက်သော အဂဏ်န္ထပိကာ အာပတ်ဟု နှစ်မျိုးရှိ၏။

ထိုတွင် နောက်နောင်အခါ ဤအမှုမျိုး မလွန်ကျူးမိအောင် စောင့်စည်းပါတော့မည် ဟူသော အာယတိ သံဝရစိတ်ဖြင့် ဓုရနိက္ခေပပြု၍ ဒေသနာကြားပါမှ ဒေသနာကြားရာရောက်သည်။ အာပတ်မှ စင်ကြယ်သည်။ ထိုကဲ့သို့ အာယတိ သံဝရစိတ်မျိုးဖြင့် ဒေသနာကြားပြီးဖြစ်၍ ထိုအာပတ်အတွက် သန့်ရှင်းစင်ကြယ်ပြီးဖြစ်ရကား အခြားဝတ္ထု ခုနစ်မျိုးကို နောက်ထပ် လွန်ကျူးသော်လည်း အဋ္ဌ

ဝတ္ထုက မဖြစ်နိုင်။

ဒေသနာ ကြားသောအခါ အာယတိ သံဝရ စိတ်မျိုးမရှိ ဓုရနိက္ခေပ မပြုဘဲ ဒေသနာကြားက ဒေသနာကြားရုံ မရောက်၊ အာပတ်မှ မစင်ကြယ်၊ နောက်ထပ် အခြား ခုနစ်မျိုးစုံအောင် လွန်ကျူးမိလျှင် အဋ္ဌဝတ္ထုက ဖြစ်နိုင်သည်။

ဒေသိတာ ဂဏနူပိကာ နာမ ဟောတိ၊ အဂဏနူပိကာ နာမ နဒူပေ-တိ၊ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတိ။

[ပရိဝါ အဋ္ဌကထာ ဧကုတ္တရိကနယ ဧကက]

ဣဒါနိ နာပဇ္ဇီဿာမီတိ ဟိ ပါရာဇိကဿ အင်္ဂံ ဟောတိ။

[ကခ်ီအဋ္ဌကထာ]

မှတ်ချက်။ ။ဤ ဂဏနူပိက အာပတ်, အဂဏနူပိက အာပတ် နှစ်မျိုးအရ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတိ-ဟူသော ပရိဝါ အဋ္ဌကထာ ကြီးကို ထောက်၍ ဘိက္ခုနီမတို့၏ အဋ္ဌဝတ္ထုက ပါရာဇိက၏ အစွမ်း ဖြင့်သာ ယူ၊ အခြားသော ဒေဿနာက် အာပတ်မျိုး၌ ဤစကား မဆိုင်ဟု သာရတ္ထ ဆို၏။

ဘိက္ခုနီမတို့၏ အဋ္ဌဝတ္ထုက ပါရာဇိကကိုသာ ယူရမည် မဟုတ်သေး၊ ရဟန်း ယောကျ်ားတို့အားလည်း ဓုရနိက္ခေပ မပြုဘဲ နည်းနည်း နည်းနည်း ထောပတ် စသည်ကို ခိုးရာ၌လည်း တမတ်ထိုက်သော ဝတ္ထု ပြည့်သောအခါ ပါရာဇိကကျသည်ကိုလည်း ယူရမည်ဟု **ဝိမတိ** ဆို၏။ ဤ အဋ္ဌကထာ ဋီကာတို့ကို အထောက်ပြု၍ ဘိက္ခုနီမတို့၏ အဋ္ဌဝတ္ထုက ပါရာဇိကနှင့် ဘိက္ခုတို့၏ ဒုတိယ ပါရာဇိက၌ ထောပတ်စသည်ကို ဓုရနိက္ခေပ မပြုဘဲ ခိုးရာမျိုး၌သာ ဂဏနူပိက ဖြစ် မဖြစ်လိုက်ရသည်။ ကြွင်းသော ဒေဿနာက် အာပတ်မျိုး၌ မလိုက်ရ။ အာယတိ သံဝရ ဓုရနိက္ခေပ မရှိသော်လည်း အာပတ်မှ ထသည်ဟု ဆရာကြီးများ ယူကြသည်။

အဋ္ဌဝတ္ထုကသိက္ခာပုဒ်ပြီး၏။

ပါရာဇိကပြီး၏။

၃-သံဃာဒိသေသုဒ္ဒေသ

ပန၊ အာဘို့....။ အာယျယော၊ –ရှင်မတို့။ခေါ၊ –စင်စစ်။တတြ၊ –၌။ ပရိယာ ပန္နာ၊ –ကုန်သော။ သတ္တရသ၊ တဆယ့်ခုနစ်ပါးကုန်သော။သံဃာဒိသေသာ၊ –ကုန်သော။ ဣမေ မမ္မာ၊ –ဤအာပတ်တို့သည်။ဥဒ္ဒေသံ၊ –သို့။ အာဂစ္ဆန္တိ၊ –ကုန်၏။

၁-ဥဿယဝါဒိက

၁။ ယာ ပန ဘိက္ခုနီ၊ –သည်။ဂဟပတိနာဝါ၊ သူကြွယ်နှင့်ငင်း။ ဂဟပတိပုတ္တောနာဝါ၊ သူကြွယ်၏ သားနှင့်ငင်း။ ဒါသေနာဝါ၊ ကျွန်နှင့်ငင်း။ ကမ္မကာရေနာဝါ၊ အမှုလုပ်သမား သူရင်းငှါးနှင့်ငင်း။ အန္တမသော၊ –အားဖြင့်။

၁-ဥဿယဝါဒိက

ဥဿယဝါဒိကာ။ ။ဥဿယ-သဒ္ဒါ ထောင်လွှားသော မာနနှင့် အမျက်ထွက်ခြင်း ကောဓတရားတို့ကို ဟော၏။ ဤ၌ မာနနှင့် ကောဓနှစ်ပါးကိုသာ ယူခြင်းကား တိစိတ္တံ တိဝေဒနံကို ထောက်၍ ဗာဟုလ္လနည်းဟု သိရမည်။ လောဘစသော တရားများကိုလည်း ယူနိုင်၏ဟု ဆိုကြ၏။ ဥဿယေန ဝဒတိ ဝိဝဒတီတိ ဥဿယဝါဒိကာ။ မာန် အမျက်ထောင်လွှားသဖြင့် ငြင်းခုံသော စကားကို ဆိုတတ်သော ဘိက္ခုနီမကို ရစေ။ မာန်မာနထောင်လွှား အမျက်ပွါးသဖြင့် တရားစွဲခြင်း အကျိုးငှါ တရားဆုံးဖြတ်သော တရားသူကြီး အထံ၌ ပြောဆိုသော ဘိက္ခုနီမဟူ၏။

ဂဟပတိနာ။ ။"ဂေဟဿ ပတိ ဂဟပတိ" ဟူသည်နှင့်အညီ လောကအလိုက် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူကိုသာ မယူဘဲ အိမ်ရှင် အိမ်ရှိသူကို ဂဟပတိအရ ယူရမည်။

ဂဟပတိပုတ္တောနာ။ ။ငင်းအရ သား, ညီ, အစ်ကို စသော ဆွေမျိုးတစုကို ယူနိုင်သည်။

သမဏဗြာဟ္မဏကောနာ။ ။ငင်းအရ သီတင်းသုံးဖော် ငါးယောက်မှ တပါး အခြားသော ရသေ့ပရိဗိုဇ်များကိုယူ။

ပထမာပတ္တိကံ။ ။ပထမံ အာပတ္တိ ဇာယတီ ပထမာပတ္တိကော။ ရှေးဦးစွာ ရောက်ခြင်းရှိသော သံဃာဒိသေသ်ကို ရစေ။ လွန်ကျူးဆဲခဏ၌ ရောက်ခြင်းရှိသော သံဃာဒိသေသ်ဟူ၏။

သမဏ ပရိဗ္ဗာဇကေနာပိ၊ ပရိဗိုဇ် ရဟန်းနှင့်လည်း။သဒ္ဓိ၊–က္ခ။ ဥဿယဝါဒိကာ၊ မာန်အမျက်ထား တရားတွေ့၍။ ဝိဟရေယျ၊ နေခြားအံ့။ အယံ ဘိက္ခုနီ၊–သည်။ ဃထမာပတ္တိကံ၊ လွန်ကျူးဆဲဒဏ ရှေးမဆွဲ၌ ရောက်ခြင်းရှိသော။ နိဿာရဏီယံ၊ ဘိက္ခုနီသံဃာမှ နှင်ထုတ်စေတတ်သော။ သံဃာဒိသေသံ၊–သော။ ဓမ္မံ၊–အာပတ်သို့။အာပန္နာ၊–ရောက်၏။

နိဿာရဏီယံ။ ။သံဃတော နိဿာရေတီတိ နိဿာရဏီဃောဟိက္ခုနီသံဃာမှ နှင်ထုတ်စေတတ်သော သံဃာဒိယသ်ကိုပင် ရစေ။ဥက္ခိတ္တကရဟန်းကို နှင်ထုတ်သကဲ့သို့ နှင်ထုတ်ခြင်းမျိုးမဟုတ်ဘဲ သံဃာဒိသေသ်အာပတ်သင့်သူ ထုံးစံအတိုင်း ကျင့်ဝတ်များကို ကျင့်နေရသဖြင့် သံဃာမှ နှင်ထုတ်ထားရာ ရောက်ခြင်းကြောင့် နှင်ထုတ်သည်ဟု ဆိုသည်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဥဿယဝါဒိက ဝတ္ထု၊ သာဏတို့က၊ တရားတွေ့အံ့ဟု သက်သေ အဖော်ရှာရာ၌ ဒုက္ကဋ်၊တရားတွေ့ခြင်းငှါသွားအံ့၊ မြေလှမ်းတိုင်း ဒုက္ကဋ်၊တရားသူကြီးကိုမြင်၍ မိမိစကားကိုပြောအံ့ ဒုက္ကဋ်၊ တရားတွေ့ဘက်လူက မိမိစကားကို ပြောကြားအံ့ ထုလ္လစ္စည်း။ ရှေးဦးစွာ တရားတွေ့ဘက်လူက မိမိစကားကိုပြောအံ့ ဒုက္ကဋ်, ဘိက္ခုနီက ငါနောက်မှပြောအံ့ ထုလ္လစ္စည်း, (မည်သူကမဆို ရှေးဦးစွာသော စကား၌ ဒုက္ကဋ်, နောက်စကား-ထုလ္လစ္စည်း ဟူ၏။)တရားဆုံးဖြတ်ပြီးသောအခါ နိုင်နိုင် ရှုံးရှုံး သံဃာဒိသေသ်။ ရန်သူက တမန်စေ၍ဖြစ်စေ ကိုယ်တိုင်ဖြစ်စေ ခေါ်သွားသဖြင့် ပြောပြရသော ဘိက္ခုနီမအား အနာပတ္တိ၊ ကျောင်း၌ တပါးသောသူတို့ဖျက်ဆီးသွားသည်ကို မည်သူ မည်ဝါဟု မရည်စူးဘဲ တိုင်အံ့ အနာပတ္တိ၊အစောင့်အရှောက်တောင်းအံ့ အနာပတ္တိ၊ တရားသူကြီးများက သူဘပါးထံမှကြား၍ ကိုယ်တိုင်ဆုံးဖြတ်အံ့ အနာပတ္တိ၊ ဥမ္မတ္တိကစသည်တို့အား လည်း အနာပတ္တိ။သူတပါးတို့က မခေါ်ငင်ဘဲ ကိုယ်တိုင် တရားစွဲခြင်း, တရားပြီးဆုံးခြင်း အင်္ဂါနှစ်ပါး။

သမုဋ္ဌာန် စသည် ပထမကထိနနှင့် တူပြီ၊ ကိရိယသာထူး၏။

ဆောင်— သူတပါးလျှင်၊ မခေါ်ငင်ဘဲ၊ ကိုယ်တိုင်စွဲခြင်း၊ ပြီးဆုံးခြင်းမျှ၊
အင်္ဂနှစ်ဝ၊ ဥဿယဝါဒိကာ။

ဥဿယဝါဒိက သိက္ခာပုဒ်ပြီး၏။

၂-စောရီဝုဋ္ဌာပန

၂။ ယာ ပန ဘိက္ခုနီ၊–သည်။ ဇာနံ၊–လျက်။ ဝဏ္ဏံ၊ သတ်ထိုက်သော။ ဝိဒိတံ၊ သတ်ထိုက်သူဟု သိအပ်သော။ စောရိ ံ၊ ခိုးသူမကို။ ဆာဇာနံ ဝါ၊ မင်းကိုဂင်း။ သံဃံ ဝါ၊ ဘိက္ခုနီသံဃာကိုဂင်း။ ဂဏံဝါ၊ မလ္လာမင်း, အချို သော မင်းအပေါင်းကိုဂင်း။ ဝါ၊ ဗိသဏိုး ကုမာရနတ်တို့ကို. ခစားသော အသင်းသား အပေါင်းကိုဂင်း။ ပူဂံ ဝါ၊ ကောင်းမှုပြုသော အသင်းသား အပေါင်းကိုဂင်း။ သေဏိ ံ ဝါ၊ နံ့သာသည် စသော အသင်းသားအပေါင်း ကိုဂင်း။ အနုပလောကေတွာ၊ မပန်ကြားမူ၍။ ကပ္ပါ၊ (အပ်သည်၏အဖြစ် သို့ ရောက်သော) ရှင်ရှဟန်းပြုခဲ့ဘူးသော မိန်းမကို။ အညတြ၊–၍။ ဝုဋ္ဌာ ပေယျ၊ (ဥပဇ္ဈာယ်ပြု၍) ရဟန်းခံပေးငြားအံ့။ အယံပိ ဘိက္ခုနီ၊–သည်။ လည်း။–၏။

၂-စောရီဝုဋ္ဌာပန

စောရိ ံ ။ ။ငါးပဲတန်မှုစ၍ အမှတ်မရှိ တစုံတယောက်သောသူ၏ ဥစ္စာကို ခိုးသောမိန်းမကို စောရီ ခေါ်သည်။

ဂဏံ ပူဂံ သေဏိ ံ ။ ။ဤသဒ္ဒါသုံးခုကား အပေါင်းအစု အသင်းအပင်းကိုကား ဟောခြင်းတူကြ၏။သို့သော်ဂဏအရမလ္လာမင်းအပေါင်း အချို့သော မင်းအပေါင်း ယူရမည်ဟု ဝိမတိ ဆို၏။ ဗိသဏိုးကို ခစားသော ထိုထိုအရပ်၌ သောက်ရည် တည်ထားခြင်း ကံတူးခြင်း စသော ကောင်းမှုကိုပြု သော သူအပေါင်း၊ ကုမာရနတ်ကို ခစားသော သူအပေါင်းကို ယူရမည်ဟု သာရတ္ထ စသည်တို့၌ ဆိုကြ၏။

ပူဂ-အရ သာသနာ၌ဖြစ်စေ, လောက၌ဖြစ်စေ မျှားစွာ ကောင်းမှုပြုသော သူအပေါင်းကို ယူရမည်။

သေဏိအရ နံ့သာကုန်သည် ပုဆိုးကုန်သည် စသော ကုန်သည်အပေါင်းကို ယူရမည်။

ဤ၌ မင်းတို့က ထိုထိုအပေါင်းတို့အား ရွာ နိဂုံးတို့၌ သင်တို့ ဆုံးမကြဟု အပ်နှင်းခြင်းခံရ၍ ရွာနိဂုံးတို့ကို အစိုးရသော အပေါင်းကို ယူရမည်ဟု သိ။ ထိုမင်းအပေါင်း စသည်တို့ကို ပန်ကြားပြီးသော်လည်း ဘိက္ခုနီမ သံဃာကိုကား ပန်ကြားရဦးမည်ဟု မှတ်။

၃-ဂါမန္တရ

၃။ ယာ ပန ဘိက္ခုနီ၊ – သည်။ ဧကော၊ တယော၏ထည်းတည်း။ ဂါမန္တရံ ဝါ၊ ရွာတပါးသို့လည်း။ ဂစ္ဆတိ – အံ့။ ဧကော၊—တည်း။ နဒီပါရံ ဝါ၊ မြစ်ကမ်းတဘက်သို့လည်း။ ဂစ္ဆတိ – အံ့။ ဧကော ဝါ၊ = တည်း။ ရတ္တိံ ဝါ၊ အညတြ ကပ္ပါ။ ။ကပ္ပါဟူသည် ဘိက္ခုနီမ ပြုလုပ်ပေးရန် အပ်သော မိန်းမကို ဆိုသည်၊ သတ်ထိုက်သော ခိုးသူမဟု ကျော်ကြားပြီးနောက် တိတ္ထိတို့အထံ၌ဖြစ်စေ အခြားသော ဘိက္ခုနီမတို့ထံ၌ဖြစ်စေ ပရိဗိုဇ်မ သာမဏေမ ပြုလုပ်ဘူး၍ နောက်မှ မိမိအထံသို့ ရောက်လာသော မိန်းမကို ကပ္ပါခေါ်သည်ဟူ၏။ ထိုကပ္ပါမည်သော မိန်းမကို ဖယ်ထား၍ တပါးသောခိုးသူမကို ရဟန်းခံပေးခဲ့ဟု ဂိုဏ်းရှာခြင်း, ဆရာရှာခြင်း, သပိတ်သင်္ကန်းရှာခြင်း, သိမ်သမုတ်ခြင်း တို့၌ဌင်း, ဥတ်အဆုံး၌ဌင်း, ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ ထုလ္လစ္စည်း၊ ကမ္မဝါစာ သုံးကြိမ်အဆုံး၌ သံဃာဒိသေသ် သင့်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ခိုးသူမကို ရဟန်းခံပေးသော ဝတ္ထု။ ခိုးသူမ၌ ယုံမှားအံ့, ခိုးသူမ·မဟုတ်သည်၌ ခိုးသူမဟု ထင်အံ့, ယုံမှားအံ့ ဒုက္ကဋ်၊ ခိုးသူမ မဟုတ်သည်၌ မဟုတ်ဟု အမှတ်ရှိသော ဘိက္ခုနီမ, မသိသော ဘိက္ခုနီမ, ပန်ကြား ရဟန်းခံပေးသော ဘိက္ခုနီမ, ကပ္ပါမည်သော မိန်းမကို ရဟန်းခံပေးသော ဘိက္ခုနီမတို့အား ဌင်း, ဥမ္မတ္တိကာ စသည်တို့အား ဌင်း အနာပတ္တိ။ ခိုးသူမဖြစ်ခြင်း, ခိုးသူမဟု အမှတ်ရှိခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း အာဒိသုံးပါး။

စောရီ ဝုဋ္ဌာပနသမုဋ္ဌာန်၊ ကိရိယာကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ တိဝေဒနာတည်း။

ဆောင်— ခိုးသူဖြစ်ဘိ၊ အမှတ်ရှိမှု၊ ခွင့်ပြု လေတောင်း၊ အကြောင်း မရှိ၊ အင်တီဏီ၊ စောရီဝုဋ္ဌာပနတည်း။

စောရီဝုဋ္ဌာပန သိက္ခာပုဒ်ပြီး၏။

၃-ဂါမန္တရ

ဂါမန္တရံ။ ။ဂါမော စ သော အန္တရော စာတိ ဂါမန္တရော။ မိမိနေသော ရွာမှ တပါးသောရွာကို ဆိုစေ။ မိမိနေသောရွာမှ ထွက်သော ဘိက္ခုနီမအား အာပတ်မသင့်သေး၊ ထွက်ပြီး၍ ရွာတပါးသို့ သွားသော ဘိက္ခု၊

ညဉ့်၌လည်း။ ဝိပ္ပဝသေယျ၊ အဖော်နှင့်ကင်း၍ နေငြားအံ့။ ဧကော၊-တည်း။ ဂဏမှာ ဝါ၊ ဂိဏ်းမှလည်း။ သြဟိယေယျ၊ ချန်ရစ်ငြားအံ့။ အယံပိ ဘိက္ခုနီ၊ -သည်လည်း။ -၏။

နိမအား ခြေလှမ်းတိုင်း ဒုက္ကဋ်, ရွာတပါး၏အရာမ် ဥပစာထိုက်သောအရပ်ကို ခြေတလှမ်းလွန်အံ့ ထုလ္လစ္စည်း, ဒုတိယခြေလှမ်း လွန်ကာမျှ၌ သံဃာဒိသေသ်၊ ထိုရောက်ရာရွာမှ မိမိနေသောရွာသို့ ပြန်ဝင်လာသော ဘိက္ခုနိမအားလည်း နည်းတူပင်၊ အကယ်၍ ကျိုးသောတံတိုင်း ပေါက်သော စောင်ရမ်း စီးရိုးဖြင့် ကျောင်းမြေသို့ဝင်သော ဘိက္ခုနိမအား အပ်သောမြေ၌ ဝင်ရာ ရောက်သော ကြောင့် အပ်၏။ သံဃာဒိသေသ် အာပတ်မသင့်။ ရွာပဋ္ဌတည်၍ မိမိရွာသို့ဂင်း, ရွာတပါးသို့ဂင်း ကျောင်းမြေမဟုတ်သော အကပ်ပိယမြေဖြင့် ခြေကျင်ဝင်သော ဘိက္ခုနိမအား အာပတ်သင့်၏။ဆင်စသည် စီး၍ဖြစ်စေ, တန်းခိုးဖြင့် ဖြစ်စေ ဝင်မူ အပ်၏ဟုသိ။(ဤကား အကျဉ်းတည်း,အကျယ်အဋ္ဌကထာကြီး၌လာပြီ။)

နဒီပါရုံ။ ။နဒိယာ ပါရံ နဒီပါရုံ။ မြစ်၏တဘက်ကမ်းကို ရစေ။ မြစ်၏တဘက်ကမ်းသို့ သွားသောအခါ ဆိုအပ်ပြီးသော လက္ခဏာရှိသောမြစ်၌ အဖော်မပါဘဲ ကမ်းတဘက်သို့သွားသော ဘိက္ခုနိမ, မြစ်လယ်၌ အဖော်ဘိက္ခုနိမနှင့် ငြင်းခုံ၍ တဖန် ဤမှာဘက်ကမ်းသို့ ပြန်လာသော ဘိက္ခုနိမတို့အား ရှေခြေလှမ်းကို ကမ်းဦးထားကာမျှ ထုလ္လစ္စည်း, နှစ်ခုမြောက်သောခြေကို မြောက်သော် သံဃာဒိသေသ်။ တန်းခိုး, တံတား,ယာဉ်လှေတို့ဖြင့် ထိုမှာဘက်ကမ်းသို့ ကူးခြင်းငှါအပ်သည်၊ ရေချိုးလိုခြင်း စသောအကြောင်းကြောင့် သက်ဆင်းပြီးသော ဘိက္ခုနိမသည် ဤမှာဘက်ကမ်းသို့ ခြေဖြင့်တက်သော်လည်း အပ်၏။

ကော ဝါ ရတ္တိ-ယျ။ ။အရဏ်မတက်မီ အဖော်ဘိက္ခုနိမထံသို့ သွားရောက်အံ့ဟု နှလုံးမသွင်းဘဲ တိုက်ခန်းတခုတည်း၌သော်လည်း အဖော်ဘိက္ခုနိမ၏ဟတ္ထပါသ်ကို လွန်ရာ၌ရပ်လျက် အရဏ်တက်စေသော ဘိက္ခုနိမအား ရတ္တိဝိပ္ပဝါသ အာပတ်သင့်၏ဟု သိ။

ဂဏ ဝါ ဂဏမှာ-ယျ။ ။ဤ၌ ဂဏအရ-အဖော်တယောက်ထည်းသော ဘိက္ခုနိမကိုလည်း ဂဏဟုဆိုနိုင်သည်၊ အဖော်ဘိက္ခုနိမ မြင်လောက်သော ဒဿနူပစာရခေါ်သော အရပ်ကို စွန့်သွားသော ဘိက္ခုနိမအားလည်း အာပတ်သင့်၏၊ ခရီးမှား၍ ဟစ်အော်ခေါ်သော အသံကဲ့သို့ဂင်း, တရားနာ ကြွေးကြော်သော အသံကဲ့သို့ဂင်း အသံပြုသော ဘိက္ခုနိမ၏အသံကိုကြား ရာအရပ် ဟူသော သဝနူပစာရအရပ်ကို လွန်သော ဘိက္ခုနိမအားလည်း အာ-

ပတ်သင့်၏။ နှစ်ပါးစလုံးကိုလွန်ထုဥ္ဒ ဆိုဘွယ်မရှိ၊တကြောင်းထည်းသောခရီးသို့ သွားသော ဘိက္ခုနီမသည် ကျန်ရစ်၍ ယခုပင် မိုအောင်လိုက်အံ့ဟု အားထုတ်ခြင်းနှင့်တကွ လိုက်အံ့ အနာပတ္တိ၊ အကယ်၍ ရှေးဘိက္ခုနီမတို့က တပါးသောခရီးဖြင့် သွားအံ့ ဖဲသွားသည် မည်ခြင်းကြောင့် အာပတ်မသင့်၊ ခရီးသွားသော ဘိက္ခုနီမနှစ်ယောက်တို့တွင် တယောက်ယောက်က မလိုက်နိုင်၍ သွားပစေတော့ဟု ချန်ရစ်အံ့, တယောက်ယောက်ကလည်း ချန်ရစ်ပစေတော့ဟု သွားအံ့ နှစ်ယောက်စလုံး အာပတ်သင့်၏ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ တယောက်သော ဘိက္ခုနီမ၊ ရှာတပါးသို့ သွားသော ဝတ္ထု၊ ကြွင်း သုံးခုကား အနုပညတ်၊ အရဏ်မတက်မီ မိမိနေသောရွာမှ ထွက်၍ အရဏ်တက်သောသောအခါ ရှာတပါး၌ အကျုံးဝင်သော မြစ်တဘက်သို့ ကူးသော ဘိက္ခုနီမအား အာပတ်လေးချက် တပြိုင်နက်သင့်၏။ ဤနည်းအတိုင်း အာပတ်သုံးချက်, နှစ်ချက် တပြိုင်နက် သင့်ပုံကိုလည်း သိ။အဖော်ဘိက္ခုနီမ အရပ်တပါး ဖဲသွားသော်ငင်း, လူထွက်သော်ငင်း, သေသော်ငင်း, တိတ္ထိကျောင်းသို့ပြောင်းသွားသော်ငင်း, ဘေးရန်တို့ကြောင့် ရှာတပါးသို့ သွားသော်ငင်း, အနာပတ္တိ၊ ဥမ္မတ္တကာ စသည်တို့အားလည်း အနာပတ္တိ၊အန္တရာယ်မရှိဘဲ တယောက်ထည်း ဖြစ်ခြင်း, ရှာတပါး သွားခြင်း စသည်တို့တွင် တပါးပါးသို့ ရောက်ခြင်း, ဘေးရန်မရှိခြင်း၊အင်္ဂါသုံးပါး။

သမုဋ္ဌာန် စသည် ပထမပါရာဇိကနှင့် တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။

ဆောင်—တယောက်ထည်းအား၊ရှာတပါးသို့၊သွားခြင်းစရှိ၊ ပြုတုံဘိပြန်၊ ဘေးရန်မရှိ၊အင်္ဂါတိဏိ၊မှတ်ဘိ ဂါမန္တရဂမနတည်း။

ဂါမန္တရဂမနသိက္ခာပုဒ်ပြီး၏။

၄-ဩသာရဏာ

၄။ ယာ ပန ဘိက္ခုနီ၊-သည်။ သမဂ္ဂေန၊-သော။ သံဃေန၊-သည်။ ဓမ္မေန၊-ဖြင့်။ ဝိနယေန၊-ဖြင့်။ သတ္ထု သာသနေန၊-ဖြင့်။ ဥက္ခိတ္တံ၊-သော။ ဘိက္ခုနိ်၊-ကို။ ကာရက သံဃံ၊ ဥက္ခေပနီယကံပြုသော ဘိက္ခုနီမသံဃာကို။ အနုပလောကေတွာ၊-၍။ ဂဏာသ (ဥက္ခေပနီယကံ ပြုသော) ဘိက္ခုနီမဂိုဏ်း၏။ ဆန္ဒံ၊ အလိုကို။ အနုညာယ၊ သိအောင် မပြုမူ၍။ ဩသာရေယျ၊ သွင်းငြားအံ့။ အယံပိ ဘိက္ခုနီ၊-သည်လည်း။-၏။

၄-ဩသာရဏာ

ဥက္ခိတ္တံ။ ။အာပတ်ကို မရှုခြင်းစသော အကြောင်းကြောင့် တရားနှင့်အညီ သံဃာက နှင်ထုတ်ထားခြင်း ဥက္ခေပနီယကံ အပြုခံရသော ဘိက္ခုနီမကို "ဥက္ခိတ္တ" ခေါ်သည်။ ထိုဥက္ခေပနီယကံ အပြုခံရသော ဘိက္ခုနီမကို ကံပြုခဲ့သော ကာရကသံဃာ၏ အလိုဆန္ဒကို မသိရဘဲ သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း, ဩသာရဏာကံ ပြုပေးသော ဘိက္ခုနီမအား ဂိုဏ်းရှာခြင်း, သိမ်သမုတ်ခြင်း ဥတ်အဆုံးဌိ ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ်တိုင် ထုလွှစွဲည်း၊ ကမ္မဝါစာအဆုံးဌိ သံဃာဒိသေသ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလွှနန္ဒာ၊ သွတ်သွင်းသော ဝတ္ထု၊ တိက သံဃာဒိသေသ်၊ အဓမ္မကံဌိ တိကဒုက္ကဋ်၊ ကာရကသံဃာကို ပန်ကြားပြီးမှ ဂိုဏ်း၏ဆန္ဒကို သိ၍ လေးဆယ့်သုံးပါးသော ဝတ်ကို ကျင့်သော ဘိက္ခုနီမအား, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ၊ ဓမ္မကံဖြင့် နှင်ထုတ်ခြင်း, ခွင့်ပြုသော အကြောင်းမရှိဘဲ သွင်းခြင်း၊ အင်္ဂါ နှစ်ပါး။

သမုဋ္ဌာန်စသည် သံဃဘေဒသိက္ခာပုဒ်နှင့် တူပြီ။ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—တရားအဟုတ်၊ နှင်ထုတ်ခြင်းပြု၊ ခွင့်ပြုအကြောင်း၊ မရှိတောင်းပေ၊ သွတ်သွင်းလေပါ၊ အင်္ဂနှစ်ဖြာ၊ ဩသာရဏာတည်း။

ဩသာရဏာသိက္ခာပုဒ် ပြီး၏။

၅–သဟတ္ထပဋိဂ္ဂါဟက

၅။ ယာ ပန ဘိက္ခုနီ၊–သည်။ အဝဿုတာ၊ ဆန္ဒရာဂဖြင့် စုတ်သည် ဖြစ်၍။ အဝဿုတာဿ၊–သော။ ပုရိသ ပုဂ္ဂလဿ၊–၏။ ဟတ္ထတော၊–မှ။ ခါဒနီယံ ဝါ၊–ကိုဎင်း။ ဘောဇနီယံ ဝါ၊–ကိုဎင်း။ သဟတ္ထာ၊–ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံယူ၍။ ခါဒေယျ ဝါ၊–အံ့။ ဘုဉ္ဇေယျ ဝါ၊–အံ့။ အယံပိ ဘိက္ခုနီ၊ —သည်လည်း။–၏။

၅–သဟတ္ထပဋိဂ္ဂါဟက

အဝဿုတအရ။ ။ချစ်ကြိုက်သော ဆန္ဒရာဂကို ယူ၊ထိုဆန္ဒရာဂဖြင့် စုတ်စိုသော ဘိက္ခုနီမသည် ဆန္ဒရာဂဖြင့် စုတ်စိုသော ယောကျ်ားလက်မှ ခဲဘွယ်ကိုဖြစ်စေ, ဘောဇဉ်ကိုဖြစ်စေ မိမိလက်ဖြင့် ခံယူရာ၌ ထိုလွှစ္စည်း။ **စား**သောက်လျှင် မျိုတိုင်း သံ်ဃာဒိသေသ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ သုန္ဒရီနန္ဒာ၊ ရာဂဖြင့် စုတ်လျက် ရာဂဖြင့် စုတ်သော ယောကျ်း၏ လက်မှ အာမိသကို ခံယူသော ဝတ္ထု။ တယောက်ယောက်သာ စုတ်၍ ခံယူရာ၌ ဒုက္ကဋ်၊ မျိုတိုင်း မျိုတိုင်း ထိုလွှစ္စည်း၊ ဘီလူး, ပြိတ္တာ, ပဏ္ဍုက်, လူယောင်ဆောင်နိုင်သော တိရစ္ဆာန်တို့၏ လက်မှ ခံယူအံ့ နှစ်ယောက်စလုံး စုတ်သော်လည်း ရှေးနည်းအတိုင်း ဒုက္ကဋ်နှင့် ထိုလွှစ္စည်း၊ တယောက်ယောက်သာ စုတ်အံ့–ဒုက္ကဋ်၏တမျိုးသာ၊ အလုံးစုံသောသူတို့၏ ရေနှံပူကို ခံယူခြင်း သုံးဆောင်ခြင်းတို့၌ ဒုက္ကဋ်သာ၊ နှစ်ယောက်စလုံး မစုတ်ဘဲ ခံယူသော ဘိက္ခုနီမ, ရာဂဖြင့် မစုတ်ဟု သိ၍ ခံယူသော ဘိက္ခုနီမ, ဥမ္မတ္တိကာဘိက္ခုနီမ စသည်တို့အား အနာပတ္တိ။ ရေဒနှံပူမှတပါး မျိုအပ်သော ဝတ္ထုဖြစ်ခြင်း, နှစ်ယောက်စလုံး စုတ်ခြင်း, မိမိလက်ဖြင့် ခံယူခြင်း, မျိုခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့်တူပြီ။

ဆောင်——ရေဒနှံပူ ဖယ်လတ်၊ မျိုအပ်ဝတ္ထု၊ ဖြစ်မှုအထူး၊ နှစ်ဦးလုံးစုတ်ဘိ၊ မိမိလက်ဖြင့်၊ ခံယူလင့်ခြင်း၊ မျိုခြင်းနောက်ထပ်၊ အင်္ဂလေးရပ်၊ သဟတ္ထပဋိဂ္ဂါဟကာ။

သဟတ္ထ ပဋိဂ္ဂါဟက သိက္ခာပုဒ်ပြီး၏။

၆-ဆဋ္ဌသံဃာဒိသေသ်

၆။ ယာ ပန ဘိက္ခုနီ၊-သည်။ဧဝံ၊-သို့။ဝဒေယျ၊-၏။ကိံ ဝဒေယျ၊ -နည်း။အယျေ၊ရှင်မ။ ဧသော ပုရိသ ပုဂ္ဂလော၊-သည်။အဝဿုတော ဝါ၊ ဆန္ဒရာဂဖြင့် စုတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အန ဝဿုတော ဝါ၊ ဆန္ဒရာဂဖြင့် မစုတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ တေ၊ သင်ရှင်မအား။ ကိံ ကရိဿတိ၊ အသို့ပြုနိုင်အံ့နည်း။ ယတော၊ အကြောင့်ကြောင့်။ တုံ၊-သည်။ အနဝဿုတာ၊-မစုတ်။ (တတော၊ခကြောင့်။) အယျေ၊-မ။ ဣဿ်၊ တိုက်တွန်းပါ၏။ တေ၊-အား။ ဧသော ပုရိသပုဂ္ဂလော၊-သည်။ ယံ ခါဒနီယံ ဝါ၊-ကိုဎင်း။ယံ ဘောဇနီယံ ဝါ၊-ကိုဎင်း။ ဒေတိ၊-ပေး၏။တံ၊ထိုပေး သော ခဲဘွယ်ဘောဇဉ်ကို။ တုံ၊-သည်။ သဟတ္ထာ၊-ဖြင့်။ ပဋိဂ္ဂဟေတုံ၊ -၍။ ခါဒ ဝါ၊ခဲမူလည်း ခဲလော။ ဘုဉ္ဇ ဝါ၊စားမူလည်း စားလော။ ဣတိ၊ -သို့။ ဝဒေယျ၊-အံ့။ အယံပိ ဘိက္ခုနီ၊-သည်လည်း။-၏။

၆-ဆဋ္ဌသံဃာဒိသေသ်

ပါဠိတော်လာသော နည်းအတိုင်း တိုက်တွန်းသော ဘိက္ခုနီမအား တိုက် တွန်းမှုကြောင့်ဎင်း, တိုက်တွန်းသောစကားဖြင့် တိုက်တွန်းအပ်သော ဘိက္ခု နီမ၏ ခံယူမှုကြောင့်ဎင်း ဒုက္ကဋ်၊ တိုက်တွန်းအပ်သော ဘိက္ခုနီမ၏ ခဲတိုင်း စားတိုင်း ထုလွှစွဲည်း၊ စားပြီးသည့်အဆုံး၌ သံဃာဒိသေသ်၊ [ခံယူသော ဘိက္ခုနီမကို ပဠမသိက္ခာပုဒ်အတိုင်းသိ]။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ တပါးသော ဘိက္ခုနီမ၊ တိုက်တွန်းသော ဝတ္ထု။

သာဏတ္ထိက၊ လူစသည်တို့၏ လက်မှ ရေဒန်ပူကို ခံယူရန် တိုက်တွန်းခြင်း, ခံယူခြင်း, စားပြီးခြင်း သုံးချက်စလုံး၌ ဒုက္ကဋ်၊ ရေဒန်ပူမှတပါး ဖြစ်အံ့၊ ရှေးနှစ်ချက်၌ ဒုက္ကဋ်၊ နောက်တချက် ထုလွှစွဲည်း၊ ရာဂဖြင့် မစုတ်ဟု သိ၍ တိုက်တွန်းသော ဘိက္ခုနီမ, အမျက်ထွက်၍ မခံယူသည်ကို တိုက်တွန်း သော ဘိက္ခုနီမ, မခံဘဲနေသည်ကို ဒါယကာကို သနား၍ တိုက်တွန်းသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ လူယောကျ်ား ဖြစ်ခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိဘဲ ခဲဘွယ်ဘောဇဉ်ကို စားပါဟု တိုက်တွန်းခြင်း, တိုက်တွန်းအပ်သော ဘိက္ခုနီမစား၍ ပြီးဆုံးခြင်း၊ အင်္ဂါ သုံးပါး။....သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ။

၁၀-ပစ္စာဝိက္ခ

၁၀။ ယာ ပန ဘိက္ခုနီ၊ – သည်။ ကုပိတာ၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနာ၊ မိမိ၏စိတ်မရှိသည်ဖြစ်၍။ ဝါ၊ နှလုံးမသာယာသည် ဖြစ်၍။ ဧဝံ၊ – သို့။ ဝဒေယျ၊ – ၏။ ကိံ ဝဒေယျ၊ – နည်း။ ဗုဒ္ဓံ၊ – ကို။ ပစ္စာဝိက္ခာမိ၊ စွန့်ပါ၏။ ဓမ္မံ၊ – ကို။ ပစ္စာဝိက္ခာမိ၊ – ၏။ သံဃံ၊ – ကို။ ပစ္စာဝိက္ခာမိ၊ – ၏။ သိက္ခံ၊ – ကို။ ပစ္စာဝိက္ခာမိ၊ – ၏။ သမဏိယော၊ ရဟန်းမိန်းမဖြစ်ကုန်သော။ ယာ သက္ယမိတရော၊ အကြင်သာကီဝင်မင်းသမီးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣမာဝ၊ ဤသာကီဝင်မင်းသမီးတို့သည်သာလျှင်။ သမဏိယော ကိန္နု၊ ရဟန်းမိန်းမတို့လော။ အညာ၊ သာကီဝင်မင်းသမီးမှ တပါးကုန်သော။ လဇ္ဇိနိယော၊ အရှက်ရှိကုန်သော။ ကုက္ကုစ္စိကာ၊ ကုက္ကုစ္စ သဲသယရှိကုန်သော။ သိက္ခာကာမာ၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော။ သမဏိယောပိ၊ တို့သည်လည်း။ သန္တိ၊ – ကုန်၏။ အဟံ၊ သည်။ တာသံ၊ ထိုရဟန်းမိန်းမတို့၏။ သန္တိကေ၊ အထံ၌။ ပြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရိဿာမိ၊ ကျင့်အံ့။

ဆောင်—လူထီး ဖြစ်သတ်၊ ခွင့်ပြုအပ်ကြောင်း၊ မရှိတောင်းဘဲ၊ ခဲဘွယ် ဘောဇန်၊ စားရန်ပြောပြု၊ ဒဏ်သုံးဝ၊ ဆဋ္ဌသံဃာဒိ။

ဆဋ္ဌသံဃာဒိသေဿိက္ခာပုဒ် ပြီး၏။

---

* ၇-ဂ-၉ သဉ္ဇရိတ္တ စသော သိက္ခာပုဒ် သုံးခုကို ဘိက္ခုပါတိမောက္ခ အတိုင်းသိ။

၁၀-ပစ္စာဝိက္ခ

ဘိက္ခုနီမတယောက်သည် သိက္ခာချလိုသောစိတ် စသည် မရှိဘဲ စိတ်ဆိုး သည့်အတွက် ဗုဒ္ဓံ ပစ္စာဝိက္ခာမိ စသော စကားမျှားကို ဆိုပြီး သူတို့သာ ရဟန်းမိန်းမ အစစ်တို့လား သူတို့အပြင်လဲ ရှက်တတ် ကုက္ကုစ္စရှိတတ် သိက္ခာကို အလိုရှိကတ်သော ရဟန်းမိန်မတွေ ရှိပါသေးသည်, ထိုသူတို့အထဲ၌ မြတ်သော အကျင့်ကို ကျင့်မယ်ပြောဆိုဒုံ၊ ထိုရဟန်းမိန်းမကို သည်လို မပြော ပါနှင့်ဟု တားမြစ်ရမည်။ ဤသို့ စသည်ဖြင့် ဘိက္ခုသံဃာဒိသေသ် ယာဝ တတိယက သိက္ခာပုဒ်လာတိုင်း အကြောင်း အဓိပ္ပါယ်ကိုသိ။ [ဤ၌ သမ္မာကို အန္တ-ကိရိယာဃ၌စပ်။]

ဣတိ၊ – သို့။ ဝဒေယျ၊ – အုံ့။ သာ ဘိက္ခုနီ၊ – ကို။ ဘိက္ခုနီဟိ၊ – တို့သည်။ ဧဝံ၊ – သို့။ ဝစနီယာ၊ – သည်။ အဿ၊ – ၏။ ကိံ အဿ၊ – နည်း။ အယျေ၊ ရှင်မ။ ကုပိတာ၊ – ၍။ အနတ္တမနာ၊ – ၍။ ဗုဒ္ဓံ... စရိဿာမိတိ၊ – မိဟူ၍။ ဧဝံ၊ – သို့။ မာ အဝစ၊ မဆိုပါလင့်။ အယျေ၊ – မ။ အဘိရမ၊ မြေလျော်ပါလော့။ ဓမ္မော၊ – ကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်၏။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ – ကို။ စရ၊ ကျင့်ပါလော့။ ဣတိ၊ – သို့။ ဝစနီယာ၊ – သည်။ အဿ၊ – ၏။ ဧဝဉ္ဉု၊ သာလျှင်။ ဘိက္ခုနီဟိ၊ – တို့သည်။ ဝုစ္စမာနာ၊ – သော။ သာ ဘိက္ခုနီ၊ – သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ – အုံ့။ သာ ဘိက္ခုနီ၊ – ကို။ ဘိက္ခုနီဟိ၊ – တို့သည်။ တဿ၊ ထိုဆိုခြင်းကို။ ပဋိနိဿဂ္ဂါယ၊ – ငှါ။ ယာဝ တတိယံ၊ – တိုင်။ သမနုဘာသိတဗ္ဗာ၊ – ၏။ ယာဝ တတိယံ၊ တိုင်။ သမနုဘာသိယ-မာနာ၊ – သော်။ တံ၊ ထိုဆိုခြင်းကို။ စေ ပဋိနိဿဇ္ဇေယျ၊ – အုံ့။ ဣစ္စေတံ၊ – သည်။ ကုသလံ၊ – ၏။ နော စေ ပဋိနိဿဇ္ဇေယျ၊ – အုံ့။ အယံပိ ဘိက္ခုနီ၊ – သည်လည်း။ ယာဝ တတိယကံ၊ ယာဝ တတိယက အမည်ရှိသော၊ နိဿာရဏံ၊ – သော။ သံဃာဒိသေသံ၊ – သော။ ဓမ္မံ၊ – သို့။ အာပန္နာ၊ – ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ စက္ကာဋ္ဌိ၊ ဘုရားကိုစွန့်ပါ၏ စသောစကားကို ဆို သော ဝတ္ထု၊ ဤသိက္ခာပုဒ်အင်္ဂါရေတွက်ရာ၌ ဗုဒ္ဓံပစ္စာစိက္ခာမိ စသော စကားကို ဆိုခြင်းဟူသော အင်္ဂါကို ဘိက္ခုသံဃာဒေဒ သိက္ခာပုဒ် အင်္ဂါလေးပါးတို့တွင် ပထမအင်္ဂါကို ဖယ်၍ ဆည့်သွင်းရေတွက်ရမည်ဟု အထူးသိ။

ပစ္စာစိက္ခ သိက္ခာပုဒ်ပြီး၏။

၁၁-အဂတိဂါမိနီ

၁၁။ ယာ ပန ဘိက္ခုနီ၊ – သည်။ ကိသ္မိဉ္စိဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ အဓိကရဏော၊ အဓိကရဏ်းဌ်။ ပစ္စာဂဟာ၊ ရှုံးသည်ဖြစ်၍။ ကုပိတာ၊ – ၍။ အနတ္တမနာ၊ – ၍။ ဓေံ၊ – သို့။ ဝဒေယျ၊ – ၏။ ကိံ ဝဒေယျ၊ – နည်း။ ဘိက္ခုနိယော၊ – တို့သည်။ ဆန္ဒဂါမိနိယော စ၊ ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော၊ – တို့သည်။ ဒေါသ ဂါမိနိယော စ၊ ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော၊ – တို့သည်။ မောဟဂါမိနိယော စ၊ မောဟာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော၊ – တို့သည်။ ဘယဂါမိနိယော စ၊ ဘယာဂတိသို့လည်း လိုက်ကုန်၏။ ဣတိ၊ – သို့။ ဝဒေယျ၊ အုံ။ သာ ဘိက္ခုနီ၊ – ကို။ ဘိက္ခုနီဟိ၊ – တို့သည်။ ဣတိ၊ – သို့။ ဝစနီယာ၊ – သည်။ အာဿ၊ – ၏။ ကိံ အာဿ၊ – နည်း။ အယျေ၊ – မ။ တုံ၊ – သည်။ ကိသ္မိဉ္စိဒေဝ၊ – သော။ အဓိကရဏော၊ – ဌ်။ ပစ္စာဂတာ၊ – ၍။ ကုပိတာ၊ – ၍။ အနတ္တမနာ၊ – ၍။ ဆန္ဒဂါမိနိယော စ၊ – ဘိက္ခုနိယောတိ၊ – ယောဟူ၍။ ဓေံ၊ – သို့။ မာ အဝစ၊ – လင့်။ အယျာ ခေါ၊ ရှင်မသည်သာလျှင်။ ဆန္ဒာပိ၊ ချစ်ခြင်းကြောင့်လည်း။ ဂစ္ဆတိ၊ အဂတိသို့ လိုက်ရာ၏။ ဒေါသာပိ၊ မုန်းခြင်းကြောင့်လည်း။ ဂစ္ဆတိ၊ – ၏။ မောဟာပိ၊ မိုက်ခြင်းကြောင့်လည်း။ ဂစ္ဆတိ၊ – ၏။ ဘယာပိ၊ ကြောက်ခြင်းကြောင့်လည်း။ ဂစ္ဆတိ၊ – ၏။ ဣတိ၊ – သို့။ ဝစနီယာ၊ – သည်။ အာဿ၊ – ၏။ ....[ဝဇ္ဇ စသည်ကို ဒသမသိက္ခာပုဒ်အတူ အနက်ပေး။]

၁၁-အဂတိဂါမိနီ

အဓိကရဏ်းလေးပါးတို့တွင် တပါးပါး၌ ရှုံးခြင်းကြောင့် စိတ်ဆိုးပြီး ဘိက္ခုနီမတွေ့ ဆန္ဒာဂတိလိုက်သည် စသည်ဖြင့်ပြောဆိုသော် သည်လိုမပြောရန် တားမြစ်ရမည်။ မရက ကမ္မဝါစာဖြင့် သမနုဘာသနကံပြု၊ ကံပြုပြီးသည့် တိုင်အောင် ပြောမြဲ ပြောအုံ။ သံဃာဒိသေသ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ စက္ကာဋ်၊ ဘိက္ခုနီမတွေ့ ဆန္ဒာဂတိလိုက်သည် စသော စကားကို သိုသောဝတ္ထု။ အကြောင်းကို ဒသမသိက္ခာပုဒ်အတိုင်း သိ။

အဂတိဂါမ်နီ သိက္ခာပုဒ်ပြီး၏။

၁၂-ပါပါစာရာဒိ

၁၂။ ဘိက္ခုနိယော ပနေဝ၊–တို့သည်သာလျှင်။ သံသဋ္ဌာ၊ လူတို့နှင့် ရောနှောကုန်သည်ဖြစ်၍။ ပါပါစာရာ၊ ယုတ်မာသော အကျင့်ရှိကုန်သည် ဖြစ်၍။ ပါပသဒ္ဒါ၊ ယုတ်မာသော ကျော်စောသံရှိကုန်သည်ဖြစ်၍။ ပါပ သီလောကာ၊ယုတ်မာသော အသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍။ ဘိက္ခုနိ သံဃဿ၊–အား။ ဝိဟေသိကာ၊ညှဉ်းဆဲကုန်သည်ဖြစ်၍။ "အညမညိဿ၊ တယောက်သည် တယောက်၏။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ အပြစ်ကို ဖုံးလွှမ်းကုန် သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ တာ ဘိက္ခုနိယော၊–တို့ကို။ ဘိက္ခု နီဟိ၊–တို့သည်။ ဧဝံ၊–သို့။ ဝစနီယာ၊–ကုန်သည်။ အဿု၊–ကုန်ရာ၏။ ကိံ အဿု၊–နည်း။ဘဂိနိယော၊–တို့သည်။ ဓေါ၊–စစ်။သံသဋ္ဌာ၊–၍။ပါပါ စာရာ၊–၍။ ပါပသဒ္ဒါ၊–၍။ ပါပသီလောကာ၊–၍။ ဘိက္ခုနိသံဃဿ။ အား။ ဝိဟေသိကာ၊–၍။ အညမညိဿ၊–၏။ ဝဇ္ဇပဋိစ္ဆာဒိကာ၊–၍၊ ဝိဟရန္တိ၊–ကုန်၏။ အုယျေ၊တို့။ (တုမှေ၊–တို့သည်။) ဝိဝိစ္စထ၊ (သံသဋ္ဌ စသည်တို့မှ) ဆိတ်ကြကုန်လော့။ ဘဂိနိနံ၊ ညီမတို့၏။ ဝိဝေကညေဝ၊– ဆိတ်ခြင်းကိုသာလျှင်။ သံဃဿ၊–သည်။ဝဇ္ဇကတိ၊ ချီးမွမ်း၏။ကတိ၊–သို့။ ဝစနီယာ၊–ကုန်သည်။ အဿု၊–၏။

[ဝဇ္ဇ စသည်ကား အမျှားဖြစ်၍ ပဟုဝုစ်သာ ထူး၏။ အနက်ကြည့် ပေး။ တဿ၊ ထိုရောနှော၍ နေခြင်းစသည်ကိုဟု ပေးလေ။]

၁၂–ပါပါ စာရာဒိ

သံသဋ္ဌာ။ ။ဒါယကာ ဒါယိကာမတို့အပေါ် ရဟန်းမိန်းမတို့ ဆက်ဆံခြင်း မျိုးမဟုတ်ဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းမျိုးကဲ့သို့ စပါးထောင်းပေးခြင်း, ဆန်ဖွပ်ပေးခြင်း, ထမင်းချက်ပေးခြင်း, သတင်းစကား ဆောင်ပေးခြင်းစသည်ဖြင့် ကိုယ်မှု နှုတ်မှု ဆက်ဆံ ရောနှောခြင်းမျိုးကို "သံသဋ္ဌ" ခေါ်သည်။

ပါပါစာရာ။ ။လူမျှားကဲ့သို့ မကောင်းသော ကိုယ်အမှု နှုတ်အမှုရှိခြင်းကို "ပါပါစာရ" ခေါ်သည်။

ပါပသဒ္ဒါ။ ။မကောင်းမှုကို ပြောဆိုပြုကျင့်သည့်အတွက် မကောင်းသတင်း ထွက်နေခြင်းကို "ပါပသဒ္ဒ" ခေါ်သည်။

၁၃-သံဝ ဌဝိဟာရ

၁၃။ ယာ ပန ဘိက္ခုနီ၊–သည်။ ဧဝံ–သို့။ ဝဒေယျ၊–၏။ ကံ ဝဒေယျ၊–နည်း။ အယျေ၊–တို့။ တုမှေ၊–တို့သည်။ သံသဋ္ဌာဝ၊ လူဘို့နှင့်ရောနှောကုန်သည် ဖြစ်၍သာလျှင်။ ဝိဟာရထ၊ နေကြကုန်လော့။ တုမှေ၊–တို့သည်။ နာနာ၊ အသီးအသီး တခြားစီ။ မာ ဝိဟာရိတ္ထ၊ မနေကြကုန်လင့်။ သံဃေ၊–၌။ ဧပါစာရာ၊ ဤသို့ ယုတ်မာသော အကျင့် ရှိကုန်သော။ ဝါ၊ ရှင်မတို့ကဲ့သို့ ယုတ်မာသော အကျင့်ရှိကုန်သော။ ဧဝံသဒ္ဒါ၊ ဤသို့ယုတ်မာ

ပါပသိလောကာ။ ။အသက်မွေးခြင်ရန် မကောင်းသော နည်းလမ်းဖြင့် ကျော်ကြားအောင် ပြုလုပ်မှုကို "ပါပ သိလောက" ခေါ်သည်။

ဝိဟေသိကာ။ ။ဟယောက်သည် တယောက်အား ကံပြုသည်ရှိသော် ကံအထမမြောက်အောင် တားမြစ်သော အားဖြင့် ညှဉ်းဆဲမှုကို "ဝိဟေသိက" ခေါ်သည်။

ဝဇ္ဇပဋိစ္ဆာဒိကာ။ ။တယောက်၏ ခုဒ္ဒါနုခုဒ္ဒကအာပတ်ကို တယောက်က ဖုံးထားခြင်းကို "ဝဇ္ဇ ပဋိစ္ဆာဒိက" ခေါ်သည်။

တားမြစ်ခြင်း စသော အကြောင်းကို ရှေးသိက္ခာပုဒ်အတိုင်းသိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ ရောနှောနေသော ဝတ္ထု။အကြောင်းကို ဒသမသိက္ခာပုဒ် အတိုင်းသိ။

အထူးကား— သမနုဘာသနကံ ပြုသောအခါ နှစ်ယောက် သုံးယောက်သော ဘိက္ခုနီမတို့ကို တပြိုင်နက် ကံပြုကောင်းသည်။

ပါပါစာရာဒိသိက္ခာပုဒ်ပြီး၏။

၁၃-သံသဋ္ဌဝိဟာရ

ဧဝံ ဝဒေယျ။ ။ဤ ပါဠိဖြင့် သံဃာသည် ဥတ်ကမ္မဝါစာတို့ဖြင့် ဆုံးမအပ်ကုန်ပြီးသော ဘိက္ခုနီမတို့ကို အားပေးအားမြှောက် ပြောဆိုပုံကိုပြသည်။

သော ကျော်စောသံ ရှိကုန်သော။ ဝေံသိလောကာ၊ ဤသို့ယုတ်မာသော အသက်မွေးခြင်းရှိကုန်သော။ ဘိက္ခုနိသံဃဿ၊ – အား။ ဝိဟေသိကာ၊ – ကုန်သော။ အည မညိဿာ၊ – ၏။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ – ကုန်သော။ အညာပိ၊ (ရှင်မတို့မှ) တပါးလည်းဖြစ်ကုန်သော။ ဘိက္ခုနိယော၊ – တို့သည်။ သန္တိ၊ – ကုန်၏။ တာ၊ ထိုဘိက္ခုနီမတို့ကို။ သံဃော၊ – သည်။ ကိဉ္စိ၊ တစုံတခုသော စကားကိုမျှ။ နာ အာဟာ၊ မဆို။ သံဃော၊ – သည်။ တုမှ ဉော၀၊ သင် ရှင်မတို့အားသာလျှင်။ ဥညာယ၊ မထေမဲ့မြင်ပြုသဖြင့်။ ပရိဘဝေန၊ နှိပ်စက်သဖြင့်။ အက္ခန္တိယာ၊ သည်းမခံသဖြင့်။ ဝေဘဿိယာ၊ အကြီးအကျယ် ပြောဆိုသဖြင့်။ ဝါ၊ လွန်သော အာနုဘော်ရှိသော အဖြစ်ကို ပြသဖြင့်။ ဒုဗ္ဘလျာ၊ အားနည်းသည်၏အဖြစ်ဖြင့်။ ဘဂိနိယော ဓေါ – ဝဏ္ဏောတိတိ၊ – တိ ဟူ၍။ ဓေံ၊ – သို့။ အာဟာ၊ – ၏။ ....[ငုံ ပါဠိကို ရှေးက ပေးခဲ့ပြီးသည့်အတိုင်း အနက်ပေး။] ဣတိ၊ – သို့။ ဝဒေယျ၊ – အုံ့။ သာ ဘိက္ခုနီ၊ – ကို။ဘိက္ခုနီဟိ၊ – တို့သည်။ ဓေံ၊ – သို့။ ဝစနီယာ၊ – သည်။ အဿ၊ – ၏။ ကိ ံအဿ၊ – နည်း။ အယျေ၊ – မ။ (တုံ၊ – သည်။) သံသဋ္ဌာဝ – ဝဏ္ဏောတိတိ၊ – တိ-ဟူ၍။ဓေံ၊ – သို့။ မာ အဝစ၊ – လင့်။ ဣတိ၊ – သို့။ ဝစနီယာ၊ – သည်။ အဿ၊ – ၏။....[ဝဏ္ဏ စသည်ကို နည်းမှီး၍ အနက်ပေးလေ၊ မခဲ့ပြီ]။

ဓေါစာရာ။ ။ရှင်မတို့ အားသာ လူတို့၏ စပါးကို ထောင်းပေးခြင်းစသော မကောင်းသောအကျင့် ရှိသည်မဟုတ်၊ ဘိက္ခုနိသံဃာ၌ တပါးသော ဘိက္ခုနီမတို့အားလည်း မကောင်းသော အကျင့်ရှိသည်ကို "ဓေါစာရ" ဟု ဆိုသည်။

ဓေံသဒ္ဒါ။ ။ရှင်မတို့အားသာ မကောင်းသော ကျော်စောသံ ရှိသည်မဟုတ်၊ ဘိက္ခုနိသံဃာ၌လည်း တပါးသော ဘိက္ခုနီမတို့အားလည်း မကောင်းသော ကျော်စံသံ ရှိသည်ဟု ဆိုလိုသည်။

ဓေံသိလောကာ။ ။ရှင်မတို့ အားသာ မကောင်းသောနည်းဖြင့် ကျော်ကြား အောင် ပြုလုပ်သည် မဟုတ်၊ ဘိက္ခုနိသံဃာ၌ မကောင်းသော နည်းလမ်းဖြင့် ကျော်ကြားအောင် ပြုလုပ်နေသော ဘိက္ခုနီမအမျှား ရှိသည်ဟု ဆိုလိုသည်။

ဝိဝိစ္စထ။ ။ဌင်းသဒ္ဒါ နာနာ အနက်ကို ဟော၏။ ရဟန်းတို့အား မလျောက်ပတ်သော ကိုယ်နှုတ်၌ ဖြစ်သော နှိုးနှောခြင်းကို စွန့်ကြဟု ဆိုလိုသည်။

ဥညာဃ။ ။ကျွန်ုပ် ဥ-ကား သြ၏ ဝိပရိတ်တည်း။ ထိုသြကား နိစ အနက်ဟော၊ အောက်တန်းကျသည် ဟူ၏၊ ဉာဓာတ်ကား အဝဗောဓန–သိခြင်း အနက်ဟော၊ အောက်တန်းစားအနေထား၍ သိသည်ဟု ဆိုလိုသည်။

ပရိဘဝေန။ ။ပရိဘဝညာဃဟု ဆိုအပ်လျက် ဉာဃဟူသော နောက်ပုဒ် ကျေ၍ ပရိဘဝေနဟု ရုပ်ပြီးသည်၊ ထို့ကြောင့် နှိပ်စက် လှုပ်မိုးစရာဟု သိခြင်းကြောင့်ဟု အနက်ပေး။

အကုန္ဒိယာ။ ။ကျွန်ုပ်၌ သည်းခံခြင်းဟူသော ခန္တီကိုသာ ယူ၊ အနုလောမ ခန္တီ, ဒိဋ္ဌိနိဇ္ဈာနခန္တီတို့ကို မယူရဟု သိ။

ဝေဘသိယာ။ ။ဝိသေသေန ဘာသေတိ သြဘာသေတိတိ ဝိဘာသော။ အထူး ထွန်းတောက်ပသော တန်းခိုး အာနုဘော်ကို ရစေ။ ဝိဘာသော အာ သာ အတ္ထိတိ ဝိဘာသော။ အထူး တန်းခိုး အာနုဘော်ကြီးသော သံဃာကို ရစေ၊ကျွန်ုပ် သပစ္စည်း ဗဟုတ္တ အတိသယတ္ထ၌ သက်သည်၊လောမသော စသည်တို့၌ ကဲ့သို့ မှတ်၊ တန်းခိုးများများကြီးသော သံဃာ, အလွန် တန်းခိုး ကြီးသော သံဃာဟူ၏။ ဝိဘာသာ ဘာဝေါ ဝေဘာသိယံ။ "ဖြပ်ပေါ် ဘောဆင့်၊ ဂုဏ်ကောက်လင့်" ဟူသည်နှင့်အညီ များသော တန်းခိုးအာနုဘော် လွန်ကဲသော တန်းခိုးအာနုဘော်ကို ကောက်လေ၊များစွာလွန်ကဲသော တန်းခိုး အာနုဘော်ကြောင့်ဟု အနက်ပေး။

တနည်း–ဝိ-ကား အထူးထူးအနက် ဟော၊ ဘာသ-ကား စကားရှိသူ ဟူသော အနက်ဟော၊ ဝိဘာသာနံ ဘာဝေါ ဝေဘာသိယံ။ အထူးထူးသော စကားရှိသူ၏ ဖြစ်ကြောင်း။ အမျိုးမျိုးသော စကားဟူသော ကြိယာကို ရစေ။ ကျွန်အလို အထူးထူးသော စကားရှိသူ၏ အဖြစ်ကြောင့်ဟု အနက်ပေး။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဆောနော၍နေကြ စသည်ဖြင့် တိုက်တွန်းသော ဝတ္ထု။ အကြောင်းကို ဒသမသိက္ခာပုဒ် အတိုင်းသိ။

သံသဋ္ဌဝိဟာရသိက္ခာပုဒ် ပြီး၏။

နိဂုံး

အယျာယော၊–တို့။ နဝ၊ ကိုးပါးကုန်သော သံဃာဖိသေသ် အာပတ် တို့သည်။ ပထမာပတ္တိကာ၊–ကုန်သည်။ ဟောန္တိ၊–ကုန်၏။ အဋ္ဌ၊ ရှစ်ပါး ကုန်သော သံဃာဒိသေသ် အာပတ်တို့သည်။ ယာဝ တတိယကာ၊–ကုန် သည်။ ဟောန္တိ၊–ကုန်၏။ ဤတိ၊–သို့။ [ထည့်] သတ္တရသ၊ တဆယ့်ခုနစ်ပါး ကုန်သော။ သံဃာဒိသေသာ၊–ကုန်သော။ ဓမ္မာ၊–တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ၊– လျှင်တည်း။ ယာ၊ အကြင်ဘိက္ခုနီမသည်။ သေံ၊ ဤတဆယ့်ခုနစ်ပါးသော သံဃာဒိသေသ် အာပတ်တို့တွင်။ အညတရံ ဝါ အညတရံ ဂါ၊–သို့လည်း။ အာပဇ္ဇတိ၊–၏။ တာယ ဘိက္ခုနိယာ၊–သည်။ ဥဘတောသံဃေ၊ နှစ်ဦး သော ဘိက္ခု, ဘိက္ခုနီသံဃာ၌။ ပက္ခ မာနတ္တံ၊ ပက္ခ မာနဝ်ကို။ စရိတဗ္ဗံ၊ ကျင့်အပ်၏။ ဘိက္ခုနိယာ၊–သည်။ စိဏ္ဏမာနတ္တာယ၊ မာနတ်ကျင့်ပြီးသည် ရှိသော်။ [ယတ္ထ စသည်ကို အနက်ပေးလေ၊ မခဲ့ပြီ။ အခ္ခိုအရာ လိင်သာ ထူး၏။]

တတိယော၊–သော။ သံဃာဒိသေသုဒ္ဒေသော၊–သည်။နိဋ္ဌိတော၊–ပြီ။

၁၄-၁၅-၁၆-၁၇–သံဃဘေဒ စသော လေးပါးသော သိက္ခာပုဒ်တို့၌ အဆုံး အဖြတ်ကို ဘိက္ခုပါတိမောက်အဖွင့်၌ ဆိုအပ်ပြီးသောနည်းအတိုင်း သိ၊ အထူး ကား–ဘိက္ခုနီမသည် သံဃာအသင်းကဲ့အောင် မပြုလုပ်နိုင်၊ သို့သော် ကဲ့ပြား စေခြင်းငှါကား လုံ့လပြုနိုင်သည်၊ ကဲ့ပြားစေခြင်းငှါ လုံ့လပြုသောရဟန်းတို့၏ အယူသို့လည်း အတုလိုက်နိုင်သည်ဟု သိ။

နိဂုံး။ ။သံဃာဒိသေသ် ၁၇-ပါးတို့တွင် ဘိက္ခု, ဘိက္ခုနီ နှစ်မျိုးစလုံးနှင့် ဆက်ဆံသော သာဓာရဏသိက္ခာပုဒ်ကား ၇-ပါး၊ ဘိက္ခုနီမမျှားနှင့် သာ ဆက်ဆံသော အသာဓာရဏသိက္ခာပုဒ်ကား ၁၀-ပါး ဖြစ်၏၊ ဘိက္ခုနီမ သည် သံဃာဒိသေသ်အာပတ်သင့်သော် ၎င်းအာပတ်ကို ဖုံးလွှမ်းသည်ဖြစ်စေ, မဖုံးလွှမ်းသည်ဖြစ်စေ ပရိဝါသ်နေရခြင်း မည်သည်မရှိ။ ဖုံးလွှမ်းသော်လည်း ရဟန်းယောကျ်ားများကဲ့သို့ ဒုက္ကဋ်အာပတ်မသင့်၊ ထို့ကြောင့် ဖုံးလွှမ်းသည် ဖြစ်စေ, မဖုံးလွှမ်းသည်ဖြစ်စေ ဘိက္ခုနီသံဃာ၌ ပက္ခမာနတ်တောင်း ကမ္မဝါဖတ်, အဆုံး၌ မာနတ်ဆောက်တည်၊ နိက္ခိတ္တဝတ်ဖြစ်အံ့ မာနတ်ချထား၊ အရှက် မတက်မီ ပကတတ်ဖြစ်သော ဘိက္ခုနီမ လေးပါးက ထိုဘိက္ခုနီမကို ခေါ်၍ မိမိတို့နေသော ရွာဂါမူပစာရမှ၎င်း, ရဟန်းယောကျ်ားတို့၏ ဝိဟာရပစာရမှ၎င်း

၄-ဝိဇ္ဇာရဇ္ဇေသ နိဿဇ္ဇိယ

ပန၊ အာဘို့....။အယျာယော၊-တို့။ ခေါ၊-စစ်။ (တတြ၊-၌။ပရိယာ
ပန္နော၊-ကုန်သော။)တိ ံသ၊-ကုန်သော။ နိဿဂ်ိယာ၊-ကုန်သော။ပါစိတ္တိ
ယာ၊-ကုန်သော။ ဣမေ မမွာ၊-တို့သည်။ ဥဒ္ဒေသံ၊-သို့။ အာဂစ္ဆန္တိ၊-
ကုန်၏။

ပတ္တဝဂ္ဂ၊ ၁-ပတ္တသန္နိစယ

၁။ ယာ ပန ဘိက္ခုနီ၊-သည်။ပတ္တသန္နိစယံ၊(အဓိဋ္ဌာန်မတင် ဝိကပ္ပနာ
မပြုသော) သပိတ်ကို တရက်မျ သိုမှီးခြင်းကို။ ကရေယျ၊-အံ့။ တဿာ
ဘိက္ခုနိယာ၊-အား။နိဿဂ်ိယံ၊-သော။ပါစိတ္တိယံ၊-သည်။ဟောတိ၊-၏။

ခဲနှစ်ကျလွန်အောင် လမ်းမကြီးမှဖဲ၍ ချုံစသည် ဖုံးလွှမ်းသော အရပ်၌ နေ၍
ရဟန်းလေးပါးလည်း ထိုအရပ်သို့ သွား၍ မနီးမဝေး၌ နေရမည်၊ မာနတ်
ယူထားသော ဘိက္ခုနီမသည် ရှေးဦးစွာ မာနတ်ဆောက်တည်ကြား၊ ထို့နောက်
ရဟန်းများထံသွား၍ မာနတ်ဆောက်တည်ကြား၊ ထို့နောက် ဘိက္ခုနီမများထံ
ပြန်၍ နေရမည်။ အနိဂ္ဂိတ္ထဖြစ်အံ့ နေ့စဉ် ဘိက္ခုလေးပါးထံ, ဘိက္ခုနီမလေးပါး
တို့ထံ၌ ကြားရမည်။

[ဤကား အကျဉ်းတည်း၊ အကျယ် သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ၌ပြီ။]

သံဃာဒိသေသ် ပြီး၏။

ပတ္တဝဂ္ဂ၊ ၁-ပတ္တသန္နိစယ

၁။ ပတ္တသန္နိစယံ။ ။သန္နိစယသဒ္ဒါ သိုမှီးခြင်း သန္နိဓိအနက်ကို ဟော၏။
အဓိဋ္ဌာန် ဝိကပ္ပနာ တခုခု မတင် မပြုဘဲ အဓိဋ္ဌာန်
လောက်သော သပိတ်ကို တရက်မျ သိုမှီးထားခြင်းကို ဆိုသည်။ ရဟန်း
ယောကျ်ားများ အဓိဋ္ဌာန် ဝိကပ္ပနာ မတင် မပြုဘဲ ဆယ်ရက်အထိ ထားနိုင်
၏။ သို့သော် ဘိက္ခုနီမများကား အဓိဋ္ဌာန် ဝိကပ္ပနာ တခုခု မတင် မပြုဘဲ
တည်ဉ့်မျှလွန်အောင် မထားရ၊ ထားက နိဿဂ်ိပါစိတ်ဟူ၏။

၂-အကာလစီဝရ

၂။ ယာ ပန ဘိက္ခုနီ၊-သည်။ အကာလစီဝရံ၊ အကာလသင်္ဃန်းကို။ ကာလ စီဝရန္တိ၊ ကာလသင်္ဃန်းဟူ၍။ အဓိဋ္ဌဟိတ္ဝာ၊ ဆောက်တည်၍။ ဘာဇာပေယျ၊ ဝေဖန်စေငြားအံ့။ တဿာ ဘိက္ခုနိယာ၊-အား။ –၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ဘိက္ခုနီမများ၊ ပတ္တာသန္ဒီစယ ဝတ္ထု၊ ကြွင်းသောစကား အစဉ်ကို ဘိက္ခုပါတိမောက် ပတ္တသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိ၊ ဆယ်ရက်လွန်နှင့် တရက်လွန်သာထူး၏။

ပထမနိဿဂ္ဂိ ပတ္တ သန္ဒီစယ သိက္ခာပုဒ်ပြီး၏။

၂–အကာလစီဝရ

ကာလ အကာလ အရ။ ။ဘိက္ခု၊ ပါတိမောက် တတိယကထိန သိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်း ယူရမည်ဟု သိ၊ **အကာလသံဃိက** သင်္ဃန်းကို ဝါကျွတ်ဝါပြတ်မှစ၍ တိုက်တာအတွင်းရှိ သံဃာအားလုံး ဝေဖန်ရသည်၊ ကာလသံဃိက သင်္ဃန်းကိုကား ထိုကျောင်းတိုက်မှာ ဝါကျွတ်သောသံဃာသာ ဝေဘန်ရသည်ဟုမှတ်။....သင်္ဃန်းကာလ၌ လှူသော သင်္ဃန်းပင်ဖြစ်သော်လည်း ရည်စူး၍ လှူမူ အကာလ သင်္ဃန်း ဖြစ်ကောင်း**သေး၏**။

ရည်စူးလှူပုံ–တပည့်တော်အိမ် ရောက်လာသော အရှင်မြတ်များ ဝေဖန်၍ ယူကြပါဟူ၍ဌင်း, ဤသင်္ဃန်းကို သုတ္တန်ဆောင်စသော ဂိုဏ်းအား လှူပါ၏ဟူ၍ဌင်း, ဤသင်္ဃန်းကို အရှင်ဘုရားအား လှူပါ၏ဟူ၍ဌင်း, ဆို၍ လှူသည်ဖြစ်စေ၊ လှူလိုသဖြင့် ခြေရင်း၌ထား၍ သွားသည်ဖြစ်စေ၊ ဤလှူခြင်းမျိုးကို ရည်စူး၍လှူသည်ဟူ၏။ ဤအကာလသင်္ဃန်းမျိုးကို သံဃာအားလုံး ဝေဖန်၍ မယူရ၊ ဒါယကာရည်စူးသော သူများသာ ရနိုင်သည်ဟုသိ။

ဤအကာလသင်္ဃန်းကို ကာလသင်္ဃန်းဟု ဆောက်တည်၍ ဝေဖန်သော ဘိက္ခုနီမအား ပယောဂတိုင်း ဒုက္ကဋ်၊ ဝေဖန်ရာမှ မိမိရသောသင်္ဃန်းကား နိဿဂ္ဂိ၊ စွန့်သောသင်္ဃန်းကို တဖန်ပြန်ရသော် နောက် မိမိသင်္ဃန်းကို ပြန်လိုချင်၍ သင့်သင်္ဃန်း သင်ပြန်ယူ, ငါ့သင်္ဃန်း ငါ့ပြန်ပေး စသည်ဖြင့် ပြောပြီး သက သညာဖြင့် ကိုယ်တိုင်လုယူရာ၌ တထုပ်လည်း ဒါယကာရည်စူး၍ လှူရာ၌သာ

၄-အစ္ဆိန္ဒန

၃။ ယာပန ဘိက္ခုနီ၊–သည်။ ဘိက္ခုနိယာ၊–နှင့်။ သဒ္ဒိ၊က္ခ။ စိဝရံ၊ ကို။ ပရိဝတ္တေတွာ၊ လဲလှယ်ပြီး၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊–၌။ ဧဝံ၊–သို့။ ဝဒေယျ၊—၏။ ကိံ ဝဒေယျ၊–နည်း။အယျေ၊—မ။ တုယ္ဟံ၊–၏။ စိဝရံ၊–ကို။ ဟန္ဒ၊ ယူလော့။ မေ၊–၏။ တံ စိဝရံ၊–ကို။ အာဟရ၊ ဆောင်ယူခဲ့လော့။ ယံ၊ အကြင် သင်္ဃနိုးသည်။ တုယ္ဟံ၊–၏။ စိဝရံ၊–တည်း။ဧတံ၊ ဤသင်၏သင်္ဃနိုးသည်။ တုယ္ဟမေဝ၊ သင့်အားသာလျှင်။ ဟောတု၊ ဖြစ်

ပြန်ပေးရမည်၊ ဒသာဟာ့တိက္ကန္တ ကြောင့်ဖြစ်သော နိဿဂ္ဂိသင်္ဃနိုးကဲ့သို့ မိမိယူမထားရဟု မှတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထူလ္လနန္ဒာ၊ အကာလသင်္ဃနိုးကို ကာလသင်္ဃနိုးဟု ဆောက်တည်၍ ဝေဖန်သော ဝတ္ထု၊ အကာလ သင်္ဃနိုး၌ ဝေမတိရှိသော ဘိက္ခုနီမ, ကာလသင်္ဃနိုး၌ အကာလသင်္ဃနိုးဟု မှတ်သော ဘိက္ခုနီမ, ယုံမှားသော ဘိက္ခုနီမတို့အား ဒုက္ကဋ်၊ ကာလ-အကာလနှစ်မျိုး၌ပင် ကာလဟု မှတ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ အကာလသင်္ဃနိုးဖြစ်ခြင်း, အကာလဟု အမှတ်ရှိခြင်း, ကာလသင်္ဃနိုးဟု ဆောက်တည်၍ အမြွက်ထောင်၍ ဝေဖန်ခြင်း, ရခြင်း၊အင်္ဂါလေးပါး၊....သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်— အကာလဟူ၊ သင်္ဃနိုး မူဖြစ်၊ မှတ်လစ် ထို့တူ၊ ကာလဟူခြား၊ ဆောက်တည် ထားဝေဖန်၊ ရတုံပြန်က၊ အင်္ဂလေးဝ၊ အကာလ စိဝရာ။

ဒုတိယ နိဿဂ္ဂိ အကာလစိဝရသိက္ခာပုဒ်ပြီး၏။

၅-အစ္ဆိန္ဒန

အစ္ဆိန္ဒေယျ အစ္ဆိန္ဒာပေယျ။ ။ဘိက္ခုနီမဟာယောက်သည် ဘိက္ခုနီမတယောက်နှင့် သဘောတူ သင်္ဃနိုး လဲပြီးထည်း ထုတ်ထားအံ့ များသော်လည်း အာပတ်တချက်သာ၊ မထုတ်ရာ၌ အရေအတွက်အတိုင်း အာပတ်သင့်၏။ လုခိုင်းရာ၌ တကြိမ်ခိုင်းခြင်းဖြင့် သင်္ဃနိုးများကို လုသော်လည်း အာပတ်တချက်သာ။ သူပိုင်မှန်းသိလျက် လုယူအံ့။ တန်ဘိုးအလျောက် အာပတ်ဖြင့် ဆုံးဖြတ်ရမည်ဟု သိ။

စေ။ ယံ၊—သည်။ မေ၊—၏။ စီဝရံ၊—တည်း။ ဧတံ၊ ဤ ငါ၏သင်္ကန်းသည်။ မယှမေဝ၊ ငါ့အား၊သာလျှင်။ ဟောတု၊—စေ။ မေ၊—၏။ တံ စီဝရံ၊—ကို။ အာဟရ၊—လော့။ သင်္ကံ၊ မိမိဥစ္စာကို။ ပစ္စာဟရ၊ တဖန်ယူသွား၊လော့၊ ဣတိ၊—သို့။ ဝဒေယျ၊—အံ့။ ဣတိ၊ ဤသို့ဆိုပြီး၍။အစ္ဆိန္ဒေယျ ဝါ၊ ကိုယ်တိုင်လည်း လုယူငြားအံ့။ အစ္ဆိန္ဒာပေယျဝါ၊ သူတပါးကိုလည်း လုယူစေငြားအံ့။ တဿာ ဘိက္ခုနိယာ၊—အား၊—၏။

၄-အညံဝိညာပန

၄။ ယာ ပန ဘိက္ခုနီ၊—သည်။ အညံ၊ တပါးသော ထောပတ်ကို။ ဝိညာပေတ္ဝာ၊ တောင်းစေပြီး၍။ အညံ၊ တပါးသော ဆီကို။ ဝိညာပေယျ၊ တောင်းစေငြားအံ့၊—၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ သင်္ကန်းလဲလှယ်ပြီး နောက်မှ လုယူသောဝတ္ထု၊ သာ၊ တိကပါစိတ်၊ သင်္ကန်းမှတပါး ပရိက္ခရာကို, သာမဏေမ၏ သင်္ကန်းကို လုယူရာ၌ တိက ဒုက္ကဋ်၊ လဲလှယ်ဖလယ်သော ဘိက္ခုနီမက ပြန်ပေးသည်ကို ယူခြင်း, အကျမ်းဝင်၍ ယူခြင်း, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ရဟန်းမိန်းမ ဖြစ်ခြင်း, လဲသောသင်္ကန်း ဝိကပ္ပနာ လောက်ခြင်း, သက သညာဖြင့် လုခြင်း-လုစေခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်——ရဟန်းဖြစ်မှု၊ လဲလှယ်ပြုမြောက်၊ ဝိလောက်စီဝရ၊ သကသညေ၊ လု-လုစေက၊ အင်္ဂသုံးဝ၊ တိယ အစ္ဆိန္နနာ။

တတိယအစ္ဆိန္နန သိက္ခာပုဒ် ပြီး၏။

၄-အညံ ဝိညာပန

အညံ ဝိညာပေယျ။ ။ဒါယကာက ဖြစ်စေ၊ ဒါယိကာမက ဖြစ်စေ မမာသော ဘိက္ခုနီမကို ရှင်မ အဘယ်အနာကြောင့် မကျန်းမာပါသနည်း, အဘယ်ဆေးကို အလိုရှိပါသနည်းဟု မေးလာသည်ရှိသော် ထောပတ်ကို အလိုရှိ၏၊ထောပတ်ကို ဆောင်ယူခဲ့လော့ဟုသိစေပြီး တောင်းပြီးမှ ထောပတ်ကို လာလှူသည်ရှိသော် ထောပတ်ကိုလည်း လှူ၍ ဆီကိုလည်း လှူပေလိမ့်မည် ဟူသော အနေမျိုးဖြင့် ဤထောပတ်ကို ငါ အလိုမရှိတော့, ဆီကိုသာ

၅-အည် စေတာပန

၅။ ယာ ပန ဘိက္ခုနီ၊ – သည်။ အည်၊တပါးသော ဆေးကို။ စေတာပေတ္ဝာ၊ ဝယ်စေပြီး၍။ အည်၊ တပါးသော ဆေးကို။ စေတာပေယျ၊ ဝယ်စေငြားအံ့၊ – ၏။

အလိုရှိတော့သည်ဟု ထောပတ်မှတပါး ဆီကို တောင်းခြင်းမျိုးကို ဆိုသည်၊ မိမိတောင်းတိုင်း ဆောင်ယူလာသည်မှ တပါးသော ဝတ္ထုကိုတောင်းသော ဘိက္ခုနီမဒုက္ကဋ်၊ ရသော် နိဿဂ်ပါစိတ်။

နီဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ တောင်းပြီးသည်မှ တပါးကို တောင်းသော ဝတ္ထု၊ တိကပါစိတ်၊ တပါးမဟုတ်သော ဆေး၌ ဒုက ဒုက္ကဋ်၊ တပါးမဟုတ်သော ဆေး၌ တပါးမဟုတ်ဟု မှတ်၍တောင်းသော ဘိက္ခုနီမ, တောင်းပြီးသား မလောက်၍ တဖန်တောင်းသော ဘိက္ခုနီမ, တောင်းပြီးသား ဆေးနှင့်တကွ တပါးသော ဆေးကို အလိုရှိ၍ တောင်းသော ဘိက္ခုနီမ, တောင်းပြီးသားဆေးမှ တပါးသော ဆေးသည် **အာဘိုးနည်း၏,** အကျိုးကား ဤသို့ရှိ၏ဟု အကျိုးကိုပြ၍ သက်သက် တပါးသော ဆေးကို တောင်းသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ **အမြဲက်ေ**ထာင်၍ ယူလိုခြင်း, တပါးသော ဆေးကိုတောင်းခြင်း, ရခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် သဉ္ဆရိတ္တနှင့် တူပြီ။

ဆောင်—အမြဲက်ေထာင်လျက်၊ယူလိုချက်ထား၊ တပါးဆေးကို၊ တောင်းဆို ရက၊ အင်သုံး၀၊ မှတ်ကြ စတုတ္ထာ၊ အည၀ိညာပနာ။

စတုတ္ထ အည်ဝိညာပန သိက္ခာပုဒ် ပြီး၏။

၅-အည် စေတာပန

အည် စေတာပေတ္ဝာ။ ။မိမိ၏ အပ်သော ကပ်ပိယဘဏ္ဍာဖြင့် ဆီစသောအလိုရှိရာ ဝတ္ထုတခုခုကို တယောက်ယောက်အား လဲလှယ်ဝယ်ခိုင်းခြင်းကို ဆိုသည်။

အည် စေတာပေယျ။ ။ခိုင်းသောအတိုင်း လဲလှယ် ဝယ်ယူခဲ့သည်ရှိသော် ရှေးဦးစွာ လဲလှယ် ဝယ်ယူခဲ့ပြီးသော ဆီစသည်မှ တပါးသော ထောပတ်စသည်ကိုလည်း ပေးလှူပေလိမ့်မည် အနေမျိုးဖြင့် ငါ့အား

၆-အည့် စေတာပန

၆။ ယာ ပန ဘိက္ခုနီ၊–သည်။ အညဒတ္ထိကေန၊တပါးသော ပရိက္ခရာ အကျိုးငှါလှူအပ်သော။ အညုဒ္ဒိသိကေန၊တပါးသောပရိက္ခရာကို ရည်ညွှန်း၍ လှူအပ်သော။ သံဃိကေန၊ သံဃာအား စွန့်လွှတ်လှူဒါန်းအပ်သော။ ပရိက္ခာရေန၊ (အပ်သော) ပရိက္ခရာဖြင့်။ အည့်၊ တပါးသောပရိက္ခရာကို။ စေတာပေယျ၊ လဲလှယ်စေငြားအံ့။–၏။

ဤဆိုဖြင့် အလိုမရှိတော့,ထောပတ်ကိုသာ လိုချင်သည်ဟု ရှေးဦးစွာ လဲလှယ်ယူလာသော ဆီမှတပါးသောထောပတ်ကို ပြန်လဲခိုင်းခြင်းကို ဆိုသည်၊ထိုသို့ပြန်လဲခိုင်းသော ဘိက္ခုနီမအား ပယောဂတိုင်းဒုက္ကဋ်၊ပြန်လဲပေးသည်ဖြစ်စေ တပါးသော ဝတ္ထုဖြင့် ဝယ်ပေးသည်ဖြစ်စေ တနည်းနည်းဖြင့် ရသော် နိဿဂ္ဂိပါစိတ်။

အကြွင်း စတုတ္ထသိက္ခာပုဒ်နှင့် တူပြီ။

ပဉ္စမအည့်စေတာပန ပထမသိက္ခာပုဒ် ပြီး၏။

၆-အည့် စေတာပန

သံဃိကေန ပရိက္ခာရေန။ ။ဒါယကာမျာ်းက ဘိက္ခုနီမသံဃာအား စွန့်လွှတ်လှူဒါန်းအပ်သော ကပ္ပိယ ဘဏ္ဍာကို "သံဃိကပရိက္ခာရ" အရယူ။

အည့် စေတာပေယျ။ ။ ဤမည်သော ပရိက္ခရာကို သုံးဆောင်ကြပါဟု ရည်ညွှန်း၍ လှူအပ်သောပရိက္ခရာမှ တပါးသော ပရိက္ခရာကို လဲလှယ်ခိုင်းခြင်းကို ဆိုသည်။ ဥပမာ–သင်္ဃာန်းကို လဲလှယ်၍ သုံးဆောင်ဝတ်ရုံပါဟု လျှောက်၍ တယောက်ယောက်ထံ အပ်နှံထားခဲ့သော ဆန်စသောအပ်သော ဘဏ္ဍာဖြင့် ထောပတ်ကို လဲခိုင်းခြင်းမျိုးဟူ၏။ထိုသို့လဲခိုင်းသော ဘိက္ခုနီမအား ပယောဂတိုင်း ဒုက္ကဋ်၊ ရသော် နိဿဂ္ဂိပါစိတ်။ ပစ္စည်းကိုစွန့်ပြီး ဒါယကာတို့ မူလရည်ညွှန်းတိုင်းသောဝတ္ထုကိုသာ ထပ်လဲခိုင်းပြီး သုံးဆောင်ရသည်။

နီဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမမျာ်း၊ ရည်ညွှန်းသော ပရိက္ခရာမှတပါးသော ဗရိက္ခရာကို လဲသောဝတ္ထု၊ တိကပါစိတ်။ ရည်၍ လှူသည်၌ ဒုကဒုက္ကဋ်၊ရည်၍လှူသည်၌ ရည်၍လှူသော ဝတ္ထုဟု မှတ်၍ ဆောင်ခိုင်းသော ဘိက္ခုနီမ, အကြွင်းကို တပါးသော ပရိက္ခရာကို ဆောင်ခိုင်းသော

၇-အည်ံ စေတာပန

၇။ယာ ပန ဘိက္ခုနီ၊ – သည်။အညဒတ္ထိကေန၊ – သော။အညုဒ္ဒိသိကေန၊ – သော။ သံဃိကေန၊ – သော။သညာစိကေန၊ ကိုယ်တိုင်တောင်းအပ်သော။ ပရိက္ခာရေန၊ – ဖြင့်။ အည်ံ၊ – ကို။ စေတာပေယျ၊ – အံ့။ – ၏။

ဘိက္ခုနီမ, ဒါယကာတို့ကို ပန်ကြား၍ အလိုရှိရာကိုလဲခိုင်းသော ဘိက္ခုနီမ, ဘေးရန်ရှိသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။

အကြောင်း စတုတ္ထနှင့် တူပြီ။

ဆဋ္ဌအည်ံစေတာပန ဒုတိယသိက္ခာပုဒ် ပြီး၏။

၇-အည်ံ စေတာပန

၇။ ဤသိက္ခာပုဒ်၌ တစုံတခုသော ပစ္စည်းအကျိုးငှါ ရည်ညွှန်း၍ လှူအပ်သော သံဃိကပရိက္ခရာတမျိုး, ကိုယ်တိုင်တောင်းအပ်သော ပရိက္ခရာတမျိုးဟု နှစ်မျိုးယူသင့်သည်၊ ဤပရိက္ခရာနှစ်မျိုးဖြင့် ရည်ညွှန်းအပ်သော ပစ္စည်းမှ တပါးသော ပစ္စည်းကို လဲခိုင်းခြင်းသာ ထူး၏။

သညာစိကေနကို သယံ ယာစိတကေနာပိ ဟု ကခ်ါဖွင့်ခြင်းခြင်းကြောင့် သံယာစိကေန ပရိက္ခာရေနကို ကိုယ်တိုင်တောင်းအပ်သော ပရိက္ခရာဖြင့်လည်း ဟု အနက်ပေး။

ဤအလို အပိသဒ္ဒါ သံဃိကေန ဟူသော ဆိုအပ်ပြီးသည်ကို ဆည်းသည်။ ပါဠိတော်၌ သယံပိ ယာစိတ္ဝာကို ထောက်သည်။

ဝါဒတပါး။ ။ဆရာကြီးများကား မိမိကိုယ်တိုင် တောင်းအပ်သော သင်္ကန်းစသည်ကို ရည်၍ လှူအပ်သော ပရိက္ခရာဖြင့်သာ ဆေးစသော ပစ္စည်းကို လဲလှယ်သော ဘိက္ခုနီမအား နိဿဂ္ဂိယပါစိတ် သင့်သည်မဟုတ်၊ သူတပါးကို တောင်းခိုင်း၍ရသော ပရိက္ခရာဖြင့်လည်း ဆေးစသော ပစ္စည်းကို လဲလှယ်သော ဘိက္ခုနီမအားလည်း နိဿဂ္ဂိယပါစိတ် သင့်၏ဟု အပိသဒ္ဒါမဆိုအပ်သေးသော သူတပါးကို တောင်းခိုင်း၍ ရသော ပရိက္ခရာကို ပေါင်းခြင်း သမ္ပိဏ္ဏန အနက်ကြံကြ၏။

သတ္တမ အည်ံ စေတာပန တတိယသိက္ခာပုဒ် ပြီး၏။

၈–အညံ စေတာပန

၈။ ယာ ပန ဘိက္ခုနီ၊–သည်။ အညဒတ္ထိကေန၊–သော။ အညုဒ္ဒိသိ-ကေန၊–သော။ မဟာဇနိကေန၊ နှစ်ပါး သုံးပါး ဂိုဏ်းအား လှူဒါန်း အပ်သော။ ပရိက္ခာရေန၊–ဖြင့်။ အညံ၊–ကို။ စေတာပေယျ၊–အံ့။–၏။

၉–အညံ စေတာပန

၉။ ယာ ပန ဘိက္ခုနီ၊–သည်။ အညဒတ္ထိကေန၊–သော။ အညုဒ္ဒိသိ-ကေန၊–သော။ မဟာဇနိကေန၊–သော။ သညာစိကေန၊–သော။ ပရိက္ခာ-ရေန၊–ဖြင့်။ အညံ၊–ကို။ စေတာပေယျ၊–အံ့။–၏။

၈–အညံ စေတာပန

မဟာဇနိကေန။ ။မဟာသဒ္ဒါ ဂိုဏ်းကို ဟော၏။နှစ်ပါး သုံးပါး စသော ဂိုဏ်း, သုတ္တန်ဆောင်စသော ဂိုဏ်းများကိုယူ။ဇနိကသဒ္ဒါ စွန့်လွှတ် လှူဒါန်းခြင်း ပရိစ္စတ္တအနှက်ဟော။ ဤသိက္ခာပုဒ်ကား ဂိုဏ်းအား လှူခြင်းသာ ထူး၏။ အကြွင်း ဆဋ္ဌသိက္ခာပုဒ်နှင့် တူပြီ။

အဋ္ဌမအညံစေတာပန စတုတ္ထသိက္ခာပုဒ် ပြီး၏။

၉–အညံ စေတာပန

၉။ ဤ နဝမ သိက္ခာပုဒ်၌ သညာစိကေန-သာ အဋ္ဌမထက် ပို၏။ ဂိုဏ်းအား လှူသောပရိက္ခာရာ, ကိုယ်တိုင်တောင်းအပ်သော ပရိက္ခာရာ နှစ်မျိုးဖြင့် ရည်ညွှန်း အပ်သည်မှ တပါးသော ပစ္စည်းကို လဲခြင်းတည်း။ အကြွင်း ဆဋ္ဌနှင့်တူပြီ။

နဝမ အညံ စေတာပန ပဉ္စမသိက္ခာပုဒ် ပြီး၏။

၁၀–အည့် စေတာပန

၁၀။ ယာ ပန ဘိက္ခုနီ၊–သည်။ အညဒတ္ထိကေန၊–သော။ အညုဒ္ဒိသိ-
ကေန၊–သော။ ပဂ္ဂလိကေန၊ ပဂ္ဂိုလ်အား လျှ။ဒါန်းအပ်သော။ သညာစိ-
ကေန၊-သော။ ပရိက္ခာရေန၊-ဖြင့်။ အည့်၊-ကို။ စေတာပေယျ၊-အံ့။-၏။
ပထမော၊–သော။ ပတ္တိဝဂ္ဂေါ၊–သည်။ နိဋ္ဌိတော၊–ပြီ။

၁၀–အည့် စေတာပန

၁၀။ ဤ ဒသမသိက္ခာပုဒ်၌ ပဂ္ဂလိကေနသာ ထူး၏။ အကြွင်း ဆဋ္ဌနှင့် တူပြီ။
နိဒါန်းစသည်။ ။သာဝတ္ထိ၊ တုလ္လနဒ္ဒ၊ ရည်စူး၍လျှ။သော ပရိက္ခာရာမှ
တပါးသော ပရိက္ခာရာကို လဲသောဝတ္ထု။ အကြွင်း ဆဋ္ဌ
နှင့် တူပြီ။

ဒသမ အည့် စေတာပန ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

ပတ္တဝဂ် ပြီး၏။

စီဝရဝဂ္ဂ၊ ၁-ဂရုပါဝုရဏ

၁။ ဂရုပါဝုရဏံ၊ လေးသော ခြုံစရာ သင်္ကန်းကို။ စေတာပေန္တိယာ၊ ဝယ်စေသော။ ဝါ၊ တောင်းသော။ ဘိက္ခုနိယာ ပန၊–သည်။ စတုက္ကံသ-ပရမံ၊ လေးကံသ တဆယ့်ခြောက် အသပြာထိုက်သော ခြုံစရာ သင်္ကန်းကို။ စေတာပေတဗ္ဗံ၊ တောင်းအပ်၏။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်။ စေ စေတာပေယျ၊–အံ့။ တဿာ ဘိက္ခုနိယာ၊—အား။–၏။

စီဝရဝဂ္ဂ၊ ၁-ဂရုပါဝုရဏ

ဂရုပါဝုရဏံ။ ။ဆောင်းတွင်းစသော အေးသောအခါ၌ ခြုံစရာ ခြုံထည်သင်္ကန်း ကို ဆိုသည်။

စတုက္ကံသ ပရမံ။ ။စတုက္ကံသ ဟူသည် ကံသ တခုသည် လေးကျပ်ဖြစ်၏။ ထို့ကြောင့် လေးကံသကား တဆယ့်ခြောက်ကျပ် ဖြစ်သည် ဟု သိ။

စေတာပေတဗ္ဗံ။ ။တောင်းအပ်သူ အရ-တရားဟောကောင်းခြင်း စသော တခုခုသောဂုဏ်ကို ကြည်ညို၍ အလိုရှိရာ တောင်းပါဟု ရုတ်တရက် ဖိတ်ထားသူကို ယူ။ သီတင်းသုံးဖော် ပါးယောက်နှင့် ဉာတိ, ပဝါ ရိတတို့ကို မယူရဟု သိ။

ဂုဏ်ကိုကြည်ညို၍ အလိုရှိရာ တောင်းတော်မူပါဟု ရုတ်တရက် ဖိတ်ထားသူ အား အေးသောအခါဖြစ်၍ တောင်းလျှင် ဆယ့်ခြောက်ကျပ်တန်သာ တောင်းရ မည်၊ ထို့ထက် အဘိုးတန်သော အခြုံကို တောင်းအံ့ ဒုက္ကဋ်၊ ရသော် နိဿဂ္ဂိ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ကောသလမင်းကို ကမ္မလာ တောင်း သောဝတ္ထု။ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ လေးကံသအောက် ယုတ်ရာ၌ ယုတ်၏ဟု အမှတ်ရှိသော ဘိက္ခုနိမ, လေးကံသထိုက်သော အရုံကို တောင်းသော ဘိက္ခုနိမ, ဉာတက ,ပဝါရိတတို့ထံ တောင်းသော ဘိက္ခုနိမ, သူတပါးအကျိုးငှါ တောင်းသော ဘိက္ခုနိမ, မိမိဥစ္စာဖြင့် ဝယ်သော ဘိက္ခုနိမ, အဘိုးများစွာထိုက်သော အရုံဝယ်မည့် သူကို အဘိုးနည်းနည်း ထိုက်သော အရုံကို ဝယ်ခိုင်းသော ဘိက္ခုနိမ,ဥမ္မတ္တိကာ စသော ဘိက္ခုနိမတို့အား အနာပတ္တိ။ ချမ်းသောအခါ ခြုံစရာသင်္ကန်း ဖြစ်ခြင်း, လေးကံသထက် လွန်ခြင်း, ခွင့်မပြု အပ်သည်၌ တောင်းခြင်း, ရခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် သဉ္ဉရိတ္တ နှင့် တူပြီ။

၂-လဟုပါဝုရဏ

၂။ လဟုပါဝုပါရဏံ၊ ပေါ့သော ခြုံစရာ သင်္ကန်းကို။ စေတာပေန္တိယာ၊ –သော။ ဘိက္ခုနိယာ ပန၊ –သည်။ အမှုတေယျ ကံသ ပရမံ၊ နှစ်ကံသခဲ့ ဆယ်အသပြာထိုက်သော ခြုံစရာ သင်္ကန်းကို။ စေတာပေတဗ္ဗံ၊ –၏။တတော၊ –ထက်။ ဥတ္တရိ၊ –လွန်။ စေ စေတာပေယျ၊ –အံ့။ –၏။

နိဿဂ္ဂိယာ ပါစိတ္တိယာ၊ –တို့သည်။ သမတ္တာ၊ ပြီးကုန်ပြီ။

ဆောင်––ချမ်းအေးသောခါ၊ခြုံစရာစီဝရ၊လေးကံသလွန်မှု၊ခွင့်မပြု တောင်း၊ ရကြောင်းလေးဟု၊ အင်္ဂါစု၊ ဂရုပါဝုရဏာဝ။

ဂရုပါဝုရဏ သိက္ခာပုဒ် ပြီး၏။

၂-လဟုပါဝုရဏ

လဟုပါဝုရဏံ။ ။ပူအိုက်သော နွေအခါမျိုး၌ ခြုံစရာသင်္ကန်းကို ဆိုသည်။

အမှုတေယျ ကံသအရ ဆယ်ကျပ်ဟုယူ၊ ပူအိုက်သော နွေအခါမျိုး၌ ခြုံရန်သင်္ကန်းကို တောင်းလျှင် အလွန်ဆုံး တဆယ်တန်သာ တောင်းရမည်၊ ထို့ထက် အဘိုးတန်သော ခြုံထည်ကို တောင်းအံ့ ဒုက္ကဋ်၊ ရသော် နိဿဂ္ဂိ ပါစိတ်။

အကြွင်း ပထမသိက္ခာပုဒ်နှင့် တူပြီ။

လဟုပါဝုရဏ သိက္ခာပုဒ်ပြီး၏။

နိဿဂ္ဂိပြီးပြီ။

၄-ဝိဇ္ဇာရဒ္ဓေသ-သုဒ္ဓပါဒိတ္တိယ

ပန၊ အာဘို့....။ အယျာယော၊–တို့။ ခေါ၊–စစ်။ တတြ၊–၌။ ပရိယာပန္နော၊–ကုန်သော။ ဆသင်္ဌိသတော၊ တရာ့ ခြောက်ဆယ့် ခြောက်ပါးကုန်သော။ ပါစိတ္တိယာ၊–ကုန်သော။ ဣမေ ဓမ္မာ၊–တို့သည်။ ဥဒ္ဒေသံ၊–သို့။ အာဂစ္ဆန္တိ၊–ကုန်၏။

လသုဏဝဂ္ဂ၊ ၁-လသုဏ

၁။ ယာ ပန ဘိက္ခုနီ၊–သည်။လသုဏံ၊–အမြှောင့်များသော ဘဏ္ဍိက ကြက်သွန်ကို။ ဝါ၊ ကြက်သွန်ဖြူကို။ ခါဒေယျ၊–ဘုံ။ တဿာ ဘိက္ခုနိယာ၊–အား။ ပါစိတ္တိယံ၊–၏။

လသုဏဝဂ္ဂ၊ ၁-လသုဏ

လသုဏံ။ ။ကြက်သွန်သည် ပလဏ္ဍုကကြက်သွန်, ဘဉ္ဇုနကကြက်သွန်, ဟရိတကြက်သွန်, စာပကြက်သွန်, ဘဏ္ဍိကကြက်သွန် အားဖြင့် ၎င်းမျိုးပြား၏။ ထိုတွင် ဤသိက္ခာပုဒ် အရ မဂဓတိုင်း၌ ဖြစ်သော အစိမ်းဖြစ်သော ဘဏ္ဍိက ကြက်သွန်ကိုသာယူ။ **ကြွင်းလေးမျိုးကို** သူ့ချည်း **အစိမ်းသက်သက် စားကောင်းသည်ဟု** သိ။

အဆင်း–ပလဏ္ဍုက ကြက်သွန်ကား ဖြောတော့သော **အဆင်းရှိသည်၊** (ကြက်သွန်ဝါ ဟူ၏)။ ဘဉ္ဇုနက ကြက်သွန်ကား နီသော**အဆင်း** ရှိသည်၊ (ကြက်သွန်နီ ဟူ၏)။ ဟရိတ ကြက်သွန်ကား စိမ်းသော **အဆင်းရှိသည်၊** (ကြက်သွန်စိမ်း ဟူ၏)။ ဤသုံးမျိုး၏ **အဆင်း**သာ ကျမ်းဂန်၌ လာ၏။ ကြွင်းနှစ်မျိုး၏ အဆင်းကို မပြ။ သို့သော် စာပ-ကား ကြက်သွန်ဖြူ ဥတုလုံးဖြစ်ဟန်တူသည်။ ဘဏ္ဍိက ကား အမြှောင့်များသော ကြက်သွန်ဖြူ ဖြစ်သည်။

အမြှောင့်–ပလဏ္ဍုက ကား တမြှောင့်သာ ရှိသည်၊ဘဉ္ဇုနက ကား နှစ်မြှောင့် ရှိသည်။ ဟရိတ ကား–သုံးမြှောင့် ရှိသည်။ စာပ ကား အမြှောင့်မရှိ။ ဘဏ္ဍိက ကား လေး ငါးမြှောင့်မှစ၍ အမြှောင့် အများရှိသည်။....ဤဘဏ္ဍိက မည်သော ကြက်သွန်ဖြူကို စားအံ့ဟု အကပ်ခံသော် ဒုက္ကဋ်၊ စားတိုင်း ပါစိတ်၊ ရဟန်းယောကျ်ားဖြစ်မူ ဒုက္ကဋ်။

၂-လောမသံဟရာပန

၂။ ယာ ပန ဘိက္ခုနီ၊ –သည်။ သမ္မာဓေ၊ ကျဉ်းမြောင်းသောအရပ်၌။ ဝါ၊ မင်္ဂါအနီး လက်တတီး ကြား၌။ လောမံ၊ အမွေးကို။ သံဟရာပေယျ၊ ရိတ်နုတ်ငြားအံ့။ တဿာ ဘိက္ခုနိယာ၊ –အား။ ပါစိတ္တိယံ၊ –၏။

ဆောင်— ပလက်-ဘဉ္ဇ၊ ဟရိတ၊ စာပ-ဘဏ္ဍိကာ။
ဖြောင့်-နီ-စိမ်း-မြ၊ ဆင်းရောင်ပြ၊ ရှေးက သုံးခုသာ။
တစ်-နှစ်-သုံးမြောင့်၊ မရှိမြောင့်၊ အမြောင့် များလှစွာ။
ဘဏ္ဍိကသာ၊ လသုဏာ၊ ဤမှာ ယူရပါ။
ဘိက္ခုနီ လသု၊ ပါစိတ်ရှု၊ ဘိက္ခု ဒုက္ကဋ်ာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ကြက်သွန်ဖြူကို ဆောင်စေသောဝတ္ထု။ တိကပါစိတ်၊ ဒုကဒုက္ကဋ်။ ကြက်သွန်ဖြူ မဟုတ်သည်၌ ကြက်သွန်ဖြူ မဟုတ်ဟု အမှတ်ရှိသော ဘိက္ခုနီမ, ပလဏ္ဍုက ဘဉ္ဇနက ဟရိတ စာပ ကြက်သွန်တို့ကို စားသော ဘိက္ခုနီမ, ဟင်း အသား ဆီ ချက်ရာ၌ ထည့်သော ဘဏ္ဍိက ကြက်သွန်ဖြူကို စားသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ကြက်သွန်စိမ်း ဖြစ်ခြင်း, စားခြင်း အင်္ဂါငါးပါး။ ...သမုဋ္ဌာန်စသည် ဇဋ္ဌကလောမနှင့် တူပြီ။

ဆောင်—ကြက်သွန်စိမ်းဖြစ်၊ စားခြင်းဖြစ်က၊ အင်္ဂါစ်ဝ၊မှတ်ကြ လသုဏာ။

လသုဏ ဆိက္ခာပုဒ် ပြီး၏။

၂-လောမသံဟရာပန

သမ္မာဓေ။ ။သမ္မာဓ အရ ကျဉ်းမြောင်းရာ အရပ်ဟူသည် ချိုင်းကြား လက်ကတီးကြားနှင့် ကျဉ်ငယ်ကြောင်းအနီး ပေါင်ကြား အရပ် တို့ကို ယူ။

သံဟရာပေယျ။ ။ပယ်နုတ်ဟူသည် သင်ဓုန်း, မွေးညှပ်, ကပ်ကျေးစသည် တို့တွင် တခုခုဖြင့် ရိတ်, နုတ်, ကိုက်ဖြတ်ခြင်းကို ဆိုသည်။ ထိုကျဉ်းမြောင်းရာအရပ်၌ အမွေးအမြှင်တို့ကို ရိတ်ခြင်းစသည်ကို ပြုသော ဘိက္ခုနီမအား ပယောဂတိုင်း ပါစိတ်၊ ရဟန်းယောကျ်ားဖြစ်မူ ဒုက္ကဋ်။

၃-တလဃာတက

၃။ တလဃာတကေ၊ ကျင်ငယ်ကြောင်းအပြင်ကိုရိုက်နှက်ခြင်းကြောင့်။ ပါစိတ္တိယံ၊ – ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ကျဉ်းမြောင်းသောအရပ်၌ အမွေးကို နုတ်သော ဝတ္ထု။ သာ၊ အာပတ်အပြား မရှိ။ အနာဟူသော အကြောင်းကြောင့် နုတ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ အနာမရှိခြင်း, ကျဉ်းမြောင်းရာ၌ အမွေးကို နုတ်ခြင်း အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် ဘိက္ခုနီမနှင့်အတူ ခရီးသွားသော ကေဒွါနမဂ္ဂကမနသိက္ခာပုဒ်နှင့်တူပြီ။

ဆောင်—အနာမရှိ၊ ကျဉ်းမြောင်းသည့်နေရာ၊ မွေးနုတ်ပါက၊ အင်္ဂနှစ်ဝ၊ လောမသံဟရာ။

လောမသံဟရာပနသိက္ခာပုဒ်ပြီး၏။

၃-တလဃာတက

တလဃာတကေ။ ။တလ-အပြင်၊ ဃာတက-နှိပ်စက်ခြင်း ပုတ်ခတ်ခြင်း၊ ရာဂ ထကြွခြင်းကြောင့် မိမိ၏ ပဿာဝမဂ် အပြင်ကို အယုတ် ဆုံး ကြာရှက် ကြာဝတ်ဆဲတို့ဖြင့် ရိုက်နှက်ပုတ်ခတ်သော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမ နှစ်ယောက်၊ ကျင်ငယ်ကြောင်း အပြင်ကို ပုတ်ခတ်သော ဝတ္ထု။ သာ၊ အာပတ်အပြား မရှိ၊ အိုင်းအမာနာတို့ကို ပုတ်ခတ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ အနာမရှိခြင်း, ကျင်ငယ်ကြောင်း အပြင်ကို ပုတ်ခတ်ခြင်း, အတွေ့ကို သာယာခြင်း အင်္ဂါသုံးပါး။.... သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့်တူပြီ။

ဆောင်—အနာမရှိ၊ ပုတ်ခတ်ဘိခြင်း၊ သာယာခြင်းမျှ၊ အင်္ဂသုံးဝ၊ တလဃာတကာ။

တလဃာတကသိက္ခာပုဒ် ပြီး၏။

၄-ဇတုမဋ္ဌက

၄။ ဇတုမဋ္ဌကော၊ အပြေအပြစ်ပြုအပ်သော ချိပ်တောင့်ကို ပဿာဝမက်သို့ သွင်းခြင်းကြောင့်။ ပါစိတ္တိယံ၊ – ၏။

၅-ဥဒကသုဒ္ဓိက

၅။ ဥဒကသုဒ္ဓိကံ၊ ကျင်ငယ်ကြောင်းကို ရေဆေးခြင်းကို။ အာဒိယ မာနာယ၊ ယူသော။ ဘိက္ခုနိယာ ပန၊ – သည်။ ဒွင်္ဂုလပဗ္ဗ ပရမံ၊ လက်နှစ် ချောင်းတို့တွင် တချောင်းချောင်းဖြင့် လက်နှစ်ဆစ်အတိုင်းအရှည်ရှိသော အရပ်ကို။ အာဒါဟာပ္ပံ၊ ယူအပ်၏။ တံ၊ ထိုအရပ်ကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား။ ပါစိတ္တိယံ၊ – ၏။

၄-ဇတုမဋ္ဌက

ဇတုမဋ္ဌကာ။ ။ဇတု-ချိပ်၊ မဋ္ဌက-ချောမောပြေပြစ်အောင် ပြုထားသည်။ ချောမောပြေပြစ်အောင် ပြုထားအပ်သော ချိပ်တောင့်ကို ဇတုမဋ္ဌက ခေါ်သည်ဟူ၏။ ရာဂထကြွသောကြောင့် အပြေအပြစ်ပြုထားသော ချိပ်တောင့်ဖြင့် ပဿာဝမက်တွင်းသို့ ထိုးသွင်းသော ဘိက္ခုနီမအား ပါစိတ်။

ဤချိပ်တောင့်ကား ဝတ္ထုအားလျော်စွာဆိုခြင်းဖြစ်သည်။ မည်သည့်အတန် မဆို အယုတ်ဆုံး ကြာဝတ်ဆံကလေးမျှကိုပင် သွင်းသောဘိက္ခုနီမအား ပါစိတ် ပင် ဟုသိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ တယောက်သော ဘိက္ခုနီမ၊ ချိပ်ဖြင့် အပြေ အပြစ် ပြုအပ်သော အတံကို ပဿာဝမက်တွင်းသို့ သွင်းသဖြင့် သာယာသောဝတ္ထု။

အကြွင်း တလဿာတကသိက္ခာပုဒ်နှင့် တူပြီ။

ဇတုမဋ္ဌကသိက္ခာပုဒ် ပြီး၏။

၅-ဥဒကသုဒ္ဓိက

ဥဒကသုဒ္ဓိကံ။ ။ဥဒကေန သုဒ္ဓိယာ ကရဏံ ဥဒကသုဒ္ဓိကံ။ ရေဖြင့် စင်ကြယ်အောင် ပြုခြင်း၊ ရေဖြင့် စင်ကြယ်အောင် ပြုခြင်းကို ယူခြင်းဟူသည် အဂ်ါဇာတ်ကို ရေဆေးခြင်းကို ဆိုသည်။

၆-ပါနီယ ဥပတိဋ္ဌ

၆။ ယာ ပန ဘိက္ခုနီ၊-သည်။ ဘုဥ္ဇန္တာသ၊ ဆုံမ်းစားသော။ဘိက္ခုသ၊ –အား။ ပါနီယေနဝါ၊ သောက်ရေဖြင့်ဝင်း။ ဝိဓူပနေနဝါ၊ ယပ်လေ ခပ်သဖြင့်ဝင်း။ ဥပတိဋ္ဌေယျ၊ ဟတ္ထပါသ်၌တည်ငြားအုံ။တသာ ဘိက္ခုနီယာ၊ –အား။ ပါစိတ္တိယံ၊ –၏။

ဒဂ်ုလပဇ္ဇပရမံ အာဒါတဗ္ဗံ။ ။လက် နှစ်ချောင်းတို့တွင် တချောင်းချောင်းကို လက်နှစ်သစ် သွင်းသည်ကို ဆိုသည်။ အင်္ဂါဇာတ်ကို ရေဆေးသောအခါ လက်နှစ်ချောင်းတို့တွင် တချောင်းချောင်းကို လက်နှစ်သစ်နှိုက်၍ ဆေးနိုင်သည်။ လက်နှစ်ချောင်းစလုံး သွင်းလျှင် လက်တဆစ်စီသာ နှိုက်၍ဆေးနိုင်သည်။ ရာဂစွမ်းဖြင့် လက်သုံးချောင်းနှိုက်၍ မဆေးရ၊ လက်နှစ်ချောင်းဖြစ်လျှင် တဆစ်စီထက် ပို၍ နှိုက်မဆေးရ၊ လက်တချောင်းဖြစ်လျှင် နှစ်ဆစ်ထက်အလွန် နှိုက်မဆေးရ၊ ဆေးပါကပါစိတ်။

နိဒါန်းစသည်။ ။သက္ကတိုင်း၊ ဘိက္ခုနီမတယောက်၊ အလွန် နက်အောင် သွင်းသော ဝတ္ထု၊ တိကပါစိတ်၊ ဒုကဒုက္ကဋ်၊ လက်နှစ်ဆစ်အောက် ယုတ်သည်၌ ယုတ်၏-ဟု အမှတ်ရှိသော ဘိက္ခုနီမ, လက်နှစ်သစ်သာ ဆေးသော ဘိက္ခုနီမ, အနာကြောင့် လွန်အောင် ဆေးသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ်တိ။.... အကြွင်းတလွဿာတက သိက္ခာပုဒ်နှင့်တူပြီ။

ဥဒကသုဒ္ဓိကသိက္ခာပုဒ် ပြီး၏။

၆-ပါနီယ ဥပတိဋ္ဌ

၆။ ဘုဥ္ဇန္တာသ။ ။ဘောဇဉ် ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို စားသော ရဟန်းကို ဆိုသည်။

ပါနီယေန ဝိဓူပနေန။ ။သက်သက်သော ရေ, ရက်တက်ရည်, နို့ရည် စသော အရည်သောက်ဘွယ်ကို "ပါနီယ"ခေါ်သည်။ အယုတ်ဆုံးသက်နှံးစွန်းကို အစပြု၍ တခုခုဖြင့် ယပ်ခပ်ပေးခြင်းကို "ဝိဓူပန"ခေါ်သည်။

ဥပတိဋ္ဌေယျ။ ။နှစ်တောင့်ထွာ ဟတ္ထပါသ်၌တည်နေသော ဘိက္ခုနီမကို ဆိုသည်။ ပါနီယ ဝိဓူပန နှစ်ခုတို့တွင် တခုခုကို ယူ၍

၇-အာမကဓညဝဂ်

၇။ ယာ ပန ဘိက္ခုနီ၊-သည်။ အာမကဓညံ၊ စပါးစိမ်းကို။ ဝိညတ္တာ ဝါ၊ တောင်းၗင်း။ ဝိညာပေတ္တာဝါ၊ တောင်းစေၗင်း။ ဘဇ်ိတ္တာဝါ၊ လှော်ၗင်း။ ဘဇ်ာပေတ္တာ ဝါ၊ လှော်စေၗင်း။ ကောဋ္ဋေတ္တာ ဝါ၊ ထောင်းၗင်း။ ကောဋ္ဋာပေတ္တာ ဝါ၊ ထောင်းစေၗင်း။ ပစိတ္တာ ဝါ၊ ချက်ၗင်း။ ပစာပေတ္တာ ဝါ၊ ချက်စေၗင်း။ ဘုဉ်ဇ္ဇယျ၊ – အံ့။ တဿာ၊ – ၏။

ဘောဇဉ်ကို စားနေသောရဟန်း၏ အနီး ဟတ္ထပါသ်၌နေသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမတယောက်၊ ဘောဇဉ်ကို စားနေသော ရဟန်း၏ ဟတ္ထပါသ်၌ နေသောဝတ္ထု၊ တိကပါစိတ်၊ ဟတ္ထပါသ်ကို စွန့်၍နေသော ဘိက္ခုနီမ, ခဲဘွယ်ကိုစားသော ရဟန်း၏ အနီး ဟတ္ထပါသ်၌နေသော ဘိက္ခုနီမအား ဒုက္ကဋ်၊ သာမဏေ၌ တိကဒုက္ကဋ်၊ ဤရေကို သောက်တော်မူပါ ဤယပ်ဖြင့် ယပ်တော်မူပါဟု ဆိုသော ဘိက္ခုနီမ, သူတပါးအား ပေးသော ပေးစေသော ဘိက္ခုနီမ, သာမဏေကို ဟတ္ထပါသ်၌ ရပ်ခိုင်းသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ဘောဇဉ်ကိုစားသောရဟန်း၏ ဟတ္ထပါသ်၌ ရပ်တည်နေခြင်း, ရေ-ယပ်ကို ကိုင်ခြင်း အင်္ဂါနှစ်ပါး။....သမုဋ္ဌာန်စသည် ဥဋ္ဌကလောမနှင့် တူပြီ။

ဆောင်——ဘောဇဉ်စားမှီး၊ ရဟန်းနီးကပ်၊ ဟတ္ထပါသ်နေ၊ ယပ်, ရေ ကိုင်ထား၊ အင်္ဂါနှစ်ပါး၊မှတ်သား ပါနီယ။

ပါနီယ ဥပတိဋ္ဌ သိက္ခာပုဒ် ပြီး၏။

၇-အာမကဓညဝဂ်

အာမကဓညံ။ ။အာမက–အစိမ်း၊ ဓည·စပါး၊ အာမကဓည·စပါးစိမ်းဟူသည် ခြောက်ခြောက် စိုစို မကြိတ် မထောင်းရသေးသော စပါးမျိုး ခုနစ်မျိုးကိုဆိုသည်။....ဤသိက္ခာပုဒ်၌ တောင်းခြင်း တောင်းစေခြင်း စသည်တို့တွင် တောင်းခြင်း တောင်းစေခြင်းနှင့် စားခြင်း နှစ်မျိုးသာ ပါစိတ် အာပတ်သင့်ခြင်း၏ ပမာဏဖြစ်သည်၊ လှော်ခြင်း လှော်စေခြင်း ထောင်းခြင်း ထောင်းစေခြင်း ချက်ခြင်း ချက်စေခြင်းတို့ကြောင့်ကား ဒုက္ကဋ် အာပတ်သာဟူသိ၊ ထို့ကြောင့် ကိုယ်တိုင်တောင်း၍ တပါးသော ဘိက္ခုနီမကို လှော်ခြင်း

ဂ-ဝစ္ဆာဒိဆဋ္ဌန

ဂ။ ယာ ပန ဘိက္ခုနီ၊ – သည်။ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုဂင်း။ပဿာဝံ ဝါ၊ ကျင်ငယ်ကိုဂင်း။ သင်္ဘာရံ ဝါ၊ အမှိုက်ကိုဂင်း။ ဝိဃာသံ ဝါ၊ စားကြွင်းကို ဂင်း။တိရောကုဋ္ဋေ ဝါ၊ နံရံ၏တဘက်၌ဂင်း။တိရောပါကာရေ ဝါ၊ တံတိုင်း၏ တဘက်၌ဂင်း။ ဆဋ္ဌေယျ ဝါ၊ ကိုယ်တိုင်လည်း စွန့်ငြားအံ့။ ဆဋ္ဌာပေယျ ဝါ၊ သူတပါးကိုလည်း စွန့်စေငြားအံ့။ တဿ ၊ – ၏။

စသည်ကို ပြုစေ၍ စားသောဘိက္ခုနီမ, တပါးသောဘိက္ခုနီမကို တောင်းစေပြီး ကိုယ်တိုင်လျော်ခြင်း စသည်ကို ပြု၍စားသောဘိက္ခုနီမအား ခံယူသော အခါမှ စ၍ သွားတို့ဖြင့် ဝါးသည်တိုင်အောင် ပယောဂတိုင်း ဒုက္ကဋ်၊ မျိုတိုင်း မျိုတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ စပါးစိမ်းကို တောင်းသောဝတ္ထု၊ မတောင်းဘဲ ရသော စပါးကို လျော်ခြင်း စသည်ကို ပြု၍ ပြုစေ၍ စားသောဘိက္ခုနီမ, တပါးသောဘိက္ခုနီမ တောင်း၍ ရသော စပါးကို လျော်ခြင်း စသည်တို့ကို ပြု၍ ပြုစေ၍ စားသော ဘိက္ခုနီမတို့အား ဒုက္ကဋ်၊ အနာရှိ၍ ချွေးအောင်းခြင်း စသည်အကျိုးငှါ တောင်းသော ဘိက္ခုနီမ, မတောင်းဘဲ ရသောစပါးကို နဝကမ္မအလို့ငှါ ယူခဲ့သော ဘိက္ခုနီမ, ဉာတက ပဝါရိတတို့ထံ၌ ပဲအလှူခံသောဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။စပါးမျိုးခုနစ်ပါးတို့တွင် တပါးပါးကို တောင်းခြင်း တောင်းစေခြင်း, လျော်ခြင်း စသည်တို့ကို ပြုခြင်း ပြုစေခြင်း, စားခြင်း အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် အဒွါနသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—အာမကဓည၊ တောင်းက တောင်းခိုင်း၊ လျော်ခြင်း ခိုင်းမှု၊ စရှိ ပြုခြင်း၊ ပြုစေခြင်းနှင့်၊ စားခြင်းထပ်က၊ အင်္ဂသုံး၀၊ အာမကဓညတည်း။

အာမကဓညသိက္ခာပုဒ် ပြီး၏။

ဂ-ဝစ္ဆာဒိဆဋ္ဌန

သင်္ဘာရံ ဝိဃာသံ။ ။အမှိုက်အရ စက္ကူ။စမှုစ၍ မြက် သစ်ရွက် ချုံနွယ်တို့ကိုပါယူ။ ။ဝိဃာသအရ နွားတ်ဆေးရေ စားပြီးသား ဒန်ပူကို အစပြု၍ အလုံးစုံသော စားကြွင်းကို ယူ။ ဤကျင်ကြီးစသော လေးမျိုးကို

၉-ဟရိတဝစ္ဆာဒိဆဋ္ဌန

၉။ယာ ပန ဘိက္ခုနီ၊ – သည်။ဥစ္စာရုံ ဝါ၊ – ကိုဌင်း။ပဿာဝံဝါ၊ – ကိုဌင်း။ သင်္ကိစ္စာရုံ ဝါ၊ – ကိုဌင်း။ပိဿာသံဝါ၊ – ကိုဌင်း။ ဟရိတေ၊ စိမ်းသောကောက် ပဲရှိရာအရပ်၌။ဆဋ္ဌေယျ ဝါ၊ – အံ့။ဆဋ္ဌာပေယျ ဝါ၊ – အံ့။တဿာ၊ – ၏။

အိမ်ကျောင်းနံရံ၏ တဖက် ဝင်းတံတိုင်း၏ တဖက်သို့ ကျော်ပစ်သော ဘိက္ခု နီမအား ပယောဂတချက်၌ အာပတ်တချက်၊ သီးခြားတခုစီ စွန့်ပစ်ရာ၌ ဝတ္ထု အရေအတွက်အာပတ်သင့်၏။ စေခိုင်းရာ၌လည်း နည်းတူသိ။ ရဟန်းယောကျ်ား များအား ဒုက္ကဋ်သင့်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမ တယောက်၊ ကျင်ကြီးကို နံရံပဋ္ဌ စွန့်သောဝတ္ထု၊ သာ၊ ကြည့်ရှု၍ လမ်းသွား လမ်းလာ မရှိဟု သိပြီး စွန့်ပစ်သောဘိက္ခုနီမ, လူများ မသုံးဆောင်သော နံရံပဋ္ဌ စွန့်ပစ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ကျင်ကြီး စသည် ဖြစ်ခြင်း, မကြည့်ခြင်း, သုံးဆောင်ရာအရပ် ဖြစ်ခြင်း, နံရံတံတိုင်းအပ ဖြစ်ခြင်း, စွန့်ခြင်း စွန့်စေခြင်း၊ အင်္ဂါငါးပါး။

သမုဋ္ဌာန် စသည် သဉ္ဆရိတ္တနှင့် တူပြီ။ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—ကျင်ကြီးစရှိ၊ မကြည့်လေပါ၊ သုံးဆောင်ရာမှန်၊ နံရံတံတိုင်းပ၊ စွန့်ချ စွန့်စေ၊ အင်္ဂါးထေ့၊ မှတ်လေ ဝစ္ဆာဒိ။

ဝစ္ဆာဒိဆဋ္ဌနသိက္ခာပုဒ် ပြီး၏။

၉-ဟရိတဝစ္ဆာဒိဆဋ္ဌန

ဟရိတေ။ ။ဟရိတအရ သေခိယသိက္ခာပုဒ်၌ကဲ့သို့ စိမ်းသော မြက်သစ်ပင် အားလုံးကို မယူရ၊အုန်းတော ငှက်ပျောတောစသောညှာဉ်ခြုံ, အမှတ်မရှိစိုက်ပျိုးထားရာဖြစ်သော ကောက်ပဲ သီးနှံရှိသော အရပ်မျိုးကိုသာယူ ရမည်။ ထိုအရပ်မျိုး၌ ကျင်ကြီးစသော လေးပါးကို စွန့်သော ဘိက္ခုနီမအား ရှေးနည်းအတိုင်း အာပတ်သင့်၏။ထိုအရပ်မျိုး၌ ထိုင်၍ အယုတ်ဆုံးအုန်းရေကို သောက်ပြီး ခေါင်းဖြတ်ပြီးသော အုန်းသီးအခွံကိုသော်လည်း စွန့်သောဘိက္ခုနီ မအား အာပတ်မှ မလွတ်၊ ရဟန်းယောကျ်ားအား ဒုက္ကဋ်ဟုဆို။

၁၀-နစ္စဝဒိဒဿန

၁၀။ ယာ ပန ဘိက္ခုနီ၊ – သည်။ နစ္စံ ဝါ၊ ကခြင်းကိုဂျင်း။ ဂီတံ ဝါ၊ သီခြင်းကိုဂျင်း။ ဝါဒိတံ ဝါ၊ တီးမှုတ်ခြင်းကိုဂျင်း။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆေယျ၊ သွားငြားအံ့။ တဿာ၊ – ၏။

ပထမော၊ – သော။ လသုဏဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ကျင်ကြိုးစသည်တို့ကို စိမ်းသော ကောက်ပဲရှိရာအရပ်၌ စွန့်သောဝတ္ထု၊ သာ၊ တိကပါစိတ်၊ မျိုးကြဲပြီးသောအရပ်၌ စွန့်သောဘိက္ခုနီမ ဘိက္ခုတို့အား ဒုက္ကဋ်၊ စိမ်းသော ကောက်ပဲစသည် မရှိသောလယ်ယာတို့၌ ဒုကဒုက္ကဋ်၊စိမ်းသော ကောက်ပဲစသည် မရှိသောလယ်ယာတို့၌ မရှိဟူသောအမှတ်ဖြင့် စွန့်သော ဘိက္ခုနီမ, စွန့်လွှတ်သွားသော လယ်၌ဂျင်း၊ လယ်ရှင်ကိုပန်ကြားၗဂျင်း စွန့်သော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ၊အကြွင်း ဝစ္စာဒိဆဋ္ဌန သိက္ခာပုဒ်နှင့်တူပြီ။

ဟရိတဝစ္စာဒိဆဋ္ဌနသိက္ခာပုဒ်ပြီး၏။

၁၀-နစ္စဝဒိဒဿန

နစ္စံ ဂီတံ ဝါဒိတံ။ ။နစ္စအရ အယုတ်ဆုံး ဥဒေါင်းကခြင်း မျောက်ကခြင်းကို လည်း ယူရမည်။

ဂီတအရ အသံဆွဲငင်၍ တေးသံပါအောင် ဟောအပ်သော တရားများကို လည်း ယူရမည်။

ဝါဒိတအရ အယုတ်ဆုံး ရေအိုးဌ ရှိသော ရေပြင်ကို လက်ဖြင့် တောက်တီး ပုတ်ခတ်ခြင်းကိုလည်း ယူရမည်။

ထိုသုံးပါးတို့တွင် တပါးပါးကို ကြည့်ရှု နားထောင်ခြင်းငှါ သွားသော ဘိက္ခုနီမအား ခြေလှမ်းတိုင်း ဒုက္ကဋ်၊အကြွင်အရပ်၌ ရပ်၍ကြည့်ရှုအံ့,နားထောင်အံ့ ပယောဂတခုက်၌ ပါစိတ်တခုက်၊ထိုထိုအရပ်ကို ကြည့်သော ဘိက္ခုနီမအား ပယောဂတိုင်း ပါစိတ်၊ ရဟန်းယောကျ်ား ဒုက္ကဋ်။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဆဗ္ဗဂို၊ ကခြင်းစသည်ကို ကြည့်ရှုခြင်းငှါ သွားသော ဝတ္ထု၊ ကခြင်းစသည်တို့ကို ကိုယ်တိုင်ပြုသောဘိက္ခုနီမ, သူတပါးကို ပြုခိုင်းသော ဘိက္ခုနီမ, စေတီအား ပူဇော်ခြင်းကို ပေးကြပါလော့ဟု ပရိယာယ်ပြောသော ဘိက္ခုနီမ, စေတီအား ပူဇော်ခြင်းကို ပြုပါရစေဟု

ရတ္တန္ဓကာရဝဂ္ဂ၊ ၁-ရတ္တန္ဓကာရ

၁။ ယာ ပန ဘိက္ခုနီ၊–သည်။ အပ္ပဒီပေ၊ အရောင် အလင်းမရှိသော။ ရတ္တန္ဓကာရေ၊ မှောင်မိုက်သော ညဉ့်၌။ ဧကေန၊–သော။ ပုရိသေန၊–နှင့်။ သဒ္ဓိံ၊–ကွ။ ဧကော၊ တယောက်ထည်းတည်း။ သန္တိဋ္ဌေယျ ဝါ၊ ဟတ္ထပါသ်၌လည်း ရပ်ငြားအံ့။ သလ္လပေယျ ဝါ၊ ဟတ္ထပါသ်၌ရပ်၍ စကားကိုလည်း ပြောငြားအံ့။တဿာ၊–၏။

တောင်းပန်သည်ကို ဝန်ခံသော ဘိက္ခုနီမတို့အား ပါစိတ်၊ ဘိက္ခုအား အလုံးစုံ၌ ဒုက္ကဋ်၊ရှင်မတို့၏ စေတီအား ပူဇော်ခြင်းကို ပြုပါရစေဟု တောင်းပန်သော် ပူဇော်ခြင်းမည်သည် ကောင်း၏ဟု ပရိယာယ်ဆိုသော ဘိက္ခုနီမ,အရာမ်တွင်း၌ ရပ်၍ကြည့်သော ဘိက္ခုနီမ, ၎င်း၌ နားထောင်သော ဘိက္ခုနီမ, ဘိက္ခုနီမရှိရာ အရပ်သို့လာ၍ ကခြင်းစသည်ကို ကြည့်ရှုနားထောင်သော ဘိက္ခုနီမ,ခရီးသွားစဉ် ရှေးရှုတွေ့မြင်၍ ကြည့်ရှုနားထောင်သော ဘိက္ခုနီမ,သလာကဘတ်စသော ကိစ္စရှိ၍ ကခုန်တီးမှုတ်ရာ အရပ်သို့ သွားဝင်ကြည့်ရှုသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ကခြင်း စသည်တို့တွင် တပါးပါးဖြစ်ခြင်း, ခွင့်ပြုသော အကြောင်းကို ကြဉ်၍ သွားခြင်း, ကြည့်ရှုနားထောင်ခြင်း, အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။ လောကဝဇ္ဇ၊ အကုသလစိတ္တ၊ တိဝေဒနာသာ ထူး၏။

ဆောင်—ကခြင်းစသား၊ တပါးဖြစ်လတ်၊ ခွင့်ပြုအပ်ကြောင်း၊ ကြဉ်ရှောင်သွားမှု၊ ကြည့်ရှုနာခံ၊ အင်သုံးတန်၊ မှတ်ရန် နစ္စာဒီ။

နစ္စာဒီဒဿန သိက္ခာပုဒ်ပြီး၏။

ဂိရဂ္ဂသမဇ္ဇ သိက္ခာပုဒ်လည်း ဟူ၏။

ဏသုဏဝဂ်ပြီး၏။

ရတ္တန္ဓကာရဝဂ္ဂ၊ ၁-ရတ္တန္ဓကာရ

ရတ္တန္ဓကာရေ၏။ ။ရတ္တိ အန္ဓကာရဟု ပုဒ်ဖြတ်။ နေ့အခါပင် ဖြစ်သော်လည်း တစုံတခုသော အကြောင်းကြောင့် မှောင်ကျနေလျှင် “ရတ္တန္ဓကာရ” ပင် ဖြစ်သည်ဟု ဆိုရမည်။ အပ္ပဒီပေအရ နေရောင်ကိုပါ ထည့်၍ ဖွင့်သည်ကို ထောက်။

အပ္ပဒီပေ။ ။ဆီမီး ဓာတ်မီးရောင် လရောင် နေရောင် မီးရောင်တို့တွင် တပါး ပါးသော အရောင်ဖြင့် ထွန်းလင်းခြင်း မရှိသည်ကို ဆိုသည်။ အပ္ပဒီပကား-ဥပလက္ခဏာနည်းဟု သိ။

ပုရိသေန။ ။ရပ်ခြင်း ပြောဆိုခြင်းဌာ လိမ်မာသော လူယောကျ်ားကို ဆိုသည်။ ဘိက္ခုနီမသည် ညဉ့်မှောင်မိုက်သောအခါ ဆိုအပ်ပြီးသော အရောင် အလင်းမရှိရာ ဟရပ်၌ လူယောကျ်ားနှင့် အတူတကွ ဟတ္ထပါသ်၌ ရပ်၍နေကာမျှ ပါစိတ်တ ျက်၊ ဟတ္ထပါသ်၌ ရပ်ပြီး မိတ်ဖဲ့သော စကားမျိုးကို ဆိုအံ့ ပါစိတ်တချက်ဟု သိ။

နီဒါန်းစသည်။ ။သာဝတ္ထို၊ ဘိက္ခုနီမတယောက်: **အနီး**၌ရပ်သော ဝတ္ထု၊ ယောကျ်း၏ ဟတ္ထပါသ်ကိုစွန့်၍ ရပ်နေသော ဘိက္ခုနီမ, ပြောသောဘိက္ခုနီမ, ဘိလူးစသည်တို့၏ ဟတ္ထပါသ်ကို မစွန့်မူ၍ ရပ်နေသော စကားပြောသော ဘိက္ခုနီမအား ဒုက္ကဋ်၊ သိကြား လိမ်မာသော **အဖော်** ယောကျ်း တယောက်ယောက်ကို ခေါ်၍ ရပ်ခြင်း ပြောခြင်းကိုပြုသော ဘိက္ခုနီမ, ဆိတ်ကွယ်ရာ၌ သာယာခြင်းကို မငဲ့သော ဘိက္ခုနီမ, ဆိတ်ကွယ်ရာ၌ သာယာခြင်းကို **မငဲ့**ဘဲ အမှုကို စီရင်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ **စ**သော ဘိက္ခုနီမတို့အား **အ**နာပတ္တိ၊ မှောင်မိုက်သောအခါ ဖြစ်ခြင်း, ယောကျ်း၏ ဟတ္ထပါသ်၌ ရပ်ခြင်း ပြောခြင်း, အဖော်မရှိခြင်း, ဆိတ်ကွယ်ရာကိုငဲ့ခြင်း၊ **အာဒိ**လေးပါး။ ထေယျသတ္ထ သမုဋ္ဌာန်ရှိ၏။ လောကဝဇ္ဇ၊ အကုသလစိတ်တသာ ထူး၏။ အကြွင်းတူပြီ။

ဆောင်—မှောင်မိုက်သောအခါ၊ ရပ်ပြောလေဘိ၊ ဖော်မရှိပါ၊ဆိတ်ကွယ်ရာငဲ့ပြန်၊ **အာ**ဒိလေးတန်၊ ရတ္တန္ဓကာရတည်း။

ရတ္တန္ဓကာရ သိက္ခာပုဒ်ပြီး၏။

၂-ပဠိဆန္နောကာသ

၂။ ယာ ပန ဘိက္ခုနီ၊ – သည်။ ပဠိဆ္ဆန္နေ၊ ဖုံးကွယ်သော။ ဩကာသေ၊ – ၌။ – ပ – ၏။

၃-အဇ္ဈောကာသ

၃။ ယာ ပန ဘိက္ခုနီ၊ သည်။ အဇ္ဈောကာသေ၊ လွှင်တီးခေါင်၌။ – ပ – ၏။

၄-ရထိကာဒိ

၄။ ယာ ပန ဘိက္ခုနီ၊ – သည်။ရထိကာယ ဝါ၊ခရီးမဋ္ဌင်း။ဗျူဟေ ဝါ၊ ထုတ်ချင်း မထွင်းသော ခရီးဋ္ဌင်း။ သိဃ်္ဃဏေ ဝါ၊ ခရီးဆုံဋ္ဌင်း။ ဧကေန၊ – သော။ ပုရိသေန၊ – နှင့်။ သဒ္ဓိံ၊ – ကွ။ ဧကော၊ – ထည်း။ သန္တိဋ္ဌေယျ ဝါ၊ – အုံ့။ သလ္လပေယျ ဝါ၊ – အုံ့။ နိကဏ္ဏိကံ၊ နားရင်းဋ္ဌ။ ဇပ္ပေယျ ဝါ၊ တိုးတိုးလည်း ပြောငြားအုံ့။ ဒုတိယိကံ၊ အဖော်ဖြစ်သော။ ဘိက္ခုနိံ၊ – ကို။ ဥယျောဇေယျ ဝါ၊ လွှတ်မူလည်း လွှတ်လိုက်ငြားအုံ့။ တာဃာ၊ – ၏။

၂-ပဠိဆန္နောကာသ

၃-အဇ္ဈောကာသ

ဒုတိယ-တတိယ သိက္ခာပုဒ်နှစ်ခုကား ပထမ သိက္ခာပုဒ်နှင့် မထူးပြီ။ ပဠိဆ္ဆန္နေ ဩကာသေနှင့် အဇ္ဈောကာသေ-သာ ထူး၏။

ပဠိဆ္ဆန္နောကာသ သိက္ခာပုဒ်, အဇ္ဈောကာသ သိက္ခာပုဒ် နှစ်ခုပြီး၏။

ရထိကာဒိ

ရထိကာယ။ ။မြို့တွင်း ရွာတွင်းဋ္ဌ အရွေ့ အနောက် တောင် မြောက် စသည် ထုတ်ချင်းပေါက်သော ခရီးကို ဆိုသည်။

ဗျူဟေ။ ။ထုတ်ချင်းမပေါက်သော လာရာလမ်းကိုပင် ပြန်သွားရသော ခရီးမျိုးကို ဆိုသည်။

သိဃ်္ဃဏေ။ ။လမ်းဆုံ လမ်းခွမျိုးကို ဆိုသည်။

၅-ပုရေဘတ္တ

၅။ ယာ ပန ဘိက္ခုနီ-သည်။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ကုလာနီ၊ အိမ်တို့သို့။ ဥပသင်္ကမိတ္ဝာ၊ ကပ်၍။ အာသနေ၊-၌။ နိသီဒိတ္ဝာ၊-၍။ သာမိကေ၊ အိမ်ရှင်တို့ကို။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ပက္ကမေယျ၊ ဖဲသွားငြားအံ့။ တဿာ၊-၏။

ဥယျောဇေယျ။ ။ယုတ်မာသော အကျင့်မျိုးကို ကျင့်လိုသောကြောင့် အဖော် ဘိက္ခုနီမကို နှင်လွှတ်ခြင်းကို ဆိုသည်။ **လမ်း** အမျိုးမျိုးတို့တွင် မည်သည့်လမ်း၌မဆို ယောကျ်ားနှင့် အတူတကွ တယောက် ချင်းချင်း ဟတ္ထပါသ်၌ ရပ်နေခြင်းကြောင့် သန္တိဋ္ဌေယျအတွက် ပါစိတ်တချက်, ဂေဟသိတ စကားပြောသောကြောင့် သလ္လပေယျ အတွက် ပါစိတ်တချက်, နားနားကပ်၍ ပြောခြင်းကြောင့် နိကဏ္ဏိကံ ဝါ ဇပ္ပေယျ အတွက် ပါစိတ်တချက်, ယုတ်မာသော အကျင့်ကို ကျင့်လို၍ နှင်လိုက်ခြင်းကြောင့် ဒုတိယိကံ ဝါ ဘိက္ခုနီ ဥယျောဇေယျ အတွက် ပါစိတ်တချက် သင့်ကောင်းသည်၊ နှင်လိုက်ရာ၌ နှင်အပ်သော ဘိက္ခုနီမ ခြေတလှမ်း လွန်သော် ဒုက္ကဋ်၊ နှစ်လှမ်းလွန်သော် ပါစိတ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ယောကျ်ား၏ ဟတ္ထပါသ်၌ တည်နေသော ဝတ္ထု၊ အကြောင်း ရှေးသိက္ခာပုဒ်သုံးခုနှင့် တူပြီ။အနာပတ္တိ ဝါရ၌ ယုတ်မာသော အကျင့်ကို ကျင့်လိုခြင်းမရှိဘဲ အကြောင်းရှိ၍ နှင်ရာ၌ အနာပတ္တိ ပို၏။

ရထိကာဒိ သိက္ခာပုဒ် ပြီး၏။

၅-ပုရေဘတ္တ

ပုရေဘတ္တံ။ ။ဤသိက္ခာပုဒ်၌ ပုရေဘတ္တ အရ (ဘိက္ခုပါတိမောက် စာရိတ္တ သိက္ခာပုဒ်၌ကဲ့သို့ နိမန္တနဘတ်ကို မစားမီ ရှေအဘို့ကာလကို မယူရ) အာရုံတက်သည်မှ စ၍ မွန်းတည့်ရုံအတွင်းဖြစ်သော ကာလကို ယူရမည်ဟု သိ။

အာသနေ။ ။အာသန အရ ရှေပြောင်း၍ မရစကောင်းသော နေရာဌာနကို မယူရ၊ထိုင်စရာ နေရာထိုင်ခင်းကိုသာ ယူရမည်။

သာမိကော။ ။အိမ်ရှင်ဟူသည် ထိုအိမ်၌ တစုံတယောက်သော သိကြားလိမ္မာသော သူကို ဆိုသည်။

ပက္ကမေယျ။ ။အမိုး၏ အတွင်း၌ ထိုင်အံ့ မိုးမစုပ်သော အရပ်ကို, လွင်တီးခေါင်၌ ထိုင်အံ့ ဆယ့်နှစ်တောင် ဥပစာကို လွန်သွားသော ဘိက္ခုနိမကို ဆိုသည်။ မွန်းမတည့်မီအတွင်း အိမ်သို့သွား၍ နေရာထိုင်ခင်းပေါ်၌ ထိုင်ပြီးနောက် ပြန်သွားသောအခါ အိမ်ရှင်တို့ကို မပန်ကြားဘဲ ဆိုအပ်ပြီးသော အရပ်ကို လွန်သွားသော ဘိက္ခုနိမအား ပဌမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနိမတယောက်၊ မပန်ကြားဘဲ သွားသော ဝတ္ထု၊ တိကပါစိတ်၊ ကင်ပြင်မခေ့လောက်သော နေရာထိုင်ခင်း၌ ဒုက္ကဋ်၊ ဒုကဒုက္ကဋ်၊ ပန်ကြားသည်၌ ပန်ကြား၏ဟု အမှတ်ရှိသော ဘိက္ခုနိမ, ရွှေပြောင်းရှေ့ မရဏကောင်းသော နေရာ၌ နေသော ဘိက္ခုနိမ, စကားမပြောနိုင်အောင် နာသော ဘိက္ခုနိမ, အိမ်မီးလောင်ခြင်း စသော ဘေးရန်ကြောင့် သွားသော ဘိက္ခုနိမ, ဥမ္မတ္တိကာ စသော ဘိက္ခုနိမတို့အား အနာပတ္တိ။ နံနက်ခင်းဖြစ်ခြင်း, ရွာတွင်း၌နေခြင်း, တင်ပြင်ခေ့လောက်သောနေရာဖြစ်ခြင်း, အကြောင်းမရှိဘဲ မပန်ကြားခြင်း, ဆိုအပ်ပြီးသောအပိုင်းအခြားကို လွန်ခြင်း၊ အင်္ဂါငါးပါး သမုဋ္ဌာန်စသည် ကထိန်နှင့်တူပြီ။ ကိရိယာ ကိရိယာသာ ထူး၏။

ဆောင်—နံနက်ခင်းပေ၊ ရွာတွင်းနေမြောက်၊ ခေ့လောက်တင်ပြင်၊ နေရာပင်မှန်၊ မပန်မကြား၊ ပိုင်းခြားလွန်လေ၊ အင်္ဂါးတွေ့၊ ပုရေဘတ္တတည်း။

ပုရေဘတ္တသိက္ခာပုဒ် ပြီး၏။

၆-ပစ္ဆာဘတ္တ

၆။ ယာ ပန ဘိက္ခုနီ၊-သည်။ပစ္ဆာဘတ္တံ၊ ဆုမ်းစားပြီးသည်မှနောက်၌။ ဝါ၊ နေလွဲသောအခါ၌။ ကုလာနီ၊-တို့သို့။ ဥပသင်္ကမိတ္ဝာ၊-၍။ သာမိကေ၊ –တို့ကို။ အနာပုစ္ဆာ၊-၍။ အာဿနေ၊-၌။ အဘိနိသီဒေယျ ဝါ၊ ထိုင်မူလည်း ထိုင်ငြားအံ့။ အဘိနိပဇ္ဇေယျ ဝါ၊ အိပ်မူလည်း အိပ်ငြားအံ့။ တဿာ၊ –၏။

၇-ကုလာနီ အနာပုစ္ဆာ သေယျ

၇။ ယာ ပန ဘိက္ခုနီ၊ –သည်။ ဝိကာလေ၊ နေဝင်သော ကာလ၌။ ကုလာနီ၊ –တို့သို့။ ဥပသင်္ကမိတ္ဝာ၊ –၍။ သာမိကေ၊ –တို့ကို။ အနာပုစ္ဆာ၊

၆-ပစ္ဆာဘတ္တ

ပစ္ဆာဘတ္တံ။ ။ပစ္ဆာ ဘတ္တ အရ-ဘိက္ခု ပါတိမောက် စာရိတ္တသိက္ခာပုဒ်၌ ကဲ့သို့ ဆုမ်းစားပြီးနောက် မွန်းမတည့်မီ အတွင်းကာလကို မယူရ၊ မွန်းတည့်ပြီးသည်မှစ၍ နေဝင်သည်တိုင်အောင်သော ကာလကို ယူရ မည်ဟုသိ၊ မွန်းဘည့်ပြီးနောက် နေမဝင်မီ အိမ်သို့သွား၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ နေရာ ထိုင်ခင်းပေါ်၌ ထိုင်ရုံသာထိုင်အံ့ အာပတ် တခုက်၊ မထိုင်ဘဲ အိပ်ရုံသာအိပ်အံ့ အာပတ်တခုက်၊ ထိုင်လည်းထိုင် အိပ်လည်းအိပ်အံ့ အာပတ်နှစ်ခုက် သင့်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ နေရာထိုင်ခင်း၌ ထိုင်သောဝတ္ထု၊ အကြွင်း ပုဏ္ဏာဘတ္တ သိက္ခာပုဒ်နှင့် တူပြီ။ ထိုသိက္ခာပုဒ်၌ ရွှေပြောင်း၍ မဂဓကောင်းသော နေရာ၌ အာပတ်မသင့်သကဲ့သို့ ဤသိက္ခာပုဒ်၌ အမြဲခင်းထားသောနေရာဖြစ်မူ အာပတ်မသင့်ဟု သိ။

ပစ္ဆာဘတ္တသိက္ခာပုဒ် ပြီး၏။

၇-ကုလာနီအနာပုစ္ဆာဒသေယျ

ဝိကာလေ။ ။ဝိကာလအရ (ဘိက္ခုပါတိမောက် ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၌ကဲ့သို့ မွန်းတည့်ပြီးသည်မှစ၍ အရုဏ်တက်သည် တိုင်အောင်သော ကာလကို မယူရ)၊ နေဝင်သည်မှစ၍ အရုဏ်တက်သည်တိုင် အောင်သော ကာလကိုသာ ယူရမည်။

–၍။ သေယံ့၊ အိပ်ရာနေရာကို။ သန္ဌရိတ္ဝာ ဝါ၊ ခင်း၍ငင်း။ သန္ဌရာပေတ္ဝာ ဝါ၊ခင်းစေ၍ငင်း။ အဘိနိသီဒေယျ ဝါ၊–အံ့။ အဘိနိပဇ္ဇေယျ ဝါ၊ –အံ့။ တဿာ၊–၏။

ဂ-ပရံ ဥဋ္ဌာပန

ဂ။ ယာ ပန ဘိက္ခုနီ၊–သည်။ ဒုဂ္ဂဟိတေန၊ မကောင်းသောအယူဖြင့်။ ဒုပ္ပဓာရိတေန၊ မကောင်းသော အမှတ်ဖြင့်။ ပရံ၊ သူတပါး‌ကို။ ဥဋ္ဌာပေယျ၊ ကဲ့ရဲ့ငြားအံ့။ တဿာ၊–၏။

သေယံ့။ ။အယုတ်ဆုံး သစ်ရွက်အခင်းကိုသော်လည်း သေယျအရဒ္ဓ် ပါဝင်သည်ဟု သိ။....နေဝင်ပြီးနောက် အရဏ်မတက်မီ အတွင်း အိမ်သို့သွားပြီး အိမ်ရှင်ကို မပန်ကြားဘဲ အိပ်ရာ နေရာ အခင်းကို ကိုယ်တိုင်ဖြစ်စေ ခင်းခိုင်း၍ဖြစ်စေ ထိုင်ရုံထိုင်ဖန့် အာပတ်တချက်၊ အိပ်ရုံအိပ်အံ့ အာပတ်တချက်၊ နှစ်ပါးစုံပြုအံ့ အာပတ်နှစ်ချက်၊ အကြွင်း ပစ္ဆာဘတ္တ သိက္ခာပုဒ်နှင့် တူပြီ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ နေလွဲသောအခါ ဒါယကာအိမ်သို့သွား၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ အိပ်ရာနေရာခင်း၍ ထိုင်နေသောတို့၊....ဤသိက္ခာပုဒ်အနာပတ္တိဝါရဒ္ဒ် အမြဲခင်း၍ ထားသောနေရာ ဓုဝပညတ္တိ မပါ။

ကုလာနိ အနာပုစ္ဆာ သေယျ သိက္ခာပုဒ် ပြီး၏။

ဂ-ပရံ ဥဋ္ဌာပန

ဒုဂ္ဂဟိတေန။ ။ဒုဋ္ဌုံ ဂဟိတံ ဒုဂ္ဂဟိတံ။ မကောင်းသောယူဆခြင်း ကြားခြင်းကို ရစေ၊ ပြောသူက ချီးမွမ်းစကားပြောပါလျက် မိမိက အကြားလွဲပြီး မကောင်းသောယူဆခြင်းမျိုးကို ဆိုသည်။

ဒုပ္ပဓာရိတေန။ ။ဒုဋ္ဌုံ ဥပဓာရိတံ ဒုပ္ပဓာရိတံ။ မကောင်းသော မှတ်သားခြင်းကို ရစေ၊ အကောင်းပြောသည်ကို မကောင်းပြောသည်ဟု အမှတ်လွဲခြင်းမျိုးကို ဆိုသည်။

ဝတ္ထုကြောင်း။ ။ဘဒ္ဒကာပိလာနီ၏ အတွင်းနေ တပည့်မ ကလေးသည် ဘဒ္ဒကာပိလာနီအား ကောင်းကောင်း လုပ်ကျေးသည်၊ ထို့ကြောင့် ဘဒ္ဒကာပိလာနီက ရှင်မတို့ ဤ ဘိက္ခုနီမ ကလေးသည် ငါ့ကို

၉-အဘိသပန်

၉။ ယာ ပန ဘိက္ခုနီ၊ – သည်။ အတ္တာနံ ဝါ၊ မိမိကိုဂျင်း။ ပရံ ဝါ၊ သူတပါးကိုဂျင်း။ နိရယေန ဝါ၊ ငရဲ၌ ဖြစ်ခြင်းဖြင့်ဂျင်း။ ဗြဟ္မစရိယေန ဝါ၊ မြတ်သောအကျင့်ဖြင့်ဂျင်း။ ဝါ၊ သာသနာတော်မှ ရွှေ့လျှောခြင်းဖြင့်ဂျင်း။ အဘိသပေယျ၊ ကျိန်ဆဲငြားအံ့။ တဿာ၊ – ၏။

ကောင်းကောင်း လုပ်ကျွေးသည်၊ ဤ ဘိက္ခုနီမကလေးအား သင်္ကန်းပေးရဦးမည်ဟု ပြောရာ ဤဘိက္ခုနီမကလေးသည် ငါ့ကို ကောင်းကောင်း မလုပ်ကျွေးဘူး, သင်္ကန်းမပေးတော့ဘူးဟု အကြားလွဲ အမှတ်လွဲခြင်း ဖြစ်သည်။

ပရံ ဥဇ္ဈာပေယျ။ ။တပါးသော ဘိက္ခုနီမများကို ရှင်မတို့ ငါသည် ဤမည်သော ဘိက္ခုနီမကို မလုပ်ကျွေးတော့အံ့၊ ဤသို့စသည်ဖြင့် ကဲ့ရဲ့သော ဘိက္ခုနီမကို ဆိုသည်၊....ကောင်းကောင်း ပြောသည်ဖြစ်ပါလျက် အကြားလွဲ အမှတ်လွဲပြီး မလုပ်ကျွေးတော့ဘူး စသည်ဖြင့် ကဲ့ရဲ့သော ဘိက္ခုနီမအား ပါစိတ်အာပတ်သင့်၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမတယောက်၊ တပါးသော ဘိက္ခုနီမကို ကဲ့ရဲ့သောဝတ္ထု၊ တိကပါစိတ်၊ လူသာမဏေဠ္ဍ တိက ဒုက္ကဋ်၊ ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ၊ အယူမှားခြင်း, ကဲ့ရဲ့ခြင်း, ကဲ့ရဲ့အပ်သူ ရဟန်းမိန်းမဖြစ်ခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန် စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ယူမှားကဲ့ရဲ့၊ ကဲ့ရဲ့ခံရ၊ နိမဖြစ်ပြန်၊ တိအင်္ဂ်၊ ပရံ ဥဇ္ဈာပနတည်း။

ပရံ ဥဇ္ဈာပနသိက္ခာပုဒ် ပြီး၏။

၉-အဘိသပန

အဘိသပေယျ။ ။တစုံတခု ဥစ္စာပျောက်သော ဘိက္ခုနီမက တပါးသော ဘိက္ခုနီမကို တပည့်တော်၏ ဤမည်သော ဥစ္စာများ မမြင်မိဘူးလားဟု မေးရာ သူ့ကို ခိုးတယ်ထင်ပြီး လာမေးတာဘဲဟု အောက်မေ့၍ သူဘပါးပစ္စည်းကို ယူလျှင် ငရဲဖြစ်ရပါလို၏, ငရဲကျပါစေ၊ ဤသို့ မိမိကိုယ်ကို ငရဲဖြင့် ကျိန်ခြင်း, သူ့ကို မဟုတ် မတရား စွပ်စွဲသော သူသည်လည်း ငရဲ၌ဖြစ်ပါစေ, ငရဲကျပါစေ၊ ဤသို့ သူတပါးကို ငရဲဖြင့် ကျိန်ခြင်း၊ လူဖြစ်ရပါလို၏, လူမိန်းမဖြစ်ရပါလို၏, လူမိန်းမဖြစ်ရပါစေရဲ့၊ ဤသို့ စသည်ဖြင့် မိမိကို

၁၀-ဝဓိတ္ဝါရောဒန

၁၀။ ယာ ပန ဘိက္ခုနီ၊ – သည်။ အတ္တာနံ၊ – ကို။ ဝဓိတ္ဝာ ဝဓိတ္ဝာ၊ ထုၤ၍ထုၤ၍။ ရောဒေယျ၊ ငိုငြားအံ့။ တာဿာ၊ – ၏။

ဒုတိယော၊ – သော။ ရတ္တန္ဓကာရဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

ဗြဟ္မစရိယဖြင့် ကျိန်ခြင်း, ငါ့ကို မတရားစွပ်စွဲသောသူ လူမိန်းမဖြစ်ပါစေ စသည်ဖြင့် သူတပါးကို ဗြဟ္မစရိယဖြင့် ကျိန်ခြင်းမျိုးကို ဆိုသည်။....ဤသို့ ကျိန်ဆဲသော ဘိက္ခုနီမအား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ စက္ကာဋ္ဌိ၊ ဤသို့ ကျိန်ဆဲသော ဝတ္ထု။ တိက ပါစိတ်၊ လူသာမဏေဋ္ဌ တိက ဒုက္ကဋ်။ တိရစ္ဆာန်မျိုး, ပြိတ္တာမျိုး, အကျိုးအကန်းအပင်း စသော ဖောက်ပြန်ခြင်းဖြင့် ကျိန်ဆဲအံ့ ဒုက္ကဋ်၊ ပါဋိတော် အဋ္ဌကထာသင်ခြင်း ဆုံးမခြင်းကို ရှေးရှုသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ နိရယဗြဟ္မစရိယတို့ဖြင့် ကျိန်ဆဲခြင်း, ဘိက္ခုနီမဖြစ်ခြင်း, ပါဋိအဋ္ဌကထာ သင်ခြင်းကို ရှေးမရှုခြင်း၊ အင်္ဂါသုံးပါး။.... သမုဋ္ဌာန်စသည် ပရံဉ္စဏာပန သိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ကျိန်ဆဲ, နီမ၊ သင်ချခြင်းပြု၊ ရှေးမရှုဘိ၊ အင်တီဏိ၊ အဘိသပနာ။

အဘိသပနသိက္ခာပုဒ် ပြီး၏။

၁၀-ဝဓိတ္ဝါရောဒန

ငြင်းခုံကြသောအခါ စသည်၌ မိမိကိုယ်ကို ထုရိုက်၍ ငိုလျှင် ပါစိတ်။ ထုရိုက်ရုံသက်သက်, ငိုရုံသက်သက်တို့၌ ဒုက္ကဋ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ စက္ကာဋ္ဌိ၊ မိမိကိုယ်ကို ထုရိုက်၍ ငိုသောဝတ္ထု။ ဉာတိဗျသန ရောဂဗျသန ဘောဂဗျသနတို့ဖြင့် တွေ့၍ မထုရိုက်ဘဲ သက်သက်ငိုသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ မိမိကိုယ်ကို ထုရိုက်ခြင်း, ငိုခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် သမနုဘာဿနနှင့် တူပြီ၊ ကိရိယသာ ထူးသည်။

ဆောင်—ထုကာထုကာ၊ ငိုယိုလေပါ၊ အင်နှစ်ဖြာ၊ ဝဓိတ္ဝာ ရောဒနတည်း။

ဝဓိတ္ဝာရောဒန သိက္ခာပုဒ်ပြီး၏။

ရတ္တန္ဓကာရဝဂ်ပြီး၏။

နဂ္ဂဝဂ္ဂ၊ ၁-နံဂ္ဂန္ဒာန

၁။ ယာ ပန ဘိက္ခုနီ၊—သည်။ နဂ္ဂါ၊ အချည်းနှီး။ နဟာယေယျ၊ ဇရ ချိုးငြားအံ့။ တဿာ၊—၏။

၂-ဥဒကသာဋိက

၂။ ဥဒကသာဋိကာ၊ ရေသနုပ်ကို။ ကာရယမာနာယ၊ ပြုစေလိုသော။ ဘိက္ခုနိယာ ပန၊—သည်။ ပမာဏိကာ၊ ပမာဏနှင့် ယှဉ်သော ရေသနုပ်-ကို။ ကာရေတဗ္ဗာ၊ ပြုစေအပ်၏။ တတြ၊ ထိုဇရေသနုပ်၏။ ဣဒံ၊—သည်။ ပမာဏံ၊—တည်း။ ဒီဃသော၊—မှ။ သုဂတ ဝိဒတ္ထိယာ၊—ဖြင့်။ စတသော ဝိဒတ္ထိယော၊ လေးထွာတို့တည်း။ တိရိယံ၊—ကား။ ဒ္ဝေ ဝိဒတ္ထိယော၊—တို့

နဂ္ဂဝဂ္ဂ၊ ၁-နဂ္ဂန္ဒာန

နဂ္ဂါ။ ။ခါးဝတ်လည်း မဝတ် အပေါ်ရုံလည်း မရုံ တကိုယ်လုံး အဝတ်မကပ် သောသူကို "နဂ္ဂ" ဟု ခေါ်သည်၊ ထိုကဲ့သို့ မဝတ် မရုံဘဲ ဇရချိုးသော ဘိက္ခုနီမအား ပယောဂတိုင်း ဒုက္ကဋ်၊ ရေချိုးပြီး အဆုံး၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ မဝတ်မရုံဘဲ ရေချိုးသော ဝတ္ထု။ ရေသနုပ်သင်္ကန်း သူခိုး ခိုးသော်ငင်း, ပျောက်သွားသော်ငင်း, အဘိုးများစွာထိုက်သော ဤရေသနုပ် သင်္ကန်းကို မြင်၍ သူခိုးများ ခိုးသော်လည်း ခိုးရာ၏ဟူသော ဘေးရန်ကြောင့် အဝတ်မဝတ်ဘဲ ရေချိုးသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ မဝတ်မရုံခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း, ရေချိုးပြီးခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်—ဝတ်ရုံမရှိ၊ ကြောင်းမရှိလည်း၊ ရေချိုးပြီးက၊ အင်္ဂသုံးဝ၊ နှာန သိက္ခာပုဒ်။

နှာနသိက္ခာပုဒ် ပြီး၏။

၂-ဥဒကသာဋိက

ဤသိက္ခာပုဒ် အဓိပ္ပါယ်ထူးမရှိ၊ရတနဝဂ် နိသီဒန သိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိ။

တည်း။ တံ၊ ထိုပမာဏကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမ အား။ ဆေဒနကံ၊ ဖြတ်ခြင်းရှေးရှိသော။ ပါစိတ္တိယံ၊ – ၏။

၃-ဝိသိဗ္ဗန

၃။ ယာ ပန ဘိက္ခုနီ၊ – သည်။ ဘိက္ခုနိယာ၊ – ၏။ စီဝရံ၊ – ကို။ ဝိသိဗ္ဗေတွာ ဝါ၊ ကိုယ်တိုင်ဖြေ၍ဝင်း။ဝိသိဗ္ဗာပေတွာ ဝါ၊ဖြစေ၍ဝင်း။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ – ၌။ အနန္တရာယိကိနီ၊အန္တရာယ်မရှိဘဲ။ စတူဟပဉ္စာဟာ၊ လေးရက်ငါးရက်ကို။အညတြ၊ – ၍။ နေဝ သိဗ္ဗေယျ ဝါ၊ကိုယ်တိုင်လည်း မချုပ်ငြားအံ့။ န သိဗ္ဗာပေယျ ဝါ၊ သူတပါးကိုလည်း မချုပ်စေငြားအံ့။ ဥဿုက္ကံ ဝါ၊ကြောင့်ကြခြင်းကိုလည်း။ န ကရေယျ၊မပြုငြားအံ့။ တဿာ၊ – ၏။

သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ ပမာဏထက် လွန်သော ရေသနုပ်ကို ဆောင်သောဝတ္ထု။

ဥဒကသာဋိက သိက္ခာပုဒ်ပြီး၏။

၃-ဝိသိဗ္ဗန

ဝိသိဗ္ဗေတွာ။ ။မကောင်းသဖြင့် ချုပ်သောသက်နှံးကို တဖန် ပြန်ချုပ်ခြင်းဌါ ဖြေခြင်းကိုဆိုသည်။

အနန္တရာယိကိနီ။ ။မီး ရေ စသော အန္တရာယ် ဆယ်ပါးတို့တွင် တပါးပါးမျှ မရှိခြင်းကို ဆိုသည်။

အညတြ စတူဟပဉ္စာဟာ။ ။ဂင်းအရ ဖြေသည့်နေ့မှစ၍ ယူ၊ ဤငါးရက် အတွင်း မချုပ်တော့အံ့-ချုပ်ဘို့ရန် ကြောင့်ကြလည်း မစိုက်တော့အံ့ဟု ဓုရနိက္ခေပ ပြုသော်လည်း အာပတ်မသင့်။

ဖြေပြီးနောက် အန္တရာယ်မရှိဘဲ ငါးရက်လွန်၍ ငါလည်း မချုပ်တော့အံ့-ချုပ်လည်း မခိုင်းတော့အံ့ ဟု ဝန်ချကာမျှ၌ ပါစိတ်၊ ဝန်ချပြီးမှ ချုပ်ယောင်လည်း အာပတ်မှ မလွတ်။

နီဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ သက်နှံးဖြေပြီးမှ မချုပ်သောဝတ္ထု၊ တိကပါစိတ်၊သာမဏေမ၌ တိကဒုက္ကဋ်၊သက်နှံးမှ တပါးသော ပရိက္ခရာ၌လည်း ဒုက္ကဋ်၊ အန္တရာယ်ရှိ၍ မချုပ်သော ဘိက္ခုနီမ, ဖြေပြီး၍ တစုံ

၄-ပဥ္စာဟိက

၄။ ယာ ပန ဘိက္ခုနီ၊-သည်။ သဃ်ာဋိစာရံ၊ သက််နှ်းငါးထည်တို့ကို လှည့်လည်ဝတ်ရုံခြင်းကို။ ပဥ္စာဟိကံ၊ ငါးရက်ကို။ အတိက္ကာမေယျ၊ လွန်စေ ငြားအံ့။ တဿာ၊-၏။

တခုကိုမရ၍ မချုပ်သော ဘိက္ခုနီမ,ချုပ်ဆဲအတွင်း ငါးရက်လွန်သော ဘိက္ခုနီမ, နာသော ဘိက္ခုနီမ, ဘေးရန်ကြောင့် မချုပ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ်တိ။ ဝတ်ရုံလောက်သော သက််နှ်းဖြစ်ခြင်း,ဘိက္ခုနီမ၏ ဥစ္စာဖြစ်ခြင်း, ချုပ်ခြင်းငှါ ဖြေခြင်း ဖြေစေခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိဘဲ ငါးရက်လွန်ခြင်း, ဓုရနိက္ခေပ ပြုခြင်း၊ အင်္ဂါ ငါးပါး။....သမုဋ္ဌာန်စသည် သမန္တဘာသနနှင့် တူပြီ။

ဆောင်—ဝတ်ရုံလောက်လျှမ်း၊ သက််နှ်းဖြစ်ရ၊ နီမဥစ္စာ၊ ချုပ်ခြင်းငှါဖြေ၊ သူ့ ဖြေစေတောင်း၊ ကြောင်းမရှိလျက်၊ ငါးရက်လွန်က၊ နိက္ခေပ ပြု၊ အင်္ဂါးခု၊ မှတ်ရှု ဝိသိဗ္ဗနာ။

ဝိသိဗ္ဗန သိက္ခာပုဒ် ပြီး၏။

၄-ပဥ္စာဟိက

ပဥ္စာဟိကံ။ ။ပဥ္စ အဟာနိ ပဥ္စာဟံ။ ၎ငါးရက်ကို ရစေ။ပဥ္စာဟမေဝ ပဥ္စာဟိကံ။ ငါးရက်ကိုပင် ရ၏။ ဏိက ပစ္စည်း အနက်ထူးမရှိ သောတ္ထာ။

သဃ်ာဋိစာရံ။ ။သံဃာဋိယတေတိ သံဃာဋိ။ ချုပ်စပ်အပ်သော သက််နှ်း ငါးထည်ကို ရစေ၊ ဤ၌ ဒုကုဋ်သက််နှ်းကြီးကိုသာ သံဃာဋိဟု မယူရ။....စာရအရ လဲလှယ်ဝတ်ရုံခြင်း, နေလှမ်းခြင်း နှစ်မျိုးကို ယူ။ သဃ်ာဋိနှံ စာရော သံဃာဋိစာရော။ သက််နှ်းငါးထည်တို့ကို လဲလှယ် ဝတ်ရုံခြင်း, နေလှန်း ခြင်း ကြိယာကို ရစေ၊ သက််နှ်းငါးထည်ကို သုံးဆောင်သည့် အစွမ်းဖြင့် လဲလှယ် ဝတ်ရုံခြင်း, နေပူလှန်းခြင်းတို့ဖြင့် ငါးရက်မစေ့မီ ပြုလုပ်အပ်သောကြောင့် သဃ်ာဋိစာရ ခေါ်သည်။ သက််နှ်း ငါးထည်ကား တိစီဝရိက် သုံးထည်, ရေသနုပ်, ရင်လွှမ်း တဘက်တည်း။ ဤသက််နှ်း ငါးထည်တို့တွင် တထည်ထည်ကို ငါးရက် ကျော်လွန်အောင် ဝတ်လည်း မဝတ် ရမ်းလည်း မရမ်း နေလည်း မလှန်းခဲ့သော် ခြောက်ခုမြောက် အရုဏ်တက်သည့်အခါ အာပတ်တချက်၊ ငါးထည်စလုံး ဖြစ်အံ့ အာပတ် ငါးချက် သင့်၏။

၅-စီဝရသင်္ကမနီယ

၅။ ယာ ပန ဘိက္ခုနီ၊ – သည်။ စီဝရသင်္ကမနီယံ၊ (မပန်ကြားဘဲ ခေတ္တယူ၍) ပြောင်းလဲဝတ်ရုံအပ်သော သူတပါး သင်္ကန်းကို။ ဓာရေယျ၊ ဆောင်ခြွားအံ့။ တဿာ၊ – ၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ သင်္ကန်းများကို သိမ်းထား၍ သင်းပိုင်ကိုယ်ဝတ်မျှဖြင့် ဇနပုဒ်သို့ လှည့်လည်သော ဝတ္ထု၊ တိကပါစိတ်၊ ငါးရက် မလွန်ရာ၌ ဒုကဒုက္ကဋ်၊ မလွန်ရာ၌ မလွန်ဟု မှတ်သော, ငါးရက်မြောက် နေ့၌ ဝတ်ရုံ မနေလှန်းသော, နာသော, သင်္ကန်း အာဘိုးတန်၍ သူခိုး ခိုးမှာကြောက်၍ သိမ်းထားသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမ တို့အား အနာပတ္တိ။ သင်္ကန်းငါးထည်တို့တွင် တကည်ထည် ဖြစ်ခြင်း, ငါးရက် လွန်ခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, လဲလှယ် မဝတ်ရုံခြင်း အင်္ဂါ လေးပါး။....သမုဋ္ဌာန်စသည် ကထိနနှင့် တူပြီ။

ဆောင် — သင်္ကန်းငါးထည်၊ တထည်ထည်ကား၊ ရက်ငါး လွန်တောင်း၊ အကြောင်းမရှိ၊မဝတ်ဘိခြား၊အင်္ဂလေးပါး၊ မှတ်သား ပဉ္စာဟိက တည်း။

ပဉ္စာဟိကသိက္ခာပုဒ် ပြီး၏။

၅-စီဝရသင်္ကမနီယ

စီဝရသင်္ကမနီယံ။ ။သင်္ဃမေတဗ္ဗန္တိ သင်္ကမနီယံ။ ပြောင်းလွှဲအပ်သော သင်္ကန်းကို ရစေ၊ ပြောင်းလွှဲဟူသည် ပြန်ပေးရခြင်းကို ဆိုသည်။ စီဝရံ သင်္ကမနီယံ စီဝရသင်္ကမနီယံ။ ပြောင်းလွှဲအပ်သော သင်္ကန်း ငါးထည်ကို ရစေ၊ ဘိက္ခုနီမတယောက်သည် ဘိက္ခုနီမတယောက်၏ ဥစ္စာ ဖြစ်သော သင်္ကန်းကို မပန်ကြားဘဲ တိတ်တဆိတ်ယူ၍ ဝတ်ရုံပြီးနောက် မိမိထံ အမြဲမထားရဘဲ တဖန် ပြန်ပေးအပ်သော သင်္ကန်းငါးထည်တို့တွင် တထည် ထည်သော သင်္ကန်းကို "စီဝရသင်္ကမနီယ" ခေါ်သည်၊ ထိုသင်္ကန်းမျိုးကို ဥစ္စာရှင်ထံ မပန်ကြားဘဲ တိတ်တိတ်ယူ၍ ဝတ်ရုံသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမတယောက်၊ ဘိက္ခုနီမတယောက်၏ သင်္ကန်းကိုယူ၍ မပန်ကြားဘဲ ဝတ်ရုံသော ဝတ္ထု၊ တိကပါစိတ်၊ သာမဏေမ၏သင်္ကန်း၌ တိကဒုက္ကဋ်၊ သင်္ကန်းရှင်ကပေးသော သင်္ကန်းကို ဝတ်သော, ပန်ကြား၍ဝတ်သော, သူခိုးခိုး၍ ပျောက်၍ ယူဝတ်သော, သူခိုး

၆-အန္တရာယကရ

၆။ ယာ ပန ဘိက္ခုနီ၊–သည်။ ဂဏသ၊ (ဘိက္ခုနီ သံဃာဟု ဆိုအပ်သော) ဂိဏ်း၏။ စီဝရ လာဘံ၊ (ဝိကပ္ပနာလောက်သော) ရထိုက်သော သင်္ကန်းကို။ အန္တရာယံ၊ အန္တရာယ်ကို။ ကရေယျ၊–အံ့။ တဿာ၊–၏။

ဘေးရန်ကြောင့် ယူဝတ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ၊ ပြန်ပေးအပ်သော သူတပါးသင်္ကန်းဖြစ်ခြင်း, ဘိက္ခုနီမ၏ ဥစ္စာဖြစ်ခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း, ဝတ်ရုံခြင်း၊ အင်္ဂါလေးပါး။.... သမုဋ္ဌာန် စသည် ပထမကထိနနှင့် တူပြီ။ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—ပြန်ပေးအပ်စွ၊ စီဝရသာ၊ ဥစ္စာနိမ၊ ကာရဏမရှိ၊ ဝတ်ရုံဘိက၊ အင်္ဂလေး၀၊ စီဝရသင်္ကန်မနီယာ။

စီဝရသင်္ကန်မနီယသိက္ခာပုဒ် ပြီး၏။

၆.အန္တရာယကရ

ဂဏသ။ ။ဂဏအရ နှစ်ပါး သုံးပါးစသော ဂိဏ်းကို မယူရ။ ဘိက္ခုနီသံဃာကို ယူရမည်။

စီဝရလာဘံ။ ။လဘိတဗ္ဗန္တိ လာဘံ။ ရအပ်သော သင်္ကန်းကို ရစေ။ စီဝရဥ္စ တံ လာဘဥ္စာတိ စီဝရလာဘံ။ ဝိကပ္ပနာလောက်သော ရအပ်သော သင်္ကန်းကို ရစေ။

အန္တရာယံ ကရေယျ။ ။ဒါယကာတို့က သင်္ကန်းလှူမည်ဟုကြားလျှင် မလှူဖြစ်အောင် အားထုတ်ခြင်းကို ဆိုသည်၊ ဤသို့ ဘိက္ခုနီသံဃာ ရထိုက်သော သင်္ကန်းလာဘ်ကို မရအောင် အန္တရာယ်ပြုသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဘိက္ခုနီ သံဃာ ရထိုက်သော သင်္ကန်းလာဘ်၏ အန္တရာယ်ကို ပြုသော ဝတ္ထု။ သင်္ကန်းမှ တပါးသော ပရိက္ခာရဥ် ဒုက္ကဋ်၊ တပါး နှစ်ပါး သုံးပါးဟူသော ဂိဏ်း၏ သင်္ကန်းလာဘ်၏ အန္တရာယ်ပြုရာ၌လည်း ဒုက္ကဋ်၊ အဘိုးနည်းသောအခါလှူကြဟု အာနိသင်ပြ၍ ဆိုသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနုဝါပတ္တိ။ ဝိကပ္ပနာလောက်ခြင်း, သံဃာအား ညွှတ်ခြင်း, အကျိုး

၇-စီဝရဝိဘင်္ဂပဋိဗာဟန

၇။ ယာ ပန ဘိက္ခုနီ၊–သည်။ ဓမ္မိကံ၊ တရားအားလျော်သော။ စီဝရ ဝိဘင်္ဂံ၊ သင်္ကန်းကို ဝေဘန်ခြင်းကို။ ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။ တဿာ၊–၏။

ကိုမပြုဘဲ အန္တရာယ်ကိုပြုခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်— ဝိလောက်စီဝရာ၊သံဃာရည်စူး၊ ကျိုးထူးမဆို၊ ဘေးရန်ကိုပြု၊ အင်သုံးခု၊ မှတ်ရှု အန္တရာယကရာ။

အန္တရာယကရသိက္ခာပုဒ်ပြီး၏။

၇-စီဝရဝိဘင်္ဂပဋိဗာဟာန

ဓမ္မိကံ။ ။သင်္ကန်းဝေဘန်ရန် ဘိက္ခုနီသံဃာ ညီညွတ်စွာ စည်းဝေးမိခြင်းကို ဆိုသည်။ အညီအညွတ် ဘိက္ခုနီသံဃာ စည်းဝေး၍ သင်္ကန်းဝေဘန်သည့်အခါ မိမိနှင့် စပ်သော ဘိက္ခုနီမမျှား အခြားသို့ သွားနေခိုက် ကြုံသော ကြောင့် မဝေဘန်ဖြစ်အောင်တားမြစ် နှောင့်ယှက်သော ဘိက္ခုနီမအား ပါစိတ်။ နိဒါန်းစသည်။ ။သဝဝတ္ထိ၊ ထုလ္လနန္ဒာ၊ တရားအားလျော်သော သင်္ကန်း ဝေဘန်ခြင်းကို တားမြစ်သော ဝတ္ထု။ ဓမ္မိကဌ် ဝေမတိက၊ အဓမ္မိကဌ် ဓမ္မိကသည် ဝေမတိကရှိသော ဘိက္ခုနီမအား ဒုက္ကဋ်၊ နှစ်ပါးစုံဌ် အဓမ္မိကဟု မှတ်သော, အာနိသင်ပြု၍ တားမြစ်သော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ဓမ္မိကံစီဝရာဒ်ဖြစ်ခြင်း, ဓမ္မိကဟုမှတ်ခြင်း, အာနိသင်မပြုဘဲ တားမြစ်ခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့်တူပြီ။

ဆောင်—တရားအားလျော်၊သင်္ကန်းဟောင်းဝေဘန်ငြားက၊ ဓမ္မိကဟု၊ မှတ်ရှုတတန်၊ အာနိသံပပြု၊ တားမြစ်လေက၊ အင်သုံး၀၊ စီဝရဝိဘင်္ဂါ။

စီဝရဝိဘင်္ဂပဋိဗာဟန သိက္ခာပုဒ်ပြီး၏။

၈-စီဝရဒါန

၈။ ယာ ပန ဘိက္ခုနီ၊–သည်။ အဂါရိကဿဝါ၊ လူအားဂင်း။ ပရိဗ္ဗာဇကဿဝါ၊ ပရိဗိုဇ်ထီးအားဂင်း။ ပရိဗ္ဗာဇိကာယဝါ၊ ပရိဗိုဇ်မအားဂင်း။ သမဏ စီဝရံ၊ (ဗိန္ဒုထိုးပြီး ဝတ်ရုံလောက်သော) ရဟန်း၏ သင်္ကန်းကို။ ဒဒေယျ၊ ပေးငြားအံ့။ တဿာ၊–၏။

၈-စီဝရဒါန

အဂါရိကဿ။ ။အဂါရိကအရ မိဘမှတပါး အခြားသော လူများကိုယူ။ **မိဘအားကား** ပေးကောင်းသည်။

သမဏ စီဝရံ။ ။ကပ္ပဗိန္ဒု ထိုးအပ်ပြီးသော ဝတ်ရုံလောက်သော ရဟန်း၏ **သင်္ကန်း**ကိုဆိုသည်။ သီတင်းသုံးဖော် ငါးယောက်နှင့် မိဘမှ **တပါး လူယောကျားမိန်းမ** ဖိုးသူတော် **မယ်သီလ** ရသေ့ ပရိဗိုဇ်ထီး, မတို့အား **ဆိုအပ်ပြီးသော ရဟန်း၏** သင်္ကန်းကို ပေးသော ဘိက္ခုနီမအား ပါစိတ်၊ရဟန်း **ယောကျား** ဒုက္ကဋ်ဟု သိ။ **နီဒါန်းစသည်။** ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ လူအား ရဟန်းသင်္ကန်းကိုပေးသော ဝတ္ထု၊ မိဘ သီတင်းသုံးဖော်တို့အား ပေးသော ဘိက္ခုနီမ, **တပါး**သောလူတို့အား အခိုက်အတန့်ပေးသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ကပ္ပဗိန္ဒု ထိုးပြီးသော ဝတ်ရုံလောက်သော **သင်္ကန်း**ဖြစ်ခြင်း, သီတင်းသုံးဖော် မိဘတို့မှဘပါးသော သူတို့အား ပေးခြင်း, အခိုက်အတန့် မဟုတ်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် သဉ္ဆရိတ္တနှင့် တူပြီ။

ဆောင်—ကပ္ပဝတ်ရုံ၊ သင်္ကန်းတုံသော်၊ သုံးဖော်, မိဘ၊ ဖယ်ထားကြဟူ၊ ကြွင်းသူပေးအံ့၊ခိုက်တန့်မဟုတ်၊ အင်္ဂါထုတ်က၊ယင်းသုံးဝ၊ **စီဝရ ဒါန**တည်း။

စီဝရဒါန သိက္ခာပုဒ် ပြီး၏။

၉-ဒုဗ္ဘလစီဝရပစ္စာသာ

၉။ ယာ ပန ဘိက္ခုနီ၊–သည်။ ဒုဗ္ဘလ စီဝရ ပစ္စာသာယ၊ အားနည်းသော သင်္ကန်း ရနိုးခြင်းဖြင့်၊ စီဝရကာလ သမယံ၊ သင်္ကန်းကာလ အခါကို။ အတိက္ကာမေယျ၊ လွန်စေငြားအံ့။ တာသာ၊–၏။

ဝ

၉–ဒုဗ္ဘလစီဝရပစ္စာသာ

ဒုဗ္ဘလစီဝရပစ္စာသာယ။ ။ဒုဗ္ဘလ–အားနည်းသော၊ စီဝရပစ္စာသာ–သင်္ကန်း၌ ရလိမ့်ဦးမည်ဟု မြော်လင့်ခြင်း၊ ဒါယကာတယောက်က ဘိက္ခုနီမ သံဃာအား အကယ်၍ တတ်နိုင်လျှင် သင်္ကန်းလှူမည်ဟု ဤမျှ ဝန်ခံသောစကားကို ကြား၍ ဘိက္ခုနီသံဃာမှာ သင်္ကန်းကို ရစရာရှိသည်ဟု မြော်လင့်ခြင်းကို ဆိုသည်။

စီဝရကာလံ အတိက္ကာမေယျ။ ။ပုရိမဝါမှထသော ဘိက္ခုနီမတို့သည် ကာလသင်္ကန်းကို ဝေဘန်ရန် စည်းဝေးသည်ရှိသော် အားနည်းသောသင်္ကန်း ရလိမ့်ဦးမည်ဟူသော မြော်လင့်ချက်မျိုးဖြင့် ရှင်မတို့ ဆိုင်းငံ့ကြဦးလော၊ သံဃာအား သင်္ကန်းရစရာ အကြောင်းရှိပါသေးသည်ဟုဆို၍ သင်္ကန်းဝေဘန်ခြင်းကို သင်္ကန်းကာလအတွင်း မဝေဘန်မိအောင် လွန်သွားစေခြင်းကို ဆိုသည်။ (ကင်္ကန်းကာလ သိသာပြီ)။ ထိုဒုဗ္ဘလစီဝရပစ္စာသာဖြင့် သင်္ကန်းကာလကို လွန်စေသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဒုဗ္ဘလ စီဝရပစ္စာသာဖြင့် သင်္ကန်းဝေဘန်ခြင်းကို သင်္ကန်းကာလကို လွန်စေသောဝတ္ထု၊ ဒုဗ္ဘလစီဝရ ပစ္စာသာ၌ ယုံမှားရှိသော, ဒုဗ္ဘလ စီဝရပစ္စာသာ မဟုတ်သည်၌ ဒုဗ္ဘလစီဝရပစ္စာသာဟု မှတ်သော, ယုံမှားသော ဘိက္ခုနီမအား ဒုက္ကဋ်၊ နှစ်ပါးစုံ၌ ဒုဗ္ဘလစီဝရဟု မှတ်သော ဘိက္ခုနီမ, မတတ်နိုင်ဟု ဆိုသော်လည်း ထိုသူတို့အား ဝါသည်ဖြစ်လတ္တံ့၊ သဒ္ဓါတရားရှိသော ယောကျ်ား ရောက်လာသော် မချုတ်လှူလတ္တံ့ဟု အာနိသင်ပြု၍ တားမြစ်သောဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ အားနည်းသော သင်္ကန်းဖြစ်ခြင်း, ဒုဗ္ဘလစီဝရဟု အမှတ်ရှိခြင်း, အာနိသင်မပြဘဲ တားမြစ်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ။

ဆောင်—အားနည်းသင်္ကန်း၊ ဖြစ်မြန်းတုံ့ရှောင်း၊ ၎င်းမှတ်ထင်၊နိသင်မပြု၊
တားမြစ်ကြောင်း၊ အင်သုံးပါး၊ မှတ်သား ဒုဗ္ဘလစီဝရာ။

ဒုဗ္ဘလစီဝရ ပစ္စာသာ သိက္ခာပုဒ် ပြီး၏။

၁၀-ကထိနုဒ္ဒါရ

၁၀။ ယာ ပန ဘိက္ခုနီ၊ – သည်။ ဓမ္မိကံ၊ – သော။ ကထိနုဒ္ဒါရံ၊ ကထိန်နုတ်ခြင်းကို။ ပဋိဗာဟေယျ၊ တားမြစ်ငြားဘုံ။ တဿာ၊ – ၏။ တတိယော၊ – သော။ နဂ္ဂဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

၁၀-ကထိနုဒ္ဒါရ

ကထိန်ခင်းပြီးဖြစ်က ကထိန်အာနိသင်ရရုံဖြစ်သော တပေါင်းလပြည့်အတွင်း၌ ရရသမျှသော သင်္ကန်းကို ပုရိမဝါကျွတ်သော သံဃာသာ ပိုင်ဆိုင်ခွင့်ရ၍ ဝေဘန်ယူနိုင်သည်၊ ပစ္ဆိမဝါကျွတ်သောသူနှင့် ဝါကျိုး ဝါပြတ် ဝါကျွတ်ပြီးမှ ရောက်လာသော သံဃာများ ထိုကထိန်အာနိသင်ခေတ်အတွင်း ရရသမျှသော သင်္ကန်းများကို ပိုင်ဆိုင်ခွင့်မရ၍ ဝေဘန်၍ ယူရန် ခွင့်မရှိ၊ သို့အတွက် ဒါယကာတယောက်က ပုရိမဝါကျွတ်သူ ပစ္ဆိမဝါကျွတ်သူ နောက်မှရောက်လာသူနှင့်တကွ ဝါကျိုးဝါပြတ်ပါမကျန် သံဃာအားလုံးအား သင်္ကန်းကာလမဟုတ်သောအခါမျိုး၌ လှူအပ်သောသင်္ကန်းမျိုးကဲ့သို့ အကာလသင်္ကန်းကို လှူလိုပါသည်ဟု လာလျောက်လို့ရှိလျှင် ဥ တို့ဒုတိယကမ္မဝါစာဖြင့် ခင်းပြီးကထိန်ကို နုတ်နိုင်ရန်အခွင့်ရှိသည်၊ခင်းပြီး ကထိန်နုတ်လိုက်ပြီးသော် ကထိန်အာနိသင်ပျက်စီးသွားပြီ ဖြစ်ရကား သံဃိကသင်္ကန်းကို တိုက်တွင်းရှိ သံဃာအားလုံး ညီတူညီမျှ ဝေဘန်ယူနိုင်ခြင်း အကျိုးရှိသည်။

ဓမ္မိကံ ကထိနုဒ္ဒါရံ။ ။ကထိန် အာနိသင်ခေတ်အတွင်း အကာလသင်္ကန်းကို လှူလိုသောဒါယကာသည် ကထိန် အာနိသင် ဖြစ်သော သင်္ကန်းတို့ထက် များသည်ဖြစ်စေ, တန်းတူဖြစ်စေ သင်္ကန်းတို့ကို ယူလာ၍ ပုရိမဝါကျွတ်သူ ပစ္ဆိမဝါကျွတ်သူမရွေး အားလုံးသော ဘိက္ခုနီ သံဃာအား လှူလို၍ အကာလသင်္ကန်းဖြစ်ရန် တောင်းပန်လေသော် ဘိက္ခုနီ သံဃာသည် ခင်းပြီးကထိန်ကို ဥ တို့ဒုတိယ ကမ္မဝါစာဖြင့် နုတ်ခြင်းမျိုးကို ဆိုသည်။ ကထိန်နုတ်ခြင်း၏ အရင်းခံဖြစ်သော အကာလ သင်္ကန်းကား အာနိသင်သင်္ကန်းအောက်နည်းမူ ခင်းပြီးကထိန်ကို မနုတ်ကောင်း၊ နုတ်လျှင် အဓမ္မိက ကထိနုဒ္ဒါရ ဖြစ်သည်။

ဓမ္မိကံ ကထိနုဒ္ဒါရကို တားမြစ်သော ဘိက္ခုနီမအား ပါစိတ်။ ဝါကျိုးဝါပြတ်မှစ၍ ပုရိမဝါကျွတ်သူ ပစ္ဆိမဝါကျွတ်သူ နောက်မှရောက်လာသူ သံဃာအားလုံး သင်္ကန်းလာဘ် ညီတူညီမျှ ရစေခြင်းငှါ ကထိန်နုတ်ရခြင်းသာ ဖြစ်သည့်အတွက် ကထိန်နုတ်ပြီး ကထိန်ခေတ်ပင် ဖြစ်သော်လည်း နောက်ထပ် ပြန်မခင်းကောင်းဟု ဆရာတော်ကြီးများ ဆိုကြ၏။

တုဝဋ္ဋဝဂ္ဂ၊ ၁-တုဝဋ္ဋန

၁။ ဒေဒ၊ နှစ်ယောက်ကုန်သော။ ယာ ပန ဘိက္ခုနိယော၊–တို့သည်။ ဧကမန္တေ၊ တခုတည်းသော ညောင်စောင်း၌။ တုဝဋ္ဋေယျုံ၊ · အိပ်ကုန်ငြားအုံ့။ တာသံ ဘိက္ခုနိနံ၊–တို့အား။ ပါစိတ္တိယံ၊–၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဓမ္မိက ကထိန်နုတ်ခြင်းကို တားမြစ်သော ဝတ္ထု။....အကြွင်း သတ္တမ သိက္ခာပုဒ်၌ ဆိုအပ်ပြီးသောနည်းအတိုင်းသိ။

ကထိနုဒ္ဒါရသိက္ခာပုဒ် ပြီး၏။

နဂ္ဂဝဂ်ပြီး၏။

တုဝဋ္ဋဝဂ္ဂ၊ ၁-တုဝဋ္ဋန

တုဝဋ္ဋေယျုံ။ ။ဘိက္ခုနိမ နှစ်ယောက်တို့တွင် တယောက်က ရှေးဦးစွာ အိပ်သော်တယောက်က နောက်မှအိပ်သည်ဖြစ်စေ, နှစ်ယောက်စလုံး ပြိုင်တူအိပ်သည် ဖြစ်စေ အိပ်ခြင်းကို ဆိုသည်။ ညောင်စောင်း ကုတင် တခုတည်း၌ ထိုကဲ့သို့ အိပ်သော ဘိက္ခုနိမတို့အား ပါစိတ်၊ ရဟန်းယောကျ်ားတို့အား ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနိမများ၊ ညောင်စောင်းတခုတည်း၌ ဘိက္ခုနိမနှစ်ယောက် ပြိုင်တူအိပ်သော ဝတ္ထု။ တယောက်က အိပ်တယောက်က ထိုင်, နှစ်ယောက်စလုံး ထိုင်သော ဘိက္ခုနိမ, ဥမ္မတ္တိကာစသော ဘိက္ခုနိမတို့အား အနာပတ္တိ။ ညောင်စောင်း တခုတည်းဖြစ်ခြင်း, နှစ်ယောက်အတူ အိပ်ခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်—ညောင်စောင်းတခု၊ တူအိပ်ပြုလတ်၊ အင်္ဂနှစ်ရပ်၊ တုဝဋ္ဋနတည်း။

တုဝဋ္ဋနသိက္ခာပုဒ် ပြီး၏။

၂-ကေတ္ထရဏပါဝုရဏ

၂။ ဒွေ၊–ကုန်သော။ ယာ ပန ဘိက္ခုနီယော၊–တို့သည်။ ကေတ္ထရဏ ပါဝုရဏာ၊ တခုတည်းသော အခင်းအရုံ ရှိကုန်သည်ဖြစ်၍။ တုဝင္ဆေယျုံ၊ –အံ့။ တာသံ ဘိက္ခုနီနံ၊–အား။ ပါစိတ္တိယံ၊–၏။

၃–အဖာသုက ကရဏ

၃။ ယာ ပန ဘိက္ခုနီ၊–သည်။သဉ္စိစ္စ၊–၍။ဘိက္ခုနိယာ၊–၏။အဖာသုံ၊ မချမ်းသာခြင်းကို။ ကရေယျ –အံ့။ တဿာ၊–၏။

၂-ကေတ္ထရဏပါဝုရဏ

ကေတ္ထရဏပါဝုရဏာ။ ။ခေါက်၍ ရစကောင်းကုန်သော စောင် စုလျှား ကော်ဇော သင်ဖြူးစသည်တို့၏ တပိုင်းကို ခင်း၍ နှစ်ပါးအတူအိပ်ပြီး တပိုင်းကိုခြုံ၍ အိပ်သော ဘိက္ခုနီမတို့ကို ဆိုသည်။ ထိုကဲ့သို့ တခင်းတခြုံတည်းပြု၍ အိပ်ကြသော ဘိက္ခုနီမတို့အား ပါစိတ်၊ ဘိက္ခုတို့အား ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ တခင်းတရုံဘည်း အိပ်သော ဝတ္ထု တိကပါစိတ်၊ အခင်းဖြစ်စေ, အခြုံ ဖြစ်စေ တခုခုသာ တူအံ့ ဒုက္ကဋ်၊ အသီး အသီးသော အခင်းအခြုံ၌ ဒုက ဒုက္ကဋ်၊ အသီး အသီး၌ အသီး အသီးဟု အမှတ်ရှိသော ဘိက္ခုနီမ, အလယ်၌ သင်္ကန်းကို ဖြစ်စေ, တောင်ဝှေးကို ဖြစ်စေ, အယုတ်ဆုံး ခါးပန်းကြိုးကိုဖြစ်စေ ပိုင်းခြားထား၍ အိပ်သောဘိက္ခုနီမ၊ ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အာနာပတ္တိ။

အကြွင်း ပထမ သိက္ခာပုဒ်နှင့် တူပြီ။

ကေတ္ထရဏပါဝုရဏ သိက္ခာပုဒ် ပြီ.၏။

၃–အဖာသုက ကရဏ

အဖာသုံ ကရေယျ။ ။စေတနာနှင့်တကွ စိတ်မချမ်းသာစေသော် သဘော မျိုးဖြင့် မပန်ကြားဘဲ ဘိက္ခုနီမ၏ ရွှေမှု စကြုံန် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, ပါဠိသင်ခြင်း, ပို့ချခြင်း, စာအံခြင်းကို ပြုခြင်း ကို ဆိုသည်။ မပန်ကြားဘဲ ထိုကဲ့သို့ပြုသော ဘိက္ခုနီမအား စကြုံန်သွားခြင်း၌ ပြုန်နစ်ဆော အရေအတွက်, ရပ်ခြင်းစသည်တို့၌ ပယောဂ အရေတွက်တိုင်း,

၄-ဒုက္ခိတသဟဇီဝိနီ

၄။ ယာ ပန ဘိက္ခုနီ၊ – သည်။ဒုက္ခိတံ၊ဖျားနာသော။သဟဇီဝိနီ˚၊အတူ နေ တပည့်မကို။ နေဝ ဥပဋ္ဌဟေယျ၊ ကိုယ်တိုင်လည်း မလုပ်ကျွေးငြားအံ့။ ဥပဋ္ဌာပနာယ၊ လုပ်ကျွေးစေခြင်းငှါ။ ဥဿုက္ကံ၊ ကြောင့်ကြခြင်းကို။ နကရေယျ၊ မပြုငြားအံ့။ တဿာ၊ – ၏။

ပါဠိသင်ခြင်းစသည်တို့၌ ပဒအရေအတွက်တိုင်း ပါစိတ်၊ရဟန်းယောကျ်ားအား ဒုက္ကဋ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ စေတနာနှင့်တကွ စိတ်မချမ်းသာ အောင် ပြုသောဝတ္ထု။ တိကပါစိတ်၊ သာမဏေမဋ္ဌ် တိက ဒုက္ကဋ်၊ မချမ်းသာခြင်းကို အလိုမရှိဘဲ ပန်ကြားလျှ ရှေ့၌သွားခြင်း စသည်တို့ကို ပြုသော ဘိက္ခုနိမ, ဥမ္မတ္တိကာစသော ဘိက္ခုနိမတို့အား အနာပတ္တိ။ ရဟန်း မိန်းမဖြစ်ခြင်း, မချမ်းသာစေလိုခြင်း, မချမ်းသာအောင်ပြုခြင်း, မပန်ကြားခြင်း အင်္ဂါလေးပါး။....သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ကိရိယာကိရိယ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်— နိမဖြစ်ပါ၊ မချမ်းသာလို၊ ထိုကိုပြုခြင်း၊ မပန်ခြင်းပါ၊ အင်္ဂလေး ဖြာ၊ အဖာသုက ကရဏာ။

အဖာသုကကရဏာသိက္ခာပုဒ်ပြီး၏။

၅-ဒုက္ခိတသဟဇီဝိနီ

ဒုက္ခိတံ။ ။မကျန်းမမာ ဖျားနာနေသော ဘိက္ခုနိမကို ခေါ်သည်။

သဟဇီဝိနီ˚။ ။အတူတကွ အသက်ရှင်လေ့ရှိသော သဒ္ဓိဝိဟာရိနီ တပည့်မကို ဆိုသည်၊ ဥပဇ္ဈာယ်ယူနေသော တပည့်အရင်းအချာဖြစ်သော ဘိက္ခုနိမ ဟူ၏။....ထိုသဒ္ဓိဝိဟာရိနီ တပည့်ဘိက္ခုနိမ မကျန်းမမာ ဖြစ်နေသည့် အခါ ကိုယ်တိုင်လည်း မလုပ်ကျွေး, သူတပါးကိုလည်း လုပ်ကျွေးရန် မခိုင်းသော ဘိက္ခုနိမအား ဝန်ချကာမျှ၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ နာသော အတူနေ တပည့်မကို မလုပ် ကျွေးသောဝတ္ထု၊ အန္တေဝါသိက တပည့်ဘိက္ခုနီမဋ္ဌင်း သာမဏေမဋ္ဌင်း ဒုက္ကဋ်၊ အန္တရာယ်ရှိ၍မလုပ်ကျွေးသော ဘိက္ခုနိမ, လုပ်ကျွေး မည်သူ ရှာမရသော, မမာသော, ဘေးရန်ရှိသော ဘိက္ခုနိမ, ဥမ္မတ္တိကာစသော

၅-နိက္ကဖုန

၅။ ယာ ပန ဘိက္ခုနီ၊-သည်။ ဘိက္ခုနိယာ၊-အား။ ဥပဿယံ၊ တံခါးအဖွဲ့ရှိသော ကိုယ်ပိုင်ကျောင်းကို။ ဒတ္တွာ၊ ပေးပြီး၍။ ကုပိတာ၊-၍။ အနတ္တမနာ၊-၍။ နိက္ကဓုယျဝါ၊ ကိုယ်တိုင်လည်း ငင်ထုတ်ငြားအံ့။ နိက္ကဓုာပေယျဝါ၊ သူတပါးကိုလည်း ငင်ထုတ်စေငြားအံ့။ တဿာ၊-၏။

ဘိက္ခုနီမတို့အား အနာပတ္တိ။ နာခြင်း, သဒ္ဒိဝိဟာရိက တပည့်မ အရင်းဖြစ်ခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, မလုပ်ကျေးတော့အံ့ဟု ဝန်ချခြင်း အင်္ဂါ လေးပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူပြီ။

ဓဆောင်—မကျန်းမာခြင်း၊ တပည့်ရင်းဟု၊ ခွင့်ပြုအဓကြောင်း၊ မရှိတောင်းက၊ ဝန်ထည်းချမူ၊ အင်္ဂလေးခု၊ အနုပဋ္ဌာနတည်း။

ဒုက္ခိတသဟဇိဝိနီ သိက္ခာပုဒ် ပြီး၏။

၅-နိက္ကဓုန

ဥပဿယံ။ ။တံခါးရွက် အဖွဲ့ရှိသော ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းကို "ဥပဿယ" ခေါ်သည်၊ ထိုကိုယ်ပိုင် ပုဂ္ဂလိကကျောင်းကို တပါးသော ဘိက္ခုနီမအား ပေးပြီးမှ စိတ်ဆိုး၍ မျှားစွာသော တံခါးတို့ကို ပယောဂ တချက်တည်းဖြင့် ဆဲချသော ဘိက္ခုနီမအား အာပတ်တချက်၊ အထူးထူးသော ပယောဂတို့ဖြင့် ဆဲချသော ဘိက္ခုနီမအား ပယောဂတိုင်း ပါစိတ်၊ ခိုင်းရာ၌ လည်း နည်းတူ၊ ဤတံခါး ဤတံခါးကို လွှန်အောင်ဆဲချဟု တကြိမ်ခိုင်းခြင်းဖြင့် တံခါးအရေအတွက် ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ကျောင်းပေးပြီးမှ စိတ်ဆိုး၍ ငင်ထုတ် သောဝတ္ထု၊ တိ။ကပါစိတ်၊ တံခါးရွက် အဖွဲ့မရှိသောကျောင်းမှ ငင်ထုတ်ခြင်း, ငင်ထုတ်စေခြင်းတို့၌ ဒုက္ကဋ်၊ သာမဏေမ၌တိုက ဒုက္ကဋ်၊ တံခါး အဖွဲ့ရှိ မရှိသောကျောင်းမှ ဘိက္ခုနီ သာမဏေမတို့၏ ပရိက္ခရာကို ငင်ထုတ်ရာ၌ လည်း ဒုက္ကဋ်၊ အကြွင်းကို သံဃိကကျောင်းမှ ငင်ထုတ်သော သိက္ခာပုဒ် အတိုင်းသိ။

နိက္ကဓုနသိက္ခာပုဒ် ပြီး၏။

၆-သံသဋ္ဌဝိဟာရ

၆။ ယာ ပန ဘိက္ခုနီ၊–သည်။ ဂဟပတိနာ ဝါ၊–နှင့်၎င်း။ ဂဟပတိပုတ္တေန ဝါ၊–နှင့်၎င်း။ သံသဋ္ဌာ၊ ရောနှောသည်ဖြစ်၍။ ဝိဟရေယျ၊–အုံး။ သာ ဘိက္ခုနီ၊–ကို။ ဘိက္ခုနီဟိ၊–တို့သည်။ ဧဝံ၊–သို့။ ဝစနီယာ၊–သည်။ အဿ၊–၏။ ကိံ အဿ၊–နည်း။ အယျေ၊–မ။ တုံ၊–သည်။ ဂဟပတိနာပိ၊–နှင့်၎င်း။ ဂဟပတိပုတ္တေနာပိ၊–နှင့်၎င်း။ သံသဋ္ဌာ၊–၍။ မာ ဝိဟာရိ၊ မနေပါလင့်။ အယျေ၊–မ။ တုံ၊–သည်။ ဝိဝိစ္စ၊ ရောနှောခြင်းမှ ကင်းဆိတ်လော့။ ဘဂဝါနိယာ၊–၏။ ဝိဝေကဒ္ဓညဝ၊–ကိုသာလျှင်။ သံဃော၊–သည်။ ဝတ္ထေတိ၊–၏။ လ္ဟုတိ၊–သို့။ ဝစနီယာ၊–သည်။ အဿ၊–၏။ [အကြွင်းကို နည်းမှီး၍ပေးလေ]။

၇-အန္တောရဋ္ဌ

၇။ ယာ ပန ဘိက္ခုနီ၊–သည်။ သာသက် သမ္မတော၊–သော။ သပွဒိဿယော၊–သော။ အန္တော ရဋ္ဌေ၊ တိုင်းနိုင်ငံ၏ အတွင်း၌။ အ သတ္ထိကာ။ အဖော်ကုန်သည်မရှိဘဲ။ စာရိကံ၊ လှည့်လည်သွားလာခြင်းကို။ စရေယျ၊ သွားလာငြားအုံး၊ တဿာ၊–၏။

၆-သံသဋ္ဌဝိဟာရ

ဤဆဋ္ဌသိက္ခာပုဒ် အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားပြီး။ သာဝတ္ထိ၊ စက္ကာဠ၊ လူတို့နှင့် ရောနှောနေသော ဝတ္ထု၊ အကြွင်း ပထမ အရိဋ္ဌသိက္ခာပုဒ် အတိုင်း သိ။

သံသဋ္ဌဝိဟာရ သိက္ခာပုဒ် ပြီး၏။

၇-အန္တောရဋ္ဌ

အန္တောရဋ္ဌေ။ ။မိမိနေရာ တိုင်းနိုင်ငံအတွင်းကို "အန္တောရဋ္ဌ" ခေါ်သည်၊ ထို့မိမိနိုင်ငံအတွင်း ဘေးရန်မကင်းသည့်အခါ အဖော်ကုန်သည်မပါဘဲ သွားသော ဘိက္ခုနီမအား ရွာတပါးအရောအတွက်တိုင်း, တောဖြစ်အုံး ယူဇနာခွဲတိုင်း ပါစိတ်။

၈-တိရောရဋ္ဌ

၈။ ယာ ပန ဘိက္ခုနီ၊-သည်။ သာသက် သမ္မတေ၊-သော။ သပ္ပဋိဘယေ၊-သော။တိရော ရဋ္ဌေ၊ တိုင်းတပါး၌။ အသတ္ထိကာ၊-ဘဲ။ စာရိကံ၊-ကို။ စရေယျ၊-အံ့။ တဿာ၊-၏။

၉-အန္ဓောဝဿ

၉။ ယာ ပန ဘိက္ခုနီ၊-သည်။ အန္ဓော ဝဿံ၊ ဝါတွင်း၌။ စာရိကံ၊-ကို။ စရေယျ၊-အံ့။ တဿာ၊-၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ အဖော်ကုန်သည်နှင့် ကင်းဝေး ခရီးသွားသော ဝတ္ထု၊ အဖော်ကုန်သည်နှင့် သွားသော, **ဘေးရန်မရှိသောအရပ်၌ အဖော်ကုန်သည်မပါဘဲ သွားသော, ဘေးရန်ကြောင့်** ကုန်သည်နှင့်ကင်းဝေး၍ သွားသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသော ဘိက္ခုနီမတို့အား အနာပတ္တိ။မိမိနိုင်ငံအတွင်းဖြစ်ခြင်း, ဘေးရန်မှုခြင်း, ခွင့်ပြုအပ်သော အကြောင်း **မရှိခြင်း, ခရီးသွားခြင်း၊ အင်္ဂါလေးပါး။**

သမုဋ္ဌာန်စသည် ဥဋ္ဌကလောမနှင့် တူပြီ။

ဆောင်—ကိုယ့်နိုင်ငံတွင်း၊ ဘေးရန်ကင်းလတ်၊ ခွင့်ပြုအပ်ကြောင်း၊ မရှိ တောင်းငြား၊ ခရီးသွားမှု၊ အင်္ဂါလေးခု၊ မှတ်ရှုအန္ဓောရဋ္ဌတည်း။

အန္ဓောရဋ္ဌ သိက္ခာပုဒ် ပြီး၏။

၈-တိရောရဋ္ဌ

ထိရောရဋ္ဌ။ ။မိမိနေရာ တိုင်းနိုင်ငံမှ တပါးသော တိုင်းငံနိုင်ကို ဆိုသည်။ အကြောင်းအန္ဓောရဋ္ဌ သိက္ခာပုဒ်နှင့် တူပြီ၊ ထူးကွဲဟ်သာထူး၏။ **ထိရောရဋ္ဌ သိက္ခာပုဒ် ပြီး၏။**

၉-အန္ဓောဝဿ

ဝါတွင်း ကိစ္စထူး မရှိဘဲ ညဉ့်အိပ် ညဉ့်နေ ခရီးသွားသော ဘိက္ခုနီမအား သတ္တမသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်း ပါစိတ်၊ ဘိက္ခုတို့အား ဒုက္ကဋ်။

၁၀-ဝဿံဝုဋ္ဌ

၁၀။ ယာ ပန ဘိက္ခုနီ၊ – သည်။ ဝဿံ ဝုတ္ထာ၊ ဝါကျွတ်ပြီး၍။ ဆပ္ပဥ္ဆ ယောဇနာနိ၊ ခြောက်ယူဇနာ ငါးယူဇနာတိုင်တိုင်။ စာရိကံ၊ – ကို။ န ပက္ကမေယျ၊ မဖဲသွားငြားအံ့။ တဿာ၊ – ၏။

စတုတ္ထော၊ – သော။ တုဝဋ္ဋဝဂ္ဂေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

သတ္တာဟပြု၍ သွားသော, တစုံတယောက် နှိပ်စက်၍ သွားသော, ဘေးရန်ကြောင့် သွားသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ဝါတွင်းဖြစ်ခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, ခရီးသွားခြင်း အင်္ဂါသုံးပါး။....အကြွင်း အဋ္ဌမသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်—ဝါတွင်းဖြစ်ဘိ၊ ကြောင်းမရှိငြား၊ ခရီးသွားမူ၊ အင်္ဂသုံးခု၊ မှတ်ရှု အန္တောဝဿတည်း။

အန္တောဝဿသိက္ခာပုဒ် ပြီး၏။

၁၀-ဝဿံဝ

ဆပ္ပဥ္ဆယောဇနာနိ။ ။ကျိဒ္ဓ် ပဥ္ဆ-သာ လိုရင်းဖြစ်သည်၊ ငါးယူဇနာမျှ သွားသော် အပ်၏၊ ခြောက်ယူဇနာသွားသော်ကား ဆိုဘွယ်မရှိ၊ သုံးယူဇနာသွား၍ ထိုခရီးဖြင့်သာ ပြန်လာအံ့ မအပ်၊ တပါးသောခရီးဖြင့် ပြန်လာမူ အပ်၏၊ ဝါကျွတ်သောအခါ ငါးယူဇနာခရီး မသွားတော့အံ့ဟု ဝန်ချသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။ရာဇဂြိုဟ်၊ ဘိက္ခုနီမများ၊ ဝါတွင်းနေပြီး၍ ခရီးမသွားသော ဝတ္ထု၊ အန္တရာယ်ရှိသော, အဖော်ဘိက္ခုနီမ ရှာမရသော, နာသော, ဘေးရန်ရှိသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ဝါကျွတ်ခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, ငါးယူဇနာ အောက် ယုတ်ခြင်း၊ အင်္ဂါသုံးပါး။....သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့် တူပြီ။ အကိရိယ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ဝါကျွတ်သမူ၊ ခွင့်ပြုမဟူ၊ ငါးယူဇနာ၊ မသွားလာပြန်၊ အင်္ဂသုံးတန်၊ ဝဿံဝုဋ္ဌတည်း။

ဝဿံဝုဋ္ဌသိက္ခာပုဒ် ပြီး၏။

တုဝဋ္ဋဝဂ် ပြီး၏။

စိတ္တာဂါရဝဂ္ဂ၊ ၁-စိတ္တာဂါရဒဿန

၁။ ယာ ပန ဘိက္ခုနီ၊–သည်။ ရာဇာဂါရံ ဝါ၊ မင်း၏ ကစားစရာအိမ် သို့ဌင်း။စိတ္တာဂါရံ ဝါ၊ ဆန်းကြယ်သော ကစားစရာဇရပ်သို့ဌင်း။ အာရာမံ ဝါ၊ ကစားစရာ အရာမ်သို့ဌင်း။ ဥယျာနံ ဝါ၊ကစားစရာ ဥယျာဉ်သို့ဌင်း။ ပေါက္ခရဏိံ ဝါ၊ ကစားစရာ ရေကန်သို့ဌင်း။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆေယျ၊–အံ့။ တဿာ၊–၏။

စိတ္တာဂါရဝဂ္ဂ၊ ၁-စိတ္တာဂါရဒဿန

ရာဇာဂါရံ။ ။ရာဇ-မင်း၊ အဂါရ-အိမ်၊ ရှင်ဘုရင်များ မွေ့လျော် ပျော်ပါး ကစားရန်အတွက် သီးခြား ဆောက်လုပ်ထားအပ်သော အိမ်တော်ကို "ရာဇာဂါရ"ဟု ခေါ်သည်၊ နတ်အိမ်ကို နတ်ကွန်းခေါ်သကဲ့သို့ ရာဇာဂါရကို မင်းကွန်းဟူ၍လည်း ခေါ်သည်။

စိတ္တာဂါရံ။ ။စိတ္တ-ဆန်းကြယ်သော၊ အဂါရ-အိမ်, ဇရပ်၊ လူအများ မြူးထူး ပျော်ပါး ကစားရန်အတွက် ထိုထိုအရပ်၌ ဆောက်လုပ်ထားအပ်သော ဇရပ်ကို ခေါ်သည်။

အာရာမံ။ ။လူအများ မွေ့လျော် ပျော်ပါးဘို့ရာ မြို့တွင်း၌ ပြုလုပ်ထားအပ်သော အရာမ်ခြံကြီးကို ဆိုသည်။

ဥယျာနံ။ ။လူအများ မြူးထူးပျော်ပါးကစားရန် မြို့ပ၌ပြုလုပ်ထားအပ်သော ပန်း သစ်သီး စသောဥယျာဉ်ကို ဆိုသည်။

ပေါက္ခရဏိံ။ ။လူပေါင်းများစွာပျော်ပါးရာဖြစ်သော ရန်ကုန်မြို့ရှိ ကန်တော်ကြီး စသည်တို့ကဲ့သို့သော ကန်ကို "ပေါက္ခရဏီ"ဟု ခေါ်သည်။

ထိုမင်းအိမ် စသည်တို့တွင် စာခုခုကိုကြည့်ရှုခြင်းငှါ သွားသော ဘိက္ခုနီမအား ခြေလှမ်းတိုင်း ဒုက္ကဋ်၊ငါးပါးစလုံးကိုရပ်၍ ကြည့်အံ့ အာပတ်တခုက်၊ လည်ပင်းစောင်း၍ ကြည့်အံ့ ငဲ့စောင်းသော ပယောဂတိုင်းပါစိတ်၊ မျက်စိမှိတ်ခြင်းအရေအတွက်အားဖြင့် မယူရ၊ ဘိက္ခုအား အလုံးစုံ၌ ဒုက္ကဋ်ဟု သိ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ မြူးထူးပျော်ပါးကစားရန် အတွက် အဆန်းတကြယ် ပြုလုပ်ထားသော မင်းကွန်းကို ကြည့်ရှုခြင်းငှါ သွားသောဝတ္ထု။ အကြွင်း နစ္စာဒိဒဿနသိက္ခာပုဒ်အတိုင်း သိ။

စိတ္တာဂါရဒဿနသိက္ခာပုဒ် ပြီး၏။

၂-အာသန္နိပရိဘုဥ္ဇန

၂။ ယာ ပန ဘိက္ခုနီ၊ – သည်။ အာသန္နိ ဝါ၊အခြေရှည်သော ညောင်စောင်းအင်းပျဉ်ကိုဂုင်း။ ပလ္လင် ဝါ၊အခြေခိုင် သားရဲရုပ်တပ်သော ညောင်စောင်းအင်းပျဉ်ကိုဂုင်း။ ပရိဘုဥ္ဇေယျ၊ – အံ့။တသာ၊ – ၏။

၂-အာသန္နိပရိဘုဥ္ဇန

အာသန္နိ။ ။မြတ်စွာဘုရား၏ လက်ရှစ်သစ် ပမာဏထက် လွန်သောအခြေရှိသော ညောင်စောင်းအင်းပျဉ်ကို "**အာသန္နိ**" ခေါ်သည်။

ပလ္လင်။ ။ခြေထောက်၌ ခြင်္သေ့သစ် ကျားစသော သားရဲရုပ် တပ်ထားသော ညောင်စောင်းအင်းပျဉ်ကို "**ပလ္လင်**" ခေါ်သည်။

ထိုညောင်စောင်းအင်းပျဉ်မျိုးကို ထိုင်ခြင်း အိပ်ခြင်းပြုလုပ်သော ဘိက္ခုနီမအား ပယောဂတိုင်း ပါစိတ်၊ ရဟန်းယောကျ်ားများလည်း မအပ်။

နိဒါန်းစသည်။ ။သဝဝတ္ထိ၊ ဘိက္ခုနီမများ၊ ဆိုအင်ပြီးသော ညောင်စောင်းအင်းပျဉ်တို့ကို သုံးဆောင်သောဝတ္ထု။ အခြေရှည်သော ညောင်စောင်းအင်းပျဉ်၌ အခြေကိုဖြတ်၍, သားရဲရုပ်တပ်ထားသော ညောင်စောင်း အင်းပျဉ်၌ သားရဲရုပ်ကို ဖျက်၍ သုံးဆောင်သော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ္တိ။ ဆိုအပ်ပြီးသော ညောင်စောင်းအင်းပျဉ်ဖြစ်ခြင်း, ထိုင်ခြင်း အိပ်ခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်—ဆိုအပ်ပြီးတောင်း၊ ညောင်စောင်းအင်းပျဉ်၊ ဖြစ်တုံထျင်ကား၊ အိပ်ထိုင်ငြားဘိ၊အင်္ဂနှစ်ရှိ၊ အာသန္နိပရိဘုဥ္ဇန။

အာသန္နိပရိဘုဥ္ဇနသိက္ခာပုဒ် ပြီး၏။

၃-သုတ္တကန္တိန

၃။ ယာ ပန ဘိက္ခုနီ၊–သည်။ သုတ်၊ ချည်ကို။ ကန္တေယျ၊ငင်ငြား၏။ တဿာ၊–၏။

၄-ကိဟိဝေယျာဝစ္ဆကရ

၄။ ယာ ပန ဘိက္ခုနီ၊–သည်။ ဂိဟိ ဝေယျာဝစ္စံ၊ လူတို့၏ အမှုကြီးငယ်ကို။ ကရေယျ၊–အံ့။ တဿာ၊–၏။

၃-သုတ္တကန္တိန

သုတ်။ ။ချည်ခြောက်မျိုးတို့တွင် တမျိုးမျိုးသော ချည်ကို "သုတ်"ဟု ခေါ်သည်။ လက်ဖြင့် ငင်အပ်ပြီးသော ချည်ကို ဝန်ရိုး၌ ရစ်ပတ်သော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထို၊ ဆဗ္ဗဂ္ဂိ၊ ချည်ငင်သော ဝတ္ထု၊ မငင်မီ ရှေးအဘို့၌ ဝါဖန်ခြင်းစသည်ကို ပြုသော ဘိက္ခုနီမအား လက်လှုပ်တိုင်း ဒုက္ကဋ်၊ ငင်ပြီးချည်ကို မကောင်း၍ တဖန်ငင်သော ဘိက္ခုနီမ, ဥမ္မတ္တိကာစသည်တို့အား အနာပတ္တိ။ မငင်သေးသော ချည်ဖြစ်ခြင်း, ငင်ခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့်တူပြီ။

ဆောင်—မငင်သောချည်၊ငင်သည်ဖြစ်က၊အင်နှစ်ဝ၊သုတ္တကန္တနာ။

သုတ္တကန္တနသိက္ခာပုဒ် ပြီး၏။

၄-ဂိဟိဝေယျာဝစ္ဆကရ

ဂိဟိဝေယျာဝစ္စံ။ ။လူတို့၏ အမှုကိစ္စဟူသည် ယာဂု ဆွမ်း အဖျော် ခဲဘွယ်စသည်တို့ကို ကူညီဝိုင်းဝန်း၍ ကျွေချက်ပြုလုပ်ပေးခြင်းကို ဆိုသည်။ အယုတ်ဆုံး မိဘတို့ကို တစုံတခု အမှုကိစ္စကို မပြုခိုင်းဘဲ ထိုမိဘတို့အတွက် ယာဂုကျွေပေးခြင်း စသည်ကို ပြုလုပ်သော ဘိက္ခုနီမအား ပုဗ္ဗပယောဂတိုင်း ဒုက္ကဋ်၊ ယာဂုစသည်တို့၌ အိုးခွက်အရေအတွက်တိုင်း, ခဲဘွယ်စသည်တို့၌ ခဲဘွယ်အရေအတွက်တိုင်း ပါစိတ်။

၅-အဓိကရဏ နဝူပသမန

၅။ ဘိက္ခုနိယာ၊–သည်။ အယျေ၊–မ။ ဟေ၊ လာလေ့။ ဤမံ အဓိကရဏံ၊ ဤ အဓိကရဏ်းကို။ ဝူပသမေဟိ၊ ငြိမ်းစေလေ့။ ဤတိ၊–သို့။ ဝုစ္စမာနာ၊ ဆိုအပ်သော။ ယာ ပန ဘိက္ခုနီ၊–သည်။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိတ္ဝာ၊ ဝန်ခံပြီး၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊–၌။ အနန္တရာယိကိနီ၊ အန္တရာယ် မရှိဘဲ။ နေဝ ဝူပသမေယျ၊ ကိုယ်တိုင်လည်း မငြိမ်းငြားအံ့။ ဝူပသမာယ၊–၌။ ဥဿုက္ကံ၊–ကို။ နာ ကရေယျ၊–အံ့။ တဿာ၊–၏။။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ လူတို့၏ အမှုကြီးငယ်ကို ပြုသော ဝတ္ထု။ လူဘို့သည် သံဃာတော်များအတွက် ယာဂုအဖျော်စသည်တို့ကို ပြုရာ၌၎င်း, စေတီအား ပူဇော်ခြင်းကို ပြုရာ၌၎င်း, လူတို့၏အဖော် အဖြစ်ဖြင့် ဝိုင်းဝန်းကူညီသော ဘိက္ခုနီမ, မိဘ စသည်တို့ ကျောင်းလာသော အခါ ထိုသူတို့ကို မိမိ၏ ဝေယျာဝစ္စပြုသူဖြစ်အောင် ခိုင်းပြီးမှ ထိုသူများအတွက် ကူညီ လုပ်ကိုင်ပေးသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသော ဘိက္ခုနီမတို့အား အနာပတ်တို့။ လူတို့၏ အမှုကြီးငယ်ကို ပြုခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း အင်္ဂါနှစ်ပါး။....သမုဋ္ဌာန်စသည် ဥဋ္ဌကလောမနှင့် တူပြီ။

ဆောင်—လူတို့အမှု၊ ဝိုင်းဝန်းပြုခြင်း၊ ကြောင်းရင်းမရှိ၊ အင်္ဂနှစ်သိ၊ ဂိဟိ ဝေယျာဝစ္စကရတည်.။

ဂိဟိဝေယျာဝစ္စကရသိက္ခာပုဒ် ပြီး၏။

၅-အဓိကရဏ နဝူပသမန

အဓိကရဏ် အရ။ ။အဓိကရဏ်းလေးပါးတို့ဘင် တပါးပါးသော အဓိကရဏ်း ကိုယူ။ အဓိကရဏ်း ဖြစ်၍ ငြိမ်းပေးရန် ဘိက္ခုနီမ တယောက်က တောင်းပန်သောအခါ ဝန်ခံပြီးမှ အန္တရာယ်မရှိဘဲ ကိုယ်တိုင်လည်း မငြိမ်းပေး, ငြိမ်းအောင်လည်း အားမထုတ်ပေး ဝန်ချကာမျှ၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ အဓိကရဏ်းကို မငြိမ်းပေးသော ဝတ္ထု။....အကြွင်း စီဝရသိဗ္ဗနသိက္ခာပုဒ်အတိုင်း သိ။

အဓိကရဏ နဝူပသမနသိက္ခာပုဒ် ပြီး၏။

၆-ခါဒနီယာဒိဒါန

၆။ ယာ ပန ဘိက္ခုနီ၊ – သည်။ အဂါရိကဿဝါ၊ – အား၎င်း။ ပရိဗ္ဗာ-ဇကဿဝါ၊ – အား၎င်း။ပရိဗ္ဗာဇိကာယ ဝါ၊ – အား၎င်း။သဟတ္ထာ၊ – ဖြင့်။ ခါဒနီယံဝါ၊ – ကိုဎင်း။ ဘောဇနီယံဝါ၊ – ကိုဎင်း။ ဒဒေယျ၊ ပေးကြားအံ့။ တဿ၊ – ၏။

၇-အာဝသထစီဝရ

၇။ ယာ ပန ဘိက္ခုနီ၊ – သည်။ အာဝသထစီဝရံ၊ ဥတုနှီး သက်န်းကို။ အနိဿဇိတ္ဘာ၊ မစွန့်မူ၍။ ပရိဘုဉ္ဇေယျ၊ – အံ့။ တဿာ၊ – ၏။

၆-ခါဒနီယာဒိဒါန

သဟတ္ထာ။ ။ဟတ္ထအရ-လက်ကိုသာ မယူရ၊ ကာယ ကာယပ္ပဋိဗဒ္ဓ နိဿဂ်ိယ ဝတ္ထုအား၊လုံးကို ယူရမည်။

သီတင်းသုံးဖော် ငါးဦးမှတပါး ကြွင်းသော သူတို့အား ရေ ဒန်ပူကို ဖယ်ထား၍ တစုံတခု စားသောက်ဘွယ်ဝတ္ထုကို ပေးသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သဘဝတ္ထို၊ ထုလ္လနန္ဒာ၊ လူအား ခဲဘွယ်ဘောဇဉ်ကို ပေးသော ဝတ္ထု၊ ရေ ဒန်ပူ၌ ဒုက္ကဋ်၊ ပေးခိုင်းသော, အနီး၌ ချထား၍ ပေးသော, အပ လိမ်းကျံစရာ ပေးသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ရေ ဒန်ပူမှ တပါးသော စားသောက်ဘွယ်ဖြစ်ခြင်း, သီတင်းသုံးဖော်မှ တပါးသောသူအား မိမိလက်ဖြင့်ပေးခြင်း အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူပြီ။

ဧဆာင်—စားသောက်ဘွယ်ရေး၊ လက်ဖြင့်ပေးက၊ အင်္ဂနှစ်ဝ၊ ခါဒနီယ တည်း။

ခါဒနီယာဒိဒါန သိက္ခာပုဒ် ပြီး၏။

၇-အာဝသထစီဝရ

အာဝသထစီဝရံ။ ။ဘိက္ခုနီမတို့ ဥတုလာသောအခါ သုံးစွဲရန် လှူဒါန်းထား အပ်သော သင်္ကန်းကို "အာဝသထ စီဝရ" ခေါ်သည်။ **ကလေးမျှားကို** ခံယူထားသော အဝတ်ကို အနှီးဟု ခေါ်သကဲ့သို့ ဥတုကို

ဂ-အာဝသထအနိဿဇ္ဇန

ဂ။ ယာပနဘိက္ခုနီ၊—သည်။ အာဝသထံ၊ တံခါးအဖွဲ့ရှိသောကျောင်းကို။ အနိဿဇ္ဇိတ္ထာ၊ (စောင့်ရှောက်ခြင်းငှါ) မစွန့်မူ၍။ စာရိကံ၊—ကို။ ပက္ကမေယျ၊ ဖဲသွားငြားအံ့။ တဿာ၊—၏။

ခံထားသော အဝတ်ဖြစ်သောကြောင့် ဥတုနှီးသက်နှံး ဟူ၍လည်း ခေါ်သည်။ ထိုဥတုနှံးသက်နှံးကို ဥတုလာသည့်အခါ သုံးစွဲပြီး လေးရက်မြောက်သော နေ့၌ ဖွပ်လျှော်၍ အယုတ်ဆုံး ဥတုလာသော သာမဏေမအား သော်လည်း ပေးရမည်။ မပေးဘဲ မိမိချည်း သုံးစွဲသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဥတုနှီးသက်နှံးကိုမပေးဘဲ သုံးဆောင်သောဝတ္ထု၊ တ်ကပါစိတ်၊ စွန့်ပြီးသောသက်နှံး၌ ဒုက္ကဋ်၊ စွန့်ပြီးသည်၌ စွန့်ပြီးဟုမှတ်သော, တဖန် အလှည့်ရောက်၍ သုံးစွဲသော, ဥတုလာသူ မရှိ၍ သုံးစွဲသော, ခိုးသူလုယက်ပျောက်ပျက်သော သက်နှံးရှိ၍ သုံးစွဲသော, ဘေးရန်ရှိ၍ သုံးစွဲသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ဥတုနှီးသက်နှံး ဖြစ်ခြင်း, လေးရက်မြောက်ခြင်း, ဖွပ်လျှော်၍ မစွန့်ခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း အင်္ဂါငါးပါး။ သမုဋ္ဌာန်စသည် ကထိန နှင့် တူပြီ။ ကိရိယာ ကိရိယသာ ထူး၏။

ဆောင်—ဥတုနှီးဖြစ်လျက်၊ လေးရက်မြောက်ခြင်း၊ မစွန့်ခြင်းဟု၊ ခွင့်ပြုအကြောင်း၊ မရှိတောင်းက၊ အင်္ဂါငါး၊ အာဝသထစီဝရာ။

အာဝသထစီဝရသိက္ခာပုဒ် ပြီး၏။

ဃ-အာဝသထအနိဿဇ္ဇန

အနိဋ္ဌိဿတ္ထာ။ ။ရှင်မသည် ဤကျောင်းကို စောင့်ရှောက်ရစ်ပါဟု မအပ်သွားခြင်းကို ဆိုသည်။ သံဃိကကျောင်းကို ဘိက္ခုနီမသိက္ခာမာန် သာမဏေမတို့ကိုထိုက်သို့ မအပ်ထားခဲ့ဘဲ မိမိ၏နေရာ ရွာမှ တပါးသော ရွာသို့ တည်တို့မှ နေခြင်း အကျိုးငှါ ဖဲသွားသော ဘိက္ခုနီမအား အရာမ်ရှိက အရာမ်ကို, မရှိက ဥပစာကို ပထမခြေလှမ်းလွန်အံ့ ဒုက္ကဋ်၊ ဒုတိယခြေလှမ်းလွန်အံ့ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ တံခါးအဖွဲ့ရှိသော ကျောင်းကို **မစွန့်ဘဲ ဖဲသွားသောဝတ္ထု၊ တိက ပါစိတ်၊ တံခါးအဖွဲ့**

၉-တိရစ္ဆာနဝိဇ္ဇပရိယာပုဏန

၉။ ယာ ပန ဘိက္ခုနီ၊ – သည်။ တိရစ္ဆာနဝိဇ္ဇံ၊ မဂ်ဖိုလ်မှ ဖိလာဖြစ်သော အတတ်ကို။ ပရိယာပုဏေယျ။ သင်ယူငြားအံ့။ တဿာ၊ – ၏။

မရှိသော ကျောင်း၌ ဒုက္ကဋ်၊ စွန့်ပြီးသည်၌ ဒုက ဒုက္ကဋ်၊ စွန့်ပြီးသည်၌ စွန့်ပြီးဟု မှတ်သော , အန္တရာယ်ရှိ၍ ဖဲသွားဖသော, စောင့်ရှောက်မည့်သူ ရှာမရ၍ သွားသော, နာသော, ဘေးရန်ရှိသော ဘက္ခုနိမ, ဥမ္မတ္တကာ စသည်တို့အား အနာပတ္တိ။ တံခါးရွက်အဖွဲရှိသောကျောင်း ဖြစ်ခြင်း, မအပ်ခဲ့ဘဲ ဖဲသွားခြင်း, ခွင့်ပြုအပ်သောအကြောင်းမရှိခြင်း၊ ဒုဂ်ါသုံးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူပြီ။ ကိရိယာ ကိရိယသာ ဆူး၏။

ဆောင်—တံခါးရွက်မရှိ၊ ကျောင်းဖြစ်ဘိခြေ၊ မအပ်လေဘဲ၊ ဖဲ၍သွားမူ၊
ခွင့်ပြုအကြောင်း၊ မရှိတောင်းက၊ အင်သုံး၀၊ အာ၀သထ
အနိဿဇ္ဇနာ။

အာ၀သထ အနိဿဇ္ဇနသိက္ခာပုဒ် ပြီး၏။

၉-တိရစ္ဆာနဝိဇ္ဇပရိယာပုဏန

တိရစ္ဆာနဝိဇ္ဇံ။ ။သုဂတိ မဂ် ဖိုလ်နိဗ္ဗာန်တို့မှ ဖိလာကန့်လန့်ဖြစ်သော အတတ် မျိုးကို "တိရစ္ဆာနဝိဇ္ဇ" ခေါ်သည်။ အလုံးစုံ အကျိုးစီးပွါး မရှိသော ဆင်စီးအတတ်, မြင်းစီးအတတ်,ရထားစီးအတတ်,လေးအတတ်, **ခား** သန်လျက်ရိုး ဆုပ်ကိုင်သောအတတ်, အာထဗ္ဗဏမန္တန်=အာထဗ္ဗဏဝေဒကျမ်း **အစီအရင်အတိုင်း** သူတပါးကို သတ်ဖြတ်ကြောင်း မန္တန်, ခီလနမန္တန်= ရန်သူသေအောင် သစ်သားနှစ်တံသင်းကို မန်း၍ မြေ၌စိုက်ထားသောမန္တန်, ဝသီကရဏမန္တန်=မိမိအလိုအတိုင်း လိုက်လာအောင် ပြုကြောင်းမန္တန်, သော သာပနမန္တန်=ရန်သူ၏ အသားအသွေးများ ခန်းခြောက်သွားအောင် ပြုသော မန္တန်, အဆိပ်နှင့်ယှဉ်သောအတတ် အဆိပ်ခပ်ဆေးအတတ်, အစရှိသော သူ တပါးအား ညှဉ်းဆဲခြင်းကို ပြုတတ်သော အတတ်မျိုးကို တိရစ္ဆာနဝိဇ္ဇခေါ် သည်ဟူ၏။ ဤတိရစ္ဆာနဝိဇ္ဇကို တစုံတယောက်သော သူ၏အထံ၌ ပဒစသည်ဖြင့် သင်ယူသော ဘိက္ခုနီမအား ပဒတိုင်း, အက္ခရာအရေအတွက်ဖြင့် သင်ယူသော ဘိက္ခုနီမအား အက္ခရာတိုင်း ပါစိတ်၊ ဘိက္ခုအား ဒုက္ကဋ်။

စကားဆက်။ ။ဤဝိနည်းကျမ်းဂန်လာ တိရစ္ဆာနဝိဇ္ဇမှ တပါး သုတ္တန်ကျမ်း ဂန်များမှာ လာသော တိရစ္ဆာနဝိဇ္ဇ အများအပြား ရှိသေး ၏။ ထိုသုတ္တန်လာ တိရစ္ဆာနဝိဇ္ဇများကို သင်ယူရာ၌ ဝိနည်းပြစ် မရှိဟု သိ။

မေဓိနီ ၃၆—ပ-မ-ထ-၀

၁၀–တိရစ္ဆာနဝိဇ္ဇဝါစန

၁၀။ ယာ ပန ဘိက္ခုနီ၊–သည်။ တိရစ္ဆာနဝိဇ္ဇံ၊–ကို။ ဝါစေယျ၊ ပို့ချပေးငြားအံ့။ တဿာ၊–၏။

ပဠုမော၊–သော။ စိတ္တာဂါရဝဂ္ဂေါ၊–သည်။ နိဋ္ဌိတော၊–ပြီ။

အာရာမဝဂ္ဂ၊ ၁–အာရာမပဝိသန

၁။ ယာ ပန ဘိက္ခုနီ၊–သည်။ ဇာနံ၊–လျက်။ သ ဘိက္ခုကံ၊ ရဟန်းရှိသော။ အာရာမံ၊ အရာမ်သို့။ အနာပုစ္ဆာ၊ မပန်ကြားဘဲ။ ပဝိသေယျ၊ ဝင်ငြားအံ့။ တဿာ၊–၏။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ၊ တိရစ္ဆာနဝိဇ္ဇကို သင်သောဝတ္ထု။ **စာရေး** အတတ်ကို သင်ခြင်း သင်စေခြင်း, တိရစ္ဆာန ဝိဇ္ဇ မဟုတ်သော မန္တန်ကို ဆောင်ထားခြင်း, မိမိကိုယ်ကို လုံခြုံစေခြင်းငှါငင်း, ဘီလူး အရံအတား မြေအရံအတား စသော အလုံးစုံသော အရံအတားကို ပြုခြင်းဌာနငင်း, ဥမ္မတ္တိကာ စသည်တို့အား၎င်း အနာပတ်။ တိရစ္ဆာနဝိဇ္ဇဖြစ်ခြင်း, သင်ယူခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ပဒသော ဓမ္မနှင့် တူပြီ။

ဆောင်—တိရစ္ဆာန၊ ဝိဇ္ဇဖြစ်ခြင်း၊ သင်ယူခြင်းဟူ၊ ခွင့်ပြုမရှိ၊ အင်တိဏိ၊ မှတ်ဘိ တိရစ္ဆာနဝိဇ္ဇတည်း။

တိရစ္ဆာနဝိဇ္ဇပရိယာပုဏနသိက္ခာပုဒ် ပြီး၏။

၁၀–တိရစ္ဆာနဝိဇ္ဇဝါစန

ဤဒသမသိက္ခာပုဒ်ကား ပို့ချခြင်းသာ ထူး၏။အကြွင်း နည်းမှီး၍သိလေ။

တိရစ္ဆာနဝိဇ္ဇဝါစနသိက္ခာပုဒ် ပြီး၏။

စိတ္တာဂါရဝဂ်ပြီး၏။

အာရာမဝဂ္ဂ၊ ၁–အာရာမပဝိသန

သဘိက္ခုကံ အာရာမံ။ ။အယုတ်ဆုံး ရဟန်းနေသော သစ်ပင်ရင်း အရပ်ကို သော်လည်း "သဘိက္ခုက အာရာမ" ခေါ်သည်။

ကျောင်းတိုက်အတွင်းကား ဆိုဘွယ်မရှိ။

၂—အက္ကောသ

၂။ ယာ ပန ဘိက္ခုနီ၊-သည်။ ဘိက္ခုံ၊-ကို။ အက္ကောသေယျ ဝါ၊ ဆဲမူ
လည်း ဆဲငြားအုံ့။ ပရိဘာသေယျ ဝါ၊ ကြိမ်းမောင်းမူလည်း ကြိမ်းမောင်း
ငြားအုံ့။ တဿာ၊-၏။

အနာပုစ္ဆာ။ ။ရဟန်း သာမဏေ ယောကျ်ား အရာမ်စောင့်တို့တွင် တယောက်
ယောက်ကို မပန်ကြားခြင်းကို ဆိုသည်။ ထိုအရပ်သို့ ခွင့်မပန်ဘဲ
ဝင်သော ဘိက္ခုနီမအား အရာမ်ရှိအံ့ အရာမ်ကို, အရာမ်မရှိအံ့ ဥပစာကို ပထမ
ခြေလှမ်း လွန်မူ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ မပန်ကြားဘဲ အရာမ်တွင်းသို့
ဝင်သောဝတ္ထု။ သန္ဓံ ဘိက္ခုံ အနာပုစ္ဆာနှင့် ဇာန် သဘိက္ခု
ကံတို့ကား အနုပညတ်၊ ရဟန်းရှိသည်၌ ယုံမှားရှိသော, ရဟန်း မရှိသည်၌
ရှိ၏ဟု မှတ်သော, ယုံမှားရှိသော ဘိက္ခုနီမတို့အား ဒုက္ကဋ်၊ ရဟန်းရှိ မရှိ နှစ်ပါး
စုံ၌ မရှိဟုမှတ်သော, ပန်ကြား၍ ဝင်သော, ရှေးဦးစွာဝင်သော ဘိက္ခုနီမတို့၏
ဦးခေါင်းကို ကြည့်၍ ဝင်သော, စည်းဝေးသော ဘိက္ခုနီမတို့ထံ သွားသော,
အရာမ်တွင်း၌ လမ်းရှိ၍ သွားသော, ဘေးရန်ကြောင့် သွားသော ဘိက္ခုနီမ,
ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ရဟန်းရှိသော အရာမ် ဖြစ်ခြင်း,
ရဟန်းရှိ၏ဟု အမှတ်ရှိခြင်း, ဆိုအပ်ပြီးသော အပိုင်းအခြားကို လွန်ခြင်း,
ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ အင်္ဂါလေးပါး။

သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူပြီ။ ကိရိယာ ကိရိယ၊ ပဏ္ဏတ္တိဝဇ္ဇ၊
တိစိတ္တ၊တိဝေဒနာသာ ထူး၏။

**ဆောင်—ရဟန်းရှိရာမ်၊ မှတ်တုံပြန်ငြား၊ ပိုင်းခြား လွန်မူ၊ခွင့်ပြုအကြောင်း၊
မရှိတောင်းပါ၊ အင်္ဂလေးဖြာ၊ အာရာမ ပဝိသနတည်း။**

အာရာမပဝိသနသိက္ခာပုဒ် ပြီး၏။

၂-အက္ကောသ

အက္ကောသေယျ။ ။ဆဲရေးခြင်းဟူသည် ဇာတိ ဂေါတ္တ သိပ္ပ စသော ဆယ်မျိုး
တို့တွင် တမျိုးမျိုးဖြင့် မျက်မှောက်ဖြစ်စေ, မျက်ကွယ်
ဖြစ်စေ ဆဲရေးခြင်းကိုဆိုသည်။

၃-ဂဏပရိဘာသန

၃။ ယာ ပန ဘိက္ခုနီ၊—သည်။ စတ္တိကတာ၊ ကြမ်းတမ်းသည်ဖြစ်၍။ ဝါ၊ အမျက်ထွက်သည်ဖြစ်၍။ ဂဏံ၊ ဘိက္ခုနီသံဃာကို။ ပရိဘာသေယျ၊ (ဗာလ အဗျတ္တစသည်ဖြင့်) ပြောဆိုငြားအံ့။တဿာ၊ –၏။

ပရိဘာသေယျ။ ။ကြိမ်းမောင်းဟူသည် သတ်မည် ပုတ်မည် မည်သို့ မည်ဝါ လုပ်မည် စသည်ဖြင့် ကြိမ်းမောင်း ပြောဆိုခြင်းမျှားကို ဆိုသည်။ ရဟန်းယောကျ်ားကို ထိုသို့ ဆဲရေးပြသ ပြောဆိုသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။ဝေသာလီ၊ အရှင်ဥပါလိကို ဆဲသော ဝတ္ထု။ တိုက ပါစိတ်၊ သာမဏေ၌ တိကဒုက္ကဋ်, ပါဠိအဋ္ဌကထာသင်ခြင်း, ဆုံးမခြင်းကို ရှေးရှုသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသည်တို့အား အနာပတ္တိ။ ရဟန်းဖြစ်ခြင်း, ဆဲရေးကြိမ်းမောင်းခြင်း, ပါဠိသင်ခြင်း စသည် မဟုတ်ခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ရဟန်းဖြစ်တောင်း၊ ကြိမ်းမောင်းဆဲဘိ၊ ပါဠိသင်ပြု၊ မဟုတ်မူပေ၊ အင်သုံးထွေ၊ ပုတ်လေ အကျော်သာ။

အကျော်သ သိက္ခာပုဒ် ပြီး၏။

၃·ဂဏပရိဘာသန

ပရိဘာသေယျ။ ။ပြောဆို ဟူသည် ဤဘိက္ခုနီမတို့သည် မိုက်ကုန်၏ မလိမ်မာကုန်၊ ကံကို ကံ၏အပြစ်ကို ကံ၏ပြည့်စုံခြင်း ကံပျက်ခြင်းကို မသိကုန်၊ ဤသို့ စသည်ဖြင့် မျက်မှောက် မျက်ကွယ်ပြောဆိုခြင်းကို ဆိုသည်၊ ထိုပြောဆိုခြင်းမျိုးကို ရေရွတ်သည် ဟူ၍လည်း ဆိုသည်၊ ထိုသို့ စိတ်ဆိုး၍ ရေရွတ်သော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ထုလ္လနန္ဒာ၊ ဘိက္ခုနီသံဃာကို ရေရွတ်ပြောဆိုသောဝတ္ထု။ တယောက်ကို နှစ်ယောက် သုံးယောက်ကို လူသာမဏေကို ပြောဆိုသော ဘိက္ခုနီမအား ဒုက္ကဋ်၊ အကြွင်း အကျော်သသိက္ခာပုဒ်နှင့်တူပြီ။

ဂဏပရိဘာသနသိက္ခာပုဒ်ပြီး၏။

၄-အညတြဘုဥ္ဇန

၄။ ယာ ပန ဘိက္ခုနီ၊—သည်။ နိမန္တိတာ ဝါ၊ပင့်အပ်သည် ဖြစ်၍၎င်း။ ပဝါရိတာ ဝါ၊ ပဝါရိတ်သင့်သည် ဖြစ်၍၎င်း။ ခါဒနီယံ ဝါ၊—ကိုဎင်း။ ဘောဇနီယံ ဝါ၊-ကိုဎင်း။ခါဒေယျ ဝါ၊-အံ့။ဘုဥ္ဇေယျ ဝါ၊အံ့။-တဿာ၊-၏။

၄-အညတြဘုဥ္ဇန

နိမန္တိတကို ဂဏဘောဇနသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်း မအပ်သော ပင့်ဖိတ်နည်းဖြင့် ပင့်ဖိတ်ခြင်းဟု သိ။ ပဝါရိတကို ပဝါရဏာ သိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိ။ ထိုကဲ့သို့ ပင့်ဖိတ်ထားသူ၏ ခဲဘွယ် ဘောဇဉ်ကို မစားသေးဘဲ တပါးသောသူ၏ ယာဂုနှင့် ယာဝကာလိကမှ တပါးသော ကာလိက ၃-ပါးကိုဖဲထား၍ တပါးသောအာမိသကို ပဝါရိတ်သင့်ပြီးသော ဘိက္ခုနီမသည် နောက်ထပ် ခဲဘွယ် ဘောဇဉ်ကို စားအံ့ဟု အကပ်ခံသော် ဒုက္ကဋ်၊ စားတိုင်း စားတိုင်း ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ဖိဘ်သားရာမှ တပါးသော အရပ်၌ တပါးသောဆွမ်းကို စားသောဝတ္ထု၊ ကာလိကသုံးပါးကို ခံခြင်း၌ စားရာ၌ ဒုက္ကဋ်၊ ယာဂုကိုဆသောက်သော, ဆွမ်းဒါယကာကိုပန်ကြား၍ စားဆသော,ကာလိက သုံးပါးကို အကြောင်းရှိ၍ စားသောဘိက္ခုနီမ, ဥမ္မတ္တိကာစသည်တို့အား အနာပတ္တိ။ ဖိတ်ခြင်း ပဝါရိတ်သင့်ခြင်း နှစ်ပါးစုံဖြစ်ခြင်း, နံနက်ခင်း ဆိုအပ်ပြီးသော အာမိသကိုစားခြင်း, ဆွမ်းဒါယကာကို မပန်ကြားခြင်း၊ အင်္ဂါသုံးပါး။

အဒ္ဓါနသမုဋ္ဌာန်၊ ကိရိယာကိရိယ၊ သိယာ ကိရိယ၊ နောသညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိ ဝဇ္ဇ၊ ကာယကမ္မ၊ ဝစီကမ္မ၊ တိစိတ္တ၊ တိဝေဒနာတို့တည်း။

ဆောင်—ဘိတ်နှင့်ပဝါ၊ နှစ်ဖြာ ဖြစ်ဘိ၊ အာမိသစား၊ မပန်ကြားက၊ အင်သုံးဝ၊ အညတြဘုဥ္ဇနာ။

အညတြဘုဥ္ဇန သိက္ခာပုဒ်ပြီး၏။

၅-ကုလမစ္ဆရာယန

၅။ ယာ ပန ဘိက္ခုနီ၊–သည်။ ကုလမစ္ဆရိနီ၊ အ–ျိုးဌ် ဝန်တိုခြင်းရှိသည်။ ဝါ၊ အမျိုးကို ဝန်တိုသည်။ အဿ၊ ဖြစ်ငြားအံ့။ တဿာ၊–၏။

၅-ကုလမစ္ဆရာယန

ကုလမစ္ဆရိနီ။ ။ကုလေ မစ္ဆရော ကုလမစ္ဆရော။ ကုလမစ္ဆရော ဇေတိဿာတိ ကုလ မစ္ဆရိနီ။ဒါယကာဌ် ဝန်တိုခြင်းရှိသောဘိက္ခုနီမကိုရစေ။ တနည်း=ကုလံ မစ္ဆရာယတီတိ ကုလမစ္ဆရိနီ။ ဒါယကာကို ဝန်တိုသောဘိက္ခုနီမကိုရစေ။ ဘိက္ခုနီမတို့ကို လှူလိုသော ဒါယကာအထံသို့ ဤဘိက္ခုနီမတို့သည် အဘယ်သို့လျှင် မသွားဘဲနေကုန်အံ့နည်းဟု ကြံရွံ စိတ်ထည်းက ဝန်တိုရွံမဟုတ်ဘဲ ဘိက္ခုနီမတို့ထံ သွားပြီး ဒါယကာ၏ သဒ္ဓါတရားမရှိပုံ မကြည်ညိုပုံ စသည်ဟု ဆိုအပ်သော ဒါယကာ၏ ကျေးဇူးမဲ့ကို ပြောသော ဘိက္ခုနီမ, ဘိက္ခုနီမတို့၏ သီလမရှိပုံ မကောင်းပုံ စသည်ဟု ဆိုအပ်သောဘိက္ခုနီမတို့၏ ကျေးဇူးမဲ့ကိုပြောသော ဘိက္ခုနီမအား ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမတယောက်၊ ဒါယကာကို ဝန်တိုသောဝတ္ထု။ဝန်မတိုဘဲ ထင်ရှားရှိသော အပြစ်ကိုပြောသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ဘိက္ခုနီမတို့အား လာဘ် မရစေလိုခြင်း, ဒါယကာ့ထံ၌ ဘိက္ခုနီမတို့၏ ကျေးဇူးမဲ့ကိုပြောခြင်း ဘိက္ခုနီမတို့ထံ၌ ဒါယကာ၏ကျေးဇူးမဲ့ကိုပြောခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် ဓာတုပြီ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင်—ဘိက္ခုနီမ၊ လာဘ်မရစေဘူး၊ ကျေးဇူးမဲ့ကို၊ ပြောဆိုပါက၊ အင်္ဂနှစ်ဝ၊ ကုလမစ္ဆရာ။

ကုလမစ္ဆရာယနသိက္ခာပုဒ်ပြီး၏။

၆-အဘိက္ခုကာဝါသ

၆။ ယာ ပန ဘိက္ခုနီ၊-သည်။ အဘိက္ခုကော၊ ရဟန်းမရှိသော။ အာဝါသေ၊ ကျောင်း၌။ ဝဿံ ဝသေယျ၊ ဝါဆိုခြင်းအံ့။ တဿာ၊-၏။

၇-အပဝါရဏာ

၇။ ယာ ပန ဘိက္ခုနီ၊-သည်။ ဝဿံ-ဝုဋ္ဌာ၊ ဝါကျွတ်ပြီး၍။ ဥဘတော သံဃေ၊ ဥဘတော သံဃာ၌။ ဒိဋ္ဌေန ဝါ၊ မြင်ခြင်းဖြင့် ၎င်း။ သုတေန

၆-အဘိက္ခုကာဝါသ

အဘိက္ခုကေ အာဝါသေ။ ။ရဟန်းမရှိသော ကျောင်းဟူသည် မိမိတို့တိုက် ထည်းမှာ ရဟန်းယောကျ်ားများ မရှိသည်ကိုဆို သည် မဟုတ်၊ ဘိက္ခုနီမများ နေသောကျောင်းမှ တယူဇနာခွဲအတွင်း အဆုံး အမ ဩဝါဒပေးတတ်သော ရဟန်းမရှိဒသာကျောင်း, ရှိသော်လည်း ဘေးရန် ရှိသော လမ်းခရီးဖြစ်၍ သွားခြင်းငှါ မစွမ်းနိုင်သော ကျောင်းမျိုးကို ဆိုသည်။

ထိုကျောင်းမျိုး၌ ဝါဆိုအံ့ဟု နေရာခင်းခြင်း, သောက်ရေ ထည့်ထားခြင်း စသည်ကိုပြုသော ဘိက္ခုနီမအား ဒုက္ကဋ်၊ အရုဏ်ကျက်သည်နှင့်တကွ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ရဟန်းမရှိသောကျောင်း၌ ဝါဆို သောဝတ္ထု။ သဘိက္ခုကအာဝါသ၌ ဝါကပ်ပြီးမှ ရဟန်းတို့ ဖဲသွားသောကြောင့်, လူထွက် သေ တိတ္ထိကျောင်းသို့ ပြောင်းသွား ဘေးရန်ရှိ သောကြောင့် နေရစ်ခဲ့သော ဘိက္ခုနီမ,ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ရဟန်းမရှိသော ကျောင်းဖြစ်ခြင်း, ဝါကပ်ခြင်း, အရုဏ်တက်ခြင်း၊ **အင်္ဂါသုံးပါး**။

သမုဋ္ဌာန်စသည် ဥဇ္ဇကလောမနှင့် တူပြီ။

ဆောင်—ရဟန်းမရှိ၊ ကျောင်းဖြစ် ဘိခြင်း၊ ဝါကပ်ခြင်း စုံက်၊ အရုဏ် တက်ပေ၊ အင်သုံးထွေ၊ မှတ်လေ အဘိက္ခုကာ။

အဘိက္ခုကာဝါသသိက္ခာပုဒ် ပြီး၏။

၇-အပဝါရဏာ

တီဟိ ဌာနေဟိ—ဒိဋ္ဌ, သုတ, ပရိသင်္ကိတ အကြောင်းသုံးပါးကို "တီဟိ ဌာနေဟိ"ဟု ဆိုသည်။ ထိုအကြောင်း သုံးပါးဖြင့် ဖိတ်ကြား ခြင်းကို ပဝါရဏာပြုသည် ဟု ခေါ်သည်။ ....ဘိက္ခုနီမတို့သည် ဆယ့်လေးရက်နေ့

ဝါ ကြားခြင်းဖြင့်ဂုဏ်း။ ပရိသက်ဿယ ဝါ၊ တွေးတောခြင်းဖြင့်ဂုဏ်း။ တိဟိ ဌာနေဟိ၊ သုံးပါးသော အကြောင်းတို့ဖြင့်။ နပ္ပဝါဓရေယျ၊ မဖိတ်ငြားအံ့။ တဿာ၊ – ၏။

ဂ-ဩဝါဒါဂမန

ဂ။ ယာ ပန ဘိက္ခုနီ၊ – သည်။ ဩဝါဒါယ ဝါ၊ ဂရုဓမ်တရားကို နာခြင်းငှါဂုဏ်း။ သံဝါသာယ ဝါ၊ ဥပုသ် ပဝါရဏာကို မေးခြင်းငှါဂုဏ်း။ နဂစ္ဆေယျ၊ မသွားငြားအံ့။ တဿာ၊ – ၏။

ဌိသာ စည်းဝေး၍ ပဝါရဏာ ဥတ်ထားပြီးလျှင် ဆိုအပ်ပြီးသော အကြောင်း သုံးပါးတို့ဖြင့် ဖိတ်ကြားခြင်း ပဝါရဏာ ပြုရသည်။ ထိုသိမ်အပြင် အစည်းအဝေး မှာပင် ဘိက္ခုနီမတ္တယောက်ကို ဘိက္ခုနီခန္ဓကဌ် လာသောအတိုင်း ဥတ္တာဒုတိယ-ကမ္မဝါစာဖြင့် ဘိက္ခုနီသံဃာအဟုတ် ဘ်ာဝ်ကြားခြင်းဟူသော ပဝါရဏာ ပြုစေခြင်းငှါ သမုတ်ရမည်။ သမ္မုတိရသော ဘိက္ခုနီမက ဆယ့်ငါးရက်နေ့၌ ဘိက္ခုနီသံဃာကိုခေါ်၍ ဘ်ာက္ခုသံဃာထံ ချဉ်းကပ်၍ လက်အုပ်ချီပြီး ဖိတ်ကြားခြင်း ပဝါရဏာ ပြုရသည်။ ဤသို့ ဝါကျတ်သော ဘိက္ခုနီမသည် ဥဿာတော သံဃာထံ၌ ပဝါရဏာ မပြုတော့ဟု ဝန်မျှအံ့၊ ဝန်မျှသည်နှင့် တပြိုင်နက် ပါစိတ်။

နိဒါန်းဝသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ဝါဆိုပြီး၍ ပဝါရဏာ မပြုသော ဝတ္ထု၊ အန္တရာယ်ရှိသော, ရဟန်းတို့ကို ရှာမရသော, နာသော, ဘေးရန်ရှိသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ်တို့။ ဝါကျတ်ခြင်း, ဥဿာတော သံဃာ၌ ပဝါရဏာ မပြုခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် သမန္တဘာသနနှင့် တူပြီ။

ဆောင်—ဝါကျတ်လေကြ၊ ဥဿံသံဃာ၊ ပဝါမပြု၊ ခွင့်ပြုအကြောင်း၊ မရှိ တောင်းပ၊ အင်သုံးထွေ၊ မှတ်ဝလေ ပဝါရဏာ။

အပဝါရဏာ သိက္ခာပုဒ် ပြီး၏။

ဃ-ဩဝါဒါဂမန

ဩဝါဒါယ။ ။ဩဝါဒဟူသည်က် ဂရုဓမ် တရားဖြင့် ဆုံးမခြင်းကို ဆိုသည်။ ထိုဩဝါဒကို နာယူရန် ဩဂါဒ ပေးနိုင်သည့် ရဟန်းထံ မသွားအံ့ ပါစိတ်။

၉-ဥပေါသထာဒိအပုစ္ဆန

၉။ ဘိက္ခုနိယာ၊ သည်။ အန္ဓဒ္ဓမာသံ၊ လခဲ့တိုင်း လခဲ့တိုင်း။ ဘိက္ခု သံဃတော၊ – မှ။ ဥပေါသထ ပုစ္ဆကဉ္ဉ၊ ဥပုသ်ကို မေးခြင်းငှင်း။ ဩဝါဒူပသက်မနဉ္ဉ၊ အဆုံးအမခံခြင်းသို့ ကပ်ခြင်းငှင်း။ ဣတိ၊ – သို့။ ဒဒ္ဓမမ္မာ၊ နှစ်ပါးသော တရားတို့ကို။ ပစ္စာသီသိတဗ္ဗာ၊ တောင့်တအပ်ကုန်၏။ တံ၊ ထို နှစ်ပါးသော တရားကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား၊ ပါစိတ္တိယံ၊ – ၏။

သံဝါသာယ။ ။အတူတကွ နေထိုင်ကြောင်းဖြစ်သော ဥပုသ် ပဝါရဏာကို ဆိုသည်၊ သို့သော် ဥပုသ်ကို ရဟန်းယောကျ်ားတို့နှင့်အတူ မပြုကောင်း၊ ပဝါရဏာကိုသာ ရဟန်းများထံ ပြုကောင်းသည်၊ သို့အတွက် လာမည့် ဥပုသ်နေ့ကား စာတုဒ္ဒသီလော – ပန္နရသီလောဟု ဆယ့်သုံးရက်နေ့က ရဟန်းတပါးပါးထံ လျှောက်ရန် သင့်းရမည်၊ မသင့်းအံ့ ပါစိတ်။ ...ပဝါရဏာနေ့၌ ရဟန်းများထံ ပဝါရဏာပြုရန် သင့်းရမည်၊ မသင့်းအံ့ ပါစိတ်။

နိဒါန်းစသည်။ ။သက္ကဝိုင်း၊ ဆဗ္ဗဂို၊ ဂရုဓမ်ကရား နာခြင်းငှါ မသင့်းသော ဝတ္ထု၊ အန္တရာယ်ရှိသော, အဖော်ရှာမရသော, နာသော ဘေးရန်ရှိသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ၊ ဩဝါဒ သံဝါသအကျိုးငှါ မသင့်းခြင်း, ခွင့်ပြုအပ်သော အကြောင်း မရှိခြင်း၊ အင်္ဂါ နှစ်ပါး။....သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့် တူပြီ၊ မသင့်းခြင်း, ခွင့်ပြုအပ်သော အကြောင်း အာကိရိယ၊ ဒုက္ခဝေဒနာသာ ထူး၏။

ဆောင် — ဩဝါဒနှင့်၊ သံဝါသတို့က်၊ မသင့်းချက်မှု၊ ခွင့်ပြုအကြောင်း၊ မရှိ တောင်းပါ၊ အင်နှစ်ဖြာ၊ ဝါဒါဂမန။

ဩဝါဒါဂမန သိက္ခာပုဒ် ပြီး၏။

၉-ဥပေါသထာဒိအပုစ္ဆန

ဥပေါသထပုစ္ဆကဉ္ဉ။ ။ဥပေါသထသာ ပုစ္ဆနံ ဥပေါသတပုစ္ဆာ။ သကတ္ထဉ္ဉ ကပစ္စည်းသက်, စ္ဆာဒ္ဒ် အာကို ရဿပြု၍ ဥပေါသထ-

ပုစ္ဆကဟု ရုပ်ပြီးသည်၊ ဥပုသ်နေ့ကို မေးခြင်းဟူ၏။

ဩဝါဒူပသက်မနဉ္ဉ။ ။ဩဝါဒအရ အဋ္ဌမသိက္ခာပုဒ်ဌဉ္ဉကဲ့သို့ ဂရုဓမ်တရားဖြင့် ဆုံးမခြင်းကိုယူ။ ဥပသက်မနကား ချဉ်းကပ်ခြင်းအနက်

၁၀-ဂဏ္ဍဘေဒါပန

၁၀။ ယာ ပန ဘိက္ခုနီ၊—သည်။သံဃံ ဝါ၊–ကိုဂုင်း။ဂဏံ ဝါ၊–ကိုဂုင်း။ အနုပလောကေတွာ၊–၍။ ပဿာခေ၊ ချက်အောက် ပုဆစ် ဒူး နှစ်ဘက် အထက်ခက်မ၌။ ဇာတံ၊ပေါက်သော။ ဂဏ္ဍံ ဝါ၊ အိုင်းအမာကိုဂုင်း၊ ရုဓိတံ ဝါ၊သွေးစုနာကိုဂုင်း။ ပုရိသေန၊နှင့်။ သဒ္ဓိံ၊ကွ။ ကေနေကာ၊ တယောက် ကို ဟော၏။ သို့သော် ချဉ်းကပ်ခြင်းမျှကိုသာ မယူဘဲ တောင်းပန်ခြင်း အနက် ထိအောင်ယူ၊ သြဝါဒခံယူခြင်း အကျိုးငှါ ချဉ်းကပ်ပြီး တောင်းပန်ခြင်းကို "သြဝါဒူပသက်မန" ခေါ်သည်။ ဘိက္ခုနီမတို့သည် ဆယ့်သုံးရက်နေ့ဖြစ်စေ ဆယ့်လေးရက်နေ့ဖြစ်စေ ရဟန်းယောကျ်ားတို့၏ အထံသို့ သွား၍ ယခုလာမည့် ဥပုသ်နေ့သည် ဆယ့်လေးရက်ပါလော ဆယ့်ငါးရက်ပါလောဟု ဥပုသ်နေ့ကို မေးရမည်၊ ဤကား ဥပေါသထ ဥစ္ဆကဘည်း၊ ဥပုသ်နေ့၌ အဆုံးအမသို့ ကပ်ခြင်းကို ရပါအံ့လောဟု ဟောင်းပန်ရမည်၊ ဤကား သြဝါဒူပသက်မနတည်း၊ လခွဲတိုင်း ဥပုသ်မေးခြင်း, တောင်းပန်ခြင်းနှစ်ပါးကို မပြုဘဲ လွန်စေသော ဘိက္ခုနီမအား ဝန်ချကာမျှ၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ဥပုသ်မေးခြင်း အဆုံးအမသို့ ကပ်ခြင်းကို မဒေတောင်းပန်သော ဝတ္ထု၊ အနာပတ္တိကား အင်္ဂမသိက္ခာပုဒ်နှင့်တူပြီ၊ ဥပေါသထ သြဝါဒတို့ကို မဒေမးမပန်ခြင်း၌ ဝန်ချခြင်း, ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ အင်္ဂါနှစ်ပါး။

သမုဋ္ဌာန်စသည် သမနုဘာသနနှင့်တူပြီ။

ဆောင်——ဥပေါသထ၊မမေးကြနှင့်၊ဝါဒမပန်၊ ဝန်ချပြုန်ခြင်း၊ ကြောင်းရင်း မရှိ၊အင်နှစ်သီး၊မှတ်ဘီ ဥပေါသထာဒိ။

ဥပေါသထာဒိ အပုစ္ဆနသိက္ခာပုဒ်ပြီး၏။

၁၀-ဂဏ္ဍဘေဒါပန

ပဿာခေ။ ။ပဿာဒသဒ္ဒါ အာခက်များ၏ ဖြာထွက်ရာ နေရာကို ဟော၏။ ဤဦး ခန္ဓာကိုယ်အောက်ပိုင်းသည် ပေါင်နှစ်ဖက် ဖြာထွက်ရာ ဖြစ်သောကြောင့် ခက်မနှင့်တူရကား ထိုခန္ဓာကိုယ်ချက်မှစ၍ အောက်ပိုင်းကို ခက်မဟုခေါ်သည်။ သို့သော် ပေါင်နှစ်ဖက်လည်း လူမြင်ရန် မသင့်လျော်ခြင်းကြောင့် ပုဆစ်ဒူး နှစ်ဘက်ကိုလည်း ခက်မအရသွင်းယူ၊ထို့ကြောင့်ခက်မအာရချက်အောက်

ချင်းချင်း။ ဘေဒါပေယျ ဝါ၊ ခွဲမူလည်း ခွဲစေငြားအံ့။ ဖာလာပေယျ ဝါ၊ ဖောက်မူလည်း ဖောက်စေငြားအံ့၊ ဓောဝါပေယျ ဝါ၊ရေမူလည်း ဆေးစေငြားအံ့။ အာလိမ္ပာပေယျ ဝါ၊ ဆေးကိုလည်း လိမ်းစေငြားအံ့။ ဗန္ဓာပေယျ ဝါ၊ စည်းမူလည်း စည်းစေငြားအံ့။ မောစာပေယျ ဝါ၊ဖြေမူလည်း ဖြေစေငြားအံ့။ တဿာ၊ – ၏။

ဆဋ္ဌော၊ – သော။ အာရာမဝတ္ထေါ၊ – သည်။ နိဋ္ဌိတော၊ – ပြီ။

ဒူးနှစ်ဘက် အထက်အရပ်ကို ယူရမည်ဟုသိ။ ကိုခက်မဋ္ဌ ပေါက်ရောက်သော ဂဏ္ဍုရုဓိတ စသည်တို့ကို သံဃာဂိဏ်းအား မပန်ကြားဘဲ ယောကျ်ားနှင့် တယောက်ချင်းချင်း ဘောက်ခွဲခြင်း စသော ခြောက်ပါးတို့ကို ပြုစေခြင်းငှါ ခိုင်းအံ့ ခိုင်းအပ်သော ယောကျ်ားကလည်း ထိုခိုင်းတိုင်းပြုအံ့ ဒုက္ကဋ်ခြောက်ချက်, ပါစိတ်လည်း ခြောက်ချက်၊ ပြုစရာရှိသည်ကို အလုံးစုံပြုပါဟု ခိုင်းအံ့ ယောကျ်ားကလည်း အလုံးစုံပြုအံ့ တခုန်းသောစကားကြောင့် ဒုက္ကဋ်ခြောက်ချက်, ပါစိတ်ခြောက်ချက်၊ တခုခုကိုမှတ်၍ ခိုင်းရာဌ် အလုံးစုံကိုပြုသော်လည်း မှတ်ခိုင်းသည့်အတွက် ပါစိတ်တချက်သာ။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမ တယောက်၊ ခက်မဋ္ဌ ဖြစ်သောအနာကို ယောကျ်ားကို ဖောက်ခွဲစေသော ဝတ္ထု။ ပန်ကြားချင်း **အဖော်တယောက်ယောက်ကို** ခေါ်ချင်း ဖောက်ခွဲခြင်း စသည်ကို ပြုသော ဘိက္ခုနီမ, ဥမ္မတ္တိကာစသည်တို့အား အနာပတ်တို့။ ခက်မဋ္ဌပေါက်သော အနာဖြစ်ခြင်း, မပန်ကြားခြင်း, အဖော်မရှိခြင်း, ယောကျ်ားကိုခွဲခြင်းစသည်ကို ပြုခိုင်းခြင်း၊အဲဒ်ါလေးပါး။

သမုဋ္ဌာန်စသည် ကထိနနှင့် တူပြီ၊ ကိရိယာကိရိယသာ ထူး၏။

ဆောင်—ခက်မပေါက်နာ၊ ဂိဏ်းသံဃာအား၊ မပန်ကြားဘဲ၊ ဖော်လဲ မရှိ၊ ခွဲဘိစဆို့၊ ပြုလုပ်စေက၊ အင်္ဂလေး၀၊ဂဏ္ဍဘေဒါပနာ။

ဂဏ္ဍဘေဒါပနသိက္ခာပုဒ်ပြီး၏။

အာရာမဝဂ်ပြီး၏။

ဂဗ္ဘိနီဝဂ္ဂ၊ ၁-ဂဗ္ဘိနီဝုဋ္ဌာပန

၁။ ယာ ပန ဘိက္ခုနီ၊—သည်။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ဆောင်သော မိန်းမကို။ ဝုဋ္ဌာပေယျ၊ (ဥပဇ္ဈာယ်ပြု၍) ရဟန်းခံပေးငြားအံ့။ တဿာ၊—၏။

၂—ပါယန္တီ

၂။ ယာ ပန ဘိက္ခုနီ၊—သည်။ ပါယန္တီ၊ နို့တိုက်သောမိန်းမကို။ ဝုဋ္ဌာပေယျ၊—အံ့။ တဿာ၊—၏။

ဂဗ္ဘိနီဝဂ္ဂ၊ ၁-ဂဗ္ဘိနီဝုဋ္ဌာပန

ကိုယ်ဝန်ရှိမှန်းသိလျက် ကိုယ်ဝန်ဆောင်သော မိန်းမကို ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးသော ဥပဇ္ဈာယ်မအား ဂိုဏ်းရှာခြင်းစသည်တို့ဖြင့် ဥတ်ကမ္မဝါစာ နှစ်ချက်တို့ဖြင့် ဒုက္ကဋ်၊ တတိယကမ္မဝါစာ၏ အဆုံးဖြင့် ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမမျိုး၊ ကိုယ်ဝန်ဆောင် မိန်းမကို ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးသော ဘဏ္ဍု။ ဂဗ္ဘိနီဖြစ် ယုံမှားရှိသော, အဂဗ္ဘိနီဖြစ် ဂဗ္ဘိနီဟု အမှတ်ရှိသော, ယုံမှားရှိသော ဘိက္ခုနီမ တို့အား ဒုက္ကဋ်၊ နှစ်ပါးစုံဖြစ် အဂဗ္ဘိနီဟု အမှတ်ရှိသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ကိုယ်ဝန်ရှိခြင်း, ရှိ၏ဟု သိခြင်း, ရဟန်းခံပေးခြင်း၊ အင်္ဂါသုံးပါး။

သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူပြီ၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူ၏။

ဆောင်—ကိုယ်ဝန်လည်းရှိ၊ ရှိဟုသိပေ၊ ခံပေးလေဘိ၊ အင်တီဏိ၊ ဂဗ္ဘိနီ ဝုဋ္ဌာပနတည်း။

ဂဗ္ဘိနီဝုဋ္ဌာပနသိက္ခာပုဒ် ပြီး၏။

၂—ပါယန္တီ

ပါယန္တီ အရ။ ။နို့စို့သူငယ်ရှိနေသေးသော မိခင်ရင်းနှင့် နို့ထိန်းမမျိုးကို ယူ။ ဤသိက္ခာပုဒ်ကား ဝတ္ထုမျှသာ ထူး၏။ အကြွင်း ဂဗ္ဘိနီဝုဋ္ဌာပနနှင့် တူပြီ။

ပါယန္တီသိက္ခာပုဒ် ပြီး၏။

၃—သိက္ခမာနဝုဋ္ဌာပန

၃။ ယာ ပန ဘိက္ခုနီ၊—သည်။ ဒ္ဝေဝဿာန်၊ နှစ်နှစ်တို့ပတ်လုံး။ ဆသု ဓမ္မေသု၊ ခြောက်ပါးသော တရားတို့၌။ အသိက္ခိတ သိက္ခံ၊ မကျင့်အပ်သေး သော သိက္ခာရှိသော။ သိက္ခမာနံ၊ သိက္ခမာန်ကို။ ဝုဋ္ဌာပေယျ၊—ဒဲ့။ တဿာ၊—၏။

၃—သိက္ခမာနဝုဋ္ဌာပန

ဒ္ဝေဝဿ အရ။ ။ပဝါရဏာ ပြုပြီးသည့် အစွမ်းဖြင့် နှစ်နှစ်ကိုယူ၊ ပဝါရဏာ နှစ်ခါပြုပြီးလျှင် နှစ်နှစ်ရပြီဟူ၏။ ။ဆသု ဓမ္မေသု အရ ပါဏာတိပါတာ အဒိန္နာဒါနာ အဗြဟ္မစရိယာ မုသာဝါဒါ သုရာမေရယမဇ္ဇပမာဒ ဋ္ဌာနာ ဝိကာလဘောဇနာ ဝေရာမဏိ ဟူသော သိက္ခာပုဒ် ခြောက်ပါးကို ယူ။

အသိက္ခိတသိက္ခဟူသည် ပဒဘာဇနီနည်း အတ္ထုပ္ပတ်၌ လာသောနည်းအတိုင်း သိက္ခာပုဒ်ကို မပေး မဆောက်တည်သော သာမဏေမ, ဆောက်တည် သော်လည်း နှစ်နှစ်အတွင်း သိက္ခာပုဒ် ခြောက်ပါးအနက် တပါးပါးပျက်သော သိက္ခမာန်ကို ဆိုသည်။

သိက္ခမာနံ။ ။သိက္ခတီတိ သိက္ခမာနာ။ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို ကျင့်နေဆဲ သာမဏေမကို ရ၏။ တနည်း—သိက္ခံ မာနေတီတိ သိက္ခမာနာ။ ခြောက်ပါးသော အကျင့်သိက္ခာပုဒ်တို့ကို မြတ်နိုးစွာ ကျင့်နေသော သာမဏေမကိုပင် ရစေ။ အသက် ခြောက်ဆယ်ပင် ရှိစေကာမူ နှစ်နှစ်အတွင်း ခြောက်ပါးသော သိက္ခာပုဒ်တို့ကို မကျင့်သော သာမဏေမ, ကျင့်သော်လည်း နှစ်နှစ်အတွင်း သိက္ခာပုဒ် တခုခုပျက်သော သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ ပေးသော ဘိက္ခုနီမအား ပထမသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းအတိုင်း ကမ္မဝါစာအဆုံး၌ ပါစိတ်။

နိဒါန်းစသည်။ ။သာဝတ္ထိ၊ ဘိက္ခုနီမများ၊ ဆိုအပ်ပြီးသော သဘောရှိသော သိက္ခမာန်ကို ရဟန်းခံပေးသော ဝတ္ထု၊ ဓမ္မကံ၌ တိက ပါစိတ်၊ အဓမ္မကံ၌ တိကဒုက္ကဋ်၊ နှစ်နှစ်ပတ်လုံး သိက္ခာခြောက်ပါးကို ကျင့်ပြီး သော သိက္ခမာန်ကို ရဟန်းခံပေးသော ဘိက္ခုနီမ, ဥမ္မတ္တိကာ စသည်တို့အား အနာပတ္တိ။ ဆိုပြီး နည်းအတိုင်း မကျင့်သောသိက္ခာရှိခြင်း, ဓမ္မကံဖြစ်ခြင်း, ကမ္မဝါစာဆုံးခြင်း၊ အင်္ဂါသုံးပါး၊ သမုဋ္ဌာန်စသည် ပထမသိက္ခာပုဒ်နှင့် တူပြီ။

ဆောင်— သိက္ခာမကျင့်၊ ကျင့်ပြန်လင့်လည်း၊ ပျက်စီးသိက္ခမာန်၊ ဓမ္မကံဖြင့်၊ ဆုံးလစ်ကမ္မ၊ အင်သုံးဝ၊ သိက္ခမာနတည်း။

သိက္ခမာနဝုဋ္ဌာပနသိက္ခာပုဒ် ပြီး၏။

၄—သိက္ခမာနအသမ္မတ

၄။ ယာ ပန ဘိက္ခုနီ၊—သည်။ ဒ္ဝေဝဿာနိ၊—လုံး။ ဆသု ဓမ္မေသု၊—တို့၌။ သိက္ခိတ သိက္ခံ၊ ကျင့်အပ်ပြီးသော သိက္ခာရှိသော။ သံဃေန၊—သည်။ အသမ္မတံ၊ မသမုတ်အပ်သော။ သိက္ခမာနံ၊—ကို။ ဥဋ္ဌာပေယျ၊—အံ့။ တဿာ၊—၏။

၄—သိက္ခမာနအသမ္မတ

သံဃေန အသမ္မတံ။ ။သံဃာသည် မသမုတ်အပ် ဟူသည် ပဒဘာဇနီနည်း အတ္ထုပ္ပတ္တိ၌ လာသော အယုတ်ဆုံး ရဟန်းခံသော သိမ်အပြင်၌ သော်လည်း သံဃာသည် ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ဥပသမ္ပဒသမ္မုတိကို မပေးအပ်သေးသော သိက္ခမာန်ကို ဆိုသည်၊ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို မပျက်အောင် ကျင့်ပြီးသော သိက္ခမာန်သည် ရဟန်းခံလိုသော် ဘိက္ခုနီသံဃာထံ ရဟန်းခံပေးရန် ဥပသမ္ပဒသမ္မုတိကို တောင်းရသည်။ သံဃာကို ဥပသမ္ပဒသမ္မုတိကို ပေးချရပြီးမှ ရဟန်းခံရသည်၊ နှစ်နှစ်ပတ်လုံး ကျင့်ပြီးသော်လည်း ဥပသမ္ပဒသမ္မုတိ မရသေးသော သိက္ခမာန်ကို ရဟန်းခံပေးသော ဥပဇ္ဈာယ် ဘိက္ခုနီမအား ပါစိတ်။

အထူး။ ။တတိယစတုတ္ထ သိက္ခာပုဒ်နှစ်ခု၌လာသော သိက္ခမာန်နှစ်ယောက်ကို မဟာသိက္ခမာန်ဟု ခေါ်သည်၊ အသက်နှစ်ဆယ်ကျော်ပြီးသည် ဟူ၏။ ရဟန်းခံပေးအပ်သော ဤ မဟာသိက္ခမာန် နှစ်ယောက်ကား ရဟန်းဖြစ်သည်ဟု သိ။

အနာပတ္တိ။ ။သံဃာသည် ဥပသမ္ပဒသမ္မုတိ ပေးအပ်ပြီးသော သိက္ခမာန်ကို ရဟန်းခံပေးသော ဘိက္ခုနီမ, ဥမ္မတ္တကာ စသည်တို့အား အနာပတ္တိ။ အကြွင်း တတိယနှင့် တူပြီ။ ကိရိယာ ကိရိယသာ ထူး၏။

သိက္ခမာနအသမ္မတသိက္ခာပုဒ်ပြီး၏။

၅-ဥိနဒ္ဒါဒသဂိဟိဂတ

၅။ ယာ ပန ဘိက္ခုနီ၊ သည်။ ဥိန ဒ္ဒါဒသဝဿံ၊ အသက် တဆယ့် နှစ်နှစ် မပြည့်သေးသော။ ဂိဟိဂတံ၊ ယောကျ်ားတပါးသွားလာဘူးသော။ သိက္ခမာနံ၊—ကို။ ဝုဋ္ဌပေယျ၊—အံ့။ တာဿာ၊—၏။

၆-ဂိဟိဂတဝုဋ္ဌာပန

၆။ ယာ ပန ဘိက္ခုနီ၊—သည်။ ပရိပုဏ္ဏဒ္ဒါဒသဝဿံ၊ အသက်တဆယ့် နှစ်နှစ်ပြည့်သော။ ဂိဟိဂတံ၊—သော။ ဒဋ္ဌဝဿာနိ၊—လုံး။ ဆသု ဓမ္မေသု၊ —တို့၌။ အသိက္ခိတ သိက္ခံ၊—သော။ သိက္ခမာနံ၊—ကို။ ဝုဋ္ဌပေယျ၊—အံ့။ တာဿာ၊—၏။

၅-ဥိနဒ္ဒါဒ္ဓသဂိဟိဂတ

ဂိဟိဂတံ။ ။ယောကျ်ား တယောက်ယောက်နှင့် ဖေထုန် မှီဝဲဘူးသူကို "ဂိဟိဂတ" ခေါ်သည်။ လင်ရဘူးသော မိန်းမဟု ဆိုကြ၏။ ဤသိက္ခာပုဒ်၌ ဂိဟိဂတဟူသော ဝတ္ထုမျှသာ ထူး၏။ တဆယ့်နှစ်နှစ် မပြည့်သေးသော ဂိဟိဂတ သိက္ခမာန်ကို မပြည့်ဟု အမှတ်ရှိပြီး ရဟန်းခံပေးမှ ပါစိတ်။ ပြည့်၏ဟု အမှတ်ရှိ၍ ရဟန်းခံပေးသော် အာပတ်မသင့်၊ သို့သော် ထိုသိက္ခမာန်ကား ရဟန်းမဖြစ်၊ အကြင်း ပထမသိက္ခာပုဒ်နှင့် တူပြီ။

ဥိနဒ္ဒါဒသဂိဟိဂတသိက္ခာပုဒ်ပြီး၏။

၆-ဂိဟိဂတဝုဋ္ဌာပန

ဤဆဋ္ဌသိက္ခာပုဒ်ကား တတိယသိက္ခာပုဒ်နှင့် တူပြီ။ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို မကျင့်ရသေးက ဆယ့်နှစ်နှစ်ပင် ပြည့်သော်လည်း ရဟန်းမခံပေးရ။

ဂိဟိဂတဝုဋ္ဌာပနသိက္ခာပုဒ်ပြီး၏။

၇-ဂိဟိဂတအသမ္မတ

၇။ ယာ ပန ဘိက္ခုနီ၊—သည်။ပရိပုဏ္ဏဒွိဒသဝဿံ၊—သော။ ဂိဟိဂတံ၊—သော။ ဒဋ္ဌဝဿာနိ၊—လုံး။ ဆသု ဓမ္မေသု၊—တို့၌။ သိက္ခိတ သိက္ခံ၊—သော။ သံယေန၊သည်။အသမ္မတံ၊—သော။ သိက္ခမာနံ၊—ကို။ ဝုဋ္ဌာပေယျ၊—အံ။ တဿာ၊—၏။

ဂ-သဟဇီဝိနီနာနုဂ္ဂဏှန

၈။ ယာ ပန ဘိက္ခုနီ၊-သည်။ သဟဇီဝိနီံ ၊ အတူနေ တပည့်မကို။ ဝုဋ္ဌာပေတွာ၊-၍။ ဒဋ္ဌဝဿာနိ၊-လုံး။ နေဝ အနုဂ္ဂဏှေယျ၊ ကိုယ်တိုင်မချီးမြှောက်ငြားအံ့။ န အနုဂ္ဂဏှာပေယျ၊ သူတပါးကိုလည်း မချီးမြှောက်စေငြားအံ့။ တဿာ၊-၏။

၇-ဂိဟိဂတအသမ္မတ

ဤသတ္တမသိက္ခာပုဒ်လည်း စတုတ္ထန္ဒင့်တူပြီ။ဆယ့်နှစ်နှစ်လည်းပြည့် သိက္ခာပုဒ် ခြောက်ပါးကိုလည်း ကျင့်ပြီးသော ဂိဟိဂတသိက္ခမာန် ဖြစ်စေကာမူ ရဟန်း မခံပေးရသေး၊ ဥပသမ္ပဒသမ္မုတိ ရပြီးမှ ရဟန်းခံပေးကောင်းသည်။ ဂိဟိဂတ မဟုတ်လျှင် အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံပေးရသည်။

ဂိဟိဂတအသမ္မတသိက္ခာပုဒ်ပြီး၏။

ဂ-သဟဇီဝိနီနာနုဂ္ဂဏှန

သဟဇီဝိနီံ။ ။မိမိထံ၌ ဥပဇ္ဈာယ်ယူနေသော သဒ္ဓိဝိဟာရိနီ ဖြစ်သော သာမဏေမနှင့် သိက္ခမာန်မမျှားကို “သဟဇီဝိနီ” ခေါ်သည်။

ထိုသဟဇီဝိနီ တပည့်မကို ရဟန်းခံပေးပြီး၍ စာသင်ပေးခြင်း စသည်ဖြင့် ကိုယ်တိုင်လည်း မချီးမြှောက် သူတပါးကိုလည်း ချီးမြှောက်ပေးရန် မခိုင်းအံ့ဟု ဝန်ချကာမျှ၌ ပါစိတ်။

